
www.burmeseclassic.com

လာဘ်မိုးရွာ စာပေ  မောင်မောင်မြင့်အေး စီစဉ်မွမ်းမံတည်းဖြတ်သည်။

မဂ္ဂပစ္စယော

# ဘောဂပြုံ

မဂ္ဂဇင်း



ဆင်ပေါ်က အဘ

## "ဝဝ စား များများ လှူ ပေါ်ပေါ် သုံး"

(၆၅)နှစ်မြောက် အဘဘိုးမင်းခေါင်ထွက်ပွဲ အထိမ်းအမှတ်

Aung Myo Thant

www.burmeseclassic.com

www.burmeseclassic.com

လာဘ်မိုးစွေဂါထာ

ဂါမေ ဝနေ စ သဗ္ဗတ္ထ၊
ဒေဝေဟိ မနုဿေဟိ စ။
အာဘာတော နန္ဒလာဘောမေ၊
သဒါပေဟာတု ဘဝါဘဝေ။

မဂ္ဂပဗ္ဗယော

# ရောင်ပြန်

မဂ္ဂဇင်း

၂၀၁၇-ခုနှစ်၊ အောက်တိုဘာလ၊ အမှတ် (၂၈၅)

မောင်မောင်မြင့်အေး စီစဉ်မွမ်းမံတည်းဖြတ်သည်။

ဘ်လုပ်မှုအယ်ဒီတာ - ဦးသန့်(လာဘ်မိုးစွေ) မှုအယ်ဒီတာ - ဒေါက်တာစောယုနွယ်

မှုဆောင်အယ်ဒီတာ - နန္ဒာမိုးကြယ်၊ သမ္ဗြာဇင် ပထမ်ဦးအောင်သူ၊ အင်ကြင်းဖြူဖြူ
အယ်ဒီတာရုံးအဖွဲ့ - စိုးစိုး

ဝေသူ - ဦးမောင်မောင်မြင့်အေး(၀၀၉၅၆)မှ ထုတ်ဝေ၍ ဝင်းထွန်း(၀၀၁၂၆)၊ အမှတ်-၃၇၊ ရေကျော်လမ်းမကြီး၊ ပုဇွန်တောင်မြို့နယ်၊ မြို့မှ ပုံနှိပ်သည်။ အုပ်ရေ - ၁၀၀၀၊ တန်ဖိုး - ၂၄၀၀ ကျပ်

ချုပ် - ရှကီး၊ အတွင်းဖလင် - မျိုးဝင်းကျော်၊ အတွင်းပန်းချီ - သန့်ဇော်သစ်၊ ဖိုးအောင်၊ စလွင်မောင် တို့က ပန်းချီဆွဲ၍ ဆုံးဂရပ်ဖစ်ကို စိုးဝင်းထွဋ်းမှ ဖန်တီးသည်။

## ရောင်ပြန်မဂ္ဂဇင်း၏ မူဝါဒ

လစဉ်ထုတ်ဝေလျက်ရှိသော ရောင်ပြန်မဂ္ဂဇင်းသည် ဘာသာရေးသက်သက်စာအုပ် မဟုတ်ပါ။ လောကီရေးရာ၊ မြန်မာ့ သုတအပြာပြာကိုလည်းကောင်း၊ ရသမြောက်ဝတ္ထုတို၊ ဝတ္ထုရှည်များကိုလည်းကောင်း၊ ပြည်တွင်းပြည်ပ ဗဟုသုတဖြစ်ဖွယ် ကြောင်းအရာများ၊ ထေရဝါဒနှင့် မဆန့်ကျင်သော ဘာသာရေးဆိုင်ရာ ဆောင်းပါးများ၊ ထူးခြားသော စေတီပုထိုးများ၊ ရဟန်း များအကြောင်း၊ ဗေဒင်၊ ယတြာဆိုင်ရာ ပညာရပ်ဆောင်းပါးများ၊ ပုဂ္ဂိုလ်ထူးတို့၏ အကြောင်းအရာများကို ဖော်ပြလျက်ရှိသော း ဖြစ်ပါသည်။ ဤ၌ ပုဂ္ဂိုလ်ထူးများအကြောင်းကို ထည့်သွင်းဖော်ပြရာတွင် ထိုပုဂ္ဂိုလ်ထူးများအပေါ် ယုံကြည်ကိုးကွယ်မှုနှင့် ဘဲ ထိုပုဂ္ဂိုလ်ထူးများ၏ ခြင်းရာအတ္ထုပ္ပတ္တိကိုလည်းကောင်း၊ ၎င်းတို့၏ ကျင့်စဉ်များကိုလည်းကောင်း၊ ၎င်းတို့၏ စွမ်းဆောင်ချက် ကိုလည်းကောင်း ဗဟုသုတ ဖြစ်စေရန်အလို့ငှာ ထည့်သွင်းဖော်ပြခြင်းသာ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

မဂ္ဂပစ္စယော

# ရောင်ပြန်

မဂ္ဂဇင်း

၂၀၁၇ - ခုနှစ်၊ အောက်တိုဘာလ၊ အမှတ် (၂၈၅)

## မာတိကာ

### ရောင်ပြန် ကဗျာ

အေးမြပိုင်စိုး၊ နဝအေး(ကျော်မင်းဦး)၊ အောင်ရာဇာ(ဥက္ကလာ)၊
ဗညားဦး(အိမ်မဲ)၊ မောင်မောင်မျိုးသစ်(ရန်ကုန်တက္ကသိုလ်)၊
ဝေယံမြင့်(မိုလ်ကလေး)၊ ရဲမြင့်နောင်၊ ထီလာသန်းနိုင်

### ရောင်ပြန် လျှို့ဝှက်ဆန်းကြယ်

ပြည်တွင်းပြည်ပ ဗိဇ္ဇာဥ်လောက ယုံကြည်ချက်များ
လုဝတိုး(စိတ်ပညာ) ———— ၁၁၉




### ရောင်ပြန် အခန်းဆက်ရသ

နေနတ်မင်း၏ သမီးတော်(ဇာတ်သိမ်းပိုင်း)
မနုဿကျော်ဝင်း ———— ၁၀၀
ပြောင့်ပြောင့်မတ်မတ် ကောက်ကောက်ကွေ့ကွေ့(၇)
ကျော်မြသန်း ———— ၂
မာယာဒေဝီနှင့် ကျောက်စိမ်းရုပ် အရုပ်တော်ပုံ(၁၃)
မောင်ယဉ်မှုန်(မောဝ်နေခြည်) ———— ၂
တို့အသိုး တို့အသွား အရိုးကုန်းသား(ဇာတ်သိမ်းပိုင်း)
မင်းသိခ် ———— ၂
တစ်နဲ့ကိုး(၈)
ရဲမိုး ———— ၂



အောင်ရေးအတွက်
ဘိုးမင်းခေါင် မှုဇော်နည်း
မော်တင်သိန်းဇော်ဝ

စာ-၆



မျက်နှာမြင်လျှင်
ချစ်ခင်ပါစေ
သီဒ္ဓိစံ(မင်ဃာတုန်း)

စာ-

www.burmeseclassic.com

www.burmeseclassic.com

ရန်ကုန်မြို့ လသာမြို့နယ်၊ တရုတ်တန်း
နှင့်
# ပုဂ္ဂိုလ်ထူးတစ်ဦး
ရွှေဥဒေါင်းညို



ရောင်ပြန် ရသ

...ပြီး ———— ၁၉၄
...ကျော်
...င်(ရမည်းသင်း) ———— ၂၀၄
...ညသာ
... ———— ၂၁၄

...ယ်ဒီတာအဖွဲ့ / ကြော်ငြာနှင့် ဖြန့်ချိရေး
လာဘ်မိုးဇွေ စာပေ
တိုက် - ၂၇၊ အခန်း - ၁၂ (မြေညီထပ်)
-လမ်း(အောက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့
၀၉ - ၄၂၁၀၀၅၉၈၂၅၊ ၀၉ - ၅၀၉၂၄၇၇

မြန်မာ့ရေးရာ

ရှေးဟောင်းသမိုင်းဝင် မြန်မာ့ဆုတောင်းပြည့်စေတီ
သားစိန်နိုင် ———— ၁၇
သမိုင်းဝင်ထင်ရှားသည့် လောကဗျူဟာစေတီတော်နှင့်
လောကမှန်ကူစေတီတော်
မင်းထက်သားညီ(တောင်ငူ) ———— ၂၃
သလွန်တောင်(ဖလုံတောင်)
မင်းတလွန် ———— ၂၇
သီတဂူကို ကြည်ညိုသည့်အကြောင်း
မောင်ကျော်ဇွေ(သီရိမင်္ဂလာသီတဂူ) ———— ၃၁
အဘသျှမ်(ခေါ်)ကျေးပါလရသေ့ကြီး၏ ထူးခြားဖြစ်စဉ်
ကျော်စံလင်း ———— ၃၄
ကံ့ကော်တစ်ထောင်ဆရာတော်ကြီး
ဘဒ္ဒန္တအဂ္ဂဝံသမထေရ်မြတ်၏ မဟ္တန်တော်ကြီး
ဝေယျတု(B.A) ———— ၁၄၉

၈ - ၈၁

ဆင်သွားရင် လမ်းဖြစ်တယ်
အောင်သုံးကြိုးမောင် (ဂန္ဓာရီ)

မြန်မာ့ဆင်ဖြူတော်ရတနာ
ယောနကတိုးထောင်
၈ - ၈၃


www.burmeseclassic.com

www.burmeseclassic.com

စာ - ၁၅၇



အုန်းနို့နှင့်ချက်သော ဘဲသားဟင်း

မင်းသိခ်

## လောကီရေးရာ


ရောင်ပြန်မဂ္ဂဇင်းပြက္ခဒိန်
အင်ကြင်းဖြူဖြူ(တောင်ငူ) ---------- ၁၀၂
သည်တစ်လမှာ ဆောင်ရွက်ပါ
နေမျိုးထွန်းခေါင် ---------- ၁၀၃
စိုက်ပျိုးရေးရာ သည်လမှာ
တောကကိုရင် ---------- ၁၀၄
အလုပ်အကိုင် အောင်မြင်နိုင်ဖို့
မဟိန္ဒီကျော်ခေါင် ---------- ၁၀၅
သည်လဖွားအတွက် ကံဇာတာ
ဆရာမိုးဟန်ကြွယ် ---------- ၁၀၆
သည်လအတွက် ကောင်းသောရက်
နွယ်သာကီအောင် ---------- ၁၀၇
ကြာနဲ့သင်းထုံ ဝတ်မှုန်ကြဲ ဆီမီးမြင်းမိုရ်ပွဲ
တက္ကသိုလ်သျှင်ဥက္ကာ ---------- ၁၀၉
ထူးခြားတဲ့ ရှင်လေးပါး ရေမျှောပူဇော်ပွဲ
ပထမံဆရာကြီးဦးအောင်သူ ---------- ၁၁၁
တော်သလင်းလပြည့်(ဂရုမွေ့အခါတော်နေ့)
ရှယ်လီသိန်းမောင် ---------- ၁၁၃
ထိုင်းနိုင်ငံ နက္ခတ္တဆရာကြီး ခါသာချင်နာဘာန်ချောင်
၂၀၁၇ ကြက်နှစ် တစ်လချင်း ဟောစာတမ်း(စက်တင်ဘာလ)
ဦးတိုး(တက္ကသီလံ) ---------- ၁၁၆
အမေနဲ့ လှဝင်စား
ဒေါ်မြမွေ့စာရီ ---------- ၁၂၅
ဒုက္ခသည်များ(သို့)အမေရိကန်ရောက် အလုပ်သမားများ
မောင်ကောင်းမြင့် ---------- ၁၂၉
အဆိပ်များ၁၃၁ မေလတ်ဟန်
လှပခေတ်မှီ မြို့တော်ဆီသို့(၂)(၁၈၅၅-၁၈၇၄)
မောင်အေးသန့် ---------- ၁၂၆
လမ်း
အောင်ကျော်ညို(ဆင်ချဆိပ်) ---------- ၁၄၅
ဗုဒ္ဓဟောကြား ကြီးပွားကြောင်းတရား
တက္ကသိုလ်သခ် ---------- ၁၄၇
စကျူအစာ ရူပါယတန ဣန္ဒြိယဘာဝနာ
ချောယဉ်သာမြင့် ---------- ၁၅၁
သူတစ်ပါးစကား စဉ်းစားယုံရာသည်
ခင်မောင်အေး(မန္တလေး) ---------- ၁၅၅
အုန်းနို့နှင့်ချက်သော ဘဲသားဟင်း
မင်းသိခ် ---------- ၁၅၇
ပိဋကတ်ထဲမှ ဂဏ္ဍီ(၆)
သကျဝံသ ---------- ၁၆၁
မီး
အောင်မြင့်မြတ်(ပြည်ရွှေဘို) ---------- ၁၆၃
တိမ်တောက်ဆည်းဆာအလှများ
မောင်မောင်သွင်(ပန်းခိုင်) ---------- ၁၆၆





www.burmeseclassic.com

မြန်မာပြည်တစ်လွှား
အဘအောင်မင်းခေါင်
...ထားကိုးကွယ်ခဲ့သောဘုရားစေတီများ
ဂန္ဓီရဆရာလှမျိုး(B.Sc)



## လောကီရေးရာ

...ည် ဆောင်းတစ်ည
...နှင်း(ကန္တာရဝတီ) ---------- ၁၆၉
...တ်ချ
...ကျော်(ကော်သ) ---------- ၁၇၁
...ာဝ ထပ်တူမျှ၍
...ဉာဏ်(ပန်းထော်ကျွန်း) ---------- ၁၇၃
...
...ဘ်ထိန် ---------- ၁၇၅
...မြင်လျှင် ချစ်ခင်ပါစေ
...လာကုန်း) ---------- ၁၇၉
...ာက်သမားဆော့က်လုပ်သော တစ်ဖန်နှာမ်ရုပ်သစ်
...ထို
...အောင်(မြိတ်) ---------- ၁၈၁
...ခြင်း
...က်ရှာန် ---------- ၁၈၃
...သလား ဒါလေးများ
...ဆရာမြတ်စောလင်း ---------- ၁၇၁

အညွှန်းနှစ်များ ချေပါယတြာ
ဝင်းဇော်(သုံးဆယ်) ---------- ၂၇၅
ကျန်းမာရေးမကောင်းသူများအတွက် အစွမ်းထက်၍
ပျောက်ကင်းစေသော ယတြာ
ကျော်ဇောဟိန်း(နံ့သာ) ---------- ၂၇၇
အောင်ပွဲဝင်ရန် သီလသဓ္ဓာအခြေခံ ကျင့်စဉ်အမိဋ္ဌာန်
မင်းခေါင်သီဟ ---------- ၂၇၉

## ရောင်ပြန် မျက်နှာဖုံးဆောင်းပါး

ဆင်စုံရတနာ ဆောင်ထားအပ်ခြင်း
တက္ကသိုလ်အောင်နိုင် ---------- ၄၂
မြန်မာပြည်တစ်လွှား အဘအောင်မင်းခေါင်
တည်ထားကိုးကွယ်ခဲ့သော ဘုရားစေတီများ ၄၃
ဂန္ဓီရဆရာလှမျိုး(B.Sc) ---------- ၄၃
ရန်ကုန်မြို့ လသာမြို့နယ်၊ တရုတ်တန်းနှင့် ပုဂ္ဂိုလ်ထူးတစ်ဦး
ရွှေစွန်ညို ---------- ၄၆
အဘအောင်မင်းခေါင်နှင့် ဝိဇ္ဇာဝင်သမိုင်း
မနှင်းစိမ်း(ပြည်) ---------- ၄၉
လမ်းမတော်ရောက် ဘိုးမင်းခေါင်
ပထမံဆရာကြီးဦးအောင်သူ ---------- ၅၁

၈ - ၁၀၀
ဆင်ဖြူတော်
သက်ရောက်ပေါက်ကိန်း
ကျော်သိမ်းမောင်(...)



www.burmeseclassic.com

www.burmeseclassic.com

## ရောင်ပြန် မျက်နှာဖုံးဆောင်းပါး


ဝိဇ္ဇာဂိုဏ်းများနှင့် တတ်စီးပုံများ
ဂုဂုအောင် ———————— ၅၄

ပုပ္ပားနှင့် ဘိုးတော်အောင်မင်းခေါင်
ဒုဂုသဲမိုဟာစကြာစိုးမြင့် ———————— ၅၆

တတ်ပေါင်းစုံ အောင်မင်းခေါင်စေတီသမိုင်း
ဘိုးတော်အောင်မင်းခေါင်ပုတီးစိပ်နည်းနှင့် ဆရာတော်
ဘဒ္ဒန္တသီလဝံသ(မဟာသဒ္ဓမ္မဇောတိကဓဇ)ထေရုပ္ပတ္တိအကျဉ်း
ပထမံဆရာကြီးဦးအောင်သူ ———————— ၆၂

အောင်ရေးအတွက် ဘိုးမင်းခေါင် ပူဇော်နည်း
မော်တင်သိန်းဇော်ဇ ———————— ၆၅

ဝိဇ္ဇာပေးသည့် ပုတီးစိပ်
ခင်ကြီးခင်ခင်(မြန်မာစာ) ———————— ၆၇

အဘဘိုးမင်းခေါင်ကို ဘယ်လိုကန်တော့ပွဲအပ်ပြီး ပင့်ဖိတ်ရမလဲ
ဆရာဗိုဝအောင်ထွန်း ———————— ၆၉

အဖေကြီးရဲ့ မှန်တဲ့ရွှေစကား
မော်တင်သိန်းဇော်ဇ ———————— ၇၁

ဝပ်တွားဦးတင် ရတနာစေတီဆင်များနှင့်
မြစိမ်းသဲမြေ ———————— ၇၄








ကမာရွတ်က ဆင်ရေတွင်း
စံရိပ်ငြိမ်မောင်တင်ချို ————

ဆင်သွားရင် လမ်းဖြစ်တယ်
အောင်ဆုံကြီးမောင်(ဂျပဝိ) ————

မြန်မာ့ဆင်မြူးတော်ရတနာ
ယောနကဘိုးထောင် ————

မြန်မာ ယိုးဒယားနှင့် ဆင်ဖြူတော်
မောင်နှံနိုင်(ရန်ကုန်တက္ကသိုလ်) ————

မြန်မာ ယိုးဒယားနှင့် ဆင်ဖြူတော်
မောင်နန်းလှိုင်(ရန်ကုန်တက္ကသိုလ်) ————


ဆင်ဖြူတော် သက်ရောက်ပေါကိန်း
ကျော်သိမ်းမောင်(လကွဆာ) ————


လစဉ်ထုတ် ရောင်ပြန်မဂ္ဂဇင်းသို့ စာမူပေးပို့ခြင်း၊ စာမူခထုတ်ယူခြင်းတို့ကို နံနက်(၁၀း၀၀)နာရီမှ မွန်းလွဲ(၂း၀၀)နာရီအတွင်း (စနေ၊ တနင်္ဂနွေနှင့် ပြန်တမ်းဝင် ရုံးပိတ်ရက်များမှအပ) ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်လွှဲစာဖြင့်သော်လည်းကောင်း လာရောက်ထုတ်ယူနိုင်ပြီပါသည်။ စာမူပေးပို့ရာ၌ မဂ္ဂဇင်းတိုက်သို့ တိုက်ရိုက်ပေးပို့ခြင်း မရှိပါက တာဝန်ယူမည် မဟုတ်ပါ။

www.burmeseclassic.com

www.burmeseclassic.com




## ရောင်ပြန် တိုင်းရင်းဆေး

အသက်ရှည်ဆေး ဓာတ်စာပေးမယ်
ကျော်သိမ်းမောင်(လက္ခဏာ) ——— ၂၆၀
ထူးဆန်းသော လိင်ဝင်ရောဂါနှင့် လင်းနေဆေး
နီငြိမ်း(အညာတက္ကသိုလ်) ——— ၂၆၂
အံ့ဖွယ်ထူးဆန်း ဆေးစွမ်းကောင်းများ
မျိုးသန်းထွန်းကို(ရေစကြို) ——— ၂၆၅
မြန်မာ့ဆေးမြီးတို
ရွှေနော်မြေအောင်ထိပ်တင် ——— ၂၇၄




## ရောင်ပြန်ဗေဒင်

သီသာစေကြောင်း မဂ်လာနီမိတ်ကောင်း
ဒေါက်တာစောယုနွယ် ——— ၂၇၅

## ရောင်ပြန် အထူးယတြာ

နိုင်ငံခြားရောက်မြန်မာများအတွက် အထူးဟောကိန်း
ဒေါက်တာစောယုနွယ် ——— ၂၉၄

## လူတွေသိ နတ်တွေကြားစေ

လူတွေသိ၍ နတ်တွေကြားစေ ——— ၂၉၆

ယ်ဒီတာအာမွဲ့/ကျော်ဌေးနှင့် မြန်မာ့ရှိဈေး
လာဘ်မိုးရွှေ စာပေ
တိုက် - ၂၇၊ အခန်း - ၁၂(မြေညီထပ်)
-သမ်း(အောက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့
၀၉ - ၄၂၁၀၀၅၉၂၅၊ ၀၉ - ၅၀၉၂၄၇၇

www.burmeseclassic.com

www.burmeseclassic.com



# အဘပေးခဲ့သော ဝိဇ္ဇာလက်ဆောင်ယတြာ

''ဒီလောကကြီးမှာ ချမ်းသာချင်သလား''

ဘယ်ပြောကောင်းမလဲ၊ အဖြေက တစ်ခုတည်းရှိတယ်။ ကဲ…ချမ်းသာဖို့နည်းလမ်းလေးအကြောင်း ပြော တယ်။ ချမ်းသာဖို့ဆိုတာ ကံ၊ ဉာဏ်၊ ဝီရိယ ဆိုတဲ့ အကြောင်းပေါ် အခြေခံလိမ့်မည်။ တစ်နေ့မှာ အဘရဲ့အကြောင်း စဉ်းစားရင်း အဘဘိုးမင်းခေါင်ဆီမှာ ချမ်းသာဖို့ တောင်းကြည့်မယ်လို့ ဆုံးဖြတ်လိုက်ရအောင်။ ဓာတ်ဘူးတစ်ဘူးပေ အဘရဲ့ရုပ်ပုံ ပေါ်နေပြီး ထီးဖြူတစ်လက် ဆောင်းထားတယ်လို့ မြင်တွေ့ရမယ်။ ဒါနဲ့ စိတ်ကူးရပြီး ချမ်းသ နည်းလမ်းအစကို အဘက လမ်းပြဓာတ်ဆင်ပေးတာ ဖြစ်နိုင်တယ်ဆိုပြီး ကိုယ်တိုင် ဓာတ်ဆင်ကြည့်မယ် အဘပေးတဲ့ ဓာတ်ကိုဆင်ရမယ်။

*ဓာတ်ဘူးတစ်လုံးကို ဆိုင်မှာ ဝယ်ပါ။ ပြီးလျှင် ဓာတ်ဘူးပေါ် မျက်နှာပြင်ရှေ့မှာ မိမိ၏ ဓာတ်ပုံကိုက ဓာတ်ဘူးအဖုံးကို ဖွင့်ပါ။ ထီးဖြူ(၁)လက်၊ တစ်ထောင်တန် တစ်ရွက်ကို ဓာတ်ဘူးအတွင်း၌ စိုက်၍ထူထာ ဓာတ်ဘူးအဖုံးကို ဖွင့်၍ထားပါ။ ဓာတ်ဆင်ထားသော ဓာတ်ဘူးကို ဘုရားစင်ဘေးတွင် တင်ထားပါ။ အောက်ပါဂ တော်ကြီးအား ၉ ခေါက် ရွတ်ဆိုပေးပါ။*

**''အောင်ထူးဆန်း၊ မန်းသိုက်ဝင်၊ ထင်ကျော်သောင်း၊ ဆောင်းထီးဖြူ၊ လူထိပ်မိုး၊ ဟိုးဟိုးကျော်၊ ပေါ်ထင် ပွားဘောဂ၊ လသာများ၊ မရှားလို့၊ လှူဘိုလ်ချစ်၊ အပြစ်ကင်း၊ ပြည့်တင်ထွား၊ နေမင်းလမင်းသွား၊ သိကြားလ မစေသော်၊ ဝိဇ္ဇာရှစ်သောင်း၊ ဆရာအပေါင်း မစကြ၍ အောင်ပါစေသော် အောင်စေသော်''**

ဟု ၉ ခေါက် ဆိုပေးပါ။ သိပ်မကြာပါဘူး။ ထီပေါက်လိုက်၊ စီးပွားရေးတွေ ဘယ်ကနေ ရောက်လာ မသိဘူး၊ ပိုက်ဆံတွေက ဆက်တိုက်ဝင်တော့တာပဲ။ 'ချမ်းသာဖို့ဆိုတာ ငွေရှိမှဖြစ်မယ်' ငွေရှိဖို့အတွက် လူကို ဓာတ်ဖွင့်ပေးရတယ်။ ဓာတ်ဖွင့်ပြီးမှ ဓာတ်ရှင်မယ်၊ စိတ်ရှင်မှ ငွေဝင်မယ်ဆိုတဲ့ သဘောပါ။

www.burmeseclassic.com

www.burmeseclassic.com

# မြော

ဒေါင်ရာဇာ(ဥက္ကလာ)

● အနိစ္စ . . .
တစ်ဆိတ်ခဏ၊ တားမရဘူး
သွားကြဦးပေါ့ အချိန်ကိုက်။

● ဒုက္ခ . . .
နှုတ်မှမတ၊ ရှောင်ကွင်းကြလည်း
ရှောင်လွှဲမရ၊ ပြုသမျှလျှင်
နရမလွဲ၊ ခန္ဓာမြဲသမျှ
ဒုက္ခသစ္စာ။

● အနတ္တ . . .
အတ္တမရှိ၊ ပျိုသည့်ခန္ဓာ
အချိန်ခါကျ၊ လိမ်ညာမရ
အိုမင်းရမည် မလွဲပြီလေ။

● ဩဘာ . . . ဘုရားအစ
ဝေနေယျ သတ္တဝါအားလုံး
တစ်သက်တာ ခရီးဆုံးသွားတဲ့အထိ
လက္ခဏာကြီးသုံးပါးနဲ့ မငြိအောင်
လုံးလုံးလျားလျား
ဘယ်သူများ ရှောင်ကွင်းသွားနိုင်မှာလဲ။ ■




www.burmeseclassic.com

www.burmeseclassic.com

# တိမ်ပြိုလွှမ်းချင်း

မညားဦး(ဒဂိမ်မဲ)

- ပန်းတွေ ကြွေချိန်
စမ်းတွေ ငိုချိန်
တိမ်ပြိုလွှမ်းချင်း
လမင်းကြေကွဲ•;•။

- အလွမ်းတွေကို
ပန်းလိုပန်ထား
အားမာန်အပြည့်ပါပဲလား။

- လှိုင်းထန်တဲ့ ပင်လယ်
ရင်တုန်ဖွယ် လှိုင်းတွေကြား
စိုးမရှံ့ တွန့်မတုန်
အဲဒါ•••အမေ့ပုံရိပ်အစစ်လေ။

- အမေ့လက်နှစ်ဖက်နဲ့မိုး
အရိပ်တွေထိုးရော့သလား•••
သားဘဝ မိုးတိမ်မှာ
အမေ ငွေလဖြာခဲ့ပြီ။

ဘဝအလယ်
သောကတွေ ဖယ်ခွာချ
အနာဂတ် အလှတွေဖူး
အမေ့ကို ဦးညွှတ်
ချူးဆွတ်မာန်လျှော့ပါရစေ•••။ ။





www.burmeseclassic.com

www.burmeseclassic.com

# စုန်းပြူးများ

အေးမြပိုင်စိုး

● ပြုတ်လို့ . . . မကျက်
ချက်လို့ . . . မတော်
ကြော်လို့ . . . မနပ်
နပ်လို့ . . . မနူး
ဟူး . . . မောလိုက်တာ။



T.Z.T 2017

● ပဲခါမှုလ
ဗီဇည့်ဖျင်း
မသန့်ရှင်းတော့
ဘယ်သင်းဘယ်ပုံ
နည်းမျိုးစုံလည်း
မထုံတက်သေး
ဂုဏ်ပျက်ဝေးပြီ
“ဒီ”ပဲခင်းမှ စုန်းပြူးများ ။ ။



www.burmeseclassic.com

www.burmeseclassic.com

# ဘာဂစကများ

နဝဒေး(ကျော်မင်းဦး)

- မသေ့ဖည်တဲ့ အမှန်တရား
ယိုင်လဲမသွားတဲ့ နိုင်မြဲခြင်း။

- လေညာမှာ
ရေရာ,သေချာမှ
အနစ်ပါတဲ့ အလှ
မေတ္တာဖွဲ့သမျှ
သစ္စာနဲ့ ဘဝပေါ့။

- ရွှေအကြောင်း ဖယောင်းသိသလို
မြေအကြောင်း မြက်ကသိပါ၏။




www.burmeseclassic.com

www.burmeseclassic.com

# ခွက်လက်

ရဲမြင့်နောင်

● မောသမျှကွန်းခို
လောကကျွန်းညို
အချိန်တိုလှ
လူ့ဘဝရဲ့
ခဏခရီးသည်
လမ်းဆုံးရှယ်လျက်
မြိုင်တောနက်ဆီ
ဆူးခက်ခရောင်း
ခြေလက်ညှောင်းတုန်း・・・။

● မကောင်းမှုပစ်ခွာ
ကောင်းမှုအစစ်ရှာ
မေတ္တာတရား
ဦးထိပ်ထား၍
အားလုံးအေးချမ်းနိုင်ကြစေ・・・။ ။




www.burmeseclassic.com

www.burmeseclassic.com

# ရောင်ပြန်ပဟေဠိ

ထီလာ သန်းနိုင်




- နိုင်ငံရေး•••တဲ့
ခရေ့ကို သဝေထိုး ဖတ်ပြလည်း
ဟုတ်ကဲ့ပဲ ခေါင်းညိတ်သူ။
- ပညာရေး•••ဟ
လင်းတမြင်ပြီး
ခွပ်ဒေါင်းကြီး ဆိုဖွင့်လည်း
ဟုတ်ကဲ့ရှင့် ခေါင်းညိတ်သူ။
- ကျန်းမာရေး•••ဟေ့
နေမင်းတွေ့ရလျက်
လဝန်းလို့ ပြောထွက်ကြ
ဟုတ်ကဲ့ဗျ ခေါင်းညိတ်သူ။
- ပစ္စုပ္ပန်သည်
အတိတ်မှာ သန္ဓေတည်ရစ်ကာ
အနာဂတ်သစ်ကို မွေးဖွားရရှာတဲ့
ရှေ့လျှားမှု သမ္မုဋ္ဌိမှာ
အဲသလိုမျိုးတွေသာ ခေါင်းအတွင်ညိတ်ကြ
ထိတ်လန့်စရာအဟုန်နဲ့ မျိုးဆက်
တန်ပြန်သက်ရောက်မှု အကုန်ခံထားနား•••နား
ပုံစံခွက်ထဲမှာမဲ အသားကျအရှင်းသေ
ဆင်းရဲမွဲတွေခြင်းနဲ့ မဟာမိတ်နွှယ်
ငြိမ်းချမ်းရေးနယ်ပယ် အရောင်ခြယ်ဆိုး
ရိုးအမှု နယ်စပ်ကျော်ကာ တံဆိပ်အစုံကပ်
လူသားအရင်းအမြစ်အဝဝကို တန်ဖိုးဖြတ်မဆုံး
(ရုပ်ဝန်းအများစုမှာ ဒီလိုပဲ ရှိနေပါရဲ့ခင်ဗျ)
“သဘင်မှာစည်။ ထီးမှာခရိုင်၊ နိုင်ငံမှာမင်း”•••တဲ့
ပေါက်ပင်များ ဘာကြောင့်ဆင်းညွတ်ကိုင်းရတာလဲ
(ရောင်ပြန်ရေ)
တစ်ဆိတ်လောက် ပြောကြားကြပါဦး•••။

www.burmeseclassic.com

www.burmeseclassic.com

# လောက်

မောင်မောင်မျိုးသစ်(ရန်ကုန်တက္ကသိုလ်)

- သံနှင့်သစ်သား
  ဇာတ်ကွာခြားလည်း
  သစ်သားကိုပစ်
  သံကိုချစ်သည်
  သစ္စာမဲ့သော ပုဆိန်ရိုး။




www.burmeseclassic.com

www.burmeseclassic.com

# လူ့သဘော

ဝေယံမြင့်(ဗိုလ်ကလေး)

- လူနေချုံကြား၊ စိတ်ဘုံများဟု
ကြိုးစားမထင်၊ ပန်းမဝင်ခင်
အမြင်သေးနုပ်၊ သူ့ဂုဏ်ပုဒ်ကို
အဟုတ်မထင်၊ ရှုတ်ချချင်သည်
ဤတွင်စောကြော၊ လူ့သဘော။

- ကြိုးစားပမ်းစား၊ စိတ်ခွန်အားဖြင့်
မနားမနေ၊ ကြိုးစားလေ၍
မသွေမုချ၊ အောင်ပွဲရတော့
သူကလူတော်၊ ပွဲတိုင်းကျော်ဟု
အခေါ်လည်းပြောင်း၊ မျက်စိညောင်းအောင်
အပ်ကြောင်းထပ်မျှ၊ ချီးမွမ်းပြသည်
လောကအံ့ဖွယ်ပါတကား။ ။




www.burmeseclassic.com

www.burmeseclassic.com

## ရှေးဟောင်းသမိုင်းဝင်

# မြနန္ဒာ ဆုတောင်းပြည့်စေတီ


သားစိန်ဒိုင်

သိမ်တော်ဦး မြနန္ဒာသမိုင်းကြောင်း ဖော်ပြရေးသား ... စေတီတည်နေရာဖြစ်သည့် သံခင်းကျေးရွာအကြောင်း ... ရှာတင်ပြရပေမည်။


ယခင်က သံခင်းရွာ ဖွဲ့စည်းပုံမှာ ကျောင်းကန်ဘုရား ... မြန်မာဆန်ပြီး ချောင်းမြောင်းများလည်း ပတ်လည် ... ပြီး ရွာသားများ အဓိက အသက်မွေးဝမ်းကြောင်းမှာ ... လုပ်ကိုင်စားသောက်ခြင်း။ ငါးရှာ၊ ဖားရှာခြင်း။ ရွာ ... ရက်ကန်းစင်များရှိခြင်း။ ရက်ကန်းလုပ်ငန်းဖြင့် အသက်မွေးကြသူများတို့ နေထိုင်ကြပြီး ဒေါ်ခရု၊ ဒေါ်ပု၊ ဒေါ်ပျော့၊ ဒေါ်ဖော့ လေးဦးတို့မှ ပေါက်ဖွားလာသော မိသားစုရွာကြီးဖြစ်ကြောင်း သိရသည်။ သံခင်းရွာတွင် အနုပညာအကျော်တစ်ဦး ပေါ်ပေါက်မွေးဖွားရာ ဇာတိလည်းဖြစ်သည်။

ရက်ကန်းစင်၊ ရက်ကန်းခတ်ရင်း သူသီဆိုရေးစပ်ခဲ့သော သီချင်းမှာ -

"မောင်ကြီးတို့တောရွာလေးဝယ်၊ ရက်ကန်းသံ ထွေမ်းတဲ့ မိုင်းငင်တဲ့ ထုံမငယ် အလှုရယ်"ဆိုသည့် အဆို



www.burmeseclassic.com



တော်မောင်မောင်ညွန့်၏ ဇာတိရွာလည်း ဖြစ်ပေသည်။

ရွာသူရွာသားများသည် ဘုရားတရား ကိုင်းရှိုင်းရှိသေကြသူများ ဖြစ်ကြသည်။ သံခင်းကျေးရွာကြီးနှင့် မနီးမဝေးရှိ ရွာများပင် အမျိုးမကင်းကြပေ။ ရွာသားများ တစ်နှစ်တစ်ခါ သာခုကန်ဘုရားပွဲကြီးသို့ သွားရောက်ရသည်မှာ နွားလှည်းများဖြင့် ပင်ပန်းကြီးစွာ သွားလာခဲ့ကြရပြီး ရန်ကုန်မြို့သို့ မဆိုထားနှင့် အင်းစိန်မြို့သို့ တက်ရတာပင် မလွယ်ကူလှပေ။ ယခုတော့ ၁၉၈၆ ခုနှစ်မှ အုတ်ဖိုမြို့သစ်မှ ရွှေပြည်သာမြို့သို့ ပြောင်းလဲတည်ဆောက်လာပြီဖြစ်သဖြင့် သံခင်းရွာကြီးပင် မြို့တော်အဂ်ါရပ်နှင့်အညီ ကွန်ကရစ်လမ်းများ လျှပ်စစ်မီးများ ထိန်ထိန်လင်းလျက် ဖွံ့ဖြိုးတိုးတက်နေသော (၆)၊ သံခင်းရပ်ကွက်၊ ရွှေပြည်သာမြို့ကြီးဖြစ်လို့ နေပေပြီဖြစ်သည်။

ရွှေပြည်သာမြို့ကြီး၊ သို့သော် ရှေးအခါကာလကတည်းက အလွန်စည်ကားတဲ့ မင်းနေမြို့ကြီး ရမ္မာနဂရတိုင်းမြို့ကြီးပင် ဖြစ်ပေသည်။ သာသနာ့နိမိတ်ခတ်နိုင်ဝေဖြာခဲ့သည့် ယနေ့တိုင်အောင် "ဘရာကျော်၊ ဘိုးတော်ရာကျော် ဆရာတော်ဘုရားကြီး"ဟု ထင်ရှားကျော်ကြားတော်မူသော အင်းစိန်၊ ကြို့ကုန်းလမ်းဆုံရှိ ဘုရားကလေးများနှင့် တည်ရှိနေသော ကျောင်းတိုက်ကြီးနှင့် မင်္ဂလာခုံ ငွေယာတောင်[...] ရှိ ရာကျော်ဘုန်းဘုရားကြီး တပ်ဦးကျောင်းပဓာနနာ[...] ဆရာတော်ကြီး ဦးသဗ္ဗမ္မဒေဝကိတ္တိ၏ သာသနာ့နိမိတ် [...] ရှိချက်များ ဖြစ်ပေသည်။






www.burmeseclassic.com

www.burmeseclassic.com





## သာသနာ့နိမိတ် ခတ်နိပ်ဝေဖြာ ရွှေပြည်သာ

"သောင်းထိုက်စကြဝဠာအနန္တ အောင်မောင်းခတ်၍ င်မေတ္တာပို့၍၊ အောင်ကြေညာချက်ထုတ်လိုက်သည်။ ုး အရပ်ရပ်က ကြားသိကြစေသတည်။ ဒီသံခင်းရွာ ိုက် နောင်အခါ ကြက်ပျံမကျ မြို့ကြီးပြကြီးဖြစ်လိမ့် ဒီနေရာက ရှေးအခါကာလကတည်းက အလွန်စည် ဲ့ မင်းနေ ရမ္မာနဂရာမြို့ကြီး တည်းရှိခဲ့ဖူးတယ်။ နာတော်လည်း ပို့ယခင်ကာလကအတိုင်း စည်ပင် င်းလာလိမ့်မယ်။

ရက္ခကြီး၊ ရက္ခလေး (ယခု ရခိုင်ရိုးကြီး၊ ရခိုင်ရိုးလေး အရက်သမရွာ၊ အထည်လဲရွာ၊ (ယခုအလည်ရွာ၊ အလိန် လည်ရွာ)၊ ရွှေလင်ပန်း၊ ကျုံရု၊ ကံလုရွာတွေအပါအဝင် လှိုင်မြစ် အရှေ့အနောက် သံခင်းရွာကို ဗဟိုပြုပြီးတော့ မြို့ ကြီးဖြစ်ပေါ်လာလိမ့်မယ်"

## ၆၃ နှစ်ကျော်က ထီးတင်ပွဲ

လွန်ခဲ့သော ၆၃ နှစ်ကျော်ကာလ ၁၃၁၅ ခုနှစ်က အင်းစိန်မြို့နယ်၊ သံခင်းကျေးရွာရှိ နှစ်ဆယ့်လေးဆူသော စေတီတော်များကို ရွှေထီးအတွက် တင်လှူပူဇော်ပွဲကြီး ဆင် ယင်ကျင်းပခဲ့ကြသည်။ ထိုထီးတော်ကြီး တင်လှူပွဲကြီးတွင် ရာကျော်ဆရာတော်ဘုရားကြီးသည် သံခင်းကျေးရွာပတ်လည် တစ်ခွင်တစ်ပြင်ရှိ လယ်ကွင်းများကို လက်ညှိုးညွှန်ပြကာ အထက်ပါအတိုင်း နိမိတ်စကား မိန့်ကြားခဲ့ခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



## ရာကျော်ဆရာတော်ကြီး

ရာကျော်ဆရာတော် ဘုရားကြီးသည် ထိုစဉ်ကာလက လွန်စွာ ဘုန်းတန်ခိုးကြီးမားသော ထူးခြားသည့် သိဒ္ဓိ မဟိဒ္ဓိရှင် သာသနာပြုဆရာတော်ကြီး တစ်ပါးဖြစ်သည်။ ဆည်းကပ်ကိုးကွယ်ကြသူ ပရိသတ်လည်း အတော်များသည်။ သံခင်းရေးဟောင်းသမိုင်းဝင် သိမ်တော်ဦး မြန်နန္ဒာဆုတောင်း ပြည့်စေတီတော်မြတ်ကြီး။



## ၂၄ ဆူ ထီးတင်ပွဲ

ယခု ရွှေပြည်သာမြို့ကြီးနှင့် တစ်ဆက်တစ်စပ်တည်း တည်ရှိ ရှိနေသော သံခင်းရွာအနီးမှ ဖြတ်သန်းစီးဆင်းသည့် ရေးက ကဒုံကလောက်ချောင်း(ခေါ်) ယခု နတ်ပိုချောင်း အပါးရှိ သံခင်းဘုန်းတော်ကြီးကျောင်း ရေးသိမ်တော်ကြီး ပြီးတော့ အလွန်သာယာလှပအေးချမ်းစွာ တည်ရှိနေသည်။ သိမ်တော်ဦး မြန်နန္ဒာ ကြာနီရေကန်ကြီးအနီးနှင့် ကပ်လျက်တွင် ၂၄ ဆူ စေတီတော်ဘုရားများ တည်ရှိလေသည်။

ထိုစေတီတော် ၂၄ ဆူ ထီးတော်တင်လှူ ပူဇော်ပွဲ



www.burmeseclassic.com

www.burmeseclassic.com





ကို ရခိုင်ရိုးကြီးဆရာတော် ဦးနန္ဒမာလ သံခင်းကျောင်း
တော်တို့နှင့်အပြင် ကျိုက်ထီးရိုး ဖသရသေ့တို့နှင့်အတူ
ကျော်ဆရာကြီး ကိုယ်တော်တိုင် ကြီးကြပ်ကျင်းပပေးခဲ့
ဖြစ်သည်။ မူလ ရေးပောင်းသမိုင်းဝင်ခုတောင်းပြည့်၊
တောင်ပြည့်၊ ကိုးနဝင်းခုတောင်းပြည့်၊ သိမ်တော်ဦး မြနန္ဒာ
တော်ကို သံခင်းကျေးရွာ ဇာတိ ဆရာကြီးဦးရွှေသောင်
င်တွင် တရားမမှုပေါက် အထမြောက် ထွက်ရပ်ပေါက်
)ဟု ကျော်ကြားသည့် ၎င်းဆရာကြီးတည်ထားခဲ့သည်။

သံခင်းကျေးရွာ အနောက်ဖက်ကမ်းပါးတွင် ယခုတိုင်
ရှိသည်။ သံခင်းရွာသူ၊ ရွာသား ဒကာ၊ ဒကာမများနှင့်
မြို့မှ ထင်ရှားသော ဦးစံမြ၊ ဦးဘိုစိုး၊ ဦးအုန်းကြီး၊
အောင်၊ ဦးအုန်းမောင် ဦးစီးဦးဆောင် ပါဝင်ခဲ့ကြသည်။

သူတော်စင် ရာကျော်ဆရာတော်ဘုရားကြီး၏ အမိန့်
မိတ်ကြားစကားကို ကြည့်ပါလျှင် ရှေးအခါက မင်းနေ
ရာ မြို့ကြီးတည်ရှိသလို ယခုအခါ မျက်ဝါးထင်ထင်
မြို့အင်္ဂါရပ်နှင့်အညီ စည်ပင်ဝပြိုးနေပြီဖြစ်သော စာရေးသူ
နေသော ရွှေပြည်သာမြို့ကြီးပင် ဖြစ်ပါတော့သည်။

ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင်၊ ရွှေပြည်သာ
မြို့နယ် ၆/သံခင်းရေးပောင်းသမိုင်းဝင် ခုတောင်းပြည့်
သိမ်တော်ဦး မြနန္ဒာစေတီတော်မြတ်ကြီးကို ပူဇော်လိုပါ
ရွှေပြည်သာမြို့ အမှတ်(၆)ရပ်ကွက် ရွှေညာမောင် မှတ်
တိုင်ဆင်း၍ အနောက်ဘက် ၆/သံခင်းရပ်ကွက်သို့
လာရောက်ဖူးမြော်နိုင်ပါကြောင်း လမ်းညွှန်ရေးသားလိုက်ရ
ပါသည်။

**သားစိန်နိုင်**

၀၉-၄ ၂၀၁၃၉၃၆၁

__ကိုးကား__

ဘမ္မာနဂရာ-ရွှေပြည်သာ၊ ဟံသာဝတီ ဦးအုန်းငြိမ်း



www.burmeseclassic.com

www.burmeseclassic.com

# လောကချမ်းသာ ထာဝရ အလှူတော်ငွေပဒေသာပင် သားစဉ်မြေးဆက် ဆက်လက်ရှင်သန်နေမည့် အလှူတော်

အသက်အရှယ် အို၊ နာ၊ သေ ဘေးမှ မလွတ်ကင်းနိုင်သော လူသားများဖြစ်၍ ရောက်လေရာရာ အရပ်ရှိဘုရားများတွင် ငွေပဒေသာပင် စိုက်ထူလှူဒါန်းမှုမျိုးသည် ဗုဒ္ဓဘာသာဝင်များအတွက် ဒါန မျိုးစေ့ အပင်စိုက်ပျိုးခြင်းဖြစ်ပါသည်။ ထိုအလှူသည် သားစဉ်မြေးဆက် ဆက်လက် ရှင်သန်နေမည့် အလှူတော်ဖြစ်၍ ငွေပဒေသာပင် စိုက်ထူလှူဒါန်းခြင်းပင်ဖြစ်ပါသည်။

ထိုကဲ့သို့ ငွေပဒေသာပင် စိုက်ထူခြင်းဖြင့် မြတ်စွာဘုရားရှင်၏ သာသနာတော်မြတ်ကြီး အဓွန့် ရှည်အောင်ဆောင်ရွက်နိုင်ပြီး၊ ငွေပဒေသာပင်မှရရှိသော အသီးအပွင့်တို့သည် စေတီဘုရားများအား ပြုပြင်ထိန်းသိမ်းစောင့်ရှောက်မှုအတွက် ပူပန်မှုများ ကင်းဝေးသကဲ့သို့ လှူဒါန်းသူများအတွက်လည်း တူညီသောအကျိုးတရား ခံစားရရှိနိုင်ပါသည်။ ဘုရားဖူးလာရောက်သူများအတွက်လည်း လှူရိုးလှူစဉ် အလှူဒါနမျိုးများအနက် ထူးကဲသော ဒါနတစ်မျိုးဖြစ်ပြီး နောက်တစ်ကြိမ်ဘုရားဖူးလာရောက်ပါက မိမိတို့လှူဒါန်းမှုကိုအမှတ်ရစေ၍ ကုသိုလ်တရား အကျိုးကျေးဇူးများလည်းရနိုင်သဖြင့် ၎င်းအကျိုး ရည်ရွယ်ကာ . . . မင်းဓမ္မကုန်းတော်ပေါ်တွင် တည်ထားသော လောကချမ်းသာ အဘယ လာဘမု ရုပ်ပွားတော်မြတ်ကြီး၊ ကျောက်တော်ကြီးဘုရား ဂေါပကအဖွဲ့မှလည်း ထို ငွေပဒေသာပင်များ တစ်ပင်လျှင် ကျပ်တစ်သောင်းဖြင့် စိုက်ထူလှူဒါန်းနိုင်ရန် စီစဉ်ထားရှိပြီးဖြစ်ပါသဖြင့် ဘုရားဖူးလာ သူတော်စင်အပေါင်းလည်း မိမိတို့၏ အလှူဒါနကို သားစဉ်မြေးဆက် ဆက်လက်ရှင်သန်နေမည့် အလှူတော်အဖြစ် ပါဝင်လှူဒါန်းနိုင်ကြောင်း နှိုးဆော်အပ်ပါသည်။

ဂေါပကအဖွဲ့ဝင်များဖြစ်သည့် . . .

ဦးညွန့်မောင် + ဒေါ်လှမြိုင်မိသားစု၊ ဦးကြည်လှမိသားစု၊ ဦးစိန်လှိုင် + ဒေါ်အေးမြင့်မိသားစု ဦးသိန်းဝင်း + ဒေါ်အေးအေးမြင့်မိသားစု၊ ဦးမောင်မောင်မြင့်အေး + ဒေါက်တာစောယုနွယ် မိသားစု ဦးခင်မောင်ဆက် မိသားစုတို့မှလည်း တစ်ဦးလျှင် ငွေပဒေသာပင် (၁၀)ပင်အတွက် လှူဒါန်းငွေကျပ် တစ်သိန်းစီဖြင့် စတင်လှူဒါန်းခဲ့ပါသည်။

၎င်းငွေများကို မြန်မာ့စီးပွားရေးဘဏ် အင်းစိန်တွင် စာရင်းအမှတ် (SP 044561)ဖြင့် စာရင်း ဖွင့်လှစ်အပ်နှံထားပြီး၊ ငွေပဒေသာပင်များမှရရှိသော အသီးအပွင့်များဖြင့်သာ ဘုရားကြီးကိုပြုပြင် ထိန်းသိမ်း စောင့်ရှောက်မည်ဖြစ်ပါသည်။

ဂေါပကအဖွဲ့ရုံး ◆ ဖုန်း - ၆၄၄၈၆၀၊ ၆၄၄၈၅၈၊ ၆၄၄၈၅၇

ဂေါပကအဖွဲ့

www.burmeseclassic.com

www.burmeseclassic.com

# သမိုင်းဝင်ထင်ရှားသည့် လောကုတ္တရာစေတီတော်နှင့် လောကမှန်ကူစေတီတော်

## မင်းထက်သားညီ(တောင်ငူ)

သာသနာသက္ကရာဇ် ၂၁၈ ခုနှစ်၌ သာသနာ့သမိုင်း အလွန်ဩဇာအာဏာကြီးမားသည့် အသောကမင်း ကြီး ပါတလိပုတ်ပြည်၌ စိုးစံမင်းမူတော်မူခဲ့သည်။ သောကမင်းတရားကြီးဟာ ဇမ္ဗူဒီပါ ကျွန်းလုံးကို ပိုင်ဆိုင် မှုသောကြောင့် သူ့လက်အောက်ရှိ မင်းအပေါင်းတို့ကို ရားရှင်ရဲ့ ဓာတ်တော်ရှစ်သောင်းလေးထောင် အပ်နှင်းကာ မိမိတို့ ရာ ဒေသအသီးသီးတွင် ဗုဒ္ဓသာသနာ အစွန့်ရှည်စေ ာ ရည်သန်၍ ဘုရားစေတီတော်များ တည်ထားကိုး စေပါသည်။

ဇေယျဝဝပုနတိုင်းသားတို့သည်လည်း ထိုဓာတ်တော် ကို ပင့်ဆောင်ကာ မြတ်စွာဘုရားရှင် ဗျာဒိတ်တော်နှင့် ဘုရားအလောင်းတော် ကြက်မင်းညီနောင်ဘဝဖြစ်မဲ့ ကျက်စားခဲ့သော ကုန်းတော်မြတ်တွင် မြတ်စောညီ ဘုရားကို တည်ထားခဲ့သည်။ မြတ်စောညီနောင်ဘုရား ပြီးသည်နှင့် ကေတုမတီမြို့ (တောင်ငူမြို့)တော်သို့ ခွာလာကာ ယူဆောင်လာသော ဓာတ်တော်များကို ကုတ္တရာမြို့ကြီးရပ်တွင် နောင်တော်နှင့် ညီတော် စေတီ နှစ်ဆူကို တည်ထားခဲ့ပါသည်။ ထူးခြားသည်မှာ ထို တ်နှစ်ဆူကိုလည်း မြတ်စောညီနောင်ဘုရားနှင့် တစ် ည်း တည်ထားခဲ့ပါသည်။ နောင်တော်စေတီသည် လော ရာစေတီတော်ဟုလည်းကောင်း၊ ညီတော်စေတီသည် စေတီ (ယခုအခါ လောကမှန်ကူစေတီ)ဟုလည်း ထင်ရှားပါသည်။

ထို့ကြောင့် သီရိဓမ္မာအသောကမင်းတရားကြီး တည် ကွယ်ခဲ့သည့် စေတီတော်ပေါင်း ရှစ်သောင်းလေး ထောင်တွင် ဤစေတီတော်နှစ်ဆူမှာလည်း အပါအဝင်ဖြစ် ပါသည်။ မြန်မာသက္ကရာဇ် ၅၅၃ ခုနှစ်တွင် ပုဂံပြည့်ရှင် နရပတိစည်သူက လောကုတ္တရာစေတီတော်မြတ်ကြီးကို ပြန်လည်မွမ်းမံ တည်ထားခဲ့ပါသည်။ မြန်မာသက္ကရာဇ် ၈၅၃ ခုနှစ်တွင် ကေတုမတီ(တောင်ငူ)ကို မင်းကြီးညို နန်းတက် လာရာ ဒွာရာဝတီခေါ် (လောကုတ္တရာမြို့ကြီးရပ်)ရှိ ပျိုပျက် နေသော လောကုတ္တရာစေတီတော်ကြီးကို ပြန်လည်ပြုပြင် ကာ ထီးတော်တင်ခဲ့ပါသည်။ ကေတုမတီဘုရင်မင်းကြီးညို







www.burmeseclassic.com

www.burmeseclassic.com



*လောကမှန်ကူ စေတီတော်မြတ်ကြီး*



*လောကုတ္တရာစေတီတော်မြတ်ကြီး*

ခေတ်က တည်ထားခဲ့သော ဘုရားပရိဝုဏ်တံတိုင်းတချို့နှင့် ရေတွင်းပေါင်းတစ်ခုကိုလည်း ယခုတိုင် တွေ့မြင်နိုင်ပါသည်။

မြန်မာသက္ကရာဇ် ၁၂၂၄ ခုနှစ်တွင် စကားကျောင်းဆရာတော် အရှင်ကလျာဏက ဦးဆောင်၍ လောကုတ္တရာစေတီတော်ကို ထီးအသစ်တင်ခဲ့သလို မြန်မာသက္ကရာဇ် ၁၂၇၀ ပြည့်နှစ်တွင်လည်း လောကုတ္တရာရပ်နေ ကုသိုလ်ရှင်များက စုပေါင်း၍ ထီးတော်သစ် ထပ်မံတင်လှူခဲ့ပါသည်။ ပဲခူးငလျင်ကြီး ပြင်းထန်စွာ လှုပ်ခဲ့၍ မြန်မာသက္ကရာဇ် ၁၂၉၂ ခုနှစ်၊ နတ်တော်လဆန်း ၁၄ ရက်၊ ည ၂ နာရီအချိန်တွင် လောကုတ္တရာစေတီတော်ကြီး ငုက်ပျောဖူး ပြုတ်ကျမြေခဲ့ရသဖြင့် အသစ်တစ်ဖန် ပြုပြင်ရပါသည်။ လောကုတ္တရာစေတီတော်ကြီး၏ ဉာဏ်တော်မှာ ၉၃ ပေ ၂ လက်မ ရှိ၍ ဘိနပ်တော်ပန်းထည်မှာ တစ်ဖက်တွင် ၅၅ ပေ ရှိပါသည်။ လောကုတ္တရာစေတီတော်မြတ်ကြီးသည် တချို့ လပြည့်၊ လကွယ်နေ့များတွင် ရောင်ခြည်တော်ကွန့်မြူးနေသည်ကို

ဖူးထိုက်သည့် ကုသိုလ်ရှင်တချို့ ဖူးမြော်ခွင့်ရခဲ့ကြပါ

ထို့အတူ ညီတော်စေတီဖြစ်သည့် လောက

စေတီတော်(သိမ်ဦးစေတီ)မှာလည်း မြန်မာသက္ကရာဇ် ခုနှစ်တွင် နရပတိစည်သူမင်းက ထီးတော်သစ် တင် ပါသည်။ မြန်မာသက္ကရာဇ် ၇၅၄ ခုနှစ်တွင် မင်းကြီး မွမ်းမံခဲ့ပြီး ၁၂၉၃ ခုနှစ်တွင် ပဲခူးငလျင်ကြီးကြောင့် ထီး သစ် တင်လှူခဲ့ရပါသည်။ မြန်မာသက္ကရာဇ် ၁၃၆ တွင်လည်း လောကမှန်ကူစေတီတော်ကြီးသည် ဖိန် စတင်ပြီး အက်ကွဲလာရာ (၁၃၇၀) ခုနှစ်တွင် စေ ကြီး ပြိုကျပျက်စီးခဲ့ပါသည်။ ထို့ကြောင့် ဗိုလ်ချု ဦးဆောင်မှုဖြင့် အလှူရှင်များ စုပေါင်းကာ လော စေတီတော်ကြီးကို အောက်ခြေမှ စတင်ကာ ပြန်လည် ပြုပြင်ခဲ့ပါသည်။ အသစ်ပြန်လည်တည်ထားလ



www.burmeseclassic.com

www.burmeseclassic.com



ကမုန်ကူစေတီတော်အတွင်းရှိ သပ္ပာယ်လှသော ရုပ်ပွားတော်


ကြည့်ပါက ခြောက်မိုင်ခန့်ကွာဝေးသော မြတ်စောညီနောင် စေတီကို အဝေးမှ လှမ်းဖူးမြော်ခွင့်ရသည်မှာ ကြည်နူးစရာ ကောင်းပါသည်။

နောင်တော်စေတီတော်ဖြစ်သည့် လောကဂုတ္တရာစေတီ



လောကဂုတ္တရာစေတီတော်မြတ်ကြီးရှိ လှပလက်ရာမြောက်သော ဆင်ဖြူတော်ရုပ်တု

ကမုန်ကူ စေတီတော်ကြီးကိုတော့ နေပြည်တော်မှ သန္တိစေတီတော်နှင့် ပုံစံတူ (အကြီးအသေးသာ ကွာ ည်) တည်ထားခဲ့ ပါသည်။ လောကမုန်ကူ စေတီတော် နှင့် အထက်ပစ္စယံလည်း ပါရှိပြီး ထိုအပေါ်မှ ရှုမျှော်




ဘုရင်မင်းကြီးညီခေတ်က တည်ထားခဲ့သော လောကဂုတ္တရာစေတီတော် မြတ်ကြီးရဲ့ ဘုရားပရိဝုဏ် တံတိုင်းအပျက်တစ်ခု



www.burmeseclassic.com

www.burmeseclassic.com



ဘုရင်မင်းကြီးညှိုခေတ်က
လောကုတ္တရာစေတီတော်
အတွက် တည်ထားခဲ့သော
ရေတွင်းပျက်ကြီး

တော်ကြီးရဲ့ ဘုရားပွဲကိုတော့ နှစ်စဉ်နှစ်တိုင်း သီတင်းကျွတ်လပြည့်ကျော် ၂ ရက်နေ့တွင် ကျင်းပပြုလုပ်ပါသည်။ ဘုရားပွဲနေ့ဆိုလျှင် ရပ်နီးကျေးရွာများဖြစ်သည့် လောကုတ္တရာကျေးရွာ၊ မြို့ကြီးကျေးရွာ၊ ပေါက်တောကျေးရွာ၊ သံဖြူချောင်းကျေးရွာများမှ အလှူရှင်များ စုပေါင်းကာ ကိုယ့်ကျေးရွာအလိုက် ပဒေသာပင်များကိုင်ဆောင်ပြီး အတီးအမှုတ်ဖျော်ဖြေရေးများဖြင့် ဘုရားသို့ ကုသိုလ်ပြုရန် လာရောက်ကြသည်မှာ ဗုဒ္ဓဘာသာဝင်တိုင်း သာဓုခေါ်ဆိုစရာ ဒါနအလှူပွဲကြီးပင် ဖြစ်ပါသည်။

ထို့ကြောင့် သမိုင်းဝင် စေတီတော်ကြီးနှစ်ဆူဖြစ်သည့် လောကုတ္တရာစေတီတော်ကြီးနှင့် လောကမုန်ကူစေတီတော် (သိမ်ဦးစေတီ)ကို အများပြည်သူ သိရှိဖူးမြော်နိုင်စေရန် စာရေးသူမှ တင်ပြလိုက်ရပါသည်။ တောင်ငူမြို့တွင်းမှာ တည်ရှိသဖြင့် သွားလာရသည်မှာ လွယ်ကူပါသည်။

"ဆရာတက္ကသိုလ်မင်းလက်ျာ"ရေးသားခဲ့သည့် လောကုတ္တရာစေတီတော်နှင့် လောကမုန်ကူစေတီတော် (ညီနောင်နှစ်ဆူ)အကြောင်း ရေးဖွဲ့ထားသည့် ကဗျာလေးဖြင့် နိဂုံးချုပ်လိုက်ပါသည်။

လောကုတ္တရာ ကုန်းတော်မြတ်က
စုံရပ်လို့ ဗျာဒိတ်မှု၊ ဗုဒ္ဓခွန်းကျူ၊
ဒိဌမှူ၊
ကြည်ဖြူလိမ့်အများ
ဘုရားရှင် သာသနာစစ်ကယ် ထွန်းရစ်စေသား
ဗျာဒိတ်တော် အဆိုအရ
မင်းမြှောသောကဟာ
ဘုရားရှင်ဓာတ်တော်များ တည်ထားခဲ့ရာ
မင်းနရပတိမှာ လှည့်လည်ကာလာတော့
ပြိုက်ပျက်တဲ့ စေတီကြီးကို
ပြန်ပြီးတည်ပေ့ါ။
မင်းကြီးညို ဘုန်းတော်ကြွ
မြို့တော်လှ တည်ပြန်ပြီ
ဒွါရာဝတီ သည်တပ်ချီ
"အောင်ပြီ"တည့် ကြော်ကြွေး
လောကုတ္တရာကုန်းတော်ရပ်က
မြတ်နောင်ညီနှစ်ဆူဓာတ်ကို ဆည်းကပ်ခဲ့သော

**မင်းထက်သားညီ(တောင်**

၀၉-၉၇၅၆၇

**စာကိုး**

- **ခေါင်မျိုးကြွယ်(ပညာရေး)ရဲ့ လက်ကမ်းစာ**
- **ဆရာတက္ကသိုလ်မင်းလက်ျာရဲ့ လောကုတ္တရာ သမိုင်း။**



www.burmeseclassic.com


www.burmeseclassic.com

# သလွန်တောင် ( ဇလုံတောင် )

## မင်းတလွန်း

ယခုအခါ ဘုရားဖူးများ စိတ်အားထက်သန်စွာ ော်လိုကြသည့်နေရာမှာ သမိုင်းဝင် ဂေါ်ဒေါ်ပလ္လင် ဇလုံ င်တော်မြတ် ဖြစ်ပါသည်။ ကျွန်တော်တို့လည်း ဖူးမြော် ရသည့် စိတ်ကြည်နူးချမ်းမြေ့စရာ တောင်တော်ဖြစ် ည်။ ဤတောင်တော်နှင့် ဆက်စပ်နေသော တောင် များလည်း ရှိသည်။ တည်ရှိနယ်မြေချင်းတော့ မတူ မော်ဟန်တောင် (မိုးညှင်းမြို့နယ်)၊ ကလာပ်တောင် (ဗန်းမော်မြို့နယ်)၊ မိုင်းတုံးတောင် (ဝန်းသိုမြို့နယ်)တို့တွင် တည်ရှိသည်။ စစ်ကိုင်းတိုင်းနှင့် ကချင်ပြည်နယ် ဆက်စပ် ဧရိယာလည်း ဖြစ်သည်။ ရှေးယခင်ကခြေလျှင်ခရီး နှစ်ည အိပ် သွားရသည်။ တောလမ်းဖြစ် ချုံခုတ်သွားရသည်။

ဇလုံတောင်သည် စစ်ကိုင်းတိုင်း၊ ကသာခရိုင်၊ ဗန်းမောက်မြို့နယ်တွင် တည်ရှိပြီး ဗန်းမောက်မြို့မှ မြောက် ဘက် ၁၂ မိုင်ခန့်အကွာ တောတွင်း ပင်လယ်ရေမျက်နှာ



သလွန်တောင်(ဇလုံတောင်)



www.burmeseclassic.com

www.burmeseclassic.com

ပြင်အထက် အမြင့်ပေ ၃၀၉၀ မြင့်သော တောင်ပေါ်တွင် တည်ရှိပြီး လွန်ခဲ့သောနှစ် ၈၀ ခန့်က မြေပုံပေါ်မှာ သလွန်တောင်ဟု ဖော်ပြထားသည်။ နောင်တွင် ဒေသခံများက ဇလုံမှောက်ထားသည်နှင့်တူ၍ ဇလုံတောင်ဟုခေါ်ကြသည်။

ထိုကဲ့သို့ အမည်ပြောင်းလာခြင်းနှင့် ပတ်သက်၍ ဆွမ်းဦးဘုရား ပုညရှင်ဆိုလျှင် ကကုသန်ဘုရားလက်ထက် သေကာပဗ္ဗတတောင်၊ ကောဏာဂုံဘုရားလက်ထက် ဝင်္ကစာရတောင်၊ ကဿပဘုရားလက်ထက် ဓမ္မိကတောင်၊ ဂေါတမမြတ်စွာဘုရားလက်ထက် နာဂဒတ္တတောင်၊ ဘားသဏ္ဍာန်နှင့် တူသောကြောင့် ဖားဦးတောင်၊ ပုညအမတ်ကို အစွဲပြု၍ ပုညရှင်တောင် တွင်ပြန်သည်။ ဆွမ်းဦးစကပ်လှူကြသောကြောင့် ဆွမ်းဦးပုညရှင်ဟု တွင်ခဲ့ပါသည်။ တောင်များအမည်အမျိုးမျိုး ပြောင်းလဲ ခေါ်ဝေါ်လာကြသည်ကိုလည်း သိရှိရပါသည်။

ဂေါတမဘုရားရှင်လက်ထက် ကောဇာသက္ကရာဇ် ၁၂၃ ခု၊ ဝါတော် ၂၀ အရတွင် သိကြားမင်းဖန်ဆင်းသော နတ်ပန်းရထား ၅၀၀ ဖြင့် ရဟန္တာအရှင်သူတော်မြတ် ၅၀၀ ခြံရံပြီး ကောင်းကင်ခရီးမှ ကြွလာခဲ့ပါသည်။ အရှေ့ ရောဝတီ၊ အနောက် သလ္လာဝတီ မြစ်နှစ်လီတို့၏ အလယ်ဗဟိုကျရာ ဂေါ်ဒေါပလ္လင်တောင်တော်တွင် ရောပထနတ် နဂါးမင်းသားအဖတို့၏ တောင်းပန်လျှောက်ထားမှုကြောင့် ခုနစ်ရက် သီတင်းသုံးကာ နဂါးမင်းသားအဖ လှူဒါန်းသော ဆွမ်းကို ဘုဉ်းပေးသုံးဆောင်ခဲ့ပါသည်။ ကျန်ရှိနေသော ဆွမ်းဟင်းများကိုလည်း စိန်၊ ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြားရတနာများဖြစ်စေကြောင်း ဆုတောင်းအဓိဋ္ဌာန်ပြုလျက် တောင်၏ဝဲ၊ ယာရှေ့နောက် စွန့်ကျဲပက်ဖြန်းခဲ့သည်ဟု သမိုင်းကျောက်စာတွင် ဖော်ပြထားပါသည်။ ဗျာဒိတ်ပေးဘုရားပုံတော်ကြီးတစ်ဆူလည်း ဖူးတွေ့နိုင်ပါသည်။ ဗျာဒိတ်စကား မိန့်ကြားတော်မူသည်မှာ "ညီဘွား အာနန္ဒာ အောင်မြေခေါ်အပ် ဂေါ်ဒေါပလ္လင်တောင်ကလပ်၌ ပွင့်တော်မူလတ္တံ့သော အရိမေတ္တေယျဘုရားရှင်သည် ငါဘုရားကဲ့သို့ အလှူခံကာ တရားထူးကို ဟောလိမ့်မည်ဖြစ်သည်"ဟု မိန့်ကြားတော်မူခဲ့သည်။

ကျောက်တောင်သည် သံတောင် ၄၄၄ ဖြစ်၍ ပေအားဖြင့် ၆၆၆ ပေ မြင့်ပါသည်။ မြောက်ဘက်မှာ ဖားကန့်ကျောက်စိမ်းတွင်းများ၊ အနောက်ဘက်၊ တောင်ဘက်၊ အရှေ့ဘက်တို့တွင် ရွှေတွင်းများ ဖြစ်လာသည်။ ဒေသခံများက ယုံကြည်စွာ ကိုးကွယ်သည့်အပြင် ဇလုံမှောက်ထားသည်နှင့်တူ၍ ဇလုံတောင်ဟု ခေါ်ခဲ့ခြင်း ဖြစ်ကြောင်းသိရသည်။

အရှင်ဓမ္မဒဿီအမည်ရှိ အရှင်အရဟံနှင့် တပည့်အရှင်အာစာရမထေရ်မြတ် နှစ်ပါးသည် ဂေါ်ဒေါပလ္လင် ဇလုံတောင်သို့ကြွရောက်ပြီး ဣဋ္ဌာသရလိုတရ ချမ်းသာကြီးအောင်တော်မူ၊ အောင်ဆုယူစေတီများကို ပထမဦးစွာတည်ထားကိုးကွယ်ကြသည်။ ၎င်းနောက် ၁၂၁၀ ခုနှစ်တွင် ဝိဇ္ဇာမဟိဒ္ဓိအရှင်ဟု ပေါ်လွင်ထင်ရှားသော ဆရာတော်ဦးသောဘိတ (လူအမည် ဦးသာအေး) အရှင်မြတ်က အောင်တော်မူ အောင်ဆုယူစေတီများကို ဒုတိယအကြိမ်မွမ်းမံပြုပြင်၍ အောင်ကျော်အေးအောင် ဇလုံတောင်ဟု သာသနာ မော်ကွန်းတင်ခဲ့သည်။ ၁၂၇၆ ခုနှစ်တွင် စက်တော်ကိုးဌာနအဝင် ကန်ရွာကျောင်းဆရာတော်နှင့် တိုက်သူကြီး ဦးရွှေသီး၊ ဝေးနီးမြို့ရွာ ဒါယိကာတို့က ကြေးချိန် ၁၅ ပိဿာ ကြေးခေါင်းလောင်း သွန်းလုပ်လှူဒါန်းပြီး ၁၂၉၇ ခုနှစ်တွင် တောင်သွတ်မြို့၊ ဝဲဘက်ရွာဇာတိ အရှင်ကုဝေရကသားတော်တောင် ကျောက်ပလ္လင်၌ ဂန္ဓကုဋီတိုက် စေတီငါးဆူ တည်ထားပြီး ဉာဏ်တော် လေးပေရှိ လိုတိုင်းပြည့် ဗျာဒိတ်ပေး (ပဉ္စလောဟာ) ဗုဒ္ဓရုပ်ပွားတော် သွန်းလောင်း၍ တတိယအကြိမ် ထူးခြားစွာ သာသနာပြုခဲ့ကြောင်းသိရသည်။ သက္ကရာဇ် ၁၃၁၁ ခုနှစ်တွင် စက်တော ကုန်းရိုးကြီးကျောင်း ဆရာတော်ကြီးနှင့် အလယ်ရွာ၊ ကန်ရွာအနောက်တာ ဆရာတော်ကြီးများ ဦးဆောင်၍ ဝေးနီးမြို့ရွာဒါယိကာတို့က အောင်ဆုယူအောင်တော်မူ စေတီများကို မွမ်းမံပြင်ဆင်၍ စတုတ္ထအကြိမ် ရွှေထီးတော်အထွတ်တင်လှူကာ သာသနာပြုခဲ့ကြောင်း သာသနာ့မော်ကွန်းတင် ကျောက်စာမှာ ဖော်ပြခဲ့ပါသည်။

ဆရာတော် ဦးသောဘိတ (လူအမည် ဦးသာအေး) သည် အင်းတော်ကြီး ရွှေပဥ္စူစေတီတော် (ရေလယ်ဘုရား) ကိုလည်း တည်တော်မူပါသည်။ ထိုဆရာတော်သည် ဦးသောဘိတဟူ၍ အမည်မတွင်ဘဲ ဦးသာအေး ဟူ၍သာ ခေါ်တွင်ကျော်စောစေသည်။

ဤကျောက်တော်ကြီးမှာ ခမည်းတော်တောင်နှင့် မယ်တော်တောင် ကျောက်လုံးကြီးနှစ်လုံး ပူးတွဲပြီး

www.burmeseclassic.com

**အနည်းငယ်နိမ့်သော နှစ်ဖက်မှာ** သားတော်တောင်၊ သမီးတော်တောင် တွဲနေပါသည်။ သမီးတော်သည် ၁၃၂၀ ခုနှစ်က ပွဲကျ၍ ဒေသခံများက သမီးတော်နဂါးမ ဇော်ဂျီနှင့်လိုက်ပြေး၍ ဖြိုချသည်ဟု ပြောဆိုခဲ့ကြသည်။ အဆိုပါ ကျောက်တုံးကြီး ပွဲကျသောအသံသည် ဗန်းမောက်မြို့နယ် တစ်မြို့နယ်လုံး သိမ့်သိမ့်တုန်မြည်ဟီး ရိုက်ခတ်ခဲ့ကြောင်းသိရသည်။

ရွှေညောင်ပင်တွင် မိမိတို့ စီးနင်းလိုက်ပါလာသော **ကားများရပ်ပြီး** တောင်တက်ကားအဆင်းမှ ဟိုက်လတ် **(စီဂို)ကားများ**ဖြင့် တက်ရပါသည်။ ရွှေညောင်ပင်မှ ဇလုံ**တောင်အောက်** ယာဉ်ရပ်နားစခန်းထိ ရှစ်မိုင်ရှိပါသည်။ **အတက်**လူ တစ်ဦး ၃၅၀၀ ကျပ်နှုန်း၊ **အဆင်း** ၂၅၀၀ ကျပ်နှုန်း ပေါင်းလူတစ်ယောက် အတက်အဆင်း ၆၀၀၀ ကျပ်နှုန်း ဖြစ်သည်။ ကားတစ်စီး လူ ၁၅ ယောက်နှင့် ၁၈ ယောက် ကြားတင်ပါသည်။ တောင်တက်/ တောင်ဆင်း မတ်စောက်သောကြောင့် Tran Far ထိုး၍တက်ရသည်။ အတက်၊ အဆင်းကားများ တစ်စီးနှင့်တစ်စီး အိုင်ကွန်များအသုံးပြု၍ ချိတ်ဆက်သွားလာရသည်။ ယာဉ်မောင်းများ အထူးကျွမ်းကျင်ကြသည်။ ကိုယ်ပိုင်ကားများ မတက်သင့်ပါ။ ရပ်နားစခန်း နှစ်ခု၌ အတက်၊ အဆင်း ယာဉ်များကြဲ့ခိုင် ရေးစစ်ဆေးသင့်သည်။

လမ်းတစ်လျှောက်တွင် နက်ရှိုင်းသော လျှိုကြီးများ၊ အင်၊ ကညင်ပင်ကြီးများ၊ စကားဝါပင်ကြီးများ၊ ဝါးတောကြီးများ၊ သစ်မွှေး၊ သင်ဝင်ပင်ကြီးများ၊ ကျွန်းပင်ကြီးများလည်းရှိသည်။ ဝါးတောများအလွန်ပေါများသည်။ သစ်တောထွက်ပစ္စည်းများတွင် ပျားရည်လည်း ပေါများသည်ကို တွေ့ရသည်။ ဆေးဘက်ဝင်ပင်များလည်း ပေါများသည်။ သစ်တောဧရိယာ ၆၀၂၆၃ ဒသမ ၃၆ ဧကရှိသည်။ ဘေးမဲ့ဥယျာဉ်အဖြစ် သတ်မှတ်ရန်လည်း နိုင်ငံတော်သို့တင်ပြထားသည်။

ရွှေညောင်ပင် ယာဉ်ရပ်နားစခန်းမှ စတက်လျှင် ဘုရားကြီး၏တောင်ဘက် နှစ်မိုင်ခန့်အကွာ တောင်ပေါ်တွင် ကျောက်မဏ္ဍပ် ရှိပါသည်။ အတက်အလွန် မတ်စောက်သည်။ ကျောက်မဏ္ဍပ်ဆိုသည်မှာ တောင်ထိပ်တွင် ကျောက်ဖျာကြီး အလျား ၈၀ ပေ၊ အနံ ၇၀ ပေခန့်ရှိပြီး အဆိုပါ တောင်ပေါ်တွင် နှစ်ဘက်နှစ်ခြမ်း ကျောက်အမိုးမဏ္ဍပ်ကြီး ဖြစ်နေပါသည်။ ကျောက်ဖျာကြီးပေါ်တွင် ကျောက်မဏ္ဍပ် ဆုတောင်းပြည့်စေတီတစ်ဆူ၊ ကျောက်မဏ္ဍပ်ထဲတွင် ဘူမိဖဿမုဒြာ (သဗ္ဗညုတဉာဏ်ရပြီး မဟာပထဝီမြေကြီးကို လက်တော်ဖြင့် သက်သေညွှန်းသောပုံ) တစ်ဆူ ရှိသည်။ တစ်ဖက်ခြမ်းမှာ ကျောက်ဆန်အိတ်၊ ကျောက်ပုဂံ၊ ကျောက်လှေ၊ ကျောက်မောင်းဆုံများ၊ ကျောက်ကြေးစည်တို့ ရှိပါသည်။ နောက်ခံမိုးသား အရောင်များနှင့် စိမ်းလန်းသော တောတောင်များအား အပေါ်စီးမှ ကြည့်ရသလို ဇလုံတောင် တော်ကိုလည်း လှမ်းမြင်နေရ၊ တောင်တက်ကားလမ်း ကွေ့ကွေ့ကောက်ကောက်၊ လမ်းဖွေးဖွေးနှင့် စိတ်နှလုံးကို အေးချမ်းစေရပါသည်။ ကျောက်ဖျာကြီးဘေး သစ်ပင်ကြီးများ၏ အရိပ်အာဝါသသည်လည်း စိတ်အနှမ်းကို ပြေပျောက်စေပါသည်။ ကျောက်မဏ္ဍပ်မှ သုံးမိုင်သွားလျှင် ယောက်ချိုအင်းရှိသည်။ ဦးကောစခန်းတွင် ကားများခေတ္တရပ်နား ကြံ့ခိုင်ရေး စစ်ဆေးသင့်သည်။ ရေအေးချောင်းတော စခန်းဟုလည်းခေါ်သည်။ ဆရာတော်တောရ ဆောက်တည်သော စခန်းလည်း ဖြစ်သည်။ ဈေးဆိုင်များရှိသည်။ ၎င်းမှ ဆက်လက်ထွက်ခွာလျှင် တယ်ပင်ပြန့်၌ ယာဉ်ရပ်နား ယာဉ်ကြံ့ခိုင်မှု စစ်ဆေးသည်။ ထမင်းဆိုင်များ ရှိသည်။ သစ်တော်ထွက်ပစ္စည်းများ ရောင်းချသည်။ တယ်ပင်ပြန့်မှ ငါးမိုင်သွားလျှင် နောင်ဝေါဦး ရေတံခွန်ရှိပြီး အတော်သာယာသည်ဟု ဆိုသည်။ တယ်ပင်ပြန့်နှင့် ဇလုံတောင်သည် နှစ်မိုင်သာဝေးသည်။ ဇလုံတောင်ခြေယာဉ်ရပ်နားစခန်းတွင် ယာဉ်ရပ်နားပြီး ခြေလျှင် စတက်ရပါသည်။ တယ်ပင်ပြန့်မှ တောင်ခြေထိ ခြေလျှင်တက်သည့်လမ်းလည်း ရှိသည်။

လမ်းတစ်လျှောက် ဘုရားများမှာ ဒေါ်ချောမေဘုရား၊ ဇလုံတောင်ဘိုးဘိုးကြီး၊ ခန္ဓသိမ်ဓမ္မာရုံ၊ ချမ်းသာကြီးဓမ္မဗိမ္မာန်၊ ညေ့ဆောင်ဓမ္မာရုံတို့ ရှိသည်။ ဗျာဒိတ်ပေးရုပ်ပွားတော်တို့ရှိသည်။ ကျောက်တောင်ထိပ်သို့ မတက်ခင် ဘယ်ဘက်တွင်ပါဒစေတီ၊ လွမ်းစေတီ၊ ညာဘက်တွင် တံခွန်တိုင်တို့တည်ရှိသည်။ ကျောက်တောင်ကြီးထိပ်သို့ တက်သည့်အခါတွင် ကျောက်တောင်ကြီးနှစ်လုံးကြားမှ အုတ်လှေကားနှင့် ကွေ့ပတ်တက်ရသည်။ ဘယ်ဘက်ကျောက်တောင်ထိပ်တွင် နဂါးရုံဘုရားရှိသည်။ တောင်ထိပ်တွင် ကဿပသရ လိုတရချမ်းသာကြီးအောင်တော်မူ၊ အောင်ဆုယူစေတီတို့ကို



www.burmeseclassic.com

www.burmeseclassic.com

ဖူးတွေ့ရမည်ဖြစ်သည်။ ဘုရားလေးဆူရှိပါသည်။ ဖူးမြော်ကြည်ညိုမဆုံးနိုင်ပါပေ။ နှစ်ဖက်စလုံး နက်ရှိုင်းသော ချောက်ကြီးနှင့်ဖြစ်၍ အသည်းယားစရာ ဖြစ်ရပါသည်။ တောင်အောက်လိုဏ်ဂူတွင် ဝိဇ္ဇာဓိုရ်များ နေသည်ဟုလည်းကောင်း၊ ဓိဇ္ဇာဓိုရ်များ၏တောင်ဝှေး၊ သပိတ်တော်လည်း ရှိသည်ဟု ဆိုကြသည်။

ဇလုံတောင်၏ အနောက်ဘက်တောင်သည် ပဒူ တောင် ဖြစ်ပါသည်။ ပဒူတောင်ဟု ခေါ်တွင်ရခြင်းမှာ ကလေးမြို့မှ ပုခက်တွင်းထည့်သိပ်ထားသည့် ကလေးများ မကြာခဏပျောက်နေသည်။ ထိုသို့ကလေးများ ပျောက်နေသည်ကို သိရှိရန်အတွက် ဝက်အသေကောင်ကို ပုခက်အတွင်းထည့်ပြီး ပိတ်စအရှည်နှင့်ချီကာ ကလေးသိပ်ထားသကဲ့သို့ လုပ်ထားသည်။ ပဒူများပုခက်ထဲမှ ဝက်သေကောင်အား ပဒူတောင်ဘက်သို့ ချီသည်ကိုသိရ၍ တောင်၌ ပဒူနေကြောင်း သိရသည်။ ပဒူများသည် ချီလာသောကလေးများကို စားသောက်ပစ်ကြသည်။ သားအဖနှစ်ယောက် ပဒူတောင်ဘက်သို့ သွားရာ အဖေအား ပဒူချီပြီး သားမှာ လွတ်မြောက်သွားသောကြောင့်လည်း ပဒူချီသည်ကိုသိရသည်။ ကလေးစော်ဘွားမှ ပဒူကို တရွှေ့ရွှေ့ နှိမ်နင်းရာ သုံးနှစ်၊ သုံးလ ကြာပြီး ပဒူပေါက်ကို သက်ငယ်ရှုံ့နှင့် ပိတ်၍ မီးရှို့နှိမ်နင်းရသည်။ ရှုံ့တူးသည့်နေရာ အင်းဖြစ်သည်ကို ပဒူအင်းဟုခေါ်သည်။ ပဒူအစားခံရသည့် လူမျိုးတွေသည် ကလေးတွေကို ပုခက်နှင့်သိပ်မရကြောင်း ပါးစပ်ရာဇဝင်ရှိခဲ့သည်။

အုံ့ဖွယ်ဇလုံတောင် ဘုရားများကို သာသနာပြုနေသူ ဆရာတော်မှာ မန္တလေးတိုင်း သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ (စတုဘုမ္မိက) ဘဒ္ဒန္တဝိဇယအဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ရ သာသနဓဇဓမ္မာစရိယ အထက်ပိုင်းဗဟိုဋ္ဌာနချုပ် စတုဘုမ္မိကသာသနာပြု ဥပုသ်တော်ရပ် မန္တလေးဆရာတော် ဖြစ်သည်။

ဇလုံတောင်တော်မှာ တောနက်ထဲတွင် ရှိနေ၍ လမ်းပန်းဆက်သွယ်မှု ခက်ခဲနေ၍ တိမ်မြုပ်ပျောက်ကွယ်ခဲ့ပြီး ၁၉၉၀ ပြည့်နှစ်တွင် ဗန်းမောက်မြို့နယ် ဒေသခံဆရာတော်များ ကြိုးပမ်းရှာဖွေမှုဖြင့် ပြန်လည်ဖော်ထုတ်နိုင်ခဲ့ပါသည်။ အနောက်မြောက်တိုင်း စစ်ဋ္ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သာအေး စီစဉ်ဆောင်ရွက်ပေးမှု၊ ဒေသခံရွှေလုပ်ငန်းရှင်များ၊ အလှူရှင်များ၏ လှူဒါန်းမှုဖြင့် လူသွားလမ်းမှ မြေသားကားလမ်း ဖောက်လုပ်ခဲ့သည်။ ၂၀၀၄ ခုနှစ်တွင် အရှေ့ဘက်မှ မတ်စောက်ပြီး ကျောက်ဆောင်များပြား၍ တောင်ဘက်မှ လမ်းကြောင်းရွေးချယ်ပါသည်။ ကသာသစ်ထုတ်လုပ်ရေး လုပ်ငန်းမှ မြေထိုးစက် ကူညီပေးခဲ့ပါသည်။ ၂၀၀၄ ခုနှစ်မှ **၂၀၀၆ ခုနှစ်**အထိ ၁၂ မိုင်ဖောက်လုပ်ခဲ့ပြီး။ ၂၀၀၆ ခုနှစ်၊ **မတ်လ ၃** ရက်နေ့တွင် တောင်ခြေတယ်ပင် ပြန့်သို့အရောက် မြေသားလမ်းဖောက်လုပ်ခဲ့သည်။ ဗိုလ်ချုပ်မြင့်စိုး တောင်ပေါ်လမ်းကို စခဲ့သည်။ ကျောက်ခင်း၊ ကျောက်ချ လမ်း ကောင်းအောင် ဆောင်ရွက်ခဲ့သည်။ (၅-၄-၂၀၀၆) ရက်နေ့ တွင် ဗန်းမောက်-ဇလုံတောင်တော်ကားလမ်း ဖွင့်လှစ်ခဲ့သည်။ ၂၀၀၆ မှ ၂၀၁၃ အထိ ဆရာတော်မှ လမ်းလုပ်ငန်း ဆောင်ရွက်ခဲ့သည်။ ၂၀၁၅ ခုနှစ်မှ စ၍ နိုင်ငံတော်မှ ဘတ်ဂျက်ချမှတ် ဆောင်ရွက်လျက် ရှိသည်။

တောင်တော်တွင် စေတီတည်ထားခဲ့ပြီး တောတောင်တို့ ဝန်းရံနေခြင်း၊ ဘုရားဖူးတို့အတွက် စိတ်နှလုံးအေးချမ်းစေခြင်း၊ ညနေစောင်းတောင်တော်မှ ပြန်အဆင်းတောလမ်းတစ်လျှောက် တောကြက်၊ မျောက်လွှဲကျော်၊ ရစ်တို့၏ အော်မြည်သံတို့သည်လည်း စိတ်ကြည်နူးမှုကို ဖြစ်ပေါ်စေသည်။ ဘုရားပွဲတော်ကို နှစ်စဉ်သကြန်အပြီး တစ်ပတ်လုံး ကျင်းပပါသည်။ အဆိုတစ်ရပ် ရှိပါသည် ဇလုံတောင် အရှင်စာရင်းမဝင်ရင် မေတ္တာရှင်နှင့် လွဲရမယ်ဟုဆိုသည်။

ထို့ကြောင့် မေတ္တာရှင်နှင့်မလွဲအောင် စိတ်၏ အေးချမ်းရာ သလွန်တောင် (ဇလုံတောင်)သို့ သွားရောက်ဖူးမြော်ကြရန်နှင့် ကားလမ်းမှာလည်း ကတ္တရာလမ်းဖြစ်မည်ဆိုပါက ၁၂ ရာသီသွားလာနိုင်ပြီး ပြည်တွင်းဘုရားဖူးများ သာမက ကမ္ဘာလှည့်ခရီးသွားများပါ လာရောက်လည်ပတ်၍ ဇလုံတောင်သည်လည်း စစ်ကိုင်းတောင်တော်၊ မန္တလေးတောင်တော်၊ ကျိုက်ထီးရိုးဘုရားကဲ့သို့ ကမ္ဘာကသိသည့် တောင်တော်ဖြစ်လာမည်မှာ အမှန်မလွဲဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။

**မင်းတလွန်း**




www.burmeseclassic.com

www.burmeseclassic.com

# သီတဂူကို ကြည်ညိုသည့်အကြောင်း

မောင်ကျော်ဆွေ(သီရိမင်္ဂလာသီတဂူ)



သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ မထေရ်မြတ်သည် မြန်မာနိုင်ငံအတွင်း တစ်ခေတ်တစ်ခါ ထူးခြားစွာ ပေါ်ထွန်းလာသော ရှားရှားပါးပါး ကမ္ဘာ့သာသနာပြု လူမှုအကျိုးဆောင် သာသနာ့အာဇာနည်ပုဂ္ဂိုလ်ကျော်တစ်ပါးဖြစ်ကြောင်းကို နိုင်ငံတစ်ဝန်းလုံးနှင့်တကွ ပြင်ပနိုင်ငံ ဗုဒ္ဓဘာသာဝင် အတော်များများကပင် သိပြီးဖြစ်သည်။ ကျွန်တော့်အနေနှင့် ဆရာတော်ကြီးအကြောင်းကို အကျယ်ချဲ့ ဖော်ပြနေမိပါက မန္တလေးရတနာပုံ မြို့တည်နန်းတည် မင်းတုန်းမင်းတရားကြီးလက်ထက် ယောအတွင်းဝန်ပညာရှိ ဦးဖိုးလှိုင်နှင့် သူ၏ တပည့် မြင်းထိန်းငတာတို့၏ ဖြစ်ရပ်ပမာသာ ဖြစ်ချေပေရော့မည်။

ဝန်မင်း၏ မြင်းထိန်းသမား ငတာက စာပေကျမ်းဂန် တတ်ကျွမ်းသူမဟုတ်။ တတ်ယောင်ကားနှင့် အာက ခပ်ချောင်ချောင်သမား။ သူ့ဆရာဝန်မင်းကို ချစ်ကြောက်ရိုသေသမှုဖြင့် ဦးဖိုးလှိုင် ရေးသားပြုစုထားသော ဥတုဘောဇနသင်္ဂဟကျမ်းကို လူထုထုရှေ့တွင် အာပေါင်အာရင်းသန်သန်ဖြင့် ချီးကျူးဝေဖန်နေလေ့ရှိ၏။ အကြောင်းသိသူများက တော့ စကားကို ကွယ်ရာတွင် ပြက်ရယ်ပြုနေကြရာ ကြာလာတော့ ဝန်မင်း မနေသာ။ ငတာကို



www.burmeseclassic.com

www.burmeseclassic.com

တိုးတိုးတိတ်တိတ်ခေါ်၍ ပါးစပ်ပိတ်ရသည်။

"ဟေ့ငတာ…မင်းက ငါရေးထားတဲ့ကျမ်းကို ချီးကျူးဝေဖန်နေရအောင် တကယ်ကော နားလည်လို့လားဟ"

ငတာက ပြန်ဖြေသည်။ "ကောင်းတော့ကောင်းတာအမှန်ပါ။ သို့သော် ဘာတွေကောင်းသည် ဆိုတာ ကျွန်တော် မျိုးမသိ"ဆိုသည့်ပုံပမာ -

ဦးဖိုးလှိုင်အနေနှင့်တော့ တပည့်ဖြစ်သူကို စိတ်ဆိုးရမည်လည်းအခက်၊ ရယ်လည်းရယ်ချင်ပုံရမည်။ ထို့ကြောင့်

"ငတာရယ် မင်းဟာ စာမတတ်ဘဲနဲ့ ငါ့ကျမ်းကို လူတကာရှေ့မှာ လူတတ်လုပ်ပြီး အရမ်းကာရော ချီးမွမ်းဝေဖန်နေမယ့်အစား ရေ့ ငွေဒင်္ဂါးတစ်ဆယ်ယူသွားစမ်း။ ပုဆိုးလေးဘာလေး ဝယ်ဝတ်ပြီး အေးအေးနေ၊ လူရှေ့မှာ မဝေဖန်ပါနဲ့ကွာ"တဲ့။

ယခုလည်း ကျွန်တော့်အဖြစ်က မြင်းထိန်းငတာဥပမာ သူတစ်ကာသိပြီးဖြစ်သော ဆရာတော့်ဂုဏ်ဒြပ် အစစကို နံ့နံ့စပ်စပ်မသိဘဲ ရောယောင်ချီးကျူးနေဘိသကဲ့သို့ ဖြစ်မည်ကို စိုးရိမ်နေမိပါသေးသည်။

ကျွန်တော့်အနေနှင့် ဆရာတော်ဟောကြားခဲ့သည့် တရားများကို ၁၉၇၈ ခုနှစ်ခန့်တွင် ကက်ဆက်တရားခွေများမှတစ်ဆင့် နာကြားဖူးရာ မူလမဆွက အိပ်ရာဝင်ပုံပြင်တစ်ခုကို နားထောင်နေရသည့် ပမာထက် ပို၍ အနှစ်အရသာ မတွေ့ခဲ့ရသေး။ နောင်တဖြည်းဖြည်း နာယူပြီးမှ ပို၍ သဘောပေါက် နှစ်သက်လာမိရာ ဆရာတော်တရားဟောရာ အရပ်တကာသို့ အခွင့်အခါကြုံကြိုက်တိုင်း လိုက်ပါနာယူမိသည်ချည်းပင် ဖြစ်သလို ဆရာတော်ကြီးနှင့်လည်း အနီးကပ် ဖူးတွေ့လိုစိတ်၊ ဆရာတကာဖြစ်လိုသည့် ဆန္ဒများ ပြင်းပြလာခဲ့သည်။ မကြာပါ ကျွန်တော့် လိုအင်ဆန္ဒ ပြည့်ဝခဲ့ရပြီဟု ဆိုရပါမည်။

၁၉၈၀ ပြည့်နှစ်ခန့်က ရန်ကုန် သိမ်ကြီးဈေးမှ သစ်သီးပွဲစားပေါက်စကလေး ကျွန်တော် အလုပ်ကိစ္စဖြင့် မန္တလေးသို့ ရောက်တုန်းရောက်ခိုက် ကံအားလျော်စွာ မိတ်ဆွေကျောင်း တကာကြီး ဦးသောင်းတင် နေအိမ်တွင် ဆရာတော်ကို ဦးခိုက်ဖူးမြော်ခွင့် ကြုံခဲ့ရသည်။ ဦးသောင်းတင်နှင့် ဆက်နွယ်ပြီးလည်း ဆရာတော်ကြီးနှင့် စကားပြောခွင့် ရခဲ့ပါသည်။ ထိုမှတစ်ဆင့် ဆရာတော်၏ တကာရင်း ဖြစ်သော မိတ်ဆွေ **ကျောင်းတကာကြီး မိုးကုတ်ဦးကြည်ဝင်း**၏ မိတ်ဆက်ပေးမှုဖြင့် **အောက်မြန်မာပြည်** သီတဂူအဖွဲ့မှ သီတဂူဦးကျော်ရှိန်နှင့် သီတဂူဦးရွှေနီတို့နှင့် သိကျွမ်းခဲ့ရပါသည်။ သူတို့၏ အကူအညီဖြင့် သီရိမင်္ဂလာဈေးတွင် ဆရာတော်ကြီး၏ ဦးဆုံးတရားပွဲ ဖြစ်မြောက်ရန် ဈေးသူဈေးသားများကိုယ်စား ကျွန်တော်ကပင် ပင့်လျှောက်အကျိုးဆောင်ပေးခဲ့ရပါသည်။ ကျွန်တော်ကလည်း သီရိမင်္ဂလာဈေးတွင် သစ်သီးပွဲရုံဖွင့်ထားပြီး အချိန်အခါကလည်း သင့်နေပြီဖြစ်၍ အစစ အဆင်ပြေပါသည်။

ထိုစဉ်က ဒဂုံမြို့သစ်မြောက်ပိုင်း ပင်လုံလမ်းတွင် သီတဂူအပြည်ပြည်ဆိုင်ရာ ဗုဒ္ဓသာသနာပြုဗိမာန်တော်ကြီး တည်ဆောက်လုပ်နေချိန်ကာလဖြစ်၍ တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေရန် ဈေးသာယာရေးဥက္ကဋ္ဌနှင့် သာယာရေးအဖွဲ့ဝင်အချို့ ဈေးအတွင်း အရှိန်အဝါကြီးမားသော ပွဲစားကြီးများနှင့် စေတနာရှင် ဈေးသူဈေးသားများကို သုံးနှစ်ခန့် ကျွန်တော်ပင် စည်းရုံးကာ အလှူငွေများ ကောက်ခံရရှိရေးအတွက် ကြိုးစားခဲ့ရပါသည်။

၂၀၀၇ ခုနှစ်၊ ဧပြီလ ၃၀ ရက်နေ့ ဗိမာန်ဖွင့်ပွဲတွင် သီရိမင်္ဂလာဈေးအဖွဲ့ကို ဖိတ်ကြား၍ သီတဂူအထောက်အကူပြုအဖွဲ့များအဖြစ် ဆရာတော်ကြီးကိုယ်တိုင် ဖွဲ့စည်းပေးရာတွင် -

၁။ ဗဟန်းဆရာစံရပ်ကွက်

၂။ ဗိုလ်စိန်မှန်ရပ်ကွက်

၃။ ဒဂုံမြို့သစ်မြောက်ပိုင်းနှင့်

၄။ သီရိမင်္ဂလာဈေးအဖွဲ့ စသည်တို့ ပါဝင်လာကြသည်။ နောက်ပိုင်း၌ ယင်းအဖွဲ့တို့တွင် ကပ္ပိယကာရကအဖွဲ့ဝင် ခေါင်းဆောင်တစ်ဦးစီ ရွေးချယ်ပြီး ၎င်းတို့က ဗိမာန်တော်နှင့် စပ်လျဉ်းသည့် အထွေထွေ အခမ်းအနားများကို စီစဉ်ဆောင်ရွက်ပေးကြရသည်။ လှိုင်ပွဲရုံမှ ပွဲစားကြီးဦးတင်လှိုင် (ဝမ်းတွင်းသဲတောဇာတိ)သည် ဂုဏ်သိက္ခာ အရှယ်နှင့် ပြည့်စုံပြီး လှူဒါန်းမှုအစုစုတို့ဖြင့် မွေ့လျော်သူ ဖြစ်သည့်အတိုင်း ၎င်းကိုပင် ဈေးအဖွဲ့ခေါင်းဆောင် သီတဂူဘွဲ့ အပ်နှင်းလိုက်ရကျိုးနပ်ပါပေသည်။

သီတဂူဆရာတော်ကြီးအား ဗုဒ္ဓဘာသာဝင်အများပြည်သူအားလုံးက အဘယ်ကြောင့် ကိုးကွယ်ဆည်းကပ်နေ

www.burmeseclassic.com

ကြံသနည်းဟု မေးလာသူရှိပါက ကိုးကွယ်ဆည်းကပ်ထိုက်သည့် အရှင်မြတ်ဖြစ်နေ၍ ကိုးကွယ်ကြည်ညိုနေကြခြင်း ဖြစ်ပါသည်ဟု အရှင်းဆုံး ဖြေရပါမည်။

ဆရာတော်ကြီးသည် ရဟန်းကောင်း ရဟန်းမြတ်တို့၏ ကျင့်စဉ်နှင့်အညီ ဂန္ထဓူရဝိပဿနာဓူရနှစ်ဖြာဖြင့် ပြည့်စုံပြီး စာပေပရိယတ္တိဖက်မှာသာ တတ်ကျွမ်းသည့် ရှင်ရဟန်းမျိုးမဟုတ်၊ မိမိ၏ အမျိုးဘာသာ သာသနာကို ကမ္ဘာလွှမ်းစေရန် စွမ်းဆောင်ကြိုးပမ်းနေသူ၊ လူမှုဒုက္ခခပ်သိမ်း(ကျန်းမာ-ပညာ-နေထိုင်)အပေါင်းကို မိမိစွမ်းဆောင်နိုင်ရာ နည်းမျိုးစုံဖြင့် နိုင်ငံတော်အား တစ်ဖက်တစ်လမ်းမှ ပံ့ပိုးကူညီ ဒေါက်တိုင်ထောက်ပေးနေသူ၊ နိုင်ငံခြားဘာသာစကားနှင့် စာပေကို ကျွမ်းကျင်စွာ တတ်ကြွမ်းရုံမျှမက ယင်းကမ္ဘာသုံးစကားဖြင့်ပင် တရားစစ်တရားမှန် ရှာဖွေနေသူတို့အား ဗုဒ္ဓသာသနာတော်အတွင်း သွတ်သွင်းစည်းရုံးဟောပြောနိုင်သည့် ထူးခြားသော သာသနာ့အာဇာနည်တစ်ပါးပင် -

သီကဂူဆရာတော် နာမည်မကျော်မီက သပိတ်အိုင်ဆရာတော်အနေဖြင့်လည်း အများသိကြသည်။ သိကြပုံမှာ ဆရာတော်အနေဖြင့် အနီးစခန်းဆရာတော်ဘုရားကြီးထံတွင် နှစ်နှစ်တိုင်တိုင် အင်္ဂလိပ်ဘာသာစကားဖြင့် ဗုဒ္ဓဘာသာတရား ဟောပြောနိုင်ခြင်းနှင့်အတူ ဝိသုဒ္ဓိမဂ်ကျမ်းကြီးကို သင်ယူမိသည့်အကြောင်းကလည်း မြစ်ဖျားခံသည်။

ဝိသုဒ္ဓိမဂ်အဌကထာတွင် ပါရှိသည်က -

"ရဟန်းတို့သည် လူသူတို့နှင့် ရောပြွမ်းမနေအပ်ဘဲ မြို့ရွာနှင့် ကင်းကွာ-အစွန်အဖျားကျသော တောကျောင်း၌သာ မွေ့လျော်ခြင်းကို ဘုရားရှင် နှစ်သက်တော်မူ၏။ ယင်းသို့ တစ်ပါးတည်း တောရကျောင်းဆောက်တည်သီတင်းသုံးနေသော ရဟန်းသည် နတ်ပြဟ္မာတို့ပင်မရနိုင်သော စည်းစိမ်ချမ်းသာကို ရရှိနိုင်ပါသည်"ဟု ညွှန်းဆိုထားသည့်အတွက်

ထို့ကြောင့်လည်း ၁၉၇၂ ခုနှစ် သက်တော် ၃၅ နှစ်တွင် ကေစာတစ်ပါးတည်း ကျင့်သုံးနိုင်ရန် မွန်တို့ဌာနီရာမညာ-သာစွစုံညီ သထုံပြည်အနီး ပေါင်မြို့နယ်(ကျုံက)ရွာနှင့် အတော်အတန် အလှမ်းဝေးသေးသည့် မူလသပိတ်အိုင်ဆရာတော်ကြီး သီတင်းသုံးခဲ့ရာ သပိတ်အိုင်တောရ နေရာကို အာရာမ်ကျောင်းအဖြစ် ရွေးချယ်လိုက်သည်။ သပိတ်အိုင်ဆိုသည့်အတိုင်းပင် သီတင်းသုံးရာကျောင်းအနီး စမ်းရေအိုင်ကြီးကား ဘုန်းကြီးများ ဆွမ်းခံသပိတ်ကြီးပမာ -

"သူတော်ကောင်းတွေမှ-ကိန်းအောင်းမွေ့လျော်ကြတဲ့ စံတောမြိုင်ယံ"ဆိုသည့်တေးများအတိုင်း ဆရာတော် သီတင်းသုံးခဲ့ရာ နေရာကား တိတ်ဆိတ်အေးချမ်းပြီး လူသူအရောက် အပေါက်ကင်းမဲ့လှသည်။ ညမိုးချုပ် မှောင်ရီသန်းလာပြီဆိုလျှင် တောရိုင်းတိရစ္ဆာန်တို့၏ အသံတွေက ဆူညံ၍မဆုံး လူကို အန္တရာယ်အများဆုံးပေးတတ်သည့် မြွေမျိုးစုံကလည်း ပေါပါ၏။ တစ်ခါတစ်ရံ တောပုန်းလူဆိုးဓားပြတို့လည်း ခိုအောင်းတတ်သည့်နေရာ။ သို့သော် မေတ္တာတရားကို လက်ကိုင်ပြုထားသော ဆရာတော်အား မည်သည့်အရာကမျှ အန္တရာယ်မပြုနိုင်၊

သစ်ဝါးမည်းမှောင် တောခေါင်ခေါင်တွင် မေတ္တာတရားရှေ့ရှုထား၍ သတ္တဝါများကို ချစ်သနားပိုက ပဌာန်းနေ့စဉ်ရွတ်ခဲ့သော ကျေးဇူးကား ထူးခြားပါပေစွ-ဆရာတော်ဖြစ်စေလိုသော စိတ်ဆန္ဒအကြံတို့သည် အောင်မြင်ပြည့်စုံသည် ချည်းပင်။ ထိုသပိတ်အိုင်တွင်ပင် လေးနှစ်ကြာညောင်းခဲ့ပါသည်။

သမ္မာဒေဝနတ်ကောင်းနတ်မြတ်နှင့် တောတွင်းရက္ခစိုးတို့ကလည်း မေတ္တာဝေသူကို တစ်ဖန်ပြန်လည်မေတ္တာထား အကျိုးပြုကာ စောင့်ရှောက်ကြရိုး အမှန်ဖြစ်သည်။ ဆရာတော်ကြီး ဟောပြဆုံးမသော တရားစကားများထဲတွင် -

လူဖြစ်လာလျှင် စည်းကမ်းမဲ့ ပြုမူပြောဆိုနေထိုင်ရာမှ စည်းကမ်းရှိစွာ ပြောဆိုပြုမူနေထိုင်နိုင်ရန်။

ညစ်ညမ်းယုတ်မာ သိမ်ဖျင်းသည့်စိတ်ထားကို ပယ်ဖျက်၍ ဖြူစင်သန့်ရှင်းသော စိတ်ဓာတ်ကို မွေးမြူရန်။

မောဟတရားများ ဖုံးလွှမ်းနေရာမှ အလင်းမြင်ပညာရှင်ဘဝသို့ရောက်အောင် ကြိုးစားကြရန် အချက်များသည် အဓိကပါဝင်သည်။ ဤသုံးချက်ကို ပြည့်ဝစွာ လိုက်နာကျင့်သုံးနိုင်သူဆိုပါက လူဖြစ်ရကျိုး နပ်လေပြီ။

**မောင်ကျော်ဆွေ(သီရိမင်္ဂလာသီတဂူ)**



www.burmeseclassic.com

www.burmeseclassic.com

# အဘသျှင် (ခေါ်) စကျူပါလရှသေ့ကြီး ၏ ထူးခြားဖြစ်စဉ်

ကျော်စံလင်း

ရန်ကုန်မြို့ အောင်မင်္ဂလာအဝေးပြေး မော်တော်ယာဉ်စခန်းမှ စတင်၍ ထွက်ခွာလာသော အဝေးပြေး အအေးခန်းကားကြီးသည် ညီညာဖြောင့်ဖြူးသော ရန်ကုန်-မန္တလေးလမ်းမကြီးပေါ်တွင် ခရီးသည်အပြည့်တင်ဆောင်ကာ သုဓာတာဝန်ဝတ္တရားအတိုင်း ပုံမှန်မောင်းနှင်လျက်ရှိသည်။ ထိုခရီးရှည်ကြီးကို ကျွန်ုပ်သည် တစ်ညလုံး စီးနင်းလိုက်ပါလာခဲ့သည်။ ညအချိန်ဖြစ်သောကြောင့်လည်း ပတ်ဝန်းကျင်အလှအပရှုခင်းများကို မမြင်မတွေ့ရ။ ခရီးလမ်းအတွင်း ခေတ္တရပ်နားရာ စခန်းတစ်ခုဖြစ်သော ၁၁၅ မိုင်တွင် အဆာပြေအဖြစ်လက်ဖက်ရည်တစ်ခွက်နှင့် ပေါင်မုန့်တစ်ခုသာစားပြီး ကျန်းမာရေးအတွက် အညောင်းအညာပြေ လမ်းလျှောက်၊ ကိုယ်လက်သန့်စင်ပြီး ကားကြီးပေါ်သို့ ပြန်တက်ခဲ့သည်။ ဤသို့ဖြင့် မြို့ကြီးမြို့ငယ်အသွယ်သွယ်ကို ဖြတ်ကျော်လွန်မြောက်လာသော်လည်း ခေတ္တအိပ်ပျော်သွားမိ၍ မည်သည့်မြို့ကို မည်သည့်အချိန်က ကျော်ဖြတ်လွတ်မြောက်ခဲ့သည်ကို မသိရှိနိုင်ခဲ့ပေ။

"မကြာမီ ပျဉ်းမနားမြို့ကို မော်တော်ယာဉ်ဆိုက်ရောက်တော့မည်ဖြစ်ပါတယ်ရှင်။ ပျဉ်းမနားမြို့မှာ ဆင်းကြသည့် ခရီးသည်များ အဆင်သင့် ပြင်ဆင်ထားကြစေလိုပါတယ်ရှင်"ဟူသော မော်တော်ယဉ် ညွှန်ကြားအမျိုးသမီးငယ်၏ သာယာလှ သောအသံကြောင့် အိပ်ပျော်ရာမှနိုးလာခဲ့သည်။ နာရီကိုကြည့် လိုက်သောအခါ နံနက် ၆ နာရီအချိန်သို့ပင်ရောက်ရှိနေလေပြီ။

ပျဉ်းမနားမြို့တွင် ခရီးသည်အချို့ ဆင်းသွားကြပြီး မော်တော်ယာဉ်ကြီးသည် မြောက်ဘက်စူးစူးသို့ ဦးတည်ကာ ဆက်လက်ထွက်ခွာသည်။ စာရေးသူသည် မိမိဆင်းရမည့်နေရာဖြစ်သော "တံတားဖြူ"ဟုခေါ်သော နေရာတွင် ဆင်းနိုင်ရန်အတွက် ပစ္စည်းများကိုပြင်ဆင်၍ ပြီးချိန်တွင် ညွှန်ကြားအမျိုးသမီးငယ်၏ -

"တံတားဖြူကို မကြာမီ ရောက်ရှိပါတော့မယ်။ တံတားဖြူမှာဆင်းဖို့ စာရင်းပေးထားသောခရီးသည်တစ်ဦးရှိပါတယ်။ အဆင်သင့် ပြင်ဆင်ထားစေလိုပါတယ်ရှင်"ဟူသော အသံကလည်း စပီကာမှတစ်ဆင့် ပေါ်ထွက်လာသည်။

ဤသို့ဖြင့် တံတားဖြူသို့ ရောက်ရှိခဲ့ပြီး ကားပေါ်မှဆင်းခဲ့သည်။ တံတားဖြူလေးမှ အရှေ့ဘက်သို့ လှမ်းမျှော်ကြည့်လိုက်သော် တောင်ခိုးဝေဝေ မြူခြေဆိုင်းဆိုင်း ညို့ညို့မှိုင်းနေသော တောင်ကြီးတစ်လုံးကို မြင်တွေ့လိုက်ရသည်။ ထိုတောင်ကြီးသည်ကား အောက်ခြေတွင် မြူနှင်းများ၊ အလယ်တွင် စိမ်းစိုနေသော သစ်ပင်ကြီးမား၊ အထက်တွင် ဖွေးဖွေးဖြူနေသော တိမ်လွှာများဖြင့် သဘာဝအလှအပကိုဆောင်နေသော အရှေ့ရိုးမခေါ် ရှမ်းရိုးမတောင်ကြီးပင်ဖြစ်ပေတော့သည်။

www.burmeseclassic.com



အဘသျှင် (ခေါ်) စကျွပါလရသေ့ကြီး

## နမောပြန် စိတြစေတီတော်

ထိုရှမ်းရိုးမတောင်တန်းကြီး၏ တောင်စွယ်တစ်ခုထိပ်တွင် မြူနှင်းများဖြင့် ရင်သိုင်းလျက်ရှိပြီး ခေတ္တပေါ်လိုက်၊ ပျောက်သွားလိုက်နှင့် အဝေးမှ ခပ်ရေးရေးဖူးတွေ့နေရသော စေတည်တော်တစ်ဆူ၊ ထိုစေတီတော်သည် ကျွန်ုပ်သွားရောက်ဖူးမြော်လိုသော "စိတြစေတီတော်"ဖြစ်၍ ခရီးလမ်းတွင်ပင် ပန်းလာခဲ့ရသမျှ ကွယ်ပျောက်ပြီး ငြိမ်းချမ်းအေးမြမှု၊ ကြည်နူးဝမ်းမြောက်မှုတို့နှင့်အတူ လာရောက်ထိတွေ့ နှုတ်ဆက်သော သဘာဝလေနုအေးကလေးနှင့် ထိတွေ့ခံစားလိုက်ရသောကြောင့် စိတ်များလည်း လန်းဆန်းလာခဲ့ရလေသည်။

"စိတြစေတီတော်သည် မြန်မာသက္ကရာဇ် ၁၃၃၆ ခုနှစ်၊ နယုန်လဆန်း ၃ ရက်နေ့မှစတင်၍ "စကျွပါလရှင်ရသေ့ကြီး"ဦးဆောင်မှုဖြင့် အထက်အောက် မြန်မာပြည်အသီးသီးရှိ သားတပည့်များမှ ဦးဆောင်၍ ခုနစ်နေ့သားသမီးများ အများကောင်းမှုဖြင့် ပေါင်းစု၍ တည်ထားခဲ့သော စေတီတော်ဖြစ်ကြောင်း သိရှိခဲ့ရသည့် စေတီဓာတ်တည်စဉ်အချိန်က စကျွပါလရှင်ရသေ့ကြီး၏တပည့်ရင်းများတို့သည် မိမိတို့အမည်ပါ ဆိုင်းဘုတ်ကြီးများထောင်ကာ ကိုယ့်အစုနှင့်ကိုယ် လုပ်အားဒါနပေးလှူခဲ့ကြသည်။ ကျောက်ပန်းတောင်းမြို့ တမ္ပဝတီရပ်မှ ဦးတင်မြင့်က "ဦးတင်မြင့် ကျောက်ပန်းတောင်း"ဟူသော ဆိုင်းဘုတ်ကြီးထောင်ကာ လုပ်အားကုသိုလ်ယူသကဲ့သို့ ရသေ့ကြီး တပည့်ရင်းဦးလှသွင်ကလည်း "ဦးလှသွင်-ရန်ကုန်"ဟူသော ဆိုင်းဘုတ်ကြီးအောက်တွင် ရန်ကုန်မှ မိတ်ဆွေအပေါင်းအသင်း ပဋ္ဌာန်းဆက်ပါသူများနှင့် လုပ်အားဒါနကုသိုလ်ယူခဲ့ကြလေသည်။

ထိုစေတီတော်ကြီးအား ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့ ကိုးကွယ်သမှုပြုနိုင်ရန် စကျွပါလရှင်ရသေ့ကြီးက ၎င်း၏ဆရာရင်းဖြစ်သော အထက် ဂန္ဓာရီပုဂ္ဂိုလ်ထူး "မွေ့ဝိဇ္ဇာကြီးပညာဗလ"ထံမှ အဒိန့်တောင်းခံ၍ တည်ထားခဲ့ခြင်းဖြစ်ပေသည်။

၎င်းစေတီတော်တွင် "နမောပြန်ဂုဏ်တော်"အက္ခရာများခတ်နှိပ်၍ နမောပြန်ပုံတော်အတိုင်း တည်ထားခဲ့ခြင်းဖြစ်



www.burmeseclassic.com

www.burmeseclassic.com

ကြောင်း သိရှိရသည်။ (စိတြစေတီတော်၏ နမောပြန့်ပုံတော်ကိုလည်း စာရှုသူ သူတော်စင်များအတွက် ပူးတွဲဖော်ပြပေးထားပါသည်။) မြတ်ဗုဒ္ဓ၏ ဂုဏ်တော်များကို အထက်အောက်လှည့်ပတ်ဝိုင်းလျက်ရှိနေသည့်အပြင် တနင်္ဂနွေထောင့်တွင် တံခွန်တိုင်တစ်ခုကို တွေ့ရှိနိုင်မည်ဖြစ်သည်။ တံခွန်တိုင်၏ ထိပ်ဖျားတွင် "ရဟန္တာပိဏ္ဍောလမထေရ်"က မြသပိတ်ကိုပိုက်ထားပြီး ရပ်တော်မူနေသောပုံတူရုပ်တုကို ထုလုပ်ထားပြီး တံခွန်တိုင်၏အောက်ဖက်တွင် ဒိဋ္ဌိတို့က မြေပြင်မှနေ၍ သပိတ်တော်ကို လုယူကြမည့်ဟန်ဖြင့် တံခွန်တိုင်ကြီးက ဖက်တက်နေကြပုံကို သရုပ်ဖော်ထားသော ရုပ်တုတို့ကို တွေ့မြင်နိုင်ပေသည်။

စာရေးသူသည် ပဋ္ဌာန်းဆက်ပါလေသောကြောင့် မရောက်ဖူးသေးသော ဤနေရာ ဤဒေသသို့ သွားရောက်လိုစိတ် ဖြစ်ပေါ်ခဲ့သည်။ တစ်ဖန် စကျွပါလ ရှင်ရသေ့ကြီး၏ တပည့်ရင်းတစ်ဦးဖြစ်ပြီး ရသေ့ကြီးထံတွင် ၁၀ နှစ်ကျော်ကြာမျှ အတူနေခဲ့သော စာရေးသူ၏မိတ်ဆွေ စာရေးဆရာကြီး မင်းလု-လုသွင်၏ လမ်းညွှန်ပြောပြမှုကြောင့် "စိတြစေတီတော်"အား ဖူးမြော်ကြည်ညိုခွင့် ရရှိခဲ့ခြင်းဖြစ်ပေသည်။

## စိတြစေတီတော်သို့ ခရီးလမ်း

စာရေးသူသည် စိတြစေတီတော်နှင့် စကျွပါလရှင်ရသေ့ကြီးအကြောင်းကို သိရှိရပြီးနောက် မရောက်ဖူး၊ မသွားဖူးသေးသော တောတောင်ဤဒေသကို ရောက်လိုသွားလိုသော စိတ်ဆန္ဒ၏လှုံ့ဆော်မှုကြောင့် အဖော်မပါ တစ်ယောက်တည်း ခရီးထွက်လာခဲ့သည်။ တံတားဖြူလေးမှ မြင်တွေ့နေရသော ရှမ်းရိုးမတောင်တန်းပေါ်ရှိ စိတြစေတီတော်ရှိရာကို မျှော်မှန်း၍ တစ်လှမ်းချင်း တစ်လှမ်းချင်း လှမ်း၍လာခဲ့ရာ တောင်ခြေတွင်ရှိသော "ကင်းသာရွာ"ကလေးသို့ ရောက်ရှိခဲ့သည်။ ထိုကင်းသာရွာကလေးသည် ဗုဒ္ဓမြတ်စွာဘုရား ဟသ်ာငှက်မင်းဘဝက ကျက်စားနေထိုင်ရာဒေသဖြစ်ကြောင်း အဆင့်ဆင့်ပြောစကား ကြားခဲ့ရသည်ဟု ဆရာကြီး မင်းလု-လုသွင်ပြောကြားခဲ့သော ရွာကလေးပင်ဖြစ်သည်။ ထိုမှ တစ်ဖန် ရွာဦးတွင် ကျောက်ဆင်းတုဗုဒ္ဓမြတ်စွာဘုရားပုံတော်ဖူးတွေ့နိုင်သော "ဟသ်ာရွာ"ထိုမှ တရွေ့ရွေ့လျှောက်လှမ်းခဲ့ရာ တစ်ထောင်ကျော်ခန့်ရှိသော ကျောက်ပြားကြီးများကို လှေကားထစ်စီကာခင်းထားသည့် စောင်းတန်းကြီးသို့ ရောက်ရှိခဲ့သည်။ ထိုကျောက်ပြားကြီးများကို အဘသျှု(ခ)စကျွပါလရှင်ရသေ့ကြီးနှင့် တပည့်များက ခင်းခဲ့ကြသည်ဟု သိရှိခဲ့ရသည်။

စောင်းတန်းကြီးမှ တဖြည်းဖြည်းတက်ခဲ့သော် စစ်ခံတောင်ကြောပေါ်သို့ ရောက်ခဲ့သည်။ ထိုစစ်ခံတောင်သည် ရှေးအခါက "ဓမ္မရာဇာ"အမည်ရှိသော မင်းသည် စစ်တိုက်ရာတွင် ခံစစ်အဖြစ် ဆုတ်ခွာလာခဲ့ပြီး ဤတောင်တန်းတွင် အခြေပြု၍ ခံစစ်ပြုလုပ်ခဲ့ခြင်းကြောင့် "စစ်ခံတောင်"အမည်တွင်ခဲ့သည်။ ထို့နောက် ဘုရားအလောင်းဟသ်ာမင်း ကျက်စားရာ "ဂူတောင်"ဟသ်ာငှက်မင်း အမွေးခါရာ "မွေးခါ"တောင်ကြီးသို့ ရောက်ရှိခဲ့သည်။ ထူးခြားလှသည်မှာ ထိုတောင်တွင် မည်သည့်နေရာတွင်မဆို "တောင်ငွေးခါး"ပင်များ ထူထပ်စွာ ပေါက်ရောက်နေသည်ကို တွေ့ကြရသည်။

ဤမွေးခါတောင်ကြီးကို ဖြတ်ကျော်ပြီးသောအခါ ဆေးဖက်ဝင်အပင်များဖြစ်သော အလွန်ရှားပါး အဖိုးတန်လှသည့် နန်းခွေယိုင်မြစ်၊ ဆေးနီကျော်မြစ်၊ တောင်လုံးကျော်မြစ်တို့ ရရှိနိုင်သော ဆေးပင်များနှင့် အခြားဆေး ပင်မျိုးစုံတို့ ပေါက်ရောက်ပြီး သစ်တော၊ သစ်ပင်ထူထပ်စွာ ပေါက်ရောက်လျက် ကြည်လင်အေးမြသော စိမ့်စမ်းအသွယ်သွယ် ပေါ်များကြွယ်လှသည်။ "ရွှေကြက်တောင်"သို့ ရောက်ရှိခဲ့လေသည်။

ဤခရီးလမ်းသည် ယာဉ်ရထားတို့ကို မဆိုထားဘိလှည်းလမ်းပင်မရှိသော ခရီးလမ်းဖြစ်သည်။ လူတစ်ယောက်သွားသာရုံ ခြေလျင်လမ်းကလေးသာရှိသည်။ လူသူအသွားအလာ အရောက်အပေါက်နည်းလှသဖြင့် အချို့နေရာများတွင် လမ်းပျောက်၍နေလေသည်။ အနိမ့်အမြင့် တောင်ကြားချုံနွယ် အသွယ်သွယ်တို့ကို ဖယ်ရှားကာ ခက်ခက်ခဲခဲ တက်ခဲ့ရသည်။ အဆိုပါလမ်းကြောင်းတစ်လျှောက်တွင် ရှေးခေတ်က မင်း၊ မိဖုရား၊ မှူးမတ်၊ စစ်သည်တို့၏ ပျက်စီးနေသော ရုပ်တုများကို တွေ့မြင်ခဲ့ရသည်။

ဤတောင်ကို "ရွှေကြက်တောင်"ဟု ခေါ်ဆိုရခြင်း



www.burmeseclassic.com

www.burmeseclassic.com

မှာ ဘုရားအလောင်း ဟသ်ာင်္ကက်မင်း ခိုနားနေထိုင်ရာ တောင်မကြီး ဖြစ်သောကြောင့်ဟု ပြောဆိုကြသည်။ ထိုတောင်မှ အရှေ့ရှမ်းရိုးမတောင်တန်းကြီး၏ တောင်စွယ်အလယ်ကို ကျော်ဖြတ်၍ အရှေ့ဘက် နိမ့်ဆင်းသွားခဲ့လျှင် ပေါင်းလောင်းမြစ်ကို တွေ့မြင်နိုင်သည်။ ဤပေါင်းလောင်းမြစ်သည် ရှမ်းပြည်နယ် ပင်လောင်းဒေသမှ မြစ်ဖျားခံပြီး စီးဆင်းလာခဲ့ခြင်းဖြစ်သည်။ ဗုဒ္ဓဘာသာကိုးကွယ်သူ ရှမ်းတောင်သူများနေထိုင်ရာ နယ်စပ်ဖြစ်သောကြောင့် ရွှေကြက်တောင်ပေါ်တွင် ရှမ်းအမျိုးသား၊ အမျိုးသမီးများကို တွေ့ရတတ်သည်။

## ဓမ္မဝိဇ္ဇာပညာဗလ အမတ်ကြီး

ဓမ္မရာဇာမင်းကြီးသည် ဤတောင်တန်းဒေသတွင် ခံစစ်ပြု၍ မိဖုရား၊ မောင်းမမိဿံသန်ချွေရံသင်းပင်း၊ မှူးကြီးမတ်ကြီး၊ စစ်သူကြီး၊ စစ်သားများနှင့် အတူနေထိုင်ခဲ့ရာ ပညာရှိအမတ်ကြီးများထဲတွင် "ပညာဗလ"ဟု အမည်ရှိသော အမတ်ကြီးတစ်ဦးလည်း ပါဝင်ခဲ့သည်။ ထိုနေရာသို့ ရောက်ရှိနေထိုင်ကြသောအခါ အမတ်ကြီး ပညာဗလသည် မူလကပင် လောကီအလုပ်များထက် လောကုတ္တရာဖြစ်သော နိဗ္ဗာန်ရောက်ကြောင်းတရားတော်မြတ်ကို ကျင့်ကြံအားထုတ်လိုစိတ်ရှိသူ ဖြစ်သည်။ ရွှေကြက်တောင်တော်၏ တောတောင်ရေမြေသဘာဝသည် တိတ်ဆိတ်အေးချမ်းပြီး စိတ်ငြိမ်ရာဒေသဖြစ်သောကြောင့် လောကုတ္တရာအကျင့်မြတ်ကို စိတ်ကိုင်းညွတ်စွာ ကျင့်ကြံအားထုတ်ခဲ့ရာ ဝိဇ္ဇာရှစ်သောင်း မျိုးတော်ပေါင်းတို့တွင် "ဓမ္မဝိဇ္ဇာ ဖြစ်ကာ ထွက်ရပ်ပေါက်ရောက်သွားခဲ့ပေသည်။ ဝိဇ္ဇာများတို့တွင် အင်းဝိဇ္ဇာ၊ ဆေးဝိဇ္ဇာ၊ ပြဒါးဝိဇ္ဇာ စသည်ဖြင့် အသီးသီးရှိကြရာ ဓမ္မဝိဇ္ဇာသည် ပို၍ အဆင့်မြင့်သည်ဟု ပြောကြားကြသည်။

ဤကဲ့သို့ ကျင့်ကြံအားထုတ်၍ ဓမ္မဝိဇ္ဇာအဖြစ် ထွက်ရပ်ပေါက်သွားသော ပညာဗလအမတ်ကြီး၏ ရုပ်ပုံတော်နှင့် ခြေရာကြီးသည် ကျောက်တောင်ကျောက်ကမ်းပါးတွင် ယနေ့တိုင် ထင်ရှားရှိလျက် ဖြစ်ပေသည်။

## စက္ကုပါလရသေ့ကြီး ကျော်ကြားလာ

နောင်အခါတွင် စက္ကုပါလရသေ့ကြီးဟု ထင်ရှားကျော်ကြားလာမည့် အဘသျှုသည် နေပြည်တော်အနီးရှိ (တပ်ကုန်းမြို့တွင်) အိမ်ယာတည်ထောင်၍ နေထိုင်ခဲ့သည်။ လောကီအရေးထက် လောကုတ္တရာအရေးကိုသာ ဦးစားပေးလိုသော အဘသျှုသည် ဘုန်းတော်ကြီးကျောင်းသို့ သွားရောက်၍ ဥပုသ်စောင့်ခြင်း၊ တရားထိုင်ခြင်း၊ ပုတီးစိပ်ခြင်းတို့ဖြင့်သာ အချိန်ကုန်စေခဲ့သည်။ ထို့နောက်တွင် ရွှေကြက်တောင်သို့ ရောက်ရှိခဲ့ပြီး တရားအားထုတ်နေထိုင်လေတော့သည်။ ဓမ္မဝိဇ္ဇာပုဂ္ဂိုလ်ထူး ပညာဗလ၏ တပည့်အဖြစ်ခံယူ၍ ကျင့်ကြံအားထုတ်ခဲ့သည်။ ပုပ္ပားတောင်ကလပ်သို့လည်း မကြာခဏ သွားရောက်အားထုတ် အဓိဋ္ဌာန်ဝင်လေ့ရှိသည်။ အချိန်ကာလ ကြာညောင်းလာသည်နှင့်အမျှ တပည့်တပန်းများလည်း ပေါများလာလေတော့သည်။

## ထူးခြားထိပ်ခေါင် ရွှေကြက်တောင်

စိတြစေတီတော်တည်ထားကိုးကွယ်သည့် ရှမ်းရိုးမတောင်တော်ပေါ်သို့ မန္တလေး၊ စစ်ကိုင်း၊ ပန်းအိုင်၊ ကျောက်ပန်းတောင်း၊ ပုဂံ၊ ညောင်ဦး၊ ရန်ကုန် အစရှိသော မြန်မာပြည်အနှံ့အပြားမှ တပည့်များ လာရောက်အဓိဋ္ဌာန်ဝင်လေ့ရှိကြသည်။ ထိုသူများထဲတွင် စာရေးသူ၏မိတ်ဆွေ စာရေးဆရာကြီး မင်းလု-လုသွင်လည်း တစ်ဦးအပါအဝင်ဖြစ်ခဲ့လေသည်။ ဆရာကြီး မင်းလု-လုသွင်သည် အဘသျှုန် (ခ) စက္ကုပါလရှင်ရသေ့ကြီး၏ တပည့်ရင်းတစ်ဦးအဖြစ် ၁၀ နှစ်ကျော်ကြာမျှ အတူနေခဲ့သူဖြစ်ပေသည်။

တစ်နေ့တွင် စက္ကုပါလရှင်ရသေ့ကြီးသည် တပည့်အပေါင်းတို့အား ခေါ်ယူ၍ -

"တပည့်အပေါင်းတို့...ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့ ကိုးကွယ်သမှုပြုနိုင်ရန် ဤရှမ်းရိုးမတောင်တန်းကြီးပေါ်တွင် 'စိတြစေတီတော်'တည်ရန် ကျွန်ုပ်၏ အထက်ပုဂ္ဂိုလ်ထူး ဓမ္မဝိဇ္ဇာကြီး ပညာဗလမှ အမိန့်ချမှတ်ခဲ့လေပြီ။ တပည့်အပေါင်းတို့ ကြိုးပမ်းဆောင်ရွက်ကြပါကုန်လော့"ဟု



www.burmeseclassic.com

www.burmeseclassic.com

ိန့်ကြားခဲ့လေသည်။

ထို့ကြောင့်လည်း မြန်မာပြည်အနှံ့အပြားရှိ တပည့်အပေါင်းတို့သည် စက္ကူပါလရှင်ရသေ့ကြီး ဦးဆောင်မှုဖြင့် တပည့်သားမြေးအပေါင်းတို့က စုဆောင်းစုပေါင်းဒါနပြုခဲ့ကြသည့် လုပ်အားဒါန၊ ငွေအားဒါနတို့ ပေးလှူခဲ့ကြသည်။ တစ်နေ့တွင် လုပ်အားဒါန ပြုလုပ်နေသူတစ်ဦးမှ ထူးဆန်းအံ့သြဖွယ်ရာ အချင်းအရာတစ်ခုကို တွေ့မြင်လိုက်သဖြင့်

"ဟား...ဟား...ဟိုမှာကြည့်စမ်းပါဦး။ မြွေပါ တစ်ကောင်ကို ကြွက်တစ်ကောင်က လိုက်ကိုက်နေတာ မြွေပါ သည်းထွက်ပြေးတာ တန်းနေတာပဲ"

ဟု အော်ပြောလိုက်ပြီး လက်ညှိုးထိုးညွှန်ပြနေသဖြင့် အားလုံးက ကြည့်လိုက်ရာ မြွေပါတစ်ကောင်ကို ကြွက်တစ်ကောင်က လိုက်ကိုက်နေသော အံ့သြဖွယ်ဖြစ်ရပ်ကို တွေ့မြင်လိုက်ကြသည်။

ထိုအကြောင်းကို စက္ကူပါလရသေ့ကြီးအား လျှောက်ထားရာ -

"အင်း...ကောင်းတဲ့ အတိတ်နိမိတ်ပဲ။ ဒီတောင်ပေါ်မှာ အင်အားကြီးတဲ့သူက အင်အားငယ်တဲ့သူကို မနှောင့်ယှက်နိုင်ဘူး။ ဆိုးသွမ်းတဲ့သူတွေကို တောစောင့်နတ် တောင်စောင့်နတ်များကလည်း ဆိုးသွမ်းသူများကို အလိုမရှိကြောင်းပြသတဲ့နိမိတ်ပဲ"

ဟု မိန့်ကြားခဲ့လေသည်။ ဤသို့ဖြင့် လုပ်အားဒါနပြုသူများမှာ တစ်တောဝင် တစ်တောင်တက်၍ ပင်ပင်ပန်းပန်း လာခဲ့ကြပြီး မိမိတို့မြို့အမည်ရေးထားသော ဆိုင်းဘုတ်များအောက်တွင် စုဝေးကြပြီး တပျော်တပါး စေတီတည်ခြင်းလုပ်အားဒါနပြုလျက် ရှိကြလေသည်။

## ပရလောကမှ ဌာပနာပစ္စည်း

စေတီတော်တည်နေကြစဉ် တစ်နေ့သောအခါ စက္ကူပါလ ရှင်ရသေ့ကြီးသည် တပည့်ဖြစ်သူ ဦးလှသွင်အားခေါ်၍ "ဒကာကြီး ကျုပ်နဲ့အတူ လိုက်ခဲ့ပါဦး"ဟု ပြောဆိုကာ အရှေ့ရိုးမ "နောင်ခ" ရွာအနီးရှိ စမ်းချောင်းကလေးရှိရာသို့ အတူသွားကြသည်။ ထိုနေရာသို့ ရောက်သောအခါ စက္ကူပါလရှင်ရသေ့ကြီးသည် ဟိုဟို ဒီဒီ ရှာဖွေရာ စမ်းချောင်းအနီး သစ်ငုတ်တိုတစ်ခုပေါ်တွင် အထုပ်တစ်ထုပ်ကို တွေ့ရှိရသည်။ တပည့်ဖြစ်သူအား ထိုအထုပ်ကို ဖွင့်ကြည့်စေရာ အထဲတွင် အဖိုးထိုက်လှသော ရွှေငွေရတနာ လက်ဝတ်ပစ္စည်းများကို တွေ့ရှိရလေသည်။ ထိုအခါ တပည့်ဖြစ်သူက အကျိုးအကြောင်းသိလို၍ မေးလျှောက်ရာ -

"ကျုပ်ကို ညက အိပ်မက်ပေးတယ်။ အိပ်မက်ပေးတဲ့ပုဂ္ဂိုလ်ကတော့ ဓမ္မရာဇာမင်းကြီးရဲ့ မိဖုရားကြီး။ သူက ရသေ့တောင်မှ မကျွတ်မလွတ်သေးဘူးလို့ ပြောတယ်။ သူ့ရဲ့ မိဖုရားဘဝက အသုံးအဆောင် လက်ဝတ်ရတနာတွေကို ရှင်ရသေ့ကြီး အခုတည်နေတဲ့ စိတြစေတီတော်မှာ ဌာပနာ အဖြစ် ထည့်သွင်းပေးပါ။ နောင်ခရွာဘေးက စမ်းချောင်းနားမှာ ပစ္စည်းထုပ်ကိုထားပေးပါ့မယ်။ ရှင်ရသေ့ကြီး နံနက်စောစော လာရောက်ယူဆောင်ပါဆိုလို့ တပည့်ကြီးကိုခေါ်ပြီး လာယူရတာပေါ့"

ဟု ဖြေကြားခဲ့သည်။ ထို့နောက် ထိုပစ္စည်းထုပ်ကို ဘုရားတည်နေသော နေရာအနီးရှိ တဲတစ်ခုအတွင်းရှိ သစ်သားသေတ္တာတစ်လုံးထဲတွင် ထည့်ထားလိုက်သည်။ ထိုသေတ္တာမှာ သော့ခတ်မထားသော သေတ္တာဖြစ်သည်။ စိတြစေတီတည်ဆောက်ရေးတွင် အနီးပတ်ဝန်းကျင်ရွာများဖြစ်သော ဆင်သေရွာ၊ ဆယ်ဒိတ်ရွာ အစရှိသော ရွာများမှလည်း ရွာသူရွာသားများက လုပ်အားပေးလာရောက်ကြသည်။

ဤသို့ဖြင့် ရက်အတန်ကြာသောအခါ ထိုပစ္စည်းထုပ်ကို သတိရ၍ စက္ကူပါလရှင်ရသေ့ကြီးမှ သေတ္တာကိုဖွင့်၍ ကြည့်သောအခါ ပစ္စည်းထုပ်ကို ရှာမတွေ့၊ မည်သူယူဆောင်သွားသည်ကိုလည်းမသိ၊ အဖိုးတန်ပစ္စည်း ဘုရားဌာပနာထည့်ရန် ရွှေထည်ပစ္စည်းများကား ပျောက်ချင်းမလှ ပျောက်ဆုံးသွားခဲ့ရလေပြီ။

ဤသို့ဖြင့် ဉာဏ်တော်ကိုးတောင်ပြည့် စိတြစေတီတော်မြတ်သည်လည်း ပြီးစီးလုနီး အခြေအနေသို့ ရောက်ရှိခဲ့လေပြီ။ ဌာပနာထည့်ရန် ပရလောကမှ ဓမ္မရာဇာမင်းကြီး၏ မိဖုရားကြီးမှ လာရောက်ပေးထားသော နန်းတွင်းရွှေငွေပစ္စည်း



www.burmeseclassic.com

www.burmeseclassic.com

ထုပ် ပျောက်ဆုံးသွားကြောင်းကိုလည်း အများသိရှိကြပြီးဖြစ်လေပြီ။ ထိုပစ္စည်းများကို ယူဆောင်သွားသူသည် သူ၏ရွာတွင် ကျွဲနွားများဝယ်ယူပြီး စီးပွားဖြစ်နေသည်။ ထို့ကြောင့် ရွာသူရွာသားများက နေ့ချင်းညချင်း ချမ်းသာလာသောသူကို မယုံကြည်သောမျက်စိများဖြင့် လေ့လာအကဲခတ်လျက်ရှိကြသည်။ စီးပွားဥစ္စာတိုးတက်လာသော်လည်း ထိုသူမှာ ကျန်းမာရေး တစ်နေ့တခြား ဆုတ်ယုတ်လာခဲ့သည်။ တစ်နေ့တွင် လုံးဝသတိမရ မေ့မြောသွားခဲ့သည်။ တစ်ရက်မဟုတ်၊ နှစ်ရက်မဟုတ် ရက်အတန်ကြာအောင် မေ့မျောနေသည်။ ထို့ကြောင့် ရွာသူရွာသားများက ဘုရားပစ္စည်းယူလာမိသောကြောင့် ထိုသို့ဖြစ်ရသည်ဟု အချင်းချင်း တီးတိုးစကားပြောဆိုကြသည်။ မိသားစုများကလည်း ထိုစကားကိုကြားသဖြင့် စုံစမ်းကြရာ မှန်ကန်နေကြောင်း၊ ဘုရားဌာပနာထားမည့် ရွှေထုပ်ကိုယူလာ၍ အချို့ကို ထုခွဲရောင်းချစီးပွားဖြစ်ခဲ့ကြောင်း သိရှိလာရသည်။

ထို့ကြောင့် မိသားစုဝင်များသည် စကျွပါရ ရှင်ရသေ့ကြီးရှိရာ ရှမ်းရိုးမတောင်ပေါ်သို့ လာရောက်၍ အကျိုးအကြောင်းကိုပြောပြပြီး တောင်းပန်လျှောက်ထားကြလေရာ ရှင်ရသေ့ကြီးက -

"ဒါ ဘုရားမှာ ဌာပနာဖို့ ပရလောကသားမိဖုရားကြီးက လှူထားတဲ့ဘုရားပစ္စည်း။ ဒါကို ခိုးယူခဲ့လို့ မကျေမနပ်ဖြစ်ပြီး လုပ်ထားတာဖြစ်လိမ့်မယ်။ ဘုရားပစ္စည်းဆိုတာ အင်မတန်ကြောက်ဖို့ကောင်းတယ်။ ကာယကံမြောက် ခိုးယူဖို့မဆိုထားနဲ့ စိတ်နဲ့တောင် မပြစ်မှားသင့်ဘူး။ ကံကြီးငါးပါး ထိုက်တတ်တယ်"

ဟု ပြောဆိုဆုံးမပြီး လူနာရှိရာရွာသို့ လိုက်လာခဲ့သည်။ မိသားစုဝင်များကလည်း ထိုသူခိုးယူလာသော ရတနာပစ္စည်းများကို ပြန်လည်ရှာဖွေစုဆောင်းပြီး ရသေ့ကြီးထံအပ်နှံခဲ့သည်။ ထိုသူ၏ အများအတွက်လည်း သက်ဆိုင်သူများကို ခွင့်လွှတ်ပေးပါရန် အကြိမ်ကြိမ် တောင်းပန်ပြောဆိုခဲ့ကြလေသည်။

စကျွပါလရှင်ရသေ့ကြီးသည်လည်း သတ္တဝါတစ်ခု၏အသက်ကို ကယ်တင်လိုသော စိတ်စေတနာကောင်းဖြင့် ပရလောကသား ပစ္စည်းရှင်မိဖုရားကြီးကို ခွင့်လွှတ်ပေးပါရန် တောင်းပန်ပြောဆိုပေးပြီး မေတ္တာရေစင် ပက်ဖျန်းပေးလိုက်ရာ မေ့မျောနေသူသည် ချက်ချင်းသတိရပြီး ထထိုင်လေတော့သည်။ သူ၏အများအတွက်လည်း တောင်းပန်ပြောဆိုပြီး တရားဘာဝနာကျင့်ကြံအားထုတ်သော သူတော်ကောင်းဘဝဖြင့် တစ်သက်လုံး နေထိုင်သွားလေတော့သည်။

စိတြစေတီတော်၏ ရပဟုထောင့်တွင် "ရှမ်းမောင်နှမ" နန်းဆောင်ရှိသည်ကို တွေ့ရသည်။ ဤတောင်တော်ကို ရှမ်းမောင်နှမက စောင့်ရှောက်နေကြကြောင်း စကျွပါလရှင်ရသေ့ကြီးက ပြောကြားခဲ့သည်။ ထိုတောင်ပေါ်တွင် အမျိုးသားနှင့် အမျိုးသမီးတို့သည် မောင်နှမအရင်းပင် ဖြစ်လင့်ကစား ခြေတို့၊ လက်တို့စကားပြော၍မရ၊ ရှမ်းမောင်နှမက မကြိုက်ဟု ဆိုကြသည်။

ရွှေကြက်တောင်တော်တွင် အဖိုးတန်ဆေးပင်များ ပေါက်ရောက်သဖြင့် စကျွပါလရသေ့ကြီး၏ ဂမုန်းတစ်ထောင်ဖြင့် ဖော်စပ်သော "ဆုလိကာ"ဆေးသည် အလွန်အစွမ်းထက်သော ဆေးစွမ်းကောင်းတစ်ခုဖြစ်ကြောင်း သိရှိရသည်။ ထိုတောင်အနီးရှိ နွယ်အေးရွာမှ အမေသန်းသည် ထိုဂမုန်းတစ်ထောင်ဆေးကို အဘသျှန် (ခ) စကျွပါလရှင်ရသေ့ကြီးပေးသော ဆေးနည်းအတိုင်း ဖော်စပ်၍ အဘသျှန်ကို ပေးရသည် သိရှိခဲ့ရလေသည်။ စာရေးသူ၏မိတ်ဆွေဖြစ်သော ဘိုးတော်ထွန်းက "အဘသျှန်(ခ)စကျွပါလရှင်ရသေ့ကြီးသည် ရှေးယခင်ဘဝက ပုပ္ပားတောင်ကလာပ်မှ ဆရာတော်ဦးကုမာရ (ခ) ဦးကျော်နီနှင့် ဘဝတစ်ခုတွင် ညီအစ်ကိုတော်စပ်ခဲ့ကြောင်း အဘသျှံက မိန့်ကြားခဲ့ဖူးကြောင်း သိရှိရသည်။

## ဆေးဝိဇ္ဇာများနှင့် စကျွပါလရသေ့ကြီး

စကျွပါလရသေ့ကြီးသည် ပုပ္ပားတောင်ကလပ်သို့ မကြာခဏဆိုသလို ကြွရောက်အဓိဋ္ဌာန်ဝင်လေ့ရှိသည်။ ပုဂံ၊ ညောင်ဦး စသော အရပ်များသို့လည်း သွားရောက်အဓိဋ္ဌာန်ဝင်တတ်သည်။ တပည့်များအား မည်သည့်ဒေသသို့သွားမည်ကို ပြောသော်လည်း ဘယ်အချိန်သွားမည်၊ ဘယ်နေ့ပြန်ရောက်မည်တို့ကိုမူ မပြောလေ့မရှိ။ သွားချင်သည့်အချိန်တွင်



www.burmeseclassic.com

www.burmeseclassic.com

သွားပြီး ပြန်လာချင်သည့်အချိန်တွင် ပြန်လာလေ့ရှိသည်။

စစ်ကြိမ်တွင်လည်း ပုဂံ၊ ညောင်ဦး၊ တိုက်ကြီးသို့ သွားရောက်ပြီးမှ မဟာယနတောင်သို့ ရောက်ရှိသွားသည့် မဟာယနတောင်သည် ဆေးဝိဇ္ဇာများ ကျင့်ကြံအားထုတ်နေထိုင်သော နေရာဖြစ်သည်။ ၎င်းဆေးဝိဇ္ဇာကြီးများ အရိမေတ္တေယျ မြတ်စွာဘုရားပွင့်တော်မူသည်အထိ အသက်ရှည်စွာ နေနိုင်ရန် အသက်ရှည်ဆေးများ ဖော်စပ်မှီဝဲစားသုံးနေကြပြီး အရိမေတ္တေယျမြတ်စွာဘုရားပွင့်သည်ကို ဖူးမြော်ရန် စောင့်ဆိုင်းနေကြသူများဖြစ်ကြောင်း ရသေ့ကြီးက မိန့်ကြားပြောဆိုခဲ့သည်။ စက္ကပါလရှင်ရသေ့ကြီးသည် အဓိဋ္ဌာန်ပြီးမြောက်၍ မဟာယနတောင်တော်မှ ပြန်ခါနီးတွင် ဆေးဝိဇ္ဇာတစ်ဦးအား ၎င်းရရှိထားသော "ခြသံ"ကို ပြသရာ ဆေးဝိဇ္ဇာမှ ရှင်ရသေ့ထံမှ တောင်းယူကာ လက်ဝါးထဲတွင်ထည့်၍ သိဒ္ဓိတင်ပေးလိုက်သည်။ အဆိုပါခြသံသည် ယခင်က သံလိုက်ဖြင့် ကပ်ညှိခြင်းရှိသော်လည်း ထို့နောက်ပိုင်းတွင် သံလိုက်ဓာတ်ဖြင့် ဆွဲငင်၍မရ၊ သံမလိုက်တော့ကြောင်း တွေ့ရှိရသည်။

## သိုက်ချုပ်ဆရာကြီး ဘိုးတော်ပညာသိဒ္ဓိ

တပည့်များအား ဓမ္မဝိဇ္ဇာလမ်းစဉ်ကို လေ့ကျင့်သင်ကြားပေးလျက်ရှိသော စက္ကပါလရသေ့ကြီး၏ ဆရာမှာ ပညာဗလဓမ္မဝိဇ္ဇာကြီးဖြစ်ပြီး ပညာဗလဓမ္မဝိဇ္ဇာ၏ဆရာမှာ ပဲခူးတိုင်း၊ ဝမ်းဘဲအင်းမြို့အနီး ဒေးစွန်ပါတောင်ပေါ်ရှိ ဒေးစွန်ပါဘုရား၏ တနင်္ဂနွေထောင့်တွင် ရုပ်တုတော်ရှိသော ဘိုးတော်ပညာသိဒ္ဓိဖြစ်ကြောင်း သိရှိရသည်။ ဘိုးတော်ပညာသိဒ္ဓိသည် သိုက်နန်းအားလုံးတို့၏ ဆရာသခင်ဖြစ်ပြီး ၎င်း၏ ရုပ်တုပုံတွင် ဓာတ်လုံးတစ်လုံးကို ကိုင်ဆောင်ထားသည်ကို တွေ့မြင်နိုင်သည်။

တစ်ခါတွင် စက္ကပါလရသေ့ကြီးသည် ဒေးစွန်ပါဘုရားပွဲသို့ တပည့်များနှင့်အတူ သွားရောက်ခဲ့သည်။ ဘုရားပွဲတော်ကျင်းပနေစဉ် ပရိသတ်များထဲသို့ ရှေးခေတ်က အဝတ်အစားများဖြစ်သော ထိုင်မသိမ်းအင်္ကျီ၊ ချိတ်ထဘီ ဝတ်ဆင်ထားပြီး ပဝါတစ်ပိုင်းကိုခြုံကာ ပုသိမ်ထီးဆောင်းလာသော ထူးခြားသည့် ချောမောလှပသော အမျိုးသမီးတစ်ဦးကို တွေ့လိုက်ရသည်။ ခြေတွင်ဝတ်ထားသော ဖိနပ်မှာလည်း ကတ္တီပါဖိနပ်ဖြစ်သည်။ သူမျှားကို အခြားသူများက မတွေ့မမြင်ကြရ၊ စက္ကပါလရှင်ရသေ့ကြီး၏ တပည့်များကသာ တွေ့မြင်ရသဖြင့် ဆရာရသေ့ကြီးအား ပြောကြားလျှောက်ထားကြသည်။ ထိုအမျိုးသမီးသည် သိုက်နန်းရှင်တစ်ဦးဖြစ်နိုင်သဖြင့် ရသေ့ကြီးက ဘိုးတော်ပညာသိဒ္ဓိကို ထိုအကြောင်း တိုင်တည်လျှောက်ထားလိုက်သောအခါ အမျိုးသမီးသည် တစ်မုဟုတ်ချင်း ကွယ်ပျောက်သွားလေတော့သည်။ ထိုအခြင်းအရာကို တွေ့မြင်၍ အံ့သြနေကြသော တပည့်များအား ရသေ့ကြီးက ဘိုးတော်ပညာသိဒ္ဓိသည် သိုက်နန်းရှင်များ အားလုံးတို့၏ ဆရာကြီးဖြစ်ကြောင်း ပြောပြသဖြင့် သိရှိခဲ့ကြရလေသည်။

## စက္ကပါလရှင်ရသေ့ကြီး၏ မေတ္တာစေတနာ

စက္ကပါလ ရှင်ရသေ့ကြီးသည် တပည့်အပေါင်းတို့အား စီးပွားရေးကိစ္စများအတွက် ဆောင်ရွက်ပေးလေ့မရှိ၊ သို့သော် ကျန်းမာရေးကိစ္စများတွင်မူ ဆောင်ရွက်ပေးလေ့ရှိသည်။ ရန်ကုန်မြို့သို့ရောက်ရှိစဉ် ကျောက်မြောင်းရပ်ကွက်ရှိ တပည့်အမျိုးသမီးတစ်ယောက်နေအိမ်သို့ ကြွရောက်ရာတွင် မိသားစုများက ထိုအမျိုးသမီးသည် နေထိုင်မကောင်းဖြစ်၍ အိပ်ရာထဲမှပင် မထနိုင်ကြောင်း ပြောကြသည်။ နေထိုင်မကောင်းသော အမျိုးသမီးသည်လည်း ဆရာရသေ့၏ အသံကြားသဖြင့် အိပ်ရာထဲမှ အားယူ၍ထကာ စောင်တစ်ထည်ကိုခြုံလျက် ဆရာရသေ့ကြီး၏ရှေ့တွင် လာရောက်ထိုင်ကာ ဦးသုံးကြိမ်ချကာ ရှိခိုးနေလေသည်။ ထိုအခါ စက္ကပါလရှင်ရသေ့ကြီးက -

"ကဲ...သမီး ရှေ့ကိုနည်းနည်းတိုးလိုက်"

ဟု အမိန့်ပေးကာ လူနာ၏ နဖူးကို ယာဘက်လက်ညှိုးနှင့်ထောက်ပြီး

"ဖုဋ္ဌဿ လောကဓမ္မေဟိ၊ စိတ္တံ ယဿန ကမ္ပတိ၊ အသောကံ ဝိရဇံ ခေမံ၊ ဧတံ မင်္ဂလ မုတ္တမံ"

ဟူသော ဂါထာကို ရွတ်ဆိုလိုက်သည်။ ထိုဂါထာ



www.burmeseclassic.com

www.burmeseclassic.com

သွားပြီး ပြန်လာချင်သည့်အချိန်တွင် ပြန်လာလေ့ရှိသည်။

တစ်ကြိမ်တွင်လည်း ပုဂံ၊ ညောင်ဦး၊ တိုက်ကြီးသို့ သွားရောက်ပြီးမှ မဟာယနတောင်သို့ ရောက်ရှိသွားသည့် မဟာယနတောင်သည် ဆေးဝိဇ္ဇာများ ကျင့်ကြံအားထုတ်နေထိုင်သော နေရာဖြစ်သည်။ ၎င်းဆေးဝိဇ္ဇာကြီးများ အရိမေတ္တေယျ မြတ်စွာဘုရားပွင့်တော်မူသည်အထိ အသက်ရှည်စွာနေနိုင်ရန် အသက်ရှည်ဆေးများ ဖော်စပ်မှီဝဲစားသုံးနေကြပြီး အရိမေတ္တေယျမြတ်စွာဘုရားပွင့်သည်ကို ဖူးမြော်ရန် စောင့်ဆိုင်းနေကြသူများဖြစ်ကြောင်း ရသေ့ကြီးက မိန့်ကြားပြောဆိုခဲ့သည်။ စက္ကူပါလရှင်ရသေ့ကြီးသည် အဓိဋ္ဌာန်ပြီးမြောက်၍ မဟာယနတောင်တော်မှ ပြန်ခါနီးတွင် ဆေးဝိဇ္ဇာတစ်ဦးအား ၎င်းရရှိထားသော "ခြင်္သေ့"ကို ပြသရာ ဆေးဝိဇ္ဇာမှ ရှင်ရသေ့ထံမှ တောင်းယူကာ လက်ဝါးထဲတွင်ထည့်၍ သိဒ္ဓိတင်ပေးလိုက်သည်။ အဆိုပါခြင်္သေ့သည် ယခင်က သံလိုက်ဖြင့် ကပ်ညှိခြင်းရှိသော်လည်း ထို့နောက်ပိုင်းတွင် သံလိုက်ဓာတ်ဖြင့် ဆွဲငင်၍မရ၊ သံမလိုက်တော့ကြောင်း တွေ့ရှိရသည်။

## သိုက်ချုပ်ဆရာကြီး ဘိုးတော်ပညာသိဒ္ဓိ

တပည့်များအား ဓမ္မဝိဇ္ဇာလမ်းစဉ်ကို လေ့ကျင့်သင်ကြားပေးလျက်ရှိသော စက္ကူပါလရသေ့ကြီး၏ ဆရာမှာ ပညာဗလဓမ္မဝိဇ္ဇာကြီးဖြစ်ပြီး ပညာဗလဓမ္မဝိဇ္ဇာ၏ဆရာမှာ ပဲခူးတိုင်း၊ ဝမ်းဘဲ့အင်းမြို့အနီး ဒေးစွန်ပါတောင်ပေါ်ရှိ ဒေးစွန်ပါဘုရား၏ တနင်္ဂနွေထောင့်တွင် ရုပ်တုတော်ရှိသော ဘိုးတော်ပညာသိဒ္ဓိဖြစ်ကြောင်း သိရှိရသည်။ ဘိုးတော်ပညာသိဒ္ဓိသည် သိုက်နန်းအားလုံးတို့၏ ဆရာသခင်ဖြစ်ပြီး ၎င်း၏ ရုပ်တုပုံတွင် ဓာတ်လုံးတစ်လုံးကို ကိုင်ဆောင်ထားသည်ကို တွေ့မြင်နိုင်သည်။

တစ်ခါတွင် စက္ကူပါလရသေ့ကြီးသည် ဒေးစွန်ပါဘုရားပွဲသို့ တပည့်များနှင့်အတူ သွားရောက်ခဲ့သည်။ ဘုရားပွဲတော်ကျင်းပနေစဉ် ပရိသတ်များထဲသို့ ရှေးခေတ်က အဝတ်အစားများဖြစ်သော ထိုင်မသိမ်းအင်္ကျီ၊ ချိတ်ထဘီ ဝတ်ဆင်ထားပြီး ပဝါတစ်ပိုင်းကိုခြုံကာ ပုသိမ်ထီးဆောင်းလာသော ထူးခြားသည့် ချောမောလှပသော အမျိုးသမီးတစ်ဦးကို တွေ့လိုက်ရသည်။ ခြေတွင်ဝတ်ထားသော ဖိနပ်မှာလည်း ကတ္တီပါဖိနပ်ဖြစ်သည်။ သူမများကို အခြားသူများက မတွေ့မမြင်ကြရ၊ စက္ကူပါလရှင်ရသေ့ကြီး၏ တပည့်များကသာ တွေ့မြင်ရသဖြင့် ဆရာရသေ့ကြီးအား ပြောကြားလျှောက်ထားကြသည်။ ထိုအမျိုးသမီးသည် သိုက်နန်းရှင်တစ်ဦးဖြစ်နိုင်သဖြင့် ရသေ့ကြီးက ဘိုးတော်ပညာသိဒ္ဓိကို ထိုအကြောင်း တိုင်တည်လျှောက်ထားလိုက်သောအခါ အမျိုးသမီးသည် တစ်မုဟုတ်ချင်း ကွယ်ပျောက်သွားလေတော့သည်။ ထိုအခြင်းအရာကို တွေ့မြင်၍ အံ့ဩနေကြသော တပည့်များအား ရသေ့ကြီးက ဘိုးတော်ပညာသိဒ္ဓိသည် သိုက်နန်းရှင်များ အားလုံးတို့၏ ဆရာကြီးဖြစ်ကြောင်း ပြောပြသဖြင့် သိရှိခဲ့ကြရလေသည်။

## စက္ကူပါလရှင်ရသေ့ကြီး၏ မေတ္တာစေတနာ

စက္ကူပါလ ရှင်ရသေ့ကြီးသည် တပည့်အပေါင်းတို့အား စီးပွားရေးကိစ္စများအတွက် ဆောင်ရွက်ပေးလေ့မရှိ။ သို့သော် ကျန်းမာရေးကိစ္စများတွင်မူ ဆောင်ရွက်ပေးလေ့ရှိသည်။ ရန်ကုန်မြို့သို့ရောက်ရှိစဉ် ကျောက်မြောင်းရပ်ကွက်ရှိ တပည့်အမျိုးသမီးတစ်ယောက်နေအိမ်သို့ ကြွရောက်ရာတွင် မိသားစုများက ထိုအမျိုးသမီးသည် နေထိုင်မကောင်းဖြစ်၍ အိပ်ရာထဲမှပင် မထနိုင်ကြောင်း ပြောကြသည်။ နေထိုင်မကောင်းသော အမျိုးသမီးသည်လည်း ဆရာရသေ့၏ အသံကြားသဖြင့် အိပ်ရာထဲမှ အားယူ၍ထကာ စောင်တစ်ထည်ကိုခြုံလျက် ဆရာရသေ့ကြီး၏ရှေ့တွင် လာရောက်ထိုင်ကာ ဦးသုံးကြိမ်ချကာ ရှိခိုးနေလေသည်။ ထိုအခါ စက္ကူပါလရှင်ရသေ့ကြီးက -

"ကဲ...သမီး ရှေ့ကိုနည်းနည်းတိုးလိုက်"

ဟု အမိန့်ပေးကာ လူနာ၏ နဖူးကို ယာဘက်လက်ညှိုးနှင့်ထောက်ပြီး

"ဖုဋ္ဌဿ လောကဓမ္မေဟိ၊ စိတ္တံ ယဿန ကမ္ပတိ၊ အသောကံ ဝိရဇံ ခေမံ၊ တေ မင်္ဂလ မုတ္တမံ"

ဟူသော ဂါထာကို ရွတ်ဆိုလိုက်သည်။ ထိုဂါထာ



www.burmeseclassic.com

www.burmeseclassic.com

သည် ဖုဋ္ဌသဂါထာမန္တန်တော်ဖြစ်ပြီး အနက်အဓိပ္ပာယ်မှာ-

ယသ်သ-အကြင်ရဟန္တာပုဂ္ဂိုလ်၏၊ စိတ-စိတ်သည်၊ လောကဓမ္မေဟိ-ကောင်းဆိုးနှစ်တန် လောကဓံတရားရှစ်ပါးတို့နှင့်၊ ဖုဋ္ဌဿ-တွေ့သိရသော်လည်း၊ နကမ္ပတိ-မတုန်လှုပ်၊ အသောကံ-စိုးရိမ်ခြင်းလည်းမရှိ၊ ဝိရဇံ-ကိလေသာဟူသောမြူအညစ်အကြေးလည်းမရှိ၊ ခေမံ-ဘေးလည်းမရှိ၊ ဧတံ-ဤလေးပါးသောတရားသည်၊ ဥတ္တမံ-မြတ်သော၊ မင်္ဂလံ-မင်္ဂလာမည်ပါပေ၏ ဟူ၍ အနက်အဓိပ္ပာယ်ရလေသည်။

ထိုဂါထာကိုရွတ်ပြီးသည်နှင့် တစ်ပြိုင်နက် နေထိုင်မကောင်းဖြစ်နေသော လူနာအမျိုးသမီးသည် ပကတိ လူကောင်းတစ်ယောက်ကဲ့သို့ ကျန်းမာသွားသည်ကို မိသားစုများနှင့် တပည့်များအားလုံးက ဝမ်းမြောက်ဝမ်းသာစွာ တွေ့ရှိလိုက်ရပေတော့သည်။ ဤဂါထာကိုရွတ်ဆို၍ သစ္စာပြု ဆုတောင်းလျှင် အန္တရာယ်ကင်းခြင်း၊ အနှောင်အဖွဲ့မှ လွတ်မြောက်နိုင်ခြင်းစသော အကျိုးအမျိုးမျိုး ရရှိနိုင်ပြီး အချို့သမားတော်များမှာ ဤဂါထာဖြင့် ဆီကိုမန်းပြီး အနာရောဂါ၊ အကျိတ်အဖုများကို နေရာရွှေ့စေပြီး ကုသပေးကြသည်ဟု ဆရာရသေ့ကြီးက တပည့်များအား မိန့်ကြားခဲ့လေသည်။

နက္ခတ်တာရာ၊ ကြယ်တာရာများ စုံညီစွာထွက်ပေါ်လေ့ရှိသော နက္ခတ်ပွဲသဘင် ဆင်ယင်လေ့ရှိကြသည့် တန်ဆောင်မုန်းလပြည့်နေ့တွင် လရောင်ဆမ်းလျက်ရှိသော ရှမ်းရိုးမတောင်တန်းကြီး၏ မြေပြင်သည် ဝင်းဝင်းဝါလျက်ရှိနေလေပြီ။ ထိုအခါသမယတွင် စက္ခုပါလရှင်ရသေ့ကြီးသည် တပည့်အပေါင်းတို့အား ခေါ်ယူ၍ ဩဝါဒပေး ဆုံးမစကားမိန့်ကြားသည်မှာ -

"တပည့်အပေါင်းတို့ တရားဘာဝနာပွားများပြီး ဘဝအဆက်ဆက်က တင်ရှိနေခဲ့တဲ့ ဝဋ်ကြွေးများကို ဒီဘဝဒီအချိန်ကစ၍ အတုံ့အလှည့် ကျေပါစေသတည်းလို့ ဆုတောင်းကြပေတော့။ တောင်းသောဆုကြောင့် လောကီလောကုတ္တရာ နှစ်ဖြာသော သုခချမ်းသာကို ဒီနေ့ဒီအချိန်ကစ၍ ရရှိပါစေသားလို့ အဓိဋ္ဌာန်ပြုကြ"

ဟူ၍ မိန့်ကြားကာ တပည့်တစ်ဦးစီ၏ ဦးခေါင်းကိုလက်ဖြင့်ပုတ်ကာပုတ်ကာ မေတ္တာပို့သွတ်ပြုပေးတော်မူလိုက်လေသည်။ ဓမ္မဝိဇ္ဇာလမ်းစဉ်အရ ကျင့်ကြံအားထုတ်ကြသော တပည့်များသည် ၎င်းတို့၏စိတ်တွင် ဖြစ်ပေါ်နေသောအလိုဆန္ဒများ ပြည့်ဝကြကြောင်း သိရှိမှတ်သားရလေသည်။ ရာထူးတိုးခြင်း၊ အိုးသစ်အိမ်သစ်ရရှိခြင်းများ ဖြစ်ခဲ့ကြောင်း တွေ့ရှိရသည်။ ထို့ပြင် မကျန်းမာသူတပည့်က စက္ခုပါလရှင်ရသေ့ကြီးအား "တ"လိုက်လျှင် ရသေ့ကြီးမှ လာရောက်ဆေးကုသပေးသည်ဟုလည်း ယုံကြည်လာကြသည်။

စာရေးဆရာကြီးမင်းလု-လုသွင်မှလည်း ၎င်းကိုယ်တိုင် နေမကောင်းခြင်းကြီးစွာဖြစ်၍ ရသေ့ကြီးအား "တ"လိုက်သောအခါ ညဘက်အိပ်ပျော်နေချိန်တွင် ပါးစပ်ထဲသို့ ဆေးလုံးလာထည့်ပြီး "မျိုချလိုက် မျိုချလိုက်"ဟူသော ပြောသံကြားသဖြင့် လန့်နိုးလာပြီး ဆေးကို မျိုချလိုက်သည်။ ထို့နောက် ရေသောက်ရန်ထလိုက်စဉ် အိမ်အပြင်သို့ ထွက်ခွာသွားသော သူ၏ဆရာ စက္ခုပါလရှင်ရသေ့ကြီး၏ ပုံရိပ်ကို တွေ့မြင်လိုက်ရသည်။ ၎င်းသည်လည်း ထိုအချိန်မှစ၍ ကျန်းမာရေးကောင်းသွားသည်ဟု စာရေးသူအား ပြောပြခဲ့လေသည်။

ယခုအခါ အဘသျှန်(ခ)စက္ခုပါလ ရှင်ရသေ့ကြီးသည် ရွှေကြက်တောင်တွင် ခန္ဓာဝန်ချ၍ ထွက်ရပ်လမ်းသို့ ကြွမြန်းခဲ့ပြီဖြစ်သော်လည်း အများပြည်သူ ဝေနေယျအပေါင်းတို့ ကိုးကွယ်ဆည်းကပ်မှုပြုနိုင်ရန် ရှမ်းရိုးမ ရွှေကြက်တောင်တွင် တည်ထားခဲ့သော ဆုတောင်းပြည့် နမောပြန်စိတြစေတီတော်အား ပဋ္ဌာန်းဆက်ပါရမီရှင် ဗုဒ္ဓဘာသာဝင်အပေါင်းတို့ သွားရောက်ဖူးမြော် အဓိဋ္ဌာန်စခန်းဝင်ပြီး ပေါက်ရောက်အောင်မြင်မှုရကြစေရန် ရေးသားတင်ပြလိုက်ရပေတော့သည်။

•

**ကျော်စံလင်း**



www.burmeseclassic.com

www.burmeseclassic.com

# ဆင်စုံရတနာ ဆောင်ထားအပ်ခြင်း

## တက္ကသိုလ်အောင်ခိုင်

ဗုဒ္ဓဘာသာဝင်တို့သည်လည်းကောင်း၊ အခြား ဘာ ာဝင်တို့သည်လည်းကောင်း ဆင်စုံရတနာဆောင်ထား ခပ်ပါသည်။

အဘယ့်ကြောင့်ဆိုသော် . . . ဆင်ရတနာတစ်စုံ မိမိ ိမ်တွင်၊ အိမ်ပြင်၊ အိမ်တံခါးဝတွင် သစ်သား၊ သံ၊ ကြေး၊ ဂ်တေဖြင့် ထုဆစ်ထားရှိနိုင်၏။ ယင်းသို့ထားရှိခြင်းသည် ဓန္တရာယ်ကင်း၊ ဘေးရှင်းခြင်း၊ လာဘ်ရွှင်ပေါကြွယ်ခြင်း၊ ုတနာကြွယ် အခြွေအရံပေါများခြင်း၊ သူတော်ကောင်း ုတ်ဒေဝါစောင့်ရှောက်ခြင်း၊ ဥစ္စာစီးပွားတိုးများခြင်း စသည် ဖြင့် ခံစား စံစားရတတ်ပါသည်။

ဗုဒ္ဓဝင်တွင် ဘုရားလောင်းသိဒ္ဓတ္ထ မယ်တော်မဟာ ာယာဝမ်းကြာတိုက်ဝယ် ငွေသားခွာတောင်သို့သော ဆင် ပြောင်ရတနာသည် မြောက်အရပ်မှလာ၍ မာယာမိဖုရား၏ လက်ယာနံပါးကို လှစ်ပြီးဝင်သည်။ ဘုရားလောင်း သန္ဓေယူ သည်။

ထိုအချိန်မှစပြီး စတုမဟာရာဇ် နတ်မင်းကြီး လေး ယောက်သည် သန်လျက်စွဲကိုင်လျက်စောင့်၏။ ထက်ဝန်း ကျင်၌ရှိသော စကြာဝဠာတစ်သောင်းမှ နတ်ပြဟ္မာအပေါင်း တို့သည် စောင့်ရှောက်လာကုန်၏။ နှောင့်ယှက်မှုမရှိ အမြိုက်အတိဖြင့် ဝပြောနှစ်သက်အပ်သော မင်းစည်းစိမ်ကို ခံ၍ ခြံရံသင်းပင်းနှင့်သာလျှင် သန့်ရှင်းစွာ စံတော်မူနိုင်၏။

မင်းစည်းစိမ်ရ ချမ်းသာလှ၏။ ဆင်ဖြူရတနာ ရ ထားသော ရှေးမင်းမြတ်သည် ဘုန်းတန်ခိုးအာနုဘော်ကြီး တိုင်းပြည် ငြိမ်းချမ်းစွာ စိုးစံရလေ၏။ ဆင်ဖြူရတနာ နှင်း အပ်လာသော မင်းမှုထမ်းများအား ချမ်းသာခြင်း ပြည့်ဝ စည်းစိမ်ဥစ္စာ ဆုချီးမြှင့်အအပ်ခံရ၏။

ထို့ပြင်တစ်ဝ . . . ဆင်စီးလို့မြင်းရံ ဥစ္စာရတနာ အပြည့် ချမ်းသာခြင်းဖြင့် အေးငြိမ်းချမ်းသာလေသည်။ ရှေးလူကြီးများသည်။ ဂမ္ဘီရအနေဆောင်ရတနာအဖြစ် မိမိ နေအိမ်၌လည်းကောင်း၊ ဘုရား၊ ကျောင်းကန်ဇရပ်တို့၌ ခြသေ့တစ်စုံကို လှူဒါန်းခြင်း၊ အိမ်၌ ဆောင်ကြဉ်းခြင်းကို အမတ်ကြီးပေါ်ဦး ဇာတ်ကို၌ အဆင်ရတနာပြုကြသော ခေလေ့ထုံးစံပေါ်ထွန်းခဲ့ဖူးသည်။

ဆင်ဟူသည် အေးဆေးတိကျရေးရာ တည်ငြိမ် သေချာခြင်းလည်းရှိ၏။ အားအင်ပြည့်ဝ ရန်မာန်မှန်သမျှ ချိုးနှိမ်နိုင်ခြင်းလည်းရှိ၏။ သောမဂြိုဟ်ရိပ်ကျ ဥာဏ်ဓာတ် ပိုင်း စိုးထားနိုင်သည့် သတ္တိစွမ်းအား ပြည့်စုံပေ၏။

ထို့ကြောင့် မည်သည့်ရှုထောင့်၊ ဘာသာတရားနဲ့ ဆင်ခြင်တုံတရားဖြင့်ကြည့်ကြည့် အေးချမ်းခြင်း၊ ရန်ကင်း ခြင်း၊ ခြွေရံသင်းပင်းပြည့်စုံခြင်း၊ ဥစ္စာရတနာကြွယ်၊ ဘဝ၏ အေးရာအေးချမ်းခြင်းနှင့်ပြည့်စုံ၍ ရှေးကအသိမီ များလူ ဗိုလ်ခြေ ဆွေသဟာအများသည် ဆင်ရတနာတစ်စုံကို အိမ် ရှိဘုရား၊ ကျောင်း၊ သို့မဟုတ် မြင့်မြတ်သောနေရာ ဧည့် ခန်း၊ အိမ်အဝင်ဝ၊ အထင်ကရကျလှသော နေရာတို့၌ အင်ဥ၊ သစ်သား၊ သံ၊ ကြေး၊ စကျင်ကျောက်၊ ရတနာ စုံသား၊ ငွေ၊ ရွှေအထိ ထုဆစ်ဆောင်ကြ ဘာသာလူမျိုး မရွေးကြပေ။

ဤအယူကိုမှီ၍ ဆင်တစ်စုံဆောင်ထားကြည့်။ထူး ခြားသော ကောင်းမွန်သည့် အမြင်အာရုံနှင့် အကျိုးစွမ်း အံ့မခန်း တွေ့ရှိခံစားရလိမ့်မည်။

သင်တစ်သက်၊ ကုန်တိုက်၊ ပြခန်းဝဆိုခဲ့သည့် နေရာမှန်သမျှ ဆင်တစ်စုံဆောင် အိုတောင်မဆင်းရဲ အကျိုး နန္တနဲ့၊ ရည်မျှော်၍ ရှေးရှေးအသိဖြင့် တွေ့ရှိမြင်သိ ဆုံ စည်းမိပါလိမ့်မည်။ သုတ၊ လောကီအသိဖြင့် စီမံစီရင် ခြင်းသာဖြစ်ပါသည်။

ဤအသိကို အမြင်အာရုံထဲ၊ ပုံရိပ်ဖမ်းသည့် သက် သက်တော့ မဖြစ်သင့်ပါ။ ဥပေက္ခာလည်း မပြုသင့်ပါ။ အကြောင်းအကျိုးအနန္တများစွာရှိပါသည်။

မိမိတတ်နိုင်တဲ့ အပိုင်းနဲ့ဆင်တစ်စုံဆောင်ထားဖို့ အကြံကောင်းဉာဏ်ကောင်း ပေးလိုက်ခြင်းဖြစ်ပါသတည်း။

**အသိစော၍ အကျိုးဦးကြပါစေ**

**သုခီတာပဟောထဒုက္ခမုဥ္စထ**

**တက္ကသိုလ် အောင်ခိုင်**



www.burmeseclassic.com

www.burmeseclassic.com

# မြန်မာပြည်တစ်လွှား
# အဘအောင်မင်းခေါင်
# ည်ထားကိုးကွယ်ခဲ့သော ဘုရားစေတီများ

ဂမ္ဘီရဆရာလှမျိုး(B.Sc)




ကျွန်ုပ်စာရေးသူသည် လွန်ခဲ့သော
ာ နှစ်ကျော် ကာလမှစ၍ ဂမ္ဘီရပညာကို
လေ့လာလိုက်စားပြီး ဝိဇ္ဇာပညာရပ်နှင့် ဝိဇ္ဇာ
ရုံပုဂ္ဂိုလ်များအကြောင်းကိုလည်း လေ့လာ
ါသည်။ အထူးသဖြင့် ဝိဇ္ဇာမိုရ်ရအောင်မင်း
ခါင် (ခေါ်) အဘဘိုးမင်းခေါင်၏ သာသနာ
ချရီးနှင့် ဘဝမှတ်တမ်းများကို လေ့လာခဲ့
သည်။ အဘမင်းခေါင်အား ပထမံဘိုးဘိုး
အောင်မှ "အောင်"တစ်လုံးပေးလိုက်၍
အောင်မင်းခေါင်ဘွဲ့အမည်တွင်လာပြီး "ငါက
ာက်ကမ်းမှာ သာသနာပြုမယ်။ မင်းက
ရာဝတီမြစ် အရှေ့ဘက်ခြမ်းမှာ သာသနာ
ပေါ့ကွာ"ဟု ဘိုးဘိုးအောင်မှ လမ်းညွှန်
းခဲ့သည်ဟု သိရသည်။

တစ်နေ့တွင် ရောင်ပြန်မဂ္ဂဇင်း
က်မှ ဆရာသန့်နှင့် အဘစာအုပ်အကြောင်း
ွ စကားစပ်မိရင်း ပြောဆိုကြရာမှ ဆရာ
န့်မှ "အဘဘိုးမင်းခေါင် တည်ထားခဲ့တဲ့
ရားစေတီတွေစုပြီး ရေးကွာ"ဟု အကြံပေး
ည်။ ကျွန်ုပ်၌ အဘနှင့် ပတ်သက်သော
အုပ် ၁၄ အုပ်၊ ၁၅ အုပ် ရှိသော်လည်း
 အုပ်ခန့် ထိုစာအုပ်များတွင် အဘ
အောင်မင်းခေါင် ထေရုပ္ပတ္တိပုံစံ၊ ပုပ္ပား
တောင်ကလပ်မှာ သာသနာပြုပုံ၊ အတိတ်
ဘောင် ကဗျာလင်္ကာတွေသာ များနေပါ

www.burmeseclassic.com

သည်။ အဘတည်ထားသော ဘုရားစေတီများ ရေးသားပြုစုထားသောစာအုပ် မတွေ့ရပေ။ တဘောင်စကား ကြားနာပြီး ရေးကြတာ များပါသည်။ လက်တွေ့သိမီသူနှင့် ဆက်သွယ်မေးမြန်းရေးတာ ရှားသည်။

## တိုင်းသူပြည်သားများ ကပ်ဆိုးကြီးသုံးပါးမှ လွတ်ဝေးစေရန် သဲပုံစေတီများတည်ခြင်း

ဘိုးတော်အောင်မင်းခေါင်နှင့် ယက္ကန်းစင်တောင်ဆရာတော်ကြီးများ ဦးစီးသော ဝိဇ္ဇာမိုရ်အဖွဲ့ကြီးဖြင့် ကိုးတောင်ပြည့် သဲပုံစေတီများကို အမြို့မြို့ ရွာဒေသများတွင် တည်ထားကိုးကွယ်ထားခဲ့ကြပါသည်။

ကပ်သုံးပါးမှကင်းအောင် ကယ်မည့်ဘုရား

၁။ ဘုရားကလေးငယ်ငယ်၊ ကိုးတောင်ပြည့်တယ်။

၂။ ငယ်သာငယ်၊ တကယ်၊ ကယ်ဆယ်မဲ့ဘုရား။

၃။ ဓာတ်ကောလီ သုံးဆယ်ကူးအောင်ကွယ် ဖူးကြအများ။

ဤသို့လျှင် ဘိုးတော်အောင်မင်းခေါင်သည် တိုင်းသူပြည်သားများ ကပ်ကြီးသုံးပါးမှ ကျော်နင်းနိုင်ရန် ရာပေါင်းများစွာသော စေတီများကို တည်ထားကိုးကွယ်စေခြင်း။ အဘဘိုးမင်းခေါင်သည် ကိုးတောင်ပြည့်စေတီများ မြန်မာပြည်အနှံ့အပြားတွင် စေတီပေါင်း ၁၅၀ နီးပါး တည်ထားခဲ့ပါသည်။ ထိုစေတီများမှာ အချို့လည်း ထင်ရှားလာပြီး အချို့စေတီတွေလည်း ပျက်ကုန်တာရှိသည်။ ထင်ရှားသော စေတီများကိုလည်း ဖော်ပြပေးပါမည်။

အဘဘိုးမင်းခေါင်သည် ကချင်ပြည်နယ်သို့ ၁၂၈၀ မှ ၁၃၀၀ ပြည့်နှစ်အထိ အနှစ် ၂၀ နေထိုင်သွားသည်။ မိုးညှင်းမြို့ နမ္မား၊ ခရချင်းရွာ၊ ကသာ စသည့် ဒေသတို့တွင် ဘုရားတည်သည်။ ခရချောင်းရွာနှင့် ခရချောင်းဘုန်းကြီးကျောင်းအကြား ရထားလမ်းဘေးရှိ ပုဂံဖူးဘုရား ပုဂံဉာဏ်တော် ကိုးတောင်စေတီကို တည်ပြီး ဒုတိယအကြိမ် ပြုပြင်မွမ်းမံကာ ရွှေသင်္ကန်း ကပ်လှူသည်။

## ဘိုးမင်းခေါင် ကမ္ဘာ့မလှူိုင်စေတီတည်

ဘိုးမင်းခေါင်သည် ၁၂၉၉ ခုနှစ်တွင် ကသာသို့တစ်ခေါက် ပြန်ရောက်လာသည်။ ကသာမြို့အနီးတွင် စိန်စေတီရှိသည်။ ထိုစေတီအနီးတွင် ကမ္ဘာ့မလှူိုင်ဘွဲ့တော်ဖြင့် စေတီတစ်ဆူ တည်ထားကိုးကွယ်သည်။

မုံရွာမြို့ စေတီယာကျောင်းတိုက်အတွင်းရှိ ပြည်တွင်းစစ်ကာလက အဘဘိုးမင်းခေါင် ဓာတ်ပန္နက်ချပေးခဲ့သော နှစ်ကျိပ်ရှစ်ဆူ စေတီတော်မြတ်ကြီးမှာ ယနေ့တိုင် ထင်ရှားလျက် ရှိပါသည်။

မုံရွာခရိုင် မုံရွာမြို့ စကုမြို့ မတ္တရာမြို့ စစ်ကိုင်း၊ မန္တလေးမြို့တို့တွင်လည်း အသွင်အမျိုးမျိုးဖြင့် ဓာတ်ပန္နက်ချကာ အဘဘိုးမင်းခေါင်သည် ဘုရားစေတီများ တည်ထားကိုးကွယ်ခဲ့ပါသည်။ ရန်ကုန်မြို့ သဃ်န်းကျွန်းဘက်တွင် ဆယ်တောင်ပြည့်စေတီ၊ သံလွင်လမ်းရှိ ဓာတ်ပေါင်းစုစေတီတို့မှာလည်း ဘိုးမင်းခေါင်၏ ဓာတ်ပန္နက်စေတီများ ဖြစ်ကြသည်။

အဘဘိုးမင်းခေါင်သည် ၁၃၀၀ ပြည့်နှစ်တွင် ပုပ္ပားတောင်ကလပ်သို့ ရောက်ရှိလာသည်။ တောင်ကလပ်အလယ်ရှိ ယခုလက်ရှိ ဘိုးမင်းခေါင်ဓာတ်စခန်းတည်ရှိရာ ယခင်ကသွပ်မိုးသွပ်ကာ အဆောက်အဦဇရပ်၌ ညဥ့်အခါ အမြဲအိပ်၍ နေ့အခါ ထိုဓာတ်ခန်းအောက်နားရှိ တောင်ကလပ်အတက် နဂါးနစ်ကောင် စောင်းတန်းအဆုံး ရင်ကွဲဇရပ်ရှိရာ ပိန္နဲပင်အနီးရှိ ကျောက်တုံးကြီးပေါ်တွင် ကိုးတောင်ပြည့် စေတီငယ်တစ်ဆူ တည်ထားကိုးကွယ်သည်။ ယင်းစေတီကို ယခုတိုင် "အောင်မင်းခေါင်"စေတီဟု အများက ခေါ်ဝေါ်သမုတ်ကြသည်။ ဘိုးမင်းခေါင် ညအိပ်စခန်း ယခုအခါ ဓာတ်ခန်း၏အရှေ့ဘက်ရှိ ကျောက်တုံးကြီးပေါ်တွင်လည်း စေတီငယ်တစ်ဆူ တည်ထားကိုးကွယ်ခဲ့သည်။ ယင်းစေတီကို "ဘိုးမင်းခေါင်စေတီ၊ တန်ခိုးဆောင်မှန်းဘုရား"ဟု ဘွဲ့အမည်သညာပေးသည်။

မိုးညှင်းဆရာတော်ဘုရားကြီး သမ္ဗုဒ္ဓေစေတီ တည်ထားကိုးကွယ်ရာ၌ ဘိုးမင်းခေါင်သည် အတွင်းစခန်းမှ ကူညီပံ့ပိုးမှုများပါသည်ဟု ဆရာတော်ကြီး၏ တပည့်အချို့မှ ပြောဆိုကြသည်။ ဆရာတော်ကြီးကိုယ်တိုင် မိုးညှင်းကျောင်းတိုက်အတွင်း ဘိုးမင်းခေါင်နှင့် ရသေ့ကြီးဦးခန္တီတို့၏ ရုပ်လုံးရုပ်တုများကို မှန်သေတ္တာကြီးအတွင်း၌ထည့်၍ အမြတ်တနိုးထားခဲ့သည်။

မုံရွာမှ ဆရာတော်ကြီးတစ်ပါးသည် သူငယ်စဉ် ၁၂ နှစ်သားအရွယ်က အဘဘိုးမင်းခေါင်ကိုယ်တိုင် ဦးဆောင်



www.burmeseclassic.com

www.burmeseclassic.com

ဘုရားတည်နေတာ မြင်ခဲ့ရသည်ဟု ဆိုၾ။ စစ်အတွင်းကာလ အဝတ်အစား ရှားပါးရာတွင် ဂုံနီအိတ်အပိုင်းကြီး တွေ့ရသည်ဟု မိန့်ဆိုဖူးသည်။ သာကေတမြို့ ခဝါတောင်ရပ်ကွက် တံခွန်တိုင်တောရကျောင်းတိုက်တွင် အောင်စေတီဆရာတော်အား ဘုရားတည်ရန် အိပ်မက်ပေးသည်။ အုတ်၊ သဲ၊ ကျောက်စုဆောင်းပြီး ဘုရားတည်မည်ဟု စီစဉ်နေစဉ် အဘိုးကြီးတစ်ယောက် ရောက်လာပြီး ပေတံမပါ၊ ကြိုးမပါပဲ ထောင့်လေးထောင့်ကို ညီညာစွာ ပန္နက်ရိုက်သွားပေးသည်ဟု ဆိုသည်။ အဘဘိုးမင်းခေါင်ပုံစံနှင့်တူသည်ဟု ပြောဆိုကြသည်။ ထိုစေ တီဘွဲ့တော်မှာ "အောင်စေတီ"ဖြစ်ပါသည်။ သန်လျင်ဘက်ကမ်းရှိ ကျိုက်မြတ်ခမွန်ကုန်းတော်တွင်လည်း မွေးလွှန်းရှင်စေတီတော်တစ်ဆူကို "အောင်မင်းခေါင်"ဟု ဆိုသောပုဂ္ဂိုလ်မှ တည်ထားသည်။ အဘဘိုးမင်းခေါင်သည် ထွက်ရပ်စခန်း မကြွလှမ်းမီ ၁၃၁၄ ခုနှစ်တွင် ပုပ္ပားတောင်ကလပ်တွင် ကမ္ဘာလုံးစေတီ တည်ထားကိုးကွယ်ခဲ့ပါသည်။ ပုပ္ပားတောင်ကလာပ်သို့ ရောက်ရှိသူတိုင်း ဘိုးမင်းခေါင်တည်ထားသော စေတီသုံးဆူကို အဓိက ပွဲလှူ၊ ကောင်းမှုပြုဆုတောင်းမှုပြုကြသည်။

အဘဘိုးမင်းခေါင်သည် သူ၏ ခေါင်းရင်းတွင် ဒီယာယု လိုတရ ဆုတောင်းပြည့် မြတ်စွာဘုရားကို အမြဲကိုးကွယ်ပူဇော်ခဲ့ပါသည်။

**အဘဘိုးမင်းခေါင် တည်ထားကိုးကွယ်ခဲ့သော စေတီများ**

၁။ ဗူးဘုရား - ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ ခရချောင်းကျေးရွာ
၂။ ကမ္ဘာ့မဏ္ဍိုင်စေတီ - ကသာမြို့နယ်
၃။ နှစ်ကျိပ်ရှစ်ဆူစေတီ - မုံရွာမြို့
၄။ အောင်မင်းခေါင်စေတီ၊ ဘိုးမင်းခေါင်စေတီ၊ ဘိုးမင်းခေါင်စေတီ တန်ဆောင်မုန်းဘုရား ကမ္ဘာလုံးစေတီ ပုပ္ပားတောင်ကလပ်
၅။ ဆယ်တောင်ပြည့်စေတီ - သယ်န်းကျွန်း
၆။ ဓာတ်ပေါင်းစုစေတီ - ရန်ကုန်၊ သံလွင်လမ်း
၇။ ဓာတ်စမစေတီ - ပေါင်းတည်မြို့
၈။ အောင်မင်းခေါင်စေတီ - ပဲခူးမြို့
၉။ အောင်မင်းခေါင်စေတီ - ရွှေတောင်မြို့
၁၀။ ဆုတောင်းပြည့်စေတီ - တောင်ဒဂုံဆိပ်ကမ်းမြို့နယ် (ရေပေါ်စေတီ) (ယုဇနဥယျာဉ်မြို့တော်ဘက်)
၁၁။ ကိုးနဝင်းစေတီ - စင်မြင့်ရွာ
၁၂။ ကမ္ဘာစေတီ - ရန်ကုန်၊ ရွှေတိဂုံစေတီတော် မြောက်ဘက်မုခ်
၁၃။ ဓာတ်ပေါင်းစုစေတီ - စကုမြို့နယ်
၁၄။ ကိုးနဝင်းဆုတောင်းပြည့်စေတီ - မြင်းခြံမြို့။

အမှန်တကယ်တော့ ကိုးတောင်ပြည့် စေတီများမှာ အဆူပေါင်း ၁၅၀ ကျော် ရှိပါသည်။ အချို့စေတီများမှာ အဘဘိုးမင်းခေါင် အမည်တွင်နေသော်လည်း အဘ တည်မတည် အတိအကျ မသိရပါ။ ဥပမာ - ပဲခူးတိုင်း သနပ်ပင်မြို့ မင်းရွာရှိ အောင်မင်းခေါင်စေတီ တွေ့မြင်ဖူးသော်လည်း ဘုရားသမိုင်း အတိအကျ မတွေ့ရပေ။ တောင်ရိုးတဲရွာ မင်းကျောင်းအတွင်းရှိ စေတီပုထိုးများ၊ မင်းကျောင်းအတွင်းရှိ လျောင်းတော်မူဘုရားတို့မှာ အဘဓာတ်ဖြင့် အဘ၏တပည့်တွေ တည်ခဲ့သော ဘုရားများ ဖြစ်ပါသည်။

စာပေပရိသတ်များအနေဖြင့် အဘဘိုးမင်းခေါင် တည်ခဲ့သော ဘုရားစေတီများ သိရှိပါက စာရေးသူထံ ဆက်သွယ်အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။ ယခုဘုရားစေတီများမှာ စာရေးသူ လက်လှမ်းမီသလောက် ရေးသားတင်ပြထားခြင်းသာ ဖြစ်ပါသည်။ အပိုအလိုတွေရှိမှာ သေချာပါသည်။ သာသနာပြုရာတွင် အဓိက သာသနာ သုံးရပ် ရှိပါသည်။ အင်္ဂလိပ်ခေတ်၊ ဂျပန်ခေတ် တိုင်းတစ်ပါး လက်အောက် ရောက်နေချိန်တွင် ဗုဒ္ဓသာသနာ မကွယ်မပျောက်စေရန် ဘုရားစေတီတည် ဘုရားဂုဏ်တော်ပွား၊ သရဏဂုံတည် ငါးပါးသီလ ခံယူဆောက်တည်စေပြီး ဘိုးတော်ကြီးများ သာသနာပြုသွားခဲ့ပါသည်။ သာသနာ ၅၀၀၀ တည်တံ့စေရန် အဓိကမှာ ပရိယတ္တိ သာသနာဆိုသည်ကို ဗုဒ္ဓဘာသာဝင် သူတော်စင်တွေ မမေ့သင့်ပါ။ ပရိယတ္တိသာသနာကိုလည်း တတ်နိုင်သလောက် ဝိုင်းဝန်းကူညီ အားပေးကြပါ။ လောကီဝိဇ္ဇာမှ အရိယာဝိဇ္ဇာလမ်းသို့ ရောက်နိုင်ကြပါစေ။

**ဂမ္ဘီရဆရာလှမျိုး(B.Sc)**



www.burmeseclassic.com

www.burmeseclassic.com

# ရန်ကုန်မြို့ လသာမြို့နယ်၊ တရုတ်တန်း

နှင့်

# ပုဂ္ဂိုလ်ထူးတစ်ဦး

**ရွှေစွန်ညို၊**



ဥပုသ်တစ်နေ့တွင် ကျွန်ုပ်သည် ရန်ကုန်မြို့ ဗိုလ်တထောင်စေတီတော် ဆံတော်ဦးကိုဖူးမြော်ပြီးနောက် အနောက်တောင်ထောင့်အရပ်ရှိ ရှင်သီဝလိကျောင်းတော်ရာတွင် ကပ်လျက်၊ ယက္ကန်းစင်တောင်ဆရာတော်၊ ရာကျော်ဆရာတော်၊ ပထမံဘိုးဘိုးအောင်၊ အဘအောင်မင်းခေါင်တို့ ရုပ်တုများရှိရာ ဓာတ်နန်းတွင် အဓိဋ္ဌာန်ဝင်နေခဲ့ပေသည်။

အဓိဋ္ဌာန်ချိန်ပြီးမြောက်၍ ရှင်သီဝလိ ရပဟန္တာကြီး ကျောင်းယာဘက်မှာ ထွက်မည်ပြုစဉ် အီလက်ထရောနစ်အင်ဂျင်နီယာ ဦးသက်ခွေ၊ မြို့ပြအင်ဂျင်နီယာ ကိုကျော်ဆန်း၊ ကိုဇော်ဝင်းတို့က အဘကိုတွေ့ချင်လို့ လိုက်လာတာဟု ပြောရင်း ဆံတော်ကြိုတန်ဆောင်းဘက်သို့ ထွက်ခဲ့ကြလေသည်။

ဆံတော်ကြိုတန်ဆောင်းတွင် ပုပ္ပားဘိုးတော်အောင် မင်းခေါင် နှစ်ငါးဆယ်ပြည့်ပွဲ အတွေ့အကြုံများနှင့် ပဲခူးစုဠ္ဌမထိ၊ ရွှေတော်ရွှေးစေတီတော် တည်ဆောက်ရေးကိစ္စများကို ပြောဆိုကြပေ

www.burmeseclassic.com

www.burmeseclassic.com

ရာ ကျွန်ုပ်က ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်နေလေသည်။

ထိုအချိန်၌ပင် လသာမြို့နယ်က ရှင်းရှင်းစာပေထုတ်ဝေရေး ဆောင်ရွက်နေသော ကိုမိန်မိန် ရောက်လာခဲ့ပြန်သည်။ ဘိုးတော်အောင်မင်းခေါင်အကြောင်း စကားဝိုင်းမှာပို၍ စိုပြည်ကြည်နူးဖွယ်ရာ ဖြစ်လာခဲ့သည်။

၁၉၅၀ ပြည့်နှစ် ဝန်းကျင်တစ်ဝိုက်က အဘအောင်မင်းခေါင် လသာမြို့နယ်၊ ၁၇ လမ်းသို့ ကြွရောက်ချီးမြှင့်မစခဲ့သည်များကို ကိုမိန်မိန်က အားပါးတရ ပြောကြားခဲ့ပေရာ ထိုပြောကြားချက်များကို စာဖတ်သူတို့ မျှဝေခံစားနိုင်ကြစေရန်အလို့ငှာ လက်ဆင့်ကမ်း ရေးသားဖော်ပြလိုက်ရပေသည်။

ရန်ကုန်မြို့ လသာမြို့နယ်၊ တရုတ်တန်းသို့ အဘအောင်မင်းခေါင် ရောက်ရှိခဲ့သည့်ဖြစ်ရပ်မှာ စိတ်ဝင်စားဖွယ်တကယ့်ဖြစ်ရပ်ကြီး ဖြစ်ခဲ့ပေသည်။ မြန်မာနိုင်ငံတော် လွတ်လပ်ရေးရပြီးနောက် ၁၉၅၀ ပြည့်နှစ် ဝန်းကျင်တွင် ရန်ကုန်မြို့ လသာမြို့နယ်၊ ချိုင်းနားတောင်း တရုတ်တန်းသို့ တစ်နေ့တွင် အဘအောင်မင်းခေါင် ဆိုက်ဆိုက်မြိုက်မြိုက် ကြွရောက်ခဲ့ပေသည်။

ထိုစဉ်က လသာမြို့နယ်၊ တရုတ်တန်း။ ၁၇ လမ်းအပေါ်ဘက်တွင် ပဲပင်ပေါက်၊ ပဲပြား၊ ခေါက်ဆွဲ၊ ကုန်မျိုးစုံဆိုင်များဖြင့် နေ့စဉ် ရောင်းဝယ်ဖောက်ကား စည်ကားလျက်ရှိသည်ကို တွေ့မြင်ကြရမည် ဖြစ်ပေသည်။ ထိုအသိုက်ထဲမှ ပဲပင်ပေါက်၊ ပဲပြားရောင်းသော တစ်အူထုံဆင်း ညီအစ်မနှစ်ဦးရှိခဲ့လေသည်။ တစ်ဦးမှာ မကျင်တီ ဖြစ်၍ အခြားတစ်ဦးမှာ မကျင်ဝမ် ဖြစ်လေသည်။ မကျင်ဝမ်မှာ ဘာသာတရား ကိုင်းရှိုင်းပြီး လူအများကို တတ်စွမ်းသမျှ ကူညီလေ့ရှိသူတစ်ဦးဖြစ်သည်။ ညီမဖြစ်သူ မကျင်တီမှာ အစ်မဖြစ်သူ မကျင်ဝမ်ဆိုင်တွင် ပိုင်းလုပ်ပိုင်းစားအဖြစ် ကူညီလုပ်ကိုင် ဆောင်ရွက်နေရသောကာလ ဖြစ်လေသည်။

တစ်နေ့တွင် မကျင်တီသည် အရောင်းအဝယ် အလုပ်ကိစ္စတစ်ခုအတွက် သံဈေး (ယခင်အပေါ်) ယခု အဆင့်မြင့်သံဈေးသို့ သွားရန် ၁၇ လမ်းထိပ်မှ သံဈေးဘက်သို့ အကူးတွင် သံဈေးရှေ့မှ လူနှစ်ဖက်စာခန့် ညောင်မှတ်ဆိတ်ပင်အောက်တွင် (ယခုမရှိတော့။ ထိုကာလများက ရန်ကုန်ရေနယ်မြို့များတွင်ပါ ညောင်မှတ်ဆိတ်ပင်များ ရှိခဲ့လေသည်။) ဖျင်နီတိုက်ပုံအင်္ကျီရင်ဖုံးနှင့် ပုဆိုးနီညိုရောင်ကွက်ကျားဝတ်ဆင်လျက် အရပ်ထောင်ထောင်မောင်းမောင်း လူလုံးပြည့်ပြည့်ဖြိုးဖြိုး တုတ်ခိုင်သော ကိုယ်ခန္ဓာရှိသူတစ်ဦးသည် မကျင်တီကို ရုတ်တရက် လှမ်းခေါ်လိုက်သည်ကို မကျင်တီကြားလိုက်မိသည်။

ခေါ်သံကြား၍ လှည့်ကြည့်သောအခါ တစ်ကြိမ်မျှမမြင်ဖူးသော မိမိနှင့် မသိကျွမ်းသော သူစိမ်းတစ်ရံဆံတစ်ဦးဖြစ်နေသည်ကို အံ့အားသင့်လျက်ပင် မိမိအားခေါ်နေသော ထိုပုဂ္ဂိုလ်အနီးသို့ သွားရောက်တွေ့ဆုံရလေသည်။ ထိုစဉ်အခါက မကျင်တီကို ကော်ဖီတစ်ခွက်နှင့် စီးကရက်တစ်လိပ် အလှူခါနအဖြစ် လှူဒါန်းရန် အလှူခံလိုက်လေသည်။

မကျင်တီမှာလည်း ဘာသာတရားကိုင်းရှိုင်းပြီး စိတ်စေတနာ သဒ္ဓါတရားရှိသည့်အလျောက် ထိုပုဂ္ဂိုလ်ကြီး အလှူခံသော ကော်ဖီနှင့် စီးကရက်ကို ဈေးမှအပြန် ယူဆောင်လာပြီး ကပ်လှူပါမည်ဟု ကတိပေးခဲ့သည်။ ခေတ္တခဏစောင့်ဆိုင်းရန် တောင်းပန်ပြီး ဈေးဘက်သို့ ခပ်သုတ်သုတ် ထွက်ခဲ့လေသည်။

ဈေးမှအပြန်တွင် ကော်ဖီနှင့် စီးကရက်ကို ထိုပုဂ္ဂိုလ်ကြီးထံ ရိုသေစွာဖြင့် ပေးလှူကာ မိမိဆိုင်သို့ ပြန်လာခဲ့လေသည်။ ထိုအဖြစ်အပျက်ကို အစ်မဖြစ်သူအား ပြန်လည်ပြောပြရာ အစ်မဖြစ်သူက ထိုလူကြီးအား နောက်တွင် ခေါ်ပြောခြင်းမပြု၊ မဆက်ဆံရန် ပြောဆိုဆုံးမတားမြစ်တော့သည်။

ဤသို့ဖြင့် ရက်မှလ၊ လမှနှစ်သို့ ရာသီတွေ ကူးပြောင်းကာ အချိန်တွေ တရွေ့ရွေ့ ကုန်ဆုံးပြီးနောက် မကျင်တီမှာလည်း အပျိုပေါက်အရွယ်သို့ ရောက်ရှိခဲ့လေတော့သည်။

တစ်နေ့တွင် ထူးခြားဆန်းကြယ်သော ထိုပင်နီတိုက်ပုံအင်္ကျီနှင့်လူကြီး ရောက်ရှိလာခဲ့ပြန်သည်။ မကျင်တီကိုတွေ့လျှင် သမီး အဘနှင့် ခဏလိုက်ခဲ့ဟု လက်ကိုဆွဲခေါ်ကာ တရုတ်တန်းမှ တိုက်အမြင့်ကြီးတစ်လုံးကို လက်ညှိုးထိုးပြကာ သည်လိုတိုက်မျိုး လိုချင်သလားဟု မကျင်တီကို မေး



www.burmeseclassic.com

www.burmeseclassic.com

မြန်းခဲ့သည်။ မကျင်တီမှာလည်း ဒီလိုတိုက်ကြီးမျိုး လိုချင်ကြောင်း ပြန်လည်ပြောဆိုခဲ့သည်။ ထိုပုဂ္ဂိုလ်ကြီးက ယခုလို လာရောက်တွေ့ဆုံတာ နောက်ဆုံးဖြစ်ကြောင်းနှင့် စီးကရက်တစ်လိပ်နှင့် ကော်ဖီဝယ်ခိုင်းကာ မကျင်တီ လိုရာဆုတောင်းစေခဲ့သည်။

မကျင်တီမှာလည်း မိမိဘဝတစ်လျှောက်လုံးတွင် ချမ်းချမ်းသာသာ နေချင်ပါကြောင်း ဆုတောင်းလေသည်။ ထိုပုဂ္ဂိုလ်ကြီးကလည်း မကျင်တီတောင်းသောဆု တစ်လုံးတစ်ဝတည်း ပြည့်စေဟု ဆုမွန်ကောင်းများ ပေးလိုက်လေသည်။

ထိုပုဂ္ဂိုလ်ကြီးမှာ ဆုပေးပြီးနောက် ရုတ်တရက် ထပြန်သွားလေတော့သည်။ မကျင်တီမှာ ထိုပုဂ္ဂိုလ်ကြီး၏ နောက်ကျောပြင်အားကြည့်၍ အမည်မဖော်ပြနိုင်သော ဝမ်းသာဝမ်းနည်းမှုဖြင့် နောင်တစ်ချိန်ချိန်တွင် ထိုပုဂ္ဂိုလ်ကြီးအား တွေ့ဆုံလိုသော ကြည်ညိုစိတ်များ တဖွားဖွား ပေါ်ပေါက်လာခဲ့လေသည်။

နောင် ဆယ်နှစ်မျှကြာသောအခါ မကျင်တီမှာ တရုတ်အမျိုးသားတစ်ယောက်နှင့် အိမ်ထောင်ကျ၍ သားသမီးနှစ်ဦး ထွန်းကားခဲ့၍ အမျိုးသားပိုင်ဆိုင်သော ကုန်စုံဆိုင်တွင် ဈေးရောင်းချနေသည်ကို တွေ့မြင်ခဲ့ပါသည်။

တစ်နေ့တွင် မကျင်တီသည် မမျှော်လင့်ဘဲ သူငယ်ချင်းဖြစ်သူ မမြင့်မြင့်အေးထံသို့ အလည်သွားရာ တိုက်တိုက်ဆိုင်ဆိုင် မမြင့်မြင့်အေးအိမ်ရှိ ဘုရားကျောင်းဆောင်ရှေ့တွင် ဦးချရှိခိုးပြီးနောက် ကျောင်းဆောင်အောက်ရှိ ဝိဇ္ဇာစင်မှ ဘိုးဘိုးအောင်၊ ဘိုးမင်းခေါင်၊ သူရဿတီမယ်တော် ရုပ်ပုံများနှင့် အတူ ကန်တော့ပွဲများ ပန်းအိုးများတွင်းမှ ပန်းများ ဝေဝေဆာဆာဖြင့် သပ္ပာယ်စွာ တွေ့ရှိရသဖြင့် နီညိုရောင်ဝတ်စုံဖြင့် ဘယ်ဘက်ပေါင်ပေါ်၌ ညာခြေတင်ထားလျက်ရှိသော ရုပ်တုပုံအား မေးမြန်းရာ ထိုပုံမှာ ဘိုးမင်းခေါင်ပုံတော်ဖြစ်ကြောင်း သိရှိခဲ့ရသည်။

ထိုအချိန်မှစ၍ မကျင်တီသည် လွန်ခဲ့သော ဆယ်နှစ်ကျော်ခန့်မှ တွေ့ရှိခဲ့သော ပုဂ္ဂိုလ်သည် မြန်မာတို့ နှုတ်ဖျားဝယ် ရေပန်းစားနေသော ဝိဇ္ဇာမဟိဒ္ဓိ သိဒ္ဓိရှင် အဘအောင်မင်းခေါင်ဖြစ်ကြောင်း ထပ်မံ သိရှိသွားသည်။

ထိုအချိန်မှစ၍ မကျင်တီသည် ကြည်ညိုသဒ္ဓါစိတ်များ ထူးထူးကဲကဲ ဖြစ်ပေါ်လာသည့်အလျောက် အဘအောင်မင်းခေါင် ရုပ်တုကို ဝိဇ္ဇာခန်းသီးသန့် ထားရှိကိုးကွယ်လေသည်။

ထိုနေ့မှစ၍ မကျင်တီတို့ စီးပွားရေးသည် တစ်နေ့တခြား ဒီရေအလား တိုးပွားလာခဲ့လေသည်။ မမျှော်လင့်ဘဲ ထပ်မံ၍ ထိုစဉ်က အောင်ဘာလေထီဆုငွေ ကျပ်တစ်သိန်းဆုကြီး ပေါက်ခဲ့ပြန်လေသည်။ ထို့အပြင် မကျင်တီ၏ ခင်ပွန်းဖြစ်သူ၏ ပွဲရုံလုပ်ငန်းမှာလည်း အရောင်းအဝယ်လုပ်ငန်းများ သိသိသာသာ ထင်ထင်ရှားရှား စီးပွားများ ဖြစ်ထွန်းလာခဲ့ပေသည်။

ဤလောကတွင် ပြောမယုံ ကြုံဖူးမှသိ ဆိုတိသကဲ့သို့ ဝိဇ္ဇာမဟိဒ္ဓိ သိဒ္ဓိဆိုသော ပုဂ္ဂိုလ်များသည်လည်း မိမိနှင့် ပါရမီထူးပါခဲ့သော ပဋ္ဌာန်းဆက်ရှိခဲ့သော လူ့ပုဂ္ဂိုလ်အသီးသီးတို့အား ဝိဇ္ဇာမဟိဒ္ဓိတို့၏ တန်ခိုးဖြင့် ယခင်မှ . . . ယခုထက်တိုင်အောင် ခေတ်အဆက်ဆက် စောင့်ရှောက်မစလျက်ရှိကြောင်း ကိုယ်တွေ့ဖြစ်ရပ်မှန် ဇာတ်လမ်းက သက်သေခံလျက် ရှိပေသည်။

မှတ်ချက် ။ ။ ကိုမိန်မိန်၏ ပြောကြားသည့်အတိုင်း ဤလသာမြို့နယ်၊ တရုတ်တန်းရောက် အောင်မင်းခေါင် ဖြစ်ရပ်ဇာတ်လမ်းသည် ၁၉၅၀ ပြည့်နှစ် ဝန်းကျင်ကာလများတွင် တရုတ်တန်းတွင် အမှန်တကယ် ဖြစ်ပျက်ခဲ့သော အကြောင်းအရာကို ကိုယ်တွေ့ကြုံခဲ့သူ ဒေါ်ကျင်တီ ပြောပြသော အကြောင်းအရာများကို ပြန်လည်ဖော်ပြရခြင်း ဖြစ်ပေသည်။

ရွှေစွန်ညို၊



www.burmeseclassic.com

www.burmeseclassic.com

# အဘအောင်မင်းခေါင်နှင့် ဝိဇ္ဇာဝင်သမိုင်း

**မနင်းစိမ်း(ပြည်)**

ဝိဇ္ဇာမိုရ်ပုဂ္ဂိုလ်ကြီးများ အကြောင်းကို ကျွန်မအား ရေးပြပေးပါရန် အမျိုးမျိုးတောင်းဆိုထားပါသော အနယ်နယ်အရပ်ရပ်မှ ချစ်လှစွာသော ကျွန်မ စာဖတ်ပရိသတ်အား အထူးတင်ပြအပ်ပါသည်။

အဘအောင်မင်းခေါင်၏ အကြောင်း သမိုင်းကိုလည်း ရှေးနှစ်ပေါင်းများစွာက ကျမ်းပြုဆရာများ၏ ပြောပြချက်အရလည်းကောင်း။ ၎င်းတို့ စာပေများကို ကိုးကား၍လည်းကောင်း။ ဆရာတော် အရှင်ဇောတိပါလအား ၎င်း၏စာပေများကို ကိုးကား၍ ပြန်လည်မှျဝေထားပါကြောင်း ပြောပြချင်ပါသည်။

ဝိဇ္ဇာမိုရ်ပုဂ္ဂိုလ်များ၏ အကြောင်းကို ခြားနားစွာ သိရန် လိုအပ်လှပေသည်။

ဝိဇ္ဇာမိုရ်ပုဂ္ဂိုလ်များမှာ ဗေဒဝိဇ္ဇာ၊ မန္တဝိဇ္ဇာ၊ ဂန္ဓာရီဝိဇ္ဇာ၊ လောကီယဝိဇ္ဇာ၊ အရိယဝိဇ္ဇာဟု ငါးမျိုးငါးပြားရှိပါသည်။ ထိုငါးမျိုးထဲမှ

(၁) ဗေဒင်သုံးပုံ၊ ဗေဒင်လေးပုံ၊ ကျမ်းအစုံကို အာဂုံဓိဓိတစ်ဖက်ကမ်းအရောက် ပေါက်မြောက်သောသူကို ဗေဒဝိဇ္ဇာဟု ခေါ်သည်။

(၂) ဆေးကျမ်း၊ ဓာတ်ကျမ်း၊ အင်းအိုင်လက်ဖွဲ့၊ ခါးလှည့်မန္တန်နှင့်တကွ အမျိုးမျိုးသောလက္ခဏာကျမ်း၊ အမျိုးမျိုးသော နိမိတ်ကျမ်း စသောလောကီအတတ်ပညာတို့ကို တစ်ဖက်ကမ်းရောက် တတ်မြောက်သောသူကို မန္တဝိဇ္ဇာဟု ခေါ်သည်။

အထက်ပါ ဝိဇ္ဇာနှစ်မျိုးသည် ကမ္ဘာယတနသိပ္ပယဘာန ဝိဇ္ဇာဖြာနေသုဟူသော ဉာဏဝိဘင်ပါဠိတော်လာသည့် အတိုင်းပင် ဖြစ်ပေသည်။

(၃) ဆေးဝိဇ္ဇာ၊ အင်းဝိဇ္ဇာ၊ ပဒါးဝိဇ္ဇာ၊ သံဝိဇ္ဇာဟူ၍ ဝိဇ္ဇာရေကျမ်း၌လာသော နေသိဒ္ဓိ၊ ဝီယသိဒ္ဓိ၊ စိန္တာမယသိဒ္ဓိမျိုး၊ ပထဝီသိဒ္ဓိ၊ ဥဒကသိဒ္ဓိ၊ အာကာသသိဒ္ဓိ၊ အာယုသိဒ္ဓိမျိုးသို့ ပေါက်ရောက်သဖြင့် နတ်သကြားတို့၏ တန်ခိုး၊ အဘိဉာဉ်တန်ခိုးနှင့် အလားတူတတ်စွမ်းနိုင်သော ဝိဇ္ဇာမျိုးဟူသမျှသည် ဂန္ဓာရီဝိဇ္ဇာဟု ခေါ်ပေသည်။

ဤဂန္ဓာရဝိဇ္ဇာလမ်းကို အားထုတ်လိုကြသော သူမြတ်သည် ရတနာသုံးပါး၏ဂုဏ်ကို မိမိကိုယ်၌ အမြဲထုံစေလျက် တန်ခိုးကြီးသော တောစောင့်နတ်၊ တောင်စောင့်နတ်၊ ရက္ခစိုး၊ ဘုမ္မစိုး၊ ပဗ္ဗတစိုး နတ်တို့ကိုလည်းကောင်း။ မန္တရား အင်းအိုင်မျိုးကို အုပ်စိုးသော ဝိဇ္ဇာဒေဝနတ်တို့ကိုလည်းကောင်း။ သိုက်သမိုင်းဆေးပင်မျိုး ကျောက်ဓာတ်တို့ကို အုပ်စိုးသော ဩသဓိ ဒေဝနတ်တို့ကိုလည်းကောင်း ဤအလုံးစုံသော နတ်တို့ကို ရင်ဝယ်သားကဲ့သို့ သနားချစ်ခင် ကျွမ်းဝင်လေးမြတ်အောင် မိတ်သဟာပြု၍ ထားနိုင်ပါမှ မိမိ၏ အကြံအစည် ထမြောက်အောင်မြင်ရာဟု ဝိဇ္ဇာဝင်သမိုင်းမှ ဆိုထားပါသည်။

မှတ်ချက် ။ ဤဂန္ဓာရီဝိဇ္ဇာသည် နတ်တို့၏ ကမ္မဝိပါကမ္မဇိဒ္ဓိတန်ခိုးကို လွှမ်းမိုးနိုင်ပါသောကြောင့် တချို့နတ်တို့၏ မနာလို ရှိတတ်ပါသည်။ တစ်ခါတစ်ရံ ဤဂန္ဓာရီဝိဇ္ဇာကျင့်



www.burmeseclassic.com

www.burmeseclassic.com

သူ့ကို အသက်အန္တရာယ်ဖြစ်အောင် နှောင့်ယှက်ဖျက်ဆီး တတ်ပေသည်။ ရသာယနဓာတ်ပျားဆေးကို ပေါက်ရောက်ဖော်ပြီးပါက အသက်ကို ရှည်မြင့်စွာသော ကာလပတ်လုံး တည်တန့်စေခြင်းဟု စွမ်းဆောင်နိုင်ပေသည်။

(၄) လောကီယဝိဇ္ဇာ ဆိုသည်မှာကား သာသနာပ အခါကာလ၌ ရသေ့ဆရာကြီးတို့သည် ကသိုဏ်း ဈာန်တို့ကိုရရှိပြီး ၎င်းတို့အားထုတ်၍ ရပ်သော ဒိဗ္ဗစက္ခု၊ ဣဒ္ဓိဝိဓအဘိညာ၊ ဒိဗ္ဗသောတ၊ စေတောပရိယ၊ ပုဗ္ဗေနိဝါသ၊ ယထာကမ္မူပဂ၊ အနာဂတံသ၊ အဘိညာဟူသော အဘိညာဉ်ဝိဇ္ဇာ မျိုးကို ဆိုသည်ဟု ထိုစာအုပ်မှ စာရေးသူသည် မှတ်တမ်းများအရ တင်ပြရပါသည်။ ထို့အပြင် ထိုလောကီအဘိညာဉ်ဝိဇ္ဇာတို့သည် ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ အရိယာသာဝကတို့နှင့် ဆက်ဆံကုန်၏။ ဘုရားတရားကိုလည်း အထူးယုံကြည်လေးစားကြကုန်၏။

(၅) အရိယာဝိဇ္ဇာ ဆိုသည်ကား ရုပ်၊ နာမ်၊ ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာ၊ ပဋိစ္စသမုပ္ပါဒ်တို့ကို ယထာဘူတကျနစ္စာ မှန်ကန်စွာ သိမြင်ပေါက်ရောက်၍ မဂ္ဂဉာဏ်လေးယောက်၊ ဖလဉာဏ်လေးယောက်ဟုဆိုသော ရှစ်ယောက်သော ပုဂ္ဂိုလ်တို့ကို အရိယာဝိဇ္ဇာဟု ခေါ်ပါသည်။

ဤသို့အားဖြင့်လည်း လယ်တီဆရာတော်ဘုရားကြီး ရေးသားတော်မူသော ဝိဇ္ဇာမဂ္ဂဒီပနီကျမ်း၌ ငါးပါးသော ဝိဇ္ဇာအပြားကို ခွဲခြားရှင်းလင်း၍ ပြထားပါသည်။

ထိုဝိဇ္ဇာမဂ္ဂ ဒီပနီကျမ်းကြီး၌ ဖော်ပြထားသည်မှာ ဂန္ဓာရီဝိဇ္ဇာသည် စူဠဂန္ဓာရီဝိဇ္ဇာ၊ မဟာဂန္ဓာရီဝိဇ္ဇာဟူ၍ နှစ်မျိုး နှစ်စား ရှိကြပြန်ပါသည်။ ထိုနှစ်မျိုးထဲမှ စူဠဂန္ဓာရီဝိဇ္ဇာသည် မိမိတို့ရရှိထားသော တတ်မြောက်အပ်သော အတတ်ပညာဖြင့် သူတစ်ပါးအား ပိုင်ထက်ညှဉ်းပန်း၍ အနိုင်အထက်ကျင့်ခြင်း၊ သူတစ်ပါး၏ သားမယား အိုးအိမ်ယာကို ပြစ်မှားကျူးလွန်ခြင်း စသော မကောင်းမှုတို့ကို ပြုမှုအားထုတ်တတ်လေသည်။

တစ်ခါက ဗာရာဏသီဘုရင်ကြီး၏ မိဖုရားကြီးကို

ထိုနှစ်မျိုးထဲမှ စူဠဂန္ဓာရီဝိဇ္ဇာသည် မိမိတို့ရရှိထားသော၊ တတ်မြောက်အပ်သော အတတ်ပညာဖြင့် သူတစ်ပါးအား နိုင်ထက်ညှဉ်းပန်း၍ အနိုင်အထက်ကျင့်ခြင်း၊ သူတစ်ပါး၏ သားမယား အိုးအိမ်ယာကို ပြစ်မှားကျူးလွန်ခြင်း စသော မကောင်းမှုတို့ကို ပြုမှုအားထုတ်တတ်လေသည်။

ညဉ့်သန်းခေါင်ယံအချိန်၌ ဝင်၍ ကြာခိုပြစ်မှားသော ဝိယုပ္ပဋ္ဌဝိဇ္ဇာမျိုး၊ တာနေဒယက္ခဘီလူး၏ ကြင်ယာတော်မင်းသမီးအား ကြုပ်အတွင်းသို့ ဖွတ်အတင်းဝင်ကာ ကြာခိုသော အင်္ဂမည်သော ဝိဇ္ဇာမျိုးကို စူဠာဂန္ဓာရီဝိဇ္ဇာဟူ၍ ခေါ်ဆိုပါသည်။

မိမိနှင့်တကွ လူအများသိနေကြသော အဘအောင်မင်းခေါင်သည် မဟာဂန္ဓာရီသမထဝိဇ္ဇာမျိုးနှင့် အရိယာဝိဇ္ဇာမျိုးသာ ဖြစ်ပါသည်။

ယခုခေတ်သည်ကား တေဝိဇ္ဇာရဟန္တာခေတ် ဖြစ်ပေသည်။ ထို့ကြောင့်လည်း အချို့သူများသည် အရိယာဝိဇ္ဇာပုဂ္ဂိုလ်များမရှိဟု တစ်ထစ်ချ မှတ်ယူ၍ ထားကြပေသည်။

ဘုရားရှင် သခင်ကိုယ်တော်မြတ်ကြီးသည် ဟောကြားသော၊ နည်းလမ်းပြထားသော သုတ်၊ ဝိနည်း၊ အဘိဓမ္မာဟု ဆိုအပ်သော အခုံးအမ ဒေသနာတော် မကွယ်ပျောက်သမျှ ကာလပတ်လုံး သောတာပန်၊ သကဒါဂါမ် စသော အရိယာပုဂ္ဂိုလ်များ မဆိတ်သုံးပေ။ ယခုခေတ်သည် တေဝိဇ္ဇာရဟန္တာခေတ်ဖြစ်၍ အရိယာပုဂ္ဂိုလ်များ ရှိသင့်ရှိထိုက် ရှိအပ်သောခေတ် ဖြစ်ပါကြောင်းလည်း တင်ပြအပ်ပါသည်။

မနှင်းစိမ်း(ပြည်)



www.burmeseclassic.com

www.burmeseclassic.com

# လမ်းမတော်ရောက် ဘိုးမင်းခေါင်

## ပထမံဆရာကြီး ဦးအောင်သူ

အချိန်မှာ ၁၉၆၂ ခုနှစ်၊ ကျွန်ုပ်သည် ဒေါ်ရွှေတီဆိုသူနှင့် အိမ်ထောင်ကျခဲ့သည်။ နှစ်နှစ်ခန့်အကြာတွင် သားယောက်ျားလေးတစ်ဦး ထွန်းကားခဲ့သည်။ ဇနီးဖြစ်သူ၏ ဖခင်မှာ တရုတ်လူမျိုး ဖြစ်သည်။ တစ်နည်းအားဖြင့် မြန်မာသွေးလည်း ပါခဲ့သည် ဆိုပါသည်။

ကျွန်ုပ်တို့ မိသားစုသည် ဇနီးဖြစ်သူ၏ အစ်မများနှင့် ရောနှောနေထိုင်ခဲ့ရာမှ အခြားတစ်နေရာကို ပြောင်းရွှေ့နေထိုင်ခဲ့ရာ ဇနီးဖြစ်သူ၏ ဖခင်ဖြစ်သူ ဦးအင်စိန်လည်း ကျွန်ုပ်တို့နှင့်အတူ လိုက်ပါ၍ နေထိုင်ခဲ့သည်။

တစ်နေ့သော် ဦးအင်းစိန်သည် တစ်ချိန်က သူ၏ဖြစ်ရပ်ဆန်းကို ပြန်၍ ကျွန်ုပ်တို့ကို ပြောပြခဲ့ပါသည်။

မြန်မာနိုင်ငံ အင်္ဂလိပ်အုပ်စိုးချိန်···

ဦးအင်စိန်သည် ဇနီးဖြစ်သူ ဒေါ်သိန်းအပါအဝင် သားသမီး ခြောက်ယောက်ကို ပွဲစားလုပ်ငန်းနှင့် ရှာဖွေကျွေးမွေးပြီး ရန်ကုန်မြို့ အနောက်ပိုင်းရှိ လမ်းမတော်တွင် နေထိုင်ကြသည်။

ထိုအချိန်မှာ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီး၌လည်း ပထမဆုံး စစ်ပွဲဖြစ်သဖြင့်လည်း လူအများ စစ်ဘေးဒဏ်ကို အလူးအလဲခံရသည်။ ဦးအင်စိန်သည် သားသမီးများအတွက် ကုန်ကျစရိတ်မှာ အလွန်များပြားသဖြင့် စားဝတ်နေရေးအတွက် အတော်ပင် ရုန်းကန်ခဲ့ရသည်။ ပွဲစားအလုပ်ဆိုသည်မှာလည်း မရတစ်ချက်၊ ရတစ်ချက်ကြောင့်လည်း အိမ်စရိတ်ကို အတော်လေးအပင်းခံ နေထိုင်ရသည်။

ဦးအင်စိန်သည် အလုပ်မသွားခင် နံနက်စောစော၌ အိမ်အိမ်နှင့် မနီးမဝေးရှိ တရုတ်လက်ဖက်ရည်ဆိုင်တွင် လုပ်ဖော်ကိုင်ဖက် ပွဲစား မိတ်ဆွေများနှင့် စီးပွားရေးအကြောင်းကို ပြောနေလေ့ရှိသည်။

တစ်နေ့သောအခါ လက်ဘက်ရည်ဆိုင်၏ ထောင့်တစ်နေရာတွင် တစ်ဦးတည်း လက်ဖက်ရည်သောက်နေသော လူစိမ်းတစ်ယောက်ကို အမှတ်မထင် တွေ့ရသည်။ ထိုလူစိမ်း ဝတ်စားဆင်ယင်ပုံမှာ တောသားတစ်ဦးကဲ့သို့ ရှိနေသည့် ပုံပန်းသဏ္ဍာန်မှာ အရပ်ရှည်ရှည် ထောင်ထောင်မောင်းမောင်း ကြံ့ခိုင်ဖွံ့ဖြိုးသောကိုယ်ခန္ဓာ၊ ဝတ်ဆင်ထားသည်မှာ အတွင်းခံစွပ်ကျယ်ခံလျက် ပင်နီဖျင်အကြမ်းစားတိုက်ပုံ ဝတ်ထားသည်။ သူ၏ဦးခေါင်းရှိ ဆံပင်ကို ခေါင်းတုံးပုံစံ ညှပ်ထားသည်။ ၎င်းပြင် မျက်နှာသုတ်ပဝါ ခပ်ညစ်ညစ်တစ်ထည်ကို ပခုံးပေါ်တွင် ထားထားပြန်သည်။

ဦးမင်စိန်သည် ဤမျှ အသေးစိတ်ကိုကြည့်၍ စိတ်ဝင်စားမိသည်။ သို့သော်လည်း အမှုမဲ့အမှတ်မဲ့ဖြင့်သာ နေထိုင်လျက် အလုပ်သွားချိန် နီးလာသဖြင့် လက်ဖက်ရည်ဆိုင်မှ ထွက်သွားခဲ့သည်။ နောက်နေ့တွင် ဦးအင်စိန်သည် လက်ဖက်ရည်ဆိုင်ကို သွားသောအခါ ထိုပုဂ္ဂိုလ်ကို မတွေ့ရပါ။

နောက်တစ်ပတ်ခန့်အကြာ ဦးအင်စိန်သည် ထိုပုဂ္ဂိုလ်အမြဲထိုင်သော လက်ဖက်ရည်ဆိုင်၏ ထောင့်နေရာ၌ပင် လက်ဖက်ရည်တစ်ခွက်ကိုမှာ၍ သောက်နေစဉ်···

သူတွေ့လိုသော ပုဂ္ဂိုလ်သည် လွယ်အိတ်ခပ်ကြီးကြီးတစ်လုံးကို လွယ်၍ ဖိုသီဖတ်သီနှင့် လက်ဖက်ရည်ဆိုင်ထဲကို ဝင်လာသည်။ ဦးအင်စိန်လည်း ထိုပုဂ္ဂိုလ်ကို ထ၍ သူထိုင်နေသောနေရာကို ထိုင်ရန် နေရာပေးပါသည်။ ထိုပုဂ္ဂိုလ်မှ ဘာမှမပြောဘဲ ထိုင်ချလိုက်သည်။

ဦးအင်စိန်မှ "ဟော့···ပေါက်ဖော်၊ လက်ဖက်ရည်တစ်ခွက်ပေးပါ"ဟု ဆိုင်ရှင်ကို လှမ်း၍မှာသည်။ လက်ဖက်ရည်ရောက်လာသဖြင့် "ဆရာကြီး သုံးဆောင်ပါ"ဟုဆိုရာ ထိုပုဂ္ဂိုလ်သည် ဘာမှမပြောဘဲ ဆိုင်ရှင်တရုတ်ကြီးချပေးသော အငွေ့တထောင်းထောင်းရှိနေသော လက်ဖက်ရည်ကိုယူ၍ တစ်ရှိန်ထိုးသောက်ချလိုက်ပါသည်။ ဒါတွင်မကသေး ပူပူနွေးနွေးရှိသော ရေနွေးအိုးမှ ရည်ကိုလည်း အကြမ်းပန်းကန်ထဲ မထည့်ဘဲ ကရားနှုတ်သီးမှပင် မော့၍ သောက်ချလိုက်တော့သည်။

ဦးအင်စိန်သည် အံ့ဩမဆုံး ရှိနေသည်။



www.burmeseclassic.com

www.burmeseclassic.com

ဦးအင်စိန်မှ "ဆရာကြီး ဘယ်ကလာလဲ"ဟု မေးရာ "ဓါက ဆေးဆရာလာတာ၊ ငါတည်းမယ့်နေရာ လိုက်ရှာနေတာ" ဟု ထိုပုဂ္ဂိုလ်မှဆိုရာ "ဟာ···ဒါဆို ကျွန်တော့်အိမ်မှာပဲ တည်းပါဆရာကြီး"၊ "အေး···ဒါဆို မင်းအိမ်မှာပဲ တည်းမယ်" ဟုဆို၍ ဦးအင်စိန်သည် ဆရာကြီးဆိုသူကို မိမိအိမ်သို့ ခေါ်သွားပါသည်။ ထိုအချိန်က ဦးအင်စိန်သည် လမ်းမတော် အထက်ဘက်၌ နေထိုင်သည်။

ဦးအင်စိန်သည် ထိုပုဂ္ဂိုလ်အား နားမည်လည်း မမေးမိဘဲ ဆရာကြီးဟူ၍သာ ခေါ်နေပါသည်။ ဦးအင်စိန်သည် မိမိအိမ်၏ ခေါင်းရင်း၌ပင်ထား၍ ထမင်းစားချိန်၊ လက်ဖက်ရည်သောက်ချိန်တို့ကို အလေးထား၍ ပြုစုသည်။ ဤသို့ဖြင့် ထိုပုဂ္ဂိုလ်သည် မကြာခဏ ခရီးထွက်လေ့ရှိသည်။

တစ်နေ့တွင် ဆရာကြီး ပြန်ရောက်လာရာ ဦးအင်စိန်မှ ဆရာကြီး ခရီးသွားတာကြာတယ်ဟု ဆိုမိသည်။ ထိုပုဂ္ဂိုလ်ကြီးမှ "အေး···ငါကြာသွားတယ်။ ဒီတစ်ခါ ခရီးထပ်သွားရဦးမယ်၊ ဒါပေမဲ့ ဒီခရီးက တော်တော်ကြာလိမ့်မယ် အင်စိန်"ဟု ဆရာကြီးမှ သူသွားမယ့် ခရီးအကြောင်းကို ပြောပါသည်။

ထိုနေ့ည (၁၂) နာရီခန့်တွင် ဆရာကြီးမှ "ဟဲ့··· အင်စိန်၊ ထစမ်း။ မင်းကံကောင်းမယ့်အချိန် ရောက်နေပြီ"ဟု ဦးအင်စိန်လည်း ဘာမှမသိပဲ အိပ်ရာမှ အလူးအလဲ ထလိုက်ပါသည်။ ဆရာကြီးမှ -

"အင်စိန်···မင်းမတ်တတ်ရပ်ပြီး အရှေ့ဘက်ကို မျက်နှာမူ။ ကိုင်း··ငါဆိုသလို လိုက်ဆို၊ သက်ဆိုင်ရာ ပုဂ္ဂိုလ်များ ကျွန်တော့်ကို စီနေ့ကစပြီး ပိုက်ဆံများများရအောင် မစပါ" ဟု တိုင်၍ပေးရာ ဦးအင်စိန်လည်း လိုက်၍ ဆရာကြီးဆိုသည်ကို လိုက်၍ဆိုပါသည်။ ဆရာကြီးသည် သူ၏ ညစ်ထေးလှသော မျက်နှာသုတ်ပဝါကို ဦးအင်စိန်သို့ ပေးခဲ့လေသည်။

နံနက် မိုးလင်းသောအခါ ဆရာကြီးဆိုသူသည် ဦးအင်စိန်တို့မိသားစုကို နှုတ်ဆက်၍ ခရီးထွက်သွားပါတော့သည်။ ဦးအင်စိန်သည် ထိုပုဂ္ဂိုလ်ကြီး ပြန်သွားသည့်နေ့မှစ၍ ပွဲစားအလုပ်ဖြင့် ချမ်းသာ၍သွားတော့သည်။ ဤကဲ့သို့ ချမ်းသာခြင်းမှာ ထိုပုဂ္ဂိုလ်ပေးသော မျက်နှာသုတ်ပဝါကြောင့်ပင် ဖြစ်ပါသည်။

သို့သော် ဦးဟန်စိန်သည် မသိခဲ့ပါချေ။

အချိန်တွေက ပြောင်းလဲခဲ့ရာ ဒုတိယကမ္ဘာစစ်မီးကြီး လောင်တော့သည်။ ဦးအင်စိန်တို့ မိသားစုမှာ မိမိတို့နေထိုင်ရာ လမ်းမတော်နေအိမ်မှ တခြားနေရာသို့ ပြောင်းသွားခဲ့ရတော့သည်။

စစ်ပွဲကြီးအတွင်း ဦးအင်စိန်တို့မိသားစုမှာ စီးပွားလည်း ပျက်၊ ဇနီးဖြစ်သူလည်း အသက်ဆုံးရှုံးသွားခဲ့ရသည်။ နှစ်ပေါင်းအတော်ကြာ စစ်ပွဲတွေအပြီး မြန်မာနိုင်ငံလွတ်လပ်ရေးရပြီး မကြာမီ ဗိုလ်ချုပ်အောင်ဆန်း ကျဆုံးသည်။ တစ်ဖန် ဦးနုအစိုးရ တက်ပြန်တော့ ရန်ကုန်မြို့သည် အနည်းငယ်အေးချမ်းလာသော တစ်နှစ်တွင် ဦးအင်စိန်သည် သားသမီးများနှင့်အတူ ရေတာရှည်လမ်းဟောင်းတွင် နေထိုင်လျက်ရှိနေသည်။ ဦးအင်စိန်သည် ထိုအချိန်တွင် သူ့ကိုချမ်းသာအောင် မစခဲ့သော ပုဂ္ဂိုလ်ကြီးကို တမ်းတမိ၏။

တစ်နေ့သောအခါ မန္တလေးမြို့မှ အဘပွားဆိုသော ပုဂ္ဂိုလ်ကြီးတစ်ဦးသည် ကျောက်မြောင်းတွင် ရောက်ရှိနေကြောင်း ကြားရ၏။ သူ၏ဆရာလားမသိဟူ၍ ထင်မိသည်။ ဒါကြောင့်ပင် ကျောက်မြောင်းကိုသွား၍ အဘဆိုသော ပုဂ္ဂိုလ်ကြီးထံ ရောက်ခဲ့သည်။ ထိုအိမ်သို့ ရောက်သောအခါ ဧည့်သည်များနှင့် ပြည့်နေသဖြင့် ပရိသတ်၏နောက်ဆုံးမှ ထိုင်၍ အကဲခတ်နေပါသည်။

ထိုစဉ် "ဟော့···နောက်ဆုံးကထိုင်နေတဲ့ ငါ့တပည့်ကြီး အင်စိန် ရှေ့ကိုလာခဲ့စမ်း"ဟု အဘမှ လှမ်းခေါ်ရာ ပရိသတ်ကြီးမှာ ဟိုဟိုဒီဒီကို ကြည့်ကြသည်။

နောက်တစ်ဖန် "အင်စိန်··လာလေ၊ ငါမင်းခေါင်ကွဲ့. မင်းကို တစ်ချိန်က ချမ်းသာအောင်လုပ်ပေးခဲ့တဲ့ မင်းခေါင်ဆိုတာ ငါပဲ။ အေး···အခုတော့ ငါ့နာမ်ကိုသုံးပြီး ဒီပုဂ္ဂိုလ် မောင်ပွားဆီမှာ ငါရှိနေတယ်။ ရှေ့ကိုလည်း ငါ့ကိုယ်စား နာမ်ပွားပြီး သတ္တဝါတွေကို လမ်းပြရဦးမယ်"ဟု အဘမှ ရှေ့ခရီးကို ကြိုတင်၍ ပြောခဲ့လေသည်။

ဩော်···အဘဘိုးမင်းခေါင်သည် တရုတ်လူမျိုးများ နေထိုင်ရာ အရပ်ကိုလည်း ရောက်ခဲ့ပါပေတကား။ ဦးအင်စိန်လည်း အဘဘိုးမင်းခေါင်မှန်း အခုသိရ၍ ယူကျုံးမရဖြစ်ကာ ရှိုက်ကြီးတငင် ငိုကြွေး၍သာ ရှိနေပါတော့သည်။

အဘဘိုးမင်းခေါင်ထွက်ပွဲ ဖြိမ့်ဖြိမ့်သဲသဲရှိချိန်ကို ရည်သန်၍သာ···။

မှတ်ချက် ။ ။ ဖြစ်ရပ်မှန်ကို ဆီလျော်အောင် မှန်းဆရေးရပါ၏။

ပထမံဆရာကြီး ဦးအောင်သူ



www.burmeseclassic.com

www.burmeseclassic.com

# ဝိဇ္ဇာမိုရ်များနှင့် ဓာတ်စီးပုံများ

ဂုရုအောင်

ယနေ့ တနင်္ဂနွေနေ့ ဖြစ်ပါသည်။ ကျွန်ုပ်၏ မိတ်ဆွေကြီးလာလျှင် အဆင်သင့် ရှင်းပြပေးနိုင်ရန်အတွက် (ဓာတ်စီးခြင်း)အကြောင်းပါသည့် မှတ်စုစာအုပ်ကို ပြန်လည်၍ ဖတ်ရှုထားလိုက်ပါသည်။ ထို့နောက် မိတ်ဆွေကြီးလည်း ရောက်လာပြီး "မင်္ဂလာပါဆရာ၊ ဆရာ့အတွက် ကိတ်မုန့်ဝယ်လာခဲ့ပါတယ်"ဟု ပြောကာ ကျွတ်ကျွတ်အိတ်ကို ကျွန်ုပ်သို့ လှမ်းပေးလျှင် ကုလားထိုင်တွင် ဝင်ထိုင်လိုက်ပါသည်။

"ဒီနေ့တော့ မနေ့က အဆက်ဖြစ်တဲ့ (ဓာတ်စီးခြင်း) အကြောင်းကို နားထောင်ပြီး အေးအေးဆေးဆေး မသိတာလေးတွေကို မေးမြန်းဆွေးနွေးပြီးတော့မှ ပြန်မယ်လို့ ဆုံးဖြတ်ထားပါတယ်" ဟူ၍ စကားစ ပျိုးပေးထားလိုက်ပြန်ပါသေးသည်။ ကျွန်ုပ်ကလည်း "ဝိဇ္ဇာမိုရ် ဘိုးတော်များရဲ့ ဓာတ်စီးခြင်း အကြောင်းကို ခြေခြေမြစ်မြစ်နဲ့ သိနိုင်ဘို့အတွက် ရှေးဦးစွာ အဲဒီ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်ဘိုးတော်များဖြစ်ကြတဲ့ (ဝိဇ္ဇာမိုရ်များ)အကြောင်းကို သိထားဘို့ လိုအပ်ပါတယ်။ အဲဒါကို သိပြီးမှသာ ဓာတ်စီးတာကိုလည်း သဘောပေါက်သွားမှာ ဖြစ်ပါတယ်"ဟု နိဒါန်းပျိုးကာ အောက်ဖော်ပြပါအတိုင်း ရှင်းပြပေးလိုက်ပါသည်။

အဲဒီ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်များ ဖြစ်ကြတဲ့ ဝိဇ္ဇာမိုရ်တွေဟာ "ဆေးအတတ်၊ အင်းအတတ်၊ ပြဒါးအတတ်၊ သံအတတ်၊ မန္တန်အတတ်" စသည်အားဖြင့် လောကီအတတ်ပညာတွေထဲက သူတို့နဲ့ ပါရမီ အထုံအဆက်ပါလာတဲ့ ပညာရပ်တစ်မျိုးမျိုးကို အဆုံးစွန် အနှိမလမ်းဆုံးသို့ ရောက်သည်အထိ ပြုပြင်စီရင်နိုင်ပြီး သိဒ္ဓိအမျိုးမျိုးကို ရရှိနေကြတဲ့ ပုဂ္ဂိုလ်ထူးများ ဖြစ်ကြပါတယ်။ ဒီအကြောင်းအရာနဲ့ ပတ်သက်၍ မုံရွေးဇေတဝန်ဆရာတော်ဘုရားကြီး ရေးသားပြုစုတော်မူခဲ့တဲ့ သမန္တစက္ခုကျမ်းတွင် ဖော်ပြထားချက်ကို သာဓကတစ်ရပ်အနေနဲ့ တိုက်ရိုက်အားဖြင့် ထုတ်နုတ်ပြပါဦးမယ်။

ဝိနယာဓရ = ဝိနည်းမိုရ် ခေါ်ဆိုသကဲ့သို့ ဝိဇ္ဇာဓရ= ဝိဇ္ဇာမိုရ် ခေါ်ဆိုသည်။ အဘယ်အတတ်ပညာဖြင့် အဘယ်ကဲ့သို့ ပြုပြင်စီရင်၍ "ကောင်းကင်သို့ သွားနိုင်ကြောင်း"ကိုမူကား ကျမ်းဂန်၌ သိသာထင်ရှားအောင်မပါ။ လောကီကျမ်းတို့အရ "ကောင်းကင်သို့ သွားနိုင်ခြင်း"၌ မန္တန်ကြောင့်လည်းကောင်း၊ ဆေးကြောင့်လည်းကောင်း တစ်နည်းနည်းကြောင့်ပင် သွားနိုင်ဟန်ရှိသည်။ မန္တန်ကြောင့်လည်းကောင်း၊ ဆေးကြောင့်လည်းကောင်း သွားနိုင်သည်ဟု ယူဆသင့်သည်။ သာဝတ္ထိပြည်တွင် ပိလိန္ဒဝစ္ဆထေရ်အလောင်းသည် ဗုဒ္ဓဘုရားသခင်နှင့် မတွေ့မီက စူဠဂန္ဓာရမည်သော အတတ်ကို တတ်၏။ ထိုအတတ်ဖြင့် ကောင်းကင်သို့ ပျံနိုင်၏။ သူတစ်ပါး၏စိတ်ကို သိနိုင်၏။ ရာဇဂြိုဟ်ပြည်၌ နေ၏ဟုဆို၏။ မဟာဂန္ဓာရမန္တန်လည်း ထို့ထက်ပင် တန်ခိုးကြီးသည်ဟု ဆိုသည်။

မြတ်စွာဘုရားသခင်သည် နာဠန္ဒမြို့ ပါဝါရိကသူဌေး၏သရက်ဥယျာဉ်၌ နေတော်မူစဉ် ကေဝဋ္ဋမည်သော သူကြွယ်သားသည် လျှောက်၏။ "အရှင်ဘုရား၊ ရဟန်းတစ်ပါးကို တန်ခိုးဖန်ဆင်းခြင်းကို ပြုစေပါလော့။ တကာတို့သည် အလွန်ကြည်ညိုပါကုန်လတ္တံ့"ဟု လျှောက်၏။ မြတ်စွာဘုရားကလည်း "ရဟန်းတို့ကို တန်ခိုးမပြလင့်ဟု ငါ တားမြစ်တော်မူ၏"ဟူ၍ မိန့်တော်မူ၏။ "အရှင်ဘုရား တန်ခိုးပြသည်ရှိသော် နာဠန္ဒမြို့သားတို့သည် အတိုင်းထက်အလွန် ကြည်ညိုကုန်ရာ၏"ဟူ၍ လျှောက်ပြန်၏။ "အချင်း ကေဝဋ္ဋ၊ အဘယ်၍ တန်ခိုးပြအံ့။ ထိုရဟန်းကိုရည်၍ သဒ္ဓါသောသူတို့သည် ချီးမွမ်းရာ၏။ ထိုသဒ္ဓါသောသူတို့ကို မသဒ္ဓါသောသူတို့သည် ဆိုပြန်ရာ၏။ အိုး...လူသားတို့၊ ဂန္ဓာရမည်သော ရသေ့၏ အတတ်သည် ရှိ၏။ ထိုဂန္ဓာရမန္တန်အတတ်ဖြင့် များစွာသော တန်ခိုးဖန်ဆင်းခြင်းကို ဖြစ်စေအပ်၏။ တစ်ယောက်တည်းလျက်လည်း များစွာသောကိုယ်ကို ဖြစ်စေတတ်၏။ အများဖြစ်လျက်လည်း တစ်ယောက်တည်းဖြစ်စေနိုင်၏။ မြေလျှိုးခြင်း၊ မိုးပျံခြင်း စသည့် အမျိုးမျိုးနှင့် လစန်းကိုလည်းကောင်း၊ နေဝန်းကိုလည်းကောင်း



www.burmeseclassic.com

www.burmeseclassic.com

သုံးသပ်နိုင်၏။ ခုပ်နယ်နိုင်၏။ ဤသို့ ဂန္ဓာရမန္တာန်ကို ချီးမွမ်း၍ ဆိုရာ၏။ ဤအဖြစ်ကိုမြင်၍ ငါဘုရားသည် တန်ခိုးပြခြင်းကို အလိုမရှိ"ဟု မိန့်တော်မူ၏။

ထို့ကြောင့် ဂန္ဓာရမန္တန်လည်း အထူးထူးသော အရပ်အဆင်း တန်ခိုးပြာဋိဟာကို ပြနိုင်ခြင်း၊ ဖြုပ်မွာပြည်တိုင်အောင် သွားနိုင်ခြင်း အစွမ်းရှိသည်။ ဤကဲ့သို့ မန္တန်တို့ကို ဝိဇ္ဇာမိုရ်တို့တတ်၍ ပျံနိုင်သည်ဟု မှတ်ရာ၏။ တစ်နည်းလည်း မန္တန်လည်းတတ်၊ ဆေးလည်းတတ် နှစ်ပါးစုံတတ်မြောက်မှသာ ဝိဇ္ဇာမိုရ်မြောက်သည်ဟု ယူသင့်၏ဟု ဆရာတော်ဘုရားကြီးက သုံးသပ်ပေးထားတော် မူပါတယ်။ ဒါ့အပြင် အပါဒါန် ဗုဒ္ဓဝင်ဇာတ်နိပါတ်တော်လာ ဝိဇ္ဇာမိုရ်တို့အကြောင်းကို အကျယ်ထုတ်ပြပြီး အဆုံးအဖြတ်ပေးထားသည့် အချက်များလည်း အဲဒီကျမ်းမှာ ပြည့်ပြည့်စုံစုံလေး ဖော်ပြထားပါသေးတယ်။

ဒီအချက်တွေကို ထောက်ရှုခြင်းအားဖြင့် ထွက်ရပ်ပေါက်ပုဂ္ဂိုလ်များဖြစ်ကြတဲ့ ဝိဇ္ဇာမိုရ်ဘိုးတော်များဟာလည်း (ဥတုဇရုပ်)သာလျှင် ပဓာနအားကြီးနေကြတဲ့ လူသားစစ်စစ်တွေဘဲ ဖြစ်ကြတယ်ဆိုတာကို ခင်ဗျားအနေနဲ့ ရှင်းလင်းပြတ်သားစွာ သဘောပေါက်လိမ့်မယ်လို့ ထင်ပါတယ်။ ဒီနေရာမှာ ခင်ဗျားတို့ ကျုပ်တို့ ကြားဖူးနားဝစကားလေးနဲ့လည်း သုံးသပ်နိုင်ပါသေးတယ်။ ဘာလဲဆိုတော့ ဖော်ကျိုဖိုဝင်သားကိုစားပြီးတဲ့နောက်ပိုင်းမှာ ထူးခြားတဲ့ အစွမ်းသတ္တိတွေကို ရသွားကြတဲ့ လူစွမ်းကောင်းတွေ ရှိခဲ့ဘူးတယ်ဆိုတာလေ။ အဲဒီထွက်ရပ်ပေါက် ဝိဇ္ဇာမိုရ်ဘိုးတော်များဟာလည်း ဘယ်လောက်ပဲ သိဒ္ဓိရှိရှိ၊ ဘယ်လောက်ပဲ အစွမ်းထက်နေနေ သူတို့ရဲ့ အသက်ဇီဝနဲ့ ရုပ်ခန္ဓာကြီးကို သူတို့ရည်မှန်းထားတဲ့ နှစ်ကာလတစ်ခုဆီသို့ ရောက်ဖို့အတွက် အချိန်မှန်မှန် ဆေးဝါးဓာတ်စာ အာဟာရများကို မှီဝဲသုံးဆောင်နေကြရပါသေးတယ်။ တစ်နည်းအားဖြင့် ထွက်ရပ်ပေါက်ပုဂ္ဂိုလ်များမှာလည်း သူတို့ရဲ့ ဥတုဇရုပ်ခန္ဓာကို နှစ်ပေါင်းများစွာ ရှည်ကြာစွာ တည်တံ့နေစေရန်အတွက် အာယုသင်္ခါရကို အစဉ်တစိုက် စောင့်ရှောက်ပေးနေရပါသေးတယ် ဆိုတာပါပဲ။

အဲဒီတော့ကာ ဒီအချက်ကို ခင်ဗျားတို့ကျုပ်တို့ ခပ်နက်နက်ကလေးနှိုက်ပြီး စဉ်းစားသုံးသပ်ကြည့်လိုက်မယ်ဆိုရင် ဥတုဇရုပ်ခန္ဓာရှိနေတဲ့ ထွက်ရပ်ပေါက်ဝိဇ္ဇာမိုရ်ဘိုးတော် တစ်ဦးဦးက သူလိုဘဲ ဥတုဇရုပ်ခန္ဓာရှိနေတဲ့ ခင်ဗျားတို့ ကျုပ်တို့လိုသာမန်လူတစ်ယောက်ကို ပူးကပ်ပြီး ဓာတ်စီးတယ်ဆိုတဲ့ကိစ္စမျိုး ဖြစ်နိုင်မဖြစ်နိုင်ပေါ့ဗျာ။ အကယ်၍များ တစ်နေရာရာမှာ အမှန်တကယ်ဖြစ်နေပါတယ်လို့ ပြောလာကြရင်လည်း အခုရှင်းပြပေးတာတွေနဲ့ နှိုင်းယှဉ်ချိန်ဆပြီး အသင့်ယုတ္တိ ရှိ မရှိဆိုတာကို ဝေဖန်စိစစ်ကြဖို့ လိုပါတယ်။

အခုခေတ် ခင်ဗျားတို့ကျုပ်တို့ရဲ့ သက်တမ်းကာလများထဲမှာဘဲ ထူးခြားဆန်းပြားတဲ့ သွင်ပြင်လက္ခဏာနဲ့ လှုပ်ရှားပြုမူနေသည့် ပုဂ္ဂိုလ်ထူးတစ်ဦးဦးကို ဝိဇ္ဇာမိုရ်ဘိုးတော်ဟု ထင်မှတ်သမုတ်ပြီး ချဉ်းကပ်ပူဇော်နေကြရာတွင် အဲဒီပုဂ္ဂိုလ်ထူးဟာ လူ့သက်တမ်းဝန်းကျင်လောက်သာနေပြီး သေသွားပြန်တော့လည်း အသေထွက် ထွက်သွားတာလို့ ချီးမြှောက်ပြောဆိုတတ်ကြတာမျိုးတွေ ရှိပါတယ်။ အဲဒီပုဂ္ဂိုလ်ထူးဟာ သူမသေခင်က ကျင့်ကြံအားထုတ်ထားတဲ့ တရားဓမ္မစရဏများအလျောက် သေပြီးနောက် ဘဝသစ်မှာ ကမ္မဇရုပ်ခန္ဓာသာလျှင် ပဓာနရှိတဲ့ နတ်ဒေဝတာတစ်မျိုးမျိုး ဖြစ်နေမယ်ဆိုရင်တော့ အဲဒီနတ်ဟာ သူ့ဆန္ဒအလျောက် သူနဲ့ ပတ္တာန်းဆက်ရှိတဲ့ လူပုဂ္ဂိုလ်တစ်ယောက်ယောက်ကို ချီးမြှောက်မစလို၍ဖြစ်စေ၊ တစ်စုံတစ်ရာကိစ္စမျိုးကြောင့်ဖြစ်စေ ပူးကပ်ပြီး တစ်နည်းအားဖြင့် ဓာတ်စီးပြီး ဗေဒင်ဟောခြင်း၊ ဆေးကုခြင်း စတဲ့ ကိစ္စတွေကို ပူးကပ်ခံရသူကိုယ်တိုင်က မသိမတတ်သည့်တိုင်အောင် ဆောင်ရွက်လုပ်ကိုင်စေတာမျိုးတွေတော့ ရှိနိုင်ကောင်းပါတယ်။ တကယ်လည်း ဖြစ်နိုင်ကောင်းပါတယ်။ ဘာကြောင့်လဲဆိုတော့ ပရလောကသား တစ်ဦးဦးက ပူးကပ်ဓာတ်စီးပြီး ဆေးကုပေးတာတို့၊ ဗေဒင်ဟောတာတို့ အစရှိတဲ့ ဖြစ်ရပ်ဆန်းတွေက ယနေ့ ကမ္ဘာတစ်ဝှမ်းမှာ ထုတ်ဝေနေကြတဲ့ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း အစရှိတဲ့ စာစောင်တွေမှာ အခါအားလျော်စွာ ဖော်ပြပါရှိနေကြတာဘဲ မဟုတ်လားဗျာဟု မနားတမ်း ပြောပြီးလျှင် ၎င်းထံမှ ထင်မြင်ချက်အဖြေကို မျှော်လင့်ခြင်းနှင့်အတူ ရပ်နားလိုက်ပါတော့သည်။

ထိုအခါ မိတ်ဆွေကြီးက "ဟုတ်ကဲ့၊ ဆရာက အကိုးအကား သာဓကတွေ စုံစုံလင်လင်နဲ့ ရှင်းပြပေးတာကို နားထောင်ရတာကောင်းသလို သဘောလည်း ပေါက်တန်သလောက် ပေါက်ပါတယ်ဗျာ။ ဒါပေမဲ့ အခုမဂ္ဂဇင်းထဲမှာ ပါနေတဲ့ တစ်နေရာမှာ ဘိုးတော်ကြီးအောင်မင်းခေါင် ဝင်စားပါတယ်ဆိုတဲ့ ဘိုးတော်လေးရဲ့ကျော်မင်း ရှိနေသလို အခြားနေရာများမှာလည်း ဘိုးတော်ကြီးအောင်မင်းခေါင် ဓာတ်စီးပြီး ဆေးကုပေးနေကြတဲ့ အမျိုးသမီးတွေကလည်း ရှိနေကြပြန်သေးတော့ အဲဒီလို ကိုယ်ပွားကိစ္စမျိုးတွေကို ဘယ်လိုနားလည်ရမယ်ဆိုတာကိုလည်း ဖြစ်နိုင်ရင် ဆက်ပြီးရှင်းပြပေးပါဦးလား

www.burmeseclassic.com

ဗျာ"ဟု တောင်းဆိုတာပြန်ပေရာ ကျွန်ုပ်ကလည်း ဒီလိုကိစ္စမျိုးတွေက အလွန်သိမ်မွေ့ကြသလို ရှင်းရှင်းလင်းလင်းသိဖို့ဆိုတာလည်း မလွယ်လှဘူးဗျ။ ဒီနေရာမှာ ခင်ဗျားအနေနဲ့ မှန်းဆပြီး အနုမာနနည်းနဲ့ ကြည့်မြင်နိုင်အောင် ကျွန်တော်ကိုယ်တိုင်ရဲ့ ဘာသာဆန္ဒပြင်းပြမှုတစ်ဆင့် အမှန်တကယ်ဖြစ်ခဲ့ဘူးတာနဲ့ရော အဌာပ္ပတ္တိစာ[illegible]ထဲမှာပါတဲ့ ဘိုးတော်ကြီးအောင်မင်းခေါင်ရဲ့ ထူးထူးခြားခြား စတိုင်တစ်မျိုးနဲ့ပါ ပေါင်းစပ်ပြီး ရှင်းပြပေးရတာပေါ့ဗျာဟု ပြောကာ အောက်ပါဖော်ပြချက်များအတိုင်း ရှင်းပြပေးလိုက်ရပြန်ပါသည်။

ကျွန်တော်တို့မြန်မာနိုင်ငံ လွတ်လပ်ရေးမရခင် ၁၉၄၆ ခုနှစ်ကစပြီး ၁၉၇၃ ခုနှစ်အထိ တွက်ချက်ဟောပြော မှုများနှင့် ပတ်သက်၍ အလွန်နာမည်ကြီးနေသည့် နက္ခတ်ဗေဒင်ဆရာကြီးတစ်ဦး ရှိခဲ့ဖူးပါတယ်။ လျှပ်စစ်ဗေဒင် ဦးအုန်းသင် ဖြစ်ပါတယ်။ အဲဒီဆရာကြီးဟာ အရှေ့တောင်အာရှနိုင်ငံများ ပူးတွဲကျင်းပတဲ့ ရန်ကုန်မြို့ အောင်ဆန်းအားကစားပွဲ (ငါးကြိမ်မြောက်ထင်ပါတယ်)တွင် ဘောလုံးဗိုလ်လုပွဲ၌ မြန်မာနိုင်မည်ဟူသော ဟောကိန်းနှင့် အမေရိကန်ကလူကို လကမ္ဘာသို့ အပိုလို ၁၁ ယာဉ်ဖြင့် လွှတ်တင်သည့်ကိစ္စတွင်လည်း ကောန်မှချ ရောက်လိမ့်မည်ဟူသော ဟောကိန်းများ မှန်ကန်မှုတို့ကြောင့် လျှမ်းလျှမ်းတောက် နာမည်ကြီးခဲ့ပါတယ်။ လပေါ် လူရောက် ၂၀-၇-၆၉ ဘယ်လောက်တောင် နာမည်ကြီးခဲ့သလဲဆိုပါလျှင် မူရင်းဖြစ်တဲ့ လျှပ်စစ်ဗေဒင်ဦးအုန်းသင်နာမည်ထဲက နာမည်ရင်းဖြစ်တဲ့ ဦးအုန်းသင်ပျောက်သွားပြီး ဂုဏ်ထူးဆောင်နာမည်ဖြစ်တဲ့ ဆရာကြီးလျှပ်စစ်ဗေဒင်နဲ့ လျှပ်စစ်ဗေဒင်ဆရာကြီးအဖြစ်သို့ ရောက်သွားပါတော့တယ်။ ကျွန်တော်ကလည်း အဲဒီဂုဏ်ထူးဆောင် နာမည်ဖြစ်တဲ့ လျှပ်စစ်ဗေဒင်ကို ဂုရုအောင်နာမည်နဲ့တွဲပြီး သုံးချင်လာတဲ့ အာသာဆန္ဒဖြစ်ပေါ်ခဲ့ပါတယ်။ လက်တွေ့အသုံးချနိုင်ဖို့အတွက် အတော့်ကိုကြိုးစားရပါတယ်။ နောက်ဆုံးတော့ သုံးခွင့်ရပြီး သင်တန်းအောင်လက်မှတ်မှာ ဂုရုအောင်-လျှပ်စစ်ဗေဒင်လို့ ထည့်ပေးလိုက်ပါတယ်။ ဒါကတော့ ကျွန်တော်ကိုယ်တိုင်ရဲ့ အာသာဆန္ဒပြင်းပြမှုနဲ့ ကြိုးစားမှုတို့ကြောင့် ရခဲ့တဲ့ ဆုလာဘ်ဖြစ်ပါတယ်။

ဘိုးတော်ကြီးအောင်မင်းခေါင်ရဲ့ တစ်မူထူးခြားတဲ့ စတိုင်တစ်မျိုးကိုလည်း ဆက်လက်ဖော်ပြပေးပါဦးမယ်။ ဆရာကြီးဦးပေါ်ဦးပြုစုရေးသားထားတဲ့ ထွက်ရပ်ပေါက်ရာဇဝင် အဌာပ္ပတ္တိစာအုပ်ထဲမှာ ထိုအခါ အောင်မင်းခေါင်အရှင်သည် စိတ်ဖြင့်လျှောက်ထားသူ တပည့်ဓာတ်ပုံဆရာအား လက်ညှိုးဖြင့် ညွှန်ပြကာ တင်ပျဉ်ခွေဖြင့် ကိုယ်ကိုတည့်မတ်စွာထား၍ ဓာတ်ပုံရိုက်ကူးရန် အခ[illegible]လိုက်သည်ဆိုကြောင်းဟူ၍ ဖော်ပြထားပါတယ်။

ဓာတ်ပုံထဲမှာလည်း နှုတ်ခမ်းဖက်ပေါ် တစ်ဖက်တင်ပြီး ချေကလိန်ချိတ်ထိုင်နေပုံကိုလည်းကောင်း။ တစ်ဖန် အပေါ်ခုံးကြယ်သီးတပ်ထားတဲ့ တိုက်ပုံအင်္ကျီအဖြူနဲ့ ကွက်ကျားပုဆိုးတို့ကိုဝတ်ပြီး ဣန္ဒြေသိက္ခာအပြည့်ပါတဲ့ မျက်နှာပေးဖြင့် တစ်စုံတစ်ရာသို့ စူးစိုက်ကြည့်နေပုံကိုလည်းကောင်း ထူးခြားစတိုင်များအနေနဲ့ တွေ့မြင်ရပါတယ်။ အဲဒီထူးခြားစတိုင်များပါတဲ့ ဓာတ်ပုံများကိုလည်း ဘိုးတော်ကြီးကို အထူးတလည်ကြည်ညိုလေးစားကြတဲ့ ပုဂ္ဂိုလ်များက ၎င်းတို့ရဲ့အိမ်တွေမှာ ချိတ်ဆွဲပူဇော်ထားတတ်ကြသလို ရှားရှားပါးပါး အချို့သော အမျိုးသားအမျိုးသမီးများကလည်း ဘိုးတော်ကြီးအောင်မင်းခေါင် ဓာတ်စီးတယ်ဆိုပြီး ဘိုးတော်ကြီးရဲ့ ထူးခြားစတိုင်မျိုးနဲ့ထိုင်ကာ ဆေးကုပေးတာတို့ ဗေဒင်ဟောတာတို့ကို လုပ်ဆောင်တတ်ကြတာမျိုးတွေကို တွေ့နိုင်ပါသေးတယ်။

အခုဖော်ပြထားခဲ့တာတွေနဲ့ ပတ်သက်ပြီး ခင်ဗျားအနေနဲ့ ခွဲခြမ်းစိတ်ဖြာပြီး ဆင်ခြင်သုံးသပ် ဆုံးဖြတ်ယူရမှာက ဆရာကြီး လျှပ်စစ်ဗေဒင်ဦးအုန်းသင်ဆီမှာ ရှိနေတဲ့ လျှပ်စစ်ဗေဒင်အစစ်ရဲ့ ဂုဏ်ပုဒ်တန်ဖိုးနဲ့ အဲဒါကို ပွားယူထားတဲ့ ကျွန်တော့်ဆီက လျှပ်စစ်ဗေဒင်အတုရဲ့ ဂုဏ်ပုဒ်တန်ဖိုးများ ကွာခြားနေကြပုံရယ်၊ ပြီးတော့ မူလအရင်းခံ ဓာတ်ပုံထဲမှာ ထူးခြားစတိုင်တစ်မျိုးနဲ့ ထိုင်နေတဲ့ ဘိုးတော်ကြီးအောင်မင်းခေါင်ရဲ့ စစ်မှန်တဲ့ ဂုဏ်ဩဇာစွမ်းရည်သတ္တိတို့ရဲ့ တန်ဖိုးနဲ့ ဘိုးတော်ကြီးအောင်မင်းခေါင်ရဲ့ ဓာတ်စီးတယ်ဆိုပြီး ဗေဒင်ဟောခြင်း၊ ဆေးကုခြင်း စသည်တို့ကို ပြုလုပ်နေကြတဲ့ ပုဂ္ဂိုလ်များမှာရှိနေတဲ့ အပွားဓာတ်တွေရဲ့ ဂုဏ်ဩဇာစွမ်းရည်သတ္တိတို့ရဲ့ တန်ဖိုးများ ကွာခြားနေပုံတို့ ဖြစ်ကြပါတယ်ဟု ပြောပြီး ရပ်နားလိုက်ပါတော့တယ်။ မိတ်ဆွေကြီးကလည်း ဟုတ်ကဲ့၊ ဆရာက ကိုယ်တွေ့ဖြစ်ရပ်သာဓကတွေနဲ့ ရှင်းပြပေးပြန်တော့ သဘောပေါက်ပါတယ်ဗျာ။ ကျေးဇူးလည်းတင်ပါတယ်ဟု တုံ့ပြန်ပါသဖြင့် အဆုံးသတ်လိုက်ပါတော့သည်။

ရှင်သန်းချမ်းမြေ့ကြပါစေ . . .

ဂုရုအောင်



www.burmeseclassic.com

www.burmeseclassic.com

# မုမွား နှင့် ဘိုးတော်အောင်မင်းခေါင်

ဆရာသိပ္ပတာကျော်စိုးမြင့် ( ပွဲကျောင်း )

ဇယ်ပစ္စော၊ ဓိနော့ပီရော၊
သဗ္ဗညု အပ္ပရာဇိတော၊
သောသန္တာနံ ဇယ်ဒေတု၊
တေဇယန္တု ဇောမဟံ။

ရေမြှင့်ကြာမြင့်၊ သမ္ဗာတင့်သို့၊
ရှင်ပင့်သာသနာ၊ ကြံ့မြဲသာတည်း။
မိစ္ဆာရောင်ဝန်း၊ တမြင့်ထွန်းလည်း၊
နေဝန်းလဂုာ၊ သာသနာကို၊
ဒါယကာမင်း၊ မိစ္ဆာခွင်း၍၊
ထွန်းလင်းစေမူ၊ ပြုမည်မြဲစွာ၊
မေ့တာတည်း၊ မိစ္ဆရောင်ညစ်၊
ပါပခေတ်ကာ၊ စင်စစ်မလွဲ၊
ပျက်မြဲမှန်စွာ၊ မေ့တာ။

(တိပိဋကတ်လင်္ကာ)

(ဇိဓာ) - ရဲရင့်တက်ကြွ ကြီးမားလှသော လုံ့လဝီရိယ ရှိတော်မူသော၊ (ဇိနော) - ကိလေစစ်မှန် တွင်းပရန်ကို တွန်းလှန်ခုတ်ထွင် အောင်ပွဲဝင်သည့် သုံးခွင်ကျော်ကြား။ ရှင်တော်ဘုရားသည်၊ (သဗ္ဗညု) - အလုံးစုံသော မာရ်နတ်စစ်ပွဲ၊ အာဠာဝကစစ်ပွဲ၊ အင်္ဂုလိမာလစစ်ပွဲ စသော အရပ်ရပ်သော စစ်ပွဲဟူသမျှတို့၌၊ (အပ္ပရာဇိတော) - ဘယ်သောအခါကာလကမှ ရှုံးကျဖူးသူဟူ၍ မရှိဘဲ၊ (ဇယံ) - ဘုန်းကံအလျောက် ထမြောက်အောင်မြင်ခြင်းသို့ (ပတ္တော)- အလွယ်တကူ ရောက်တော်မူနိုင်လေပြီးသော၊ ထိုအောင်ပွဲသခင် ဘုရားရှင်သည်၊ (သန္တာနံ)-ပညာအရပ်ရပ် ဆည်းကပ်သင်ကြား။ အရှင့်တပည့်တော်များအား။ (ဇယံ) - လိုအင်ဆန္ဒရှိသမျှကို ပြည့်ဝစေမူ့ အောင်ပန်းဆုကို၊ (ဒေတု) - သနားကြည်ဖြူ ပေးတော်မူပါစေသတည်း။

(တေ) - ထိုဘုရား သာသနာတော်နှင့် ဆန့်ကျင်ဗီလာ မဟုတ်ပါသော၊ လောကီပညာ လေ့လာလိုက်စားတပည့်များတို့သည်၊ (ဇေယန္တု) - ကြည်သာရွှင်လန်းအောင်ဆုပန်းကို ဆင်မြန်းနိုင်ကြပါစေကုန်သတည်း။

(အဟံ) - သိဒ္ဓိပြီးကြောင်း စုဆောင်းအလုပ်၊ အကျွန်ုပ်သည်၊ (ဇယာမိ) - အောင်ပွဲမင်္ဂလာ၊ အဖြာဖြာဝယ်၊ ကြည်သာရွှင်ပျ၊ အောင်ပန်းဆင်ရပါလိုမီ။

အင်းဝခေတ်ကို တည်ထောင်တော်မူသော သတိုးမင်းဖျားသည် သက္ကရာဇ် ၇၂၆ ခုနှစ်၌ စစ်ကိုင်းနှင့် ပင်းယနှစ်ပြည်ထောင် အလုံးအရင်း ဆင်၊ မြင်းနှင့်တကွ တပ်ကြီးအရပ်တွင် တပ်နိုင်တပ်လုံ့တည်ပြီးလျှင် ရဲမက်တော်တို့ကိုနေစေသည်။ ဘုရင်မင်းမြတ်မှာမူကား ရောဝတီတွင် နဝရတ်ရွှေဖောင်ဖြင့် နေတော်မူပြီးလျှင် ကျည်းအင်း။ ကျောက်မော်အင်း။ အင်းတူးအင်း။ ဥန္နဲအင်းများကို ဖို့စေသည်။ ဤမြစ်ဆုံဝယ် မင်းဝံတောင်ညွှန့်လည်း ဖြစ်သည်ဟု သက္ကရာဇ် ၇၂၆ ခုနှစ်၊ တပေါင်းလဆန်း ၆ ရက်၊ အင်္ဂါနေ့ ညဦးဗဟိုရ်လွန်တူလိဂ်တွင် ရတနာပူရ အင်းဝမြို့နန်းတော်ကို တည်စပြုသည်။

သတိုးမင်းဖျား။ မင်းကြီးစွာစော်ကဲ၊ ဆင်ဖြူ တရေ့ဖျား။ မင်းခေါင်ကြီးအထိ မင်းလေးဆက်ဖြစ်ရာ မင်းခေါင်ကြီးမှာ (ပထမ မင်းခေါင်၊ ဘုရင်မင်းခေါင်၊ သတိုးမင်းခေါင်ဟူ၍ အမည်အမျိုးမျိုးတွင်သော မင်းဆွေဖြစ်သည်) ထို့



www.burmeseclassic.com

www.burmeseclassic.com

နောက် ခင်ဖြူရှင် သီဟသူ၊ မင်းလှငယ်၊ ကလေး ကျေး တောင်ညို မိုးညှင်းမင်း၊ မင်းရဲကျော်စွာ၊ နရပတိ (ပြည့်စုံမင်း) သီဟသူ၊ ဒုတိယမင်းခေါင်ဟူ၍ အစဉ်အတိုင်း ဖြစ်သည်။ အင်းဝခေတ် နောက်ဆုံးနန်းစံ ဟံသာဝတီပါမင်း၏ ဘထွေး တော်လည်း သတိုးမင်းခေါင်အမည်ဖြင့် စဉ့်ကိုင်အရပ်သို့ ဇေယျဝမုနတိုင်း သမုတ်၍ မင်ပြုဖူးသည်။ ထို့ကြောင့် မင်းခေါင်သုံးပါး ဖြစ်သည်။ အင်းဝမင်းဆက် (ညောင်ရမ်း)ပါ ၂၉ ပါးဖြစ်ရာ သက္ကရာဇ် ၇၂၆ ခုနှစ်မှ ၈၄၂ ခုနှစ်အထိ နှစ်ပေါင်း ၁၁၅ နှစ်အလွန် သုံးဆက်မြောက်ဘုရင်မင်းမြတ် သည်ကား ရာဇဝင်တွင် အလွန်ထင်ရှားကျော်စောတော်မူ သော ဒုတိယမင်းခေါင်ဖြစ်သည့် (ပြည့်စုံမင်း) သီဟသူ၏ သားတော်ဖြစ်သည်။

ဒုတိယမင်းခေါင်သည် သက္ကရာဇ် ၈၀၈ ခုနှစ်တွင် ွားတော်မူ၍ ၈၄၂ ခုနှစ်တွင် (သီရိသုဓမ္မရာဇာဓိပတိ) ဟူသော ဘွဲ့တော်ဖြင့် ရာဇာဘိသိက် ခံတော်မူသည်။ နံတော် ာနေသားတည်း။ သက္ကရာဇ် ၈၆၃ ခုနှစ်တက်ဆဲ၊ တန်ခူး လပြည့်ကျော် ၅ ရက်နေ့ နန်းစည်းစိမ် ၂၁ နှစ်တွင် အင်းစမ အတတ်ဖြင့် ထွက်ရပ်ပေါက်လမ်းသို့ ကြွမြန်းတော်မူသည်။ သခု သက်တော် ၅၀၂ ရှိတော်မူသော ပုပ္ပားအောင်မင်းခေါင်၊ ဘိုးတော်ကြီး ဖြစ်တော်မူသည်။

ဘိုးတော်ကြီးသည် သက်တော် ၅၄ နှစ် ပြည့် မြောက် ၅၅ နှစ်အရောက်တွင် ထွက်တော်မူသည်။ ၁၀၈ ဝင်းဓာတ်ကို အလိုရှိတော်မူသဖြင့် ထက်ဝက်ဖြစ်သော ကွတ်ကျေ၊ နဝင်းကျေ၊ ကာမစိတ် ၅၄ ခုကို ပယ်တော်မူ ခြင်းဖြစ်သည်။ ထိုအခါ လျောင် ခုနှစ်ရက်တိုင်တိုင် လှုပ်သည်။

ဒုတိယမင်းခေါင် (ဘိုးတော်မင်း)သည် ဟံသာဝတီ ည့်ရှင် ဓမ္မစေတီမင်း နန်းစံ ကိုးနှစ်၌ မင်းဖြစ်တော်မူလေ ၉ ဓမ္မစေတီမင်းနှင့် ၁၂ နှစ်လုံးလုံး ထီးပြိုင်နန်းပြိုင် ဖြစ် ည်။ ၁၂ နှစ်သား အရွယ်မျှရှိသော သားတော် မဟာ ီဟသူရကို မင်းမြှောက်၍ သားနှင့်အဖ ထီးဖြူနန်းမခြားဘဲ င်းပြိုင်ပြုတော်မူကြောင်းကို တပယ်မြို့ရှိ မှန္တော၊ ရွှေဂူ ဘုရား ကျောက်စာတွင် ရေးထိုးထားသည်။ သားတော် မဟာသီဟ ူရကား ဘိုးတော်ဘုရား ထွက်ရပ်လမ်းသို့ မကြွမြန်းမီ ဂ္ဂရာဇ် ၈၆၂ ခုနှစ်၌ နတ်ပြည်စံတော်မူသည်။ သားတော် ကို နန်းပြိုင်ပြုတော်မူသည်မှာ ထွက်ရပ်လမ်းသို့ ကြွမြန်း တော်မူရန် အခင်းသင့်စီမံတော်မူခြင်း ဖြစ်သည်။

ဒုတိယသားတော် ရွှေနန်းကျော့ရှင်သည် သက္ကရာဇ် ၈၆၃ ခုနှစ်၌ ထီးရပ်နန်းမွေကို ခံယူတော်မူသည်။ ဘိုးတော် မင်းခေါင် နန်းစံ ငါးနှစ်၊ သက္ကရာဇ် ၈၄၇ ခုနှစ်တွင် တောင်ငူ ဘုရင်ခံ မင်းကြီးညိုကို (မဟာသီရိဇေယျသူရ)ဟူသော ဘွဲ့တော်ဖြင့် ထီးဖြူဆောင်း မင်းပြိုင်ပြုတော်မူစေသည်။ ဘိုးတော်အောင်မင်းခေါင်၏ ကောင်းမှုတော်ကား တံတားဦး မင်္ဂလာ စေတီတော်ဖြစ်သည်။ (အင်းဝဒုတိယမင်းခေါင်သည် သီလ၊ သမာဓိ၊ ပညာနှင့် ပြည့်စုံတော်မူ၏။ အတတ် ၁၈ ပါး၌ မတတ်သည်ကို အလိုမရှိ။ အထူးသဖြင့်ကား လေး အတတ်နှင့် မြင်းစီးအတတ်ကို ပို၍ကျွမ်းကျင်တော်မူသည်။

ထို့အပြင် ရေးမှု၊ သားမှု၊ ပွတ်မှုတို့၌လည်း အလွန် တတ်တော်မူ၏။ ခင်အတတ်ကိုလည်း အပြီးတိုင် တတ်၏။ အတိုင်အပင် ဉာဏ်အကြံအစည် လျင်မြန်တော်မူ၏။ ပညာ ရှိကို မြတ်နိုး၏။ ပိဋကတ်၊ ကျမ်းဂန်တတ်သူတို့ကို ချီး မြှောက်တော်မူ၏။ ထိုမင်းလက်ထက် ပညာရှိပေါ်များ၏။ မင်းကောင်းမင်းမြတ်တည်းဟု ပဏ္ဍိတဝန်ဦးဘိုးကျား၏ မြန်မာ့ ဂုဏ်ရည်တွင် ဖော်ပြထားသည်။

ဘိုးတော် ဒုတိယမင်းခေါင်နှင့် ဓမ္မစေတီမင်းတို့သည် ထီးပြိုင်နန်းပြိုင်ဖြစ်ကြရုံသာမက နှစ်ပါးစလုံးပင် ထွက်ရပ် လမ်းသို့ ကြွမြန်းတော်မူသဖြင့် ဓမ္မစေတီမင်းခေါင်၊ အောင် မင်းခေါင်၊ ဦးအောင်ရသေ့၊ ရှင်မထီး၊ ရှင်အဋ္ဌဂေါဏ အစရှိ သည်ဖြင့် ဝိဇ္ဇာဂိုဏ်းဆိုင်ရာ ဆရာအသီးသီးတို့၏ ချီးကျူး ပဏာမပြုကြရလေသည်။

ဘိုးတော်ဘုရား အင်းဝမြို့၌ စံတော်မူစဉ် (သာရဂန္ဓ ရသေ့ကြီး)တစ်ပါး ရှိတော်မူသည်။ ထိုရသေ့ကြီးအထံတော် ၌ လောကီပညာကို လိုက်စားကြသော တပည့်ပေါင်း၊ ဘိုးတော်အောင်မင်းခေါင်ပါ လေးဦးရှိလေသည်။ ဘိုးတော် ဘုရားမှာ ပညာပါရမီ ထူးကဲသည့်အားလျော်စွာ အင်းအတတ် ကို အပြီးတိုင် ပေါက်မြောက်လေရာ ဆရာတော်ရသေ့ကြီး ကိုပင်လျှင် မိမိလောက်တတ်မည်မဟုတ်ဟု မနောကံဖြင့် ပြစ်မှားတော်မူမိသည်။ ဆရာတော်ရသေ့ကြီးလည်း မနော ဓာတ်ဖြင့် သိတော်မူရာ ဘိုးတော်ဘုရားကြီးအား အပြီးတိုင်



www.burmeseclassic.com

www.burmeseclassic.com

ထွက်ရပ်လမ်းသို့ မကြွမြန်းနိုင်စေရန် အမိန့်ဒဏ်ထားတော်မူသည်။

ဘိုးတော်ဘုရားသည် သက္ကရာဇ် ၈၆၃ ခုနှစ်၌ မဟာမြိုင်တောစခန်းသို့ ကြွမြန်းတော်မူပြီးနောက် သက္ကရာဇ် ၁၁၄၃ ခုနှစ်၌ နန်းတက်တော်မူသော ဗဒုံမင်းခေါ် ဘိုးတော်ဦးဝိုင်း၏ လက်ထက်တော်၌ သက္ကရာဇ် ၁၁၉၄ ခုနှစ်တွင် စကြာမင်းကလေး အရေးတော်ပုံကြောင့် လူသူမနီး တောတောင်ကြီးမှာ မနေသာဘဲ (ပထမံဦးအောင်) အမည်ဖြင့် ရွှေပြည်ဝင်တော်မူလာရပြန်ချေသည်။ ယခုခေတ်တွင် ဘိုးဘိုးအောင်အမည်တွင်သော ပုဂ္ဂိုလ်မြတ်ကြီးပေတည်း။

ရသေ့ဦးအောင်၊ ပြည်နဝင်းဦးရွှေအောင်၊ ပထမံဘိုးဘိုးအောင်တို့မှာ ပုဂ္ဂိုလ်တစ်ဦးစီဖြစ်ကြောင်း အောင်သုံးအောင်ရှိကြောင်း။ ပထမံမဟာဂန္ဓိဂိုဏ်း ဆရာကြီးဦးစိန်ခန့်မှ ပြောကြားခဲ့ဖူးလေသည်။

အင်းဝ မြို့တည်နန်းတည် သတိုးမင်းဖျားလက်ထက် မဓုသခ်ရာဇာ မည်သော ဘုန်းတော်ကြီး သုဝဏ္ဏဂိရိတောင်ထိပ်၌ သယံပြဒါးကို ဖမ်း၍စီရင်ရာ ဆုံးခန်းတိုင်အောင် ပေါက်မြောက်သဖြင့် ခုနစ်ကြိမ်တိုင်တိုင် ရွှေမိုးငွေမိုး ရွာစေခဲ့သည်ဟု အာစရိယဝါဒ မှတ်တမ်းမှ တွေ့ရသည်။

ထို့အပြင် သက္ကရာဇ် ၇၆၂ ခုနှစ်တွင် နန်းတက်တော်မူသော ဆင်ဖြူရှင် တရုတ်ဖျားလက်ထက်၌ ကောင်းကင်ပျံဝိဇ္ဇာများ တွေ့ကြောင်းကို သမန္တစက္ခုဒီပနီတွင်ဆိုသည်။

သက္ကရာဇ် ၇၈၈ ခုနှစ်၌ နန်းတက်တော်မူသော မိုးညှင်းမင်းတရားကြီးလက်ထက် မွန်မိဖုရား ရှင်စောပုကို မွန်ရဟန်း ရှင်ဓမ္မရေ၊ ရှင်ဓမ္မဉာဏ (ဓမ္မစေတီ-ဓမ္မပါလ)တို့ ဟံသာဝတီကို ဆောင်ကြဉ်းပြေးကြသည်။ ထိုရဟန်းတော်များလည်း လောကီပညာကို သူမတူအောင် စွမ်းဆောင်နိုင်ကြပေသည်။

ထို့ကြောင့် အင်းဝဆင်ဖြူရှင် တရုတ်ဖျားမှ နှစ်ပေါင်းရှစ်ဆယ် အကြာတွင် နန်းတက်တော်မူသော ဘိုးတော်အောင်မင်းခေါင်လက်ထက်၌ ဂန္ဓာရီဝိဇ္ဇာမိုရ်ပညာများ ခေတ်စားလျက်ရှိကြောင်းကို ယုံမှားစရာ မရှိချေ။

သက္ကရာဇ် ၉၅၉ ခုနှစ်၊ ဒညောင်ရမ်းမင်းဆက်၊ အနောက်ဘက်လွန်မင်း။ သာလွန်မင်းတရားကြီးတို့ လက်ထက်တော်၌ပင်လျှင် ဗားမဲ့ဆရာတော်ကြီးသည် လောကီပညာ၌ တစ်ဖက်ကမ်းခတ် တတ်မြောက်တော်မူပေသည်။ ရေနံ့ နတ်စက်ရောင်ဆရာကြီးတို့သည် ဝမ်းဘဲအင်းစံမင်းလက်ထက်၌ ထင်ရှားထက်မြက်သူများ ဖြစ်ပေသည်။

ဘိုးတော်ဘုရားအောင်မင်းခေါင်သည် (ဝါ) ဘိုးဘိုးအောင်သည် စကြာမင်းကလေး၏ အရေးတော်ပုံပြီးသောအခါ မဟာမြိုင်တော၌ပင်လျှင် ဆရာတော် သာရဂန္ဓရသေ့ကြီး၏ အမိန့်တော်အတိုင်း စံမြန်းတော်မူရပြန်သည်။

ထိုအခါ မဟာဂန္ဓိအဖွဲ့ဝင် ပေါက်ဆရာကြီးများနှင့် သာသနာ့ဒါယကာ ဘိုးတော်သိကြားမင်းကြီးတို့၏ လျှောက်ထားတောင်းပန်ချက်အရ ရွှေဘိုမြို့တွင် ရဟန်းအသွင်ဖြင့် သီတင်းသုံးတော်မူခဲ့ပြီးနောက် နမ္မားမြို့တွင် လူ့အသွင်ဖြင့် နှစ်ပေါင်း ၃၀ ကျော် နေထိုင်တော်မူခဲ့သည်။ တစ်ခါတစ်ရံ ခြောက်လ၊ တစ်နှစ်ကြာအောင် နမ္မားမြို့မှ ပျောက်ကွယ်၍ နေတတ်လေသည်။ နမ္မားမြို့တွင် ဘိုးတော်ကြီးဟု လူသိများခဲ့သည်။

သက္ကရာဇ် ၁၃၀၀ ပြည့်နှစ်၊ ဝါဆိုလကစ၍ နမ္မားမြို့မှ ပုပ္ပားတောင်မြတ် တောင်ကလပ်သို့ ကြွရောက်သီတင်းသုံးတော်မူသည်။ အမြို့မြို့အနယ်နယ်မှ လာရောက်ကြသော တပည့်ပရိသတ်တို့အား ပါရမီ အနုအရင့် ဉာဏ်မှာ ချင့်၍ အတွေ့ခံတော်မူသည်။ ပါရမီရင့်ကျက်သူများသည် ဘိုးတော်ဘုရား၏ တန်ခိုးသတ္တိထူးများကို ကိုယ်တိုင်သိမြင်ခဲ့ကြသူများ ဖြစ်သည်။

ဘိုးတော်ဘုရားသည် ပုပ္ပားတောင်မြတ် တောင်ကလပ်မှ နေတော်မူ၍ မန္တလေးတောင်ခြေ ဆရာဦးအေးဖေအား ကိုယ်တော်စား အပွားပြုလုပ်စေပြီးလျှင် (ဘိုးပွား)ဟူသော အမည်ကိုခံယူစေလျက် မန္တလေးတောင်ခြေ မိုးထိကျောင်းတိုက် နတ်မလင်းကျောင်း၌ ဓာတ်စီးစခန်းဖွင့်တော်မူစေသည်။ တစ်ဖန် ရန်ကုန်မြို့ (ပထမံတပ်ဦးအဖွဲ့ကြီး)ကို ပထမကျော် ဆရာကြီးဦးစိန်ခန့်အား အမှူးထားလျက် ၁၃၁၀ ပြည့်နှစ်၊ နယုန်လဆန်း ၁၅ ရက်နေ့၌ ဖွင့်လှစ်တော်မူစေသည်။ (ပထမံ မဟာဂန္ဓိသာသနာ)ပြုအဖွဲ့ကြီးကိုလည်း ပဲခူး၊ သထုံ၊ ပြည်မြို့များနှင့်တကွ အောက်နယ်မြို့များ၌ (ပထမံဓာတ်ကြိုးကိုင်) စေတီတော်များကို ရွှေပြည်ဝင်၊ ရွှေပြည်ဖြေ၊



www.burmeseclassic.com

www.burmeseclassic.com

ရန်ပြေမာန်ပြေ ကမ္ဘာ့သစ္စာမဏ္ဍိုင်စေတီ၊ ကမ္ဘာ့ငြိမ်းချမ်းရေးစေတီတော်၊ အမျိုးဖော် အိုးပေါ်စေတီ၊ ပူစရာမရှိ ရှုဋ္ဌာမထိစေတီ၊ ကပ်ကျော်စေတီ၊ ကပ်လွတ်စေတီ၊ ကိုးတောင်ပြည့်စေတီ၊ ၁၀ တောင်ပြည့်စေတီ အစရှိသော ဘွဲ့တော်များဖြင့် တည်တော်မူစေသည်။ သာသနာပြုလုပ်ငန်းစဉ် ပန္နက်သာသနာ့ဓာတ်တိုင်စေတီတော်များ ဖြစ်သည်။

ဘိုးတော်ဘုရားသည် အထက်၌ ဖော်ပြခဲ့သည့်အတိုင်း ဘိုးဘိုးအောင် ဖြစ်ကြောင်းကို ထင်ရှားစေလိုသောသဘောဖြင့် ယခုအခါ အောင်မင်းခေါင်ဟူသော ဘွဲ့ကို ခံယူတော်မူသည်။

ဘိုးတော်ဘုရား နမ္မားမှ ပုပ္ပားတောင်မြတ်တို့၌ စံမြန်းတော်မူစဉ် ထူးခြားသော အချက်များမှာ အလွန်ပူပြင်းသော နွေအခါ အိမ်ခေါင်မိုးသွပ်ပြားပေါ်တွင် တစ်နေ့လုံး စက်တော်ခေါ်နေခြင်း။ ပုပ္ပားတောင်မြတ်၌ လေအလွန်တိုက်၍ အေးချမ်းသော်ငြားလည်း အင်္ကျီမဝတ်ဘဲ သုံးလ၊ လေးလ စက်တော်ခေါ်ရာမှ ထတော်မမူခြင်း။ ရေကို ဘယ်တော့မှ ချိုးတော်မမူခြင်း။ ပွဲတော်မတည်ဘဲ လေးလ၊ ငါးလတန်သည် နေတော်မူခြင်း။ သို့သော် ကိုယ်တော်မှာ ချေးညှော်၊ အနံ့အသက် တစ်စုံတစ်ရာမျှ မရှိခြင်း။ သုံးလေးရက်မှတစ်ကြိမ် ကျင်ကြီးကျင်ငယ်စွန့်ခြင်း။ အတွင်းနေ တပည့်ပါရမီရှင်များမှ တစ်ပါး မည်သူ့ကိုမျှ ပွင့်ပွင့်လင်းလင်း မိန့်ကြားတော်မမူခြင်း။ ပရိသတ်များထဲမှ ကြည်ညိုသူပါလျှင် ကေသရာဇာခြင်္သေ့မင်းကဲ့သို့ ခံ့ညားစွာနေတော်မူခြင်း။ မကြည်ညိုသူလာလျှင် မရောက်မီကပင် အမူအရာအသွင် တစ်မျိုးပြောင်း၍ မကြည့်ညိုသည်ထက် မကြည်ညိုအောင် နေထိုင်လေ့ရှိတော်မူခြင်း။ ယနေ့ထက်တိုင် တပည့်သားမြေးများအား နာမ်ဓာတ်ဖြင့် စေတီတည်နိုင်းခြင်း။ ဆေးကုနိုင်းခြင်းများဖြင့် စေခိုင်းလျက်ရှိနေပါသေးသည်။

(ဤသည်ကား အကျဉ်းမျှသာ ဖြစ်သည်။)

ဘိုးတော်အောင်မင်းခေါင်သည် မကြာမီ ဓာတ်စခန်းများကို သိမ်းတော်မူ၍ ဓာတ်ပေါင်းတော်မူပြီးလျှင် သာသနာတစ်ဝက်ကျော် ဝိမုတ္တိယုဂခေတ်သို့ အရောက်တွင် အဖွဲ့တခမ္ဘ အမျိုးမျိုးတို့ကို တွေ့မြင်ကြရမည်။ ကိုယ်တိုင်သာသနာပြုကြရမည်။

- ကြာညိုပွင့်ကင်း၊ သာသည့်အင်း၊ ဆင်း၍ ဟင်္သာချိုးလတ္တံ့။
- ဟင်္သာငှက်မျိုး၊ တောင်ပံကျိုး၊ မှဆိုးလေးနှင့်ခွင်းလတ္တံ့။
- အုံ့ဖွယ်စာချိုး၊ ထိုမှဆိုး၊ ထီးရိုးပြန်၍ ရိုက်လတ္တံ့။
- ငှင်းထီးရိုး၊ တိမ်ညွန့်ထိုး၊ မိုးကြိုးပစ်၍ လဲလတ္တံ့။
- မိုးကြိုးဓာတ်ဆောင်၊ အောင်မင်းခေါင်၊ လူ့ဘောင်ရွှေပြည်ဝင်လတ္တံ့။
- ငြိမ်းချမ်းသာယာ ထိုအခါ ရတနာရွှေမိုး သွန်းလတ္တံ့။

ဟူသော ကုန်းဘောင်စာအရေးသော်လည်းကောင်း။

ကျယ်သူပြေးလို့၊ ပုန်းသူပေါ်၊ သေသူရှင်မှ ပြန်သူလေိမ့်မည်ဟူသော မေ့ညာထာ (မေ့ပါလ) အရှင်သူမြတ်ထားခဲ့သော တလုချောင်းတွင်း၊ ရုပ်ကိုးတင်း စာအရေးသော်လည်းကောင်း။ နတ်ရွာစံပြီဟု ရာဇဝင်ဆရာတို့ ယူဆထားကြသော ဒုတိယမင်းခေါင် ဘုရင်မင်းမြတ်သည် ယနေ့တိုင် အသက်ရှင်လျက် ရွှေပြည်ဝင်၍ သာသနာ့ဓာတ်ကြီးကိုင် စေတီများကိုလည်း ထားတော်မူသည်။

ကျိုက်လတ်နယ်၊ တလုချောင်းတွင်း ရုပ်ကိုးတင်းကြီးကို ဘိုးတော်ဘုရားသည် ၁၃၀၁ ခု၊ သီတင်းကျွတ်လတွင် ပိတ်တော်မူလိုက်သည်။

ထို့ကြောင့် အပြင်ပစ္စည်း၊ ပြဒါးရုပ်မှတစ်ပါး၊ ရွှေ ငွေရတနာ၊ ပြဒါးရှင်လုံး အစရှိသော အတွင်းပစ္စည်းများကို မသမာသူများ ရရှိမသွားအောင် ပိတ်လိုက်ခြင်းဖြစ်သည်။

ဘိုးတော်ဘုရား ပြည်တော်ဝင် သာသနာပြုသော အခါ (မသိသူကျော်ွား၊ သိသူဖော်စား) တလုချောင်းအတွင်း ရုပ်ကိုးတင်းကြီးမှ မြေကြီးကို မတူးမဆွရဘဲ အစောင့်များက သာသနာပြုများအား မေတ္တာဖြင့် ပြဒါးရုပ်မျိုးစုံကို ရယူနိုင်ပေသည်။ ပြဒါးအရုပ်တိုင်း စမနှင့် အင်းကွက်များ ပါရှိသည်။ ကပ်ကျော်မည့် လာဘ်သပ်ပကာကောင်း၍ မျက်နှာပွင့်လန်းမည်။ ပယောဂအမျိုးမျိုးကို နိုင်မည်။ အရောင်းအဝယ်ကောင်းမည်။ ဉာဏ်ရှိသလို သုံးနိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com

# ဘိုးတော်အောင်မင်းခေါင်၏

## စေတီသုံးဆူမှ အောင်မြေနင်းဂါထာ

အောင်ထူးဆန်း။ မန်းသိုက်ဝင်၊ ထင်ကျော်သောင်း။ ဆောင်းထီးဖြူ

လူ့ထိပ်မိုး။ ဟိုးဟိုးကျော်၊ ကျော်ဝှမ်းတက်၊ ဘက်မရှောင်

ခေါင်ဘုန်းကြီး။ ထီးရွှေနန်း။ မန်းကန္တြွေရာဇာ၊ ပေဟိ ပေဟိ

ငါတို့ရှိရာ၊ စီးပွားလာဟု၊ ငါတို့ရှိရာ၊ ကြီးပွားလာဟု

ငါတို့ရှိရာ ပညာလာဟု ငါတို့မှန်း။ တစ်ရာ့တစ်ပါး။ လူမျိုးသားတို့

ကျော်ရန်နှိမ်နင်း။ စောရန်ခွင်း၍၊ မငြင်းမဆန်၊ မခံမငံ့၊ လွှန်ကြောက်ရွံ့၍

တစ်စကြဝဠာလုံး။ တစ်ကမ္ဘာလုံ၊ တစ်နိုင်ငံလုံး။ တစ်မြို့လုံး။ တစ်ရွာလုံး

တစ်မိသားစုလုံး။ လက်ရုံးတန်းကာ၊ အောင်ပါစေသော်၊ အောင်စေသော်

(အောင်ဇေရတု)[၃]၊ အောင်ဆုသြဘာ၊ အောင်မင်္ဂလာဖြင့်၊ အောင်ချာပေါ်ထွန်း

အောင်ဘုန်းကျွန်းထက်၊ အောင်ပန္နက်ဖြင့်၊ အောင်ပန်းပန်ပြီး။ အောင်စည်တီး၍

အောင်မောင်းတီးကာ၊ အောင်ချီးရန်ပ၊ အောင်ပန္နက်ချပြီး။

(အောင်ပါစေသော်)[၃]

(အောင်ရမည်)[၃]

(အောင်ပြီ၊ အောင်ပြီဟေ့)[၃]

ဘိုးတော်ဘုရား၏ သားတပည့်မြေးမြစ်များ သာသနာပြုနိုင်ရန်အတွက် ရည်သန်၍ ၅၉ ကြိမ်မြောက် ကြို့ပွဲ၊ ထွက်ပွဲ၊ အောင်ပွဲအတွက် ရေးသားတင်ပြလိုက်ပါသည်။

ဆရာသီဟစကြာစိုးမြင့် (ပွဲကျောင်း)

မှီး

ပထမံမဟိဒ္ဓိသာသနာပြုတပ်ဦးအဖွဲ့မဂ္ဂဇင်း။
၁၃၁၀၊ ၇၊ အတွဲ ၁၊ အမှတ် ၁။



www.burmeseclassic.com

www.burmeseclassic.com

# ဓာတ်ပေါင်းစုံ အောင်မင်းခေါင်စေတီသမိုင်း

## ဘိုးတော်အောင် မင်းခေါင် ပုတီးစိပ်နည်း နှင့်

## ဆရာတော်ဘဒ္ဒန္တသီလဝန္တ (မဟာသဒ္ဓမ္မဇောတိကဓဇ)

## ထေရုပ္ပတ္တိအကျဉ်း

## ပထမံဆရာကြီးဦးအောင်သူ

တစ်နေ့တွင် ကျွန်ုပ်သည် ဆောင်းပါးတစ်ပုဒ် ရရှိရေးအတွက် ဓာတ်ပေါင်းစုံ အောင်မင်းခေါင်စေတီသို့ သွားခဲ့သည်။ ဤစေတီတော်သို့ လွန်ခဲ့သောနှစ်ပေါင်း တော်တော်ကြာလောက်က တစ်ကြိမ်ရောက်ဖူးခဲ့သည်။ ထိုအချိန်က ယခုလောက် စည်ကားမှု မရှိခဲ့ပါ။ ယနေ့မြင်ကွင်းက အတော်လေး ကြည်ညိုဖွယ်ကောင်းသော သာသနိက အဆောက်အအုံတို့ဖြင့် ပြည့်လျက်ရှိနေပါပြီ။ ဤစေတီအကြောင်းနှင့် အဘအောင်မင်းခေါင်အကြောင်းကို တိတိကျကျ မသိရှိရပါ။ နှုတ်စကားအရတော့ ဤတောင်ကုန်းမြင့်မြင့်လေးပေါ်တွင် အရှုးအသွင်ဖြင့် ပုဂ္ဂိုလ်ကြီးတစ်ပါး နေထိုင်ခဲ့ဖူးကြောင်း သိရ၏။ (မှတ်ချက် - အဘဘိုးမင်းခေါင်လားတော့ ထင်မိသည်) အကြောင်းအရာ ပြည့်ပြည့်စုံစုံ မသိရပါ။ သိသောသူများရှိပါက ဖော်ထုတ်ရေးသားပေးစေချင်ပါသည်။ ယခုအချိန်တွင် ဤကုန်းမြေ၏ သာသနာပြုလျက်ရှိသော ဆရာတော်ကြီးတစ်ပါးဖြစ်သော ရာမညဋ္ဌ မဟာနာယက (ကမ္ဘာ့သာသနာပြု) အကြောင်းအရာကို ဆရာတော်ဘုရားကြီး၏ တပည့်ဖြစ်သော ဆရာတော်တစ်ပါးမှ ကျွန်ုပ်ကို လက်ကမ်းစာစောင်တစ်စောင်ပေး၍ ပြန်လည်ရေးသားတင်ပြအပ်ပါသည်။ ဤကျောင်းမှ ဆရာတော်တစ်ပါး၏ ပြောပြချက်ကို အရင်တင်ပြလိုပါသည်။ ဤကမ္ဘာ့သာသနာပြု ဆရာတော်ကြီး၏ အသက် ၃၀ နှစ်လောက်က အဘအောင်မင်းခေါင်အကြောင်းကို ပုပ္ပားတွင်ရှိကြောင်း ကြားရသော်လည်း မယုံကြည်၍ မသွားခဲ့ပါ။ နောင်တွင် လူပြောများသဖြင့် ပုပ္ပားတောင်သို့ ရောက်သွားသည်ဟုဆို၏။ ဤတွင် အဘအောင်မင်းခေါင်မှ ပုတီးစိပ်နည်းတစ်မျိုးကိုပေးသည်ဟု ဆို၏။ ဤပုတီးစိပ်နည်းများအရ အရဟံဂုဏ်တော်ကို တစ်နေ့ ၁၀၈ ပတ် ၁၀၈ ရက်စိပ်ရန် ညွှန်ကြားသဖြင့် ဆရာတော်ဘုရားကြီးသည် နေ့စဉ်မပြတ်များအားထုတ်ခဲ့ရာ အထူးအောင်မြင်ခဲ့ကြောင်း သိရ၏။ ဆရာတော်ကြီး၏ ထေရုပ္ပတ္တိအကျဉ်းကို ဆက်လက်ဖော်ပြလိုပါသည်။

### (၁) ဖွားမြင်တော်မူခြင်း

ဆရာတော်လောင်းလျာသည် မွန်ပြည်နယ်ဒေသကြီး၊ ကျိုက္ခမီမြို့နယ်၊ ဝဲကလောင်ကျေးရွာနေ ခမည်းတော် ဦးညိမ်း၊ မယ်တော်ဒေါ်တစ်တို့က ၁၂၇၄ ခုနှစ်၊ ပထမဝါဆိုလပြည့်၊ သောကြာနေ့ နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် ဖွားမြင်တော်မူသော တတိယသားရတနာ ဖြစ်သည်။

### (၂) ရှင်ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခြင်း

ဆရာတော်လောင်းလျာသည် ၁၂၈၈ ခုနှစ်၊ နယုန်လဆန်း ၁၀ ရက်နေ့ ၂၁-၅-၁၉၂၆ ခုနှစ်တွင် ဝဲကလောင်ကျောင်း ဆရာတော်ထံတွင် ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေ



www.burmeseclassic.com

www.burmeseclassic.com



အဖြစ်သို့ ရောက်ရှိခဲ့ပြီး ၁၂၉၄ ခု၊ ကဆုန်လဆန်း ၁၁ ရက်၊ ၁၅-၅-၁၉၃၂ ခုနှစ် တနင်္ဂနွေနေ့တွင် ကျိုက္ခမီမြို့နယ်၊ ဝဲကလောင်ကျောင်းဆရာတော်၊ ကျော်ရွာဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့သည်။

## (၃) ပရိယတ္တိစာပေ သင်ယူဆည်းပူးခြင်းနှင့် ပြည်တွင်းပြည်ပ သာသနာပြုဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူပြီး ဝဲကလောင်ရွာ ထန်းတစ်ပင်ကျောင်းတွင် ပထမဆုံး စာပေကျမ်းဂန်တို့ကို လေ့လာသင်ကြားခဲ့သည်။ ကျိုက္ခမီမြို့နယ် အံခဲကျောင်းတွင် စာပေပရိယတ္တိကို နှစ်ဝါတိုင် လေ့လာသင်ကြားခဲ့သည်။ ထို့နောက် ဘီလူးကျွန်း ချောင်းဆုံမြို့နယ် တော်ကနာရွာတိုက်ကျောင်းကြီးတွင် သုံးနှစ်တိုင်တိုင် စာဝါလိုက်ခဲ့ပြီး ၁၃၀၀ ပြည့်နှစ်တွင် မန္တလေးမြို့ ဘုရားကြီးကျောင်းတိုက်တွင် ဆရာတော်ဦးနာရဒ၊ အလယ်တိုက်ကျောင်းဆရာတော် ဦးအာရိယနှင့် အောင်မြင်ဘုံစံကျောင်းဆရာတော် ဦးပညိန္ဒတို့ထံတွင် ပိဋကတ်ကျမ်းပေါက်စာဝါတို့ကို သုံးနှစ်ကျော်ကျော် သင်ကြားလေ့လာခဲ့ပါသည်။

## (၄) ဆရာတော် ရန်ကုန်သို့ ရောက်ရှိတော်မူခြင်း


ဆရာတော်သည် စစ်တွင်းကာလ၌ မိမိသတင်းသုံးရာ မော်လမြိုင်မြို့မှ ရန်ကုန်မြို့သို့ ခြေကျင်ကြွရောက်ခဲ့ပြီး သာသနာပြုလုပ်ငန်းများဖြစ်သော ရွှေတိဂုံစေတီတော်မြတ်၏ ဒုတိယပစ္စယံတွင်ရှိသော ပြည်လုံးချမ်းသာစေတီ (ယခု ပုံတူစေတီတော်)ကို မွမ်းမံပြုပြင်ပြီး ထီးတော်တင်ခြင်းဖြင့် စတင်သာသနာပြု ဆောင်ရွက်တော်မူခဲ့သည်။ မြန်မာနိုင်ငံအတွင်းရှိ စေတီပုထိုးပောင်းများကို ပြုပြင်တည်ဆောက်ခြင်း၊ ထီးတော်တင်ခြင်းများကို ဆောင်ရွက်တော်မူခဲ့သည်။ ထိုသို့ သာသနာပြုလုပ်ငန်းများ ဆောင်ရွက်နေစဉ် (ယခင်ဝင်ဒါမီယာ) ယခု သံလွင်လမ်းတွင် နေထိုင်သော အလှူ့ဒါယကာ ဦးဖိုးဝက်နှင့် မောင်နှမတစ်စုမှ လှူဒါန်းသော မြေကွက်အတွင်းရှိ စေတီ






www.burmeseclassic.com

www.burmeseclassic.com





ာရားငုတ်တို)မှ ရောင်ခြည်ကွန့်မြူးသည်ကို ဖူးတွေ့ရ၍ ာရာတော်ထံမှ ဩဝါဒခံယူ၍ ခုနစ်ရက်သားသမီးတို့မှ ေပါင်းကာ ဉာဏ်တော် ၄၁ ပေ၊ လုံးပတ်တော် ၈၈ ပေရှိ သာ စေတီတစ်ဆူကို ထီးတော်တင်ပူဇော်ပြီး ဓာတ်ပေါင်းစုံ အာင်မင်းခေါင်ဆရာတော်ဟု ထင်ရှားခဲ့ပါသည်။

ယခုအခါ ဓာတ်ပေါင်းစုံ အောင်မင်းခေါင်ဘုရားဝင်း င် ဉာဏ်တော် ၄၀ ပေ၊ လုံးပတ်တော် ၆၀ ပေရှိသော ါင်းစေတီ၊ ဉာဏ်တော် ၃၀ ပေ လုံးပတ်တော် ၄၀ ပေ သာ (တရားထိုင်ဂူပါ) စမ(အင်း) စေတီတို့အပြင် မူလ တီတော်ကြီးတွင်လည်း အရံစေတီ အဆူ ၂၀ နှင့် တရား င်ဂူစေတီ ၁၉ ဆူကိုလည်း တည်ထားတော်မူခဲ့သည်။ နောက် ကျိုက်မရောမြို့ ရှင်စောပု ဆုတောင်းပြည့်စေတီ ု၊ ဗုဒ္ဓဂယာအာရုံခံတန်ဆောင်း၊ ရာမညဝါသီသိမ်တော် ကိုလည်း တည်ထားတော်မူခဲ့ပါသည်။

ထို့နောက် ဆရာတော်သည် အိန္ဒိယ၊ သီရိလင်္ကာ၊ း၊ ကမ္ဘောဒီးယားနိုင်ငံများသို့ သွားရောက် သာသနာပြု

တော်မူခဲ့သည်။ ၁၉၅၈ ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိ နိုင်ငံ ပေါင်း ၁၄ နိုင်ငံကို သွားရောက်ပြီး တရားပို့ချခြင်း၊ မေတ္တာ ဘာဝနာပွားခြင်း၊ စေတီများတည်ထားခြင်းဖြင့်သာ သနာပြု လုပ်ငန်းများ ဆောင်ရွက်တော်မူခဲ့ပါသည်။

## (၅) ဘွဲ့တံဆိပ်တော်ရရှိတော်မူခြင်း

ဤသို့လျှင် သာသနာတော်အကျိုး သယ်ပိုးဆောင် ရွက်တော်မူခြင်းကြောင့် ဆရာတော်အား နိုင်ငံတော်အစိုးရက ၁၉၉၃ ခုနှစ်တွင် မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော် မြတ်ကို ဆက်ကပ်လှူဒါန်းပူဇော်ခဲ့သည်။


## (၆) ဘဝနတ်ထံ ပျံလွန်တော်မူခြင်း


ဆရာတော်ကြီးသည် သာသနာတော်အကျိုး သယ်ပိုး ဆောင်ရွက်တော်မူရင်း သက်တော် (၁၀၀) နှစ် သိက္ခာတော် ရှစ်ဆယ်ဝါတွင် ၁၃၇၂ ခု၊ တပေါင်းလဆန်း ၁၄ ရက် (၁၈. ၃. ၂၀၁၀) သောကြာနေ့ နံနက် ၅ နာရီ ၄၅ မိနစ်တွင် ဘဝနတ်ထံ ပျံလွန်တော်မူသွားခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





### ဆရာတော်တည်ထားခဲ့သော ဘုရားစေတီများ

(1) **World Peace Paogoda**, (Byailone Chanda Zedi), NW Corner, Shwedagon (Yahu Corner, Yanon), November 2, 1941)

(2) **Aung Mingaung Pagoda**, (Windermere, Yangon, January 13, 1949 **Benares Pagodas (4)** - Varanasi, India 1958

(3) **American Shwedagon**, Allegany, New York State, USA My 30, 1958, June 6, 1958, August 27, 1982 September 6, 1982. (reconstruction)

(4) **Cakkavala Universal Pagoda**, Boise, Idaho State, USA May 22, 1982 June 11, 1982

(5) **Canda Shwedagon**, Kinmount, Ontario, Canada August 4, 1982, August 22, 1982.

(6) **Crystal Mountain Peace Pagoda**, Galiano Island, BC, Canada, September 9-18, 1982.

(7) **New Zealand Shwedagon**, Wangapeka Valley, Nelson, S.Island, New Zealand, January 2-9, 1983.

(8) **Australia Shwedagon**, Adelaide, Australia, January 28, 1983, February 9, 1983.

(9) **England Shwedagon**, Warwickshire, England, UK, July 28, August 14, 1988.

**တိုက်တွန်းချက်** ။ ကြီးပွားချမ်းသာလိုသူများ ဤ ဓာတ်ပေါင်းစုံ အောင်မင်းခေါင်စေတီတော်သို့သွား၍ အရဟံ ဂုဏ်တော်ကို တစ်နေ့ ၁၀၈ ပတ် ၁၀၈ ကြိမ် ပုတီးအား နေ့စဉ် ပွားများအားထုတ်ပါက အလိုရှိရာ ဆန္ဒပြည့်စုံနိုင်ကြောင်း ရေးသားတင်ပြအပ်ပါသည်။


**လမ်းညွှန်** - ရွှေဂုံတိုင်(လစ်လမ်း)မှ ဆိုက်ကားစီး၍ ခုနစ်ဆူကုန်သော ဘုရားရှင်များသို့သွားလျှင် ရပါသည်။

**ပထမံဆရာကြီး ဦးအောင်သု**



www.burmeseclassic.com

www.burmeseclassic.com



# အောင်ရေးအတွက် ဘိုးမင်းခေါင် ပူဇော်နည်း

မော်တင်သိန်းဇော်ဇ

ထွက်ရပ်မြန်း ပုဂ္ဂိုလ်ထူးတို့အနက် အဖေကြီးဘိုးမင်းခေါင်မှာ **အထူးပင်** ထင်ရှားသည်။ လူသားပုဂ္ဂိုလ်တို့သည် အထူးတလည် **နီးစပ်ကျွမ်းဝင်မှုရှိလှကာ** အိပ်မက်ပေးခြင်း၊ ပြင်ပတွင် ကိုယ်ထင်ပြတွေ့ခုံ၍ မစစောင့်ရှောက်၊ ဆေးဝါးကုသပေးတတ်လေ့ရှိပါသည်။ ယခုတင်ပြမည့် ပူဇော်နည်းတို့မှာ လောကီအကျိုးစီးပွား၊ အရေးတာများ အောင်မြင်ဖြစ်ထွန်းရေးတို့အတွက် အဖေကြီး ဘိုးမင်းခေါင်ထံ ပူဇော်ဆုတောင်းနည်းအချို့ ဖြစ်ပါသည်။ လောကီအကျိုးစီးပွားကိစ္စ အခြင်းအရာ အတော်များများတွင် တင်ပြပါများအတိုင်း ပူဇော်ခဲ့၍ လက်တွေ့ပင် ထူးခြားအောင်မြင်မှုများ ခံစားရရှိခဲ့ပါသဖြင့် အကျိုးမျှော်၍ တင်ပြရခြင်း ဖြစ်ပါသည်။

ပူဇော်ကြရာ၌ သဒ္ဓါပဲ၊ အဓိဋ္ဌာန်ပွဲ၊ အောင်ပွဲ ဟူ၍ သုံးမျိုးရှိပါသည်။ သဒ္ဓါပွဲနှင့် အဓိဋ္ဌာန်ပွဲတို့တွင် အထူးသဖြင့် သပြေပန်း၊ စီးကရက်၊ ကွမ်းယာ၊ အအေးရည်၊ အမွှေးတိုင်၊ ဖယောင်းတိုင်၊ နံ့သာရည်၊ ငွေကြေး၊ လက်ဖက်၊ မုန့်များ ပူဇော်လေ့ရှိတတ်ကြပြီး အောင်ပွဲတွင် ကန်တော့ပွဲ၊ လုံချည်ပုဆိုးဝတ်လဲတော်၊ ထီး၊ ကြေးမောင်း၊ အလံ၊ ဖိနပ်၊ လွယ်အိတ်၊ ပုတီး၊ ရွှေသကၤန်း၊ ငွေကြေး၊ ဆေးခြယ်မွမ်းမံ၊ ထွမ်း

www.burmeseclassic.com

ကပ်ခြင်းနည်းတို့နှင့် ပူဇော်ဝတ်ဖြည့်လေ့ ရှိတတ်ကြပါသည်။ ဘာသာရေး အလှူမင်္ဂလာတို့အတွက်မှ ကန်တော့ပွဲများပေး ပူဇော်ရပါသည်။

**၁။ ယာဉ်ကား ကျန်းမာရေး ခရီးသွား အပြောင်းအရွှေ့ကိစ္စများ**

ထီး၊ ဖိနပ်၊ လုံချည်၊ ပုဆိုးဝတ်လဲတော်၊ ရွှေသင်္ကန်း များ ပူဇော်၍ ဆုတောင်းရပါသည်။ မာလကာ၊ သပြေပန်း၊ ဘယာကြော်၊ မုန့်လုံးရေပေါ် ကောက်ညှင်းပေါင်း၊ အအေး ရည်၊ အမွှေးနံ့သာများ ပူဇော်၍ ဆုတောင်းရပါသည်။

**၂။ အမှုအခင်း အချေအတင်ပွဲများ**

ပါးစပ်တော် ရွှေချရပါသည်။ မာလကာ၊ ဩဇာသီး၊ သပြေပန်း၊ ဘယာကြော်၊ မုန့်လုံးရေပေါ် ကောက်ညှင်းပေါင်း၊ အမွှေးနံ့သာများ ပူဇော်၍ ဆုတောင်းရပါသည်။

**၃။ နေအိမ်၊ အဆောက်အအုံ**

ရွှေသင်္ကန်းကပ်ခြင်း၊ ဆေးခြယ်မွမ်းမံခြင်း၊ ဘယာ ကြော်၊ မာလကာသီး၊ ရွှေ၊ ငွေပန်းများ၊ မုန့်လုံးရေပေါ် အမွှေး နံ့သာများ ပူဇော်၍ ဆုတောင်းရပါသည်။

**၄။ အလုပ်အကိုင်၊ စီးပွားရေး**

ရွှေယပ်အိတ်၊ လက်ဖက်၊ ကောက်ညှင်းပေါင်း၊ ဆီ ထမင်း၊ ရွှေသင်္ကန်း၊ သပြေ၊ မာလကာသီး၊ ဩဇာသီး၊ အအေး ရည်၊ အမွှေးနံ့သာများ ပူဇော်၍ ဆုတောင်းရပါသည်။

**၅။ အဆို၊ အက၊ အရေး၊ အတီး၊ ပန်းချီ**

ပါးစပ်နှင့် လက်တော်များကို ရွှေချခြင်း၊ သပြေပန်း၊ ဩဇာသီး၊ မာလကာ၊ ဘယာကြော်၊ မုန့်လုံးရေပေါ်၊ အမွှေး နံ့သာများ ပူဇော်၍ ဆုတောင်းရပါသည်။

**၆။ တယ်လီဖုန်းသတင်းစကား**

ပါးစပ်တော်၊ နားတော်၊ လက်တော်များကို ရွှေချ ခြင်း၊ သပြေပန်း၊ ကွမ်းယာ၊ စီးကရက်၊ အအေးရည်၊ နံ့သာ များ ပူဇော်၍ ဆုတောင်းရပါသည်။

**၇။ ရန်၊ ဘေးဥပါဒ် အန္တရာယ်**

ဘယာကြော်၊ မုန့်လုံးရေပေါ် ကောက်ညှင်းပေါင်း၊ ဩဇာသီး၊ မာလကာသီး၊ ထီး၊ ဖိနပ်၊ အောင်လံ၊ သပြေ၊ အမွှေးနံ့သာ၊ အအေးရည်များ ပူဇော်၍ ဆုတောင်းရပါသည်။

**မှတ်ချက်**

၁။ စီး'အဖွာတော်'ဟု ဆို၍ ပူဇော်ရပါသည်။

၂။ ကွမ်းယာကို 'အယာတော်'ဟု ဆို၍ ပူဇော်ရပါသည်။

၃။ လက်ဖက်ကို 'လာဘ်ဖက်တော်'ဟု ဆို၍ ပူဇော်ရပါသည်။

၄။ လုံချည်၊ ပုဆိုး ပူဇော်၍ ဆုတောင်းရာ၌ 'လုံခြုံအောင် ချည်နှောင်ကာကွယ် စောင့်ရှောက်တော်မူပါ၊ ကံဇာတာနိမ့်ပါး ဆိုးရွားနေသည်များကို ပုသွား၊ ပြားသွား၊ ပျောက်သွားအောင် စောင့်ရှောက်တော်မူပါ'ဟု လုံချည်၊ ပုဆိုးတို့၏ ပညတ်လာများ စာတ်နိမိတ် ယူ၍ ပူဇော်ဆုတောင်းရပါသည်။ (အမှုအခင်း၊ ခရီး၊ သားသမီးရေးရာကိစ္စများ၌ ပူဇော်ဆုတောင်းရပါသည်။)

၅။ ဘယာကြော်ကို 'ဘေးရန်ကျော်'ဟု ဆို၍ ပူဇော်ရပါသည်။

၆။ အထူးအရေးတကြီး တိုင်တည်ဆုတောင်း အဓိဋ္ဌာန်မည်ဆိုပါက အသက်အောင့်၍ တိုင်တည်၊ ဆုတောင်း အဓိဋ္ဌာန်ရပါသည်။

(ဆရာသခင်မြတ်တို့၏ ဩဝါဒများနှင့် လေ့လာမှတ်သား ကိုယ်တွေ့များကို စုစည်း၍ တင်ပြပါကြောင်းကို ဝန်ခံအပ်ပါသည်။)

မော်တင်သိန်းဇော်



www.burmeseclassic.com

www.burmeseclassic.com

# ဝိဇ္ဇာပေးသည့် ပုတီးစိပ်

## ခင်ကြီးခင်ခင်(မြန်မာစာ)

ဤပုတီးစိပ်သည် ကျွန်မနှင့် အိမ်နီးနားချင်း ခင်မင်ရင်းနှီးသော ဆရာဝန်ကြီး DR. SEIN YI (M.B.B.S) (YGN) DPTM (YGN) FRSH (LONDON) ယခင်တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(အငြိမ်းစား)ထံမှ ရရှိသော ပုတီးစိပ်နည်း ဖြစ်ပါသည်။

ထိုဆရာဝန်ကြီး ဦးစိန်ရီသည် လွန်ခဲ့သော နှစ် ၆၀ ခန့်က မကွေးတိုင်းဒေသကြီး မင်းဘူး၊ မယ်ဘော့ကုန်းကျေးရွာ အောင်တော်မူ ဓာတ်ခန်း၌ ဝိဇ္ဇာမိုရ်ဂိုဏ်းချုပ် ဆရာတော်ဘုရားကြီး ဦးကောဝိဒ၊ ဦးပဏ္ဍိတ၊ ဦးဥတ္တမကျော်၊ ဘိုးတော်ဘိုးထွန်းအောင်တို့ထံပါးတွင် တပည့်တစ်ဦးအဖြစ် နေထိုင်ခဲ့သူဖြစ်၏။ သူ့အား တပည့်အဖြစ် လက်ခံခြင်းမှာလည်း ဆရာတော်ကြီးတို့၏ ပဋ္ဌာန်းဆက် ဆွေမျိုးဖြစ်ခဲ့ဖူး၍ ဖြစ်ပါသည်။ ဆရာကြီး ဦးစိန်ရီသည် ဆရာတော်ကြီးသုံးပါးစလုံး မီးထုံကူး အသက်ဆက်ရာ၌ ကိုယ်တိုင်ကိုယ်ကျ ပါဝင်ကူ ညီဆောင်ရွက်ခဲ့ဖူး၏။ ထိုအောင်တော်မူ ဓာတ်ခန်း၌လည်း ဒုလ္လဘရဟန်း အကြိမ်ကြိမ်ဝတ်ခဲ့ဖူး၏။ ဝိဇ္ဇာမိုရ်ဆရာတော် ဘုရားကြီးများ၏ သိဒ္ဓိတန်ခိုး အမျိုးမျိုးကိုလည်း ကိုယ်တွေ့အံ့ဩဖွယ်ရာ ဖူးတွေ့ခဲ့ရသူဖြစ်သည်။ ထို့ကြောင့် သိပ္ပံပညာရှင်ဆရာဝန်ကြီးဖြစ်သော်လည်း "ဝိဇ္ဇာပညာသည် သိပ္ပံပညာထက်သာလွန်၍ အဆင့်မြင့်ကြောင်း"ကို လေ့လာတွေ့ရှိခဲ့ပြီးနောက် ဝိဇ္ဇာပညာကို ယုံကြည်စွာဖြင့် ဆရာတော်ဘုရားကြီးများ၏ နည်းနာနိဿယအတိုင်း ပါရမီစခန်းကို လျှောက်လှမ်းခဲ့၏။ ယခုဆိုလျှင် နှစ်ပေါင်း ၅၀ ကျော်ရှိပြီးလျှင် အသက်အားဖြင့်မူ ဂ၅ နှစ်ခန့် ရှိပြီ ဖြစ်သည်။

၁၉၆ဂ ခုနှစ်တွင် ဆရာတော်ကြီး ဦးပဏ္ဍိတမှ ဆရာကြီးဦးစိန်ရီအား ခေါ်ယူ၍ "ငါတို့က ရဟန်းကိစ္စ ပြီးသွားပြီ။ ဒါကြောင့် အကြောင်းကိစ္စရှိရင် မပင့်နဲ့တော့။ လောကီကိစ္စကိုလည်း မလျှောက်နဲ့တော့။ အစစအရာရာ မင်းကို ဘိုးတော်အောင်မင်းခေါင်အား လွှဲအပ်ပေးမယ်"ဟု မိန့်တော်မူ၏။

"မင်းရဲ့အဘ အောင်မင်းခေါင်ဟာ သာမန်ပုဂ္ဂိုလ်မဟုတ်ဘူး။ လေးမည်ရပုဂ္ဂိုလ် ဖြစ်တယ်။ သူ့ကို ဓမ္မစေတီမင်းခေါင်၊ တိမ်ကြားမင်းခေါင်၊ ပုပ္ပားမင်းခေါင်၊ အဘအောင်မင်းခေါင်လို့ ခေါ်ကြတယ်။ ကောင်းကင်က တိမ်တွေကြားမှာပုတီးတက်စိပ်နိုင်လို့ တိမ်ကြားမင်းခေါင်လို့ ခေါ်တာဖြစ်တယ်။ တာဝတိံသာ အစရှိတဲ့ နတ်ပြည်ခြောက်ထပ်ကိုလည်း တက်နိုင်တယ်။ အချို့ဝိဇ္ဇာတွေ မစိပ်နိုင်ဘူး။ မတက်နိုင်ကြဘူး" ဟုလည်း မိန့်တော်မူ၏။ ထို့နောက် ဆရာကြီးဦးစိန်ရီကို အဘအောင်မင်းခေါင်ထံ လွှဲအပ်ပေးလိုက်ပါသည်။

ထိုအခါ အဘအောင်မင်းခေါင်က "မင်းကို ငါ အလုပ်တစ်ခုပေးမယ်။ ငါစိပ်သလိုမျိုး ပုတီးစိပ်ရမယ်"ဟု မိန့်ကြားပြီးလျှင် "မနက် ဂ နာရီတစ်ကြိမ်၊ နေ့လည် ၁ နာရီတစ်ကြိမ်၊ ည ဂ နာရီတစ်ကြိမ် တစ်နေ့မှာ သုံးကြိမ် ၂၇ ပတ်စီ စိပ်ရမယ်။ ညသန်းခေါင်ကျော်ရင် ငါလာနှိုးမယ်။ မင်းခန္ဓာဉာဏ်ရောက် ဝိပဿနာတရား အားထုတ်ရမယ်"ဟု မိန့်ကြားပါသည်။ ထို့နောက် အဘအောင်မင်းခေါင်မှ ၎င်း၏ ပုတီးစိပ်နည်းကို အောက်ပါအတိုင်း မိန့်ကြားခဲ့ပါသည်။

(၁) အောင် နမော ဗုဒ္ဓါယ သော ဘဂဝါ ဣတိပိ အရဟံ (ပုတီးတစ်လုံးချ)

(၂) အောင် နမော ဗုဒ္ဓါယ သော ဘဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေ (ပုတီးတစ်လုံးချ)

(၃) အောင် နမော ဗုဒ္ဓါယ သော ဘဂဝါ ဣတိပိ ဝိဇ္ဇာစရဏသမ္ပန္နော (ပုတီးတစ်လုံးချ)

(၄) အောင် နမော ဗုဒ္ဓါယ သော ဘဂဝါ ဣတိပိ သုဂတော (ပုတီးတစ်လုံးချ)

(၅) အောင် နမော ဗုဒ္ဓါယ သော ဘဂဝါ ဣတိပိ လောကဝိဒူ (ပုတီးတစ်လုံးချ)



www.burmeseclassic.com

www.burmeseclassic.com

(၆) အောင် နမော ဗုဒ္ဓါယ သော ဘဂဝါ ဣတိပိ အနုတ္တရောပုရိသဓမ္မသာရထိ (ပုတီးတစ်လုံးချ)

(၇) အောင် နမော ဗုဒ္ဓါယ သော ဘဂဝါ ဣတိပိ သတ္တာဒေဝမနုဿာနံ (ပုတီးတစ်လုံးချ)

(၈) အောင် နမော ဗုဒ္ဓါယ သော ဘဂဝါ ဣတိပိ ဗုဒ္ဓေါ (ပုတီးတစ်လုံးချ)

(၉) အောင် နမော ဗုဒ္ဓါယ သော ဘဂဝါ ဣတိပိ ဘဂဝါ (ပုတီးတစ်လုံးချ)

အောင် = အောင်မြင် (လောကီ၊ လောကုတ်)

နမော = ရှိခိုးပါ၏

ဗုဒ္ဓါယ = ဘုရားရှင်အား

သော ဘဂဝါ = ထိုမြတ်စွာဘုရားသည်

ဣတိပိ = ဤသို့လျှင်

အရဟံ = လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါတို့၏ ပူဇော် အထူးကို ခံတော်မူထိုက်သောကြောင့် အရဟံမည်တော်မူပေ၏။

သမ္မာသမ္ဗုဒ္ဓေါ = တရားအပေါင်းတို့ကို မဖောက်မပြန် သယမ္ဘူဉာဏ်ဖြင့် အကြွင်းမရှိ သိတော်မူသော အကြောင်းကြောင့်လည်း သမ္မာသမ္ဗုဒ္ဓ မည်တော်မူ၏။

ဝိဇ္ဇာစရဏသမ္ပန္နော = ဝိဇ္ဇာသုံးပါး၊ ဝိဇ္ဇာရှစ်ပါး၊ စရဏတစ်ဆယ့်ငါးပါးနှင့် ပြည့်စုံတော်မူသော အကြောင်းကြောင့်လည်း ဝိဇ္ဇာစရဏသမ္ပန္န = မည်တော်မူပါပေ၏။

သုဂတော = ကောင်းသောစကားကိုသာ ဆိုတော်မူ တတ်သော အကြောင်းကြောင့်လည်း သုဂတောမည်တော်မူ ပါပေ၏။

လောကဝိဒူ = ဖြစ်ပျက်များစွာ သတ္တဝါနှင့် လောက သုံးပါးကို အကြွင်းမဲ့ သိမြင်တော်မူသော အကြောင်းကြောင့် လည်း လောကဝိဒူမည်တော်မူပါပေ၏။

အနုတ္တရောပုရိသဒမ္မသာရထိ = ဆုံးမထိုက်သော သတ္တဝါတို့ကို ယဉ်ကျေးအောင် ဆုံးမတော်မူသော အကြောင်းကြောင့်လည်း အနုတ္တရောပုရိသဒမ္မသာရထိ မည်တော်မူပါပေ၏။

သတ္တာဒေဝမနုဿာနံ - လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါတို့၏ ဆရာတော် ဖြစ်တော်မူသော အကြောင်းကြောင့်လည်း သတ္တာဒေဝမနုဿာနံ မည်တော်မူပါပေ၏။

ဗုဒ္ဓေါ = သစ္စာလေးပါးမြတ်တရားကို သိတော်မူသော အကြောင်းကြောင့်လည်း ဗုဒ္ဓမည်တော်မူပါပေ၏။

ဘဂဝါ = ဘုန်းတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ တန်ခိုးတော်အနန္တနှင့် ပြည့်စုံတော်မူသော အကြောင်းကြောင့် လည်း ဘဂဝါမည်တော်မူပါပေ၏။

ဤသို့ ပုတီးစိပ်နည်း အဓိပ္ပါယ်တို့ကို အဘအောင်မင်းခေါင်မှ ဆရာကြီးဦးစိန်ရီကို ရှင်းပြခဲ့ပါသည်။ ထို့နောက် ပုတီးစိပ်တိုင်း ဘုရားရှင်၏ ဂုဏ်တော်များကို နှလုံးသားထဲ ဝင်အောင်စိပ်ပါဟုလည်း မှာကြားခဲ့ပါ၏။ ထို့နောက် နှစ်ပေါင်း ၃၀ ခန့် စိပ်ပြီးသောအခါ သက်တော်ထင်ရှား မြတ်ဘုရားရှင် ကို အာရုံတွင် ဖူးမြင်ရသည်ဟု သိရပါသည်။

ထို့ပြင် ဤပုတီးစိပ်နည်းတွင်ပါသော "အောင် နမော ဗုဒ္ဓါယ သောဘဂဝါ ဣတိပိ"ကို အစား အလွယ်အဓိပ္ပါယ် နှင့် စိပ်လိုသော် "ဗုဒ္ဓေါအောင်ပြီ"ဟု ထည့်ဆိုနိုင်ပါသေးသည်။

ထိုအခါ···ဗုဒ္ဓေါအောင်ပြီ···အရဟံ (ပုတီးတစ်လုံးချ)

ဗုဒ္ဓေါအောင်ပြီ···သမ္မာသမ္ဗုဒ္ဓေါ (ပုတီးတစ်လုံးချ)

ဗုဒ္ဓေါအောင်ပြီ··ဝိဇ္ဇာစရဏသမ္ပန္နော (ပုတီးတစ်လုံးချ)

ဗုဒ္ဓေါအောင်ပြီ···သုဂတော (ပုတီးတစ်လုံးချ)

ဗုဒ္ဓေါအောင်ပြီ···လောကဝိဒူ (ပုတီးတစ်လုံးချ)

ဗုဒ္ဓေါအောင်ပြီ···အနုတ္တရောပုရိသဓမ္မသာရထိ (ပုတီးတစ်လုံးချ)

ဗုဒ္ဓေါအောင်ပြီ··သတ္တာဒေဝမနုဿာနံ (ပုတီးတစ်လုံးချ)

ဗုဒ္ဓေါအောင်ပြီ···ဗုဒ္ဓေါ (ပုတီးတစ်လုံးချ)

ဗုဒ္ဓေါအောင်ပြီ···ဘဂဝါ (ပုတီးတစ်လုံးချ)

ဟူ၍ ဖြစ်သွားပါလိမ့်မည်။ ဤအဘဘိုးမင်းခေါင်၏ ပုတီးစိပ်ကို မပျက်မကွက် စိပ်တဲ့သူတိုင်းကိုလည်း အဘဘိုး မင်းခေါင်က စောင့်ရှောက်မည်ဟု မိန့်ကြားခဲ့၍ စာရှုသူတို့ လည်း ကျင့်ကြံအားထုတ်စေချင်ပါသည်။ ဆရာကြီးဦးစိန်ရီဆို လျှင် ယနေ့ထိ နှစ်ပေါင်း ၅၀ ကျော် စိပ်ခဲ့သဖြင့် အဘ ဘိုးမင်းခေါင်သည် ဆရာကြီးဦးစိန်ရီအိမ်သို့ ကိုယ်တိုင် အမြဲ ကြွရောက် စောင့်ရှောက်ပြီးလျှင် ဆရာကြီးနှင့်အတူ ပုတီးစိပ် လျက် ရှိပါသည်။

**ခင်ကြီးခင်ခင် (မြန်မာစာ)**



www.burmeseclassic.com

www.burmeseclassic.com

# အဘဘိုးမင်းခေါင်ကို ဘယ်လိုကန်တော့ပွဲအပ်ပြီး ပင့်ဖိတ်ရမလဲ

**ဆရာဇီဝအောင်ထွဋ်**

ဗုဒ္ဓဘာသာ ထွန်းကားတော်မူသော မိမိတို့နိုင်ငံသည် နိုင်ငံသားတိုင်း မိမိတို့ယုံကြည်ရာကို လွတ်လပ်စွာ ပူဇော်ကိုးကွယ်ခွင့် ရထားသောနိုင်ငံ ဖြစ်၏။

သည့်အတွက် နတ်ကိုးကွယ်မှုများ၊ ဘိုးတော်ကိုးကွယ်မှုများလည်း တွင်ကျယ်နေဆဲပင်။ မိမိတို့ နိုင်ငံသူ နိုင်ငံသားများ၌ မိရိုးဖလာ ကိုးကွယ်ယုံကြည်မှုတွေက အများသား။ သည်လိုမျိုး ကိုးကွယ်ကြရာ၌ ကန်တော့ပွဲကို ပြင်ရ၊ အပ်ရသည်။ ပူဇော်ကိုးကွယ်လိုသော ပုဂ္ဂိုလ်ကို ပင့်ဖိတ်ရ၏။

ဤ၌ အဘဘိုးမင်းခေါင်ကို ရည်စူး၍ ကန်တော့ပွဲပြင်လိုသူ၊ ကန်တော့ပွဲအပ်လိုသူ၊ အဘဘိုးမင်းခေါင်အား ပင့်ဖိတ်လိုသူတို့အတွက် အဘဘိုးမင်းခေါင် ကန်တော့ပွဲဆိုင်ရာ ပင့်ဖိတ်ခြင်းဆိုင်ရာတို့ကို လေ့လာမိသမျှ တင်ပြလိုက်ပါသည်။

ဦးစွာ အဘဘိုးမင်းခေါင်ကန်တော့ပွဲ ပြင်ရာ၌ လိုအပ်သော ပစ္စည်းပစ္စယတို့ကို ဖော်ပြပါမည်။

| | | |
|---|---|---|
| ၁။ | ငှက်ပျောသီး | (၃) ဖီး |
| ၂။ | အောင်သပြေပန်း | (၅) ညွန့် |
| ၃။ | စံပယ်ပန်း | (၁) ကုံး |
| ၄။ | ရွှေပန်း | (၅) ပွင့် |
| ၅။ | ငွေပန်း | (၅) ပွင့် |
| ၆။ | ကွမ်းယာ | (၅) ယာ |
| ၇။ | လက်ဖက် | (၁) ပွဲ |
| ၈။ | တစ်မတ်စေ့ | (၅) စေ့ |
| ၉။ | ဆယ်ပြားစေ့ | (၅) စေ့ |
| ၁၀။ | စက္ကူအဖြူ | (၅) ရွက် |
| ၁၁။ | အမွှေးနံ့သာတိုင် | (၅) တိုင် |
| ၁၂။ | ဖယောင်းတိုင် | (၅) တိုင် |
| ၁၃။ | ရေနွေးကြမ်း | (၁) ခွက် |
| ၁၄။ | ဆေးပြင်းလိပ် (သို့) စီးကရက် | (၁) လိပ် |
| ၁၅။ | တောင်း | (၁) လုံး |

အဆိုပါ ပစ္စည်းများ စုံပြီဆိုပါက -

- တောင်းအတွင်းသို့ စက္ကူအဖြူခင်းကာ ငှက်ပျောဖီး သုံးဖီးကို ဦးစွာထည့်ပါ။
- ငှက်ပျောသုံးဖီးကြား အနန်းသီးကို ထည့်၍ ပွဲပြင်ပါ။
- မတ်စေ့နှင့် ဆယ်ပြားစေ့တို့ကို ပွဲထဲသို့ ထည့်ရပါမည်။
- သပြေပန်း၊ ရွှေပန်း၊ ငွေပန်း၊ စံပယ်ပန်း၊ ကွမ်းယာ၊ လက်ဖက်၊ အမွှေးတိုင်၊ ဖယောင်းတိုင်၊ ရေနွေးကြမ်း၊ ဆေးပြင်းလိပ် (ဝါ) စီးကရက်တို့ကို ကပ်လှူရပါမည်။



www.burmeseclassic.com

www.burmeseclassic.com

ထို့နောက် ကန်တော့ပွဲကို အောက်ပါအတိုင်း ရွတ်ဆို၍ ဆက်ကပ်ပါ။

> "ဘဝပါရဂူ၊ ဟိန္ဒူအစစ်၊ သိင်္ဂီအနှစ်၊ ဓမ္မစစ်ရွှေဂေါင်၊ မြတ်ဘုန်းရောင်နှင့် ဘုန်းရောင်နေသား၊ ဘမိတ၏၊ တရားမြတ်အပေါ်၊ သားမြေးတော်တို့၊ ရည်ရော်တမ်းတ၊ မုန်းဆမဆုံး၊ ယူကျုံးပိုင်ရှင်၊ အရှင်မင်းလျှင်၊ မြို့ပြပြည်နယ်၊ နလီကယ်ရပ်၊ သားမြေးတော်တို့က၊ သောင်းသောင်းညီညာ၊ ဤခုခါဝယ်၊ ဆယ်ဖြာစုံလက်၊ ကတုံလက်ဖြင့်၊ လက်ယုက်ဦးတင်၊ ကန်တော့ပန်းဆင်၍၊ ကြည်ရွှင်ဝမ်းမြောက်တော်မူပါ၊ (နေစကြာတစ်နှုန်း၊ လရွှေမှုန်းကဲ့သို့၊ သုံမဆုံးနိုင်သည့် ဘိုးမင်းခေါင်၊ ပုပ္ပားမင်းခေါင်၊ ဓမ္မစေတီမင်းခေါင်၊ တိမ်ကြားမင်းခေါင်၊ အဘဘိုးမင်းခေါင်ဘုရား•••ကြွတော်မူပါဘုရား)"[၃]

သားတော်/သမီးတော် (------)နေ့သား၏ ဤအိမ်ဂေဟာ၊ ဤနန်း၊ ဤဓာတ်စခန်းသို့ ကြွရောက်သီတင်းသုံးတော်မူလှည့်ပါဘုရား။

သားတော်/သမီးတော်အား ဟိ၊ သိဒ္ဓိ၊ ဓာတ်ဉာဏ်၊ ပရမတ္ထဉာဏ်စဉ်များ ပေးသနားတော်မူပါ။

ပိဋကတ်သုံးပုံ ဓမ္မခန္ဓာ၊ ပေစာပေါင်း ရှစ်သောင်းလေးထောင်တို့ကို တစ်အောင့်၊ တစ်ခဏ၊ တဒင်္ဂမြင်ရုံမျှဖြင့် တတ်ကျွမ်းသိမြင်လိုပါ၏ဘုရား။

သူယုတ်မာနှင့်လွဲ၍ အရိယာပုဂ္ဂိုလ်များနှင့်သာ တွေ့ရပါလို၏။ တစ်ပါးသူနှင့်ယှဉ်ပါက အနိုင်ရရှိလိုပါ၏။ အသံကြားလျှင် သနားပါစေ၊ မျက်နှာမြင်လျှင် ချစ်ခင်ပါစေ။ ဝီယသိဒ္ဓိ၊ ဓနသိဒ္ဓိ၊ လာဘသိဒ္ဓိ အစရှိသော သိဒ္ဓိ ၁၀ ပါးတို့နှင့် ပြည့်စုံ၍ သာသနာပြုနိုင်သောပုဂ္ဂိုလ် ဖြစ်ရပါလို၏။

ထိုကဲ့သို့ ယုံကြည်စိတ်ကို အရင်းခံ၍ အဘဘိုးမင်းခေါင်ကို အာရုံတွင် မြင်သာထင်သာအောင် ဝင်စားကာ ကန်တော့ပွဲကို ပြည့်စုံစွာ စီစဉ်ပြီး အပ်ရပါမည်။

ထိုသို့အပ်ပြီးနောက် ဆက်လက်၍ အဘဘိုးမင်းခေါင်၏ ရုပ်တုရှေ့၌ ဖယောင်းတိုင် တစ်တိုင်၊ အမွှေးတိုင် တစ်တိုင်၊ ဆေးပြင်းလိပ် သို့မဟုတ် စီးကရက် တစ်လိပ်ကို ဆက်ကပ်၍ ပင့်ဖိတ်လျှောက်ထားရပါမည်။

"အောင်အရပ်၊ ခေါင်ပထမံဟု၊ နဘံသိမ့်သိမ့်၊ မိုးလုံးငြိမ့်မျှ၊ ငြိမ့်ငြိမ့်ရိုက်ခတ်၊ ဗုဒ္ဓမြတ်စွာ၊ သာသနာတော်၌၊ အပေါဝတ၊ ကောင်းချီးပလျက်၊ တေဇထွန်းပြောင်၊ ဘိုးမင်းခေါင်ဟု၊ အခေါင်ထိပ်သီး၊ အောင်ဝိဇ္ဇာကြီး၊ တသီးတခြား၊ အမျုးထား၍ ထူးခြားစွာဖြင့်၊ ပင့်ဖိတ်လျှောက်ထားအပ်ပါသည်။

ကမ္မဝိဒ္ဓိ၊ မပဟိဒ္ဓိ၊ ဣဒ္ဓိရှင် ဘိုးမင်းခေါင်ခင်ဗျား။

သားတော်/သမီးတော် (---------)ကပ်လှူသည့် ကန်တော့ပွဲကို အလှူခံတော်မူပါခင်ဗျား"

ထိုသို့ပင့်ဖိတ်ပြီးပါက မိမိအလိုရှိသော (လောဘနှင့်မယှဉ်သော/ဖြစ်နိုင်ခြေရှိသော/တရားမျှတသော)ဆုကို တောင်းခံနိုင်ပါသည်။

**ဆရာဇီဝအောင်ထွဋ်**



www.burmeseclassic.com

www.burmeseclassic.com

# အဖေကြီးရဲ့ မှန်တဲ့ စွေစကား

မော်တင်သိန်းဇော်ဇ

ထွက်ရပ်မြန်း၊ ဝိဇ္ဇာမိုရ်ကြီး၊ အဖေကြီးဘိုးမင်းခေါင်၊ အောင်မင်းခေါင်ကို အဖေကြီးနှင့် ပဋ္ဌာန်းပါရမီ အကြောင်း ဆက်ပါခဲ့သူများ၊ ဘာသာ သာသနာ ကုသိုလ်ရေးတို့ကို အားထုတ်ကျင့်ကြံလုပ်ဆောင်ပြီး ကိုယ်ကျင့်တရားကောင်းမွန်သူများ၊ သီလ စရဏ အခြေခံကောင်းမွန်ပြီး လောကစံဆိုင်ရာ ဘေးဥပါဒ် အန္တရာယ် ကပ်ဆိုး၊ အနိဋ္ဌာရုံဆိုး၊ ဒုက္ခဆိုး တွေ့ဆုံရင်ဆိုင်ရသူများတို့ အနေနှင့် နေရာဒေသအသီးသီးတို့၌ အကြောင်းခြင်းရာ နည်းထူးစုံတို့နှင့် တွေ့ခွင့်ရ ဆုံခွင့်ရ တတ်ကြပါသည်။ ပြည်တွင်းနှင့် ပြည်ပ ဘုရားရင်ပြင်၊ ဇရပ်၊ ထမင်းဆိုင်၊ ဈေးဆိုင်၊ တောပြင်လမ်း၊ တောတောင်ဂူ၊ ရပ်ရွာမြို့ပြ နေအိမ်ရှေ့ လမ်းမပေါ်မဟူ ဆိုသလို အဖေကြီးနှင့် ကံကုသိုလ် အကြောင်းရေစက် ထူးကဲကာ အံ့ဩတမော မှု ပြောပြ၍ ယုံနိုင်ဖွယ်မရှိ ဆိုသလို တွေ့ဆုံခွင့်ရကြလျက် ကိုယ်ကျိုးစီးပွားများ ထူးခြားအောင်မြင် ဘေးလွတ်ရကြသူတို့ အများအပြား ရှိကြပါသည်။

သိဖို့၊ မဟိဒ္ဓိတန်ခိုး ကြီးမားသည့် အဖေကြီးကို ဆုံစည်းတွေ့ကြုံလိုသည့် အဖေကြီးအား ကြည်ညိုပူဇော်ဝင်စားကြသူတို့ အထဲတွင် ဦးသူတော်တစ်ယောက်လည်း အပါအဝင်ဖြစ်သည်။ ထွက်ပွဲကြီးများ၊ အထင်ကရ အကျော်ဒေးယျ စေတီနန်းဆောင်ကြီးများသို့ ရောက်ရှိသွားလေတိုင်း မိမိနေအိမ်၌ အဖေကြီးအား ကန်တော့ပွဲပေး ပူဇော်တိုင်း အဖေကြီးနှင့် တွေ့ခွင့်ရရှိရေး အကြောင်းကိုလည်း ဦးသူတော်က ထက်သန်ပြင်းပြ စူးနစ်စွာ အဖေကြီးထံ တစိုက်မတ်မတ် တိုင်တည်ခွင့်တောင်းလေ့ ရှိခဲ့လေသည်။ ဝိပဿနာနှင့် သမထ နှစ်ဖြာစလုံးကို အားထုတ် ကျင့်ကြံသူ ဦးသူတော်အနေနှင့် တရားတွေထိုင်လိုက်၊ ပုတီးစိပ်လိုက်၊ ဘုရားဖူးနှင့် ဂန္ဓာရီတွေ သွားလိုက်၊ ဖူးလိုက် ကုသိုလ်ကောင်းမှုတွေ ပြုလိုက်နှင့် တပည့်နိုင်မာ ဆရာလာသည်ဟူသော ဝိဇ္ဇာကြောင်းလာ စကားမှန်အတိုင်း တစ်ခုသော ဆောင်းဦးပေါက်ကာလ နံနက် ၇ နာရီခန့်မှာတော့ အဖေကြီးဘိုးမင်းခေါင် အောင်မင်းခေါင် အား တွေ့ဆုံချဉ်းကပ်လို၍ ဆုတောင်းခဲ့သော ဦးသူတော် အတွက် ဆုတောင်းပြည့်ခဲ့လေသည်။ အကြောင်းထူးခဲ့လေသည်။

အမှတ်တရအနေနှင့် ၁၉၇၉ ခုနှစ်တစ်ဝိုက် ဆောင်းဦးပေါက်ကာလ နံနက် ၅ နာရီခန့်အချိန်၌ ဖြစ်သည်။ ထိုစဉ်က မိသားစုရေး အလုပ်အသက်မွေးဝမ်း ကျောင်းရေးရာတွေက ဘက်စုံဆီက ယိုယွင်းထိခိုက်နေလျက် ဒုက္ခ၊ သောက၊ အပူစုံရကာ ဦးသူတော်အနေနှင့် အလွန်တရာ အထိနာနေသော ဘဝပေးနှင့် ကာလတာပင် ဖြစ်လေသည်။ ထိုနေ့ နံနက်၌ ဦးသူတော်သည် ဘုရားကြီးဝင်း ပရဝဏ်တစ်ကြောအတွင်းရှိ ဇရပ်ပေါင်း၊ ဇရပ်ပျက်ကြီးတစ်ခုအတွင်း၌ ပဋ္ဌာန်းတွေရွတ်၊ မေတ္တာတွေပို့လျက် တရားရှုမှတ် အားထုတ်နေသော အချိန်ဖြစ်သည်။ ထိုသို့ ဦးသူတော်ဇရပ်ပျက်ကြီးအတွင်း တရားရှု ကမ္မဋ္ဌာန်းထိုင်နေခိုက် ဂိုန်းဟူသော အပြင်ဘက်ဆီက စေ့ထားပိတ်ထားသည့် ဇရပ်ပျက် သံတံခါးကြီးကို အားနှင့် အတင်းဆောင့်ကာ လှမ်းဖွင့်လိုက်ပြီး ဇရပ်ပျက်ထဲသို့ ဝင်လာလျှောက်လှမ်းလာသည့် ခြေသံတစ်ရပ်ကို ဦးသူတော်နားဆီမှ ထူးဆန်းစွာ ကြားလိုက် သတိပြုဝင်စားမိလိုက်လေသည်။ ဇရပ်ပျက်ကြီး ဘုရားခန်းထဲ၌ တစ်ဦးတည်း တရားထိုင်နေစဉ် မိမိ၏ တည့်တည့်ရှေ့ရှိ အနီးကပ်ဆီ၌



www.burmeseclassic.com

www.burmeseclassic.com

မြင်သာလှသည့် ခြေသံနှင့် ရပ်တန့်လိုက်သည့် ခြေသံတို့ကို ကြားသိ သတိချပ်မိလိုက်၍ ဦးသုတော်အနေနှင့် **စိတ်ဝင်စား** လှုပ်ရှားမိပြီး မျက်စေ့ကို ဖွင့်ကြည့်လိုက်ရာ အရပ်အမောင်း ထောင်ထောင်မောင်းမောင်း ဗလကကောင်းကောင်း၊ အရပ် မြင့်မြင့်၊ ကိုယ်တိုင်က တုတ်ခိုင်ထည်ဝါ ဖွံ့ဖြိုး၊ အသားက ခပ်ညိုညို၊ ကတုံးပေါက်ဆံပင်က ခပ်တိုတို၊ လည်ပင်းမှာ ပုတီးမည်းကြီးဆွဲပတ်လျက် အပေါ်က ပင်နီရောင် ဖျင်ကြမ်း တိုက်ပုံပေါင်းနွမ်းနှင့် ကွက်ကြီးလုံချည်ပေါင်း အညိုကြီး **ဝတ်ဆင်ထား၍** လက်ဝဲဘက် ပခုံးထက်မှာ တဘက်ဖြူ **ညစ်ပေကြီး**ကို တင်ထားသည့် တစ်ခါဖူးမျှ မတွေ့ မမြင်ဖူး **မဆုံဖူးသော** ငြေ့သည် ငြေ့စိမ်း အဘိုးကြီးဖြစ်သူ တစ်ဦးကို **ရုတ်တရက်** မမျှော်လင့်ဘဲ အမှတ်မထင်မျှ လျှပ်တစ်ပြက် **ဘွားကနဲဆိုသလို** အဆန်းတကြယ်နှင့် တွေ့မြင်လိုက်ရလေ **သည်။**

**ထိုစဉ်မှာပင်** ထိုထူးခြားဆန်းကြယ်သော အဘိုးကြီး **ဖြစ်သူက ဦးသု**တော်အား အချိန်မဆိုင်းဘဲ ဆိုသလို သူ၏ **တဘက်ညစ်ကြီး**ကို ကိုင်ဆုပ်ထားသည့် လက်ျာလက်က **လက်ညှိုးရှည်ကြီး**ကို ထောင်လျက် ပူမနေနဲ့တော့သား ဒီတစ် လအတွင်းမှာ မင်း အဆင်ပြေတော့မှာ။ အလုပ်စခန်းကိုသာ ဖိလုပ်နေပါဟု တိုတိုပြတ်ပြတ် လှမ်းပြောပြီး ဦးသုတော်အား ကျောခိုင်းကာ အလျင်စလို အမြန်အဆန်နှင့် ဇရပ်ပျက်ကြီး ၏ အဝင်သံတံခါးကြီးဆီသို့ ဖျတ်ကနဲ အမြန်လျှောက်သွား ပြီး အပြင်ဘက်ဆီသို့ ထွက်သွားလေသည်။ ငြေ့စိမ်းအဘိုးကြီး ထွက်သွားပြီး ခဏတာ မိနစ်ပိုင်းမျှ အကြာမှာတော့ ဦးသု တော်အနေနှင့် အသိဝင်မိပြီး "ဟာ…အဖေကြီးများလား မသိဘူး။ အမလေး…ငါ အမြန်လိုက်မှ ဖြစ်တော့မယ်။ ဒုက္ခပဲ"ဟု ရေရွတ်မြည်တွန်ရင်း ဇရပ်ပျက်ကြီးအပြင်ဘက် ဆီသို့ ကမူးရှူးထိုး၊ ကမန်းကတန်း၊ ကပျာကယာ အမော တကောနှင့် ပြေးထွက်သွားကာ ဘုရားစေတီကြီး၏ အဝင်မုခ် ဦးဝဆီသို့ လှမ်းကြည့်လိုက်ရာ ငြေ့စိမ်းအထူးအဆန်းဖြစ် သော အဘိုးကြီးဖြစ်သူက ဘုရားစေတီကြီးထဲဆီသို့ ဝင်ရောက် ချဉ်းနင်းသွားသည်ကို မြင်တွေ့ရလေသည်။ ဦးသုတော်သည် ဘုရားစေတီကြီးထဲသို့ ဝင်သွားသည့် ငြေ့စိမ်းအဘိုးကြီး၏ ကျောပြင်ကြီးအား အဝေးဆီမှ လှမ်းမြင်လိုက်ရ၍ ဝမ်းသာ အားတက်မိတော့ကာ ဘုရားစေတီကြီးဆီသို့ ခုန်းစိုင်း၍ ပြေး သွားပြီး ဘုရားစေတီကြီးထဲသို့ အမြန်ပြေးဝင်လျက် ငြေ့စိမ်း အဘိုးကြီး ဖြစ်သူအား အပူတပြင်း ရှာဖွေလေသည်။ ဦးသု တော်အနေနှင့် ငြေ့စိမ်းအဘိုးကြီးဖြစ်သူအား စေတီတော် ကြီးအတွင်းရှိ ဇရပ်၊ ရေစင်၊ မုခ်၊ အိမ်သာ၊ သိမ်တော်တို့အပြင် ဈေးဆိုင်၊ ဂိုဒေါင်၊ ဓာတ်နန်း၊ နားနေဆောင်၊ ဖိနပ်ချွတ်၊ ပန်းရုံ၊ နတ်လမ်း၊ စင်္ကြံလမ်း စသဖြင့် နေရာအစုံတို့၌ အသဲ အမဲ အမောတကောမျှ ဘေးလူအကူအညီများနှင့် ပိုက်စိပ် တိုက် နေရာအနှံ့မျှ လိုက်ရှာဖွေသော်လည်း အလျဉ်းမတွေ့ ရ။ ပန်းသည်မတို့၏ သတင်းပေးချက်များအရ ထိုနေ့ထိုအချိန် ခန့်ဆီ၌ ဘုရားစေတီကြီးထဲသို့ ဘုရားဖူးတစ်ဦးတစ်လေမျှ မလာမဖူး မဝင်ရောက် မရှိသေးကြောင်းကိုသာ ဦးသုတော် စိတ်မော ကိုယ်မောနှင့် အံ့ဩတစ်မောနှင့် ကြားသိရရှာလေ သည်။ ထို့အတူ မိမိအား လာရောက်၍ ဓာတ်သိဗ္ဗိဩဘာ တောင်းစကားကို ချီးမြှင့်ပြီး ကယ်တင် မစလာသူမှာ သူ အလွန်အထူးမျှ တွေ့ဆုံချဉ်းကပ်နာခံလိုသည့် အဖေကြီး ဘိုးမင်းခေါင်ဖြစ်သည်ကို ရိပ်စားနားလည် သဘောပေါက် လျက် စိတ်မကောင်းဖြစ်ကာ ဖြေမဆည်နိုင်ပင် ဖြစ်ရရှာ သည်။ အဖေကြီး၏ ဩဘာစကားအတိုင်းဖြစ်ရာ ထိုမှ ၁၅ ရက်ခန့်အကြာမှာတော့ ဦးသုတော်သည် ခြေဖဝါးလက်ဖဝါး ဗလာနတ္ထိဘဝမှ ရုတ်တရက် ကောက်ကာငင်ကာမျှ ပွဲတွေ ထဖြစ် ထတိုက်၊ အရောင်းအဝယ်တွေဖြစ်၊ လာဘ်လာဘငွေ ကြေးတွေဝင်၊ ဆုမဲတွေပေါက်၊ ကူညီမစလာသူတွေ ပေါ်လာ ကြနှင့် စီးပွားထဖြစ် ရုတ်ခြည်း ကံနလထပေါ်တက်၍ အဖေ ကြီးဘိုး မင်းခေါင်၏ တစ်လအတွင်း အဆင်ပြေတော့မှာ ဟူသည့် စကားသည် အတိအကျ မှန်ကန်ခဲ့၊ ညီညွတ်သရုပ် ဝင်ခဲ့သည်ကို ဦးသုတော်တစ်ယောက် ကိုယ်တွေ့ကြီး အထင် အရှား အပီအပြင်မျှ သိနားလည် ခံစားမိရင်း အဖေကြီး ဘိုးမင်းခေါင်ကို ကြည်ညိုပူဇော်၍ ကျေးဇူးတင်မဆုံးပင် ရှိနေ တော့သည်။

**မော်တင်သိန်းဇော်ဇ**




www.burmeseclassic.com

www.burmeseclassic.com

# ဝပ်ထွားဦးတင် ရတနာစေတီဆင်များရှင်

မြစိမ်းသပြေ



ရတနာစေတီ ဆင်များရှင်ဘုရား

တရုတ်နိုင်ငံ စီချွမ်စီရင်စုတစ်ဝန်း ရစ်ခ်တာစကေး ၈ ဒသမ သုညရှိ ငလျင်ကြီးတစ်ခု မေလ ၁၂ ရက်နေ့က လှုပ်ခါသွားခဲ့သည်။ စီချွင်ဒေသသည် တောတောင်ထူထပ်သော ဒေသဖြစ်သည်။ ငလျင်ဒဏ်ကြောင့် လူပေါင်း ၈၇၀၀၀ ခန့် သေဆုံးခဲ့ရပြီး အဆောက်အအုံ ၅ ဒသမ ၄၆ သန်း ပြိုကျခဲ့သည်။ လူပေါင်း ၂၄၉၄၉ ဦး ပျောက်ဆုံးနေကြောင်း သိရပါသည်။ ဝမ်ချွမ်သည် စီချွမ်ဒေသတွင်ရှိသော မြို့ဖြစ်ပြီး အထက်ပါငလျင်ဒဏ်ကို ခံခဲ့ရသော မြို့ဖြစ်သည်။ မကြာသေးမီရက်များအတွင်း တရုတ်တောင်ပိုင်းနှင့် အရှေ့ပိုင်းတွင် မိုးများသည်းထန်စွာ ရွာသွန်းခြင်းကြောင့် မြေများပြိုကျနိုင်သဖြင့် ပြည်သူ ၇၀၀၀၀ ခန့်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးနေကြောင်း တရုတ်နိုင်ငံ သတင်းဌာနက ပြောကြားခဲ့သည်။ အထက်တန်းအစိုးရ အရာရှိတစ်ဦးဖြစ်သည့် လီက အသေးစိတ်အစီရင်ခံစာတစ်စောင် တင်ပြရန် ပေကျင်းသို့ သွားရောက်ခဲ့သည်။ လီ၏ အစီရင်ခံစာတွင် စီချွမ်စီရင်စုတစ်ဝန်း ကြေမွပျက်စီးသည့် ဧရိယာမှာ စတုရန်းကီလိုမီတာ ၁၀၀,၀၀၀ (စတုရန်းမိုင်ပေါင်း ၄၀,၀၀၀) ရှိသည်ဟု ဖော်ပြထားပြီး ယင်းမြေငလျင်တုန်လှုပ်ခဲ့သည့်ဒေသ၌ လူဦးရေ ၂၈ သန်း နေထိုင်လျက်ရှိကြောင်းကိုပါ ထည့်သွင်းဖော်ပြထားပေသည်။

ငလျင်နှင့်ပတ်သက်သော အထက်ဖော်ပြပါ သတင်းကို ကျွန်မသည် Weekly ElevenNews ဂျာနယ်တွင် ဖတ်ရှုလိုက်ရ၏။ ငလျင်ကြောင့် သေဆုံးပျောက်ဆုံးသွားရသော တရုတ်ပြည်သူများအတွက် ကြေကွဲဝမ်းနည်းရသလို အိုးမဲ့အိမ်မဲ့ ဖြစ်ရသူများအတွက်လည်း စာနာစိတ်ဖြင့် ကရုဏာဖြစ်မိခဲ့ရပေသည်။ စီချွမ်ဒေသ၌ နောက်ထပ်လည်း ငလျင်များ လှုပ်ခဲ့သေးသည်ဟုဆိုပါသည်။ နောက်ဆက်တွဲ လှုပ်ခတ်သောငလျင်များပင်။ ကျွန်မ၏ခင်ပွန်းနှင့် အတူတကွ နေထိုင်ခဲ့ရသည့် မြစ်မင်းဧရာ ခွေကာဝိုင်းသည့် စစ်ကိုင်းမြို့ဆီကို သတိရတမ်းတ မှန်းဆမိသည့်စိတ်ကတားမနိုင် ဆီးမရ ပေါ်ပေါက်လာခဲ့ရပေသည်။ သတိရမိသည့် အကြောင်းအရင်းကလည်း ငလျင်နှင့် ဆက်စပ်မိ၍ပင်။

ကျွန်မတို့ ဖေယျပူရဒေသတွင် နေထိုင်ခဲ့ကြစဉ်က ခရိုင်ဆရာဝန်ကြီးတာဝန် ထမ်းဆောင်ရသည့် ကျွန်မ၏ ခင်ပွန်းနှင့်အတူ အားလပ်ရက်များတွင် တိုင်းအတွင်းရှိ သမိုင်းဝင် တန်ခိုးကြီးဘုရားများသို့ အခါအားလျော်စွာ သွား



www.burmeseclassic.com

www.burmeseclassic.com

ရောက်ဖူးမြော် ကြည်ညိုခဲ့ကြပါသည်။ စင်စစ် ကျွန်မတို့ စစ်ကိုင်းမြို့သည် နေချင့်စဖွယ်ကောင်းလှသည့် မြို့ကလေး ပင်ဖြစ်သည်။ ပျော်စရာလည်းကောင်းသည်။ စစ်ကိုင်း တောင်ကြောင့်လည်း ထင်ရှားကျော်ကြားလှသည်။ သမိုင်း ဝင် ဘုရား၊ တန်ဆောင်း၊ ကျောင်းနှင့်သိမ်း စသည့် သာသနိကအဆောက်အအုံများ ပေါကြွယ်ဝသည့် ဒေသ လည်းဖြစ်သည်။ ကျွန်မတို့၏ အထိကရ စစ်ကိုင်းတောင် ပေါ်မှာ ဆွမ်းဦးပုညရှင်စေတီတော်၊ ဥမင်းသုံးဆယ်၊ ဥမင်း ကိုးဆယ်၊ ပတ္တမြားစေတီ၊ ရှင်ဖြူရှင်လှ၊ လေးကျွန်းမာန် အောင်၊ ဇေတဝန်၊ ရှင်ပင်နံ့ကိုင်း စသည်ဖြင့် စေတီတော် များ အများအပြားရှိနေသည်။ စစ်ကိုင်းတောင် ဗျိုင်းတောင် နှယ်လို့ပင် စာချိုးရှိသည်။

သာသနိက အဆောက်အအုံများဖြစ်သည့် ရွှေဟင်္သာ ပရိယတ္တိစာသင်တိုက်၊ သုဓေစာရုံစာသင်တိုက်၊ သီတာဂူဗုဒ္ဓ တက္ကသိုလ်၊ သီတဂူအာယုဒါနဆေးရုံတော်၊ ဝါးချက်ဗိဇိတ ဒါနဆေးရုံ စသည်တို့အပြင် သူတော်စင်တို့ တရားကျင့်ရာ ဝိပဿနာတရားစခန်းများလည်း အများအပြားရှိသည်။ အမှန်အားဖြင့်ဆိုရလျှင် စစ်ကိုင်းတောင်တော်မြတ်မဟာ သည် အိမ်ရာတည်ထောင်သော လူတို့၏နေရာမဟုတ်ဘဲ အိမ်ရာမတည်ထောင်သော သူတော်စင် သူတော်မြတ် ရသေ့ရဟန်းတို့၏ မှီတင်းနေထိုင်ရာသာ ဖြစ်ပါသည်။ စစ်ကိုင်းတောင်တော်တွင် တောင်ပေါင်းသုံးဆယ်ကျော်၊ ချောင်းပေါင်း ငါးရာကျော်မျှမက ရှိနေပါသည်။

ကျွန်မတို့ စစ်ကိုင်းမြို့တွင် နေထိုင်ခဲ့သည့်အချိန် အတွင်း မြို့တွင်းကိုပင် နံ့စပ်အောင် မရောက်နိုင်ခဲ့ပါ။ စေတီပုထိုးစုံအောင်လည်း သွားရောက်ဖူးမြော် ကြည်ညို ခြင်းလည်း မပြုနိုင်ခဲ့ပါ။ မကြာခဏ သွားရောက်ရန် ဝေး လည်းမဝေး၊ နီးလည်းမနီးသည့် ဘုရားစေတီများသို့မူ အခါအားလျော်စွာ မကြာခဏဆိုသလို ရောက်ရှိဖူးမြော် ဖြစ်ပါသည်။ ကျွန်မတို့နေအိမ်နှင့် အနီးဆုံး ထူပါရုံစေတီ တော်သို့မူ အခေါက်ခေါက် အခါခါပင် ရောက်ရှိခဲ့ရသည်။ သည့်နောက်မှ ငါးထပ်ကြီးဘုရား၊ ပြီးနောက် ဆင်များရှင် ဘုရားနှင့် ကောင်းမှုတော်စေတီတော်တို့သို့ အခါအားလျော် စွာ သွားရောက်နိုင်ခဲ့ပါသည်။ ရတနာစေတီဆင်များရှင် စေတီတော်ကြီးကား ငလျင်ဒဏ်လေးကြိမ် လှုပ်ခတ်ခံခဲ့ရ သော ဘုရားကြီးဖြစ်သည်။ စေတီတော်ကြီး၏ သမိုင်းကို



ဆင်များရှင်ဘုရားအတွင်းမှ
ဆုတောင်းပြည့်ရုပ်ပွားတော်

ကျွန်မ စိတ်ဝင်တစား လေ့လာကြည့်ခဲ့မိ၏။ စိတ်ဝင်တစား ဆိုသည်မှာလည်း စေတီတော်ကြီးထံမှောက်သို့ မကြာခဏ ရောက်ရှိဖူးမြော် ပူဇော်ကာ အမိဋ္ဌာန်ပုတီး သွားရောက်စိပ်ခဲ့ [illegible]ကြောင့်လည်း ဖြစ်ပါသည်။

### စစ်ကိုင်းငလျင်နှင့် ရတနာစေတီဆင်များရှင်စေတီ

သက္ကရာဇ် ၇၉၁ ခုနှစ်တွင် လင်္ကာဒီပဟုခေါ်တွင် သော သီဟိုဠ်ကျွန်းတွင် သီရိသဒ္ဓမ္မာလင်္ကာရနှင့် သီဟဠ မဟာသာမိ အမည်ရှိသည့် မဟာထေရ်နှစ်ပါးသည် သရီရ ဓာတ်တော်ငါးဆူကို သင်္ဘောဖြင့် ပုသိမ်ဆိပ်ကမ်းသို့ ဖူး ဆောင်လာခဲ့သည်။ တလိုင်းမင်း ဗညားရံက ချ[illegible]ထား


www.burmeseclassic.com

သော်လည်း မနေသောကြောင့် ပြည်မြို့သို့အရောက် လှေ ဖြော်မြင့် ပို့ဆောင်ခဲ့ရသည်။ ယင်းအကြောင်းကို အင်းဝ ရွှေနန်းတော်တွင် စံနေတော်မူသည့် သီရိသုဓမ္မရာဇာ မိုးညှင်းမင်းတရားကြီး ကြားသိရသည့်အခါ လှော်ကား ကြော လှေလေးဆယ်နှင့် ပြည်မြို့သို့တိုင်အောင် သီးကြို ပင့်ဆောင်၍ မိဖုရား၊ မောင်မမိဿံ၊ မှူးမတ်ဗိုလ်ပါအပေါင်း ခြံရံလျက် ကြိုဆိုတော်မူသည်။ အင်းဝသို့ ဖောင်တော် ဆိုက်လျှင် မြေကြီးငလျင်ပုံတင်ထပ်အောင် လှုပ်လေသည်။ မင်းတရားကြီးကိုယ်တိုင် ထိုနိမိတ်ကို ဖတ်တော်မူရာ သရီရ ဓာတ်တော်ငါးဆူ ရောက်တော်မူ၍ ငလျင်လှုပ်ခြင်း ဖြစ် သည်။ သာသနာတော် အခွန့်ရှည်ကြာ ပွင့်လန်းတော်မူလိမ့် မည်ဟု မိန့်တော်မူသည်။

သက္ကရာဇ် ၇၉၂ ခုနှစ်တွင် စစ်ကိုင်းမြို့၏အနောက် ဘက် သာယာပြန့်ပြူးသော မြေပြင်တွင် ရတနာစေတီ တော်ကို တည်လေသည်။ သီဟိုဠ်မှ ပင့်ဆောင်လာခဲ့သည့် သရီရဓာတ်တော်ငါးဆူနှင့် ခမ်းနားကြီးကျယ်စွာ ဌာပနာများ နှင့်တကွ ရွှေထီးတော် အထွတ်တင်လှူလေသည်။ စေတီ တော်အဝန်း အတောင် ၁၈၀၊ အစောက်အရပ်တော် အတောင် ၁၂၀ ရှိလေသည်။ စေတီတော်ကြီးကို တည် ထားကိုးကွယ်၍ ၅၅ နှစ်မျှအကြာ မိုးညှင်းမင်းတရားကြီး၏ မြေးတော် ဒုတိယမင်းခေါင်လက်ထက် သက္ကရာဇ် ၈၄၇ ခုနှစ်တွင် ငလျင်ပြင်းစွာလှုပ်သဖြင့် စေတီတော်ကြီး ပန်း တင်ခုံ အစိတ်စိတ် ပြိုကွဲပျက်စီးခဲ့ရလေသည်။ ဒုတိယမင်း ခေါင်၏ မယ်တော် အမိတ္တသီရိမိဖုရားကြီး ကိုးကွယ်သော ဆရာတော် မဟာကဿပမထေရ်မြတ်၏ တိုက်တွန်းချက် အရ အသစ်တစ်ဖန် ထပ်မံပြုပြင်တည်ခဲ့သည်။

မဟာရံတံတိုင်းတွင် ဆင်ရုပ်များရံ၍ တည်တော်မူ သဖြင့် ထိုအချိန်မှ စတင်ကာ ရတနာစေတီဆင်များရှင်ဟု ဘွဲ့အမည်တွင်ခဲ့သည်။

သာလွန်မင်းတရားကြီးလက်ထက်တွင် ရွှေထီးတော်



စစ်ကိုင်းမြို့ ရတနာစေတီ ဆင်များရှင်ဘုရားကုန်းတော်သို့အတက် ဘုရားကိုစောင့်သော ဆင်မင်း




www.burmeseclassic.com

www.burmeseclassic.com

အသစ် တင်လှူပွဲကို ခြိမ့်ခြိမ့်သဲသဲ ဆင်နွှဲခဲ့ပြီး စေတီတော်ကြီးကို ဘက်စုံအသစ် ပြင်ဆင်မွမ်းမံတော်မူသည်။ ထို့နောက် ဘိုးတော်မင်းတရားကြီးလက်ထက်တွင်လည်း ပျက်စီးယိုယွင်းမှုများကို ပြင်ဆင်ကာ ရွှေထီးတော် အထွတ်တင်ပူဇော်ခဲ့ပြန်လေသည်။ သက္ကရာဇ် ၁၂၀၀ ပြည့်နှစ်တွင် တော်လဲပွဲတင်သံများဖြင့် မြေငလျင်ကြီး ပြင်းထန်စွာလှုပ်ခဲ့ရာ ရတနာစေတီဆင်များရှင်စေတီကြီး အစိတ်စိတ်အမြွှာမြွှာ ကွဲအက်ပျက်စီးသွားခဲ့ပြန်လေသည်။ သက္ကရာဇ် ၁၂၈၂ ခုနှစ်တွင် ရသေ့ကြီးဦးခန္တီ ဦးဆောင်၍ ပြုပြင်မွမ်းမံခဲ့ပြန်သည်။ သို့တစေ အပြီးမသတ်နိုင်ခဲ့ပေ။ သက္ကရာဇ် ၁၃၀၈ ခုနှစ်တွင် စတုတ္ထအကြိမ် မြေငလျင် လှုပ်ခဲ့ပြန်လေသည်။ ယခုတစ်ကြိမ်လှုပ်သော မြေငလျင်မှာ ပြင်းထန်လှသည်။ တစ်လကျော်မျှ ကြာမြင့်သည်အထိ အပျက်အဆီးများလည်း ကြီးမားလှသည်။ စေတီတော်ကြီးတစ်ဆူလုံး လေးဘက်လေးတန် အစိတ်စိတ် ကွဲအက်ပြတ်ထွက်ခဲ့ပြီး အင်္ဂတေအစိုင်အခဲကြီးများ ထုထည်ကြီးမားစွာ ပြုတ်ကျခဲ့သဖြင့် အာရုံခံတန်ဆောင်းကြီးမှာလည်း မြေသို့ ပြားပြားဝပ်လျက် ကျသွားခဲ့တော့သည်။ သို့ဖြစ်၍ စေတီတော်ကြီးသည် အကောင်းပကတိ လုံးဝမကျန်တော့ဘဲ အုတ်ပုံကြီးအဖြစ် ရောက်ရှိသွားခဲ့ရလေသည်။

သက္ကရာဇ် ၁၂၇၁ ခုနှစ်အတွင်းက ဖြစ်သည်။ ရတနာစေတီဆင်များရှင် စေတီတော်ကြီးမှာ ထီးတော်ကင်းမဲ့လျက် စေတီပျက်ကြီးပမာ ဖြစ်လျက်ရှိသည်။ ဘုရားပရိဝုဏ်တစ်ဝိုက် ချုံနွယ်ပိတ်ပေါင်းတို့ဖြင့် ပြည့်နှက်လျက် လူသူလေးပါးကင်းစင်လှသည်။ ရတနာစေတီဆင်များရှင် ဘုရားနှင့် စပ်လျဉ်းသော ကောလဟာလစကားတစ်ခု ရှိနှင့်နေသည်။ "အမေသေတောင် မစောင့်နဲ့၊ ဘုရားရောက်အောင်ပြေး" တဲ့။ ဘုရားကြီးအတွင်း ဌာပနာထားသည်မှာ ရွှေကိုယ်လေး ငွေကိုယ်လေးများ၊ အဖိုးအနဂ္ဃထိုက်တန်သော စိန်၊ ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြား၊ ရတနာများ လှည်းကိုးစီးတိုက်ခန့်မျှ ရှိသည်ဟု ဆိုကြသည်။

"ဘုရားပစ္စည်း အဆိပ်သီး"ဟုဆိုသည်။ အဆိပ်ပန်းကို ရွှေပန်းထင်မှတ်သူတွေလည်း ရှိပါသည်။ အခြေအနေ အချိန်အခါကို အခွင့်ကောင်းယူကာ စောင့်ပြီး ငရဲမကြောက် သိုက်တူးဖို့ကြံနေသူများက ဘုရားအောက်ခြေ တနင်္ဂနွေထောင့်မှ စတင်တူးဖော်လာရာ ဘုရားကြီး၏ အတွင်းသို့



ရတနာစေတီ ဆင်များရှင်ဘုရားမုခ်ဦး

တိုင် ရောက်ရှိနေပြီဖြစ်သည်။ ဌာပနာတိုက်ကို ပိတ်ထားသည်။ ကျောက်ဖျာကိုဖွင့်ရန်သာ ကျန်သည်။ မသမာသူတို့ ကျောက်ဖျာကိုဖွင့်ရန် လုပ်ဆောင်နေကြဆဲမှာ ညဥ့်သန်းခေါင်ယံအချိန် ဖြစ်သည်။ ထိုအခိုက် ဆင်ကြီးတစ်ကောင်၏ အော်သံ ညဥ့်ယံကိုဖောက်ထွင်းကာ ကျယ်လောင်စွာ ပေါ်ထွက်လာလေသည်။ စစ်ကိုင်းမြို့ကြီးတစ်မြို့လုံးကို လှုပ်နှိုးလိုက်သလို ဖြစ်သည်။ ဆင်အော်သံကြီး အထပ်ထပ် ပဲ့တင်သံပြန်နေသည်။ တစ်ဦးနှင့်တစ်ဦး တိုင်ပင်ထားခြင်းမရှိဘဲနှင့် ရရာတုတ်ဓားလက်နက် ကိုင်စွဲကာ ဘုရားကြီးရှိရာသို့ ဦးတိုက်ပြေးလာအားခဲ့ကြရာ ဌာပနာတိုက် ဖောက်တော့မည့် သိုက်တူးသမားတို့ ဦးတည်ရာ ထွက်ပြေးကြရသည်။ သို့ရာတွင် ပြေးမလွတ်ချေ။ မြစ်ဆိပ်တွင် မသမာသူတစ်သိုက်အားလုံး ဖမ်းဆီးရမိခဲ့လေသည်။ ရတနာစေတီ ဆင်များရှင် စေတီတော်၏ တန်ခိုးတော်ကြောင့်ပင် ဖြစ်ပါချေသည်။

ရတနာစေတီဆင်များရှင် စေတီတော်ကြီးမှ ဘုံဖော်



www.burmeseclassic.com

www.burmeseclassic.com

ရရှိသော ဌာပနာများ ကိန်းဝပ်စံပယ်တော်မူရန် ဓာတ်တော်တိုက်ကို တည်ဆောက်ထားခဲ့ပြီး တန်ဖိုးမဖြတ်နိုင်သည့် ဓာတ်တော်များ၊ မွေတော်များ၊ ရွှေ၊ ငွေ၊ စိန်၊ ကျောက်ရတနာများ၊ ပတ္တမြားစီခြယ်ထားသော ရွှေဆင်းတုများ စသည်တို့ကို သိမ်းဆည်းထားခဲ့သည်။ ထိုသို့ သိမ်းဆည်းထားရှိစဉ် ဌာပနာတိုက်ကို မသမာသူတို့ ဖောက်ထွင်းခြင်း ခံရလေသည်။ ခိုးယူခံရသော ပစ္စည်းအမျိုးပေါင်း ၁၇၄ မျိုးရှိပြီး တန်ဖိုးမဖြတ်နိုင်အောင်ပင် ရှိသည်။ ဘုရားကြီးအား လေးကျွန်းအောင်မြင် အုတ်ကျောင်းဆရာတော် ဦးသာဂရဦးဆောင်ကာ ဘုရားကြီး ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။ အလှူခံရရှိသည့်ငွေ မလုံလောက်သဖြင့် ထုထည်အလွန်ကြီးမားသော ဘုရားကြီး၏ အုတ်တစ်လွှားပတ်မိအောင်ပင် မတတ်နိုင်ပဲရှိသည်။ ဆယ်နှစ်လည်း ကျော်လာပြီ။ ဆရာတော်ကား စိတ်ပျက်အားလျော့လာသဖြင့် အဓိဌာန်ပြုသည်။ ယနေ့မှစတင်၍ နှစ်နှစ်အတွင်း ပြီးမြောက်အောင်မြင်ခြင်းသို့မရောက်ပါက ပြုပြင်ရေးလုပ်ငန်းအား ဆက်လက် မလုပ်ကိုင်လိုတော့ပါ။ ကုန်းတော်ပေါ်သို့ပင် မတက်တော့။ သို့ဖြစ်၍ ဘုရားပြီးမြောက်အောင်မြင်အောင် လှူဒါန်းနိုင်မည့် ပုဂ္ဂိုလ်များ ပေါ်ပေါက်ပါစေဟု သစ္စာပြုလေသည်။ ထိုသစ္စာအဓိဌာန်ကြောင့်ပင် စေတီတော်ကြီးအား တစ်ဦးတည်း ဒါယကာခံကာ ပြုပြင်မည့်သူ ပေါ်လာခဲ့သည်။ ထိုပုဂ္ဂိုလ်ကား ဗိုလ်မှူးကြီး တင်သိန်းလူနှင့် ဇနီးဒေါ်ခင်ခင်စုတို့ ဖြစ်လေသည်။ အလှူ့ဒါယကာ၏ ရက်ရောမှု၊ ဆရာတော် ဦးသာဂရ၏ တက်ကြွသောဦးဆောင်မှု၊ စစ်ကိုင်းမြို့သူ မြို့သားတို့၏ စိတ်အားတက်ကြွစွာ ပါဝင်ဆောင်ရွက်မှုတို့ဖြင့် ကိုးလတာတွင် စေတီတော်တည်ဆောက်မှု အောင်မြင်စွာ ပြီးစီးသွားခဲ့လေသည်။ ဘုရားကြီး ပြီးစီးအောင်မြင်ခဲ့သဖြင့် ထီးတော်ကြီးနှင့် စိန်ဖူးအထွတ်တင်လှူပွဲကြီးကိုလည်း ခမ်းနားကြီးကျယ်စွာ ဝှဲချီးကျင်းပခဲ့သည်။

ထီးတော်တင်လှူပူဇော်သည့် အစပထမနေ့တွင်ပင် ဘုရားပရိဝုဏ်တွင် ဆောက်လုပ်ထားသော မဏ္ဍပ်များတွက် ပျားများ တစ်ဆယ့်ရှစ်အုံတိတိ လာရောက်အုံဖွဲ့ကြသည်ကို ရဟန်းရှင်လူ ပရိသတ်အပေါင်းက ထူးဆန်းအံ့သြဖွယ်ရာ တွေ့မြင်ခဲ့ရသည်ဟု သိရှိရသည်။ ယင်းအပြင် ထိုည သန်းခေါင်မတိုင်မီ မြေလျင်တစ်ခု လှုပ်ခါသွားသည်ဟု သိရှိရပါသည်။ ဘုရားကြီးထီးတင်ပွဲ ကျင်းပရာနေရာဝန်းကျင်မှလွဲ၍ အခြားမည်သည့်နေရာတွင်မှ လျင်လှုပ်ခြင်းမရှိဟု ဆိုပါသည်။

လျောင်နှင့်စပ်လျဉ်း၍ ရတနာစေတီ ဆင်များရှင်ဘုရားကြီးတွင် ကျွန်မ စစ်ကိုင်းမြို့၌ နေထိုင်ခဲ့စဉ်က ၂၀၀၂ ခုနှစ်၊ စက်တင်ဘာလထုတ် ဂမ္ဘီရမဂ္ဂဇင်းပါ ဆရာနန္ဒာမင်းလွင် ရေးသားသည့် 'စစ်ကိုင်းမြို့ ရတနာစေတီ ဆင်များရှင်ဘုရားကြီး၏ ထူးခြားသောဖြစ်ရပ်များနှင့် အဓိဌာန်အောင်ဂြိုလ်သက်စေ့ဂုဏ်တော်ပုတီးစိပ်နည်း' ဆောင်းပါးပါအတိုင်း ရှစ်ရက်အဓိဌာန် ပုတီးစိပ်ခဲ့သည်။ အခါအားလျော်စွာလည်း ဂြိုလ်သက်စေ့ပုတီး ရှစ်ရက် မကြာခဏစိပ်ခဲ့သည်။ မကောင်းသော ဂြိုလ်စီးဂြိုလ်နင်းများ ကင်းစင်ပြီး လိုအင်ဆန္ဒအချို့အဝ ပြည့်စုံစွာရရှိခဲ့သည်ကား ကိုယ်တွေ့ဖြစ်ခဲ့ပါသည်။ ခရိုင်ဆရာဝန်ကြီး အလုပ်တာဝန်မှ သက်ပြည့်အငြိမ်းစားယူခဲ့ပြီးနောက် ကျွန်မ၏ခင်ပွန်းသည် ဇီဝိတသံဃဆေးရုံတွင် ဆက်လက်တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ကျွန်မတို့ နေထိုင်ခွင့်ရရှိခဲ့သော ဆေးရုံဝင်းအတွင်းရှိ တိုက်ခန်းခြောက်လွှာ ဝရန်တာမှ လှမ်းမျှော်ကြည့်ရှုသည့်အခါ လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်ကြီးကို နေ့ညမဟူ ကြည်ညိုသပ္ပာယ်စွာ ဖူးမြော်ရပါသည်။ နှလုံးစိတ်ဝမ်း အေးချမ်းလှပါသည်။ ကောင်းကျိုးချမ်းသာ အဖြာဖြာနှင့် အစဉ်သဖြင့် တွေ့ကြုံရရှိခဲ့ပါသည်။

ရတနာသုံးပါး ဂုဏ်ကျေးဇူးကား အတိုင်းမသိ ကြီးမားလှသည်ကို ကျွန်မကိုယ်တွေ့မျက်မြင် ခံစားသိရှိခဲ့ရပါကြောင်း ချစ်စွာသော စာဖတ်သူများအား ဓမ္မဒါနဝေမျှလိုက်ရပါသည်။

**မြစိမ်းသပြေ**

**စာကိုး**

- ရတနာစေတီဆင်များရှင်စေတီတော်ကြီးသမိုင်း၊
- Bi Weekly Eleven No13, Vol 1.
- ကိုယ်တိုင်သွားရောက်လေ့လာမှု




www.burmeseclassic.com

www.burmeseclassic.com

# ကမာရွတ်က ဆင်ရေတွင်း

စံရိပ်ငြိမ် မောင်တင်ချို



တစ်နေ့ ကျွန်တော့်သားကြီး မောင်ဇော်ဟိန်းကို ကျွန်တော်တို့ မြကန်သာမှာရှိတဲ့ မိုးကုတ်ကျောင်းဝန်းက 'မဟာသိဒ္ဓိရှင်စေတီတော်မြတ်' အကြောင်း ရေးသားပြီး ရောင်ပြန်မဂ္ဂဇင်းကို သွားပို့ဖို့ လွှတ်လိုက်ပါသည်။

''ဖေကြီး...ကျွန်တော် ရောင်ပြန်မဂ္ဂဇင်းကို စာမူပေးပြီးပြီ။ ဦးလေး ဦးမောင်မောင်မြင့်အေးက ဖေကြီးကို ကမာရွတ်က ဆင်ရေတွင်းအကြောင်း ရေးပေးပါလို့ ပြောတယ်။ အဲဒါ ဖေကြီး ရေးပေးပါဦး''

''အေး...ရေးတာပေါ့ သားကြီးရာ''

ဆင်ရေတွင်းဆိုတာ ရန်ကုန်တိုင်း၊ ကမာရွတ်မြို့နယ်၊ အမှတ်(၂)ရပ်ကွက်မှာရှိတဲ့ ဆင်ရေတွင်းရပ်ကွက်ပဲ ဖြစ်ပါတယ်။

ဒါနဲ့ တစ်နေ့မနက်မှာ ကျွန်တော်အိမ်ရှေ့က ဘောလုံးကစားကွင်းမှာ ဘောလုံးကစားဖို့ ကိုဖိုးထောင် (ခေါ်) ကိုသိန်းဇံအဖွဲ့ ရောက်လာတာတွေ့တာနဲ့ –

''ကိုဖိုးထောင်ရေ... ခဏလောက်ကြွပါဦးဗျာ။ မေးစရာလေးရှိလို့ပါ''

''ဘာများလဲ ကိုတင်ချိုရ''



www.burmeseclassic.com

www.burmeseclassic.com

"ဒီလိုပါဗျာ၊ ကိုဖိုးထောင်က ဆင်ရေတွင်းသား စစ်စစ်ဆိုတော့ အဲဒီဆင်ရေတွင်းအကြောင်းလေး သိချင်လို့ပါ"

"ကိုတင်ချိုပြောတာ ကျွန်တော်မရှင်းဘူးဖြစ်နေတယ်"

"ကိုဖိုးထောင်တို့ ရပ်ကွက်အတွင်းက ဆင်ရုပ်ကြီးနဲ့ ရေတွင်းအကြောင်းပါ"

"ဪ… ဒါလား၊ ကျွန်တော်သိသလောက်တော့ ပြောပြပါ့မယ်။ ကျွန်တော်တို့ငယ်ငယ်တုန်းကတည်းက ဒီဆင့်ုပ်ဟာ သေးသေးလေးပါ။ ဆင်ရုပ်ဝမ်းဗိုက်ကနေ စမ်းရေလိုအေးမြတဲ့ရေက တစ်စက်တစ်စက်ကျနေတယ်။ အောက်မှာတော့ တွင်းကြီးလိုဖြစ်နေပြီး ရေကအမြဲပြည့်နေတယ်။ ကျွန်တော်တို့ ဆော့ကစားပြီး မောလာတဲ့အခါ အမောပြေရေခပ်သောက်ကြတာ။ ရပ်ကွက်ထဲကလူတွေလည်း ဒီရေကိုပဲ သောက်ရေ၊ သုံးရေအဖြစ် အသုံးပြုကြတာ အခုထိပါပဲ။ ကျွန်တော်တို့ ဒီတစ်ဝိုက်က ကျွဲကုန်းရပ်ကွက်၊ ကန်ဖွန်းခင်းရပ်ကွက်ကလူတွေလည်း ဒီရေကိုပဲခပ်ပြီး အသုံးပြုကြရတာဗျ။ ကျွန်တော်တို့ ရပ်ကွက်သူ ရပ်ကွက်သားတွေကလည်း အများပြည်သူ သောက်သုံးနိုင်ဖို့အတွက် ဆင့်ုပ်ဘေးနားမှာ ရေတွင်းတူးပေးထားရတယ်ဗျ။


အဲဒီနေရာကတော့ သုံးရေ၊ ချိုးရေအတွက်ပေ့ါဗျာ။ ဆင့်ုပ်ဝမ်းဗိုက်က ကျတဲ့ရေကတော့ သောက်ရေအဖြစ် အသုံးပြုကြရတယ်။ အခုလို ပြင်ဆင်မွမ်းမံခြင်းမရှိသေးဘူး"

"ဒီလိုဗျ၊ ကိုဖိုးထောင်ရ၊ ကျွန်တော်သိချင်တာက ဒီဆင့်ုပ်က ဘယ်ကဘယ်လိုလုပ်ပြီး ဖြစ်လာတာလဲဆိုတာ သိချင်တာဗျ"

"ကျွန်တော် သိရသလောက်ပြောရမယ်ဆိုရင်တော့ ကျွန်တော်တို့ရဲ့ ဘိုး၊ ဘွား၊ ဘီ၊ ဘင်ကတည်းကပဲလို့ ဆိုရမယ်။

ကိုတင်ချိုလည်း ကြားဖူးမှာပါ။ ကိုတင်ချိုတို့ အရင်နေခဲ့တဲ့ အင်းလျားရွာသစ် (စံရိပ်ငြိမ်)ရပ်ကွက်နဲ့ အခု ကျွန်တော်နေတဲ့ ဆင်ရေတွင်းရပ်ကွက်ဆိုတာ မရှိသေးဘူးဗျ။

အင်္ဂလိပ်ခေတ်ကျမှ အင်းလျားမှာနေတဲ့ရပ်ကွက်ကို ဖျက်ပြီး အခုစံရိပ်ငြိမ်လို့ခေါ်တဲ့နေရာမှာ အင်းလျားရွာ



အသစ်ရပ်ကွက်ဆိုတာ ဖြစ်လာသလို ကျွန်တော်တို့ ဆင်ရေတွင်းရပ်ကွက်လည်းဖြစ်လာတာဗျ။

ကျွန်တော်တို့အဘိုး၊ အဘွားတွေပြောဖူးတယ်။ ကျွန်တော်တို့ ဆင်ရေတွင်းရပ်ကွက်မှာ ရှမ်းလူမျိုးတွေ အတော်များများ နေထိုင်ကြတယ်တဲ့။ ကျွန်တော်လည်း ရှမ်းမျိုးနွယ်ပါပဲ။

တစ်နေ့ ရှမ်းအဘိုးကြီးတစ်ယောက်ကို အိပ်မက်ပေးတယ်။ အိပ်မက်အရ သွားကြည့်တော့ ဆင်ရုပ်ကလေး တွေ့တယ်တဲ့။ အဲဒီဆင်ရုပ်ကလေးရဲ့ ဝမ်းဗိုက်ကနေ ရေတစ်စက်တစ်စက် ကျနေတယ်။

ရေကလည်း ကြည်လင်အေးမြနေတယ်တဲ့။ ဒါနဲ့ပဲ အဲဒီရှမ်းအဘိုးကြီးက ဆင်ရုပ်ဝမ်းဗိုက်အောက်နားမှာ အနက်သုံးတောင်လောက် မြေတူးပေးလိုက်တော့ ဆင့်ုပ်ဝမ်းဗိုက်ကကျတဲ့ ရေတစ်စက် ရေတစ်စက်ဟာ အဲဒီကျင်းထဲကျတော့ ရပ်ကွက်သူ ရပ်ကွက်သားတွေလည်း သောက်သုံးရေအတွက် အဆင်ပြေကြတာပေ့ါ။

နောက်ပြီး အဲဒီဆင်ရုပ်အပေါ်မှာ နတ်ကွန်းလည်း ဆောက်လုပ်ပေးထားတယ်ဗျ။ ရပ်ကွက်အတွက် အစောင့်အရှောက်လည်းဖြစ်မှာပေ့ါဗျာ။

ကျွန်တော်နေလာတာလည်း ကြာပါပြီ။ အခုထိ မီးလန့်တာတို့၊ မီးလောင်တာတို့ မရှိဘူးဗျ။

ကျွန်တော်တို့ ရပ်ကွက်သူ၊ ရပ်ကွက်သားတွေအတွက် ရှင်ပြု၊ ရဟန်းခံ၊ အလှူတော်မင်္ဂလာပြုကြမယ်ဆိုရင်တော့ အဲဒီနတ်ကွန်းမှာ အရင်ပြသကြရတယ်ခင်ဗျ။ ပြီးမှ ကမာရွတ်ရဲစခန်းဝင်းမှာရှိတဲ့ ညောင်ပင်ကြီးဆီကို



www.burmeseclassic.com

www.burmeseclassic.com

သွားပြကြရတယ်။ နောက်မှ ရွှေတိဂုံဘုရားကို သွားပြကြရတယ်။ ရိုးရာတစ်ခုလို ဖြစ်နေတာပေါ့ဗျာ။

နောက်တော့ ကျွန်တော်တို့ ရပ်ကွက်သူ ရပ်ကွက်သားတွေကပဲ စုပေါင်းပြီး ဆင်ရုပ်အသေးကလေးကို ငုံ့ပြီး ဆင်ရုပ်အကြီးလုပ်ပေးတယ်ဗျာ။

လမ်းနဲ့တစ်ပြေးတည်းဖြစ်နေတဲ့ ရေတွင်းကိုလည်း ပြန်လည်ပြုပြင်ပြီး ဆင်ရုပ်ဝမ်းဗိုက်က ကျနေတဲ့ တွင်းကိုလည်း အင်္ဂတေနဲ့ပြန်လည်မွမ်းမံကြတော့ အနီးအနားမှာရှိတဲ့ ပျော်ဘွယ်ရပ်ကွက် (အခု မြကန်သာအိမ်ယာ)၊ ကန်ဖွန်းခင်းရပ်ကွက်၊ ကျွဲကုန်းရပ်ကွက်သူ ရပ်ကွက်သားတွေအတွက် သောက်သုံးရေအဆင်ပြေကြတာပေါ့။

ဩော် ... ဒါနဲ့ တစ်ခုပြောရဦးမယ် ကိုတင်ချိုရေ။

တစ်နေ့ ရန်ကုန်မြို့ထဲမှာနေတဲ့ မိသားစုရဲ့ သားတစ်ယောက်ဟာ မျက်စိမကြည်မလင်တော့ မျက်စိရောဂါပေါ့ဗျာ။ ဟိုဆရာနဲ့ကုလိုက် မပျောက်၊ ဒီဆရာနဲ့ကုလိုက် မပျောက်ဖြစ်နေတယ်တဲ့။

တစ်ညမှာတော့ သူ့အမေကို အိပ်မက်ပေးတယ်တဲ့။ ကမာရွတ်မှာရှိတဲ့ ဆင်ရေတွင်းရပ်ကွက်က ဆင်ရုပ်ရဲ့ ဝမ်းဗိုက်က ကျတဲ့ရေစက်ကို မျက်စဉ်းခပ်ပေးပါ။ သားကလေးရောဂါ ပျောက်ကင်းသွားပါလိမ့်မယ်ပေါ့ဗျာ။

ဒါနဲ့ သူတို့လည်း နောက်တစ်နေ့ မနက်မှာ မိသားစုတွေ တိုင်ပင်ပြီး ကျွန်တော်တို့နေတဲ့ ဆင်ရေတွင်းရပ်ကွက်ကို ရောက်လာကြတယ်ဗျ။ ကျွန်တော့်အဖေနဲ့တွေတော့ သူတို့ရဲ့ အိပ်မက်ဖြစ်စဉ်လေးရယ်၊ သားလေးရဲ့ မျက်စိရောဂါလေးပါ ပြောပြတော့ အဖေက သူတို့ကို အဲဒီဆင်ရုပ်ဆီ ခေါ်သွားကြတယ်ဗျ။ ဟိုရောက်တော့ သူ့အဖေ၊ သူ့အမေတွေက ပါလာကြတဲ့ ဖယောင်းတိုင်၊ ဆီမီးအမွှေးနံ့သာတိုင်တွေကို နတ်ကွင်းမှာ ပူဇော်ပသကြတာပေါ့ဗျာ။

နောက်ပြီး ကျွန်တော့်အဖေက ဆင်ရုပ်ဝမ်းဗိုက်က ကျတဲ့ရေစက်ကို လက်နဲ့ခံပြီး သူ့သားလေးရဲ့ မျက်စိကို မျက်စဉ်းခပ်ပေးတယ်ခင်ဗျ။ အိမ်မှာ ခပ်ဖို့အတွက်လည်း ပုလင်းနဲ့ထည့်ပေးလိုက်တယ်။

အဲဒီလိုခပ်ပေးတာ တစ်ပတ်လောက်ကြာတော့ သားလေးရဲ့မျက်စိဟာ အလျင်းပျောက်ကင်းသွားတယ်။ ဒါနဲ့ သူတို့မိသားစုလည်း ဝမ်းသာလွန်းလို့ ကျွန်တော့်အဖေဆီ လက်ဆောင်ပစ္စည်းတွေနဲ့ လာကန်တော့ကြတယ်ခင်ဗျ။ ဒါက ကျွန်တော် မျက်စိနဲ့ မျက်မြင်ကိုယ်တွေ့ ဖြစ်ရပ်မှန်တစ်ခုပေါ့ဗျာ။

တကယ်လည်း အားကျလောက်စရာပါဗျာ။ နောက်တော့ ကျွန်တော်တို့ ရွာသူရွာသားလည်း မနက်၊ မနက်တိုင်း ဆင်ရုပ်ဝမ်းဗိုက်ကကျတဲ့ မျက်စဉ်းခပ်ကြတာ အခုထိပါပဲ။

အဲဒီဆင်ရေတွင်းကို အစွဲပြုပြီး ဆင်ရေတွင်းရပ်ကွက်၊ ဆင်ရေတွင်းမှတ်တိုင်လို့ ခေါ်တွင်ခဲ့တာကိုလည်း ကိုတင်ချိုသိပြီးသားပါ။

အခုတော့ ဆင်ရေတွင်းရပ်ကွက်က အရင်နဲ့ မတူတော့ဘူးဗျ ကိုတင်ချိုရ။

အရင်ဆို လူတွေသုံးတဲ့ ရေတွင်းကြီးဘေးနားမှာ ဗွက်တွေ၊ ရေအိုင်တွေနဲ့သွားလာရေး သိပ်ဒုက္ခရောက်ကြတယ်ခင်ဗျ။ အခုတော့ဗျာ ကျွန်တော်တို့ရဲ့ ရပ်ကွက်သားတွေဖြစ်တဲ့ ဒေါ်ထွေးရီရဲ့ မတည်မှုနဲ့အတူ ရပ်ကွက်သူရပ်ကွက်သားတွေရဲ့ ပြုပြင်ဆောက်လုပ် လမ်းဖောက်လုပ်ခဲ့ကြတာဟာ တကယ့်ကို ကြည်နူးစရာပါပဲ ကိုတင်ချိုရာ"

"အေးဗျာ၊ ကိုဖိုးထောင် အခုလိုပြောပြတဲ့အတွက် အများကြီး ကျေးဇူးတင်ပါတယ်ဗျာ။ ကျန်တဲ့သူတွေလည်း ဗဟုသုတရအောင်လို့ပေါ့ဗျာ"

"ကဲ ... ကိုတင်ချိုရေ၊ သွားလိုက်ဦးမယ်ဗျာ"

ဩော် ... အခုတော့လည်း ဆင်ရေတွင်း ရက်ကွက်ကြီးဟာ အရင်နဲ့မတူ၊ တစ်မူထူးခြားနေတာကတော့ အမှန်ပဲခင်ဗျ။

ဆင်ရုပ်အောက်က ရေတွင်း၊ ဆင်ရုပ်ဘေးက ရေတွင်းတွေ ပြန်လည်ပြုပြင်တူးဖော်ပြင်ဆင်ထားတော့ တွေ့မြင်ရမှာကတော့ မုချပဲခင်ဗျ။

အသွင်အပြင်တွေ ထင်လင်းလာတဲ့ ကမာရွတ်မြို့နယ်၊ အမှတ်(၂)ရပ်ကွက်က ဆင်ရေတွင်းကိုတော့ တစ်ခါတစ်ခေါက်လောက် လှမ်းခဲ့ကြပါခင်ဗျာ။


ကျေးဇူးတင်စွာဖြင့်

**စံရိပ်ငြိမ် မောင်တင်ချို**



www.burmeseclassic.com

www.burmeseclassic.com



# ဆင်သွားရင် လမ်းဖြစ်တယ်

အောင်အုံကြီးမောင် (ဂန္ဓာရီ)

ခရီးမပေါက် ရောက်လိုရာမဖြစ် အကြံ ဉာဏ်သစ်
ရှာသူတွေ ခဏခဏကြုံ မေးကြတွေ့နေကြ ဖြစ်စဉ်တွေ
မှာ ဒီကာစ ကြုံနေကျမို့ စိတ်ပါတုန်း ဆောင်းပါးလေး
စ်ပုဒ်အဖြစ် လာဘ်မိုးရွာတဲ့ ဆရာဦးမောင်မောင်မြင့်အေး
ရောင်ပြန်မဂ္ဂဇင်းကပဲ လက်ဆင့်ကမ်း ပညာဖြန့်ဝေဒါနပြု
က်ပါတယ်။

ဟိုးတလောဆီက (ဘာသာခြား) ကျွန်တော့်မိတ်
ဆွေ အရာရှိကြီးတစ်ဦးက အကူအညီတောင်းလာပါတယ်။
မှာ အရှည်အချင်းလည်းရှိတယ်။ လူကြီးတွေနဲ့လည်း
ဟာဓာတဖြစ်လျက် ရာထူးတိုးနေရာကောင်း ဘာမှ
ပွယ်ကူဘဲ လက်ရှိနေရာ၊ လက်ရှိရာထူးနဲ့ နှစ်ပေါင်း
းစွာဖြတ်သန်းနေရတဲ့အကြောင်း ညည်းညည်းညူညူ
ဲ့လာပါတယ်။ သူ့ဘာသူ လမ်းကြောင်းမြန်မြန်လေး
ကောင်းခြင်း၊ ပြောင်းခြင်တဲ့ ဆန္ဒကိုလည်း ကျွန်တော့်ဆီ
တင်ပြဆန္ဒပြုလာပါတယ်။ ဘာသာခြားဆိုပေမယ့် ဒီပုဂ္ဂိုလ်
ကြီးက စေတနာသဒ္ဓါလည်းကောင်း၊ အသောက်အစားနဲ့
ပွေတာ့ ပ်တားလည်းမရှိတော့ ကျွန်တော်တတ်နိုင်တဲ့ ဂန္ဓာရီ
နည်းပညာနဲ့ ကူညီဖို့ဆုံးဖြတ်ပြီး အကြံဉာဏ် ပေးလိုက်ပါ
တယ်။

ဆင်သွားရင် လမ်းဖြစ်တယ်ဆိုတဲ့ စကားလေး
အတိုင်း အားကြီးပြီး လူနဲ့နာမ်ခြင်းတူတဲ့ "ဆင်"ပုံကို သူ
မွေးနေ့ရဲ့ မနက် ၉ နာရီ ၄၅ မိနစ်တိတိမှာ ရုံးခန်း (သို့
မဟုတ်) အိမ်ရဲ့ဧည့်ခန်းမှာ ချိတ်ဆိုင်းလိုက်တယ်။ အဲဒီ
ဆင်ပုံရဲ့ ထိပ်မှာလည်း (သူက စနေသားဖြစ်လို့)
"စနေသား ဆင်သွားရင် လမ်းဖြစ်တဲ့တတ်ရပြီ"လို့
ရေးပြီး ကပ်ခိုင်းပါတယ်။ တတ်ပန်းချီ ကပ်တဲ့နေရာမှာ



www.burmeseclassic.com

www.burmeseclassic.com

ဒါနမြောက်အောင် ကလေးခုနစ်ယောက်ကို သကြားလုံးနဲ့ ကရေကရာဝေဖို့လည်း တိုက်တွန်းလိုက်တယ်။ သုံးလတိတိ စောင့်ကြည့်ပါ၊ ထူးခြားရင် လာပြောဖို့လည်း မှာလိုက်မိတယ်။ အရေးကြီးတာက အပြောင်းအရွှေ့ပါလာရင် သတိထားပြီး ပြောင်းဖူး (ပြုတ်၊ ကြော်၊ မီးဖုတ်) မစားဖို့ သတိထားပါ။

သုံးလထက် ပိုမြန်ချင်ရင်တော့ ကြံခဏခဏစားပါလို့ အကြံပေးလိုက်ပါတယ်။ ဒီလိုအတိုင်း သူလုပ်ပါတယ်။ ကျွန်တော်နဲ့ နှစ်လနီးပါးအကြာ ပြန်တွေ့တော့ လက်ရှိရာထူးက တိုးဖို့ စာမေးပွဲ လူတွေ့ဖြေဖို့ ရန်ကုန်သွားရမယ့်အကြောင်း နိုင်ငံခြားမှာ လေ့လာရေးခရီး သုံးလအတွက် ဌာနကလွှတ်တဲ့ အရာရှိ ၃၀ ရွေးရာမှာ သူ့နာမည် အရွေးခံရကြောင်း ရှေ့လနိုင်ငံခြားသွားရမယ်လို့ ပြောပါတယ်။ ပြန်လာရင်လည်း မန္တလေးတိုင်းထဲက လစ်လပ်တဲ့နေရာတစ်ခု ဝင်ဖို့ အော်ဒါအသင့်ဖြစ်နေကြောင်း ဝမ်းသာအားရအကြောင်းပြန်လာပါတယ်။ ခုတော့ သူလည်း ဟသ်ာတမှာ မရှိတော့ပါဘူး။ မန္တလေးကို ရာထူးတိုးနဲ့ ပြောင်းသွားပါပြီ။ ဒါက ဘာသာခြားတွေအတွက်ပါ။

ကျွန်တော်ကိုယ်တိုင်လည်း ၂၀၀၃ ခုနှစ်က နေရာမရ အခက်အခဲကြုံနေတုန်း ရန်ကုန် ခဏအမိဌာနခရီးနဲ့ ရွှေတိဂုံဘုရားက နေလဘုရားတန်ဆောင်းမှာ အလုပ်လုပ်နေရင်း ဆင်တွေ နိမိတ်ထဲပေါ်လာဖူးလို့ တိရစ္ဆာန်ရုံကိုသွား၊ ဆင်တွေကို ကြံနဲ့ဒါနပြု၊ ဗုဒ္ဓဟူးသားသမီးတွေ ပူဇော်ရတဲ့ ဗုဒ္ဓဟူးကံပွင့်ဂါထာ ၃၇ အုပ် ၂၁ ရက် ရွတ်ပွားတဲ့ အပြင် အဲဒီခရီးမှာ ဆောင်းပါးစာမူခ သွားလှူတော့ လာဘ်မိုးရွာက ဆရာဦးမောင်မောင်မြင့်အေးက ဘုရားနောက်ခံနဲ့ ဆင်ပုံဓာတ်ပုံ ထုတ်ပြရင်း "အုံကြီးမောင်ရေ . . . ဒီဆင်ပုံကို ကြည့်ရင်း ရောင်ပြန်မဂ္ဂဇင်းအဖုံးမှာ (ဆင်သွားရင် လမ်းဖြစ်တယ်)ဆိုတဲ့ ခေါင်းစဉ်နဲ့ ပရိသတ်တွေကို လက်ဆောင်ပေးရင် ကောင်းမလားလို့ စိတ်ကူးနေတာကွ" လို့ တိုက်တိုက်ဆိုင်ဆိုင် ပြောဖူးပါတယ်။ (ဒါပေမယ့် အဲဒီ နောက်လမှာ ရောင်ပြန်အဖုံးမှာ ဆင်ပါတဲ့ "ရွှေဘုန်းတော် တိုးပါလို့ ငွေမိုးတွေရွာ"ဆိုတဲ့ မဂ္ဂဇင်းသာ ထွက်လာပါတယ်။)

ရန်ကုန်က အပြန်မှာတော့ စွယ်စုံဆင်ပါတဲ့ ပုံတစ်ပုံရှာပြီး ကျွန်တော့်အလုပ်ခန်းမှာ ကျွန်တော့်မွေးနေ့ မနက် ၉ နာရီ ၄၅ မိနစ်မှာ ချိတ်၊ ဗုဒ္ဓဘာသာပီပီ ဘုရားနဲ့ သူတော်ကောင်းတွေကို မုန့်လုံးရေပေါ်၊ **လက်ဖက်ရည်၊** ကြံတို့လှူပြီး အိမ်နားက ကလေးခုနစ်ယောက်ကို ချိုချဉ်ဝေပြီး ခဲတံ၊ ပေတံ၊ ကစားစရာတွေ ကံစမ်းမဲဖောက်ပေးပြီး စာရေးတံမဲ ဒါနပြုလိုပါတယ်။ ပုံချိတ်တဲ့နေ့ကစပြီး နေ့စဉ် ဘုရားအလောင်းတော် ဆဒ္ဒန်ဆင်မင်းနဲ့ ဗျာဒိတ်ခံ ပါလေယျဆင်မင်းတို့ကို ရည်စူးပြီး ကြံချောင်းသုံးချောင်း လှူထားလိုက်ပါတယ်။ ၂၁ ရက်တိတိလည်း ဆင်နဲ့**ပတ်သက်**တဲ့ ဗုဒ္ဓဟူးဂြိုဟ်ဆိုင်ရာ ဗုဒ္ဓဟူးကံပွင့်ဂါထာကို**လည်း တစ်နေ့** ၃၇ ခေါက် (နံနက်တစ်ခါ၊ ညတစ်ခါ) **တစ်နေ့နှစ်ကြိမ်** ရွတ်ပြီး ကုသိုလ်ပွားများဖူးခဲ့လို့ ကျပ်တည်း**နေတဲ့ လမ်းပွင့်**သွားခဲ့ဖူးပါတယ်။ လာဘ်လာဘကလည်း ပြန်ပွင့်**လာဖူးပါ**တယ်။

ခုချိန်မှာတော့ ကျွန်တော့်ဟောခန်းထဲမှာ နိုင်ငံခြားပိုစတာ (၄ ပေ x ၈ ပေ)ဆိုဒ် ဆင်တွေအများကြီးပါတဲ့ ပုံကိုလည်း ချိတ်ထားဆဲပါ။ ဘုရားဆင်းတုတော်နားမှာလည်း ငွေအိုးနဲ့ ကြံတစ်ချောင်းကို အရင်းကိုအောက်ကထားပြီး အဖျားပေါ်မှာ ငွေ ၁၀၀၀ ကျပ်ကို အလံပုံစံချီပြီး လှူထားပါတယ်။ ဒီဆောင်းပါးကိုဖတ်လို့ လမ်းပွင့်လာဘ်ပွင့်နေရာကောင်းမှာ အထာကျချင်ရင်တော့ (ဗုဒ္ဓဘာသာတွေအနေနဲ့) နေ့စဉ် နံနက်၊ ည ဒိဝါတပတိအစချီ (သမ္ဗုဒ္ဓေယျ မင်္ဂလာဂါထာ)နဲ့ ဗုဒ္ဓဟူး၊ ကံပွင့်ဂါထာကို ၃၇ ခါထက်မနည်း ရွတ်ပွားပြီး ဓာတ်ပန်းချီ ဘိသိက်အစီအရင်ကို တိတိကျကျ ဆောင်ရွက်ပါလို့ မေတ္တာဖြင့် ရောင်ပြန်ကနေ ဓမ္မဒါနပြုလိုက်ပါတယ်။ ဗုဒ္ဓဟူးကံပွင့်ဂါထာကတော့ . . .

**ကောဏ္ဍညော၊ နာရဒေါသတ္တာ၊**
**သိဒ္ဓတ္ထ ကောဏာမနာ။**
**ဗုဒ္ဓဝါရေ အဘိဇာတာ**
**တေ နမဿာမိ သာဒရံ။**
**နဝေနာနေန ကမ္မေန**
**ပေါရာဏာကံ ဝိနဿတု။**
**စတုန္နံ ဗုဒ္ဓ တေဇေန**
**သဒါ သုခီ ဘဝန္တုမေ။**

သုခိတာ ဟောထ သဗ္ဗဒါ . . .
စွန့်လျှင်စွမ်းမည် . . .

**အောင်အုံကြီးမောင် (ဂန္ထဝင်)**



www.burmeseclassic.com

www.burmeseclassic.com

# မြန်မာ့ဆင်ဖြူတော်ရတနာ

ယောနကဘိုးထောင်

အရှေ့တောင်အာရှ မြန်မာနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ကမ္ဘောဒီးယား။ သီဟိုဠ် စသည့် ဒေသများတွင် ဆင်ဖြူတော်များကို ရတနာအဖြစ် သတ်မှတ်ထားရှိခဲ့ကြသည်။ ဆင်သည် ကုန်းနေသတ္တဝါများတွင် အကြီးဆုံးသတ္တဝါဖြစ်သည်။ ရှေးခေတ် မြန်မာ့တပ်မတော်များတွင် ဆင်တပ်သည် အဓိကအခန်းကဏ္ဍမှ ပါဝင်ခဲ့သည်။ မြန်မာ့သမိုင်းတွင် ကျော်ကြားသော ဆင်စီးချင်းထိုးပွဲများ ရှိခဲ့သည်။ အိန္ဒိယ၊ မြန်မာ၊ ထိုင်းနိုင်ငံများတွင် မင်းခမ်းမင်းနားများ၌ ဆင်ကို အသုံး များခဲ့သည်။ မြန်မာ့ကျမ်းဂန်အလိုအရ ဆင်များ အစွယ်ပေါက်ပုံကိုလိုက်၍ ...


(၁) အစွယ်လုံးဝမရှိသော ဟိုင်းဆင်။

(၂) သေးသွယ်အစွယ်၊ တိုသောအစွယ်ရှိသော ဟံဆင်။

(၃) အစွယ်တစ်ချောင်းသာရှိသော တည်ဆင်။

(၄) အစွယ်နှစ်ချောင်းစုံရှိသော တံဆင်ဟူ၍ လေးမျိုးခွဲခြားထားပါသည်။

ဆင်တို့၏ ဗလအားကိုလိုက် ၁၀ မျိုး ခွဲခြားပြန်သေးရာ အစဉ်အတိုင်း တစ်မျိုးထက်တစ်မျိုး ဆယ်ဆစီ အားကောင်းကြောင်းသိရသည်။ **ထိုဆင်များမှာ ...**





www.burmeseclassic.com

www.burmeseclassic.com

(၁) လူ ၁၀ ယောက်အားရှိ၍ ညင်းညင်းအော်တတ်သော ဆင်မည်းမျိုးဖြစ်သော ကာဠာဝကဆင်

(၂) ဂင်္ဂါမြစ်တဝိုက် ကျက်စားသော ဂင်္ဂေယျဆင်

(၃) ဝါဖျော့ဖျော့အရောင်ရှိသော ပဏ္ဍရဆင်

(၄) ကြေးနီရောင်အဆင်းရှိသော တမ္ဗဆင်

(၅) ကြောင်သောအဆင်းရှိသော ပိင်္ဂလဆင်

(၆) အနံ့မွှေးသော ဂန္ဓဆင်

(၇) တင့်တယ်စွာ သွားတတ်သော မင်္ဂလဆင်

(၈) ရွှေရောင်အဆင်းရှိသော ဟေမဆင်

(၉) ဖြူသောအဆင်းရှိ၍ နှာမောင်းအမြီး လုပရှည်သွယ်ပြီး ကောင်းကင်၌ ကျက်စားတတ်သော ဥပေါသထဆင်

(၁၀) ဘော်ငွေအဆင်းရှိပြီးလျှင် ညီညွတ်သော **အစွယ်နှစ်ချောင်းမှ ရောင်ခြည်ခြောက်မျိုးထွက်ပြီး အမြီး၊ ဦးခေါင်းရှည်သွယ်၍ အလုံးစုံသော ကြန်အင်လက္ခဏာနှင့်ပြည့်စုံလျက် ကောင်းကင်၌လည်း ပျံသွားနိုင်သည့် ဆဒ္ဒန်ဆင်ဟူ၍ဖြစ်သည်။**

**ငါးရာ့ငါးဆယ်ဇာတ်တော်လာ ဆဒ္ဒန်ဆင်မင်း ဝတ္ထုသည် ကရုဏာရသ၊ သင်္ဂါရရသ စသော ရသပေါင်းနှင့်ပြည့်စုံလှပါသည်။ ဥတေနဇာတ်တွင်လည်း ဥတေနမင်း၏မယ်တော်ကို သားတစ်မှတ်၍ ငှက်ဆင်ကြီးချီရာ ကျောက်ဆည်အရပ် တောကြီးထဲသို့ ချီလာပုံနှင့်တကွ ဆင်များကိုနိုင်သောဂါထာကို ရွတ်ဆို၍ ဆင်များကို ခိုင်းစေပုံ၊ ယန္တရားစက်ရုပ်ဆင်ဖြင့် ဥတေနမင်းအား ထောင်ဖမ်းပုံနှင့်တကွ သာမာဝတီ၏ သစ္စာ၊ မေတ္တာတို့ကို ဖော်ကျူးထားပုံမှာ အလွန်အမင်း နှစ်သက်ဖွယ် ကောင်းလှပါသည်။**

ဗုဒ္ဓဝင်လာ အရက်ကိုးမောင်းတိုက်ထားသော နာဠာဂိရိ ဆင်ရိုင်းကြီး၏ ရန်လိုမှုကို ဗုဒ္ဓဘုရားရှင်၏ မေတ္တာစိတ်ဖြင့် နှိမ်နင်းပုံသည်လည်း သည်းထိတ်ရင်ဖိုဖွယ်ဖြစ်ပါသည်။

မြေပိုင်း ခေတ်မြန်မာ့သဘင်ပညာတွင် ထင်ရှားသော မင်းသမီး မရွှေမြှင်သည် ရနောင်မင်းသား မောင်မောင်တုတ်၏ ဆင်ဖြင့် အခိုးခံရသဖြင့် ဆင်ခိုးမလေးဟု ကျော်ခဲ့ဖူးပါသည်။ နက္ခတ်တာရာကြီး ကိုးလုံးတွင်လည်း ဆင်တာရာသည် တာရာတစ်ခုအပါအဝင်ဖြစ်သည်။ ဟိန္ဒူဘာသာဝင်တို့ **ကိုးကွယ်သော ယနေ့ မဟာဝိနည်းနတ်မင်းကြီးသည်လည်း ဆင်ဦးခေါင်း လူကိုယ်နှင့်ဖြစ်ပါသည်။**

ဆင်သည် များသောအားဖြင့် မည်းညိုရောင်များသာရှိ၏။ အရောင်ဖြူသော ဆင်များလည်းရှိပေသေးသည်။ ထိုဆင်များကို မြန်မာ၊ ထိုင်း၊ သီရိလင်္ကာတို့တွင် အတွေ့များပါသည်။ ယင်းတို့ကို ဆင်ဖြူရတနာဟု သမုတ်၍ ရှေးမင်းမြတ်များ အထူးနှစ်သက် တန်ဖိုးထားခဲ့ကြသည်။ ရှေးမြန်မာဘုရင်တို့သည် ''ဆင်ဖြူရှင်''ဘွဲ့ကို အလွန်တန်ဖိုးထားခဲ့ကြပါသည်။

ဆင်ဖြူကျွန်းသည် မကွေးတိုင်း၊ စလင်းမြို့ အရှေ့မြောက် ခြောက်မိုင်ခန့်အကွာ ရောဝတီမြစ် စလင်းချောင်းဆုံရာ ဆိပ်အနီးတွင် တည်ရှိသည်။ ရှေးမြန်မာဘုရင်များလက်ထက် အထူးသဖြင့် ဘကြီးတော် (မြန်မာ ၁၁၈၁–၁၁၉၉)လက်ထက်တွင် ဆင်ဖြူများရှိရာ နေရာဒေသ ဖြစ်သည်။ ဆင်ဖြူကျွန်းဟု တွင်ခဲ့သည်မှာ ယနေ့တိုင်အမည်ထင်ရှားလျက်ရှိပေသည်။


ရာဇသေဝကဒီပနီကျမ်းတွင် ဟတ္ထိသမော၊ ဆင်နှင့်တူသော ယောစောသူရဲသည် နတ္ထိမရှိ။ ဟတ္ထံ သမော ဆင်နှင့်တူသောအခါ စစ်မြေ၌ အဖော်သဟဲသည် **နတ္ထိမရှိ။** ဟတ္ထိသမော ဆင်နှင့်တူသော ဗန္ဓရစစ်မြေ၌ အဆွေခင်ပွန်းမည်သည် နတ္ထိမရှိ။ ဟတ္ထိသမံ ဆင်နှင့်တူသော ဗလံဗိုလ်ပါမည်သည် နတ္ထိမရှိဟူ၍လည်းကောင်း၊ ရာဇန်မင်းတို့၏ သဝဇံ ဆင်ရတနာနှင့် ပြည့်စုံခြင်းသည် သောဘန်တင့်တယ်သော ဗလံခွန်အားမည်၏ဟု ဆိုထားသည့်အတိုင်း ရှေးမင်းများသည် မြန်မာ့တပ်မတော် ဖွဲ့ရာ၌ ဆင်တပ်၊ မြင်းတပ်၊ ရထားတပ်၊ ခြေသည်တပ်၊ လှေတပ်ဟူ၍ စစ်အင်္ဂါများထားရာတွင် ဆင်တပ်ကို ပဓာနပြု၍ တည်ထောင်လေ့ရှိသည်။

ဆင်ဖြူတော် ရတနာနှင့် ပတ်သက်၍ မြန်မာကျမ်းဂန်အဆိုအမိန့်များတွင် အမျိုးမျိုးရှိရာတွင် ဝေသန္တရာဇာတ်တော်ကြီးတွင် ''ထိုမင်းကြီးအား ကိုယ်လုံးဖြူသော မင်္ဂလာရှိသော ဆင်သည်ရှိသတတ်။ ထိုဆင်၏ သွားလေရာ ရောက်လေရာအရပ်၌ မိုးသည်ရွာကတတ်''ဟု ဆင်ဖြူတော် ရတနာဂုဏ်ကို ဖော်ကျူးထားပါသည်။ ဝေသန္တရာမင်းကြီးသည် ဆင်ဖြူတော်ကို လှူမိသဖြင့် ပြည်သူကိုမျက်ခြင်းခံရပြီး ပြည်နှင်ခံခဲ့ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



**ဘိုးတော်ဘုရားလက်ထက် (၁၁၄၃–၁၁၈၁) အမရပူရနန်းရင်ပြင်သို့ ဆင်ဖြူတော်ရတနာကို ဆောင်ကြဉ်းလာစဉ်**

ဓမ္မဇာတ်တော်၌လည်း "အလုံးစုံဖြူသော ဆင်ဖြတ်မည်သည်ကား စကြာဝတေးမင်းအား လျှောက်ပတ်၏"ဟု ဆိုထားပြန်သည်။

ဆင်ဖြူတော်ရတနာကို မင်္ဂလာနိမိတ်ပုံအဖြစ် စွဲမှတ်ယူခဲ့ကြပါသည်။ မယ်တော်မာယာသည် ဘုရားအလောင်းတော်ကို ပဋိသန္ဓေလွယ်သောအခါ "ဆင်ဖြူတော်တစ်စီး မိမိဝမ်းကြာတိုက်၌ကိန်းသည်"ဟု အိပ်မက်မြင်ပါသည်။ ဆင်သည် ဘုန်းတန်ခိုးအင်အား၏ နိမိတ်ပုံလည်း ဖြစ်ပါသည်။ မာရ်နတ်မင်းသည် မိမိ၏ ဘုန်းတန်ခိုးနှင့် ပတ်သက် "ဂီရိမေခလာဆင်တော်ကို ပိုင်သသူဟု ကြွေးဝါးလေ့ရှိပါသည်။

ဆင်ဖြူတော်ရတနာသည် မြန်မာ့သမိုင်းတွင် ပျူခေတ်၊ တကောင်းခေတ်၊ ပုဂံခေတ်မှသည် ရတနာပုံခေတ်အထိ ဘုန်းကျက်သရေကောင်းခြင်း၊ မင်္ဂလာနိမိတ်ပုံအဖြစ် စဉ်ဆက်မပြတ် တည်ရှိခဲ့ပါသည်။

ပျူတို့ဒေသ သရေခေတ္တရာတွင် သံတောင်တစ်ရာမြင့်သော ဆင်ဖြူ ပိကြီး ရှိခဲ့ဖူးပါသည်။ ဘေးဥပဒ်တစ်စုံတစ်ရာ ကပ်ငြိသောအခါ မင်းနှင့်တကွ ပြည်သူတို့သည် ဆင်ဖြူရုပ်ကို ပူဇော်ကန်တော့ကြသည်ဟု ရှေးတရုတ် ကုန်သည်များ၏ မှတ်တမ်းတွင် ပါရှိခဲ့သည်။

သထုံပြည့်ရှင် မနူဟာမင်းကြီးသည် ဆင်ဖြူ ၁၂ စီး ပိုင်သတော်မူရာ အလွန်တရာ ဘုန်းကြီးလှသည်။ စကားပြောသောအခါ အာစက်ထွက်ကြောင်း ကျမ်းဂန်များ၌ လာရှိခဲ့ပါသည်။ ပုဂံပြည့်ရှင် အနော်ရထာမင်းမြတ်သည် ပိဋကတ်တော်များနှင့်တကွ ဆင်ဖြူတော် ၁၂ စီးကို သိမ်းပိုက် သထုံမှ ပုဂံသို့ယူဆောင်ခဲ့ဖူးပါသည်။ ပုဂံတွင် ဗုဒ္ဓသာသနာတော် နေရောင်လရောင်ပမာ ထွန်းလင်းတောက်ပခဲ့သည်။

ပင်းယခေတ် သီဟသူမင်းသည် ဆင်ဖြူတော်အရှင်ကို မရနိုင် စမုံမြစ်တွင် မျောပါလာသော ဆင်ဖြူ

www.burmeseclassic.com

အသေကောင်ကို ငြမ်းဆင်ထူမပြီး ကကြိုးဆင်လျက် စီးပြီးလျှင် တစ်စီးရှင်ဟူသော ဘွဲ့ကိုခံယူခဲ့ဖူးပါသည်။

ပင်လယ်မြို့စား ကျော်စွာသည် ဆင်ဖြူတော် ငါးစီးရသည်ကို ကြားရသည်နှင့် နောင်တော် ပုဂံမင်း ဥဇနာသည် ညီတော်အား ထီးနန်းလွှဲအပ်ပေးခဲ့သော ထုံးလည်းရှိခဲ့ပါသည်။ ကျော်စွာသည်လည်း ငါးစီးရှင်ဘွဲ့ကိုခံယူခဲ့ပါသည်။ ဟံသာဝတီပြည်တွင် ဘုရင့်နောင်ကျော်ထင်နော်ရထာမင်းသည်လည်း ဆင်ဖြူများရှင်ဟူသော အမည်ကိုခံယူခဲ့သည်။ အလောင်းမင်းတရားကြီး၏ ဒုတိယသားတော် မြေဒူးမင်း မောင်ရွှေသည်လည်း ဆင်ဖြူရှင်ဘွဲ့ကို ခံယူခဲ့သည်။

ရှေးမြန်မာတို့သည် ဆင်ဖြူတော်များကို တောတွင်းမှ ဖမ်းယူဆက်သသောအခါ အခမ်းအနားကြီးကျယ်စွာ ဆင်ယင်ကျင်းပလေ့ရှိသည်။ နန်းတွင်းစာဆိုများကလည်း ဆင်ဖြူတော်များအကြောင်းကို မော်ကွန်းကဗျာများ ရေးဖွဲ့ကြရသည်။ ထင်ရှားသော မော်ကွန်းအချို့ကို ပြရမည်ဆိုပါက ရှင်ထွေးညို၏ ရွှေစာတိုင် ဆင်တော်မော်ကွန်း၊ ရှင်သံခို၏ ရတနာပြောင်မွန် ဆင်တော်မော်ကွန်း၊ ဝန်ထောက်တော်မောင်ညို၏ ရွှေမင်းဘုန်းဆင်တော်မော်ကွန်း၊ တွင်းသင်းမင်းကြီး၏ ပုဏ္ဍရိကဆင်တော်မော်ကွန်းနှင့် ဝရသေတဂီရိ ဆင်တော်မော်ကွန်း၊ ရမ္မသီရိကျော်ထင်၏ ဆဒ္ဒန်ပြောင်ကျော် ဆင်တော်မော်ကွန်းတို့ကို ပြဆိုနိုင်ပါသည်။

မြန်မာ့မဟာဂီတဘွဲ့ကြီးများအနေဖြင့်မူ မင်းခေါင်ကြီး၏ ဆင်တော်ဟိုင်းနီလာဘွဲ့၊ နဝဒေးကြီး၏ ပြည်ရွှေဆင်းတုဘွဲ့၊ ဖေယျရန္တမိတ်၏ ဆင်တော်ဘုန်းထွန်းပဘွဲ့၊ ရှင်ဓမ္မဒေဇ၏ ဆင်တော်စောရန်ဖြတ်ဘွဲ့၊ ဆင်တော်ဘုန်းတောက်ပဘွဲ့နှင့် အခြားကြိုးသီချင်းများလည်း ရှိခဲ့ပါသည်။

နန်းတော်သုံးဆင်များတွင် ထူးဆင်၊ စီးစုံဆင်၊ စီးတော်စင်၊ ရွှေးဆင်၊ ဝင်းဆင်၊ တမ်းဆင်၊ ဝန်ရည်ဆင် စသည်ဖြင့် ရှိကြသည်။ ထူးဆင်ဆိုသည်မှာ နားမှာဖြစ်စေ၊ အမြီးမှာဖြစ်စေ၊ ကိုယ်အစိတ်အပိုင်းတစ်နေရာရာတွင် ဖြစ်စေ အဖြူရောင်အကွက်ကလေးပါရှိနေခြင်းဖြစ်သည်။ ထို့ကြောင့် ဆင်ဖြူတော်စွယ်ဝင်သောဆင် ထူးဆင်ဟုခေါ်၏။

ဘုန်းကံကြီးမားသော မင်းမှသာ ဆင်ဖြူရတနာကို ပိုင်ဆိုင်နိုင်သည်ဟုလည်း ယုံကြည်ကြသည်။ ဆင်ဖြူရတနာ ဆိုက်ရောက်လာလျှင် မိုးလေဝသမှန်ကန်သည်။ သီးနှံဖွံ့ဖြိုးတိုးတက်သည်။ တိုင်းပြည်ငြိမ်ဝပ်ပိပြား၍ သာယာမည်ဟု ဆိုကြပါသည်။ ဆင်ဖြူတော်ရှိသော မင်းကား မျက်နှာကြီးလှ၏။ ပြည်သူပြည်သားများကလည်း ရှိသေပျက်ဝပ်ကြသည်။ တိုင်းတစ်ပါးမင်းများကလည်း ခံ့ညားကြသည်။

ရှေးကံဘုန်းတော်ဘွဲ့များ ရေးစပ်လျှင် ဆင်ဖြူတော်ကို ထည့်သွင်းစပ်ဆိုကြလေ့ရှိသည်။ မြဝတီမင်းကြီးဦးစ ရေးသော ပတ်ပျိုးသဖြန်တွင် "မတ်ပေါင်းငယ်က၊ နရိန္ဒာခေါင်ဆင်တဲ့ ရာမင့် မင့်ဘုန်း၊ တန်နိုးတောလျှံ့ ပြောင်ဆဒ္ဒန်ပိုင်စိုးတဲ့၊ မြတ်မျိုးကေရာမို့ ကဲသာလို့နန်း"ဟုလည်းကောင်း စပ်ဆိုထားပါသည်။

ဘိုးတော်ဘုရား၏ ဘုန်းတော်ဘွဲ့ ပတ်ပျိုးတွင် မြဝတီမင်းကြီးဦးစကပင် "ရိန္ဒမာလုံ၊ သိန္ဓဝါပျံ၊ နတ်နှင်းဆက်သနံ၊ စက်ထိတ်စုံရင်း၊ လှုံဝပ်စင်း၊ ဆင်မင်းပြောင်ဆဒ္ဒန် ထင်လင်းနောင်မှတ်ရန်"ဟူ၍လည်းကောင်း စပ်ဆိုခဲ့ပြန်သည်။

ပြင်စည်မင်းသားကြီး ရေးစပ်သော ဘုန်းတော်ဘွဲ့ ပတ်ပျိုးသဖြန်တွင် "ချီးအုံ့အပိုင်၊ ပုလဲဆိုင်သူ ဇာဂါသို့၊ မစ္စယာက္ကန္ဒာတန်သည့်၊ ပြောင်ဆဒ္ဒန်မှူး"ဟူ၍တွေ့ရှိရသည်။

ပခန်းမင်းသားကြီး ဖွဲ့ဆိုသော ဘုန်းတော်ဘွဲ့တွင်လည်း "မင်းတရားကြီး၊ စိုးအာဟိန်ထီး၊ ကြေညာကျော်ချီး၊ သမြိမ့်မြိမ့် ကောင်းကျန်၊ ဆဒ္ဒန်တည့်မျိုး ဆင်ဖြူ မိုးသကြားမင်း၊ မြတ်ရွှေထံရင်း၊ ကြည်ဖြူဆောင်နှင်း၊ နှုန်းကင်းအုံ့ရာ"ဟူ၍လည်းကောင်း ဆင်တော်များကို ထည့်သွင်းစပ်ဆိုခဲ့ကြသည်။

ကုန်းဘောင်ခေတ် ဘိုးတော်ဘုရား ဗဒုံမင်းလက်ထက်တွင် ဆင်ဖြူတော်ကိုးစီးပေါ်ပေါက်ခဲ့သည်။ သက္ကရာဇ်အားဖြင့် ၁၁၆၄၊ နယုန်လတွင် မြို့သစ်တောမှ ရရှိသည့် ဆင်ဖြူတော်ကို ဥပါပြောင်မွန်ဘွဲ့အမည်ပေး၍ ဆင်ဖြူရှင်ဘွဲ့ ခံယူခဲ့သည်။ သက္ကရာဇ်ကို ၁၁၄၆ ခုနှစ်၊ တပို့တွဲလ၊ ရွှေကြာသိန်းတောမှရရှိသည့် ဆင်ဖြူတော်ကို ရတနာပြောင်မွန်ဟူသော ဘွဲ့ပေးခဲ့သည်။ ၁၁၄၉ ခုနှစ်၊ နယုန်လတွင် နာဂဝရ ဘွဲ့ခံဆင်ဖြူတော်ရရှိခဲ့သည်။ ၁၁၅၀ ခုနှစ်၊ ဝါခေါင်လတွင် ရတနာကုမုဒ်ဘွဲ့ခံ ဆင်ဖြူတော်ကို ရပြန်



www.burmeseclassic.com

www.burmeseclassic.com

**သည်။ ၁၁၅၁ ခုနှစ်၊ တပို့တွဲလတွင် ဘွဲ့အမည်မသိရသော** ဆင်ဖြူတော် တစ်စီးရသည်။ ၁၁၅၈ ခုနှစ်တွင် ဘွဲ့အမည် မသိရသော ဆင်ဖြူတော်တစ်စီးရပြန်သည်။ ၁၁၅၈ ခုနှစ်၊ သီတင်းကျွတ်လတွင် ဘွဲ့အမည်မသိရသော ဆင်ဖြူထပ်မံ ရရှိပြန်သည်။

၁၁၆၆ ခုနှစ်၊ ဝါခေါင်လတွင် သီရိမလ္လာမဟာ သုဘဒ္ဒါဘွဲ့ခံ ဆင်ဖြူမကို ရရှိခဲ့ပြန်သည်။ ၁၁၆၈ ခုနှစ်၊ တန်ဆောင်မုန်းလတွင် နိဗ္ဗာနပစ္စယနာဂရာဇာဘွဲ့ခံ ဆင်ဖြူတော်ရတနာကို ဘိုးတော်မင်းတရားကြီးကိုယ်တော် တိုင် ပုဂံမြို့ လောကနန္ဒာအရပ်ထိ သွားရောက်ကြိုဆိုတော်မူခဲ့သည်။

ရန်ကုန်မြို့ရှိ တိရစ္ဆာန်ဥယျာဉ်အတွင်း သဘာဝ သမိုင်းပြတိုက်မှ အရှည်ခုနစ်ပေကျော်ရှည်သော ဆင်စွယ်ကြီးသည် နိဗ္ဗာန ပစ္စယနာဂရာဇာ ဆဒ္ဒန်ဆင်မင်း ဆင်စွယ်ဖြစ်သည်။ ဘိုးတော်ဘုရားလက်ထက်မှ မင်းတုန်းမင်းလက်ထက်တော်တိုင်အောင် မင်းငါးဆက်ကို မှီလိုက်သည်။ ထို့ကြောင့် "နိဗ္ဗာန် ပစ္စယဆဒ္ဒန်ထူးစွငါးဆက်မင်း"ဟု စပ်ဆိုဂုဏ်ပြုခဲ့ကြပါသည်။ ရတနာပုံခေတ် သီပေါမင်းလက်ထက် **အထိ ဆင်ဖြူ**တော်ရတနာများပေါ်ပေါက်ခဲ့သည်။ တောင်ငူ ရန်အောင်မြင်တောတွင်းမှ ပေါ်ပေါက်ခဲ့သည်ဟု သိရှိရပါသည်။

၁၈၈၅ ခုနှစ်တွင် မြန်မာပြည်ကြီးသည် ထီးကျိုးစည်ပေါက် သူ့ကျွန်ဘဝရောက်ခဲ့ရသည်။ အင်္ဂလိပ်စစ်တပ်များနှင့် ပါလာသော လော့(ဒ်)ဝီလျံဗီရက်စဖို့သည် နိဗ္ဗာန ပစ္စယနာဂရာဇာ ဆင်စွယ်ကြီးများနှင့် ဆင်ဖြူတော်များကို မန္တလေးနန်းတွင်းမှ အိုင်ယာလန်ပြည်သို့ ယူဆောင်သွားခဲ့လေသည်။ ၁၈၉၂ ခုနှစ်၊ မေလတွင် ဝါးတာဖို့ မြို့စားကြီး၏ ဘေးတော်အား လက်ဆောင်အဖြစ် ပေးအပ်ခဲ့ပါသည်။ မိသားစုအစဉ်အဆက် ထိန်းသိမ်းလာခဲ့ရာ ၁၉၃၁ ခုနှစ်တွင် ဝါးတာဖို့မြို့စားကြီး၏ ခမည်းတော်က ဒဗ္ဗလင်မြို့ အမျိုးသားပြတိုက်သို့ လှူဒါန်းခဲ့ပါသည်။ ထိုပြတိုက်မှ ဆင်စွယ်ကြီးများကို ဝါးတာဖို့ မြို့စားကြီးမှတစ်ဆင့် မူလပိုင်ရှင်ဖြစ်သော မြန်မာနိုင်ငံတော်သို့ ၁၉၆၅ ခုနှစ်တွင် ပြန်လည်ပေးအပ်ခဲ့ပါသည်။ ယခုအခါ နိဗ္ဗာနပစ္စယ ဆဒ္ဒန်ဆင်မင်း စွယ်တော်ကြီးကို ကိုယ်တွေ့မျက်မြင်လေ့လာနိုင်ခွင့် ရရှိခဲ့ပါသည်။

ကမ္ဘာပေါ်တွင် လူသိအများဆုံး ဆင်ဖြူတော် Palata အမည်ရှိ စာအုပ်ရှိ မြန်မာနိုင်ငံတော်ပိုင် ဆင်ဖြူရတနာဖြစ်သည်။ အလွန်လှပသော သတ္တဝါဖြစ်၍ လန်ဒန်မြို့ တိရစ္ဆာန်ရုံ၌ ၁၉၂၆ ခုနှစ်တွင် ပြသထားသည်။ နောင်တွင် အမေရိကန်နိုင်ငံသို့ ပြောင်းရွှေ့ပြကစဉ် သေဆုံးသွားခဲ့သည်။ မြန်မာ့ဆင်ဖြူတော်အကြောင်းကို ၁၈၉၅ ခုနှစ် အင်္ဂလိပ်လူမျိုးတစ်ယောက်က မှတ်တမ်းပြုခဲ့ရာတွင် "ဆင်ဖြူတော်ဆိုသည်မှာ မီးဖိုပြာကဲ့သို့ အဖြူရောင်သန်းနေသော သာမန်ဆင်ဖြူမျိုးသာ ဖြစ်သည်။ မျက်လုံးများကလည်း ပန်းနုရောင် အဆင်းရှိ၍ ခြေသည်းများက ဖြူနေသည်"ဟု ဆိုထားသည်။

သူ့ ကျွန်ဘဝ နယ်ချဲ့အင်္ဂလိပ်လက်အောက်တွင် မြန်မာ့ဆင်ဖြူတော်များ ကွယ်ပျောက်သွားခဲ့ရပါသည်။ မြန်မာ့လွတ်လပ်ရေးရရှိပြီး ၁၀ နှစ်အကြာ ၁၉၅၈ ခုနှစ်၊ မတ်လ ၁၇ ရက်နေ့တွင် ဆင်ဖြူတော်တစ်စီး ပေါ်ပေါက်ခဲ့ပြန်သည်။ ကချင်ပြည်နယ်၊ ကာမိုင်းတောင်တန်းနယ်၊ မိုင်းနောင်ရွာဟောင်း ကြိုးပိုင်းအတွင်း နိုင်ငံပိုင် သစ်လုပ်ငန်းရှိ ဆင်မကြီးမှ မွေးဖွားခဲ့သော ဆင်ဖြူမလေးဖြစ်သည်။ မြန်မာတို့၏ နောက်ဆုံးဆင်ဖြူရတနာအဖြစ် ရရှိခဲ့သည်။ ရန်ကုန်တိရစ္ဆာန်ဥယျာဉ်တွင် တခမ်းတနားပြသထားရှိခဲ့သည်။ သို့သော် သက်တမ်းမရှည်ခဲ့ပါ။

ပြည်ထောင်စုမြန်မာနိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရလက်ထက် ၂၀၀၁ ခုနှစ်၊ အောက်တိုဘာလ တတိယပတ်တွင် ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ်၊ အထက်နန်းရာအုပ်စုတွင် ကြန်အင်လက္ခဏာ အရပ်ရပ်နှင့်ပြည့်စုံသော ဆင်ဖြူတော်တစ်စီး ပေါ်ထွန်းလာခဲ့ပြန်သည်။ အထက်နန်းရာအုပ်စု ချွတ်ပြင်ကျေးရွာရှိ သစ်တောရေးရာ ဝန်ကြီးဌာန ဆင်စခန်းမှ ဆင်ဖမ်းအဖွဲ့သည် ဆင်ဖမ်းစုဆောင်းရေးလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်ခဲ့သည်။ ဆင်ရှစ်ကောင် ဖမ်းဆီးရရှိခဲ့သည်။ ထူးထူးခြားခြား အသက်ရှစ်နှစ်သားအရွယ် အရပ်ခြောက်ပေ ပုလဲရောင်မျက်လုံးပိုင်ရှင် ဆင်ဖြူတော်တစ်စီး ပါဝင်ခဲ့သည်။ ဆင်ဖြူတော်မှာ အထီးဖြစ်သည်။

မိုးရွာသွန်းချိန်တွင် ဆင်ခန္ဓာကိုယ်မှာ အဖြူရောင်နှင့်ပန်းနုရောင်သန်းနေသည်။ နေသာချိန်နှင့် အေးမြသော အချိန်များတွင်မူ အုန်းခွံရောင်သို့ အဆင်းသဏ္ဍာန် ပြောင်း



www.burmeseclassic.com

www.burmeseclassic.com

လဲလျက်ရှိသည်။ အခြားသာမန်ဆင်များနှင့်မတူဘဲ တစ်မူထူးခြားသော ဆင်ဖြူတော်ရတနာဖြစ်သည်။ ဆင်ဖြူတော်ကြွန်အင်လက္ခဏာများနှင့်ပြည့်ဝစုံလင်နေကြောင်း တွေ့ရှိရသည်။

ရှေးမြန်မာ အစဉ်အဆက် ပညာရှင်များ၏ မိန့်ဆိုချက်များအရ ဆင်ဖြူတော်၏ ကြွန်အင်လက္ခဏာများမှာ မျက်လုံးပုလဲရောင်၊ ခွာအဖြူရောင်၊ ငှက်ပျောကိုင်းသဏ္ဌာန်ကျောကုန်းနှင့် ကျွဲဖြူကဲ့သို့ အမွေးရောင်သည်။ အမြီးမှာ တံခါးလက်ဝါးပုံဖြစ်သည်။ စွယ်စုံပါရှိရမည်ဖြစ်ကာ သာမန်ဆင်များထက် နားရွက်ကြီးလေ့ရှိကြောင်း သိရှိရသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်၌ ယခုပေါ်ထွန်းလာသော ဆင်ဖြူတော်သည် မျက်လုံးပုလဲရောင်၊ မျက်တောင် ဝါကြွန့်ကြွန့်အရောင်ရှိသည်။ မျက်ရစ်မှာ အနီရောင်ကွင်းရှိသည်။ ကျောကုန်းမှာ ငှက်ပျောကိုင်းသဏ္ဌာန် ဖြစ်သည်။ **အမွေးအမှင်မှာ** အဖြူရောင်ဖြစ်သည်။ အမြီးမှာ **ဖြောင့်တန်းရှည်လျားပြီး** မြီးဆံများသည် တံခါးပုံသဏ္ဌာန်ရှိကာ **အရင်းမည်းပြီး** အဖျားတွင်ဖြူလျက်ရှိသည်။ ဆင်ဖြူ**တော်ကို ရေပက်ဖျန်းသည့်အခါ ကိုယ်ခန္ဓာအဆင်းအရောင်နီမြန်းသွားကြောင်း တွေ့ရှိရသည်။ ကိုယ်ခန္ဓာမှာ မိုးတွင်း၌အဖြူရောင်နွယ်သည်။ ပန်းရောင်ဖျော့ဖျော့** အရောင်**အဆင်းရှိသည်။ နေသာသည့်အချိန်နှင့်** အေးမြသော ရာသီဥတုတွင် အုန်းခွံရောင်သို့ပြောင်းလဲသွားသည်။ အစွယ်မှာ**လည်း** စွယ်စုံဖြစ်သည်။ လုံးပတ်ငါးလက်မရှိကာ အရှည်**ခြောက်လက်မ** ရှိသည်။ သာမန်ဆင်များထက် နားရွက်ကြီး**မားကာ** စိတ်နေစိတ်ထား တည်ငြိမ်ကြောင်းတွေ့ရသည်။

သမိုင်းအစဉ်အဆက် ရှေးမြန်မာမင်းများ လက်ထက်က တိုင်းပြည်အုပ်ချုပ်သော အစိုးရမင်းများ မင်းကျင့်တရား ၁၀ ပါးနှင့် ညီညွတ်ပြည့်စုံသော ကာလများတွင် ဆင်ဖြူတော်များ ပေါ်ထွန်းခဲ့သည်။ ဆင်ဖြူတော် **ပေါ်ထွန်း**ချိန်တွင် တိုင်းပြည်၌ ဆန်ရေစပါး၊ ရွှေငွေ၊ ကျောက်သံပတ္တမြား ပေါများကြွယ်ဝပြီး ဘေးဥပါဒ်အန္တရာယ်ရန်အသွယ်သွယ် ကင်းစင်ပပျောက်ကာ နိုင်ငံအဝန်း အေးချမ်းသာယာလေ့ရှိသည်ဟု ရှေးပညာရှင်များက ရေးသားမိန့်ဆိုခဲ့ကြောင်း မှတ်တမ်းများပါရှိသည်။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးဖြစ်အောင် ကြိုးပမ်းတည်ဆောက်နေသော မျက်မှောက်ကာလအချိန်အခါသမယ **ဖြစ်ပါသည်။** ထိုအချိန်တွင် ဆင်ဖြူတော်တစ်စီး **ထူးထူးခြားခြား ပေါ်ထွန်း**လာခြင်းသည် ပြည်ထောင်စု **မြန်မာနိုင်ငံတော်ကြီး** တည်ငြိမ် အေးချမ်းသာယာပြီး **ဘေးဥပါဒ်အန္တရာယ် ရန်အသွယ်**သွယ်တို့မှ ကင်းစင်ပပျောက်မည့် **အတိတ်ကောင်းဖြစ်**သည်။ ဆန်ရေစပါး၊ ရွှေ ငွေ၊ ကျောက်**သံပတ္တမြား**ပေါများကြွယ်ဝကာ ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်မည့် နိမိတ်ကောင်းကို ဆောင်လျက်ရှိပါသည်။

အတိတ်ထူး နိမိတ်ထူး ရာဇဂဟာသီရိပစ္စယဂဇရာဇ ဆင်ဖြူတော်ရတနာကို အင်းစိန်မြို့နယ်ရှိ မင်းဓမ္မ ကုန်းတော်ပေါ်တွင် ထားရှိမည်ဖြစ်သည်။ လောကချမ်းသာအဘယလာဘမုနိ ကျောက်ဖြူတော်ရုပ်ပွားမြတ်ကြီးနှင့် ဆင်ဖြူတော်ရတနာတော်မှာ လွန်စွာ ထက်မြက်လိုက်ဖက်သော နေရာဌာနထူးမြတ် ဖြစ်ပါသည်။

အရှေ့တိုင်း ယဉ်ကျေးမှုတွင် ဆင်ဖြူတော်အခန်းကဏ္ဍမှ အရေးကြီးသော အပိုင်းတွင် ပါဝင်ခဲ့သည်။ အိပ်မက်တွင်ပင် ဆင်ဖြူတော်ကို မြင်မက်သည်ဆိုလျှင်ပင် မင်္ဂလာရှိလှပါ၏။ အတိတ်ထူး နိမိတ်ထူး၊ **အတိတ်ကောင်း** နိမိတ်ကောင်း ဖြစ်ပါသည်။

သက်ရှင်ထင်ရှား ဆင်ဖြူတော်ကို ပိုင်ဆိုင်ရလျှင်မူကား "နိုင်ငံတော်နှင့်တကွ ပြည်သူတို့အဖို့ ကောင်းမြတ်လှသော လာဘ်ရတနာပုံကြီး ဆိုက်ရောက်ပြီ"ဟု ဆိုနိုင်သည်။ ရှေးအမင်းမင်းအပြည်ပြည်က တောင်းတမက်မောလှသော ဆင်ဖြူရတနာတို့သည် မြန်မာနိုင်ငံတော်တွင် တစ်ကောင်မက အကောင်ပေါင်းများစွာ **ပေါ်ပေါက်ခဲ့သည်။** ကမ္ဘာ့အလယ်တွင် မြန်မာ့ဆင်ဖြူတော် **ရတနာသည်** လွန်စွာ ဂုဏ်ယူဖွယ်ဖြစ်ပါတော့သတည်း။

## ယောနကဘိုးထောင်

**ကျမ်းကိုးစာရင်း**

၁။ မြန်မာ့စွယ်စုံကျမ်း အတွဲ(၄)
၂။ ရန်ကုန်ရာဇဝင် ဦးသိန်းမောင်
၃။ မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာ (၈. ၁၁. ၂၀၀၁)



www.burmeseclassic.com

www.burmeseclassic.com

# မြန်မာ၊ ယိုးဒယားနှင့်

## ဆင့်ပြန်ဖျော်

မောင်နန်းလှိုင်(ရန်ကုန်တက္ကသိုလ်)

(၁)

ရှေးဟောင်းစာပေ၌ မြန်မာတို့သည် ရာဇဝင်ကျမ်း အစောင်စောင်တို့ကို ရေးသားမှတ်တမ်းတင်ခဲ့သည်မက အိမ်နီးချင်းနိုင်ငံများ၏ ရာဇဝင်ကိုလည်း ရေးသားမှတ်တမ်း တင်ခဲ့သည်။ **ပိဋကတ်တော်သမိုင်း၌**

တရုတ်ရာဇဝင်

**ယိုးဒယားရာဇဝင်**

**ဇင်းမယ်ရာဇဝင်**

ပူရဏာရာဇဝင်

**ဟူ၍** နိုင်ငံခြားရာဇဝင်များကိုပါ ရေးသားမှတ်တမ်း တင်ခဲ့ကြောင်း တွေ့ရသည်။ ဇင်းမယ်ရာဇဝင်ကျမ်းကို **မဟာရတနာပုံတိုက်စိုး စည်သူဂါမဏိသင်္ကြံ** ရေးသားသည်ဟု သိရသော်လည်း

တရုတ်ရာဇဝင်

ပူရဏာရာဇဝင်† နှင့်

ယိုးဒယားရာဇဝင်[၂] ကျမ်းများကို မည်သူရေးခဲ့ကြောင်း မသိရပါ။[၁] ယနေ့တိုင် တရုတ်ရာဇဝင်နှင့် ယိုးဒယားရာဇဝင်ကျမ်းများကို တွေ့ရှိရ၏။ အဆိုပါ ကျမ်း များမှာ အမျိုးသားစာကြည့်တိုက် ပေမူအဆင့်မှသည် လက်နှိပ်စက်မူနှင့် လက်ရေးမူအဆင့်မျှသာရှိသေး၍ ပုံနှိပ်ထုတ်ဝေခြင်း မရှိသေးပါ။

(၂)

မှန်နန်းမဟာရာဇဝင်**တော်ကြီး၊** တွင်းသင်းမဟာ ရာဇဝင်သစ်များ၌ မတွေ့ဖူး**သေးသော အချက်အလက်များ**ကို တွေ့ရှိရသည်။ ယင်း**ရာဇဝင်ကျမ်းကို ရေးထားသော** ပုံစံမှာ မြန်မာရာဇဝင်များ **ထုံးစံအတိုင်းပင်ဖြစ်သည်။** ယိုးဒယားရာဇဝင်သည် ယိုးဒယား**တို့အတွက် အာရုံကျလာစရာ** မြန်မာဘက်မှ အထောက်**အထားတစ်ရပ်ဖြစ်သည်။**

ယိုးဒယားနိုင်ငံ၊ ချူလာလောင်ကောင်းဘုရင်၏ ညီတော် မင်းသားဒန်(မ်)ရောင် (Prince Damroung) က တောင်းယူ၍ ဗြိတိသျှအမျိုးသား စာကြည့်တိုက်မှူး မစ္စတာတော်စိန်ခိုလက်ထက်က ကူးယူပေးပို့ခဲ့ဖူးသည်။ ရန်ကုန်တက္ကသိုလ် သမိုင်းပါမောက္ခ ဆရာကြီးဦးထွန်းအောင်ချိန် လက်ထက်၌လည်း အင်္ဂလိပ်ဘာသာသို့ ပြန်ဆို ပေးပို့ခဲ့ဖူးသည်။

ချူလာလောင်ကောင်းတက္ကသိုလ်မှ ဒေါက်တာဆူးနိတ်က ယိုးဒယားရာဇဝင်[illegible]သည် မွန်ဘာသာမှ နောက်ပိုင်း မြန်မာဘာသာသို့ ပြန်ဆိုခဲ့သည့်ကျမ်းဟူ၍ ဆို၏။[၃] သို့သော် မြန်မာဘက်က တွေ့ရှိရသော **ယိုးဒယားရာဇဝင်ပါ** သမိုင်း

---

† ပေါ်တူဂီလူမျိုးတို့၏ ရာဇဝင်ဟုလည်းကောင်း၊ သီဟို(သီဟိုဠ်) ရာဇဝင်ဟုလည်းကောင်း ဆိုကြသည်။

၁။ ယံ၊ ဦး။ ပိဋကတ်တော်အုပ်၊ ပိဋကတ်တော်သမိုင်း။ ဟံသာဝတီပုံနှိပ်တိုက်၊ ၁၉၅၉ ရန်ကုန်၊ အမှတ်စဉ် ၂၀၁၈၊ ၂၀၂၀၊ ၂၀၂၁၊ ၂၀၂၂၊ စာ ၂၆၄။

၂။ ယိုးဒယားရာဇဝင်၊ တက္ကသိုလ်ဗဟိုစာကြည့်တိုက်ပေမူ၊ စက်မှုကူးပြီး အမှတ် ၃၆၅၅၀၃။

၃။ Dr. Sunait Chutintharanond, Chulalongkorn University, Suphan Kalaya in the Context of Thai-Myanmar Relations. P.5



www.burmeseclassic.com

www.burmeseclassic.com

အချက်အလက်များသည် ယိုးဒယားနိုင်ငံရှိ ရာဇဝင်ကျမ်းဂန်များ၌ပါ မတွေ့ရှိချေ။ ထို့ကြောင့် တထစ်ချမှန်ကန်ပါသည်ဟူ၍ နှစ်ဖက်သော သမိုင်းပညာရှင်များက လက်မခံနိုင်သေးပါ။

(၃)

ယိုးဒယားရာဇဝင်ကို တွေ့ရသကဲ့သို့ **"ယိုးဒယားဆင်ကြန်"**† ကျမ်းကိုလည်း တွေ့ရှိရသေးသည်။ ညောင်ရမ်းခေတ်မင်းများ၏ အမိန့်တော်ပြန်တမ်းများတွင် ဆင်ကြန်လက္ခဏာကို ရွေးချယ်ခဲ့သည့် အမိန့်တော်တစ်စောင်ကိုလည်း ဖတ်ရှုခဲ့ဖူးပါသည်။ ထို့အပြင် အလောင်းမင်းတရား၏ အမိန့်တော်များမှသည် မင်းတုန်းမင်းလက်ထက်တိုင်အောင် "ဆင်ဖြူသခင်"၄ဟူသည့် ဘွဲ့ထူးဂုဏ်ပုဒ်ကို အရေးအရာ ပြုခဲ့ကြသည်။ ယင်းအချက်များကြောင့် ယိုးဒယားနိုင်ငံရော၊ မြန်မာနိုင်ငံရှိ ဗုဒ္ဓဘာသာဝင် နှစ်နိုင်ငံလုံးကပါ ဆင်ဖြူတော်ကို ရှင်ဘုရင်၏ ဘုန်းကံကြီးမားခြင်းနှင့် စပ်လျဉ်းနေသည်ဟူသော ယုံကြည်မှုအပြည့်ရှိခဲ့ကြသည်။ မှန်နန်းနှင့် တွင်းသင်းရာဇဝင်ကျမ်းများ၌ တောင်ငူခေတ်မင်းတရားရွှေထီးနှင့် ဘုရင့်နောင်လက်ထက် ယိုးဒယားနှင့် ဖြစ်ပွားသော စစ်ပွဲများအကြောင်းကို တွေ့ရှိရသကဲ့သို့ "ယိုးဒယားရာဇဝင်"၌လည်း တွေ့ရှိရပါသည်။ ယိုးဒယားရာဇဝင်၌မူ မှန်နန်းနှင့် တွင်းသင်းတို့တွင် မပါဝင်သော သမိုင်းအချက်အလက်များကို တွေ့ရှိရသည်။

ယိုးဒယားတို့က မြန်မာပိုင် တနင်္သာရီကို ကျူးကျော်နယ်ချဲ့လာခဲ့ရာမှ မြန်မာတို့နှင့် တိုက်ပွဲများ ဖြစ်ပွားခဲ့ကြခြင်းဖြစ်သည်။ ယိုးဒယားနှင့် မြန်မာ အလယ်ခေတ်စစ်ပွဲအကြောင်းကို ရေးခဲ့ပြီးဖြစ်၍ ဤနေရာ၌ အကျယ်မဆိုတော့ပါ။ ယိုးဒယား ရာဇဝင်ကျမ်းထွက် စကားကိုသာ တင်ပြလိုပါသည်။

**ဒွါရာဝတီနှင့် ပိစ္စလုတ်**

ယိုးဒယားရာဇဝင်အရ ယိုးဒယားဘုရင် **ဘံပဇာမင်း** လက်ထက်တွင် မြန်မာအင်းဝဘုရင်နှင့် ဆက်ဆံရေးကောင်းမွန်ခဲ့ပြီး သံကမန် ဆက်ဆံမှုကို တွေ့ရှိရသည်။ ဘံပဇာမင်း အနိစ္စရောက်ပြီးနောက် သားတော် ပရမကုမ္မာရက **ဗရမေသွန်**ဟူသောဘွဲ့ကိုခံ၍ ဆက်ခံခဲ့သည်။ ဗရမေသွန် သက်တော် ၃၈ နှစ်တွင် ကံတော်ကုန်သော် မြောက်နန်း သုတာစံနှင့် အတွင်းဝန် ခွန်စင်နရစ်တို့၏ ထီးနန်းသိမ်းပိုက်ခြင်းကို ခံလိုက်ရသည်။ ဗရမေသွန်လက်ထက် ရာဇဝင်ကျမ်းများကို မီးရှို့ ရေမျှောခြင်းလုပ်ခဲ့ကြောင်း တွေ့ရှိရသည်။

ခွန်စင်နရစ်မင်းအား မင်းသား၏* အထိန်းတော်® ဝန်ကြီး သေနာပတိတို့က မြောက်အရပ် သွဂ်ပူရီမြို့အနီးရှိ တောအုပ်တွင် "ဆင်ဖြူတော်"ပေါ်သည်ဟု လှည့်ဖြား၍ လုပ်ကြံခဲ့သည်။ မင်းသားမြတင်ကို ရင်ခွင်ပိုက်၍ အထိန်းတော်က ဆက်လက်အုပ်ချုပ်ခဲ့သည်။ မင်းသားမြတင် သက်တော် ၁၆ နှစ်အရွယ်ရောက်သည့်အခါ "မဟာစက္ကဝတ္တိရာဇ"ဘွဲ့ခံ ဘိသိက်သွန်း၍ မင်းလုပ်ခဲ့သည်။

မြတင်မင်းသည် ဖြမဟာဒေဝီကို မိဖုရားခေါင်အဖြစ် တင်မြှောက်၍

သားတော် ဖြမဟိန် ၁ ပါး

သမီးတော် မဟာပရမတိလောက ၁ ပါး

ထွန်းကားတော်မူခဲ့သည်။ မြတင် (မဟာစက္ကဝတ္တိရာဇ)သည် ညီတော်ဖြဓေယကို အလွှန်ချစ်ခင်နှစ်သက်၍ ပိစ္စလုတ်မြို့ကို မင်းပြိုင်စံနေစားခဲ့သည်။ ဘွဲ့တော်ကိုလည်း "ဖြသုဓမ္မရာဇ"ပေး၏။

---

† တက္ကသိုလ်ဗဟိုစာကြည့်တိုက်ပေမူ ရှိပါသည်။

၄။ တော်စိန်ခို၊ မစ္စတာ၊ ကျောက်စာဝန်၊ လွှတ်တော်မှတ်တမ်း၊ ၁၉ရရ၊ ပဉ္စမအကြိမ်၊ စာ ၁။ ယိုးဒယားရာဇဝင်၊ ၃–ဝမ်း

* မြတင်

® ဘယာကလဟုံ



www.burmeseclassic.com

www.burmeseclassic.com

ဒွါရာဝတီ

မဟာစက္ကဝတ္တိရာဇ + မြမဟာဒေဝီ

(မြတင်)

မြမဟိန (သားတော်) | ညီတော် ပိစ္စလုတ်† | မဟာပရမတီလောက (သမီးတော်)

မြဇေယ + မြပရမဒေဝီ

သမီးတော် သုဝဏ္ဏကလျာ | သားတော် မြနရာဇ် (သောင်ကြင်) ညီတော်ကောဒသရဍ္ဍ

သားတော် မြမဟိန်မင်းသားကို နန်းတင်မည့် သတင်းကို ညီတော် ပိစ္စလုတ်မင်းကြားလျှင် ဆက်သမြဲ ပဏ္ဏာတို့ကို ရပ်စဲလိုက်သည်။ ထိုအချိန်တွင် စက္ကဝတ္တိရာဇာမင်း၌ ဆင်ဖြူတော် (၇)စီး ရတော်မူခဲ့သည်။

| | | | |
|---|---|---|---|
| ၁။ | ပရမဆဒ္ဒန် | | ၁ စီး |
| ၂။ | အနဒ္ဒစက္ကပန် | | ၁ စီး |
| ၃။ | အဠနာဂဇာ | | ၁ စီး |
| ၄။ | မဟာဂဓသဇ | | ၁ စီး ▲ |
| ၅။ | ဒိပ္ပကရိနိပတ | | ၁ စီး |
| ၆။ | သီရိစရရာပထ | | ၁ စီး |
| ၇။ | ရတနဂဒေစည် | ဆင်မ | ၁ စီး |
| | ဆင်ပေါက် | | ၄ စီး |
| | ဆင်မ | | ၃ စီး |
| | ပေါင်း | | ၇ စီး |

**ဟံသာဝတီ၊ ဒွါရာဝတီနှင့် ဆင်ဖြူတော်**

စက္ကဝတ္တိရာဇမင်း ဆင်ဖြူတော် ခုနစ်စီးရသည့် သတင်းမှာ **ဟံသာဝတီဆင်ဖြူရှင်များ** (အများအခေါ် ဘုရင့်နောင်)ကြားသိပြီး ဆင်ဖြူတော်ကို ဆက်သရန် တောင်းခဲ့သည်။ ယိုးဒယားရာဇဝင်၌ ဟံသာဝတီဆင်ဖြူများရှင် လှမ်းတောင်းသည့်စာကို ဖော်ပြသည်။

"ပုစ္ဆာအက္ခရာ ၃ လုံး၊ ရွှေပေတွင် ရေး၍ ဒွါရာဝတီသို့ သံစေလွှတ်ရောက်လာသည်။ ရွှေပေအက္ခရာ ၃ လုံးတွင် တစ်လုံးအက္ခရာအရကား"

"ဆင်ဖြူကိုလိုသည်။"

နောက်တစ်လုံးမှာ

"မပေးလျှင် ကြိုးနှင့်ချည်မည်"

နောက်တစ်လုံးမှာ

"ကြိုးကိုရ၏။"

ဒွါရဝတီမင်းကလည်း ရွှေပေတွင် အက္ခရာသုံးလုံး ရေး၍ စာပြန်လိုက်သည်မှာ –

"ပုန်းစား●၍တောင်းလျှင် ပေးမည်"တစ်ကြောင်း

"မကြောက်"တစ်ကြောင်း

"ငါတို့လည်းချည်တတ်၏"တစ်ကြောင်း၊[၁]

ဟံသာဝတီဆင်ဖြူများရှင်လည်း စစ်သည်အင်အား ငါးသိန်းနှင့် ကိုယ်တော်တိုင် ချီတက်လာခဲ့၏။ ဒွါရာဝတီပြည့်ရှင် စက္ကဝတ္တိရာဇမင်းကလည်း မဟာဘိဇေယျနာဂဆင်တော်ကိုစီး၍ ချီတက်လာခဲ့၏။ နှစ်ဖက်စစ်မျက်နှာ အထိနာ၍ ဆင်စီးချင်းထိုးကြရန် သဘောတူလိုက်ကြ၏။ (၃)ရက်အတွင်း စီးချင်းထိုးဖို့ ရောက်မလာခဲ့လျှင် ရောက်မလာသည့်ဘက်က စစ်ရှုံးကြေးဟု သဘောတူထားကြသည်။

(၃)ရက်အတွင်းတွင် ဒွါရဝတီဘုရင် အပြင်းအထန် နေမကောင်းဖြစ်သည်။ ထိုအခါ မိဖုရားများ အချင်းချင်း တိုင်ပင်ကြသည်။ သားတော်က စီးချင်းထိုးမရလောက်အောင် ငယ်ရွယ်သူဖြစ်နေသည်။ ထိုအခါ ၁၃ နှစ်အရွယ် သမီးတော် မဟာပရမတြိလောကက လျှောက်သည်မှာ

"မြန်မာမင်းနှင့် ကြီးစွာသော အချိန်းအချက်ရှိသည်။ မာတော်မမူ၍ စ[illegible]းချင်းမထွက်နေချေသော်၊ အရေးမလှ သို့ပန်းနှင်နှင် ဖြစ်ပါတော့မည်။ အသက်ကိုစွန့်၍ ဘုရားသမီးတော် မြန်မာမင်းများကို ဆင်စီးချင်းတိုက်

† Pitsanulete ပိဿလောက်ဟု မှန်နန်း၌ သုံးနှုန်း၏။

▲ ယိုးဒယားရာဇဝင်၊ ခု–ကြော ၁–၉၊ ခေ–ဝမ်း။ ၁–၂ ကျက္ကရာဇတ် (Mahā Chakrapat) ဟုလည်း လူသိများ၏။

၁။ ယိုးဒယားရာဇဝင်ပေမူ၊ ခေ–ဝမ်း၊ ကြောင်းရေ ၁–၇

● ပုန်ကန်သည်၊ သူပုန်သူကန်၊ ပုန်စားဟု အဓိပ္ပာယ်ရသည်။ သတ်ပုံအဘိဓာန်မိတ်လင်စုံ၊ စာ ၄၅၄။

www.burmeseclassic.com

ပါမည်။ ကံအလျောက်သေသော်လည်း ကျေးဇူးတော်စစ်သည်မည်၏။ သုဂတိဘဝ လားရာပါသည်။ မတိုက်မရ။ သူ့အနိုင် ကိုခံရလျှင်လည်း မလှသောသေခြင်းဖြင့် ယခုပင် သေပါမည်''■

ဟူ၍ ဒွါရာဝတီပြည့်ရှင် ခမည်းတော်အား လျှောက်တင်ရာ "မိန်းမတို့အရာမဟုတ်''ဟူ၍ အကြိမ်ကြိမ် ပယ်တော်မူခဲ့သည်။ နောက်ဆုံး၌ သမီးတော်ကို ခွင့်ပေးလိုက် ရသည်။

သမီးတော်လည်း စစ်သူကြီးတို့ စစ်ဝန်တန်ဆာကို ဆင်တော်မူပြီးနောက် ခမည်းတော်၊ မယ်တော်တို့အား ရှိခိုး ပူဇော်၏။ ခမည်းတော်နှင့် မယ်တော်တို့ပေးသောဆုကို ခံယူ၍ မှန်ယစ်သော ပရမဆဒ္ဒန်ဆင်ကိုစီး၍ ချွန်းဖွင့်ပြီးလျှင် ဗိုလ်အပေါင်းခြံရံ ဆင်စီးချင်းထိုး၏။ မြန်မာဘက်မှ ထိုးသော သူကိုမသိရပါ။ အကျဉ်းဆိုလျှင် ပရမတီလောက မင်းသမီး တိုက်ပွဲ၌ ကျဆုံး၏။ ဆင်ပေါ်မှ ပြုတ်ကျ၍ အော်လိုက်သော အခါ မြန်မာမင်း ဟံသာဝတီဆင်ဖြူများရှင်က သိလိုက်သည်။ နောက်နောင်သော မြန်မာမင်းတို့အား မိန်းမနှင့် စစ်ထိုးသည်ဟု ပြောစမှတ်တွင်မည်ကို ရှက်သဖြင့်၊ ဟံသာဝတီ ဆင်ဖြူများရှင်က တပ်တော်ကို ဟံသာဝတီသို့ ဆုတ်ခွာ စေခဲ့သည်။ ထိုနှစ်မှာ ၁၅၅၉ ခုနှစ်●ဖြစ်သည်။ နောက်နှစ်နှစ် ၁၅၆၁ ခုနှစ်တွင် ဟံသာဝတီဆင်ဖြူများ ရှင်က ယိုးဒယားကို ထပ်မံစစ်ချီခဲ့သည်။ နှစ်ဖက်စလုံး အကျအဆုံးများ အထိနာခဲ့ကြသည်။ ဘုရင့်နောင်မင်းတရားပင် ခြေမ၌ ဒဏ်ရာရ၍ သွေးများထိန်းမနိုင်လောက် အောင် ယိုထွက်ခဲ့သည်။ အဆုံး၌ ဒွါရာဝတီမင်းက "ပရမ ဆဒ္ဒန် ဆင်ဖြူ''ကို မြန်မာမင်း အားပေးခဲ့၏။[၁] ရန်သူမှ မိတ်ဆွေဖြစ်ပြီး၊ ကမ္ပည်းကျောက်စာ မော်ကွန်းတိုင်ကိုပါ စိုက်ထူခဲ့သည်။ ထို့နောက် လင်းဇင်းမင်းက ဒွါရာဝတီမင်းကို ရတနာမျက်ရှည်မည်သော သမီးတော်ကိုဆက်သ၍ ဒွါရာဝတီမင်းက ဆင်ဖြူမတစ်စီး ပြန်၍ လက်ဆောင်ပေးခဲ့၏။

ဤသတင်းကို ဟံသာဝတီဆင်ဖြူရှင်များ ကြားလျှင် ဒွါရာဝတီမင်းက သူ့အား သစ္စာဖောက် ကတိဖျက်သည်ဟုဆို၏။ ထို့ကြောင်း ယင်းဆင်ဖြူမ် လင်းဇင်းသို့ မရောက်မီ လမ်းမှဖြတ်၍ တိုက်ခိုက်သိမ်းယူသည်။ ယိုးဒယားမြို့ကို မြေလှန်ပစ်မည်ဟု ခြိမ်းခြောက်ခဲ့သည်။

၁၅၆၂ ခုနှစ်တွင် ဟံသာဝတီဆင်ဖြူများရှင်က

အင်းဝ ၁ တပ်၊ ပုဂံ ၁ တပ်၊ ပြည် ၁ တပ်၊ သထုံ ၁ တပ်၊ တောင်ငူ ၁ တပ်။ စစ်သည်အား ၉ သိန်း အင်အားဖြင့် ရေတပ်၊ ကြည်းတပ် အလုံးအရင်းဖြင့် ပိဿလုတ်မြို့အနီးသို့ ချဉ်းကပ်ခဲ့၏။[၂]

ပိဿလုတ်မင်း ဗြသုမမ္မရာဇာက မခုခံဘဲ အသာ တကြည် ခန့်ညား၍

သမီးတော် စန္ဒကလျာ ၁၊ သားတော် ဖြနရာဇ် ၁၊ ညီတော် ကောဒသရဋ္ဌ ၁၊ ပေါင်း သုံးယောက်။

ယင်းသုံးယောက်ကို ဟံသာဝတီ ဆင်ဖြူများရှင် အား ဆက်သ၏။ ထိုအခါ ပိဿလုတ်မြို့ကို အထိအခိုက် မရှိစေဘဲ အငယ်ဆုံးသားတော် ကောဒသရဋ္ဌကို ပိဿလုတ်၌ ထားခဲ့ပြီး ပိဿလုတ်မင်း ဗြသုမမ္မရာဇာ၊ သမီးတော် စန္ဒကလျာ၊ သားတော် ဖြနရစ်တို့ကို ဘပ်ဦးမှနေစေ၍ ယိုးဒယား†သို့ ချီတက်ခဲ့သည်။

မြို့ကို ကြည်းကြောင်း၊ ရေကြောင်းဖြင့် ဝန်းရံထားပြီး အစာရေစာ ဖြတ်တောက်ထားသည်။ မခံနိုင်တော့သည့် အခါ အမတ် ဘယာစက္ကိမပြောင့်က ဟံသာဝတီတပ်သို့ လာရောက်၍ မဟာစက္ကဘန်မင်း အနိစ္စရောက်ကြောင်း၊ သားဖြမဟိန်ကို ထီးနန်းတင်လိုက်ကြောင်း။ မြို့တွင်း၌ ဝတ်မွတ်ခေါင်းပါးနေကြောင်း၊ ထိုအခါ ဟံသာဝတီဆင်ဖြူများ ရှင်က သေနတ်အမြောက်တို့ဖြင့် မြို့တွင်းသို့ ပစ်ခတ်၍ တိုက်ခိုက်၏။ ယိုးဒယားအမတ် ဘယာစက္ကိက မြို့ကိုသိမ်း ရန် ဟံသာဝတီဆင်ဖြူများရှင်ကို လျှောက်တင်၍ သရပါမြို့ တံခါးကို ဖွင့်ပေးခဲ့သည်။**

---

■ ယိုးဒယားရာဇဝင်ပေမူ၊ ခဲ–ဝမ်။ ကြောင်းရေ ၁–၆

● ယိုးဒယားရာဇဝင်ပေမူ၊ ခဲ–ကျော၊ ကြောင်းရေ ၂။ သက္ကရာဇ် ၉၁၂ ခုနှစ် ဖြစ်သည်။

၁။ ယိုးဒယားရာဇဝင်ပေမူ၊ ခဲ–ကျော၊ ကြောင်းရေ ၃–၉။

၂။ ယိုးဒယားရာဇဝင်ပေမူ၊ ခေါ်–ဝမ်း၊ ကြောင်းရေ ၁–၉

† ယင်းကျမ်း၌ ဒွါရာဝတီကိုပင် ယိုးဒယားဟု ဆိုလိုနေသည်။ အယုဒ္ဓယမင်းနိုင်ငံ ဖြစ်သည်။

** ၁၅၆၉ ခု၊ ဩဂုတ်လ ၃၀ နေ့ဟု မြန်မာ–ယိုးဒယားဆက်ဆံရေး သမိုင်းတွင် ဆိုသည်။ စာ ၁၄၂။



www.burmeseclassic.com

www.burmeseclassic.com

ယိုးဒယားကို သိမ်းပိုက်ပြီးသော် မြို့သူမြို့သားများကို အထိအခိုက် မရှိစေရန် ထိန်းသိမ်းခဲ့သည်။ ယင်းနောက် ယိုးဒယားဘုရင်နှင့် သားသမီးတို့ကို ဟံသာဝတီ (ပဲခူး)သို့ ခေါ်ခဲ့သည်။[၂] ယိုးဒယား ရာဇဝင်ကျမ်းပါ စာရင်းတွင် –

ယိုးဒယားမင်း၊ သားတော်ဖြမဟိန်၊ သုဝဏ္ဏကလျာ ဖြနရစ်၏ အစ်မတော်)၊ လူရုပ်၊ ပုဏ္ဏားရုပ်၊ ဧရာဝဏ်ဆင်၊ သိန္ဓောမြင်း၊ ခြင်္သေ့၊ ဂဇသီဟ၊ နရသီဟ၊ တိုးရုပ်၊ နွားလားဥသဘရုပ်၊ ဟင်္သာရုပ်၊ ကြိုးကြာရုပ်၊ ငှက်ကြီးရုပ်၊ ဥဒေါင်းရုပ် (အဖိုအမ)

ယင်းစာရင်းအရ ယိုးဒယားဘုရင်၊ သားတော်၊ တူမတော်တို့ကိုသာမက ယိုးဒယားရုပ်တုများကိုပါ ယူဆောင်ခဲ့သည်။ ယိုးဒယားမင်းသား ဖြမဟိန်က လမ်းတွင် ဆန့်ကျင်သည့်စကား အပြုအမူလုပ်ခဲ့ခြင်းကြောင့် သထုံမြို့ စခန်းရှိ ရေတွင်ဖျောက်ဖျက်ခဲ့ရသည်။

ပိစ္စလုတ်မင်းကို ယိုးဒယားမင်း၌ ထီးတော်တင်ခဲ့၍ ဖြနရစ်၏ အစ်မတော် သုဝဏ္ဏကလျာကို မိဖုရားအရာ မြှောက်ခဲ့သည်။ မောင်တော် ဖြနရစ်ကို သားတော်အရင်းကဲ့သို့ ချစ်ကြည်တော်မူ၍ မင်းသားတို့၏ အဆောင်အယောင် ကြီးစွာတို့ဖြင့် ချီးမြှောက်ထား၏။[၂] ယိုးဒယားဘုရင်လည်း သားတော်ဖြနရစ်က ဟံသာဝတီသို့ ပါသွား၍ သားတော်အငယ် ဧကာဒသရဋ္ဌကို ပိစ္စလုတ်မှခေါ်၍ အိမ်ရှေ့အရာ ထားတော်မူခဲ့သည်။

## တာဝန်ယူတည်းဖြတ်ရန် လိုအပ်

တင်ပြခဲ့သော သမိုင်းဖြစ်စဉ်များမှာ ယိုးဒယား ရာဇဝင်ထွက် စကားများပင်ဖြစ်ပါသည်။ ယိုးဒယားရာဇဝင်ပါ သက္ကရာဇ်များသည် မဟာရာဇဝင်သစ်တွင် တွေ့ရှိရသော သက္ကရာဇ်များနှင့် ကွဲလွဲမှုရှိနေပါသည်။ နောက်ထက် တစ်ခါ ကွဲလွဲမှုရှိနေသည်မှာ စစ်ချီသည့်အခါ ပါဝင်သည့် ဆင်ဖြူများရှင်၏ အင်အားအရေအတွက်များဖြစ်သည်။ အယုဒ္ဓယမြို့တံခါးဖွင့်ပေးသူ အောက်ဖြဝက္ကိကို ဗညားဘွဲ့တပ်ပြီး ဒဂုန်ကိုပေးသည်[၇]ဟု ဆိုသည်။ ယိုးဒယားရာဇဝင်၌မူ ကျေးဇူးမသိ။ သစ္စာမစောင့်၍ ထားရန်မသင့်သောကြောင့် အဆုံးစီရင်ခဲ့သည်ဟူ၍[၈] တွေ့ရှိရသည်။

ထို့အပြင် ယိုးဒယားမြို့ကို သိမ်းပြီး ပန်း ၁၀ မျိုး ကျွမ်းကျင်သူ၊ ဗိသုကာ၊ ဆံထုံးဆင်ယင်တတ်သူ၊ သဘင်သည်၊ အကြော်အလှော်တတ်သူတို့ကို ဟံသာဝတီသို့ ပို့ခဲ့ကြောင်း၊ မှန်းနန်းရာဇဝင်၌ တွေ့ရ၏။[၉] သို့ဖြစ်၍ ယိုးဒယား ရာဇဝင်ကျမ်းထွက် အဆိုနှင့် ကွဲလွဲနေသည်။ ထို့ကြောင့် ယိုးဒယားရာဇဝင်ကို ခိုင်မာသည့် အထောက်အထား တစ်ရပ်အဖြစ် မယုံကြည်ရပါ။ ယိုးဒယားရာဇဝင်ကို တာဝန်ယူ၍ တည်းဖြတ်သုတ်သင်ရန် လိုအပ်နေပြီဖြစ်ကြောင်း ဆိုလျက် နိဂုံးသတ်လိုက်ရပါသည်။

**မောင်နန်းလှိုင် (ရန်ကုန်တက္ကသိုလ်)**

**ညှိနှိုင်းကျမ်း အထောက်အထား**


၁။ ဦးကျော်ဝင်း၊ သမိုင်းပါမောက္ခ၊ ရန်ကုန်တက္ကသိုလ် (တည်းဖြတ်)၊ မဟာရာဇဝင်သစ်၊ ဒုတိယတွဲ၊ ပထမ အကြိမ်၊ ၁၉၉၈ ခုနှစ်၊ မြတ်မိခင်စာပေ။

၂။ ဦးစံငြိမ်း၊ ဌာနမှူး၊ ရှေးဟောင်းသုတေသန ပညာဌာန၊ ရန်ကုန်တက္ကသိုလ်၊ မြန်မာ–ယိုးဒယားဆက်ဆံရေး သမိုင်း၊ တက္ကသိုလ်၊ ပညာပဒေသာစာစောင်၊ အတွဲ (၆)၊ အပိုင်း ၂၊ ၁၉၇၁။

၃။ တော်စိန်ခို၊ ကျောက်စာဝန်၊ လွှတ်တော်မှတ်တမ်း။

၄။ ဦးယံ၊ ပိဋကတ်တော်အုပ်၊ မိုင်းကိုင်မြို့တာကြီး။ ပိဋကတ်တော်သမိုင်း၊ ဟံသာဝတီပုံနှိပ်တိုက်၊ ၁၉၅၉၊ ရန်ကုန်။

၅။ ဒေါက်တာသန်းထွန်း၊ ဟံသာဝတီဆင်ဖြူရှင်မင်း၏ အရှေ့ဘက်ဆက်ဆံရေး၊ ကလျာမဂ္ဂဇင်း၊ မတ်လ၊ ၂၀၀၀ ပြည့်နှစ်။

၆။ ဒေါက်တာသန်းထွန်း၊ ၁၆–၁၇ ရာစုနှစ်က ယိုးဒယားလူမျိုး မြန်မာမင်းမှုထမ်းများ၊ ယဉ်ကျေးမှုမဂ္ဂဇင်း၊ ၁၉၉၈၊ ဇွန်။

၇။ အမည်မသိဆရာ၊ ယိုးဒယားရာဇဝင်ပေမူ၊ တက္ကသိုလ်ဗဟိုစာကြည့်တိုက်၊ စက်မူ ၁၆၅၅၀၃။

၈။ အမည်မသိဆရာ၊ ယိုးဒယားဆင်ကြန်ကျမ်းပေမူ။

၉။ Dr. Sunait Chutintraranand, Chulalongkorn University, Suphan Kanlaya in the Context of Thai-Myanmar Relations.

၁၀။ ဦးအုန်းရွှေ၊ အတွင်းရေးမှူး ပိဋကတ်မြန်မာပြန်ဌာန၊ ငြ သတ်ပုံအဘိဓာန် မိတ်လင်စုံ၊ ပညာအလင်းပြ၊ ရန်ကုန်၊ ၁၉၅၆

၁၁။ ပညာရှိများ၊ မှန်နန်းမဟာရာဇဝင်တော်ကြီး၊ ဒုတိယတွဲ၊ ၁၉၅၇၊ မန္တလေး။


၂။ ယိုးဒယားရာဇဝင်ပေမူ၊ ခေါ်–ဝမ်း၊ ကြောင်းရေ ၁။
၃။ ယိုးဒယားရာဇဝင်ပေမူ၊ ခေါ်–ဝမ်း၊ ကြောင်းရေ ၃–၉။
၇။ မှန်နန်းရာဇဝင်၊ ဒုတိယတွဲ ၁၉၅၇၊ စာ ၄၃၄။
၈။ ယိုးဒယားရာဇဝင်ပေမူ၊ ခေါ်–ဝမ်း၊ ကြောင်းရေ ၆။
၉။ မှန်နန်း၊ ဒုတွဲ၊ ၁၉၅၇၊ စာ ၃၆၉။



www.burmeseclassic.com

www.burmeseclassic.com

# မြန်မာ၊ ယိုးဒယားနှင့် ဆင်ဖြူတော်

မောင်နန်းလှိုင်(ရန်ကုန်တက္ကသိုလ်)

ရေးနေကျ လူမှုရေးသမိုင်းထဲတွင် ခဏထွက်ပြီး နိုင်ငံရေးသမိုင်းတစ်ကဏ္ဍကို ရေးဖို့ရန် ကျွန်တော်ဆန္ဒဖြစ်ပေါ်ခဲ့သည်။ ယိုးဒယားနိုင်ငံ ချူလာလောင်ကွန်းတက္ကသိုလ်၊ အာရှလေ့လာရေးဌာန (Department of Asian Studies) မှ ယိုးဒယားပညာရှင်များနှင့် ကျွန်တော်တို့ ရန်ကုန်တက္ကသိုလ်က သမိုင်းနှင့် ရှေးဟောင်းသုတေသနပညာရှင်များ ပူးပေါင်းပြီး ရန်ကုန်တက္ကသိုလ်ထဲမှာ စာတမ်းတွေ ဖတ်ဖြစ်ခဲ့ကြသည်။ ဤသို့ဖတ်ဖြစ်ခဲ့ခြင်းမှာလည်း နိုင်ငံတော်အစိုးရ၊ ပညာရေးဝန်ကြီး၏ ပံ့ပိုးပေးမှုကြောင့်ပင်ဖြစ်သည်။ နှစ်ပြည်ထောင် ပညာရှင်များက စာတမ်းများ တင်သွင်း ဖတ်ကြားထားသမျှကို ဂျပန်ဖောင်ဒေးရှင်း၏ အကူအညီဖြင့် ချူလာလောင်ကွန်း တက္ကသိုလ်က ပုံနှိပ်ပေးခဲ့သည်။

ကျွန်တော် ထိုစာတမ်းများ ဖတ်ရှုဖြစ်ခဲ့ရာမှ ဤသမိုင်းသုတ ဆောင်းပါးတစ်စောင်ကို အလေးအနက်ထားရေးဖြစ်ခဲ့၏။ ကျွန်တော် အဓိကထား တင်ပြလိုသည်မှာ "အလယ်ခေတ် ယိုးဒယား–မြန်မာ ဆက်ဆံရေးသမိုင်း" ထဲက ကျွန်တော်ကြိုက်သော သမိုင်းအချက်အလက်များကို တင်ပြလိုပါသည်။ မိမိအနေဖြင့် ထိုင်း–မြန်မာ ဆက်ဆံရေးသမိုင်းဟု တာဝန်မယူချင်သလို စာတမ်းတစ်စောင်ဟူ၍လည်း ကျွန်တော်ဝန်မခံလိုပါပေ။ ထို့ကြောင့် မြန်မာ–ယိုးဒယားနှင့် ဆင်ဖြူတော်ဟူ၍သာ ခေါင်းစဉ်တပ်လိုက်ခြင်းဖြစ်ပါသည်။

သမိုင်းဖြင့်စိမ်းနေသူ စာဖတ်ပရိသတ်များက မြန်မာနိုင်ငံအလယ်ခေတ် (Medieval Period)ဆိုသော ဝေါဟာရကို နားထွေးစရာ ဖြစ်ကောင်းဖြစ်ပေလိမ့်မည်။ တပင်ရွှေထီးနှင့် ဘုရင့်နောင်တို့ခေတ်၊ တောင်ငူခေတ်ဟုဆိုပါလျှင် အမှတ်ရပို၍ လွယ်မည်ထင်ပါသည်။ အေဒီ ၁၅၊ ၁၆ နှင့် ၁၇ ရာစုနှစ်များဟု မှတ်သားနိုင်ပါသေး၏။

အဆိုပါ တပင်ရွှေထီး၊ ဘုရင့်နောင်တို့ခေတ်က ယိုးဒယားနှင့် မြန်မာဆက်ဆံရေးတွင် စိတ်ပါဝင်စားဖွယ်ရာကောင်းသော သမိုင်းအသိများရှိသည်။ သမိုင်းအမြင်များလည်းရှိ၏။ သမိုင်းကို ပညာရှင်များက အဓိပ္ပာယ်အမျိုးမျိုးဖွင့်၏။ စာပေနှင့်သမိုင်းပဏ္ဍိတ်တစ်ဆူဖြစ်သော၊ ဂုဏ်ထူးဆောင်မဟာဝိဇ္ဇာဘွဲ့ရ ပုဂံဝန်ထောက် ဦးတင်ကမူ –

"သမိုင်းဆိုသည်မှာ မြန်မာစကားဖြစ်ပြီး အစဉ်လေ့လာမှတ်သားသင့်သောစကား"ဟူ၍ အဓိပ္ပာယ်ဖွင့်ခဲ့သည်။ အစဉ်လေ့လာမှတ်သားသင့်သောစာ၊ စကားပါဟုဆိုသောကြောင့် ဖြစ်ပေါ်ပွင့်ထွန်းလာသော မျိုးဆက်အသစ်အသစ်တိုင်း စဉ်ဆက်မပြတ် သမိုင်းကို ဆည်းပူးထိုက်လှ၏။ ဤသို့ လေ့လာရာ၌ သမိုင်းအသိများသာမက သမိုင်းအမြင်များကိုပါ တွဲ၍လေ့လာရန်လိုလာကြောင်း ပို၍သိလာရသည်။ ကိုယ့်လူမျိုး ကိုယ့်နိုင်ငံ စသော၊ အမျိုးမျိုးသော အစွဲအလမ်းတွေ ဖုံးနေသောကြောင့် သမိုင်း၏ ယထာဘူတတရား ယိမ်းယိုင်သွားရပေတော့၏။

ထိုအခါ မှန်ကန်ဖြောင့်မတ်သော မျိုးချစ်စိတ်ဓာတ်မျိုးမဖြစ်တော့ဘဲ မလိုလားအပ်သော အမုန်းတရားများပွားများလှာနိုင်သည်ဟု ကျွန်တော်မြင်ပါသည်။

### အလယ်ခေတ် မြန်မာနှင့်ထိုင်း

မြန်မာတို့ဘက်၌မူ မင်းတရားရွှေထီးက တစ်တိုင်းပြည်လုံးကို စစ်ရေးဖြင့် ပြန်လည်စည်းရုံးနေရချိန်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com




**ဟောလိဝုဒ်ရုပ်ရှင်ကုမ္ပဏီက ထိုင်းရာဇဝင်ဇာတ်ကားကို ရိုက်ကူးနေစဉ် တွေ့ရသော ရိုက်ကွင်းမြင်ကွင်းတစ်ရပ် ဖြစ်သည်။**

မွန်ကို(လ်)ဖြို၍၊ ပုဂံပြိုပျက်ခဲ့သည့် ၁၃ ရာစုမှစ၍၊ မြန်မာတို့ ပုဂံခေတ်ကလို စည်းလုံးမှုမရှိခဲ့ကြတော့ပေ။ ရောဝတီမြစ်၏ တစ်ဖက်ကမ်း၌ ပင်းယကိုလည်းကောင်း၊ ရှမ်းတို့သည် လည်းကောင်း ကိုယ့်ဘာသာကိုယ်နေ၊ သူ့ဘာသာသူနေ သည့် ဘဝဖြင့် ပြည်ထောင်စုကြီး ပြိုကွဲခဲ့ရသည်။ အဓိပ္ပာယ် ရှာ၍ မရသော မွန်-မြန်မာ အနှစ် ၄၀ စစ်ကြီးကြောင့် ကြားခံ ပြည်သူများ၊ အတိဒုက္ခရောက်ရရှာတော့သည်။

စစ်ကိုလန့်၍ လွတ်ကင်းအေးချမ်းရာ၌ လုပ်ကိုင် စားသောက် အခြေချလိုသော ပြည်သူအများ၏ အာသီသ ကြောင့် စစ်တောင်းမြစ်ဝှမ်းအထက်ပိုင်း တောင်ငူဒေသမှာ အင်အားကြီးထွားလာခဲ့ရသည်။ ပဒေသာရာဇ်ခေတ်၏ ထုံးစံအတိုင်းစစ်ရေးဖြင့် မင်းတရားရွှေထီးက ပြန်လည်စည်း ရုံးယူခဲ့ရသည်။

ယိုးဒယားတို့၌လည်း အေဒီ ၁၂၈၇ တွင် မွန်ဂို(လ်) ထိုးစစ်ဒဏ်ကို၊ မြန်မာတို့ခံခဲ့ရ၍ (၁၂၉၀-၉၂) ၌ ဇင်းမယ် မှ မောင်ရိုင်(Mangrai)က ယင်းတို့နှင့် မဝေးလှသော ဟရိပုဥ္စယ (ယိုးဒယားအခေါ် - ဟရိဖုန်ချိန်)ကို သိမ်းပိုက် ခဲ့၏။

မဲခေါင်ချိုင့်ဝှမ်းဒေသရှိ ယခုလောင်ပရာဘန် (Lung Pra ban) တွင် မောင်စွာ(Moung Swa) သည် လည်းကောင်း၊ မွန်နှင့်ခမာတို့ကို ဖယ်ရှား၍ ရာမခန်(မ်) ဟောင် (King Rama Khamhaung) (၁၂၈၃-၁၃၁၇)က ဒွါရဝတီကိုလည်းကောင်း၊ တည်ထောင်ကြချိန် ဖြစ်သည်။ ရာမခန်(မ်)ဟောင်ကို ဆက်ဆံကြသော

- လိုတိုင်မင်း (King Lo Tai)
- လုတိုင်မင်း (King LU Tai) တို့ လက်ထက် ၌ ထေရဝါဒ ဗုဒ္ဓသာသနာ ထွန်းကားတိုးတက်ပါသော် လည်း တိုင်းရေးပြည်မှု၌ လျစ်လျူရှုခဲ့ကြသည်။ ယင်းအား နည်းချက်များကိုနင်း၍ အယုဒ္ဓယ (The Kingdom of Authia) နိုင်ငံ တန်ခိုးထွားလာနိုင်ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com

အဆုံးတစ်နေ့၌ ဆူခိုထိုင်းကို တည်ထောင်ခဲ့သော အကြင်ရာမခန် (မ်) ဟောင်မင်းဆက်၏ ကျဆုံးခန်းရောက်ခဲ့ရပြီ ဆူခိုတိုင်းပြည့်ရှင် လိုတိုင်ဘုရင်ကပင် အယုဒ္ဓယပြည့်ရှင် ရာမာဓိပတိဘုရင်ကို အသိအမှတ်ပြုလိုက်ရတော့သည်။

မဲနမ်မြစ်အလယ် အောက်တစ်ခွင်နှင့် မလေးရာမြောက်ပိုင်းတစ်ခွင်ကိုပါ အယုဒ္ဓယတို့ အာဏာစက်ဖြန့်ကြက်နိုင်ခဲ့သော်လည်း ဇင်းမယ်(Chin Mai) နှင့် လန်ချောင်(Lan Chang)တို့ကမူ ထီးပြိုင်နန်းပြိုင်အခြေအနေမျိုးပင်။ အေဒီ ၁၄ ရာစု၌ မွန်ဂို(လ်)တို့ ကျဆင်းခဲ့သည့်အလျောက် အယုဒ္ဓယကိုမူ တန်ခိုးကြီးထွားစေခဲ့သည်။

ဒုတိယမြောက် ရာမတြိဗောဓိ (Rama Tri Bodhi II) (၁၄၉၁–၁၅၂၉) လက်ထက်တွင် အရှေ့တောင်အာရှ၏ နိုင်ငံရေးမျက်နှာစာတစ်ခုလုံးကို ပြောင်းလဲစေခဲ့သည်။ အယုဒ္ဓယ ယိုးဒယားတို့ သိမ်းပိုက်သော မလက္ကာရေလက်ကြားဒေသကို ပေါ်တူဂီတို့က ထိုးဖောက်လွှမ်းမိုးလာခဲ့၍ ယိုးဒယားတို့၏ တောင်ဘက်သို့ ကျူးကျော်ရေးအစီအစဉ်ကို လက်လျှော့လိုက်ရသည်။

ဒုတိယရာမာတြိဗောဓိ မင်းဖြစ်ခါစမှာပင် အယုဒ္ဓယတို့သည် ဇင်းမယ်ကို သိမ်းပိုက်ခဲ့ပြီး ၁၅၄၅ တွင် ဇင်းမယ်၌ ထီးနန်းအရေးပြဿနာ ပေါ်ပေါက်ခဲ့ရသည်။ ဤသည်သာမက လန်ချောင်တို့နှင့်လည်းကောင်း၊ မြန်မာမင်းတို့နှင့်လည်းကောင်း ဆက်ဆံရေးမပြေလည်တော့ပေ။✦

### တနင်္သာရီအရေးကိစ္စ

အယုဒ္ဓယခေတ်၊ မြန်မာတို့နှင့် ဆက်ဆံရေးမဖြောင့်ဖြူးခဲ့ပေ။ အယုဒ္ဓယထိုင်းတို့က မြန်မာပိုင် တနင်္သာရီကမ်းရိုးတန်းကို ကျူးကျော်နယ်ချဲ့လာခဲ့သည်။ တနင်္သာရီသည် ပုဂံခေတ်ကတည်းက မြန်မာပိုင်ဖြစ်ခဲ့ကြောင်း ကျောက်စာ အထောက်အထား အခိုင်အမာရှိပြီးသားပင်။ မင်းတရားရွှေထီးက ရခိုင်သို့စစ်ချီသိမ်းသွင်းနေခိုက်ကို အခွင့်ကောင်းယူ၍ ယိုးဒယားတို့က ထားဝယ်မြို့ကို သိမ်းပိုက်ကျူးကျော်ခဲ့သည်။

ကံပူရီစားနှင့် ဒေါတကစားဦးစီးသော အယုဒ္ဓယထိုင်းတပ်တို့သည်။

– တိုက်ဆင် ၂၀၀

– မြင်း ၁၀၀၀ နှင့်

– စစ်သည် ၆၀၀၀၀ ပါဝင်သော တပ်တို့ဖြင့် တနင်္သာရီကမ်းရိုးတန်းရှိ ထားဝယ်မြို့ကို ၁၅၄၇ ခုနှစ်တွင် ဝင်ရောက်ကျူးကျော်သည်။ ထားဝယ်စားက မယှဉ်သာ၍ ရေးမြို့သို့ ဆုတ်ခွာထားရ၏။ ဤအရေးကို မင်းတရားရွှေထီးထံသို့ လျှောက်တင်ရန်ရောက်ရှိလာသူမှာ မော်လမြိုင်မြို့စား ဗညားဦးပင်။ ကျူးကျော်လာသူ ယိုးဒယားတို့ကို တိုက်ထုတ်ရန် မင်းတရားရွှေထီးက စစ်ရေးပြင်ဆင်ပါတော့သည်။

| | | |
|---|---|---|
| ဗိုလ်မှူး | – | မုတ္တမစား စောလကွန်းအိန် |
| ရေတပ်စစ်သည် | – | ၄၀၀၀၀ |
| ကြည်းတပ် | – | တပ်ရင်း (၈)ရင်း |

(၁) ရေး (၁) တပ်

(၂) မော်လမြိုင် (၁) တပ်

(၃) လဝန် (၁) တပ်

(၄) တိုက်ကုလား (၁) တပ်

(၅) စစ်တောင်း (၁) တပ်

(၆) အစုတ် (၁) တပ်

(၇) လကွန်းပျည်း (၁) တပ်

(၈) သမိန်ကျည်း (၁) တပ်[၁]

အထက်ဖော်ပြပါ ရေကြောင်း၊ ကြည်းကြောင်းဖြင့် ထားဝယ်သို့ စစ်ချီတော်မူခဲ့သည်။ ဤနေရာ၌ ကျွန်တော် သတိရမိလိုက်သည်မှာ လယ်တီပဏ္ဍိတ ဦးမောင်ကြီး၏ ဝတ္ထုပင်ဖြစ်သည်။ ဆရာကြီးက ဤနေရာတွင် မင်းတရားရွှေထီး၏ မိန့်သံကို

"ငါ၏ နိုင်ငံတော်အစွန်အဖျားကို စတင်၍ ထိပါး

---

✦ **Ancient Sautheast Asia, Higher Education Department,.**

၁။ မှန်နန်းမဟာရာဇဝင်တော်ကြီး၊ ဒုတိယတွဲ၊ ကိုလုမောင်၊ မန္တလေးမူ၊ ၁၉၅၇ ခုနှစ်၊ စာ ၂၄၅၊ တွင်းသင်းမဟာရာဇဝင်သစ်၊ တတိယတွဲ၊ မဟာသရေစည်သူဦးထွန်းညို၊ ဦးကျော်ဝင်း၊ သမိုင်းပါမောက္ခ၊ ရန်ကုန်တက္ကသိုလ် တည်းဖြတ်သည်၊ စာ ၅၉။



www.burmeseclassic.com

လာပြီး ငါ၏ဘုန်းတော်ကြောင့်သာလျှင် ယိုးဒယားများ နှိမ်နင်းလိုက်ရသည်။ ယခုအတိုင်း ငြိမ်ငြိမ်ခံနေရပါလျှင် နောက်တစ်ဖန်ထပ်မံ၍ ထိုင်းများထပါးလာ မည့်အရေးကို မြင်တော်မူမိသည်။''[၂]

ဟူ၍ ဝီရရသမြောက်လှအောင် စွဲဆောင်စေပါ၏။

ထားဝယ်သို့ ချီလာပြီဆိုသော သတင်းကို ကြားကတည်းက ယိုးဒယားတပ်များ တနင်္သာရီသို့ ဆုတ်ခွာတော့သည်။

## တိုက်ပွဲဖြစ်ခြင်း

ယိုးဒယားကံပူရီစား၏ တပ်များက ထားဝယ်မှ တောင်ပပုံသို့ ဆုတ်လာရာ ရေးမြို့စား မင်းရဲသခ်ယာ၏ တပ်များနှင့် တိုက်ပွဲဖြစ်ကြသည်။ ရက်အတန်ကြာမှ မြန်မာဘက်က အနိုင်ရခဲ့သည်။ ကံပူရီစားသည် တိုက်ပွဲတွင် ဒဏ်ရာရရှိကာ မြင်းစီး၍ပြေး၏။ ကံပူရီစား၏ဆင်ကို ထိန်းသိမ်းနိုင်ခဲ့သည်။

ယိုးဒယားအမတ် အောက်ပြလကွန်းအိန်နှင့် သမိန်သံလိုက်တို့ ဆင်စီးချင်းတိုက်ပွဲဖြစ်၏။ ထိုင်းတို့ရှုံး၍ မြန်မာတို့က အနိုင်ရရှိခဲ့သည်။[၃]

## ပညာရှင်တို့၏ အမြင်

ဤကဲ့သို့ ယိုးဒယားတို့က မြန်မာပိုင်တနင်္သာရီကို ဝင်ရောက်ကျူးကျော်ခြင်းသည် မြန်မာတို့နှင့် ပထမဦးဆုံးအကြိမ် ထိပ်တိုက်ရင်ဆိုင်ခြင်း[၄]ပင်ဖြစ်သည်။

ရန်ကုန်တက္ကသိုလ်၊ **သမိုင်းပါမောက္ခဆရာကြီး ဦးကျော်ဝင်းက**

''မင်းတရားရွှေထီး ရခိုင်သို့ စစ်ချီနေစဉ် ယင်း၏ စစ်အင်အား အလုံးအရင်းသည် အနောက်ဘက်သို့ နယ်မြေများနှင့် ဝေးကွာနေသဖြင့် ယင်းအချက်ကို အခွင့်ကောင်းယူကာ တနင်္သာရီဆိပ်ကမ်းမြို့များကို လာရောက်နှောင့်ယှက်ခဲ့ခြင်း ဖြစ်၏။''[၅]

ဟူ၍ မိန့်ကြား၏။ ထိုအချိန်၌ မြန်မာတို့ဘက်ကသာ စည်းလုံးညီညွတ်မှုမရှိဘဲ သူတစ်လူ၊ ငါတစ်မျိုးဖြစ်ခဲ့သည်ရှိသော် ယိုးဒယားတို့က မြန်မာပိုင်နက်ဖြစ်သော တနင်္သာရီကမ်းရိုးကိုသာမက မည်မျှရှေ့တိုးကျူးကျော်လာမည်ကို ကျွန်တော်တို့ ဆိုဖွယ်မရှိချေ။

မင်းတရားရွှေထီးက တပ်ကိုမချဘဲ တစ်ဟုန်ထိုး ဆက်လက်တိုက်ခိုက်ခဲ့သည်။ မင်းတရားရွှေထီးက ''ရန်သူတွေ့လျှင် သူ့ကိုစောင့်ပြီးမှတိုက်ပါ''ဟူ၍ ရဲယောဓာကိုမြင်းနှင့်စေလွှတ်ပြီး မိန့်တော်မူသည်။ ပြေးသည့်ရန်သူကို နားခွင့်အားဖြည့်ခွင့်မပေးခဲ့ချေ။ အမိန့်တော်ကို မနာခံ၍ တိုက်သော်လည်း နိုင်လျှင်မသေ၊ ရှုံးလျှင်သေမည်။ သေသူကို ထပ်၍ အပြစ်ပေးရန် မထူးတော့ချေ။ ထိုင်းကိုနိုင်၍ ၂၁ မတ်လ၊ ၁၅၄၈ တွင် ပြန်၏။

ဘုရင့်နောင် မင်းတရားလက်ထက်တွင်လည်း ယိုးဒယားသို့ စစ်ချီ၍ တိုက်ခဲ့သည်။ အကြောင်းမှာ ဆင်ဖြူတော်ကိစ္စပင်ဖြစ်၏။

## ဆင်ဖြူတော်အရေးကိစ္စ

ဆင်ဖြူတော် ယုံကြည်မှုသည် မြန်မာသမိုင်းတွင် အထင်ရှားဆုံး အနက်တစ်ခုဖြစ်ပေလိမ့်မည်။ ပင်းယကို တည်ထောင်သူ သီဟသူရဲမင်းက စမုံမြစ်ထဲမှ မျောလာသော ဆင်သေတစ်ကောင်ကို ဆယ်ယူ၍ တဲကန္နားဖြင့် မင်္ဂလာယူပြီး တစ်စီးရှင်ဘွဲ့ခံကြောင်း ရာဇဝင်ကျမ်းဂန်တို့၌ ဆို၏။[၆]

အလောင်းမင်းတရားကြီး၏ အမိန့်တော်များ၌လည်း ဘုရင်၏ဘွဲ့များကို သီကုံးရာ၌

''ဆင်ဖြူများသခင် ဆင်နီများသခင်၊ ဆင်ကျား

---

[၂] အဂ္ဂမဟာပဏ္ဍိတဘွဲ့နှင့် ရန်ကုန်တက္ကသိုလ်မှ မဟာဝိဇ္ဇာ ဂုဏ်ထူးဆောင်ဘွဲ့ရရှိသူ တပင်ရွှေထီးဝတ္ထုတော်ကြီး အတွဲ့စုံ ထယ်တီပဏ္ဍိတဦးမောင်ကြီး M.A၊ စာ ၅၄၉။

[၃] တွင်းသင်း၊ တတွဲ၊ စာ ၆၀။

[၄] The First Confrontation

[၅] တွင်းသင်း၊ နိဒါန်းရှည်၊ စာ-ဃ။

[၆] သာသနာလင်္ကာရစာတမ်း၊ မဟာဓမ္မသင်္ကြံအမတ်၊ ဟံသာဝတီပုံနှိပ်တိုက်၊ ၁၉၅၆ စာ။

www.burmeseclassic.com

များ၏သခင်''

"..., Lord of the White Elephant, Red Elephant, and Spotted Elephant,"[၁]

ဟူ၍ အင်္ဂလန်ပြည့်ရှင် ဒုတိယမြောက် ဂျော့ဘုရင် ထံပေးပို့ခဲ့သော အင်္ဂလိပ်ဘာသာဖြင့် သဝဏ်လွှာတစ်စောင် ရခဲ့ဖူးသည်။ ဆင်ကျား (Spotted Elephant) ရှိခဲ့ကြောင်း ကျွန်တော်က ဆရာမောင်မောင်မြင့်အေး၊ စာတည်းချုပ်၊ ရောင်ပြန်မဂ္ဂဇင်းကို ပြောပြခဲ့ဖူးရာ သူက ကျွန်တော် ပြောတာကို သိပ်လက်မခံချင်သည့်အပြင် သူ၏ တပည့်ဖြစ်သူ မောင်ဘုန်းဇော်ကလည်း ပြယ်တယ်တယ်ပင် လုပ်လိုက်သေး၏။

ဗုဒ္ဓဘာသာဝင်တိုင်းပြည်များ၌ ဆင်ဖြူတော်သည် ထီးဆောင်းအပေါင်းတို့၏ အရှင်၏ ရတနာခုနစ်ပါးအနက် တစ်ပါးအပါအဝင်ဖြစ်သည်ဟု ယုံကြည်သည်။ ဆင်ဖြူတော်ကို သကြ်န်တော်ပြုခြင်းဟူသော သန့်စင်ခြင်းမင်္ဂလာကို မြန်မာမင်းများပြုလုပ်ခဲ့သည်။ တရော်၊ ကင်ပွန်း၊ နံ့သာရည်၊ မင်းပေါင်းရည်၊ ပန်းပေါင်းရည်များဖြင့် တခမ်းတနား ဆေးကြောကြောင်း မှတ်သားဖူး၏။[၂]

ယိုးဒယားရာဇဝင်ကျမ်းများ၌ ဘုရင့်နောင်မင်းတရားဆင်နွှဲသောစစ်ပွဲကို ''ဆင်ဖြူစစ်ပွဲ''(The War of the White Elephant)ဟု သုံးနှုန်းကြောင်းသိရသည်။[၃]

ယိုးဒယားသည် ညီတော်မင်းတရားကြီးလက်ထက်ပင် လက်နက်နိုင်ငံဖြစ်ဖူးသည်။ ယခုလည်း ဆင်ဖြူလေးစီးကို တစ်စီးမျှဆက်လျှင် ရေနှင့်မြေကဲ့သို့ ဖြစ်ရမည်။[၄] ထိုင်းဘုရင် မဟာချက္ကရဖတ်[□]က ဆင်ဖြူများဖမ်းရထားသည်။ ဆင်ဖြူသည် ဘုန်းတန်ခိုးတက်မှသာလျှင် ပိုင်ဆိုင်ရသည်ဟု ဗုဒ္ဓဘာသာ ယိုးဒယားနှင့် မြန်မာတို့က ယုံကြည်ထားသည့်အလျောက် မြန်မာမင်း ဘုရင့်နောင်က သံစေလွှတ်၍ တောင်းသည်။ ထိုအခါ ယိုးဒယားဘုရင်က –

''ဟံသာဝတီ ဘုရင်သည် တရားဆယ်ပါးစောင့်က ငါ ဆင်ဖြူတစ်စီးပေးမည်''ဟုပြော၏။

ယင်းဆင်ဖြူတောင်းသည့်ကိစ္စကို အကြောင်းပြုပြီး ၁၁ ရက်၊ နိုဝင်ဘာ ၁၃၆၃ တွင် ယိုးဒယားကို တိုက်ခိုက်ရန် စစ်ချီခဲ့သည်။ စင်စစ်အားဖြင့် ထိုင်းဘုရင်သည် မင်းတရားရွှေထီးနှင့် စစ်ပြေငြိမ်းစဉ်အခါက နှစ်စဉ်ဆင်(  )စီး ဝဏ္ဏာအဖြစ် ဆက်သပါမည်ဟူသော ကတိကို ပေးထားပြီး ဖြစ်သည်။ သို့သော် ၁၆ ရက်၊ ဧပြီလ ၁၅၅၀ နေ့တွင် မင်းတရားရွှေထီး လုပ်ကြံခံရပြီးနောက် ယခင်က စုစည်းထားသော မြန်မာနိုင်ငံမှာ အစိတ်စိတ်အမြွှာမြွှာ ပြိုကွဲခဲ့ရပြန်သည်။ လုပ်ကြံခံရပြီးနောက် ၁၅၅၅ အထိ ငါးနှစ်တာကာလအတွင်း ဘုရင့်နောင် မင်းတရားက ပြန်လည်စည်းရုံးခြင်းဖြင့်သာ အချိန်ကုန်လွန်သွားခဲ့၏။ ယင်းကာလအတောအတွင်း ယိုးဒယားတို့က မြန်မာမင်းအပေါ် ပြုထားသော ကတိအား ဖျက်ပယ်လာတော့သည်။ ယိုးဒယားဘုရင်က ထိုကဲ့သို့အချိန်မျိုးတွင် စစ်ရေးအတွက် သုံးရန် ဆင်သာမက ဆင်ဖြူများကိုပါ ဖမ်းဆီးရရှိခဲ့သည်။ ဘူးလေးရာဖရုံဆင့် ဆိုသကဲ့သို့ မြန်မာမင်းက တောင်းသည်ကို ငြင်းပယ်လိုက်ခဲ့ရာ ယိုးဒယားကိုထပ်မံ တိုက်ခိုက်ရသည့်ကိန်း မလွဲမသွေ ဆိုက်ရောက်ခဲ့ပြန်တော့သည်။

ဤနေရာ၌ အလယ်ခေတ် မြန်မာ၊ ယိုးဒယားဆက်ဆံရေးကို အထူးကျွမ်းကျင်သူ ရန်ကုန်တက္ကသိုလ် ရှေးဟောင်း သုတေသနပညာဌာနမှူး ဆရာကြီးဦးစံငြိမ်းက

''ဆင်ဖြူတော်များကိစ္စဖြင့် မြန်မာတို့က ယိုးဒယားတို့အပေါ် ကျူးကျော်ခဲ့ခြင်းဟူသည်မှာ မမှန်ကန်သော အကြောင်းပြချက်(Pretext) သက်သက်မျှသာ ဖြစ်ကြောင်း ဟူ၍ ကျွန်တော်မြင်ပါသည်''[၅]

ဟူ၍ ပြတ်သားစွာဆိုပါ၏။ ဆရာကြီး ဦးစံငြိမ်းက ထပ်၍ သုံးသပ်ပြသည်မှာ

---

၁။ အလောင်းမင်းတရား၊ အမိန့်တော်များ၊ ဒေါ်ခင်ခင်စိန်၊ မဟာဝိဇ္ဇာ၊ ဥပဒေဝိဇ္ဇာ သုတေသနအရာရှိ မြန်မာနိုင်ငံ သမိုင်းကော်မရှင် တည်းဖြတ်သည်။ ၁၉၆၄ ခုနှစ်၊ စာ ၄၉။

၂။ ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး၊ တတိယတွဲ ဦးမောင်မောင်တင်၊ K.S.M, A.T.M, လယ်တီမဏ္ဍိုင်မှူး

၃။ Dr. Sunait Chutintharanond, King Bayinnaun as Hostorical Hero in Thai Prespective, P. 10

၄။ မှန်နန်း၊ ဒု၊ ၁၉၅၇၊ စာ ၃၅၅၊ မှုကွဲမှာ ဆင်ဖြူနှစ်စီး တောင်းသည်ဟူ၍ ရှိ၏။

□ M3ha Chakraphat

၅။ U San Nyein, Head of the department, Department of Archaeology, University of Yangon, Research on Myanmar-Thai Historical Relations, P. 84, 87



www.burmeseclassic.com

www.burmeseclassic.com

"ဘုရင့်နောင်မင်းတရားသည် ထိုအချိန်က အခြားသော အရှေ့တောင်အာရှမင်းများနှင့် ယိုးဒယားဘုရင်ထက် စစ်ရေးအရ ပို၍အင်အားကြီးမား၏။ ယိုးဒယားဘုရင်၌ ဆင်ဖြူလေးစီးပိုင်ဆိုင်ချိန်တွင် မြန်မာဘုရင် ဘုရင့်နောင်၌ ဆင်ဖြူတစ်စီးမှ မရှိခဲ့ချေ။ သို့ဖြစ်၍ ခြုံငုံသုံးသပ်လျှင် ယိုးဒယားကို မြန်မာတို့တိုက်ခိုက်ခဲ့ခြင်းမှာ မြန်မာ့အာဏာစက်ကို ယိုးဒယား၌ တည်ထောင်လိုခြင်းနှင့် မြန်မာတို့က ပဏ္ဏာဆက်နိုင်ငံတစ်နိုင်ငံအဖြစ် တည်ထောင်ခဲ့ခြင်းသာ" ဖြစ်ကြောင်းဆို၏။

ယိုးဒယားနိုင်ငံပညာရှင် ဒေါက်တာဆူနိတ်ချူတင်သရာနုတ်ကလည်း –

"ဘုရင့်နောင်က အနိုင်ရရှိသွားခြင်းမှာ မြန်မာဘုရင်၏ ကုသိုလ်နှင့် ဘုန်းတန်ခိုးသည် အယုဒ္ဓယဘုရင် မဟာချက္ကဖက်ထက် သာလွန်နေသည်မှာ သံသယဖြစ်ဖွယ်ရာမရှိ"[၆] ဟူ၍လည်း ယူဆထားသည်ကို တွေ့ရပေသည်။

ထိုခေတ်က မြန်မာရော ယိုးဒယားတို့ပါ ကျူးကျော်စစ် နယ်လုစစ်ပွဲများကို ဆင်နွှဲခဲ့ကြသည်။ သို့သော် မြန်မာတို့၏ စစ်ပွဲများသည် ခေတ်သစ်အနောက်တိုင်းသားများကဲ့သို့ ကိုလိုနီလက်အောက်ခံနိုင်ငံများမှာ ရသမျှသော သံယံဇာတသို့ သိမ်းကျုံးယူတတ်သော အရင်းရှင်ကိုလိုနီခေတ်စနစ်မျိုး လုံးလုံးလျားလျားမဟုတ်ပါ။ ပဏ္ဏာဆက်နိုင်ငံအဖြစ် ရရှိလိုခြင်းမျှပင်။

ဇင်းမယ်၊ ယိုးဒယားနှင့် မဏိပူရနေရာများ၌ပါ စစ်ရေးအရ သိမ်းသွင်းပြီးပါသော် ဘဝအရေးဆောင်ရွက်ချက်များမှာလည်း ဟံသာဝတီနှင့် တပြေးညီဆောင်ရွက်ခဲ့သည်။ သာသနာသုံးရပ်၌ ပရိယတ္တိသည် အခြေခံကျလှသဖြင့် ဇင်းမယ်၌ လိုအပ်နေသော ပိဋကတ်ကျမ်းဂန်များကို ဟံသာဝတီသို့ မှာယူပြီး ကျမ်းဂန်တတ်ဆရာတော်များအား ဇင်းမယ်သို့ သွားရောက်၍ သီတင်းသုံးပို့ချစေခဲ့သည်။[၇] ထေရဝါဒ ဗုဒ္ဓသာသနာတော်ကြီးကို ချီးမြှောက်ပါဟုလည်း သစ္စာခံသည့် မင်းတို့အား မှာကြား၏။ ဇင်းမယ်ရှိ ဟောင်းနွမ်းပြိုပျက်နေသော စေတီပုထိုးဘုရားများကို ပြုပြင်ရန် ငွေသား ၁၀၀ ထုတ်ပေးတော်မူခဲ့သည်။

၁၅၆၄ ၌ ယိုးဒယားကို ဘုရင့်နောင်မင်းတရား အောင်မြင်ခဲ့ပြီးသော် –

"ယိုးဒယားမြို့တော်သည် သာသနာတော်တည်ရာဖြစ်၍ ဘုရားကျောင်းကန် အများရှိသည်။ သံဃာတို့လည်း ကျဉ်းမြောင်းပလေသည်။ ခွင့်ပေးတော့မည်" ဟူ၍ မိန့်တော်မူခဲ့လေသည်ဟု ဖတ်မှတ်ရပေသည်။

**မောင်နန်းလှိုင် (ရန်ကုန်တက္ကသိုလ်)**

**ညှိနှိုင်းကျမ်း အထောက်အထား**

၁။ ဦးကျော်ဝင်း၊ သမိုင်းပါမောက္ခ၊ ရန်ကုန်တက္ကသိုလ်တည်းဖြတ်၊ တွင်းသင်းမဟာရာဇဝင်တော်သစ်၊ တတိယတွဲ။
၂။ ဒေါ်ခင်ခင်စိန်၊ သုတေသနအရာရှိ မဟာဝိဇ္ဇာ၊ ဥပဒေဝိဇ္ဇာ၊ အလောင်းမင်းတရား၏ အမိန့်တော်များ မြန်မာနိုင်ငံ သမိုင်းကော်မရှင်မှု၊ ၁၉၆၄။
၃။ ဦးစံငြိမ်း၊ ဌာနမှူး၊ ရှေးဟောင်းသုတေသန ပညာ ဌာန၊ ရန်ကုန်တက္ကသိုလ်၊ မြန်မာ–ယိုးဒယား(ထိုင်း) ဆက်ဆံရေးသမိုင်း၊ (အစောပိုင်းကာလမှ ၁၆ ရာစု အလယ်ထိ) တက္ကသိုလ်ပညာပဒေသာစာစောင်၊ အတွဲ (၆)၊ အပိုင်း ၂၊ ၁၉၇၀။
၄။ ဦးမောင်မောင်တင်၊ K.S.M, A.T.M ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး၊ တတိယတွဲ၊ လယ်တီမဏ္ဍိုင်မှု။
၅။ မဟာဓမ္မသင်္ကြံအမတ်၊ သာသနာလင်္ကာရစာတမ်း၊ ဟံသာဝတီပုံနှိပ်တိုက်၊ ၁၉၅၆။
၆။ ဦးမောင်ကြီး၊ အဂ္ဂမဟာပဏ္ဍိတ၊ M.A၊ တပင်ရွှေထီးဝတ္ထုတော်ကြီး
၇။ ပညာရှိများ၊ မှန်နန်းမဟာရာဇဝင်တော်ကြီး(ဒုတိယတွဲ)။

**အင်္ဂလိပ်ဘာသာစာရင်း**

1. Harvey, G.E
History of Burma, From the Earliest Times to 10 March 1842 The Beginning of the English Conquest, Frank Cass & Co.,Ltd. 1967.
2. Heigher Education Dept.
Ancient Southeast Asia History.
3. San Nyein, U
Research an Myanmar Thai Historical Relations
4. Sunait Chutintharanond, Dr.
King Bayinaung as histroical hero in Thai perspective.

---


၆။ Dr. Sunait Chutintharand, King Bayinaung as historical hero in Thai perspective

၇။ မှန်နန်း၊ ဒုတွဲ၊ စာ ၃၈၁၊ ၃၃၁၊ တွင်းသင်း၊ တတွဲ၊ စာ ၁၁၉။
G.E. Harvey, History of Burma, P. 177.

www.burmeseclassic.com

# ဆင်ဖြူတော် သက်ရောက်ဟောကိန်း

## ကျော်သိမ်းမောင်(လက္ခဏာ)



ကျွန်ုပ်၏ အဘိုးသည် ဓာတ်ဗေဒ္ဒဗောတိုင်းရင်းဆေး ဆရာကြီးတစ်ဦးဖြစ်သည်။ မန္တလေးနန်းတွင်းအနွယ်တော် ဖြစ်ခြင်းကြောင့် ရုပ်လက္ခဏာအပြုအမူနှင့် နေထိုင်စားသောက်မှုပုံစံတို့သည် ပုဏ္ဏားအသွင် ဆောင်နေကြောင်း တွေ့ရ၏။ အဘိုးသည် ဝေဒနာရှင်အချို့အား မိမိအနီးတွင်ရှိသော ကျောက်သင်ပုန်းပေါ်၌ ကောက်ကျစ်ဆံ(ကျောက်တံ)နှင့် တွက်ချက်လျက် ရောဂါအခြေအနေမှုတည်၍ ဓာတ်နံ့ပန်းတို့နှင့် ဘုရားလှူဒါန်းပူဇော်ရန်လည်း တိုက်တွန်းလေ့ရှိ၏။ အဘိုးကွယ်လွန်ခဲ့သည်မှာ နှစ်ပေါင်း ၅၆ နှစ်ကျော်ကာလ ကြာမြင့်ခဲ့ပြီ ဖြစ်၏။ အဘိုးအမွေအဖြစ် ကျန်ရစ်လျက်ရှိသော ပိုးကိုက်ခြစား စာအုပ်ကလေးမှာ ကျွန်ုပ်ငယ်ရွယ်စဉ်အခါက အဘိုးဟောပြောလေ့ရှိသည့် (လောကီသုတလင်္ကာရကျမ်းနှင့် နာနာနယ ဝိစိတြာလင်္ကာရကျမ်း မြန်မာ့ဝေါဟာကောဇာ သက္ကရာဇ် ၁၂၉၁ ခုနှစ်ထုတ် စာအုပ်ဖြစ်နေလေ၏။ ပညာလိုလား အမျိုးကောင်းသားသမီးတို့အတွက် ကျွန်ုပ်ကိုယ်တိုင် ဟောပြောလေ့ရှိသော ဆင်



www.burmeseclassic.com

www.burmeseclassic.com

မြတ်တော် သက်ရောက်ဟောကိန်းအား ရောင်ပြန်မဂ္ဂဇင်းမှ မူရင်းအတိုင်း ဖော်ပြလိုက်ပါသည်။

ခုနစ်ရက်သားသမီးများ မိမိရောက်ဆဲ အသက်တည် (၇) နှင့်စား အကြွင်းအလိုက် ဟောကိန်းအဖြေကြည့်လျက် ရှောင်ရန် ဆောင်ရန် အမှုကိစ္စများ သတိထားခြင်းဖြင့် ကောင်းကျိုးချမ်းသာများ ရရှိကြမည်ဖြစ်၏။

**တနင်္ဂနွေအကြွင်းအဟော**

၁။ ဆင်သီသေ တစ်ဂဏန်းကိုလ၊ လက်လှမ်းလို့ရောက်ပြန်လာ၊ စီးပွားရှေ့ငွေနှင့် ကြံစည်လေမှု ခပ်သိမ်းမှာ ငြိမ်းလိမ့်မကွာ၊ မင်းမြှောက်စားပါလို့ ဖျားနာညှဉ်းရင်ဖြင့်၊ ဦးခေါင်းရင်ကိုက်တယ်၊ ပေါ့စိုက်လို့တွေး။

**တနင်္လာအကြွင်းအဟော**

၂။ တနင်္လာ ဆင်ကျောက်ကုန်းမှာလ၊ စုရုံးလို့ သက်ရောက်လာ၊ ဝေးရပ်နေဆွေမျိုးငယ်တို့ မုဆိုးရွှေငွေကြေးငဲ့ပြင်၊ ခြေလေးနွားဆင်မြင်းကိုနှင်းလို့ပေးမှာ မင်းခစားရင်ဖြင့်၊ လာဘ်များက အလွန်ရွှင်၊ ဖျားနာကလွန်ကင်းရပ်ပြုပွဲဝါဥစ္စာ၊ ရွှေအဆင်းငယ်နှင့်၊ ဝင်ခြင်းမနေးထိုးတယ်၊ မြီးမောက်သတင်း။

**အင်္ဂါအကြွင်းအဟော**

၃။ အင်္ဂါန် ဆင်မြီး သက်ထားလို့ရောက်သည်မှာ၊ ရွှေငွေများငဲ့ပြင်ဝတ်အစားထည်အသုံးမှာ၊ ပြုံးလိမ့်မုန်စွာ၊ ချစ်သူများငယ်နှင့်၊ ရန်ပွားလို့နေမသာ မီးမှာပလောင်ရေး၊ နာဖျားလျှင်၊ ညောင်ပင်ထောက်ပေတော့၊ ထို့နောက်မှာ ငါးလွှတ်သွင်းလျှင်၊ ကင်းမည်ပရန်ဘေး။

**ဗုဒ္ဓဟူးအကြွင်းအဟော**

၄။ ဗုဒ္ဓဟူးန် ဆင်ပါဒ၊ သက်ထားလို့ရောက်ပြန်ရင်၊ မိဘဆရာတို့ မွေ့ဥစ္စာ ရွှေငွေ ကြေးပေးလိမ့်အလျှင်၊ မိန်းမများမှာဖြင့်၊ ယောကျ်ားသူတော်နှင့်၊ တူနှစ်ဖော် ယှဉ်တွဲကိန်းတွက်ကယ်မြင်၊ မင်းခလျှင်အဟောင်း၊ သာသနာရှင်ပျော်တဲ့ ရဟန်းနော် လှူထွက်ရမယ်၊ ကြီးလျက်စုတ်ခွင်၊ နာဖျားမမြင်၊ ဝင်လယ်ပင်အထွေထွေနှင့် စုတ်ဗလပွေချေရန်ပေါ်တယ် သောတော့ ဆင်မင်း။

**ကြာသပတေးအကြွင်းအဟော**

၅။ ငါးခုမှန်ဟတ္ထိဝမ်းကိုလ၊ သက်လှမ်းလို့ရောက်ချေသော်၊ နေရွှေငွေနှင့်၊ လယ်ယာမြေဝေလို့ထပ်အောင်၊ ဝေးရပ်ကယ်မင်း ပဏ္ဏာငယ်သို့ ပေးလိမ့်မနော်၊ ကြံသမှုကိုလ၊ ဟန်ကြမည် မနော်ငဲ့နေးပါဘု၊ အေးမည်ပသည်နှစ်နော်၊ လှမော်ပမပွင်း၊ နာမကျန်းရင်ဖြင့်၊ ရင်၊ ဝမ်းကိုရောဂါရမည်။ ကုတ္တိယအပျိုစင်၊ နဂိုရင်ရွှေရောင်စောင်းငယ်နှင့် ပေါင်းရမကောင်း။

**သောကြာအကြွင်းအဟော**

၆။ သောကြာန် ရှေ့လက်တွင်း၊ သက်ဆင်းလို့ရောက်ပြန်၊ ခရီးယာယီနှင့် သွားပြန်ချီ ရှေ့ဆောင်ရမည်တဲ့ကြီးပေစွက်၊ လှူထွက်လှူဝင်နှင့် စိတ်မှာဘဝင်မကျနိုင်ဘူး၊ မိန်းမကဖောက်ပြန်၊ ဉာဏ်ဆင်ခြင်၊ ထောက်တွေး မိဘများငယ်တို့၊ စကားသွေမလစ်ရင်ဖြင့်၊ သည်နှစ်တွင် ဖြူလာဘ်ကောင်းတယ်၊ ပေါင်းလို့ရှုပ်တွေး။

**စနေအကြွင်းအဟော**

၀။ စနေန် ဆင်ခံတွင်း သက်ဆင်းလို့ရောက်ပြန်၊ ကျောက်သံရွှေငွေနှင့်၊ မောက်လျှံထွေ လယ်ယာခင်းမှာ နှင်းလို့အပ်ရန်၊ နှုတ်ထွက်စကားကိုဖြင့်၊ ဝါကြွားကာရောင်မစမ်းလေနှဲ့၊ ထောင်တန်းကကေန်၊ သတိဉာဏ်စောင့်စား မင်းမြတ်ကယ်ပူဇော်ခံလို့၊ စနေန် တောင်ပါးဆီက၊ နွားမံသံဟင်းလျာစားရင်ဖြင့်၊ ဝမ်းရင်မှာ ဥပါဒ်ပေးမယ် ဘေးဖြစ်မည်မှန်။

**ရာဟုအကြွင်းအဟော**

၈။ ဆင်စွယ်ဖျားကိုလ၊ သက်ထားလို့ရောက်လေသော်၊ စိတ်လက်မသာမယာနှင့်၊ ရပ်တည်ရာမရပြီဟု၊ ရွှေငွေကြေးမှာ ပြေးထွက်ချွတ်ချော်၊ နှုတ်လက်ကယ်စောင့်စည်း ချုပ်တည်းမှ အခွင့်လျော့မည်၊ နာဖျားလျှင်အသဲ စုတ်လာဘ်ဝင်ရင်ဖြင့်၊ မျိုးဆွေညာရန် ပင်သန်းတယ်၊ ရဟန်းရင်လှူထွက်ကိန်း ဟောလေ့ဆင်မင်း။

**သစ္စာဟဝေသာဗုဓရဲ့ ရသာန်**

**ကျော်သိမ်းမောင်(လက္ခဏာ)**

၀၉-၂၅၀၅၇၆၄၃၃



www.burmeseclassic.com


www.burmeseclassic.com

# ရောင်ပြန်မဂ္ဂဇင်း ပြက္ခဒိန်


## ၁၃၇၉-ခုနှစ်၊ သီတင်းကျွတ်လ - တန်ဆောင်မုန်းလ

## 2017 OCTOBER


| | | |
|---|---|---|
| တနင်္ဂနွေ Sunday | 1 ၁၁ | |
| တနင်္လာ Monday | 2 ၁၂ | |
| အင်္ဂါ Tuesday | 3 ၁၃ ရက်ရာဇာ | |
| ဗုဒ္ဓဟူး Wednesday | 4 ၁၄ | 18 ၁၃ |
| ကြာသပတေး Thursday | 5 ၁၅ သီတင်းကျွတ်လပြည့် ရက်ရာဇာ | 19 ● သီတင်းကျွတ်လကွယ်၊ ရက်ရာဇာ |
| သောကြာ Friday | 6 ၁ အမြိတ္တာစုတ်ရက် | 20 ၁ အမြိတ္တာစုတ်ရက် |
| စနေ Saturday | 7 ၂ ယာတရက်ကြီး | 21 ၂ |
| တနင်္ဂနွေ Sunday | 8 ၃ | 22 ၃ ယာတရက်ကြီး ရက်ရာဇာ |
| တနင်္လာ Monday | 9 ၄ | 23 ၄ |
| အင်္ဂါ Tuesday | 10 ၅ ရက်ရာဇာ | 24 ၅ |
| ဗုဒ္ဓဟူး Wednesday | 11 ၆ | 25 ၆ ရက်ရာဇာ |
| ကြာသပတေး Thursday | 12 ၇ ရက်ရာဇာ | 26 ၇ |
| သောကြာ Friday | 13 ၈ | 27 ၈ |
| စနေ Saturday | 14 ၉ | 28 ၉ |
| တနင်္ဂနွေ Sunday | 15 ၁၀ | 29 ၁၀ ရက်ရာဇာ |
| တနင်္လာ Monday | 16 ၁၁ | 30 ၁၁ |
| အင်္ဂါ Tuesday | 17 ၁၂ ရက်ရာဇာ | 31 ၁၂ |




၁. ၁၀. ၂၀၁၇




စန်းပြောင်းရက်စွဲ




၁၇. ၁၀. ၂၀၁၇

## ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလအတွင်း ဂြိုဟ်ပြောင်းချိန်

တနင်္ဂနွေသည် - ၁၇. ၁၀. ၂၀၁၇ အင်္ဂါနေ့ နေ့လည် ၁ နာရီ ၂၄ မိနစ်တွင် တူရာသီသို့ ပြောင်းသည်။

အင်္ဂါသည် - ၁၃. ၁၀. ၂၀၁၇ သောကြာနေ့ ညနေ ၄နာရီ ၃၆ မိနစ်တွင် ကန်ရာသီသို့ ပြောင်းသည်။

ဗုဒ္ဓဟူးသည် - ၁၄. ၁၀. ၂၀၁၇ စနေနေ့ ညနေ ၈ နာရီ ၄၁ မိနစ်တွင် တူရာသီသို့ ပြောင်းသည်။

သောကြာသည် - ၉. ၁၀. ၂၀၁၇ တနင်္လာနေ့ ည ၁၀ နာရီ ၁၄ မိနစ်တွင် ကန်ရာသီသို့ ပြောင်းသည်။

စနေသည် - ၂၆. ၁၀. ၂၀၁၇ ကြာသပတေးနေ့ မွန်းတည့် ၁၂ နာရီ ၄၄ မိနစ်တွင် ဓနုရာသီသို့ ပြောင်းသည်။

## ၂၀၁၇ ခုနှစ်အတွက် မေသိဒ္ဓိနက္ခတ်နှင့် စန်းယှဉ်ချိန်

(၁. ၁၀. ၂၀၁၇)တနင်္ဂနွေနေ့ ည ၉ နာရီ ၇ မိနစ် ၄၂ စက္ကန့်၊
(၂၉. ၁၀. ၂၀၁၇)တနင်္ဂနွေနေ့၊ နံနက် ၅ နာရီ ၂၉ မိနစ် ၃၀ စက္ကန့်၊

(၆. ၁၀. ၂၀၁၇)ရက်နှင့် (၂၀. ၁၀. ၂၀၁၇)ရက်တို့သည် အမြိတ္တာစုတ်ကျ၍ *အကောင်းဆုံးရက်များ ဖြစ်သည်။*

## အမြိတ္တာစုတ်ရက်မှာ လုပ်ဆောင်စရာ

*တနင်္ဂနွေသားသမီးသည်* မြောက်အရပ်တွင် ပုန်းညက်ပင် စိုက်ပါ။
*တနင်္လာသားသမီးသည်* အရှေ့မြောက်အရပ်တွင် ခရေပင် စိုက်ပါ။
*အင်္ဂါသားသမီးသည်* အရှေ့အရပ်တွင် သရဖီပင် စိုက်ပါ။
*ဗုဒ္ဓဟူးသားသမီးသည်* အရှေ့တောင်အရပ်တွင် ကွမ်းသီးပင် စိုက်ပါ။
*ကြာသပတေးသားသမီးသည်* အနောက်တောင်အရပ်တွင် ဒန်းပင် စိုက်ပါ။
*သောကြာသားသမီးသည်* အနောက်မြောက်အရပ်တွင် အုန်းပင် စိုက်ပါ။
*စနေသားသမီးသည်* တောင်အရပ်တွင် ကံ့ကော်ပင် စိုက်ပါ။



www.burmeseclassic.com

www.burmeseclassic.com

# သည်တစ်လမှာ ဆောင်ရွက်ပါ

## ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလအတွက်

**နေမျိုးထွင့်ခေါင်**

၁။ အောက်တိုဘာလ (၁)၊ (၁၀)၊ (၁၅)၊ (၂၀)၊ (၂၅)၊ (၃၀) စသောရက်များသည် **"နန္ဒာတိထိ"** တွင် ကျရောက်၏။ ထိုရက်များ၌ ဘုရား၊ဂူ၊ကျောင်း၊ဇရပ်များ ဆောက်လုပ်ခြင်း။ တံတားများခင်းခြင်း။ ပျိုးကြဲခြင်း။ ကောက်စိုက်ခြင်း။ မြေတူးဆွခြင်း စသော အမှုကိစ္စတို့ကို ပြုလုပ်ဆောင်ရွက်နိုင်ပါသည်။

၂။ အောက်တိုဘာလ (၂)၊ (၆)၊ (၁၁)၊ (၁၆)၊ (၂၁)၊ (၂၆)၊ (၃၁) စသောရက်များသည် **"ဘဒြာတိထိ"** တွင် ကျရောက်၏။ ထိုရက်များ၌ အမည်ပေးကင်ပွန်းတပ်ခြင်း။ နားထွင်းမင်္ဂလာဆင်ယင်ကျင်းပခြင်း။ ထိမ်းမြားမင်္ဂလာဆောင်နှင်းခြင်းတို့ကို ပြုလုပ်နိုင်ပါသည်။

၃။ အောက်တိုဘာလ (၃)၊ (၇)၊ (၁၂)၊ (၁၇)၊ (၂၂)၊ (၂၇) စသော ရက်များသည် **"ဇယာတိထိ"** တွင် ကျရောက်၏။ ထိုရက်များ၌ စစ်ချီခြင်း။ စစ်တက်ခြင်း။ ကင်းလှည့်ခြင်း။ ကင်းချခြင်း။ သစ္စာဆိုခြင်း။ စုံစမ်းထောက်လှမ်းခြင်း အမှုကိစ္စတို့ကို ဆောင်ရွက်နိုင်ကြပါသည်။

၄။ အောက်တိုဘာလ (၄)၊ (၈)၊ (၁၃)၊ (၁၈)၊ (၂၃)၊ (၂၈) စသောရက်များသည် **"ရိတ္တာတိထိ"** တွင် ကျရောက်၏။ ထိုရက်များ၌ ဆေးဖော်ခြင်း။ ဆေးထိုးခြင်း။ လက်ဖွဲ့ထိုးခြင်း။ သိဒ္ဓိတင်ခြင်း။ ပစ္စည်းသိမ်းခြင်း။ သစ်ပင်ခုတ်ခြင်း။ လေ့ကားထောင်ခြင်း စသောအမှုကိစ္စများ ဆောင်ရွက်နိုင်ပါသည်။

၅။ အောက်တိုဘာလ (၅)၊ (၉)၊ (၁၄)၊ (၁၉)၊ (၂၉) စသောရက်များသည် **"ပုဏ္ဏာတိထိ"** တွင် ကျရောက်၏။ ထိုရက်များ၌ ရတနာပစ္စည်းများ ရောင်းဝယ်ခြင်း။ ရှင်ပြုခြင်း။ ပဋ္ဌာန်းခံခြင်း စသောအမှုကိစ္စများကို ဆောင်ရွက်နိုင်ပါသည်။

၆။ အောက်တိုဘာလ (၆)၊ (၂၀) ရက်တို့သည် **"အမြိတ္တစုတ်"** တွင် ကျရောက်လေရာ ထိုရက်၌ မည်မျှပင်မကောင်းကြုံစေကာမူ မည်သည့်ကိစ္စမဆို **ဆောင်ရွက်ရာ၌** အောင်မြင်ပြီးစီးနိုင်ပါသည်။

၇။ အောက်တိုဘာလ (၃)၊ (၅)၊ (၁၀)၊ (၁၂)၊ (၁၇)၊ (၂၂)၊ (၂၅)၊ (၂၉) စသောရက်များသည် **"ရက်ရာဇာ"** တွင် ကျရောက်၏။ ထိုရက်များ၌ လူမှုရေး၊ ဘာသာရေး ကိစ္စအဝဝတို့ကို ဆောင်ရွက်လုပ်ကိုင်ပါက အောင်မြင်ပြီးစီးနိုင်ပါသည်။

ထို့ပြင်တစ်ဝ ကောင်းသောကမ္ဘာ့မြေခံနှင့် တနင်္လာ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာ၊ ကိတ် အစရှိသော တိထိမြေခံများတွင် အဆောက်အဦဆောက်လုပ်ခြင်း၊ မြေတူးဆွခြင်းလုပ်ငန်းတို့ကို လုပ်ကိုင်ဆောင်ရွက်နိုင်ပါသည်။

■ **နေမျိုးထွင့်ခေါင်**



www.burmeseclassic.com

www.burmeseclassic.com

# စိုက်ပျိုးရေးရာ သည်လမှာ

## ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလအတွက်

■ တောကကိုရင်

မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးကို အဓိကထားသော စိုက်ပျိုးရေးနိုင်ငံတစ်နိုင်ငံ ဖြစ်ပေ၏။ စိုက်ပျိုးရေးမှ ရရှိလာသော နိုင်ငံခြားငွေတို့ဖြင့် တိုင်းပြည်ထူထောင်ရေး နိုင်ငံတော်ဖွံ့ဖြိုးရေးလုပ်ငန်းရပ် ကိစ္စအဝဝကို လုပ်ဆောင်လျက်ရှိပေ၏။ ဤသို့ စိုက်ပျိုးရေးကို လုပ်ကိုင်ကြသည့် တောင်သူဦးကြီးများအဖို့ မိမိတို့လုပ်ငန်းခွင်အတွက် အထောက်အကူပြုသည့် လောကီလုပ်ငန်းရပ်များကို သိရှိထားဖို့ လိုပါသည်။ လ့ံလ ဝီရိယကို အခြေတည်၍ လောကီပညာရပ်များနှင့် ပေါင်းစပ်လိုက်သည်ရှိသော် ပဒေသာမြေကပေါက်လာသည့်အလား ဝေဆာသော အကျိုးတို့ကို ခံစားရလိမ့်မည် ဖြစ်ကြောင်း တင်ပြရင်း . . .

၁။ **သီးနှံမျိုးစေ့များ ကြဲရန်အတွက်**
အောက်တိုဘာလ (၃)၊ (၄)၊ (၁၃)၊ (၁၇)၊ (၁၉)၊ (၂၆)၊ (၃၀) စသော ရက်များသည် သီးနှံမျိုးစေ့ကြဲရန်အတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၂။ **အပွင့်၊ အသီး၊ အနှံ၊ အရွက် အပွင့်များ စိုက်ပျိုးရန်နှင့် ကိုင်းကူးစိုက်ခြင်း၊ နေရာပြောင်းရွှေ့စိုက်ပျိုးခြင်းတို့အတွက်**
အောက်တိုဘာလ (၃)၊ (၄)၊ (၁၃)၊ (၁၇)၊ (၁၉)၊ (၂၆)၊ (၃၀) စသောရက်များသည် အပွင့်၊ အသီး၊ အနှံ၊ အရွက်များ စိုက်ပျိုးရန်နှင့် ကိုင်းကူးစိုက်ခြင်း၊ နေရာပြောင်း ရွှေ့စိုက်ခြင်းတို့အတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၃။ **ဥ၊ အမြစ်၊ အပင်များ စိုက်ပျိုး ရန်၊ အကိုင်းအခက်များ ခုတ်ရန်အတွက်**
အောက်တိုဘာလ (၂)၊ (၄)၊ (၁၃)၊ (၂၉) စသောရက် များသည် ဥ၊ အမြစ်၊ အပင်များ စိုက်ပျိုးရန်နှင့် အကိုင်းအခက်များ ခုတ်ရန်အတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၄။ **ထွန်ယက်ခြင်း၊ ပိုးသတ်ဆေးဖျန်းခြင်း၊ ပေါင်းပင် ချုံနွယ်မီးရှို့ခြင်း၊ သီးနှံရိတ်သိမ်းခြင်းနှင့် ဥအမြစ်များ တူးရန်အတွက်**
အောက်တိုဘာလ (၃)၊ (၄)၊ (၅)၊ (၆)၊ (၁၁)၊ (၁၃)၊ (၁၄)၊ (၁၇)၊ (၁၉)၊ (၂၁)၊ (၂၆)၊ (၂၉)၊ (၃၀) စသော ရက်များသည် ထွန်ယက်စိုက်ပျိုးခြင်း၊ ပိုးသတ်ဆေးဖျန်းခြင်း၊ ပေါင်းပင်ချုံနွယ်တို့ကို မီးရှို့ခြင်း၊ သီးနှံရိတ်သိမ်းခြင်းနှင့် ဥအမြစ်များတူးရန်အတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**တောကကိုရင်**



www.burmeseclassic.com

www.burmeseclassic.com

# အလုပ်အကိုင် အောင်မြင်နိုင်ဖို့

## ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလအတွက်

### မဟာဒိဗ္ဗကျော်ခေါင်

**တနင်္ဂနွေသားသမီးများအဖို့**

အောက်တိုဘာလ (၂)၊ (၅)၊ (၇)၊ (၉)၊ (၁၂)၊ (၁၃)၊ (၁၄)၊ (၂၀)၊ (၂၁)၊ (၂၃)၊ (၃၀) စသော ရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများ ဖြစ်ကြ၏။

**တနင်္လာသားသမီးများအဖို့**

အောက်တိုဘာလ (၃)၊ (၁၀)၊ (၁၃)၊ (၁၄)၊ (၂၀)၊ (၂၇)၊ (၃၀)၊ (၃၁) စသော ရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများ ဖြစ်ကြ၏။

**အင်္ဂါသားသမီးများအဖို့**

အောက်တိုဘာလ (၅)၊ (၉)၊ (၁၂)၊ (၁၃)၊ (၁၅)၊ (၁၆)၊ (၁၉)၊ (၂၆)၊ (၂၇)၊ (၂၉) စသော ရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများ ဖြစ်ကြ၏။

**ဗုဒ္ဓဟူးသားသမီးများအဖို့**

အောက်တိုဘာလ (၁)၊ (၄)၊ (၅)၊ (၈)၊ (၁၁)၊ (၁၂)၊ (၁၄)၊ (၁၅)၊ (၁၈)၊ (၁၉)၊ (၂၁)၊ (၂၃)၊ (၂၈)၊ (၂၉) စသော ရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများ ဖြစ်ကြ၏။

**ကြာသပတေးသားသမီးများအဖို့**

အောက်တိုဘာလ (၂)၊ (၃)၊ (၄)၊ (၁၀)၊ (၁၁)၊ (၁၂)၊ (၁၄)၊ (၁၈)၊ (၂၀)၊ (၂၁)၊ (၂၇)၊ (၂၈)၊ (၂၉) စသော ရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများ ဖြစ်ကြ၏။

**သောကြာသားသမီးများအဖို့**

အောက်တိုဘာလ (၂)၊ (၃)၊ (၉)၊ (၁၀)၊ (၁၃)၊ (၁၆)၊ (၁၇)၊ (၂၀)၊ (၂၁)၊ (၂၃)၊ (၂၆)၊ (၂၇)၊ (၂၉) စသော ရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများ ဖြစ်ကြ၏။

**စနေသားသမီးများအဖို့**

အောက်တိုဘာလ (၁)၊ (၅)၊ (၈)၊ (၉)၊ (၁၂)၊ (၁၅)၊ (၁၉) စသော ရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများ ဖြစ်ကြ၏။

**ရာဟုသားသမီးများအဖို့**

အောက်တိုဘာလ (၁)၊ (၄)၊ (၅)၊ (၁၄)၊ (၁၉)၊ (၂၁)၊ (၂၃)၊ (၂၈) စသော ရက်များကို ရွေးချယ်လုပ်ကိုင်ခြင်းဖြင့် အလုပ်အကိုင်၊ အကြံအစည်များ တိုးတက်ကြီးပွားကြပါလိမ့်မည်။

■ မဟာဒိဗ္ဗကျော်ခေါင်



www.burmeseclassic.com

www.burmeseclassic.com

# သည်လဖွားအတွက် ကံဇာတာ

## ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလအတွက်

■ ဆရာမိုးဟန်ကြွယ်

အစုစပ်လုပ်ငန်း လုပ်ကိုင်ပါက ငွေကြေးအရှုပ်အထွေးများနှင့် ကြုံမည်။ သားသမီးပညာရေးအတွက် စိတ်သောကရောက်စရာ ကြုံမည်။ အကောင်အထည်ဖော်လိုသော ကိစ္စကို အကောင်အထည်မဖော်နိုင်ဘဲ ဖြစ်နေတတ်သည်။ ဂုဏ်သိက္ခာထိခိုက်စေသော ကိစ္စရပ်များ ပေါ်လာတတ်သည်။ ဖခင် (သို့မဟုတ်) ကြီးကဲသူတစ်ဦးအတွက် စိတ်သောကရောက်စရာ ကြုံတွေ့ရဦးမည်။

မိသားစုအတွက် စိတ်အနှောင့်အယှက်ဖြစ်စရာ ဖြစ်ရပ်များ ကြုံလာရတတ်သည်။ အလုပ်ကိစ္စမှ ငွေကြေးများ ဝင်လာတတ်သည်။ လုပ်ငန်းခွင်၌ တပည့်လက်အောက်ငယ်သားကိုသာ လွှတ်မထားဘဲ မိမိကိုယ်တိုင်ဦးဆောင်လုပ်ပါမှ အကျိုးအမြတ်ခံစားရပါလိမ့်မည်။ ဝန်ထမ်းဖြစ်ပါက အထက်အကြီးအကဲများ၏ သူကောင်းပြုမြှောက်စားခြင်းကို ခံရတတ်သည်။

စီးပွားရေးလုပ်ငန်းကိစ္စများတွင် အခက်အခဲအဖုအထစ်များ၊ မပြေလည်မှုများနှင့် ကြုံတွေ့ရတတ်သည်။ မောင်နှမသားချင်းများကြောင့် လုပ်ငန်းအစီအစဉ်များ ပျက်တတ်သည်။ ဘာသာရေးကိစ္စများကို အောင်မြင်စွာ ဆောင်ရွက်ရတတ်သည်။ ပြည်ပခရီးသို့ သွားရတတ်သည်။ ရွှေစသော အဖိုးတန်ရတနာပစ္စည်းများ ဝင်လာတတ်သည်။ ဝန်ထမ်းဖြစ်ပါက သင်တန်းတက်ရောက်ရတတ်သည်။

ကံပေးသော ငွေကြေးပစ္စည်းများ ရရှိမည် ခရီးဝေးသွားရောက်ရတတ်သည်။ အိမ်ထောင်ဖက်၏ ကျန်းမာရေးကို ဂရုစိုက်ဖို့လိုမည်။ ဆေးဝါးကုသမှုကို ခံယူရတတ်သည်။ ငွေကုန်ကြေးကျများမည်။ ငွေကြေးဆုံးရှုံးခြင်းများ ဖြစ်တတ်သည်။ လုပ်ငန်းသစ်များ လုပ်ဆောင်ရန် မသင့်တော်သေးပါ။ မမျှော်လင့်ဘဲ ကံစမ်းမဲသော်လည်းကောင်း၊ အောင်ဘာလေထီသော်လည်းကောင်း ပေါက်တတ်သည်။ လက်ဆောင်ပစ္စည်းများ ရောက်ရှိလာတတ်သည်။ အလုပ်အကိုင်လုပ်မည်ဆိုလျှင် အစစအရာရာ တတ်သိနားလည်သူများနှင့် တိုင်တိုင်ပင်ပင် ညှိညှိနှိုင်းနှိုင်း လုပ်ဆောင်သင့်သည်။ မိမိ၏ဆုံးဖြတ်ချက်ထက် အများ၏ဆုံးဖြတ်ချက်ကို ချသင့်ပါသည်။

ရာသီဖွားဝေဒနာကို ဦးဦးဖျားဖျား ခံစားရမည်၊ ငွေများဝင်လာမည်။ စုမိဆောင်းမိဖြစ်မည်။ ပျိုရွယ်သူများအဖို့ လက်ထပ်မင်္ဂလာပြုရန် အကြောင်းကိစ္စ ပေါ်လာလိမ့်မည်။ လူကြီးသူမများက ကြီးကြပ်စီစဉ်ပေးလိမ့်မည်။ ရပ်ဝေးနေ သူငယ်ချင်းမိတ်ဆွေတစ်ဦး ရောက်ရှိလာတတ်သည်။ အကျိုးပြုမည့် မိတ်ဆွေကောင်း ဖြစ်ပါသည်။ ဘာသာရေးကိစ္စများတွင် ထူးခြားမှုများနှင့် ကြုံတွေ့ရတတ်သည်။ အလှူဒါနများ ပြုလုပ်ရတတ်သည်။

ကျန်းမာရေးနှင့်စပ်လျဉ်း၍ အကြောပိုင်းဆိုင်ရာဝေဒနာများ ခံစားရတတ်သည်။ အိမ်ထောင်ရေးကိစ္စများတွင် အရှုပ်အထွေးများ ပေါ်လာတတ်သည်။ အချုပ်အနှောင်ခံရတတ်သည်။ သွေးတိုးနှင့်ပတ်သက်သော ရောဂါများခံစားရတတ်သည်။ ရေလမ်းခရီးကို ရှောင်သင့်ပါသည်။ လူယုံ၏ ဒုက္ခပေးခြင်းကို ခံရတတ်သည်။ ယုံစားမိသမျှ အလိမ်ခံရခြင်းကြုံမည်။ အချစ်ရေးကိစ္စများတွင် နှစ်ဦးသဘောတူ ပြေလည်သော်လည်း ကြီးသူတို့၏ ဟန့်တားမှုကို ခံရတတ်သည်။

*ယတြာပြုလုပ်လိုပါက* - ၃၁ ဘုံသားများအား မေတ္တာပို့၍ ကုသိုလ်ဘာဂကို အမျှဝေပေးပါ။

ဆရာမိုးဟန်ကြွယ်



www.burmeseclassic.com

www.burmeseclassic.com

# သည်လအတွက် ဟောင်းသောရက်

၂၀၁၇ ခုနှစ်၊ အောက်တိုဘာလအတွက်

**နွယ်သာကီအောင်**

ဝသန္တ၏ ခြေလှမ်းတို့က သွက်လက်နေရာမှ နှေးကွေးစ ပြုလာခဲ့ချေပြီ။

မကြာခင်ကာလ၌ ဆောင်းဟေမန်၏ ရှေ့တော်ပြေး မြောက်ပြန်လေနုအေးတို့ ဆော်သွေးလေတော့မည်။ သခင်ခွာညိုတို့ နှင်းရည်လူးကြပေတော့မည်။ မည်သည့်ကာလ ဖြစ်စေ မိမိတို့လူသားများအဖို့ စားဝတ်နေမှု ကိစ္စအဝဝအတွက် ရှန်းကန်လှုပ်ရှားကြရစမြဲ ဖြစ်ပေရာ အခွင့်သာအခါကောင်းကို အရအမိ ဖမ်းယူတတ်ဖို့ရာ အရေးကြီးလှပေမည်။ သို့ဖြစ်၍ သိသူဖော်စားနိုင်ကြစေရန် ဤကဏ္ဍကလေးကို လစဉ်ရေးသားနေမိခြင်းပါပေ။

၁။ **နေအိမ်တိုက်တာဝယ်ဖို့ရာ**

အောက်တိုဘာလ (၆)၊ (၁၁)၊ (၁၄)၊ (၁၇)၊ (၁၉)၊ (၂၅) စသော ရက်များသည် နေအိမ်တိုက်တာများဝယ်ယူရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၂။ **ကား/ယာဉ်စုံစွာ ဝယ်ဖို့ရာ**

အောက်တိုဘာလ (၃)၊ (၁၃)၊ (၂၁)၊ (၂၃)၊ (၉၀) စသောရက်များသည် မော်တော်ကားနှင့်တကွ ယာဉ်အမျိုးမျိုးဝယ်ယူဖို့ရာ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၃။ **ရေနေသတ္တဝါဖမ်းဖို့ရာ**

အောက်တိုဘာလ (၄)၊ (၁၃)၊ (၂၂)၊ (၂၉) စသောရက်များသည် ရေနေသတ္တဝါများဖြစ်ကြသည့် ငါးများ၊ ပုစွန်များ အစရှိသည်တို့ကို ဖမ်းယူဖို့ရာ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၄။ **ရွှေတွင်း/ကျောက်တွင်း တူးဖို့ရာ**

အောက်တိုဘာလ (၅)၊ (၆)၊ (၁၁)၊ (၁၄)၊ (၁၇)၊ (၁၉)၊ (၂၉) စသောရက်များသည် ရွှေတွင်း၊ ကျောက်တွင်းများ တူးဖော်ထုတ်လုပ်ဖို့ရာအတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၅။ **အမည်ပေးရာ၊ ဆိုင်းဘုတ်တင်ရာ**

အောက်တိုဘာလ (၃)၊ (၁၀)၊ (၁၇)၊ (၂၉)၊ (၃၀) စသောရက်များသည် အမည်ပေးခြင်း၊ ဆိုင်းဘုတ်တင်ခြင်းကိစ္စရပ်များအတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com

၆။ **ခရီးဝေးနီး ထွက်ဖို့ရာ**

အောက်တိုဘာလ (၃)၊ (၄)၊ (၁၃)၊ (၁၇)၊ (၁၉)၊ (၂၆)၊ (၃၀) စသောရက်များသည် ရပ်ဝေးရပ်နီး ခရီးထွက်ဖို့ရာ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၇။ **လယ်ထွန်မင်္ဂလာပြုဖို့ရာ**

အောက်တိုဘာလ (၃)၊ (၄)၊ (၁၃)၊ (၁၇)၊ (၁၉)၊ (၂၆)၊ (၃၀) စသော ရက်များသည် လယ်ထွန်မင်္ဂလာပြုလုပ်ဖို့ရာအတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၈။ **ယှဉ်ပြိုင်ကိစ္စ ဆောင်ရွက်ဖို့ရာ**

အောက်တိုဘာလ (၅)၊ (၆)၊ (၁၁)၊ (၁၃)၊ (၁၄)၊ (၁၉)၊ (၂၀)၊ (၂၆) စသောရက်များသည် ယှဉ်ပြိုင်ရမည့် ကိစ္စများနှင့် စပ်လျဉ်း၍ အဆင်ပြေအောင် ဆောင်ရွက်နိုင်သည့် ရက်ကောင်းများ ဖြစ်ကြပါသည်။

၉။ **ကျောင်း/အိမ်ဆောက်ဖို့ရာ**

အောက်တိုဘာလ (၃)၊ (၄)၊ (၅)၊ (၆)၊ (၁၁)၊ (၁၃)၊ (၁၄)၊ (၁၉)၊ (၂၁)၊ (၂၆)၊ (၂၉)၊ (၃၀) စသောရက်များသည် ကျောင်းများ၊ လူအိမ်အဆောက်အအုံများ ဆောက်လုပ်ဖို့ရာ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၀။ **အရောင်းအဝယ်ပြုဖို့ရာ**

အောက်တိုဘာလ (၃)၊ (၄)၊ (၁၃)၊ (၁၇)၊ (၁၉)၊ (၂၆)၊ (၃၀) စသော ရက်များသည် ကုန်ရောင်းကုန်ဝယ်ပြုလိုသည့် ကိစ္စရပ်များ ဆောင်ရွက်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၁။ **သီးနှံမျိုးစေ့ကြဲဖို့ရာ**

အောက်တိုဘာလ (၃)၊ (၄)၊ (၁၃)၊ (၁၇)၊ (၁၉)၊ (၂၆)၊ (၃၀) စသော ရက်များသည် သီးနှံမျိုးစေ့များကြဲရန်အတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၂။ **ရေတွင်းရေကန် တူးဖို့ရာ**

အောက်တိုဘာလ (၃)၊ (၄)၊ (၆)၊ (၁၁)၊ (၁၇)၊ (၁၉)၊ (၂၂)၊ (၂၆) စသောရက်များသည် ရေတွင်းရေကန်များ တူးဖော်ဖို့ရာအတွက် အကောင်းဆုံးရက်များဖြစ်ကြပါသည်။

၁၃။ **အတတ်ပညာ သင်ဖို့ရာ**

အောက်တိုဘာလ (၅)၊ (၁၂)၊ (၁၉)၊ (၂၆) စသောရက်များသည် အတတ်ပညာများကိုသင်ယူဖို့ရာ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၄။ **မင်္ဂလာအခါပေးလိုလျှင်**

အောက်တိုဘာလ (၁)၊ (၂)၊ (၃)၊ (၄)၊ (၅)၊ (၆)၊ (၈)၊ (၁၀)၊ (၁၁)၊ (၁၂)၊ (၁၃)၊ (၁၄)၊ (၁၅)၊ (၁၇)၊ (၁၉)၊ (၂၀)၊ (၂၁)၊ (၂၄)၊ (၂၅)၊ (၂၆)၊ (၂၇)၊ (၂၈)၊ (၂၉)၊ (၃၁) စသော ရက်များသည် မင်္ဂလာအခါပေးသင့်သည့် ရက်များ ဖြစ်ကြပါသည်။

၁၅။ **ရှင်ပြုနားသ ပြုဖို့ရာ**

အောက်တိုဘာလ (၃)၊ (၄)၊ (၆)၊ (၁၀)၊ (၁၁)၊ (၁၃)၊ (၁၄)၊ (၁၇)၊ (၂၁)၊ (၂၅)၊ (၂၆)၊ (၂၉)၊ (၃၀) စသောရက်များသည် ရှင်ပြုနားသမင်္ဂလာ ကျင်းပပြုလုပ်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၆။ **လက်ထပ်မင်္ဂလာ ကျင်းပရာ**

အောက်တိုဘာလ (၅)၊ (၁၀)၊ (၁၁)၊ (၁၇)၊ (၁၉)၊ (၂၁)၊ (၂၆)၊ (၂၉) စသောရက်များသည် လက်ထပ်မင်္ဂလာ ကျင်းပရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၇။ **အိမ်ပြောင်းရွှေ့ရန်၊ အိမ်သစ်တက်ရန်**

အောက်တိုဘာလ (၅)၊ (၆)၊ (၁၁)၊ (၁၉)၊ (၂၉) စသော ရက်များသည် အိမ်ပြောင်းရွှေ့ရန်၊ အိမ်သစ်တက်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။



■ နွယ်သာကကိုအောင်

www.burmeseclassic.com

www.burmeseclassic.com

# ကြာနံ့သင်းထုံ ဝတ်မှုန်ကြဲ ဆီမီးမြင်းမိုရ်ပွဲ

တက္ကသိုလ်သျှင်ဥက္ကာ (မဟာဝိဇ္ဇာ၊ ကျမ်းပြု)

ဝါလကင်းလွတ်၍ တူရာသီမည်သော သီတင်းကျွတ်သို့ ရောက်ခဲ့ပေပြီ။ ဤ၌ "ရာသီတူခွင်၊ ရေပြင်လှတင့်၊ ကြာမျိုးပွင့်" ဆိုသော ရှေးဟောင်းစကားနှင့်အညီ ရာသီလေမြန်အစ ဟေမန္တပုံလွှာတို့ လူးလွန့်ရှုံလူးလွန့်လျက် ငြိမ့်ငြိမ့်အေးအေး ရှိလှပါသည်ကော။ ကြာဖြူ၊ ကြာနီ၊ ကြာပုဏ္ဍရိက် စသော ငါးမည်သော ကြာပန်းနိုင်တို့မှာလည်း ကန်ပြင်၌ သုပစ္စာ ပွင့်ချပ်တို့ကို ဖွင့်လှပ်ရင်း ကြိုင်လှိုင်ပျံ့မွှေးနေကြပြီ ဖြစ်၏။

စင်စစ် ဝါလကင်းလွတ် သီတင်းကျွတ်မည်သော ကာလကား ရဟန်းသံဃာတော်များနှင့် စပ်လျဉ်း၍ အမည်သညာ မှည့်ထားသော လပင်ဖြစ်၏။ ရဟန်းသံဃာတော်တို့သည် တောင်သူလယ်သမားဦးကြီးများ၊ ဒကာ၊ ဒကာမ အပေါင်းတို့၏ ပစ္စယာနုဂ္ဂဟ ဆွမ်းကွမ်းထောက်ပံ့မှုကြောင့် ဝါတွင်း သုံးလတိုင်တိုင် ဝါကပ်လျက် ပရိယတ်ကို အားထုတ်တော်မူခဲ့ကြ၏။ ဥပုသ်အိမ်၊ သိမ်တို့၌ ပဝါရဏာများကို ပြုလုပ်ခဲ့ကြ၏။

ဤ၌ "ပဝါရဏာ" ဆိုသည်မှာ "ဆိုအပ်သော အချိန်ကာလအတွင်း မိမိတို့၌ အပြစ်ကြီးငယ်ရှိပါက ခွင့်လွှတ်တော်မူကြပါ" ဟူ၍ မေတ္တာရပ်ခံကြခြင်းပင် ဖြစ်ပါသည်။ ထို့အတူပင် သိက္ခာဝါရင့် မထေရ်ကြီးများကလည်း "သင်တို့တောင်းပန်လျှောက်ထားသကဲ့သို့ပင် ငါတို့၌လည်း အပြစ်ကြီးငယ်ရှိပါက ခွင့်လွှတ်တော်မူကြပါ" ဟူ၍ ခွင့်ပန်ကြလေ၏။ အဆိုပါ ကောင်းမြတ်သော အလေ့အထကို အတုယူ၍ မိမိတို့ ပုထုဇဉ် လူသားအပေါင်းကလည်း ဝါလကင်းလွတ် သီတင်းကျွတ် သို့ရောက်လေသော် မိဘ၊ ဆရာသမားများနှင့်တကွ သက်ကြီးဘိုးဘွားအပေါင်းတို့အား ဦးနှိမ်မာန်လျှော့ ပူဇော်ကန်တော့လျက် အပြစ်ကြီးငယ်အပေါင်း ရှိခဲ့ပါက ခွင့်လွှတ်တော်မူပါရန် တောင်းပန်သမှုပြုကြလေသည်။ မိဘ၊ ဆရာသမားများနှင့် ဘိုးဘွားတို့ကလည်း ခွင့်လွှတ်ကြစမြဲပင်။

ဝါဆိုရသောကာလ၊ တစ်နည်းအားဖြင့် ညအိပ်ညနေ ရပ်ဝေးဒေသသို့ မထွက်ရဘဲ ကျောင်းမှာပင် သုံးလတာကာလ ပတ်လုံး ပရိယတ်ကို အားထုတ်ခဲ့ကြရသော ရဟန်းသံဃာတို့သည် မိုးလေငြိမ်စပြုပြီဖြစ်သော၊ လမ်းပန်းဆက်သွယ်မှု ပွင့်လင်းလာပြီဖြစ်သော၊ ကြာမျိုးရနံ့တို့ ဆွတ်ပျံ့ထုံရှိသော သီတင်းကျွတ်ကာလသမယ၌ မိမိတို့သွားလိုရာ ရပ်ရွာ၊ မြို့ပြဒေသများဆီသို့ လွတ်လပ်ပေါ့ပါးစွာ သွားလာခွင့်ရပြီဖြစ်ရကား ကြည်နူးပီတိဖြစ်ဖွယ်လည်း ကောင်းလှပါတော့သည်။

သီတင်းကျွတ်လ၌ ထူးခြားစွာ ဆင်ယင်ကျင်းပသော ပွဲကား ဂေါတမဘုရားရှင် သက်တော်ထင်ရှားရှိစဉ်ကပင် ပေါ်ထွန်းခဲ့သော "ဆီမီးမြင်းမိုရ်ပွဲ" ဖြစ်လေသည်။ ဘုရားရှင်သည် မိခင်ဖြစ်ခဲ့ဖူးသော တာဝတိံသာနတ်ပြည်ရှိ သန္တုဿိတ နတ်သားကို အမှူးပြုလျက် နက်နဲသော အဘိဓမ္မာ ဒေသနာတော်တို့ကို ဟောကြားရန် ဝါတွင်းသုံးလ ကာလပတ်လုံး လူ့ပြည်မှ ကြွမြန်းသွားခဲ့လေသည်။ ထိုဝါတွင်းသုံးလ ကာလပတ်လုံး လူအပေါင်းတို့အဖို့ ဘုရားရှင်ကို ဖူးမြင်ခွင့် မရသည့်အတွက် တမ်းတနေမိကြလေသည်။ ဤ၌ လပြည့်နေ့အချိန်အခါဝယ် တာဝတိံသာမှ လူ့ပြည်ဒေသတစ်ခုဖြစ်သော သင်္ကဿနဂိုရ်တိုင် စောင်းတန်းကြီးသုံးသွယ် ပေါ်ထွန်းခဲ့ချေ၏။ စောင်းတန်းကြီးသုံးသွယ်ကား ရွှေစောင်းတန်း၊ ငွေစောင်းတန်းတို့ ဘေးနှစ်ဖက်ခြံရံလျက် အလယ်စောင်းတန်း ဖြစ်သော ပတ္တမြားစောင်းတန်းမှ ဆင်းသက်၏။ ပဉ္စသိခ နတ်သား၏ သာယာသော ဓမ္မစောင်းညင်းသံနှင့်အတူ နတ်အပေါင်း၊ ဗြဟ္မာအပေါင်းတို့ ခြံရံလိုက်ပါလာကာ ဘုရားရှင်အား ထီးမိုးပေးကြ၏။ ဤ၌ ပြည်သူပြည်သားအပေါင်းတို့



www.burmeseclassic.com

www.burmeseclassic.com

မှာ ဘုရားရှင်ကြွလာသည်ကို ကြိုဆိုသည့်အနေဖြင့် ဆီမီးတို့ ထွန်းညှိကာ ကြည်ညိုပူဇော်ခဲ့လေသည်။ ထိုအလေ့အထသည် ယခုကာလတိုင်အောင် ဗုဒ္ဓဘာသာအပေါ် သက်ဝင်ယုံကြည်ကြသူများအဖို့ လေးမြတ်ကြည်ညိုဖွယ် ဆင်ယင်ကျင်းပမြဲ ဖြစ်ပေသည်။

အင်းဝရွှေမြို့တော်ကြီး ကောင်းစားစဉ်အခါက မင်းရင်ပြင်၌ မြင့်မားလှစွာသော ပြာသာဒ်ကြီးကို ဆောက်လုပ်၍ လှေကားသုံးသွယ်ဖြင့် ဆင်ယင်ပြီးလျှင် ဆီမီးများ ထွန်းညှိပူဇော်ခဲ့ကြသည်။ သည့်အတွက် ဆီမီးမြင်းမိုရ်ပွဲဟု ခေါ်ကြသလို "တာဝတိံသာပွဲ"ဟူ၍လည်း အမည်သညာပြုကြသည်။ ရှေးက သဘင်ပညာရှင်ကြီးများသည် လောက၊ ဓမ္မ၊ ရာဇဟူသော အရေးသုံးပါးကို ကောင်းစွာ လေ့လာတတ်ကျွမ်းကြသည့်အလျောက် ဘုရားရှင်ပညတ်တော်မူခဲ့သော ဓါကျွတ်၊ သီတင်းကျွတ်ပွဲသဘင်များအကြောင်း ဇာတ်ပွဲများ၌ လေပြေထိုးလင်္ကာတို့အား -

"မီးပုံးပျံ ရတနာနန်းခရိုင်ဝယ်၊ ကြာပန်းခိုင်နှင့် မင်းအထွတ် ခကြရ၊ သီတင်းကျွတ်လ ထက်နတ်ပြည်ကဲ့သို့ နက္ခတ်အသဝထီ၊ အာဇတာထိန်ဝါ၍ တာဝတိံသာက၊ ဘဂဝါအရဟံ သက်ပေသည့်၊ ကာယကံလက်နှင့် ဖူးညားတော့၊ အမှုးထားသော အောင်စည်နော် မခွဲပါဘူး (ရှာစား) ထူးမခြားနား ရောင်ခြည်တော်ဖွင့်စမ်း"

ဟူ၍ လက်တန်းရွတ်ဆိုကြကြောင်း မှတ်သားရပါသည်။ မြတ်စွာဘုရားရှင်က ရဟန်းသံဃာတော်တို့အပေါ် ဝါကပ်ခြင်းနှစ်ရပ်အပေါ် ခွင့်ပြုတော်မူခဲ့ပါသည်။ ပထမဝါမှာ ဝါဆိုလပြည့်ကျော် တစ်ရက်နေ့မှ သီတင်းကျွတ်လပြည့်နေ့အထိ ကပ်သော "ပုရိမ"ဝါ ဖြစ်၏။ ဒုတိယဝါမှာ ဝါခေါင်လပြည့်ကျော် တစ်ရက်နေ့မှစ၍ တန်ဆောင်မုန်းလပြည့်နေ့အထိ ကပ်သော "ပစ္ဆိမဝါ" ဖြစ်၏။ ဤ၌ ဒုတိယဝါဖြစ်သော "ပစ္ဆိမဝါ"ကို ခွင့်ပြုရခြင်းမှာ အချို့အချို့သော ခရီးလွန်နေသည့် ရဟန်းသံဃာတို့အား ကရုဏာရှေ့ထား၍ ဖြစ်ပါသည်။

ဤ၌ ဝါထပ်ခဲ့ပါက ဒုတိယဝါဆိုလပြည့်ကျော် တစ်ရက်နေ့တွင် စတင်ဝါကပ်ကြရပါသည်။ ဝါထပ်ရက်ငင်ကိစ္စများကို ရဟန်းသံဃာများအနေဖြင့် ပြုပြင်စီမံခွင့်မရှိ။ ထိုကိစ္စမှာ တိုင်းပြည်အုပ်ချုပ်သော မင်းတို့၏ အဆုံးအဖြတ်၌သာ တည်ပါသည်။ ဘုရားရှင်ကလည်း -

"အနုဇနာမိ ဘိက္ခဝေ ရာဇာနံ အနုဝတ္တိတုံ"

ဟူ၍ ဘုရင်အုပ်ချုပ်သူများ၏ အဆုံးအဖြတ်အတိုင်း ရဟန်းတို့က လိုက်နာကျင့်သုံးရမည်ဖြစ်ကြောင်း မိန့်တော်မူပါသည်။

ဝါလကင်းလွတ် သီတင်းကျွတ်ရာသီ ရောက်ပြီဆိုလျှင် တောတောင်ရေမြေအသီးသီးရှိ သစ်ပင်ပန်းမာလ်တို့သည် သဘာဝမိုးရေချိုချိုကို ဝလင်စွာ သောက်သုံးပြီးပြီဖြစ်လေရကား လန်းဆန်းစိမ်းမြလျက် ခိုင်ညှာတဲ့အပွင့် ဆင့်ရင့်စီရရီ ရှိနေကြပါသည်။ အထူးသဖြင့် သူ့ရာသီ သူ့ကာလနှင့်အညီ စည်းနရီညီလျက် ပွင့်လန်းလာကြသည်က မည်သို့သော အခါမျှ မှားယွင်းခြင်းမရှိသည့် သဘာဝ မာလာဗေဒ ပက္ခဒိန မည်သော ပန်းပြက္ခဒိန်ပင် ဖြစ်ပေ၏။ သည်ပြက္ခဒိန်ကို ဖွင့်လှပ်၍ စာဆိုတို့သည် ကြည်နူးလွမ်းဆွတ်ဖွယ်ကောင်းသော စာကဗျာတို့ကို ခြယ်မှုန်းဖွင့်ဆိုခဲ့ကြ၏။ ဤ၌ ဆယ့်နှစ်ရာသီဘွဲ့ လွမ်းချင်းစာဆိုရှင်ဖြစ်သော မဟာအတုလမင်းကြီးက သီတင်းကျွတ်လဘွဲ့ကို အောက်ပါအတိုင်း လွမ်းချင်းဖွဲ့ခဲ့ပါလေသတည်း။

"လှိုင်လှိုင်သာ သင်းတော့တယ်
ကန်မင်းငယ်နန္ဒာ၊ လျှံဝင်းငယ်ဖြာသည်
ပွင့်ရွှေကြာ မြိုင်မြိုင်နှင့်
ကြိုင်ကြိုင်သင်းတဲ့ လက်ကိုလေး။

တူရာသီဝယ်
အသဝထီကြယ်မြတ်
ကျီးမင်းသိန်းလည်း ရောင်ရှိန်လျှပ်လို့
သုဒဿကယ်နန်းလို၊ မီးမြင်းမိုရ်နှင့်
ဝါဆိုကင်းလွတ်၊ သီတင်းကျွတ်မို့
ဘုံထွတ်ကယ်ဥကင်၊ ပွင့်စံပယ်ရှင်သော့ခါ
တိုင်းခွင်ကြီး အောင်ချာမှာ
ဆီမီးဝါ ထိန်ထိန်ဝင်းလို့
လင်းလှတယ်လေး။ ။

တက္ကသိုလ်သျှင်ဥက္ကာ (မဟာဝိဇ္ဇာ၊ ကျမ်းပြု)



www.burmeseclassic.com

www.burmeseclassic.com

# ထူးခြားတဲ့ ရှင်လေးပါး ရေမျှောပူဇော်ပွဲ



ပထမံဆရာကြီး ဦးအောင်သူ

(၁) ရှင်မေဓရရဟန္တာ

(၂) ရှင်သက္ကောသာရရဟန္တာ


(၃) ရှင်သာရဒတ္တရဟန္တာ

(၄) ရှင်ဥပဂုတ္တရဟန္တာများကို ဖောင်ရဲ့ ထောင့်လေးထောင့်မှာ ပူဇော်ထားပါတယ်။

ရှင်လေးပါးစံမြန်းရာ ရဟန္တာမထေရ်များရဲ့ သီတင်းသုံးရန် ကဇ္ဇတ္တိပါအခင်းများ ခင်းထားပြီး ၎င်းပေါ်မှ ပန်းပေါင်း စုံပန်းမွှေ့ရာ ခင်းထားပါတယ်။ ဖောင်ပေါ်မှာ ပွဲစုံကပ်လှူခြင်း၊ ပန်း၊ သစ်သီး သကၠန်း၊ သပိတ်၊ ဆန်၊ ဆီပြည့်၊ ကြက်သွန် စသည်ဖြင့် စုံစုံလင်လင် လှူဒါန်းရပါတယ်။

ရှင်ဥပဂုတ္တရဟန္တာမထေရ်ရဲ့ ဖြစ်စဉ်သမိုင်းကြောင်းက သီရိဓမ္မာသောကမင်းကြီးက စခဲ့တယ်လို့ မှတ်သားခဲ့ရပါတယ်။ အဲဒီအချိန်ထဲက ရှင်ဥပဂုတ္တရဟန္တာမထေရ်ဟာ တောင်သမုဒ္ဒရာမှာ သီတင်းသုံးတယ်လို့ ဆိုပါတယ်။

ကျွန်ုပ်သည် ဗိုလ်တထောင်ဆေတီတော် စနေထောင့် ၁၅ ခန်းတွဲမှာရုံ၌ နှစ်စဉ်ကျင်းပခဲ့သည်မှာ ယနေ့ ၂၀၁၇ ခု၊ မြန်မာသက္ကရာဇ် ၁၃၇၉ ခု၊ သီတင်းကျွတ်လဆိုလျှင် အကြိမ်ပေါင်း ၂၅ ကြိမ် ရှိနေပါသည်။





ရဟန္တာမထေရ်လေးပါး စံမြန်းရန် ဆောင်တော်ကို ဝါးနှင့်ပင်ပြုလုပ်ပြီး ဖောင်အကျယ်အဝန်းကို ကိုးပေပတ်လည်ထားပြီး ဘုရားရှင်အပါအဝင် ရှင်လေးပါးပြစ်သော

www.burmeseclassic.com

ရှင်ဥပဂုတ္တရဟန္တာရဲ့ ဖြစ်စဉ်ကို အချို့က ယုံကြည်သော်လည်း အချို့က မယုံကြည်ကြောင်း သိရပါတယ်။ မည်သို့ပင်ဆိုစေ ပင်လယ်သမုဒ္ဒရာသွားသင်္ဘောသားတွေက မျက်မြင်ကိုယ်တွေ့ အသက်ဘေးမှ လွတ်ကင်းခဲ့ရပုံကို တစ်ဆင့်စကား တစ်ဆင့်ကြားသိရ၍ ရှင်ဥပဂုတ္တရဟန္တာမထေရ်မြတ်ကြီး လေးပါးကို နည်းအမျိုးမျိုးနဲ့ ပူဇော်ကန်တော့ခဲ့ကြပါတယ်။

ကျွန်ုပ် ဖြတ်သန်းခဲ့ရသော နှစ်ပေါင်း ၂၄ နှစ်မှာ မယုံနိုင်စရာတွေ ရှိခဲ့ပါတယ်။ သို့သော် ဒါကိုတော့ မဖော်





ပြတော့ပါ။ ဒါပေမယ့် သံဃာတော်ရဲ့ ဂုဏ်ကို ယုံယုံကြည်ကြည်နှင့် ပူဇော်လျှင် အကျိုးထူးမည် ဖြစ်ပါတယ်။

ကျွန်ုပ်တို့မြန်မာလူမျိုးများ အလွန်ကြည်ညိုအားထား ကိုးကွယ်သော ရှင်ဥပဂုတ္တရဟန္တာမထေရ်မြတ်ကြီးသည် ဘေးအပေါင်းကို ကာကွယ်နိုင်ခြင်း၊ စီးပွားဥစ္စာတိုးတက်နိုင်ခြင်း၊ လာဘ်လာဘများရရှိခြင်း၊ ပညာရေးအောင်မြင်ခြင်း၊ ကျန်းမာရေးကောင်းခြင်း စသော အကျိုးထူးများ ရရှိနိုင်ရန်နှင့် သနေ့ ကြုံတွေ့နိုင်သော မုန်တိုင်းဘေး၊ ရေဘေး၊ မီးဘေးတို့ကို ကာကွယ်နိုင်[...] သည်။

ဒါကြောင့် ရှင်ဥပဂုတ္တ ရဟ[...] မထေရ်မြတ်လေးပါးကို မဟာသမု[...] ရောက်အောင် ပင့်ဆောင်ပြီး ရေ[...] ပူဇော်ကြပါလို့ ပန်ကြားအပ်ပါသည်[...]

ယခုနှစ်ဖြစ်သော ၂၀၁၀ [...] ၁၃၇၉ ခုနှစ် သီတင်းကျွတ်လပြည့်[...] တွင် ဗိုလ်တထောင်စေတီတော် [...] ထောင့် ၁၅ ခန်းတွဲ မြောက်ရုံတွင် [...] ကျင်းပမည့်ပွဲကို ကြွဖြစ်အောင် [...] ကြပါလို့ ဖိတ်ခေါ်လိုက်ပါကြောင်း။

**မှတ်ချက်** ။ ဒီပွဲကြီးကို အ[...] အရာရာ ဘေးကင်းစွာ စောင့်ရှော[...] သော ပုဂ္ဂိုလ်တို့မှာ (၁) ဗိုလ်တထေ[...] ဘိုးဘိုးကြီး၊ (၂) အစ်မတော်မြန်[...] တို့ ဖြစ်ပါသည်။

**ပထမံဆရာကြီးဦးအောင်[...]**

၁၉-၂၅၁[...]



www.burmeseclassic.com

www.burmeseclassic.com



# တော်သလင်းလပြည့်
## (ဂရုဓမ္မအခါတော်နေ့)

ရှယ်လီသိန်းမောင်(စိန်မိုက်ကာယ်)

၁၃၇၁ ခုနှစ်၊ တော်သလင်းလပြည့်နေ့သည် "ဂရုဓမ္မအခါတော်နေ့" ဖြစ်ပါသည်။ ဤဂရုဓမ္မအခါတော်နေ့အား မင်္ဂလာဗျူဟာအသင်းချုပ်က ကျေးငှက်ရှင် မိတ္ထီလာမြို့ တောင်ပုလုတောရ၊ တောင်ပုလုဆရာတော်ဘုရားကြီးသည် မြန်မာနိုင်ငံအနှံ့အပြား ဂရုဓမ္မတရား၊ ငါးပါးသီလတော်ကို ကြီးပမ်းဟောကြား၍ အခြေခံသာသနာပြုလျက်ရှိသည်ကို အားရကြည်ညို့ခဲ့ရပါသည်။

သို့ဖြစ်၍ ၇-၇-၇၃ နေ့တွင် ကျေးငှက်ရှင် တောင်ပုလုဆရာတော်ကြီးအား ကမ္ဘာစောင့်တရားကြီးဖြစ်သည့် ငါးပါးသီလတော်ကြီးကို အခါတော်နေ့ကြီးတစ်နေ့ သတ်မှတ်၍ ကျင်းပပူဇော်ထိန်းသိမ်းလိုပါကြောင်းကိုကို မင်္ဂလာဗျူဟာမှ စာတမ်းတစ်စောင်ဖြင့် ဆက်ကပ်ခွင့် တောင်းဆိုခဲ့ပါသည်။ ထိုတောင်းဆိုချက်အား ကျေးငှက်ရှင် တောင်ပုလုဆရာတော်ဘုရားကြီးကလည်း ဝမ်းမြောက်စွာ သာဓုခေါ်တော်မူ၍ ကျေနပ်စွာ သဘောတူ ခွင့်ပြုတော်မူသည့်အတွက် မဟာဗျူဟာအသင်းချုပ်ကြီးက တော်သလင်းလပြည့်နေ့အဖြစ် သတ်မှတ်ခဲ့ပါသည်။

တော်သလင်းလပြည့်နေ့အား ဂရုဓမ္မနေ့ဟု သတ်မှတ်ရခြင်းမှာလည်း ဂရုဓမ္မဇာတ်တော်အရ လေ့လာပါက မိုးတွင်းကာလမှာ ဖြစ်ပေါ်ကြောင်း တွေ့ရှိရပါတယ်။ ဒါကြောင့် မိုးတွင်းကာလဖြစ်တဲ့ တော်သလင်းလမှာ အခါတော်နေ့လို့ သတ်မှတ်ရခြင်း ဖြစ်ပါတယ်။

ဂရုဓမ္မအခါတော်နေ့အကြောင်း ရေးသားပါက ဂရုဓမ္မဇာတ်တော်အား တင်ပြရမည် ဖြစ်ပါသည်။

လွန်လေပြီးသောအခါ ကုရုတိုင်း၊ ဣန္ဒပတ္တနဂိုရ်ပြည်တွင် ဓနဥ္စယကောရဗျမင်းကြီး မင်းပြုနေပါတယ်။ ဘုရားအလောင်းတော်ဟာ ထိုမင်းကြီးရဲ့ သားတော်ဖြစ်ပြီး အိမ်ရှေ့မင်းသား ဖြစ်ပါတယ်။ ခမည်းတော် နတ်ရွာစံသောအခါ မင်းအဖြစ်ကို ရရှိပြီး မင်းကျင့်တရား ဆယ်ပါးနဲ့ ဂရုဓမ္မသီလတို့ကို စောင့်ရှောက်ထိန်းသိမ်းတော်မူပါတယ်။ အလောင်းတော်မင်းမြတ်ဟာ ဂရုဓမ္မ ငါးပါးသီလကို ရိုသေစွာ စောင့်ထိန်းသကဲ့သို့ မယ်တော်ကြီး၊ မိဖုရား၊ ညီတော်အိမ်ရှေ့မင်း၊ ပုရောဟိတ်ပုဏ္ဏား၊ ကြိုးဆွဲအမတ်၊ ရထားထိန်း၊ သူဌေးကြီး၊ ပြည်စိုးအမတ်၊ တံခါးစောင့်၊ ပြည့်တန်ဆာတို့က

www.burmeseclassic.com

www.burmeseclassic.com

လည်း ဂရုဓမ္မငါးပါးသီလကို စင်ကြယ်စွာ စောင့်ထိန်းတော်မူကြပါတယ်။

မင်းကြီးနဲ့ ပေါင်းလျှင် အားလုံး ဆယ့်တစ်ဦး ရှိပါတယ်၊ မင်းကျင့်တရားနဲ့အညီ အုပ်ချုပ်ခြင်း၊ ဂရုဓမ္မသီလစောင့်ထိန်းခြင်း၊ နေ့စဉ် အလှူကြီးများ ပေးကမ်းလှူဒါန်းခြင်းတို့ကြောင့် ကုရုနှာပဉ္စာလတိုင်းပြည်သည် ဒုစရိုက်ကင်းပြီး ဆန်ရေစပါး ပေါများခြင်း၊ ဘေးရန်အန္တရာယ် ကင်းဝေးခြင်း စသည်တို့နှင့် ပြည့်စုံကာ အလွန်တိုးတက် သာယာလျက်ရှိပါတယ်။

ထိုစဉ်အခါက ကာသိတိုင်း၊ ဒန္တပုရပြည်မှာ ကလိင်္ဂမင်း ထီးနန်းစိုးပိုင်မင်းပြုလျက် ရှိပါတယ်။ ထိုတိုင်းပြည်၌ မိုးခေါင်ရေရှားပြီး ကပ်ကြီးသုံးပါး ဆိုက်ရောက်နေပါတယ်။ တိုင်းသူပြည်သားအများစုဟာ ဆင်းရဲဒုက္ခကြီးမားလှတဲ့အတွက် နန်းတော်ရင်ပြင်မှာ စုရုံးပြီး အရှင်မင်းမြတ် တရားမစောင့်တဲ့အတွက် မိုးခေါင်ရေရှားပြီး တိုင်းသူပြည်သားများ ဒုက္ခရောက်ကြရကြောင်းကို စွပ်စွဲကြပါတယ်။ ထိုအခါ မင်းကြီးက -

"အမောင်တို့ . . . ရှေးမင်းတို့သည် မိုးမရွာသော်အဘယ်သို့ ပြုကြသနည်း"

ဟု ရိုးသားစွာ မေးမြန်းပါတယ်။

"အရှင်မင်းကြီး . . . ရှေးမင်းတို့သည် အလှူပေးပြီးလျှင် သီလဆောက်တည်၍ အဓိဋ္ဌာန်ပြုလျက် ကျက်သရေတိုက်ခန်းသို့ဝင်ကာ မြေစာမြက်ခင်း၌ အိပ်ကြပါတယ်။ ထိုအချိန်တွင် မိုးရွာသွန်းဖြိုးပါတယ်"

ဟု လျှောက်ထားပါတယ်။

မင်းကြီးကလည်း တိုင်းသူပြည်သားများ ပြောသည့်အတိုင်း ပြုလုပ်ပါသော်လည်း မိုးရွာသွန်းဖြိုးခြင်း မရှိပါ၍ အမတ်တွေက ဆက်လက်ပြီး မင်းကြီးအား လျှောက်ထားပါတယ်။

"အရှင်မင်း . . . ကုရုနှာပဉ္စာလတိုင်းပြည်ဝယ် ဓနဉ္စယကောရဗျမင်း၏ အဉ္ဇနဝဏ္ဏ မည်တွင်သော မင်္ဂလာဆင်တော် ရှိပါတယ်။ ထိုဆင်တော်ကို ဆောင်ယူကုန်အံ့။ မင်္ဂလာဆင်တော် ရောက်ပါက မိုးရွာသွန်းဖြိုးပါလိမ့်မည်" ဟု တင်လျှောက်ကြပါတယ်။

မင်းကြီးလည်း အမတ်များ တင်လျှောက်သည့်အတိုင်း အဖိုးထိုက်တန်လှသော လက်ဆောင်ပဏ္ဏာများနဲ့ ပုဏ္ဏားရှစ်ယောက်ကို မင်္ဂလာဆင်တော်အား အလှူခံစေလွှတ်လိုက်ပါတော့တယ်။ ဘုရားအလောင်း ဓနဉ္စယကောရဗျမင်းကလည်း မင်္ဂလာဆင်တော်ကို ကြည်ကြည်ဖြူဖြူ လှူတော်မူလိုက်ပါတယ်။ မင်္ဂလာဆင်တော် ရောက်သွားသော်လည်း ဒန္တပုရပြည်တွင် မိုးခေါင်မြဲ ဖြစ်ပါသည်။ နောက်မှ ဂရုဓမ္မသီလရဲ့ စွမ်းရည်ကြောင့် မိုးမှန်လေမှန်နဲ့ ဆန်ရေစပါး ပေါများခြင်းဖြစ်ကြောင်း သိရတဲ့အတွက် ငါးပါးသီလလေ့လာရေးအဖွဲ့တစ်ဖွဲ့ကို ထပ်မံစေလွှတ်တော်မူပါတယ်။

အဲဒီ ဒန္တပုရပြည်မှ ငါးပါးသီလလေ့လာရေးအဖွဲ့ဟာ ကုရုနှာပဉ္စာလတိုင်းပြည်ကို သွားရောက်ကြပြီး ဘုရားအလောင်းမင်းကြီးနှင့်တကွ ဆယ့်တစ်ဦးသော ပုဂ္ဂိုလ်တို့ထံမှာ ငါးပါးသီလကို မေးမြန်းစုံစမ်း လေ့လာပြီး ရွှေပေထက်မှာ ကူးယူမှတ်သားကြပါတယ်။ ဆယ်ဦးသော ပုဂ္ဂိုလ်တို့ကလည်း ဂရုဓမ္မငါးပါးသီလကို လေစားစွာ စောင့်ထိန်းကြပုံကို သေချာစွာ သင်ကြားပြသပေးခြင်းကို မှတ်သားပြီး ကာလိင်္ဂမင်းထံ တင်ပြကြပါတယ်။

မင်းကြီးက ကျေနပ်ဝမ်းမြောက်တော်မူပြီး ကိုယ်တော်တိုင် စံပြအဖြစ် ကျင့်သုံးပြကာ တိုင်းသူပြည်သားတို့ကိုလည်း ဂရုဓမ္မငါးပါးသီလတော်ကို ရိုသေစွာ စောင့်ထိန်းကြရန် နှိုးဆော်ပါတယ်။ ဘုရင်နှင့် တိုင်းသူပြည်သားတို့ စောင့်ထိန်းတဲ့ ဂရုဓမ္မငါးပါးသီလရဲ့ စွမ်းရည်ကြောင့် ဒန္တပုရပြည်ဟာလည်း မိုးမှန်လေမှန်နဲ့ ဆန်ရေစပါး ပေါများတိုးတက်ပြီး ဒုက္ခဘေးက ကင်းဝေးခဲ့ကြပါတယ်။

ယခုအခါမှာ ကမ္ဘာနဲ့အဝန်း ထူးဆန်းသော ရောဂါကပ်ဆိုးကြီး ဆိုက်ရောက်နေသည်ကို အများအသိပင် ဖြစ်ပါတယ်။ ဒါကြောင့် မြန်မာတစ်ဝန်းလုံးရှိ ဗုဒ္ဓဘာသာဝင်တွေအားလုံးလည်း ဘာသာတရားအပေါ် ငါးပါးသီလကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြံစွာ ချည်နှောင်သုံးခြင်းဖြင့် ဘေးဆိုး ကပ်ဆိုးတို့မှ လွတ်မြောက်ပြီး လူမှုရေး၊ စီးပွားရေးအဖြာဖြာ တိုးတက်စေမည်ဖြစ်ပါကြောင်း ရေးသားတင်ပြလျက် ၁၃၇၁ ခုနှစ်၊ တော်သလင်းလပြည့်နေ့ ဂရုဓမ္မအခါတော်နေ့အား ဂုဏ်ပြုလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

(ခါးဝတ်ပုဆိုးမပြဲ၍ ပြတ်ကျခြင်းသည် တစ်ခဏတာ အရှက်ရပြီး ငါးပါးသီလ မပြည့်ပါက တစ်ဘဝတာ အရှက်ရ၍ သေလွန်ပါက ငရဲအိုးသို့ သက်ဆင်းဝင်ရောက်ရမည် ဖြစ်ပါသည်။)

### ငါးပါးသီလကဗျာ

၁။ သူ့အသက်ကို သိလျက်သားနှင့်
ဒေါသစိတ်ထား သေစေလို့။
လုံ့လပြုကာ သေအောင်သတ်တော့
ပါဏာတိပါတ် အကုသိုလ်။
လွန်ကျူးမိလျှင် တကယ်ပဲပေါ့
အပါယ်ငရဲ ကျမည်ဆို။
လွတ်လာပြန်လည်း ရောဂါစွဲ
ဆင်းရဲ အသက်တို
အဲဒါကြောင့် ပဥ္စသီလ တည်ကြပါစေလို့။

၂။ သူ့ဥစ္စာကို သိလျက်သားနှင့်
လောဘစိတ်ထား ခိုးယူလို့။
လုံ့လပြုကာ ခိုးယူပြန်က
အဒိန္နာဒါန် အကုသိုလ်။
လွန်ကျူးမိလျှင် တကယ်ပဲပေါ့
အပါယ်ငရဲ ကျမည်ဆို။
လွတ်လာပြန်လည်း ဥစ္စာမဲ့
ဆင်းရဲ ဖြစ်တိုင်းကိုယ်။
အဲဒါကြောင့် ပဥ္စသီလ တည်ကြပါစေလို့။

၃။ ရှောင်ရှားအပ်သူ မိန်းမများ၌
ရာဂစိတ်ထား ပေါင်းဖော်လို့။
လုံ့လပြုကာ ကျူးလွန်ပြုက
ကာမေသုတဲ့ အကုသိုလ်။
လွန်ကျူးမိလျှင် တကယ်ပဲပေါ့
အပါယ်ငရဲ ကျမည်ဆို။
လွတ်လာပြန်က နပုန်းမ
မိန်းမဖြစ်ရသကို။
အဲဒါကြောင့် ပဥ္စသီလ တည်ကြပါစေလို့။

၄။ မဟုတ်မမှန် တစ်ဖက်သားကို
ယွင်းချွတ်လှည့်စား မုသားဆို
အဓိပ္ပာယ်ကို ထိုသူသိ၍
အကျိုးကိုသိ အကုသိုလ်။
လွန်ကျူးမိလျှင် တကယ်ပဲပေါ့
အပါယ်ငရဲ ကျမည်ဆို။
လွတ်လာပြန်လည်း ပါးစပ်ပြဲ
သွားကျဲ နှုတ်ခမ်းတို့။
အဲဒါကြောင့် ပဥ္စသီလ တည်ကြပါစေလို့။

၅။ ယစ်မူးတတ်စွာ သေရည်များကို
မူးယစ်သောက်စား ဘိန်းရှူမို့။
ဒုစရိုက်တွေ ဖြစ်ပေါ်ကြောင်းမို့
မကောင်းစစ်စစ် အကုသိုလ်။
လွန်ကျူးမိလျှင် တကယ်ပဲပေါ့
အပါယ်ငရဲ ကျမည်ဆို။
လွတ်လာစေဦး မူးမေ့မူး
အရူး ဆက်တိုင်းကိုယ်။
အဲဒါကြောင့် ပဥ္စသီလ တည်ကြပါစေလို့။

*(မင်္ဂလာဗျူဟာအသင်းချုပ်)*

**မှတ်ချက်**

၂၀-၉-၉၉ နေ့တွင် ကျင်းပပြုလုပ်ခဲ့သော မဟာဗျူဟာအသင်းချုပ်၏ (ဗုဒ္ဓဘာသာသင်တန်း) ကိုယ်ကျင့်သီလ လုံခြုံကာ လောကီလောကုတ်ချမ်းသာရ သင်တန်းပို့ချစဉ် မှတ်စုမှ ကောက်နုတ်တင်ပြပါသည်။

*သတ္တဝါအားလုံး အသက်ထက်ဆုံး ဘေးရန်ကင်းကွာ ကျန်းမာကြပါစေ။*

***ရှယ်လီသိန်းမောင်(စိန်မိုက်ကယ်)***



www.burmeseclassic.com

www.burmeseclassic.com

# ထိုင်းနိုင်ငံ နက္ခတ္တဆရာကြီးခါသာချင်နာဘန်ချောင်း
# ၂၀၁၇ ကြက်နှစ် တစ်လချင်းဟောစာတမ်း

## စက်တင်ဘာ

● ဦးတိုး(တက္ကသိလ)

၁၂ လရာသီခွင် သတ်မှတ်ချက်မှာ အနောက်တိုင်းနှင့် မတူသဖြင့် မိမိ၏ မွေးလ၊ မွေးရက်ကို ရှာ၍ အဟောကို ဖတ်ရှုနိုင်ပါသည်။

### မကာရ ရာသီဖွား (ဆိတ်ရုပ်)
### ဇန်နဝါရီလ ၁၄ ရက် မှ ဖေဖော်ဝါရီလ ၁၃ ရက်

သင့်ဘဝသည် မထူးခြားလှသေးဘဲ သမားရိုးကျ ပုံမှန်အတိုင်း ဖြစ်နေလိမ့်မည်။ သင့်လမ်းဘက်သို့ သတင်းကောင်းများလာနေပါပြီ။ ယခုကာလသည် ညှိနှိုင်းမှုနှင့် သင့်ဘဝ အသက်မွေးဝမ်းကျောင်းမှုအတွက် ကမ်းလှမ်းလာမှုမှာ အကောင်းဆုံးအချိန်အခါ ကျရောက်လာပြီဖြစ်သည်။ လူမှုဆက်ဆံရေးတွင် ဝင်ဆံ့အောင်နေပါ။ ဝင်ငွေအများအပြားရှိပြီး သုံးဖြုန်းမှုမရှိပါက တစ်ပုံကြီးစုဆောင်းမိသည့်ဆီသို့ ဦးတည်ပေးပါလိမ့်မည်။ ချစ်မေတ္တာရေးသည်လည်း စိတ်ကျေနပ်မှု အပြည့်အဝရရှိမည်။



### ကုံရာသီဖွား (ရေထမ်းယောကျ်ားရုပ်)
### ဖေဖော်ဝါရီလ ၁၄ ရက် မှ မတ်လ ၁၃ ရက်

သင်ငြင်းဆိုတတ်အောင် နေထိုင်တတ်ပါမှ ဒုက္ခရောက်မှုမှ လွတ်ကင်းမည်။ သို့တည်းမဟုတ်လျှင် မုချဒုက္ခတွေ့မည်။ သင့်အတွက်ရော၊ အခြားသူအတွက်ပါ အများအပြား သုံးစွဲနေရလိမ့်မည်။ အချစ်ရေးကိစ္စအပါအဝင် ကံကောင်းမှု သင့်ထံရောက်လာမည် မဟုတ်ပါ။

### မိန်ရာသီဖွား (ငါးနှစ်ကောင်ရုပ်)
### မတ်လ ၁၄ ရက် မှ ဧပြီလ ၁၄ ရက်

သင့်အပေါ်သို့ အကြီးအကျယ်လွှမ်းမိုးထားကြသူများနှင့် ပဋိပက္ခမှု ကြုံတွေ့မည်။ သင်စိတ်တိုဒေါသထွက်လျှင် ဖန်တီးထားသမျှ အရာရာကို ဖျက်ဆီးခြင်းခံရတတ်သည်။ အလုပ်အကိုင်တွင်လည်း အောင်မြင်မှုကို ရရှိမည် မဟုတ်ပါ။ အများအပြားနှင့် ကြုံတွေ့ရတတ်သည်။ တစ်



www.burmeseclassic.com

www.burmeseclassic.com


ကိုယ်တည်းသမားများအနေဖြင့် မိတ်ဆွေကောင်းများဖြင့် ကြုံတွေ့ရတတ်သော်လည်း ရှေ့ဆက်ရမည့် အလားအလာ မရှိသေးပေ။

## မိဿရာသီဖွား (သိုးထီးရုပ်)
## ဧပြီလ ၁၅ ရက် မှ မေလ ၁၄ ရက်

ခရီးသွားရခြင်းသော်လည်းကောင်း၊ အလုပ်အကိုင် ပြောင်းရွှေ့ရခြင်းသော်လည်းကောင်း ကြုံတွေ့ရမည်။စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် သင့်ပိုင်နက်နယ်ပယ်ကို ချဲ့ထွင်နိုင်မည့် အခွင့်အရေးတစ်ရပ်ကို ရရှိပါလိမ့်မည်။ အတူတူအလုပ်လုပ်နေကြသူများနှင့် စီနီယာများ၏ တွန်းအားပေးထောက်ခံမှု ရရှိထားသဖြင့် သင်၏ရန်သူများမှာ သင့်အား ယှဉ်ပြိုင်နိုင်စွမ်းရှိလာမည် မဟုတ်ပေ။ တစ်ကိုယ်တည်းသမားများသည် ခရီးသွားရင်း ချစ်သူတွေ့မည်။

## ပြိဿရာသီဖွား (နွားလားဥဿဘရုပ်)
## မေလ ၁၅ ရက် မှ ဇွန်လ ၁၄ ရက်

အခြားသူများကြောင့် သင့်ကိုယ်ပိုင်အချိန် အများဆုံး ကုန်လွန်သွားမည်။ သင်တစ်ယောက်တည်းမှ တာဝန်အများအပြားကို ယူထားရမည်။ သူများ၏ မထီတရီ ပြောစကားများကို သတိထားနေပါ။ ငွေကိစ္စနှင့် ပတ်သက်၍ အခြားသူများမှ အခွင့်အရေးယူသွားတတ်သဖြင့် သတိရှိနေပါစေ။ အတွဲရှိပြီး သူများအနေဖြင့် ချောမွတ်နေပါလိမ့်မည်။ တစ်ကိုယ်တည်းသမားများမှာမူ အကြံဉာဏ်များ



ပေးရင်းအလုပ်ရှုပ်လျက် သောင်မတင် ရေမကျ ဖြစ်နေရတတ်သည်။

## မေထုန်ရာသီဖွား (အမြွှာရုပ်)
## ဇွန်လ ၁၅ ရက် မှ ဇူလိုင်လ ၁၅ ရက်

မိမိအတွက် အခိုင်အမာ ပန်းတိုင်ရောက်ရှိရေးတွင် လုပ်ငန်းခွင်၌ အပြိုင်အဆိုင်များ ရှိနေသောကြောင့် တွန်းထိုး၍ လုပ်ဆောင်နေရမည်။ သို့သော်လည်း အပြောင်းအလဲအဖြစ်ဖြင့် ဆက်တိုက်ဆိုသလို ဝင်ငွေကောင်းနေတတ်သည်။ အလေးအနက်ထားတတ်၍ အကြီးအကျယ် အကျိုးကျေးဇူးရရှိနေမည်။ တစ်ကိုယ်တည်းသမားများမှာမူ အသစ်ကလေးတစ်ဦးနှင့် ဆုံတွေ့ရဖို့ အမြဲတစေ အသင့်အနေအထားတွင် ရှိနေပေသည်။

## ကရကင့်ရာသီဖွား (ပုစွန်လုံးရုပ်)
## ဇူလိုင်လ ၁၆ ရက် မှ ဩဂုတ်လ ၁၆ ရက်

ပတ်ဝန်းကျင်မှ လူများကြောင့် စိတ်ပျက်နေရတတ်သည်။ လုပ်ငန်းခွင်အပြိုင်အဆိုင်များကြောင့် ဖက်ဖက်ကိုမော၍ သင့်မျှော်လင့်ချက်များအား ဖယ်ရှားထားသင့်ပေသည်။ နောက်မှ နောင်တမရအောင် သင်၏အပြုအမူများကို သေသေချာချာ ထိန်းချုပ်ထားပါ။ ကရုဏာသနားခြင်းဖြင့် ငွေအများအပြား ကုန်ကျသွားတတ်သည်။ အိမ်ထောင်ရှင်များ၊ အတွဲများအနေဖြင့် အလောသုံးဆယ်နိုင်လွန်းသောကြောင့် စိတ်ပျက်စရာများဖြင့် ကြုံတွေ့ရတတ်သည်။ တစ်ကိုယ်တည်းသမားများမှာမူ ချစ်မေတ္တာသက်ဝင်မှု အခွင့်ကောင်း ရရှိလာပါလိမ့်မည်။

## သိဟ်ရာသီဖွား (ခြင်္သေ့ရုပ်)
## ဩဂုတ်လ ၁၇ ရက် မှ စက်တင်ဘာလ ၁၅ ရက်

သင်၏ တီထွင်တတ်မှု၊ ဖန်တီးနိုင်စွမ်းဖြင့် သင်၏ မြင်ကွင်း ကျယ်ပြန့်လာပါလိမ့်မည်။ သင့်အလုပ်အကိုင်သည် ထူးခြားမှုရှိလာမည်။ လုပ်ဖော်ကိုင်ဖက်များနှင့် သင်၏ သူဌေးဘော့စ်၏ ယုံကြည်ကိုးစားခံရမှုအရ အကျိုးအမြတ်



www.burmeseclassic.com

www.burmeseclassic.com

ရှိလာမည်။ သင်ကိုယ်တိုင်ပျော်ရွှင်မှုများကို ရရှိရန် စုဆောင်းငွေများကို သုံးစွဲပါ။ သို့ဖြစ်၍ ယခုလို အချိန်ကောင်းရှိလာနိုင်မည် မဟုတ်တော့ပေ။ တစ်ကိုယ်တည်းသမားများအနေဖြင့် ရွေးချယ်စရာ အပိုဆောင်းများ ရှိလာပါမည်။ အိမ်ထောင်သည်များအနေဖြင့် ခပ်ပေါ့ပေါ့တန်တန်သဘောထားပြီး ရှုပ်ပွေလိုက်လျှင် နာကျင်ခံစားရတတ်သည်။

## ကန်ရာသီဖွား (အပျိုစင်ရုပ်)
## စက်တင်ဘာလ ၁၆ ရက်မှ အောက်တိုဘာလ ၁၆ ရက်

သင်လျှောက်လှမ်းရမည့် လမ်းပေါ်သို့ ရောက်သင့်နေပါပြီ။ သင်သည် မည်သူနှင့်မျှ မတွေ့ဘဲ ထွက်ပြေးနေသည် မဟုတ်ပါလား။ သင်၏လုပ်ငန်းခွင် ဝန်းကျင်သည် သက်သောင့်သက်သာ မရှိဘဲ လုပ်ဖော်ကိုင်ဖက်များဖြင့် ပဋိပက္ခဖြစ်တတ်သည်။ ငွေကို ဖြုန်းတီးခြင်းမပြုပါနှင့်၊ ထိုနည်းတူစွာ စကားကိုလည်း ဆင်ခြင်ပြောဆိုပါ။ သုံးဖြုန်းမပစ်ဘဲ စုဆောင်းနိုင်အောင်ကြိုးစားပါ။ ချစ်သူရည်းစားများ စကားများရန်ဖြစ်မည်။ တစ်ကိုယ်တည်းသမားများအနေဖြင့် တစ်ဖက်သတ်သာ ချစ်နေရဦးမည်။



## တူရာသီဖွား (ချိန်ခွင်ရုပ်)
## အောက်တိုဘာလ ၁၇ ရက် မှ နိုဝင်ဘာလ ၁၅ ရက်

မည်သည့်ရင်းနှီးမြှုပ်နှံမှုမှ မလုပ်သင့်သော ဆုံးရှုံးသော လတစ်လဖြစ်သည်။ သင့်ငွေကို အခြားသူတစ်ဦးအား မချေးမိအောင် သတိထားပါ။ သင်၏ဘဝတွင်း၌လည်းကောင်း၊ စီးပွားရေးလုပ်ငန်းခွင်ထဲသို့သော်လည်းကောင်း ပြဿနာများ လိုမ့်ဝင်လာတတ်သည်။ ဖြေသိမ့်စရာအဖြစ်ဖြင့် တရားရှာခြင်းသည်သာလျှင် ကောင်းသော အကြံဉာဏ် ဖြစ်ပါလိမ့်မည်။

## ပြိဿာရာသီဖွား (ကင်းမြီးကောက်ရုပ်)
## နိုဝင်ဘာလ ၁၆ ရက် မှ ဒီဇင်ဘာလ ၁၄ ရက်

ကွဲပြားနေသည့် သင့်အယူအဆကြောင့် သင့်အထက်အရာရှိများဖြင့် စကားများရတတ်သည်။ အလုပ်နှင့် စပ်လျဉ်း၍ ခရီးအများအပြား သွားနေရမည်။ သို့သော်လည်း ငွေကြေးနှင့်ပတ်သက်၍ သတင်းကောင်းများ ရရှိမည်။ အချစ်ရေးတွင် ကောင်းသောနေ့၊ ဆိုးသောနေ့များ ရှိသည်။ တစ်ကိုယ်တည်းသမားများအဖို့ မမျှော်လင့်ဘဲနှင့် ချစ်သူတွေ့မည်။

## ဓနုရာသီဖွား (လေးစွဲယောက်ျားရုပ်)
## ဒီဇင်ဘာလ ၁၅ ရက် မှ ဇန်နဝါရီလ ၁၃ ရက်

သင်လုပ်ကိုင်နေရသည့် ကိစ္စသည် အမှန်တကယ် သင်ဖြစ်စေချင်သော အလုပ်မဟုတ်ပေ။ စိတ်ရှုပ်ထွေးနေ၍ဖြစ်မည်။ မည်သစ်သည်ကမှန်ကန်ကြောင်း သင် ကိုယ်တိုင် အသားကျအောင် ပြန်လည်လုပ်ကိုင်ရမည်ဖြစ်သည်။ အလုပ်အကိုင် ပြောင်းရွှေ့ရလိမ့်မည်။ တစ်ဦးတည်း မလုပ်ကိုင်သင့်။ ပိုမိုကျွမ်းကျင်သောသူများ၏ အကူအညီကို ရယူသင့်သည်။ တတိယ ကြားလူ ဝင်လာမည်ကို သတိထားပါ။

**ဦးတိုး(တက္ကသိုလ်)**

***Reference:***

**2017: A Year to crow about? by Khathi Chinnabanchorn.**



www.burmeseclassic.com

www.burmeseclassic.com

# ပြည်တွင်းပြည်ပ ဝိညာဉ်လောက ယုံကြည်ချက်များ

လှတိုး(စိတ်ပညာ)

### E.S.P ခေါ် ထူးခြားအာရုံအကြောင်း ပြန်လည်သုံးသပ်ချက်များ

၁၈၈၇ ခုနှစ်တွင် ဗြိတိသျှ စိတ်ပိုင်းဆိုင်ရာ (နာမ်) လေ့လာသုတေသနပြုရေးအသင်းကို အင်္ဂလန်နိုင်ငံတွင် တောင်တည်ထောင်ခဲ့သည်။ ထိုအချိန်မှစ၍ အနောက်နိုင်ငံများတွင် ESP (Extra-Sensory Perception) ထူးခြားသော အာရုံခံစားမှုကို သိပ္ပံနည်းကျ လေ့လာမှုများ ပြုလုပ်ခဲ့ကြသည်။ ယင်းမှာ စိတ်အာရုံချင်း ဆက်သွယ်မှုနှင့် အခြားထူးခြားသော မနောအာရုံ၊ အကြားအမြင် စသည်တို့နှင့် ဆက်သွယ်မှုရှိသည်။ အသင်းကို တည်ထောင်သူများသည် ထင်ရှားကျော်ကြားသည့် ပုဂ္ဂိုလ်များဖြစ်သည်။ ထိုပုဂ္ဂိုလ်တို့၏ အဓိကရည်ရွယ်ချက်မှာ ပုံမှန်အတိုင်း သိရှိမှုနယ်ပယ်ကိုကျော်လွန်ပြီး သိမြင်နေသည့် လူတို့၏ မနောအာရုံကို လေ့လာရန်ဖြစ်သည်။ သဘာဝထက်လွန်ကဲသည့် ထူးဆန်းသော ဖြစ်ရပ်များကို လေ့လာရန်မဟုတ်။ ယခုအခါ [illegible]ကျပြီး ရှေးရိုးဆန်သည့် သိပ္ပံပညာရှင်များက ကန့်ကွက်နေသည့်ကြားမှ Parapsychology မှာ အမေရိကန်ပြည်ထောင်စုနှင့် အနောက်နိုင်ငံများတွင် များစွာ ပြန့်နှံ့နေပြီဖြစ်သည်။ အမေရိကန်ပြည်ထောင်စုနှင့် ဥရောပနိုင်ငံများတွင် ထိုသို့အထူးအဆန်းဖြစ်ရပ်များကို လေ့လာသည့် အသင်းများ အမြောက်အမြား ပေါ်ပေါက်နေပြီဖြစ်သည်။ တက္ကသိုလ်များတွင်လည်း အလားတူ လူသား၏ စိတ်အာရုံ နယ်ပယ်ကို လေ့လာမှုများ ပြုလုပ်နေကြပြီ ဖြစ်သည်။

အခြားသိပ္ပံပညာရပ်များ အဆင့်အတန်းနှင့် နှိုင်းစာသော် Parapsychology ၏ အခြေအနေမှာ အလွန်နုနယ်နေသေးသည်။ လူအများ၏ ယုံကြည်အားပေးမှုလည်း [illegible]နေပါသေးသည်။ သိပ္ပံပညာရှင်အများအပြားတို့ [illegible]ည်း မလိုလားကြသေးချေ။ အချို့သော စိတ်အာရုံဖြင့် သိမြင်မှု အဖြစ်ဆန်းများသည် လက်တွေ့ စမ်းသပ်လေ့လာမှု မဖြစ်နိုင်ကြ။ သို့ရာတွင် ယထာဘူတကျလှသည့် လေ့လာမေးမြန်းသူတို့၏ လေ့လာပုံနည်းစနစ်၊ စုဆောင်းရရှိထားသော အကြောင်းအရာ အချက်အလက်များက လူအများအား နှစ်ခြိုက်စေနိုင်ပေလိမ့်မည်။

အယုံအကြည်ကင်းမဲ့သူများက မူစိတ်ပိုင်းဆိုင်ရာ (နာမ်)လေ့လာသုတေသနပြုမှုကို ပြက်ရယ်ပြုနေကြဦးမည် ဖြစ်သည်။ ယင်းတို့၏ သဘောထား ပြောင်းလဲလာရန်မှာလည်း မလွယ်ချေ။ ထိုသို့ဖြစ်ရခြင်းမှာလည်း ထိုသူတို့နှင့် အကျွမ်းဝင်သိရှိပြီး ယုံကြည်ပြီးဖြစ်သည့် အကြောင်းအရာတို့မှအပ အခြားမည်သည့်အထူးအဆန်း အကြောင်းအရာကိုမျှ မယုံကြည်ကြခြင်းကြောင့် ဖြစ်သည်။

ရိုးရိုးသားသား အမှန်တရားကို သိရှိလိုသူများအတွက်မူ စိတ်ပိုင်းဆိုင်ရာ လေ့လာမှု (နာမ်) စာအုပ်စာတမ်း၊ ဂျာနယ် စသည်တို့က များစွာ အထောက်အကူပြုနိုင်မည်ဖြစ်သည်။ ထိုပုဂ္ဂိုလ်များအနေဖြင့် ကောင်းစွာသိနားလည်ခြင်း မရှိသည့်တိုင် အမှားအမှန်ကို ဆုံးဖြတ်ကြဦးမည်မဟုတ်။ သို့ရာတွင် စိတ်ပိုင်း(နာမ်)ဆိုင်ရာ လေ့လာမှုဘာသာရပ်အပေါ် စိတ်ဝင်စား လက်ခံနေကြဦးမည်ဖြစ်သည်။ ပညာတတ်ပုဂ္ဂိုလ်များအတွက်မူ Parapsychology တို့ စုဆောင်းရရှိထားသော အကြောင်းအရာ အချက်အလက်များ၊ ဓာတ်ခွဲခန်းအတွင်း လက်တွေ့စမ်းသပ်ချက်များကြောင့် စိတ်အာရုံချင်းဆက်သွယ်မှု၊ ကြိုတင်သိရှိနိုင်စွမ်းရှိမှု၊ ခန္ဓာကိုယ်နာမ် (စိတ်အာရုံ) ခွာထွက်မှု (Out-of-body experience of Astral Projection) နှင့် အခြားစိတ်အာရုံပိုင်းဆိုင်ရာ ထူးဆန်းမှုများအပေါ် သံသယရှိကြတော့မည် မဟုတ်ပေ။

ထိုသို့ဖြင့် စိတ်အာရုံချင်း ဆက်သွယ်မှုနှင့် ပတ်သက်၍ နာမည်ကျော် ဗြိတိသျှ စိတ်ပညာရှင်ကြီးတစ်ဦးက



www.burmeseclassic.com

www.burmeseclassic.com

အောက်ပါအတိုင်း ပြောကြားခဲ့သည်။

"တက္ကသိုလ်များမှ ဌာနပေါင်းသုံးဆယ်ခန့်နှင့် သိပ္ပံပညာရှင် အမြောက်အမြားတို့သည် ကြီးမားလှသည့် အင်အားစုကြီးတစ်ရပ် ဖြစ်သည်။ သို့ရာတွင် စိတ်ပိုင်းဆိုင်ရာ သုတေသနပညာရှင်များ၏ ဖော်ထုတ်တွေ့ရှိချက်များကို ဆန့်ကျင်ခဲ့ကြသော ထိုအင်အားစုကြီးမှ အချို့သော ပုဂ္ဂိုလ်များသည် တရားမျှတသော အဆုံးအဖြတ်ပေးပြီး ကောက်ချက်တစ်ရပ်ကိုသာ ချမှတ်ကြရတော့မည် ဖြစ်သည်။ ယင်းကား ''အခြားသူများ၏ စိတ်သဘောထားကို သိနိုင်သည့် စိတ်အာရုံမျိုးရှိသူ၊ ပြင်ပ ပရလောကအကြောင်း သိရှိနေသူ လူအနည်းငယ်ရှိသည်''ဟူသော ကောက်ချက်ပင်ဖြစ်သည်။ ယခုအခါ Parapsychology သည် ကြံဆတွေးယူထားသည့် (အနုမာန) အယူအဆကို အခြေခံထားခြင်း မဟုတ်တော့။ အကြောင်းအချက် ဖြစ်ရပ်၊ ဖြစ်စဉ်များကို အခြေခံထားလျက် ရှိသည်။ သိပ္ပံနည်းကျ သုတေသနလုပ်ငန်းများတွင် ယင်းသို့ ကြံဆမှုနှင့် သီဝရီ (Theory) များမှာ မရှိမဖြစ် လိုအပ်ပေသည်။

သို့ရာတွင် မည်သို့သော အသုံးဝင်သည့် ကိစ္စရပ်မျိုးတွင်မဆို သိရှိထားရန်အတွက် အကြောင်းအချက် မြောက်မြားစွာလိုအပ်သည်။ ESP နှင့် ပတ်သက်၍ အနည်းငယ်မျှသာ သိရသေးသည်။ သို့ရာတွင် မိမိတို့၏ သမားရိုးကျ အယူအဆများ၊ သီဝရီများအရ ရှင်းလင်းဖော်ပြခြင်း မပြုနိုင်သေးသော စိတ်အာရုံပိုင်းဆိုင်ရာ အထူးအဆန်းများ ရှိနိုင်ပေသေးသည်။ Parapsychology များသည် အချက်အလက်အကြောင်းအရာ အမြောက်အမြားကို စုဆောင်းထားရှိကြပြီးဖြစ်သည်။ သို့ရာတွင် ယင်းအကြောင်းအချက်များကို စုစုစည်းစည်းဖြင့် တညီတညွတ်တည်း ဖြစ်ရန် လိုအပ်နေသေးသည်။ အထီးကျန် ဖြစ်နေသည့် အချက်အလက်များသည် သိပ္ပံပညာ၏ အဝန်းအဝိုင်းအတွင်း ပါဝင်နိုင်ခြင်းမရှိသေး။ ထို့ကြောင့် Parapsychology သည် နိုင်ဟသည့်အကြောင်း အချက်များကို ဆက်လက်စုဆောင်းရဦးမည်ဖြစ်သည်။ သို့မှသာ Hypotheses တစ်ခုအဖြစ် ပြုစုနိုင်မည်ဖြစ်သည်။

Parapsychologist စိတ်နယ်လွန်ပညာရှင်များသည် တစ်စုံတစ်ရာသော အထူးအဆန်းစိတ်(မနော) အာရုံနှင့် ပတ်သက်၍ သံသယမရှိကြတော့ချေ။ သို့ရာတွင် ယခုအချိန်မျိုး၌ ယင်းတို့၏ သဘောထားအယူအဆနှင့် ပတ်သက်၍ သဘောတူညီမှု၊ လက်ခံသဘောပေါက်မှုရရှိ မမျှော်လင့်နိုင်ကြသေးချေ။ Parapsychology အချင်းချင်း တို့ပင်လျှင် ယင်းသို့ တင်ပြထားသော "ဝိညာဉ်ပူးလျက် ဟောပြောသူ''၏ အနက်အဓိပ္ပာယ်နှင့် ပတ်သက်၍ သဘောချင်းတိုက်ဆိုင်မှု မရှိကြသေး။ ယင်းမှာ တမလွန် ဘဝနှင့် ပတ်သက်၍ နှစ်ကာလပေါင်းများစွာကပင် ယုံ ကြည်သက်ဝင်လာခဲ့သည့် အကြောင်းအရာဖြစ်သည်။ တွေ့ ဆုံမေးမြန်းခဲ့သူ အချို့၏ အဆိုအရ ဝိညာဉ်ပူးလျက်ဟော ပြောသူ၊ သို့မဟုတ် အကြားအမြင်နှင့် မနောအာရုံရသူ တစ်ဦးသည် သေဆုံးပြီးသူ တစ်ဦးအကြောင်း အံ့ဩ လောက်အောင် ပြောပြနိုင်သည်။ အသက်ရှင်ကျန်ရစ်သူတို့ အတွက်လည်း အသုံးဝင်သည့်အကြောင်းများ ပါရှိသည်။ ထို့ကြောင့် ထိုသူများသည် သေဆုံးသူများနှင့် ဆက်သွယ် နိုင်သည် ဆိုခြင်းမှာ ထင်ရှားသည်ဟု မှတ်ချက်ချကြသည်။ သို့ရာတွင် အခြားပုဂ္ဂိုလ်များ၏ "သေဆုံးပြီးသူ၏ ကိုယ်စား လှယ်ဟူသော သီဝရီအယူအဆကို လက်မခံကြ။ ဝိညာဉ် ပူးပြီးဟောသူ၊ အကြားအမြင်ရသူ၊ သို့မဟုတ် "နတ်ဝင် သည်''သည် စိတ်အာရုံထူးဆန်းမှု ထူးခြားမှုရှိသူတစ်ဦးသာ ဖြစ်သည်ဟု ဆိုကြသည်။

Parapsychologist ပရစိတ်ပညာရှင် အချင်းချင်း သဘောကွဲလွဲကြလျှင် ယင်းသဘောကွဲလွဲသည့် ပုဂ္ဂိုလ်များ ကြောင့် လူအများက ပရလောက၊ ဂမ္ဘီရလောကနှင့် ပတ် သက်၍ ယုံကြည်ထားသည်များကိုလည်း ယုံကြည်ကြတော့ မည် မဟုတ်ချေ။ သာမန်လူများ၏ အမြင်တွင် တစ္ဆေများ သည် သေဆုံးသူများ၏ ဝိညာဉ်အစစ်အမှန်ပင် ဖြစ်သည်။ Parapsychologist တို့အမြင်တွင် စိတ်အာရုံတွင် ထင် ယောင်ထင်မှား ဖြစ်ရာမှ ပေါ်ထွက်လာသည့် အကြောင်း အရာများပင် ဖြစ်သည်။ အိမ်ခေါင်မိုးပေါ်သို့ ကျောက်ခဲများ အလိုအလျောက် ကျလာခြင်း၊ အဝတ်အထည်များ အလို အလျောက် မီးစွဲလောင်ခြင်းတို့မှာ သာမန်အားဖြင့် သိနား လည်ရန် ခက်ခဲသော ဖြစ်ရပ်များပင် ဖြစ်သည်။ ဗမာ (မြန်မာ)လူမျိုးများကမူ ယင်းကို "ပုဏ္ဏကတိုက်သည်''ဟု ဆိုကြမည်ဖြစ်သည်။ ယင်းကို Parapsychologist များ က အသံပြု၍ တစ္ဆေခြောက်ခြင်းဖြစ်သည်ဟု ဆိုကြသည်။

ESP ၏ သဘောသဘာဝနှင့် ပတ်သက်၍ လူ အများ ယုံကြည်လက်ခံထားသည်များမှာ စိတ်ပိုင်း(နာမ်) ဆိုင်ရာ လေ့လာတွေ့ရှိချက်များနှင့် ကိုက်ညီခြင်းမရှိ။ ...



www.burmeseclassic.com

www.burmeseclassic.com

ယခင်အခါကပင် ESP သည် လူသားတို့၏ ဘာသာရေးဆိုင်ရာ သိနားလည်မှုဆိုင်ရာ အယူအဆ၊ သဘောထားအမြင်ပင် ဖြစ်သည်။ ယခုအခါ စိတ်ပိုင်း (နာမ်)ဆိုင်ရာလေ့လာမှုက ယင်းအပေါ်တွင် သိပ္ပံပညာဖြင့် ဖိအားပေးထားသည်။ သို့ရာတွင် ESP ယုံကြည်သူများအဖို့ ယင်းမှာ ပြန်လည် စဉ်းစားသုံးသပ်ရမည့်အချက် (Second Thoughts) ပင် ဖြစ်ပေလိမ့်မည်။ ထိုသို့ဖြစ်လာရန်အတွက် ယင်းတို့သည် Parapsychology နှင့် ပတ်သက်သည့် ဂျာနယ်မဂ္ဂဇင်းများကို အသေအချာဖတ်ရှုရန် လိုအပ်ပေသည်။

အစတွင် ESP ကို ကောင်းစွာ မသိကြပေ။ စိတ်၏ အဓိကကျမှုကို အထောက်အထား မပြနိုင်ကြ။ ယင်း၏ အမှန်တရားကို အထောက်အထားပြရန်အတွက် စိတ်၏ အဓိကကျမှုနှင့် စိတ်ကူးယဉ်ဆန်လှသော ဘဝအမြင်ကို လက်ခံရန်အတွက် အခြေခံများ မရှိ။ ၁၉ ရာစုနှစ်ကို လွှမ်းမိုးထားသည့် စက်ယန္တရားဆန်လှသည့် ရုပ်ဝါဒ (Mechanistie Materialism)အဖို့ ESP ၏ အစစ်အမှန်အဖြစ်မှန်များမှာ လိမ်ညာမှုများသာဖြစ်ခဲ့သည်။ စိတ်နှင့်ရုပ် မည်သည်က ပို၍အရေးပါမှုအပေါ် အငြင်းပွားမှုကိုလည်း ဖြေရှင်းခြင်း မပြုနိုင်ခဲ့ကြ။ အမှန်တွင် နှစ်ကာလကြာမြင့်ပြီဖြစ်သည့် ESP ပြဿနာမှာ ဒဿနိက ဗေဒပညာရပ်နှင့်သာ သက်ဆိုင်သည်။ သိပ္ပံနည်းကျလေ့လာစမ်းသပ်မှုကို ခွင့်မပေးခဲ့ချေ။

နောက်တစ်ချက် စဉ်းစားရန်မှာလူပေါင်း မည်မျှ ESP အစွမ်းရှိကြသနည်းဟူသော အချက်ပင် ဖြစ်သည်။ ယခုအခါ ထိုပုဂ္ဂိုလ်မျိုးမှာ အလွန်ရှားပါးလှသေးသည်။ ကမ္ဘာ့ လူဦးရေနှင့် နှိုင်းစာလျှင် မပြောပလောက်အောင်ပင် နည်းပါးလှသော ESP စွမ်းရည်ရှိသူ ဦးရေ၏ အခြေအနေကြောင့် အနာဂတ်လူသားများအဖို့ မျှော်လင့်ချက်ကင်းစရာ မရှိ။ အချို့ကလည်း လူအများအပြားတို့က ESP စွမ်းရည်ရှိနေသည်ဟု ဆိုကြပေလိမ့်မည်။ အမှန်တွင် ESP စွမ်းရည်သည် ပါရမီရှင်များသာ ဖြစ်နိုင်သည်။ လေ့ကျင့်မှု၊ အပြင်းအထန်ကြိုးစားလုပ်ဆောင်ရုံမျှဖြင့် ဖြစ်နိုင်ရရှိနိုင်သော စွမ်းပကားမျိုး မဟုတ်ချေ။

သို့ရာတွင် လူအများအပြားတို့က စိတ်တန်ခိုးကို လေ့ကျင့်ပြီး ရရှိနိုင်သည်ဟု ယုံကြည်ထားကြသည်။ ယင်းမှာ အခြေအမြစ်မရှိ။ ဥပမာ နာမည်ကျော် အကြားအမြင်ရသူ ပုဂ္ဂိုလ်ကြီးများဖြစ်ကြသည့် မစ္စက်ပိုက်ပါ၊ အက်ဂါကေးစီတို့သည် ထူးခြားလှသည့် အကြားအမြင်ကို အလိုအလျောက် ရရှိလာကြခြင်း ဖြစ်သည်။

အိန္ဒိယနိုင်ငံသည် အံ့သြဖွယ်ကောင်းသည့် ယောဂီကြီးများ ဆွာမိနှင့် ဆာဒူးကြီးများ စသည်တို့ကို တွေ့ရှိနိုင်ရာ ဒေသဖြစ်သည်။ အိန္ဒိယသူတော်စင်များသည် အလေးအနက် လေ့ကျင့်မှုကြောင့် ထူးဆန်းလှသည့် တန်ခိုးဣဒ္ဓိများရရှိကြသည်ဟု ယုံကြည်ထားကြသည်။ ရှေးဟောင်းယောဂကျမ်းစာအုပ်များတွင် တန်ခိုးဣဒ္ဓိများရရှိရန် အသေးစိတ်ညွှန်ကြားချက်များ ဖော်ပြထားသည်။ ယခုအခါ ယောဂအကျင့်သုတေသနဌာနများပင် ဖွင့်လှစ်ထားပြီး အိန္ဒိယအစိုးရက ငွေကြေးထောက်ပံ့မှုများ ပေးထားသည်။ ယောဂအကျင့်နှင့် ပတ်သက်၍ ကျွမ်းကျင်သူများက ဦးဆောင်ဦးရွက်ပြုကြသည်။

ဗြိတိသျှစာရေးဆရာကြီး အာသာကိုအက်စတလာသည် ၁၉၅၈ ခုနှစ်တွင် အိန္ဒိယသို့ ရောက်ခဲ့သည်။ သူသည် ဂမ္ဘီရပညာနှင့် ပတ်သက်၍ မမှန်ကန်သည့်အကြောင်း အထောက်အထားတစ်ခုမျှ ယောဂအကျင့် ကျင့်သူများထံမှ မရရှိခဲ့။ ကိုအက်စတလာသည် ယောဂအကျင့်ကျင့်သူ လေးဆယ်ခန့်တို့ကို တွေ့ဆုံမေးမြန်းခဲ့သည်။ ထိုသူများမှာ ယောဂအကျင့်ကျင့်သည့်သက်တမ်းကာလ ရက်သတ္တပတ်သုံးပတ်မှ ၁၂ နှစ်ခန့်အထိ ရှိသူများ ဖြစ်ကြသည်။ ထိုယောဂအကျင့် ကျင့်သူများက မိမိတို့တွင် “ဂမ္ဘီရ” တန်ခိုးများ မရှိကြောင်း ဝန်ခံကြသည်။ သို့ရာတွင် ‘စိတ်စွမ်းအင်’ များလည်း ကောင်းမွန်ရရှိကြသည်။ ဖွဲ့ကောင်းကောင်းဖြင့် ခံနိုင်ရည်ရှိလာကြသည်ဟု ဆိုကြသည်။

အရှေ့နိုင်ငံများတွင် သဘာဝထက် လွန်ကဲသော စွမ်းအင်များ (တန်ခိုး)ရရှိရန်အတွက် စိတ်၏ စင်ကြယ်မှု မရှိမဖြစ် လိုအပ်ကြောင်း ယုံကြည်ထားကြသည်။ သို့ရာတွင် အနောက်နိုင်ငံများမှ စိတ်ပညာရှင်၊ ဝိညာဉ်ပူးသူ၊ ဓာတ်စီးသူများ၏ ဘဝကို လေ့လာကြည့်ရာ စိတ်ဓာတ်စင်ကြယ်သူ (ကိုယ်ကျင့်တရားကောင်းမွန်မှု)နှင့် ဂမ္ဘီရပညာတို့ကို အပြန်အလှန် မလွဲကေန် ဆက်နွယ်မှုမရှိကြောင်း တွေ့ရသည်။ အချို့သော နာမည်ကျော် အကြားအမြင်ရသူများဖြစ်ကြသည့် အက်ဂါကေးစီနှင့် ဂျင်းဒစ်ဆင်တို့၏ ကိုယ်ကျင့်တရားမှာ အလွန်ကောင်းမွန်ကြသည်။ သို့ရာတွင် ထိုပုဂ္ဂိုလ်များမှာ ခြွင်းချက်အဖြစ် ထားရမည့်သူများ ဖြစ်



www.burmeseclassic.com

www.burmeseclassic.com

သည်။ သို့ရာတွင် ဝိညာဉ်လောကနှင့် ဆက်သွယ်နိုင်ပြီး ဟောပြောနိုင်သူ (Psychie) အများစုမှာ ကိုယ်ကျင့်တရားအရ သာမန်လူများထက် သာလွန်ခြင်း မရှိကြချေ။ ထို့မျှသာမက အချို့သော နာမည်ကျော် Mediumsy များ၊ ဥပမာ အီတလီလူမျိုး နာမည်ကျော် Medium တစ်ဦးဖြစ်သူ ယူဆာပီယာပေါ်လာဒီနိုကဲ့သို့သော ပုဂ္ဂိုလ်များသည် မိမိတို့ထံ လာရောက်မေးမြန်းသူများ၏ အလိုဆန္ဒနှင့်အညီဖြစ်စေရန်အတွက် မိမိတို့၏ ဂမ္ဘီရပညာကို အားကိုးအားထားမပြုနိုင်တော့သည့်အခါတွင် လိမ်လည်လှည့်ဖျားလိုက်ရသည်။ ထိုသို့ လိမ်လည်လှည့်ဖျားလိုက်ရသည်ကိုလည်း စိတ်အနှောင့်အယှက် မဖြစ်ကြချေ။ မြန်မာဗုဒ္ဓဘာသာတို့၏ အမြင်တွင် မကောင်းသော ဒုစရိုက်ဆိုးများ ကင်းစင်ပြီးဖြစ်သည့် အရိယာသူတော်စင်များ၏ အမှတ်လက္ခာမှာ အံ့ဖွယ်တန်ခိုးဣဒ္ဓိများ ပြနိုင်ခြင်းပင် ဖြစ်သည်။

ESP နှင့် ပတ်သက်၍ အခြားရေပန်းစားသည့် ဆိုရိုးစကားတစ်ခုမှာ ယင်း၏ အစွမ်းဖြင့် စကြဝဠာ၏ လျှို့ဝှက်ချက်များကို ဖော်ထုတ်နိုင်မည်ဟူ၍ ဖြစ်၏။ ပါရမီရှင်ပုဂ္ဂိုလ်ထူးများကို ကြည်ညိုလေးစားကြခြင်းမှာ ထိုပုဂ္ဂိုလ်များ၏ မြင့်မားမြင့်မြတ်လှသော အစွမ်းတို့ကြောင့်ဖြစ်သည်။

သို့ရာတွင် ယင်းသို့သော အခြေခံမှာ စွမ်းရည်တန်ခိုးထူးများ ရှိသည်ဟုဆိုကာ လေးစားခြင်းခံရသော Medium တစ်ဦးအတွက် အလုမ်းကွာဝေးလှသည်။ Medium တစ်ဦး သို့မဟုတ် အခြား Psychi (နတ်ဝင်သည်) (ဝါ) (စိတ်စွမ်းအင်ပညာရှင်) တစ်ဦးသည် မိမိ၏ အကြားအမြင်အပေါ် မှီခိုအားထားလျက် လူ့ဘဝ၏ ဗဟုသုတအသိပညာနှင့် စကြဝဠာကြီးအကြောင်း သိနားလည်နိုင်မည်မဟုတ်ချေ။ သတိလစ်နေချိန်တွင် အမှန်တကယ် ပါရမီထူးသူ Medium တစ်ဦးသည် သေဆုံးပြီးသူတစ်ဦး၏ လျှို့ဝှက်ချက်များကို ပြောပြနိုင်ပေလိမ့်မည်။ ယင်းလျှို့ဝှက်ချက်များမှာ အသက်ရှင်ကျန်ရစ်သူများ မည်သည့်နည်းနှင့်မျှ မသိနိုင်သော အကြောင်းများ ဖြစ်သည်။ သို့ရာတွင် အခြားအကြောင်းအရာများနှင့် ပတ်သက်၍ ပြောကြားချက်များကား အသေးအဖွဲများသာဖြစ်သည်။ သာမန်အကြောင်းအရာများသာ ဖြစ်သည်။

အင်္ဂလိပ်သိပ္ပံပညာရှင်ကြီး သောမတ်အိတ်ချ်၊ ဟပ်က်လေက အောက်ပါအတိုင်း ရေးသားဖော်ပြခဲ့ဖူးသည်။

"ဝိညာဉ်ပူးလျက်ဟောပြောခြင်း၊ အကြားအမြင်ရခြင်းတို့သည် ပါရမီထူးခြားချက်တစ်ရပ် ဖြစ်သည်ဟု ဆိုလျှင် ကျွန်ုပ်ကို စိတ်ဝင်စားကြမည် မဟုတ်။ ထို့အတူ အကယ်၍ တစ်စုံတစ်ယောက်က အဘွားအိုတစ်ဦးနှင့် အနီးအနား ဘုရားရှိခိုးကျောင်းမှ ဘုန်းတော်ကြီးတို့ စကားပြောဆိုနေကြသည်ကို နားထောင်ရန် ကျွန်ုပ်အား ပြောကြားခဲ့လျှင်လည်း ယင်းအခွင့်အရေးကို ကျွန်ုပ်လက်မခံ။ ထိုသို့ နားထောင်ခြင်းထက် စိတ်ဝိညာဉ်ဝါဒ (Spiritualism) ဟူသည် မိမိကိုယ်မိမိ သေကြောင်းကြံစည်မှုမပြုအပ်ကြောင်း ထပ်လောင်းဆွေးနွေးမှု ဖြစ်သည်ဟူသော ရှင်းလင်းတင်ပြချက်ကို လေ့လာရသည်က ပိုကောင်းပေလိမ့်မည်။ နတ်ပွဲ(ဝိညာဉ်ပူးဟောပြောပွဲ)အတွက် ငှားရမ်းထားသော နတ်ဝင်သည်(Medium) တစ်ဦးနှင့် ရောက်တတ်ရာရာ ပြောနေရသည်က ပိုကောင်းသည်"

ဝိညာဉ်ပိုင်းဆိုင်ရာ လေ့လာမှုအရ စုဆောင်းထားရှိသည့် တမလွန်ဘဝနှင့် ပတ်သက်သော အထောက်အထားများသည် ယုံကြည်လောက်သည်ဟုဆိုနိုင်သည်။ သို့ရာတွင် လူတစ်ယောက်သည် သေပြီးသည့်နောက်တွင် (ဝိညာဉ်) ကျန်ရှိနေသေးသည်ဟုဆိုလျှင် ထိုသူ၏ အသိဉာဏ်ပိုရှိလာမည်ဟု မဆိုနိုင်။ ပိုမိုအဆင့်မြင့်မားစွာဖြင့် အကြားအမြင်ရမည်ဟု မဆိုနိုင်။

စိတ်ဝိညာဉ်သုတေသနလုပ်ငန်းကို ရှေးဦးစွာ ပြုလုပ်ခဲ့သူတစ်ဦးဖြစ်သည့် ပညာရှင်ကြီး မစ္စတာ "F.W.H မိုင်းယာစ်" ကွယ်လွန်ပြီးသည့်နောက် Medium မှတစ်ဆင့် သူ့အကြောင်း သူ့သူငယ်ချင်းများအား ပြောပြခဲ့ဖူးသည်။ မစ္စတာမိုင်းယာစ်၏အဆိုအရ တမလွန်လောက၏အကြောင်းများစွာကို သူမသိနိုင်။ ကမ္ဘာလောကအတွင်းက အရှုပ်အထွေးများနှင့် ပတ်သက်၍ အခက်အခဲများစွာ ပြဿနာများစွာ ရင်ဆိုင်နေရဆဲဖြစ်သည်ဟု ဆိုလေသည်။

အခြားသုတေသနပညာရှင် တစ်ဦးဖြစ်သူ အက်ဒမန်းဂါးနေး၏ ဝိညာဉ်ကလည်း သူ့စိတ်၊ သူ့အတွေးများနှင့် မိတ်ဆွေဟောင်းများ၏ စိတ်၊ အတွေးများကို ဆက်သွယ်မှုမပြုနိုင်ကြောင်း ဝန်ခံခဲ့သည်။ သူ၏ မသိနားမလည်မှု အတိုင်းအတာနှင့် ယှဉ်လိုက်လျှင် သူသိနားလည်ထားသည်မှာ နည်းပါးလှသေးသည်ဟု ဆိုလေသည်။

သေပြီးသူ၏ ဝိညာဉ်သည် တမလွန်လောကအကြောင်း အနည်းငယ်သာပြောပြနိုင်သည်။ ကျွန်ုပ်တို့အတွက် အထူးအဆန်းဖြစ်နသည့် အကြောင်းအရာများ



www.burmeseclassic.com

www.burmeseclassic.com

နှင့် ပတ်သက်၍ သူတို့အချင်းချင်းလည်း သဘောတူညီမှု မရှိ။ ဥပမာအားဖြင့် လူဝင်စားနှင့် ပတ်သက်၍ သူတို့အချင်းချင်း သဘောကွဲလွဲမှု ရှိနေကြသည်။

နာမည်ကျော် သိပ္ပံပညာရှင်ကြီး တစ်ဦးလည်းဖြစ်ပြီး စိတ်၊ ဝိညာဉ်အကြောင်း ရှေးဦးစွာ သုတေသနပြုခဲ့သူ နာမည်ကျော် ရူပဗေဒပညာရှင်ကြီး ဆာလော်လီဗာလော့ချ်သည် ကွယ်လွန်ပြီးသည့်နောက် လေးနှစ်အကြာတွင် Medium မှတစ်ဆင့် အောက်ပါအတိုင်း ပြောကြားခဲ့သည်။

"ကျွန်ုပ်တင်ပြလိုသည့် အကြောင်းအချက်များ၊ ကောက်ချက်ချမှတ်ချက်များပြောပြရန် အချိန်အတော်ကြာမျှ ဆိုင်းငံ့ထားရဦးမည်။ ဝိညာဉ်(Body) သည် အခြားလောကဘဝနှင့် လိုက်လျောညီထွေမဖြစ်နိုင်သေး။ Personality တွင် အတွေ့အကြုံအမျိုးမျိုးရှိရန်လိုအပ်သည်။ ယင်းတို့၏ အကျိုးကျေးဇူးခံစားရပြီးမှသာ ဝိညာ (Body) သည် အခြားလောကဘဝနှင့် အံဝင်ခွင်ကျခြင်းရှိမည်။ သာမန်လူတစ်ယောက်သည် ဝိညာဉ်လောကတွင်ရှိသည့် သူ့အခွင့်အရေးများ၏ ဆယ်ရာခိုင်နှုန်းခန့်သာ ခံစားနိုင်သည်။ သူ့အဖို့ လူဝင်စားပြန်ဖြစ်ဖို့ လမ်းသာရှိတော့သည်။ ရှေ့ဆက်ပြီး သူမသွားနိုင်။ ဒီမှာလည်း သူ့ကို နေခွင့်မပြု။ ခိုအောင်းခွင့်မပြု။ သို့ဖြင့် သူ့အဖို့ ကမ္ဘာလောက (လူ့ဘဝ) သို့ ပြန်ရန်သာရှိတော့သည်"

အခြားဝိညာဉ်တစ်ခုကမူ Medium မှတစ်ဆင့် ပြောရာတွင် လူဝင်စားရှိသည်ဟု ယုံကြည်ခြင်းကို လက်မခံ။ ယင်းမှာ စိတ်ပိုင်းဆိုင်ရာအရ ကြောက်ရွံ့ဖွယ်ဖြစ်သည်။ ဒဿနိကဗေဒအရ ရယ်စရာကောင်းသည်။ ထို့ပြင် ဝိညာဉ်သဘော မမှန်ကန်။ လူဝင်စားဖြစ်ရန် မလိုအပ်။ အကြောင်းမှာ တမလွန်လောကတွင် လိုအပ်သမျှကို ဖြည့်ဆည်းပေးထားခြင်းကြောင့်ဖြစ်သည်။ လူသားတိုင်း လူ့ဘဝတွင် တွေ့ကြုံရမည့် ဝမ်းနည်းကြေကွဲမှုများ၊ အမှားများကိုလည်း နည်းပါးအောင် ဖန်တီးထားသည်ဟု ဆိုလေသည်။ Theosephical Society ကို စတင်တည်ထောင်သူများတွင် တစ်ဦးအပါအဝင်ဖြစ်သူ အိပ်ချ်၊ ပီ၊ ဘာလဗက်စတီး၏ ဝိညာဉ်ကလည်း လူဝင်စားကို လက်မခံဟုဆိုလေသည်။

ထိုသို့ တမလွန်လောကမှ ဝိညာဉ်များ၏ သဘောထား ကွဲလွဲမှုများက ဝိညာဉ်များသည် ESP မရှိကြောင်း၊ မရကြောင်း ထင်ရှားစေသည်။

အမှန်တွင် ESP သည် ကျွန်ုပ်တို့၏ နေ့စဉ်ဘဝကို အထောက်အကူ မပြုလှချေ။ ရာဇဝတ်မှုနှိမ်နင်းရာတွင် အကြားအမြင်ရသူများက ရဲတပ်အဖွဲ့အား အကူအညီပေးနိုင်သည်ဟု ဆိုကြသည်။ သို့ရာတွင် ရာဇဝတ်မှု၊ လူသတ်မှုတိုင်းကို ESP က ဖြေရှင်းဖော်ထုတ်မပေးနိုင်။ နာမည်ကျော် အကြားအမြင်ရပုဂ္ဂိုလ်များကိုယ်တိုင် ဘာမျှမတတ်နိုင်သော ရာဇဝတ်မှုရာပေါင်းများစွာ ရှိနေသည်။ အကြားအမြင်ရသူ မည်သူမဆို သူ့စိတ်တိုင်းကျ အကြားအမြင်ကို အသုံးပြုနိုင်။ ဂျူက်တက္ကသိုလ် လက်တွေ့စမ်းသပ်ခန်းအတွင်း လေ့လာစမ်းသပ်မှုများအရ ESP **ဖြစ်ပေါ်ရန်အတွက်** အကြားအမြင်အာရုံရရှိလက်ခံမည့်သူနှင့် **တမလွန်မှ** ပြောကြားပြသပေးမည့် ပုဂ္ဂိုလ်တို့ (Agent) ၏ သဘောထားပေါ်တွင် မူတည်လေသည်။ သူတို့၏ စိတ်ပိုင်းဆိုင်ရာ လိုလားမှုလည်း ရှိရန်လိုအပ်သည်။ ထို့ကြောင့်ပင် အကြားအမြင်ရသူ မြောက်မြားစွာတို့၏ သတင်းထူးများ သတင်းစာများတွင် ဖော်ပြပါရှိပြီး နောက်ပိုင်းတွင် အကြားအမြင်မှာ မေ့ပျောက်၊ ကွယ်ပျောက်သွားကြခြင်း ဖြစ်ဟန်တူသည်။

ဝိညာဉ်အကြောင်း လေ့လာကြသူ **စိတ်**ပညာရှင်များသည် လူသားတို့၏ သမိုင်းအစဦးတွင် ESP သည် ပိုမိုရေပန်းစားသည်ဟု ယုံကြည်ထားကြသည်။ ယဉ်ကျေးပြီး လူသားတို့ခေတ်ကာလထက် ရှေးခေတ်လူသားများ၏ ခေတ်ကာလတွင် သဘာဝထက်လွန်ကဲထူးဆန်းသော အဖြစ်အပျက်ကို ပိုမိုဖြစ်ပွားသည်ဟု ဆိုကြသည်။

သာသနာပြုအဖွဲ့များ၊ ခရီးလှည့်လည်သွားလာသူများက တောင်ပင်လယ်ရှိ ကျွန်းသားများသည် မီးခဲရဲရဲပေါ်တွင် ဖိနပ်မပါ လမ်းလျှောက်ကြကြောင်း ပြောပြဖူးကြသည်။ အလားတူပင် အာဖရိကတိုက်သားများသည် အဝေးရပ်ရွာများသို့ ဗုံများတီးလျက် မနောအာရုံဖြင့် သတင်းများ ပို့ကြသည်။ လူမျိုးတစ်မျိုးမှာ နုနယ်နေချိန်၊ သူတို့ဘဝတွင် အခက်အခဲများပြာနေချိန်၊ ဆက်သွယ်ရေး ခက်ခဲနေချိန်တို့တွင် ESP က လိုအပ်ချက်များကို အမှန်ပင် ဖြည့်ဆည်းပေးနိုင်ခဲ့သည်။ သူတို့ဘဝ အသက်ရှင်နေနိုင်ရန်အတွက် ESP မှာ မရှိမဖြစ် လိုအပ်နေသည်။

မျက်မှောက်ကာလတွင်မူ ESP သည် တဖြည်းဖြည်း ပြောင်းလဲဖြစ်ပေါ်တိုးတက်မှု (Evolution) ဖြစ်စဉ်တွင် တိမ်မြုပ်သွားဟန် ဖြစ်သည်။ ယခုအခါတွင် အကြားအမြင်ရသူအနည်းငယ် ရှိနေခြင်းကို လက်ခံသင့်၊ မခံသင့် စဉ်းစားသင့်ပေပြီ။ လူအများစုက အကြားအမြင်ရနေပါက



www.burmeseclassic.com

www.burmeseclassic.com

လူသားတို့ဘဝအပေါ် ထိခိုက်နစ်နာမှု ရှိနိုင်လိမ့်မည်။ လူတစ်ယောက်နှင့် တစ်ယောက် ဆက်ဆံရေးကိုလည်း ထိခိုက်နိုင်သည်။ စိတ်အာရုံချင်း ဆက်သွယ်မှုသည် (မနောအာရုံ) လူတစ်ယောက်၏ လျှို့ဝှက်ချက်တို့ကို ဖော်ပြလှစ်ဟနိုင်မည်။ ကြိုတင်သိနေမှုကြောင့် စိတ်မချမ်းမသာ ဖြစ်ရနိုင်သည်။ လူသားသည် အဘက်ဘက်မှ ပြည့်စုံခြင်း၊ ရင့်ကျက်ခြင်း မရှိသေး။ အခြားသူများ၏ စိတ်သဘောအကြောင်းနှင့် မိမိ၏ အနာဂတ်ကို လျစ်လျူပြုထားခြင်းဖြင့် ဘဝကို ပိုမိုခံနိုင်ရည်ရှိစေနိုင်သည်။ မရေရာမှုကို မစူးစိုက်မိရန် ESP က အထောက်အကူပြုနိုင်သည်။ မျှော်လင့်ချက်နှင့် ရှန်းကန်လှုပ်ရှားရမှုတို့ကို ထောက်ကူနိုင်မည်။ ယင်းတို့မှာ ဘဝကို အကောင်းဆုံးဖြစ်စေပြီး တန်ဖိုးရှိရှိနေထိုင်နိုင်စေသည့် အစိတ်အပိုင်းများပင် ဖြစ်သည်။

ထိုသို့ဖြင့် ထပ်ဆင့်မေးမြန်းဖွယ်ရာ အကြောင်းတစ်ရပ် ပေါ်လာသည်။

ယင်းမှာ အကြားအမြင်ရသူများကိုယ်တိုင် သူတို့ဘဝတွင် ပုံမှန်ဘဝဖြင့် ပျော်ရွှင်စွာ နေနိုင်ခြင်း ရှိ၊ မရှိဟူသော မေးခွန်းပင်ဖြစ်သည်။

ထိုအကြောင်းနှင့်ပတ်သက်၍ ရှင်းပြရန်အတွက် အကြောင်းအချက် ပြည့်စုံစွာမရှိသေး။ လူဝင်စားမြောက်မြားစွာတို့ကို လေ့လာခဲ့သူ ဒေါက်တာ အီယန်စတီဗင်ဆင်၏ အဆိုအရ မိမိယခင်ဘဝဟောင်းကို ပြန်သိ၊ ပြန်ပြောနိုင်သူ အမျိုးသား၊ အမျိုးသမီး အများအပြားတို့အဖို့ ယင်းသို့ပြောပြရသည်မှာ စိတ်မကောင်းစရာ ဖြစ်နေတတ်သည်။

"ဘဝဟောင်းကို သိသူများသည် ထိုသို့သိရသည့်အတွက် ဝမ်းမြောက်ဖွယ်ရာပင် ဖြစ်သည်။ လူအများကမူ ထိုသူများ အခြားသူများလောက် မပျော်ရွှင်နိုင်ဟု ထင်ကြသည်။ ထိုသူများကို ချို့ယွင်းချက်ရှိသူဟု သဘောမထားဘဲ အထူးလက်ဆောင်မွန်ရသူများဟု သဘောထားလျှင် ပိုကောင်းပေမည်"ဟု ဒေါက်တာစတီဗင်ဆင်က ဆိုလေသည်။

အတိတ်ဘဝအကြောင်း သတိရမှတ်မိနေခြင်းကြောင့် မျက်မှောက်ဘဝရေးရာများကို ထိပါးနိုင်သည်။ မျက်မှောက်ဘဝနှင့် လိုက်လျောညီစွာ ဖြစ်မှုကိုလည်း အနှောင့်အယှက်ဖြစ်စေနိုင်သည်။

ESP သည် ကိုယ်ကျင့်တရား၊ အသိဉာဏ်ပညာတို့နှင့် ပတ်သက်၍ ဘာမျှမပတ်သက်၍ ကမ္ဘာ့ဘာသာတရားကြီးများက စိတ်ဝင်စားမှု အနည်းငယ်သာရှိခြင်းမှာ အံ့ဩဖွယ်မဟုတ်ချေ။

ဝိညာဉ်များကို လေ့လာသည့် စိတ်ပညာ (Parapsychology) မှာ နုနယ်လှသေးသည်။ ESP စွမ်းအင်ရှိသူတို့၏ ဘဝအကြောင်းကိုလည်း ဝိညာဉ်များကို လေ့လာသူ စိတ်ပညာရှင်များက အသေအချာ ပြည့်ပြည့်စုံစုံ လေ့လာခြင်းမပြုနိုင်ကြသေးပေ။

ESP ၏ သဘောသဘာဝနှင့် ပတ်သက်၍ ထပ်မံ သုတေသနပြုလုပ်ကြရန် လိုအပ်နေသေးသည်။ အကြားအမြင်ရသူသည် သူတော်စင်ဖြစ်၍ မဟုတ်။ အသိဉာဏ်ပညာကြောင့်မဟုတ်၊ ဉာဏ်ရည်ကောင်းလွန်း၍မဟုတ်ဟု သဘောထားနိုင်လျှင် အကောင်းဆုံးဖြစ်ပေသည်။ ထို့ပြင် ESP ကို ရှာကြံရယူခြင်းလည်း မပြုအပ်။ အကြောင်းမှာ ESP သည် အလွန် တွေ့ရှိ ရရှိရန် ခက်ခဲသည်။ ထိန်းသိမ်းကွပ်ကဲမှုပြုရန်လည်း မလွယ်။ အလွန်လည်း ရှားပါးခြင်းကြောင့် ဖြစ်သည်။

သို့ရာတွင် စိတ်ဝင်စားမှုမရှိသော သိပ္ပံပညာရှင်များကြောင့် အထူးအဆန်းဖြစ်စဉ်များ လေ့လာမှုကို လျော့ပါးနည်းပါးမသွားစေချင်ပါ။

စကြဝဠာကြီးအကြောင်း ရုပ်ပိုင်းကျကျအမြင်ဖြင့် စိတ်ကူးဖြင့် ကြံနေကြသကဲ့သို့ ကောင်းကင်ဘုံနှင့် ကမ္ဘာမြေပေါ်တွင် စိတ်ဝိညာဉ်ပိုင်းဆိုင်ရာ လေ့လာဖွယ် အကြောင်းအရာ များစွာရှိနေသည်မှာ သံသယရှိစရာမလိုချေ။

စိတ်ဝိညာဉ်ဆိုင်ရာ သုတေသနပြုချက်များက စိတ်အာရုံဆိုင်ရာ အဖြစ်အပျက်အဆန်းများ၏ အထောက်အထားများကို စုဆောင်းရရှိထားပြီး ဖြစ်သည်။ ယင်းသို့ သုတေသနပြုလုပ်မှုက ထူးဆန်းအံ့ဩဖွယ်ကောင်းပြီး လူကြိုက်များ၊ လူသိများသည့် ပုံပြင်များကို ဖော်ထုတ်နိုင်ခဲ့သည်။ သိနားလည်မှုဖြင့် အယူသီး၊ အစွဲအလမ်းကြီးမှုကို အစားထိုးနိုင်ခဲ့လေသည်။

လှတိုး(စိတ်ပညာ)

(U Aye Maung, "Second Thoughts About ESP", The Guardian, July, 1976)



www.burmeseclassic.com

www.burmeseclassic.com


တိုင်းရင်းဆေးဝါးမှတ်ပုံတင် 0412 YR 004687

လိုင်စင် ၇/၂၀၀၈၊ တဆထလ(တိုး)-၁၃၁၂




အသိကျ အကြောပြေ ဆီး၊ ဝမ်း၊ မှန်စေတဲ့

# မုံရွာ ဆရာမိုး ရဲ့

# ရှောက်တစ်လုံးဝမ်းမှန်ဆေး

ကြော်ငြာခွင့်ပြုချက်အမှတ်တဆဝက(စာနယ်ဇင်း)၁၃၀/၀၁၁၁၄

"ကိုဇော်ရဲနိုင်ကို ကြည့်လိုက်ရင် သွက်လက်ပေါ့ပါးဖျတ်လတ်နေတာပဲ။ အသားအရေ စိုပြည်ပြီး အဆီတွေလည်းကျ၊ အသားတွေလည်း ကျစ်လျစ်လာတယ်။ ဆေးကောင်းတစ်လက် တွေ့ထားပြီထင်တယ်၊ ဆေးကောင်းရှိရင် လက်တို့သတင်းပေးပါဦး"

"သွက်လက်ပေါ့ပါးဖျတ်လတ်ဆို **မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေး** လက်ကိုင်ထားလို့ပါ။ ကျန်းမာရေးရှုထောင့်က ကြည့်ရင် နေ့စဉ်နေ့တိုင်း ဆီး၊ ဝမ်း၊ သွေး၊ လေ မှန်,မမှန် မိမိကိုယ်တိုင် ဆန်းစစ်ပြီး ပြုပြင်နေထိုင်သွားဖို့လိုတယ် မဟုတ်လား။ လူသားတိုင်း ကျန်းမာဖို့ ဓာတ်ကြီးငါးပါး ညီညွတ်မျှတပြီး မဖောက်ပြန်ဘဲ ဝင်လမ်း၊ ထွက်လမ်း မှန်ကန်ခြင်းရှိဖို့ လိုအပ်ပါတယ်၊ ဂီတနယ်မှာ စည်းနဲ့ဝါးဟာ အဓိကကျသလို လူသားတိုင်း ကျန်းမာဖို့ဆိုရင် ဆီးနဲ့ဝမ်းဟာ အဓိကကျပါတယ်။ ဝမ်းတစ်လုံးကောင်း ခေါင်းမခဲဆိုတဲ့ စကားရပ်လည်း ရှိတယ်မဟုတ်လား"

"ဟုတ်ပါ့ဗျာ. . . ဒါထက် ကိုဇော်ရဲနိုင် အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ဝမ်းမှန်ဆေးဟာ ဝမ်းမှန်ရုံသက်သက် စားတာလား၊ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်တယ်ဆိုတာ ပြောပြဦးမှပေါ့"

"ကျွန်တော်တို့မိသားစု အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ဝမ်းနုတ်ဆေး မဟုတ်သလို ဝမ်းမှန်ရုံသက်သက်မဟုတ်ဘဲ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်သလဲဆိုရင် အဲဒီဆေးကို နေ့စဉ်မှန်မှန် သုံးစွဲခြင်းဖြင့် လေငန်းလေဖြတ်ရောဂါဖြစ်ခြင်း၊ သွေးတိုးသွေးတက်ခြင်း၊ နှလုံးအဆီဖုံး, အသည်းအဆီဖုံးခြင်းတို့ကို ကာကွယ်ပြီး ဇက်ကြောထိုးခြင်း၊ ခြေ၊ လက်များ ထုံကျဉ် ကိုက်ခဲလေးလံခြင်း၊ အစာအိမ်ရောဂါဖြစ်ခြင်း၊ လေကြောင့်ဖြစ်သော ဗိုက်နာ, ဗိုက်အောင့်ဖြစ်ခြင်း၊ အတွင်းလိပ်, အပြင်လိပ်ဖြစ်ခြင်း၊ သွေးကျခြင်း၊ ဆီး,ဝမ်း,လေချုပ်ခြင်း၊ ဆံပင်ဖြူခြင်း၊ မျက်စိမှုန်ခြင်း၊ ကိုယ်လက်လေးလံထိုင်းမှိုင်းပြီး ညောင်းညာကိုက်ခဲခြင်း၊ ခံတွင်းနံ့ဆိုးခြင်း၊ ချွေးနံ့မကောင်းခြင်း၊ မျက်နှာပေါ်တွင် ဝက်ခြံ, တင်းတိပ်များထွက်ခြင်း၊ အသားအရေ အက်ကွဲခန်းခြောက်ခြင်း၊ စိတ်ဖိစီးမှုများ၍ ကိုယ်လက်မအီမသာဖြစ်ခြင်း စတဲ့ ရောဂါများကို သက်သာပျောက်ကင်းစေပါတယ်။

ခန္ဓာကိုယ်တွင်းရှိ ပိုလျှံနေသော အဆီများကို လျော့ကျစေပြီး အပူ၊ အပုပ်၊ အညစ်ကို ယူထုတ်ပစ်သလို ကင်းစင်စေရုံမက တိုယ်ဝန်ဆောင်မိခင်များ နေ့စဉ်သုံးစွဲခြင်းဖြင့် ဆီး၊ ဝမ်း၊ လေ မှန်ကန်၍ မွေးဖွားရလွယ်ကူပြီး တလေးတွင် လေနာကင်းကာ ကျန်းမာစေခြင်း စတဲ့ အကျိုးကျေးဇူးတွေ ခံစားစေနိုင်ပါတယ်"

"ကိုဇော်ရဲနိုင်တို့မိသားစု သုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ကျား/မ စွယ်စုံရတဲ့ ဆေးကောင်းတစ်လက်ပဲဗျို့၊ ကျွန်တော်လည်း သုံးမယ်ဗျာ၊ ကျွန်တော်တို့ ခင်ဗျားတို့လို စာရေးဆရာ၊ ပန်းချီဆရာ၊ ကွန်ပျူတာသမားတွေ၊ အညောင်းထိုင်သူတွေ၊ အဆီများ အဝလွန်သူတွေ၊ တစ်ကိုယ်လုံး လေးလံထိုင်းမှိုင်း ညောင်းညာကိုက်ခဲနေသူများအတွက် ဒီဆေးက ဝမ်းနုတ်ဆေး မဟုတ်လို့ နေ့စဉ်မှန်မှန် သုံးစွဲဖို့ လက်ကိုင်ထားရမယ့် ဆေးကောင်းတစ်လက်မို့ ဆေးရဲ့ကောင်းခြင်း ဂုဏ်သတင်းကို အပေါင်းအသင်းတွေသိအောင် ရေးသွင်းကြေညာလိုက်ချင်ပါရဲ့ဗျာ"

ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် မုံရွာမြို့၊ မော်လမြိုင်မြို့ရှိ မြန်မာ့ဆေးမျိုးစုံ ဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် တစ်ပြည်လုံးသို့ဖြန့်ချိပေးနေပါပြီ။

ပင်ရင်း - မုံရွာ - ဆရာမိုး တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးနှင့်ဆေးကုခန်း

အမှတ် - ၈၂/၃၅၆၊ မေဓာဝီလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၆၉၀၅၇၇၊ ၀၉-၅၁-၈၈၆၃၂

မုံရွာဆရာမိုး - ဖုန်း-၆၉၉၆၃၁ လိုင်းခွဲ(၃၄၇)၊ ၆၉၀၄၅၆ လိုင်းခွဲ(၃၄၇)


www.burmeseclassic.com

www.burmeseclassic.com

# အမေနဲ့ လူဝင်စား

ဒေါ်ခမွှစာရီ(သမီး ဗရိုအောင်စိုး)

စာရေးသူ၏ မိခင်ကြီး ကွယ်လွန်သည်မှာ ခြောက်နှစ်ရှိပါပြီ။ ယခုမှ အမေ့ကို သတိတရအနေဖြင့် ရေးရန်အကြောင်း ပေါ်လာသောကြောင့် ရေးသားလိုက်ရပါသည်။ ဖခင်ကြီး ဗရိုအောင်စိုး၏အကြောင်းကို ဤရောင်ပြန်မဂ္ဂဇင်းတွင်ပင် "အကြွေစော၍ နှမြောမိသည်"ဟု ရေးသားခဲ့ပါသည်။

အမေသည် ဖြာသိုလတွင် ၈၂ နှစ် ပြည့်ပြီးနောက်လ တပို့တွဲထဲ အဝင်တွင် ကွယ်လွန်ခဲ့ပါသည်။ ၈၂ နှစ် ဝင်ကတည်းက တရှောင်ရှောင်နှင့် အစားမစားချင်၊ မသောက်ချင်ဖြစ်နေသောကြောင့် အမေကြိုက်တတ်ရာရာကို စာရေးသူ ချက်ကျွေးခဲ့ပါသည်။ ညီမများကလည်း အမေ့အကြိုက် မချက်တတ်၍ ကောင်းသော၊ အဖိုးတန်သောအစားအစာများကို ဝယ်ကျွေးသော်လည်း အမေ နှစ်ခြိုက်စွာ စားသုံးခြင်းမပြုတော့ပါ။ စာရေးသူသည် ဗေဒင်ပညာတွင် အာယုသင်္ကြန် အသက်အပိုင်းမှာ ၈၂ နှစ်တွင် ကျနေသောကောင့် ဂရုစိုက်ပြီး ယတြာချေပေးကာ ၈၂ ပြည့်ပြီးဖြစ်၍ ဝမ်းသာနေစဉ် ၈၃ နှစ်အဝင်တွင် ကွယ်လွန်သွားခြင်း ဖြစ်ပါသည်။ တစ်နည်းအားဖြင့် ပြောရလျှင် လူတစ်ယောက်မှာ ကောင်းခြင်း၊ ဆိုးခြင်းသည် မွေးနေ့မတိုင်မီ ၄၅ ရက်၊ မွေးနေ့ကျော်ပြီး ၄၅ ရက် အကျုံးဝင်ကြောင်းကို သတိမထားမိလိုက်၍ အမှတ်တမဲ့ ဖြစ်သွားပြီး ယတြာဆက်မချေပေးလိုက်မိပါ။ ဗေဒင်ပညာကို ယုံသောသူများအနေဖြင့် ဂရုတစိုက်ယတြာကို ချေကြသော်လည်း မယုံသောသူများအနေဖြင့် နားလည်သဘောပေါက်မည် မဟုတ်ပါ။

အမေ့ကို နောက်ဆုံး ဆေးရုံတင်လိုက်ရပါသေးသည်။ ဆေးရုံမှ အိမ်ပြန်ခေါ်သွားနိုင်သည်ဆို၍ အောက်စီဂျင်ဘူးဖြင့် ပြန်ခေါ်လာရာ တစ်နေ့ပင် မခံလိုက်ရပါ။ ညနေဘက် ဘုန်းကြီးပင့်၊ သင်္ကန်းကပ်ပြီး သာဓုခေါ်ကာ စာရေးသူတို့ညီအစ်မသုံးယောက်က တရားမှတ်ခိုင်းပြီး တရားခွေများဖွင့်ပေးရာ တရားနာနေရင်း ည ၈ နာရီခွဲတွင် သုံးသွားပါသည်။ အမေဆုံးသည်ဟု မထင်ကြပါ။ ညာဘက်ကို အသာအယာ စောင်း၍ ညင်သာစွာ အသက်ထွက်သွားခြင်း ဖြစ်သောကြောင့် ဆရာဝန်သွားခေါ်ပြီး ပြသောအခါမှ အသက်မရှိတော့ကြောင်း ပြောမှ သေမှန်းသိရပါသည်။ အမေသည် မိမိလုပ်ထားသော ဘုရားတရားအလုပ်များကြောင့် အရိယာတို့ သေခြင်းမျိုးဖြင့် သေခဲ့ပါသည်။ ညသန်းခေါင်ကျော် ၁၂ နာရီခွဲမှ ရုပ်ကလာပ်ကို နာရေးကူညီမှုအသင်းက လာယူသောအခါ ပျော့ပျောင်းလျက်ရှိပါသေးသည်။ သေသည်ကို မယုံနိုင်ဘဲ မျောနေသည်ဟု ထင်ကြပါသည်။ အမေသည် ကောင်းသောသေခြင်းဖြင့် ဘဝကို အဆုံးသတ်သွားခဲ့ပါသည်။ ထို့ကြောင့်လည်း ကျန်ရစ်သူ သားသမီး၊ မြေးများက အမေကောင်းရာသုဂတိသို့ ရောက်သွားသည်ဟု သိရှိခံစားပြီး ကျေနပ်နေမိကြပါသည်။

လူတစ်ယောက်တွင် သေခါနီး၌ မိမိစိတ်တွင် ဘာကို စွဲလမ်းနေသည်ကို အခြားသူများက မသိရှိနိုင်ပါ။ အမေ ဆေးရုံမှာ အစားမဝင်၊ နေအတော်မကောင်းဖြစ်နေစဉ် စွဲလမ်းနေသည်မှာ ဟိုးယခင်ကတည်းက အလည်အပတ်သွားရောက်နေထိုင်ခဲ့သော ရမည်းသင်းမြို့ သရွေးရွာကို ဖြစ်သည်။ နေမကောင်းဖြစ်လျက် ရွာကို လိုက်ပို့ရန် အတင်းပြောနေပါသည်။ စာရေးသူတို့က အစားဝင်အောင်စားပြီး နေကောင်းအောင်လုပ်ပါ၊ လိုက်ပို့ပါမည်ဟု ပြောထားကြပါသည်။ ရွာမှ ဘုန်းကြီးတိုက်သော ဆေးကိုသောက်လျှင် အမေနေပြန်ကောင်းမည်၊ ရွာက အမေအလွန်ခင်မင်သော ဒေါ်အမာရွှေ ကြော်သည့် ဗယာကြော်ကို စားချင်သည်ဟု အမျိုးမျိုးပြောရင်း ရမည်းသင်းမြို့ သရွေးရွာကို အမေစွဲလမ်းနေသည်မှာတော့ အမှန်ပင်ဖြစ်သည်။

အမေဆုံးသည်မှာလည်း ခြောက်နှစ်ရှိပါပြီ။ စာရေး



www.burmeseclassic.com

www.burmeseclassic.com

သူ သာသနာ့ဘောင်ဝင်ပြီး သီလရှင်ဆရာကြီး ဖြစ်နေသည့် မှာလည်း အမေဆုံးပြီးကတည်းက ဝတ်သောကြောင့် ခြောက်ဝါရပါပြီ။ ညီမအလတ်မှာ သီလရှင်ဝတ်ခဲ့သော်လည်း တစ်ဝါပဲ ဝတ်နိုင်သည်၊ ကျန်းမာရေးမကောင်း၍ ဆက်မဝတ်နိုင်ဘဲ ထွက်လိုက်ရပါသည်။ ယခု ညီမအငယ်ဆုံး ဒေါ်မြမြစိုးမှာလည်း တရားဘာဝနာအားထုတ်ရာ အလွန်ဝါသနာပါသူဖြစ်ပြီး မွေးကတည်းက သားကြီးငါးကြီး မစားခဲ့ပါ။ အသက်ကြီးလာသောအခါ ရာသက်ပန် သက်သတ်လွတ်စားနေသူဖြစ်သည်။ ၎င်းသည်လည်း အမေဆုံး၍ ခြောက်နှစ်ပြည့်သောနေ့ (၂၈-၂-၁၇)က သီလရှင် အပြီးဝတ်ပြီး သီလရှင်ဆရာကြီး ဒေါ်ပညာဝတီအဖြစ်ဖြင့် အမေ အလွန်သွားလိုသော ရမည်းသင်းမြို့တွင် ပညာဒါန စာပေသင်ကြားပေးရန် ရောက်ရှိနေပါသည်။ ဒေါ်ပညာဝတီသည် လူ့ဘဝကပင် အင်္ဂလိပ်စာ သင်တန်းပို့ချခြင်းဖြင့် "ဒေါ်မြမြစိုး အင်္ဂလိပ်စာသင်တန်း"ဟု နာမည်ကျော်ကာ မိဘများ အားပေးလျက် ကျောင်းသားမြောက်မြားစွာကို သင်ကြားပို့ချပေးခဲ့ပါသည်။ ၎င်းသည် ဘီအီးဒီဘွဲ့ရ အထက်တန်းပြ ဆရာမအဖြစ် တစ်ချိန်က သစ္စေးရွာတွင် သင်ကြားပြသပေးခဲ့ဖူး၍ တပည့်များ၏ သားသမီးများကို တစ်ဖန်ပြန်လည် သင်ကြားပေးရန် ရောက်ရှိလာခြင်း ဖြစ်ပါသည်။ ဒေါ်ပညာဝတီ ရွာသွားရန် စာရေးသူက လိုက်ပါပို့ဆောင်ပေးရင်း အမေ့အကြောင်းကို ရေးရန် ဖြစ်ပေါ်လာပါသည်။

အမေဆုံးသည်မှာ ၂၈-၂-၁၇ ရက်နေ့တွင် ခြောက်နှစ်ပြည့်သည်ဖြစ်၍ အလှူလုပ်ပြီး နောက်နေ့ ၁-၃-၁၇ ရက်နေ့တွင် စာရေးသူတို့ ရမည်းသင်းသို့ နံနက် ၉ နာရီခွဲကားဖြင့် ထွက်ခဲ့ပြီး ညနေစောင်းတွင် ရောက်ရှိပါသည်။ မြို့သို့ ရွာမှ ကားလာပြီး ပစ္စည်းများနှင့်တကွ ရွာကို အတော်ကြာ သွားရပါသေးသည်။ ကားကို ရွာတွင် ကြိုတင်၍ မှာထားခြင်း ဖြစ်သည်။ မြို့မှ သစ္စေးရွာသို့ ဆိုင်ကယ် ကယ်ရီခ ၁၅၀၀/- ဖြစ်ပါသည်။ ရွာရောက်သောအခါ ဒေါ်အမာရွှေ၏ အိမ်တွင် တည်းရပါသည်။ ဒေါ်ပညာဝတီမှာ ထိုအိမ်မှာပင် နေထိုင်ရန် ဖြစ်သည်။ ရွာတွင် ဘုန်းတော်ကြီးကျောင်း တစ်ကျောင်းတည်းရှိပြီး သီလရှင်ကျောင်း မရှိပါ။

ဒေါ်အမာရွှေ ဆိုသည်မှာ အမေ အလွန်ခင်မင်သော



*စာရေးသူတို့ ညီအစ်မနှစ်ပါး ရေထွက်ဘုရားရှေ့ အမှတ်တရ*

သစ္စေးရွာမှ မိတ်ဆွေရင်းချာတစ်ဦး ဖြစ်ကာ အမေ ရွာ… နေစဉ်က လိုလေသေးမရှိအောင် ဂရုစိုက်သူတစ်ဦး ဖြစ်… သည်။ မိသားစုဝင် အများကြီးဖြစ်သော်လည်း စည်း… နွေးထွေးကြပါသည်။ သားသမီး ခုနစ်ယောက်ကို အသ… ၄၄ နှစ်အရွယ် မုဆိုးမဘဝကတည်းက မပူမပင် မကြော… ကြရအောင် မိသားစု လယ်ယာခြံမြေ လုပ်ကိုင်စားသော… ကြသော ရိုးသားသည့် တောင်သူလယ်သမား မိသားစု… ပါသည်။ သားသမီးများ ဘွဲ့ရပညာတတ်များ ဖြစ်အော… လည်း သင်ကြားပေးနိုင်ခဲ့ပါသည်။ သို့သော် သားသမီးမျာ… မှာ မိခင်နှင့်အတူ ဒိုးတူပေါင်ဖက် စိုက်ပျိုးလုပ်ကိုင်ကြပြီး… ဝန်ထမ်းမလုပ်ကြပါ။ သစ္စေးရွာမှာ အလွန်သာယာ… ပျော်စရာကောင်းပါသည်။ တောသဘာဝ၊ တောဓလေ့ အစ…



www.burmeseclassic.com

www.burmeseclassic.com

အစာများကို အမေ နှစ်သက်သောကြောင့် ရွာသို့ အမေ အလွန်သွားချင်နေခြင်း ဖြစ်ပါသည်။ အမေ နှစ်သက်သော အစားအစာများ။ သီးနှံများလည်း ပေါ်ပြီး လတ်ဆတ်ပါသည်။

ဒေါ်အမာရွှေ ပိုင်သော လယ်မြေမှာ ၂၀ ဧက ရှိပြီး ကောက်ပဲသီးနှံ၊ ဆန်စပါးကို ရာသီအလိုက် စိုက်ပျိုးလုပ်ကိုင် စားသောက်ကြပါသည်။ စပျစ်ခြံဧက သုံးဧကကို စပျစ်သီး မျိုးအလိုက်ခွဲပြီး စိုက်ပျိုးထားပါသည်။ ဤတွင် စပျစ်သီး မျိုးပေါင်း များစွာရှိသည်ကို ဗဟုသုတ ရရှိခဲ့ပါသည်။

စပျစ်သီးမျိုးပေါင်း ရှစ်မျိုးရှိကြောင်းကို အောက်ပါ အမျိုးအစားနှင့် အမည်များအတိုင်း သိရှိခဲ့ရပါသည်။

၁။ ချွန်းအမျိုးအစား
၂။ နံပါတ်(၃) အမျိုးအစား (ညို)ဟုလည်း ခေါ်သည်။
၃။ ကာလီနမ် အမျိုးအစား
၄။ ဒေးဗလက် အမျိုးအစား
၅။ ဘလက်ကွင်း အမျိုးအစား (ဝိုင်အရက် ချက်သည်)
၆။ ပန်းရောင် အမျိုးအစား
၇။ ရွှေနီ အမျိုးအစား
၈။ ရွှေဝါ အမျိုးအစား

စသည်ဖြင့် ရှစ်မျိုးရှိရာ ဒေါ်အမာရွှေတို့ မိသားစု စိုက်ပျိုးသော စပျစ်သီးအမျိုးအစားမှာ သုံးမျိုးသာ စိုက်ပျိုးခဲ့ပါသည်။ ၎င်းတို့မှာ (၁) ချွန်းအမျိုးအစား၊ (၂) ကာလီနမ် အမျိုးအစား၊ (၃) နံပါတ်(၃) အမျိုးအစား (ညို)ဟုလည်း ခေါ်ပါသည်။

၁။ ချွန်းအမျိုးအစား

အညိုရောင် ဖင်ချွန်းပြီး မမှည့်ခင် ချိုဖန်သည်။ မှည့်လျှင် အလွန်ချိုသည်။ အရွယ်အစားမှာ မကြီးလွန်း၊ မသေးလွန်းဘဲ တစ်နှစ်မှာ နှစ်ခါ ခူးရပါသည်။ ဈေးအကောင်းဆုံး ဖြစ်သည်။ ရှားပါးဈေးကြီးသည်။

၂။ နံပါတ်(၃) အမျိုးအစား (ညို)

နံပါတ်(၁)နှင့် နံပါတ်(၂) အမျိုးအစား ဟူ၍ မရှိပါ။ နံပါတ်(၃) အမျိုးအစားမှာ အညိုရောင်အသေး အချိုမျိုး ဖြစ်သည်။ မှည့်လျှင် အလွန်ချိုသည်။ တစ်နှစ်မှာ သုံးခါ ခူးရသည်။

၃။ ကာလီနမ်အမျိုးအစား

အလုံးကြီး အညိုရောင်ဖြစ်သည်။ ဝိုင်အရက်ချက်သည်။ စပျစ်ဝိုင်ဖြစ်သည်။ စားလျှင် မချိုပါ။ ၎င်းမှာ တစ်နှစ်လျှင် နှစ်ခါ ခူးရပါသည်။

ဒေါ်အမာရွှေတို့ မိသားစုအကြောင်း၊ ချမ်းသာကြွယ်ဝကြောင်း၊ စိတ်သဘောထားကောင်းကြောင်း၊ ဘာသာရေး ဝါသနာပါကြောင်းတို့ကို လေ့လာသိရှိရ၍ အမေ့အကြောင်းကို ဆက်လက်ရေးသားပါမည်။ အမေသည် အလှူအတန်း၊ သူတစ်ပါးအား ပေးကမ်းခြင်းကို ဝါသနာပါပါသည်။ ထို့ကြောင့် အမေသည် လှူပြည်၊ နတ်ပြည်သာ သွားရမှာဖြစ်ပြီး ဤ အလှူဒါနများအကျိုးကိုလည်းကောင်း ခံစားရမှာ ဖြစ်ပါသည်။ ဒေါ်အမာရွှေတို့နှင့် အမေ ဆက်စပ်မှု ရှိမရှိကို စာရေးသူ လေ့လာပြီး အမေနှင့် ၎င်းတို့မိသားစုအကြောင်းကို ရေးသားမှာ ဖြစ်ပါသည်။


ဒေါ်အမာရွှေတို့မိသားစုတွင် မော်လီ ခေါ် သမီး မိန်းကလေးမှာ မကြာမီကမှ အိမ်ထောင်ကျပြီး များမကြာမီ ကိုယ်ဝန်ရှိသောအခါ မော်လီ့အိပ်မက်ထဲတွင် အမေက ၎င်းတို့နှင့်အတူ လာနေမည်ဟု ပြောကြောင်း၊ ကလေး ကိုယ်ဝန်စရှိစဥ်ကတည်းက ငါးအနံ့မခံနိုင်ဘဲ ဟင်းသီးဟင်း ရွက်များကိုသာ စားလိုကြောင်း၊ ကလေးမွေးဖွားလာပြီး နံနက်အိပ်ရာမှ နိုး၍ တရားသံများ ဖွင့်ထားလျှင် ငြိမ်၍ တရားကို နားထောင်နေတတ်ကြောင်း၊ လူကြီးများဆိုလျှင် တရားနာနေတတ်ခြင်း ရှိကြောင်းများကို စာရေးသူတို့ ရောက်သွားသောအခါ တစ်အိမ်လုံးက ဝိုင်းပြောပြ၍ သိရှိရပါသည်။ ထိုကလေးငယ်မှာ အမေ ဝင်စားသည်ဟု အားလုံးက ယုံကြည်နေကြပါသည်။ ပုံမှာ ကလေးငယ် မောင်သူ့ရလင်းတို့ သားအမိပုံ ဖြစ်သည်။ အသက်မှာ ရှစ်လသားပုံ ဖြစ်ပါသည်။

ကလေးငယ်သည် စာရေးသူတို့ ညီအစ်မက အနားကပ်၍ မြှူသောအခါ ခေါင်းကို အတင်းဆွဲ၍ ပွတ်သပ်ပေးပါသည်။ အသားဖြူဖြူနှင့် ၎င်းတို့မိသားစု ရုပ်ရည်နှင့် မတူ တာတော့ မှန်ပါသည်။ သောကြာသား ဖြစ်သောကြောင့် နေ့သင့်နံသင့် "မောင်သူ့ရလင်း"ဟု စာရေးသူက အမည် ပေးခဲ့ပါသည်။ ဤကလေးငယ်သည် ပညာထူးချွန်ပြီး



www.burmeseclassic.com

www.burmeseclassic.com



*အမေ ဝင်စားသည်ဆိုသော*
*မောင်သူရလင်းတို့ သားအမိပုံ*

ဘုန်းကြီးရဟန်း ဆရာတော်တစ်ပါး ဖြစ်နိုင်ပါသည်။ လူအနေနှင့်ဆိုလျှင်လည်း ဆရာတစ်ဆူ၊ ထူးချွန်သူတစ်ဦး ဖြစ်နိုင်ပါသည်။ အမေသည် ရမည်းသင်း၊ သစ္စေးရွာသို့ပြန်သွားရန် ၎င်းတို့အမျိုးထဲတွင် ဝင်စားရမည့်သူ မရှိသေး၍ နတ်ပြည်နှင့် မြင့်မြတ်သော ဘုံဌာနတစ်ခုခု တစ်နေရာရာတွင် စောင့်စားနေရာမှ ယခုကဲ့သို့ ကြာမြင့်သွားရခြင်း ဖြစ်နိုင်ပါသည်။ ယခု လူဝင်စား(အမေဝင်စားသူ) မောင်သူရလင်း အသက်ကြီးလာ၍ စကားပြောတတ်သောအခါ ထူးခြားမှုကို တွေ့ရှိရပါသည်။

ဒေါ်အမာရွှေတို့က အမေ ဥပုသ်စောင့်၊ တရားထိုင်တတ်သော ရေထွက်ဘုရား (ခေါ်) ကျောက်စောင်းသန္တာ ရေထွက်ဘုရားကို သွားဖူးရန်ခေါ်သောကြောင့် လိုက်ပါခဲ့ပါသည်။ အမေ့နာမည်နှင့် ရေကန်ကို ကမ္ပည်းထိုးလှူထားပါသည်။ ရေထွက်ဘုရားသည် ကမ္မအုပ်စုကျေးရွာတွင် တည်ရှိပြီး ရွာမှ မည်မျှကွာဝေးကြောင်းတော့ မသိပါ။ လမ်းကြမ်းပြီး လမ်းဘေးတစ်လျှောက်တွင် ဆူးပင်များ ခြစ်ထားသောကြောင့် ဆူးခြစ်ရာများ ခြေထောက်တွင် ရရှိခဲ့ပါသည်။ "ကျောက်စောင်းသန္တာ ရေထွက်ဘုရား"ဟု ခေါ်ဆိုရခြင်းမှာ လွန်ခဲ့သော ၁၀ နှစ်က ဘုရားရှေ့ ရေမြောင်းမှာ ယခင်က မရှိဘဲ အလင်းတန်းအရှည်အမြင့်ကြီးတစ်ခု ထွက်ပေါ်လာပြီး မကြာမီ ဤအလင်းတန်းအဆုံးတွင် ရေများ ပန်းထွက်လာကာ တစ်ပေခန့်မြင့်တက်လာပါသည်။ နောင်အခါတွင် အမြင့်သို့မတက်တော့ဘဲ မြောင်းကျယ်ပြီး ရေထွက်နေပါသည်။ ဤရေထွက်သည်ကို အကြောင်းပြု၍ သစ္စေး ဆုတောင်းပြည့် ဆရာတော ဦးဇောတိကမှ ကြီးမှူး၍ "ကျောက်စောင်းသန္တာ ရေထွက်ဘုရား"ဟု အမည်တွင်စေပါသည်။ ရွာနီးချုပ်စပ်မှ လူများ လာရောက် ဘုရားဖူးမြော် ကြည်ညိုကြပါသည်။ အမေကလည်း ကြည်ညိုပြီး အလွန်ဝေးသော်လည်း ဘုရားကို သွားရောက်ဖူးမြော်ပြီ ဥပုသ်သီတင်းသီလများ ဆောက်တည်သည်ဆိုသောကြောင့် အမေကြည်ညိုသည့် ဘုရားရှေ့တွင် ညီအစ်မ သီလရှင်နှစ်ပါး ဓာတ်ပုံရိုက်ခဲ့ကြပါသည်။ စာရေးသူစိတ်တွင် နောင်အခါ ဘုရားတိုးတက်ပြီး သာသနာပြန့်ပွားရေးကို ကူညီလှူဒါန်းမည်ဟု ဆုံးဖြတ်ချက်ချထားပါသည်။

အမေ လူဝင်စားဖြစ်လျှင်လည်း ကောင်းမွန်သော ချမ်းသာသော မိသားစုတွင် ဝင်စားသဖြင့် အမေလိုချင်သော နွေးထွေးသော မိသားစုဘဝ၊ မိမိဖြစ်ချင်သော မြင့်မြတ်သော ရဟန်းသံဃာတစ်ပါး ဖြစ်လာနိုင်ပါသည်။ အရိယာအလုပ်ကို အပတ်တကုတ် ကြိုးစားအားထုတ်၍ မြင့်မြတ်သော အရိယာဘဝသို့ ရောက်ရှိနိုင်မည် ဖြစ်သောကြောင့် ကျန်ရစ်သူ သားသမီးမိသားစု၊ မြေးမြစ်များက ဝမ်းသာကြရမှာ ဖြစ်ပါသည်။ ထို့ကြောင့် အမေ့အတွက် စာရေးသူ၏ ဆုတောင်းမှာ "ရောက်လေရာ ဘဝတွင် အမေ့ဆန္ဒ ပြည့်ဝပါစေ"ဟု ဖြစ်ပါသည်။

**ဒေါ်ဓမ္မစာရီ (သပိမ်းဗဂျီအောင်ရိုး)**



www.burmeseclassic.com

www.burmeseclassic.com

# ဒုက္ခသည်များ (သို့) အမေရိကန်ရောက် အလုပ်သမားများ

## မောင်ကောင်းမြင့်

Refugee ဟူသောစကားလုံးကို ဒုက္ခသည်ဟု ပြန်ဆိုသုံးနှုန်းနေသည်။ မြန်မာဘာသာတွင် ဒုက္ခကိုဆင်းရဲခြင်းဟု ပြန်ဆိုနေကြ၏။ ဤ Refugee ဟူသောအသုံးမှာ ပင်ရင်း အင်္ဂလိပ်ဘာသာ ဖော်ပြချက်၌ "စစ်ကြောင့်လည်းကောင်း၊ နိုင်ငံရေး၊ ဘာသာရေး၊ လူမျိုးရေးအရ ရက်စက်စွာ သို့မဟုတ် တရားမျှတမှု ကင်းမဲ့စွာ ပြုမူခံရသောကြောင့် လည်းကောင်း၊ သဘာဝဘေးဒဏ် ကျရောက်ခံရသောကြောင့်လည်းကောင်း ထိုသူသည် မိမိနိုင်ငံ၌ နေထိုင်ရန် မဖြစ်နိုင်သောကြောင့် ထွက်ခွာလာရသူ" ဟု ဖွင့်ဆိုပါသည်။ ၂၀၁၄ နှစ်ကုန်ပိုင်း စာရင်းအရ ဒုက္ခသည် ၁၉ ဒသမ ၅ သန်း ရှိသည်ဟု ဆို၏။

ဤမည်သော ဖွင့်ဆိုချက်အရ ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့ကြီး၏ အဖွဲ့အစည်းတစ်ခု ဖြစ်သည်။ UNHCR= UN High Commission for Refugees ဒုက္ခသည်များ ဆိုင်ရာ မဟာမင်းကြီးရုံးက ဆောင်ရွက်နေသော နိုင်ငံတစ်နိုင်ငံမှ အခြားနိုင်ငံတစ်နိုင်ငံသို့ ရောက်ရှိနေထိုင်နေသည့် သူများကိုမိခင်နိုင်ငံ (သို့) ခိုလှုံနေဆဲနိုင်ငံမှ အခြား တတိယ နိုင်ငံတစ်နိုင်ငံသို့ သွားလာနိုင်ရန်စီစဉ်ပေးခြင်း လည်း ပါဝင်သည်။

ဆိုခဲ့သည့်အတိုင်း ဒုတိယနိုင်ငံ၌ နေထိုင်ဆဲ အထက်ပါလူများကို တတိယအခြားနိုင်ငံသို့ ပို့သောအခါ Refugees အမျိုးအစား ပြည်ဝင်ခွင့်ဗီဇာ Entry Visa ဟု သတ်မှတ်ထားသည်။ ယခုအခါ အမေရိကန်ပြည်ထောင်စုတွင် ဒုက္ခသည် သန်းဆယ်ဂဏန်းရှိရာ နိုင်ငံပေါင်းစုံမှ လူမျိုးပေါင်းစုံ ရောက်ရှိနေထိုင်ကြသည်။

ယင်းတို့အနက် မြန်မာနိုင်ငံမှ ဒုက္ခသည်များလည်း ပါဝင်၏။ မြန်မာနယ်စပ်စခန်းများမှ ရောက်ရှိလာကြသူများ သည် အမေရိကန်တွင် ဒုက္ခသည်၏ ၂၀ ဒသမ ၂ ရာခိုင်နှုန်း ရှိသည်ဟု ဆို၏။ ၂၀၀၇ ခုနှစ်တွင် ဒုက္ခသည် ၂၂၀၀၀ ကျော်စတင် လက်ခံခဲ့ရာ မြန်မာနိုင်ငံမှ ၄၅၄၅ ဦး ပါဝင်သည်။ နှစ်စဉ်လိုပင် မြန်မာနိုင်ငံမှ လူမျိုးပေါင်းစုံ တိုး၍ တိုး၍ ရောက်ရှိလာကြရာ ၂၀၁၃ ခုနှစ်က ဒုက္ခသည် ၅၈၀၀၀ ကျော်တွင် မြန်မာနိုင်ငံမှ လူမျိုးပေါင်းစုံ ၁၄၀၀၀ ကျော်ပါဝင်သည်။ ၂၀၁၄ခုနှစ်က ဒုက္ခသည် ၆၉၀၀၀ ကျော်တွင် မြန်မာနိုင်ငံမှ ၁၆၀၀၀ ကျော်ပါဝင်သည်ဟု စာရင်းဇယားများ၌ ဖော်ပြသည်။

ဒုက္ခသည်များ မည်မျှများပြားသည်ကို တတိယ နိုင်ငံဖြစ်သော အမေရိကန်၊ ကနေဒါ၊ ဩစတြေးလျ၊ နော်ဝေ၊ ဂျပန်၊ အင်္ဂလန်အပါအဝင် နိုင်ငံများစွာက လက်ခံ နေကြရဆဲ ကိန်းဂဏန်းများအရ သိသာ၏။ ကမ္ဘာပေါ်တွင် ဒုက္ခသည် ၁၉ ဒသမ ၅ သန်း ရှိသည်ဟုဆို၏။ အမေရိကန်ပြည်ထောင်စုတွင် ဒုက္ခသည် အားလုံး၏ ၆၇ ရာခိုင်နှုန်းကို လက်ခံထားသည်ဟုဆို၏။ ဒုက္ခသည်အများဆုံး ရှိသော ပြည်နယ်မှာ တက္ကဆက်ပြည်နယ် ဖြစ်သည်။

မိမိ ယခု ခေတ္တရောက်ရှိနေသော ဖို့(တ်)ဝိန်းတွင် မြန်မာနိုင်ငံမှ ဒုက္ခသည် ၆၀၀၀ ကျော်ရှိသည် ဆို၏။ လွန်ခဲ့သော ၂၃ နှစ်၊ ၁၉၉၂ ခုနှစ်က ၅၀၀ သာရှိခဲ့ကြောင်း ဒုက္ခသည်များ အကျိုးဆောင်နေသော Burmese Advocacy Center ၏စာရင်းဇယားအရသိရသည်။

ဒုက္ခသည်များနေ့ World Refugee Day ကို ဇွန် ၂၀ ရက်ဟု ကုလသမဂ္ဂက သတ်မှတ်ပေးထားသည်။ (ဖို့(တ်)ဝိန်းတွင် ဇွန်လ ၁၉ ရက်နေ့က ကျင်းပခဲ့သည်။)

ဒုက္ခသည်အများဆုံးနိုင်ငံမှာ အာဖဂန်နစ္စတန်ဖြစ် ပြီး ၁၃ သိန်းကျော်၊ မြန်မာနိုင်ငံက လေးသိန်းကျော်ရှိသည်။ (၂၀၁၂ ထုတ်ပြန်ချက်စာရင်းအရ)

ဖို့(တ်)ဝိန်းမြို့၌ ဒုက္ခသည်များကို အကူအညီပေးနေ သော လူမှုအဖွဲ့အစည်းမှာ Catholic Charities ဖြစ် သည်။ ထိုအဖွဲ့က ရောက်ရှိလာသော ဒုက္ခသည်များအား လိုအပ်သော အကူအညီများ ဖြည့်ဆည်းပေးသည်။ မြန်မာ နိုင်ငံမှ ဒုက္ခသည် ၆၀၀၀ ကျော်ရှိသည်ဟု ဆိုရသော်လည်း အခြားနိုင်ငံများဖြစ်သော အီရတ်၊ အာဖဂန်နစ္စတန်၊ ပါကစ္စ တန်၊ အာရပ်နှင့် ဥရောပနိုင်ငံများမှလည်း ပါဝင်ကြသည်။

ဒုက္ခသည်များကို IOM = International Organization for Migration နိုင်ငံတကာ ရွှေ့ပြောင်းရေး အဖွဲ့က စီစဉ်ပေးသည်။ တတိယနိုင်ငံတွင်းသို့ မလာမီ ရှိနေဆဲနိုင်ငံ၌ လျှောက်လွှာတင်ရသည်။ တတိယနိုင်ငံ တစ် နိုင်ငံက လက်ခံလျှင် လိုအပ်သော လူတွေ့စစ်ဆေးမှုနှင့် ကျန်းမာရေးစစ်ဆေးမှုခံယူပြီးမှ လက်ခံသည်။ တတိယ

www.burmeseclassic.com

www.burmeseclassic.com

နိုင်ငံသို့ လာရောက်ရန် သက်ဆိုင်ရာနိုင်ငံ၏ Home Security Dept မှ စိစစ်ခွင့်ပြုသည်။ (အမေရိကန်တွင် နောက်ဆုံး အဆုံးအဖြတ် ခွင့်ပြုချက်ပေးသူမှာ သမ္မတဖြစ်သည်။) ရောက်ရှိလာလျှင် ခေါ်သူအဖြစ် တာဝန်ယူရသော လူမှုအဖွဲ့အစည်းနှင့် နေရာချရေးအဖွဲ့အစည်းများ၊ အခြားဌာနများကပါ နေထိုင်ရေး၊ စားသောက်ရေးအတွက် ရှစ်လမျှ တာဝန်ယူသည်။ အလုပ်အကိုင်ရရှိအောင် စီစဉ်ပေးသည်။ အလုပ်အကိုင်ရရှိသောအခါ လေယာဉ်ခအပါအဝင် ယူထားသောအထောက်အပံ့များအတွက် ဝင်ငွေအတိုင်းအတာအရ အချိုးကျပြန်လည်ပေး ဆပ်ရသည်။ ထို့ပြင် အလုပ်သမားတစ်ယောက် ဖြစ်လာသောအခါ သတ်မှတ်ထားသောဥပဒေများကို လိုက်နာရပြီး ဝင်ငွေခွန်ပေးဆောင်ရသည်။ အခွန်ဖြင့်လည်ပတ်နေသော အစိုးရဖြစ်သည်။

အမေရိကန်နိုင်ငံသို့ ဒုက္ခသည်များစွာတို့ ဝင်လာရန် လက်ခံခွင့်ပြုခြင်းကို သာမန်အားဖြင့်ကြည့်လျှင် ထိုဒုက္ခသည်များအား မေတ္တာဖြင့် အားလုံးတာဝန်ယူသည်ဟု ထင်ရသော်လည်း ထိုသူများအားလုံး သားစဉ်မြေးဆက်အထိ အမေရိကန်၏ ကုန်ထုတ်လုပ်သား အလုပ်သမားများ ဖြစ်လာကြရလေတော့၏။ သားစဉ်မြေးဆက်တွင် ဒုတိယ၊ တတိယမျိုးဆက်တို့၌ အမေရိကန်၌ပင် ပညာသင်ခွင့်ရကြ၍ ပညာတတ်များဖြစ်လာကြ၏။

အမေရိကန်နိုင်ငံတွင် စက်ရုံအလုပ်ရုံ၊ ဌာနများစွာ၌ နိုင်ငံတကာမှ ရွှေ့ပြောင်းလာသူ (တရားဝင်များ ဒုက္ခသည်များ၊ တရားမဝင်လာသူများအားလုံးသည်) အလုပ်သမားအဖြစ်သာ ရပ်တည်သွားကြရလေတော့၏။ ဒုက္ခသည်များအပါအဝင် လာရောက်ကြသူများမှာ မိမိတို့၏ ယခင်ဘဝနှင့် နှိုင်းစာ၍သာ 'သုခဘုံ'ဟု ထင်ကြသူအများစု ဖြစ်ကြသော်လည်း တကယ်တော့ အလုပ်သမားဘဝသို့ လုံးလုံးလျားလျား ကျရောက်သွားကြကာ ပေးထားသော အခွင့်အရေး SSI နှင့် Credit ကဲ့သို့ ကြိုတင်ခံစားခွင့်များကြောင့် ရုန်းမထွက်နိုင်ကြတော့ပေ။ (ဤအကြောင်းကို ကာလီဒါစ ကုမြင်ကွင်းထဲမှ အမေရိကန်၌ရေးခဲ့ပြီးလေပြီ။ အကြွေးနွံဟုပဲ ဆိုနိုင်လေသည်။)

ဒုက္ခသည်ဟူသည်မှာ အမည်ဆိုးသော်လည်း အမေရိကန်သို့ လာရောက်ချင်သူ(အချို့)သည် ဒုက္ခသည်စခန်းသို့ လာရောက်ကာ ခေတ္တနေထိုင်၍ အမည်စာရင်းပေါက်လုပ်ကာစောင့်ဆိုင်းကြသည်။ (အချို့မှာ ဒုက္ခသည် မဲပေါက်သည်ကို အမည်ပြောင်းလာသူများ ရှိကြသည်ဟုလည်းကောင်း၊ ဒုက္ခသည်စခန်း၌ စာရင်းသာရှိပြီး သင့်တော်ရာ၌နေထိုင်ကာ စောင့်ဆိုင်းသောသူ (အချို့အနည်းအကျဉ်း...) ရှိသည်ဟုလည်းကောင်း ဆိုကြသည်။ မည်မျှပင် စ... သော်လည်း နေရာတိုင်းတွင် အကြဲအဖန်ရှိစမြဲပင် ဖြစ်... မည်။ အစစ်ရှိလျှင် အတုရှိစမြဲဖြစ်သည်။)

"စက်ရုံ၊ အလုပ်ရုံတွေက ခွေးသွားစိတ်တွေ လည်... ပတ်ဖို့၊ မီးခိုးခေါင်းတိုင်က မီးခိုးထွက်ဖို့အတွက် အလု... သမားလိုတယ်။ နောက်တစ်ခုက အစိုးရရဲ့ လုပ်ငန်းလည်... ပတ်နိုင်ရန် အခွန်ထမ်း ပြည်သူလိုတယ်။ လူလုပ်အား... ငွေအားအတွက် အမေရိကန်မြေပေါ်ကို အလုပ်သမား... သွင်းတာသာဖြစ်တယ်" လို့ စာရေးတတ်သူက ရေးခဲ့သည်။ (အမေရိကန်ရောက် ဗမာပြည်သား ဒုက္ခသည်၊ ပေ... ဆောင်းပါးမှ)

ကြိုးစားအားထုတ်မှုနှင့် ကံကောင်းထောက်မ... အချို့သည် ကိုယ်ပိုင်ဆိုင်များ ရှိလာကြသော်လည်း အ... အတွက် နည်းပါးလှသည်။ ဘွဲ့ရရုံဖြင့် အလုပ်ကောင်း... ကောင်းမရနိုင်ကြပေ။ ဒေသခံတိုင်းရင်းသားများပင် အတော်... ကြိုးစားကြရသည်။ ရွှေ့ပြောင်းလာသူတို့ အလုပ်ကြိုးစား... ပုံနှင့် ပညာအပတ်တကုတ်ရှာရပုံကို အချင်းချင်းသာ သိကြ... ၏။ ဖွင့်မပြောကြတာက ရင်နာလို့ဟုပဲ ဆိုနိုင်သည်။ အလုပ်... ပြုတ်မှာကို စိုးကြရသည်။ ထို့ကြောင့် ကြိုးစားလုပ်ရသည်။ မမျှတမှုများရှိနေသော်လည်း ကျွန်ကောင်းပီသကြရသည်ဟုပင် ပြောသူကပြောသည်။ အမေရိကန်ရောက် အလုပ်... သမားဘဝကို ရေးပြသူကရေးပြသည်။ (တံလျှပ်ရွှေပြည်... အပိုင်း ၈၊ ခွာညိုဆောင်းပါး)

သည်ကြားထဲကပင် အမေရိကန်နိုင်ငံသို့ လာချင်... လွန်းသူများလှ၏။ နည်းမျိုးစုံဖြင့် ကြံဖန်လာကြသည်။ အမေ... ရိကန်သို့ တရားမဝင် ဝင်လာသူတစ်နှစ်လျှင် သုံးသန်း... သည်ဟု အစိုးရစာရင်းများက ဆို၏။ သတင်းစာများက... ရေး၏။ ကာတွန်းများဖြင့် ပြောင်လှောင်၏။ သည်ကြားထဲ... ဒုက္ခသည်များ၏ ပြဿနာကလည်း မျိုးစုံလှသည်။ တာဝန်ရှိ... အဖွဲ့အစည်းများက ဖြေရှင်းနေကြရသည်။ လူမှုရေး ပြဿ... နာများသာမက ဥပဒေချိုးဖောက်မှုများပါသည်။ BAC လို... အဖွဲ့အစည်းများ၊ အရင်ရောက်လာသောသူများနှင့် ဘာသာ... စကားကျွမ်းကျင်သူများက ကူညီဖြေရှင်းပေးကြ၏။

အမေရိကန်သည် အရှုံးအမြတ် တွက်တတ်သူဖြစ်... ၏။ အမြတ်ကိုတွက်ထားသလို အရှုံးအတွက်လည်း ကာ... လုပ်ထားပေမည်။ ဘာပဲပြောပြော မထိခိုက်၍သာ ဒုက္ခသည်... တင်ပို့ခြင်းကို လုပ်နေခြင်းဖြစ်မည်ကား သေချာသည်။

www.burmeseclassic.com




# အဆိပ်များ

မေလတ်ဟန်

သမီး ကျောင်းတက်နေသည့် အလယ်တန်းကျောင်းနှင့် ကျွန်မတို့နေသည့် တိုက်ခန်းသည် မဝေး။ ကျောင်းသည် အထက်ဘလောက်တွင်ရှိပြီး ကျွန်မနေထိုင်သည့် တိုက်ခန်းသည်သည်း အထက်ဘလောက်တွင် ရှိသည်။ သို့သော် တစ်လမ်းတည်းမဟုတ်။ တစ်လမ်းသာခြားသည့် အကွာအဝေးတွင်ရှိသည်။

မိသားစုလေးယောက်သာ ရှိသည့် ကျွန်မအတွက် အငယ်ဆုံးသမီးလေးသည် ကျွန်မတို့မိသားစုအတွက် နောက်ဆုံးမျှော်လင့်ချက်။ ယခုဆိုလျှင် သမီးလေးသည် လေးတန်းရောက်နေပြီ။ လေးတန်းဆိုတော့ အရေးကြီးသည်ဟု ဆိုရမည်။ အတန်းတင်စာမေးပွဲ၊ အတန်းတင်စာမေးပွဲတိုင်း ပထမဆုနေရာမှလွဲ၍ ဒုတိယနေရာ ဒါမှမဟုတ် တတိယနေ ရာရသည့်သမီး။ ပြောရလျှင် ပညာဇော်၊ စာကြိုးစား၊ ရည်ရွယ်ချက်ရှိသည့် သမီးလေး။ သမီးအကြီးက မနှစ်က ဆယ်တန်းအောင်သွားသည်။ အခု ဘွဲ့ကသိုလ်တက်နေပြီ။ အစ်မဖြစ်သူက ဆယ်တန်းမှာ ဂုဏ်ထူးသုံးဘာသာဖြင့် အောင်၊ တက္ကသိုလ်တက်နေပြီဆိုတော့ သမီးလေးက သူ့အစ်မကို အားကျသည်တဲ့လေ။



www.burmeseclassic.com

www.burmeseclassic.com

"မေမေ . . .သမီး ဆယ်တန်း ရောက်ရင်လေ မမလို ဂုဏ်ထူးတွေပါ အောင် ကြိုးစားပြမယ်။ မမထက် သာ ရစေမယ်"

ဤသို့ တပ်လှန့်ရင်း သမီးလေး က ပညာရေးမှာ ဂုဏ်ပြိုင်ခဲ့သည်။ တကယ်တော့ ကျွန်မသည် ရုံးတစ်ရုံး မှာ လုပ်ခဲ့သည်။ ကျန်းမာရေးကြောင့် နားယူခဲ့ပြီး ကျွန်မယောက်ျားကတော့ အပြင်စီးပွားရေး လုပ်နေသူ။ ပြောရ လျှင် စီးပွားရေး အဆင်ပြေသည်။ စား နိုင်သောက်နိုင်သည့်အဆင့်။ သမီးကြီး နှင့် သမီးလေးတို့က အသက်ကွာခြား သည်။ ငါးနှစ်၊ ခြောက်နှစ်ခြားပြီး မွေးခဲ့ ရသည့် သမီးနှစ်ဦး။ အခုတော့ သမီးကြီး အတွက် စိတ်အေးရပြီ။ ဒီသမီးလေး အတွက်သာ ပညာရေးတာဝန် ကျန် တော့သည်လေ။

ဒီတော့ သမီးကို အမြဲကျောင်းပို့၊ အမြဲတမ်း ကျောင်းကြိုတာဝန်သာရှိ သည့် ကျွန်မ။ ဒီကနေ့လည်း သမီးကို ကျောင်းပို့ခဲ့ပြီ။ ညနေ ကျောင်းဆင်း ချိန်ရောက်တော့မည်ဆိုလျှင် ကြိုပြီး သွား။ ကျောင်းလွှတ်ချိန်ကိုစောင့်။ သမီး ကိုခေါ်ပြီး ဘိုက်ခန်းကိုပြန်။ ကျွန်မ အမြဲတွေ့နေရသည်က ကျွန်မလိုပင် ကိုယ့်သားသမီးတွေကို လာကြိုကြသူ တွေ။ ဈေးသည်တွေ။ ကားမှတ်တိုင်မှာ ကားစောင့်နေသူတွေ။ လိုင်းကားတွေ ကိုယ်ပိုင်ကားတွေ အမြဲတွေ့နေရဆဲ။ ပြီးတော့...ပြီးတော့ တွေ့နေရတာတွေ က...။

"မခင်သိုက်ရယ်...ကိုယ်တော့ လေ ကလေးတွေ ဝယ်စားနေကြတဲ့ သရေစာတွေကို သိပ်ပြီးမသက်သာဘူး ကွာ။ ဖြစ်နိုင်ရင် အဲဒီကျောင်းရှေ့မှာ ရောင်းချနေတဲ့ သရေစာတွေ၊ အသုပ် တွေကို ဝယ်မစားစေချင်ဘူး"

ကျွန်မခင်ပွန်း ကိုအေးဆောင်က သမီးကြီးငယ်စဉ်က ဤသို့ပြောခဲ့သည်။ သမီးအတွက်ရော အခြားကျောင်းသား ကျောင်းသူတွေအတွက်ပါ စိုးရိမ်စိတ်နှင့် ပြောခဲ့သည့်စကား၊ စေတနာစကား။

ဟော...အခု သမီးငယ် ကြည် ကြည်မာ လေးတန်းသာ ရောက်လာ သည်။ မစားသင့်သည့် သရေစာတွေနှင့် ပတ်သက်လို့ မမေ့နိုင်သေး။ ကြည့်လေ ခုခေတ်ကလေးတွေ စားနေကြရသည့် ကလေးသရေစာတွေ။ ပြီးတော့ ကျွန်မ တို့စားသောက်နေသည့် အစားအသောက် တွေ။ ထမင်းဟင်းနှင့် သောက်ရေအထိ သိပ်ပြီးမသက်သာချင်။ ဘာတွေပါလို့ ဘာတွေနဲ့ ငြိစွန်းနေမှန်း စိတ်ထဲက တွေးချင်လာသည်။ သံသယတွေ ဝင် လာသည်။

ကျွန်မတို့ ငယ်စဉ်က စားရတာ က လတ်ဆတ်သည်။ သန့်ရှင်းသည်။ သဘာဝအတိုင်းလေး ဖြူဖြူစင်စင် စား ခဲ့ရသည်။ ဒီလိုစားတော့ ကျန်းမာသည်။ ဖွံ့ဖြိုးသည်။ ကျွန်မတို့ အဘိုး၊ အဘွား တွေဆိုရင် အရပ်အမောင်း ခြောက်ပေ လက်တံတွေ အရှည်ကြီးတွေ။ အသက် ဆိုရင် တစ်ရာနီးပါး။ အချို့ဆိုရင် တစ် ရာကျော်တဲ့အထိ နေသွားကြရတာ။ ဆန်နီကြမ်းတွေစား၊ ဘုရားတည်၊ ကျောင်းဆောက်ပြီး နေခဲ့ကြရတာ။ အသက်ခြောက်ဆယ်၊ ခုနစ်ဆယ်အထိ ယာထွန်၊ လယ်ထွန်နိုင်တုန်း။ သည်အခါ အခု၊ အဘိုးအဘွားတွေနှင့် ကျေးလက် မှာနေရင်း ကြီးပြင်းပညာရှာ။ ဟော.. အရွယ်ရောက် ရန်ကုန်ကို အခြေချပြီ ပြန်တော့ ရန်ကုန်မှာပဲ အိမ်ထောင်ပြု။ သီးခြားဘဝထူထောင်၊ ကာလတွေကြာ၊ ခေတ်စနစ်တွေ ပြောင်းလာပြီ။ အားလုံး အဆင်သင့်ဆိုတဲ့ ရယ်ဒီမိတ်အစား အသောက်တွေ၊ နည်းပညာ အသစ် အဆန်းတွေနှင့် ကျွန်မတို့၏ သားသမီး တွေ ကျင်လည်အသုံးပြုနေကြပြီ။ စား စရာများထည့်သည့် ထုပ်ပိုးမှု အတတ် ပညာအရ အရောင်အသွေးစုံ၊ ပုံစံစုံဖြင့် ကလေးတွေ စိတ်ဝင်စားအောင်၊ မလို လိုချင်အောင် နည်းတွေနှင့် ကလေး တွေ၏ ငွေကို ချူယူနေပြီဖြစ်သည်။

"အင်း...အဆိပ်တွေ ပါနေပြီ ပါနေပြီ။ ဒါတွေစားနေကြရတဲ့ ကလေး တွေရဲ့ အနာဂတ်က ဘယ်လိုလဲ။ ဒါတို့ မိဘတွေမှာ တာဝန်ရှိသလား။ တာဝန် ရှိနေတဲ့ အဖွဲ့အစည်းတွေမှာ တာဝန်ရှိ နေသလား။ မစစ်ဆေးကြဘူးလား။ စစ် ဆေးနိုင်တဲ့ အရည်အချင်း မရှိဘူးလား။ ဒီအတိုင်း လွှတ်ထားမှာလား"

တွေးရင်း ရင်လေးခဲ့တာ ကြာပြီ။ ပြီးခဲ့တဲ့ လတုန်းကတော့ မန္တလေးက မြို့နယ်တစ်နယ်ထဲမှာ ရေတစ်ဆီလုပ်ငန်း တစ်ခုကို မြို့တော်စည်ပင်သာယာရေး အဖွဲ့တစ်ဖွဲ့က ဝင်ရောက်စစ်ဆေးသတဲ့။ စစ်ဆေးတွေ့ရှိချက်တွေကို လူမှုကွန် ရက်ကနေတင်တဲ့ အခါမှာတော့ ကျွန်မ အတော်လေးတုန်လှုပ်သွားသည်။ ရေတ် ဆီလို့ခေါ်တဲ့ ရေတ်အချဉ်ရည်ကို ကျွန်မ အတော်ပင် ရှုံမှန်းကြီး ဖြစ်သွားသည်။

www.burmeseclassic.com

ကြည့်လေ…အရင်က ငရုတ်ဆီကို အသေအလဲကြိုက်သည့် ကျွန်မ။ ဘာဟင်းချက်ချက် ငရုတ်ဆီလေးပါမှ ခံတွင်းတွေ့ခဲ့သည့် ကျွန်မ။ ခေါက်ဆွဲကြော်၊ ခေါက်ဆွဲသုပ် စားရင်တောင် ငရုတ်ဆီရွှဲရွှဲလေးနဲ့မှ ခံတွင်းမြိန်တဲ့ ကျွန်မ။ ငရုတ်ဆီကို ဒီအတိုင်း လက်ညှိုးခွတ်ပြီးတို့လျက်တတ်သည့် ကျွန်မ။ ထမင်းစားရင်တောင် ငရုတ်ဆီဆမ်း၊ ဆီနဲ့ဆားနဲ့ အချိုမှုန့်နဲ့ဖြူးပြီး စားတတ်တဲ့ ကျွန်မ။ အခုတော့ တကယ်အရင်းအမြစ် ဇာစ်မြစ်ကိုသိတော့ အန်ချင်သလို၊ ပျို့ချင်သလို ဖြစ်ခဲ့ရပြီ။ ကျွန်မဗိုက်ထဲမှာ ဘယ်လောက်တောင် အဆိပ်ရည်တွေ၊ သက်တမ်းတိုမယ့်အရာတွေ ပြန့်ကျဲနေပြီ မသိတော့။

ကြည့်စမ်း။ အဲဒီငရုတ်ဆီ လုပ်ငန်းရှင်တွေက မီးဘေးအန္တရာယ် စိုးရိမ်ရတဲ့အထိ အိမ်အပေါ်ထပ်မှာ မီးဖိုကြီးဖိုပြီး ဆားနဲ့ ငရုတ်ရည် ကျိုနေတာတဲ့။ ပြီးတော့ တကယ်ပါဝင်ရမည့် ခရမ်းချဉ်သီးဆိုတာ ဝေလာဝေး။ ဆန်ကွဲမှုန့်တွေ၊ အခြား အဆိပ်ပါတဲ့ အရောင်တင်မှုန့်တွေ၊ အမျိုးအမည်မသိတဲ့ အမှုန့်တွေ၊ အချိုမှုန့်တွေ၊ ဓာတုဗေဒအမှုန့်တွေနဲ့ ရောနှောပြီး ငရုတ်ဆီတွေ လုပ်နေသည်တဲ့လေ။ ဘယ်လောက်များ အတ္တကြီးကြသနည်း။ ဘယ်လောက်များ လောဘကြီးကြသနည်း။ ကိုယ့်အတွက် အကျိုးဖြစ်ဖို့ သူများတွေဘဝ အကျိုးယုတ်ကို ထည့်မတွက်ကြဘူးလား။ ငရုတ်ဆီလုပ်ငန်းအကြောင်း အခုလို ဖွင့်ချပြီး ကျွန်မတို့လို အိမ်ရှင်မတွေကို အသိပေးလိုက်တဲ့အတွက် မြို့တော်စည်ပင်ကို ကျေးဇူးတင်မဆုံး…။

အရာရာမှာ ဓာတုဆေးဆိုးမလွတ်ကင်းတာကြောင့်၊ အရာရာတွင် အဆိပ်တွေပါနေပြီမို့ ကျွန်မအနေနှင့်ကတော့ ဘယ်လိုရှောင်ကွင်းရမယ်ဆိုတာ အဖြေရှာနေမိသည်။ ငရုတ်ဆီအပြင် ရေသန့်၊ ငပိ၊ ငါးခြောက်၊ ဆီ၊ အသီးအနှံတွေ အို ကျွန်မတွေးရင်း အနာဂတ်အတွက် ရင်လေးမိသည်။

ကျွန်မတို့အတွက် ရင်လေးသည်ထက် ကျွန်မသမီးအရွယ် ကျောင်းသူကျောင်းသားတွေ၊ သူငယ်တန်းကအစ ဆယ်တန်းအရွယ်အထိ ကလေးတွေ၊ သူတို့ သူတို့လေးတွေ ကျောင်းတက်၊ ကျူရှင်တက်နေကြရသည်။ အနီးဝန်းကျင်မှာ ရောင်းချနေသည့် သရေစာတွေ ကရော…။

အတွေးနှင့်အတူ ကျွန်မစိတ်ထဲမှာ မုန့်စားကျောင်းလွှတ်ချိန်အတွင်း ကလေးတွေ စာသင်ခန်းထဲက ပြေးထွက်ကြမည်။ ပြီးတော့ ကျောင်းရှေ့ ဈေးသည်တွေဆီ ပြေးကြမည်။ ဈေးသည်အစုံ၊ စားသောက်စရာအစုံ ရောင်းချနေသည့်ရှေ့မှာ ရပ်ကြမည်။ ပြီး မိမိစားချင်သည်ကို တပ်မက်သည့်မျက်လုံးအစုံဖြင့် ကြည့်မည်။ တွေ့ပြီ၊ ကြိုက်ပြီဆိုပါက ပိုက်ဆံပေးပြီးဝယ်၊ ဝယ်ပြီးစားနေကြမည်။ ဆိုင်ရှေ့မှာ ချိတ်ထားသည့် စားစရာတွေ၊ ဘူးထဲထည့်ထားသည့် စားစရာတွေ။

အရောင်အသွေးစုံ သစ်သီးထုပ်တွေ၊ ဂျယ်လီဘူးတွေ၊ သကြားလုံးတွေ၊ အချိုရည်ဘူးတွေ၊ ကော်ဖီထုပ်၊ ခေါက်ဆွဲ ခြောက်ထုပ်တွေ၊ ပေါင်မုန့် ကိတ်မုန့်တွေ၊ အို…အမျိုးမျိုး၊ အရောင်စုံအမျိုးစုံ။ အနီစားစရာအထုပ်တွေမှာ တရုတ်စာတွေ၊ ထိုင်းစာတွေ ရေးသားထားမည်။

ဒါတွေကရော အဆိပ်ပါမယ်၊ ပါကိုပါမယ်။ ကလေးတွေကို သူတို့က ထုပ်ပိုးမှု အတတ်ပညာနဲ့ အရောင်အသွေးစုံ အမည်စုံနဲ့ လိုချင်တပ်မက်မှုရှိအောင် စည်းရုံးထားကြတာ။ ဒါတွေကို ဘယ်သူက အာမခံခဲ့တာလဲ။ အန္တရာယ်မရှိဘူးလို့ ဘယ်သူ အာမခံမလဲ။

တွေးရင်းနှင့် ကျောချမ်းသွားသည်။ တက္ကသိုလ်တက်နေသည့် သမီးတုန်းကလည်း ဤသို့သော ဓာတုဆေးပါသည့် သရေစာတွေကို ဂုဏ်တုဂုဏ်ပြိုင် စားခဲ့သည်။ ဒါဆိုရင် သမီးကြီးဗိုက်ထဲမှာ အဆိပ်တွေ ဘယ်လောက်ပျံ့နှံ့နေပြီလဲ။ ဝမ်းတွင်းကလီစာတွေကို တဖြည်းဖြည်းချင်း ဘယ်လိုဒုက္ခရောက်အောင် မွှေနှောက်နေပြီလဲ။ အခု သမီးငယ်ကိုရော။ အဲဒီ သရေစာတွေက ဘယ်အဆင့်ရောက်အောင် ကလူကျီစယ်နေပြီလဲ။ အနေးနဲ့အမြန်ဆိုသလို ကလေးတွေကို ဒုက္ခ ပေးမည်ကတော့ အမှန်။ အနုနည်းနှင့် အမှည့်ခြွေခြွေနေသည့် တိုင်းတစ်ပါးက အစားအသောက်တွေကို မဟန့်တားနိုင်ကြဘူးလား။ မတုံ့ပြန်နိုင်ကြတော့ဘူးလား။ ဘယ်ပုံဘယ်နည်းနဲ့ တားဆီးကြမလဲ။ တွေးရင်းနှင့် ဝေဝါးနေသူက ကျွန်မ။

“အင်း…ငါ့မှာလည်း တာဝန်ရှိတာပဲ”

သူများကို လက်ညှိုးထိုး အပြစ်ရှာနေသည်ထက် မိမိရင်သွေးအတွက် အုပ်ထိန်းသူမိဘမှာ ပိုပြီး တာဝန်ရှိ



www.burmeseclassic.com

www.burmeseclassic.com

ကြောင်း ကျွန်မတွေးရင်း ခေါင်းခါမိသည်။ သမီးကို နောက်ရက်မှာတော့ သရေစာအကြောင်း၊ ဓာတုဆေးဆိုးတွေအကြောင်း၊ အဆိပ်ဖြစ်နိုင်ခြေအကြောင်းများကို ပြောဖို့ ဆုံးဖြတ်ထားသည်လေ။

"အင်း…ကျောင်းသူကျောင်းသားတွေအတွက် စားသုံးဖို့မသင့်လျော်တဲ့ အစားအစာတွေကို ကြော်ငြာထားတယ်လို့တော့ ကြားတယ်။ အဲဒါတွေက ကလေးတွေအတွက် အာဟာရမဖြစ်တာ။ သက်တမ်းကုန်တာ။ ထုတ်လုပ်တဲ့ရက်စွဲနဲ့ သက်တမ်းကုန်တဲ့ ရက်စွဲမပါတာ။ ဆိုးဆေးပါတာ။ တရုတ်စာ၊ ထိုင်းစာပါတာ ဒီလိုမျိုး သရေစာတွေကိုတော့ တားမြစ်တယ်လို့ ကြားတယ်။

ရသေ့စိတ်ဖြေသဘောတွေးရင်းများရည်နှင့် ဝမ်းချမိပေမဲ့ ကျွန်မစိတ်ထဲ ဘဝင်မကျမိ။ စီးပွားရေးသမားဆိုတာ အာဏာပိုင်တွေ၊ တာဝန်ရှိသူတွေထက် လည်သည်။ အာဟာရမရှိဘူးလို့ ဘာကို ကြည့်ပြီး အထောက်အထားပြမလဲ။ ပြကြမလဲ။ သရေစာအကုန်ထုတ်ပြီး ဘယ်လိုစစ်ဆေးနိုင်မလဲ။ တစ်ခုချင်း ထုတ်ပြီး စစ်ဆေးနိုင်ပါ့မလား။ အဝေးကြီး။ ပြီးတော့ သက်တမ်းကုန်တာတဲ့။ ဘယ်လိုလုပ်သိကြမလဲ။ ဒီနေ့ဒီရက် ကုန်ပါသည်လို့ အမှတ်အသားပြုရင်ရော။ တကယ်ကုန်တဲ့နေ့ကို အဲဒီသရေစာတွေ မီးရှို့ဖျက်ဆီးပစ်ရဲ့လား။ မြေမြှုပ်ပစ်ကြရဲ့လား။ နောက်ထပ် ထုတ်လုပ်ရက်စွဲနဲ့ ကုန်ဆုံးရက်စွဲစာ အသစ်ရိုက်။ အဲဒီသရေစာကို ပြန်ကပ်ခဲ့ရင်ရော။ ဘယ်သူသိနိုင်မှာမှတ်လို့။ ကုလားကြီးနဲ့ ဘဘဘူကြီး အတူတူနဲ့ အတူတူပါပဲ။ တရုတ်နဲ့ ပေါက်ဖော် အတူတူပါပဲ။

"ဟင်း…"

တွေးရင်း ရင်လေးမိသည့် ကျွန်မအတွက်တော့ ဖွံ့ဖြိုးမှု နောက်ကျကျန်ရစ်သည့် ကျွန်မတို့အ[illegible]က် ရင်ထုရင်နာ မခံဆုံး။ ခုတော့ ကျွန်မတို့ ဘဝက တိုင်းတစ်ပါးက အဆိပ်ရည်ကို သကာရည်ရောင်းပြီး တင်သွင်းလည်း ဝယ်စားကြရမှာပဲ။ သကာရည်ကို အဆိပ်ရည်ဖျန်းပြီး ယူလာရင်လည်း ဝယ်စားကြရမှာပဲ။ သက်တမ်းကုန်၊ သက်တမ်းလွန် တံဆိပ်အသစ် စာအသစ်ကပ်ပြီး ရောင်းလည်း လက်မရှုံ့စတမ်း ဝယ်စားကြရမှာပဲလေ။ ဘယ်သူကလိမ်လိမ်၊ ဘယ်သူက ညာညာ အလိမ်ခံ အညာခံနေကြရဦးမှာ။ သေတဲ့အထိ။

"လွန်ခဲ့တဲ့ လေးနှစ်က ငါတို့ဆီက ရှက်ယိုသီးတွေ အရွယ်အစားမရွေး၊ အနုအရင့်မရွေး ထိုင်းကသာဝယ်တယ်။ မပြောပါဘူး။ ရဲယိုဆိုပြီး ယိုဘူးတွေ၊ ဖျော်ရည်တွေ တံဆိပ် အသစ်အဆန်းတွေနဲ့ ထုပ်ပိုးမှုအတတ်ပညာတွေနဲ့ ဝင်လာလိုက်ကြတာ"

တိုက်တိုက်ဆိုင်ဆိုင် တွေးရင်း ကျွန်မတို့ လူမျိုးတွေ၏ တီထွင်မှု၊ ထုံထိုင်းမှု၊ တွေဝေမှု၊ ငေးငိုင်မှု၊ ရောင့်ရဲမှု၊ အပါးနိုမှု၊ လက်သင့်ရာ စားသောက်ခေါ်ချင်မှု၊ ဆင်ဖြူတော်မိုပြီး ကြံစုပ်ချင်တဲ့ အကျင့်များကို တွေးနေမိဆဲ။

နောက်ရက်…။

သမီးကို ကျောင်းကြိုအပြန် တိုက်ခန်းပေါ်ရောက်တော့ သမီးကျောင်းလွယ်အိတ်ထဲကို ကြည့်မိသည်။

"သမီး…ဒါက ဘာဘူးလဲဟင်"

ပုံစံက ထူးခြားနေသည်ကို ကြည့်ရင်းမေးသည်။ ပုံစံက အချိုရည်ဘူး[illegible] ဘူးထပ်မှာ လက်နှင့်ဖိရသည့် ခေါင်း[illegible] သည်။

"အဲဒါ…အာဖျန်းလေ"

"အာဖျန်း…အာဖျန်း ဟုတ်လား"

သမီးက ခေါင်းညိတ်ပြရင်း ကျွန်[illegible] လက်ထဲမှ သူ့အခေါ် အာဖျန်းဘူးကို ဆတ်ခနဲ ဆွဲယူသည်။ သို့သော် သမီး ယူမည်ကိုသိသော ကျွန်မက သတိနှင့် ခပ်တင်းတင်းလေး ဆုပ်ကိုင်ထားသည်။ သမီးဆီကို အာဖျန်းဘူး ပါမသွား။

"သမီး…"

"ရှင်…"

"မေမေ့ကို ချစ်လား"

"ချစ်…"

"ဖေဖေ့ကိုရော"

သမီးက ခေါင်းညိတ်ပြသည်။

"ဒါဆိုရင် မေမေပြောတာကို နား ထောင်။ အခုပြောမယ့် မေမေ့ရဲ့ စကားလိုပဲ မကြာခင်မှာ သမီးဖေဖေကရော သမီးမမကပါ ဒီသရေစာတွေနဲ့ ပတ်သက်ပြီး ပြောပြလိမ့်မယ်။ သမီးသိထားဖို့က များသောအားဖြင့် သမီးတို့ဝယ်စားနေတဲ့ သရေစာတွေက ဓာတုဆိုးဆေးတွေပါတယ်ဆိုတာ သိလား။ အဲဒါတွေက အာဟာရလည်း မဖြစ်။ လူကို အနေးနဲ့အမြန်ဆိုသလို အန္တရာယ်ပေးမယ်။ လူကို အသက်တိုစေမယ် သမီးနော်။ နောက်ဆို ဒါတွေ ဝယ်မစားနဲ့တော့"

သမီးက ကျွန်မစကားကြောင့် မျက်လုံးပြူးကြည့်တယ်။ ကျွန်မက ဆက်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com

"တာဝန်ရှိတဲ့သူတွေက ကျောင်းတွင်းမှာ မရောင်းချဖို့ တားမြစ်ထားတဲ့ မုန့်တွေ ရှိတယ်။ အဲဒါတွေကတော့ တရုတ်စာ၊ ထိုင်းစာနဲ့ ရေးထားတဲ့ မုန့်တွေပါတယ်။ အခု သမီး အာဖျန်းလို့ ခေါ်တဲ့ အချိုရည်ဘူးလည်း ပါတယ်လေ။ ဒါတွေက သိပ်ကို အန္တရာယ်ရှိတယ် သမီး။ ပြောရရင် ဖွံ့ဖြိုးမှုရှိတဲ့ နိုင်ငံတွေက ဖွံ့ဖြိုးမှုမရှိသေးတဲ့ မေမေတို့တိုင်းပြည်ကို အင်အားတောင့်တဲ့ လူက ငါးဖောင်ရိုးခြောက်လိုဖြစ်နေတဲ့ မေမေတို့တိုင်းပြည်ကို ပညာရှိနှိပ်စက်နည်း နှိပ်စက်နေတာပေါ့ကွယ်"

"ဒါဖြင့် ဒါတွေက ဘယ်ကနေ ဘယ်လို ဝင်လာတာလဲဟင်"

ရုတ်တရက် သမီး၏ အမေးကြောင့် ကျွန်မ ဘာဖြေရမှန်း မသိတော့။

"ဒါလား・・・ဟို・・・မှောင်ခိုဝင်တာလား။ ဘယ်က ဝင်လာသလဲတော့ မေမေလည်း တိတိကျကျ မသိပါဘူး သမီးရယ်"

"ဒါတွေ စောင့်ဖမ်းရမှာပေါ့"

သမီးက ထပ်ဆင့်ပြောလာသည်။ ပြီး ဆက်ပြောသည်။

"မဖမ်းလို့ နေမှာပေါ့"

ကျွန်မ ပြုံးမိသည်။ ဘယ်လို အဖြေပေးရမှန်း မသိသည့် ကျွန်မအတွက်တော့ နှုတ်ပိတ်နေခြင်းသည် အကောင်းဆုံးဟု တွက်ဆမိလိုက်သည်။ အဖြေပေးဖို့ အဖြေရှာနေခဲ့ဖြစ်ရာ ထိုအဖြေသည် အဖြေပေးနိုင်သည့် အဆင့်သို့မရောက်ဘဲ တိကျသည့်အဖြေရဖို့ တွေးရသည်က ခွေးပင်ပြန်လာသည်။

"မေမေ"

"ပြော・・・"

"ဒါတွေစားရင် ဘာဖြစ်မလဲဟင်"

"အင်း・・・ရေရှည်စားရင် ကျောက်ကပ်တို့၊ အသည်းတို့ ပျက်စီးနိုင်တယ်။ ပြီးတော့ ကင်ဆာလည်း ဖြစ်နိုင်တယ်။ အဲဒီဆိုးဆေးတွေ များများပါတဲ့ သရေစာတွေကို စားမိရင် ချက်ချင်းမူးဘာတို့၊ အော့အန်တာတို့ ဖြစ်နိုင်တယ်တဲ့။ အဲဒီ တားမြစ်ထားတဲ့ သကြားလုံးတို့၊ စုပ်ပြားတို့ စားမိတဲ့ကလေးဆိုရင် ချောင်းဆိုးတာ၊ ဝမ်းကိုက်တာတွေ ဖြစ်တယ်လေ"

"ကြောက်စရာပဲနော်・・・မေမေ"

"ဒါဆိုရင် နောက်မစားနဲ့တော့နော်။ သမီးက လိမ္မာတယ် သိလား"

သမီးဖြစ်သူက ခေါင်းညိတ်ခေါင်းခါ မလုပ်။ သမီးဖေဖေပြန်လာရင် ဒီကိစ္စနှင့် ပတ်သက်၍ စစ်ကူတောင်းပြီး သမီးလေးနားလည်အောင် ရှင်းပြရဦးမည်။ နားချပြရပေဦးမည်။

တွေးရင်း ဖျက်ဆီးပစ်တော့မည့် အာဖျန်းဟူသည့် အဆိပ်ရည်ရောပြွမ်း ပါဝင်နေသည့် နှစ်လိုဖွယ်ဘူးလေးကို ကြည့်ကာ ဘာမှမသိရှာသည့် သမီးလေးဆီ အမှတ်မထင် ကြည့်မိသည်။

"မလိုသူတွေရဲ့သားကောင် မဖြစ်ပါစေနဲ့ကွယ်"

ကျောင်းသားကျောင်းသူများ၏ မျက်နှာကို မြင်ယောင်ရင်း ဆုတောင်းနေမိသည့် ကျွန်မမှာတော့ ဘယ်သူ့ကို အပြစ်တင်ရမှန်း မသိတော့ပြီ တကား။

**မေလတ်ဟန်**


# အနုပညာသိပ္ပံစွမ်းအားပြဒါးရှင်

# အဆောင်ဓာတ်လုံး

# ဘော် + ဘင် + ပြဒါးသွတ်

ဤလေးပါးတို့သည် မူလဓာတ်ပေါင်းပစ္စည်းများဖြစ်သဖြင့် ထင်ပေါ်ကျော်ကြားလာဘ်လာဘ ပေါကြွယ်လှပြီး လှုံတိုင်းလိုအပ်သော ဝီယ-လာဘ-နေ-ပညာ စသည်တို့အတွက် သေချာစီမံ၍ ကောင်းသောအချိန်၊ ကောင်းသောနက္ခတ်နှင့် ကြံ့ကြိုက်ချိန်၊ သမထကျင့်စဉ်စွမ်းအားဖြင့် ရောယှက်ပေါင်းစည်း သိဒ္ဓိပြီးအောင် အဆောင်ပြဒါးရှင်ဓာတ်လုံးကို ပါရမီဓာတ်ခံရှိသူများထံ သတင်းကောင်း ပါးလိုက်ပါသည်။

အဆိုပါ ပြဒါးရှင်ဓာတ်လုံးကို ဆောင်ထားခြင်းအားဖြင့်・・・

ဖော်ပြပါအကျိုးထူးများ ရရှိပါလိမ့်မည်။

၁။ ကျရောက်မည့်၊ ကျရောက်လတ္တံ့သော ဘေးဆိုးများ ကာကွယ်နိုင်ခြင်း။

၂။ ဝီယ+နေ၊ လာဘ၊ ပညာရေး စသည်တို့ကို ရရှိနိုင်ခြင်း။

၃။ အတိုက်အခိုက် စုန်း၊ နတ်၊ သိုက် စသော နှောင့်ယှက်မှုကို ကာကွယ်နိုင်ခြင်း။

၄။ ပြည်တွင်းပြည်ပ ကုန်းလမ်း၊ ရေလမ်း၊ လေလမ်း သွားရာတွင် ဆောင်ထားခြင်းဖြင့် ဘေးရန်အသွယ်သွယ် ကင်းပြီး လိုရာခရီးကို ရောက်နိုင်ခြင်း။

၅။ တမေးပွဲဖြေဆို လူတွေ့စစ်ဆေး စသောကိစ္စများအောင်နိုင်ခြင်း စသော ကောင်းကျိုးမင်္ဂလာ အဖြာဖြာနှင့် ပြည့်စုံသော အဆိုပါ အဆောင်ပြဒါးရှင်လုံးကို အလိုရှိပါက・・・

နေ့စဉ် နံနက် ၉း၀၀ နာရီမှ ညနေ ၃း၀၀ နာရီထိ

**ရောင်ပြန်မဂ္ဂဇင်းတိုက်**

အမှတ်(၂၇)၊ ၅၂-လမ်း(အောက်)၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၉-၂၅၁၀၂၂၃၃




www.burmeseclassic.com

www.burmeseclassic.com

# လှပခေတ်မီ - မြို့တော်ဆီသို့

## (၁၈၅၅-၁၈၇၄)

■ မောင်အေးသန့် ■

(ယခင်လမှအဆက်)

### ဆေးရုံကြီးတည်ဆောက်ရန်ကြိုးပမ်းမှု

ယင်းအခြေအနေတွင် ၁၈၅၆ ခုနှစ်၌ ဆေးရုံ တစ်ရုံ တည်ဆောက်ရန် အရေးပိုင် ဂရန့် (D.GRANT)၊ နယ်ဘက်ဆရာဝန်ကြီး ဒစ်ကင်ဆင် (Dr. DICKENSON) နှင့် ပဲခူးတိုင်းတာဝန်ခံ ဆရာဝန်ကြီး ဒေါက်တာဖော်ဆိုက် (Dr. J. FORSYTH) တို့ပါဝင်သော ကော်မတီတစ်ရပ်ကို ဖွဲ့စည်းခဲ့သည်။ ထိုကော်မတီက ဗိုလ်ချုပ်အောင်ဆန်းလမ်း မြောက်ဘက်၊ တရုတ်တန်းလမ်းနှင့် ရွှေဘုံသာလမ်း အကြားတွင် ဆေးရုံတည်ဆောက်ရန် အဆိုပြုသော်လည်း မအောင်မြင်ခဲ့ပေ။

၁၈၆၀ ပြည့်နှစ်တွင် နယ်ဘက်ဆရာဝန်ကြီး၏ ကြီးကြပ်ကွပ်ကဲမှုအောက်၌ ဒုတိယလက်ထောက် ဆရာဝန် တစ်ဦးကွပ်ကဲသော ဆေးပေးခန်းနှင့် ဆေးရုံကို ပြန်လည်ဖွင့်လှစ်နိုင်ခဲ့သည်။ သို့သော် ဆေးရုံအဆောက် အအုံမှာ ညံ့ဖျင်း၍ လူနာဦးရေမှာလည်း တစ်နေ့တစ်ခြား များပြားလာရာ ၁၈၆၀-၆၁ ခုနှစ်တွင် အတွင်းလူနာ (၁၂၀)၊ အပြင်လူနာ (၅၉၂)ဦးမှ ၁၈၆၅-၁၈၆၆ ခုနှစ်တွင် အတွင်း လူနာ (၅၃၄)ဦး၊ အပြင်လူနာ (၅၃၁၅)ဦးအထိ တိုးတက် များပြားလာသည်။

သို့ဖြင့် ၁၈၇၃ ခုနှစ်တွင် ဗိုလ်ချုပ်အောင်ဆ[န်း] လမ်းမပေါ်၌ ထိုခေတ်ဆေးရုံသုံးပစ္စည်းများနှင့် ပြည့်[စုံ]၍ ခေတ်မီသော လှပခံ့ညားသည့် ကျွန်း အဆောက်အ[အုံ] ဆေးရုံတစ်ရုံတည်ဆောက်ခဲ့သဖြင့် နောင်အခါ ဆေး[တက္က]သိုလ်] ကျောင်းသားများနေထိုင်ရာ အဆောက်အအုံ အဖြ[စ်] ပြောင်းလဲအသုံးပြုခဲ့သည်။ (ဗိုလ်ချုပ်အောင်ဆန်းလမ်းနှ[င့်] ရွှေတိဂုံဘုရား လမ်းထောင့်နေရာတွင်ဖြစ်သည်။)


### အကျဉ်းထောင်

ဗိုလ်ချုပ်အောင်ဆန်း လမ်းမပေါ်တွင်ပင် ၁၈၅[၂] ခုနှစ်နောက်ပိုင်းဆောက်လုပ်ခဲ့သော သစ်သား အဆော[က်] အအုံ အကျဉ်းထောင်တစ်ခုလည်းရှိပေသေးသည်။ ထ[ို] ထောင်နေရာတွင် ၁၉၆၃ ခုနှစ် နောက်ပိုင်းဖျက်လိုက်သည် ဗိုလ်ချုပ်အောင်ဆန်း လမ်းမကြီးပေါ်ရှိ လမ်းမတော် နှ[င့်] ဝါးတန်းလမ်း (ကီလီလမ်း)အကြားတွင် ရန်ကုန်ထောင်ကြီး တည်ရှိခဲ့ဖူးသည်။ ဗြိတိသျှခေတ် ရန်ကုန်ထောင်ကြီး အတွင်း အကျဉ်းသားများပြုလုပ်သော ပရိဘောဂများကို ထောင်ဈေးဖွင့်လှစ်၍ရောင်းချသည်။ထောင်အတွင်း စာသင် ကျောင်းနှင့် စာပုံနှိပ်စက်ထားရှိသည့်အပြင် စာအုပ်ချု[ပ်] လုပ်သည့်လုပ်ငန်းကို အကျဉ်းသားများကပြုလုပ်ကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်ဆေးရုံကြီး

အင်းစိန်တွင်လည်း ဗြိတိသျှအာဏာပိုင်တို့က အင်းစိန်ထောင်ကြီးကို ၁၈၈၇ ခုနှစ်တွင် တည်ဆောက်ခဲ့သည်။ အကျဉ်းသားများတိုးတက်များပြား လာသည်နှင့်အမျှ အကြိမ်ကြိမ် တိုးချဲ့ဆောက်လုပ်ခဲ့ရာ ၁၉၁၂ ခုနှစ်တွင် အာရှတိုက်၌ အကြီးဆုံး ထောင်ကြီးဖြစ်လာသည်။ အကျဉ်းသား (၆၀၀၀)ဆံ့သည်။

## စိတ်ရောဂါကုဆေးရုံ

ရန်ကုန်ထောင်၏ မျက်နှာချင်းဆိုင်ရှိ မင်းရဲကျော်စွာ လမ်း (စိန့်ဂျွန်းလမ်း)ပေါ်တွင် သစ်သားဖြင့် ဆောက်လုပ်ထားသော စိတ်ရောဂါကုဆေးရုံ (စိတ္တဇဆေးရုံ)တစ်ရုံကို ၁၈၇၀ ပြည့်နှစ်၌ တည်ဆောက်ခဲ့သည်။ နောင်အခါ ရွှေမင်းကုန်းမြို့နယ် တံတားကလေးသို့လည်းကောင်း၊ ယခုအချိန်တွင် ရွာသာကြီးသို့လည်းကောင်း ထိုဆေးရုံကို ပြောင်းရွှေ့ ဖွင့်လှစ်ခဲ့သည်။

## သစ်သီးဝလံပန်းမာလ်အသင်း

လက်ရှိ ရန်ကုန်ပြည်သူ့ဆေးရုံကြီးနေရာတွင် ၁၈၆၅ ခုနှစ်က တည်ထောင်သော သစ်သီးဝလံ ပန်းမာလ်အသင်း (ARGI-HORTICULTURE SOCIETY) တည်ရှိပြီး နှစ်စဉ်သစ်သီးဝလံပြပွဲကို နှစ်ပေါင်းများစွာ ခင်းကျင်းပြသခဲ့သည်။


## ဖယ်ရာပြတိုက်

ထိုပန်းခြံအတွင်းတွင်ပင် ပြည်သူများ၏ ထည့်ဝင်ငွေ၊ အစိုးရ၏ ထောက်ပံ့ငွေပေါင်း (၅၀၀)ဖြင့် ဝန်ရှင်တော်



www.burmeseclassic.com

www.burmeseclassic.com



ဒပ်ဖရင်ဆေးရုံ

မင်းကြီး အာသာဖယ်ရာကို ဂုဏ်ပြုတည်ဆောက်ထား သော ဖယ်ရာပြတိုက်တည်ရှိသည်။ ထိုအဆောက်အအုံ သည် ဖယ်ရာဈေးအိမ်နှင့် မျက်နှာချင်းဆိုင်တွင်တည်ရှိပြီး အမှုဆောင် အင်ဂျင်နီယာမက်သယူး (H.M. MATHEWS) က ရေးဆွဲတည်ဆောက်ခဲ့ခြင်းဖြစ်သည်။ အစိုးရကလည်း နှစ်စဉ် ငွေကြေး (၁၀)ပေါင် ထောက်ပံ့ပေးခဲ့သည်။

**ပျော်ပွဲရွှင်ပွဲများ**


**စုဝေးခန်းမ (ASSEMBLY HALL)**

ရန်ကုန်မြို့တော်သူ မြို့တော်သားများ ပျော်ပွဲ ရွှင်ပွဲ ဆင်နွှဲနိုင်ရေးနှင့် စပ်လျဉ်း၍ ရွှေတိဂုံဘုရား လမ်းရှိ ယခင် ဂျူဗလီဟော (စစ်သမိုင်းပြတိုက်ဟောင်း)နေရာတွင် သ[...] ဖြင့် ဆောက်လုပ်သော စပါးကျီပုံစံ စုဝေးခန်းမကြီး တစ်ဆောင်ကို ၁၈၅၄-၅၅ ခုနှစ်တွင် အစုရှယ်ယာ[...] များဖြင့်ဆောက်လုပ်ခဲ့သည်။ နှောင်(၁၀)နှစ်ကြာသောအ[...] ကန်တော် မင်တာပ်အာထာပိုင်တို့က ထိုအဆောက်အ[...] ကို ထိန်းသိမ်းစောင့်ရှောက်ခဲ့သည်။ ထိုအဆောက် အ[...] တွင် မီးဆိုင်းများ၊ နံရံကပ်မီးများ၊ ဆိုဖာနှင့် သက်သော[...] သက်သာ နားနေနိုင်သော ဗီမိခံအခန်းများ၊ စာကြည့်[...] တိုက်နှင့် ဘီလီယက်ခုံများဖြင့် ပြည့်စုံအောင်ဖြည့်ဆည်း[...] ထားသော်လည်း စီးပွားရေးအားဖြင့် အောင်မြင်မှုမ[...]



www.burmeseclassic.com

www.burmeseclassic.com




ဖယ်ယာပြတိုက်

## ဒါလဟိုဇီပန်းခြံ

ရန်ကုန်မြို့တော်သူ မြို့တော်သားများအတွက် အခြားအပန်းဖြေရာ နေရာတစ်ခုမှာ ကန်တော်ကြီးဝန်းကျင်တွင်တည်ရှိသော ဒါလဟိုဇီပန်းခြံ (DALHOUSIE PARK) ပင်ဖြစ်သည်။ အိန္ဒိယ ဘုရင်ခံချုပ် လော့ဒ်ဒါလဟိုဇီသည် ထိုနေရာ၏ တောတောင်ရေမြေ သဘာဝအခြေအနေ အလှအပကို စိတ်ဝင်စားခြင်း၊ ရန်ကုန်တွင် တာဝန်အရ သာရောက်နေထိုင်လိုသူများအတွက် အကျိုးဖြစ်ထွန်းသွဲဆောင်နိုင်မည်ဟု ယူဆခြင်းတို့ကြောင့် ထိုနေရာကို အများပြည်သူတို့ အပန်းဖြေနိုင်ရန် သတ်မှတ်ထားရှိခဲ့သည်။

သို့ဖြင့် ကိုလိုကတ္တား ရုက္ခဗေဒဥယျာဉ်မှ ဝီလျံစကော့ (WILLIAM SCOTT) ဆိုသူက ၁၈၅၆ ခုနှစ်တွင် မြေအခင်းအလှ အစီအမံများကို အကွက်ချဆောင်ရွက်ပြီး ကန်တော်ကြီးရေကန်ကို ကားဖြင့်ပတ်မောင်းနိုင်ရန်ပါ အဆိုပြုခဲ့သည်။ သို့သော် အစိုးရက ခန့်ထားသော ပန်းခြံကော်မတီသည် ဘုရင်ခံချုပ်၏ မျှော်မှန်းချက်အတိုင်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခြင်းမရှိဘဲ ကားလမ်းကျဉ်းကျဉ်းတိုတိုကလေးကိုသာ ဖောက်လုပ်နိုင်ခဲ့သည်။ အကြောင်းမှာ ထိုစဉ်က ကန်တော်ကြီးဝန်းကျင်တွင် တောထူထပ်၍ မြွေများပေါသောကြောင့်ဖြစ်သည်။

ဤအခြေအနေတွင် တရုတ်လူမျိုး ခြံစိုက်ပျိုး လုပ်ကိုင်ရောင်းချသူများက မြေနေရာတိုးချဲ့လာကြပြန်သည်။ ၁၈၇၁ ခုနှစ်တွင် ကန်တော်ကြီးပတ်ဝန်းကျင်ရှိ မူလဧက (၄၀၀) အနက် ဧက (၃၀၀)ခန့်သာ ကျန်ရှိနေပေတော့သည်။ သို့ဖြစ်သော်လည်း ၁၈၇၁ ခုနှစ်တွင် မြို့ဝန်ကပ္ပတိန်

www.burmeseclassic.com

အီဗန်ဆန် (Capt: EVANSON) က ကန်ပတ်လမ်းကို တိုးချဲ့ပေါက် လုပ်ခဲ့သည်။ ထိုစဉ်က ရန်ကုန်မြို့သူ မြို့သား လူတန်းစား အလွှာအသီးသီးတို့အတွက် ထိပ်တန်း အကျဆုံး အပန်းဖြေစရာနေရာမှာ ရန်ကုန်မြို့လယ် ဖြစ်သော ကမ်းနားလမ်းပင်ဖြစ်သည်။ ညနေပိုင်းတွင် ကားမောင်း၍ လေညင်းခံရန် အကောင်းဆုံးသော နေရာဖြစ်သောကြောင့်ပင်။

## မြင်းပြိုင်ကွင်း

ရန်ကုန်မြို့တော်သားများ စိတ်ဝင်စားသော ပျော်ပွဲရွှင်ပွဲတစ်ရပ်မှာ မြင်းပြိုင်ပွဲပင်ဖြစ်သည်။ ရန်ကုန်မြို့ ဒဂုံမြို့နယ်ရှိ အ.ထ.က(၂)ဒဂုံ ကျောင်း မျက်နှာချင်းဆိုင်တွင် မိုင်ဒါကွင်း (MAIDAN) ၊ (မြင်းပြိုင်ကွင်းဟောင်း) တည်ရှိပြီး ပျော်ပွဲရွှင်ပွဲအဖြစ် မြင်းပြိုင်ပွဲများပြုလုပ်ခဲ့သည်။ နောင်အခါ ထိုမြင်းပြိုင်ကွင်းကို တာမွေမြို့နယ်ရှိ ကျိုက္ကဆံကွင်းသို့ ပြောင်းရွှေ့ခဲ့သည်။

မြင်းပွဲဖြစ်စဉ်ကိုကြည့်လျှင် ဗြိတိသျှတို့၏ အုပ်ချုပ်မှုအောက်တွင် ၁၈၅၈ ခုနှစ်၌ ရန်ကုန်မြို့ စောင့်တပ်မှ အရာရှိများက မြင်းပွဲ၊ ဆင်ပွဲများကျင်းပရန် အစည်းအဝေးများ အကြိမ်ကြိမ် ကျင်းပပြုလုပ်ပြီးသည့်နောက် မြင်းပွဲများ ပေါ်ပေါက်လာခြင်းဖြစ်သည်။ ထိုစဉ်က အသုံးပြုခဲ့သောမြင်းများမှာ ကြည့်မြင်တိုင်၊ ရှမ်းရွာဝန်းကျင် (ရှမ်းလမ်း)တွင် နေထိုင်သော ရှမ်းလူမျိုးများယူဆောင်လာခဲ့သည့် ရှမ်းမြင်းပုများဖြစ်သည်။ တပ်ကလပ် (TURF CLUB) ခေါ် မြင်းပွဲအသင်းမှကား ပေါ်ပေါက်လာခြင်းမရှိသေးပေ။

## စာပေရေးရာ

စာပေရေးရာကဏ္ဍတွင် ၁၈၅၇ ခုနှစ်၌ ရန်ကုန်မြို့တွင် လူငယ်များ စာပေအသင်း (YOUNG MEN'S LITERARY SOCIETY) တစ်သင်းတည်ရှိခဲ့ပြီး အဖိုးတန်စာအုပ်စာတမ်းများ များစွာ စုဆောင်းထားရှိခဲ့သည်။ ထိုအသင်းသည် မြို့တော်သားများ စာပေအနုစ်သာရကို အထူးသဖြင့် လူငယ်များသိရှိနိုင်ကြစေရန်ဟူသော ရည်ရွယ်ချက်ဖြင့် ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ အစိုးရကလည်း တစ်နှစ်လျှင် ပေါင်(၃၀)ကို ၁၈၇၈ ခုနှစ်အထိလည်းကောင်း၊ ၁၈၇၉ ခုနှစ်တွင် အဆောက်အအုံအတွက် ကျပ်ငွေ(၂၅၀၀)ကိုလည်းကောင်း ထောက်ပံ့ပေးခဲ့သည်။ ၁၈၇၀ ပြည့်နှစ်တွင် အသင်း၏ မူလ လူငယ်များစာပေအသင်းအမည်ကို ရန်ကုန်စာပေ အသင်း (THE RANGOON LITERARY SOCIETY) ဟု အမည်ပြောင်းလဲခေါ်ဝေါ်ခဲ့သည်။

## ပညာရေးကဏ္ဍ

## ရန်ကုန်အစိုးရ အထက်တန်းကျောင်း

ဗြိတိသျှတို့ အောက်မြန်မာနိုင်ငံအား သိမ်းပိုက်ပြီးစကပင် ပညာရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။ ၁၈၅၆ ခုနှစ်တွင် အစိုးရအထက်တန်းကျောင်း (ယခု အ ထ က-၁၊ လသာ) ကို သက်ကယ်မိုး အဆောက်အအုံကလေးဖြင့် စတင်ဖွင့်လှစ်ခဲ့ရာ- မစ္စတာရိုစ် (REV ROSE)နှင့်လက်ထောက်ဆရာနှစ်ယောက်တို့က သင်ကြားပို့ချပေးခဲ့ကြသည်။ ထိုကျောင်းတွင် အခြေခံအားဖြင့် တိုင်းရင်းသား ဘာသာစကားဖြင့်သာ ပို့ချရမည်ဖြစ်သော်လည်း အင်္ဂလိပ်ပညာရေးကို ကျောင်းသား(၃၀) ယောက် ထက်ပို၍ သင်ယူခွင့်မပြုရန် သက်ဆိုင်ရာက ညွှန်ကြားထားသည်။ ထို့ကြောင့် ကျောင်းသားမိဘများသည် မိမိတို့သားသမီးများကို အရည်အသွေး မပြည့်မီသော ကိုယ်ပိုင်ကျောင်းများသို့သာ ပို့၍ ပညာသင်ယူစေခဲ့ကြရသည်။ ဖော်ပြပါအခက်အခဲများကို ကျော်လွှားနိုင်ရန်အလို့ငှာ ခရစ်ယာန် သာသနာပြုအဖွဲ့များက ကျောင်းများဖွင့်လှစ်၍ ပညာရေးကို တာဝန်ယူဆောင်ရွက်လာခဲ့ကြသည်ကို တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



စိန့်ပေါ်(လ်)ကျောင်း(အ·ထ·က-၆ ဗိုလ်တထောင်)

## စိန့်ပေါလ်ကျောင်း

ပမာအားဖြင့် ခရစ်နှစ် ၁၈၅၆ ခုနှစ်မှ ကွယ် လွန်ချိန် ၁၈၉၄ အထိ ရန်ကုန်မြို့တွင် နေထိုင် သွားခဲ့သော ဘုန်းတော်ကြီး ဘီဂန်ဒေး (BISHOP BIGANDET)သည် ကိုးလ်ကတ္တားမှ ခရစ်ယာန် ဘုန်းတော်ကြီးသုံးပါး၏ အကူအညီရရှိလာသည့် အချိန်၌ မိမိနေအိမ်အနီး အဆောက်အုံငယ်တွင် စိန့်ပေါလ်(ST.PAUL)ကျောင်းကို ခရစ်နှစ် ၁၈၅၉ ခုနှစ်က စတင်ဖွင့်လှစ်ခဲ့သည်။ ၁၈၆၁ ခုနှစ်တွင် ကျောင်းသားနှင့် အဆောက်အအုံ မမျှတရှိခဲ့ရာမှ ထိုနှစ်မေလတွင် (၃၅)လမ်းနှင့် မဟာဗန္ဓုလပန်းခြံလမ်း (ဘားလမ်း)အကြားရှိ အဆောက်အအုံသို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ရပြန်သည်။


၁၈၆၆ ခုနှစ်တွင် ပညာရေးဌာန(DEPT.OF PUBLIC INSTRUCTION)မှ ပညာရေးလုပ်ငန်းများကို အားပေးနိုးဆော်ခဲ့သဖြင့် အထောက်အပံ့ခံစနစ်(GRANT-IN-AID)တစ်ခုကိုချမှတ်ကာ ကျောင်းအဆောက်အအုံအတွက် ငွေကြေးများ ထောက်ပံ့ပေးခဲ့သည်။ ဤသို့ဖြင့် စိန့်ပေါလ်ကျောင်းသည် ပညာရေးဌာနမှ ထောက်ပံ့သော ငွေကျပ် နှစ်သောင်းဖြင့် ၁၈၆၈ ခုနှစ်၊ ဇန်နဝါရီလ (၁)ရက်နေ့တွင် ဆူးလေဘုရားအနီး မြို့တော်ခန်းမ တည်ရှိသည့်နေရာ၌ ကျောင်းသစ်ဖွင့်လှစ်ပြန်သည်။ [ယနေ့တွေ့မြင်ရသော စိန့်ပေါလ်ကျောင်း(အထက-(၆) ဗိုလ်တထောင်) နေရာသို့ ၁၈၈၅ ခုနှစ်တွင် ပြောင်းရွှေ့ခဲ့သည်။]

ထိုစဉ်က စိန့်ပေါလ်ကျောင်းသည် ရန်ကုန်မြို့တွင် အအောင်မြင်ဆုံး၊ အကျော်ကြားဆုံးကျောင်း တစ်ကျောင်း ဖြစ်ခဲ့သဖြင့် ၁၈၇၂ ခုနှစ်တွင် ဥရောပနှင့် အင်္ဂလိပ်-အန္တိယနွယ်ဖွား ယောကျ်ားကလေး (၂၄၅)ယောက် တက်ရောက်ပညာဆည်းပူးခဲ့ကြသည်။ ပို့ချပေးသော ဘာသာရပ်များမှာ အင်္ဂလိပ်ဘာသာ၊ ရှေးဟောင်းသမိုင်း ပထဝီ၊ သင်္ချာ၊ အက္ခရာသင်္ချာ၊ ယူကလစ်(ဂဲဩမေတြီ)နှင့် အခြား ဘာသာရပ်များအပြင် ကမ္ဘာလုံး(မြေပုံ) အသုံးပြုပုံ များပင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



စိန့်ဂျွန်းကောလိပ်(အ·ထ·က-၁ လမ်းမတော်)

## ကြည့်မြင်တိုင် နော်မန်ကျောင်း

ကြည့်မြင်တိုင်တွင် မစ္စတာဗင်တန် (Mr.VINTON) ဆိုသူက အမေရိကန်နှစ်ခြင်း နော်မန် (NORMAL SCHOOL) ကျောင်းကို ဖွင့်လှစ်ကာ ပညာရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

ထို့ပြင် ၁၈၆၂ ခုနှစ်တွင် ရွှေတိဂုံဘုရားလမ်း၌ အစိုးရ၏ ခွင့်ပြုချက်ဖြင့် ခရစ်ယာန်သုတမြှင့်တင်ရေးအသင်း (SOCIETY FOR THE PROMOTION OF CHRISTIAN KNOWLEDGE) ၏ ကွပ်ကဲမှုအောက်တွင် အင်္ဂလီကန်ဒိုင်အိုစီဇင် ကျောင်း(ANGLICAN DIOCESAN SCHOOL) (ယောက်ျားကလေး၊ မိန်းကလေး)ကျောင်းများကို တည်ထောင်ခဲ့သည်။ ဝန်ရှင်တော်မင်းကြီး ဖယ် နှင့် တီ၊ ပီ၊ စပတ်(T.P.SPARKS)တို့ ပါဝင်သော ကော်မ ကလည်း ထိုကျောင်းများကို ကွပ်ကဲအုပ်ချုပ်ခဲ့သည်။

၁၈၉၄ ခုနှစ်တွင် မိန်းကလေးကျောင်းကို ဝါးတန်းလ (ကီလီလမ်း)၊ ထို့မှ လန်ကာစ်တာလမ်း (ယခု နဝဒေးလ နှင့် ယောက်လမ်း(ယောမင်းကြီးလမ်း)သို့လည်းကော ဆင်းဒဝစ်လမ်း(ဗိုလ်ရာညွန့်လမ်း)နှင့် အလံပြဘုရားလ သို့လည်းကောင်း အဆင့်ဆင့်ပြောင်းရွှေ့ပြီးနောက် ၁၉ ခုနှစ်တွင် ရွှေတိဂုံဘုရားလမ်းသို့ ပြောင်းရွှေ့ခဲ့ကြသ ၁၉၃၁ ခုနှစ်တွင် လက်ရှိကျောင်း အဆောက်အ (ပန်းပဲတန်း အထက-၁) နေရာ၌ အခြေတကျရှိ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

## စိန့်ဂျွန်းအထက်တန်းကျောင်း

၁၈၆၄ ခုနှစ်တွင် ခရစ်တော်၏ (မုက္ခပတ် တော်) တရားတော် ပြန့်ပွားရေးအသင်း {SOCITETY FOR THE PROPAGATION OF THE GOSPEL(SPG)}သည် စိန့်ဂျွန်းကောလိပ်ကို တည်ထောင်၍ ဘုန်းတော်ကြီးမာ့ခ် (REV.MARKS)ကို အုပ်ချုပ်ကွပ်ကဲစေခဲ့သည်။ [ဘိုးတော်ဘုရားလက်ထက် မြန်မာနိုင်ငံတွင် ၁၇၇၃ ခုနှစ်မှ ၁၈၀၆ ခုနှစ်အထိ(၂၃)နှစ်နေထိုင်သွားခဲ့သော အီတလီ ဘုန်းတော်ကြီး စန်ဂျာမင်နို (FATHER SANGERMANO)] သည် ရန်ကုန်၌ စိန့်ဂျွန်းအသင်းတော်နှင့် စာသင်ကျောင်းကို အစော ဆုံး တည်ထောင်ခဲ့ကြောင်း ထိုဘုန်းတော်ကြီးရေးသားသော မြန်မာအင်ပါယာ (BURMESE EMPIRE) စာအုပ်တွင် ဖော်ပြထားသည်။

၁၈၆၉ ခုနှစ်တွင် စိန့်ဂျွန်း (အထက-၁၊ လမ်းမတော်)သည် လက်ရှိနေရာ၌ တည်ရှိနေပြီဖြစ်သည်။

## ကြည့်မြင်တိုင် စိန့်မိုင်ကယ်ကျောင်း

နောင်ကိုးနှစ်ကြာသောအခါ စိန့်ဂျွန်းကျောင်း၏ ကိုယ်ပွား ဖြစ်သောစိန့်မိုင်ကယ်(ST.MICHAEL) ကျောင်းကိုလည်း(အထက်) ကြည့်မြင်တိုင်တွင် တည်ထောင်ဖွင့်လှစ်ခဲ့သည်။

## စိန့်မေရီ မိန်းကလေးကျောင်း

၁၈၆၆ ခုနှစ်တွင် မစ္စကွတ် (MISS COOK) သည် စိန့်မေရီ မိန်းကလေးကျောင်းကို တည်ထောင်ခဲ့သည်။

ကျုံးကြီးလမ်းရှိ ကျုံးကို သက်ဆိုင်ရာက မြေဖို့၍ ၁၉၀၀ ခုနှစ်တွင် ဆေးရုံကြီးတည်ဆောက် ပြီးနောက် ကျုံးကြီးလမ်းနှင့် လသာလမ်းဆုံရာ ကွက်လပ်၌ နောင်အခါ (SPG)စိန့်မေရီ မိန်းကလေး အထက်တန်းကျောင်း ဖွင့်လှစ်ခဲ့ဖူးသည်။

## ကူရှင်အထက်တန်းကျောင်း

၁၈၇၂ ခုနှစ်တွင် ကူရှင် အထက်တန်းကျောင်း (CUSHING HIGH SCHOOL) ဖြစ်သော အမေရိကန်နှစ်ခြင်းမစ်ရှင်ကျောင်းကို တည်ထောင်ခဲ့ရာ မစ္စတာကူရှင်(J.N.CUSHING)က ၁၈၉၄ ခုနှစ်မှ ၁၉၀၆ ခုနှစ်အထိ၊ ထိုကျောင်း (ယခု အထက-၄ အလုံ)တွင် ကျောင်းအုပ်ကြီးအဖြစ် ဆောင်ရွက်ခဲ့သည်။

## ပညာရေးလေ့ကျင့်ရေးကျောင်း

တစ်ချိန်တည်းတွင်ပင် ဗြိတိသျှအစိုးရသည် ၁၈၆၇ ခုနှစ်၌ ပညာရေးလေ့ကျင့်ရေးကျောင်း တစ်ကျောင်းကို ဖွင့်လှစ်ခဲ့သည်။ ထိုကျောင်းသည် အစိုးရအထက်တန်းကျောင်းအဖြစ် တိုးတက်ရောက်ရှိလာပြီး လေ့ကျင့်ရေးသင်တန်းများကို ထိုကျောင်းနှင့် တွဲဖက်ထားရှိခဲ့သည်။ ကျောင်း၏ မူလနေရာမှာ ဝန်ရှင်တော်မင်းကြီး ဖယ်ယာ၏ အိမ်ဂေဟာ (လသာ၊ အထက-၁၊ ကျောင်းဝင်းအတွင်း) တွင်ဖြစ်ပြီး ထိုကျောင်းကို မော်လမြိုင်ကျောင်းမှ ပြောင်းရွှေ့လာသော မစ္စတာဂဲလ်ဘတ်(MR.J.H.GILBERT)က အုပ်ချုပ်ခဲ့သည်။

## မိန်းကလေး အထက်တန်းကျောင်း

၁၈၇၃ ခုနှစ်တွင် အစိုးရ (မြန်မာ)မိန်းကလေး အထက်တန်းကျောင်း တစ်ကျောင်း ဖွင့်လှစ်နိုင်ခဲ့သည်ကို လေ့လာတွေ့ရှိရသည်။

ဆက်ပါဦးမည်····

**မောင်အေးသန့်**



www.burmeseclassic.com

www.burmeseclassic.com


# ခင်ပွန်းကြီးဆယ်ပါး သာသနာ့ဗိမာန်တော်

## တည်ထားဖြစ်မြောက်ရေးအတွက်

## ဝေနေယျပဋ္ဌာန်းဆက် ဆွေတော်မျိုးတော် အလှူရှင်များအား

## တိုက်တွန်းနှိုးဆော် ဖိတ်ခေါ်ခြင်း

ရခိုင်ပြည်နယ်၊ သံတွဲမြို့ ဆုတောင်းပြည့် သဒ္ဒါကျောက်တောရမဟာအောင်မြေ သာသနာတော်မြတ်ကြီးသည် ယခင် ရေးနှစ်ပေါင်းများစွာ လူသူကင်းမဲ့ပြီး ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ် မည်သူမျှ တည်ထားဆောင်ရွက်နိုင်ခြင်း မရှိ၊ ချုံနွယ်များနှင့် တောကြီးတမျှ မြင်သူနလုံး ယူကျုံးမရ သာသနာအတွက် ဖြေမဆည်နိုင်ရှိခဲ့ရာ -

ယခုအခါတွင် သမိုင်းတစ်ခေတ် ရာဇဝင်မှတ်တမ်းမော်ကွန်းတွင် ကျန်ရစ်စေမည့် သာသနာ့အာဇာနည် ဦးအာစာရ လင်္ကာသီရိ(ပင်မသဲအင်းဂူအဖွဲ့ချုပ်၊ တိုက်ခွဲအမှတ်-၂၁) အရှင်မြတ်သည် (၁၆-၂-၁၉၉၅)ခုနှစ်တွင် ရောက်ရှိ၍ ယနေ့ထက်တိုင် ပညတ်ဂါမ ပစ္စည်းလေးပါး ဒါယကာ၊ ဒါယိကာမ ကိုးကွယ်လက်ခံမှု လုံးဝ(လုံးဝ)မရှိ။ တစ်ပါးတည်း တောရခုတင် အကျင့်မြတ် ပဋိပတ်တရားဒေသနာနှင့်အညီ အကျင့်သီလ သမာဓိ စရဏစွမ်းအားဖြင့် ဝေနေယျ ဆွေတော်မျိုးတော်၊ (၇)ရက်သော ပဋ္ဌာန်းဆက် သားသမီးများကောင်းမှု အကြောင်းပြု၍ တည်ထားဆောင်ရွက်လုပ်ကိုင်နေခဲ့ ဖြစ်ပါသည်။

ယခုအခါ ဆုတောင်းပြည့် သဒ္ဒါကျောက်တောရမဟာအောင်မြေ ရင်ပြင်တော်ထက်တွင် အလျား ပေ-၅၀၊ အနံ ပေ-၃၀ ရှိ ခင်ပွန်းကြီးဆယ်ပါး သာသနာ့ဗိမာန်တော် နှစ်ထပ်တည်ထားဆောက်လုပ်နေပါသည်။ သို့ပါသောကြောင့် စေတနာရှင် ဝေနေယျများအနေဖြင့် တစ်ဦးတစ်ယောက်တည်းဖြစ်စေ၊ အသင်းအဖွဲ့များနှင့်ဖြစ်စေ ပါဝင်လှူဒါန်းနိုင်ရန် တိုက်တွန်းနှိုးဆော် ဖိတ်ခေါ်အပ်ပါသည်။

### လှူဒါန်းနိုင်သော အလှူဝတ္ထု

(၁) အလျား ၁၅ ပေ × အနံ ၁၀ ပေ ဘုရားကျောင်းဆောင်အတွက် (၁၅)သိန်း

(၂) ၁၀ ပေ ပတ်လည် တစ်ခန်းအတွက်(အရေအတွက် ၁၅ ခန်း) (၁၀)သိန်း

(၃) ၇ ပေ × ၃ ပေ ကျွန်းပြတင်းတံခါးမကြီး တစ်ချပ် (လိုအပ်မှု ကျွန်းပြတင်းတံခါးမကြီး ၄ ချပ်) ၂၅၀,၀၀၀/-

(၄) ရေချိုးခန်း ကုဋီတွဲလျက် တစ်ခန်းအတွက် (၁၀)သိန်း

(၅) အပေါ်ထပ်တက်လှမ်း လှေကားတစ်စင်း(စတီး) (၁၂)သိန်း

(၆) ကြမ်းခင်းစတီးပန်းပြား ၈ ပေ × ၄ ပေ တစ်ချပ် (လိုအပ်မှု ၁၇ ချပ်) ၅၀,၀၀၀/-

(၇) တိုင် ၆ ပေ × ၃ ပေ (T) တစ်ချောင်း (လိုအပ်မှု ၁၆ ချောင်း) ၅၀,၀၀၀/-

●(၈) နဂါးရုံရုပ်ပွားတော်အား စတီးလက်ရန်းကာရံမှုအတွက်(ပေ-၈၀) ၁,၅၀၀,၀၀၀/-

(၉) ကျိုက်ထီးရိုးစေတီ အထက်ပစ္စယံတွင် စတီးလက်ရန်းကာရံမှုအတွက် ၁,၅၀၀,၀၀၀/-

**ပြည်တွင်း၊ ပြည်ပ ဝေနေယျများအနေနှင့် ဆက်သွယ်လှူဒါန်းလိုပါလျှင်**

Ph : 09-43141254, 09-421737919, 09-5119407

CB Bank : 0053 6001 0000 6583, KBZ Bank : 9503 0518 7430 8733


www.burmeseclassic.com

www.burmeseclassic.com



# လမ်း

အောင်ကျော်ညို(ဆင်ချဆိပ်)

အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်။ ကုန်ဆုံးသွားပြီးသော အချိန်များ၊ မရောက်လာသေးသည့်အချိန်များနှင့် လက်ရှိ ဆိုင်ခွင့်ရနေဆဲအချိန်များဟူ၍ အချိန်၏ ပိုင်းခြားကန့်သတ် ားရှိချက် နေရာသုံးနေရာ၊ တစ်နည်း လမ်းသုံးသွယ်။ သားတိုင်း ဦးတည်ဖြတ်သန်း ဘဝခရီးလမ်းမှတ်တိုင်များ ည်း ဖြစ်ပါသည်။ တစ်ဦးနှင့်တစ်ဦး ဦးတည်ရာအရပ် မတူ ကြသည့်အခါ လားရောက်မှုသည်လည်း ကွဲပြားသွားရ ည်။ ကံ၏အကျိုးဆက်ဟု ဆိုရမည်။

မိမိတို့သည် မွေးဖွားခြင်းနှင့် သေဆုံးခြင်းကြားကာလ ခရီးလမ်းတစ်ခုကို မနားတမ်း လျှောက်လှမ်းနေကြရသူ သွားများပီပီ တချို့က အတိတ်ကိုလွမ်းကာ အတိတ်၏ အမှောင်ရိပ်အောက်မှာ • အနှောင်အဖွဲ့ခံဘဝနှင့် မရှန်းသာ မရှုသာ ပင်ပန်းနေကြရသူများ။ တချို့မှာ လက်ဆုပ်လက်ကိုင် မပြနိုင်သေးသည့် အနာဂတ်ကို မှန်းမျှော်၍ မစားရဝခမန်းနှင့် မျှော်တော်ရောင်ဘဝမှာ ရောင့်ရဲကျေနပ်ရှိနေတတ်ကြသူ များ။ လူနည်းစုသာ ပစ္စုပ္ပန်တည့်တည့်မှာ ရပ်တည်ရှိနေကြပြီး လက်ရှိဘဝ၏ အနှစ်အသားကို ဖွေရှာတန်ဖိုးရှိသော ဘဝကို ရယူပိုင်ဆိုင်နိုင်ကြသူများ။ ဤသို့ လူသုံးမျိုးသုံးစား ကွဲပြား လျက်ရှိနေပါသည်။ ဤသည်ပင် လူသားတိုင်း လျှောက်လှမ်း နေကြဆဲ လမ်းသုံးသွယ်ဟု ဆိုရမည်။ အစွန်းနှစ်ဖက်မှ ကင်းလွတ်သော အလယ်လမ်း။ တစ်နည်း ပစ္စုပ္ပန်တည့်တည့် မှာ လျှောက်လှမ်းနေသော လူများသည်သာ လမ်းကြောင်း

www.burmeseclassic.com

မှန်ပေါ်မှ လူဖြစ်ကျိုးနပ်သူများဟု ဆိုရပါမည်။

တစ်နေ့ လမ်း ၄၀ နှင့် ကုန်သည်လမ်းထောင့်က စာရေးဆရာများ စုဝေးရာ လေအန်ကုန်းသို့ ရောက်သည်။ ပုံမှန်ဂါရဝပြု တွေ့နေကျ ဆရာကြီးနှင့် တွေ့စဉ် ဘာသာရေးနှင့်ပတ်သက်၍ မေးခွန်းတစ်ခုမေးသည်။

"ဘုရားဟောသည့် နိဗ္ဗာန်ဟူသည် လက်ရှိ ဤခန္ဓာအိမ်ထဲမှာလား၊ သေလွန်ပြီး သင်္ချိုင်းကုန်းတစ်ဖက်မှာလား"

ဆရာကြီးသည် သေချာစဉ်းစားရင်း တစ်လုံးချင်း ဖြေဆိုသည်။

"လေ့လာသိရှိသလောက် နိဗ္ဗာန်ဟူသည် သေလွန်ပြီးမှသာ ခံစားရသည့် အမြိုက်ရတနာတစ်ပါး ဖြစ်တယ်"

ဂုဏ်အားဖြင့်ကြီးသူ၊ အသက်အားဖြင့် ကြီးသူမို့ မိမိ စောဒကမတက်ပါ။ သို့သော် တစ်ဝိုင်းတည်းထိုင် လူလတ်ပိုင်း အရွယ် စာပေသမားတစ်ဦးက "ဒါမိစ္ဆာအယူပဲ"ဟု လွှတ်ခနဲ မှတ်ချက်စကားကြောင့် မိမိမှာ ဆရာကြီးအား အားတုံ့အားနာဖြစ်သွားရသည်။

ဝယဝုဍ္ဎိ၊ ဂုဏဝုဍ္ဎိ မိမိတို့အလေးအမြတ် ပြုအပ်သည့် တရားနှစ်ပါး။ လွှတ်သွားပြီဆိုသည်နှင့် အဂါရဝ ဖြစ်သွားပြီ။ ယိုသူမရှက်၊ မြင်သူရှက် ဖြစ်သွားရသည်။ မိမိက စခဲ့သည့်အရာမို့ မိမိ၏အမှားဟုသာ ခံစားလိုက်ရပါသည်။

ရခိုင်သို့အလည်သွားနေသော သားလတ်မှတစ်ဆင့် ရခိုင်မှာရှိနေသည့် အစ်ကိုလတ်နှင့် ဖုန်းမှတစ်ဆင့် စကားပြောဖြစ်သည်။ မိမိ၏ လတ်တလော ကျန်းမာရေးအခြေအနေကို သိနေပြီးသော ကိုလတ်က အလွှာပပြောရင်း "ရသည့်အချိန်မှာ တရားမှတ်၊ တရားထိုင်ပါ။ သေသည့်အခါ ကိုယ့်နောက်ပါမည့်အရာကား ဤတရားများသာ ဖြစ်သည်" ဟု လှမ်းသတိပေးသည်။

လက်ရှိ ပစ္စုပ္ပန်မှာ ကောင်းမွန်စွာနေထိုင်ခြင်းသည် တမလွန်အတွက် အခြေခံကောင်းဟု ဆိုသည်မှာ ငြင်းမရသည့်အချက် ဖြစ်သည်။ သို့သော် မျက်မှောက်ဘဝမှာကား အကျိုးမပေးနိုင်ဘူးလား။ ထိုက်တန်စွာ အကျိုးပေးမည်ဟု ကိုယ်တွေ့နှင့်ယှဉ်၍ တပ်အပ်ပြောနိုင်ပါသည်။ သက်ရောက်မှု၏ ညီသော တန်ပြန်သက်ရောက်မှုဟူသည် လောကနိယာမပင် မဟုတ်ပါလော။

မိမိ အရက်ဖြတ်ပြီး ကျောက်ဖြူဆရာအတတ်သင်... အပြန်မှာ ဆရာမတစ်ဦးက စိပ်ပုတီးလက်ဆောင်နှင့် ပုတီး... စိပ်နည်းကို မျှဝေပေးလိုက်သည်။ ယုံယုံကြည်ကြည်နှင့် လုပ်... ပါ။ အကျိုးထူးလိမ့်မည်ဟုလည်း အာမခံလိုက်သေးသည်။ ဆရာမ ပေးလိုက်သည့် ပုတီးစိပ်နည်းမှာ တစ်နေ့လျှင် "အရဟံ"ကို ပုတီးကိုးပတ် စိပ်ပွားခြင်း။ မှာကြားသည့်အတိုင်း လိုက်နာကျင့်ကြံ အောင်မြင်မှုအလီလီ ရခဲ့ပါသည်။ ယနေ့ထိ ဤပုတီးစိပ်နည်း တစ်ရက်တလေမှ မပျက်သေး။ ယ... အသက် ၆၀ ကျော်မှ ပြေးမလွတ်သော ကံနာဝဋ်နာကြောင့် ဦးခေါင်းကို နှစ်ကြိမ်တိုင်တိုင် ခွဲစိတ်ကုသခံလိုက်ရသည်။ မခွဲစိတ်မီ ရောဂါ ၁၀ မျိုး စစ်ဆေးသည်။ ဘာရောဂါမှမ... ခွဲစိတ်ပြီးလည်း အကောင်းပကတိ၊ ရင်းနီးသူတိုင်းက တအံ့တသြနှင့်။ နှစ်ပေါင်းသုံးဆယ်ကျော် နိစ္စပတ်ဝတ်မပျက် ခဲ့သော စိပ်ပုတီးစရဏက ကြီးစွာ ထောက်ကူလာခဲ့ခြင်း မိမိ၏ အကြွင်းမဲ့ယုံကြည်ချက်။

ပုတီးစိပ် စရဏအားက ဤရွေ့ဤမျှစွမ်းလျှင် တစ်နည်းအားဖြင့် သမထအားက ဤသို့စွမ်းလျှင် ဝင်လေထွက်လေမှတ်၊ ဝိပဿနာလုပ်ရပ်က ပို၍စွမ်းမည်မှာ အသေအချာ ဖြစ်ပါသည်။ ဤသည်ပင်လည်း ပစ္စုပ္ပန်တည့်တည့်မှာ ဤခန္ဓာအိမ်အတွင်း တည်ဆောက်ရယူအပ်သည့် အမြိုက်ရတနာတစ်ပါးပင် ဖြစ်သည်။ ဤသို့ ခံယူမိပါသည်။ တစ်နည်း ဗုဒ္ဓ၏ မင်္ဂလာသုတ္တံလာ "တပေါစ၊ ဗြဟ္မစရိယာ၊ အရိယာ သစ္စာနဒဿနံ၊ နိဗ္ဗာနသစ္ဆိကိရိယာစ"ဟု အတိအလင်း မိန့်... ထားပြီးဖြစ်ရာ နိဗ္ဗာန်ဟူသော ငြိမ်းချမ်းမှုအမြိုက်တရားသည် ဖြစ်၊ တည်၊ ပျက် တရားနှင့် တည်ဆောက်ထားရာ ဤခန္ဓာအိမ်ထဲမှာပင် သစ္စာလေးပါး ပွားများအားထုတ်စွမ်းအားဖြင့် မျက်မှောက်ပြုနိုင်သော ရတနာတစ်ပါးပင် ဖြစ်ပါသည်။ ဤသို့ ယုံကြည်ပါသည်။ ဉာဏ်တစ်ထွာတစ်မိုက်နှင့်မို့ မှားတာရှိ ဝန္ဒာမိပါ။

**အောင်ကျော်ညို(ဆင်ချဆိပ်)**

၀၉-၇၇၅၀၉၂၁...



www.burmeseclassic.com

www.burmeseclassic.com

# ဗုဒ္ဓဟောကြား ကြီးပွားကြောင်းတရား

တက္ကသိုလ်သဉ်

ဗုဒ္ဓဘုရားရှင်သည် သတ္တဝါတို့၏ စရိုက်ကိုကြည့်ပြီး လောကီ၊ လောကုတ္တရာ နှစ်ဖြာအကျိုးကို ဟောတော်မူခဲ့သည်။ ၃၈ ဖြာ မင်္ဂလာတရားကို လေ့လာကြည့်လျှင် ကလေး၊ လူငယ်၊ လူလတ်၊ လူကြီး၊ အိမ်ထောင်သည်ဘဝ သက်ကြီးရွယ်အိုဘဝ ရောက်သည့်တိုင် ပစ္စုပ္ပန်ရော သံသရာပါ ချမ်းသာစေမည့်တရားများ ဖြစ်သည်ကို တွေ့ရမည်ဖြစ်သည်။

ထို့အပြင် သိင်္ဂါလောဝါဒသုတ်တွင် တပည့်ဝတ်၊ ဆရာ့ဝတ်၊ မိဘဝတ်၊ သားသမီးဝတ်၊ မိတ်ဆွေဝတ်၊ သခင်ဝတ် စသည်ဖြင့် အသေးစိတ် ဟောပေးထားခြင်းမှာ ပစ္စုပ္ပန်ဘဝတွင် နေတတ်၊ ထိုင်တတ်၊ ကြီးပွားစေတတ်သည့် တရားများသာ ဖြစ်ပါ၏။

ဘုရားရှင့်လက်ထက်က လောကီရေးနှင့် သက်ဆိုင်သော အကြောင်းအရာများကို "ဒီဃဇာဏုမင်းသား"က မြတ်စွာဘုရားကို မေးမြန်းလျှောက်ထားရာတွင် "အရှင်ဘုရား တပည့်တော်ဟာ လောကီကာမဂုဏ်ချမ်းသာကို ပြည့်ပြည့်ဝဝ ခံစားချင်ပါတယ်။ သေပြီးသည့်နောက် ဟိုဘက်မှာလည်း ချမ်းချမ်းသာသာ နေချင်ပါတယ်။ အဲဒီလို နေနိုင်ဖို့ လမ်းညွှန်တော်မူပါဘုရား"

ဟု လျှောက်ထားသည်။

ထိုအခါ ဘုရားရှင်က "ချစ်သား…ယခု ပစ္စက္ခမျက်မှောက်ဘဝမှာ ချမ်းသာချင်ရင် ဥဋ္ဌာနသမ္ပဒါ ထထကြွကြွ လုံ့လရှိရှိ မပျင်းဘဲ စီးပွားဥစ္စာကို ရှာရမယ်"

ဟု ဟောခဲ့သည်။

အချို့ကမူ စီးပွားရှာရာမှာ လုံ့လတော့ ပြုပါ၏။ မည်သူသေသေ ငတေမာလျှင်ပြီးရောဆိုပြီး နိုင်ငံတော်အစိုးရက ခွင့်မပြုသည့် အသက်မွေးမှုများနှင့် စီးပွားရှာကြ၏။ ဤသည်မှာ ခွေးရူးကောင်းစား တစ်မွန်းတည့်ဆိုသလိုပဲ ဖြစ်သည်။ ခဏတစ်ဖြုတ်တော့ အဆင်ပြေနိုင်ပါ၏။ တရားတပေါင် ရင်ဆိုင်ကြရပြီဆိုလျှင် ဘူးထဲကရေတောင် ပါသွားလေတော့၏။

ဘုရားရှင်က ရိုးသားဖြောင့်မတ်စွာ မည်သူ့ကိုမျှ ထိပါးမှု မရှိဘဲ ထထကြွကြွ စီးပွားရှာရန် ဟောထားခြင်းသာ ဖြစ်ပါ၏။

"ချစ်သား ဒီဃဇာဏုမင်းသား၊ ဒုတိယအချက်ကတော့ အာရက္ခသမ္ပဒါ ရှာဖွေထားတဲ့ စည်းစိမ်ဥစ္စာတွေကို မပျောက်မပျက်ရအောင် ကောင်းစွာ စောင့်ရှောက်တတ်ရမယ်"ဟု ဟောကြားတော်မူသည်။

ယင်းအချက်သည် လိုက်နာရမည့် အချက်လေးချက်အနက် အရေးအကြီးဆုံး အချက်ဖြစ်၏။ မိသားစု အိမ်ထောင်ရေးမှာပဲဖြစ်ဖြစ်၊ နိုင်ငံတည်ဆောက်ရာမှာပဲဖြစ်ဖြစ် ဝင်ငွေထွက်ငွေ အမြဲစိစစ်ရမည် ဖြစ်သည်။ နိုင်ငံတော်တည်ဆောက်ရာတွင် ဝင်ငွေထွက်ငွေက နည်းနည်း၊ နိုင်ငံတကာ ချေးငွေ ဘတ်ချက်ကများပြီး လိုငွေပြနေမည်ဆိုလျှင် ထိုနိုင်ငံ ချမ်းသာရန် မဆိုထားနှင့် ဆင်းရဲတွင်းကတောင် တက်ရန်မလွယ်ပေ။

ယနေ့ မြန်မာလူမျိုး အတော်များများသည် စီးပွားရှာရန်၊ ငွေရရန် ဝီရိယခွန်အား မနည်းကြချေ။ ရအောင် ရှာနိုင် ဖွေနိုင်သည်။ သို့ရာတွင် ရလာသည့်ငွေကို ထိန်းသိမ်းစောင့်ရှောက်မှု အားနည်းလှ၏။ ဝင်ငွေနှင့် ထွက်ငွေမမျှကြ။ အလုပ်ဟု ဆိုရာတွင် မူလအလုပ်နှင့် အပိုအလုပ်ဟူ၍ နှစ်မျိုးရှိသည်။

မူလအလုပ်ကမူ နေစရာ လုံလုံခြုံခြုံရှိရန်၊ စားရေးပြည့်စုံရန်နှင့် အသင့်အတင့် အဝတ်ပြည့်စုံရန်အတွက် ဖြစ်၏။ ကိုယ့်ဝင်ငွေကို တိုင်းတာပြီး အပိုအလုပ်တွေ မပါဘဲ သုံးစွဲလျှင် အကြွေးမတင်နိုင်ပေ။ လက်ဖက်ရည်၊ ကွမ်း၊



www.burmeseclassic.com

www.burmeseclassic.com

ဆေးလိပ်၊ အရက်၊ လောင်းကစား စသည်တို့ကြောင့် ဆင်းရဲတွင်းနက်ကြရ၏။

ရာထူးတူ၊ မိသားစုအရေအတွက်တူ၊ ကျောင်းသားရှိတာချင်းအတူတူ တစ်ယောက်က လောက်ငစွာ စားနိုင်ပြီး၊ တစ်ယောက်က လစဉ် အကြွေးတင်နေသည်ကို ကြည့်ခြင်းအားဖြင့် သုံးစွဲပုံ ကွာခြားတာကို မြင်တွေ့နိုင်မည်ဖြစ်သည်။

ဘုရားရှင်က "ချစ်သား ဒီဃဇာဏုမင်းသား တတိယကြီးပွားရေးကတော့ ကလျာဏမိတ္တသမ္ပဒါ မိတ်ကောင်းဆွေကောင်းရှိရမည်ဟု ဟောကြားတော်မူသည်။

ကလျာဏမိတ္တသမ္ပဒါ ဆိုသည်မှာ မည်သို့နည်း။ ကိုယ်ကလည်း သူ့အပေါ် ကလျာဏမိတ္တဖြစ်မှ သူကလည်း ကိုယ့်ကို မိတ်ကောင်း၊ ဆွေကောင်းအဖြစ် သတ်မှတ်ပေလိမ့်မည်။ ကလျာဏမိတ္တဆိုသည်မှာ သဒ္ဓါ၊ သီလ၊ စာဂ၊ ပညာ လေးပါးနှင့် ပြည့်စုံသောသူကို ခေါ်ခြင်းဖြစ်၏။

သဒ္ဓါဆိုသည်မှာ ရတနာသုံးပါးကြည်ညိုသူ၊ ကံ ကံ၏ အကျိုးကို ယုံသူကို ခေါ်သည်။ ကိုယ်ကလည်း သူကဲ့သို့ သဒ္ဓါ၊ သီလ၊ စာဂ၊ ပညာ ပြည့်စုံရပေမည်။

သီလဆိုသည်မှာ ကိုယ်ကျင့်တရားကောင်းခြင်းဖြစ်၏။ ငါးပါးသီလလုံအောင် စောင့်ထိန်းခြင်းသည် သီလပဲဖြစ်၏။ လူတိုင်းလူတိုင်းသည် ကိုယ့်ကိုယ်ကို မနစ်မွန်းအောင်နေထိုင် တတ်ဖို့ လိုသည်။ ကိုယ့်ကိုယ်ကို ချစ်သည်ပြောပြီး မကောင်းမှုများ လုပ်နေလျှင် အဘယ်မှာ ကောင်းနိုင်ပါမည်နည်း။

လူတိုင်းသည် မိမိကိုယ်ကို ချစ်ကြသည်သာ ဖြစ်ပါ၏။ ဤသို့ ချစ်အပ်ကြောင်းကို မသိရှိသူသည် မိမိသာ နစ်နာဆုံးရှုံးရပေမည်၊ မကောင်းမှုတို့ကို မပြုလုပ်သင့်ကြချေ။ ထိုသို့ မပြုလုပ်စေရန် မမေ့မလျော့ဘဲ မြဲမြံသော သတိဖြင့် ထိန်းသိမ်းစောင့်ရှောက်သင့်ပါ၏။ မကောင်းမှုကို ရှောင်ကြဉ်၍ မိမိကိုယ်ကို ချစ်ရာရောက်အောင် ကြိုးစားအားထုတ်ရပေမည်။

ကလျာဏမိတ္တ၏ အင်္ဂါတစ်ပါးမှာ စာဂဆိုသည့် ပေးကမ်းစွန့်ကြဲလှူဒါန်းခြင်းဖြစ်၏။ မိမိရှာဖွေ စုဆောင်းထားသည့် ဥစ္စာနေမျှားထဲမှ နိုင်သလောက် လှူဒါန်းခြင်း၊ မရှိ ...ရဲသားများကို မျှော်လင့်ချက်မပါဘဲ စွန့်ကြဲနိုင်ခြင်း၊ ...သော ...သောသူကို မိတ်ကောင်းဆွေကောင်းဟု ခေါ်သည်။

နောက် အင်္ဂါတစ်ချက်မှာ ပညာဖြစ်၏။ အကျိုး အကြောင်း၊ အဆိုးအကောင်း ဝေဖန်နိုင်စွမ်းရှိသောသူကို ခေါ်ခြင်းဖြစ်၏။ ပညာ၏အဓိပ္ပာယ်က လွန်စွာကျယ်ဝန်းသည်။ အမှန်ကိုသိခြင်းသည် ပညာဖြစ်၏။ တစ်နည်းဆိုလျှင် အမှားအမှန်ကို ဝေဖန်ပိုင်းခြား သိမြင်နိုင်စွမ်းရှိခြင်းသည် ပညာပင်ဖြစ်လေသည်။

အထက်ပါ အင်္ဂါလေးချက်နှင့်ပြည့်စုံသည့် မိတ်ကောင်းဆွေကောင်းရှိခဲ့ပါမူ ပစ္စုပ္ပန်မှာရော၊ နောင်သံသရာမှာပါ ကြီးပွားချမ်းသာစေမည့် အကြောင်းတရားများပင် ဖြစ်ပါ၏။

ကြီးပွားကြောင်း စတုတ္ထအချက်မှာ သမဇီဝိတသမ္ပဒါ ဝင်ငွေထွက်ငွေ မျှတအောင် သုံးစွဲနိုင်ဖို့ပင်ဖြစ်သည်။ ချိန်ခွင် တစ်လက်တွင် တစ်ဖက်ကဝင်ငွေ၊ တစ်ဖက်က ထွက်ငွေ ထားပြီး စိတ်ကူးနှင့် ချိန်ကြည့်လိုက်ပါ။ ဝင်ငွေက အပေါ် ထောင်တက်ပြီး ထွက်ငွေဘက်က တစ်ဖက်စောင်းနင်း အောက်ကို ဆင်းနေမည်ဆိုလျှင် မည်သို့မျှ မကြီးပွားနိုင်ပေ။ မကြီးပွားရုံမျှမက ဆင်းရဲသည့်ဘဝက မည်သည့်အခါမှ လွတ်မြောက်နိုင်မည်မဟုတ်ပေ။

ကြီးပွားကြောင်း၏ ဆန့်ကျင်ဘက်ဖြစ်သည့် စီးပွားပျက်စီးကြောင်းလေးပါးကြောင့် လူအချို့ ဆင်းရဲဒုက္ခ ရောက်နေကြသည်ဟု ဆိုနိုင်၏။ ယင်းအချက်များမှာ -

(၁) အပျော်အပါး၊ အမော်အကြွား လိုက်စားခြင်း
(၂) အရက်သေစာ သောက်စားခြင်း (မူးယစ်ဆေး အပါအဝင်)
(၃) လောင်းကစားပြုလုပ်ခြင်း။
(၄) အပေါင်းအသင်းမှားခြင်းတို့ ဖြစ်သည်။

ထို့ကြောင့် ပစ္စုပ္ပန်မှာရော၊ သံသရာမှာပါ ချမ်းသာလိုလျှင် အထက်ပါ ဆောင်ရန်နှင့် ရှောင်ရန် အချက်များကို အဖန်တလဲလဲ စဉ်းစားဆင်ခြင်ဝေဖန်နိုင်ကြပါစေဟု ဆန္ဒပြု တင်ပြလိုက်ရပါ၏။

တက္ကသိုလ်သခ်

၀၉-၄၃၁၉၂၂...

www.burmeseclassic.com

# ကံကော်တစ်ထောင်ဆရာတော်ကြီး ဘဒ္ဒန္တအဂ္ဂဝံသမထေရ်မြတ်ကြီး၏
# ရတနတ္တယ ဝန္ဒနာဘာဝနာ မန္တန်တော်ကြီး

**ဇေယျတု(B.A)**

ဤမန္တန်တော်ကြီးသည် ဘေးရန်ကုန်ရှင်း အန္တရာယ်ကင်း၍ လိုအင်ဆန္ဒများ ပြည့်ဝစေနိုင်သော မန္တန်တော်ကြီးဖြစ်၏။ ထိုမန္တန်တော်ကြီးကို ပြင်ဦးလွင်မြို့ မြမဉ္ဇူ လေးဆူရှင် လေးမျက်နှာဘုရား ဗြဟ္မဝိဟာရကျောင်းတိုက် ပဓန နာယကဆရာတော် ကံကော်တစ်ထောင် ဆရာတော်ကြီး ဘဒ္ဒန္တအဂ္ဂဝံသ မထေရ်မြတ်ကြီး ချီးမြှင့်တော်မူသော မန္တန်တော်ကြီးဖြစ်ပါသည်။ ခုနစ်ရက်သားသမီးများအကျိုးငှာ မေတ္တာရှေ့ထား၍ ထပ်ဆင့်ဖော်ပြပေးရပါသည်။

**ဘေးရန်ကုန်ရှင်း အန္တရာယ်ကင်း၍ လိုအင်ဆန္ဒပြည့်ဝစေနိုင်သော ရတနတ္တယ ဝန္ဒနာ ဘာဝနာ မန္တန်တော်ကြီး**

အဟံ ဘန္တေ တိသရဏေနသဟ ပဉ္စသီလံ သမာဒိယာမိ။

ဗုဒ္ဓေါ မေ သီသေ တိဋ္ဌတု၊ ဓမ္မော မေ ဒက္ခိဏ **အံသေ တိဋ္ဌတု၊** သံဃော မေ ဝါမအံသေ တိဋ္ဌတု၊ အပ္ပမာ **ဏော ဗုဒ္ဓေါ၊** အပ္ပမာဏော ဓမ္မော၊ အပ္ပမာဏော သံဃော။

နမော ဗုဒ္ဓဿ၊ နမော ဓမ္မဿ၊ နမော သံဃဿ။

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ။

ဗုဒ္ဓေါ မေ သရဏံ အညံ နတ္ထိ၊ ဓမ္မော မေ သရဏံ အညံ နတ္ထိ၊ သံဃော မေ သရဏံ အညံနတ္ထိ။

* * *

ဗုဒ္ဓေါမေ သီသေ တိဋ္ဌတု၊ ဓမ္မော မေ ဒက္ခိဏ အံသေ တိဋ္ဌတု၊ သံဃော မေ ဝါမအံသေ တိဋ္ဌတု၊ မာတာ ပိတရော မေ ပစ္ဆိမဘာဂေ တိဋ္ဌန္တု၊ အာစရိယော မေ ပုရိမဘာဂေ တိဋ္ဌတု။

ဗုဒ္ဓဂုဏော အနန္တော၊ ဓမ္မဂုဏော အနန္တော၊ သံဃဂုဏော အနန္တော၊ မာတာပိတု ဂုဏော အနန္တော၊ အာစရိယဂုဏော အနန္တော။

(တံ ပဉ္စဂုဏံ အဟံ ဝန္ဒာမိပါဘုရား)^၃

နမက္ကရာ နုဘာဝေန သဗ္ဗေ သတ္တာ သုခိနော ဝါ ခေမိနော ဟောန္တု၊ ဣမိနာ ပုညကမ္မေန သဗ္ဗေ ပူရေန္တု သင်္ကပ္ပါ၊ ယာ ယာ ဣစ္ဆာ သမိဇ္ဈတု။

* * *

(နမော ဗုဒ္ဓါယ,သိဒ္ဓမ်၊ ဥုမ် ရန်သူအကြား+ကျွန်ုပ်အကြား ဘုရားငါးဆူ ခြားတော်မူပါစေသတည်း၊ ခြားတော်မူပါစေသား။

ဥုမ် ဗုဒ္ဓစက္ကုံ ကိုယ်လုံးခြုံ၊ ဥုမ် ဓမ္မစက္ကုံ ကိုယ်လုံးခြုံ၊ ဥုမ် သံဃစက္ကုံ ကိုယ်လုံးခြုံ၊

ဥုမ် ဗုဒ္ဓစက္ကုံ၊ ဓမ္မစက္ကုံ၊ သံဃစက္ကုံ ကိုယ်လုံးခြုံ၊ အကုန်လုံစေသော်)^၃

သော ဥ တ္တိ၊ ဂစ္ဆ အမုမှိ ဩကာသေ တိဋ္ဌာဟိ သဗ္ဗအန္တရာယ် သဗ္ဗရောဂါ သဗ္ဗဥပဒ္ဒဝ ဒူရေ ဒူရေ။

* * *

**မှတ်ချက်** ။ အိပ်ရာဝင်တစ်ကြိမ်၊ အိပ်ရာထ တစ်ကြိမ်၊ နေ့လယ်တစ်ကြိမ်၊ တစ်နေ့သုံးကြိမ် ရွတ်ပွားပူဇော်ပါ။ ခရီးသွားသောအခါ သတိရတိုင်း ရွတ်ပွားပူဇော်လေ။

**အနက်ပြန်ဆိုခြင်း** ။ ဆိုလိုချက်က အနက်အဓိပ္ပာယ် သိနားလည်အောင် ဖတ်ထားရန်သာ။

တပည့်တော်သည် (ဤရက်၊ ဤလ အတွင်း) သရဏဂုံသုံးပါးနှင့်တကွ ငါးပါးသီလကို မကျိုးမပေါက် မပျောက်မကျားရအောင် စိတ်၌ မြဲစွာခံယူဆောက်တည် ထိန်းသိမ်းထားပါ၏ဘုရား။

ဗုဒ္ဓေါ–မြတ်စွာဘုရားသည်၊ မေ–တပည့်တော်၏၊ သီသေ–ဦးခေါင်းထက်၌၊ တိဋ္ဌတု–သနားကရုဏာ မေတ္တာတော်မိုး ရွာသွန်းဖြိုးလျက် ကိုးကွယ်ချီးပ ပူဇော်ရအောင် ကြွလာတည်စံနေတော်မူပါပေသတည်း။ ဓမ္မော–မြတ်စွာဘုရား ဟောကြားတော်မူအပ် တရားတော်မြတ်အပေါင်းသည်၊ မေ–တပည့်တော်၏၊ ဒက္ခိဏအံသေ–လက်ယာဘက်ပခုံးထက်၌၊ တိဋ္ဌတု–တည်စံခနေတော်မူပါစေသတည်း။ သံဃော–မြတ်စွာဘုရား၏ တပည့်သား အရိယာ သံဃာတော်မြတ်အပေါင်းသည်၊ မေ–တပည့်တော်၏၊ ဝါမ အံ သာ–လက်ဝဲဘက် ပခုံးထက်၌၊ တိဋ္ဌတု–ကြွလာတည်စံနေတော်မူပါစေသတည်း။

ဗုဒ္ဓေါ–မြတ်စွာဘုရားသည်၊ အပ္ပမာဏော–သီလ၊ သမာဓိ၊ ပညာစသော ဂုဏ်အားဖြင့် အနှိုင်းမဲ့ပါဘုရား။ ဓမ္မော–မြတ်စွာဘုရား ဟောကြားတော်မူအပ် တရားတော်မြတ်အပေါင်းသည်၊ အပ္ပမာဏော–အပူခပ်သိမ်း ငြိမ်းစေတတ်သည့် ဂုဏ်သတ္တိအားဖြင့် အနှိုင်းမဲ့ပါဘုရား။ သံဃော–မြတ်စွာဘုရား၏ တပည့်သား အရိယာသံဃာတော်မြတ်

www.burmeseclassic.com

အပေါင်းသည်၊ အပ္ပမာဏော–အကျင့်ဂုဏ်အားဖြင့် အနှိုင်းမဲ့ပါဘုရား။

ဗုဒ္ဓသသ–မြတ်စွာဘုရားအား၊ နမော–ရှိခိုးပါ၏ဘုရား။ ဓမ္မသသ–မြတ်စွာဘုရား ဟောကြားတော်မူအပ်တရားတော်မြတ်အပေါင်းအား၊ နမော–ရှိခိုးပါ၏ဘုရား။ သံဃသသ–မြတ်စွာဘုရား တပည့်သား အရိယာသံဃာတော်မြတ်အပေါင်းအား၊ နမော–ရှိခိုးပါ၏ဘုရား။

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ–မြတ်စွာဘုရားကို အသက်အပ်၍ ဆည်းကပ်ကိုးကွယ်ပါ၏ဘုရား။ ဓမ္မံ သရဏံ ဂစ္ဆာမိ–မြတ်စွာဘုရားဟောကြားတော်မူအပ် တရားတော်မြတ်ကို အသက်အပ်၍ ဆည်းကပ်ကိုးကွယ်ပါ၏ဘုရား။ သံဃံသရဏံ ဂစ္ဆာမိ–အရိယာသံဃာတော်မြတ်အပေါင်းကို အသက်အပ်၍ ဆည်းကပ်ကိုးကွယ်ပါ၏ဘုရား။

ဗုဒ္ဓေါ–မြတ်စွာဘုရားသည်၊ မေ–တပည့်တော်၏၊ သရဏံ–ကိုးကွယ်ရာပါတည်း၊ အညံ–မြတ်စွာဘုရားမှတစ်ပါး အခြားကိုးကွယ်ရာဘုရားသည်၊ နတ္ထိ–မရှိပါဘုရား။ ဓမ္မော–မြတ်စွာဘုရားဟောကြားတော်မူအပ် တရားတော်မြတ်အပေါင်းသည်၊ မေ–တပည့်တော်၏၊ သရဏံ–ကိုးကွယ်ရာပါတည်း၊ အညံ–မြတ်စွာဘုရားဟောကြားတော်မူအပ် တရားတော်မြတ်အပေါင်းမှတပါး အခြားကိုကွယ်ရာတရားသည်၊ နတ္ထိ–မရှိပါဘုရား။ သံဃော–မြတ်စွာဘုရား၏ တပည့်သား အရိယာသံဃာတော်မြတ်အပေါင်းသည်၊ မေ–တပည့်တော်၏၊ သရဏံ–ကိုးကွယ်ရာပါတည်း၊ အညံ–မြတ်စွာဘုရား၏ တပည့်သား အရိယာသံဃာတော်မြတ်အပေါင်းမှတပါး အခြားကိုးကွယ်ရာ သံဃာသည်၊ နတ္ထိ–မရှိပါဘုရား။

ဗုဒ္ဓေါ မေ ဒီသေ တိဋ္ဌတု၊ ဓမ္မော မေ ဒက္ခိဏ အံသေ တိဋ္ဌတု သံဃော မေ ဝါမအံသေ တိဋ္ဌတု၊ မာတာပိတရော–အနန္တဂိုဏ်းဝင် မိခင်ဖခင် ကျေးဇူးရှင်တို့သည်၊ မေ–အကျွန်ုပ်၏၊ ပစ္ဆိမဘာဂေ–နောက်ကျောဘက်အရပ်အဖို့၌၊ တိဋ္ဌန္တု–အနန္တမေတ္တာဖြင့် စောင့်ရှောက်သည့်အနေ ရပ်တည်နေတော်မူကြပါစေကုန်သတည်း။ အာစရိယော–အနန္တဂိုဏ်းဝင် ဆရာရှင်အပေါင်းသည်၊ မေ–အကျွန်ုပ်၏၊ ပုရိမဘာဂေ–ရှေ့ဘက်အရပ်အဖို့၌၊ တိဋ္ဌတု–အန္တရာယ်များ ပျောက်ကွယ်သွားအောင် ဟန့်တားသည့်အနေ ရပ်တည်ပေးပါစေသတည်း။

ဗုဒ္ဓဂုဏော–မြတ်စွာဘုရား၏ ဂုဏ်တော် ကျေးဇူးတော်သည်၊ အနန္တော–အဆုံးအပိုင်း အခြားမရှိပါဘုရား။ ဓမ္မဂုဏော–တရားတော်မြတ်အပေါင်း၏ ဂုဏ်တော်ကျေးဇူးတော်သည်၊ အနန္တော။ သံဃဂုဏော–သံဃာတော်မြတ်အပေါင်း၏ ဂုဏ်တော် ကျေးဇူးတော်သည်၊ အနန္တော။ မာတာပိတုဂုဏော–မိဘတို့၏ ဂုဏ်တော် ကျေးဇူးတော်သည်၊ အနန္တော။ အာစရိယဂုဏော–ဆရာသမားတို့၏ ဂုဏ်တော်ကျေးဇူးတော်သည် အနန္တော–အဆုံးအပိုင်း အခြားမရှိပါဘုရား။

(တံ ပဉ္စဂုဏံ–ထို အနန္တော အနန္တငါးပါး၏ ဂုဏ်တော်ကျေးဇူးတော် အနန္တကို၊ အဟံ–တပည့်တော်သည် ဝန္ဒာမိ–ဦးညွှတ်ရိုကျိုး ရှိခိုးပါ၏ဘုရား)၃

နမက္ကာရာနုဘာဝေန–ဤသို့ရှိခိုးပါရ မြတ်ပုညဲ ပထမဖော်စေတနာ ကုဋေကုဋာ၏ စွမ်းအားရှိန်စော် အာနုဘော်ကြောင့်၊ သဗ္ဗေ သတ္တာ–လူ နတ် ဗြဟ္မာ သတ္တဝါအားလုံး၊ သုခိနော ဝါ ခေမိနော ဟောန္တု–ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ၊ ဥပဒ်ရန်ဘေး ကင်းစင်ဝေး ငြိမ်းအေးကြပါစေ။

ဣမိနာ ပုညကမ္မေန–ဤကောင်းမှုကံဖော စေတနာအဖြာဖြာကြောင့်၊ သဗ္ဗေပူရေန္တု သင်္ကပ္ပါ–တပည့်တော်၏ ကောင်းမြတ်သော အကြံအစည်ဟူသမျှအားလုံး ကြံတိုင်းမသွေ အောင်မြင်ပြည့်ဝပါစေကုန်သတည်း။ ယာ ယာ ဣစ္ဆာ သမိဇ္ဈာတု–ကောင်းမြတ်သော လိုအင်ဆန္ဒမှန်သမျှ တတိုင်းမသွေ လျှင်လျှင်မြန်မြန် ပြီးပြည့်စုံပါစေသတည်း။

(ဗုဒ္ဓါယ–မြတ်စွာဘုရားအား၊ နမော–ရှိခိုးပါ၏ သိဒ္ဓမ်–လိုရာပြီးမြောက် ခရီးရောက်ပါစေသတည်း။ ဥုမ်–ရတနာမြတ်သုံးပါး၏ ဂုဏ်တော်ကျေးဇူးတော်ကြောင့် အောင်ခြင်းမင်္ဂလာကြီး ဖြစ်ပါစေတည်း။ ရန်သူအကြား–ကျွန်ုပ်တို့အကြား ဘုရားငါးဆူ ခြားတော်မူပါစေသတည်း ခြားတော်မူပါစေသား)၄

သော–ဤသည်ကား ဥတ္တိ–ကျွန်ုပ်တို့၏ ကိုယ်စောင့်နတ်များ၊ အိမ်စောင့်နတ်များ၊ ခြံစောင့်နတ်များ အစ ထား၍ ဤဝန်းကျင်ရှိ သမ္မာဒေဝ နတ်မြတ်နတ်ကောင်း နတ်အပေါင်းတို့အား ကြားသိစေခြင်းပါတည်း။ သဗ္ဗ အန္တရာယ်–ဟဲ့ ... အန္တရာယ်အားလုံး သဗ္ဗရောဂါ၊ တဲ့ ... ရောဂါအားလုံး၊ သဗ္ဗဥပဒ္ဒါ–ဟဲ့ .. ဘေးဥပဒ်အားလုံး ဂစ္ဆ–သွားလော့၊ ဒူရေ ဒူရေ–ငါတို့မှ အလွန့်အလွန် ဝေးကွာလှစွာသော၊ အမုမို ဩကာသေ–ထိုထိုစကြဝဠာတံတိုင်း ခြေ စသောအရပ်၌ တိဋ္ဌာဟိ–မယိမ်းမယိုင် ကျောက်တိုင်ကဲ့သို့ ခိုင်ခိုင်မတ်မတ် ရပ်တည်နေချေလော့။

လိုရာဆန္ဒပြည့်ဝကြပါစေ

ဇေယျာတု(B.A)



www.burmeseclassic.com

www.burmeseclassic.com

# စက္ခုအစာ ရူပါယတန ဣန္ဒြိယဘာဝနာ

ချောယဉ်သာမြင့် (BA.Bed)

၂၀၁၆ ခုနှစ်၊ ဇူလိုင်လထုတ် ရတနာမွန်မဂ္ဂဇင်းမှ "ကောင်းထက်ကောင်းစေ နှိုင်းညှိဖွေ၍" ကျွန်မ၏ ဆောင်းပါးကို ဖတ်ရှုလာသော ကျွန်မ၏ မိတ်ဆွေ ကျောင်းဆရာမ နှစ်ဦးက "မမ ဆောင်းပါးက မြန်မာစာဆရာမပီပီ ဓမ္မဒူတ ကျောင်းမြေနှင့် ကြာကန်အလှကို ဖော်ပြထားပုံကတော့ အေးချမ်းငြိမ်သက် သာယာလှပတာ ပီပြင်လွန်းလို့ ပြေးကြည့်ချင်စိတ်တောင် ပေါ်ပါတယ်။ ဒါပေမဲ့ ကြာကန်အလှကို ရုပ်နာမ်တရားနဲ့ ဝိပဿနာတင်ပြီး ဖြစ်ပျက်မြင်သွားသည်အထိတော့ ဘာကြောင့် မရေးဖွဲ့တာလဲ။ ကျွန်မတို့ကတော့ ဝေဖန်ပြီ"ဟု ဆိုလာကြ၏။ ကျွန်မ၏ "လိုကွက်"ကို ရေပိုင်းက ချီးကျူးပြီးလျှင် လိုလိုချင်ချင် ဝေဖန်၏။

ပဲခူး ဆယ်မိုင်ကုန်း ဓမ္မဒူတ တရားရိပ်သာ၏ ကျောင်းမြေနေရာအတွင်း နံနက်၊ နေ့လယ်၊ ညနေချမ်းအချိန်တို့ဝယ် အခါမလပ်စေ ရောင်စုံလူး ပွင့်ဖူးကြသည့် ကြာဖြူ၊ ကြာနီ၊ ကြာပန်းခရမ်းပြာတို့ အစဉ်ဦးခိုက်လျက် မုဋ္ဌလိန္ဒာ အိုင်အတွင်းက နဂါးမင်း၏ ပလ္လင်ခွေထက်မှ သက်တော်ထင်ရှား ဘုရားရှင်သွင်တော်ဟန် ကြည်ညိုဖွယ် ရုပ်ပွားတော်မြတ်နှင့် ကြာရောင်စုံသဘာဝ၏ အဿာဒတရားကို မြင်မဝ ရှုမဝနိုင်သောကြောင့် ကန်သာယာ စင်္ကြံပတ်လမ်းကို စင်္ကြံလျှောက်လှမ်းရသော ဒုက္ခတွင် သံကိလေသ အာဒီနဝဥာဏ် တစ်ချက်ဝင်မိပြီး လွန်ခဲ့သော ညဉ့်ဦးက ဆရာတော်ဘုရား ဟောကြားသော ဥဒကသုတ္တန် တရားကို နှလုံးသွင်းမိလျက် ကြာပန်းအလှအာရုံ၊ စက္ခုပသာဒဝတ္ထု၊ စက္ခုဝိညာဏ်စိတ်တို့အပေါ် ရုပ်တရား နာမ်တရားမျှသာပါလားဟု စဉ်းစားဆင်ခြင်မိကာ ဖဿပစ္စယာ ဝေဒနာမှ တဏှာသို့ မကူးမသွယ် "ဉာဒံ ရူပါနံ နိဿရဏာ" ဖြစ်အောင် သတိဥပေက္ခာ တင်လိုက်ပုံမျှ ရေးဖွဲ့ထားသဖြင့် သူတို့ရထားသော ဖြစ်ပျက်အနိစ္စတရား မြင်ပုံအထိ ရေးဖွဲ့မထားသဖြင့် ဝေဖန်စကား ဆိုလာကြသည် ဖြစ်၏။

ကျွန်မက ဤသို့မရေးလို၍ မရေးခဲ့ခြင်းပါဟု ဆိုလျှင် သူတို့ကလည်း ဉာဏ်ကြီးသူများဖြစ်၍ သဘောပေါက်သွားကြ၏။ "မမ ဘာကိုရေးချင်တာလဲ။ မမ ဖော်ပြချင်တာကို ဖော်ပြပေးပါ"တဲ့။ သို့ဖြစ်ပါ၍ စာရှုသူဘဝင်ကျအောင် ဖော်ပြရမည့်တာဝန် ရှိလာ၏။ ကျွန်မ ဆိုလိုချင်သော ဆိုလိုချက်ကို ဖော်ပြရပါတော့မည်။

သုံးထွေသုံးခု၊ ဝတ္ထု၊ အာရုံ၊ ဝိညာဏ်ဆုံ၍၊ စွဲကြံ ဖဿ ပစ္စယကြောင့်၊ ထိုဖဿ၏ ပဝတ္တိကို၊ မြင်သိလွှယ်ကာ၊ ဖဿပစ္စယာ၊ ဝေဒနာမှ၊ တဏှာမကူးမသွယ်စေလိုရေး သတိဥပေက္ခာ တင်တတ်ရန်ပင် ရည်ရွယ်ပါသည်။

ဤသို့ ရည်ရွယ်မိသည်မှာလည်း မြတ်စွာဘုရားရှင်၏ ဣန္ဒြိယဘာဝနာကို ပူဇော်ရန် ရည်သန်ခြင်းဖြစ်ပါသည်။ ဤသို့ ပူဇော်ရန် ရည်သန်မိခြင်းမှာလည်း ဘုရားရှင်ဟောကြားတော်မူခဲ့သော ဒေသနာနယကို မှခင်းချလျက် ဖော်ပြတီထွင် ပြုစုအပ်သော ဗုဒ္ဓနည်းကျ ဩဠာရိက သုခုမဇာတ်ဆေးပညာ၏ ကျေးဇူးရှင်ဖခင် ကျမ်းပြုဆရာကြီး ဦးအောင်ဒင်၏ "ဗုဒ္ဓနည်းကျ ဩဠာရိက သုခုမဓာတ်ကျမ်းလက်ာ"တွင် "သက်ရှိလူ့သား လောကတည်ဆောက်မှုအစ သဘာဝ"အကြောင်း ရေးဖွဲ့ထားသော လင်္ကာစာပိုဒ်သည် ဗုဒ္ဓအလိုတော်ကျ ပြည့်ဝစုံလင် ပီပြင်စွာ သီကုံးရေးဖွဲ့ထားသဖြင့် ဖခင်ဆရာကြီးဦးအောင်ဒင်အား များစွာ ကြည်ညိုမိပါ၍ ဖခင်ကြီး ဂုဏ်ကျေးဇူးကို ဖော်ကျူးရန်လည်း ရည်ရွယ်ပါသည်။

ဆရာကြီးက သက်ရှိလူ့သားလောက တည်ဆောက်မှုအစကို ဤသို့ ဖော်ပြထား၏။

လူ့သန္ဓေဘဝ ပဋိသန္ဓေအစ ကလလဉ္စ ကလလ ရေကြည်အနိုက်တွင် စက္ခု၊ သောတ၊ ဃာန စသည့် ကလာပ်



www.burmeseclassic.com

www.burmeseclassic.com

အကြည်တို့ မရှိသေးပါ။ ကာယ ဘာဝ ဝတ္ထုကလာပ်ပေါင်း သုံးခုသာ ရှိသေးသည်။ ကာယသည် အဇ္ဈတ္တ၊ ဘာဝနှင့် ဝတ္ထုသည် ဗဟိဒ္ဓ ဖြစ်၏။

(၁) ကာယနှင့် ဘာဝ ထိခတ်မှု (ဤသို့ ကာယ အဇ္ဈတ္တနှင့် ဘာဝဗဟိဒ္ဓတို့ ထိခတ်လာသော အခါ)

(၂) ပွင့်ထွက်လာသော ကာယဝိညာဏ် (ခေါ်) မနာယတနနှင့် ၎င်း၏ သမ္ပယုတ္တဓမ္မ (ဖဿ မှ ကြွင်းသည့် ဝေဒနာ စသော စေတသိက် ခြောက်ဝဟု ဆိုအပ်သည့်) ဓမ္မာယတနတို့ ထိခတ်မှု

(၃) အသစ်ပွင့်ထွက်လာသည့် မနောဝိညာဏ်နှင့် ဝတ္ထုကလာပ် ထိခတ်မှု

ဤသုံးဆင့်တွင် ဝတ္ထုကလာပ်၏ ပုံကြီးချဲ့ကောင်းသော သတ္တိဖြင့် လူ့သနစ် လူ့အဖြစ်ကို စီရင်ဖန်တီးစ ပြုသည့် ကာယပသာဒ အကြည်ရုပ် ဖြစ်လာ၏။ သို့ဖြင့် အသစ်ဖြစ်သော ကာယအကြည်နှင့်တကွ ဇိဝှာ၊ ဃာန၊ သောတ၊ စက္ခု အကြည်တို့ကို အဆင့်ဆင့် တိုးတက်ဆောက်ခဲ့လေသည်။ စက္ခုသစ်ရသော် ရူပကို အစာအာဟာရအဖြစ် မှီဝဲကြမြဲ ဖြစ်သည်။ ဤသို့ သူ့အကြည်နှင့်သူ့ အာဟာရ မှီဝဲကြကာ အဟောင်းပစ် အသစ်လဲလှယ်၍ အမြဲတစေ ဖြစ်ပျက်ကာနေသော လူ့ဇာတိနယ်ကား ခဏမျှ ငြိမ်းဖွယ်မရှိ။ ဤသို့ မငြိမ်းစေသော အကြောင်းကား ကံ၊ စိတ်၊ ဥတု၊ အာဟာရ ဟူသော ရုပ်ဖြစ်ကြောင်းတရား လေးပါးကြောင့်ပင် ဖြစ်လေသည်ဟု ဖော်ပြထား၏။

ဤသို့ အကြည်အာရုံ ဝိညာဏ်သုံးခု ပေါင်းဆုံထိတွေ့မှုကို ဖဿဟု ဆိုသည်။ ဤသို့ဖြင့် ပတ္တိတွင် ဖဿ ခြောက်စုံရသည်။ ဖဿတစ်စုံဖြစ်လျှင် ၎င်းမှ ဖဿသုံးချက်ဆင့်၍ ခတ်သည်။

ဥပမာ - စက္ခု ရူပ စက္ခုဝိညာဏ် တစ်ချက်။

မနော ဓမ္မ မနောဝိညာဏ် တစ်ချက်။

မနောဝိညာဏ်သည် ဟဒယဝတ္ထုရုပ်ကို မှီတွယ်၍ တစ်ချက်။

ဖဿတစ်ချက်လျှင် အဟိတ်ကုသိုလ်၊ အကုသိုလ်ဝိပါက် ၁၅၊ မဟာဝိပါက် ၈၊ မဟဂ္ဂုတ်ဝိပါက် ၉ ဟူ၍ လောကီဝိပါက်စိတ် ၃၂ ပါးနှင့်ယှဉ်သော ဝေဒနာ ၃၂ ပါး ရသောကြောင့် ဖဿသုံးချက် ဝေဒနာ ၉၆ ပါးရသည်ဟု ဘုရားရှင် ဟောတော်မူခဲ့သည်ကို ဖခင်ဆရာကြီး ဦးအောင်ခင်က သက်ရှိလူသားလောက တည်ဆောက်မှုအစနှင့် သတ္တဝါတွင် အနာရောက်ကြသဘာဝကို ဤသို့ လင်္ကာ သီကုံး ရေးဖွဲ့ခဲ့သည်။

"သဗ္ဗေသတ္တာ သတ္တဝါဟု၊ ခေါ်ပါသမျှ၊ ဤအစကား၊ စက္ခု သောတ၊ ဃာန ဇိဝှာ၊ ကာယမန၊ ခြောက်လောကတည့်၊ ထိုမျှခြောက်ခင်း၊ စုအသင်းကို၊ အတွင်းအာယတန၊ ဆိုလေရ၏၊ ခေါ်ကြသက်မဲ့၊ ရုပ်ဖွဲ့အစာ၊ အာဟာရကား၊ ရူပါ သဒ္ဒါ၊ ဂန္ဓ ရသာ၊ ဖောဋ္ဌဗ္ဗာနှင့်၊ ဓမ္မာယတန၊ ခြောက်လောကတည့်၊ အပဓာတ်ချည်း၊ မှတ်သိမ်းဆည်းလော့၊ ဤတည်းနှစ်ခု၊ တွင်းပမှုဝယ်၊ စက္ခုအစာ၊ ရူပါယတန၊ သိကြကုန်သဖြင့်၊ မနအစာ၊ ဓမ္မာမှီဝဲ၊ ဖို့မတွဲကာ၊ ပေါ်မြဲအစဉ်၊ ပွင့်ထွက်ရှင်သည့် ဝိညာဏ်သိမှု၊ ဓာတ်ခြောက်ခုလည်း၊ စက္ခုစသည်၊ မှီ၍တည်ခဲ့၊ အကြည်အာရုံ၊ ဝိညာဏ်ဆုံလျက်၊ သုံးစုံပေါင်းကြ၊ ထိသမျှကို၊ ဖဿဟုဆို၊ ဖဿဆိုသည့်၊ ထိုအမိပွာယ်၊ အကြည်တွယ်၍၊ ခြောက်သွယ်ရှိပုံ၊ အသိစုံလော့၊ ကျဉ်းခြုံ၍ပြ၊ ဤဖဿကြောင့်၊ ဆံနဝမျိုး၊ အကျိုးဝေဒနာ၊ သက်ရောက်ကာဖြင့်၊ တဏှာမူလ၊ တစ်မြစ်မမှ၊ တစ်ရာ့ရှစ်မြစ်(၁၀၈ မြစ်)၊ ပွားကုန်လစ်၍၊ အသစ်ကမ္မ၊ နှစ်ဘဝကြောင့်၊ ဖြစ်ရဇာတိ၊ ငြိ၍ဇရာ၊ မရဏမို့၊ ငြိမ်းရာမဆိတ်"ဟု ပင်ကို ဘုရားဟောဒေသနာတော်၏ ပုဒ်၊ ပါဌ်၊ အက္ခရာ၊ သဒ္ဒါလုလု၊ အစီအစဉ်ကျနစွာ ချိုသာအေးချိ၊ ကြည်ညိုဖွယ် သီကုံးဖွဲ့နွဲ့ခဲ့သည်။ ဖခင်ကြီး ဤလင်္ကာသည် ကျွန်မကို များစွာ အသိဉာဏ်ပေးခဲ့သည်။ သို့ဖြစ်သောကြောင့် လူသားသတ္တဝါ လူ့ခန္ဓာသည် စက္ခု၊ သောတ၊ ဃာန၊ ဇိဝှာ၊ ကာယ၊ မန (အတွင်း အာယတန ခြောက်ပါး) ရူပ၊ သဒ္ဒ၊ ဂန္ဓ၊ ရသ၊ ဖောဋ္ဌဗ္ဗ၊ ဓမ္မ (အပြင် အာယတနခြောက်ပါး)။ ၎င်းတို့ကို ဖိုမ မှီဝဲကြ၍ စက္ခုဝိညာဏ်၊ သောတဝိညာဏ် စသည့် အပွင့်ဓာတ် ခြောက်ပါး ဓာတ် ၁၈ ပါးသည်သာ ခန္ဓာလောက ဖြစ်၍ ဖြစ်ပြီး ပျက်သွားသော လူ့သတ္တဝါ၊ မနုဿလောက စသော ဘုံ၊ သတ္တလောက စသော လောကသုံးပါး ဟူ၍ ဘုရားရှင်ဟောတော်မူခဲ့သည်ကို ကောင်းစွာသိမြင်လာသည်။ ဤသို့ဖြင့် မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်တည်းဟူသော ဒွါရခြောက်ပါးသည်သာ လူ့ခန္ဓာဖြစ်သောကြောင့် ဤအတိုင်း အသုံးမပြုဘဲထားလျှင် သတ္တဝါအသက်ရှင်မည် မဟုတ်။



www.burmeseclassic.com

အစဉ်အမြဲ အသုံးချ အတွင်းအပ မှိုဝဲလျက်သော အသက်ခန္ဓာ အစဉ်ဆက် ဖြစ်ပြီးပျက်၊ ဖြစ်ပြီးပျက်သွားသော စာတ်သဘာဝ အစဉ်သာဖြစ်၏။ သို့ရာတွင် ဒွါရခြောက်ပါးကို စောင့်စည်း၊ ပိတ်ဆို့၊ ထိန်းသိမ်းစောင့်ရှောက်ရန်ကိုမူ ဟောကြားတော်မူခဲ့သည်။ ဤအတိုင်း အသုံးမပြုဘဲ စောင့်စည်းရမည်မဟုတ်။ ကြည့်တတ်၊ မြင်တတ်၊ နားထောင်တတ်၊ ရှုတတ်၊ စားတတ်၊ တွေ့ထိတတ်၊ အသင့်အတင့် နှလုံးသွင်းတတ်စေရန် ဖြစ်၏။ အာရုံခြောက်ပါး၏ အဿာဒ = သာယာဖွယ်၊ အာဒီနဝ = အပြစ်၊ နိဿရဏ = လွတ်မြောက်မှုတို့ကို သိလာအောင် စောင့်စည်းထိန်းသိမ်းရမည်ဟု ဘုရားရှင်ဟောကြားတော်မူခဲ့၏။

ဤဒွါရခြောက်ပါး စောင့်စည်းမှုနှင့် ပတ်သက်၍ ဥပရိပဏ္ဏာသ ပါဠိတော် ဣန္ဒြိယ ဘာဝနာသုတ်တွင် ပါရာသိဝိယပုဏ္ဏား၏ တပည့် ဥတ္တရလုလင်အား ဘုရားရှင်က "သင်တို့ဆရာ ပါရာသိဝိယ ပုဏ္ဏားက ဣန္ဒြေဆုံးမရန် မည်သို့နည်းပေးပါသနည်း"ဟု မေးတော်မူရာ ဥတ္တရလုလင်က "နားဖြင့်အသံနားမထောင်ရ၊ မျက်စိဖြင့် အဆင်းကို မကြည့်ရ"ဟူသော တားမြစ်မှုနည်းနာ အဆုံးအမကို နာယူရပါသည်ဟု ပြန်လည်ဖြေကြားလျှင် ဘုရားရှင်က "ဥတ္တရလုလင် ဤသို့ဆိုလျှင် မျက်စိအမြင် ကန်းနေသူ၊ နားအကြားကန်းနေသူတို့သည် ဣန္ဒြေကို ပွားများပြီးဖြစ်သလား၊ စောင့်စည်းပြီးဖြစ်သလားဟု မိန့်တော်မူကာ အနီးတွင်ရှိသော အာနန္ဒာအား ဤသို့မိန့်၏။

"အာနန္ဒာ ပါရာသိဝိယ ပုဏ္ဏားကြီး၏ ဣန္ဒြေပွားများမှု တစ်မျိုး၊ ငါဘုရား သာသနာတော်မှာ ဣန္ဒြေပွားများမှု တစ်မျိုး"ဟု ဆိုကာ ဘုရားသာသနာတော်တွင်ရှိသော အနုတ္တရ အတုမရှိ မြတ်သော ဣန္ဒြိယဘာဝနာ၊ ဣန္ဒြေဘာဝနာကို ဟောတော်မူခဲ့သည်။

ထိုဣန္ဒြေဘာဝနာ စောင့်စည်းမှုနှင့် ပတ်သက်၍ ဘုရားရှင် အားကြီးပွားမှုကို ဖျက်ဆီးသူဟု ကျမ်းဂန်တွင် ဆိုသော မာဂဏ္ဍီယပုဏ္ဏားအား -

"စက္ခုံ ခေါ မာဂဏ္ဍီယ ရူပါရာမံ ရူပရတံ ရူပသမ္မုဒိတံ။ မာဂဏ္ဍီ စက္ခုဆိုသော ထိုမျက်စိသည် ရူပတည်းဟူသော အာရုံရှိ၏။ ရူပါရုံ၌ ပျော်တတ်၏။ ရူပါရုံ၌ ဝမ်းမြောက်တတ်၏။ ထိုမျက်စိကို ငါဘုရားသည် ဆုံးမ၏။ ပိတ်ဆို့၏။ စောင့်ရှောက်၏။ ထိုစက္ခုကို စောင့်စည်းခြင်းအကျိုးငှာ ငါဘုရားဟောတော်မူသည်ကို သင် ရှင်ဂေါတမသည် ကြီးပွားမှု၊ တိုးတက်မှုကို ဖျက်ဆီးတတ်သည်ဟု စွပ်စွဲသလား"ဟု မေးတော်မူလျှင် မာဂဏ္ဍီပုဏ္ဏားက "ရှင်ဂေါတမ · · · ၎င်းကို ရည်ရွယ်၍ ဆိုပါသည်"ဟု လျှောက်လျှင် ဘုရားရှင်က "သောတဆိုသော နား။ ဃာနဆိုတဲ့ နှာခေါင်း။ ဇိဝှာဆိုတဲ့ လျှာ၊ ကာယဆိုတဲ့ ကိုယ်၊ မနောဆိုတဲ့ စိတ်တို့လည်း ဆိုင်ရာ ဆိုင်ရာမှာ ပျော်မွေ့တတ်တယ်။ စိတ်က ဓမ္မာရုံမှာ ပျော်မွေ့တယ်။ ထိုစိတ်ကို ငါဘုရား ဆုံးမတယ်၊ စောင့်ရှောက်တယ်၊ ပိတ်ဆို့တယ်၊ ကာကွယ်တယ်။ ငါဘုရားတပည့်တွေကို ငါဘုရား ဤသို့ဟောတယ် မာဂဏ္ဍီယပုဏ္ဏား"ဟု မိန့်ကြားလေသည်။

ဘုရားရှင်က စက္ခု၊ သောတ၊ ဃာန၊ ဇိဝှာ၊ မန ဟူသော ဤတရားခြောက်ပါး စောင့်စည်းပိတ်ဆို့ထားဖို့ ဟောသည်ဆိုခြင်းမှာ အဆင်းမကြည့်ရ၊ အသံနားမထောင်ရ ဟု ဆိုလိုသည် မဟုတ်။ အကုသိုလ်မဖြစ်အောင် ကြည့်တတ်၊ မြင်တတ်ရန် ထူးခြားသော အမြင်ပေါက်အောင်သာ လျှင် ဆုံးမခြင်းဖြစ်၏။

စက္ခု၊ သောတ၊ ဃာန၊ ဇိဝှာ၊ ကာယ၊ မနဖြင့် မြင်ရ၊ ကြားရ၊ ရှူရှိုက်ရ၊ စားရ၊ ထိတွေ့ရသောအခါ နှစ်သက်ဖွယ်၊ မနှစ်သက်ဖွယ် သဘောတရားများဖြစ်လာလျှင် ဤသို့ဖြစ်မလာရအောင် စက္ခုစသော ဣန္ဒြေငါးပါး ထိုတရားတို့ကို ကမ္မဋ္ဌာန်း။ သို့မဟုတ် ဝိပဿနာ ရှုပွားရမည် ဖြစ်၏။ ဤသို့ ဤသို့ ကမ္မဋ္ဌာန်းဝိပဿနာ ရှုရှုလာသောအခါတွင် အကြိမ်များစွာ ရှုမိလာသောအခါ ဝိပဿနုပေက္ခာ ဖြစ်လာရသည်။ အားလုံးသော ရှုမှု၊ ဆင်ခြင်မှုများတွင် အားမစိုက်ရ ဗျာပါရမပြု လျစ်လျူရှုသော ဥပေက္ခာတစ်မျိုး ဖြစ်လာ၏။ ဝိပဿနာနှင့် ဆိုင်သော ဥပေက္ခာဖြစ်သောကြောင့် ယင်းကိုပင် အနုတ္တရ အတုမရှိ မြတ်သော၊ ဣန္ဒြိယဘာဝနာ၊ သို့မဟုတ် ဣန္ဒြေဘာဝနာဟု ဆိုရ၏။

ဤသို့ ဝိပဿနာဥပေက္ခာ ဖြစ်ပေါ်လာရသော ဣန္ဒြိယဘာဝနာအရာ၌ ဣန္ဒြေစောင့်စည်းပိတ်ဆို့မှု ဖြစ်လာပုံမှာ စက္ခု၊ သောတ စသည်တို့ကို ရှုရင်း သမ္မသနဉာဏ်ကျော်မြောက်၍ ဥဒယဗ္ဗယဉာဏ်ရောက်လျှင် ဖြစ်ပျက်ရှုပွားတရားတို့၌ သက်ဝင်ဆုံးဖြတ်နိုင်သော သဒ္ဓါတရား၊ ဝိပဿနာတရားတို့၌ မဆုတ်မနစ်ရအောင် အားပေးထောက်ပံ့တတ်သော ဝီရိယတရား၊ ဆီထိသော ဝါဂွမ်းပမာ ယောဂီ၏ ကိုယ်

www.burmeseclassic.com

ခန္ဓာ၌ ခွန်မြတ်သော စိတ္တဇရုပ်များ ပျံ့နှံ့ထုံမွှန်းစေတတ်သော သုခတရား၊ သွက်လက်လျင်မြန် အမြင်သန်လှသော ဝိပဿနာ ဉာဏ်ပညာ၊ ကမ္မဋ္ဌာန်းအာရုံ၌ လွန်စွာ တည်တံ့ထင်မြင်နေသော သတိရားတို့သည် ထူးခြားသွက်လက် ထက်မြက်လျင်မြန်စွာ အင်အားကြီးစွာ ဖြစ်ပေါ်လျက် ထိုတရားများ ထူးထူးခြားခြား ထင်ရှားသွက်လက် ထက်မြက်လျင်မြန်စွာ ဖြစ်လာသည်နှင့်အမျှ ဝိပဿနာ ဥပေက္ခာတရားသည် ထူးခြားစွာ ဖြစ်ပေါ်လာရသည်။

ဖြစ်မှု၊ ပျက်မှုများသည် အလွန်တရာ ထင်ရှားနေသဖြင့် ယင်းအဖြစ်အပျက်များ ရှုရန် ဗျာပါရမများရတော့ဘဲ အလိုအလျောက် သဘာဝအတိုင်း ရှုသွားနေသော ဝိပဿနာ ဉာဏ်နှင့် ယှဉ်သော ဥပေက္ခာတရား ဖြစ်လာသည်။ ဥပေက္ခာ ဆိုသည်မှာ ဥပေက္ခာဝေဒနာကို ဆိုခြင်းမဟုတ်။ တတြမဇ္ဈတ္တတာဖြစ်သော စေတသိက်တရားပင် ဖြစ်၏။

ဥပေက္ခာနှင့် တတြမဇ္ဈတ္တသည် ဤသို့ ကွဲပြား၏။ ဥပေက္ခာသည် ဣဋ္ဌာရုံ၊ အနိဋ္ဌာရုံ တရားတို့၌ အလယ်အလတ် ရှုခြင်းများသည် ဝေဒနုပေက္ခာ စိတ်၏လက္ခဏာ ဖြစ်၏။

ဟတြမဇ္ဈတ္တတာသည် စိတ်စေတသိက်တို့ တိတ်ဆိတ်စေမှု လျစ်လျူရှု၍ ပြဟ္မာ့ဝိဟာရဥပေက္ခာ စေတသိက် လက္ခဏာ ဖြစ်လေသည်။

ဤသို့ ဝိပဿနုပေက္ခာ၊ တတြမဇ္ဈတ္တတာတည်းဟူသော တရားများနှင့် ဣန္ဒြေဘာဝနာပွားများတတ်ရန် ဘုရားရှင်က မာဂဏ္ဍီယပုဏ္ဏားအား ဤသို့ ဆက်လက်ဟောကြားတော်မူသည်။

"ဒွါရခြောက်ပါးတည်းဟူသော မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်တို့သည် ဆိုင်ရာ ဆိုင်ရာ ပျော်မွေ့သော မွှာရုံ၌ ပျော်မွေ့သော ထိုစိတ်ကို ငါဘုရားဆုံးမ၏၊ စောင့်ရှောက်၏၊ ပိတ်ဆို့၏၊ ကာကွယ်၏ဟု ငါဘုရားဟောကြားသော စကားကို သင်ဘယ်သို့ မှတ်ထင်သနည်း။ ဤလောကတွင် အကြင်သူသည် နှစ်သက်ဖွယ်၊ မြတ်နိုးဖွယ်၊ သာယာဖွယ် ကာမဂုဏ်နှင့် စပ်ယှဉ်သော ရူပါရုံကို ခံစားစံစားခဲ့ဖူးလျက် ထိုချစ်မြတ်နိုးအပ်သော နှစ်သက်ဖွယ် အာရုံ ရူပါရုံတို့သည် ဖြစ်ခြင်းကိုလည်းကောင်း၊ ချုပ်ခြင်းကိုလည်းကောင်း၊ သာယာဖွယ်ကိုလည်းကောင်း၊ အပြစ်ကိုလည်းကောင်း၊ ထိုရူပါရုံမှ ထွက်မြောက်ရာ ထွက်မြောက်ကြောင်းကိုလည်းကောင်း၊ ထွက်မြောက်ခြင်းကိုလည်းကောင်း ကောင်းစွာသိ၍ ကင်းသော တဏှာရှိသည်။ ကင်းသော ဆာလောင်ခြင်း၊ မွတ်သိပ်ခြင်းရှိသည်။ ကင်းသောပူပန်ခြင်း ရှိသည်ဖြစ်၍ မိမိကိုယ်တွင်း သန္တာန်၌ ကိလေသာငြိမ်းသော စိတ်ရှိသည် ဖြစ်၍နေ၏။

ဤသို့ အဇ္ဈတ္တသန္တာန်မှာ၊ ကိုယ်တွင်းသန္တာန်မှာ အတွင်းသန္တာန်မှာ ကိလေသာအပူတွေ ငြိမ်းအေးနေသော အကြင်ပုဂ္ဂိုလ်ကို သင်သည် အဘယ်သို့သောစကားကို ကြီးပွားမှုကို ဖျက်ဆီးတတ်သော၊ ချုပ်ချယ်ကန့်သတ်သည် ဆိုသော အပြောမျိုးကို ပြောဆိုအပ်သည်။

ဤသို့ ရူပါရုံတို့၏ ဖြစ်ခြင်း ချုပ်ခြင်း၊ ရူပါရုံတို့၏ အပြစ် အာဒီနဝ၊ ရူပါရုံတို့၏ သာယာဖွယ်၊ ရူပါရုံတို့၏ ထွက်လမ်း ထွက်မြောက်ရာ သိပြီးဖြစ်နေတဲ့ ပုဂ္ဂိုလ်ကို ဤသို့ သိသဖြင့် တဏှာကင်း၊ အပူကင်းပြီး အတွင်းက အေးငြိမ်းနေသော စိတ်ရှိသော အကြင်ပုဂ္ဂိုလ်ကို မာဂဏ္ဍီယ သင် ဘယ်လိုပြောမလဲ"ဟု မေးတော်မူလေ၏။

ထိုအခါမှ မာဂဏ္ဍီယ ပုဏ္ဏားသည် "န ကိဉ္စိ ဘော ဂေါတမ"

"အရှင်ဂေါတမ၊ ဒီပုဂ္ဂိုလ်မျိုးအတွက် တစ်စုံတစ်ခုသော ပြောစရာသည် နတ္ထိမရှိပါဘုရား"ဟု ဝန်ခံလျှောက်ထားရလေသည်။ ဘုရားရှင်၏ ဒွါရခြောက်ပါး စောင့်စည်းရမည် ဆိုခြင်းသည် ဒွါရခြောက်ပါးကို အသုံးမပြုဘဲ စောင့်စည်းပိတ်ဆို့ရမည်မဟုတ်၊ ကြည့် ကြည့်တော့ ကြည့်ပါ၊ ကြည့်တတ်ရမည်။ နားထောင်ပါ၊ နားထောင်တော့ နားထောင်တတ်ရမည်ဟူသော သဘောတရား ဖြစ်၏။

ဤတွင်မှ မာဂဏ္ဍီယပုဏ္ဏား၏ အဇ္ဈတ္တသန္တာန်တွင် ကိလေသာတို့မှ ငြိမ်းချမ်းသော၊ ထူးခြားသော စိတ်ထားရှိ သွားလေ၏။

သို့ဖြစ်သောကြောင့် ဘုရားရှင်အလိုတော်ကျ ဆော သောတ၊ ဃာန၊ ဇိဝှာ၊ ကာယ၊ မန တည်းဟူသော တံခါး များအပေါ်တွင် အမှန်မြင်ကြလျက် ထိုဒွါရခြောက်ပါး တံခါး များ အကြောင်းပြု၍ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် နိဗ္ဗာန်အထိ ကောင်းမြတ်မှန်ကန် ထူးခြားသော ဉာဏ်များရကာ နိဗ္ဗာန် ချမ်းသာကို လျှင်လျှင်လွယ်လွယ် ကူးမြောက်နိုင်ကြပါစေ ကုန်သတည်း။

ချောယဉ်သာမြင့် (B.A.Bed)



www.burmeseclassic.com

www.burmeseclassic.com

# သူတစ်ပါးစကား စဉ်းစားယုံရာသည်

ခင်မောင်အေး(မန္တလေး)

ကုရုတိုင်း၊ ဥတ္တရပဉ္စာလမြို့တွင် "ရေထု"မင်းကြီး အုပ်ချုပ်စိုးစံ မင်းလုပ်လျက်ရှိသည်။ ဤမင်းကြီး မင်းပြုနေစဉ် "မဟာရက္ခိတရသေ့ကြီး"သည် တပည့်ရသေ့ ငါးရာနှင့်အတူ ဟိမဝန္တာမှ ချဉ်ဆား မှီဝဲနိုင်ရန် အလို့ငှာ ဥတ္တရပဉ္စာလမြို့သို့ ရောက်ရှိလာခဲ့သည်။ မင်းကြီးသည်လည်း ထိုရသေ့ငါးရာ ခြံရံလျက် ရောက်ရှိလာသော မဟာရက္ခိတရသေ့ကြီးအား ကြည်ညိုသဒ္ဓါပွားများသဖြင့် မင်းဥယျာဉ်အတွင်း ကျောင်းတစ်ဆောင်ဆောက်လုပ်လျက် သီတင်းသုံးစေကာ ကိုးကွယ်ဆည်းကပ် ပူဇော်ထားခဲ့လေသည်။ ရေထုမင်းကြီးတွင် အားနည်းချွတ်ယွင်းချက် တစ်ခုရှိ၏။ ထိုအားနည်းချက်သည်ကား သားသမီးရတနာ မထွန်းကားခဲ့ခြင်းပင်ဖြစ်ပါသည်။

သို့နှင့် တစ်နေ့ တစ်မိုး ကုန်လွန်လျက် ဟေမန္တဥတုသို့ ရောက်ရှိလာသောအခါမှ ရသေ့များ ဟိမဝန္တာသို့ ပြန်ကြသည့်အခါ လမ်းခရီးတွင် ဒိဗ္ဗစက္ခုဖြင့် ရှေ့ဖြစ်ပွားပေါ်ပေါက်လာမည့် အလားအလာကို မြင်တွေ့ထားရသည်ဖြစ်ရကား မဟာရက္ခိတရသေ့ကြီးက "ယနေ့ မိုးသောက်ယံတွင် တာဝတိံသာနတ်တို့ရွာမှ နတ်သားတစ်ဦးသည် နတ်ပြည်မှ စုတေ၍ မထုမင်းကြီး၏ မိဖုရားကြီး ဝမ်းကြာတိုက်တွင် ပဋိသန္ဓေ ယူပေလိမ့်မည်"ဟု ပြောဆိုသည့်စကားကို အမှတ်ထင်ထင် ကြားသိလိုက်ရသော ရသေ့စဉ်းလဲတစ်ဦးက မင်းကြီးထံသို့ တိတ်တဆိတ် တစ်ပါးတည်း ပြန်လာခဲ့ပြီး မိမိဉာဏ်ဖြင့် သိခဲ့ရလေသည့် ဟန်ဆောင်၍ မင်းကြီးအား နိမိတ်စကား ပြောကြားလေသည်။

ထိုစကားကို ကြားသိရသော ရေထုမင်းကြီးသည် ဝမ်းပန်းတသာ ဖြစ်သွားပြီး ရသေ့စဉ်းလဲအား ဟိမဝန္တာသို့ ပေးမပြန်စေတော့ဘဲ မင်းဥယျာဉ်အတွင်းမှာပင် ကျောင်းတစ်ဆောင် သီးသန့်ဆောက်လုပ်ပြီး သီတင်းသုံးစေကာ ကိုးကွယ်ထားခဲ့၏။ နေ့လစေ့ပြီး ကိုယ်ဝန်ရင့်မာသည့်အချိန်တွင် မိဖုရားကြီးမှ သားရတနာကလေးတစ်ပါး ကောင်းစွာဖွားမြင်လေသည်။ ယင်းသားရတနာအား "သောမနဿ" သတို့သားဟု အမည်ပေးလိုက်ကြသည်။ ထိုရသေ့စဉ်းလဲ၏ ဟောပြောချက် မှန်ကန်သည်ဖြစ်သဖြင့် မင်းနှင့်တကွ ပြည်သူအများက သူ့အား "ဒိဗ္ဗစက္ခု"ရသေ့ ဟူ၍လည်း ဂုဏ်ပြုလျက် ချီးပင့်မြှောက်စား ခေါ်ဝေါ်ခဲ့ကြလေသည်။

သည်လိုနှင့် သားတော် သောမနဿမင်းသား ခုနစ်နှစ်အရွယ်သို့ ရောက်ရှိလာသောအချိန်တွင် ကုရုတိုင်း နယ်စွန်နယ်ဖျားတွင် ခြားနားသူ၊ သူပုန်သူကန်များ ထကြွသဖြင့် မင်းကြီးကိုယ်တိုင် တပ်တော်ကို ဦးစီးလျက် ထွက်ခွာသွားခဲ့လေသည်။ မင်းကြီး ယင်းသို့ သူပုန်ရန်နှိမ်နင်းဖို့ ထွက်ခွာသွားနေသည့်အခိုက် သောမနဿမင်းသားငယ်သည် ရသေ့အား ဖူးမြော်လိုသဖြင့် ဥယျာဉ်တော်အတွင်းသို့ ထွက်ခွာလာခဲ့၏။ သည်အခါ ရေအိုးနှစ်လုံးကို လက်တစ်ဖက်တစ်ချက် ကိုင်ဆွဲလျက် ဟင်းရွက်ခင်းအတွင်းမှာ ဟင်းခင်းကို ရေလောင်းနေသည့် ရသေ့အား မြင်တွေ့လိုက်ရ၏။ ယင်းကဲ့သို့ ရသေ့၏ မသင့်မတော် မလျော်ကန်သော လုပ်ရပ်ကို ပြုမူနေသည့် ရသေ့အား မင်းသားသည် ရှိခိုးခြင်းပင် မပြုတော့ဘဲ -

"သူဌေးကြီး ဘာတွေများလုပ်နေတာတုန်း"ဟု ပျက်ရယ်ပြုစကားဖြင့် အရှက်ရသွားအောင် ပြောဆိုလျက် နန်းဆောင်သို့ ပြန်လာခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com

**သောမနဿမင်းသားသည် ခမည်းတော်၊ မယ်တော်တို့က အတန်တန် တောင်းပန်တားဆီးနေကြသည့်တိုင် လက်မခံတော့ဘဲ ခမည်းတော်၊ မယ်တော်တို့အား ခွင့်ပြုကြရန် တောင်းပန်လျက် ရဟန်းအဖြစ်ခံယူလျက် ဟိမဝန္တာသို့ဝင်လေသည်။**

ယင်းစကားက ရသေ့အား အရိုက်ကို ထိုးနက်လိုက်သည့်အလား နာနာကြည်းကြည်း ခံစားသွားစေသည်။ ထို့ကြောင့် မင်းကြီးက သူပုန်သူကန်များကို နှိမ်နင်းပြီး ပြန်ရောက်လာသည့်အခါ သက်နိုးကိုခေါင်းမြီးခြုံကာ မကျန်းမမာဖြစ်နေဟန်ဆောင်လျက် အိပ်နေလိုက်လေသည်။ မင်းကြီးသည် ပြန်ရောက်လာလျှင် ရောက်လာလာချင်း ရသေ့ထံသို့ ဦးတည်ဝင်ရောက်သွားခဲ့၏။ ရသေ့၏အခြေအနေ ထူးခြားနေပုံကို မြင်တွေ့လိုက်သော မင်းကြီးသည် အကြောင်း အသို့ရှိသနည်းဟု မေးမြန်းလေသည်။ ရသေ့ကြီးအား ဘယ်သူတွေကများ နိုင်ထက်ကလူ ပြုကြပါသလဲဟု စုံစမ်းသောအခါ ရသေ့က မင်းသားငယ်၏ ညှဉ်းဆဲရိုက်ပုတ်ခြင်းကို ခံခဲ့ရသဖြင့် ဖြစ်ပါကြောင်း လုပ်ကြံလည်ဆည် လျှောက်တင်လေသည်။

မင်းကြီးသည် ထိုလျှောက်တင်ချက်အား ကြားလိုက်ရသည်နှင့် ဒေါသအမျက် ချောင်းချောင်းထွက်ကာ မစုံစမ်း မဆင်ခြင်ဘဲ အာဏာသားပါးကွက်သားများအား ဆင့်ခေါ်လျက် မင်းသား၏ ဦးခေါင်းကိုဖြတ်ပြီး ယူလာခဲ့ဟု အမိန့်ပေးလိုက်လေသည်။ မင်းသားအား ဘုရင့်ရှေ့တော်သို့ ဖမ်းဆီးခေါ်ဆောင်လာသောအခါ မင်းသားက ဘုရင့်သားတော်ပီပီ မိမိတွင်ဘာအပြစ်ရှိ၍ သတ်မိန့်ပေးရပါသနည်းဟု ပြန်လည် စောဒကတက်လေသည်။ ဤတွင် မင်းကြီးက အကျင့်သီလနှင့်ပြည့်စုံသည့် ရသေ့မြတ်အား ဟင်းရွက်သည် သူကြွယ်ကြီးဟု စော်ကားပြောဆိုခဲ့သည့်အတွက် ဖြစ်ကြောင်း မိန့်မြွက်ဖြေကြားလေသည်။ ထိုအခါ မင်းသား သောမနဿက မိမိသည် အမှန်ကိုသာ ပြောဆိုခဲ့ခြင်း ဖြစ်ပါကြောင်း၊ မင်းကြီး မယုံပါလျှင် မြို့တံခါး လေးမျက်နှာတို့မှ ကုန်စိမ်းသည် ဟင်းသီးဟင်း ရွက်ရောင်းသူများအား ခေါ်ယူ မေးမြန်းနိုင်သည့်အကြောင်း လျှောက်တင်လေသည်။

ထိုအခါ မင်းကြီးသည် မြို့တံခါးလေးမျက်နှာမှ ကုန်စိမ်းသည် ဟင်းသီးဟင်းရွက်ရောင်းသူများအား ခေါ်ယူကာ မေးမြန်းတော်မူလေသည်။ ကုန်စိမ်းသည်ဖြစ်သည့် ဟင်းသီးဟင်းရွက်ရောင်းသူများအားလုံးက မိမိတို့ရောင်းချသည့် ဟင်းသီးဟင်းရွက်များ အားလုံး မင်းဥယျာဉ်အတွင်း သီတင်းသုံးနေထိုင်သည့် ဒိဗ္ဗစက္ခုရသေ့ထံမှ ဖောက်သည်ယူလျက် ရောင်းချနေကြခြင်း ဖြစ်ပါသည်ဟု တညီတညွတ်တည်း ထွက်ဆိုခဲ့ကြလေသည်။ မင်းသား သောမနဿ၏ နောက်ပါ အခြွေအရံများက ရသေ့၏ကျောင်းမှ ရရှိခဲ့ကြသည့် ရသေ့ဖွက်ထားသော အသပြာထုပ်ကို မင်းကြီးအား ပြသကြသည်တွင်မှ မင်းကြီးလည်း အမှန်ကို သိရှိနားလည်တော်မူလေသည်။ ဤတွင် သားတော်၏ လျှောက်တင်ချက်ကို လက်ခံကာ အပြစ်မှ လွတ်ငြိမ်းခွင့်ပြုလိုက်လေသည်။

သောမနဿမင်းသားသည် ခမည်းတော်၊ မယ်တော်တို့က အတန်တန် တောင်းပန်တားဆီးနေကြသည့်တိုင် လက်မခံတော့ဘဲ ခမည်းတော်၊ မယ်တော်တို့အား ခွင့်ပြုကြရန် တောင်းပန်လျက် ရဟန်းအဖြစ်ခံယူလျက် ဟိမဝန္တာသို့ ဝင်လေသည်။ တိုင်းသူပြည်သားများက ရသေ့စဉ်းလဲအား ဝိုင်းဝန်းရိုက်ပုတ် ထုထောင်းပစ်ကြသဖြင့် ဇာတ်ရာ မရှုမြင် သေဆုံးသွားခဲ့ရလေသည်။

သူတစ်ပါးမကောင်းကြံ ဘေးဒဏ်ရောက်စမြဲ ဖြစ်မြဲမမှတာသာတည်း။

**ခင်မောင်အေး(မန္တလေး)**

ကျမ်းကိုး

နိပါတ်တော်လာ ဇာတ်တော် ငါးရာ့ငါးဆယ်၊ သောမနဿဇာတ်။



www.burmeseclassic.com

www.burmeseclassic.com



# အစွန်းရို့နှင့်ချက်သော ဘဲသားဟင်း

## မင်းသိခ်

တစ်နေ့သ၌ ကျွန်ုပ်နေထိုင်ရာ မော်ဘီမြို့ အစွန်ခရမ်းတလင်းတောအစပ်ရှိ အယူတော်မင်္ဂလာဟု ကျွန်ုပ်အမည်ပေးထားသော ခြံအတွင်းသို့ ရန်ကုန်မြို့မှ မိတ်ဆွေ ပါးဦးအလည်အပတ်ရောက်ရှိလာကြလေ၏။ ထိုမိတ်ဆွေ ပါးဦးအနက် ကိုငွေရဟုဆိုသော မိတ်ဆွေက –

"မနက်စာ စားမှာနော်"

ဟု ပြောလေ၏။

"ကျွေးပါ့မယ်ဗျာ။ အပြင်မှာလိုက်ပြီး ကျွေးပါ့မယ်"

ဟု ကျွန်ုပ်ကပြောလိုက်လျှင် ကိုငွေရက –

"ဆီဒိုးနားမှာလား"

ဟု မေးလေ၏။

"အဲဒီလောက်မှာတော့ မကျွေးနိုင်ဘူးဗျ။ ကျွန်တော်တို့စားနေကျ ဆီဒိုးပြားရှိတယ်"

ဟု ပြောလိုက်လျှင် ၎င်းကိုငွေရက –

"ဆီဒိုးနားပဲ ကြားဖူးပါတယ်ဗျာ။ ဆီဒိုးပြားရယ်လို့ မကြားဖူးပါဘူး"

ဟု ပြောလေ၏။

"ကျုပ်တို့ခြံရဲ့ အပြင်ဘက်မှာ ဟင်းချက် အလွန်ကောင်းတဲ့ ဒေါ်ပြားဆိုတဲ့ အဒေါ်ကြီးရောင်းတဲ့ ထမင်းဆိုင်ရှိတယ်ဗျ။ အဲဒီ ဒေါ်ပြားထမင်းဆိုင်ကို ကျုပ်တို့က ဆီဒိုးပြားလို့ နာမည်ပေးထားတယ်"

ဟု ပြောလိုက်ရာ ကိုငွေရက



www.burmeseclassic.com

www.burmeseclassic.com

"မလုပ်ပါနဲ့ဗျာ အာစရိပဲချက်စမ်းပါ။ အာစရိ လက်ရာကိုပဲ ကြိုက်ပါတယ်ဗျာ"

ဟု ပြောသဖြင့် ကျွန်ုပ်လည်း ကျွန်ုပ်၏ တပည့်လေး မောင်အောင်ညွန့်ကို မှော်ဘီဈေးသို့ လွှတ်ရလေ၏။ မောင်အောင်ညွန့် ဈေးသို့သွားနေစဉ်အတွင်း၌ ကျွန်ုပ်သည် လက်ဖက်ရည်အချို့ကိုဖျော်၍ ၎င်းတို့ငါးဦးအား သီဟိုဠ်ပင်အောက်ရှိ အုတ်ခုံပေါ်တွင် တိုက်ကျွေးညှဉ့်ခံထားရလေ၏။ ကျွန်ုပ်၏ လက်ဖက်ရည်ကို သောက်ရင်း ကိုသိန်းလွင်ဆိုသော မိတ်ဆွေက –

"အိုင်ဆေး ... ခင်ဗျားလက်ဖက်ရည် သိပ်ကောင်းတာပဲဗျာ။ အပေါ်မှာ ဆီတွေဝေ့နေတာ ဘာတွေထည့်ထားတာလဲ"

ဟု မေးလေ၏။

"လက်ဖက်ရည်ကို လက်ဖက်ခြောက်ကောင်းကောင်းနှပ်ပြီး နို့ဆီ၊ နို့စိမ်းတွေနဲ့ ဖျော်တဲ့အပြင် ထောပတ်နှစ်ဖွန်းခေါက်ထည့်ထားတာဗျ။ ပိုပြီးပျစ်သွားတာပေါ့ဗျာ"

ဟု ပြောလိုက်လျှင် ကိုသိန်းလွင်က

"အိမ်ရောက်ရင် အဲဒီအတိုင်း လုပ်ပြီးသောက်မယ်"

ဟုပြောလေ၏။ ထိုအချိန်မှာပင် ဈေးမှ မောင်အောင်ညွန့် ပြန်လာသဖြင့် ဟင်းချက်စရာများထုတ်ကာ ကျွန်ုပ်ကိုယ်တိုင် ချက်ပြုတ်ရလေ၏။

ကျွန်ုပ်သည် ကိုးဆယ်သားခန့်ရှိသော ဘဲကိုစားကောင်းရုံ အရွယ်အတုံးလေးများတုံးရ၏။ ပြီးလျှင် ရေစင်စင်ဆေးရ၏။ ထို့နောက် ငရုတ်သီးကြက်သွန်များကို ညက်ညက်ပါအောင် ထောင်း၍ ဆီသတ်ရလေ၏။ ဆီကျက်၍ အနံ့ထွက်လာလျှင် ဘဲသားများကို ထည့်ရ၏။ ပြီးလျှင် ယောက်မဖြင့် မွှေရလေ၏။ ဘဲသားမှ ရေများ တစိမ့်စိမ့် ထွက်ကျလာ၏။ ထိုရေများခန်းသွားသည်အထိ တည်ထားရ၏။ ထိုသို့စိမ်နေစဉ်အတွင်း အုန်းသီးအဆင်သင့်ရှိသဖြင့် မောင်အောင်ညွန့်အား အုန်းသီးခြစ်စေပြီးလျှင် အုန်းနို့ရအောင် စီမံခိုင်းရလေ၏။ ကျွန်ုပ်၏ ဘဲသားဟင်းအိုးမှာလည်း ဘဲသားမှ ထွက်သော ရေများခန်းခြောက်သွားပြီဖြစ်၏။ ထိုအခါ၌ ကျွန်ုပ်သည် အုန်းနို့များကို လောင်းထည့်၏။ ထို့နောက် ငရုတ်သီးထောင်းထားသော ငရုတ်ဆုံခွက်ကို ဆေး၍ ထိုရေများကိုလည်း လောင်းထည့်ရလေ၏။ အလုံးစုံပြီးသောအခါ၌ ဘဲသားဟင်းအိုးကို အဖုံးဖုံး၍ထည့်ထားရလေ၏။ တစ်ရေခန်းသလောက်ရှိသောအခါ၌ ရေအနည်းငယ်ထည့်၍ ထည့်ရပြန်၏။ ဒုတိယရေမခန်းမီ၌ အာလူးများကို လေးစိတ်စိတ်၍ ထည့်ရ၏။ ရေခန်း၍ ဆီပြန်သောအခါ၌ ဂေါ်ရင်ဂျီမဆလာ အနည်းငယ်ခတ်လိုက်၏။ ကျွန်ုပ်ချက်သော ဘဲသားဟင်းအိုး၏ အနံ့သည် ညှော်သည်များ၏ နှာခေါင်းဝသို့ရောက်သွားသောအခါ၌ ညှော်သည်များသည် ထမင်းဆာလာကြကုန်၏။ ပြီးလျှင် ဘူးသီးဟင်းချိုချက်ရ၏။ ငန်ပြာရည်ချက်ချက်ရ၏။ ပဲခူးမနီပုစွန်ချဉ်ကို သုပ်ရ၏။ အလုံးစုံကျက်သောအခါ၌ ကျွန်ုပ်၏ မိတ်ဆွေများအား နံနက်စာတည်းခင်းကျွေးမွေးရလေ၏။ ကျွန်ုပ်၏ အုန်းနို့နှင့်ချက်သော ဘဲသားဟင်းသည် လွန်စွာကောင်း၏။

စားပြီးသည်နှင့် သွေးတိုးရောဂါရှိသော ကိုငွေရသည် သွေးကျဆေးသောက်ရ၏။ ဆီးချိုရောဂါရှိသော ကိုသိန်းလွင်သည် မဟောဂနီစေ့မျိုရ၏။ အကြောတတ်တတ်သော မဘောဘီအား ကျွန်ုပ်၏ တပည့်လေး ရဲကျော်သူဆိုသူက ပခုံးကို တံတောင်ဖြင့် ထောင်းပေးရလေ၏။

"အဲဒီလို တက်မယ်ဆိုတာသိပါတယ်။ အာစရိချက်တဲ့ဟင်းကို မစားဘဲမနေနိုင်လို့ စွန့်စားပြီးစားတာ။ အခုတော့ အတော့ကို သွေးတွေတိုးနေပြီ"

ဟု ကိုငွေရက ပြောလေ၏။ မဘောဘီကလည်း

"အဲဒီလိုမျိုးတက်ရင် သုံးရက်လောက် မပြေတော့ဘူး။ ဘေတော့ ဒုက္ခရောက်ပါပြီ"

ဟု ပြောလေ၏။ ထိုအခါ ကိုသိန်းလွင်က –

"ဘေ ဒုက္ခရောက်တာ အရေးမကြီးဘူး။ နောက်က 'ဒင်' မပါဖို့ အရေးကြီးတယ်။ တို့က ဆရာသမားဆီမှာ ဗေဒင်လေးဘာလေးမေးဖို့လာကြတာ"

ဟု ပြောလိုက်လျှင် အားလုံးကပိုင်း၍ ရယ်မောကြလေ၏။ ထို့နောက် ကျွန်ုပ်သည် လက်ဖက်အစိုခပ်ထားသော ရေနွေးကြမ်းနှင့် မန္တလေးမှလာသော "လမုန့်"ကို အချိုပွဲ အဖြစ်ပြင်ကာ ၎င်းတို့အား ညှော်ခံပြန်၏။ ထိုအခါ ကိုသိန်းလွင်က လက်နှစ်ဖက်ကိုကာ၍ –

"တော်ပါပြီ၊ တော်ပါပြီ။ ရေနွေးကြမ်းပဲ သောက်ပါ့မယ်။ အဲဒါပါ စားလိုက်ရင် မဟော်ဂနီစေ့လည်း မတတ်နိုင်ဘဲနေလိမ့်မယ်"

ဟု ပြောဆိုကာ ရေနွေးကြမ်းကိုသာဖိ၍ သောက်

www.burmeseclassic.com

လေတော့၏။ ထို့နောက် ၎င်းတို့သည် ၎င်းတို့၏ ပြဿနာ သောင်းခြောက်ထောင်ကိုတင်ပြ၍ ကျွန်ုပ် ယတြာတောင်း ကြလေတော့၏။

ကိုငွေရက အတိုးဖြင့်ပေးထားသော သူ၏ငွေများ ဆုံးမလိုဖြစ်နေကြောင်းပြော၏။ မအောဘီက သူ၏စတိုးဆိုင် အရောင်းကျနေကြောင်းပြော၏။ ကိုသိန်းလွင်က သူ၏သား ဆုံးမ၍မရကြောင်း၊ သူ့ဇနီးကျန်းမာရေးမကောင်းကြောင်း ။သူ၏ သမီးပညာရေးညံ့ကြောင်း စသည်တို့ကို ပြော၏။ ကိုတင်အေးဆိုသူက သူ၏စီးပွားရေးမှာ လှော်ရင်းနစ် သကဲ့သို့ ဖြစ်နေကြောင်းလည်း၊ ကိုအောင်နိုင်မှာ အတိုက် အခံများနေကြောင်း စသည်ဖြင့် သူ့ထက်ငါ လုယက်၍ ပြောဆိုကြကုန်၏။ ထိုအခါ ကျွန်ုပ်က –

"ဒီလိုလုပ်ကြဗျာ။ ခင်ဗျားတို့လည်း ကျုပ်ဆီကို ခဏခဏမလာနိုင်ဘူး။ ယတြာချေရမယ့်ကိစ္စတွေကလည်း တစ်ခုမဟုတ် တစ်ခုရှိနေကြမှာ။ အဲဒီတော့ အလွယ်တကူ ချေလို့ရမယ့် ကျုပ်ရဲ့နည်းကလေးကို ပြောပြလိုက်ပါ့မယ်။ အဲဒါလေး မှတ်ထားကြပေတော့။ ပထမဆုံးသိထားရမှာက ယတြာချေရမယ့် အောက်ခံပစ္စည်းဖြစ်တယ်။ အဲဒါက (၁) ကြွေပန်းကန်၊ (၂) ကြွေရည်သုတ်ခွက်၊ (၃) ကြွေရေနွေး ကရား၊ (၄) ဓာတ်ဘူး"

ဟု ကျွန်ုပ်ကပြောလိုက်လျှင် ကိုတင်အေးက –

"အဲဒီပစ္စည်းတွေက ဘာတွေလဲ"

ဟု မေးလေ၏။

"အဲဒါတွေကို ကျုပ်တို့ပညာမှာ နဝင်းဓာတ်ခံ ပစ္စည်းလို့ခေါ်တယ်။ ဥပမာ ကြွေပန်းကန်ဆိုပါတော့ ကြွေ ၂၊ ပန်းက ၅၊ ကန်က ၂ ပေါင်းလိုက်ရင် ၉ ရတယ်။ နောက်တစ်ခုက ကြွေရည်သုတ်ခွက်က ကြွေက ၂၊ ရည်က ၈၊ သုတ်က ၆၊ ခွက်က ၂၊ ပေါင်းလိုက်ရင် ၁၈ ရတယ်။ နောက်တစ်ခု ကြွေရည်ကရား၊ ကြွေက ၁၊ ရေက ၈၊ နွေးက ၇၊ ကက ၂၊ ရားက ၈၊ ပေါင်းလိုက်ရင် ၂၇ ရလိမ့်မယ်။ ဓာတ်ဘူးကျတော့ ဒီအတိုင်းလုပ်လို့မရဘူး။ ယတြာချေတဲ့ လူရဲ့ဓာတ်ပုံ ကပ်ထားရမယ်။ အဖုံးဖွင့်ပြီး ထီးဖြူတစ်လက် စိုက်ထားရတယ်။ အတိုကတော့ ဓာတ် ဘူး၊ ဓာတ်ပုံ၊ ထီးဖြူပေါ့ဗျာ။ ဓာတ်ဘူးကလည်း ၇ + ၅ ဆိုတော့ ၁၂ ရတယ်။ ဓာတ်ပုံကလည်း ၁၂ ရတယ်။ ထီးဖြူကလည်း ၁၂ ရတယ်။ ၁၂ သုံးလီဆိုတော့ ၃၆ ပေါ့ဗျာ။ အဲဒီမှာ တစ်ခုလုပ်စရာ ရှိတာက ကြွေပန်းကန်ကို ယတြာချေတော့မယ်ဆိုရင် "နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ" ၉ ခေါက်ရွတ်ထားရမယ်။ ကြွေရည်သုတ်ခွက်ကို ယတြာလုပ်မယ်ဆိုရင် ၁၈ ခေါက် ရွတ်ထားရတယ်။ ကြွေရေနွေးကရား ယတြာလုပ်မယ်ဆိုရင် ၂၇ ခေါက် ရွတ်တထားရမယ်။ ဓာတ်ဘူး၊ ဓာတ်ပုံ၊ ထီးဖြူ သုံးမျိုးပေါင်းကို ယတြာလုပ်မယ် ဆိုရင် ၃၆ ခေါက် ရွတ်ထားရမယ်။ အဲဒါလုပ်ပြီးရင်တော့ ယတြာချေဖို့ နဝင်း ဓာတ်ခံပစ္စည်းတွေအတွက် လုပ်စရာပြီးပါပြီ။ အဲဒီယတြာ လုပ်တဲ့အခါမှာ နေ့ရွေးရပါတယ်။ တနင်္ဂနွေနေ့ သားသမီး လုပ်မယ်ဆိုရင် စနေနေ့မှာ လုပ်ရတယ်။ စနေသားသမီး လုပ်မယ်ဆိုရင် တနင်္ဂနွေနေ့မှာလုပ်ရတယ်။ တနင်္လာသား သမီးကလုပ်မယ်ဆိုရင် ကြာသပတေးနေ့မှာ လုပ်ရတယ်။ ကြာသပတေးသားသမီးအတွက် လုပ်မယ်ဆိုရင်တော့ တနင်္လာနေ့မှာ လုပ်ရတယ်။ အင်္ဂါသားသမီးတွေအတွက် လုပ်မယ်ဆိုရင် ဗုဒ္ဓဟူးနေ့ညနေမှာ လုပ်ရမယ်။ ဗုဒ္ဓဟူး ညနေမှာမွေးတဲ့ ရာဟုသားသမီးဆိုရင် အင်္ဂါနေ့မှာ လုပ်ရ မယ်။ ဗုဒ္ဓဟူးသားသမီးအတွက် လုပ်မယ်ဆိုရင် သောကြာ နေ့မှာလုပ်ရမယ်။ သောကြာသားသမီးအတွက် လုပ်မယ် ဆိုရင် ဗုဒ္ဓဟူးနေ့မှာ လုပ်ရမယ်။ ဒီမှာ အဓိက မှတ်ရမှာက အင်္ဂါသားသမီးအတွက်ပဲ။ သူက အင်္ဂါသားသမီးအတွက်ပဲ။ သူက ဗုဒ္ဓဟူးနေ့ညနေမှာ လုပ်ရမယ်။ ညနေဆိုတာ နေဝင် ချိန်ပေါ့။ နေလုံးပျောက်ရင် ရပါပြီ။ ကျန်တဲ့ နေ့သားသမီး တွေအတွက်တော့မနက်ပိုင်းပေါ့။ မနက် ၉း၄၅ နာရီမှာ လုပ်ရမယ်။ ထမင်းစားပွဲအဝိုင်းကို ဘုရားစင်ရှေ့မှာ ချပြီး ကြွေရည်သုတ်ခွက် သူ့ဘေးက ကြွေပန်းကန်၊ သူ့ဘေးက ဓာတ်ဘူး၊ သူ့ဘေးက ကြွေရေနွေးကရားကို အတန်းလိုက် စီထားရမယ်"

ဟု ကျွန်ုပ်က ပြောလျှင် ကိုငွေရက –

"ဖြည်းဖြည်းပြောပါဗျ။ ကျုပ်တို့က လိုက်ရေးပြီး မှတ်ရမှာ။ ခေါင်းနဲ့မှတ်လိုက်ရင် ခင်ဗျားခြံကထွက်သွားတာ နဲ့ အားလုံးမေ့သွားမှာ"

ဟု ပြောလေ၏။ ထို့နောက် ၎င်းတို့သည် ကျွန်ုပ် ပြောသမျှကို လိုက်၍ ရေးမှတ်ကြလေ၏။ မအောဘီကမူ ကက်ဆက်ဖြင့် ဖမ်းလေ၏။

"ပထမဦးဆုံး ကြွေပန်းကန်ပြားထဲမှာ ဘယ်ပန်းပဲ



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ဖြစ် ပန်းအဖြူရောင် ၉ ပွင့်ထည့်ရမယ်။ ပြီးတော့ ကြွေရည်သုတ်ခွက်ထဲမှာ ခွက်သေးသေးလေးနဲ့ ရေ ၁၈ ခွက် ခြင်ပြီး ထည့်ရမယ်။ ဓာတ်ဘူးထဲမှာတော့ ဘာမှ ထပ်ပြီး မထည့်ရဘူး။ ဓာတ်ဘူးအဝမှာ ပါးစပ်နဲ့တေ့ပြီး 'ပေဒဝိဇ္ဇာ စောင့်ရှောက်ပါ'လို့ ပီပီသသ ၃၆ ခွန်းဆိုရမယ်။ ကြွေရေ နွေးခရားကိုဆော့ အဖုံးဖွင့်ပြီး ရောင်စုံကြက်လျှာ ၂၇ ခု စိုက်ထားရမယ်။ အဲဒီကြက်လျှာပေါ်မှာ ကိုယ်အလို ရှိတဲ့ ကိစ္စကို ပီပီသသရေးထားရမယ်။ အဲဒါပြီးတော့ ဘုရားရှိခိုးပြီး အဲဒီယတြာပစ္စည်းတွေကို ဘုရားကိုလှူဒါန်းရ မယ်။ ပြီးတော့ 'နမောတဿ ဘဂဝတော'ဆိုပြီး ပုတီး တစ်လုံးချနဲ့ ပုတီး သုံးပတ်စိပ်ရမယ်။ 'နမောတဿ အရဟတော'ဆိုပြီး ပုတီး တစ်လုံးချ၊ ပုတီး သုံးပတ်စိပ်ရ မယ်။ 'နမော တဿ သမ္မာသမ္ဗုဒ္ဓဿ'ဆိုပြီး ပုတီးတစ်လုံး ချနဲ့ ပုတီး သုံးပတ်စိပ်ရမယ်။ နောက်ပြီးတော့ 'နမော တဿ ဘဂဝတော အရ ဟတော သမ္မာသမ္ဗုဒ္ဓဿ'ဆိုပြီး အစအဆုံး ဆိုပြီး ပုတီး တစ်လုံးချနှင့် ပုတီး သုံးပတ်စိပ်ရ မယ်။ အားလုံး ၁၂ ပတ်ပေါ့။ အဲဒီလိုနေ့စဉ်မှန်မှန် ၁၂ ပတ် စိပ်ရမယ်။ အဓိဋ္ဌာန်ယူတာကတော့ မနက် ၉ နာရီ ၄၅ မိနစ်ပေါ့ဗျ။ ဒါပေမယ့် ပုတီးစိပ်တာကတော့ ကိုယ် အားတဲ့အချိန်ကို ရွေးပြီးစိပ်ခွင့်ရှိပါတယ်။ ၃၆ ရက်ပြည့် အောင်စိပ်ရမယ်။ အဲဒီ ၃၆ ရက်အတွင်းမှာလည်း သက် သတ်လွတ်လစားတာတို့၊ အရက်သောက်လေ့ရှိသူတဲ့သူ က အရက်မသောက်ဘဲနေတာတို့၊ လောင်းကစားနေ့စဉ် လုပ်တဲ့လူက လောင်းကစားလုပ်ခြင်းတို့ ဖြတ်ထားတာတို့၊ ယတြာအောင်ဖို့အတွက် ကိုယ့်ဘက်က ပေးဆပ်စရာ၊ အနစ်နာခံစရာတစ်ခုခု ပေးဆပ်အနစ်နာခံတဲ့ သဘော တော့ ပါသင့်တယ်။ အဲဒီယတြာချေလိုက်ရင် ယတြာဟာ ထိထိရောက်ရောက် အစွမ်းပြပါလိမ့်မယ်''

ဟု ကျွန်ုပ်က လေးလေးနက်ပြောလိုက်ရာ ကိုငွေရ က –

''ကျုပ်လည်းဗျာ ဗေဒင်သာ ဟောမစားတာပါ။ ဒီပညာနဲ့ပတ်သက်လို့ သင်တန်းတွေလည်း တက်ဖူးပါ တယ်။ ဆရာတော်တော်များများဆီမှာလည်း သင်ဖူးပါ တယ်။ ဒါမျိုး မတွေ့ဖူးပါဘူး''

ဟု ပြောလေ၏။

''ခင်ဗျား မတွေ့ဖူးဘူးဆိုတာ ယုံကြည်ပါတယ်။ ခင်ဗျားတွေ့ဖူးတာ မသိတာနဲ့တော့ မဟုတ်ဘူးလို့ မပြော နဲ့နော်။ ယတြာချေနည်းတွေက အများကြီးရှိတာ။ ကိုယ်နဲ့ မတူတာနဲ့ မဟုတ်ဘူးလို့ မပြောနဲ့။ ဒီနည်းက ကျုပ်လုပ် ထားတာမဟုတ်ဘူး။ ရှေးက တတ်ကျွမ်းတဲ့ဆရာတွေ လုပ်သွားတာ''

ဟု ကျွန်ုပ်က ပြောလိုက်လျှင် ကိုငွေရက –

''အဲဒီလို မပြောပါဘူးဗျာ။ မသိဘူးလို့ပဲ ပြောတာ ပါ''

ဟု ပြန်၍ဝန်ခံလေ၏။ ထိုအခါ၌ ကိုသိန်းလွင်က

''ဘဲသားဟင်းနဲ့လည်း ထမင်းစားရပြီးပြီ။ ယတြာ ချေနည်းလည်း အသေးစိတ်ရပြီ။ ကိုယ့်အိမ်မှာ ကိုယ်ချေရုံ ပဲ။ ကဲ ... အဲဒီတော့ ဆရာသမားကို နှုတ်ဆက်မယ်ဗျာ။ ကျုပ်တို့ပြန်မယ်''

ဟုဆိုကာ နှုတ်ဆက်ကြကုန်၏။

ထိုသို့နှုတ်ဆက်ပြီးနောက် ၎င်းတို့အား ဘောလုံး ကားဂိတ်အထိလိုက်ပို့ရန်ပြောသဖြင့် ကျွန်ုပ်လည်း ကျွန်ုပ်၏ တပည့်လေးတစ်ဦးကို မောင်းစေ၍ မော်တော်ကားဖြင့် ၎င်းတို့ ငါးဦးအား ဘောလုံးကားဂိတ်သို့ လိုက်ပို့ခဲ့လေ၏။ ထိုသူတို့ သည် ကျွန်ုပ်အား ကျေးဇူးတင်စကားပြောကြ၏။ ကျွန်ုပ် ပြောသည့်နည်းဖြင့် ယတြာချေမည်ဟုလည်း ပြော ကြ၏။ နောက်တစ်ပတ်တွင်လည်း လာကြဦးမည်ဖြစ် ကြောင်း ပြောကြ၏။ ထိုအခါ၌ ကိုငွေရက –

''နောက်အပတ်လာမယ်ဗျာ။ ထမင်းလည်းကျွေးပါ။ ဒါပေမယ့် အုန်းနို့တွေ၊ ဘာတွေမလုပ်ပါနဲ့ဗျာ။ အသက် လေးဆယ်ကျော်ရင် သွေးတိုးရှိတဲ့ လူကများတယ်ဗျ။ စား လို့ကောင်းတာကတော့ အမှန်ပါပဲ။ ရောဂါအတွက်ကတော့ မကောင်းဘူး အာစရိရေ''

ဟုပြောရင်း ပျော်ရွှင်ဝမ်းမြောက်စွာ ပြန်သွားကြ လေတော့သတည်း။

သဗ္ဗေသတ္တာ ကမ္မဿကာ

**မင်းသိခ်**



www.burmeseclassic.com

www.burmeseclassic.com

# ပိဋကတ်ထဲမှ ဂမ္ဘီရ (၆)

■ သကျဝံသ

## နတ်ပြည်၌ တရားဆုံးဖြတ်ပုံ

နတ်ပြည်တွင် သားမယား၊ ရုံရွှေတော်၊ ကျေးကျွန်၊ ပိုင်ဆိုင်မှုစပ်လျဉ်း၍ တရားဆုံးဖြတ်ပုံ တရားစီရင်ပုံကား အောက်ပါအတိုင်း သတ်မှတ် ဆုံးဖြတ်ချက်ချကြသည်။

၁။ ဗိမာန်ရှင်၏ရင်ခွင်တွင် ဖြစ်ပေါ်လာပါက သားတော်၊ သမီးတော်ဟု ဆုံးဖြတ်သည်။

၂။ အိပ်ရာထက်တွင် ဖြစ်ပေါ်လာသည့် နတ်သမီးကို မယားဟုသတ်မှတ်သည်။

၃။ အိပ်ရာဘေးတွင် ဖြစ်ပေါ်လာပါက ရုံရွှေတော်ဟုသတ်မှတ်သည်။

၄။ ဗိမာန်အတွင်းတစ်နေရာတွင် ဖြစ်ပေါ်လာပါက ဝေယျာဝစ္စဆောင်ရွက်ရမည့် ကျေးကျွန်အစေခံဟု သတ်မှတ်သည်။ အထက်ပါလေးချက်နှင့် စပ်လျဉ်း၍ အမှုအခင်း တရားဖြစ်စရာ မရှိ။ ထိုမှတစ်ပါး ...

(က) နတ်ဗိမာန်နှစ်ခုကြား၊ သုံးခုကြား၊ လေးခုကြားတွင် ဖြစ်ပေါ်လာပါက အနီးဆုံး ဗိမာန်ရှင်နတ်သားက သိမ်းပိုက်ရန် သိကြားမင်းက ဆုံးဖြတ်ပေးရသည်။

(ခ) အနီးကပ်ဆုံး အကွာအဝေးချင်း တူညီနေပါက နတ်သမီး မျက်နှာမူနေသည့် ဗိမာန်ရှင်က သိမ်းပိုက်ရန် သိကြားမင်းက ဆုံးဖြတ်ပေးသည်။

(ဂ) နီးလည်းမနီး၊ ဗိမာန်ကိုလည်းမကြည့်ဘဲ ဖြစ်ပေါ်လာပါက သိကြားမင်းက သိမ်းပိုက်ရသည်။ ဤသည်မှာ ပိုင်ဆိုင်မှုနှင့် စပ်လျဉ်း၍ နတ်ပြည်တွင် တရားဆုံးဖြတ်ပုံပင် ဖြစ်တော့သည်။ (သုတ်မဟာဝါ၊ ဋ္ဌ၊ နှာ-၂၉၇-၂၉၈)

### ထလေးလုံးဂါထာ မှတ်သားစရာ

'ထ' လေးလုံး ဂါထာ

အာရဒ္ဓထ နိက္ကမထ၊ ယုဉ္ဇထ ဗုဒ္ဓသာသနေ။
ဓုနာထ မစ္စုနောသေနံ၊ နဠာဂါရံဝကုဉ္ဇရော။

လွန်ခဲ့သော ၉၁ ကမ္ဘာထက်တွင် သိခီဘုရားရှင် ပွင့်တော်မူ၏။ ထိုသိခီဘုရား၏ အဂ္ဂသာဝက အစုံကား အဘိဘူနှင့် သမ္ဘဝမထေရ်မြတ်တို့ ဖြစ်ကြ၏။ သိခီမြတ်စွာဘုရားသည် ဆွမ်းဘုဉ်းပေးချိန် မရောက်သေးမီ လက်ယာတော်ရံ အဘိဘူမထေရ်မြတ်လို ခေါ်တော်မူ၍ ဗြဟ္မာ့ပြည်သို့ ကြွတော်မူ၏။ ဘုရားရှင်သည် အဘိဘူမထေရ်မြတ်ကို တရားဟောရန် တိုက်တွန်းသောကြောင့် မထေရ်မြတ်သည် ဗြဟ္မာအပေါင်းတို့အား တရားဟောတော်မူသည်။

ထိုအခါဗြဟ္မာတို့သည် "ဘုရားရှင်၏ရှေ့တော်၌ တပည့်ဖြစ်သူက တရားဟောနေပါကလား"ဟူ၍ ကဲ့ရဲ့ကြသည်။ ထိုအခါ သိခီဘုရားရှင်သည် မထေရ်မြတ်အား "အို ... ရဟန်း၊ ဗြဟ္မာတို့ထိတ်လန့်အောင်ပြုလော့"ဟု မိန့်တော်မူလေသည်။ အဘိဘူမထေရ်သည် ကိုယ်ထင်ရှားပြလျက် တရားဟော၏။ ကိုယ်ကိုဖျောက်၍ တရားဟော၏။ ကိုယ်အထက်ပိုင်းကိုဖော်ကာ၊ ကိုယ်အောက်ပိုင်းကိုဖျောက်၍ တရားဟောရာ ဗြဟ္မာတို့သည် အံ့သြချီးမွမ်းကြလေသည်။

အဘိဘူမထေရ်သည် ဗြဟ္မာ့ပြည်မှနေ၍ စကြဝဠာတိုက်တစ်သောင်းမှ လူနတ်ဗြဟ္မာတို့ကြားအောင် ဟောကြားနိုင်ကြောင်း ဘုရားရှင်အား လျှောက်ထားပြီးလျှင် ထလေးလုံးဂါထာနှင့် တွဲဖက် ဂါထာ နှစ်ဂါထာတို့ကို ဟောကြားတော်မူလေသည်။ တရားဟောပုံကား



www.burmeseclassic.com

www.burmeseclassic.com

(က) မထေရ်မြတ်သည် နီလကာသိင်္ကန်းကို ဝင်စား တော်မူလျက် စကြဝဠာတစ်သောင်းလုံး အမိုက်မှောင်ဖြစ်အောင် ဖန်ဆင်းတော်မူလေ၏။

(ခ) ဤအမိုက်မှောင်ကား . . . အဘယ်သို့သော အမိုက်မှောင်ပါနည်းဟု လူနတ်ဗြဟ္မာတို့ ဆင်ခြင်သည့်အခါ မထေရ်မြတ်သည် ဩဒါတကာသိင်္ကန်းကို ဝင်စားတော်မူ၏။ အလင်းရောင်ဖြစ်သင့်သည့်အရပ်တို့၌ အလင်းရောင်ရအောင် ဖန်ဆင်းတော်မူပြန်သည်။

(ဂ) လူနတ်ဗြဟ္မာတို့သည် ဤအလင်းရောင်ကား အဘယ်သို့သော အလင်းရောင်ပါနည်းဟု ကြည့်ရှုပြောဆိုနေစဉ်မှာပင် မထေရ်မြတ်သည် မိမိကိုယ်ကို တန်ခိုးဖြင့် ပြတော်မူ၍ ဂါထာနှစ်ပုဒ်ကို ရွတ်ဆိုဟောကြားတော်မူသည်။ ပရိသတ်အလယ်တွင် တရားဟောသကဲ့သို့ပင် လူနတ်ဗြဟ္မာတို့၏အနီး၌ မထေရ်မြတ်ကိုဖူးမြော်ရပြီး တရားတော်ကို နာယူကြရလေသည်။

ဘုရားရှင်နှင့် မထေရ်မြတ်တို့ လူ့ပြည်အရဏဝတီမြို့တော်သို့ ပြန်ကြွတော်မူလာပြီးနောက် ဘုရားရှင်သည် ရဟန်းတော်တို့အား "အဘိဘူမထေရ်ဗြဟ္မာပြည်မှ ဟောကြားသော တရားတော်ကို နာကြားရရဲ့လား"ဟုမေးတော်မူရာ ရဟန်းတို့သည် ကြားနာရပါကြောင်း လျှောက်ထားကြပြီး ထိုဂါထာနှစ်ဂါထာကို ရွတ်ဆိုပြကြကုန်သည်။ ဤသည်မှာ ထလေးလုံး ဂါထာနှင့် စပ်လျဉ်း၍ မှတ်သားစရာအချက်တို့ပင် ဖြစ်ကြသည်။

(သဂါထာဝဂ္ဂသံယုတ်၊ ပါ၊ နှာ–၁၅၇–၁၅၈–၁၅၉။ ဋ္ဌ၊ ၂၈၄၊ အရုဏဝတီသုတ်)

## ပုဗ္ဗနိမိတ်ကြီး ရှစ်ပါး

ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသား ဖွားမြင်တော်မူသည့်အခါ ဖြစ်ပေါ်လာသည့် ပုဗ္ဗနိမိတ်ကြီး ရှစ်ပါးတို့ကို သိထားသင့်သောကြောင့် ဖော်ပြပါဦးမည်။ ပုဗ္ဗနိမိတ်ကြီး ရှစ်ပါးတို့သည်ကား –

၁။ ဖွားမြင်ပြီးခဏမှာပင် ညီညွတ်သော ခြေအစုံဖြင့် ရပ်တော်မူ၏။ ဣဒ္ဓိပါဒ်လေးပါးတို့ကို ရရှိမည့် ပုဗ္ဗနိမိတ် ဖြစ်သည်။

၂။ မြောက်အရပ်သို့ မျက်နှာတော်မူခြင်းသည် လူအပေါင်းကို လွှမ်းမိုး၍ ကြွသွားခြင်း၏ ရှေ့ပြေး ပုဗ္ဗနိမိတ် ဖြစ်သည်။

၃။ ခုနစ်ဖဝါး လှမ်းကြွတော်မူခြင်းကား ဗောဇ္ဈင် ခုနစ်ပါး တရားမြတ်ရတနာကို ရရှိတော်မူမည့် ရှေ့ပြေးပုဗ္ဗနိမိတ် ဖြစ်သည်။

၄။ နတ်ဝင့် ဘီးဖြူဆောင်းမိုးပေးခြင်းသည် အရဟတ္တဖိုလ်တည်းဟူသော ထီးကိုရရှိတော်မူမည့် ရှေ့ပြေး ပုဗ္ဗနိမိတ် ဖြစ်၏။

၅။ မင်းမြောက်တန်ဆာ ငါးပါးကိုရရှိခြင်းကား ဝိမုတ္တိငါးပါးဖြင့် ကိလေသာအပေါင်းမှ လွတ်မြောက်ခြင်း၏ ပုဗ္ဗရှေ့ ပြေးနိမိတ် ဖြစ်၏။

၆။ အလုံးစုံသောအရပ်တို့ကို ကြည့်ရှုတော်မူခြင်းကား အပိတ်အပင် အတားအဆီးမရှိ မြင်တော်မူနိုင်သည့် 'အနာဝရဏ' ဉာဏ်တော်ကို ရရှိမည့် ရှေ့ပြေးပုဗ္ဗနိမိတ် ဖြစ်၏။

၇။ ရဲတင်းသောစကားကို ပြောဆိုတော်မူခြင်းသည် သူတစ်ပါးတို့ မဖြစ်စေနိုင် မဟောကြားနိုင်သော တရားဦး ဓမ္မစကြာကို ဟောကြားတော်မူမည့် ရှေ့ပြေးပုဗ္ဗနိမိတ် ဖြစ်၏။

၈။ ဤဘဝကား ငါ၏ နောက်ဆုံးဘဝတည်းဟု 'အနုပါဒိသေသ' ပရိနိဗ္ဗာန်ဝင်စံတော်မူမည့် ရှေ့ပြေးနိမိတ် ဖြစ်၏။ ဤသည်မှာ အလောင်းတော် ဖွားမြင်တော်မူသည့်အခါ ဖြစ်ပေါ်လာသည့် ပုဗ္ဗနိမိတ်ကြီး ရှစ်ပါးတို့ပင် ဖြစ်ပါတော့သည်။ (သုတ်မဟာဝါ၊ ဋ္ဌ၊ နှာ–၃၁။)


ဘာသာရေးဗဟုသုတ ကြွယ်ဝကြပါစေ

သကျဝံသ



www.burmeseclassic.com

www.burmeseclassic.com



# မေး

■ အောင်မြင့်မြတ် (မြည်ရွှေဘို)

ကိုယ်တော်မှာ ဝါသုံးကြိမ် ဆိုခဲ့ဖူးသောကြောင့် သံဃာ့ကိစ္စ အတော်အတန် နားလည်၏။ သို့သော် ဒုလ္လဘသံဃာတော်များနှင့် ပေါင်း၍ သင်း၍ဆက်ဆံရသောအခါ၌ ယင်းတို့သည် လူ့ဘဝ၌ နည်းမျိုးစုံတို့ဖြင့် ကျင်သည်ခဲ့ကြသူများဖြစ်၍ သံဃာတော်တို့၏ကျောင်းတော်ကြီးသို့ ရောက်လာသောအခါ၌မှ လူလိုလို၊ ရဟန်းသံဃာလိုလိုလူလိုပြောလိုက်၊ ရဟန်းသံဃာလို ပြောလိုက်နှင့် ဗမာစကားကြား အင်္ဂလိပ်စကားထည့်ညှပ်၍ ပြောသလို အတော့်ကို နားထဲ အဆင်မပြေရှိတတ်လေ၏။

"ကိုယ်တော့်ဘွဲ့က ဘာလဲ"

ဟု ဒုလ္လဘအသစ်ကလေး (မနေ့ကမှ သင်္ကန်းစည်းသူ)ကို ကိုယ်တော်က မေးလိုက်သည်။

"ကျွန်တော့်ဘွဲ့က အရှင်သုန္ဒရပါ"

ဟု ၎င်းကဖြေသည်။ သူ့အဖြေကြောင့် ကိုယ်တော်ပြုံးမိ၏။

"တပည့်တော်ဘွဲ့က အရှင်သုန္ဒရပါဘုရား"

ဟု ဖြေရမည့်အစား ကျွန်တော်ဟု သုံးနှုန်းလိုက်သောကြောင့် ဗမာစကားကြား အင်္ဂလိပ်စကား ညှပ်ပြောသလို ကပြားစကားဖြစ်နေသောကြောင့်ဖြစ်လေသည်။

"ကိုယ်တော်က ဘုန်းကြီးလေ။ ဘယ့်နှယ် ကျွန်တော်လို့ ပြောနေတာ



www.burmeseclassic.com

www.burmeseclassic.com

လဲ။ တပည့်တော်လို့ ပြောမှပေါ့ ကိုယ်တော်ရဲ့"

ဟု ကိုယ်တော်က ၎င်းဒုလ္လဘအား စကားအသုံးအနှုန်းမှန်အောင် တည့်ပေးလိုက်၏။

တကယ်တော့ ဒုလ္လဘတိုင်း ဤသို့ဖြစ်ရခြင်းမှာ အဆန်းတော့မဟုတ်ပေ။ ဒုလ္လဘတိုင်း ဖြစ်လေ့ဖြစ်ထရှိသောကြောင့် ကိုယ်တော်လည်း ဒုလ္လဘဘဝတုန်းက ထိုသို့ပင် ကြုံဖူး၊ ပြောဖူး၊ မှားခဲ့ဖူးလေသည်။

ယခု ဒုလ္လဘကား သူ့ဘဝမှာ ရဟန်း တစ်ခါမျှမခံခဲ့ဖူး၊ မဝတ်ခဲ့ဖူးဟု ဆို၏။

"ကိုယ်တော်ငယ်ငယ်က ရှင်ပြုဖူးလား"

ဟု ကိုယ်တော်က ၎င်းဒုလ္လဘအား တီးခေါက်မေးမြန်းကြည့်လိုက်ရာ ၎င်းက -

"ဟင့်အင်း ရှင်မပြုခဲ့ဖူးဘူး။ ကျွန်တော်...အဲတပည့်တော် အခုမှဝတ်ဖူးတာ"

ဟု ၎င်းကဖြေသည်။ ထိုအဖြေသည် မှန်ပေလိမ့်မည်။

"ကိုယ့်တော့် အလုပ်အကိုင်က ဘာလဲ၊ ဘာအလုပ်အကိုင်လဲ"

ဟု ကိုယ်တော်က ဆက်မေးရာ ၎င်းက -

"နိုင်ငံခြားသင်္ဘောသား ကပ္ပတိန်တစ်ယောက်ပါ"

ဟု ဖြေသည်။ သူ့ပုံက ကြည့်ရှုနှင့် အထက်တန်းစား ခေတ်ပညာတတ်တစ်ယောက်မှန်း သိသာသည်။

"ဘာအဓိပ္ပာယ်နဲ့ ကိုယ်တော် ရဟန်းပြုတာလဲ။ ယတြာချေတဲ့သဘောလား၊ ဘေးအန္တရာယ်ကြောင့်လား"

ဟု ကိုယ်တော်က သူ့ကိုမေးသည်။ သူက ဟက်ခနဲပြုံး၍ -

"တပည့်တော် မကွယ်မဝှက်ဘဲ အမှန်အတိုင်းဖြေရရင် ယတြာချေတာလည်း မဟုတ်ဘူး။ ဘေးအန္တရာယ်ကြောင့်လည်း မဟုတ်ဘူး။ အရက်သောက်လွန်းလို့ အရက်မသောက်ဖြစ်အောင် အရက်လာနားတဲ့ သဘောပါ။ ကဗျာဆန်ဆန်၊ အနုပညာဆန်ဆန် ပြောမယ်ဆိုရင်တော့ ဘုရားဆီ အရက်လာလျှော့တာပါဘုရား"

ဟု ပြောပြီး ပြုံးသည်။ ကိုယ်တော်လည်း သူ့စကားကြောင့် ပြုံးဖြစ်မိလေ၏။ သူ့နားလည်သလိုပြောခြင်း၊ ဖြေခြင်းဖြစ်သည်ဟု သဘောပေါက်မိ၏။

"ကိုယ်တော်က တပည့်တော်နဲ့ တစ်ဆောင်တည်း အတူနေရမှာဆိုတော့ သူ့အကြောင်း၊ ကိုယ့်အကြောင်းတော့ ဘာပဲဖြစ်ဖြစ် နည်းနည်းပါးပါးတော့ သိထားဖို့လိုမယ်နော်"

ဟု ကိုယ်တော်က သူ့ကို အကဲစမ်းသလို အကဲဖမ်းကြည့်လိုက်၏။

"ဟုတ်ကဲ့ သိထားဖို့လိုတာပေါ့"

ဟု သူကပြန်ဖြေသည်။ ဖြေရင်းက -

"ကိုယ်တော်က ရဟန်းဘဝနဲ့ ကြာပြီလား။ အရင်က ဘာလုပ်သလဲ မသိဘူး"

ဟု မေးသည်။

"မကြာသေးပါဘူး။ သုံးဝါပဲရှိသေးတယ်။ အရင်ကတော့ ဝတ္ထုရေးတယ်။ ရုပ်ရှင်ဇာတ်ညွှန်းရေးတယ်"

ဟု ကိုယ်တော်က ပြောလိုက်... လျှင် သူက အံ့ဩသွားပုံရ၏။

"ကိုယ်တော်က အနုပညာသမား... ပဲ။ မထင်ဘူးဗျာ"

ဟု ရဟန်းသုံးစကားမဟုတ်သော လူတို့၏ စကားအသုံးအနှုန်းအတိုင်း သူပြော၏။

"မထင်ဘူးဗျာ မဟုတ်တော့ဘူး လေ။ မထင်ဘူးကိုယ်တော်လို့ လုပ်... ပါ။ ကိုယ်တော့်ကို စကားလိုက်သင်ပေး... နေရတာ ပါဠိအဘိဓာန်တစ်အုပ် ... လောက်တယ်"

"အေးဗျာ...အဲ...မထင်ဘူး ကိုယ်တော်ရယ်။ တပည့်တော်က သူ... ငါလို ရိုးရိုးဘုန်းကြီးလို့ ထင်နေတာ... လေးစားပါတယ်ကိုယ်တော်"

ဟု သူက ပြောပြီး ရယ်သည်။

"ကိုယ်တော့်ဘွဲ့က အရှင်သုန္ဒ... နော်"

"မှန်ပါ"

"တပည့်တော်ဘွဲ့က အရှင်ဝိမလ"

"တင်ပါ"

"ကိုယ်တော် တော်တော်ဟုတ်... လာပြီ"

"ဘာဟုတ်တာလဲ ကိုယ်တော်"

"ဘုန်းကြီးအသုံးအနှုန်းတွေ ... လာလို့"

နှစ်ယောက်သား ပြုံးရယ်မိလိုက်... ကြ၏။

၀၀၀

ကိုယ်တော်မှာ တော်တော်န... အိပ်မပျော်ဘဲ မျက်စိတွေကြောင်လျ... ရှိ၏။ သင်္ဘောသားကိုသုန္ဒရကမူ ...



www.burmeseclassic.com

www.burmeseclassic.com

ခေါနှင့် ငမိုးရိပ်ချောင်းက စက်သမ္မန် ခုတ်မောင်းနေသလို တဖူးဖူး တဟူးဟူး ဖြင့် အိပ်မောကျလျက်နေလေ၏။

သူ့ကိုကြည့်ပြီး "သင်္ဘောသား ဝိသလိုက်တာ။ ဟောက်သံကိုက သင်္ဘော စက်သံအတိုင်းပဲ"ဟု စိတ်ထဲက ရေရွတ် လိုက်မိသည်။ တစ်ညလုံး နံပြားဖိုထဲ ဝင်ထိုင်နေရသလို ကိုယ်တော့်မှာ ခံစား နေရလေ၏။ ပူလိုက်အိုက်လိုက်သည့် ဖြစ်ခြင်း။ နွေမိန်တပေါင်းကား နေ့ပူည ချမ်း မဟုတ်တော့။ နေ့ပူညကြမ်း တပေါင်းလသရမ်းကြီး ဖြစ်၍နေလေ တော့သတည်း။

မအိပ်နိုင်ဘဲ မည်မျှကြာသွား သည်ပင် သတိမထားလိုက်မိ။ မေးခန် အိပ်ပျော်သွားခိုက်မှာပင် သံချောင်း ခေါက်သံကို ကြားလိုက်ရသလို အရှင် သုန္ဒရ၏အသံကိုလည်း တစ်ဆက်တည်း ကြားလိုက်ရ၏။

"ကိုယ်တော် ကိုယ်တော် ထထ"

အရှင်သုန္ဒရ၏အသံက ချောက် ချောက်ချားချား ထိတ်ထိတ်လန့်လန့်ရှိ လှဘိ။ ကိုယ်တော့်တစ်ကိုယ်လုံးကို သူ့ လက်စုံဖြင့် လှုပ်နှိုး၍ အော်ပြောလိုက် ခြင်းဖြစ်၍ ကိုယ်တော်ပင် လန့်၍ ဖြန်း ခနဲ ထလိုက်ရင်း -

"ကိုယ်တော် ဘာဖြစ်လို့လဲ"

ဟု မေးလိုက်၏။ သူက ထိတ် လန့်ခြင်းမပြေပျောက်သေးဘဲ ပြူးတူး ကြောင်တောင်ဖြင့် ဟိုကြည့်ဒီကြည့် လုပ်ကာ -

"မီး…မီး…မီးလောင်နေတယ်။ ကိုယ်တော်မကြားဘူးလား။ သံချောင်း ခေါက်သံ။ ဒါ…မီးလောင်လို့ အချက် ပေးတဲ့အသံပဲ။ ဘယ်နားမီးလောင်နေ တယ် မသိဘူး။ ကိုယ်တော်လုပ်ပါဦး။ တော်ကြာ ဒီဘက် မီးဆက်ကူးရင် တပည့်တော်တို့ ပြေးပေါက်ပိတ်နေဦး မယ်"

ဟု သူက အလွန်အမင်း စိုးရိမ် ပူပန်နေဟန်ဖြင့် ဆိုလေ၏။

သူ့အဖြစ်ကိုကြည့်၍ ကိုယ်တော် အားပါးတရ ရယ်လိုက်မိသည် ထင် သည်။ ထို့ကြောင့် ကိုယ်တော်က -

"သိပ်လည်း ကြောက်မနေနဲ့ကိုယ် တော်။ ဒီမီးက အမြဲလောင်နေတဲ့မီးပါ"

ဟု သူ့ကိုနှစ်သိမ့်ကာ ခပ်အေး အေးပင်ပြောလိုက်၏။ သူက -

"အေးအေးဆေးဆေး လုပ်မနေနဲ့ ကိုယ်တော်။ သစ်ခေါင်းထဲစွဲတဲ့မီးလည်း တစ်တောလုံးပြန့်နိုင်တာပဲ။ တော် ကြာ မီးကနီးလာပြီး ကျောင်းကိုပါ စွဲ လောင်သွားရင် ပြာပုံထဲ အိပ်နေရဦး မယ်"

ဟု ပြောကာ ထိုင်ရာမှ ဖြန်းခန် ထလိုက်သောကြောင့် ကိုယ်တော်က သူ့လက်ကို ဖမ်းဆွဲထားလိုက်ရင်း -

"ဒီမီးလောက်ကိုတော့ ကိုယ် တော်တစ်ယောက်တည်းနဲ့တောင် ငြိမ်း သတ်နိုင်ပါတယ်။ မပူပါနဲ့။ မျက်နှာ အရင်သစ်လိုက်ပြီးမှ ကိုယ်တော်တို့၊ တပည့်တော်တို့သွားပြီး အဲဒီလောင်နေ တဲ့ မီးကို သွားငြိမ်းသတ်ကြတာပေါ့။ ကဲ…ကဲ…မြန်မြန်လုပ် မျက်နှာသစ်"

ဟု ပြောလိုက်ပြီး ကိုယ်တော် လည်း ကမန်းကတန်းပင် မျက်နှာသစ် လေ၏။ သူလည်း သစ်လေ၏။ သူ့မှာ မျက်နှာသာ ကမန်းကတန်းသစ်၍နေ သော်လည်း သူ၏ မျက်စိအစုံတို့ကမူ ဂနာမငြိမ် ဟိုကြည့်သည်ကြည့် စိတ်ဦ လှုပ်ရှားနေကြောင်း သိသာ၏။

သံဃာတော်များ သုတ်သုတ်ပျာ ပျာဖြင့် ကျောင်းကြီးပေါ်မှ ဆင်းချလာ ကြသည်ကိုမြင်လျှင် အရှင်သုန္ဒရက

"မြန်မြန်လုပ်ကိုယ်တော်။ ဟိုမှာ သံဃာတော်တွေ သွားနေကြပြီ၊ တပည့် တော်တို့ မီးသတ်ဖို့ နောက်ကျနေဦး မယ်"

ဟု သူက လောနေပြန်၏။

"ဖြည်းဖြည်းပေါ့ကိုယ်တော်"

ဟု ဆိုကာ သူတို့ ဆွမ်းစား ဆောင်သို့ရောက်တော့ သံဃာတော်များ စားပွဲခုံများ၌ အသီးသီးထိုင်၍ ဆွမ်းစား နေကြသည်ကိုတွေ့လျှင် သူတအံ့တသြ ဖြင့် ကိုယ်တော့်ဘက် လှည့်၍ကြည့်၏။ ကိုယ်တော်က ဟက်ခနဲပြုံးလိုက်ပြီး

"စောစောက သံချောင်းခေါက် တာက အပြင်မီးမဟုတ်ဘူး။ အပြင်မီး လောင်လို့ ခေါက်တာမဟုတ်ဘူး။ ဟော ဒီ အတွင်းမီး…ဟောဒီဝမ်းမီးကိုပြော တာ။ အဲဒီဝမ်းမီးငြိမ်းသတ်ဖို့ အချက် ပေးတဲ့သံချောင်းခေါက်သံပဲ ကိုယ်တော် ရဲ့"

ဟု ကိုယ်တော်က ဝမ်းဗိုက်ကို လက်ဖြင့်ပုတ်၍ ပြလိုက်လေသတည်း။

**အောင်မြင့်မြတ်(မြည်ရှော်)**



www.burmeseclassic.com

www.burmeseclassic.com



# တိမ်တောက်ဆည်းဆာ အလှများ

မောင်မောင်သွင်(ပန်းခိုင်)

၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်သည် “သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေ”ကို ပြဋ္ဌာန်းလိုက်သည်။ အဆိုပါ ပြဋ္ဌာန်းချက်အရ သက်ကြီးရွယ်အိုဆိုသည်မှာ အသက် ၆၀ နှင့် အထက်ရှိသော မြန်မာနိုင်ငံသားကိုဆိုပြီး အိုမင်းမစွမ်းဆိုသည်မှာ ရုပ်ပိုင်းဆိုင်ရာ၊ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ ချို့တဲ့ပြီး တစ်ပါးသူ၏ အကူအညီမပါဘဲ မိမိကိုယ်တိုင် ရပ်တည်နိုင်ခြင်းမရှိသော သက်ကြီးရွယ်အိုကို ဆိုသည်။

စားဝတ်နေရေး ကျန်းမာရေး လူမှုရေး စောင့်ရှောက်မှုများအပြင် ရသင့်ရထိုက်သည့် လူသားအခွင့်အရေးများကို မြန်မာ့လူမှုစီးပွားဘဝနှင့် ကိုက်ညီစွာ ခံစားစံစားနိုင်ရေးအတွက် အတည်ပြုပြဋ္ဌာန်းခဲ့ခြင်း ဖြစ်သည်။

မြန်မာနိုင်ငံ၏ လူဦးရေ ၅၁ သန်းကျော်အနက် ၅ သန်းနီးပါးနှင့် ညီမျှသော ၁၀ ရာခိုင်နှုန်းခန့်မှာ ဘိုးဘွားများ ဖြစ်ကြသဖြင့် လူ ၁၁ ဦးတွင် တစ်ဦးကျော်မှာ အသက် ၆၀ နှင့်အထက် သက်ကြီးရွယ်အိုများ ဖြစ်နေသည်။ အသိ



www.burmeseclassic.com

www.burmeseclassic.com

အမှတ်ပြုပြီး ဘိုးဘွားရိပ်သာပေါင်း ၈၁ ခုရှိ ဘိုးဘွားပေါင်း ၂၇၀၀ ကျော်ကို နိုင်ငံတော်၏ ဦးဆောင်မှု၊ အများပြည်သူ လှူဒါန်းမှုတို့ဖြင့် စားဝတ်နေရေး၊ ကျန်းမာရေးကအစ ရသင့် ရထိုက်သည့် အခြေခံအခွင့်အရေးများ ရရှိနိုင်ရန် ကူညီ ဆောင်ရွက်ပေးလျက် ရှိနေသည်။

## အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့

၁၉၉၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁၄ ရက်နေ့တွင် ကျင်းပသည့် ၄၅ ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီ လာခံကြီးက နှစ်စဉ် အောက်တိုဘာလ ၁ ရက်နေ့ကို အပြည် ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ ကျင်းပရန် သတ်မှတ် ခဲ့သည်။ လက်ရှိ ကမ္ဘာ့လူဦးရေသန်းပေါင်း ၇၃၀၀ ကျော် ရှိနေပြီး သက်ကြီးရွယ်အို အရေအတွက်မှာ ၈၄၁ သန်း ကျော် ရှိနေသည်။ နှစ်စဉ်လည်း တိုးတက်နေကြောင်း ကမ္ဘာ့ ကုလသမဂ္ဂအဖွဲ့ကြီးက ခန့်မှန်းထားသည်။

သက်ကြီးရွယ်အိုများ ဘဝသာယာချမ်းမြေ့ရေးအတွက် အခြေခံမှု ငါးရပ်ကို ကုလသမဂ္ဂက ချမှတ်ထားကြောင်း မှတ်သားမိပါသည်။ ယင်းတို့မှာ အမှီအခိုကင်းပြီး လွတ်လပ် ခွင့် အပြည့်အဝရရှိရန် အပြန်အလှန် ကူညီဆောင်ရွက်ခွင့် ရရှိရန် ပါဝင်ဆောင်ရွက်ခွင့် ရရှိရန် မိမိတို့ ကိုယ်တိုင် ဖြည့် စွမ်းနိုင်ရန်နှင့် ဂုဏ်သိက္ခာရှိရှိ ရပ်တည်ခွင့်ရရှိရန်တို့ ဖြစ်သည်။ အမြော်အမြင်နှင့် ရည်ရွယ်ချက်ကောင်းများဖြင့် ချမှတ်ထား ခြင်း ဖြစ်ပါသည်။

## မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများ

သက်ကြီးရွယ်အိုများအကြောင်း ရေးလျှင် မြန်မာနိုင်ငံ တွင် ပထမဆုံးနှင့် စေတနာမေတ္တာအပြည့်ဖြင့် စနစ်တကျ စွမ်းစွမ်းတမံ ထူထောင်ခဲ့သော ပါရမီရှင်ကြီး အဘွားဒေါ်ဦး ငွန်းက အဦးအစပင် ဖြစ်သည်။ ဘွားဦးငွန်းသည် ၁၉၁၅ ခုနှစ်တွင် မင်းကွန်းလူအိုရုံကို ပထမဆုံး တည်ထောင်ခဲ့သ ဖြင့် လွန်ခဲ့သော နှစ်ပေါင်း ၁၀၀ ကျော် တိုင်ခဲ့ပြီ ဖြစ်သည်။ ယင်းနောက် ၁၉၂၃ ခုနှစ်တွင် သထုံ၊ ၁၉၂၉ ခုနှစ်တွင် ပေါင်းတည်၊ ၁၉၃၃ ခုနှစ်တွင် ရန်ကုန်နှင်းဆီကုန်းနှင့် ၁၉၃၇ ခုနှစ်တွင် ပခုက္ကူလူအိုရုံများကို ထူထောင်ဖွင့်လှစ်နိုင်ခဲ့သဖြင့် အဘွားသက်တမ်းအတွင်း လူအိုရုံ ငါးရုံကို တည်ထောင်နိုင် ခဲ့ကြောင်း လေ့လာမှတ်သားရပါသည်။

သက်ကြီးရွယ်အိုများမှာ မိသားစု၊ ဆွေမျိုး၊ ပတ်ဝန်း ကျင်အတွက် သာမက နိုင်ငံတော် နိုင်ငံသားများနှင့် အမျိုး ဘာသာ သာသနာအတွက် ငယ်ရွယ်ပျိုမြစ်မှုများနှင့်အတူ ပေးဆပ်ခဲ့ကြပြီး ဖြစ်သည်။ ပဲခူးတိုင်းဒေသကြီး ဒုတ်ပိုမြို့ သရက်ပင်ကန်ရွာမှ အသက် ၁၂၃ နှစ်ရှိပြီဖြစ်သော ဘွား သက်ရှည် အဘွားဒေါ်ထွေးမှာ တစ်နိုင်ငံလုံးတွင် အသက် အကြီးဆုံးအဖြစ် သတ်မှတ်ထားကြောင်း မှတ်သားမိပါသည်။ ကမ္ဘာ့နိုင်ငံများနည်းတူ မြန်မာနိုင်ငံတွင်လည်း သက်ကြီးရွယ် အိုဦးရေ နှစ်စဉ် တိုးတက်နေမည်ပင် ဖြစ်သည်။

၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများ နေ့အတွက် ကုလသမဂ္ဂအဖွဲ့က ချမှတ်ပေးခဲ့သော ဆောင်ပုဒ် မှာ "ဘိုးဘွားများအတွက် ရပ်တည်ဘို့၊ ပစ်ပယ်ခွဲခြားမှုများ ဆန့်ကျင်စို့"ဟူ၍ ဖြစ်သည်။ အခမ်းအနားများကို နိုင်ငံတော် အဆင့်သာမက တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ရပ်ကွက် ကျေးရွာများပါမကျန် နှစ်စဉ် ကျင်းပနေကြပြီ ဖြစ်သည်။ မိသားစုစောင့်ရှောက်မှု၊ ဌာနအခြေပြုစောင့်ရှောက်မှုနှင့် ရပ်ရွာ

သက်ကြီးရွယ်အိုများအကြောင်း
ရေးလျှင် မြန်မာနိုင်ငံတွင်
ပထမဆုံးနှင့်
စေတနာမေတ္တာအပြည့်ဖြင့်
စနစ်တကျ စွမ်းစွမ်းတမံ
ထူထောင်ခဲ့သော ပါရမီရှင်ကြီး
အဘွားဒေါ်ဦးငွန်းက
အဦးအစပင် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

**သတ္တလောက၊ ဩကာသလောက၊ သင်္ခါရလောကဟု ဆိုအပ်သော လောကသုံးပါးအတွင်းရှိ ခပ်သိမ်းကုန်တို့သည် မရပ်မနား ဖြစ်ပျက်ပြုပြင်ပြောင်းလဲခြင်း အစဉ်ဖြစ်နေကြသည်။ သင်္ခါရဓမ္မမှန်သမျှသည် ပျက်စီးခြင်းသဘော ရှိကုန်သည်။**

အခြေပြု သက်ကြီးရွယ်အိုစောင့်ရှောက်ရေး လုပ်ငန်းများ အထိပါ နိုင်ငံတော်တစ်နံတစ်လျား တိုးချဲ့နိုင်ရန် ဆက်လက် ကြိုးစားသွားကြပါဦးမည်။

၂၀၁၇ ခုနှစ်၊ ဘဏ္ဍာနှစ်မှစ၍ လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာန၏ အစီအစဉ်ဖြင့် ၂၀၁၇ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် အသက် ၉၀ ပြည့်ပြီးသူ နိုင်ငံသားတိုင်းအား လူမှုရေး ပင်စင်လစဉ်ငွေ ကျပ်တစ်သောင်းစီ အိမ်တိုင်ရာရောက် ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ထားပြီး ဖြစ်သည်။ နတ်လူသာခုခေါ်ရမည့် အစီအစဉ်ပင် ဖြစ်ပါသည်။

## သင်လည်း ကောန်မုချ အိုရမည်

သတ္တလောက၊ ဩကာသလောက၊ သင်္ခါရလောကဟု ဆိုအပ်သော လောကသုံးပါးအတွင်းရှိ ခပ်သိမ်းကုန်တို့သည် မရပ်မနား ဖြစ်ပျက်ပြုပြင်ပြောင်းလဲခြင်း အစဉ်ဖြစ်နေကြသည်။ သင်္ခါရဓမ္မမှန်သမျှသည် ပျက်စီးခြင်းသဘော ရှိကုန်သည်။ ထိုရုပ်နာမ် ဓမ္မသင်္ခါရတို့သည် အနိစ္စမမြဲခြင်း၊ ဒုက္ခဆင်းရဲခြင်း၊ အနတ္တ အစိုးမရခြင်းဆိုသည့် တရားသဘောကို မသိမှုမောဟဖြင့် မေ့လျော့ထား၍မရ။ လူတိုင်း မလွှဲမသွေ ကြုံတွေ့ကြရမည် ဧကန်ဖြစ်သည်။ အချိန်တိုတောင်းစွာ လူသားတစ်ယောက် ဖြစ်ခွင့်ရခြင်းဟူသော ဘဝတာအတွင်း တရားသဘော နလုံးသွင်းပြီး အတ္တပရ အကျိုးရှိရှိ နေသွားနိုင်ကြဖို့ ဖြစ်သည်။

ကမ္ဘာမှုပြုခြင်း၏ အစွန်းထွက်တန်ဖိုးများကြောင့် လူသားတို့၏ လိုအင်ဆန္ဒများနှင့်အတူ မေတ္တာတရား၊ အကြင်နာတရားနှင့် စာနာမှုတို့ ခေါင်းပါးနေကြသည်။ လူမှုစံတန်ဖိုးများ လျော့ပါးလာနေကြသည်။ လူသားဖြစ်တည်မှု၊ လုံခြုံမှုများ ယိမ်းယိုင်လာပြီး ဆုတ်ကပ်တစ်ခုဆီသို့ ဦးတည်နေချိန် ဖြစ်သည်။

သို့သော် မြန်မာတို့၏ ကိုးကွယ်ယုံကြည်မှု၊ မြတ်နိုးဖွယ်ရာ ယဉ်ကျေးမှုနှင့် ချစ်စရာ ရိုးရာဓလေ့များကြောင့် စေတနာ့ဝန်ထမ်း သက်ကြီးရွယ်အို စောင့်ရှောက်မှုနှင့် ကုသိုလ်ဖြစ် ဘိုးဘွားရိပ်သာများ ထူထောင်သည့် အလေ့အထမှာ လွန်ခဲ့သော နှစ် ၁၀၀ ကျော်ကပင် ဖြစ်တည်ရှင်သန်ခဲ့ပြီး ဖြစ်သည်။

ဗုဒ္ဓဘုရား ဟောဖော်ကြားသည့် မဟာဝါပါဠိတော်ပါ "ယောဘိက္ခဝေ၊ ဥပဋ္ဌဟေယျ" အရ ချစ်သားတို့ ငါဘုရားအား ပြုစုလုပ်ကျွေးလိုသော ထိုပုဂ္ဂိုလ်သည် ဂိလာနပုဂ္ဂိုလ်တို့အား လုပ်ကျွေးသွားလော့ဟု မိန့်ကြားခဲ့သည်။

အချုပ်အားဖြင့် ဆိုရလျှင် "ငါသည် တစ်နေ့ အိုရမည်၊ နာရမည်၊ သေရမည် အချိန်ပိုင်းသာ လိုတော့သည်" တရားအဆုံးအမနှင့်အညီ မမေ့မလျော့ မပေါ့သော လုံ့လဖြင့် နလုံးသွင်းဆင်ခြင်လျက် အဘက်ဘက်မှ လိုအပ်လျက် ရှိနေကြသော အိုမင်းမစွမ်း သက်ကြီးရွယ်အိုများအား လူ့လောကအလယ်တွင် စိတ်ချမ်းသာ ကိုယ်ကျန်းမာစွာ အသက်ရှင်နေထိုင်သွားနိုင်ရေးအတွက် မေတ္တာ၊ စေတနာ အခြေခံကာ ကိုယ်ချင်းစာနာစိတ် ပြည့်ဝစွာ ပြုစုစောင့်ရှောက်ကြခြင်းဖြင့် ဘိုးဘွားများ၏ ဘဝနေဝင်ချိန်ကို တိမ်တောက်အလှဆင်ပေးကြပါရန် စေတနာရှေ့ထား ရေးသားလိုက်ရပါသည်။

နနယ်ရုပ်ဆင်း ပျိုမြစ်ခြင်းကား အိုမင်းနောက်ဆုံး ရှိချေ၏။

**မောင်မောင်သွင်(ပန်းခိုင်)**



www.burmeseclassic.com

www.burmeseclassic.com

# ကြုံဖူးခဲ့သည့် ဆောင်းတစ်ည

မောင်ချိုမင်း(ကန္တာရဝတီ)

ဗုဒ္ဓဘုရားရှင် သက်တော်ထင်ရှားရှိနေစဉ်ကာလက ဖြစ်သည်။

ရာဇဂြိုဟ်ပြည့်ရှင် အဖသတ်သားဘုရင် အဇာတသတ်သည် မကြာမီကာလက မိမိကျူးလွန်ခဲ့ဖူးသော အကုသိုလ်ဒုစရိုက် မှုခင်းများကို တရေးရေး ပြန်ပြောင်းစဉ်းစားနေရင်းတတရား ပွားများကာ စိတ်နလုံး မသာမယာဖြင့် အကာလ ညအခါ လေသာဆောင်ဘုံနန်းတွင် တစ်ဦးတည်း စံနေခဲ့၏။ ထိုအခါ လသာသော ကောင်းကင်ယံအထက်ဆီမှ မိမိအနီးသို့ တရွေ့ရွေ့ လွှင့်ပျံသွားလာနေသော အသွင်သဏ္ဍာန်တစ်ခုကို လရောင်အောက်တွင် အမှတ်မထင် တွေ့လိုက်ရသည်။ ယင်းသဏ္ဍာန်ကား အသွေးအသားကင်းမဲ့ပြီး ဦးပြည်းခေါင်းတုံးနှင့်။

အဝတ်အစားကလည်း သူ့ကိုယ်ပေါ်တွင်မရှိ။ တကယ့်ကြောက်မက်ဖွယ် အနိဋ္ဌာရုံသတ္တဝါ။ ရုတ်တရက်အားဖြင့် ထိုအရာကိုမြင်ပြီး ဘုရင်အဇာတသတ် ထိတ်လန့်ခဲ့သည်မှာ အမှန်။

ထိုသူသည် သူ့လမ်းသူ ဖြောင့်တန်းစွာမသွားသေးဘဲ ရာဇာမင်းအား သူ့ဘဝဇာတ်ကြောင်းကို မိတ်ဆက်သည့်ပုံနယ်စကားပင် ကြွယ်လိုက်ပါသေး၏။

ထိုသူသည်ကား အခြားမဟုတ်။ လူ့ဘဝမှ သေလွန်ခဲ့ပြီးသော ဗာရာဏသီပြည်သား စူဠသေဋ္ဌိသူကြွယ်ပင်ဖြစ်သည်။ သူသည် ဘုရား၊ တရား၊ သံဃာတည်းဟူသော ရတနာမြတ်သုံးပါး၏ ဂုဏ်ကျေးဇူးကို အလျဉ်းမသိ။ မကြည်ညို။ လူအများအား ဝန်တိုကောက်ကျစ်စဉ်းလဲ ယုတ်မာမှုများဖြင့် သဒ္ဓါတရားကင်းမဲ့စွာနေပြီး သေခဲ့၏။ သေသည်၏ အခြားမဲ့၌ ယခုလို ရုပ်သွင်ဆိုးဝါး ပြိတ္တာမျိုးဖြစ်ရကာ တစ်နယ်တစ်ကျေး ရပ်ဝေးမှ သမီးဖြစ်သူ ပေးလှူမည့် ဒါနအစုစုကို သာဓုခေါ်ရန် သွားရောက်မည့်အကြောင်း ဘုရင်အား ပြောဆို၏။ ဤသည်ကား တစ်ချိန်သောကာလက ရှိခဲ့ဖူးသော ပြိတ္တာဇာတ်ကြောင်း။

မကောင်းဆိုးဝါး ပြိတ္တာဟူသည် ကျွန်မတို့ ငယ်စဉ်က ကြားခဲ့ရသလောက် ခေါင်းကြီးကိုယ်သေးနှင့် လူ့သူ့အရောက်အပေါက်နည်းရာ သင်္ချိုင်းကုန်း၊ တောစပ်၊ ဇရပ်စသည်တို့တွင် လှည့်လည်ကျက်စားပြီး အညစ်အကြေးများကို ရှာဖွေစားသောက်ကာ လူတို့ကို ခြောက်လှန့်တတ်သည်ဟု လူကြီးများပြောသံ ကြားဖူးသည်။ ယခု ကျွန်တော်ကြုံတွေ့ဖူးသည့် ပြိတ္တာကား တစ်ကောင်တည်းမဟုတ် နှစ်ကောင်ဖြစ်ပြီး ရှေးလူကြီးများပြောသည့် ခေါင်းကြီးကိုယ်သေးပြိတ္တာမျိုးနှင့်လည်း လားလားမှမတူ။ ခေတ်မီပြိတ္တာဟုဆိုရပါမည်။

မျက်ဝါးထင်ထင် နီးနီးကပ်ကပ် မြင်ခဲ့ရသည့် အချိန်ကား ဒဂုံမြို့သစ်မြောက်ပိုင်း မြို့တည်ပြီးစ ၁၀ နှစ်ခန့်အကြာ ၁၉၉၈ ခု၊ ဇန်နဝါရီလ အေးချမ်းသော ဆောင်းတစ်ည သန်းခေါင်ယံအချိန်တွင် ဖြစ်ပါသည်။

ကျွန်တော်၏ နေအိမ်မှာ ၂၈ ရပ်ကွက်၊ အောင်ရိပ်သာ(၂)လမ်း၊ အထက(၁) ကျောင်းကြီးနောက်ဘက်တွင်ရှိသည်။ ထိုစဉ်က ကျောင်းဝင်းအတွင်း အုတ်နံရံမခတ်ရသေး၍ အောင်ရိပ်သာလမ်းသွယ် (၁-၂-၃-၄) လမ်းများအတွင်း နေထိုင်သူများမှာ တံတားထိပ် ဘတ်(စ်)ကားမှတ်တိုင်မှ လမ်းမတစ်ဖက်ခြမ်းကူး၍ အမှတ်(၁) အထက်တန်းကျောင်းကြီးထဲမှ အချိန်မရွေး ဖြတ်လျှောက်ရင်း မိမိလိုရာလမ်းများသို့ အချိန်တိုတိုနှင့် ရောက်နိုင်သည်။ သခင်ထွန်းအုပ် ကတ္တရာလမ်းမှလာလျှင် ကွေ့ရကောက်ရသဖြင့် လမ်းပိုလျှောက်ကြရ၏။

ထိုနေ့ညက ကျွန်တော်၏ တီးဝိုင်းအဖွဲ့မှာ သင်္ကန်းကျွန်း အသင်းတိုက် ရွှေနားပန်ဘုရားပွဲတွင် တီးမှုတ်ဖျော်



www.burmeseclassic.com

www.burmeseclassic.com

ဖြေခဲ့ပြီး နာရီပြန် နှစ်ချက်ခန့် ဝိုင်းသိမ်းလိုက်ရာ တီးဝိုင်းတူရိယာပစ္စည်းများ ဖြစ်ကြသော ကီးဘုတ်၊ ခြောက်လုံးပတ်၊ စခွန်၊ ဒုံရမ်၊ ပတ်မ စသည်တို့ကို လမ်းထိပ်မှ အငြိမ်းစားသစ်တောအရာရှိ ဦးကြည်လွင်ကိုယ်တိုင် သူ့ဂျစ်ကားကလေးဖြင့် စေတနာ့ဝန်ထမ်း မောင်းပြီး ကြိုပို့လုပ်ပေးသည်။ သူကလည်း အဆိုအတီး ဝါသနာပါသူကိုး။

သခင်ထွန်းအုပ် လမ်းဆုံးခါနီးတွင် ထိုစဉ်က ရောမအမှိုက်ပုံကြီးကလည်း မြင်မကောင်း ရှုမကောင်း ဟီးဟီးထနေသည်။ ယင်ကောင်တွေက တလောင်းလောင်း။ ခွေးသေကြောင်သေလျှင်လည်း စည်းမဲ့ကမ်းမဲ့ ထိုနေရာတွင်ပင် လာပစ်ကြသည်။ ထိုနေရာကို နေ့စဉ်နှင့်အမျှ မလွဲမသွေ ဖြတ်သန်းသွားလာရသူများအဖို့ နှာခေါင်း လက်ကိုင်ပဝါပိတ်သွားမှတော်ကာကျသည်။ ပလတ်စတစ်စ ကြွပ်ကြွပ်အိတ်အစအနများအောက်မှ မြွေ၊ ကင်း။ မြေကြွက်ကြီးများကလည်း မကြာမကြာ ကတ္တရာလမ်းမပေါ်သို့ ထွက်လာတတ်ကြသေး။

ကျွန်တော်နှင့် ကားပေါ်တွင် ယာဉ်မောင်းပို့သူ ဦးကြည်လွင်အပြင် ကျွန်တော့်မြေး အောင်ဇော်ထက်ပါ အဖော်အဖြစ် ပါလာသည်။ ကျွန်တော်တို့ဂျစ်ကား သခင်ထွန်းအုပ်လမ်းထဲသို့ဝင်၍ အမှိုက်ပုံဘေး ဖြတ်မောင်းလာစဉ် အမှိုက်ပုံအတွင်း လူနှစ်ဦးကို ကားမီးရောင်အောက်တွင် ဘွားခနဲ သွားတွေ့သည်။ နှစ်ဦးစလုံးမှာ ဘောင်းဘီဖင်ကျပ်နှင့် တစ်ပိုင်းဖြတ် ဂျင်းအင်္ကျီကိုယ်စီနှင့်။ ကိုယ်ကာယက ညှပ်ညှပ်သေးသေး မြင်းစီးဂျော်ကီပုံစံမျိုး။

တစ်ဦးက ကြွပ်ကြွပ်အိတ် အလတ်စတစ်စတို့ဖြင့် ညစ်ဘတ်ပေကျံ တောင်လိုပုံနေသော အမှိုက်ပုံအတွင်း ဘေးစောင်းလှဲအိပ်နေရာမှ ကားမီးရောင်ဘက်သို့ မျက်နှာလှည့်ပြီး ခြေဆင်းထိုင်နေသည်။ ကျန်တစ်ဦးက အမှိုက်ပုံထဲမှ အညစ်အကြေးများကိုဖြဲ၍ ရှာဖွေစားသောက်နေသည်။ နှစ်ဦးလုံး၏ မျက်နှာတွေက မျက်တွင်းပေါက်ပက် တကယ့်အရိုးစုပုံစံအတိုင်း။ ကြောက်မက်ဖွယ်လိလိ။ အေအိုင်ဒီအက်စ်ရောဂါဖြင့် သေခဲ့ကြသူများ ဖြစ်လေမလားမသိ။

ကျွန်တော့်မိတ်ဆွေ ကားဆရာက သူ့ဂျစ်ကားကို နောက်ပြန်လှည့်မောင်းသည်။ ကားပေါ်ပါလာသော မြေးဖြစ်သူက -

"ဘဘ အမှိုက်ပုံမှာ ဘာတွေ့ခဲ့သလဲ"

ကျွန်တော်က -

"ငါတွေ့တာတော့ လူငယ်နှစ်ယောက်ထဲက အမှိုက်ပုံကြီးထဲ လှဲအိပ်နေတာရယ်၊ တစ်ဦးက ဖြဲပြီး ရှာစားနေတာရယ်"

"ဟုတ်တယ် ဟုတ်တယ်၊ အဲဒါပြောမလို့။ မျက်နှာကြီးတွေကလည်း မျက်လုံးအိမ်မရှိ ပေါက်ပက်ကြီးတွေ။ ဒီအချိန် ဒီအခါ ဒီနေရာမှာ တွေ့ရတာ လူတော့မဖြစ်နိုင်ဘူး"

ထိုစဉ် ဦးကြည်လွင်က-

"ဟုတ်တယ် ဆရာချို။ ကျွန်တော်လည်း ကောင်းကောင်းမြင်လိုက်တယ်။ ကျွန်တော့်အိမ်က ဒီလမ်းထိပ်လမ်းမပေါ်ကဆိုတော့ ညသန်းခေါင် ဒီနေရာက ခွေးအူသံတွေ ညစဉ်လိုလို ကြားနေရတယ်။ ဒါပေမယ့် ဂရုမပြုမိခဲ့ဘူး။ အခုမှ ကြောက်စရာကောင်းတဲ့မျက်နှာကြီးနှစ်ခုဗျာ။ ကဲ·· ပြောနေကြာတယ်၊ ကားပြန်လှည့်ပြီး တစ်ခေါက်ပြန်ကြည့်ကြရအောင်။ အနားကပ်လာလို့ကတော့ ကားနဲ့ကို တိုက်ပစ်လိုက်မယ်"

ကျွန်တော်တို့သုံးဦး စိတ်ထဲ မကျေမနပ်ဖြစ်ကာ ဂျစ်ကားကို လမ်းထိပ်တွင်ကွေ့ပြီး မိနစ်ပိုင်းကလေးအတွင်း ပြန်မောင်းကြည့်တော့ ယခင်တွေ့ခဲ့သည့် သတ္တဝါနှစ်ကောင်မှာ အစအနပင် ရှာမတွေ့ရတော့ဘဲ ခပ်လှမ်းလှမ်းမှ ခွေးအူသံများကိုသာ အဆက်မပြတ် ကြားရပါတော့သည်။

ဤသည်ကား ကျွန်တော့်ကိုယ်တွေ့ ပြိတ္တာဇာတ်လမ်း။ ပြိတ္တာနှစ်ကောင်ကို မျက်ဝါးထင်ထင် တွေ့ခဲ့ရသူက ကျွန်တော်တို့မြေးအဘိုးနှင့် ကျွန်တော့်မိတ်ဆွေ ဦးကြည်လွင်တို့ ဖြစ်ပါ၏။


**မောင်ချိုမင်း(ကန္တာရဝတီ)**

၀၉-၄၂၀၀၉၀၇၂၈



www.burmeseclassic.com

www.burmeseclassic.com



# အပ်ချ မတ်ချ

## (လုပ်ငန်းအဆင်ပြေ၍ အပ်ချ မတ်ချ ဖြစ်စေရန်)

**ဖြိုးဟာန်ကျော်(ကော့သ)**

ညနေပိုင်းတစ်ခုခု၌ ကျွန်ုပ်သည် အလုပ်ခန်းသိမ်းပြီး အထွက် ကျွန်ုပ်၏ဘကြီးဖြစ်သူ ဦးဘမြင့်သည် ရေးကြီးသုတ်ပျာဖြင့် လေ့ကားထစ်များကိုကျော်လွှားပြီး တက်လာနေသည်ကို လှမ်းမြင်လိုက်ရ၏။ သူကလည်း ကျွန်ုပ်အား မြင်လိုက်သည်နှင့် -

"ငါ့တူ ပြန်တော့မလို့လား။ ဆိုင်ခန်းမပိတ်ပါနဲ့ဦး။ ဘကြီးမှာ ကိစ္စလေးတစ်ခု အရေးကြီးလို့ပါ"

ဟု ပြောကာ ကျွန်ုပ်၏ရှေ့မှ ပိတ်၍ရပ်လိုက်လေ၏။ ကျွန်ုပ်က -

"ဘာများ အရေးတကြီး ဖြစ်လာပြန်ပြီလဲ။ ကြီးကြီးရော နေကောင်းရဲ့လား"

ဟုမေးရင်း အခန်းတွင်းသို့ ပြန်ဝင်လိုက်သည်။

ကျွန်ုပ်၏ဘကြီးသည် စည်းကမ်းအလွန်ကြီးသူဖြစ်၏။ တစ်ယူသန်ဆန်ပြီး အစွဲအလမ်းလည်းကြီး၏။ ကျွန်ုပ်ငယ်စဉ်က သူ၏အိမ်၌နေပြီး ကျောင်းတက်ရ၏။ သူ၏အိမ်၌ မိသားစုအားလုံးအား တစ်နေ့တာပြုလုပ်ရမည့်တာဝန်နှင့် မိသားစုအမည်များကို အချိန်ဇယားဆွဲထားပြီး ဧည့်ခန်းမြင်သာသော နေရာ၌ ချိတ်ထား၏။

ကျွန်ုပ်အပါအဝင် မိသားစုအားလုံးသည် နံနက် ၄ နာရီတွင် အိပ်ရာမှ အားလုံးထပြီးသား ဖြစ်နေရ၏။ ကိုယ်လက်သန့်စင်ပြီးလျှင် အားလုံး ဘုရားခန်းသို့ ၄ နာရီခွဲတွင် ဝင်ရပြီး စုပေါင်း၍ ဝတ်ပြုကြရ၏။ နံနက် ၅ နာရီမှာ ကျောင်းသားမှန်လျှင် စာကျက်ရ၏။ ကျောင်းသားမဟုတ်သော ကြီးကြီးက နံနက်စာစားသောက်ရန် ဗာဟီရကို စီစဉ်ရ၏။ ဘကြီး၏ သမီးကြီးနှစ်ယောက်က အိမ်တွင်းအိမ်ပြင် သန့်ရှင်းရေးလုပ်ရ၏။ ကျွန်ုပ်က စာကြည့်စားပွဲ၌ ထိုင်ရ၏။ ဘကြီး



www.burmeseclassic.com

www.burmeseclassic.com

က တုတ်ကောက်တစ်ချောင်းကို ကိုင်ပြီး ဦးထုပ်ဝိုင်းကို ဆောင်း၍ ဟန်ပါပါ လမ်းလျှောက်ထွက်၏။ နံနက် ၆ နာရီခွဲတွင် ဘကြီးသည် လမ်းလျှောက်ပြီး အိမ်သို့ပြန်ရောက်၏။ ကျွန်ုပ်သည် နံနက် ၇ နာရီ၌ စာကြည့်စားပွဲမှထပြီး ရေချိုး အဝတ်အစားလဲ၍ ကြီးကြီးစီစဉ်ပေးသော နံနက်စာကို စားရ၏။ နံနက ၈ နာရီခွဲတွင် ထမင်းချိုင့်ဆွဲ၍ အိမ်နှင့်မဝေးလှသော ကျောင်းသို့ ခြေကျင်လျှောက်သွားရ၏။ ညနေ ကျောင်းမှပြန်လာလျှင်လည်း သူ၏စည်းကမ်းအတိုင်း ကိုယ်လက်လှုပ်ရှား အနားယူရပြီး ည ၇ နာရီထိုးလျှင် စာကြည့်စားပွဲ၌ ထိုင်ရ၏။ ည ၉ နာရီမှနားပြီး မိသားစု ဝိုင်းဖွဲ့စကားပြောဖြစ်ကြ၏။ ၉ နာရီခွဲလျှင် အိပ်ရာဝင်ရ၏။ ဤသည်မှာ ကျွန်ုပ်၏ ဘကြီးအိမ်၌ နေရသော စည်းကမ်းတစ်စိတ်သာ ရှိသေး၏။

"ဘကြီး ကိစ္စရှိရင် ပြောပါ။ ကျွန်တော် ဘာအကူအညီ ပေးရမလဲ"ဟု ကျွန်ုပ်က မေးလိုက်၏။ ဘကြီးက -

"မင်းအစ်မ သန်းသန်းမူတစ်ယောက် နယ်က ပစ္စည်းတွေရဖို့အတွက် ငွေကြိုပေးထားပြီး အခုချိန်ထိ အချိန်မီ ရောက်မလာတဲ့အတွက် စိတ်ပူပြီး မင်းဆီကို လွှတ်လိုက်တယ်။ အဲဒါ မင်း တွက်ချက်စစ်ဆေးပြီး ယတြာလေးဘာလေး ပေးဖို့ပါပဲ"ဟု ပြောလေ၏။

ကျွန်ုပ်၏ အစ်မဝမ်းကွဲဖြစ်သူ ဒေါ်သန်းသန်းမူသည် ရေတံ၊ ကြက်သွန်ပွဲရုံ ထောင်ထားသူဖြစ်ပြီး ပွဲရုံလုပ်ငန်း၏ ထုံးစံအတိုင်း ကြိုတင်ငွေ ထုတ်ပေးထားသည်များ ရှိ၏။ ရေတံ၊ ကြက်သွန်ပေါ်ချိန်၌ အချိန်မီ ပစ္စည်းမရောက်လျှင် ရင်တမမဖြင့် စောင့်မျှော်ရ၏။ ပွဲရုံလုပ်ငန်း လုပ်သူတိုင်း၏ စိတ်သောကတစ်ခုပင် ဖြစ်လေ၏။ ကျွန်ုပ်လည်း အစ်မဖြစ်သူ၏ မွေးသက္ကရာဇ်များကိုယူပြီး ကျွန်ုပ်၏ တတ်ကျွမ်းထားသော ပညာရပ်များနှင့် ပေါင်းစပ်ကာ တွက်ချက်ကြည့်၏။ အစ်မ၏အသက်မှာ ၆၄ နှစ်ဖြစ်၍ ရာဟုသက်ရောက်ဖြစ်နေကြောင်း တွေ့ရ၏။ ကျွန်ုပ်က -

"ဘကြီး အစ်မကို ပြောပြလိုက်ပါ။ နယ်ကပစ္စည်းတွေ အချိန်မီ ရောက်လာပါလိမ့်မယ်။ ကျွန်တော်ပြောတဲ့ ယတြာကိုလည်း လုပ်ပါ" ဟု ပြောနေစဉ် ဘကြီးဖြစ်သူက

"ပွဲရုံလုပ်ငန်း ပိုပြီးအဆင်ပြေအောင်လည်း လုပ်ပေးပါဦး"ဟု ပြောလေ၏။ ကျွန်ုပ်က -

"ကျွန်တော်ကိုယ်တိုင်ပဲ သေသေချာချာ ရေးပေးလိုက်ပါ့မယ်"ဟု ပြောရင်း အောက်ပါအတိုင်း ရေးပေးလိုက်၏။

ပျဉ်ပြားငယ်တစ်ချပ်မှာ မိမိဖြစ်ချင်သော အကြောင်းအရာကိုရေးပါ။ စားပွဲတစ်လုံးပေါ်မှာ ၎င်းပျဉ်ပြားကိုမှောက်ပြီး ပျဉ်ပြားပေါ်မှာ အကျီချုပ်သော အပ်တစ်ချောင်းတင်ပါ။ အပ်ချောင်းပေါ်တွင် မတ်စေ့ (၂၅)ပြားစေ့ တစ်စေ့တင်ပါ။ ထိုမတ်စေ့ပေါ်မှာ ဖယောင်းတိုင်တစ်တိုင်ထွန်းပါ။ ထွန်းထားသော ဖယောင်းတိုင်ကို စေ့စေ့ကြည့်ပြီး ပစ္စည်းအမြန်ရောက်ပါစေဟု ကိုးကြိမ်ရွတ်ဆိုပါ။ ခုနစ်ရက်တိတိပြုလုပ်လျှင် အကြောင်းထူးပါလိမ့်မည်။ ပွဲရုံမှာ ကြေးခေါင်းလောင်းငယ်တစ်လုံး ဆွဲထားပြီး မကြာခဏ တီးခတ်ပေးလျှင် ပွဲရုံလုပ်ငန်းလည်း ပို၍ အလုပ်ဖြစ်ပါလိမ့်မည်။

ဟု ရေးပြီး ဘကြီးအား လှမ်းပေးလိုက်၏။ ဘကြီးဖြစ်သူသည် ကျွန်ုပ်ရေးပေးလိုက်သော အကြောင်းအရာကို စေ့စပ်သေချာစွာ ဖတ်ပြီး -

"ငါ့တူ ပျဉ်ပြားငယ်တစ်ချက်က ဘယ်အရွယ်လောက်ကိုဆိုလိုတာလဲ။ မှောက်ပြီးထားရမယ်ဆိုတာလည်း မရှင်းဘူး" ဟု မေးရာ ကျွန်ုပ်က -

"ပျဉ်ပြားငယ်က ခြောက်လက်မ၊ ရှစ်လက်မ ပတ်လည်အရွယ်ဆိုရင် ရပါတယ်။ မိမိဖြစ်ချင်တဲ့ အကြောင်းအရာအခက်အခဲ ရေးထားတဲ့စာကို မှောက်ထားရပါမယ်"

ဟု ပြောလိုက်၏။ ဘကြီးဖြစ်သူက -

"ကြေးခေါင်းလောင်းငယ် ဆွဲတာကရော လူတိုင်းလုပ်လို့ ဖြစ်သလား။ ဘာအဓိပ္ပာယ်လည်း ငါ့တူရ။ ဘကြီးကို ရှင်းပြပါဦး"ဟု မေးမြန်းလေ၏။ ကျွန်ုပ်က -

"ခေါင်းလောင်းဆိုတာက တနင်္လာ၊ ဗုဒ္ဓဟူးလေ၊ ငွေလာ၊ ငွေဝင်၊ လူခေါ်တဲ့မှတ်ပေါ့။ ငွေရှင်စေချင်ရင် လူများများ လာစေချင်ရင် ခေါင်းလောင်းလေးတစ်လုံး ချိတ်ထားပြီး လုပ်နေပေတော့"ဟု ပြောလိုက်ရာ ကျွန်ုပ်၏ ဘကြီးလည်း

"ငါ့တူဆီလာတာ ဘကြီး ဗဟုသုတတစ်မျိုးတိုးတယ်"

ဟု ပြောရင်း မေတ္တာပို့ ဆုတောင်းပေးပြီး ပြန်သွားလေတော့၏။

**ဖြိုးဟန်ကျော်(ကော့သ)**



www.burmeseclassic.com

www.burmeseclassic.com

# လူစုံသဘာဝ ထပ်လူမျှ၍

## သောင်းညွှတ်(ပန်းယော်ကျွန်း)

လူသည် နတ်ဘုံနတ်ဘဝကို မလေ့လာသင့်။ လူ့ဘုံ လူ့ဘဝကို လေ့လာမှသာ လူ့လောက လူ့သဘာဝအမြင် အသိ တိုးပွားနိုင်ကြောင်း ရှေးပညာရှိများ ပြောစကားကို ကြားဖူးနားဝရှိရပါသည်။ ယခုအချိန်၌ မိမိမှုကား နတ်မဟုတ် လူမဟုတ် တိရစ္ဆာန်တစ်ကောင်ကို လေ့လာနေမိ၍ မိမိအဖြစ်ကို ပြုံးမိပါသည်။ ကိုယ်တိုင် ခံစားချက်နှင့် နှိုင်းယှဉ်လျက် ဖြစ်ပေါ်လာသည့် အာရုံခံစားမှုကို တိရစ္ဆာန်စိတ် ဝင်စားသည် ဟုပင် ဆိုလိုချင်လောက်အောင် တုန်လှုပ်ခံစားရစေသည်မှာ မိမိ၏ မြေးမငယ် မွေးမြူစောင့်ရှောက် ကျွေးမွေးထားသော ကြောင်မတစ်ကောင်၏ ဆွဲငင်အားကြောင့် ဖြစ်ပါသည်။

မြေးမငယ်သည် သူမတို့အိမ်သို့ အလိုအလျောက် ရောက်လာသော ကြောင်မတစ်ကောင်ကို အစာကျွေးမွေးထားသည်။ မြေးတို့ထံသို့ အလည်တစ်ပတ်ခန့် သွားခဲ့ရာ ထိုကြောင်မ၌ ကိုယ်ဝန်အရင့်အမာရှိနေသည်ကို တွေ့ရသဖြင့် မြေးငယ် ကျောင်းသွားချိန်တွင် မိမိသည် အစာကျွေးသည့် တာဝန်ကို ယူထားသည်။ ဤအသက်အရွယ်တိုင် အိမ်မွေး တိရစ္ဆာန် ခွေး၊ ကြောင်တို့ကို စိတ်ဝင်စားကာ ကျွေးမွေးခြင်း မရှိသည့် မိမိအား ဤကြောင်မက ဆွဲဆောင်ကာ ကြောင်ဘဝကို လေ့လာစေပါသည်။ ကြောင်မသည် ထမင်း၊ ငါးဟင်းရော နယ်ကျွေးသည်ကို မစား။ အသားကြော်၊ ငါးကြော်ကျွေးသည်ကိုလည်း မစား။ ကြောင်စာဟု ယနေ့ရောင်းနေသော အစာတစ်မျိုးကိုသာ စားသည်။ စားမကုန်သော လက်ကျန် အစာကိုပင် မစား၍ ကျန်လျှင် လွှင့်ပစ်ရသဖြင့် သင့်တော်ရုံ ထည့် ကျွေးရသည်။ စားလိုလျှင် လူအနီးသို့လာ၍ ညောင် ညောင်သံပေးကာ တောင်းတတ်ပြီး စားပြီးပါက လူအနီးသို့ ကပ်လေ့ မရှိကြောင်း မြေးမငယ်ပြောသဖြင့် သိရပါသည်။ သုံးလေးရက် ခန့်ကြာသော် မိမိမှာ ထိုကြောင်ကို မသိမသာ လေ့လာမိကြောင်း သတိမူမိပါသည်။ အပေါ့အလေးစွန့်လျှင် အိမ်နောက်ဘက်မြေကြီး၌ စွန့်လေ့ရှိပြီး အိမ်အပေါ်ထပ်သို့ပင် ကိုယ်ဝန်ရှိနေ၍ တက်ခြင်း၊ ဆင်းခြင်း မပြုလုပ်ဘဲ အေးဆေးစွာ နားနေအိပ်စက်သည်။ မိမိရောက်သည့် အချိန် အတောအတွင်း ကိုယ်ဝန်ရှိခြင်းကြောင့်ဟု ထင်နေမိရာ မြေးမငယ်က ရောက်စကပင် ယနေ့ထိ သူ့စတိုင်က ဒီအတိုင်းပါဟု ပြောပါသည်။ သူမသည်လည်း ကြောင်ကို ပလူးပလဲ ချစ်ပုံမပြ။ ရောက်လာသောကြောင့် ကျွေးမွေးစောင့်ရှောက်ထားသည်။ ကြောင်ရှိတော့ ကြွက်သက်သာသည့်သဘောမျှ ဖြစ်ပေမည်။ တစ်နေ့တွင် မိမိတစ်ဦးတည်း ဂျာနယ်တစ်စောင်ကို ဖတ်နေပါသည်။ ထိုကြောင်မသည် မိမိအနီးသို့ ရောက်လာကာ ညောင်သံပေးလိုက်၊ အိမ်နောက်ဘက်သို့သွားလိုက် အကြိမ်ကြိမ်ပြုလုပ်ပါသည်။ အစာတောင်းသည်ထင်၍ အစာထည့်ကျွေးသော်လည်း မစားချေ။ ညောင် ညောင်မည်၍ ရောက်ယက်ခတ်သဖြင့် သူသွားရာနောက်သို့ လိုက်သွားပါသည်။ မိမိအား ပြန်ကြည့်ပြန်ကြည့် အသံပေးလျက် အိမ်ခြံအဆုံး သီးခြားရှိသော အိမ်ငယ်ပေါ်သို့ တက်သွားပါသည်။ မိမိလည်း ထိုအဆောင်ပေါ်သို့ လိုက်ပါလျက်နှင့် သူ့အားကြည့်ရာ ထောင့်တစ်နေရာရှိ စက္ကူပုံးထဲသို့ ဝင်သွားကာ မိမိအား ကြည့်နေပါသည်။ ထိုနေရာတွင် စက္ကူပုံးလွတ်၊ ပီနမ်အိတ် စသည့် တိုလီမိုလီများထားရှိသော စတိုခန်းသဖွယ် ဖြစ်နေသည်။ ကြောင်မ ဝင်သော စက္ကူပုံးအဖုံးမှာ တံခါးသဖွယ်ဖြစ်နေသော ဘေးစောင်းအနေအထားဖြစ်၍ ကြောင်မ၏ မွေးဖွားရာ နေရာရှာတတ်ပုံကို သတိထားမိပါသည်။ ကြောင်မက ကလေးမွေးတော့မည်ဟု မိမိအား အသိပေးခြင်း ဖြစ်လိမ့်မည်ဟုတွေး၍ မိမိမှာ ကြောင်စကားကို နားလည်သယောင်နှင့် ကြောင်စိတ်ဝင်စားကာ ထိုကြောင်မကို မျက်



www.burmeseclassic.com

www.burmeseclassic.com

ခြည်မပြတ် သတိထားနေမိပါသည်။


ညနေစောင်း နေညိုချိန်တွင် တစ်ဖန်ရောက်လာပြီး ညောင်သံပေးပြန်သည်။ အစာကျွေးသော်လည်း မစားဘဲ ထိုအဆောင်ပေါ်သို့ မိမိအား မျှားခေါ်သဖြင့် လိုက်၍ကြည့်ရာ ကြောင်လေးတစ်ကောင် မွေးထားပြီးကြောင်း ပြသနေသည်။ မြေးမငယ်ရောက်သောအခါ ကြောင်မမွေးပြီဟု ပြောပြသဖြင့် တက်ကြည့်သောအခါ နှစ်ကောင်မွေးပြီး ဖြစ်နေသည်။ နောက်နေ့၌ ညောင်သံပေး၍ ရောက်လာသဖြင့် အစာကျွေးသော်လည်း မစားချေ။ တစ်နေကုန် မကြာခဏ အသံမြည်နေသော်လည်း အစာမစားသည်ကို နားမလည်နိုင်ဖြစ်ရပြန်သည်။ ညဘက် လူတွေ အိပ်ရာဝင်သောအခါ ကြောင်မ သားအမိရှိသော အိမ်လေးပေါ်မှ ကြောင်ကိုက်သံဆူညံသဖြင့် အမြန်တံခါးဖွင့်ကြည့်ရာ ကြောင်ကြီးတစ်ကောင် တစ်ဖက်ခြံသို့ ထွက်ပြေးသည်ကို မြင်လိုက်ရပါသည်။ နောက်ထပ်တစ်ဖန် ကြောင်အချင်းချင်း တိုက်ခိုက်သံကြောင့် ထွက်၍ အော်ဟစ်မောင်းထုတ်ရပြန်သည်။ ဤတွင် ကြောင်ထီးတို့မည်သည် မွေးကင်းစကြောင်ထီးငယ်တို့ကို ကိုက်သတ်လေ့ရှိသည်ဟူသော ရှေးလူကြီးသူမတို့ ပြောစကားကို သတိရမိကာ ကြောင်ပေါက်လေးနှစ်ကောင်ကို စစ်ဆေးကြည့်ရာ ကြောင်ထီးလေးများ ဖြစ်နေပါသည်။ ထို့ကြောင့် မိမိမှာ စိတ်မချနိုင်သဖြင့် စက္ကူပုံးကြောင်အိမ်ကို မချိယူလာကာ အိမ်အောက်ထပ် အခန်းလွတ်၌ နေရာချကာ အခန်းတံခါးကို ပိတ်ထားပြီး စိတ်ချလက်ချ အိပ်လိုသော်လည်း အိပ်မရနိုင်လောက်အောင် ကြောင်သဘာဝကို အတွေးပိုကာ လေ့လာနေမိပါတော့သည်။

ကိုယ့်သဘာဝကိုယ်သိသော ကြောင်မသည် သားလေးနှစ်ကောင် အသက်ဘေးမှ လွတ်မြောက်ရှင်သန် ကြီးမြင့်ရေးကို စိုးရိမ်သောခံစားချက် ပေါ်လွင်အောင် သရုပ်ဖော်ပြသည်။ အသက်စွန့်ကာ မွေးဖွားထားသော သားမျိုးဆက်အပေါ် ချစ်ကြင်နာသည့် အတွယ်အတာ သံယောဇဉ်မေတ္တာဖြင့် သားတို့ အသက်ရှင်မည့်အရေး ကြောင့်ကြအားစိုက်၍ ကြောင်ထီးကို ခုခံတိုက်ခိုက်သည့် အားမာန်သတ္တိစွမ်းအားကို ကိုယ်တိုင်မြင်တွေ့ရသောကြောင့် မွေးမိခင်တို့၏ မေတ္တာဆိုသည်မှာ လူသားနှင့်တိရစ္ဆာန် မကွဲပြားကြောင်း တူစုံသဘာဝထပ်တူမျှ၍ တွေးတောယူဆမိပါသည်။ "ကိုယ်ဝန်ဆောင်မိခင်သည် သုသာန်သချိုင်းဆီသို့ ခြေတစ်ဖက်လှမ်းနေသည်" ဟူသော ရှေးရိုးစဉ်လာ ပြောစမှတ်စကားသည် မိခင်တိုင်း၏ အသက်စွန့်ရဲသော သတ္တိကို တင်စားပြောဆိုခြင်း ဖြစ်ပေမည်။ မိခင်လောင်းတစ်ဦး သားသမီးမွေးဖွားနိုင်ရန် အားထည့်စိုက်ထုတ်ရသည့် ခွန်အားသည် နှစ်ကြည်ရှည်လေ့ကျင့်ပြီး ကျွမ်းကျင်သော ဘောလုံးချန်ပီယံကစားသမား၏ အားသွန်ကန်သည့် အရှိန်ထက် အဆပေါင်းရာချီ တောင့်တင်းသန်မာပြင်းထန်သည်ဟူ၍လည်း ဖတ်မှတ်ဖူးပါသည်။ ခန္ဓာဗေဒ ဇီဝကာအတတ်သဘာဝ အံ့မခန်းမှုဖြင့် တည်ဆောက်ထားသော မိခင်တို့ စွမ်းအင်သည်ကား မယုံကြည်နိုင်အောင်ပင် ထူးဆန်းလှပေသည်။ အိမ်မွေးတိရစ္ဆာန် ကြောင်မိခင်နှင့် လူမိခင်တစ်ဦး "တူစုံသဘာဝ ထပ်တူမျှ၍" လေ့လာစူးစမ်းသော သဘာဝ အမှန်သဘောကို စောကြောသိမြင် စာနာစိတ်ဝင်နိုင်ကြောင်း ကိုယ်တွေ့အသိနှင့် ဂယောဆက်ကာ လူသားအချင်းချင်း လေ့လာညှိနှိုင်း စည်းလုံးညီညာ မေတ္တာပွားများနိုင်သည်။ အပြန်အလှန် ပဒေသရ ဝေမျှချစ်ခင်ကာ အများအကျိုး၊ နိုင်ငံအကျိုး သယ်ပိုးဆောင်ရွက် မေတ္တာသစ္စာ ကရုဏာ စသည်တို့ ပွားများတိုးတက်စေကြောင်း ရည်မှန်းတောင့်တစိတ် ဖြစ်မိပါတော့သည်။

**သောင်းညာထပ်(ပန်းတော်ကျွန်း)**

၁၉-၄၅၀၆၇၉၀၄

www.burmeseclassic.com



# ပုဂ္ဂိုလ်ထူး

မောင်တော်ထိန်

အမည်က ဦးငြိမ်း။ အစိုးရဝန်ထမ်း ပင်စင်စား။ ဝန်ထမ်းဘဝ နားလိုက်သည်နှင့် သူအလွန်ဝါသနာပါရာ ကုသိုလ်ဖြစ် နိဗ္ဗာန်ဆော်အလုပ်ကို လုပ်လေသည်။ မည်သည့်နေရာတွင် အလှူခံရန်ရှိသလဲ။ ကျောင်းအတွက်လား၊ ဘုရားအတွက်လား၊ လမ်းအတွက်လား၊ ရပ်ကွက်အတွက်လား၊ ကထိန်အတွက်လား၊ ဘာအတွက်ဖြစ်ဖြစ် ဦးငြိမ်းကား "မိုက်"တစ်လုံးကိုင်ပြီး မြသပိတ်ထဲ သူအိတ်ထဲက သင့်တော်သလောက် အလှူငွေထည့်ကာ နိဗ္ဗာန်ဆော်ပါတော့သည်။ အရှေ့ အနောက်၊ တောင်၊ မြောက် ဘယ်ရပ်ကွက်ကခေါ်ခေါ် ဦးငြိမ်းက စေတနာ့ဝန်ထမ်း ကူညီ၏။ သူ၏လုပ်အားခ တစ်နေ့ ဘယ်လောက် ဘယ်မျှ ဘယ်တော့မှ မယူ၊ မတောင်း။ စေတနာနှင့်ကျွေးရင်တော့ စားရပေ၏။ တစ်ခါတစ်ရံတော့ မိမိအိမ်တွင် စား၏။ စားပြီးမှ ခေတ္တနားကာ အလှူခံမဏ္ဍပ်သို့ ပြန်၏။ တစ်ရက်ဆိုတစ်ရက်၊ နှစ်ရက်ဆိုနှစ်ရက် မောသည်၊ ပန်းသည် သဘောမှာမထား။ ဟောလည်း ဟောနိုင်သည့် ဦးငြိမ်းပါပေ။ ရပ်ကွက်ထဲ ဦးငြိမ်း အသံကြားသည်နှင့် အခြား အလှူခံတွေလိုမဟုတ်။ ဦးငြိမ်း၏ အလှူရှင်ပရိသတ်က လှူမြဲ တန်းမြဲ။ ဟောခနဲ ဟောခနဲ ရှိတာကို ရှာကျန်လှူကြတန်း ကြပါတော့သည်။ သည်လိုသည်လို ဦးငြိမ်းပင်။



www.burmeseclassic.com

www.burmeseclassic.com

ဦးငြိမ်းက အပြောလည်းကောင်း၊ အဟောကလည်းကောင်း၊ ဟောပြောပုံက ပီပြင်သလို ဗုဒ္ဓ၊ ဓမ္မ၊ ပုံပြင်၊ ဝတ္ထု၊ ကိုယ်တွေ့၊ စာတွေ့ လက်တွေ့များကို အသံအားကောင်းကောင်းဖြင့် ရှင်းလင်းပြတ်သားစွာဟောပြောနိုင်၏။ အကြောင်းအရာမထပ်စေရ။ ဟောသည့် အသံသြဇာပြတ်သားသလို မာနသံမပါ၊ ဟိန်းဟောက်သံမပါ၊ ပညာပြသံမပါ။ စေတနာ အားသာ ပါလေသည်။ အဟောကောင်းသလို အပြောကောင်း၍ မနောကောင်းသူလည်း ဖြစ်ပါသည်။

တစ်ညနေ ဦးငြိမ်းနှင့် စာရေးသူတို့ စပ်မိစပ်ရာ တွေ့ရာလေးပါးပြောရင်း ဦးငြိမ်းက ကောင်းမှုကုသိုလ်၏ အကျိုးသည် တစ်ချိန်တွင် အမှန်တကယ် အကျိုးပြုတတ်ကြောင်း၊ ကောင်းမှုကုသိုလ်ကြောင့် အရေးကြုံက ကယ်မည့်သူ၊ ကူညီမည့်သူ ရောက်ရှိပေါ်ပေါက်လာတတ်ကြောင်း၊ ထို့ကြောင့်ပင် ဆရာတော်ကြီးများ၊ လူကြီးသူမများ၊ အဖေအမေ အဘိုးအဘွားတို့က ကောင်းမှုကုသိုလ်တစ်ခု နေ့စဉ်ပြုမိကြစေရန် အဆင့်ဆင့် မှာကြားခဲ့ကြကြောင်း။

ဗုဒ္ဓဘာသာ ထုံးတမ်းစဉ်လာအရ ကံ-ကံ၏အကျိုးရယ်၊ ကုသိုလ်ရယ်၊ အသိဉာဏ်ရယ် ပေါင်းစပ်လိုက်ပါက ကူညီမည့်သူ၊ ကယ်မည့်သူ ပေါ်လာတတ်ခြင်းဖြစ်ကြောင်း၊ လူဟူသည် သေမျိုးပင်ဖြစ်သော်လည်း သေနေ့စေ့၍ သေရခြင်းကို လက်ခံနိုင်သကဲ့သို့ မသေသင့်ဘဲ သေခြင်းကာ သတိနှင့် ဉာဏ်မြေကတုတ်ကို ဂရုမပြုမိခြင်းကြောင့်သာဖြစ်ကြောင်း၊ ထို့ကြောင့် သေခြင်း၊ မသေခြင်း၊ ကံဆိုးခြင်း၊ ကံကောင်းခြင်းတို့သည်ကား မြန်မာဗုဒ္ဓဘာသာလူမျိုး၊ ဗုဒ္ဓဘာသာကို ယုံကြည်သက်ဝင်စေသူတစ်ယောက်အနေဖြင့် ယုံကြည်လက်ခံ ရမည်ဖြစ်ပါကြောင်းကို ဦးငြိမ်း၏ ကိုယ်တွေ့အဖြစ်အပျက်က သက်သေခံလျက်ရှိပါကြောင်း ဖော်ပြရသော်

အချိန်က ၁၉၇၈ ခုနှစ်။ ဦးငြိမ်းသည် ခြံတစ်ခြံဝယ်လိုက်ပါသည်။ ဝန်ထမ်းဆိုတော့ ရမည့်ဆုကြေးနှင့် မိမိစုထားသည့် ငွေလေးနှင့် နောင်ရေးအတွက် (ဝါ) သေရေးအတွက် စိုက်ပျိုးရေး လုပ်မည်ပေါ့။ တွေးမိသည်က ပန်းစိုက်မည်။ ခြံက ရန်ကုန်မြို့တော်ကြီးနှင့် မနီးမဝေးမင်္ဂလာဒုံမြို့နယ်အပိုင်က ပန်းစိုက်သည့် ပန်းရွာကလေးတစ်ရွာ။ ထိုရွာကလေးမှ ပန်းများကား မြို့တော်ရန်ကုန်အတွက် သုံးစွဲမှု တစ်စိတ်တစ်ဒေသကို ပံ့ပိုးနေသည့် ရွာကလေး။ ခြံအကျယ် က အလျားပေ ၂၀၀၊ အနံပေ ၁၀၀။

ခြံဝယ်ပြီး ဂန္ဓမာပန်းစိုက်နည်းကို လေ့လာသင်ယူ ရင်း စိုက်ပျိုးရေး စပါတော့တယ်။ လုပ်ငန်းကို ဦးလေးဖြစ်သူနဲ့ သားသုံးယောက် ပူးပေါင်းလုပ်ကိုင်ကြပါတယ်။ ပန်းခင်းကြီး ကို စောင့်ဖို့နဲ့ နေဖို့ ယာယီတဲကြီး ထိုးထားပါတယ်။ စိုက်ပျိုး ရေးရဲ့ အဓိကက ရေပါ။ ရေအတွက်ကတော့ ခြံဝယ်စဉ် ကတည်းက ပါတဲ့ ရေတွင်းကြီးရှိပါတယ်။ ရေတွင်းအနက်က ပေငါးဆယ်။ ရေတွင်းထဲမှာ နှစ်လက်မပိုက် ရှိပါတယ်။ ပိုက် က သံပိုက်ပါ။ အဲဒီ သံပိုက်ကနေ ရေလျှံတွင်းသဘော ရေ အမြဲထွက်နေပါတယ်။ ဒါကြောင့် ရေအတွက် ပူပင်စရာ မလိုပါ။ ရေက အမြဲ သံပိုက်အထက် သုံးပေလောက်အထိ ထွက်ပါတယ်။ အဲဒီထက် မပိုပါဘူး။ ခပ်လို့ လျော့သွားရင် လည်း သုံးပေထိ ပြန်တက်ပါတယ်။

ရေတင်ပုံကတော့ ရေတွင်းကို ကျောက်ပြားကြီးတင် ပြီး ကန့်လန့်ခင်းထားပါတယ်။ အဲဒီနေရာကနေ ပေငါးဆယ် နက်တဲ့ ရေတွင်းထဲကရေကို မောင်းတက်နဲ့ ဆွဲတင်ပါတယ်။ အဲဒီအချိန်က လျှပ်စစ်မီးမရှိသေးတော့ မောင်းတက်ကြီးကို ပဲ အားကိုးရပါတယ်။ လူအားကတော့ အပြည့်အဝ စိုက်ရ တာပါဘဲ။ လုပ်နေကျသွားတော့လည်း မခက်ခဲတော့ပါဘူး။ ဒီလိုနဲ့ စိုက်လိုက်ပျိုးလိုက်ကြတာ ဂန္ဓမာပန်းတောင်ပေါ်

> ဒီလေးငါးမိနစ်တွင် မထင်မှတ်သော
> မကြုံဖူးသော၊ သေသင့်သေထိုက်သော
> သေဘေးကို ကြုံလိုက်ရခြင်းဖြစ်ပေသည်
> ထိုအချိန်လေးတွင် ကယ်တင်ရှင်
> ပုဂ္ဂိုလ်ထူးကို အပြေးလိုက်၍ရှာပါသော်လည်း
> ပျောက်ခြင်းမလှ ပျောက်သွားလေပြီ။

www.burmeseclassic.com

ထွက်တဲ့အထိ ဖြစ်လာပါတယ်။ ဒါပေမဲ့ အားထားနေရတဲ့ ရေဟာ တဖြည်းဖြည်း နည်းလာတာပါပဲ။ ရေနည်းသွားတာနဲ့ အမျှ ရေခပ်ရတာ ပြဿနာဖြစ်လာသလို ပန်းပင်တွေ အတွက်လည်း စိုးရိမ်မိတာပေါ့။ ကြာလေနည်းလေဖြစ်လာတဲ့ ရေကို ဘာကြောင့် ဒီလိုအထွက်နည်းရတယ်ဆိုတာ ဦးလေးနဲ့ တိုင်ပင်ပါတယ်။ နောက်ဆုံး ရေတွင်းထဲဆင်းကြည့်ဖို့ ဆုံးဖြတ်ကြပြီး တွင်းထဲဆင်းဖို့ စီမံကြပါတော့တယ်။ ပန်းအရောင်းအဝယ်က တက်လာတော့ ရေမရှိလို့ လုံးဝမဖြစ်ဘူးပေါ့။

ရေတွင်းထဲဆင်းဖို့ ဝါးလုံးတောင့်တောင့်တင်းတင်း ရှည်ရှည်ကို တွင်းထဲချပြီး လျှောဆင်းလို့ ရေတွင်းထဲက ပိုက်ကိုကြည့်တဲ့အခါ ပိုက်ခေါင်းဟာ နှစ်များကြာလို့ ဆွေးမြည့်နေတာ တွေ့ရပါတယ်။ နောက်တစ်ခါ ရေဆွဲတဲ့အခါ ရေပုံးနဲ့ပိုက် ပွတ်ဖန်များတာကြောင့် ရေပိုက်ဟာ အက်ကြောင်းတွေဖြစ်ပြီး ကွဲနေပါတယ်။ နောက်တစ်ခုက ပိုက်ထဲမှာများတစ်ခုခု ဆို့နေသလားထင်ပြီး ရေတွင်းစက်တူးဆရာတွေခေါ်လို့ ပိတ်ဆို့နေတာတွေပွင့်အောင် လေနဲ့မှုတ်ထုတ်စေပါတယ်။ အဲဒီလို လေနဲ့မှုတ်တဲ့အခါ ဆွေးမြည့်နေတဲ့ သံပိုက်ဟာ လေအရှိန်ကြောင့် ကွဲထွက်သွားပါတော့တယ်။ ပိုက်ကွဲသွားတော့ ရေလုံးဝမထွက်တော့ပါ။ ဒီတော့ ရေထွက်အောင် ရေတွင်းကို ဆက်တူးရုံပဲ ရှိတဲ့အတွက် ဦးလေးနဲ့ သားနှစ်ယောက်က တူးကြပါတော့တယ်။ ရေရလိုဇောနဲ့ အင်နဲ့အားနဲ့ တူးလိုက်ကြတာ ဦးငြိမ်းနဲ့ သားတစ်ယောက်က ရေတွင်းပေါ်ကနေ ထွက်လာတဲ့ မြေကြီးတွေကို ပုံးနဲ့ဆွဲတွင်ကြလို့ သားနှစ်ယောက်နဲ့ ဦးလေးကလည်း တူးလိုက်ကြတာ ပေနှစ်ဆယ်အနက်လောက် ရောက်သွားပါတယ်။ အရွယ်ကောင်းသားတွေနဲ့ ဦးလေးရဲ့ ကြိုးစားတူးမှုကြောင့် ပေနက်လာလေလေ လေရှူဖို့ ခက်လေလေဖြစ်လာတဲ့အတွက် အပေါ်က လူတွေက ရေတွင်းထဲကို လေရအောင် သစ်ကိုင်းနှစ်ကိုင်းကိုချိုးအရင်းက ကြိုးနဲ့ချည်ပြီး အပေါ်ဆွဲတင်လိုက် အောက်ချလိုက် လုပ်ပေးရပါတယ်။ ယပ်တောင်ခပ်တဲ့သဘောပေါ့။ ဒါကြောင့် လေအတွက် မပူရတော့ပါဘူး။

ဒီနည်းကိုမသိဘဲ ရေတွင်းထဲ အမှတ်မဲ့ဆင်းကြတဲ့ လူတွေ အသက်စတေးခဲ့ရတာ မနည်းဘူးပေါ့။ ဒီလိုနဲ့ အားပါးတရ ဆက်တူးကြတဲ့အခါ တဒုတ်ဒုတ်နဲ့ မြေကြီးမှာ တစ်ခုခု ခံနေလို့ ဘေးကို ဝိုက်တူးကြတော့ သစ်ပင်ပင်စည်ကြီးခင်ဗျ။ ပင်စည်ကြီးမှ ကျောက်ဖြစ်နေတဲ့ ပင်စည်ကြီးခင်ဗျ။ ဘယ်လောက်ရှိမလဲဆိုတော့ လုံးပတ်က လူနှစ်ဖက်စာလောက်ရှိပါတယ်။ ဒီလောက်ကြီးပြီး ကျောက်ဖြစ်နေတဲ့ သစ်ပင်ကြီးခံနေတာကြောင့် ဘာဆက်လုပ်ရမည်ဆိုတာကို စဉ်းစားမရအောင် ဖြစ်ကုန်ပါလေရော။ တူးထားတဲ့ မြေကြီးတွေဟာလည်း ရေတွင်းပတ်ချာလည်မှာ တစ်ပုံတစ်ပင်ကြီးပါ။ မြေအရောင်တွေက မြေဝါ၊ မြေပြာ၊ မြေပြာမျိုးဟာ သာမန်မြေမျိုး။ အဲဒီအောက်ကမှ ဂဝံကျောက်မြေ။ သာမန်မြေမျိုးက ငါးပေလောက်တူးပြီးရင် ဂဝံကျောက်မြေ၊ ဂဝံကျောက်မြေက ပေ ၃၀ လောက် တူးရပါတယ်။ ဂဝံမြေကျော်တာနဲ့ မြေဝါ၊ မြေဝါအောက်မှာက မြေပြာ။ မြေပြာထဲရောက်တော့ ခုနကပြောတဲ့ ကျောက်ဖြစ်နေတဲ့ သစ်ပင်ကြီးကို တွေ့ရတာပါ။

ကျောက်ဖြစ်နေတဲ့ သစ်ပင်ကြီးကို အရောက်မှာ ပေခြောက်ဆယ်၊ ခုနစ်ဆယ်လောက် ရှိပါပြီ။ တူးနေတာလည်း ဒီနေ့ဆို သုံးရက်မြောက်ပါပြီ။ ခက်သည်က တူးရင်းတူးရင်း အဲဒီမြေပြာတွေကို ရောက်တဲ့အချိန်ထိ ရေဆိုတာလုံးဝ မထွက်သေးပါ။ သို့သော် ဦးငြိမ်းတို့လူစု ရေလိုဇောနဲ့ စိတ်ထဲက ထပ်တူကြမည်ပေါ့။ နေ့လယ် ၁၁ နာရီလောက် ဆက်တူးနေကြတုန်း ရေတွင်းပေါ်က မြေကြီးသယ်နေတဲ့ ဦးငြိမ်းအောင်ကို အရှေ့ဘက်က လျှောက်လာတဲ့ လူတစ်ယောက်က -

"ညီလေး• • •ဆက်တူးမနေနဲ့တော့ ရေမရှိဘူးကွ။ တွင်းထဲကလူတွေကို တက်ခိုင်းလိုက်ပါ။ ဆက်တူးလို့လည်း ရေတွေ့မှာမဟုတ်ဘူး။ မြေပြာတွေထဲတောင် ရောက်နေပြီ"

လို့ ပြောပြီး အရှေ့ဘက်ကို လှသွားလမ်းကျဉ်းလေးအတိုင်း ဆက်သွားလေရဲ့။ လူပုံစံကတော့ သာမန်ပါပဲ။ အသားညိုညို၊ အရပ်မနိမ့်မမြင့် အသက်က ငါးဆယ်လောက်ရှိမယ်။

သူပြောသွားပြီး မကြာခင် ဦးငြိမ်းက ချက်ချင်းပဲ



www.burmeseclassic.com

www.burmeseclassic.com

ဦးလေးနဲ့ သားနှစ်ယောက်ကို တက်ခိုင်းလိုက်ပါတယ်။ သားနှစ်ယောက်က အရင်တက်လာပြီး ဦးလေးက နောက်ဆုံးမှ တက်လာပါတယ်။ သုံးယောက်သားတက်ပြီး ရေတွင်းပေါ် ရောက်ပြီး ဘာမှမကြာ ရေတွင်းထဲက "ဝေါဝေါ···ဟီးဟီး ဟဲဟဲဟဲ"ဆိုတဲ့ အသံကြီးကြားလိုက်ရတယ်ဆိုရင်ပဲ ငါးယောက်သား ဘာမှမစဉ်းစားနေတော့ဘဲ တိုင်ပင်ထားသလို အလန့်တကြား ပြေးမိပြေးရာ ထွက်ပြေးကြပါတော့တယ်။ မကြာခင်အချိန် ရေတွင်းထဲက အသံကြီး ငြိမ်သွားတော့မှ အကြောက်ပြေသွားသော်လည်း အသားတွေ တဆတ်ဆတ် တုန်နေတဲ့ ဦးငြိမ်းဟာ ရေတွင်းထဲ ဘာဖြစ်တယ်ဆိုတာကို သိပ်သိချင်တာနဲ့ အရဲစွန့်ပြီး လေးဘက်တွားသွားရင်း ကြည့်ရကောင်းမလား။ မကြည့်ဘဲနေရင်ကောင်းမလား။ မကြည့်ဘဲလည်း စိတ်က မနေနိုင်။ ဘာတွေများ ဖြစ်ကုန်ပြီလဲဆိုတာ သိချင်ဇောနဲ့ တော်လဲသံကြီး ဘာကြောင့်ဖြစ်လာရတာလဲ တွေးရင်း တွားသွားလျက်နဲ့ဘဲ ရေတွင်းနားကို ရောက်လေလေ ရင်တွေတုန်လာသလို ချွေးစေးတွေ တဒီးဒီး ကျနေပါတယ်။

ရင်တွေ ဘယ်လိုပဲခုန်ခုန်၊ နှလုံးတွေ ဘယ်လိုပဲ တုန်တုန် မကြည့်မနေနိုင်တဲ့အတွက် တဖြည်းဖြည်း ရေတွင်းနားကို သတိထားကပ်သွားရင်း အရဲစွန့်ကြည့်လိုက်ရာ ဘုရား···ဘုရား စောစောက ပေခြောက်ဆယ်၊ ခုနစ်ဆယ် နက်နေတဲ့ ရေတွင်းကြီးဟာ မြေကြီးများ ပြည့်လုပြည့်ခင် ဖြစ်နေတာကို တွေ့လိုက်ရပါတယ်။ ဦးငြိမ်းက ပါးစပ် အဟောင်းသားနှင့် ဟုတ်မှဟုတ်ရဲ့လား မယုံ၍ ထပ်မံ၍ ရေတွင်းထဲသို့ ကြည့်ပြန်ရာ မြေကြီးများ ပြည့်လုပြည့်ခင်ကို တွေ့ရပါတယ်။ ရေတွင်းထဲကို လျှောက်ကြည့်ရင်း တွေးပင် မတွေးဝံ့စရာ ဘယ်လိုမှ ထင်မထားသည့် ဖြစ်ရပ်။ ထိုအချိန်တွင် မိမိဘေးသို့ သားသုံးယောက်နှင့် ဦးလေးဖြစ်သူတို့က လည်း ရေတွင်းထဲသို့ ငြိုင်တူကြည့်နေကြပါတယ်။ သည်တော့မှ ရေတွင်းထဲကို သက်စွန့်ဆံဖျား ဆင်းခဲ့သော သားနှစ်ယောက်နဲ့ ဦးလေးဖြစ် သူတို့ရဲ့ လက်များကို တင်းတင်း ကျပ်ကျပ် ဆုပ်ကိုင်မိပါတယ်။ ကံကြီးပေလို့။ ကံမှ နည်းနည်း နောနော ကံကောင်းခြင်း မဟုတ်။ အလွန့်အလွန် ကံကောင်းခြင်းပင်။ သိကြားနတ်တို့ မကိန်းပင်။ ဘုရားလည်း အတန်တန်တမိပါတယ်။ လက်အုပ်ချီ၍လည်း ကန်တော့မိပါတယ်။ ထိုမှ ဖျတ်ခနဲ သတိရမိသည်မှာ မိမိတို့အသက်ကို အချိန်မီ ကယ်တင်လိုက်သည့် ပုဂ္ဂိုလ်အား သတိရမိပါတော့တယ်။ ထို့ကြောင့် မည်သူ့ကိုမျှ မပြော။ ထိုကျေးဇူးရှင် ပုဂ္ဂိုလ်ထူးကို လှူသွားလမ်းကျဉ်းလေးတစ်လျှောက် အပြေးလိုက်ကာ ရှာမိပါတယ်။ ရေတွင်းပြိုသည့် အချိန် ယခု ထိုပုဂ္ဂိုလ်နောက် လိုက်သည့်အချိန်သည် အလွန်ဆုံး လေးငါးမိနစ်ခန့်သာ ကြာပါတယ်။

ဒီလေးငါးမိနစ်တွင် မထင်မှတ်သော၊ မကြုံဖူးသော၊ သေသင့်သေထိုက်သော သေဘေးကို ကြုံလိုက်ရခြင်းဖြစ်ပေသည်။ ထိုအချိန်လေးတွင် ကယ်တင်ရှင် ပုဂ္ဂိုလ်ထူးကို အပြေးလိုက်၍ရှာပါသော်လည်း ပျောက်ခြင်းမလှ ပျောက်သွားလေပြီ။ လမ်းတွင်တွေ့သော အသိမိတ်ဆွေများကို မေးမြန်းသော်လည်း ဤလမ်းတွင် မည်သူ့ကိုမှ မတွေ့ကြောင်း။ ထိုလမ်းလေးမှာ လမ်းခွဲလည်း မရှိ။ ဤတဒင်္ဂလေးတွင် ဤပုဂ္ဂိုလ်ပျောက်ဆုံးသွားသည်မှာ ဆန်းလှေစွ။ ထိုလမ်းကလေးသည် နံနက်မှ ညနေထိ လူပြတ်သည်ဟူ၍ မရှိ။ အဘယ်ကြောင့်ဆိုသော် ထိုလမ်းလေးသည် ရွာတွင်းသို့ ဝင်သောလမ်းခွဲလေး ဖြစ်သောကြောင့်ပင်။

ဦးငြိမ်းကား အံ့ဩခြင်းအပြင် ဆန်းပြားခြင်းကို တစ်ချိန်တည်းတွင် ခံစားရတော့တယ်။ ထိုပုဂ္ဂိုလ်ထူးသည် ရေတွင်းပြိုမည်ကို မည်ကဲ့သို့ သိရှိသနည်း။ မည်သူက စေလွှတ်လိုက်သနည်း။ ထိုပုဂ္ဂိုလ်ထူးသည် အသက်ငါးချောင်းကို ကယ်တင်ခဲ့သည်။ စိတ်တွင်းမှ ကြိတ်၍ လေးစားကြည်ညိုမိသလို ထိုပုဂ္ဂိုလ်ထူးအား မတွေ့လိုက်ရခြင်း၊ မပြုစုလိုက်ရခြင်း၊ ကျေးဇူးမဆပ်လိုက်ရခြင်းတို့ကြောင့် ရင်ထဲတွင် ဟာလစ်သွားခဲ့ရပါသည်။ ဩော်···ကုသိုလ်တရားကား ဆန်းလေစွ။ မိမိပြုဘူးသော ကုသိုလ်ကြောင့် တစ်ချိန်ချိန်တွင် ပြန်၍ အကျိုးပြုတတ်ကြောင်းကား လက်တွေ့(ပါ) ကိုယ်တွေ့ပါတကား···။

မောင်တော်ထိန်



www.burmeseclassic.com

www.burmeseclassic.com



# မျက်နှာမြင်လျှင် ချစ်ခင်ပါစေ

သီဒိုစံ(မင်္ဂလာတုန်း)

မည်သူမဆို လူချစ်လူခင် ပေါချင်ကြပါလိမ့်မည်။ မလို မုန်းထားခံရခြင်းထက် ချစ်ခင်ခြင်း၊ ဖော်ရွေခြင်း၊ ပျူငှာစွာ ဆက်ဆံခံလိုကြခြင်းကိုသာ ရလိုကြပါမည်။ အချို့သူများ၏ မျက်နှာပြင်သည် တွေ့မြင်ကြသူများ၏ ချစ်ခင်နှစ်လိုဖွယ် အရိပ်အရောင်များ ရှိနေတတ်ပါသည်။ ဤသည်ကို စန်းပွင့် သည်ဟုလည်း ခေါ်ဆိုကြပါ၏။

လူချစ်လူခင် ပေါများခြင်းသည် ရုပ်ရည်ချောမောလှပ ခြင်းနှင့် မသက်ဆိုင်ပါ။ စိတ်သဘောထားနှင့် လုပ်ဆောင်ရည် ပေါ်၌သာ မူတည်ပါ၏။ စိတ်သဘောထား နူးညံ့သိမ်မွေ့ခြင်း၊ ဖော်ရွေပျူငှာစွာ ဆက်ဆံတတ်ခြင်းနှင့် အများအကျိုးကို သယ် ပိုးဆောင်ရွက်သူသည် လူချစ်လူချင် ပေါများကြပါသည်။

လူချစ်လူခင် ပေါများခြင်းကြောင့် မလိုမုန်းထားခံရ



www.burmeseclassic.com

www.burmeseclassic.com

ခြင်းမှလည်း ကင်းဝေးစေနိုင်၏။ အခက်အခဲ တစ်စုံတစ်ရာ ကြုံပါကလည်း ကူညီစောင်မပေးမည့် မိတ်ဆွေကောင်းများ ပေါ်ပေါက်လာတတ်သည်။

မလိုမုန်းထားခံရသောဘေးနှင့် ဘေးအန္တရာယ် မကြုံမတွေ့စေရေးအတွက် မိတ်ကောင်းဆွေကောင်းများရှိဖို့ လိုအပ်ပါသည်။ မိတ်ဆွေကောင်းရှိနိုင်ရေးအတွက် လူချစ်လူခင် ပေါ်များစေဖို့လည်း လိုအပ်ပါလိမ့်မည်။

အချို့သော သူများသည် လူချစ်လူခင်ပေါ်စေသော ပင်ကိုဗီဇဆိုသည့် အတိတ်ကံတွေ ပါလာတတ်ကြပါသည်။ မျက်နှာကို မြင်လိုက်သည်နှင့် ချစ်ခင်သူများ ရှိနေတတ်ကြပါသည်။

ရုပ်ရည်ချောမောကြသော်လည်း စိတ်သဘောထား မဖြူစင်ခြင်း၊ ဖော်ရွေပျူငှာမှု မရှိခြင်း၊ ကိုယ်ကျိုးအတ္တသာ ကြည့်ခြင်းဆိုသည့် သူများသည် မိတ်ဆွေကောင်းမရတတ်ပါ။ လူချစ်လူခင် မရှိကြပါ။ နာမည်ကို ကြားလိုက်ရသည်နှင့် ဝေးဝေးကပင် ရှောင်သွားတတ်ကြပါသည်။

လူချစ်လူခင်ပေါ်များစေဖို့အတွက် ဗေဒင်ယတြာနည်းများဖြင့်လည်း လုပ်ဆောင်လို့ ရပါသည်။ ခုနစ်ရက်သားသမီးများသည် မိမိတို့၏ သိရီဆိုသော အရပ်ဌာနဖြင့် နေ့နံပင်ကို စိုက်ပြီး ရွှေရည်ငွေရည်လောင်းခြင်း၊ အမွှေးနံ့သာ ပက်ဖျန်းခြင်းအားဖြင့်လည်း လူချစ်လူခင် ပေါ်များလာစေတတ်ပါသည်။ သိရီအရပ်ဆိုသည်မှာ ကျက်သရေမင်္ဂလာဖြစ်စေသော အရပ်ဟု အဓိပ္ပာယ်ရပါသည်။

မျက်နှာသစ်သည့်အခါတိုင်း၊ ဦးခေါင်းဆေးလျှော်သည့်အခါတိုင်းတွင် သိရီအရပ်သို့ မျက်နှာမူပြီး သရဏဂုံသုံးပါး ရွတ်ဆိုခြင်း၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီး၏ သန့်ရှင်းကြည်လင်သော မျက်နှာတော်ကို အာရုံပြု၍ ဂုဏ်တော်တွေ ပွားများခြင်းဖြင့်လည်း မျက်နှာပွင့်လန်းကာ လူချစ်လူခင် ပေါ်များစေနိုင်ပါသည်။ ဘေးအန္တရာယ်များ ကင်းဝေးစေသည့်အပြင် ကူညီမည့် မိတ်ဆွေကောင်းများလည်း ပေါ်ပေါက်လာ တတ်ပါသည်။ ထို့ကြောင့် -

တနင်္ဂနွေသားသမီးများသည် မျက်နှာသစ်သည့်အခါ၊ ဦးခေါင်းဆေးလျှော်သည့်အခါများတွင် သိရီအရပ်ဖြစ်သော မြောက်အရပ်သို့ မျက်နှာမူ၍ သရဏဂုံသုံးပါး၊ ဂုဏ်တော်ကိုးပါးကို ရွတ်ဆိုသင့်ပါသည်။

တနင်္လာသားသမီးများသည် မျက်နှာသစ်သည့်အခါ၊ ဦးခေါင်းဆေးလျှော်သည့်အခါများတွင် သိရီအရပ်ဖြစ်သော အရှေ့မြောက်အရပ်သို့ မျက်နှာမူ၍ သရဏဂုံသုံးပါး၊ ဂုဏ်တော်ကိုးပါးကို ရွတ်ဆိုသင့်ပါသည်။

အင်္ဂါသားသမီးများသည် မျက်နှာသစ်သည့်အခါ၊ ဦးခေါင်းဆေးလျှော်သည့်အခါများတွင် သိရီအရပ်ဖြစ်သော အရှေ့အရပ်သို့ မျက်နှာမူ၍ သရဏဂုံသုံးပါး၊ ဂုဏ်တော်ကိုးပါးကို ရွတ်ဆိုသင့်ပါသည်။

ဗုဒ္ဓဟူးသားသမီးများသည် မျက်နှာသစ်သည့်အခါ၊ ဦးခေါင်းဆေးလျှော်သည့်အခါများတွင် သိရီအရပ်ဖြစ်သော အရှေ့တောင်အရပ်သို့ မျက်နှာမူ၍ သရဏဂုံသုံးပါး၊ ဂုဏ်တော်ကိုးပါးကို ရွတ်ဆိုသင့်ပါသည်။

ကြာသပတေး သားသမီးများသည် မျက်နှာသစ်သည့်အခါ၊ ဦးခေါင်းဆေးလျှော်သည့်အခါများတွင် သိရီအရပ်ဖြစ်သော အနောက်တောင်ထောင့်အရပ်သို့ မျက်နှာမူ၍ သရဏဂုံသုံးပါး၊ ဂုဏ်တော်ကိုးပါးကို ရွတ်ဆိုသင့်ပါသည်။

သောကြာသားသမီးများသည် မျက်နှာသစ်သည့်အခါ၊ ဦးခေါင်းဆေးလျှော်သည့် အခါများတွင် သိရီအရပ်ဖြစ်သော အနောက်မြောက်အရပ်သို့ မျက်နှာမူ၍ သရဏဂုံသုံးပါး၊ ဂုဏ်တော်ကိုးပါးကို ရွတ်ဆိုသင့်ပါသည်။

စနေသားသမီးများသည် မျက်နှာသစ်သည့်အခါ၊ ဦးခေါင်းဆေးလျှော်သည့်အခါများတွင် သိရီအရပ်ဖြစ်သော တောင်အရပ်သို့ မျက်နှာမူ၍ သရဏဂုံသုံးပါး၊ ဂုဏ်တော်ကိုးပါးကို ရွတ်ဆိုသင့်ပါသည်။

ထိုသို့ ဆောင်ရွက်သောအားဖြင့် လူချစ်လူခင်ပေါ်များကာ မလိုမုန်းထားခံရခြင်းဘေးတွေမှလည်း ကင်းဝေးစေမှာ ဖြစ်ပါသည်။ ကူညီစောင်မပေးမည့် မိတ်ဆွေကောင်းများကိုလည်း အမှန်တွေရှိလာမှာ ဖြစ်ပါသတည်း။

**သိဒ္ဓိစံ (မင်္ဂလာကုန်း)**



www.burmeseclassic.com

www.burmeseclassic.com



# တကျော့လက်သမားဆောက်လုပ်သော တစ်ဖန်နာမ်ရုပ်သစ် မဖြစ်စေလို

ဝင်းမြင့်အောင်(မြိတ်)

၁။ ရဟန္တာ လကုဏ္ဍကမထေရ်သည် အရပ်နှစ်ပေ သော ရှိတော်မူ၏။ မြတ်စွာဘုရားရှင် သီတင်းသုံးတော်မူစဉ် င်းပတ်ဝန်းကျင်တစ်ဝိုက် သန့်ရှင်းရေးလုပ်နေခိုက်တွင် အပါးသုံးဆယ်တို့သည် နယ်မှ ကြွလာ၏။ ကျောင်းရှေ့ ရောက်သော် ရဟန္တာလကုဏ္ဍမထေရ်နှင့်တွေ့စဉ် "ကိုယ် ငါ့ရှင်…မြတ်စွာဘုရားရှင် ရှိပါသလား" ဟု မေးမြန်းရာ "မြတ်စွာဗုဒ္ဓ ဂန္ဓကုဋီဝယ် သီတင်းသုံးနေတယ်" ဟု ဖြေဆို၏။ မေးရင်းဖြေရင်းပင် ရဟန္တာမြတ်၏ ဦးခေါင်းကို ပုတ်ကြ၏။ မြတ်စွာဘုရားထံပါး ရောက်သော် မြတ်ဗုဒ္ဓက သိလျက် မေးတော်မူရာ ကိုရင်တစ်ပါး လမ်းပြကြောင်း မြန် လည်လျှောက်တင်သော် မြတ်ဗုဒ္ဓက "ကိုရင်မဟုတ်ပါ။ ကိလေသာကင်းစင်ပြီးသော ရဟန္တာမြတ်ဖြစ်သည်" ဟု မိန့်ပြော



www.burmeseclassic.com

www.burmeseclassic.com

တော်မူရာ ရဟန်းအပါး သုံးဆယ်တို့သည် နောင်တကိုယ်စီ ရမိကြ၏။ မြတ်စွာဗုဒ္ဓကို "အဘယ်ကြောင့် ရဟန္တာဟု ခေါ်ရပါသနည်း"ဟု မေးမြန်းလျှောက်ထားရာ မြတ်စွာဗုဒ္ဓက လောကီအခေါ်အဝေါ်အားဖြင့် -

- အမေနှင့်တူသော မာန၊
- အမေနှင့်တူသော တဏှာ၊
- ဘုရင်နှစ်ပါးနှင့်သော ဒိဋ္ဌိ၊
- အခွန်အကောက်နှင့်တူသော နန္ဒီရာဂ၊
- အခွန်ငွေကောက်ယူသည့် မှူးမတ်နှင့်တူသော စိတ်အကြံ၊
- တိုင်းပြည်နှင့်တူသော ရုပ်နာမ်ခန္ဓာ၊
- မြို့တံခါးဝများနှင့်တူသော အာယတန၊
- လူနှင့်တူသော အာရုံတို့ကို နှိမ်နင်းဖျက်ဆီးပြီး၍

ရဟန္တာဘဝရလျက် နောင်ဘဝမရ၊ ရုပ်နာမ်ခန္ဓာမရ အေးငြိမ်းရာအမှန် မြတ်နိဗ္ဗာန်သို့ ရောက်မည်ဖြစ်ကြောင်း ဟောကြားတော်မူခဲ့သည်။

၂။ ဖခင်ဖြစ်သူမှာ ငွေကြေးဓနဂုဏ်၊ ပညာဂုဏ်၊ ရာထူးနှင့် အာဏာဂုဏ်များရှိပါက သားသမီးတို့သည် မာနကြီးတတ်ကုန်၏။ မွေးမိခင်တိုင်းသည် သားကို အသက်နှင့်လဲ၍ ချစ်သောကြောင့် စောင့်ရှောက်ကျွေးမွေး အလိုလိုက်အကြိုက်ပေးလျက် အနိုင်းမဲ့သော မေတ္တာကို ပေးမြဲတည်း။ တစ်ခါက သားအမိနှစ်ဦး တစ်ရွာစီခွဲ၍ အကြွေးတောင်းသွားကြ၏။ "သား. . .အပြန်တွင် ဓားပြတိုက်ခံရပြီး သားသေမည်"ကို အမေက စိုးရိမ်လျက် အမေသည် လမ်းတွင် ရုတ်တရက် သေဆုံးသွား၏။ သားအတွက် ဓားပြတိုက်မခံရစေရန် "ခွေးအဖြစ် ဟောင်၍ အကူအညီပေးရန်"စိတ်ထဲ ကြံရွယ်ဆဲ သေသောကြောင့် ခွေးဘဝရောက်ရ၏။ သားဖြစ်သူ ရွာအိမ်သို့ အပြန်လမ်းတွင် ခွေးဟောင်၍ အကူအညီပေးခဲ့ရာ၏။

၃။ ရွာတစ်ရွာတွင် ညီအစ်ကိုနှစ်ဦး ရှိရာ အစ်ကိုဖြစ်သူမှာ အိမ်ထောင်ကျသဖြင့် ညီဖြစ်သူနှင့်အတူ နေကြ၏။ မရီးနှင့် နီးစပ်သဖြင့် ဖောက်ပြားမိ၏။ အစ်ကိုသေသွားသော် မယားကို ချစ်သောကြောင့် မြွေဖြစ်ပြီး မယားနားလာနေ၏။ ညီဖြစ်သူက အစ်ကိုမှန်းသိ၍ မြွေကိုသတ်ဖြတ်၏။ မြွေသေသော် ကြက်ဖြစ်ပြန်၏။ ကြက်ကိုသတ်ပြန်၏။ ကြက်သေသော် နွားဖြစ်ပြန်၏။ နွားဖြစ်ပြန်သော် သတ်ပြန်၏။ ညီဖြစ်သူ သေသော် အစ်ကိုနည်းတူ ခံရ၏။ တဏှာလက်သမားအဝင် ပါတည်း။ ရွာတစ်ရွာတွင် မောင်နေတိုးဆိုသူမှာ မိဘမရှိ သဖြင့် ထင်းခွေရောင်းပြီး မလောက်မငှားလျက် သူတစ်ပါး၏ ခြံစည်းရိုးနား ကပ်နေရ၏။ ကျောင်းထိုင်ဆရာတော်ကြီးက ဘုန်းကြီးကျောင်းတွင် ခေါ်ထား၏။ တစ်နေ့သော် "ဒကာလေး မောင်နေတိုး ဘာဆုလိုသလဲ"ဟု မေးမြန်းရာ "တပည့်တော် သေရင် ဒီရွာမှာ ဒီလိုပဲ ပျော်ပျော်ကြီး ဒီလိုကလေး အရွယ် ဖြစ်လိုသေးတယ်"ဟု လျှောက်ထားဖြေဆို၏။ ရုပ်ခန္ဓာအပုပ်အသိုးကို နေ့တိုင်း မပြင်ဆင်လျှင် အနံ့ဆိုးထွက်လျက် ဖောက်ပြန်တတ်သော ရုပ်ခန္ဓာသည် တိုင်းပြည်နှင့် တူ၏။ ဘုရင်နှစ်ဦး တစ်လှည့်စီအုပ်ချုပ်သော တိုင်းပြည်ဖြစ်ပြီး ဘုရင်နှစ်ပါးမှာ သဿတဒိဋ္ဌိနှင့် ဥစ္ဆေဒဒိဋ္ဌိတို့ပင်တည်း။ တိုင်းပြည့်၏ တံခါးပေါက်တို့မှာ ဒွါရအာယတနခြောက်တို့ပင် ဖြစ်ပါသည်။ နန္ဒီရာဂနှင့်တူသော အခွန်တို့ကို စိတ်အကြံနှင့်တူသော မှူးမတ်တို့က ကောက်ယူသိမ်းဆည်းလျက် အာရုံနှင့်တူသော ပြည်သူတို့ကို မြို့အတွင်းအပြင် ဝင်ထွက်ခွင့်ပြုလေ၏။ အာရုံနှင့်တူသော ပြည်သူကြား အဖျက်သမားနှင့်တူသော တဏှာလက်သမားတို့သည် ရုပ်နာမ်ခန္ဓာ တိုင်းပြည်အတွင်းသို့ အာယတနနှင့်တူသော တံခါးပေါက်တို့မှ မဝင်နိုင်ပေ။ နန္ဒီရာဂ အခွန်ငွေကောက်ယူသော စိတ်အတွေးအကြံများနှင့်တူသော မှူးမတ်တို့က မှန်ကန်ပြီး လောဘ၊ ဒေါသ၊ မောဟ၊ ဝိဟိံသ အစရှိသော မှားသော ဝိတက် မဖြစ်စေဘဲ ကံအလုပ်မှန်စွာ အားထုတ်လျက် မမေ့သောသတိ၊ တည်ကြည်သော သမာဓိဖြင့် ဝိပဿနာတရားပွားများအားထုတ်နိုင်မှသာ ရုပ်နာမ်ခန္ဓာသစ် မရလျက် အမတဓာတ် နိဗ္ဗာန်မြတ်သို့ ရောက်ရှိမည်ဖြစ်သဖြင့် မြတ်စွာဗုဒ္ဓက ဗုဒ္ဓဖြစ်စချိန်မှာပင် "အနေကဇာတိ သံသာရံ သန္ဓာဝိဿံ အနိဗ္ဗိသံ" အစရှိသော ဂါထာလေးပုဒ်ကို ဥဒါန်းကျူးခဲ့ပါသတည်း။

**ဝင်းမြင့်အောင်(မြိတ်)**

၀၉-၅၀၇၁၄၀၅



www.burmeseclassic.com

www.burmeseclassic.com



# သစ္စာဆိုခြင်း

ဟိန်းထက်ချမ်း

သစ္စာစကားကား 'ရသတကာ'တို့တွင် ချိုမြိန်သော အရသာရှိကြောင်း၊ ထို့ကြောင့် တသွင်သွင်စီးဆင်းနေသော မြစ်ရေအလျဉ်ကိုလည်း တန့်စေနိုင်ကြောင်း၊ အဆိပ်ကိုလည်း ပျက်ပြယ်စေနိုင်ကြောင်း၊ မီးကိုလည်း ငြိမ်းစေနိုင်ကြောင်း၊ မိုးကိုလည်း ရွာစေနိုင်ကြောင်း စပ်လျဉ်း၍ မြတ်စွာဘုရား ဟောကြားတော်မူအပ်သော ဇာတ်တော်များကို ထုတ်နုတ်၍ တင်ပြလိုက်ပါသည်။ ဤတွင် တသွင်သွင် စီးဆင်းလျက်ရှိ၍ ထိုစီးဆင်းလျက်ရှိသော မြစ်ရေအဟုန်၏ လျှံတက်လာမှုကြောင့် ပြည်သူအပေါင်းတို့ ရေကြီးခြင်းအား အန္တရာယ်မှ ကျရောက်မည့်ဆဲဆဲတွင် သစ္စာစကား၏ အစွမ်းကြောင့် ရေစီးတန့်သွားသည့် အကြောင်းကို ဤသို့ ဖော်ပြရသော်။

ဂင်္ဂါမြစ်ရေကြီးကြောင့် ပါဋလိပုတ်ပြည်ကြီး ရေဘေးအန္တရာယ်မှ ကျရောက်အံ့ဆဲဆဲတွင် ဗိန္ဒုမတီ ပြည့်တန်ဆာမ၏ သစ္စာဆိုမှုကြောင့် ရေဘေးအန္တရာယ်မှ လွတ်မြောက်ခဲ့ကြောင်း သာဓကမှာ အိန္ဒိယပြည်ရှိ ဂင်္ဂါမြစ်ရေအား နှစ်စဉ် နှစ်တိုင်းလိုလို ကြီးခဲ့ပါသည်။ ထိုအင်္ဂါမြစ်ရေကြီးလျှင် ဂင်္ဂါမြစ်အနီးအပါးတွင် နေထိုင်ကြသော မြို့ရွာတို့မှာ မရှုမလှ ပျက်စီးကြရသည်မှာ ယခုတိုင်ဖြစ်ပါသည်။ ထိုဂင်္ဂါမြစ်ရေသည် ယခုမှ ကြီးခဲ့သည်မဟုတ်။ လွန်ခဲ့သော နှစ်ပေါင်းများစွာ ခေတ်ထဲက အလားတူ ကြီးခဲ့ဖူးပါသည်။

'အချိန်ကား ပါဋလိပုတ်ပြည် အသောကမင်းကြီး အုပ်စိုးချိန်ဖြစ်၏။ အသောကမင်းကြီးခေတ်တွင် မိုးဦးကျစဉ် ဂင်္ဂါမြစ်ရေသည် ဒလဟော စီးဆင်း၍ လာခဲ့လေရာ မြစ်ကမ်းပါး၌ ပြည့်လျှံနေသည့်အခါတွင်လည်း ရေတက်အရှိန်ကား မသေသေး။ တဖြည်းဖြည်းပင် တက်လျက်ရှိ၏။ မြို့သူမြို့သားတို့သည် မြစ်ရေကိုကြည့်ပြီး ဟိုပြေးဒီပြေးနှင့် ရေဘေးအန္တရာယ်လွတ်မြောက်ရေးအတွက် ဆူပွက်လျက်ရှိ၏။ တိုင်းသူတိုင်းသားတို့၏ အသံကား အသောကမင်းကြီး၏ထံသို့ ဆိုက်ရောက်တော့၏။ ထို့ကြောင့် အသောကမင်းကြီးသည် နန်းတော်တွင်း၌ နေထိုင်လို့မဖြစ်နိုင်တော့ပေ။ ကိုယ်တော်တိုင် ဆင်စီး၍ ထွက်တော်မူပြီး ရေဘေးအန္တရာယ်ကို မြင်တော်မူသောအခါ –

ဤဘေးအန္တရာယ်မှ လွတ်မြောက်ဖို့ရန် အမတ်တို့နှင့် ညီလာခံသဘင်တွင် တိုင်ပင်ဆွေးနွေးတော်မူ၏။ အမတ်တို့ကလည်း ဘုန်းသမ္ဘာနှင့် ကြီးမြင့်တော်မူသော



www.burmeseclassic.com

www.burmeseclassic.com

အရှင်မင်းကြီးမှ မတတ်နိုင်လျှင် ဘုရားကျွန်တော်တို့ မည်သို့မျှ တတ်နိုင်မည်မဟုတ်ကြောင်း တင်လျှောက်ကြကုန်၏။

## ဗိန္ဒုမတီ ပြည့်တန်ဆာမ တင်လျှောက်ခြင်း

ဤသို့ အသောကမင်းကြီးနှင့် မှူးမတ်တို့ တိုင်ပင်ဆွေးနွေး၍ မည်သို့မျှ မတတ်နိုင်ကြောင်း တိုင်းသူပြည်သား မှတစ်ဆင့် ဗိန္ဒုမတီပြည့်တန်ဆာမ ကြားရသည့်အခါ အမတ်ကြီးများထံ အပြေးအလွှားသွားပြီး ဖြစ်ပေါ်နေသော ရေဘေး အန္တရာယ်ကို သူကယ်နိုင်ကြောင်း တသွင်သွင်စီးဆင်းလျက်ရှိသော ဂင်္ဂါမြစ်ရေသည် အထက်သို့ ဆန်နေခြင်းကို ရပ်သွားအောင် ဆောင်ရွက်နိုင်ပါကြောင်း တင်လျှောက်လေ၏။

## ပြက်ရယ်ပြုခြင်း

ထိုအခါ မှူးမတ်တို့က သင်ကား လာသမျှ ယောကျ်ားများကို ကာမဂုဏ်ဖြင့် မြူဆွယ်မှုးယစ်စေခဲ့သူ ဖြစ်၏။ ထိုကဲ့သို့သော သူက အဘယ်သို့လျှင် ဤရေဘေး အန္တရာယ်မှ ကယ်နိုင်ပါမည်နည်းဟု ပျက်ရယ်ပြုကြကုန်၏။

ထိုအခါတွင် ဗိန္ဒုမတီပြည့်တန်ဆာမသည် ထိုသို့ အမတ်တို့၏ ပျက်ရယ်ပြုခြင်းကို ခံရသည့်အခါ အမတ်ကြီးများအား ဝတ္တရားရှိ၍ ခွင့်တောင်းရခြင်းဖြစ်ပါသည်။ အမတ်ကြီးတို့ ခွင့်မပြုသော်လည်း –

အားလုံးသော တိုင်းသူပြည်သားတို့ အန္တရာယ်မှ ကျရောက်မည့်ဘေးကို ကယ်တင်ရမည်ဖြစ်ကြောင်း ပြောဆိုလျက် သူသည် ပြည့်တန်ဆာအလုပ်ဖြင့်အသက်မွေးဝမ်းကျောင်းပြုရသော်လည်း 'အဂတိ'တရား လေးပါးကို မလိုက်စားခြင်းကို အကြောင်းပြုပြီး သစ္စာဆိုခဲ့ရာ ဂင်္ဂါမြစ်ရေသည် သစ္စာဆိုပြီးသည်နှင့် တစ်ပြိုင်နက် အထက်အညာသို့ ဆန်တက်၍ တသွင်သွင်စီးဆင်းနေရာမှ ရပ်တန့်သွားခဲ့လေသည်။ ယင်းသို့ ရပ်တန့်သွားလေရာတွင် အောက်က ရေစီးက အထက်သို့ ဆန်ပြီး အထက်ကရေစီးက အောက်သို့ စုန်ဆင်းသွားသဖြင့် ရေလှိုင်းထပြီး ရေလှိုင်းတံပိုးရိုက်ခတ်သည့်အသံသည် ပြင်းစွာမြည်ဟည်း၍ ပေးထွက်ခဲ့လေသည်။ ကြောက်လန့်ဖွယ်ရာ ဖြစ်ပေါ်ခဲ့လေသည်။

## အမတ်တို့ တင်လျှောက်ခြင်း

ယင်းသို့သော အသံကို အသောကမင်းကြီး ကြားသိရသည့်အခါ အမတ်တို့အား အကြောင်းကို မေးမြန်းရာတွင် အမတ်တို့က အထက်ပါအတိုင်း ဗိန္ဒုမတီပြည့်တန်ဆာမ၏ သစ္စာဆိုချက်ကြောင့် ဂင်္ဂါမြစ်ရေသည် တသွင်သွင်စီးဆင်းရာမှ ရပ်တန့်သွားပြီး ရေလှိုင်းချင်း ရိုက်ခတ်သံတို့ကြောင့် ထွက်ပေါ်လာသော အသံဖြစ်ကြောင်း တင်လျှောက်ကြလေသည်။ ထိုအခါ အသောကမင်းကြီးလည်း အလွန်ပင် အံ့အားသင့်လျက် ဗိန္ဒုမတီပြည့်တန်ဆာမထံသို့ ဆင်စီးပြီး ကိုယ်တော်တိုင် ကြွချီ၍ မေးမြန်းတော်မူ၏။ ထိုအခါ ဗိန္ဒုမတီပြည့်တန်ဆာမက ဤသို့ ထပ်မံတင်လျှောက်ခဲ့လေသည်။

## ဗိန္ဒုမတီပြည့်တန်ဆာမ ထပ်မံတင်လျှောက်ခြင်း

အရှင်မင်းမြတ်ဘုရား၊ ကျွန်တော်မသည် ပြည့်တန်ဆာမအဖြစ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုခဲ့သော်လည်း မည်သည့်အခါမှ "အဂတိတရားမလိုက်စားခဲ့ပါ"။ ဤသူကား မင်းစိုးအာဏာရှိတဲ့ ပုဂ္ဂိုလ်ဖြစ်သည်ဟူ၍ အာဏာရှိသူ ဖြစ်ခြင်းကြောင့်လည်း မျက်နှာမလိုက်ခဲ့ပါ။

ဤသူကား အမျိုးမြတ်တဲ့ ပုဂ္ဂိုလ်ဟူ၍ အမျိုးမြတ်ခြင်းကို အစွဲပြု၍ မျက်နှာလည်း မလိုက်ခဲ့ပါ။

ဤသူကား ဆင်းရဲတဲ့ပုဂ္ဂိုလ် ဖြစ်သည်ဟူ၍လည်း ဆင်းရဲခြင်းကို အကြောင်းပြု၍ မထေမဲ့မြင် မပြုခဲ့ပါ။ အရင်ငွေ ပေးသူကို အရင်လက်ခံပြီး ပြုစုခဲ့ပါသည်။ ငွေနှင့် တန်သလောက် နှစ်သိမ့်ကျေနပ်အောင် ပြုစုပါသည်။ အရှင်မင်းကြီး ဤကဲ့သို့ မျက်နှာမလိုက်(အဂတိ)မလိုက်စားခြင်းကို အကြောင်းပြု၍ ဤသို့ သစ္စာဆိုခဲ့ပါသည်။

## သစ္စာဆိုခြင်း

အကျွန်ုပ်သည် ပြည့်တန်ဆာအလုပ်ကို လုပ်ကိုင်စားသောက်ရသော်လည်း အဂတိတရားမလိုက်စားပါ။ မျက်နှာကြီးငယ် မလိုက်ပါ။ ဤစကားသည် မှန်ပါ၏။ ဤပြောဆိုသော စကားမှန်ပါလျှင် ဂင်္ဂါမြစ်ရေသည် အထက်သို့ ဆန်တက်နေခြင်းကို ရပ်ပါစေသတည်း။ ဤသို့ သစ္စာဆိုခဲ့ခြင်းကြောင့် ဂင်္ဂါမြစ်ရေသည် အထက်သို့ ဆန်တက်နေ



www.burmeseclassic.com

www.burmeseclassic.com

ခြင်းမှ ရပ်တန့်သွားခြင်းဖြစ်ကြောင်း တင်လျှောက်ခဲ့လေသည်။

ဤသစ္စာဆိုခန်းတွင် –

(၁) သစ္စာဆိုသူမှာ ပြည့်တန်ဆာမ

(၂) သစ္စာဆိုရခြင်းမှာ ရေဘေးအန္တရာယ်တွေ့ပြီး တစ်တိုင်းပြည်လုံး ဒုက္ခရောက်မှာ စိုးရိမ်ခြင်း ဖြစ်သည်။

(၃) သစ္စာဆိုတဲ့ အကြောင်းအရာများကား 'အဂတိတရား' မလိုက်စားခြင်း ဖြစ်၏။

(၄) ထိုအဂတိတရားမလိုက်စားခြင်းကို အကြောင်းပြု၍ သစ္စာဆိုလျှင် အောင်မြင်မည်ဟူသော ယုံကြည်ချက်ပင် ဖြစ်၏။ ထို့ကြောင့် သစ္စာတရား၏ အောင်မြင်မှုကား ဂင်္ဂါမြစ်ရေ အထက်သို့ ဆန်တက်ပြီး ရေလွှမ်းခြင်းဘေး အန္တရာယ်မှ အောင်မြင်ခဲ့လေသည်။ ဤသို့ သစ္စာတန်ခိုးကား ထက်မြက်လှပေ၏။

## အဆိပ်တက်နေသူ သားအတွက် သစ္စာဆိုခြင်း

မြွေဟောက်ကိုက်ခြင်းကြောင့် အဆိပ်တက်နေသူ သားဖြစ်သူအား မိဘနှစ်ပါးတို့မှ ဆရာရသေ့တို့၏ သစ္စာဆိုခြင်းကြောင့် အဆိပ်မှ လျှော့ကျပြီး အသက်ချမ်းသာရာ ရခဲ့ကြောင်း အဋ္ဌကထာနိပါတ် ဇာတ်တော်လာ သာဓကကို တင်ပြရသော် ကာသိတိုင်း၊ ဗာရာဏသီပြည်တွင် ဖြစ်၏။ ထိုဗာရာဏသီပြည်တွင် သူကြွယ်နှစ်ဦးတို့ ရှိကြကုန်၏။ ၎င်းတို့ကား တစ်ဦးနှင့်တစ်ဦး အလွန်ချစ်ကျွမ်းဝင်သော အဆွေခင်ပွန်းတို့ ဖြစ်ကြကုန်၏။ တစ်ဦးသော သူကြွယ်သည် အိမ်ရာတည်ထောင် လူ့ဘောင်ကို ငြီးငွေ့၍ ရှိသမျှ ရွှေငွေ ဘဏ္ဍာပစ္စည်းဥစ္စာတို့ကို စွန့်ခွာပြီး တောထွက်ခဲ့၏။ အမည်အားဖြင့် ကဏှဒီပါယနရသေ့ဟူ၍ အမည်တွင်ခဲ့လေသည်။ ထိုရှင်ရသေ့ကား တောထွက်၍ လာခဲ့သည်မှ ခုနစ်ရက်သာ သာသနာတော်တွင် ပျော်ပိုက်၏။ ထိုခုနစ်ရက်မှ ကျော်လွန်ပြီး နှစ် ၅၀ ဝါရသည့်တိုင်အောင် တစ်နေ့မှ မပျော်ပိုက်ပေ။ မပျော်ပိုက်၍ လူပြန်ထွက်လာဖို့ရန်မှာလည်း ကဲ့ရဲ့မှာ စိုးရိမ်သည့်အတွက်ကြောင့် လူမထွက်ဘဲ မပျော်ပိုက်ဘဲနှင့် နေထိုင်ရ၏။ တစ်ဦးတည်းသော သူကြွယ်ကမူ လူ့ဘောင်တွင် သားမယားနှင့် နေထိုင်ပြီး အမည်အားဖြင့် မဏ္ဍဗျ သူကြွယ်ဟူ၍ တွင်ခဲ့လေသည်။

## မဏ္ဍဗျသူကြွယ် စေတနာမရှိဘဲ လှူဒါန်းနေရခြင်း

မဏ္ဍဗျသူကြွယ် အိမ်၌ကား မိဘတို့လက်ထက်မှ လှူဒါန်းလာခဲ့သော ရသေ့ရဟန်းတို့အား နေ့စဉ်လှူဒါန်း၍ နေခဲ့ရလေသည်။ ထိုသို့နေ့စဉ်ပင် လှူဒါန်းနေရစေကာမူ (မိဘတို့ ဝတ္တရားကိုမပျက်လို၍) လှူဒါန်းနေခြင်းဖြစ်ရာ ထိုသို့လှူဒါန်းရခြင်းကို တစ်ခါတလေမျှ စေတနာမရှိခဲ့ပေ။ ထိုသူကြွယ်၌လည်း ဇနီးရှိခဲ့ရာ ထိုဇနီးဖြစ်သူမှာလည်း သူကြွယ်နှင့် ကလေးတစ်ယောက်ရရှိသည့်တိုင်အောင် မိမိ ခင်ပွန်းအပေါ်၌ ချ[illegible]တ်နိုးခြင်းမရှိပေ။ မိဘတို့ ပေးစား၍သာ ပေါင်းသင်းနေရခြင်း ဖြစ်ပေ၏။ ခင်ပွန်းဖြစ်သူအား မချစ်၍ နောက်တစ်ယောက် ပြောင်းယူဖို့ရန်မှာလည်း ၎င်းတို့မျိုးရိုးမှာလည်း ပြောင်းယူမျိုးရိုးမရှိသဖြင့် မချစ်ဘဲနှင့် ပေါင်းသင်းနေရ၏။ သူတို့ သုံးဦး၏ နောက်ကြောင်းအဖြစ် အပျက်မှာ ဤသို့ ဖြစ်ခဲ့ရပါသည်။

ကဏှဒီပါယနရသေ့သည် တောတွင်းနေထိုင်ခဲ့ရာ ဗာရာဏသီမြို့သို့ ပြန်လာ၍ တောကျောင်းတစ်ကျောင်းတွင် သီတင်းသုံးလျက် ရှိ၏။ ထိုအကြောင်းကို မဏ္ဍဗျ သူကြွယ် ကြားသိရ၍ အဆွေတော်ရသေ့အား ဖူးမြော်ရန် ဇနီးနှင့် သားကလေးကိုခေါ်ဆောင်ပြီး လာခဲ့၏။ ကဏှဒီပါယနရသေ့ထံ ရောက်သည့်အခါ သားငယ်ကလေးအား ကျောင်းအနီးအပါးတွင် ကစားစေ၍ ဇနီးမောင်နှံ နှစ်ယောက်တို့သည် တရားနာယူကြ၏။ သားငယ်ဖြစ်သူ ယညဒတ်သည်လည်း ကလေးတို့ သဘာဝအတိုင်း ဂျင်လုံး ကလေးကို ပေါက်ကစားလျက်ရှိ၏။ ထိုသို့ ပေါက်ကစား လျက်ရှိသော ဂျင်လုံးကလေးသည် မြွေဟောက်တွင်းထဲသို့ ဝင်သွားရာ ဂျင်လုံးကို နှိုက်ယူရာတွင် မြွေဟောက်က ပေါက်လိုက်သဖြင့် "အမေ့"ဟူ၍ တစ်ချက်သာ အော်နိုင်ပြီး မေ့မြော၍သွားတော့၏။

မဏ္ဍဗျသူကြွယ် ဇနီးမောင်နှံတို့သည် သားလေး၏ အော်သံကိုကြားရသဖြင့် ချက်ချင်းပင် သားလေးထံသွား ရောက်ရာ သားလေးသည် မေ့မြောလျက်ရှိပြီး အနီး၌ မြွေဟောက်ကိုတွေ့မြင်ရာ မြွေဟောက်ကိုက်သဖြင့် မေ့မြော နေခြင်းဖြစ်လေရာ၏ဟု ကဏှဒီပါယန ရသေ့ကြီးသို့ ချီမပြီး ကုသပေးတော်မူပါရန်အကြောင်း လျှောက်ထားကြကုန်၏။

www.burmeseclassic.com

## သာသနာတွင် မပျော်ဘဲနှင့် နေရခြင်းကို သစ္စာဆိုခြင်း

ဤတွင် ကဏှာဒီပါယနရသေ့ကြီးသည် **ငါသည်** ဆေးဝါးကုသစရာမရှိ။ သစ္စာမန္တန်ဆေးသာလျှင်**ရှိ၏။** ထို့ကြောင့် သစ္စာဆိုပြီး ကုသတော့အံ့ဟု ယညဒတ်၏ ဦးခေါင်းကို ကိုင်လျက် အောက်ပါအတိုင်း သစ္စာဆိုတော်မူ၏။ "ငါသည် ရသေ့ဝတ်ပြီး ခုနစ်ရက်သာ သာသနာတော်တွင် ပျော်မွေ့ရာဖြင့် ကြည်ညိုစွာနှင့် ကျင့်ခဲ့ပါသည်။ ထိုခုနစ်ရက်မှ နောက်အနှစ် ၅၀ ပတ်လုံး သာသနာတော်တွင် မပျော်ရွှင်ဘဲ မကြည်လင်ဘဲနှင့် ရသေ့ဝတ်၍ နေထိုင်ရပါသည်။ ဤမှန်ကန်သော သစ္စာစကားကြောင့် အဆိပ်များ လျော့ကျပါစေသတည်း"ဟု သစ္စာဆိုခဲ့၏။

ဤသို့ သစ္စာဆိုပြီးသည်နှင့် တစ်ပြိုင်နက် မြွေဆိပ်မွန်းလျက်ရှိသော ယညဒတ်သည် အဖေ၊ အမေဟု ခေါ်ဆိုလျက် အဆိပ်များ ဦးခေါင်းမှ ရင်ဘတ်အထိ လျော့ကျပြီး ပြန်၍ အိပ်သွားပါတော့သည်။

## စေတနာမရှိဘဲနှင့် လှူဒါန်းနေရခြင်းကို သစ္စာဆိုခြင်း

ထို့နောက် ကဏှာဒီပါယန ရသေ့ကြီး ငါတော့ သစ္စာဆိုပြီးပြီ၊ သင်တို့လည်း သစ္စာဆိုကြဟု မဏ္ဍဗျသူကြွယ်အား သစ္စာဆိုစေသည်။ ထိုအခါ မဏ္ဍဗျသူကြွယ်က သားဖြစ်သူ ယညဒတ်၏ ရင်ဘတ်ပေါ်တွင် လက်တင်လျက် အောက်ပါအတိုင်း သစ္စာဆိုခဲ့လေသည်။ "ငါသည် တစ်ခါမျှ ပေးချင်ကမ်းချင်၊ လှူချင်သော စိတ်စေတနာမရှိဘဲနှင့် အိမ်တွင် ကြွရောက်နေကြသော အလှူခံအား လှူဒါန်းနေရပါသည်။ မပေးချင်ဘဲနှင့်ပေးရ၊ မလှူချင်ဘဲနှင့်လှူဒါန်းနေရပါလည်း ဒီအတိုင်းမှန်ကန်ပါလျှင် ဤမှန်ကန်သော သစ္စာစကားကို ဆိုရခြင်းကြောင့် သားအပေါ်တွင် ကျရောက်နေသော မြွေဆိပ်များသည် လျော့ကျပါစေသတည်း"ဟု သစ္စာဆိုခဲ့၏။

ဤသစ္စာစကားကြောင့် ရင်ဘတ်မှ အဆိပ်များသည် ခါးအထိ လျော့ကျသွားပါတော့သည်။ (သားငယ်ကား မထနိုင်သေး။ မထိုင်နိုင်သေး။ အဆိပ်တို့ ကျန်ရှိပါသေးသည်။)

## မချစ်ဘဲနှင့် ပေါင်းနေရခြင်းကို သစ္စာဆိုခြင်း

ထို့ကြောင့် ဇနီးဖြစ်သူအားလည်း သစ္စာဆိုခိုင်းလေသည်။ ထိုအခါ သူကြွယ်၏ဇနီးက အောက်ပါအတိုင်း သစ္စာဆိုခဲ့လေသည်။ "ငါ့ချစ်သား သင့်သားကို ကိုက်သည့် မြွေဟောက်ကို ငါမချစ်ပါ။ ယင်းမြွေဟောက်ကို မချစ်သလို သင်၏ အဖေကိုလည်း ယနေ့တိုင်အောင် မချစ်ပါ။ မချစ်တာချင်းအတူတူပါ ဤမှန်ကန်သော သစ္စာစကားကြောင့် ငါ့သားအပေါ်ဝယ် ကျရောက်နေသော အားလုံးသော **အဆိပ်တို့သည်** ပျက်ပြယ်ပြီး အကောင်းပကတိ ချမ်းသာစွာ **ရှိပါစေသတည်း**"ဟု သစ္စာဆိုခဲ့၏။

**ယင်းသို့ သစ္စာဆိုပြီးသည်နှင့် တစ်ပြိုင်နက် သား**ကလေး ယညဒတ်၌ ကျရောက်နေသော အဆိပ်အားလုံးတို့သည် လျော့ကျပျက်ပြယ်ပြီး မူလနဂိုအတိုင်း ကျန်းမာပကတိ ချမ်းသာစွာရှိခဲ့ပါသတည်း။

ဤဇာတ်တော်တွင် –

(၁) သစ္စာဆိုသူတို့မှာ ရသေ့နှင့် သူကြွယ်ဇနီးမောင်နှံ။

(၂) သစ္စာဆိုရခြင်းမှာ သားကလေး မြွေကိုက်၍ အသက်ဘေးမှ ချမ်းသာရလိုခြင်းဖြစ်၏။

**ဤသစ္စာဆိုရသည့်အကြောင်းများက ကောင်းသော အကြောင်းများ မဟုတ်ပါပေ။ သို့ရာတွင် အဖြစ်အပျက်မှန် တကယ့်ဖြစ်ရပ်များကို အမှန်အတိုင်း ပြောဆိုခြင်းပင် ဖြစ်၏။**

ယင်းသို့ဖြစ်ရပ်မှန်များကို အမှန်အတိုင်း ထုတ်ဖော်ပြောဆိုခြင်းကြောင့် မြွေဆိပ်များ လျော့ကျပြီး အသက်ဘေးမှ ချမ်းသာရာရခဲ့လေသည်။ သစ္စာဆို၍ အသက်ချမ်းသာရာ ရသွားသော ဇာတ်တော်များမှာ အလောင်းတော်သုဝဏ္ဏသျှံ၊ ငုံးမင်း၊ ငါးမင်း သစ္စာတို့ ဖြစ်ကြပါသည်။

**ဟိန်းထက်ရှာန်**

**ကိုးကား –**

မဟာဝေဒဗ္ဗမန္တန်တော်ကြီး။

စီစဉ်သူ နေမျိုးကျော်ထင်။



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# နေနတ်မင်း၏ သမီးတော်

## (စာတင်သိမ်းပိုင်း)

**မနုဿကျော်ဝင်း**
(အမျိုးသားစာပေဆုရ)

ကျွန်တော် ဆုံးဖြတ်ချက်တစ်ခုကို လျင်မြန်စွာနှင့် ပြတ်သားစွာ ချမှတ်ရတော့မည်။ ထိုဆုံးဖြတ်ချက်သည် မှန်ကန်ရမည်။ မှား၍မဖြစ်။ လောလောဆယ်တွင် မိုက်တီးနှင့် ထိပ်တိုက်တွေ့၍ မဖြစ်သေး။ မိုက်တီးသည် အချစ်ကြီးသူတစ်ယောက် ဖြစ်သလို အမျက်ကြီးသူလည်း ဖြစ်မည်။ အမျက်ကြီးသူဆိုသည်မှာ သူတစ်ဖက်သတ် ချစ်နေသူ မာရီယာအပေါ်တွင် မဟုတ်။ မာရီယာကို လုယူမည့်ရန်သူအဖြစ် မြင်ထားသူ ကျွန်တော့်အပေါ်တွင်သာ အမျက်ကြီးမှာ သေချာလှ၏။ ကျွန်တော် ဤဒေသကို အပင်ပန်းခံ လာရောက်ခဲ့ရခြင်းမှာ စိုက်ပျိုးရေးအတတ်ကို မတတ်မြောက်ကြသေးဘဲ အစားအစာ ရှာဖွေစုဆောင်းခြင်း၊ အမဲလိုက်ခြင်းတို့ဖြင့် အသက်မွေးနေရသော အလွန်ခေတ်နောက်ကျလှသည့် ဟာဒ်ဇာလူမျိုးတို့အကြောင်း လေ့လာသုတေသနပြုရန်ဖြစ်၏။ ယခု ထိုလုပ်ငန်း အောင်မြင်စွာပြီးစီးခဲ့ပြီ ဖြစ်၏။ မပြီးသေးသည်ကတော့ ကျွန်တော်၏ နှလုံးသားရေးရာစစ်ပွဲဖြစ်သည်။ မာရီယာဆီက ရေရာသောအဖြေ မရသေးမီ မိုက်တီးက ကျွန်တော့်ကို စစ်မျက်နှာဖွင့်လိုက်လေပြီ။ မိုက်တီးနှင့် ထိပ်တိုက်ရင်ဆိုင်လျှင် နိုင်နိုင်ရှုံးရှုံး ကျွန်တော် ပြည်တော်ပြန်လှမည်မဟုတ်။ မနုဿဗေဒပညာရှင်လောကတွင်လည်း ကျွန်တော်သည် အလွန်ပင် အကျည်းတန်သူ ဖြစ်သွားရတော့မည်။ မည်သို့ပင်ဖြစ်စေ ကျွန်တော်သည် မာရီယာကို လုံးဝ မစွန့်လွှတ်နိုင်ပါ။ လောလောဆယ်တွင်တော့ မိုက်တီးနှင့် ပဋိပက္ခမဖြစ်အောင် ရှောင်ရပေမည်။

"ဒီမှာ မိုက်တီး၊ ခင်ဗျား သိပ်ပြီး အစိုးရိမ်မလွန်ပါနဲ့လေ။ မာရီယာက ကျွန်တော့်ကို တစ်ခါမှ ချစ်တယ်လို့ မပြောဖူးသေးဘူး။ ကျွန်တော့်ဘက်ကသာ တစ်ဖက်သတ် ကြိုးစားနေဆဲအခြေအနေမျိုးမှာပဲ ရှိနေသေးတယ်။ ကျွန်တော် အမေရိကကို မပြန်ခင်မှာတော့ နောက်ဆုံးအကြိမ်အဖြစ် ဆွေးနွေးဖို့ ကြိုးစားကြည့်ဦးမယ်။ ဒါလည်း အောင်မြင်မယ် မထင်ပါဘူး။ ဘာ့ကြောင့်လဲဆိုတော့ သူဟာ နေနတ်မင်းရဲ့ သမီးတော် ဖြစ်တယ်။ လူ့ဘဝမှာ ဘယ်ယောကျ်ားနဲ့မှ မချစ်ရ မကြိုက်ရဘူး။ အဲဒီ တားမြစ်ချက်ကို ချိုးဖောက်ရင် ချက်ချင်းသေဆုံးရလိမ့် ဆိုတဲ့ စွဲလမ်းယုံကြည်မှုကြောင့် ကျွန်တော့်အချစ်ကို လက်ခံဝံ့မှာ မဟုတ်ပါဘူး။ အို့ဗျာ . . . ဘယ်သူ့အချစ်ကိုမှလည်း လက်ခံဝံ့မှာ မဟုတ်ပါဘူး။ သူ့အသက်နဲ့လဲပြီး ကျွန်တော့်ကို ချစ်ဝံ့ရင်တော့ ကျွန်တော့်ရဲ့ ကြိုးပမ်းချက် အောင်မြင်မယ်ပေါ့ဗျာ။ ဒါ့ကြောင့် ခင်ဗျားသိပ်ပြီး မစိုးရိမ်ပါနဲ့ မိုက်တီး။ အခြေအနေကို စောင့်ကြည့်ပါဦးလို့ပဲ ကျွန်တော်ပြောချင်တယ်။ ကဲ . . အချိန်လည်း အတော်ကြာသွားပြီ။ ကျွန်တော်တို့ စခန်းကို ပြန်ကြရအောင်"

မိုက်တီးသည် တစ်စုံတစ်ရာကို စဉ်းစားနေဟန်ရှိပြီး သက်ပြင်းတစ်ချက် ချလိုက်သည်။ ထို့နောက် စခန်းရှိရာသို့ ခြေဦးလှည့်လိုက်ပြီး တစ်လှမ်းချင်း ထွက်ခွာသွား၏။ ကျွန်တော်က သူ့နောက်မှ ခြေလှမ်းမှန်မှန်ဖြင့် လိုက်ပါလာခဲ့၏။

* * *

သည်ကနေ့ မွန်းလွဲပိုင်းတွင် ကျွန်တော် ဤစခန်းမှ ထွက်ခွာရတော့မည်။ ကျွန်တော်သည် မိမိစိတ်ကူးထားသည်များကို အကောင်အထည်ဖော်ရန် အချိန်ရသမျှ အသုံးချ၏။ မာရီယာကို လိုက်၍ရှာသော်လည်း စခန်းတစ်ခုလုံး



www.burmeseclassic.com

www.burmeseclassic.com

ဘယ်မှာမျှ မတွေ့။ ကျွန်တော် လက်လျှော့လိုက်ပါပြီ။

ခရီးမထွက်မီ ကိုယ်လက်သုတ်သင်လိုသဖြင့် မာရီယာ ဖန်တီးထားသော ရေသန့်ရေချိုးကန်ဆီသို့ ထွက်ခွာလာခဲ့သည်။ ရေလဲပုဆိုးတစ်ထည်၊ ဆပ်ပြာခွက်နှင့် မျက်နှာသုတ်ပဝါ တစ်ထည်သာ ယူဆောင်လာခဲ့၏။ ထိုရေကန်ကလေးသည် စခန်းနှင့် အနည်းငယ် ကွာလှမ်းရာ မိနစ်အတန်ကြာအောင် လျှောက်လာရ၏။ မျက်စိလည်ပြီး လမ်းမှားသွားသဖြင့် အချိန်မကြာသင့်ဘဲ ကြာသွားရသေး၏။ နောက်တော့မှ လမ်းအချိုးအကွေ့ကို မှတ်မိသွားကာ ရေကန်ဆီသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလေတော့၏။

“ဟယ်...မာ...မာရီယာ”

ရေကန်ထိပ် ချုံတစ်ချုံအနီးတွင် ဖက်ကတော့ကြီးတစ်ခုကို ကိုင်လျက် ရပ်နေသူ မာရီယာကို ရုတ်တရက် တွေ့မြင်လိုက်ရသဖြင့် ကျွန်တော်က အံ့ဩစွာ ရေရွတ်လိုက်မိခြင်း ဖြစ်၏။ မာရီယာ၏ မျက်နှာက ညှိုးငယ်နေသည်။

“ကိုကို တစ်မနက်ခင်းလုံး ညီမလေးကို လိုက်ရှာနေတာ မတွေ့လို့ စိတ်ပူခဲ့မိတယ်။ စိတ်လည်း တော်တော် ညစ်သွားမိခဲ့တယ်။ ဘယ်ကို သွားနေတာလဲ ညီမလေးရယ်”

မာရီယာသည် ကျွန်တော့်အမေးကို ရုတ်တရက် မဖြေသေးဘဲ မိုးကုပ်စက်ဝိုင်းတစ်နေရာဆီသို့ ငေးကြည့်နေ၏။

“ညီမလေး နေမထွက်ခင်ကတည်းက ဒီကိုရောက်နေခဲ့တယ်။ ကိုကို သန့်သန့်ရှင်းရှင်းနဲ့ ရွာကထွက်ခွာနိုင်အောင် ညီမလေးကိုယ်တိုင် ရေချိုးပေးမလို့ ရည်ရွယ်ချက်နဲ့ စောင့်နေခဲ့တာပါ။ ဒါပေမဲ့ ကိုကို ကတိတစ်ခုပေးရမယ်နော်။ အဲဒါကတော့ ညီမလေး ထပ်ပြီး ချစ်ရေးမဆိုရဘူး။ အမေရိကကို လိုက်ခဲ့ဖို့လည်း မခေါ်ရဘူး။ တကယ်လို့ အဲဒီကတိနှစ်ခုကို မပေးနိုင်ရင် ညီမလေး ဒီနေရာက ထွက်သွားမယ်။ ကိုကို့ဘာသာ ကိုကို ရေချိုးဖို့အတွက် ဒီဖက်ကတော့ကြီးကို ချန်ထားခဲ့မယ်။

ကျွန်တော်က သူမကို မချင့်မရဲ ငေးကြည့်နေမိ၏။ မာရီယာက ဘယ်လိုလဲ ဟူသော မေးခွန်းကို နှုတ်က မမေးသော်လည်း သူ့မျက်လုံးတွေထဲမှာ ထိုမေးခွန်းကို မြင်နေရ၏။ ကျွန်တော်သည် စိတ်ကို လုံးလုံးလျှော့ချလိုက်ပြီး

“ကဲ...ကိုကို ညီမလေးတောင်းဆိုတဲ့ ကတိတွေကို ပေးပါတယ်။ တို့အတူရှိနေကြမယ့်အချိန်ဟာ သိပ်ပြီး နည်းနေပါပြီ။ ဒီတော့ အဖိုးတန်လှတဲ့ အဲဒီအချိန်တိုအတွင်းမှာ စိတ်ချမ်းချမ်းသာသာနဲ့ ပျော်ပျော်ရွှင်ရွှင် နေကြရအောင်နော်”

ကျွန်တော့် စကားသံ အဆုံး၌ မာရီယာက သူမ၏ ဖက်ကတော့လေးဖြင့် ကန်ထဲမှ ရေများကို တစ်ခွက်ပြီး တစ်ခွက် ခပ်ယူကာ ကျွန်တော့်ကိုယ်ပေါ်တွင် လောင်းချပေး၏။ ကျွန်တော်၏ ခန္ဓာကိုယ်အနှံ့ ရေစိုသွားသောအခါ မာရီယာက ဆပ်ပြာတိုက်ပေးမည်ဟု ပြောသည်။ မသင့်တော်မှန်း သိသဖြင့် ကျွန်တော်က မိမိကိုယ်ကို မိမိဘာသာ ဆပ်ပြာတိုက်၏။ ခန္ဓာကိုယ်အနှံ့ ဆပ်ပြာတိုက်ပြီးသောအခါ မာရီယာက ဖက်ကတော့ဖြင့် ရေလောင်းပေးပြန်၏။ သည်လိုနှင့် ရေချိုးခြင်းအမှု ပြီးစီးသွား၏။

အဝတ်အစားများ ပြန်လည်ဝတ်ဆင်ပြီးသောအခါ ကျွန်တော်တို့နှစ်ဦး မျက်နှာချင်းဆိုင် ရပ်လိုက်ကြ၏။

“ကိုကိုနဲ့ ညီမလေး ဒီတစ်သက်မှာ ပြန်ဆုံရဖို့ဆိုတာ လုံးဝ မလွယ်တော့ဘူးနော်”

မာရီယာက ကြေကွဲစွာ ပြောလိုက်ခြင်း ဖြစ်၏။ ကျွန်တော်ကတော့ ဘာမျှ ပြန်မပြောဘဲ သူမကို တွေတွေကြီး ကြည့်နေမိ၏။ မာရီယာသည် ယနေ့တွင် ထူးထူးခြားခြား မြက်ခြောက်ဂါဝန်တိုလေးကို ဝတ်ထားရာ ဖွံ့ထွားသော သူမ၏ ကိုယ်လုံးနှင့် အလွန်ပင် ပနာရလှ၏။ တော်ဝင်နန်းထိုက် ဤပန်းမကိုင်ငှက်ကို ကျွန်တော်သည် ချုံတောတွေအကြား၌ ချန်ထားရစ်ခဲ့ရမည့်အရေးအတွက် ဘဝင်မအေးနိုင်ပေ။ သူမနှင့် ခွဲခွာရတော့မည့်အချိန်က နီးသထက်နီးကပ်လာချေပြီ။ ကျွန်တော်၏ စိတ်ဆင်ရိုင်းကို ချွန်းအုပ်၍ မရနိုင်တော့။ မာရီယာ၏ တစ်ကိုယ်လုံးကို သိမ်းကျုံး၍ ဖက်ထားလိုက်မိ၏။ သည်တစ်ကြိမ်၌ သူမသည် ကျွန်တော့်ကို တွန်းထိုးဖယ်ရှားခြင်းမျိုး လုံးဝ မပြုတော့ကြောင်း အံ့ဩစဖွယ် တွေ့ရ၏။ ကျွန်တော့်ရင်ခွင်တွင် သူမ၏ မျက်နှာကို အပ်ထားသည်။ ကျွန်တော် ရင်ခုန်နေသလို သူမလည်း ရင်ခုန်နေကြောင်း အတွေ့အထိအရ သိရှိရ၏။ ကျွန်တော်က သူမကို ခပ်တင်းတင်း ဖက်ထားလိုက်ပြီး -



www.burmeseclassic.com

www.burmeseclassic.com

"မာရီယာ···ကိုကို သိပ်ချစ်တဲ့ ညီမလေးရယ်။ ညီမလေး တားမြစ်ပေမယ့် နောက်ဆုံးအကြိမ်အဖြစ် ကိုကို ထပ်ပြီး တောင်းဆိုပါရစေကွယ်။ မာရီယာ ကိုကို့ကို လက်ထပ်ပြီး တစ်ခါတည်း အမေရိကကို လိုက်ခဲ့ပါနော်။ ဒီကနေ့ အချိန်ရသေးတယ်။ အချိန်မီသေးတယ်။ မာရီယာက ငြင်းဆန်ပြီး ဒီမှာ ချန်နေရစ်ခဲ့မယ်ဆိုရင် ကိုကိုဟာ တစ်သက်လုံး စိတ်ဆင်းရဲနေရမှာပါကွယ်။ ကိုကို့စကားကို နားထောင်ပါ ညီမလေးရယ်"

မာရီယာသည် သက်ပြင်းတစ်ချက် ချလိုက်သည်။ ထို့နောက် ကျွန်တော့်ကျောပြင်ကို ရစ်သိုင်းဖက်လိုက်ပြီး -

"ညီမလေး ကိုယ့်ကိုယ်ကို မညာချင်တော့ပါဘူး။ တကယ်တော့ ဒီစခန်းမှာ ကိုကို့ကို စတွေ့တွေ့ချင်းကတည်းက စိတ်ဝင်စားခဲ့မိတယ်။ ကိုကို့ရုပ်ရည်သွင်ပြင်က တခြားမျက်နှာဖြူတွေနဲ့လည်း မတူဘူး။ လူမည်းတွေနဲ့လည်း ကွာခြားတယ်။ နောက်ပြီး ညီမလေးတို့ ဟာဒ်ဇာလူမျိုးတွေအကြောင်း လေ့လာ သုတေသနပြုဖို့အတွက် လာတယ်ဆိုတဲ့ အချက်က သိပ်ပြီး စိတ်ဝင်စားစရာ ကောင်းတယ်။ ရေခဲတွင်းထဲ ဆင်းပြီး ရေချိုးဝံ့တဲ့ သတ္တိက ညီမလေးတို့ ဟာဒ်ဇာတွေ စံပြုထားတဲ့ ရဲစွမ်းသတ္တိထူး တစ်ခုပဲလေ။ ပြီးတော့ ကိုကို့ရဲ့ ရုပ်ရည်က မိန်းကလေးတွေ ကျလောက်တဲ့ မျက်နှာပေါက်မျိုးပဲ။ ခန္ဓာကိုယ်နဲ့ အရပ်အမောင်းကလည်း ယောက်ျားပီသတယ်လေ။ အဲဒီအရည်အသွေးတွေအားလုံးက ညီမလေးရဲ့ နှလုံးသားကို လှုပ်ရှားစေခဲ့တယ်"

"ဒါပေမဲ့ ညီမလေး အကြောက်ရွံ့ဆုံးက ခမည်းတော် နေနတ်မင်းကြီးရဲ့ မိန့်မှာချက်ကို ချိုးဖောက်မိမယ့် ကိစ္စပဲ။ ဒါကြောင့် ကိုကို့ချစ်ရေးဆိုတိုင်း ငြင်းပယ်ခဲ့မိတာပါ။ နောက်တစ်ခုကလည်း ကိုကို့ရဲ့နောက်ကြောင်းအမှန်ကို ညီမလေး ဘာမှမသိရသေးဘူးလေ။ ကိုကိုဟာ လူပျိုလူလွတ်လား၊ တစ်နည်းပြောရင် နောက်ကြောင်းရှင်းတဲ့ လူလားဆိုတာ မသိရသေးတော့ ကိုကို့ကို ယုံစားဖို့ခက်တာက အခက်သား။ ဒါကြောင့်လည်း ကိုကို့နဲ့ မပြီးစွန်းရအောင် အတတ်နိုင်ဆုံး ရှောင်ခဲ့တာပါ။ အဓိက ပြဿနာကတော့ ခမည်းတော် နေမင်းကြီးကို ပေးထားတဲ့ကတိ ချိုးဖောက်မိရင် ဝိညာဉ်အနုတ်ခံရမယ်၊ တစ်နည်းပြောရရင် လူ့လောကကို စွန့်ခွာရတော့မှာ"

မာရီယာသည် စကားမဆက်သေးဘဲ ကျွန်တော့်ကို ရွှန်းလဲ့သော မျက်လုံးကြီးများဖြင့် ငေးကြည့်နေသည်။ ထို့နောက် ကျွန်တော့်ပါးပြင်ကို အသာအယာ နမ်းရှုံ့လိုက်သည်။

"အခုတော့ ညီမလေး အားလုံးကို ရင်ဆိုင်ဖို့ ဆုံးဖြတ်လိုက်ပြီလေ။ ညီမလေး ကိုကို့အချစ်ကို လက်ခံရင် ခမည်းတော် နေနတ်မင်းကြီးရဲ့ ဒဏ်ခတ်မှုကြောင့် သေဆုံးရမယ်။ ကိုကို့အချစ်ကို ငြင်းပယ်ခဲ့ရင်လည်း ကိုကိုက တစ်ယောက်တည်း ပြန်သွားရမှာ။ ညီမလေးက နေ့တိုင်း လွမ်းဆွတ်ပြီး ငိုနေမိမှာ။ ရင်ကွဲနာကျပြီး သေရမှာမို့

**သူမ၏ ခန္ဓာကိုယ် အထက်ပိုင်းကို ကျွန်တော့်ရင်ခွင်ထဲတွင် လှဲမှီနေစေ၏။ ရင်ဝတွင် စိုက်လျက်ရှိသော မြားတံနှင့် ခါးတွင်စိုက်ဝင်နေသည့် မြားတံတို့ကို ကျွန်တော် မနုတ်ယူဝံ့။ မနုတ်ယူရက်ဟုဆိုလျှင် ပိုပြီးမှန်ကန်ပေလိမ့်မည်။**

\+ + ++ + ++ + ++ + ++ +

ခမည်းတော်နေနတ်မင်းကြီးကတောင် ဝိညာဉ်နုတ်ယူစရာ လိုတော့မှာမဟုတ်ဘူး။ တကယ်တော့ ညီမလေးရဲ့ဘဝဟာ သေမထူး နေမထူး ဘဝမျိုးပါ။ ဒါကြောင့် ညီမလေး ဆုံးဖြတ်လိုက်ပြီ။ ညီမလေး ကိုကို့ကို ချစ်တယ်။ သိပ်ချစ်တယ်။ အသည်းနင့်အောင် ချစ်တယ်။ တကယ်လို့ သေရင်လည်း ကိုကို့ရင်ခွင်ထဲမှာပဲ သေမယ်"



www.burmeseclassic.com

www.burmeseclassic.com

မာရီယာ့ထံမှ မမျှော်လင့်သော စကားများကို ကြားလိုက်ရသဖြင့် ကျွန်တော်သည် အတိုင်းမသိ ဝမ်းသာကြည်နူးသွားမိ၏။ သူမကို ပို၍ တင်းကျပ်စွာ ဖက်ထားလိုက်ပြီး ပါးပြင်နှစ်ဖက်စလုံးကို ဘယ်ပြန်ညာပြန် မွှေးကြူနေမိ၏။ မာရီယာကလည်း ကျွန်တော့်ကို တင်းကျပ်စွာ ဖက်ထားပြီး အနမ်းဖြင့် တုံ့ပြန်သည်။ ကျွန်တော် သူမ၏ နှုတ်ခမ်းလှလှလေးများကို စုပ်နမ်းရန် မျက်နှာကို လက်ဖြင့် အသာအယာ မယူလိုက်၏။ ထိုအခါ မာရီယာက ကျွန်တော့်ကို ရုတ်တရက် အားကုန်ဆောင့်တွန်းပစ်လိုက်ရာ နောက်သို့ ပက်လက်လန် လဲကျသွားခဲ့ရ၏။ အဖြစ်အပျက်တို့ကား မြန်ဆန်လွန်းလှ၏။ ဝိုးခနဲ အသံမြည်ပြီး ဖြတ်သန်းသွားသော မြားတံတစ်ချောင်းက မာရီယာ၏ ရင်ဝတည့်တည့်တွင် ထိုးစိုက်လျက်ရှိလေပြီ။ ချက်ချင်းပင် အခြေအနေကို ကျွန်တော် ရိပ်စားမိ၏။ တစ်စုံတစ်ဦးက နောက်ကျောဘက်မှ ကျွန်တော့်ကို မြားဖြင့် ချိန်ရွယ်ပစ်ခတ်ခဲ့ရာ မျက်နှာချင်းဆိုင်တွင်ရှိနေသူ မာရီယာက တွေ့မြင်ပြီး ကျွန်တော့်ကို ချက်ချင်း တွန်းလှဲပစ်လိုက်ခြင်း ဖြစ်၏။ ထိုမြားတံသည် ကျွန်တော့်ကျောကုန်းကို မထိမှန်သော်လည်း မာရီယာ၏ ရင်ဝတွင် ထိုးစိုက်လျက်ရှိနေလေပြီ။ ပက်လက်လဲကျနေရာမှ ကျွန်တော် နောက်ဘက်သို့ မျက်လွှာလှန်ကြည့်လိုက်တော့ -

"မိုက်တီး"၊ ဟုတ်ပါသည်။ မိုက်တီးသည် ကျွန်တော့်ကို မြားဖြင့် နောက်မှ ချိန်ရွယ်ပစ်ခတ်ခဲ့သော်လည်း မာရီယာကြောင့် ပစ်မှတ်လွဲသွားခဲ့ရသည်။ ဒါကို မကျေနပ်၍ သူသည် နောက်ထပ် မြားတံတစ်ချောင်းကို ထုတ်ယူပြီး လေးကြိုးကို ဆွဲတင်ကာ ကျွန်တော့်ဆီသို့ တည့်မတ်စွာ ချိန်ရွယ်လိုက်သည်။ ကျွန်တော် ဘာမျှလုပ်ဆောင်ရှောင်တိမ်းချိန် မရတော့။ အရှိန်ဖြင့် ပက်လက်လန် လဲကျခဲ့သဖြင့် ကိုယ်လက်တွေ နာကျင်ပြီး ရုတ်တရက် ပြန်မထနိုင်။ မိုက်တီးအတွက် အလွန်ပင် အခွင့်အရေး သာလှ၏။ ကြိုက်သည့်နေရာ၊ ကြိုက်သည့်အကွာအဝေးမှနေ၍ ကျွန်တော့်ကို လေးဖြင့် စိတ်ကြိုက်ပစ်နိုင်ပြီ။ ကျွန်တော်သည် ပက်လက်လဲလျောင်းနေရသည့် အနေအထားတွင် လုံးဝရွေ့လျားခြင်းမပြုတော့ဘဲ ငြိမ်နေလိုက်၏။ သို့ရာတွင် မိုက်တီး၏ မျက်လုံးများကိုတော့ မမှိတ်မသုန် ငေးစိုက်ကြည့်နေမိ၏။ မိုက်တီးသည် လေးကြိုးကို အားကုန်ဆွဲတင်လိုက်၏။ ကျွန်တော့်ရင်ဝဆီသို့ မြားတံကို ပစ်လွှတ်တော့မည်အပြုတွင် သူ့အနီးရှိ သစ်ပင်ကြီးထိပ်မှ လေးလံသော အရာဝတ္ထုတစ်ခုက သူ့ကိုယ်ပေါ်သို့ ပြုတ်ကျလာရာ သူ့လက်မှ လေးရော မြားတံပါ လွတ်ကျ လွင့်စဉ်သွားရ၏။ ကောင်းသော လွင့်စဉ်ခြင်းတော့ မဟုတ်။ လွတ်ထွက်သွားသော မြားတံ၏ လားရာက မာရီယာဆီသို့ ဦးတည်၍သွား၏။ ရင်ဝတွင် မြားတံတန်းလန်းဖြင့် ပက်လက်လန် လဲကျနေသူ မာရီယာ၏ ခါးကို ထိုးဖောက်စူးဝင်သွား၏။ မာရီယာခမျာ မြားတံနှစ်ချောင်း တန်းလန်းဖြင့် မချိမဆံ့ ဝေဒနာခံစားကာ လဲလျောင်းနေရရှာ၏။ ဤမြားတံတို့သည် ရိုးရိုးမြားတံများ မဟုတ်ကြ၊ အဆိပ်လူးမြားတံများ ဖြစ်ရကား မာရီယာတစ်ယောက် မကြာခင် မြားဆိပ်သင့်ပြီး အသက်အန္တရာယ် ကျရောက်ရတော့မည်။

မိုက်တီးတစ်ယောက်ကတော့ သူ့သဘောသူဆောင်သွားပေပြီ။ သစ်ပင်မြင့်ပေါ်မှ သူ့ပခုံးပေါ်သို့ ပြုတ်ကျလာသောအရာသည် သက်မဲ့ပစ္စည်းတစ်ခုမဟုတ်။ အလွန်အဆိပ်ပြင်းလှသည့် မြွေဆိုးကြီးတစ်ကောင် ဖြစ်၏။ အရွယ်အစားအားဖြင့် ယောက်ျားကြီးတစ်ယောက်၏ လက်မောင်းလုံးခန့်ရှိ၏။ ထိုမြွေကြီးသည် မိုက်တီး၏ ကုပ်ပိုးပေါ်တွင် ခေါက်ချိုးအနေအထားတင်နေရာမှ ပါးပျဉ်းထောင်ထလာ၏။ ထို့နောက် အရှိန်ဖြင့် လွှဲ၍ မိုက်တီး၏ ဘယ်ဘက်ပါးပြင်ကို ပေါက်ချလိုက်၏။

"အား...အား..အား"

မိုက်တီးထံမှ ကြောက်မက်ဖွယ်ရာ အသံနက်ကြီး ပေါ်ထွက်လာပြီး အချိန်ပိုင်းအတွင်းမှာပင် သူသည် မြေပြင်ပေါ်သို့ လဲကျသွား၏။ တစ်ကိုယ်လုံး တွန့်လိမ်ကာ မိနစ်ပိုင်းအတွင်းမှာပင် လုံးဝ ငြိမ်သက်သွားလေ၏။ မိုက်တီးတစ်ယောက် ဝိညာဉ်ချုပ်ငြိမ်းသွားလေပြီ။ မြွေဆိုးကြီးသည်ကား သူ့ကိုယ်ပေါ်မှ ဆင်းပြီး အနီးရှိ ချုံတစ်ချုံထဲသို့ တိုးဝင်ပျောက်ကွယ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်က ကြိုးစား၍ ထထိုင်ပြီး မာရီယာ၏ အနီးသို့ တိုးရွေ့၏။ ထို့နောက် သူမ၏ ခန္ဓာကိုယ်အထက်ပိုင်းကို ကျွန်တော့်ရင်ခွင်ထဲတွင် လှဲမှီနေစေ၏။ ရင်ဝတွင် စိုက်လျက်ရှိသော မြားတံနှင့် ခါးတွင်စိုက်ဝင်နေသည့် မြားတံတို့ကို ကျွန်တော် မနုတ်ယူဝံ့။ မနုတ်ယူရက်ဟုဆိုလျှင် ပိုပြီးမှန်ကန်ပေလိမ့်မည်။ ဤမြားတံတွေကို နုတ်ယူလျှင် မာရီယာ မည်မျှနာကျင်စွာ ခံစားရရှာမည်ကို ကျွန်တော် မတွေးဝံ့။ ထို့ကြောင့် မြားတံတန်းလန်းနှင့်ပင် သူမကို ပိုက်ထွေးထားခြင်း ဖြစ်၏။ မြားဆိပ်ကြောင့် မိန်းမူးနေရာမှ မာရီယာသည် လူးလူးလွန့်လွန့် ဖြစ်လာ၏။

"နာလိုက်တာ ကိုကိုရယ်။ ညီမလေး ကြာကြာနေရတော့မှာ မဟုတ်ဘူး။ ခမည်းတော် နေနတ်မင်းကြီးက ပြန်ခေါ်နေပြီ။ လူ့ဘဝမှာ လူသားတစ်ဦးဦးနဲ့ ချစ်ကြိုက်မိရင် သေရမယ်ဆိုတဲ့ မှာကြားချက်ကို မလိုက်နာမိခဲ့လို့ အခု ညီမလေး သေရတော့မယ်လေ။ ဒါပေမဲ့ သိပ်ချစ်တဲ့ ကိုကို့ရဲ့ ရင်ခွင်ထဲမှာ ဝိညာဉ်ချုပ်ရမှာမို့ ညီမလေး ကျေနပ်ပါတယ်။ အသက်နဲ့လဲပြီး ကိုကို့ကို ချစ်ပြခွင့်ရတာကြောင့်လည်း ညီမလေး ဂုဏ်ယူတယ်"

သူမ၏ မျက်လုံးအိမ်မှ မျက်ရည်များ ပါးပြင်ပေါ်သို့ လိမ့်ဆင်းလာ၏။

ရုတ်တရက် ဆူဆူညံညံအသံများ ကြားရပြီး အွန်ဝါကင်နှင့် ဟာဒ်ဘလူကြီးအချို့ကိုလည်းကောင်း၊ အာဖရိကန်ပုလိပ်အရာရှိ တစ်ဦးနှင့် ပုလိပ် ၁၀ ယောက်တို့ကိုလည်းကောင်း တွေ့မြင်ရ၏။ ကျွန်တော့်ရင်ခွင်ထဲတွင် မှိန်းနေသူ မာရီယာက ဖြစ်စဉ်အကျဉ်းအစအဆုံးကို ရှင်းပြ၏။ အလွန် အားနည်းနေပြီဖြစ်သော မာရီယာခမျာ အတော်ပင် အားယူ၍ ပြောပြနေရခြင်း ဖြစ်၏။ နောက်ဆုံး စကားလုံးကို ပြောပြီးသည်နှင့် မာရီယာသည် မျက်ဖြူလန်ကာ ဇက်ကျိုးကျသွားရှာလေ၏။

သူမ၏ အသက်ရှူသံကို လုံးဝမကြားရတော့။ သူမ၏ ညာဘက် လက်ကောက်ဝတ်ကို စမ်းသပ်ကြည့်တော့လည်း သွေးမခုန်တော့။ ကျွန်တော်နှင့် တကွ လောကကြီးတစ်ခုလုံးကို ကျောခိုင်းသွားခဲ့ရှာလေပြီ။ အို . . . ကိုကို သိပ်ချစ်ရတဲ့ ညီမလေးရယ်။

အွန်ဝါ့(ဇ်)က သူမ၏ ရင်ဘတ်နှင့် ခါးတွင်စိုက်ဝင်နေသော မြားတံနှစ်ချောင်းကို အသာအယာ ဆွဲနုတ်ယူလိုက်သည်။

"အမှန်ကတော့ ဒီမြားတံတွေဟာ ကျွန်တော့်ကို မိုက်တီးက ချိန်ရွယ်ပစ်ခတ်ခဲ့တဲ့ မြားတံတွေပါဗျာ။ မာရီယာက တွန်းလှဲလိုက်လို့သာ ကျွန်တော့်ကို မြားတံမထိတာ။ ကျွန်တော့်ကိုယ်စား သူက ဓားစာခံသွားရရှာတာပါခင်ဗျာ"

ကျွန်တော်က မချိတင်ကဲ ရှင်းပြနေမိခြင်း ဖြစ်၏။

"မိုက်တီးဟာ မြွေဆိုးအကိုက်ခံရလို့ မသေခဲ့ရင်လည်း လူသတ်မှုနဲ့ အရေးယူခံရပြီး ကြိုးလေးတဲ့ ပြစ်ဒဏ်ကို ကျခံရမှာပါ။ လွန်ခဲ့တဲ့ နှစ်များ မကြာမီတုန်းက သူဟာ သူ့ရဲ့အလုပ်ရှင်သူဌေး အင်္ဂလိပ်လူမျိုးတစ်ဦးကို သတ်ဖြတ်ပြီး ရှောင်တိမ်းပြေးသွားခဲ့လို့ ကျွန်တော်တို့က သူ့ကို လိုက်ရှာနေခဲ့ကြတာပါ။ ဒီမှာထပ်ပြီး သူက လူသတ်မှု ကျူးလွန်ပြန်တာကြောင့် လူသတ်မှုနှစ်မှုအတွက် အရေးယူအပြစ်ပေးခံရမယ့်သူ ဖြစ်ပါတယ်။ မြွေအကိုက်ခံရလို့ မိုက်တီးသေဆုံးသွားခဲ့ပေမယ့် သူ့ရုပ်အလောင်းကိုတော့ ဒီမှာ ချန်ထားခဲ့လို့ မရပါဘူး။ မြို့ကို ယူသွားပြီး လိုအပ်တဲ့ စစ်ဆေးမှုတွေ ပြုလုပ်ရပါလိမ့်ဦးမယ်။ ကိုင်း . . . ကျွန်တော်တို့ကို ခွင့်ပြုပါခင်ဗျာ"

ပုလိပ်အရာရှိက ကျွန်တော်နှင့်တကွ အွန်ဝါ့ဇ်အပါအဝင် လူကြီးများကို နှုတ်ဆက်သည်။ ပုလိပ်များက ထမ်းစင်ကဲ့သို့ ပစ္စည်းတစ်မျိုးဖြင့် မိုက်တီး၏ ရုပ်အလောင်းကို သယ်ဆောင်သွားကြလေသည်။

ကျွန်တော်သည် မိမိ၏ ရင်ခွင်ထဲတွင် ရှိနေဆဲဖြစ်သော မာရီယာ၏ ရုပ်အလောင်းပေါ်တွင် မျက်နှာချင်းအပ်၍ ဝမ်းနည်းကြေကွဲစွာ ရှိုက်ကြီးတငင် ငိုကြွေးနေမိလေ၏။

*(စာရေးသူ၏မှတ်ချက် ။ ဒေါက်တာသက်နိုင်၏ တကယ့် ကိုယ်တွေ့ဖြစ်ရပ်မှန် ဇာတ်လမ်းကား ဤတွင် ပြီးဆုံးပါပြီ။)*

**မနသဿကျော်ဝင်း(အမျိုးသားစာပေဆုရ)**



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

# ဗီဇဂမ္ဘီရ

ပီတာမြဦး

လူတို့၏ အကျင့်စရိုက်များနှင့် ပတ်သက်၍ ပညာရှင်တို့ လေ့လာဆန်းစစ်ချက်အရ ယေဘုယျအားဖြင့် နှစ်မျိုးတွေ့ရှိရသည်ဆို၏။

ပထမတစ်မျိုးက ပတ်ဝန်းကျင်၏ ပြုပြင်ပြောင်းလဲမှုကြောင့်ဟု သိရသည်။

ဥပမာအားဖြင့် တစ်အူထုံ့ဆင်း ညီအစ်ကိုအရင်း ကျေးညီနောင်တို့ လေပြင်းမုန်တိုင်းဒဏ်ကြောင့် တစ်ကောင်တစ်နေရာစီ လွင့်စဉ်ကွဲကွာသွားခဲ့ရသည်။ တစ်ကောင်သော ကျေးငှက်က တောပုန်းလူဆိုး ဓားပြများနေထိုင်ရာ အရပ်သို့ ကျရောက်သွားသည်။ ထိုကျေးငှက်မှာ လူဆိုးနှင့် ရောနှောနေထိုင်မိလေရာ ကာလအတန်ကြာသောအခါ လူဆိုးတို့၏ အကျင့်စရိုက် ကူးစက်ခံရကာ အပြောအဆိုအနေအထိုင် ရှုန့်ရင်းကြမ်းတမ်းကာ ရိုင်းပျလာလေသည်။

လေပြင်းကြောင့် အဝေးသို့ လွင့်ပါသွားသော အခြားကျေးငှက် တစ်ကောင်မှာ ရသေ့ရဟန်းတို့၏ ကျောင်းသခ်မ်းအနီးသို့ ကျရောက်သွားခဲ့သည်။ ထိုကျေးမှာမူ ရဟန်းသူတော်ကောင်းတို့နှင့် အနေများလာပြီး အပြောအဆိုအမူအရာ အလွန်ယဉ်ကျေးပျူငှာလာပြီး ဘာသာတရားအပေါ်မှာပါ ရှိသေကိုင်းရှိုင်းလာတော့သည်။

ဤကား တစ်အူထုံ့ဆင်း ညီနောင်ရင်း ဖြစ်ပါလျက် ပတ်ဝန်းကျင်၏ ပြုပြင်ပြောင်းလဲခြင်းကြောင့် တစ်ကောင်နှင့်တစ်ကောင်၏ အကျင့်စရိုက်များမှာ လုံးဝဆန့်ကျင်ကာ ပြဒါးတစ်လမ်း သံတစ်လမ်းပမာ ကွဲပြားခြားနားသွားရခြင်းပါပေ။

နောက်တစ်မျိုးမှာ မွေးရာပါ ဗီဇကြောင့်ဟု ဆို၏။

ကျားပေါက်စတစ်ကောင်ကို ငယ်စဉ်ကတည်းက နို့ချိုတိုက်ကျွေး၍ ပြုစုမွေးမြူကြည့်ပါ။ တခြားခွေးကြောင်စသော အိမ်မွေးတိရစ္ဆာန်များနှင့် ရောနှောနေထိုင်စေကာ ယဉ်ကျေးသိမ်မွေ့လာအောင် ကြိုးစားသင်ကြားကြည့်ပါ။ ငယ်ရွယ်စဉ်ကသာ ကိုယ်သွန်သင်သလိုဖြစ်လာသည်ဟု ထင်ရသော်လည်း အချိန်တန် အရွယ်ရောက်သောအခါ ကျားသည် ကျားစိတ်ပေါက်လာကာ တောထဲသို့ ဝင်သွားမည်သာ ဖြစ်သည်ဆို၏။

လူတို့မှာလည်း ထို့အတူပင်။

မည်မျှပင် ယဉ်ကျေးလိမ္မာသော ပတ်ဝန်းကျင်တွင် သွတ်သွင်းကြိုးပြင်းလာစေခဲ့သော်လည်း ထိုသူ၏ ငုပ်လျှိုးတိမ်မြုပ်နေသော အကျင့်စရိုက်ဆိုးတို့မှာ အချိန်တန်လျှင် ပြန်လည် ခေါင်းထောင်လာစမြဲသာ ဖြစ်သည်ဆို၏။

ဤကား ပြုပြင်၍မရသော မွေးရာပါဗီဇကြောင့်ပင် ဖြစ်လေသည်။

ဤဇာတ်လမ်းသည် အဆိုပါ လူ့သဘာဝတရားများကို လျစ်လျူရှုကာ မိမိ၏ အတ္တအကျိုးကို ရည်မှန်းလျက် လမ်းပေါ်က မိန်းမပျက်တစ်ယောက်ကို လူကောင်းသူကောင်းတစ်ယောက်ဖြစ်အောင် ပြုပြင်ကာ အိမ်ရာထူထောင်ရန် ကြိုးစားခဲ့သော ရဲအရာရှိတစ်ဦး၏ အလွန်ထူးခြားသော ဖြစ်ရပ်ဆန်း ဖြစ်လေသည်။ အချိန်ကတော့ နှစ်ပေါင်းလေးဆယ်ကျော်ခဲ့ပါလေပြီ။

ထိုဖြစ်ရပ်ဆန်း၏ အစ နိဒါန်းသည်ကား・・・

□□□

"ဟာ・・ဆရာပါလား။ နေကောင်းတယ်နော်"

အငြိမ်းစားရဲအရာရှိ ဦးခင်မောင်စိုး ကန်တော်လေး လူအိုရုံ (ယခုဒေါ်သိန်းတင်)လမ်းနေ မိတ်ဆွေတစ်ဦး၏အိမ်မှအပြန် သိမ်ဖြူလမ်းအတိုင်း လျှောက်လာစဉ် ရှေ့တည့်တည့်မှ နှုတ်ဆက်လိုက်သံကြောင့် ခြေလှမ်းများ တုံ့ခနဲ ရပ်သွားမိသည်။ သူ့ကို နှုတ်ဆက်



www.burmeseclassic.com

www.burmeseclassic.com

လိုက်သူမှာ ရဲတပ်ဖွဲ့ယူနီဖောင်းအပြည့် အစုံဝတ်ထားကာ ပခုံးခေါက်နှစ်ဖက်ပေါ်တွင် ငွေကြယ်နှစ်ပွင့်စီ တပ်ထားလေသည်။

"ဆရာ ကျွန်တော့်ကို မမှတ်မိဘူးနဲ့ တူတယ်။ ကျွန်တော် ဆရာ့တပည့် အေးကျော်လေ"

"ဟေ. . .အေးကျော်"

ဦးခင်မောင်စိုးက ပါဝါမျက်မှန်ကို အသာမတင်ရင်း မျက်မှောင်များကုတ်ကာ စူးစိုက်ကြည့်သည်။ အေးကျော်၊ အေးကျော်တဲ့။ ဘယ်အေးကျော်ပါလိမ့်။ သူ့ဓါဝန်ထမ်းဘဝ နှစ်ပေါင်းသုံးဆယ်ကျော်အချိန်ကို နောက်ကြောင်းပြန်တွေးကြည့်သည်။

သူသိသော အေးကျော်က သုံးယောက်တောင်။

တစ်ယောက် အသားမည်းလွန်းသော ဘလက်အေးကျော်၊ ဒီကောင်က တပ်ကြပ်ရာထူးအတက်မှာပင် တာဝန်ပေါ့လျော့မှုဖြင့် စခန်းမှူးက အရေးမယူမီ သူ့ဘာသူ ထွက်စာတင်သွားတဲ့ကောင်။

နောက်တစ်ယောက်က တရုတ်အေးကျော်။ လူက ဗမာ၊ အသားဖြူလွန်း၍ တရုတ်နှင့်တူသူ။ ဒီကောင်က တာဝန်တော့ လေးစားသည်။ သို့သော် မကောင်းသော အကျင့်ဆိုးတစ်ခု ရှိသည်။ မိန်းမရှုပ်တတ်သည်။ ထို့ကြောင့်လည်း တပ်သားဘဝမှာပင် ချင်းတောင်သို့ အပို့ခံရသည်။ ခုတော့ ဘယ်ရောက်လို့ ဘာဖြစ်နေသည် မသိတော့။

နောက် အေးကျော်တစ်ယောက်က နှုတ်ခမ်းထောင့်စွန်းတွင် မှဲ့နက်ကြီးတစ်လုံးရှိသည်။ ထို့ကြောင့် လုပ်ဖော်ကိုင်ဖက်များက မှဲ့တစ်လုံးအေးကျော်ဟု ခေါ်ကြသည်။ ဒီအေးကျော်ကိုတော့ ဦးခင်မောင်စိုးကိုယ်တိုင် ဒုရဲအုပ်ဘဝက အလုပ်သွင်းပေးခဲ့ဖူးသည်။

"အေး. . .မင်းက မှဲ့တစ်လုံးအေးကျော် မဟုတ်လား"

ဦးခင်မောင်စိုးက သူ့နှုတ်ခမ်းပေါ်က မှဲ့နက်ကြီးကို မှတ်မိသွားကာ တရင်းတနှီး မေးလိုက်သည်။

"ဟုတ်တာပေါ့ ဆရာရယ်"

"ဒါနဲ့ မင်းက ရဲတပ်သားဘဝက နေ အခု ရဲအုပ်တောင် ဖြစ်နေပါပေါ့လားကွဟေ။ တွေ့ရတာ ဝမ်းသာသကွာ။ ခု ဘယ်စခန်းမှာ တာဝန်ကျနေတာလဲ"

"ကျွန်တော် စစ်တွေကနေ ဒီမြို့နယ်စခန်းကို ပြောင်းလာတာ တစ်လပဲ ရှိသေးတယ်ဆရာ"

"ဟုတ်လား. . .ကောင်းတယ်၊ ကောင်းတယ်။ မိသားစုတွေကော နေကောင်းကြရဲ့ မဟုတ်လား"

"ဟုတ်ကဲ့. . .အားလုံး ကျန်းမာကြပါတယ်။ ဒါနဲ့ ဆရာ အခု ဆရာကတော်နဲ့ ဈေးအတူတူ လာကြတာ မဟုတ်လား"

"ဟေ. . .ဘယ်လို"

ဦးခင်မောင်စိုးက အံ့အားတသင့် မေးလိုက်သည်။

"ဩော်. . .ခုနလေးတင်ပဲ သိမ်ဖြူဈေးရှေ့မှာ ဆရာကတော်ကို တွေ့လိုက်မိသေးသလိုပဲ။ နှုတ်တော့ မဆက်လိုက်ရဘူး။ ကျွန်တော် လှမ်းခေါ်မယ် လုပ်တော့ ဆရာကတော်က မာဇဒါ ဒင်ကားနီလေးတစ်စီးပေါ် တက်သွားတယ်ဆရာ။ အဲဒါ ခုဒီနားရောက်တော့ ဆရာနဲ့ ထပ်တွေ့တော့ ဆရာတို့ အတူတူလာကြတယ် ထင်မိလို့ပါ"

ဦးခင်မောင်စိုးရင်ထဲ ဒိန်းခနဲဖြစ်ကာ မူလောင်သွားသည်။

"အာ. . .မင်းအစ်မက အိမ်မှာ ကျန်ခဲ့တာကွ။ မင်း လူမှားလို့ဖြစ်လိမ့်မယ်"

ရဲအုပ်အေးကျော်က ခေါင်းခါလိုက်သည်။

"ဩော်. . .ဆရာရယ် ဘယ်မှ မှားနိုင်ပါ့မလဲ။ ဆရာနဲ့ အိမ်ထောင် မကျခင်ကတည်းက ဆရာကတော်နဲ့ မကြာခဏ ဆုံဖူးခဲ့တာ"

ဦးခင်မောင်စိုး ရုတ်တရက် အစေးထားသလို စကားမပြောနိုင်ဘဲ ရဲအုပ်အေးကျော်ကိုသာ ခပ်ကြောင်ကြောင် ပြန်ကြည့်နေမိသည်။ ထိုစဉ် ရဲတပ်ကြပ်တစ်ယောက် သူတို့အနီး ရောက်လာကာ ရဲအုပ်အေးကျော်အား အလေးပြုလိုက်သည်။

"ကားပြင်ပြီးသွားပါပြီ ဆရာ"

ရဲအုပ်အေးကျော်က ခေါင်းညိတ်ပြကာ ဦးခင်မောင်စိုးအား အလေးပြုလိုက်သည်။

"ဟို. . .အလုပ်လေးရှိသေးလို့ ခွင့်ပြုပါဦးဆရာ။ လမ်းကြုံရင် စခန်းလာလည်ပါဦးဆရာ"

"ဩော်. . .အေး"

ရဲအုပ်အေးကျော် ပြောပြော

www.burmeseclassic.com

ဆိုနှင့် ဝီလီဂျစ်ကား အပြာရောင်ပေါ်သို့ တက်သွားသည်။ ဦးခင်မောင်စိုး ခေါင်း တစ်ချက်ညိတ်ပြကာ ထိုကားကို ငေး ကြည့်ရင်း ရဲအုပ်အေး ကျော်ပြောသွား သော စကားကို ပြန်သတိရလာသည်။

"ခုနကပဲ ဆရာကတော်ကို သိမ် ဖြူဈေးရှေ့မှာ တွေ့လိုက်သေးတယ်။ ဟာဒေါ်ဆီဒင့်ကားနီလေးပေါ် တက်သွား တယ် ဆရာ"

ဦးခင်မောင်စိုး ရင်ပူသွားသည်။

မေဘယ် . . .မေဘယ်၊ မင်း တကယ်ပဲ အပြင်ရောက်နေတာများ လား။

ဦးခင်မောင်စိုး အနီးရှိ လက် ဖက်ရည်ဆိုင်ထဲဝင်ကာ ကောင်တာ ပေါ်က တယ်လီဖုန်းခွက်ကို မလျက် သူ့အိမ်ဖုန်းနံပါတ်ကို တချောက်ချောက် လှည့်လိုက်သည်။

"တူ···တူ···တူ"

တစ်ဖက်က မကိုင်။ ဦးခင်မောင် စိုး ဒုတိယအကြိမ် ပြန်လှည့်သည်။

"တူ···တူ···တူ"

မကိုင်ပြန်။ တတိယအကြိမ် ထပ်လှည့်သည်။

"တူ···တူ···တူ···တူတူ·· တူတူ···တူတူ"

ခေါ်သံရှည်ဆုံး၍ ဖုန်းမကိုင် ကြောင်း တတူတူကြားရသည်။ ဦးခင် မောင်စိုးရင်ထဲ ဗလောင်ဆူကာ ဒေါသ က ငယ်ထိပ်တက်လာသည်။ ဦးခင် မောင်စိုး သက်ပြင်းရှည်တစ်လုံး မှုတ် ထုတ်ရင်း စိတ်ကိုထိန်းသည်။

သေချာသည်။ အေးကျော်က ဆရာသမားကို အားနာ၍ မေဘယ်ကို မြင်လိုက်သလိုလို ပြောခြင်းဖြစ်မည်။ သူက မေဘယ့်ကို ကောင်းကောင်းသိခဲ့ သည်ပဲလေ။ အမှန်က ဦးခင်မောင်စိုး နှင့် အိမ်ထောင်မကျခင်ကတည်းက မေဘယ့်ကို မကြာခဏ ဖမ်းဆီးအရေး ယူခဲ့ဖူးသည်ပဲဟာ။ သူကောင်းကောင်း သိတာပေါ့။

မေဘယ်ကလည်း မေဘယ်ပင်။ ဒုစရိုက်ပျံလွှားမလေး ဖြစ်၏။ အသက် ကဖြင့် နှစ်ဆယ်ပင် မပြည့်တတ်သေး။ လူကတော့ တစ်ကိုယ်တော် ခါးပိုက် နှိုက်မလေး ဖြစ်နေပြီ။ မြို့လယ် ရုပ်ရှင် ရုံတစ်ပိုက်က သူစားကျက်နယ်မြေ။ ထို စဉ်က ကျောက်တံတား ရဲစခန်းတွင် တာဝန်ကျနေသော ဆားပုလင်းအေး ကျော်၏လက်က မလွတ်ပေ။ မကြာ ခဏ အချုပ်ထဲရောက်လာတတ်သည်။

တိုက်ဆိုင်သည်လား။ ဘဝဘဝ က ရေးရေစက်ပါ လာ၍ပဲလားတော့ မသိ။ ထိုအချိန်က ဦးခင်မောင်စိုးမှာ ရန်ကုန်တစ်ဖက်ကမ်းရှိ ဒလရဲစခန်း တွင် စခန်းမှူးဖြစ်နေခဲ့သည်။ ရန်ကုန် ရဲချုပ်ရုံးသို့ တာဝန်ဖြင့်လာရင်း အပြန် တွင် ဗိုလ်ချုပ်လမ်းပေါ်ရှိ စာအုပ်တန်း ထဲဝင်ကာ လိုချင်သော စာအုပ်များ မွှေ နှောက်ရှာဖွေနေမိသည်။

ထိုစဉ် ဦးခင်မောင်စိုးတစ်ယောက် ခါးပိုက်နှိုက်ခံရခြင်း ဖြစ်ပါလေသည်။

ရာဇဝတ်သားတို့၏ မျက်ခုံးမွေး ပေါ် စကြံန်လျှောက်နေသော ရဲအရာ ရှိက ခါးပိုက်နှိုက်ခံရသည်ဆိုလျှင် ရာဇ ဝင် ရိုင်းသွားမည်ပေါ့။ သူက ခါးပိုက် နှိုက်သူ၏လက်ကို အမိအရ ဆွဲကိုင် ထားလိုက်နိုင်သည်။ သူက လက်သိမ် ချိုး၍ ဖမ်းဆီးရန် ကြံလိုက်စဉ် နူးညံ့ ပျော့ပျောင်းသော လက်အထိအတွေ့ ကြောင့် ခါးပိုက်နှိုက်ကို သေချာငုံ့ကြည့်မိ သည်။

"အလို · · ·နင်က မိန်းကလေး ပါလား ရဲလုချည်လားဟ"

ဦးခင်မောင်စိုးက မိန်းကလေးမှန်း သိလိုက်သည်နှင့် လူရှင်းရာသို့ ဆွဲခေါ် သွားကာ -

"ပြောစမ်း ကောင်မလေး။ နင့် အသက်ရှိလှ အလွန်ဆုံး နှစ်ဆယ်ကျော် ပေါ့။ မိန်းကလေးဖြစ်ရက်နဲ့ ဘာလို့ ဒီလိုလုပ်ရတာလဲ"

ဦးခင်မောင်စိုးမှာ အရပ်ဝတ်နှင့် ဖြစ်၍ မိန်းကလေးက ရဲအရာရှိမှန်းမသိ။

"လွှတ်ပါဦးရယ်၊ ဦးပိုက်ဆံအိတ် မှ ပါမသွားဘဲဟာ။ လူကို ဒီလို အရမ်း မစွပ်စွဲနဲ့နော်"

ဦးခင်မောင်စိုး သဘောကျသွား သည်။

"ဟား···ဟား။ ညည်းက အာဂ မိန်းကလေးပါလား။ အေးလေ · · · လုပ်သက်ကလည်း မနည်းတော့ဘူး ထင်ပါရဲ့၊ အတွေ့အကြုံကလည်း အတော်ရင့်နေတော့လည်း ဒီလိုစကား မျိုးတွေ ပြောတတ်ဆိုတတ်နေပြီပေါ့ ဟာ"

"အို···မိန်းကလေးက ဒီအလုပ် မလုပ်ရဘူးလို့ ဥပဒေရှိလို့လားရှင့်"

မိန်းကလေးက ပြန်ပြောရင်း ယောက်ျားဟန်ဆောင်ထားသော ခေါင်း



www.burmeseclassic.com

www.burmeseclassic.com

ပေါ်က ဦးထုပ်ကို ဆွဲချွတ်လိုက်ကာ ဦးခင်မောင်စိုးအား မျက်လုံးပြူးကြီးဖြင့် မော့ကြည့်သည်။ ထိုတဒင်္ဂဝယ် ဦးခင်မောင်စိုး မှင်တက်မိသလို ဖြစ်သွားသည်။

အလို..ဆံပင်ကပိုကရိုနဲ့၊ ဖြောင့်စင်းတဲ့နှာတံ၊ မမို့တမို့ ပါးပြင်၊ ပန်းနုရောင် နှုတ်ခမ်းနှစ်မွှာနဲ့၊ ကြည့်စမ်းကြည့်စမ်း ပြင်လိုက်ဆင်လိုက်ရင် ချောမယ့်မိန်းကလေးပါလားနော်။

ဦးခင်မောင်စိုး၏ရင်မှာ တလှပ်လှပ် တုန်သွားသည်။ အမေတစ်ခု သားတစ်ခု နေလာခဲ့ရာမှ မိခင်ကြီးက အတန်တန် တိုက်တွန်းခဲ့ပါလျက် မိန်းမယူပြီး ဘာလုပ်ရမှာလဲဟု အကြိမ်ကြိမ် ဘုတောခဲ့သူ၊ အိမ်ထောင်သားမွေး အလုပ်ကို သူနှင့်မဆိုင်ဟု ယူဆထားခဲ့သူ၊ မိခင်ကြီးမရှိတော့သည့်နောက်ပိုင်း အိမ်ထောင်ရေးနှင့် ပြဒါးတစ်လမ်း သံတစ်လမ်းလို ကင်းကွာနေခဲ့သူ၊

လုပ်ဖက်ကိုင်ဖက်များ၏ လင်မယားကိစ္စ ပြဿနာများကိုကြည့်၍ အိမ်ထောင်ရေးကို စိတ်ကုန်နေခဲ့သူ၊ ဒီလိုနှင့် အသက်ငါးဆယ်တောင် ကျော်လာခဲ့ပြီ၊ ခုမှ ဘာလို့ ဆယ်ကျော်သက်တစ်ယောက်လို မခန့်စဖူး ရင်ခုန်ရတာပါလိမ့်။

"ဒီမှာဦး ကျွန်မက မိန်းကလေးနော်၊ လက်ကို အမြန်လွှတ်ပါ၊ မလွှတ်ရင် အော်လိုက်မှာနော်"

မိန်းကလေးက လက်ကိုအတင်းရုန်းရင်း ခြိမ်းခြောက်စကား ဆိုလာသည်။ အင်း..လွှတ်ပါဆိုနေမှ မလွှတ်ချင်လောက်အောင်ကို သူ့လက်ကလေးက အရသာထူးနေသည်။ သူ့တစ်ကိုယ်လုံး ရှိန်းခနဲ ဖိန်းခနဲ။

"ရော့...ဒီမှာကြည့်"

ဦးခင်မောင်စိုးက သူ၏ အရာရှိစိစစ်ရေးကတ်ပြားကို ထုတ်ကာ မိန်းကလေး၏ မျက်နှာရှေ့တွင် ထောင်ပြလိုက်သည်။

"ဟင်...ဦးက ရဲအရာရှိပါလား"

"အေး . . . အဖမ်းမခံချင်ရင် အေးအေးဆေးဆေး ငါ့နောက်လိုက်ခဲ့"

ဦးခင်မောင်စိုးက ပြောပြောဆိုဆို လမ်းပေါ်မှ လေးဘီးတက္ကစီတစ်စီးကို လှမ်းတားလိုက်သည်။ ရပ်သည်နှင့် မိန်းကလေးကို ကားနောက်ခန်းထဲ တွန်းတင်ကာ သူပါ တက်ထိုင်လိုက်သည်။

"ပန်းဆိုးတန်း ဒလသင်္ဘောဆိပ်ကို မောင်းပါ"

ကားက မောင်းထွက်လာသည်။

"ဦးက ကျွန်မကို ဘယ်ခေါ်သွားမလို့လဲဟင်"

မိန်းကလေးက မျက်ကလူးဆန်ပျာ မေးသည်။

"အဖမ်းမခံရင် ငြိမ်ငြိမ်နေပါဆိုမှ"

မိန်းကလေးက မကျေနပ်သော်လည်း ဘာမှဆက်မပြောတော့၊ ဦးခင်မောင်စိုးက လမ်းတစ်လျှောက်လုံး မိန်းကလေးလက်ကို တင်းတင်းဆုပ်ကိုင်လာသည်၊ ဒလကူးတို့ သင်္ဘောပေါ်ရောက်မှ လွှတ်ပေးလိုက်သည်။

"ကဲ...ပြော၊ နင့်နာမည် ဘယ်သူလဲ"

"ကျွန်မနာမည် မေဘယ်ပါ"

"အသက်ကရော"

"နှစ်ဆယ့်ခြောက်နှစ်ပါ"

"ဘယ်မှာနေလဲ"

"နေရာအတည်တကျ မရှိဘူး"

"ဒါဆို ညကျ ဘယ်မှာအိပ်လဲ"

"ကြုံသလိုပေါ့၊ ရုပ်ရှင်ရုံအောက်မှာဖြစ်ဖြစ်၊ ဘူတာကြီးထဲမှာဖြစ်ဖြစ်"

"ဘာလဲ ယောက်ျားတွေနဲ့လား"

"ဘာ..."

မေဘယ်၏အသံ မည်မျှကျယ်သွားသည် မသိ၊ သူတို့အနီးသို့ ပေါင်မုန့်စားရန်ဖြင့် ဝဲပျံလာသော စင်ရော်တစ်ကောင်ပင် လန့်ဖျပ်ကာ အဝေးသို့ ပျံပြေးသွားသည်။

"ဘာလဲ၊ လမ်းဘေးမှာ နေတယ်ဆိုပြီး လူကိုတော့လာမစမ်းနဲ့၊ အသက်ချင်း လဲပစ်လိုက်မယ်"

မေဘယ်က မာဆတ်ဆတ်ပြောရင်း သူ့ထဘီကို မတင်လျက် ပေါင်လုံးတစ်ဖက်ကိုပြသည်၊ ပေါင်ရင်းတွင် ကြိုးဖြင့် သေချာပတ်ထားသော ဓားမြှောင်တစ်ချောင်းကို တွေ့ရသည်။ ဦးခင်မောင်စိုး ရင်ခုန်သွားကာ စိတ်ထဲက ကျေနပ်သလိုလို ခံစားလိုက်ရသည်။

"အလုပ်အကိုင်ကကော"

"ဦးမြင်တဲ့အတိုင်းပဲလေ၊ ခါးပို့"

"ဒါနဲ့ နင့်မှာ မိဘတွေ မရှိဘူးလား"

"ဟင့်...ဟင့်"

ဦးခင်မောင်စိုး လန့်သွားသည်။ မေဘယ့်ထံမှ ရုတ်တရက် ငိုရှိုက်သံ ကြားလိုက်ရ၍ ဖြစ်သည်။ သင်္ဘောက စထွက်ရန် စက်အရှိန်ယူနေပြီ၊ မေဘယ်

www.burmeseclassic.com

က မျက်ရည်စီးကျရင်း မော့ကြည့်သည်။

"ကျွန်မ ဆယ့်နှစ်နှစ်အရွယ်မှာ အဖေ နောက်မိန်းမ ယူသွားတယ်။ ကျွန်မလည်း ကျောင်းဆက်မတက်နိုင်တော့ဘဲ သားအမိနှစ်ယောက် သင်္ဘောကျွန်းဘူတာနားမှာ အိမ်ကလေးတစ်လုံးငှားပြီး အကြော်ရောင်းစားကြရတယ်။ သားအမိနှစ်ယောက်ထဲဆိုတော့ ပထမတော့ အဆင်ပြေပါတယ်။ ဒါပေမဲ့ ပြီးခဲ့တဲ့ နှစ်နှစ်လောက်က အမေလေဖြတ်ပြီး အိပ်ရာထဲလဲတယ်။ အမေ့ဆေးဖိုးကလည်း ကြီးတယ်လေ။ အကြော်ရောင်းရငွေနဲ့ မလောက်ငနိုင်တော့ဘူး။ ဒီကြားထဲ ညနေဘက်ကျရင် အမူးသမားတွေက မိန်းကလေးတစ်ယောက်တည်းဆိုပြီး လာစော်ကားချင်ကြတယ်။ ကျွန်မဖြင့် ပါးချည်းရိုက်လွှတ်တာ သုံးလေးယောက် ရှိတယ်။ မနှစ်က အမေဆုံးတယ်။ အဲဒီကတည်းက ကျွန်မလည်း ယောက်ျားတွေကို ရောင်းတိမ်းရင်း စားဝတ်နေရေးအတွက် ခါးပိုက်နှိုက်ဖြစ်လာတယ်ပေါ့ရှင်"

"တူး…ဝူး…ဝူး"

ဥသြဆွဲရင်း သင်္ဘောစထွက်သည်။ ရန်ကုန်ဆိပ်ကမ်းက ကြည့်နေရင်းမှာပင် ဝေးကျန်ရစ်သည်။ စင်ရော်များက သင်္ဘောပတ်လည်တွင် ဝိုင်းအုံ၍ လိုက်ပါလာကြသည်။ မြစ်လယ်ခန့်အရောက်တွင် ရွှေရောင်တဝင်းဝင်းလဲ့နေသော လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်အား လှမ်းမြော်ကြည့်ညိုရသည်။

"ဒါနဲ့ နင်တို့အဖွဲ့မှာ လူဘယ်နယောက် ရှိလဲ"

ဦးခင်မောင်စိုးက မေးသည်။ မေဘယ်က တဖျပ်ဖျပ် လွင့်နေသော ဆံစများကို လိုက်ဖမ်းရင်း ခေါင်းခါပြသည်။

"ဟင့်အင်း…ကျွန်မက တစ်ကိုယ်တော်လေ ဦးရဲ့"

"ဟုတ်လား…ဘယ်နေရာတွေကို အဓိကပစ်မှတ်ထားပြီး နှိုက်လဲ"

"အင်း…အဓိကကတော့ ရုံးဆင်းရုံးတက်ချိန် ဘတ်စ်ကားပေါ်မှာ ဆိုပါတော့။ အဲ…တစ်ခါတလေလည်း ကြုံသလိုပေါ့ ဦးရာ"

"အဖမ်းတော့ ခံခဲ့ရဖူးမှာပေါ့"

"ဟို…သုံးလေးခါတော့ ရှိပါပြီ။ မိန်းကလေးဆိုတော့လည်း ဝိုင်းတော့ မရိုက်ကြပါဘူး။ ဆားပုလင်းတွေကလည်း ပညာပေးပြီး ပြန်လွှတ်ပေးတာများပါတယ်"

"ဒါနဲ့ မနေ့ညက ဘယ်မှာအိပ်ခဲ့လဲ။ ဘူတာကြီးမှာပဲလား"

မေဘယ်က ခေါင်းခါပြပြန်သည်။

"ဦးကလည်း ဒါက စကားအဖြစ်ပြောတာပါ။ မိန်းကလေးတစ်ယောက်တည်း ဘူတာကြီးမှာ ညအိပ်လို့ကတော့ ဘဝပျက်ပြီပေါ့ရှင်။ ကျွန်မက ညတိုင်း ည ၁၀ နာရီခွဲထွက်တဲ့ သယ်န်းကျွန်း နောက်ဆုံးရထားနဲ့ပြန်ပြီး ဘုန်းကြီးကျောင်းက အမေ့သူငယ်ချင်း ဒေါ်ကြီးအုန်းဆီ သွားသွားအိပ်ရတာပေါ့ရှင်"

"ဟုတ်လား…ဒါနဲ့ ရည်းစားကော မရှိဘူးလား"

မေဘယ်က သွားတက်ကလေးများပေါ်အောင် ပြုံးလျက် -

"ဟင်း…ဟင်း…ဟင်း။ ဦးကလည်း ကြုံကြီးစည်ရာ။ ချစ်ဖို့ကြိုက်ဖို့ နေနေသာသာ ယောက်ျားတွေများ ကျွန်မအသံကြားတာနဲ့ တစ်ချိုးတည်း ညောင်းတော့တာပဲ။ ကျွန်မက မိဂျမ်းတောလေ ဦးရဲ့ ဟား…ဟား…ဟား"

ဦးခင်မောင်စိုးက ပြုံးမိသည်။

"ဒါနဲ့ မေဘယ်ဆိုတဲ့ နာမည်က"

"ဒါက ကျွန်မငယ်ငယ်က ခရစ်ယာန်သာသနာပြုကျောင်းဖြစ်တဲ့ စိန့်ဖရန့်စစ်မှာထားတုန်းက ဖေဖေပေးထားခဲ့တာပါ။ မေဘယ်လွင်တဲ့။ ဖေဖေ့နာမည်က ဦးလွင်လေ"

"တူ…ဝူး…ဝူး"

သင်္ဘောက ဒလဆိပ်ကမ်းတွင် ကပ်သည်။ ဦးခင်မောင်စိုးက သင်္ဘောအဆင်းတွင် မေဘယ်နှင့်ယှဉ်၍ အတူလျှောက်လာခဲ့သော်လည်း လက်ကိုတော့ ကိုင်မထားတော့။ ကိုယ့်နယ်မြေရောက်၍ စိတ်ချသည့်သဘော။

"ကဲ…မေဘယ်လေး ဒီမှာထိုင်၊ ဘာမှအားမနာနဲ့။ ကိုယ့်အိမ်လို သဘောထားပေတော့နော်"

"ရှင်"

ဒလရဲစခန်းမှူး၏ အိမ်ခန်းထဲရောက်သည်နှင့် ဦးခင်မောင်စိုး မေဘယ့်အနီး ကပ်ထိုင်ချရင်း ပြောလိုက်သည်။

"ဟို…ဦး…ဦးရဲ့မိန်းမကော"

မေဘယ်က ဘေးဘီကို လှမ်းကြည့်ပြီး မေးသည်။ ဦးခင်မောင်စိုးက မေဘယ့်မျက်နှာကို စိုက်ကြည့်ကာ -

"ဦးက တစ်ခါမှ အိမ်ထောင်မကျ



www.burmeseclassic.com

www.burmeseclassic.com

ပူးသေးတဲ့ လူပျိုကြီးလေ။ ခုမှ သတို့သမီးလောင်းလေးကို ခေါ်လာတာလေ"

မေဘယ် မျက်လုံးပြူးသွားသည်။

"အို…ရှင်…ဘယ်…ဘယ်လို"

"ဒီမှာ မေဘယ်၊ ငါ နင့်ကို ရှင်းရှင်းပဲပြောမယ်။ ပြီးခဲ့တဲ့ အတိတ်တွေကို မေ့ထားလိုက်တော့။ ဒီနေ့ကစပြီး ငါနဲ့ ဘဝသစ်ထူထောင်ရအောင် ငါ နင့်ကို လက်ထပ်ချင်တယ်"

"အို…"

မည်မျှကြာအောင် အတွေးလွန်နေခဲ့မိသည်မသိ။ စီးလာသော တက္ကစီကား ကျောက်မြောင်းသီတာလမ်းထဲ ကွေ့ဝင်လိုက်မှ သတိပြန်ဝင်လာတော့သည်။ မေဘယ်က အိမ်တွင် ပုံမပျက်ရှိနေသည်။

"နင် ဘယ်တွေသွားနေတာလဲ မေဘယ်"

ဦးခင်မောင်စိုးက ခတ်မာမာမေးလိုက်သည်။

"အို…ဘာတွေလာမေးနေတာလဲ ဦး။ သူများက တစ်ချိန်လုံး အိမ်မှာ ရှိနေတာပဲဟာကို"

မေဘယ်က မှင်သေသေ ပြန်ပြောသည်။

"အံမယ်…နင်က ငါ့ကိုများ။ နင်အိမ်မှာရှိရင် ဘာလို့ ဖုန်းမကိုင်တာလဲဟေ"

"ဒါတော့ ဦးသိတဲ့အတိုင်း ဖုန်းလိုင်းတွေက ကောင်းတာမှမဟုတ်ဘဲ။ လိုင်းပူးနေတာတို့ အသံမပြည်တာတို့ ဖြစ်တတ်တာပဲဟာ"

"ဟုတ်လား…ဒါဆို နင် သိမ်မြို့ဈေးရှေ့မှာ တက်သွားတဲ့ မာဇဒါဆီဒင်ကားနီလေးက ဘယ်ကောင့်ကားလဲ။ အဲဒီကောင်က ဘယ်သူလဲ၊ ပြောစမ်း ငါ့ကို"

မေဘယ်၏မျက်လုံးများ အဆမတန် ပြူးထွက်သွားသည်။ တည့်တည့်ကြီးမေးလိုက်တော့လည်း ဖြောင်ဖြောင့်ငြင်းရန် ခက်နေတော့သည်။

"ဟော့…ငါမေးနေတာ နင် မကြားဘူးလားလို့။ အဲဒါ ဘယ်သူ့ကားလဲကွ ပြောစမ်း"

ဦးခင်မောင်စိုး ဒေါသသံပါလာသည်။ မေဘယ် သက်ပြင်းတစ်ချက် ခိုးရှိုက်လိုက်သည်။ သူ့အပွဲပွဲ နွှဲခဲ့သမျှ အခုတော့ ဦးခင်မောင်စိုးကိုယ်တိုင် မြင်တွေ့သွားပြီထင်သည်။ မထူးတော့ပြီ။ သူ ဦးခင်မောင်စိုး၏ မျက်လုံးများကို ရင်မဆိုင်ရဲတော့၊ ခေါင်းငုံ့၍ တိုးတိုး ညည်းလိုက်သည်။

"ဟင်…ဒါတော့ ဦးထင်ချင်သလိုထင်ပေါ့"

"ဘာ"

ဦးခင်မောင်စိုး ကျားဟိန်းသံဖြင့် ဒေါသပေါက်ကွဲပါလေပြီ။ တစ်ချိန်တည်းမှာပင် နောင်တအကြီးအကျယ်လည်း ရမိလာသည်။

"ကြည့်စမ်း။ ငါ နင့်ကို လမ်းဘေးက ကောက်ယူပြီး လူတစ်လုံးသူတစ်လုံးနဲ့ တင့်တင့်တယ်တယ်ဖြစ်အောင် ဘယ်လောက် ပြုစုပျိုးထောင်ခဲ့ရလဲ။ နင် အတိတ်မှာ ဘာဖြစ်ခဲ့ဖြစ်ခဲ့ ငါ့လက်ထဲမှာ လူကောင်းသူကောင်းဖြစ်ရင် ပြီးရောဆိုပြီး အပင်ပန်းခံ ပြုပြင်ပေးခဲ့တာကွ။ အေး…ငါ အဲဒီကားနီနဲ့ကောင် သတင်းကြားနေတာ ကြာခဲ့ပြီ။ မဟုတ်လောက်ဘူး ထင်နေခဲ့တာပေါ့…ခုတော့ ဘာတဲ့ ထင်ချင်သလိုထင်တဲ့လား။ ဒါ နင် ဝန်ခံလိုက်တာပေါ့ မေဘယ်။ တောက်…ဗီဇက မပျောက်နိုင်ဘူး။ လစ်တာနဲ့ လမ်းပေါ်ရောက်သွားတာပဲ"

မေဘယ်က ထိုင်ရာမှ ဆတ်ခနဲ ထရပ်လိုက်သည်။

"ဘာ…လစ်တာနဲ့ လမ်းပေါ်ရောက်သွားတယ်တဲ့လား။ ဒါက ဘာဆန်းလို့လဲ။ အနောက်ကနေ ထွက်တာမှ မဟုတ်ဘဲ။ လမ်းပေါ်ကလာတဲ့ မိန်းကလေး လမ်းပေါ် ပြန်ရောက်သွားတာပဲဟာ"

"အေး…ငါက မိမဲ့ဘမဲ့ လမ်းပေါ်က ကလေကချေမကို မဆင်မခြင် ချစ်ခဲ့မိလို့ ငါ့အလုပ်ကနေတောင် မယူမနေရပင်စင် အပေးခံခဲ့ရတာ။ ခါးပိုက်နှိုက်မကို လက်ထပ်ယူမိခဲ့လို့တဲ့။ ဒါတောင်မှ ငါက နင့်အပေါ် မေတ္တာမပျက်နိုင်ဘဲ ပြုစုပျိုးထောင်လာခဲ့တာလေ။ ခုတော့ နင်က နင့်ဇာတိရုပ်ကို ဖွင့်ပြလိုက်ပြီပေါ့"

"အို…ခုမှတော့ ဒါတွေ မကြားချင်တော့ဘူး။ နွားအိုမြက်နုကြိုက်သလို ဦးထက် အသက်ထက်ဝက်လောက်ငယ်တဲ့ ကျွန်မကို စည်းရုံးသိမ်းသွင်းခဲ့တာများ မသိရင်ခက်မယ်။ အို…ဘာပဲပြောပြော၊ ဦးလိုတစ်ကိုယ်ကောင်းဆန်တဲ့လူမျိုးနဲ့ ဆက်မပေါင်းချင်တော့ဘူး။ ကွာမယ်…ဒါပဲ"



www.burmeseclassic.com

www.burmeseclassic.com

"ခြေသံ···နင်က ငါ့ဆီက လိုချင်တာတွေရလို့ ဝမ့် အဆက်ပေါင်းနဲ့ ပြန်ပေါင်းထုပ်မယ်ပေါ့လေ။ ကဲ···ကောင်းပြီ ကွာမယ်ဆိုရင် နင်အခု နင့်ငါ့အိမ်ပေါ်ကဆင်းတော့"

"အို···ကျွန်မက ဘာလို့ဆင်းရမှာလဲ။ သွား··ဦးသာ ဆင်းသွား။ သွား"

မေဘယ်က ပြောပြောဆိုဆို ဦးခင်မောင်စိုးကို အိမ်အပြင်ဘက်သို့ အတင်းတွန်းထုတ်ကာ အတွင်းမှ တံခါးချက်ထိုးထားလိုက်တော့၏။

ဦးခင်မောင်စိုးက စိတ်ထဲမှ "အေး···ကောင်မစုတ်လေး။ နင် ငါ့အကြောင်း ကောင်းကောင်းသိစေရမယ်"ဟု ကြိမ်းမောင်းကာ တက္ကစီတစ်စီးဖြင့် မြို့ထဲသို့ ထွက်လာခဲ့၏။ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ညလမ်းထောင့်ရှိ တာဝါဘားရှေ့တွင် ကားရပ်ခိုင်းကာ ဆိုင်ထဲဝင်လာခဲ့သည်။ ကားကို ခဏစောင့်ခိုင်းထားခဲ့သည်။

အချိန်က ညနေ ၃ နာရီ ထိုးပြီးခါစသာ ရှိသေး၍လည်း ဆိုင်ထဲ၌ ရွှေသွားညိုကြီးတစ်ယောက်မှလွဲ၍ မည်သူမှ မရှိသေး။ ဦးခင်မောင်စိုးက ထောင့်စားပွဲ၌ အရက်ထိုင်သောက်နေသော ရွှေသွားညိုကြီးထံ လျှောက်သွားကာ ရှေ့ခုံတွင် ဝင်ထိုင်လိုက်သည်။

"ဟာ···ဆရာပါလား"

"အေး···ငါပဲ အလုပ်ရှိတယ် ညိုကြီး"

"ဟို··ကျွန်တော် အခုမှ စထိုင်တာ ဆရာ။ ရေချိန်မကိုက်သေးဘူး ဆရာ"

"ငါ့အလုပ်ကလည်း ရေချိန်မကိုက်မှ ဖြစ်မှာကွ"

"ဟုတ်လား···ဘာအလုပ်လဲ ဆရာ"

"လူသတ်ဖို့"

"ဗျာ···ဘယ်···ဘယ်သူ့ကို သတ်ရမှာလဲ"

"ငါ့မိန်းမကို"

"ဘာ···ဆရာကလည်း နောက်နေပြန်ပြီ"

"နောက်တာမဟုတ်ဘူး တကယ်ပြောနေတာကွ"

ရွှေသွားညိုကြီး မျက်လုံးပြူးသွားသည်။

"ဘာလဲ၊ မင်းက ငါခိုင်းတာ မလုပ်နိုင်ဘူးလား"

"မ···မဟုတ်ပါဘူး ဆရာ"

ရွှေသွားညိုကြီး ပျာပျာသလဲ ဖြစ်သွားသည်။ ဦးခင်မောင်စိုးက သူ့ဆရာ၊ သူ့ကျေးဇူးရှင်၊ သူ့ကယ်တင်ရှင်။ ငြင်းလို့ မဖြစ်။

"မင်း ဒါဆို လုပ်မယ်ပေါ့"

"ဟုတ်···ဟုတ်ကဲ့"

"ကဲ···ထ သွားမယ်"

ဦးခင်မောင်စိုးက သူ့ကို တာဝါဘားထဲမှ ဆွဲခေါ်လာကာ-အသင့်စောင့်နေသော တက္ကစီပေါ် တက်လိုက်ကြသည်။ ကားမောင်းထွက်လာသည်။

"မင်း ငါ့အိမ်ကို သိတယ်နော်"

"ဟုတ်···ဟုတ်ကဲ့"

"ငါ့မိန်းမကိုကော"

"ဟုတ်···"

"ဒါဆို အမြန်သွားပြီး အပြတ်ရှင်းခဲ့။ ငါ ဒီထိပ်က လက်ဖက်ရည်ဆိုင်က စောင့်နေမယ်။ ပိပိရိရိတော့ ရှိပါစေ"

"ဟုတ်···စိတ်ချပါဆရာ"

သီတာလမ်းထိပ်တွင် ကားကိုရပ်ခိုင်းသည်။ ပြီးမှ နှစ်ကိုယ်ကြား ပြောလိုက်သည်။ ရွှေသွားညိုကြီး သီတာလမ်းထဲ ဝင်သွားသည်။ ဦးခင်မောင်စိုးက လက်ဖက်ရည်ဆိုင်ထဲ ဝင်ခဲ့သည်။

ဦးခင်မောင်စိုး လက်ဖက်ရည်တစ်ခွက် မှာသောက်သည်။ စိတ်က ဂနာမငြိမ်။ ပတ်ဝန်းကျင်ကို မသိမသာ အကဲခတ်ကြည့်သည်။ ညနေပိုင်းဖြစ်၍ လူသိပ်မရှိ။ သုံးလေးယောက်ခန့်သာ ရှိသည်။

သူ့ လက်ဖက်ရည်တစ်ခွက် ကုန်သွားသည်။ ညိုကြီး၏ အရိပ်အယောင်မှ မမြင်ရသေး။ ၁၅ မိနစ်ဆိုသော အချိန်သည် လူတစ်ယောက်ကို သေွးအေးအေးနှင့်သတ်ရန် လုံလောက်သည်။ ရေနွေးကြမ်းပင် တစ်ခွက်ကုန်သွားပြီ။ ညိုကြီး ပြန်ရောက်မလာသေး။

ဘာများ ဖြစ်နေလို့ပါလိမ့်။ ညို့သည်ကတော့ လာရန်အကြောင်းမရှိ။ ကေ့ ဒီကောင်မစုတ် အိမ်မှာမရှိလို့များလား။ ဒါဆိုလည်း ညိုကြီး ချက်ချင်းပြန်ရောက်လာရမည်ပေါ့။ ခုဟာက။

ထိုစဉ် ကားနီလေးတစ်စီး သီတာလမ်းထဲ ချိုးဝင်လာသည်။ မာဇဒါဆီဒင်အမျိုးအစားဖြစ်သည်။ သူ့နောက်က ဂျစ်ကားတစ်စီး ကပ်ပါလာသည်။ သေချာကြည့်မှ ရဲဝီလီဂျစ် အပြာရောင်ဖြစ်နေသည်။ ကားရှေ့ခန်းတွင် ပခုံး



www.burmeseclassic.com

www.burmeseclassic.com

ဒေါက်ပေါ် ငွေကြယ်နှစ်ပွင့်တပ် ရဲအုပ် တစ်ယောက် ပါသွားသည်။

"ဟင်…"

ဦးခင်မောင်စိုးနှုတ်မှ အာမေဋိတ်သံ ထွက်သွားသည်။ ဒါ…ဒါ အေးကျော်ပါလား။ သေချာသည်။ သူ့နှုတ်ခမ်းထောင့်စွန်းမှာ မှဲ့နက်ကြီးနှင့်။ သူတို့ ဘယ်ကိုလာကြတာပါလိမ့်။

ဦးခင်မောင်စိုး လက်ဖက်ရည်ဆိုင်ထဲမှထွက်ကာ သီတာလမ်းထဲ မျှော်ကြည့်သည်။ အလို…ကားနီလေးရော ရဲဝီလီဂျစ်ပါ သူ့အိမ်ရှေ့မှာ ရပ်လို့ပါလား။ ဘာ…ဘာတွေ ဖြစ်ကုန်ပြီလဲ။

ဦးခင်မောင်စိုး၏ ခြေထောက်များ လမ်းထဲသို့ အလိုလို လှမ်းနေမိလျက်သား ဖြစ်သွားသည်။ မျက်လုံးများက သူ့အိမ်ဆီ ရောက်နေသည်။

ရင်ထဲမှာ တဒိန်းဒိန်း ခုန်လာသည်။ ဘာမှန်းမသိသော ဝေဒနာတစ်ခုက သူ့တစ်ကိုယ်လုံးကို ဖိစီးထားသည်။

"အေး…နှစ်ယောက်စလုံးကို လက်ထိတ်ခတ်ပြီး ခေါ်လာခဲ့ဗျာ"

သူ့အိမ်ရှေ့အရောက် လေ့ကားပေါ်က အသံကြား၍ ဦးခင်မောင်စိုး မော့ကြည့်သည်။ ရဲအုပ်အေးကျော်က အပေါ်ထပ်သို့လှမ်းပြောရင်းက အောက်သို့ ဆင်းလာနေသည်။ သူ့အောက်ထပ်ရောက်ချိန် ဦးခင်မောင်စိုးအား တွေ့သွားရာ အနီးသို့ လျှောက်လာကာ အလေးပြုလိုက်သည်။

"အရမ်းကို အားနာပါတယ်ဆရာ။ တာဝန်အရမို့လို့ပါ"

"အေး…ဟုတ်ပါပြီ။ ခု ဘာတွေဖြစ်နေကြတာလဲ"

"ဒီလိုပါဆရာ။ ညီကြီးရယ်၊ ဘလုရယ်၊ ဆရာကတော် မေဘယ်ရယ် ပေါင်းပြီး လူသတ်မှုတစ်ခု ကျူးလွန်ခဲ့ကြပြီဆရာ။ ဆရာကတော်ကတော့ ကိုယ်တိုင်မကျူးလွန်ပေမယ့် အားပေးကူညီပေါ့လေ"

"ဘာ…ဘယ်လိုကွ အေးကျော်။ မေဘယ်က ရွှေသွားညီကြီးနဲ့ပေါင်းပြီး လူသတ်တယ် ဟုတ်လား။ မင်း သေချာရဲ့လား"

"ခုမှ မထူးတော့လို့ ဆရာတပည့်ချင်း ပွန်ပွင့်လင်း လင်းပြောပါရစေတော့။ သူတို့ ပူးပေါင်းကြံစည်တာ သေချာတာတစ်ခုက ရှေ့မျက်နှာနောက်ထားပြီး ပြောရရင် ဆရာကတော်နဲ့ ညီကြီး ဖောက်ပြန်နေတာ ကြာပြီ"

"ဟေ…"

"မေဘယ်က ကျွန်တော် ဆားပုလင်းဘဝကတည်းက ဒီလိုဇမျိုးရှိတာတွေခဲ့ဖူးတယ်။ ခုလည်း သတင်းအရလာဖမ်းတော့ သူတို့နှစ်ယောက်စလုံးကို ခုတင်ပေါ်မှာ ပက်ပင်းကြီး"

"တော်…တော်ပါတော့ အေးကျော်ရာ။ ငါ ဒီအယုတ်တမာမအကြောင်း မကြားပါရစေနဲ့တော့"

ဦးခင်မောင်စိုး နားနှစ်ဖက်ပိတ်ကာ အော်ပြောလိုက်သည်။

"တပည့် ဝမ်းလည်းနည်း၊ အားလည်းနာပါတယ် ဆရာ"

"ဒါနဲ့ ဟို…ဘလုဆိုတာ ဘယ်သူလဲ"

ရဲအုပ်အေးကျော်က ကားနီလေးဆီ လက်ညှိုးထိုးပြသည်။

"အဲဟိုက ကားနီလေးထဲမှာလေ ဆရာ။ သူလည်းပဲ မေဘယ်နဲ့ မကြာခဏ…"

ဦးခင်မောင်စိုး လက်ကာပြကာ တစ်ဖက်သို့ လှည့်သွားသည်။ ထိုစဉ် မေဘယ်နှင့် ညီကြီးတို့အား ရဲတပ်ကြပ်တစ်ယောက်က လက်ထိတ်တန်းလန်းဖြင့် ခေါ်လာသည်။ မေဘယ် ဦးခင်မောင်စိုးအား မြင်သည်နှင့် မျက်လွှာချသွားသည်။ ရွှေသွားညီကြီးကား ခေါင်းပင်မဖော်ရဲ။

"ကဲ…တပည့်ကို ခွင့်ပြုပါဦး ဆရာ"

ရဲအုပ်အေးကျော် အလေးပြု၍ နှုတ်ဆက်သည်။

"အေး…တာဝန်ကျေပါတယ်ကွာ"

ခဏအကြာတွင် ကားနှစ်စီး ရှေ့ဆင့်နောက်ဆင့် ထွက်သွားကြသည်။ ဦးခင်မောင်စိုးက ကားတန်းကို မျက်စိတစ်ဆုံး ငေးမျှော်ကြည့်ရင်း သီတာလမ်းပေါ် ငေါင်းစင်းစင်း ရပ်ကျန်ရစ်ခဲ့သည်။

ဩော်…လူဆိုသည်မှာ ပတ်ဝန်းကျင်က အမျိုးမျိုး ပြောင်းလဲစေနိုင်ပါသော်လည်း သူ၏မွေးရာပါ ဗီဇဆိုသည်ကိုကား လုံးဝ လုံးဝ ပြုပြင်ပြောင်းလဲခြင်းငှာ မစွမ်းသာပါတကား။

ပီတာမြဦး



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ကွက်ကျော်

ဝင်းသောင်(ရမည်းသင်း)

"ဟဲလို ... မြို့နယ်မှူးအိမ်ကပါလားခင်ဗျာ"

"ဟုတ်ပါတယ်၊ စခန်းမှူး ပြောပါ"

"ဗိုလ်ကြီး ... စောစောစီးစီး မကောင်းသတင်းပို့ရမှာ အားနာပါတယ်ခင်ဗျာ"

"ကောင်းသတင်းပဲ ဖြစ်ဖြစ်၊ မကောင်းသတင်းပဲ ဖြစ်ဖြစ်၊ တာဝန်အရ သတင်းပို့ရမှာပဲ။ အားမနာပါနဲ့။ သတင်းပို့စရာရှိတာ ပို့ပါ စခန်းမှူး"

စခန်းမှူး ရဲအုပ်စောလွင်သည် အထက်အရာရှိများအပေါ် အလွန်ရိုသေစွာ ဆက်ဆံတတ်ပြီး စခန်းအတွက် မြို့နယ်မှူး စိတ်မကောင်းဖြစ်မှာကို အလွန်စိုးရိမ်တတ်သူဖြစ်သည်။ ယခုလည်း မြို့နယ်အတွင်း ဓယားဝင်အမှုကြီး ဖောက်ထွင်းမှုဖြစ်သဖြင့် သတင်းပို့ရတာ အားတုံ့အားနာနှင့် ဖုန်းဆက်သတင်းပို့လာခြင်းဖြစ်သည်။

မြို့နယ်မှူးအနေနှင့် စခန်းမှူးရဲအုပ်စောလွင် သဘောကို သိသဖြင့် သတင်းပို့စရာရှိတာပို့ဟု ပြောလိုက်ခြင်းဖြစ်ပါသည်။ တကယ်တော့ ဖောက်ထွင်းမှုသည် အမှုကြီး ဓယားဝင်အမှုဖြစ်သည်။ ထိုသို့ ဓယားဝင်အမှု မိမိစခန်းအပိုင် နယ်မြေတွင် ဖြစ်ပွားပါက အချိန်နှင့်တစ်ပြေးညီ မြို့နယ်ရဲတပ်ဖွဲ့မှူးထံ တင်ပြ၍ မြို့နယ်မှူးကိုယ်တိုင် အနီးကပ်ကြီးကြပ်ကာ အမှုမှန် အမြန်ပေါ်ပေါက်အောင် ဆောင်ရွက်ရမည်ဟု တိုင်းရဲတပ်ဖွဲ့မှူးရုံးက အမိန့်ထုတ်ပြန်ထားပြီး ဖြစ်သည်။

"အမှုက ဘယ်နေရာမှာ ဖြစ်တာလဲ စခန်းမှူး"

"အမှတ်(---)၊ အလယ်ဘလောက် ဗိုလ်စွန်ပက်လမ်း၊ ပန်းဘဲတန်းမှာပါ"

"ဖောက်ထွင်းခိုးယူခံရတဲ့ ပစ္စည်းတွေက ရွှေထည် ပစ္စည်း ငါးမျိုး၊ ငွေခုနစ်သိန်း"

"အစ်ကိုကောင်း ကော်ဖီပူပူလေးနဲ့ ပေါင်မုန့်လေးတစ်ချပ်လောက်စားသွားဦး။ အလုပ်က ချက်ချင်းပြီးမယ် မထင်ဘူး"

"အေး ... မဒေါင်းပြောတာမှန်တယ်။ ပေးပေး ... ကော်ဖီနဲ့ပေါင်မုန့်"

မြို့နယ်မှူးထံ ညဥ့်နက်သန်းခေါင်၊ ဝေလီဝေလင်း ဖုန်းလာပြီဆိုလျှင် ကောင်းသတင်းထက် မီးလောင်သတင်း အမှုကြီးဖြစ်သည်။ လူသတ်မှု၊ ဖောက်ထွင်းမှု စသည့် သတင်းဆိုးများသာ လာလေ့ရှိတတ်တာ မြို့နယ်မှူးဇနီး အထာပေါက်သည်။ ထို့ကြောင့် မဒေါင်း အိပ်ရာက လူးလဲထကာ ကော်ဖီခါးခါး တစ်ခွက်ဖျော်ပြီး ပေါင်မုန့်ထောပတ်သုတ် အဆင်သင့်ပြင်ထားခြင်း ဖြစ်သည်။

မြို့နယ်မှူးသည် စားရင်းသောက်ရင်း ယူနီဖောင်းဝတ်လိုက်ရာ စားသောက်ပြီးတာနဲ့ တစ်ပြိုင်နက် အချင်းဖြစ်အရပ်သို့သွားရန် အသင့်ဖြစ်သွားသည်။ မနက်ဝေလီဝေလင်းဆိုတော့ မြို့နယ်မှူးကားကိုမောင်းသည့် ရဲတပ်ကြပ်ကြီး ထွန်းရင်က မရောက်သေးသည့်အတွက် မြို့နယ်မှူးကိုယ်တိုင်မောင်းကာ အချင်းဖြစ်အရပ်သို့ သွားလိုက်သည်။

အချင်းဖြစ်သည့်နေရာတွင် စခန်းမှူး၊ နယ်ထိန်း အရာရှိနှင့် အဖွဲ့တို့ မြို့နယ်မှူး ကိုကောင်းကို စောင့်ကြိုနေကြသည်ကို အသင့်တွေ့ရသည်။

"ဆရာ စခန်းမှူး မှူးခင်းဓာတ်ပုံသမား ခေါ်ပြီးပြီလား"

"ဟုတ်ကဲ့၊ ဗိုလ်ကြီးဆီ သတင်းပို့ပြီးတာနဲ့ တိုင်းတာဝန်မှူးကြီးထံ သတင်းပို့ရင်း မှုခင်းဓာတ်ပုံဆရာကိုတစ်ပါတည်း နယ်ထိန်းအရာရှိ ဒုရဲအုပ်(စခန်းမှူး) ချစ်မြိုင်က ခေါ်ခဲ့လို့ ရောက်နေပါပြီ။ အချင်းဖြစ် ဖောက်ထွင်းဓာတ်ပုံတွေရိုက်ဖို့ အသင့်ပါပဲ ဗိုလ်ကြီး"

"ဒါဆို ... တရားလို အိမ်ရှင်ကို ခေါ်ဗျာ။ ဖောက်ထွင်းခံရတဲ့ နေရာစစ်ကြည့်ရအောင်"

"ကျွန်တော်က အိမ်ရှင် တရား



www.burmeseclassic.com

www.burmeseclassic.com

၄ ဦးဘကြိုင်ပါ မြို့နယ်မှူး။ ဖောက်ထွင်းထားတဲ့ နေရာတွေကို ကျွန်တော်ပြပါ့မယ်။ ဟောဒီမှာ ခေါင်းရင်းဘက်ပြတင်းပေါက်မှာ ဖောက်ထားပါတယ်"

ဦးဘကြိုင်သည် ဖောက်ထွင်းထားသည့် ပြတင်းပေါက်ကို ပြသရာ မြို့နယ်မှူး၊ စခန်းမှူး၊ နယ်ထိန်းအရာရှိတို့ သေသေချာချာစစ်ဆေး၍ ရဲဓာတ်ပုံဆရာအား မှတ်တမ်းတင်ဓာတ်ပုံများ ရိုက်စေလိုက်သည်။

ပြတင်းပေါက်တွင် သုံးမတ်လုံးသံတိုင် သုံးချောင်း အောက်ခြေက ပြုတ်ထွက်နေကြောင်း တွေ့ရသည်။ ထိုပြတင်းပေါက်မှာ အိပ်ခန်းနှင့် ကပ်နေခြင်းကြောင့် ဘယ်တော့မှ မဖွင့်ဘဲ အမြဲပိတ်ထားကြောင်း ဦးဘကြိုင်က ပြောပြသည်။

"အန်ကယ် ဦးဘကြိုင်တို့အိမ်မှာ အပြင်က ဝင်နိုင်၊ ထွက်နိုင်တဲ့ တံခါးပေါက် ဘယ်နှပေါက်ရှိလဲဟင်"

"အိမ်ရှေ့ ဝင်ပေါက်၊ ထွက်ပေါက် တံခါးမကြီးရယ်၊ အိမ်နောက်ဘက်ကို ထွက်တဲ့ တံခါးပေါက်ရယ် နှစ်ပေါက်ရှိပါတယ်"

"ဟုတ်ကဲ့ ... ကျွန်တော်တို့ အဲဒီတံခါးပေါက် နှစ်ပေါက်ကို ခဏကြည့်မယ်နော် အန်ကယ်"

"ဟုတ်ကဲ့ ကြည့်ကြပါ၊ ကြည့်ပါ"

မြို့နယ်မှူး၊ စခန်းမှူးတို့သည် တံခါးနှစ်ပေါက်လုံး ခြေရာလက်ရာ မပျက်သည်ကို တွေ့ကြသည်။ ကြည့်ယုံပဲကြည့်ကာ တစ်စုံတစ်ယောက်ကမှ ဘာထင်မြင်ချက်မှ မပေးကြဘဲ ဆိတ်ဆိတ်နေကြသည်။

"အန်ကယ်ဦးဘကြိုင်တို့ အိမ်မှာ အိမ်သား ဘယ်နှယောက်ရှိလဲ"

"ကျွန်တော်ရယ်၊ ဇနီး ဒေါ်တင်တင်နဲ့ သမီး မယဉ်မာအောင်တို့က အိမ်ထောင်စုဇယားနဲ့ နေကြတယ်"

"အန်ကယ်တို့ မိသားစု သုံးယောက်က အိမ်ထောင်စုဇယားနဲ့ နေကြတယ်ဆိုတော့ ကျန်လူတွေကကော အန်ကယ်"

"တက်လူနဲ့ လှကိုဆိုတဲ့ ကျွန်တော့်တပည့်လေးတွေ ရှိပါတယ်။ သူတို့က ဧည့်စာရင်းနဲ့ နေကြပါတယ်။ အခုတော့ တက်လူတစ်ယောက်ပဲ ရှိပါတယ်။ လှကိုကတော့ မော်လမြိုင်ဘက်မှာ အရောင်းအဝယ်သွားလုပ်မယ်ဆိုပြီး လွန်ခဲ့တဲ့ နှစ်ရက်က ထွက်သွားပါတယ်" (မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်က မော်လမြိုင်ကို အခြေပြု၍ အရပ်ရပ်က ကုန်သည်များ၊ အဝတ်အထည်နှင့် လူသုံးကုန်ပစ္စည်းများ မှောင်ခိုရောင်းဝယ်ကြပါသည်။)

"အန်ကယ်ရေ ... အန်ကယ်တို့ ဖောက်ထွင်းခိုးယူခံရတဲ့ ပစ္စည်းများ အမြန်ဆုံး ပြန်ရအောင် ကျွန်တော်တို့ ကြိုးစားဆောင်ရွက်ပေးပါ့မယ် ..။ အန်ကယ်တို့ဘက်ကလည်း ကျွန်တော်တို့ရဲနဲ့ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးပါနော်"

"ကဲ ... ကဲ ... မေးစရာ၊ ဆွေးနွေးစရာလေးတွေရှိသေးလို့ အန်ကယ်ဦးဘကြိုင်၊ မယဉ်မာအောင်နဲ့ မောင်တက်လူတို့ စခန်းခဏလိုက်ခဲ့ကြပါ။ စခန်းမှာ ကျွန်တော်တို့ မေးစရာကျန်တာလေးတွေ မေးပါဦးမယ်"

ဦးဘကြိုင်တို့အဖွဲ့ကို စခန်းမှူး၏ကားနှင့် စခန်းခေါ်လာပြီး စခန်းမှူးနှင့် နယ်ထိန်းအဖွဲ့တို့က မြို့နယ်မှူးခေါ်ကားဖြင့် စခန်းပြန်ခဲ့ကြသည်။ လမ်းရောက်တော့ မြို့နယ်မှူးက စခန်းမှူးနဲ့ နယ်ထိန်းအရာရှိတို့ကို သူ့ကားနဲ့ ခေါ်ခဲ့ခြင်းမှာ တိုင်ပင်စရာရှိတယ်။ ဒါကြောင့် သီးသန့်ခွဲခေါ်ခဲ့တာဟု ပြောလိုက်သည်။

"ဟုတ်ကဲ့ ... ကျွန်တော်တို့ သဘောပေါက်ပါတယ် ဗိုလ်ကြီး"

"ဒီဖောက်ထွင်းမှုက ဒုစရိုက်သမားစစ်စစ် ဖောက်ထွင်းတဲ့ လက်ရာ မဟုတ်ဘူးကွ။ စခန်းမှူးနဲ့ နယ်ထိန်းအရာရှိ မင်းတို့ ဘယ်လိုသဘောရလဲ"

"ကျွန်တော်တို့ ဖောက်ထွင်းထားတဲ့ တံခါးစစ်ဆေးပြီးကတည်းက ပြစ်မှုကျူးလွန်တဲ့သူဟာ ဝါရင့် သမ္ဘာရင့် မဟုတ်ဘူးဆိုတာ သိပါတယ်။ စခန်းရောက်မှ မြို့နယ်မှူးကို တင်ပြမယ်လို့ စီစဉ်ထားပါတယ်"

"ကိုယ့်အမြင်ကတော့ ဝါရင့် သမ္ဘာရင့် ဒုစရိုက်သမားက ကျူးလွန်တာမဟုတ်ဘူး။ အတွင်းလူနဲ့ပေါင်းပြီး ကျူးလွန်တဲ့ ဖောက်ထွင်းမှုလို့ ထင်တယ်"

"ဟုတ်ပါတယ် ဗိုလ်ကြီး။ ဖောက်ထားတဲ့ လက်စလက်န ကြည့်တာနဲ့ တွက်လို့ရပါတယ်။ တစ်လက်စတည်း ဆရာစခန်းမှူးနဲ့ မြို့နယ်မှူးကို ကျွန်တော် တင်ပြပါရစေ"

"ဟကောင်ရ၊ အရေးထဲ မင်းက စကားပလ္လင် ခံနေရသေးတယ်။ ပြောစရာရှိ ပြောစမ်းပါကွာ"

"တခြားမဟုတ်ပါဘူး ဗိုလ်ကြီး။ စခန်းရောက်ရောက်ချင်း ကျွန်တော်တို့ ခေါ်လာခဲ့တဲ့ တရားလို ဦးဘကြိုင်



www.burmeseclassic.com

www.burmeseclassic.com

ယဉ်မာအောင်နဲ့ တက်လူတို့ကို တစ်နေရာစီခွဲထားပြီး ကျွန်တော်စစ်ပါရစေ"

"ကဲ ... စခန်းမှူးခွင့်ပြုလိုက်ပါဗျာ"

မြို့နယ်မှူးသည် နယ်ထိန်းအရာရှိ ဒုရဲအုပ်(စခန်းမှူး) ချစ်မြိုင် တောင်းဆိုသည့်အတိုင်းပေးစစ်ခွင့်ပြုရန် စခန်းအား ညွှန်ကြားလိုက်သဖြင့် လုပ်ငန်းစတင်ရန် နယ်ထိန်းအရာရှိ ပြင်ဆင်တော့သည်။

□□□

"မနေ့က အန်ကယ်တို့အိမ်ကို ဘယ်သူတွေ လာကြသလဲ။ မှတ်မိသလောက်ပြောပါ"

"ဟုတ်ကဲ့ ... သမီး မယဉ်မာအောင်က စိန်ဂွမ်းဈေးမှာ ပါတိတ်ထမီလက်ကားရောင်းတဲ့ဆိုင် ရှိပါတယ်။ ဆိုင်မှာရှိတဲ့ ထဘီအဆင်တွေ အပြင် အိမ်က အဆင်တွေကိုပါ ကြည့်ချင်တယ်ဆိုရင် ဝယ်လက်တွေကို အိမ်အထိ လွှတ်လေ့ရှိပါတယ်။ ဒါကြောင့် ဝယ်သူတွေ တစ်နေ့တစ်နေ့ ၁၀ ဦး ၁၅ ဦးလောက်ရှိတာမို့ အကုန်မမှတ်မိဘူး။ အားလုံးကတော့ မျက်နှာသိတွေချည်းပါပဲ"

"ဦးဘကြူကပြောတဲ့ အဲဒီ ၁၀ ဦး၊ ၁၅ ဦးထဲမှာ မသင်္ကာဖွယ်ရာလူများပါသလား"

"အမှန်အတိုင်းပြောရရင် ဒီလူတွေအားလုံးဟာ အမျိုးသမီးတွေချည်းပဲများသလို သူတို့တွေဟာ ကောင်းရောင်းကောင်းဝယ်လုပ်တဲ့ သူတွေချည်းပါပဲ။ မသင်္ကာစရာ တစ်ယောက်မှ မပါပါဘူး"

ဦးဘကြူသည် နယ်ထိန်းအရာရှိ စစ်ဆေးမေးမြန်းနေစဉ်အတွင်း စိတ်ထဲ စနိုးစနောင့်ဖြစ်မိသည်။ ဟိုလူ့ခေါ်စစ် ဒီလူ့ခေါ်စစ် ဆိုတာမျိုးတွေလည်း မလုပ်စေချင်ပါ။ အကြောင်းမှာ သမီးယဉ်မာအောင်၏ ဝယ်လက်ဖောက်သည်များနှင့် မိတ်ပျက်ကာ အရောင်းအားကျသွားမှာ စိုးရိမ်မကင်းဖြစ်မိ၍ ဦးဘကြူ၏စိတ်ဝယ် ရဲစခန်း၊ ရဲစသည်များကို မဆက်ဆံချင်သလို စိတ်ဝယ်ဖြစ်ပေါ်နေမိသည်။

"နယ်ထိန်းအရာရှိ၏ တာဝန်အရ မေးမြန်းချက်များကို ဖြေဆိုရန် ဦးဘကြူ ဝန်လေးနေမိသည်။ တရားလို ဦးဘကြူ စိတ်ကသိကအောက်ဖြစ်မှ မေးလိုတာမေးရန် အသင့်ပြင်ထားသော နယ်ထိန်းအရာရှိသည် အချိန်ကျပြီဖြစ်သဖြင့် အောက်ပါမေးခွန်းကို လျှပ်တစ်ပြက် ကောက်ကာငင်ကာ မေးလိုက်သည်။

"အခု ကျွန်တော်မေးမယ့် မေးခွန်းဟာ အန်ကယ် ဦးဘကြူအတွက် စိတ်ကသိကအောက်ဖြစ်မယ့် မေးခွန်းဆိုရင် စိတ်မဆိုးပါနဲ့လို့ ကျွန်တော် တောင်းပန်ပါတယ်။ အမှုတွက် မမေးမဖြစ်လို့ မေးပါ့မယ်"

"ဟုတ်ကဲ့၊ မေးပါ ဆရာ"

"မယဉ်မာအောင်ဟာ ... အန်ကယ်ဦးဘကြူရဲ့ သမီးရင်းမဟုတ်ဘူး။ ဒေါ်စင်တင်ကပါလာတဲ့ သမီးဆိုတာ ဟုတ်ပါသလား အန်ကယ်"

"ဟုတ်ပါတယ်"

"နောက်သိချင်တာကတော့ မယဉ်မာအောင်နဲ့ အန်ကယ်ဦးဘကြူရဲ့တပည့် ကိုလှကိုတို့ ချစ်ကြိုက်နေကြတာကို ... အန်ကယ်ဦးဘကြူက သဘောမတူဘူးလို့ ကျွန်တော်တို့ ရဲတပ်ဖွဲ့က စုံစမ်းသိထားပါတယ် ဟုတ်ပါသလား အန်ကယ်"

"သဘောမတူတာ မဟုတ်ပါဘူး။ အိမ်ထောင်ပြုတော့မယ်ဆိုရင် အခြေခံကောင်းရအောင် ... ပထမ အလုပ်ကောင်းကောင်းလုပ်၊ စုဆောင်းပြီး တင့်တောင်းတင့်တယ် ဖြစ်တော့မှ အိမ်ထောင်ပြုကြဖို့ အကြံပေးထားတာပါ။ ဒီကိစ္စကို မောင်လှကို ကိုယ်တိုင်လည်း သဘောတူလို့ သူ့မိဘများရှိတဲ့ မော်လမြိုင်မှာ အလုပ်လုပ်မယ် ဆိုပြီး လွန်ခဲ့တဲ့ နှစ်ရက်က ခရီးထွက်သွားပါတယ်"

"ဒါနဲ့ ကျွန်တော့်အထင်တော့ စီးပွားရေးလုပ်ဖို့ဆို ငွေလိုမယ်ထင်တယ်။ အန်ကယ်ကော ဘယ်လိုထင်လဲဟင်"

"ဘာစီးပွားရေးပဲလုပ်လုပ် အရင်းအနှီးငွေကြေးတော့ လိုတာပေါ့ ဆရာရယ်"

"ဟုတ်ပြီ၊ စီးပွားရေးလုပ်မယ့် ကိုလှကိုဟာ ရင်းနှီးဖို့ ငွေကြေးလိုသလို မယဉ်မာအောင်နဲ့ လက်ထပ်ပြီး အိုးအိမ်ထူထောင်ဖို့လည်း ငွေလိုမှာပေါ့နော်"

"အင်း ... အဲဒါ ... အဲဒါ"

"အန်ကယ်ဦးဘကြူ ... အန်ကယ့်အိမ်ဖောက်ထွင်းခံရမှုဟာ ကိုလှကို လက်ချက်များ ဖြစ်နေမလားဟင်။ ဖောက်ထွင်းထားတဲ့လက်ရာက အပြင်ကမဟုတ်ဘဲ အိမ်အတွင်းဘက်က ဖောက်တဲ့လက်ရာ ဖြစ်နေတယ်"

"ဟာ ... ဒါတော့ လုံးဝ မဖြစ်နိုင်ဘူး။ မနေ့ညကအထိ လက်ဝတ်ရတနာတွေနဲ့ ငွေတွေ ဗီရိုအံဆွဲထဲမှာ



www.burmeseclassic.com

www.burmeseclassic.com

ရှိတာ ကျွန်တော်ရော သမီးမယဉ်မာအောင်ပါ မြင်တွေ့နေတာပဲ။ မနေ့ညကအထိ ကျွန်တော်တို့ ဇီရိုအံဆွဲဖွင့်ပြီး ငွေအသွင်းအထုတ် လုပ်ခဲ့ပါတယ်။ မောင်လှကိုက ရန်ကုန်မှာမှ မရှိဘဲ။ လွန်ခဲ့တဲ့ နှစ်ရက်ကတည်းက မော်လမြိုင်ကို သွားတာပဲ"

"ဟုတ်တယ်နော်၊ ဖောက်ထွင်းမှု ဖြစ်ချိန်က မောင်လှကိုမှ မရှိတာဘဲ။ ဒီလိုဆိုရင် နောင်ရေးနောင်တာအတွက် မယဉ်မာအောင်ကိုယ်တိုင်များ ပစ္စည်းတွေကိုဂုက်ထားပြီး ဖောက်ထွင်းခံရတဲ့ ပုံသဏ္ဌာန်လုပ်ထားတာများလားဗျာ"

"ဒီမှာ ဆရာ၊ ယဉ်မာအောင်ဟာ မယားပါသမီးဆိုပေမယ့် ကျွန်တော့်အတွက် သမီးရင်းနဲ့ မခြားတဲ့သူပါပဲဗျာ။ ပျောက်ဆုံးနေတဲ့ ပစ္စည်းတွေဟာ သူ့ပစ္စည်းတွေပါ။ ဒီအိမ်မှာ သူဟာ အဓိကကျတဲ့သူတစ်ယောက်ပါ။ သူ့ပစ္စည်းသူ သွန်လိုသွန်၊ မှောက်လိုမှောက်လုပ်နိုင်သူက သူ့ပစ္စည်းသူ ပြန်ခိုးပါ့မလား ဆရာရယ်"

ဦးဘကြင်သည် ပထွေးဟုဆိုသော်လည်း မယဉ်မာအောင်ကို တော်တော်ချစ်ပုံရတယ်ဆိုတာ ထင်ရှားပါတယ်။ ဘာလို့လဲဆိုတော့ သမီးသိက္ခာကျအောင် နယ်ထိန်းအရာရှိက မေးတယ်အထင်ဖြင့် နယ်ထိန်းအရာရှိအား ဘဝင်မကျသည့် လေသံဖြင့် ပြန်ဖြေလိုက်သည်။

"ဟုတ်ကဲ့ အန်ကယ်ဦးဘကြင်၊ တာဝန်အရ စစ်ဆေးမေးမြန်းမှုတွေကို ဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ အန်ကယ့်ကို မေးမြန်းစရာ မကျန်တော့ပါဘူး။ မယဉ်မာအောင်ကိုတော့ ၁၀ မိနစ်လောက် မေးမြန်းပါဦးမယ်။ အန်ကယ် အိမ်ပြန်မယ်ဆိုလည်း ပြန်နိုင်ပါပြီ ...။ မယဉ်မာအောင်နဲ့ မောင်တက်လူတို့ကိုတော့ ကျွန်တော် မေးစရာလေးတွေ ဆက်မေးရပါဦးမယ်။ အန်ကယ်စောင့်ပြီးမှ ပြန်မယ်ဆိုရင်လည်း ကျွန်တော်တို့ မြို့နယ်ရဲ တပ်ဖွဲ့မှူးရုံး ဧည့်ခန်းမှာ စောင့်နိုင်ပါတယ်"

တကယ်တော့ နယ်ထိန်းအရာရှိသည် ဦးဘကြင်၊ မယဉ်မာအောင်နဲ့ မောင်တက်လူတို့အား အတူတကွ စစ်ဆေးမေးမြန်းခြင်းမပြုလို။ သီးခြားထားပြီး တစ်ယောက်ချင်း စစ်လိုသဖြင့် ဦးဘကြင်ကို ပြန်လိုက ပြန်ပါ၊ စောင့်လိုက ဧည့်ခန်းမှာ စောင့်ပါဟု ပြောလိုက်ခြင်း ဖြစ်ပါသည်။

"ကဲ ... ဆရာမရေ၊ မယဉ်မာအောင်ကို ခေါ်ခဲ့ပါတော့"

ဦးဘကြင် ဧည့်ခန်းရောက်သွားသောအခါ မယဉ်မာအောင်အား ဆက်လက်မေးမြန်းစစ်ဆေးရန် အချက်ပေးလိုက်ရာ အမျိုးသမီးရဲအရာရှိ ဒုရဲအုပ် ဒေါ်ခင်မာညိုနဲ့အတူ မယဉ်မာအောင် နယ်ထိန်းအရာရှိ ရှေ့မှောက်ရောက်လာကြသည်။

"ညီမ ထိုင်ပါ"

"ညီမကို တာဝန်အရ မေးမြန်းစရာရှိတာလေးတွေ ဟောဒီ အမျိုးသမီးရဲအရာရှိကို သက်သေထားမေးမြန်းပါ့မယ်။ မှန်မှန်ကန်ကန် ဖြေပါနော်"

"ဟုတ်ကဲ့"

"အန်ကယ်ဦးဘကြင်ကို စစ်ဆေးစဉ်က မောင်တက်လူကို အလွန်သစ္စာရှိတဲ့သူ။ ဒီအမှုနဲ့ ပတ်သက်ပြီး ဘာမှ မသက်ဆိုင်စရာမရှိဘူးတဲ့။ ညီမကလည်း ပျောက်ဆုံးသွားတဲ့ ပစ္စည်းတွေဟာ ညီပိုင်ပစ္စည်းတွေတဲ့။ ညီမပိုင်ပစ္စည်း ညီမက ပြန်ခိုးစရာအကြောင်းမရှိဘူးတဲ့။ အဲ ... အဲ ... ကိုလှကိုကျပြန်တော့လည်း မော်လမြိုင်သွားနေတဲ့သူမို့ ဒီအမှုနဲ့ ပတ်သက်မှာ မဟုတ်ဘူးလို့ ထွက်ဆိုထားတယ် ညီမရေ"

"ဟုတ်ပါတယ်။ ကျွန်မလည်း ဒီလူတွေ အားလုံးကို ယုံပါတယ်၊ မသင်္ကာတာ လုံးဝ မရှိပါဘူး"

"ဒါဆို အန်ကယ်ဦးဘကြင်ကိုယ်တိုင်များ နေရာရွှေ့ပြောင်းထားတာ မဖြစ်နိုင်ဘူးလား ညီမ"

"အိုရှင် .. မထင်ကောင်းစရာ၊ ဖေဖေက ဒီပစ္စည်းတွေကို ဘာလို့နေရာ ရွှေ့ရမှာလဲရှင့်"

ယဉ်မာအောင်သည် ဦးဘကြင်အပေါ် သံသယရှိသလို ပြောဆိုမေးမြန်းတာကိုပင် မခံမရပ်နိုင်သလို ဖြစ်သွားကာ စစ်ဆေးမေးမြန်းနေသော နယ်ထိန်းအရာရှိကို ဒေါသသံနှင့် ပြန်ဖြေလိုက်သည်။

"ဟုတ်ကဲ့ ... ကျေးဇူးတင်ပါတယ်။ မယဉ်မာအောင် ကျွန်တော့်မေးမြန်းမှုတွေအတွက် စိတ်အနှောင့်အယှက် ဖြစ်သွားတယ်ဆိုရင် တောင်းပန်ပါတယ်ဗျာ။ တာဝန်အရ မေးမြန်းရခြင်းပါဆိုတာ နားလည်ပေးပါ။ ကဲ ... ကဲ ... အန်ကယ်ဦးဘကြင်နဲ့ မယဉ်မာအောင်တို့ အိမ်ပြန်နိုင်ကြပါပြီ။ မောင်တက်လူကတော့ စစ်မေးစရာ ကျန်သေးလို့ စခန်းမှာ ခေါ်ထားဦးမယ်နော်"

□ □ □



www.burmeseclassic.com

www.burmeseclassic.com

"ကဲ ... ညီလေး မောင်တက်လူရေ၊ မင်းကို အစ်ကို စစ်ဆေးမေးမြန်းခြင်းမပြုခင် အစ်ကို တစ်ခုကြိုပြောထားမယ်။ အဲဒါဘာလဲဆိုတော့ အစ်ကိုက လိမ်တာညာတာ မကြိုက်ဘူးကွ။ အန်ကယ်ဦးဘကြွင်နဲ့ မယဉ်မာအောင်တို့ကလည်း မင်းဟာ မလိမ်တတ် မညာတတ်ဖူးလို့ ပြောသွားတယ်။ နောက်ပြီး သိပ်သစ္စာရှိတယ်တဲ့။ ဦးဘကြွင်နဲ့ မယဉ်မာအောင်တို့ သားအဖက မင်းအပေါ်ထားတဲ့ စိတ်စေတနာတွေက အလွန်ကျေးဇူးတင်ဖို့ ကောင်းလှတယ်။ တကယ့် သွေးသားရင်းချာလိုပဲ"

နယ်ထိန်းအရာရှိသည် အမှုနှင့်စပ်ဆိုင်သော ကိစ္စများ စစ်ဆေးခြင်းမပြုမီ အကဲစမ်းသည့် သဘောနှင့် စကားစလိုက်သည်။

"ကိုယ့်အပေါ် ဒီလောက်ကောင်းတဲ့ မိသားစုအပေါ် မင်းဒီလိုမလုပ်သင့်ဘူး တက်လူ။ မင်းနာမည်ကြည့်တော့လည်း အညွှန့်တလူလူနဲ့ တက်ရမယ့် သဘောဆောင်ပြီး မင်းမိဘတွေက ပေးထားတဲ့အမည် တက်လူတဲ့။ မင်းလုပ်ရပ်ကတော့ မကောင်းဘူး ဟေ့ကောင်"

"ဟာ ... ဆရာ၊ ကျွန်တော်က ဦးကြီးဦးဘကြွင်ကိုလည်း အဖေလို သဘောထားပြီး အစ်မကြီး မယဉ်မာအောင်ကိုလည်း အစ်မရင်း တစ်ယောက်လိုသဘောထားတဲ့သူပါ။ ပစ္စည်းတွေကို ကျွန်တော် မခိုးပါဘူးဗျာ"

"ကောင်းပြီ၊ မင်းမခိုးတာ သေချာတယ်နော်။ ဒါဆို ငါပြောတာ သေသေချာချာနားထောင်ပြီး မှန်မှန်ကန်ကန် ဖြေမလား"

"ဟုတ်ကဲ့ပါ ဆရာ"

"ဦးဘကြွင်တို့မိသားစုမှာ အတူနေ အိမ်သား ငါးယောက်ရှိတယ်။ အိမ်ရှင် ဦးဘကြွင်မိသားစုက သုံးယောက်၊ သွေးသားမတော်စပ်သူ အလုပ်သမားက နှစ်ယောက်။ ဟုတ်ပါတယ်နော်"

"ဟုတ်ပါတယ်"

"ဒါဆို သွေးမတော် သားမစပ် သူစိမ်းက မင်းနဲ့ ကိုလှကိုပဲ ရှိတယ်။ အဲဒါကို ပြန်စိစစ်လိုက်မယ်ဆိုရင် အချင်းဖြစ်ချိန်က ကိုလှကို မရှိဘူး။ လွန်ခဲ့တဲ့ နှစ်ရက်ကတည်းက မော်လမြိုင်သွားနေတယ်လို့ စစ်ဆေးပေါ်ပေါက်တယ်။ ဒါကြောင့် မပြေးသော် ကံရာရှိဆိုတဲ့ စကားအရ ငါ့ညီ တက်လူ မင်းမှာ လမ်းဆုံးနေတယ်။ အကယ်၍ ဖြစ်ရပ်မှန် မင်းမပြောပြရင် တို့ရဲကတော့ တရားရုံးတင်ပြ၊ အချုပ်ရိမာန်တောင်းခံပြီး မင်းကို ချုပ်မယ်၊ ဆက်စစ်ရလိမ့်မယ်"

"ဆရာရယ် ... ကျွန်တော့်ကို မဖမ်းပါနဲ့။ ကျွန်တော့်ကို ပေးချင်တဲ့ သစ္စာပေးပါဗျာ။ ကျွန်တော်မခိုးပါဘူး"

"ဒါဆို ဘယ်သူခိုးလဲ မင်းပြောလေ"

"ညက အစ်ကိုလှကို အိမ်ကို လာပါတယ် ဆရာ"

"ဒီလိုမှပေါ့ မောင်တက်လူရာ။ လွန်ခဲ့တဲ့ နှစ်ရက်က မော်လမြိုင်သွားတယ်လို့ ပြောတဲ့နေ ဘာကြောင့် အိမ်ကို လာတာလဲကွ"

"မနေ့က ကျွန်တော် အစ်မကြီး မယဉ်မာအောင်ကို စိန်ဂွန်းဈေးလိုက်ပို့ပြီးအပြန် ဘတ်(စ်)ကားပေါ်မှာ အစ်ကိုကိုလှကိုနဲ့ တွေ့တယ်။ ကျွန်တော်က အစ်ကို မော်လမြိုင် မသွားဖြစ်ဘူးလား မေးတော့ မှတ်ပုံတင်ကျန်နေတဲ့ သူငယ်ချင်းကို စောင့်ရတာနဲ့ နောက်တစ်ရက်၊ နှစ်ရက်နေရင် သွားမယ်တဲ့"

"အစ်ကို ကိုလှကိုနဲ့ အစ်မကြီး မယဉ်မာအောင်တို့ ချစ်ကြိုက်နေကြတာကြာပါပြီ။ အစ်မကြီး မယဉ်မာအောင် အိပ်တဲ့ထပ်ခိုးပေါ်မှာ မကြာခဏ ချိန်းတွေ့နေကျပါ။ အစ်ကို ကိုလှကိုက ငါ မော်လမြိုင်မသွားခင် မယဉ်မာအောင်နဲ့ တွေ့ချင်တယ်။ အိမ်နောက်ဖက်က တံခါးကို ချက်မထိုးဘဲ ထားပါတဲ့"

"အဲဒီတော့ မင်းက ချက်မထိုးဘဲ ထားလိုက်တယ် ဆိုပါတော့"

"ဟုတ်ကဲ့"

သူတစ်ပါးရဲ့ အကူအညီတောင်းခံမှုကို စေတနာဖြင့် မြားနတ်မောင် ဝင်လုပ်ပေးတာမှန်သော်လည်း သူခိုးကြီးရာပါဘဝရောက်ရတော့မယ့် တက်လူအတွက် နယ်ထိန်းအရာရှိ စိတ်မကောင်း ဖြစ်မိသည်။

"ဒါနဲ့ ကိုလှကိုရဲ့ သူငယ်ချင်းဆိုတဲ့လူကို မင်းသိလား"

"ဟုတ်ကဲ့ သိပါတယ်။ အရင်က မော်လမြိုင်သွားပြီး မှောင်ခိုလုပ်တဲ့သူမို့ အစ်မကြီး မယဉ်မာအောင်ဆီ ပစ္စည်းလာသွင်းနေတဲ့လူပါ"

နောက်ဆုံးတော့ နယ်ထိန်းအရာရှိရဲ့ အမှုစစ်လုပ်ငန်း ကျွမ်းကျင်မှုကြောင့် ဦးဘကြွင်အိမ်ကို မည်သူမည်ဝါ ဖောက်တယ်ဆိုတာ တိတိကျကျ သိလိုက်ရပြီဖြစ်ပါသည်။

□ □ □

"အိမ်ရှင်တို့ ... အိမ်ရှင်တို့"

"ညှော်စာရင်း စစ်ချင်လို့ ခဏ



www.burmeseclassic.com

www.burmeseclassic.com

လောက် တံခါးဖွင့်ပါဦး'' (ထိုအချိန်က အပတ်စဉ်၊ လစဉ် ငွေစာရင်း စစ်သည့် အလေ့အထရှိသည်မို့ အိမ်ရှင်သည် ချက်ချင်း တံခါးဖွင့်ပေးသည်)

"ငွေသည်တစ်ယောက် ရှိပါတယ်။ ဟောဒီမှာ ငွေစာရင်းတိုင်ထားပါတယ်''

သက်ဆိုင်ရာ ရပ်ကွက်ပြည်သူ့ကောင်စီ လက်တွင်းမှ ငွေစာရင်းစာရွက်ကို နယ်ထိန်းအရာရှိက ကဲကြည့်လိုက်ရာ ငွေသည်အမည်ကို ထင်းခနဲ မြင်လိုက်ရသည်။ အမည်က လှကိုတဲ့။

"ကလစ်''

အနီးတွင်ရှိသော လှကိုအား နယ်ထိန်း တပ်ကြပ်ကြီး မင်းဦးက ချက်ချင်းလက်ထိတ်ခတ်လိုက်သည်။

"ကျွန်တော်- တရားဝင် ငွေစာရင်းတိုင်ထားပါတယ် ဆရာ''

"ဟုတ်ပါတယ်။ အခု ကျွန်တော်တို့ ခင်ဗျားကိုဖမ်းတာက ပန်းဘဲတန်းမြို့နယ်၊ ဗိုလ်ချုပ်လမ်း၊ အလယ်ဘလောက်၊ အိမ်အမှတ် (--) ဦးဘကြင်အိမ် ဖောက်ထွင်းမှုနဲ့ ဖမ်းတာပါ''

နယ်ထိန်းအရာရှိရဲ့ စကားလည်းကြားရော လှကိုတစ်ယောက် က္ကန္ဓြေတောင် မဆောင်နိုင်ဘဲ ခြေတုန်၊ လက်တုန် ဖြစ်သွားရှာသည်။

တများခံကို သက်သေခံ ရွှေထည်ပစ္စည်းများ၊ ငွေများနဲ့အတူ မိပြီဖြစ်ကြောင်း စခန်းမှူး ရဲအုပ်စောလွင်ကို သတင်းပို့လိုက်တော့ အချိန်က မိုးလင်းခါနီးဆဲဆဲ ဖြစ်နေသည်။ မြို့နယ်မှူးထံ စခန်းမှူး ဆက်လက်သတင်းပို့ရန် စဉ်းစားလိုက်တော့ လင်းခါနီး ဝေလီဝေလင်းမို့ မြို့နယ်မှူး အိပ်ရေးပျက်လိမ့်မည်မို့ အားနာစရာများဖြစ်နေမလား။ အို ... ဘာတတ်နိုင်မှာလဲ။ တာဝန်က အချိန်နဲ့ တစ်ပြေးညီ သတင်းပို့ရမယ့် တာဝန်ရှိတယ်မို့လား။ စခန်းမှူးအတွေးများ ဒွိဟဖြစ်နေပေမယ့် နောက်ဆုံး သတင်းပို့ဖြစ်ပါတယ်။

မြို့နယ်တပ်ခွဲမှူး စခန်းရောက်လာတော့ လူ ၁၀ ယောက်စာလောက် မလိုင်နံပြားနဲ့ လက်ဖက်ရည်များ ကာကာဆိုင်က ဝယ်လာပြီး ကျွေးမွေးသည်။ ပြီးတော့ အားရ ဝမ်းသာဖြင့် နယ်ထိန်းအရာရှိ ချစ်မြိုင်ကို သိချင်တာတွေ မေးသည်။

မေးရတဲ့အကြောင်းက ယခုကဲ့သို့ ဖောက်ထွင်းမှုမျိုး အချိန်တိုအတွင်း ဖော်ထုတ်နိုင်ဖို့ဆိုတာ အလွန်ခက်သည်။ ဒီလို ခက်တဲ့အမှုမျိုး ၂၄ နာရီအတွင်း တပည့်တွေက ကြိုးပမ်းဖော်ထုတ်နိုင်တာမို့ မြို့နယ်မှူးအနေနှင့် တပည့်များ၏ ကြိုးပမ်းအားထုတ်ဆောင်ရွက်မှုများကို ဂုဏ်ပြုသောအနေနှင့် မဂ္ဂဇင်းစာမျက်နှာများတွင် ရေးပေးဖို့ တာဝန်ရှိသေးသည်မဟုတ်ပါလား။

"ဒီလို ဗိုလ်ကြီး၊ မနေ့က အချင်းဖြစ်အ[illegible] (ဦးဘကြင်)အိမ်ကို ကျွန်တော်တို့ သွားကြည့်ပြီးတော့ ရဲတပ်ကြပ်ကြီး တင်ငွေရယ်။ ရဲတပ်ကြပ်ကြီး မြင့်ဦးရယ်ကို ဦးဘကြင် အိမ်ပတ်ဝန်းကျင်မှာ စုံစမ်းဖို့ တာဝန်ပေးလိုက်တယ်။ အဲဒီတော့ ဦးဘကြင်နဲ့ မယဉ်မာအောင်ဟာ သားအဖရင်း မဟုတ်ဘူးဆိုတာ သိရတယ်။ သားအဖရင်း မဟုတ်ပေမယ့် သားအဖရင်းနဲ့မခြားချစ်ကြတယ်လို့လည်း သိရတယ်။ ပြီးတော့ ဦးဘကြင်အိမ်က အလုပ်သမားကိုလှကိုနဲ့ မယဉ်မာအောင်တို့ မရှင်းမရှင်ဖြစ်နေကြတယ်ဆိုတာလည်း သိခဲ့ပါတယ်။ တန်ဖိုးအရှိဆုံး သတင်းကတော့ မနေ့ည သန်းခေါင်ယံမှာ ဦးဘကြင်ရဲ့တပည့် လှကိုဟာ ဦးဘကြင်အိမ်ကို ပြန်လာတယ်လို့ မီးကင်းအလှည့်ကျ ကင်းသားက ပြောပြတဲ့ သတင်းစကားပါပဲ ဗိုလ်ကြီး''

"လွန်ခဲ့တဲ့ နှစ်ရက်က မော်လမြိုင်သွားပါတယ်ဆိုတဲ့လူက ဘာကြောင့် အချင်းဖြစ်ညက ဦးဘကြင်တို့လမ်းထဲမှာ တွေ့ရတာလဲလို့ တွေးကြည့်တော့ ဦးဘကြင်တို့အိမ်က လူတွေကို တခြားစီခွဲပြီးစစ်ရင် ဒီအမှုပေါ်တော့မယ်ဆိုတာ တွက်လို့ရပါတယ်''

"ဒါကြောင့် ကျွန်တော် ဦးဘကြင်၊ မယဉ်မာအောင်နဲ့ မောင်တက်လှတို့ကို ဖိဖိစီးစီး စစ်လိုက်ပါတယ်။ မောင်တက်လှဟာ နဂိုကတည်းက မှုံ သားတယ်။ မလိမ်တတ် မညာတတ်တဲ့သူဆိုတော့ ကိုလှကို အချင်းဖြစ်ညက အိမ်လာတယ်ဆိုတာ ဖွင့်ပြောပြတော့တာပဲ''

"တကယ်ကတော့ .. လှကိုက အကြံသမား၊ ချစ်သူ မယဉ်မာအောင်နဲ့ တွေ့မယ်အကြောင်းပြုပြီး တကယ်တမ်းကျတော့ မတွေ့ဘဲ ဖောက်ထွင်းမှုကို ကျူးလွန်သွားတာပါ''

"လှကိုက ကွက်ကျော်ရိုက်တော့လည်း ကျွန်တော်တို့ နယ်ထိန်းအဖွဲ့ကလည်း ကွက်ပြည့်နင်းရတော့တာပေါ့ ဗိုလ်ကြီးရယ်''

**ဝင်းသောင် (ရမည်းသင်း)**



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com

# ဖြောင့်ဖြောင့်မတ်မတ် ကောက်ကောက်ကွေ့ကွေ့

ကျော်မြသန်း

**(ယခင်လမှ အဆက်)**

**(တစ်ဆယ့်ကိုး)**

လိုပြသက်သေ ဖော်မောင်မောင်နှင့် ဝင်းမောင်အဖေ ဦးဖိုးကျော့ အစစ်ခံမည့်နေ့။

မတွေ့ချင်၊ မျက်နှာချင်းမဆုံချင်သူများနှင့် ပြန်လည်တွေ့ဆုံ၍ မျက်နှာချင်းဆိုင်ရတော့မည်မို့ ထိုနေ့ရုံးထွက်ရမည်ကို အတော်ကြီး ဝန်လေးနေသည်။ ဖြစ်နိုင်ရင်တော့ ရုံးမထွက်ချင်။ သို့တစေ ရုံးမထွက်လို့မရ။

ထောင်ထဲသို့ရောက်သည့် တရားခံများမှာ ရုံးမထွက်နိုင်လောက်အောင် ကျန်းမာရေးအခြေအနေ မကောင်းရင်ဖြစ်စေ၊ ခိုင်လုံသည့် အကြောင်းပြစရာ တစ်စုံတစ်ရာမရှိရင်ဖြစ်စေ ရုံးထွက်လို့မရ။

အာမခံရပြီး အပြင်တွင်နေထိုင်၍ တရားဆိုင်ရင် ဆိုင်နေရသူများပင် လျှင် ရုံးချိန်းနေ့ပျက်ကွက်မှုရှိလျှင် မိမိတို့၏ ရှေ့နေကြီးများက ခိုင်လုံသော အကြောင်းပြချက်ဖြင့် လျှောက်ထားချက် တင်သွင်းရသည်။

အပြင်ထွက်နေထိုင်၍ တရားဆိုင်သူများက အလှည့်အပတ် လုပ်လို့ရသည်။

ထောင်ထဲသို့ ရောက်ရှိနေသည့် တရားခံများမှာမူ အရှောင်အတိမ်း အလှည့်အပတ် လုပ်၍မရ။

ရုံးထွက်ရမည့်နေ့တွင် အဆင်သင့် ပြင်ဆင်ထား ကြရသည်။

ခင်လေးနွယ်မှာ ရင်မလင်း၊ ခေါင်းမရှင်းဘဲ ထွက်ခဲ့ရသည်။ ခါတိုင်း ရုံးထွက်နေ့များတွင် မျက်နှာပြောင်ကြီး ဖြစ်မနေစေရန်အတွက် သနပ်ခါးမှုန်မှုန်လိမ်းပြီး မိတ်ကပ်ပါးပါးလေး သစမြဲ ရှိခဲ့၏။

ယခုတစ်ပတ် ရုံးထွက်တွင်မူ သနပ်ခါးမှုန်မှုန်သော်မှ မသ။ မျက်နှာပြောင်နှင့် ရုံးထွက်ခဲ့သည်။

မိန်းမထောင် အချုပ်ဆောင်မှာ သနပ်ခါးခဲ မိတ်ကပ်ဘူးနှင့် နှုတ်ခမ်းနီဆိုးဆေးများကို ဆောင်ထားစမြဲ ရှိခဲ့ကြ၏။

ထောင်သို့ဝင်ခါစ ထိုပစ္စည်းများ မပါလာသည့်တိုင် ထောင်ဝင်စာတွင် ဖြစ်စေ၊ ရုံးထွက်အပြန်တွင်ဖြစ်စေ ပါလာစမြဲ၊ ယူဆောင်လာစမြဲ ရှိကြ၏။

အလှအပကို မမက်မော မကြိုက်နှစ်သက်သူ မိန်းမသားဟူ၍ လောကတွင် မရှိရာ။

ခင်လေးနွယ်မှာ သနပ်ခါးခဲရော မိတ်ကပ်ပါ အပြည့်အစုံရှိသည်။

အဲဒီနေ့က စိတ်မကြည်လင်သမို့ ခါတိုင်းလို မခြယ်သ။

ထောင်ထဲက မထွက်ခင် မရှင်းမလင်း ဖြစ်ခဲ့ရသည့်ရင်မှာ တရားရုံးအချုပ်သို့ ရောက်သည့်အခါ ပို၍ နောက်ကျိရှုပ်ထွေးသွားရသည်။

ကိုသိန်းဦးတို့ လင်မယားထံမှ ကြားလိုက်ရသည့် စကားကြောင့်။

ဝင်းမောင်တို့အဖေ ဦးဖိုးကျော့နှင့် သွားရောက်တွေ့ဆုံခဲ့ရာ သူတို့ထင်လို မဟုတ်ဘဲ သူတို့သားအတွက် အခဲမကြေဖြစ်နေကြောင်း တရားရုံးတွင် လျှော့ပေါ့၍ ထွက်ဆိုလိမ့်မည် မဟုတ်ကြောင်းပြောလာသည့်သတင်း စကားကြောင့် လေးနေသည့် ရင်မှာ ပို၍ တင်းကျပ်သွားရသည်။

အမှုတစ်ခု ဖြစ်လာပြီဆိုလျှင် တရားခံဘက်မှ တရားလိုပြ သက်သေများကို နည်းအမျိုးမျိုးဖြင့် ချဉ်းကပ်၍ ထွက်ဆိုချက် ပေါ့ပါးစေရန် အဝင်အထွက်လုပ်ရ၊ လိုက်ရသလို တရားလိုဘက်မှလည်း ထို့အတူ လုပ်ကြရသည်။

လိုက်ပေမယ့် လိုက်အားမရှိ။

ခင်လေးနွယ်မှာ သက်ပြင်းချရုံမှတစ်ပါး မည်သို့မျှ မတတ်နိုင်။



www.burmeseclassic.com

www.burmeseclassic.com

တရားခွင်၌ ပထမအစစ်ခံမည့် သက်သေမှာ ဇော်မောင်မောင်။

ဇော်မောင်မောင်က မျက်မှန်အနက်ကြီး တပ်၍ တရားခွင်သို့ ဝင်လာသည်။ ခင်လေးနွယ်က တရားခံများနေထိုင်ရသည့် နေရာသို့ ကြိုတင်ရောက်နှင့်နေသော်လည်း တရားခွင်သို့ ဝင်လာသည့် ဇော်မောင်မောင်က လုံးဝ စောင့်ငဲ့မကြည့်။ သူထိုင်ရမည့် တရားခွင်ရှေ့ရှိ ကုလားထိုင်တွင် ဝင်ထိုင်လိုက်၏။

သူ၏ ထွက်ဆိုချက်မှာ သူ့သိက္ခာ ကာကွယ်ရေးကို အဓိကထားပြီး ခင်လေးနွယ်အပေါ်သို့ သံသယဖြစ်စရာ အချက်များကို ဖိအားပေး၍ ထွက်ဆိုသွားခဲ့သည်။

"မခင်လေးနွယ်ကို ကျွန်တော်နဲ့ ခင်မင်ရင်းနှီးသူ ဒေါ်ခင်သီမှတစ်ဆင့် သိကျွမ်းခဲ့ရခြင်း ဖြစ်ပါတယ်။ ရန်ကုန်မှာ နှစ်ခါ၊ သုံးခါလောက် တွေ့ဆုံခဲ့ဖူးသည်ကလွဲလို့ ခင်ခင်မင်မင် ရင်းရင်းနှီးနှီး မရှိခဲ့ပါဘူး။ နှစ်ခါ၊ သုံးခါလောက်တွေ့ဆုံဖူးပေမယ့် နှစ်ယောက်ချင်း တွေ့ဆုံခြင်း မဟုတ်ပါ။ ဒေါ်ခင်သီနဲ့ အတူတွဲလျက် တွေ့ဆုံဖူးခြင်းသာ ဖြစ်ပါတယ်"

ဤသို့ ထွက်ဆိုခြင်းအစမှာ မှန်မှန်ကန်ကန် ထွက်ဆိုခြင်းဟု ဆိုနိုင်သည်။

"မန္တလေးသို့ မခင်လေးနွယ် အလည်အပတ်လိုက်လာခြင်းမှာ ကျွန်တော်က ဖိတ်ခေါ်၍ လိုက်လာခြင်း မဟုတ်ပါ။ ဒေါ်ခင်သီကခေါ်၍ အဖော်အဖြစ် လိုက်လာခြင်းသာ ဖြစ်ပါတယ်။ ဒေါ်ခင်သီ မန္တလေးကို လာတာဟာ အလည်သက်သက် မဟုတ်ပါဘူး။ အရောင်းအဝယ်ကိစ္စအတွက် တစ်ချက်ခုတ် နှစ်ချက်ပြတ်သဘော လာခြင်း ဖြစ်ပါတယ်။ မန္တလေးကို ရောက်တဲ့အခါ ကျွန်တော်၏အိမ်တွင် မတည်းခိုကြပါဘူး။ မန္တလေးဟိုတယ်မှာ တည်းခိုကြပါတယ်။ ကျွန်တော်က အိမ်သည်ဝတ္တရားအရ မန္တလေးမှာရှိတဲ့ တန်ခိုးကြီးဘုရားများကို လိုက်လံပို့ဆောင်ပေးခဲ့ပါတယ်။ မခင်လေးနွယ်ဟာ မန္တလေးမှာ ငါးရက်ပဲနေပြီး လေယာဉ်ပျံနဲ့ တစ်ယောက်တည်း ပြန်သွားခဲ့ပါတယ်။ ဒေါ်ခင်သီက သူ့ကိစ္စမပြီးပြတ်လို့ မန္တလေးမှာ ကျန်နေခဲ့ပါတယ်"

ဇော်မောင်မောင်က မန္တလေးကို လိုက်ခဲ့ဖို့ အတန်တန် ဖိတ်ခေါ်ခဲ့သော်လည်း တရားရုံးထွက်ဆိုချက်တွင်မူ သူက မဖိတ်ခေါ်ခဲ့ပါဟု ထွက်ဆိုသွားခဲ့သည်။

"ကျွန်တော်က အထက်မြန်မာပြည် ရုပ်ရှင်ဖြန့်ချိရေးလုပ်ငန်း လုပ်တာကြောင့် မခင်လေးနွယ်က ရုပ်ရှင်ထဲမှာ သရုပ်ဆောင်အဖြစ် ပါချင်တဲ့အကြောင်း၊ ဆက်သွယ်ပေးဖို့အကြောင်း ပြောခဲ့ပါတယ်။ ရုပ်ရှင်ထဲပါပါလို့ ကျွန်တော်က စတင်ပြောဆိုခဲ့ခြင်း မဟုတ်ပါ"

ဤထွက်ဆိုချက်မှာ လုံးဝ မမှန်ကန်သောကြောင့် ခင်လေးနွယ်က သူ့အနီးတွင်ရှိနေသည့် ရှေ့နေကြီးအား တိုးတိုးလေးပြောလိုက်ရာ ရှေ့နေကြီးက သူ့မှတ်စုစာအုပ်တွင် ရေးမှတ်လိုက်၏။

"ကျွန်တော့်ရဲ့ လုပ်ငန်းအစီအစဉ်မှာ ရုပ်ရှင်ဇာတ်ကားတစ်ကားကို ကိုယ်ပိုင် ကိုယ်တိုင်ရိုက်ဖို့ အစီအစဉ်ရှိတာကြောင့် ကျွန်တော် ချိ… ကုန်ကို ဆင်းခဲ့ပါတယ်။ ကျွန်တော် ဒေါ်ခင်သီ့အိမ်ကို သွားလည်ရင်း ဒေါ်ခင်သီနဲ့ အခန်းချင်းကပ်လျက်မှာ နေတဲ့ မခင်လေးနွယ်ကိုပါ တွေ့ခဲ့ရပါတယ်။ ကျွန်တော့်လုပ်ငန်းအစီအစဉ်ကို ကျွန်တော်က ပြောမပြခဲ့ပါဘူး။ ဒေါ်ခင်သီက ပြောပြတာဖြစ်ပါတယ်။ မခင်လေးနွယ်က ဘယ်အခန်းက ပါ… ပါရ ပါပါရစေလို့ ပြောခဲ့ပါတယ်။ မခင်လေးနွယ်ရဲ့ ရုပ်ရည်ဟာ ရုပ်ရှင်ထဲမှာ ဇာတ်ပို့ဇာတ်ရံနေရာမှာ ထည့်သုံးနိုင်တာကြောင့် စတေ ခေါ်တဲ့ ရုပ်သေ… ရိုက်ကြည့်မယ်လို့ ပြောခဲ့ပါတယ်။ ရုပ်ရှင်ထဲပါဖို့ သူ့ရဲ့ ခင်ပွန်းသည်… သဘောတူမတူကို ကျွန်တော် မေး… ပါဘူး။ ကျွန်တော်ကလည်း မမေး… ခဲ့ပါဘူး"

မှုသားမကင်း၊ မှန်တစ်ဝက် မမှန်တစ်ဝက်။

"ပထမ ခင်လေးနွယ်ရဲ့ တစ်… ယောက်တည်းပုံတွေကို ရိုက်ခဲ့ပါတယ်။ ကျွန်တော်နဲ့ နှစ်ယောက်တွဲ… တွေကို ရိုက်ရတဲ့အကြောင်းကတော့ ကျွန်တော်ရိုက်မယ့် ကားမှာ ကျွန်တော်ကိုယ်တိုင် သူနဲ့တွဲမယ့် ဇာတ်… အဖြစ် ပါဝင်မှာကြောင့် ဖြစ်ပါတယ်"

မှုသား လုံးဝမကင်းသည့် ဒု… ဆယ်ထွက်ဆိုချက်။

"ဒါပေမဲ့ မခင်လေးနွယ်ရဲ့ အနေအထိုင်နဲ့ နောက်ပိုင်းမှာ ထွက်… လာတဲ့ မကောင်းသတင်း အနံ့… ကြောင့် ကျွန်တော်ရိုက်မယ့် ဇာတ်… ကားထဲမှာ သူ့ကို ထည့်သွင်းမရိုက်… ဘူးဖို့ ဆုံးဖြတ်လိုက်ပါတယ်"

ခေါင်းငုံ့ နားထောင်နေသည့်…

www.burmeseclassic.com

ခင်လေးနွယ်က ခေါင်းကို ဆတ်ခနဲ မော့လိုက်ပြီး အံကိုတင်းတင်း ကြိတ်လိုက်၏။

သို့တစေ ဘာမျှ ပြောပိုင်ခွင့်မရှိ ပြောစရာရှိသည်ကို ရှေ့နေကြီးအား တိုးတိုးလေး ပြောလိုက်ရသည်။

တရားခွင်မှာ တရားခံဖြစ်စေ၊ တရားလိုဖြစ်စေ၊ သက်သေဖြစ်စေ ထွက်ဆိုချက် ထွက်ဆိုနေသည့်အခါ မမှန်မကန်ထွက်ဆိုချက်ပါလာလျှင် ကြားဖြတ်၍ ဟန့်တား ပြီး ပြောပိုင်ခွင့် မေးပိုင်ခွင့်မရှိ။ ထွက်ဆိုချက် ပြီးဆုံးသည့်အခါ မိမိတို့ရှေ့နေကြီးများကသာ မေးပိုင်ခွင့်ရှိသည်။

"ဒီဓာတ်ပုံတွေဟာ မခင်လေးနွယ်ရဲ့ ယောကျ်ားထံကို ကျွန်တော့်ထံကတစ်ဆင့် ရောက်ရှိသွားခြင်းမဟုတ်ပါ။ ဓာတ်ပုံတွေကူးပြီး မခင်လေးနွယ်ကိုလည်း ပေးထားခဲ့ပါတယ်။ သူသိမ်းဆည်းထားတဲ့နေရာက တစ်ဆင့်တွေ့ရှိသွားတာပဲ ဖြစ်ပါလိမ့်မယ်။ ဓာတ်ကားထဲမှာထည့်ရိုက်ဖို့ မဖြစ်တော့ဘူးဆိုတာကို ကျွန်တော် အတည့်အလင်း ပြောခဲ့ပါတယ်။ နောက်ပိုင်းဖြစ်တဲ့ ကိစ္စတွေကို ကျွန်တော် လုံးဝမသိပါဘူး"

ဇော်မောင်မောင်က ထိုသို့ထွက်ဆိုပြီးသည့်နောက် ရှေ့နေကြီးများ၏ မေးခွန်းအလှည့် ရောက်လာသည်။

တရားလိုရှေ့နေကြီးက မေးခွန်းအနည်းငယ်သာ မေးခဲ့သော်လည်း တရားခံ၏ ရှေ့နေကြီးကမူ တိုရှင်းလိုရင်းမေးခွန်းများဖြင့် ထိုးစစ်အတွက် ခံစစ်ကွင်းပြင် လိုက်ရသည်။

"ကိုဇော်မောင်မောင်နဲ့ မခင်လေးနွယ်တို့ဟာ ရန်ကုန်မှာကတည်းက အတော်ကြီး တရင်းတနှီးရှိကြတယ်ဆိုရင် ငြင်းမလား"

"မရှိပါဘူး ငြင်းပါတယ်"

"အတူတူသွားလာ စားသောက်နေထိုင်ကြတယ်ဆိုရင်ကော ငြင်းမလား"

"စားသောက်ဆိုင်မှာ ဒေါ်ခင်သီနဲ့အတူ နှစ်ခါလောက် စားသောက်ဖူးတာကလွဲလို့ သွားသွားလာလာ မရှိပါဘူး"

"လုံးဝ မငြင်းဘူးပေါ့"

"ဟုတ်ကဲ့ မငြင်းပါဘူး"

"မခင်လေးနွယ်ကို မန္တလေးကို အလည်လိုက်ဖို့ ကိုဇော်မောင်မောင်က လေးငါးကြိမ်ထက် မနည်း ဖိတ်ခေါ်ခဲ့ပါတယ်ဆိုရင် ကိုဇော်မောင်မောင် ငြင်းမှာပဲလား"

"ဟုတ်ကဲ့ ငြင်းပါတယ်"

"လောကဝတ်အရ အလည်လိုက်ခဲ့ပါလို့တောင် မပြောဘူးပေါ့"

"ဟုတ်ကဲ့ မပြောပါဘူး"

"ဒေါ်ခင်သီ မန္တလေးကို အရောင်းအဝယ်ကိစ္စအတွက် လာတယ်ဆိုတော့ ဘာကုန်ပစ္စည်းတွေကို အရောင်းအဝယ်လုပ်ဖို့ လာပါသလဲ"

"စိန်ထည်ပစ္စည်းတွေ အရောင်းအဝယ် လုပ်ဖို့ပါ"

"ဒေါ်ခင်သီဟာ ရန်ကုန်မှာ စိန်အရောင်းအဝယ်လုပ်ငန်းကို မလုပ်ကိုင်ခဲ့ဖူးဘူးလို့ ပြောရင် ကိုဇော်မောင်မောင် ဘယ်လိုများ ပြောမလဲ"

"ဒါတော့ ကျွန်တော် မသိပါဘူး။ ရန်ကုန်မှာ လုပ်လို့သာ မန္တလေးကိုလာပြီး အရောင်းအဝယ် လုပ်တယ်လို့ ထင်ပါတယ်"

"ဒေါ်ခင်သီဟာ မန္တလေးကနေပဲ ရန်ကုန်ကို ပြန်လာတာပေါ့နော်"

"မဟုတ်ပါဘူး။ လားရှိုးဘက်တက်ပြီးမှ မန္တလေးကို ပြန်ဆင်းပြီး ရန်ကုန်ကို ပြန်တာပါ"

"မန္တလေးကနေ လားရှိုးတက်တော့ ဒေါ်ခင်သီ တစ်ယောက်တည်းပဲလား"

"မဟုတ်ပါဘူး။ ကျွန်တော်ပါ လိုက်သွားပါတယ်"

"ကိုဇော်မောင်မောင်ကလည်း စိန်အရောင်းအဝယ်လုပ်တယ်လို့ ဆိုလိုချင်တာလား"

"မဟုတ်ပါဘူး။ အဖော်အဖြစ် လိုက်သွားတာပါ"

ခင်လေးနွယ်၏ ရှေ့နေကြီးက ဇော်မောင်မောင်ကို တနဲ့နဲ့ လှုပ်နေသည်။

"ဒေါ်ခင်သီနဲ့ ကိုဇော်မောင်မောင်တို့ဟာ ဒီလောက်တောင်တရင်းတနှီးရှိပါလျက်နဲ့ ကိုဇော်မောင်မောင်တို့တိုက်မှာ မတည်းခိုဘဲ မန္တလေးဟိုတယ်မှာ တည်းခိုတယ်ဆိုတာဟာ မြန်မာလူမျိုးတို့ရဲ့ ဓလေ့ထုံးစံ အစဉ်အလာနဲ့ ကိုက်ညီတယ်လို့ ယူဆပါသလား"

"ဒါတော့ ကျွန်တော် မပြောတတ်ပါဘူး။ သူတို့က လွတ်လွတ်လပ်လပ် နေချင်တယ်ဆိုလို့ပါ"

"ဟုတ်ကဲ့၊ ရပါတယ်။ ကိုဇော်မောင်မောင် ကြိုက်သလို ဖြေနိုင်ပါတယ်။ ကျွန်တော် ထပ်မေးချင်တာက လားရှိုးရောက်တော့ ကိုဇော်မောင်မောင်တို့ ဘယ်မှာတည်းခိုပါသလဲ"

"လားရှိုးမြို့ တည်းခိုခန်းမှာ တည်းပါတယ်"

"နှစ်ယောက် အတူတူပေါ့



www.burmeseclassic.com

www.burmeseclassic.com

နော်''

''မဟုတ်ပါဘူး၊ တစ်ယောက်တစ်ခန်းစီပါ''

''ကျွန်တော်မေးတာက တည်းခိုခန်းတစ်ခုတည်းမှာပဲလားလို့ မေးတာပါ''

''ဟုတ်ပါတယ်''

ရှေ့နေကြီးက ဇော်မောင်မောင်၏ စာရိတ္တပိုင်းကို တနဲ့နဲ့ ဖော်နေသည်။

''ဒါဆို အဖြေပြည့်စုံပါတယ်။ မခင်လေးနွယ်က ရုပ်ရှင်ထဲမှာ ပါချင်တယ်လို့ စပြောတာလား၊ ဒါမှမဟုတ် ကိုဇော်မောင်မောင်က ရုပ်ရှင်ဝင်ရိုက်ဖို့ တိုက်တွန်းတာလား''

''မခင်လေးနွယ်က စပြောတာပါ''

''အဲဒီဇာတ်ကားမှာ ကိုဇော်မောင်မောင်က ဒါရိုက်တာ လုပ်မှာနော်''

''ဟုတ်ပါတယ်''

''ကင်မရာရှေ့မှာ တစ်ခါမှ မရပ်ဖူးတဲ့ မျက်နှာစိမ်း တစ်ယောက်ဟာ သရုပ်ဆောင်အဖြစ် ပါဝင်ဖို့ဆိုတာ ဘယ်လိုမှမလွယ်ကူတဲ့ လုပ်ငန်းတစ်ရပ်လို့ပြောရင် ကိုဇော်မောင်မောင် ဘယ်လိုများ ဖြေလိုပါသလဲ''

ဇော်မောင်မောင်က ချက်ချင်း မဖြေ။ တစ်မိနစ်လောက် တွေဝေသွားပြီးမှ ...

''ခက်တယ်လို့ ပြောနိုင်ပေမယ့် သင်ပေးရင်တတ်နိုင်တာကြောင့် လွယ်တယ်လို့လည်း ပြောနိုင်ပါတယ်''

''လွယ်တာနဲ့ ခက်တာက ဘယ်ဘက်ကို အလေးသာမယ်ထင်သလဲ''

''ခက်တဲ့ဘက်ကို အလေးသာမယ်လို့ ထင်ပါတယ်''

''သရုပ်ဆောင်အဖြစ် ပါချင်တယ်လို့ပြောတာကို ကိုဇော်မောင်မောင်က အလွယ်တကူ ခေါင်းညိတ်လိုက်တယ်ဆိုတော့ သဘာဝနဲ့ပြောရင် ဆန့်ကျင်နေတယ်လို့ ဆိုရမှာပေါ့နော်''

''ဟုတ်ကဲ့ ဆိုနိုင်ပါတယ်''

''ကိုဇော်မောင်မောင်က စတေးပုံတွေ ရိုက်တဲ့အခါမှာ ကိုယ်တိုင်ရိုက်တာပေါ့နော်''

''ဟုတ်ပါတယ်။ ကျွန်တော် ကိုယ်တိုင် ရိုက်တာပါ''

''ခင်လေးနွယ်ကို ရုပ်ရှင်ဖလင်နဲ့ကော ရိုက်ကြည့်ခဲ့သေးသလား''

''ဟုတ်ကဲ့ ရိုက်ကြည့်ခဲ့ပါတယ်''

''ဖလင်စား၊ မစား သိရအောင်ပေါ့နော်''

''ဟုတ်ပါတယ်''

''ကိုဇော်မောင်မောင် အနေနဲ့ ဘယ်လို ထင်ပါသလဲ''

''ရုပ်ရှင်ထဲမှာ သုံးလို့ဖြစ်တယ်လို့ ထင်ပါတယ်''

''ဓာတ်ပုံမှာရော ဖလင်ကွက်မှာရော ဖြစ်နိုင်တယ်လို့ ဆိုလိုတာပေါ့နော်''

''ဟုတ်ပါတယ်''

''ဒါဆိုရင် ရုပ်ရှင်မရိုက်သေးဘဲနဲ့ ကိုဇော်မောင်မောင်နဲ့ မခင်လေးနွယ်တို့ စတေးပုံ တွဲရိုက်တဲ့ သဘောကလေးကို ရှင်းပြစေလိုပါတယ်''

''ဘာကို ဆိုလိုပါသလဲ ခင်ဗျာ''

''ကျွန်တော် နားလည်တာက မင်းသား၊ မင်းသမီးတွေရဲ့ ပုံကိုသာ အဓိကထားပြီး စတေးပုံ ရိုက်တယ်။ ဇာတ်ပို့ဇာတ်ရံတွေနဲ့ ပုံကိုတော့ သီးခြား ကြိုတင်ပြီး ရိုက်လေ့မရှိဘူးလို့ နားလည်ပါတယ်။ ခု ကိုဇော်မောင်မောင် လုပ်တာက အစဉ်အလာနဲ့ ထုံးစံကို ကျော်လွန်နေသလားလို့၊ ဒါကြောင့် ဒီမေးခွန်းကို မေးရတာပါ''

ရှေ့နေကြီးက ကြိုးစကို ကြိုး အဆုံးနဲ့ ဆက်မိအောင် တဖြည်းဖြည်း ရစ်ပိုင်းလာသည်။

''ကျွန်တော်ကတော့ ဘာရယ် မဟုတ်ပါဘူး။ အဆင်သင့်ကြုံလို့ ရိုက်တာပါပဲ''

''အစဉ်အလာနဲ့ ထုံးစံတော့ မဟုတ်ဘူးပေါ့''

''ဟုတ်ပါတယ်''

''ကိုဇော်မောင်မောင် စီစဉ်ထားတဲ့ ဇာတ်ကားကို ရိုက်ဖြစ်ပါသလား''

''မရိုက်ဖြစ်ပါဘူး''

''ဘာကြောင့်ပါလဲ''

''ဇာတ်လမ်းစိစစ်ရေးက ခွင့်မပြုလို့ပါ''

''ဒါဖြင့် ဒီစတေးပုံတွေ ရိုက်တာက ဇာတ်လမ်းတို့ ဘာတို့ ဘာမှ မသေချာ မရေရာသေးဘဲ ရိုက်ခဲ့တာပေါ့''

''ဟုတ်ပါတယ်''

''ဒါလည်း လုပ်ရိုးလုပ်စဉ်တော့ မဟုတ်ဘူးနော်''

''ဟုတ်ပါတယ်''

''နောက်ပိုင်း အဆင်မပြေ ဖြစ်ကြတာက မခင်လေးနွယ်ကြောင့်လား၊ ကိုဇော်မောင်မောင်ကြောင့်လား''

''မခင်လေးနွယ်ကြောင့်ပါ''

''ဘယ်လိုကြောင့် ဆိုတာကို အကျဉ်းချုံးပြီး ပြောပြစေလိုပါတယ်''

''ကျွန်တော်ရဲ့ ထွက်ဆိုချက်အရ



www.burmeseclassic.com

www.burmeseclassic.com

မှာ ပါတဲ့အတိုင်းပါပဲ''

''ထွက်ဆိုချက်မှာ ပြောသွားတဲ့ နောက်ပိုင်းမှာ ထွက်လာတဲ့ မကောင်းသတင်းတွေဆိုတာက တစ်ဆင့်ကြားလား၊ ကိုယ်တိုင်သိတွေ့တာလား''

''တစ်ဆင့်ကြားပါ''

''မလိုတမာပြောတဲ့ တစ်ဆင့်ကြားပေါ့နော်''

''ဒီလိုတော့ မဟုတ်ပါဘူး။ ကျွန်တော့်ကို ပြောတဲ့လူက အတိအကျ ပြောတာပါ''

''ထားပါ၊ ရပါတယ်။ မခင်လေးနွယ်ဟာ ကိုဇော်မောင်မောင်ကိုကြောက်လို့ ရုပ်ရှင်ထဲ မပါချင်ဘူးလို့ ပြောတဲ့အခါ ကိုဇော်မောင်မောင် အကြီးအကျယ် ဒေါပွသွားခဲ့တယ်ဆိုရင် ငြင်းမလား''

''ဟုတ်ကဲ့ ငြင်းပါတယ်''

''ဒါဖြင့် ရုပ်ရှင်ထဲမပါချင်ဘူးလို့ မခင်လေးနွယ်က စပြောတာပေါ့နော်''

''ဟုတ်ပါတယ်''

မမျှော်လင့်သော အဖြေကို ရလိုက်ပါသည်။ အစိုးရ ရှေ့နေကြီးလည်း ခေါင်းထောင်သွားသည်။

မဟုတ်ပါဘူးလို့ ဖြေရမည့်အစား ''ဟုတ်ပါတယ်''ဟု ဖြေလိုက်သောကြောင့် မခင်လေးနွယ်၏ ရှေ့နေကြီးမှာ သဘောခွေ့ မနောတွေ့သွားသောကြောင့်လား မသိ၊ မေးခွန်းဆက်လက်မမေးတော့ဘဲ ''ဟုတ်ကဲ့၊ ဒါပါပဲ''ဟု ပြော၍ ထိုင်ချလိုက်သည်။

ဒုတိယအစစ်ခံမည့် သက်သေမှာ ဝင်းမောင်၏ဖခင် ဦးဖိုးကျော့။

ဦးဖိုးကျော့ကတော့ တရားခွင်ကို ဝင်လာစဉ် ခင်လေးနွယ်ကို တစ်ချက်စောင်းငဲ့ကြည့်လိုက်သည် ...။ ယောက္ခမနှင့် ချွေးမဆိုတော့လည်း။

ဦးဖိုးကျော့၏ ထွက်ဆိုချက်မှာ

''ကျွန်တော့်ရဲ့ သားဖြစ်သူ မောင်ဝင်းမောင် အရက်အလွန်အကျွံသောက်တယ်ဆိုတာ မဟုတ်ပါဘူး။ သူခရီးထွက်က ပြန်လာတိုင်း ကျွန်တော့်ဆီကို လာပါတယ်။ အိမ်ကိုလာတဲ့အခါ ရှိသလို အလုပ်ထဲကို လိုက်လာတဲ့အခါလည်း ရှိပါတယ်။ ကျွန်တော့်ဆီကိုလာတဲ့အခါ အရက်သေစာသောက်စားလာတာကို မတွေ့ရပါဘူး။ ယခင်အခေါက်တွေလာတုန်းက ကျွန်တော်တို့ အဝတ်အထည်တွေနဲ့ ညီမတွေဖို့ အဝတ်အထည်တွေ ယူလာပြီး ပေးပါတယ်။ အလုပ်ထဲကို လိုက်လာတဲ့အခါမျိုးမှာတော့ ငွေသုံးလေးငါးရာ ပေးသွားလေ့ရှိပါတယ်။ ကျွန်တော့်သားမသေမီ သုံးလေးလလောက်က အလုပ်အကိုင် အဆင်မပြေတဲ့အကြောင်းနဲ့ သူ့မိန်းမ အနေအထိုင်မဟုတ်တဲ့အကြောင်း၊ သူ့မိန်းမအတွက် အကြီးအကျယ် စိတ်ညစ်နေရတဲ့အကြောင်း၊ သူ ဘာလုပ်ရမည်ကို မသိသည့်အကြောင်း ပြောခဲ့ပါတယ်။ ကျွန်တော်က ကျွန်တော်တို့နဲ့ အနီးအနားမှာ အိမ်ဝယ်ပြီးဖြစ်ဖြစ် ဒါမှမဟုတ် အိမ်ငှားပြီးနေဖို့ ပြောခဲ့ပါတယ်။ တစ်ဖက်က ကျွန်တော်တို့ လက်လှမ်းမီသလောက် စုံစမ်းကြည့်တဲ့အခါ မခင်လေးနွယ် သွားတာလာတာ၊ နေတာ ထိုင်တာတွေ မဟုတ်တဲ့အကြောင်း၊ အခြားတစ်ပါးသော ယောကျ်ားတစ်ယောက်နဲ့ လော်လီဖောက်ပြားနေကြောင်း၊ သံသယဖြစ်စရာ သတင်းတွေကို ကြားလာရပါတယ်။ ရုပ်ရှင်ထဲမှာပါမယ်ဆိုတဲ့ သတင်းကိုလည်း ကြားရပါတယ်။ ကျွန်တော့်ရဲ့သား မသေဆုံးခင် သုံးရက်လောက်က ကျွန်တော့်ဆီရောက်လာတဲ့အခါ သူ့မိန်းမကို မပေါင်းလိုတော့ကြောင်း၊ ကွာရှင်းပြတ်စဲမယ့်အကြောင်း ပြောတာနဲ့ လူကြီးမိဘများရဲ့ ဝတ္တရားအတိုင်း စဉ်းစဉ်းစားစားလုပ်ဖို့ ပြောဆိုဆုံးမခဲ့ရတယ်။ ဒီကြားထဲမှာ ကျွန်တော့်သားနဲ့ နောက်ထပ် မတွေ့ရပါဘူး။ သေတယ်လို့ သတင်းကြားကြားချင်း ကျွန်တော်လိုက်သွားတဲ့အခါ ကျွန်တော့်သားအလောင်းဟာ ရင်ခွဲရုံကို ရောက်နေပါပြီ။ ကျွန်တော့်သားဟာ ရိုးရိုးတန်းတန်း သေဆုံးခြင်း မဟုတ်ဘူးလို့ ယုံကြည်ပါတယ်။ ကျွန်တော့်ကို ရဲစခန်းမှာ စစ်ဆေးတဲ့အခါ ယခုရုံးတော်မှာ ထွက်ဆိုသည့်အတိုင်း ထွက်ဆိုခဲ့ပါတယ်''

ဦးဖိုးကျော့၏ ထွက်ချက်မှာ အမှုခွင်အနေအထားအရ အရေးပါသည်ဟုမဆိုနိုင်စေကာမူ အမှုကြောင်းကို တစ်စိတ်တစ်ပိုင်း လေးနက်သွားစေပါသည်။

မေးခွန်းအလှည့်။

''ဦးဖိုးကျော့ရဲ့သား မောင်ဝင်းမောင် အရက်ကို အလွန်အကျွံ မသောက်ဘူးလို့ ထွက်ဆိုသွားတာဟာ ဦးဖိုးကျော့နဲ့တွေ့တဲ့အချိန် အရက်အလွန်အကျွံ မသောက်လာတာကို ပြောတာလား၊ ဒါမှမဟုတ် ဦးဖိုးကျော့ရဲ့ မျက်ကွယ်မှာပါ မသောက်ဘူးလို့ ဆိုလိုတာလား''

''ကျွန်တော်နဲ့ တွေ့တဲ့အချိန်ကို



www.burmeseclassic.com

www.burmeseclassic.com

ပြောတာပါ"

"ဦးဖိုးကျော့က ကျွန်တော့်ရဲ့ သားဖြစ်သူ အရက်အလွန်အကျွံ မသောက်ပါဘူးလို့ ထွက်ဆိုတာဟာ စိတ်အထင် ထွက်ဆိုတာပေါ့နော်"

မြေဆိုသံ ချက်ချင်းထွက်မလာ။

"စိတ်ညစ်လို့ တစ်ခါတစ်ရံ သောက်တာရှိပါလိမ့်မယ်။ ကျွန်တော့်သားဟာ အရက်အမြဲတမ်း အလွန်အကျွံသောက်တယ်လို့ မကြားမိလို့ပါ"

"ဦးဖိုးကျော့နဲ့ မောင်ဝင်းမောင်တို့ဟာ အတူမနေကြဘူးနော်"

"ဟုတ်ကဲ့၊ ဟုတ်ပါတယ်"

"ဒါဖြင့်ရင် တခြားအချိန်မှာ သူဘာတွေလုပ်နေတယ်၊ ဘယ်လိုနေထိုင်တယ်ဆိုတာ ဦးဖိုးကျော့ မသိဘူးပေါ့"

"ဟုတ်ကဲ့ မသိပါဘူး"

"မောင်ဝင်းမောင်က သူ့မိန်းမ အနေအထိုင်မဟုတ်တဲ့အကြောင်းပြောတဲ့အခါမှာ ဘယ်လို အနေအထိုင် မဟုတ်ဘူးဆိုတာကိုရော ပြောသေးသလား"

"မပြောပါဘူး"

"ဦးဖိုးကျော့ကရော ဘယ်သို့ ဘယ်ပုံဆိုတာ မေးသေးသလား"

"မမေးပါဘူး"

"မရေမရာ ပြောတာကို မရေမလည်ကြားလိုက်ရတဲ့ သဘောလို့ ဆိုရမှာပေါ့နော်"

"မေးမကောင်းလို့ မမေးတာပါ"

"ဟုတ်ပါတယ်။ ကျွန်တော်ပြောတဲ့ မရေမရာနဲ့ မရေမလည်ဆိုတာ ဒါကို ပြောတာပါ။ ဥပမာ မိန်းမက အသုံးအဖြုန်းကြီးလို့ စိတ်ညစ်တာမျိုး ဖြစ်တတ်တာကို ဒါကြောင့် စိတ်ညစ်နေရပါတယ်လို့ ပြောတာဖြစ်မှာပေါ့နော်"

"ဒါတော့ . . . ကျွန်တော်မသိပါဘူး"

"တခြားတစ်ပါးသောယောကျ်ားနဲ့ လောလီဖောက်ပြားနေကြောင်း သတင်းတွေကို ကြားလာရပါတယ်ဆိုတာ ဘယ်သူ့ဆီက ဘယ်လိုကြားတယ်၊ ဒါမှမဟုတ် ဘယ်လိုမြင်တွေ့ခဲ့တယ်ဆိုတာကို ရှင်းပြစေလိုပါတယ်"

တုံ့ပြန်အဖြေ လေးကွေးသွားသည်။ ခင်လေးနွယ်၏ ရှေ့နေကြီးက တရားစီရင်ရေးအဖွဲ့သို့ လှမ်းကြည့်လိုက်၏။

"ခင်လေးနွယ်နဲ့ ပတ်သက်ရာ လူတွေဆီက ကြားတဲ့ သတင်းပါ"

"ပတ်သက်ရာ လူတွေဆိုတာက ခင်လေးနွယ်နဲ့ အတူသွားလာနေတဲ့လူတွေလား။ ဒါမှမဟုတ် အလွန်အမင်း ရင်းနှီးတဲ့ လူတွေလား"

"ပတ်သက်ရာလူတွေပါ"

"ထားပါ၊ သူတို့ ဘယ်သူ ဘယ်ဝါတွေ ဆိုတာကော"

တရားလိုရှေ့နေကြီးက ထ၍ ကန့်ကွက်လိုက်သည်။

ခင်လေးနွယ်ရှေ့နေကြီးက "လိုအပ်ရင် ရုံးတော်ကတစ်ဆင့် ခေါ်ယူနိုင်ဖို့ မေးမြန်းရခြင်းဖြစ်ပါတယ်။ သက်သေကို စိတ်ညစ်ညူးအောင် လုပ်တာ မဟုတ်ပါဘူး။ ရှိပါစေ ဒါလောက်ဆိုရင် ကျွန်တော်ကျေနပ်ပါတယ်"ဟု လျှောက်ထားလိုက်၏။

"ကျွန်တော့်သားဟာ ရိုးရိုးတန်းတန်းသေတာ မဟုတ်ဘူးလို့ ကျွန်တော် ယုံကြည်ပါတယ်ဆိုတာ ဘာကိုရည်ညွှန်းပြီး ပြောလိုကြောင်း ရှင်းပြစေလိုပါတယ်"

"ကျွန်တော့်သား မရှိမှ သူနေချင်သလို နေရမှာမို့ သတ်ပစ်တာလို့ ယုံကြည်ပြီး ပြောရတာပါ"

"ခိုင်လုံတဲ့ အထောက်အထားတော့ မရှိဘူးပေါ့"

"ဟုတ်ကဲ့၊ ကျွန်တော် ယုံကြည်တာကို ပြောတာပါ"

"ကျေးဇူးတင်ပါတယ်။ ဒါလောက်ပါပဲ"

ဥပဒေအကျိုးဆောင်က မေးခွန်းအနည်းငယ်မေးပြီးနောက် ထိုနေ့က တရားရုံးစစ်ဆေးခြင်းကို ရပ်နားလိုက်၏။

လိုပြသက်သေများ စစ်ဆေးခြင်း ပြီးဆုံးသွားပြီ။

လိုပြသက်သေများ၏ ထွက်ဆိုချက်မှာ အမှုခွင်အပေါ်လေးသယောင်ရှိသော်လည်း ရှေ့နေကြီး မေးခွန်းများကြောင့် လေးသယောင်မှ ပေါ့သယောင်သို့ ပြောင်းလဲသွားသည်ဟု ဆိုနိုင်ရာသို့ ရှိပါချေ၏။

အာမခံလျှောက်လျှင် ရနိုင်ဖွယ်ဘက်သို့ ခုနစ်ဆယ့်ငါးရာခိုင်နှုန်း သေချာသလောက်ရှိနေပြီမို့ နောက်ထပ်ရုံးထွက်တွင် အာမခံလျှောက်ထားမည်ဟု ရှေ့နေကြီးက အားပေးစကားပြောကြားလိုက်၏။

ခာတ်ပုံကိစ္စနှင့် ဆေးစာသာ အခုအခံမရှိလျှင် အာမခံရသည်မှာ ကြာပြီ။

ဆေးစာနှင့် ခာတ်ပုံကိစ္စ



www.burmeseclassic.com

www.burmeseclassic.com

သံသယမှာ ခင်လေးနွယ်အပေါ် ဒွိဟ သံသယအမျိုးမျိုး ထင်စေခဲ့သောကြောင့် အာမခံကိစ္စ နှောင့်နှေးစေခြင်း ဖြစ်၏။

မည်သို့ပင်ရှိစေ ထိုနေ့က ခေါင်း မရှင်း၊ ရင်မလင်းဘဲ ရုံးထွက်ခဲ့ရသလို အပြန်တွင်လည်း ခေါင်းတွေရင်လေးလျက် ပြန်ခဲ့ရသည်ပါ။

တကယ်တော့ ခင်လေးနွယ်က အာမခံကိစ္စကိုရော အမှုမှ လွတ်မြောက်ရေး ကိစ္စကိုပါ အရင်ကလောက် စိတ်ဝင်စားမှု မရှိတော့။

ထောင်ထဲမှာ ပျော်နေလို့ စိတ်ဝင်စားခြင်းမဟုတ်ပါ။ တစ်ရက်၊ တစ်နာရီမပြောနှင့် တစ်မိနစ်သော်မှ နေဖို့မကောင်းသော နေရာသို့ ရောက်နေပါလျက် ထိုနေရာမှ ဖယ်ခွာရမည်ကိုဝန်လေးနေသည်မှာ သူ့အကြောင်းနှင့်သူ။

သူ့ဘဝအနေအထားက ထိုနေရာက ဖယ်ခွာရမည်ကို ဝန်လေးစရာသို့ ရှိနေသောကြောင့်ပါ။

အာမခံရလို့ အပြင်ရောက်လျှင် လက်ရှိ အမှုကြီးကို ဗိုက်ကြီး တကားကားနှင့် ဆက်လက်ရင်ဆိုင်ရမည်။

စားဝတ်နေရေးရော၊ သွားစရိတ်အတွက်ပါ ပူရပင်ရမည်။ ရှာဖွေရမည်။

ရုံးသွားသည့်နေ့တွင် လေးဘီးကား ငှားမစီးနိုင်၊ ကြုံရာလိုင်း ဘတ်စ်ကားနှင့် သွားရမည်။

ကိုယ်လွတ်လက်လွတ်သမားများပင် တိုးဝှေ့တက်နိုင်ပါမှ ကားပေါ်ရောက်ကြစမြဲရှိရာ သူ့လို ဗိုက်ကြီး တကားကားနှင့် မိန်းမသားတစ်ယောက်အဖို့ နေ့လယ် လူရှင်းချိန်သော်မှ ကားပေါ်ရောက်ဖို့ မလွယ်။

ကိုယ်က ဘာမှ မပေးနိုင်ဘဲ အေးကြည်ခင်တို့အိမ်မှာ အခုံသား ထိုင်စားဖို့အရေးကလည်း ကိုယ့်လိပ်ပြာ ကိုယ်မသန့်စရာ၊ ထမင်းတစ်လုတ်ကို ရှောရှောရှူရှူ မျိုချဖို့မှာလည်း ဝန်လေးစရာသို့ ရှိပါချေ၏။

ထောင်ထဲမှာက နေစရာ မပူရ၊ ကောင်းတာ မကောင်းတာထား။ စားဖို့အဆင်သင့်။ ရုံးထွက်နေ့တွင် အချုပ်ကားနောက်ခန်းလေးထဲမှာ ကပ်ကပ်သတ်သတ် လိုက်ရစေကာမူ တိုးဝှေ့တက်စရာ မလို။ ငွေကြေးအကုန်အကျ လုံးဝမရှိဘဲ အသွားအပြန်ခရီးအတွက် ကားအဆင်သင့်။

ပြီး ထောင်မှူးဦးတင့်လွင် ကျေးဇူးကြောင့် သက်တောင့်သက်သာ နေရသည်။

ထောင်ထဲမှာ အနေအထိုင်မကောင်းစေကာမူ သက်တောင့်သက်သာရှိရုံမက ဘယ်သူ့ကိုမှ မျက်နှာပူစရာ မလို။

ဒါ့ကြောင့် အာမခံကိစ္စကို စိတ်မဝင်စား၊ အမှုမြန်မြန်ပြီး၍ မြန်မြန်လွတ်ပါစေဟုလည်း ဆုမတောင်းမိ။

အမှုကလွတ်သည့်တိုင် ဘဝလမ်းကြောင်း ဘယ်သို့ လျှောက်လှမ်းရမည်ကို ဘဲဥအစရှာမရသည့်သို့နှယ် ရှိနေချေရာ နေဖို့စားဖို့အပြင် သန္ဓေသား မွေးဖွားရေးအတွက်ပါ မပူမပင်ရသည့် ထောင်ထဲမှာဘဲ 'နေပါရစေတော့'လို့။

ထောင်ထဲမှာ ...။

ဘယ်နေ့လွတ်ပါ့မလဲလို့ လွတ်ရေးလွတ်ရက်ကို မျှော်တလင့်လင့် လည်ပင်းရှည်နေသူများ ရှိကြသလို ထောင်ထဲက လွတ်ရေးလွတ်ရက်ကို မမျှော်လင့်နိုင်ရှာ သူ့ထောင်ထဲက ထွက်ရမည်ကို ဝန်လေးနေသူများ ရှိကြသည်။

မနေကောင်းသော နေရာတွင် နေရသည်ကမှ ပြေလည်သည်၊ အဆင်ပြေသည်ဆိုသူများထဲတွင် ခင်လေးနွယ်တစ်ယောက်တည်း ပါဝင်နေရပါချေပြီ။

ဘယ်သူ့မပြု မိမိမှု။

◆ ◆ ◆

စပ်ရှားခံခက်သော အကျိုးသက်ရောက်မှုရှိသည့် မကောင်းမှု အကုသိုလ်ကံကို ပြုကြကုန်သော အကြင်ပညာမဲ့ကုန်သော လူမိုက်တို့သည် မိမိသည်ပင် ရန်သူကဲ့သို့ဖြစ်၍ လှည့်လည်နေကြရကုန်၏။

*ဓမ္မပဒ*

မကောင်းမှုပြုသည့် အကုသိုလ်ကံမှ တုံ့ပြန်သက်ရောက်လာသော ထိုကံသည် 'စပ်ရှားခံခက်သော အကျိုးရှိ၏'၊ 'စပ်ရှားခံခက်သော အကျိုး'ကို ဒုစရိုက်ဆယ်ပါးအကြောင်း ပြုသူတိုင်း ထိုအကျိုးကို မလွဲမသွေ ခံစားရပါမည်။

ထို့ကြောင့် သူတို့သည် "မိမိသည်ပင် မိမိ၏ရန်သူ"သို့နှယ် ရှိကြ၍ ပြုမှားမိသည့် အတုံ့အလှည့်ကို ခံရပြီဆိုသောအခါ စပ်ရှားခံခက်လှလေစွ။

ဝင်းမောင် ခုတစ်ခေါက်ပြန်လာသည်မှာ ခါတိုင်းအခေါက်များနှင့် မတူ။ ရောက်သည့်နေ့ တစ်ရက်ပဲ မြူးမြူးပျော်ပျော် ရွှင်ရွှင်ပျပျရှိသည်။



www.burmeseclassic.com

www.burmeseclassic.com

ဒါကလည်း ကိုယ်နွမ်းစိတ်ပန်း စရာများကို တစ်ခဏတာ အားခဲ၍ မေ့ထားလိုက်ခြင်းသာ ဖြစ်၏။

ထာဝရအသွင်မှာမူ တွေးတွေး မှိုင်မှိုင် ငေးငေးငိုင်ငိုင် ရှိလှသည်။

ကိုယ့်ယောက်ျား အခြေအနေ ဘယ်သို့ရှိသည်ကို ကိုယ့်မိန်းမထက်ပို သိသူ ဘယ်ရှိမှာပါ။

အတွေ့အထိ စိတ်အားကိုယ် အား လျော့ပါးနေရုံမက ကလူကျီစယ် ပုံမှာလည်း စိတ်ရောကိုယ်ပါမရှိ။ အပြုံးမှာ မကြည်မြ။ အပြောမှာ မသွက်လက်။

ဟန်ဆောင် အပြုံးနှင့် ဟန် ဆောင်မျက်နှာထားမှာ သိသာလွန်းလှ၏။ သက်ပြင်းတချချရှိနေသည်မှာ အခက်အခဲ တစ်ခုကို ရင်ဆိုင်နေရပြီ ဖြစ်ကြောင်း အကဲခတ်မိသည့် ခင် လေးနွယ်က ...

"ကိုဝင်း ... ဘယ်လို အခက် အခဲကို ရင်ဆိုင်နေရတယ်ဆိုတာ မလေးကို ပြောပြပါလား ကိုဝင်းရယ်"

"ကိုဝင်းဘာဖြစ်နေလို့လဲ မလေး ရဲ့"

"သိတာပေါ့ ကိုဝင်းရယ်၊ လင် မယားပဟာ၊ မလေးတို့ အခုလို မနေ ရရင်နေပါစေ၊ ကိုဝင်းအတွက် အခက် အခဲနဲ့ အန္တရာယ်ရှိနေရင် ခရီးမထွက် ပါနဲ့တော့လား ကိုဝင်းရယ်"

"အန္တရာယ်တော့ မရှိပါဘူး မလေးရယ်။ ဒါပေမဲ့ အခုတလော လုပ်ငန်းကိုင်ငန်းတွေက အဆင်မချော ဘူး။ အားလုံး ကမောက်ကမတွေ ဖြစ် နေတယ်"

"ကိုအောင်မြင့်မောင်ရော"

"မန္တလေးမှာ နေခဲ့တယ်။ သူ လည်း တော်တော်လေး ထိနေတယ်။ ရန်ကုန်ကိုတောင် ပြောင်းနေမယ့် အစီ အစဉ်ရှိတယ်။ ကိုဝင်းတို့လည်း အိမ် ကလေးဘာလေး ရှာထားမှ။ သူက တော့ ဘာမှမပြောပါဘူး။ ကိုဝင်းတို့က သိတတ်ရမှာပေါ့"

"လုပ်ငန်းရှုယ်ယာ ခွဲဖို့ကိစ္စက ကော"

"ခုလို အကျပ်အတည်းဖြစ်နေ တဲ့အချိန်မှာ ကိုဝင်း ဘယ်ပြောလို့ ကောင်းပါ့မလဲ။ စားသာတုန်း မှိန်းနေ ပြီး မစားသာတော့မှ ခွာတယ်လို့ ထင် ရင် မကောင်းဘူးလေ"

ဝင်းမောင် အရက်သောက်ပုံမှာ သောက်ရှိန်သောက်နှုန်း မြင့်နေပြီ။

အရက်စွဲသူအဆင့်ကို ရောက် နေပြီ။ ခုတစ်ခေါက် အပြန်မှာ နေ့ မလင်း ညမလင်းရှိနေပြီ။ ပြောပေမယ့် အရာမထင်။

ထူးခြားချက်တစ်ခုမှာ မနက်ပိုင်း အပြင်ထွက်ပြီး ပြန်လာတိုင်း အင်္ဂလိပ် သတင်းစာမှလွဲ၍ မြန်မာသတင်းစာ အစုံပါလာသည်။

သတင်းစာတွေထဲမှာ အာရုံစူးစူး စိုက်စိုက်ဖြင့် အချိန်ယူဖတ်သည့် သတင်းစာမှာ မြန်မာ့အလင်း။

"သူမရှိတုန်း သူဖတ်ပြီး သပ် သပ်သိမ်းထားတဲ့ မြန်မာ့အလင်း သတင်းစာတွေကို ယူကြည့်လိုက်တဲ့ အခါ အထက်ဗမာပြည်မှာဖြစ်တဲ့ မှု ခင်းသတင်းတချို့ကို မင်နီဝိုင်း မင်နီ တားပြီး မှတ်ထားတာတွေကို တွေ့ လိုက်ရပါတယ်။ သူတို့ ဘာဖြစ်နေ တယ်ဆိုတာကို မေးလို့လည်း ပြောမှာ မဟုတ်လို့ မမေးတော့ပါဘူး။ သူ့ဘာ သူသိပြီး သူဟာသူ နောက်ဆုတ်မ ဖြစ်မှာမို့ သတိပေးရုံပဲ ပေးခဲ့ပါတယ်။ ဒါကြောင့်လည်း ရုပ်ရှင်အကြောင်းကို ဘာမှမပြောဘဲ နေလိုက်တာပါ"

ခါတိုင်းလို ကြည်ကြည်သာသာ ဆိုရင်တော့ ပြောဖြစ်ကောင်းပြောဖြစ်ပုံ သေချာသည်။

ခုတော့ ...

သည်တစ်ခေါက်. ဝင်းမောင် အပြန်တွင် အနည်းဆုံး သုံးလေးလ ကြာမည့်အကြောင်း၊ လုပ်ငန်းနှင့် ပတ် သက်လို့ အပြီးအပြတ် စားရင်းရှင်းခဲ့ မည့်အကြောင်း၊ သုံးလေးလထက် ပို ကြာရင်လည်း မပူဖို့အကြောင်း၊ စာ နှင့်အမြဲတမ်း ဆက်သွယ်နေမည့် အကြောင်း ပြောပြီး ခရီးတစ်ကျော့ပြန် ထွက်သွားရာ တစ်ခါမှ သည်လောက် ကြာအောင် ခရီးထွက်မည်ဟု မပြော စဖူးသလို သည်လိုလည်း မမှာစဖူးခဲ့

သူမရှိတုန်း ဘယ်သူနှင့်မှ ခရီး ဝေးမသွားဖို့၊ ဘာအကြောင်းကိစ္စရှိရှိ ကိုသိန်းဦးနှင့် မအေးကြည်ခင်တို့ ဆီ အကူအညီသွားတောင်းဖို့၊ စပေါ် အသင့်အတင့်နှင့် အိမ်ခန်းရလျှင် ငှား ထားဖို့ အပြောင်းအရွှေ့ကိစ္စကို သူ လာမှ စီစဉ်မည့်အကြောင်းတွေပါ တစ်ရှည်တစ်သီကြီး မှာသွားသည်။

"သူက ဒီလိုမမှာစဖူး မပြော စဖူးတာတွေ ပြောသွားတော့ ကျွန်မ စိတ်ထဲမှာ တစ်မျိုးကြီး ဖြစ်ရပါတယ်။ ကျွန်မတို့နှစ်ယောက်ရဲ့ ချစ်ခင်တွယ် တာမှုဟာ သာမန်အပေါ်ယံ အချ မျိုး၊ တွယ်တာတာမျိုး မဟုတ်ပါဘူး သည်းသည်းနစ်နစ် ချစ်တဲ့ အချစ်



www.burmeseclassic.com

www.burmeseclassic.com

ထွေးထွေးပိုက်ပိုက် တွယ်တာကြတာပါ။ ကျွန်မတို့ဟာ စွန့်စားမှုလမ်းကြောင်းပေါ်ကနေ အိမ်ထောင်တစ်ခု တည်ဆောက်ခဲ့ရတာပါ။ ကိုဝင်း အပေါ် သစ္စာမဲ့ဖို့ မျက်နှာဘက်ပြောင်းဖို့အထိဆိုတာမျိုးကို စိတ်ကူးထဲတောင် မထည့်မိခဲ့ပါဘူး။ ကျွန်မဟာ ငယ်ရွယ်သူလည်းဖြစ်ပြန်၊ လင်သားဖြစ်သူနဲ့ အတူတွဲနေရတဲ့ အချိန်ကလည်း နည်းပြန်တာမို့ စိတ်လှုပ်ရှားမှု စိတ်ကစားမှုလေးတွေ အနည်းအပါးရှိခဲ့တာကို ဝန်ခံပါတယ်။ ဒါပေမဲ့ ဆင်ကန်းတောတိုး ဖွတ်မိုတ်လုပ်မယ်ဆိုတဲ့ စိတ်ယုတ် မမွေးခဲ့ပါဘူး။ ပေါ်လာတဲ့အခါတွေမှာလည်း သတိပြန်ပြီး ထိန်းမတ်ခဲ့ပါတယ်။ ကျွန်မသာ မထိန်းနိုင်ခဲ့ရင် စိတ်အလိုနဲ့ ဆန္ဒနောက်ကို လိုက်ခဲ့ရင် ဇော်မောင်မောင်ရဲ့ ဆင်ထားတဲ့ ထောင်ချောက်ထဲမှာ ရုန်းမထွက်သာအောင် မိဖို့သေချာပါတယ်။ ဒါတောင် မပြောအပ်တဲ့ တချို့ကိစ္စတွေ"

"ဒါကြောင့်လည်း ရုပ်သေပုံတွေ ရိုက်တဲ့အဆင့်မှာပဲ ရပ်လိုက်ပါတယ်။ ရှေ့ဆက်ရင် နယ်လွန်စည်းကျော် ဖြစ်တော့မှာမို့ပါ ဒါပေမဲ့ ..."

◆ ◆ ◆

ရုပ်သေပုံတွေ ရိုက်ရင်း အမူအရာသင်ပေးရင်း ဇော်မောင်မောင်၏ အခွင့်အရေးယူမှုများမှာ တစ်ခါထက် တစ်ခါဆိုသလို ပိုမိုလွန်ကဲလာသည်။

ကြောင်သူတော် ရုပ်လုံးကြွကြွလာသည်။ ရုပ်ရှင်ရိုက်ရမှာကနောက် ရုပ်ရှင်မရိုက်ခင် နယ်ကျော်စည်းကျော် ဖြစ်အောင် ဖန်တီးသည်။

"ဒါက သူ့နဂိုဗီဇကြောင့်လား၊ အထိအတွေ့များလားလို့ ဆိုတာကိုတော့ ပြောဖို့ခက်ပါတယ်။ ချဉ်သီးနဲ့ ဆားအတူထားရင် သွားရည်ယိုလိမ့်မယ်ဆိုတာ သဘာဝပါ။ ကျွန်မက ရုပ်ရှင်ထဲ ပါရမှာကို တရားလွန် မက်မက်မင်မင်ရှိခဲ့တာမို့ ဒီအပေါ် အခွင့်အရေးယူလို့ ရတာပဲဆိုပြီး စိတ်နောက်ကိုယ်ပါ အဆင့်ကျော်လာတာပဲ ဖြစ်ပါလိမ့်မယ်။ ပွင့်ပွင့်လင်းလင်း ပြောရရင် ကျွန်မကလည်း သွေးနဲ့ကိုယ် သားနဲ့ကိုယ်ဆိုတော့ နောက်ဆုတ်ရင်ဆုတ် မဆုတ်ရင် အမှားနွံအိုင်မှာ စုတ်စုတ်မြုပ်မယ့် အနေအထားကို ရောက်လာပါတယ်။ စားရမှာက သဲတရုပ်ရုပ်၊ ပစ်ရမှာက အဆီနဲ့တဝင်းဝင်းဆိုသလို ရှိခဲ့ပေမယ့် မက်မက်မင်မင်စရာ အဆီတဝင်းဝင်းကို ပစ်ရမှာ နမြောလို့ သဲရုပ်ရုပ်ကို စားမိတဲ့အဖြစ်မျိုး မရောက်ခင် ကျွန်မက စတင်ပြီး နောက်ဆုတ်လိုက်ပါတယ်။ ဇော်မောင်မောင်က သူ့ရဲ့ မကျေနပ်ချက်ကို တိုက်ရိုက် နှုတ်မဖွင့်ပေမယ့် မမသီကတစ်ဆင့် ကျွန်မကို ပြင်းပြင်းထန်ထန် ရိုက်ခတ်စေခဲ့ပါတယ်"

"အဲဒါကတော့ မဖြစ်နိုင်ဘူးထင်တယ် အစ်ကိုလွင်။ အေးကတော့ သူ့အမှားတွေ သူ့အပြစ်တွေကို ကာကွယ်ဖို့ ဇာတ်လမ်းနိဂုံးပိုင်းကို တစ်မျိုး ပြောင်းတာလို့ ထင်တယ်။ အစ်ကိုလွင်ပဲ စဉ်းစားကြည့်လေ။ သူ့ယောက်ျား ဒီတစ်ခေါက်အပြန်မှာ အခြေအနေ မကောင်းဘူးလို့ ပြောသွားတာပဲဟာ။ အဲဒီကတည်းက သူ့ဘက်က ဆင်ခြင်ရတော့မှာပေါ့"

◆ ◆ ◆

"မဖြစ်နိုင်ဘူးလို့ ပြောနိုင်ကောင်းပေမယ့် ဖြစ်နိုင်တယ်လို့ ပြောနိုင်စရာလည်းရှိတာလည်း ရှိတာပေါ့ အေးရယ်။ ဇော်မောင်မောင်က စွယ်စုံဆင်လို စွယ်ရောင်တပြပြ မလုပ်ဘူးလေ။ ဟိုင်းဆင်လို အစွယ်ဝှက်တတ်တာကိုး။ နောက်တစ်ကြောင်းက သူ မမသီမျက်နှာနဲ့ ဒီလိုဖြစ်လာလိမ့်မယ်လို့ ထင်ချင်မှ ထင်မှာပေါ့"

"အစ်ကိုလွင်နော် ... အေး ပါးစပ်ပြောမထွက်လို့ ... ဟင်း"

"ဟော ... အေးကလည်း အကောင်းလည်း ပြောရသေးတယ်"

"တော်ပါ ... အစ်ကိုလွင်တို့ ယောက်ျားတွေက မိန်းမတွေအကြောင်း ဘယ်လောက်များ သိလို့လဲ။ မိန်းမတွေကသာ ယောက်ျားတွေအကြောင်းကို နောကျေအောင်သိတာ။ ယောက်ျားတွေ ဘယ်လိုမှ မသိနိုင်ရာတဲ့ မိန်းမတွေအကြောင်း အများကြီးရှိတယ်"

"ဒါဖြင့်လည်း အစ်ကိုလွင် သိအောင် ပြောပြပါလား"

"တကယ်ပြောရမလား"

"တကယ်ပေါ့ အေးရယ်"

"ဒါဖြင့်လည်း ထမင်းစားဦး၊ အိပ်ရာဝင်တော့မှ"

(ရှေ့လာဆက်ရန်)

**ကျော်မြသန်း**



www.burmeseclassic.com

www.burmeseclassic.com

မောင်ယဉ်မွန် (မောင်နေခြည်)

# မဟာဗြဒ္ဒီနှင့် ကျောက်ဆင်းရုပ်
# ဒီရုပ်ပျောက်မှု [၃၃]

(ယခင်လမှအဆက်)




www.burmeseclassic.com

www.burmeseclassic.com

# မာယာဒေဝီ နှင့်
# ကျောက်စိမ်းရုပ် အရုပ်တော်ပုံ (၁၃)

မောင်ယဉ်မွန်(မောစ်နေခြည်)

**ယ ခင် လ မှ အ ဆက်**

မောရိယနန်းရင်ပြင်ရှိ လေ့ကျင့်ရေးကွင်းတွင် စစ်သည်တော်များ စုရုံးလျက်ရှိ၏။ ထိုစစ်သည်များတွင် အနက်ရောင်ဝတ်အဖွဲ့နှင့် အပြာရောင်ဝတ်ဆင်ထားသော အဖွဲ့တို့ ပါဝင်သည်။ အနက်ရောင်ဝတ်စုံ ဝတ်ဆင်ထားသူများမှာ ဖြူဖွေးသောအသား၊ မြင့်မားသောအရပ်၊ စင်းသောမျက်တောင်တို့ကြောင့် မျက်လုံးမှေးသယောင်ရှိသော ရှမ်းလူငယ်များ ဖြစ်သည်။

အပြာရောင်ဝတ်ဆင်သူများမှာ အသားညိုညို၊ အရပ်မြင့်မြင့်၊ နှာတံပေါ်ပေါ်၊ မျက်လုံးတောက်တောက်နှင့် ဗရမ္မာလူမျိုးများပင် ဖြစ်၏။

ထိုလူငယ်များကို သုံးစုခွဲလျက်ထားပေ၏။ မြားပစ်တပ်ဖွဲ့၊ ဓားခုတ်တပ်ဖွဲ့၊ မြင်းစီး၊ လှံထိုးတပ်ဖွဲ့တို့ ဖြစ်သည်။

မြားပစ်လူငယ်အဖွဲ့ကို ဦးဆောင်သင်ပြနေသူမှာ မာယာဒေဝီမင်းသမီးလေးဖြစ်၏။ မာယာဒေဝီ၏ ပင်ကိုစရိုက်မှာ စိတ်ဆိုးစိတ်တိုလွယ်သည်ဟု ထင်ရသော်လည်း မြားပစ်သင်ကြားပေးရာမှာတော့ လွန်စွာမှပင် စိတ်ရှည်လက်ရှည်နိုင်သည်။

မာယာဒေဝီထံ တပည့်ခံသူများကလည်း မာယာဒေဝီအပေါ် ချစ်ကြောက်ရိုသေ ရှိကြပေသည်။

"ကိုယ်ကို မတ်မတ်ထား၊ ခါးမကိုင်းနဲ့၊ ရင်ကိုကော့၊ ခေါင်းကိုမော့၊ လက်ပေါ်မှာ အားကိုထည့်၊ စိတ်ကိုငြိမ်အောင်ထား၊ လုံးဝစိတ်မလှုပ်ရှားနဲ့"

စသည်ဖြင့် မြားပစ်မည့်သူအနီးမှာရပ်၍ အမြဲပြောပြသည်။

အားလပ်သည့်အခါ ဝဏ္ဏ၏ မြင်းစီးလှံထိုး လေ့ကျင့်ရာသို့လည်း မာယာဒေဝီ သွားရောက်ကြည့်ရှုဖြစ်သည်။ မြင်းစီးရာတွင် နှစ်ယောက်တစ်တွဲ လွှတ်သည်။ မြင်းစီးသူသည် ဦးစွာပထမ မြင်းကို အလှစီး၍ပြရသည်။ အလှစီးရာတွင် မြင်းကို လေးဘက်ခွာစုံကျစီးလျက် မြင်းပေါ်တွင် ကိုယ်ကို မတ်မတ်ရပ်၍ စီးပြခြင်း၊ နောက်ပြန်စီးပြခြင်း၊ မြင်း၏ ဗိုက်အောက်သို့ဝင်လျက် စီးပြခြင်း၊ မြင်းပေါ်မှာပင် ခြေစုံရပ်လျက် တစ်ပတ်ကျွမ်းပစ်ပြခြင်း ဟူသော အမျိုးမျိုးသော အတတ်ပညာတို့ကို ပြသကြပေသည်။

ထိုထိုသော ပြကွက်များ ပြီးသည်နှင့် မြင်းကို စက်တိုင်ရှိရာသို့ အသော့နှင်သည်။ မြင်းစီးသူ၏ လက်တွင်းမှာတော့ လှံကို ညာလက်မှာကိုင်၍ ဘယ်လက်က မြင်းဇက်ကို ပိုင်နိုင်စွာ ကိုင်ဆောင်ရ၏။ ပစ်မှတ်စက်တိုင်တွင် ပျဉ်ပြားဖြင့် ပြုလုပ်



www.burmeseclassic.com

www.burmeseclassic.com

ထားသော စက်ဝိုင်းရှိသည်။ ထိုစက်ဝိုင်း၏ ဗဟိုကို ထိမှန်အောင် မြင်းစီးရင်း ပစ်ကြရသည်။

စစ်သည်တို့မှာ မြင်းအလှစီးရာတွင် ပြောရန်မလိုအောင် စီးပြနိုင်သော်လည်း နောက်ဆုံးပစ်မှတ်ဖြစ်သော စက်ဝိုင်ကို ပစ်ရာတွင် ဗဟိုပစ်မှတ်ကို မဆိုထားနှင့်၊ စက်ဝိုင်းကြီးကိုပင် လွဲချော်၍နေကြပေသည်။

"ကိုဝဏ္ဏ မာယာနဲ့ တစ်ပွဲလောက်စမ်းကြည့်ရအောင်"

ဟု မာယာဒေဝီက တောင်းဆိုလိုက်သည်။ ထိုအခါ ဝဏ္ဏမှာလည်း သူ့လူများကို အားမလိုအားမရ ဖြစ်နေခိုက်မို့ လက်စွမ်းပြလိုသည်။

"ကောင်းပါပြီ သခင်မလေး မာယာဒေဝီ၊ တစ်ပွဲတော့ဖြင့် စမ်းကြည့်ကြတာပေါ့"

ဟု ဆိုလိုက်၏။

ဝဏ္ဏထံမှ ခွင့်ပြုချက်ရသည်နှင့် မာယာဒေဝီက သူမစီးရန် မြင်းရွေးရတော့၏။ ငေးတေးတေး၊ ငိုင်တိုင်တိုင် မြင်းများကို မာယာဒေဝီ မကြိုက်ပါ။ ထုတ္တူတူ၊ အတတ၊ မထုံတက်သေးမြင်းကြီးများ ဆိုပါလျှင် မာယာဒေဝီ စိတ်မဝင်စားပေ။ ပေတေတေ၊ ကတ်တတ်တတ်၊ ကြွပ်ဆတ်ဆတ်နိုင်သောမြင်းကိုသာ သူလိုက်ရှာသည်။

ဝဏ္ဏတို့ မြင်းဇောင်းတွင် ကြွပ်ဆတ်ဆတ်၊ ပေတေတေ၊ ကတ်တတ်တတ် မြင်းသိုးကြီးတစ်ကောင် ရှိသည်။ ထိုမြင်းသိုးကြီးမှာ အုန်းခွံရောင်ထိပ်ကွက်နှင့် မြင်းသိုးကြီး ဖြစ်သည်။ ထိုမြင်းကြီးမှာ အကောင် ထွားကြိုင်းသလောက် ဒေါသအလွန်ကြီးသဖြင့် မည်သူမျှ မစီးရဲပေ။ စီးသူမှန်သမျှကို ကိုယ်ကို ခါခါချသဖြင့် လိမ့်ကျခဲ့ပေါင်းများခဲ့ပေပြီ။

မာယာဒေဝီသည် ထိုထိပ်ကွက်မြင်းကြီးအနီးသို့ သွား၍ ဦးခေါင်းကို ပွတ်သပ်ကြည့်သည်။ လုံးဝပင် အကပ်မခံပေ။ မာယာဒေဝီသည် ထိုမြင်းဆိုးကြီးအား ကြာပွတ်ဖြင့် သုံးချက်ဆက်တိုက် ရိုက်ချလိုက်သည်။ မြင်းကြီးမှာ ပိုမို၍ ဒေါကန်လာတော့၏။ မာယာဒေဝီသည် မြင်းကြီး၏ လည်ဆံမွေးကိုဆွဲလျက် လွှား၍တက်လိုက်သည်။

ပရိသတ်ကြီးက မာယာဒေဝီ၏ လှုပ်ရှားမှုမှန်သမျှ လိုက်၍ကြည့်နေကြချိန် မြင်းကြီးမှာ ရက်ဒေါသထွက်၍သည့်အလား လွှားကနဲ လွှားကနဲနေအောင် ပြေးသည်။ တစ်ခါတွင် မြင်းကြီးပြေးနေရင်း နောက်ခြေစုံကို ဒူးတုပ်၍ ထိုင်ချလိုက်တော့၏။

မာယာဒေဝီက မြင်းလည်ဆံမွေးကို ဘယ်လက်ဖြင့် ဆုပ်ကိုင်ထားလျက် ညာလက်အတွင်းမှ ကြာပွတ်ဖြင့် တဖြောင်းဖြောင်းမြည်အောင် ရိုက်ချလိုက်ပြန်သည်။ ထိုအခါ မြင်းကြီးက ခြေစုံရပ်လျက် မာယာဒေဝီကျကျွန်ရစ်ရန် ခါချပြန်သည်။ မာယာဒေဝီ စိတ်မရှည်တော့သဖြင့် ကြာပွတ်ကို ပြောင်းပြန်ကိုင်လျက် မြင်းကြီး၏ နားရွက်ကို ဖြောင်းကနဲ ရိုက်ချလိုက်တော့၏။

မြင်းကြီးမှာ နာကျင်လှသဖြင့် မျက်ရည်များပင် စီးကျလာတော့သည်။

"မင်း ငါ့ကို လျှော့မတွက်နဲ့၊ ငါ့ ပညာစမ်းရင် မင်း နာပြီလို့၊ ငါဟာ သာကီဝင်ဘုရင်မတစ်ပါးဆိုတာ မင်း ဘယ်တော့မှ မမေ့နဲ့"

ဟု မြင်းကြီးနားရွက်အနီးကပ်၍ တီးတိုးပြောလိုက်လေသည်။ မြင်းကြီးမှာတော့ အပွဲပွဲ ကဖျက် ယဖျက် ကပျက်ကချော် အမြဲလုပ်ခဲ့သော်လည်း ဒီပွဲမှာတော့ ထားရာမှာနေ စေရာသို့သာ သွားရပေတော့မည်။

"မာယာဒေဝီသခင်မ အဆင်သင့်ဖြစ်ပါပြီလား"

ဟု ဝဏ္ဏက မေးနေခိုက်မှာပင် ဘိန္နကရာစ်မင်းမြတ်ကြီး ကြွချီတော်မူလာသဖြင့် ခေတ္တစောင့်ဆိုင်းလို့သာ နေရတော့၏။

မင်းတရားသည် ပွဲကြည့်စင်မြင့်ထက်တွင် ကြွလှမ်း၍ နေရာယူလိုက်သည်။ မကြာပါ၊ ရဲမက်တော်တစ်ဦးက စည်တိုကို ဒုန်းကနဲမြည်အောင် ထုလိုက်တော့၏။



www.burmeseclassic.com

www.burmeseclassic.com

စည်တိုသံ ကြားလိုက်သည်နှင့် မြင်းနှစ်ကောင်က စ၍တာထွက်တော့သည်။ မြင်းကြီးနှစ်ကောင်မှာ အရပ်အမောင်းက ပြောရန်မလို။ သို့သော် မာယာဒေဝီ၏ မြင်းကြီးက ပို၍သန်မာနေကြောင်း သိသာလှပေ၏။

"သားကြီး ဒီပွဲဟာ ငါ့ပွဲ မဟုတ်ဘူး၊ မင်းအတွက် ငါလုပ်ပေးနေတာ၊ မင်းသဘောပေါက်"

ဟု ဆိုကာ မာယာဒေဝီက ကြာပွတ်ဖြင့် မနာအောင် အသာရိုက်လိုက်လေရာ မြင်းကြီးက 'ဟီး... ဟီး...ဟီး...' ဟု မြည်ဟည်းလိုက်လေသည်။

"ဝဏ္ဏကွ၊ တပ်မှူးလေး ဝဏ္ဏကွ"

ဟု ပရိသတ်ကြီးက အားပေးသလို။

"မာယာဒေဝီကွ၊ မိန်းမအာဇာနည်ကွ"

ဟုလည်း အားပေးကြသည်။

ထိုအခါ မာယာဒေဝီက မြင်းပေါ် ခြေစုံရပ်လိုက်သည်။ ပြီးသည်နှင့် ရှေ့ကျွမ်း နောက်ကျွမ်း ကစားပြလိုက်ပြန်သည်။ အနက်ရောင် ဘောင်းဘီပွပွ၊ အင်္ကျီအနက်ရောင်နှင့် မာယာဒေဝီမှာ ဖြူဖွေးသောအသား၊ သေးသောခါး၊ ကားသောတင်၊ ဖွင့်ထွားသော ရွှေရင်အစုံတို့ကြောင့် ကြည့်နေကြကုန်သော ပုရိသတို့ရင်ကို ခုန်စေသည်။

နန်းရင်ပြင်တစ်ခုလုံးလည်း လက်ခုပ်သံတို့က ဆူညံလျက်နေ၏။ မင်းတရား၏ ရွှေမျက်နှာတော်မှာလည်း ရွှင်ပြုံးလျက်ပင်နေပေသည်။

မြင်းအလှကစားပြပြီးသည်နှင့် စက်တိုင်ရှိရာသို့ လာခဲ့ကြသည်။ အရပ်အမောင်း တူညီသော မြင်းကြီးနှစ်ကောင်မှာ သူနိုင်ကိုယ်နိုင် အပြိုင်နွဲလျက် ခွာသံတဖြောင်းဖြောင်းနေအောင် ပြေးခဲ့ကြသည်။ ဝဏ္ဏမှာ ဘယ်လက်က မြင်းဇက်ကြိုးကို ကိုင်လျက် ညာလက်က အသင့်စိုက်ထားသော လှံတံကို ဆွဲ၍နုတ်သည်။ မာယာဒေဝီကလည်း ဘယ်လက်ဖြင့် မြင်းလည်ဆံကို ဆုပ်ကိုင်လျက် ညာလက်ဖြင့် ရှေ့မှာ အသင့်စိုက်ထားသော လှံတံကို ဆွဲယူလိုက်သည်။

"ဝဏ္ဏ...ဝဏ္ဏ...ဝဏ္ဏ"

ဟု ပရိသတ်ကြီးက အော်ဟစ်၍ အားပေးသလို...

"မာယာဒေဝီ...မာယာဒေဝီ... မာယာဒေဝီ"

ဟုလည်း သံပြိုင်ဟစ်ကြွေးလျက် အားပေးကြသည်။

ပစ်မှတ်နီးလာသည်နှင့် ဝဏ္ဏက လက်ကို အားစိုက်၍ ပစ်ထည့်လိုက်သည်။ အလယ်ဗဟိုနှင့် အနည်းငယ် လွဲချော်သွားသည်။

မာယာဒေဝီအလှည့်တွင်တော့ သူမ၏ မြင်းကြီးက ပစ်မှတ်နီး၍ ပိုလို့ပင် အပြေးမြန်ကာ ရှေ့သို့သာ အရှိန်နှင့် ပြေးနေသည်။ မာယာဒေဝီ ညာလက်တွင် ကိုင်ဆောင်ထားသော လှံတံကို အတွင်းအားသုံး၍ ပစ်မှတ်သို့ လွှတ်လိုက်ပါတော့၏။

'ဗိုး...ဒုတ်' ဟူသော အသံတို့နှင့်အတူ လှံတံမှာ ပစ်မှတ်ဗဟိုသို့ တည့်တည့်စိုက်ဝင်သွားတော့၏။

"မာယာဒေဝီ...မာယာဒေဝီ"

ဟု ပရိသတ်ကြီး သံပြိုင်ဟစ်ကြွေးနေခိုက် မြင်းရိုင်းကြီးမှာ ဆူညံနေသော အသံများကို ကြောက်လန့်ကာ ခြေဦးတည့်ရာသို့ တစ်ဟုန်ထိုး ပြေးတော့သည်။

"ဝဏ္ဏ...မာယာဒေဝီနောက် အမြန်လိုက်တော့"

ဟု မင်းတရားက ထိုင်နေရာမှ ထလာပြီး အမိန့်ပေးလိုက်တော့၏။

"မြင်းသည်တော်တွေ အမြန်လိုက်"

ဟုလည်း တစ်ဆက်တည်း အမိန့်ပေးလိုက်ပြန်သည်။

စိတ်မအေးနိုင်သော မင်းတရားမှာ အနီးတွင်ရှိသော မြင်းတစ်ကောင်ပေါ်သို့ လွှားတက်၍ မာယာဒေဝီ၏ မြင်းကြီးပြေးရာသို့ ကိုယ်တော်တိုင်ပင် လိုက်တော့သည်။

မာယာဒေဝီမှာတော့ ကြောက်အားလန့်အားနှင့် ပြေးလွှားနေသော



www.burmeseclassic.com

www.burmeseclassic.com

မြင်းကြီးပေါ်မှာ ကိုယ်ကို ပြားပြား ဝပ်လျက် မြင်းကြီး၏ လည်ဆံမွေး များကို ဆုပ်ကိုင်ရင်း လိုက်ပါခဲ့ရ၏။

"မာယာဒေဝီ သတိထား၊ လုံးဝ လက်ကို မလွှတ်လိုက်နဲ့"

ဟု ဝဏ္ဏက သတိပေးရင်း နောက်မှာ ပါလာသည်။ ဝဏ္ဏနောက် မှာလည်း မြင်းတပ်ကြီးက ထက်ကြပ် မကွာ လိုက်ပါလာသည်။

မြင်းရိုင်းကြီးသည် နန်းရင်ပြင်မှ ရွှေလီမြစ်ဆီသို့ ဦးတည်ခဲ့ပေပြီ။ ရှေ့ တွင် ချောက်ကမ်းပါးကြီးများက မြင့် မားလှပေ၏။ မြင်းကြီးသည် လမ်း အတိုင်း မသွားပေ။ သစ်ပင်ကြို သစ်ပင်ကြားမှ ပြေးလွှားရင်း ကိုယ် ကိုခါ၍ ချလိုက်ပြန်သည်။

"သားကြီး ဒီနေ့တော့ မင်းနဲ့ တို့အတူ သေကြတာပေါ့ကွာ"

ဟု ဆိုကာ မာယာဒေဝီက မြင်း ကြီး၏ လည်ဆံမွေးကို တိုး၍ဆွဲပစ် လိုက်သည်။ မြင်းကြီးမှာ ဦးတည်ရာ မရ ရှေ့သို့သာ တဖွတ်ထိုးပြေးရင်း ရွှေလီမြစ်ကြီးအနီး တောင်ထိပ်ပေါ်သို့ ရောက်လာသည်။

"မာယာဒေဝီ သတိထား"

ဟု နောက်မှ တပ်မှူးလေးဝဏ္ဏ သတိပေး၍မှ မဆုံးမီ မြင်းရိုင်းကြီး သည် ရွှေလီမြစ်တွင်းသို့ ခုန်ဆင်းချ လိုက်တော့၏။

"မာယာဒေဝီ...မာယာဒေဝီ"

ဟု ဆိုကာ အားလုံးပြေးလာကြ သည်။

မာယာဒေဝီမှာလည်း အဝေးသို့ လွင့်စဉ်ကာ ရေမှာမျောရတော့၏။

"အမြန်လိုက်ဆည်ကြ"

ဟု မင်းတရား အမိန့်ပေးသည်။

ဝဏ္ဏ အပြေးလိုက်၍ မာယာ ဒေဝီအား ဆည်ယူကာ ပခုံးထက်မှာ တင်လျက် ဆိပ်ကမ်းဆီသို့ တက်သွား တော့၏။ မာယာဒေဝီကတော့ လုံးဝ ပင် သတိမရတော့ပါပေ။

◆

သုဇိလတို့အဖွဲ့ အင်းရွာမှာ တစ်ညနားပြီး နောက်တစ်နေ့တွင် ခရီး ထွက်ခဲ့ကြသည်။ အင်းရွာသည် ဧရာ ဝတီမြစ်နဒီ၏ အရှေ့ဘက်ကမ်းတွင် တည်ရှိပြီး အင်းရွာမှ အရှေ့ရှမ်းကုန်း မြင့်ဘက်သို့ ထွက်ခဲ့ကြရာ ဆင်တစ်ရပ် မကသော ကိုင်းတောကြီးကို ဖြတ်ခဲ့ ကြရသည်။

ကိုင်းတောကြီးအတွင်းမှာတော့ လူသွားလမ်းမရှိ၊ လှည်းလမ်းမရှိ။ သို့သော် ဆင်များဖြင့် သစ်ဆွဲထား သော စွတ်ကြောင်းကြီးများတော့ ရှိ၏။

မြင်းများမှာ ထိုစွတ်ကြောင်းကြီး များအတိုင်းပင် အရှေ့အရပ်ဆီသို့ ဦး တည်၍ သွားနေကြရသည်။ လမ်းပြ ပါလာသော မုဆိုးကြီး၏ အမည်မှာ 'ဦးဒီပါ'ဟု ဆိုပေသည်။ ဦးဒီပါမှာ အသက်အရွယ် ကြီးရင့်သော်လည်း သွားလာရာမှာ ဖျတ်ဖျတ်လတ်လတ် ရှိသည်။ သူသည် ဖျင်ကြမ်းနံ့ယ်ပိုင်း ပုဆိုးကို ဝတ်ဆင်လျက် အင်္ကျီပေါ် ကျောဗလာနှင့်ပင် ဖြစ်သည်။ သူ၏ ညာဘက်ပခုံးသည် နွားသားရေကဲ့သို့ ပင် ဖြောင်ချောမာကြောလျက်နေ သည်ကို တွေ့ရ၏။ သူ၏ ကျောကုန်း ထက်မှာတော့ လေးနှင့်မြားများပါ သည်။

သူ၏ ဆီမလိမ်းသော ဆျောင် ကြီးဖွေတွင် တစ်ပတ်နွမ်း ပဝါကြမ်း ကို ရစ်ပတ်လို့ထားသည်။ ခြောက် သွေ့နေသော ဆံစများက အဖြူ တစ်ပိုင်း အနက်တစ်ပိုင်း တွေ့ရ၏။

ကိုင်းတောကြီးလွန်သည်နှင့် အင်ကြင်းပင်များ တွေ့ရသည်၊ အင်ကြင်းပန်းများမှာလည်း ရိုးတံဖြူ ရိုးတံနီ နှစ်မျိုးတွေ့ရ၏။ ရိုးတံဖြူဖြစ် စေ၊ ရိုးတံနီဖြစ်စေ သင်းပျံ့သော ရနံ့ ကတော့ တူညီစွာ မွှေးကြိုင်လို့ပင်နေ ပေသည်။

ထိုနည်းတူ လမ်းဘေးတွင် ခတ္တာ ပန်းများကိုလည်း တွေ့ရသည်။ ခတ္တာ ပန်းများမှာလည်း ရောင်စုံမြင်တွေ့ရ ၏။ မည်သို့ပင် အသွေးရောင် စုံလင် သော်လည်း ခတ္တာပန်းများမှာလည်း ရနံ့မရှိ။ ရနံ့ကင်းသော ပန်းတစ်မျိုးဟု ပင် ဆိုရပေမည်။

နေ့တစ်ဝက်လောက် ကိုင်းတော



www.burmeseclassic.com

www.burmeseclassic.com

ကြီးဖြတ်ပြီးမှ တောင်တက်လမ်းက စတော့သည်။ လမ်းတွင် ရေအခက်အခဲ တွေ့နိုင်သဖြင့် မုဆိုးကြီး ဦးဒီပါက ရေဘူးများဖြင့် ရေအပြည့်ထည့်၍ ယူလာသည်။ မြင်းကိုယ်စီ ပါသော်လည်း လမ်းမကောင်းသဖြင့် အသော့နှင်မရသလို တောင်တက်လမ်း ရောက်ပြန်တော့လည်း လမ်းကကျဉ်းမြောင်းပြီး ဘေးတစ်ဖက်တစ်ချက်မှာ ချောက်ကမ်းပါးများဖြစ်၍ မြင်းများမှာ ဖြည်းဖြည်းလေးသာ သွားနေရပေ၏။

တောင်ထိပ်သို့ ရောက်လာသည်နှင့် သစ်ကြီးဝါးကြီးများလည်း ပေါများ၍လာသည်။ အင်ပင်၊ ကျွန်းပင်၊ သစ်ရာပင်၊ သစ်အယ်ပင်၊ သစ်ဆိမ့်ပင်၊ ကညင်ပင်၊ ဝိတောက်ပင်တို့ စုံလင်လှပေသည်။

မြင့်မားလှသော ကညင်ပင်ကြီးများထက်တွင် ဆန်ကော၊ ဆန်ကာလောက်ရှိသော ပျားအုံကြီးများ အတွဲအရွဲ မြင်နေရပေ၏။ ထိုပျားအုံတွေကို ပျားကြီးအုံဟု မုဆိုးကြီး ဦးဒီပါက ဆိုပေသည်။

"ပျားက ဘယ်နှမျိုးရှိလို့ ဒီပျားအုံတွေကို ပျားကြီးအုံလို့ ခေါ်ရတာလဲ"

ဟု သုဇိလက မေးလိုက်သည်။

"ပျားကြီး၊ ပျားလတ်၊ ယင်ပျား၊ သစ်ခေါင်းပျား အို စုံလို့ပေါ့ဗျာ၊ အချို့ပျားကြီးအုံက လှည်းဘီးလောက်ကြီးတယ်၊ ပျားလတ်အုံကတော့ ယန်းကန်ပြားလောက်ရှိတယ်၊ ယင်ပျားကတော့ ပန်းကန်လုံးအရွယ်ပေါ့၊ သစ်ခေါင်းပျားကတော့ သစ်ပင်အခေါင်းတွေမှာ ရှိတတ်တယ်ဗျ"

ဟု ဦးဒီပါက ဆိုသည်။

"ဟိုအပွင့်နီနီတွေက ဘာပင်တွေလဲ"

ဟု မေးကြည့်တော့...

"အပွင့်နီတာက လက်ပံပင်၊ အပွင့်ဖြူတာက ကုတ်ဟီးပင် ခေါ်တယ်။ လက်ပံပင်ဖြစ်စေ၊ ကုတ်ဟီးပင်ဖြစ်စေ ဘယ်အပင်မှ အနှစ်မရှိဘူး"

ဟု မုဆိုးကြီး ဦးဒီပါက ဆိုပြန်သည်။

"အနှစ်မရှိတဲ့တောမှာ ကြက်ဆူပင်က မင်းမူတယ်လို့တော့ ကြားဖူးပါရဲ့၊ ကုတ်ဟီးနဲ့ လက်ပံတော့ အနှစ်မရှိဘူးဆိုတာ မကြားမိဘူးဗျာ"

ဟု သုဇိလက ပြန်၍ပြောလိုက်သည်။

နေမဝင်မီ ရွှေလီမြစ်ကမ်းစပ်သို့ ရောက်ခဲ့ကြသည်။ ရွှေလီမြစ်သည် အရှေ့မှ အနောက်သို့ စီးဆင်း၍ ဧရာဝတီမြစ်တွင်း စီးဝင်သည်။ ရွှေလီမြစ်ရေသည် ကြည်လင်၍နေပေ၏။ ထိုမြစ်ကမ်းမှာပင် ညအိပ်စခန်းချရန် ပြင်ဆင်ကြရသည်။ ကမ်းစပ်တွင် တဲလေးတစ်လုံး တွေ့ရသည်။ ထိုတဲတွင် အိုးခွက်များ အသင့်ရှိနေသဖြင့် ထမင်းချက်ရတော့၏။

"သခင်လေး ကျွန်တော်မျိုးတို့ ဟင်းစား အရှာထွက်ခွင့်ပြုပါ"

ဟု သုညက တောင်းဆို၍လာသည်။

"သွားကြပေါ့၊ အကြာကြီးမနေနဲ့၊ အဝေးကြီးမသွားနဲ့"

ဟု ဆိုကာ ခွင့်ပြုလိုက်ရသည်။

သုညတို့ သွားသည်နှင့် သုဇိလလည်း ရွှေလီမြစ်တွင်းသို့ ဆင်း၍ ရေချိုးသည်။ သီတာကတော့ ရေမချိုးအားပေ၊ ပါလာသော ဆန်များဖြင့် တဲမှာ အသင့်တွေ့ရသော အိုးများ ဆေးကြောကာ ထမင်းချက်၍နေပေ၏။

သုဇိလ ရေချိုးနေစဉ်...

"ကယ်ကြပါဦး...မောင်ကြီး ကယ်ပါ"

ဟု သီတာ၏အသံ ထွက်ပေါ်လာသည်။

"မောင်ကြီး...ကယ်ပါဦး"

ဟု ဆက်တိုက်အသံထွက်ပေါ်လာ၍ သုဇိလ ရေချိုးရာမှ တဲဆီသို့ ပြေးခဲ့ရတော့၏။

"သုဇိလ ငြိမ်ငြိမ်လေးနေပါ"

ဟု ဆိုကာ လူဆိုးတစ်ဦးက သုဇိလအား ဓားနှင့် ထောက်ထားတော့၏။

"မင်းတို့ ဘယ်သူတွေလဲ"

ဟု သုဇိလက ပြန်၍မေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

"ဟား..ဟား..ဟား..သုဇိလ ခုတော့ မင်းဘယ်ပြေးလို့မှ မလွတ်ပါဘူး သုဇိလရယ်၊ ဘယ်မှာလဲ ကျောက်စိမ်းရုပ်"

ဟု ဆိုလိုက်သည်။

ထိုစကား ကြားသည်နှင့် တိဘက်တွေမှန်း သုဇိလ သိလိုက်ပါပြီ။ တိဘက်ကြီးများသည် ကျောက်စိမ်းရုပ် မရမချင်း အေးကြမည် မဟုတ်ပေ။ ခက်သည်က ထိုကျောက်စိမ်းရုပ်သည် သုဇိလထံတွင် မရှိပါ။ မာယာဒေဝီ ယူ၍သွားချေပြီ။

"ကျောက်စိမ်းရုပ် ငါ့ဆီမှာ မရှိဘူး"

ဟုပင် ပြောလိုက်ရတော့၏။

"ဟား..ဟား..ဟား..ကြောင်မလိမ်ချင်ပါနဲ့ သုဇိလရယ်၊ မင်းရဲ့ မာယာဒေဝီ အသက်မသေစေချင်ရင် ကျောက်စိမ်းရုပ် မြန်မြန်ပေး"

ဟု ဆိုနေပြန်သည်။

"မာယာဒေဝီ ဘယ်မှာလဲ"

ဟု သုဇိလက မေးလိုက်ပြန်၏။

"သရုပ်ဆောင်ပြမနေနဲ့ သုဇိလ၊ ဒီမှာလေ မာယာဒေဝီ၊ ဟား..ဟား..ဟား"

ဟု ဆိုနေပြန်သည်။

တိဘက်ကြီးများသည် သီတာကိုပင် မာယာဒေဝီဟု ထင်မှတ်နေပုံရ၏။

"ဘယ်မှာလဲ ကျောက်စိမ်းရုပ်"

ဟု ဆိုကာ ဓားကောက်ကြီးမိုး၍ မေးနေပြန်သည်။

"ဒီမှာ တိဘက်ကြီး၊ ကျုပ်က လိမ်ညာပြောတတ်သူ မဟုတ်ဘူး၊ ခင်ဗျားတို့ အလိုရှိနေတဲ့ ကျောက်စိမ်းရုပ်က ကျုပ်ပိုင်တဲ့ပစ္စည်းလည်း မဟုတ်ဘူး"

ဟု ပြောလိုက်ရာ...

"ဘယ်သူပိုင်တဲ့ ပစ္စည်းလဲ"

ဟု တိဘက်ကြီးက ပြန်မေးလိုက်သည်။

"တကောင်းနိုင်ငံတော်က ပိုင်တဲ့ ပစ္စည်းပေါ့ဗျာ"

ဟု ပြောလိုက်ရာ...

"ဩော်...မင်းတို့နှစ်ယောက်က တော်တော်သေပန်းပွင့်ချင်နေပြီပေါ့"

ဟု ဆိုကာ တိဘက်ကြီးက ဓားကောက်ကြီးအားကိုင်၍ မြှောက်လိုက်သည်နှင့် 'ဗြိုး'ဟူသော အသံနှင့်အတူ မြားတစ်စင်းက တိဘက်ကြီး၏ ဓားကိုင်လက်ကို ဝင်၍စိုက်သွားတော့၏။

သုဇိလမှာ သူညတို့ လာပြီအထင်နှင့် ပျော်သွားသည်။ သို့သော် သူညတို့ မဟုတ်ပါ။ အနက်ရောင်ဝတ်စုံများနှင့်အဖွဲ့ ဖြစ်လို့နေတော့၏။ ထိုအဖွဲ့သည် တိဘက်များကို ဓားနှင့် ခုတ်ပိုင်း၍ ရွှေလီမြစ်တွင်းသို့ ပစ်ချလိုက်ကြသည်။

"ဟိုနှစ်ယောက်ကို ခေါ်ခဲ့ကြ"

ဟု ဆိုကာ သုဇိလနှင့် သီတာအား ကြိုးတုပ်နှောင်လျက် မျက်နှာကိုလည်း အဝတ်နက်ဖြင့် ဖုံးအုပ်လိုက်သည်။

"မြင်းပေါ်တင်ခဲ့ကြ"

ဟု ဆိုကာ ခေါင်းဆောင်သူ ရှေ့မှထွက်ခွာသွားတော့၏။

သုဇိလနှင့် သီတာမှာတော့ ဘာမသိဘာမသိပင် ဖမ်းဆီးခေါ်ဆောင်ခြင်း ခံလိုက်ရလေတော့သည်။

◆

တပ်မှူးလေးဝဏ္ဏသည် မာယာဒေဝီအား ပခုံးမှာထမ်းလျက် ရွှေနန်းတော်အရောက် ပြေးလာခဲ့သည်။ သူ၏နောက်မှာလည်း စစ်သည်တော်များ အပြေးပင် လိုက်ပါခဲ့ကြသည်။

ကျော်စွာက ဝဏ္ဏနောက်မှ အပြေးလိုက်ပါလျက် မာယာဒေဝီ၏ လက်ကို ဆွဲကိုင်ရင်း...

"မမမာယာ...မမမာယာ"

ဟု ဆိုကာ တစာစာ ခေါ်နေတော့၏။

မာယာဒေဝီအား သူမ တည်းခိုသော အဆောင်မှာပင် နေရာချထားလိုက်ကြသည်။ မာယာဒေဝီမှာတော့ သွေးထွက်သံယို မတွေ့ရသော်လည်း သတိမရသေးပေ။ မင်းတရားကြီး ကိုယ်တော်တိုင်ပင် မာယာဒေဝီ၏ ဦးခေါင်းတွင် စည်းနှောင်ထားသော

www.burmeseclassic.com

အနက်ရောင်ပဝါကို ဖြည်လိုက်သည်နှင့် 'ဟာ'ဟုပင် အားလုံး အာမေဋိတ်သင့်ကုန်ကြရတော့၏။

မင်းတရားမှာ မာယာဒေဝီ၏ ညာဘက်ပါးမှ နက်မှောင်နေသော အမာရွတ်ကြီးကို ကြည့်လျက် ငိုင်ကျသွားတော့၏။

မင်းတရားကြီးက မာယာဒေဝီအား မွဲ့တစ်ပြောက်ပင် အစွန်းအထင်း မရှိသူဟု ယုံကြည်ခဲ့သည်။ မာယာဒေဝီ ညာဘက်ပါးကို သူမ၏ ဆံစများဖြင့် အမြဲဖုံးထားသည်ကိုလည်း ကိုယ့်တိုင်းကိုယ့်ပြည် မဟုတ်၍ တမင်ဖုံးကွယ်ထားခဲ့သည်ဟုပင် ထင်မြင်မိခဲ့သည်။ ခုမြင်တွေ့နေရသော မာယာဒေဝီ၏ မျက်နှာမှာ မွေးရာပါတော့ မဖြစ်နိုင်ဟုလည်း မင်းတရား စဉ်းစားကြည့်မိသည်။ ထိုသို့ဆိုပါမူ မသမာသူ လူတစ်ယောက်ကြောင့် ထိုကဲ့သို့ ရုပ်ပျက်ဆင်းပျက် ဖြစ်ရသည်ဟုပင် ကောက်ချက်ချလျက် ကျော်စွာလေးအား လက်ကိုဆွဲ၍ အဝေးသို့ ခေါ်ခဲ့သည်။

"ကျော်စွာ...မင်းမမမာယာရဲ့ မျက်နှာတစ်ခြမ်း ဘာကြောင့် ခုလိုဖြစ်ခဲ့ရတာလဲ"

ဟုပင် မေးမိတော့၏။

ထိုအခါ ကျော်စွာလေးက သူသိသမျှ မာယာဒေဝီနှင့် ဓရောဓာတို့ ဇာတ်လမ်းကို မင်းတရားအား ဇာတ်စုံခင်းပြသည်။

"လက်စသတ်တော့ တရားခံက ဓရောဓာပေါ့လေ၊ ဓရောဓာ တစ်နေ့ မင်း ငါ့အကြောင်း ကောင်းကောင်းသိစေရမယ်"

ဟု ဆိုကာ ကျော်စွာအနီးမှ မင်းတရား ထွက်ခွာသွားတော့၏။

"ဝဏ္ဏ...သမားတော် ဦးဒေဝကို တွေ့အောင်ရှာပြီး ခေါ်ခဲ့"

ဟု မင်းတရားက မိန့်တော်မူလိုက်သည်။ ဝဏ္ဏသည် နန်းရင်ပြင်မှ မြင်းတစ်ကောင်စီး၍ ဦးဒေဝအား ခေါ်ဆောင်ရန် ထွက်ခွာသွားတော့၏။

မင်းတရားမှာ ပွဲတော်တည်ရန်လည်း စိတ်မဝင်စား။ မာယာဒေဝီအနီးမှာထိုင်လျက် မည်းနက်နေသော မာယာဒေဝီ၏ ညာဘက်ပါးကိုသာ မကြာမကြာ ကိုင်ကြည့်နေတော့သည်။

တကောင်းတိုင်းပြည် ပြန်လည်ထူထောင်ရေးအတွက် အခက်အခဲပေါင်းစုံကို ကျော်လွှားခဲ့ရသော မာယာဒေဝီ။ တကောင်းပြည်သားတို့အား မိမိတတ်စွမ်းသော သုခမအနုပညာဖြင့် ညှိယူဖမ်းစားပေးခဲ့သော မာယာဒေဝီ။ မိမိချစ်သူအတွက် အမြင့်ဆုံးသော နေရာသို့ရောက်အောင် ပို့ဆောင်ပေးခဲ့သော မာယာဒေဝီ။ ပျော့လျှင်ဖယောင်း၊ မာလျှင် သံချောင်းဟူသော စာဆိုနဲ့အညီ ယောကျ်ားသားများဖြင့် ရင်ပေါင်တန်းခဲ့သော မာယာဒေဝီ။ တကောင်းမိဖုရား နာဂဆိန်၏ နာမည်ကိုမျှ မကြားချင်လောက်အောင် စက်ဆုပ်ရွံရှာနေသော မာယာဒေဝီ။

"ခုတော့ မင်းချစ်လှပါသည့်ဆိုသော ဓရောဓာက မင်းစက်ဆုပ်ရွံရှာလှပါသည်ဆိုသော နာဂဆိန်နှင့် သားဦးရတနာ ဝိရာဂမင်းသားလေးကိုပင် ဖွားမြင်ပြီးကြောင်း မင်းလေး သိကောင်းမှ သိပါလေစ မာယာဒေဝီရယ်"

"မာယာဒေဝီရယ်၊ ဓရောဓာကို မင်း မပိုင်ဆိုင်ရပေမယ့် မင်းရဲ့မူလအလှတရားတွေကို မင်းလေး ပြန်လည်ရရှိအောင် တို့အစွမ်းကုန်ကြိုးစားပေးမှာပါ။ ဘာကြောင့်ဆိုတာ မင်းလေး သိလား၊ မင်းလေးကို တို့မြင်မြင်ချင်း ချစ်နေမိလို့ပေါ့ မာယာဒေဝီရယ်"

"သမားတော်ဦးဒေဝ ကြွလာပါပြီ"

ဟု ဝဏ္ဏ သတင်းပို့မှ မင်းတရား၏ စိတ်ကူးယဉ်ကမ္ဘာလေး ပျက်ခဲ့ရတော့၏။

"သမားတော် ခု သူ့ သတိလစ်နေပါတယ်၊ ဒါက အရေးမကြီးပါဘူး၊ အရေးကြီးတာက သူမရဲ့မျက်နှာ ညာဘက်ခြမ်းက မည်းနက်နေတဲ့ အမာရွတ်ကြီးကို မူလအတိုင်း ပြန်ဖြစ်အောင် ကုသပေးပါ"

ဟု ဆိုကာ မင်းတရားက ကတ္တီပါအိတ်နှင့် ထည့်ထားသော အသပြာများ ပစ်၍ပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

သမားတော်ဦးဒေဝသည် ဆေးလွယ်အိတ်အတွင်းမှ ဆေးတောင့်တစ်ခု ဆွဲယူပြီး ရေနှင့်ဖျော်သည်။ ပြီးသည်နှင့် ကြေးနီဖြင့် ပြုလုပ်ထားသော သုံးခွစုတ်ဖြင့် မည်းနက်သော မာယာဒေဝီ၏ မျက်နှာပေါ်သို့ အချက်ပေါင်းများစွာ ပေါက်လိုက်လေ၏။

မာယာဒေဝီကတော့ လုံးဝပင် သိပုံမပေါ်ပေ။ တုတ်တုတ်မျှပင် မလှုပ်။ ကျောက်ရုပ်ကြီးပမာနေသည်။

ဦးဒေဝသည် စုတ်နှင့် ပေါက်ထားသော နေရာများကို ခွက်အတွင်းမှ ဆေးများဖြင့် အုံ၍ပေးပြီး အပေါ်မှ မှိုင်းခံစက္ကူရွက်လေး ကပ်ပေးလိုက်သည်။

"မနက်မှ တစ်ခေါက်လာခဲ့ပါ့မယ် မင်းတရား"

ဟု ဆိုကာ သမားတော်ဦးဒေဝ ပြန်သွားသည်။

မာယာဒေဝီအပါးမှ ထွက်ခွာမသွားနိုင်သူက မင်းတရားပင် ဖြစ်သည်။

အမှန်တော့ ဘိန္နကရာဇ်မင်းမှာ မိန်းမဆိုလျှင် မုန်းခဲ့သူဖြစ်သည်။

ဘိန္နကရာဇ်မင်းကြီး၏ စိတ်ထဲတွင် မိန်းမဆိုသည်မှာ အလိုရမ္မက်ကြီးသူများဖြစ်သည်။

မိန်းမဟူသည် အတ္တကြီးသူများဖြစ်သည်။

မိန်းမဟူသည် လောဘကြီးသူများဖြစ်သည်။

မိန်းမဟူသည် အရှက်နှင့် သိက္ခာထက် ဂုဏ်ပကာသန မက်သူများဖြစ်သည်။

မိန်းမဟူသည် ယောက်ျားတကာကို ပျားရည်နှင့် ဝမ်းချလျက် သူတို့၏ တက်လမ်းကိုသာ ရှာနေသူများဖြစ်သည်ဟု အယူစွဲနေသူပင် ဖြစ်၏။

မဟာဒေဝီနာဂဆိန်မှာ အခြားသူမဟုတ်ပေ။ ဘိန္နကရာဇ်မင်းတရား၏ ဖခမည်းတော် မောရိယရာဇာမင်းတရားကြီး၏ ညီအရင်းမှ ဖွားမြင်လာသူဖြစ်သည်။ မောရိယမင်းတရားကြီးသည် သူ၏ ညီတော်ကိုပင် စစ်သူကြီးရာထူးအထိ ချီးမြှင့်မြှောက်စားခဲ့သည်။

မာယာဒေဝီ၏ မိခင်မှာ စိန့်သွေးမကင်းပေ။ စစ်သူကြီးမှာ နောင်တော်မင်းတရားအား အသက်ပေး၍ ချစ်ခင်စွာ တိုင်းပြည်အတွက် ဦးလည်မသုန် ထမ်းရွက်သော်လည်း နာဂဆိန်၏ မိခင်မှာ အလိုရမ္မက်ကြီးသည်။

မောရိယရာဇာမင်းတရား ရှေ့လက်ထက်တော်တွင် ဘိန္နကရာဇ်မင်းသားငယ်နှင့် နာဂဆိန်မှာ လူငယ်တို့ဘာဝ ချစ်ကြိုးသွယ်ခဲ့ကြသည်။ ဒါကိုပင်သိပါလျက် မောရိယရာဇာမင်းတရားကြီး နတ်ရွာစံ ကံတော်ကုန်၍ ဘိန္နကရာဇာ ထီးမွေဆက်ခံသော အခါ နာဂဆိန်ကို ဆက်သခဲ့သည်။

ဖခင်အရွယ် ဘုရင်အိုကြီးအား သမီးအရွယ် မိဖုရားနာဂဆိန်ကို အနေရာတွင် အလိုလိုက်၍ အကြိုက်ဆောင်ခဲ့သည်။

ထိုအကျိုးဆက်မှာ တကောင်းနိုင်ငံတော်တစ်ဝက် စိန့်တိုင်းသားများလက်သို့ ဝကွက်အပ်လိုက်ရခြင်းပင် ဖြစ်သည်။

ဘိန္နကရာဇ်မင်းသားမှာ မိန်းမများကို စိတ်နာ၍ ကြင်ယာတော် မရှာမှီးခဲ့ပေ။

သက်တော် ၃၀ ကျော်မှ ကပ်ငြားသူ မာယာဒေဝီမင်းသမီးလေး မောရိယရှေ့နန်းတော်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လို့လာသည်။

မာယာဒေဝီ၏ ရဲရင့်ခြင်း၊

မာယာဒေဝီ၏ ဣန္ဒြေကြီးခြင်း

မာယာဒေဝီ၏ တည်ကြည်ခြင်း

မာယာဒေဝီ၏ ထက်မြက်ခြင်း

မာယာဒေဝီ၏ စူးရှသော မျက်လုံး၊ ကော့သောမျက်တောင်၊ စင်းသော နှာတံ၊ ဒူးကောက်ကွေးသို့တိုင် ရှည်လျား၍ နက်မှောင်နေသော ဆံကေသာ၊ သေးသောခါး၊ ကားသောတင်၊ စွင့်သောရင်၊ မြင့်မားသောအရပ်တို့ကို မြင်ရသဖြင့် ဘိန္နကရာဇ်မင်းမြတ်ကြီးမှာ ရာဇဣန္ဒြေပင် မဆည်နိုင်အောင် ဖြစ်ရတော့၏။

စတင်မြင်လိုက်ရသည်နှင့်ပင် ဒေဝတာနတ်မင်းကြီးများက သာကီဝင်



www.burmeseclassic.com

www.burmeseclassic.com

ခင်းသမီးတစ်ပါးအား သူ့ထံသို့ အရောက်ပို့ခဲ့သည်ဟုလည်း အတွေး နယ်ချဲ့မိပါ၏။

ညဦးနက်သည့်တိုင် မာယာဒေဝီ ၏ အဆောင်မှ ပြန်မကြွသဖြင့် ငယ် ကျွန်တော် မိုလ်အာယုက ဆတ်သား ခြောက် ဆီဆမ်းကာ သေရည်များပါ ယူဆောင်၍လာသည်။

ဆီမီးရောင် ထိန်ထိန်လင်းနေ သော မာယာဒေဝီ၏ အဆောင်တွင်း ရှိ သလွန်တော်ပေါ်မှာပင် မင်းတရား ထိုင်လျက် မိုးစင်စင်လင်းခဲ့ရသည်။

"သုန္ဒရ ငါပြန်လာပြီဟေ့"

ဟု နန္ဒိသေနက အသံပြုလိုက် သည်။

သုန္ဒရသည်လည်း နန္ဒိသေန၏ အသံကြားသည်နှင့် သစ်ဆိမ့်ဂူမှ အပြေးထွက်ကာ…

"နန္ဒိသေန မင်းတစ်ယောက် တည်းလား၊ သုဓိလ မပါခဲ့ဘူးပေါ့"

ဟု ဆိုလိုက်သည်။

"အေး··ဒါတွေ နောက်မှရှင်း ပြ မယ်၊ မင်းတို့အတွက် အဝတ် အထည်တွေပါတယ်၊ ကျောက်သွေးဂူ လိုက်ခဲ့ပေတော့"

ဟု ဆိုကာ နန္ဒိသေန မြင်းကြီး စီးလျက် ဆက်လက်ထွက်ခွာသွား တော့သည်။

ထိုနေ့က ကျောက်သွေးဂူမှာ သာကီတွေအားလုံး စုရုံးဖြစ်ကြ သည်။ ဘိုးစိတ္တ၊ ဘိုးသုခ၊ ဘိုးသက္က လည်း ရောက်လာသည်။

"ဒီနေ့ လူတွေ စုံလှပါလား ဘသုခရဲ့"

ဟု ဘိုးသက္ကက စူရှေ့ရောက် သည်နှင့် ဆိုလိုက်၏။

"ဒီနေ့ လူတွေစုံဆို ခင်ဗျားရဲ့ မြေး သုဓိလကောင်းမှုကြောင့် အဝတ် အထည်တွေ ရလာလို့ မျှဝေပေးကြမှာ လေ၊ ခင်ဗျားလည်း ပိတ်စ လိုသလောက် ယူပေတော့"

ဟု ပြောလိုက်သည်။

"ကျုပ်က ပြည့်စုံပါတယ်ဗျာ၊ ခင်ဗျားတို့ သာကီမျိုးဆက်သစ်တွေ ကိုသာ လုံလုံလောက်လောက်ရှိအောင် မျှဝေပေးလိုက်ကြပါ"

ဟု ပြန်ပြောနေခိုက်မှာပင် နန္ဒိ သေနသည် ဘိုးသက္ကအနီး ရောက် လာပြီး…

"ဘဘသက္က ကျန်းမာရဲ့နော်"

ဟု မေးလိုက်၏။

"ဘုရားပေးတဲ့ဆု ထင်ပါရဲ့ ကွယ်၊ ဘသုခတို့၊ ဘိုးစိတ္တတို့၊ သုန္ဒရ တို့နှင့် တရားစကားပြောကြား နာ ကြားခွင့်ရလို့ ရှေးကထက် ပိုလို့တောင် ကျန်းမာခဲ့ပါရဲ့"

ဟု ဆိုလိုက်သည်။

"ဘသက္ကရေ··သုဓိလနဲ့ သီတာ တော့ တကောင်းအနီးက ပဉ္စာလဆို တဲ့ရွာမှာ နေခဲ့ကြတယ်၊ အလုပ်ကိစ္စ လေးတွေပြီးမှ ပြန်ခဲ့နိုင်မယ်"

ဟု နန္ဒိသေနက ပြောလိုက်လေ ရာ…

"ဘယ်လို အလုပ်ကိစ္စများပါ လိမ့်"

ဟု ဘိုးသက္ကက ပြန်မေးလိုက် သည်။

ထိုအခါ နန္ဒိသေနက မာယာ ဒေဝီ၊ ကျော်စွာ၊ နန္ဒတို့အကြောင်း ပြောပြလိုက်ရတော့၏။

"ဒါဆို မာယာဒေဝီ ဘယ်မှာ လဲ"

ဟု ဘိုးသက္ကက မေးလိုက် သည်။

"ကျော်စွာ ဘယ်မှာလဲ"

ဟု ဘသုခကလည်း မေးလိုက် သည်။

"နန္ဒ ဘယ်မှာလဲ"

ဟု ဦးစိတ္တက ဆိုနေပြန်၏။

"နန္ဒကတော့ ပဉ္စာလရွာမှာ တွေ့ခဲ့တယ်"

"ပဉ္စာလရွာဆိုတာ ဘယ်မှာလဲ၊ ကျုပ်ဖြင့် တစ်ခါမှ မကြားဖူးပါလား"

ဟု ဘိုးသက္က ဆိုလိုက်ပြန်သည်။

"ပဉ္စာလရွာဆိုတာ တကောင်း မြို့ရဲ့ တစ်ဖက်ကမ်း ဧရာဝတီမြစ်ကြီး ရဲ့ အနောက်ဘက်မှာ"

"မာယာဒေဝီနဲ့ ကျော်စွာတို့ ကော တွေ့ခဲ့လား"

ဟု ဘသုခက မေးလိုက်ပြန် သည်။



www.burmeseclassic.com

www.burmeseclassic.com

"မာယာဒေဝီနဲ့ ကျော်စွာတို့တော့ မတွေ့ခဲ့ရဘူး၊ ရှမ်းကုန်းမြင့်ဘက် တက်သွားတယ်လို့ဆိုတယ်"

ဟု နန္ဒိသေနက ဆိုလိုက်ရာ အားလုံးအတွေးကိုယ်စီဖြင့် ငြိမ်သက်၍သွားကြတော့သည်။

အားလုံးသောသူတို့၏ ရင်ထဲမှာတော့ မာယာဒေဝီကို သနားစိတ်က ပိုနေကြသည်။ မာယာဒေဝီ ရွှေတွေနှင့် ကျောက်စိမ်းရုပ်နှစ်ခု ယူသွားသည်ကိုတော့ ဘိုးသဏ္ဍကလွဲ၍ ဘယ်သူမှ မသိကြပေ။ ထိုအကြောင်းကို သာကီဝင်မင်းဆွေမင်းမျိုးများ မသိစေလိုပေ။ သိသွားပါက မာယာဒေဝီ၏ ဂုဏ်သိက္ခာကိုပင် ထိခိုက်သွားစေနိုင်သည်။

"နောက်တစ်ခု သတင်းကောင်း ပြောရဦးမယ်"

ဟု နန္ဒိသေနက စကားစလိုက်ပြန်သည်။

"ဘာသတင်းများပါလိမ့်"

ဟု ဘိုးစိတ္တက ဝင်၍မေးလိုက်သည်။

"ဓရာဇာ သားဦးရတနာလေး ရနေပါပြီ၊ အမည်နာမက ဝိရာဂတဲ့"

ဟု ဆိုလိုက်ရာ…

"ဘယ်မိဖုရားနဲ့ သားဦးရတနာ ရတာလဲ"

ဟု ဘသုခက မေးလိုက်ပြန်၏။

"ဘယ်သူရှိရမှာလဲ ဘသုခရယ်၊ ဟိုမုဆိုးမနာဂဆိန် ဖြစ်မှာပေါ့"

ဟု ဘိုးစိတ္တက မခံမရပ်နိုင်သော လေသံဖြင့် ပြောလိုက်၏။

"တော်တော်အသုံးမကျတဲ့ ဓရာဇာ၊ မာယာဒေဝီကျတော့ ဥပေက္ခာပြုထားတယ်"

ဟု သုန္ဒရက ဝင်ပြောလိုက်ပြန်သည်။

သူတို့အားလုံး စကားမဆက်နိုင်ပေ။ မာယာဒေဝီအကြောင်းကိုပင် တွေးနေကြပြန်သည်။ လူငယ်လေးများနှင့် အမျိုးသမီးများကတော့ အထည်အလိပ်တွေကြည့်၍ ပျော်ရွှင်နေကြသည်။ သူတို့ခါးမှ ညစ်ပေဟောင်းနွမ်းနေသော အဝတ်များကို စက်ဆုပ်နေသည်မှာ ကြာပြီဖြစ်သော်လည်း မစွန့်ရက်နိုင်ခဲ့ပေ။ ခုတော့ဖြင့် အထည်သစ်များ ရောက်လာလို့ မကြာမီ အဝတ်သစ်များ ဝတ်ဆင်ကြရတော့မည်မို့ အားလုံး အပြုံးကိုယ်စီ မြင်တွေ့ရသည်။

"သုန္ဒရ…ဖြစ်နိုင်မယ်ဆိုရင် ဒီဆင်အဖွဲ့နဲ့အတူ ပဉ္စာလရွာကို မင်းလိုက်သွားစေချင်တယ်၊ ငါ့အထင်ပြောရရင် သုဓိလ ရှမ်းကုန်းမြင့် လိုက်သွားမှာ သေချာတယ်၊ ဒီတော့ မင်းလိုက်သွားပေးပါ"

"နေပါဦး၊ မင်းခေါ်လာတဲ့ ဆင်သမားတွေက ဘယ်ရွာကလဲ"

ဟု သုန္ဒရက မေးလိုက်ပြ…
သည်။

"ငါ့အစွမ်းနဲ့ ခေါ်လာ… မဟုတ်ရပါဘူးကွာ၊ သုဓိလ … ပေးလိုက်တာပါ၊ သူတို့တွေက သူ… ဆီမှာ စစ်ပညာသင်နေကြတာ … ရွာနာမည်က မန်လည်ရွာလို့ … တယ်"

"မန်လည်ရွာနဲ့ ပဉ္စာလရွာ… နီးလို့လား"

"နီးတော့ မနီးဘူး၊ ဆင်ဦး… ဆင်တွေက မန်လည်မှာ နေခဲ့ကြ… မင်းနဲ့ မြင်းသမား ငါးယောက်က … လည်မှာ ခရီးတစ်ထောက်နားပြီး ပဉ္စာလရွာဘက် ဆက်သွားကြပေါ့"

သုန္ဒရမှာ ငြင်းပယ်နိုင်… အကြောင်းမရှိတော့ပေ။ တစ်ခါ… သုဓိလ၊ တစ်ခါလာ နန္ဒိသေနတို့… ခရီးမပြတ် ထွက်ခွာနေကြရသည်။ သူကတော့ သစ်ဆိမ့်ဂူနှင့် ကျော… သွေးဂူမှလွဲ၍ ဘယ်ကိုမှပင် မရောက်… ဖူးခဲ့ပေ။ ခုတော့ မဖြစ်မနေ သွား… မည့်ကိစ္စ ပေါ်ပေါက်လာခဲ့ပြီမို့ သူ… ခရီးထွက်ရန် ဆုံးဖြတ်ချက် ချလိုက်… တော့၏။

ရှေ့လဆက်ရန်

မောင်ယဉ်မွန်(မောဝ်နေခြည်)



www.burmeseclassic.com

www.burmeseclassic.com

နွားနို့စစ်စစ်ဖြင့် ထုတ်လုပ်ထားသော



မီကို

အဆီကျ ဒိန်ချဉ်

ဆက်သွယ်ရန် - ၀၉-၇၃၁၂၃၅၄၈၊ ၀၉-၈၇၃၆၃၂၀၈၀

မြင့်စေတနာဆေးတိုက်

(အရေပြားရောဂါမှန်သမျှဒိဋ္ဌပျောက်ကင်းစေရမည်။)

# ခရုသင်း (သမင်ဖြူ)

LEUCODERMA

ခရုသင်း (သမင်ဖြူ)၊ဖြူ နီ နက်ကွက်များ◆အနာကြီးရောဂါ◆ယားနာ၊ ပွေး၊ ဝဲ၊ နှင်းခူ နှင့်အရေပြားရောဂါ အမျိုးမျိုးကို အာမခံနှင့် ကုသပေးသည်။

LEUCODERMA, LEPROSY, YAWS, FUNGUS, PINTA, ECZEMA, RING WORM, DERMATITIS, Etc.

ဆရာ ဦးခင်မောင်မြင့် (မြင့်စေတနာဆေးတိုက်) ၊ အမှတ် (၃)၊ ပိတောက်ရိပ်မြိမ်၊

ရန်ကုန်-အင်းစိန်လမ်းမကြီး၊ ကုလားကျောင်းမှတ်တိုင်၊ သမိုင်း၊ ရန်ကုန်မြို့ ။ ဖုန်း-၀၁-၆၆၆၄၇၈၀၉-၇၉၈၈၆၉၁၀၉

ဌာနခွဲ - အမှတ် (၂)၊ ၆၂-လမ်း၊ ၂၈ × ၂၉ လမ်းကြား၊ အောင်တော်မူရပ်၊

မန္တလေးမြို့ ၊ ဖုန်း - ၀၂-၂၄၆၀၉၊ ဖုန်း - ၀၉၂၀၀၂၈၄၃

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

# တို့အဘိုး တို့အဘွား အရိုးကုန်သား (၂)

မင်းသိခ်

(ယခင်လမှ အဆက်)

ထို့နောက်တွင်ကား မောင်ဖိုးယုံသည်...

'နဝရတ်လက်စွပ်တစ်ကွင်း၊ စိန်ဆံထိုးတစ်ခု၊ မြဘယက်တစ်ကုံး၊ နဂါးခေါင်းခြေချင်းတစ်ရံ၊ ရွှေကြီးစေ့ခန့်အရွယ် နီလာအလုံးလေးဆယ်၊ မန်ကျည်းစေ့ခန့်အရွယ် ပတ္တမြားအလုံးဆယ့်ကိုးလုံး' စသည်ဖြင့် အိုးကလေးအတွင်း၌ ပါသမျှကုန်သော ရွှေ၊ ငွေ ရတနာ ကျောက်သံပတ္တမြားတို့၏ စာရင်းကို ပြောလေ၏။ မောင်လွန်းကား တစ်ခုမကျန် ရေးမှတ်လေတော့၏။ အလုံးစုံ ရေးမှတ်ပြီးသောအခါ၌ မောင်လွန်းသည် မောင်ဖိုးယုံ၏ မျက်နှာကို သေချာစူးစိုက်စွာ ကြည့်လျက်..

"ဟေ့ကောင် ဖိုးယုံ၊ ရတနာဖောင်းကန်ကို လမ်းမှာ မင်း ဘယ်သူ့ကို အပ်ခဲ့သေးသတုံး"

ဟု မေးလိုက်လေ၏။

"တစ်လမ်းလုံး ကျုပ် ဘယ်သူ့ကိုမှ မအပ်ခဲ့ဘူး၊ တစ်ခုတော့ရှိတယ်၊ ပြည်မြို့ရောက်တဲ့အခါမှာတော့ ကျုပ်နဲ့ ငယ်ငယ်က ကျောင်းနေဖက်ဖြစ်ခဲ့ဖူးတဲ့ ဒလန်[ဒလန်=(အာရဗီ)၊ ဒလာလ၊ ပွဲစားဟု အဓိပ္ပာယ်ရသည်] မောင်ဖိုးသာအိမ်မှာ တည်းတယ်၊ အဲဒီမောင်ဖိုးသာကိုတော့ ကျုပ်ယူလာတဲ့ ဖောင်းကန်ဟာ ရတနာဖောင်းကန်ကြီးဖြစ်ကြောင်း ပြောမိတယ်။ မပြောလို့လည်း မဖြစ်ဘူးဗျ၊ ဘာဖြစ်လို့လဲဆိုတော့ ကျုပ်က ဖောင်းကန်ကြီး တကိုင်ကိုင် လုပ်နေတော့ ဒလန်မောင်ဖိုးသာက မေးတော့တာပေါ့ဗျာ၊ အဲဒီတော့လည်း ကျုပ်က အမှန်အတိုင်း ဖွင့်ပြောရတာပေါ့ဗျာ။ အဲဒီတော့လည်း သူက တောင် အကြံပေးလိုက်သေးတယ်၊ ရတနာဖောင်းကန်ကို ဒီအတိုင်း ယူမသွားနဲ့တဲ့၊ တောင်းထဲကိုထည့်ပြီး အပေါ်က ကောက်ရိုးအုပ်၊ အဲဒီကောက်ရိုးပေါ်ကမှ ကြက်မကလေးတစ်ကောင်တောင် သူက တင်ပေးလိုက်သေးတယ်၊ အခု ဘာဖြစ်လို့တုံး"

ဟု မောင်ဖိုးယုံက ပြန်မေးလိုက်လေ၏။

ထိုအခါ မောင်လွန်းက...

"ပစ္စည်းတစ်ခု လိုနေပြီကွ၊ အဲဒီပစ္စည်းက ပြင်သစ်လူမျိုး ထမင်းချက်ဖာဒီနံရဲ့ ကြောင်လက်စွပ်ပဲ၊ ဒီဖောင်းကန်ထဲမှာ ကြောင်လက်စွပ်တစ်ကွင်း ပါတယ်လို့ အပျိုတော် ဒေါ်သူဇာကြီးက ငါ့ကို အသေအချာ ပြောလိုက်တယ်၊ အခု ဒီလက်စွပ် မတွေ့တော့ဘူး"

ဟု ပြောလိုက်လေ၏။

"ဒီလိုဆိုရင် ကျုပ် အပေါ့အပါးသွားနေတုန်းမှာ ကျုပ်တည်းတဲ့အိမ်က ဒလန်မောင်ဖိုးသာပဲ အဲဒီပစ္စည်းကို ယူလိုက်ပြီထင်တယ်"

ဟု မောင်ဖိုးယုက ပြန်၍ပြောလိုက်လေ၏။

"ငါလည်း ဒီလိုပဲ စဉ်းစားတာပဲ၊ ဒါပေမဲ့ ဒလန်မောင်ဖိုးသာဟာ ယူခြင်းယူလျှင် တခြားရတနာပစ္စည်းတွေကိုပါ ယူရမှာပေါ့၊ တခြားပစ္စည်းတွေ ချန်ထားပြီး ကြောင်လက်စွပ်ကိုမှ ရွေးယူသွားတယ်ဆိုတာ ဖြစ်နိုင်ပါ့မလား"

ဟု မောင်လွန်းက ပြန်၍ပြောလိုက်လေ၏။

"ဘာပဲဖြစ်ဖြစ် ကိုလွန်းရယ်၊ ဒီပစ္စည်းတွေဟာ ကျုပ်ပစ္စည်းလည်း မဟုတ်ဘူး၊ ကိုရင်လွန်း ပစ္စည်းလည်း မဟုတ်ဘူး၊ နန်းတွင်းမှာ အမှုထမ်းကြတဲ့ အမှုတော်ထမ်းတွေ အားလုံးနဲ့ သက်ဆိုင်နေတဲ့ ပစ္စည်းပဲ။ သူတို့တစ်တွေ အောက်ပြည်အောက်ရွာကို ပြောင်းလာရင် လုပ်ကိုင်စားသောက်ဖို့ ပြန်ပေးရမှာ မဟုတ်လား။ အဲဒီတော့ ကျုပ်အပေါ်မှာ အများကြီး တာဝန်ရှိနေပြီ၊ ကျုပ် မရရအောင် ရှာမယ်၊ ဒလန်မောင်ဖိုးသာဆီကိုလည်း အခုပဲ လိုက်



www.burmeseclassic.com

www.burmeseclassic.com

သွားမယ်၊ ဒီပစ္စည်း ပြန်မရလို့ကတော့ မဖြစ်ဘူး၊ မောင်ဖိုးယုံကို ယုံလို့ ပုံအပ်လိုက်ပါတယ်၊ ကြောင်လက်စွပ်တစ်ကွင်း ဆုံးပါလေရောလို့ အပြောမခံနိုင်ဘူး၊ ပြီးတော့ ကျုပ်ရဲ့ သားစဉ်မြေးဆက်မှာလည်း သူတို့အဘိုး ကိုဖိုးယုံ ဆိုတာပေါ့၊ ယုံကြည်လို့ ရတနာဖောင်းကန်အပ်ပြီး လွှတ်လိုက်တာ လမ်းမှာ ကြောင်လက်စွပ်တစ်ကွင်း နှိုက်ယူထားပြီး ဥစ္စာရှင်ကို ပြန်မအပ်ဘူးလို့ ကျုပ်ရဲ့ သားမြေးမြစ်တွေအထိ သူတစ်ပါး အပြောခံရလိမ့်မယ်။ ဒီပစ္စည်းကို ကျုပ် ရအောင်ရှာခဲ့မယ်၊ မရရင် ဖိုးယုံ ပြန်မလာတော့ဘူး"

ဟု ဆိုကာ မောင်ဖိုးယုံသည် ထိုင်နေရာမှ ဖြုတ်ခနဲထ၍ ထွက်သွားလေတော့၏။ မောင်လွန်းက အတန်တန်တားသော်လည်း လှည့်၍မျှပင် မကြည့်တော့ပေ။

ထိုနေ့မှစ၍ မောင်လွန်း၏ လူယုံတော် မောင်ဖိုးယုံကား လုံးဝပေါ်ပေါက်လာခြင်း မရှိတော့ဘဲ တစ်ခါတည်း အစပျောက်၍သွားလေတော့သတည်း။

## အချိုးကုန်းရွာ ဖြစ်ပေါ်လာခြင်း

မောင်ဖိုးယုံ ထွက်သွားပြီး ရက်များမကြာမီ အချိန်၌ မောင်လွန်းသည် မန္တလေးမြို့တွင် ကျန်ရစ်ခဲ့သော အပျိုတော်ကြီး ဒေါ်သူဇာထံသို့ လူကြုံဖြင့် စာတစ်စောင် ပို့လိုက်လေ၏။ ၎င်းစာ၏ အဓိပ္ပာယ်မှာ အပျိုတော်ကြီးနှင့် တကွ နောက်ထပ်ရောက်ရှိလာမည့် နန်းတွင်းအမှုထမ်းများကို စောင့်မျှော်နေလျက်ရှိကြောင်း၊ ရောက်လျှင်ရောက်ချင်း အိမ်ဆောက်၍ နေနိုင်ရန် အတွက် သစ်ဝါးများ အဆင်သင့်ရှာထားပြီးကြောင်း၊ ထို့ပြင် ရတနာဖောင်းကန်၌ ကြောင်လက်စွပ်တစ်ကွင်း ပျောက်ဆုံးနေသဖြင့် မိမိတို့မှာ အခက်တွေ့နေကြောင်း၊ မိမိ၏ လူယုံတော် မောင်ဖိုးယုံသည် ထိုကြောင်လက်စွပ်ကို အပူတပြင်း ရှာဖွေနေကြောင်း ဖြစ်ပေသည်။

မောင်လွန်း စာပို့ပြီး လအနည်းငယ်အတွင်း၌ပင် အပျိုတော်ကြီး ဒေါ်သူဇာထံမှ စာတစ်စောင် ပြန်လည်ရောက်ရှိလာလေတော့၏။ ထိုရောက်ရှိလာသော စာမှာ အောက်ပါအတိုင်း ဖြစ်ပေသည်။

*ငလွန်း*

*နင်ပါးလိုက်သော စာကို ရတယ်။ ငါတို့ မလာတော့ဘူး။ နင်တို့ကလည်း လာဖို့ အစီအစဉ် မရှိဘူး။ နင်တို့မိသားစု ဒုက္ခရောက်မှာစိုးလို့ အောက်ပြည်အောက်ရွာကို လွှတ်လိုက်တာ။ ရတနာပစ္စည်းတွေကို ဒီအတိုင်း ပေးလိုက်ရင် နင်မယူဘူးဆိုတာသိလို့ ငါတို့ပါ လာမယ်ဆိုပြီး ပြောလိုက်တာ။ အဲဒီပစ္စည်းတွေက နင်တို့သုံးဖို့ သက်သက်ပဲ။ နန်းတွင်းအမှုထမ်းတွေက တတ်နိုင်သလောက် ဝိုင်းဝန်းပြီး ပေးလိုက်တာ။ ပြီးတော့ ငါပြောတဲ့ စာရင်းက ကြောင်လက်စွပ် ပါတယ်ဆိုတာ မှားပြီးပြောမိတာ။ ကြောင်လက်စွပ် ထည့်မပေးမိလိုက်ဘူး။ ရှာမနေနဲ့။ ကုလားမင်းလက်အော[...] သိုသိုသိပ်သိပ် ကျစ်ကျစ်လျစ်လျ[...] နေထိုင်ပါ။ ရတနာသုံးပါးကို [...] နဲ့။*

*ဒေါ်သူ[...]*

ဒေါ်သူဇာ၏ စာကိုဖတ်ပြီး[...] မောင်လွန်းသည် အောက်ပါအ[...] ညည်းညူလေတော့၏။

"ဒုက္ခပါပဲ၊ ဖိုးယုံတစ်ယော[...] တော့ မပျောက်တဲ့ ကြောင်လက်[...] ရှာနေရရှာပြီ၊ ဖိုးယုံနောက်ကို [...] ဖြစ်မယ်"

ဤသို့ ညည်းညူပြီးနော[...] မောင်လွန်းသည် ၎င်း၏ လူယုံ[...] မောင်ဖိုးယုံအား လက်လှမ်းမီသ[...] ရှာဖွေလေတော့၏။ ထိုသို့ ရှာဖွေ[...] လည်း မောင်ဖိုးယုံ၏ သတင်းအ[...] ကိုမျှ မရသဖြင့် မောင်လွန်း[...] ၎င်း၏ဇနီး မယ်ဇရက်နှင့် တိုင်[...] လေတော့၏။

"ရှင်မရေ..ငါတို့လူယုံတော်[...] မောင်ဖိုးယုံတော့ ကြောင်လက်[...] သဲသဲမဲမဲ ရှာနေရှာပြီ၊ ဒီလက်[...] မတွေ့ရင် သူတော့ ဒုက္ခပဲ၊ င[...] လည်း ပြန်လာမှာ မဟုတ်ဘူး [...] တော့ သူ့ကို ငါက ရှာရလိမ့်[...] ရှာတယ်ဆိုတော့ ဒီအတိုင်းလျှော[...] သွားနေလို့တော့ မဖြစ်ဘူး၊ င[...] ရှိတဲ့ ကျောက်မျက်ရတနာ[...] ရောင်းဝယ်ဖောက်ကားရင်း နယ်[...] လှည့်မယ်၊ ကျောက်ကုန်သည်အ[...] ဖိုးယုံကို ရှာရမှာပါပဲ"

ဟု ပြောဆိုတိုင်ပင်လျက်[...]

www.burmeseclassic.com

မျက်ရတနာများကို ယူဆောင်ကာ နယ်လှည့်၍ ကျောက်ကုန်သည် လုပ်လေတော့၏။ သို့ရာတွင် မောင်လွန်း တွေ့လိုလှသော ဖိုးယုံကိုကား မတွေ့ရရှာပေ။

မောင်လွန်းသည် နှစ်အတော်အတန်ကြာသည်အထိ ဖိုးယုံကို ရှာဖွေခဲ့လေ၏။ မတွေ့သည့်အဆုံး၌ စိတ်ပျက်လက်လျှော့ကာ ကျောက်ကုန်သည်အလုပ်ကို ရပ်ဆိုင်း၍ မအူကုန်းအနီး ၎င်း၏နေအိမ်၌ပင် နေထိုင်လေတော့၏။ ၎င်း၏ သားသမီးများ ဖြစ်ကြကုန်သော မောင်ရဲလှ၊ မောင်ထင်၊ မောင်ရွှေလုံး၊ မောင်ဖိုးကျုံး၊ မယ်တွေးနှင့် မောင်ဆင်တို့သည်လည်း လူလားမြောက်ကုန်ကြသည် ဖြစ်သဖြင့် သားသမီးများအတွက် ပူပင်စရာ မရှိတော့ပေ။

မောင်လွန်းမှာလည်း အသက်အတော်အတန် ကြီးရင့်လာပြီဖြစ်၍ ဦးလွန်းဘဝသို့ ရောက်ရှိလာလေတော့၏။ ၎င်းနေထိုင်သော အိမ်ကလေးအနီး၌ အိမ်တစ်လုံးမှ တစ်လုံး လာရောက်ဆောက်လုပ်နေထိုင်ကြရာမှအစ ရွာကြီးတစ်ရွာအသွင်ဖြစ်၍ သွားလေတော့၏။

၎င်း၏သား မောင်ဆင်မှာမူ မယ်ခင်ဆိုသော မိန်းကလေးနှင့် အိမ်ထောင်ကျပြီဖြစ်ရကား စီးပွားရေးကို ဇောက်ချလုပ်ကိုင်လေတော့၏။ မောင်ဆင်သည် အမဲကန်ထရိုက်လုပ်ငန်းကို ဇောက်ချလုပ်ကိုင်ခဲ့ရာ စီးပွားအတော်အတန် ဖြစ်ခဲ့လေသည်။ မောင်ဆင်၏ အိမ်နှင့် မလှမ်းမကမ်း နေရာလောက်တွင်လည်း အမဲရိုးများသည် တစ်စနှင့်တစ်စပင် တောင်ပုံရာပုံ ဖြစ်၍လာလေတော့သည်။ ထို့ကြောင့် အနီးပါးချင်း ရပ်ရွာမှသူများက မောင်ဆင်တို့ နေထိုင်ရာ ကုန်းမြင့်ကလေးအား လမ်းညွှန်ပြောဆိုသော အခါ၌ 'အရိုးကုန်း' ဟူ၍ ပြောဆိုကြလေ၏။

ဤသည်မှ အစပြု၍ မန္တလေးနေပြည်တော်မှ ဆင်းသက်ခဲ့ကြသော မောင်လွန်းနှင့် ၎င်း၏ သားသမီးများ နေထိုင်ရာ မအူကုန်းအနီးရှိ ကုန်းကလေးသည် အရိုးကုန်းဟူ၍လည်းကောင်း၊ ရပ်ရွာဖြစ်လာသည့်အခါတွင် အရိုးကုန်းရွာ၊ အရိုးကုန်းရပ်ကွက်ဟူ၍လည်းကောင်း ယခုထက်တိုင် တွင်ရစ်လေတော့သတည်း။

ဤသို့နှင့်ပင် တစ်စတစ်စ အရိုးကုန်းရပ်ကွက်ကြီး စည်ကားလာပြီးနောက် အထက်အညာဘက်မှ လူများသည် အရိုးကုန်းရပ်ကွက်အနီး၌ လာရောက်နေထိုင်ကြပြီးလျှင် တစ်ရပ်ကွက်လုံးလိုလို ပျားရည်များ ရောင်းချသောကြောင့် 'ပျားရည်ကုန်း' ဟု အမည်တွင်သည့် ရပ်ကွက်တစ်ခုလည်း ထပ်မံ၍ ပေါ်ပေါက်လာလေတော့၏။

ထို့နောက်တွင်ကား အထက်မြန်မာ ရွှေဘိုကျောက်မြောင်းဘက်မှ လူတို့သည်လည်း ထိုအနီးတစ်ဝိုက်၌ ရပ်ရွာတည်ထောင်၍ လာရောက်နေထိုင်ကြရာ ထိုရပ်ကွက်ကိုလည်း 'ကျောက်မြောင်းရွာ' ကျောက်မြောင်းရပ်ကွက်ဟု ခေါ်တွင်လေတော့၏။ ကျောက်မြောင်းရပ်ကွက်၏ ရွာဦးကျောင်းဟု ဆိုအပ်သော ကျောက်မြောင်းဘုန်းတော်ကြီးကျောင်းမှာလည်း တောင်ကုန်းမြင့်ကလေးပေါ်၌ တည်ရှိလေ၏။ ယခုထက်တိုင် ကျောက်မြောင်းကျောင်းတိုက်ကြီးမှာ ရှိသေးတော့၏။

ကျောက်မြောင်းရွာကြီး၏ အစွန်ဘက်တွင် လွန်စွာကျယ်ဝန်းသော မြေကွက်လပ်ကြီးတစ်ခုလည်း ရှိလေ၏။ ထိုမြေကွက်လပ်ကြီးမှာ ဒေါ်သဲအုဆိုသည့် အမျိုးသမီးကြီးတစ်ဦး၏ ဘိုးဘွားပိုင်မြေ ဖြစ်လေ၏။ ထိုအချိန်က ရန်ကုန်မြို့တွင် ဓားမဦးချ လုပ်ကိုင်စားသောက်သောမြေကို (ဘိုးဘွားပိုင်) ဟု ခေါ်၏။ အစိုးရပိုင်မြေကို အစိုးရမြေဟု ခေါ်၏။ ၎င်းအစိုးရမြေမှာ အနှစ်လေးဆယ်၊ အနှစ်ကိုးဆယ် စသည်ဖြင့် ငှားရမ်းနေထိုင်ခွင့်ပြုသောကြောင့် ဂရန်မြေဟုလည်း ခေါ်၏။ ဘိုးဘွားပိုင်မြေမှာ တစ်နှစ်မှ တစ်ကြိမ် မြေခွန်ဆောင်ရ၏။ အစိုးရမြေ(ဂရန်မြေ)မှာ သုံးလတစ်ကြိမ် မြေခွန်ဆောင်ရ၏။

အထက်တွင် ဖော်ပြခဲ့သော ဒေါ်သဲအုပိုင်သည့်မြေမှာ တစ်နှစ်မှာ တစ်ကြိမ်သာ မြေခွန်ဆောင်ရသော ဘိုးဘွားပိုင်မြေမျိုး ဖြစ်လေ၏။ ၎င်းဒေါ်သဲအုသည် ထိုမြေကွက်ကြီးအား တရုတ်သူဌေးများလက်သို့ ရောင်းချလိုက်လေ၏။ ထိုတရုတ်သူဌေးများလည်း မြေကွက်ကြီးအား အုတ်တံတိုင်း

www.burmeseclassic.com

ခတ်လိုက်ပြီးနောက် ၄င်းတို့ အမျိုးသားများ သေဆုံးလျှင် မြှုပ်နှံရန်အတွက် သင်္ချိုင်းအဖြစ် သတ်မှတ်လိုက်လေ၏။ ထို့ကြောင့် ထိုနေရာအား တရုတ်သင်္ချိုင်းဟု ခေါ်လေ၏။

ထိုအနီးအနားတွင် နေထိုင်သောသူတို့သည် လွန်စွာသန့်ပြန့်သားနားလှသော သောက်ရေအိုးစင်ကလေးတစ်ခု လှူဒါန်းထားလေ၏။ ခရီးသွားများသည် ထိုရေအိုးစင်ကလေးအနားသို့ ရောက်လျှင် နားနေအမောဖြေ၍ ရေများသောက်သုံးကြလေ၏။

တစ်နေ့သ၌ အထက်တွင် ဖော်ပြခဲ့သော တရုတ်သင်္ချိုင်းသို့ 'အန်းမကြီးတင်'ဟုခေါ်သော တရုတ်မကြီး၏ အသုဘကို ချလာလေ၏။ တရုတ်အသုဘတို့၏ ထုံးစံမှာ အမျိုးသားသေလျှင် အသုဘရထား၏ အပေါ်၌ ကျားရုပ်ကလေး တပ်ဆင်ပြီး၊ အမျိုးသမီးသေလျှင် ဖျိုင်းရုပ်ကလေး တပ်ဆင်သည်ဖြစ်ရာ ထိုအန်းမကြီး၏ အသုဘရထားပေါ်၌ ဖျိုင်းရုပ်ကလေး တပ်ဆင်၍လာလေ၏။ ထိုဖျိုင်းရုပ်ကလေးသည် အထက်တွင် ဖော်ပြခဲ့သော ရေအိုးစင်အနီး၌ ပြုတ်၍ကျခဲ့လေ၏။ ထိုသို့ ပြုတ်ကျသည်ကို အသုဘပို့သူများကလည်း မြင်တွေ့ခြင်း မရှိကြပေ။ သင်္ချိုင်းဝင်းအတွင်းသို့သာလျှင် အန်းမကြီး၏ အသုဘရထားအား ဆွဲသွားကြလေတော့၏။ ထိုအခါ၌ ရေအိုးစင်အနီးတွင် နေထိုင်သော လှမောင်ဆိုသူသည် ထိုဖျိုင်းရုပ်ကလေးအား လှပသည်ဟုဆိုကာ သောက်ရေအိုးစင်၏ နဖူးစီး၌ သံနှင့်ရိုက်ထားလိုက်လေတော့၏။ ထို့ကြောင့် လူတို့သည် ဖျိုင်းရုပ်ကလေး တပ်ဆင်ထားသော ရေအိုးစင်ကို ဖျိုင်းရေအိုးစင်ဟု ခေါ်ဝေါ်ကြသည်မှ အစပြု၍ ထိုရွာကြီးကိုလည်း 'ဖျိုင်းရေအိုးစင်ရွာ'ဟူ၍လည်းကောင်း၊ ရပ်ကွက်ဖြစ်လာသည့်အခါ၌လည်း 'ဖျိုင်းရေအိုးစင်ရပ်ကွက်'ဟူ၍လည်းကောင်း ယခုထက်တိုင် ခေါ်ဆိုကြလေတော့၏။

မှတ်ချက် - (မအူကုန်း၊ အရိုးကုန်း၊ ပျားရည်ကုန်း၊ ကျောက်မြောင်း၊ ဖျိုင်းရေအိုးစင် စသည့်ရပ်ကွက်များ ဖြစ်ပေါ်လာပုံကို အကျဉ်းချုံး၍ တင်ပြလိုက်ရပေသည်။ အသေးစိတ် ရေးသားဖော်ပြပါမူ ဤစာအုပ်အရွယ် စာအုပ်ပေါင်း တစ်ဒါဇင်ကျော်မျှနှင့် အထောက်အထား ဓာတ်ပုံပေါင်းများစွာ ဖော်ပြရေးသားရမည် ဖြစ်သောကြောင့် ဤမျှနှင့်ပင် စိတ်ကိုချုပ်၍ လက်ကိုတို့ကာ ရပ်နားပြီးနောက် ကြောင်လက်စွပ်ကို ရှာဖွေခဲ့သော မောင်ဖိုးယုံ၏ အကြောင်းကို ဆက်လက်၍ ဖော်ပြလိုက်ရပေသတည်း)

## ထော့ကားကဝိ

တစ်နေ့သ၌ လူတစ်ယောက်သည် ပြည်မြို့အနီးရှိ သာလာယံဇရပ်တစ်လုံးပေါ်တွင် အမောဖြေရင်း အိပ်စက်နားနေလေ၏။ ထိုသူသည် ခရီးပန်းလာသူဖြစ်ကြောင်းကို နေလောင်ထားသော ၄င်း၏ မျက်နှာနှင့် ပက်ကြားအက်များ ထနေသည့် ၄င်း၏ ခြေဖဝါးများက သက်သေခံလျက် ရှိပေသည်။ ထိုလူအိပ်နေသည်ကို အနီးအနား ချုံပုတ်များကို အကွယ်အကာယူ၍ လူငါးဦးတို့သည် ချောင်းမြောင်းကြည့်ရှုနေလေ၏။ ထိုချောင်းမြောင်းကြည့်ရှုသူများအနက် တစ်ယောက်သောသူက...

"အိပ်မောမကျသေးဘူးကွ၊ အိပ်မောကျတဲ့အထိ စောင့်ရမယ်"

ဟု ပြောလေ၏။ ကျန်သူများကလည်း ထိုသူ၏ စကားကို လက်ခံကြကုန်၏။ ဇရပ်ပေါ်မှ လူလည်း ခရီးပန်းလာသည်ဖြစ်ခြင်းကြောင့် များမကြာမီ၌ပင် အိပ်မောကျလေတော့၏။

"မဟုတ်ဘူးကွ၊
ငါ့အဘိုး အမွေပေးထားတဲ့
ကြောင်လက်စွပ်
တံခါးမှူး လွှန်းဆီက
ဘာပစ္စည်းမှ မရသေးဘူး၊
လွှန်းကို ငါတို့တိုက်တော့
ရတနာပစ္စည်းတွေ
မင်းနဲ့ ပါသွားတယ်လို့ သိရတယ်၊
အဲဒီသတင်းအရ မင်းနောက်ကို
ငါတို့ လိုက်ခဲ့တာပဲ၊
မင်း ဝင်ပြီးတည်းသွားတဲ့
ဒလန် မောင်ပိုးသာအိမ်ကိုလည်း
ငါတို့ ရောက်ပြီးပြီ၊
ငါတို့မေးတာကို ကောင်းကောင်းမဖြေလို့
မလွှဲသာမရှောင်သာ လက်စတုံးပစ်ခဲ့တယ်



www.burmeseclassic.com

www.burmeseclassic.com

ထို့ကြောင့် ၄င်းထံမှ 'ဟောက်' သံများပင် ထွက်လာလေတော့၏။ ထိုအခါ၌ ချောင်းမြောင်းနေသူများသည် ဇရပ်အနီးသို့ တရွေ့ရွေ့ ချဉ်းကပ်လာကြကုန်၏။ ဇရပ်အနီးသို့ ရောက်လျှင် ခေါင်းဆောင်လုပ်သူက ၄င်း၏ နောက်လိုက်တစ်ဦးအား…

"ဟေ့…ရွှဲကြီး၊ ဟိုတစ်ခါလို ဖြစ်ဦးမယ်နော်၊ ငလွန်းတုန်းကတော့ ငါတို့ဘက်က ခံလိုက်ရတယ်၊ ဒီတစ်ခါတော့ အဲဒီလိုမဖြစ်အောင် လုပ်ရမယ်ကွ"

ဟု ပြောလိုက်လေ၏။

ထိုအခါ၌ ငရွှဲဆိုသူက ၄င်း၏ ခေါင်းဆောင်လုပ်သူအား…

"စိတ်ချပါ ရောင်းရင်းရယ်၊ မဖြစ်စေရပါဘူး၊ ယောဒီငှက်ကြီးတောင်ဓားနဲ့ သူ့လည်ပင်း တစ်ခါတည်း ခုတ်ချလိုက်မှာ၊ သူ့ခေါင်းနဲ့ ကိုယ်ဟာ နေပြည်တော်နဲ့ အောက်ပြည်အောက်ရွာကို တစ်ခါတည်း အဆက်ပြတ်သွားမှာပါ"

ဟု ပြန်ပြောပြီးလျှင် ငရွှဲသည် ဇရပ်ပေါ်သို့ ဖြည်းညင်းစွာ တက်၍ အိပ်ပျော်နေသူအနီးသို့ ချဉ်းကပ်လေ၏။ အိပ်ပျော်သူလည်း မည်သို့ဖြစ်သည်မသိ 'ဟောက်'သံများ ရပ်၍သွားလေတော့၏။

ထို့ကြောင့် ငရွှဲသည် ခေတ္တမျှ စောင့်ဆိုင်း၍ အကဲခတ်လိုက်လေ၏။ ထိုအချိန်၌ပင် အိပ်ပျော်နေသူထံမှ 'ဟောက်'သံများ ပြန်လည်ထွက်ပေါ်လာလေတော့၏။ ငရွှဲလည်း အိပ်ပျော်နေသူကို အချိန်အတော်ကြာ အကဲခတ်ကြည့်ရှုပြီးနောက် လည်ပင်းဆီသို့ ချိန်ရွယ်၍ ငှက်ကြီးတောင်ဓားကြီးဖြင့် 'ဒိုင်း'ခနဲ ပြေး၍ ပိုင်းချလိုက်လေတော့၏။ ငရွှဲ၏ ငှက်ကြီးတောင်ဓားသည်သာလျှင် ကြမ်းပြင်၌ ဓားဦးစိုက်၍ နှုတ်မရအောင် စွဲလေတော့၏။ အမှန်စင်စစ်အားဖြင့် ဇရပ်ပေါ်မှလူသည် နဂိုကပင် အိပ်ပျော်ခြင်း မရှိခဲ့ပေ။ 'ရန်သူလာလေမည်လား' ဟု တွေးတောကာ အိပ်ဟန်ဆောင်၍နေခြင်းသာ ဖြစ်ပေ၏။

ထိုသူကား ပျောက်သော ကြောင်လက်စွပ်ကို ရှာဖွေရန် ပြည်မြို့သို့ တစ်ခေါက်ပြန်၍လာသည့် မောင်လွန်း၏ လူယုံတော် မောင်ဖိုးယုံ ဖြစ်ပေတော့သတည်း။

မောင်ဖိုးယုံသည် အထက်က ဆိုခဲ့သည့်အတိုင်း တစ်ဖက်သို့ လှည့်ပြီးနောက် ငရွှဲ၏ မျက်နှာသို့ 'ခွပ်ခနဲ' နေအောင် ဒူးဖြင့်ခုန်၍တိုက်လေ၏။ ငရွှဲလည်း လဲကျလေတော့၏။ ကျန်လူများလည်း ဇရပ်တွင်းသို့ဝင်ကာ မောင်ဖိုးယုံအား ဓားဖြင့်ခုတ်၏။ မောင်ဖိုးယုံက ရှောင်၍ ခြေဖြင့်ခတ်၏။ ဓားပြတို့က ဝိုင်း၍ချုပ်၏။ မောင်ဖိုးယုံက တံတောင်ဖြင့် တွက်၍ ထွက်၏။ ဓားပြတို့သည် ထိခိုက်နာကျင်သဖြင့် ထွက်ပြေးကြလေ၏။ ဓားပြခေါင်းဆောင်ကိုမူ မောင်ဖိုးယုံက ဖမ်း၍ချုပ်လေ၏။ ဓားပြခေါင်းဆောင်က ရုန်းလေ၏။ မောင်ဖိုးယုံသည် ကြမ်းပြင်၌ စိုက်နေသည့် ငှက်ကြီးတောင်ဓားကို နှုတ်ယူကာ ဓားပြခေါင်းဆောင်၏ ညာလက်သူကြွယ်ကို ခုတ်ဖြတ်လိုက်လေ၏။ ဓားပြခေါင်းဆောင်လည်း နေရာ၌ပင် လဲလေတော့၏။ ဓားပြခေါင်းဆောင်၏ လက်သူကြွယ်သာမဟုတ် လက်သန်းကလေးပါ ကြမ်းပြင်ပေါ်သို့ ပြတ်၍ကျလေတော့၏။

မောင်ဖိုးယုံလည်း ဓားပြခေါင်းဆောင်၏ လက်သူကြွယ်လက်ချောင်းကို ကောက်ယူပြီးလျှင် ထိုလက်ချောင်း၌ ဝတ်လျက်ပါလာသော 'ကြောင်' လက်စွပ်ကို ဖြုတ်ယူပြီးလျှင်…

"အဖိုးထိုက်စွာ ကြောင်ဖေယျာကား ဝါဝါအဆင်း ခုနှင်းသို့တဲ့၊ ကြောင်ကော်ရယ်ကား လျှမ်းပတ်ရွှေဆင်း ညီညီဝင်း၏တဲ့။ ဝေါရပ်ပညက် ကျောက်မျက်ရှု၏။ မနီလွန်းထ၊ ကြောင်ဘသ္မာစဖ္လာအဆင်း ရွှေရည်ကျင်းသို့ ဝင်းဝင်းသက်တင် ရေထွက်ချင်၏။ ရွှေစင်တရာ ထိုက်ပေရာတဲ့။ အဲဒီတော့ မင်းလက်ချောင်းမှာ ပါလာတဲ့ ကြောင်လက်စွပ်ဟာ ရွှေစင်တစ်ရာ အဖိုးထိုက်တန်တဲ့ ဘသ္မာကြောင်မျိုးပဲကွ၊ ဒီဥစ္စာဟာ ငါ့ရဲ့ ရောင်းရင်းကြီး ကိုရင်လွန်းရဲ့ ဖောင်းကန့်ထဲမှာ ပါလာတဲ့ ကြောင်လက်စွပ် မဟုတ်လား ဟေ့ကောင်"

ဟု ဓားပြခေါင်းဆောင်၏ ရင်ဝကို ခြေဖြင့် တစ်ချက်တို့လိုက်ရင်း မေးလိုက်လေ၏။ ဓားပြခေါင်းဆောင်လည်း နာကျင်သော ဝေဒနာကို ခံစားရင်း…

"မဟုတ်ဘူးကွ၊ ငါ့အဘိုး



www.burmeseclassic.com

www.burmeseclassic.com

အမွေပေးထားတဲ့ ကြောင်လက်စွပ် တံခါးမှူး ငလွန်းဆီက ဘာပစ္စည်းမှ မရသေးဘူး၊ ငလွန်းကို ငါတို့တိုက်တော့ ရတနာပစ္စည်းတွေ မင်းနဲ့ ပါသွားတယ်လို့ သိရတယ်၊ အဲဒီသတင်းအရ မင်းနောက်ကို ငါတို့ လိုက်ခဲ့တာပဲ၊ မင်း ဝင်ပြီးတည်းသွားတဲ့ ဒလန်မောင်ဖိုးသာအိမ်ကိုလည်း ငါတို့ ရောက်ပြီးပြီ၊ ငါတို့မေးတာကို ကောင်းကောင်းမဖြေလို့ မလွှဲသာမရှောင်သာ လက်စတုံးပစ်ခဲ့ရတယ်"

ဟု ဓားပြခေါင်းဆောင်က ပြောလိုက်သောအခါ မောင်ဖိုးယုံသည်...

"ငါကလည်း မလွှဲမရှောင်သာ"

ဟု ဆိုကာ ဓားပြခေါင်းဆောင်၏ လည်တိုင်ကို 'တိ'ခနဲ ပိုင်းချလိုက်လေတော့၏။

ထို့နောက်တွင်ကား မောင်ဖိုးယုံသည် ပြင်သစ်လူမျိုး ဖာဒီနံ၏ ကြောင်လက်စွပ်သတင်းကို စုံစမ်းရန်အတွက် ခရီးထွက်ခဲ့လေတော့၏။ ၎င်းသွားရာ ခရီးတစ်လျှောက်၌လည်း ၎င်းနှင့်အတူ ရတနာပစ္စည်းများ ပါရှိသည်ဟု ထင်မှတ်မှားကြကုန်သော လောဘသားတို့သည် ၎င်းတို့၏ အသက်ကို လုပ်ကြံ၍ ရတနာပစ္စည်းကို ယူရန်အတွက် အရိပ်ပမာ လိုက်ပါသွားကြလေတော့၏။

ဤသို့နှင့်ပင် မောင်ဖိုးယုံသည် မန္တလေးနေပြည်တော်သို့ တစ်ခေါက်ရောက်ရှိသွားလေတော့၏။ ၎င်းရောက်ရှိသွားသော အချိန်ကား ရတနာဂီရိသို့ သီပေါဘုရင် ပါတော်မူပြီး နှစ်အနည်းငယ်ပင် ကြာညောင်းခဲ့ပြီ ဖြစ်၏။ တစ်တိုင်းတစ်ပြည်လုံးမှာ ဗြိတိသျှအစိုးရက သိမ်းပိုက်လိုက်ပြီ ဖြစ်လေ၏။

မောင်ဖိုးယုံသည် အပျိုတော်ကြီး ဒေါ်သူဇာကို ရှာဖွေလေ၏။ သို့ရာတွင် ဒေါ်သူဇာကို မတွေ့ခဲ့ရပေ။ ထို့ကြောင့် ဆရာမှတ်ကြီး ထမင်းချက် ပြင်သစ်လူမျိုး ဖာဒီနံကို ရှာပြန်၏။ ဖာဒီနံကိုလည်း မတွေ့ရပြန်ပေ။ သို့ရာတွင် ဖာဒီနံနှင့် အတူအိပ် အတူစားဆိုသလို နေခဲ့ဖူးသော ဆရာမှတ်ကြီး၏ ကျောင်းစာရေး ချာလီကိုမူ တွေ့ရလေ၏။ ချာလီဆိုသူမှာ လွန်စွာမြန်မာရေလည်သော အင်္ဂလိပ်လူမျိုး ဖြစ်ပေ၏။ ခရစ်ယာန်သာသနာပြု ဘုန်းတော်ကြီး ဆရာမှတ်ထံတွင် နှစ်ပေါင်းများစွာ အလုပ်လုပ်ခဲ့သူ ဖြစ်ပေ၏။ ၎င်းစာရေး ချာလီမှာ လေငန်းရောဂါ ရှိသောကြောင့် မြန်မာကျောင်းသားများက 'လေငန်းချာလီ' ဟု ခေါ်ကြလေ၏။

မောင်ဖိုးယုံသည် ထိုလေငန်းချာလီနှင့် တွေ့ဆုံ၍...

"ချာလီရယ် မင်းနဲ့အတူနေခဲ့ဖူးတဲ့ ပြင်သစ်ထမင်းချက်ကို မင်းကောင်းကောင်းသိမှာပေါ့"

ဟု မေးမြန်းရာ ချာလီက...

"သူ့ကို မသိဘူးဆိုရင် ကျုပ်ဟာ မုသာဝါဒကံထိုက်မှာ"

ဟု ပြန်၍ပြောလေ၏။

"အေး..အဲဒီလိုဆိုရင် ပြင်သစ်ထမင်းချက်ရဲ့လက်မှာ ဝတ်ထားတဲ့ ကြောင်လက်စွပ်ကိုလည်း မင်းမြင်ဖူးမှာပေါ့"

ဟု မောင်ဖိုးယုံက ပြန်၍မေးလိုက်ရာ ချာလီက...

"မြင်ဖူးတာပေါ့ဗျာ၊ မဇ္ဈိသျှတ္တရကျမ်းမှာလာတဲ့ ကြောင်စကားနဲ့ ပြောမယ်ဆိုရင် အဲဒီထမင်းချက် ဝတ်တဲ့ကြောင်ဟာ ဝါဝါရွှေရွှေ စိမ်းစိမ်းညိုညို အရောင်ရှိတဲ့ ကြောင်ရှိန့်ပုပ်မျိုးဗျ၊ အဲဒါကို ကြောင်ကျောက်အကြောင်း ကောင်းကောင်းနားမလည်တဲ့လူတွေက သီလဂုတ်ကြောင် ပြည်ပုပ်ရောင်လို့ ခေါ်ကြတာပေါ့ဗျာ၊ အရောင်ကတော့ အနာကထွက်တဲ့ ပြည်ပုပ်နဲ့ ခပ်ဆင်ဆင်ပဲဗျ"

ဟု ပြောလေ၏။

"အေး...ငါက အဲဒီကြောင်လက်စွပ်ကို ရှာနေတာကွ"

ဟု မောင်ဖိုးယုံက ပြောလိုက်လျှင် ချာလီက...

"ဘယ်လိုလဲ ကိုရင်ဖိုးယုံရယ်၊ နေပြည်တော်ကြီးလည်း ရွှေမှန်ကင်းအစစ်က ထင်းဖြစ်သွားရှာပြီ၊ အရှင်သီပေါကိုလည်း ကာနယ်စလေဒင်တို့က ကြက်ကလေး ငှက်ကလေး ဖမ်းသလို ဖမ်းသွားကြပြီ။ 'ထီးသုဉ်း နန်းသုဉ်း ကြငှန်းသုဉ်းနဲ့ မြို့သုဉ်း သုညသုန်းသုံဝနဲ့ ဖြစ်ရလာလေ တို့တစ်တွေသည် သေသော်မှတည့် သြော် ကောင်း၏' ဆိုတဲ့ အချိန်မျိုး ရောက်နေပြီဗျ။ တိုင်းပြည်ပျက်နေပြီဗျ၊ အရေးထဲမှာ ခင်ဗျားက ပြင်သစ်ထမင်းချက်ရဲ့ ကြောင်လက်စွပ်ကို ဘာကြောင့်ရှာနေတာတုံးဗျာ။ မိန်းမသားမွေး၊ ယောကျ်ား ဓားသွေးဆိုတဲ့ စကားပုံအတိုင်း

www.burmeseclassic.com

ဘေးကိုသွေးပြီး၊ ဗြိတိသျှကို တိုက်ထုတ် ၆ ဘ်ကျူးစမ်းပါ ကိုရင်ဖိုးယုံရယ်၊ ခင်ဗျားတို့လို လူတွေကို ပြောရတာ မိချောင်းမိကို ရေကူးသင်ပေးရသလိုပဲဗျာ"

ဟု ပြောလိုက်လေ၏။

"ဒါတွေထားစမ်းပါကွာ၊ ငါ့အတွက်တော့ အဲဒီကြောင်လက်စွပ်က အရေးကြီးနေတယ်ကွ၊ ကြောင်က ဘယ်အရွယ်လောက်ရှိသလဲ၊ အဲဒီကြောင်လက်စွပ်မှာ ဘယ်လိုအမှတ်အသားမျိုး ပါသလဲ"

ဟု မောင်ဖိုးယုံက မေးလိုက်လေ၏။

"ကျုပ် သေသေချာချာ မှတ်မိပါတယ်၊ ကြောင်က မန်ကျည်းစေ့အရွယ်လောက် ရှိတယ်၊ ကွင်းထားတာက ငွေအစစ်မဟုတ်ဘူးဗျ၊ လောဟာနဲ့စပ်ပြီး ကွင်းထားတာ၊ ဒီမှာကွင်းတဲ့ လက်စွပ်မဟုတ်ဘူး၊ လန်ဒန်မှာ ကွင်းလာခဲ့တာ၊ လက်စွပ်ရဲ့ စွန်ကုပ်အောက်နားမှာ လန်ဒန် ပန်းထိမ်ဆရာနဲ့ ဟော်မတ်ခ်လို့ခေါ်တဲ့ တိုက်တံဆိပ်ပါတယ်ဗျ၊ အဲဒီတံဆိပ်ကိုလည်း ကျုပ်ကောင်းကောင်းမှတ်မိတယ်၊ ဟောဒီမှာကြည့် ဟောဒီပုံစံမျိုး"

ဟု ဆိုကာ လေငန်းချာလီက (H)ဟူသော တိုက်တံဆိပ်ကို ရေးပြလေ၏။

မောင်ဖိုးယုံလည်း ထိုတိုက်တံဆိပ်ကို ကြည့်ပြီးလျှင် (H)စာလုံးအား လှေကားနှင့် အမှတ်အသားပြုလိုက်လေ၏။ (M)စာလုံးကိုမူ (က) ဟု အမှတ်အသားပြုလိုက်လေ၏။ အင်္ဂလိပ်ဂဏန်း(8)ကိုမူ ဝလုံးကြီးတင် (ဝိ)ဟု အမှတ်အသား ပြုလိုက်လေ၏။ ထိုသို့ အမှတ်အသားပြုပြီးနောက် ချာလီအား...

"အေး ငါ မှတ်မိပြီ 'လှေကားကဝိ'ပေါ့ကွ"

ဟု ပြောလိုက်ရာ ချာလီက...

"ကျုပ်ရေးပြတဲ့အထဲမှာ လှေကားလည်း မပါဘူး၊ ကဝိလည်း မပါဘူး"

ဟု ပြန်၍ပြောလေ၏။

**"မဟုတ်သေးဘူးလေ၊**

**ငါက ကိုရင်လွန်းကို ပြောခဲ့တာ**

**ကြောင်လက်စွပ် မရရင်**

**ပြန်မလာဘူးလို့ ပြောခဲ့တာပဲ၊**

**ဘာပဲဖြစ်ဖြစ် ရအောင်တော့ ရှာရမယ်၊**

**ယောက်ျားဆိုတာ ခင်ခြေကို အသုံးပြုပြီး**

**နှုတ်ကထွက်တဲ့ ကတိကို မဖျက်သင့်ဘူး၊**

**ဘာပဲဖြစ်ဖြစ် ဒီလောက်တောင်**

**ခြေရှည်တဲ့ ကြောင်လက်စွပ်ကို**

**ရအောင်ရှာမယ်"**

"ဒီဟာ လှေကားလေကွာ"

ဟု ဆိုကာ မောင်ဖိုးယုံက (H) စာလုံးကို ထောက်၍ပြလေ၏။ ချာလီက...

"ဘယ်က လှေကားရမှာတုံးဗျ၊ အဲဒါ အင်္ဂလိပ်စာလုံး (H)ကို ပြောတာ၊ ဒီဥစ္စာကလည်း အင်္ဂလိပ်စာလုံး (M)ဗျ၊ ပြီးတော့ ဟောဒါ ကဝိမဟုတ်ဘူး၊ အင်္ဂလိပ်လို နံပါတ်ရှစ်ကို ရေးတာ"

ဟု ပြောလေ၏။

"အိုကွာ၊ ငါမှတ်တတ်သလို 'လှေကားကဝိ'ပဲ မှတ်ထားမယ်၊ မင်းလျှာမရှည်နဲ့တော့၊ ကဲ ငါသွားမယ်၊ ချာလီဆိုတဲ့ နိဗ္ဗာန်နဲ့ဝေး ကျောင်းစာရေးရေ"

ဟု ပြောဆိုကာ မောင်ဖိုးယုံလည်း ထွက်ခဲ့လေ၏။ ချာလီကလည်း...

"သွားပေဦးတော့ လှေကားကဝိခေါ်တဲ့ လှေကားရင်းက ပညာရှိကြီးရေ"

ဟု လှမ်း၍နောက်လိုက်လေ၏။

မောင်ဖိုးယုံလည်း '(HM8)ခေါ် လှေကားကဝိ' နဲ့ အမှတ်အသားပါသည့် လေဟာဖြင့် ပြုလုပ်ထားသော ကြောင်ရုပ်ပုပ်လက်စွပ်အား သဲသဲမဲမဲကြီး ဆက်လက်၍ ရှာဖွေလေတော့၏။

ဈေးပြမျှားမှာလည်း နန်းတွင်းရတနာပစ္စည်းများ မောင်ဖိုးယုံနှင့်အတူ ပါသွားသည်ဟု တစ်ဦးနှင့်တစ်ဦး ပြောဆိုကြရာမှတစ်ဆင့် ထိုသတင်းသည် တစ်စတစ်စ ပျံ့နှံ့သွားရာ မောင်ဖိုးယုံအား သတ်ဖြတ်လုပ်ကြံ၍ ရတနာပစ္စည်းများ ရယူလိုသော လောဘသားတို့သည် ကိုယ့်အဖွဲ့နှင့် ကိုယ်ဆိုသလို မောင်ဖိုးယုံ၏ နောက်သို့ တလိုက်တည်းလိုက်၍နေကြလေတော့၏။

မောင်ဖိုးယုံသည် ဒဏ်ရာရ၍ ထွက်ပြေးလွတ်မြောက်သွားသော



www.burmeseclassic.com

www.burmeseclassic.com

သားကောင်၏နောက်သို့ လိုက်လျက်ရှိသော မုဆိုးကဲ့သို့ ပြင်သစ်ထမင်းချက်၏ ကြောင်လက်စွပ်နောက်သို့ တရစပ်လိုက်နေသကဲ့သို့၊ မောင်ဖိုးယုံ၏ နောက်သို့လည်း ရတနာပစ္စည်းများပါသည်အထင်နှင့် လူဆိုးတို့သည် အုပ်နှင့်သင်းနှင့် လိုက်နေလေတော့၏။

နန်းတွင်း၌ အမှုတော်ထမ်းသော ငရွှေသီးဆိုသူ၏နှမ မိနက်ကျော်အား ပြင်သစ်ထမင်းချက် ဖာဒီနံက ပိုးပမ်း၍ ကြောင်လက်စွပ်တစ်ကွင်း ပေးခဲ့ဖူးလေသည်။ မိနက်ကျော်က တစ်ဖန် ထိုကြောင်လက်စွပ်အား ၎င်း၏အစ်ကို ငရွှေသီးအား ပေးလိုက်လေ၏။ ငရွှေသီးက တစ်ဖန် ၎င်း၏ မေတ္တာရှိသော အပျိုတော်ကြီး ဒေါ်သူဇာကို ပေး၏။ ဒေါ်သူဇာ၏ လက်မှတစ်ဖန် ပြေည့်စုံ ဆိုသော အာဏာသားကို ပေး၏။ ၎င်းပြေည့်စုံက တစ်ဖန် နှင်းပုဆိုသည့် မုန့်ဆပ်သွားဖူးရောင်းသော မိန်းကလေးအား ပေးလိုက်လေ၏။ ထိုမနှင်းပုက တစ်ဖန် ၎င်းမေတ္တာရှိသော ပသီကုလားဗလီဆရာအား ပေးလိုက်လေ၏။ ထိုပသီကုလားဗလီဆရာမှ တစ်ဖန် ပန်းသေးမ မာတူးတူး ဆိုသူကို ပေးပြန်၏။ ထိုမာတူးတူးကတစ်ဖန် ၎င်း၏ ဦးလေး ဒါဝပ်ကို ပေး၏။ ဒါဝပ်ကတစ်ဖန် ၎င်းလွန်စွာ ယုံကြည်ကိုးစားသော ကိုရင်ကြီး ပဏ္ဍိတကို လှူဒါန်း၏။ ကိုရင်ကြီး ပဏ္ဍိတကတစ်ဖန် ၎င်း၏ ဆွမ်းကွမ်းဒါယကာဖြစ်သော ဆီကုန်သည် ဦးပြာလူးအား ပေး၏။ ဦးပြာလူးကတစ်ဖန် နယ်လှည့်၍ ဗေဒင်ဟောသော ပုဏ္ဏားပညာကို ပေး၏။ ထိုနေရာ၌ပင် ကြောင်လက်စွပ်၏ သတင်းသည် ပျောက်လေတော့၏။

မောင်ဖိုးယုံသည် ဤသို့လျှင် အဆင့်ဆင့် လိုက်လံရှာဖွေခဲ့ရာ အထက်ပါအတိုင်း တစ်လက်မှ တစ်လက်သို့ ကူးပြောင်းသွားသော ပြင်သစ်ထမင်းချက် ကြောင်လက်စွပ်သတင်းကို ရရှိလေ၏။ ထို့ကြောင့် မောင်ဖိုးယုံက စဉ်းစားသည်မှာ…

ငါ လိုက်ရှာနေတဲ့ ကြောင်လက်စွပ်ဟာ နဂိုကပင် အပျိုတော်ကြီး ဒေါ်သူဇာက ငါ့မိတ်ဆွေ ကိုရင်လွန်းကို ပေးလိုက်တာ ပါမှမပါဘဲ၊ အပျိုတော်ကြီး ဒေါ်သူဇာက အာဏာသား ပြေည့်စုံကို ပေးလိုက်တာဆိုပဲ၊ ဒီတော့ ငါ့အနေနဲ့ ဆက်ပြီးရှာဖို့ မလိုတော့ဘူး ဟူ၍ပင် ဖြစ်ပေ၏။ ထိုသို့ စဉ်းစားပြီးကာမှ မောင်ဖိုးယုံသည် အောက်ပါအတိုင်း စဉ်းစားပြန်လေ၏။

"မဟုတ်သေးဘူးလေ၊ ငါက ကိုရင်လွန်းကို ပြောခဲ့တာ ကြောင်လက်စွပ် မရရင် ပြန်မလာဘူးလို့ ပြောခဲ့တာပဲ၊ ဘာပဲဖြစ်ဖြစ် ရအောင်တော့ ရှာရမယ်၊ ယောကျ်ားဆိုတာ ဆင်ခြေကို အသုံးပြုပြီး နှုတ်ကထွက်တဲ့ ကတိကို မဖျက်သင့်ဘူး၊ ဘာပဲဖြစ်ဖြစ် ဒီလောက်တောင် ခြေရှည်တဲ့ ကြောင်လက်စွပ်ကို ရအောင်ရှာမယ်"

ဟု ယတိပြတ် ဆုံးဖြတ်လိုက်လေတော့၏။

ထို့နောက်တွင်ကား မောင်ဖိုးယုံသည် ပုဏ္ဏားပညာဆိုသူကို ရှာရန်အတွက် ၎င်းကိုယ်တိုင်ပင် လက္ခဏာဖတ်သော ဆရာအဖြစ်ဖြင့် အနယ်နယ်အရပ်ရပ်သို့ လှည့်လည်၍ သွားလာနေလေတော့၏။ လက္ခဏာဆရာလုပ်ငန်းကို ရွေးချယ်ခြင်းမှာ ကြောင်လက်စွပ် ဝတ်ထားသူများအား အနီးကပ် လေ့လာရန် အခွင့်အလမ်းကို ရရှိသောကြောင့် ဖြစ်၏။ အခြားအကြောင်းတစ်ခုမှာ မောင်ဖိုးယုံသည် အနယ်နယ်အရပ်ရပ်သို့ လှည့်လည်နေစဉ်အတွင်း သူတော်စင်တစ်ဦးထံမှ ထိုပညာ၏ လျှို့ဝှက်ချက်များကို ကောင်းထောက်မ၍ ရရှိလိုက်သောကြောင့်ဖြစ်၏။ ထိုသူတော်စင်ကြီးမှာ နေထိုင်မကောင်း ရှိနေစဉ်အတွင်း မောင်ဖိုးယုံက ပြုစုစောင့်ရှောက်ပေးခဲ့သည်ဖြစ်ရာ၊ ကျေးဇူးဆပ်သောသဘောနှင့် မောင်ဖိုးယုံအား သင်ပြပေးခဲ့ခြင်းဖြစ်၏။

မောင်ဖိုးယုံလည်း ထိုသူတော်စင်ကြီး၏ ဟတ္ထ နိမိတ်အတတ်ဟု ခေါ်သော လက္ခဏာဖတ်ကြားသော ပညာကို စက္ကူပုရပိုက်နက်ပေါ်၌ ကံကူဆံဖြင့် မှတ်သားသင်ယူခဲ့ခြင်း ဖြစ်ပေသည်။ ၄၅ ရက်မျှသာ သင်ကြားပေးလိုက်သော်လည်း မောင်ဖိုးယုံသည် ထိုပညာကို ကောင်းစွာတတ်ကျွမ်းလေ၏။

ထို့ကြောင့် ၎င်းပညာနှင့် အသက်မွေးရင်း ကြောင်လက်စွပ်၏ သတင်းရရှိရာသို့ ဆက်လက်၍ လိုက်လံရှာဖွေခဲ့လေ၏။ မောင်ဖိုးယုံသည်



www.burmeseclassic.com

www.burmeseclassic.com

အမည်ကိုလည်း 'လှေကားကဝိ' ဟု ဂ ၄န်းတပ်ကာ လက္ခဏာနိမိတ်ဖတ်ကြားရင်း ကြောင်လက်စွပ်နောက်သို့ တကောက်ကောက် လိုက်လေတော့၏။ ဆရာမှတ်၏ ကျောင်းစာရေးချာလီ ပြောပြသော ပြင်သစ်ထမင်းချက်၏ ကြောင်လက်စွပ်နှင့် ခပ်ဆင်ဆင်တူသော ကြောင်လက်စွပ်များကိုမူ ရရှိခဲ့ပေသည်။

သို့ရာတွင် ထိုကြောင်လက်စွပ်များ၌ လှေကားကဝိ အမှတ်အသားမပါသောကြောင့် မောင်ဖိုးယုံသည် ဆက်လက်၍ ရှာဖွေနေရလေ၏။ ၄င်း၏ လက်ချောင်းများ၌လည်း ကြောင်ရှိန်ပုပ်နှင့် ခပ်ဆင်ဆင်တူသော ကြောင်လက်စွပ်များကို ဝတ်ဆင်ထားလေ၏။

ဤသို့နှင့်ပင် ဖွဲကြီးလှသော မောင်ဖိုးယုံသည် အသက်အရွယ်ပါကြီးရင့်လာလေတော့၏။ ထိုသို့ အသက်ကြီးလာသည့်အခါ ဝတ်ကြောင်ကို မဝတ်တော့ဘဲ၊ ဖိုးသူတော်အဖြစ်နေထိုင်ကာ ကြောင်လက်စွပ်ကို ဆက်လက်၍ ရှာဖွေလေတော့၏။ ဖိုးသူတော်အဖြစ်၌လည်း 'ဖိုးသူတော်ကြီး လှေကားကဝိ' ဟု အမည်တွင်လေ၏။ လက္ခဏာနိမိတ် လွန်စွာကောင်းသောကြောင့် ၄င်းဖိုးသူတော်ကြီးအား တစ်ခါတွေ့လျှင် တစ်သက်မမေ့ဟူသော စကားအတိုင်း လူတို့သည် ချစ်ခင်ကြကုန်၏။

သို့ရာတွင် ဖိုးသူတော်ကြီးကား တစ်နေရာတည်း၌ အတည်တကျမနေဘဲ ကြောင်လက်စွပ်၏ သတင်းကြားရာနောက်သို့သာ နှစ်ပေါင်းများစွာမနားတမ်း ခရီးသွားလာခဲ့လေ၏။ ဤသို့ပင် ဖိုးသူတော်ကြီး၏ အသက်သည် ၈၀ ကျော် ဇရာဒုဗ္ဗလအရွယ်သို့ ရောက်ရှိလာလေတော့၏။ သို့ရာတွင် ဖွဲကိုကား မလျှော့သေးပေ။ ဆက်လက်၍ ကြောင်လက်စွပ်ကို ရှာဖွေနေဆဲဖြစ်၏။

ထိုသို့ ရှာဖွေနေသော်လည်း ခွန်အားလည်း မရှိတော့သည့်အပြင် ကျန်းမာရေးမှာလည်း လွန်စွာညှိုးဖျင်းနေပြီ ဖြစ်ပေ၏။ တစ်နေ့သ၌ ၄င်းဖိုးသူတော်ကြီးသည် ရန်ကုန်မြို့သို့ ရောက်လာပြီးလျှင် ကြောင်လက်စွပ်ကို ရှာဖွေရင်း ပုဇွန်တောင်ဟုခေါ်သော ရပ်ကွက်တစ်ခုသို့ ရောက်ရှိလေ၏။ ထိုရပ်ကွက်သို့ ရောက်သည့်အခါ၌ ဖိုးသူတော်ကြီးက…

"ဒီနားမှာပါပဲ၊ ငါလည်းကောင်းကောင်းမမှတ်မိတော့ဘူး၊ ငါ့ရဲ့ရောင်းရင်းကြီး မောင်လွန်းဆိုတာ ရှိခဲ့တယ်၊ ဟုတ်သလား မပြောတတ်ပါဘူး"

ဟု စကားစလိုက်ရာ နှုတ်လျှာသွက်သော ကလေးတစ်ဦးက…

"ဦးလွန်းလား၊ ဖိုးသူတော်ကြီး"

ဟု မေးလေ၏။

ဖိုးသူတော်ကြီးက…

"သြော်…သြော် အသက်ကြီးတော့လည်း ဦးလွန်းပေါ့ကွာ၊ ဒီနားမှာလား"

ဟု ထိတ်ထိတ်ပျာပျာ လေသံဖြင့် မေးလေ၏။ နှုတ်လျှာသွက်သော ထိုကလေးက…

"ဟုတ်တယ်၊ ဟုတ်တယ်၊ ဦးလွန်းဆိုတာ ဟိုဘက်နားမှာပဲ"

ဟု ပြောလိုက်လေ၏။ ထိုအခါ၌ ဖိုးသူတော်ကြီးလည်း…

"သြော်…ဟုတ်လား၊ ဒီလိုဆိုရင် မဖြစ်ဘူး၊ ငါ ပြေးမှ"

ဟု ဆိုကာ ဒယီးဒယိုင်နှင့် ထ၍ ပြေးလေတော့၏။ အမှန်စင်စစ်အားဖြင့် ဖိုးသူတော်ကြီးသည် ၄င်း၏ ကတိအတိုင်း ပြင်သစ်ထမင်းချက်၏ ကြောင်လက်စွပ်ကို မရမချင်း ၄င်း၏ ချစ်လှစွာသော သူငယ်ချင်းဖြစ်သူ မောင်လွန်းခေါ် ဦးလွန်းအား အတွေ့မခံဝံ့ရှာပေ။ ထို့ကြောင့် ဖိုးသူတော်ကြီးသည် ရန်သူနောက်မှ လိုက်သကဲ့သို့ အူရားဖားရား ထ၍ ပြေးလေတော့၏။ အနည်းငယ်ပြေးမိသည့်အခါ၌ မောဟိုက်၍လာလေ၏။ ဖိုးသူတော်ကြီး၏ မျက်လုံးတို့မှာလည်း ပြာဝေ၍ လာလေတော့၏။

အမှန်စင်စစ်အားဖြင့် ဖိုးသူတော်ကြီးက…

"ဒီနားမှာ ငါ့မိတ်ဆွေ မောင်လွန်းဆိုတာ ရှိတယ်"

ဟု ပြောလိုက်သည့်အခါ အနားတွင်ရှိသော နှုတ်လျှာသွက်လက်လှသည့် ကလေးသူငယ်က…

'ဦးလွန်းလား' ဟု မေးလေ၏။ ထိုကလေးငယ်သည် ဖိုးသူတော်ကြီး



www.burmeseclassic.com

www.burmeseclassic.com

ဆိုလိုသည့် ဦးလွန်းကို သိသည် မဟုတ်။ ဦးလွန်းလမ်းဟု ဆိုင်းဘုတ် တပ်ထားသောကြောင့် ဦးလွန်းလမ်းကိုသာ သိလေသည်။ ထို့ကြောင့် ထိုကလေးငယ်က...

'ဦးလွန်း ဒီနားမှာရှိတယ်' ဟု ပြောလိုက်ခြင်းသည် အသက်ပကတိရှိသော တံခါးမှူး ဦးလွန်းကို ဆိုလိုသည်မဟုတ်။ ၎င်းအား အမှီပြု၍ ဖြစ်ပေါ်လာသော ဦးလွန်းလမ်းကိုသာ ဆိုလိုခြင်း ဖြစ်ပေသည်။

သို့ရာတွင် ကြောင်လက်စွပ် မတွေ့မချင်း သူငယ်ချင်းဖြစ်သူ ဦးလွန်းနှင့် မတွေ့လိုဟု ဆုံးဖြတ်ထားသော ဖိုးသူတော်ကြီးသည် ကတိပျက်မည်စိုးသဖြင့် ထိတ်လန့်တကြား ထ၍ပြေးခဲ့ခြင်းဖြစ်သည်။

ဖိုးသူတော်ကြီးသည် ပြေးရင်း အမောဆို့၍လာလေ၏။ ခြေလက်များလည်း မသယ်နိုင်အောင် ရှိလေ၏။ ခြေဦးတည့်ရာ ပြေးခဲ့သဖြင့် မည်သည့်နေရာ ရောက်ရှိနေပြီဟုလည်း ၎င်းကိုယ်တိုင် မသိ။ လမ်းကွေ့ကလေးတစ်ခုအနီးသို့ ရောက်သောအခါ၌ လုံးဝဟန်နိုင်ခြင်း မရှိတော့ဘဲ လဲကျသွားလေတော့၏။ ထိုအခါ ဖိုးသူတော်ကြီးသည် ၎င်း၏ မျက်နှာအရှေ့တည့်တည့်တွင်ရှိသော စာတိုင်ကြီးတစ်ခုကို မြင်တွေ့ရလေ၏။

ထို့ကြောင့် ၎င်းစာတိုင်ကြီးအား မည်သည့်စာဖြစ်သနည်းဟု တစ်ချက်မျှ အားစိုက်၍ ကြည့်လိုက်ရာ ထိုစာတိုင်၌ကား ဦးလွန်းလမ်းဟု ရေးထားသည်ကို တွေ့ရသဖြင့် ၎င်း၏ရင်၌ ပေါက်ကွဲလုနီးပါး မြည်ဟည်းလာကာ...

"ကျုပ်ကို ခွင့်လွှတ်ပါ ရောင်းရင်း၊ ကျုပ် မသိလို့ပါ၊ ကျုပ် ကတိမဖျက်ပါဘူး၊ ကြောင်လက်စွပ်ကို ရှာနေတုန်းပါ၊ ရောင်းရင်းကြီး ကိုရင်လွန်းရယ်"

ဟု ဆိုကာ ပြောဆို၍ လုံးဝ ဆိတ်ငြိမ်သွားလေတော့၏။

ဖွဲ့ကြိုးလှသော သူငယ်ချင်းအပေါ်၌ ထားခဲ့သော ကတိကို မြဲမြံလှသော တာဝန်သိတတ်လှသော ဖိုးသူတော်ကြီး လှေကားကဝိ ခေါ် မောင်ဖိုးယုံကား သေရှာပြီဖြစ်၏။ ထိုအချိန်၌ ၎င်း၏ အသက်သည် ၈၃ နှစ်ပင် ရှိပြီဖြစ်၏။ ၎င်းအနေနှင့် ကတိပျက်မည်စိုးလွန်းသောကြောင့် ရှောင်တိမ်းနေခဲ့သော မောင်လွန်း ခေါ် ဦးလွန်းကား မန္တလေးဦးပုသ်တော်ကုန်းသို့ ပြန်လည်နေထိုင်၍ တရားဘာဝနာပွားများရင်း ဇိဝိန်ချုပ်ခဲ့သည်မှာ နှစ်ပေါင်း ၃၀ ပင် ကျော်ခဲ့ပြီ ဖြစ်ပေသည်။ ထို့ပြင် အင်္ဂလိပ်လက်အောက်သို့ ကျွန်အဖြစ် ရောက်ရှိခဲ့ရသော မြန်မာနိုင်ငံသည်ပင် လွတ်လပ်ရေး ပြန်လည်ရရှိခဲ့ပြီး ဖြစ်ပေသည်။

ဖိုးသူတော်ကြီး၏ အလောင်းကို မြူနီစီပါယ် ကုလားများသည် လာရောက်သယ်ယူကြကုန်၏။ ၎င်းအမြဲလွယ်၍ထားသော ပိတ်ဖြူလွယ်အိတ်ကြီးအတွင်းမှ ပုရပိုက်အနက်ကလေးတစ်ခုသည် လမ်းဘေးမြက်ဖုတ်ပေါ်သို့ကျ၍ ကျန်နေခဲ့လေတော့၏။ ထိုအနီးတစ်ဝိုက်တွင် ဆော့ကစားနေကြသော ရှစ်နှစ် ကိုးနှစ်အရွယ် ကလေးတို့သည် ထိုအနီးသို့ ရောက်ရှိလာပြီးလျှင် ဖိုးသူတော်ကြီးအလောင်း သယ်ယူသွားသည်ကို ကြည့်ရှုကြလေ၏။ ထို့နောက် ၎င်းအနီး၌ ဆက်လက်၍ ကစားကြရာ ကလေးတစ်ဦးသည် ဖိုးသူတော်ကြီး ကျကျန်ရစ်ခဲ့သော ပုရပိုက်အနက်ကလေးကို ကောက်ရလေတော့၏။

ထိုပုရပိုက်အနက်ကလေးမှာ သူတော်စင်ကြီးထံမှ ဖိုးသူတော်ကြီး ရေးမှတ်ယူခဲ့သော လျှို့ဝှက်လက္ခဏာကျမ်း ဖြစ်ပေသတည်း။

*မှတ်ချက်*

*အကယ်၍ ထိုအချိန်က ဆော့ကစားရင်း ဖိုးသူတော်ကြီး၏ ပုရပိုက်ကို ကောက်ရခဲ့သော ကလေးသည် ထိုပညာရပ်ကို ဝါသနာပါ၍ လေ့လာလိုက်စားပါလျှင် လွန်စွာကျော်ကြားသော လက္ခဏာဆရာကြီးတစ်ဆူ ဖြစ်လောက်ပေသည်။*

သဗ္ဗေသတ္တာ ကမ္မသကာ

မင်းသိခ်



www.burmeseclassic.com

www.burmeseclassic.com

# ကျွန်တော်ကြိုက်သော ဝတ္ထုရှည်များ

အသက် ၅ နှစ် ၆ နှစ် မူလတန်းကျောင်းသားဘဝကတည်းက ဝတ္ထုဖတ်ခဲ့သော ကျွန်တော်သည် စုံထောက်ဝတ္ထု၊ သိုက်သမိုင်း၊ အချစ်၊ ဘဝသရုပ်ဖော် စာအုပ်များစွာကို ဖတ်ဖူးခဲ့သည်။

ထိုသို့ဖတ်ခဲ့သော စာအုပ်များတွင် ကျွန်တော်အနေနှင့် စွဲလန်းနှစ်သက်ခဲ့ပါက စာအုပ်များကို ဝယ်ယူသိမ်းထားခဲ့ပါသည်။ တခါတရံတွင် ထိုဝတ္ထုများကို သတိရသည်ရှိသောအခါ ပြန်လည် ဖတ်ရှုခဲ့သည်။

ယခုအခါ ထိုဝတ္ထုတို့ကို စာဖတ်ပရိသတ်ကို ဖတ်စေလိုသော စေတနာဖြင့် ပြန်လည်ဖော်ပြပေးပါသည်။

အကြိုက်ချင်းမတူပါက မဖတ်ဘဲ ကျော်သွားနိုင်ပါသည်။ —

ယောင်ယောင်မြင့်အေး




(ယခင်လမှအဆက်)

ထိုထက် ဇနီးလောင်းကို အခန်းထဲတွင် တံခါးပိတ်ထားရပြီး တာဝန်ကျေပွန်စွာ လုပ်ကိုင်ပေးနေသော ချစ်ပိုင်ကို သူပြင်ဆင်လာသည့် လက်ဖက်ရည်ကို အများရှေ့တွင် သောက်ပြရမည်ဟု အမိန့်ပေးလိုက်၍ ချစ်ပိုင်ကိုလည်း အားနာကြသည့် အမူအရာဖြင့် ကြည့်ကြသည်။

"အဲဒါ ခက်တာပေါ့ အဲဒါ ခက်တာဘဲ...ကိုယ့်အသက်ဘေး နီးကပ်နေတယ်, ဘယ်သူက ဘယ်သူ့ကို သတ်မယ်ဆိုတာ မသိရတဲ့အချိန်မှာ တစ်ယောက်နဲ့ တစ်ယောက် အကာအကွယ်ယူတဲ့အနေနဲ့ လုပ်ခိုင်းတာကို မင်းတို့က အားနာသလိုဖြစ်နေကြတယ် မဟုတ်လား"

နေအောင်ထွန်းက အပြစ်တင်သံနှင့် ဖိုးသာအေး ဘက်သို့လှမ်း၍ ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

ဖိုးသာအေးက မည်သို့မှ ပြန်မဖြေတော့ဘဲ မကြည်ပွင့်လက်ထဲမှ လက်ဖက်ရည်ပန်းကန်ကို ယူနေသော ချစ်ပိုင်ကို ကြည့်နေသည်။

လက်ဖက်ရည်က ပူသေးသည်။

"ရိုင်းတယ်လို့တော့ မထင်ကြပါနဲ့ ခင်ဗျား..."

ချစ်ပိုင်က တောင်းပန်လျက် ပန်းကန်လုံးထဲမှ လက်ဖက်ရည်ကို အောက်ခံပန်းကန်ပြားထဲသို့ထည့်ပြီး ပါးစပ်ဖြင့် မှုတ်ခါတရှူးရှူးနှင့် သောက်ပြသည်။ အောက်ခံပန်းကန်ပြား နှစ်ခုပါကုန်သောအခါ ပန်းကန်လုံးထဲတွင်လည်း လက်ဖက်ရည် မကျန်တော့ပေ။

အံနောက်နိုင်ငံ အထူးသဖြင့် အင်္ဂလိပ်လူမျိုးတို့၏ ထုံးစံအရ အောက်ခံပန်းကန်ပြားတွင် လက်ဖက်ရည်ထည့်ခြင်းသည် ရိုင်းစိုင်းသည်ဟု အယူအဆရှိ၍ ချစ်ပိုင်က တောင်းပန်ပြီး သောက်ပြခြင်းဖြစ်သည်။

"စိတ်ချပါ...ကျွန်တော် အဆိုပ်ခတ်တဲ့လူ မဟုတ်ပါဘူး... ဒီ ခုနစ်ယောက်ထဲမှာ ကျွန်တော် လူသတ်သမား မဟုတ်ဘူးဆိုတာ ကျွန်တော်ဘဲ သိပါတယ်ခင်ဗျာ..."

ချစ်ပိုင်ကပြောပြီး ပန်းကန်ကို ပို့ရန် ထွက်သွားသည်။

ညှိခန်းထဲတွင် ကုလားထိုင်ကို တိုက်မိပြီး လဲကျသံနှင့်အတူ ခွမ်ကနဲကျသည့် ပန်းကန်ကွဲသံကို ကြားကြရသောအခါ ဖိုးသာအေးနှင့် ကုသတို့ ထမင်းစားခန်းဘက်သို့ ပျာပျာသလဲ ပြေးသွားသည်။

"ကုလားထိုင်နှင့်တိုက်ပြီး ပန်းကန်လွတ်ကျတာပါ ခင်ဗျာ၊ ဘာမှ မဖြစ်ပါဘူး"

ချစ်ပိုင် ထမင်းစားခန်းတံခါးပေါက်သို့ ပြန်ရောက်လာပြီး ပြောတော့မှ ပြုံးတုံးပြတဲ့နှင့်ဖြစ်နေသော မကြည်ပွင့်က သူမ၏ မောက်ကြွနေသော ရင်ပေါ်သို့ လက်ဝါးနှစ်ဘက် တင်လိုက်ပြီး ဟင်းကနဲ သက်ပြင်းချလိုက်သည်။

အားလုံးအသီးသီး လက်ဖက်ရည်တစ်ခွက်စီသောက်နေကြသည်။ ချစ်ပိုင်အခန်းထဲ ပြန်ဝင်လာသည်။

"ဝရံတာ ထွက်တဲ့အပေါက်က ခန်းဆီးတဘက် ဘယ်သူဖြုတ်ယူလာသလဲခင်ဗျာ၊ ဟိုမှာ ခန်းဆီးတဘက် မရှိဘူး"

ညှိခန်းထဲမှ ဝရံတာဆီသို့ ထွက်သည့်အပေါက်မှာ လေစတိုက်၍ ပိတ်ထားသည်။ ခန်းဆီးနှစ်ခြမ်းအနက် တခြမ်းမှာမရှိတော့ပေ။

"မနက်က နှစ်ဘက်စလုံး ရှိပါတယ်"လူဇော်မင်းက တံခါးဆီသို့ ကြည့်၍ပြောသည်။

"ဟုတ်ပါတယ်ခင်ဗျာ၊ မနက်စောစောက ရှိပါသေးတယ်"

ချစ်ပိုင်ကပြောသည်။

ခန်းဆီးမှာ အနီရောင်ဖြစ်သည်။

"ဘယ်သူ ဖြုတ်သွားသလဲ"

ဒေါ်နှင်းဦးကမေးသည်။

"ဘာလုပ်လို့ ဖြုတ်မှာလဲ"

မကြည်ပွင့်ကမေးသည်။

"ခန်းဆီးတစ်ခု ပျောက်တာ ကြီးကြီးကျယ်ကျယ် လုပ်မနေပါနဲ့တော့ဗျာ၊ ဒီခန်းဆီးနဲ့ လူသတ်လို့မရပါဘူး။ သူ့ထက်အရေးကြီးတဲ့ ကျွန်တော်တို့မသေရအောင် ဘာလုပ်ရမလဲဆိုတဲ့ နည်းလမ်းရှာဖွေတာက အကျိုးရှိပါလိမ့်မယ်"

ဖိုးသာအေးကပြောလိုက်သည်။

ခန်းဆီး ပျောက်သည်မှာ အရေးမကြီးဟု ဆိုသော်လည်း ဟိုလူဖြစ်နိုးနိုး ဒီလူဖြစ်နိုးနိုးနှင့် တစ်ယောက်ကိုတစ်ယောက် အကဲခပ်ကြည့်နေကြတော့သည်။

နေခင်းမှညနေပိုင်းသို့ အချိန်ကုန်မှန်းမသိ ကုန်သွားသည်။ နေဝင်ချိန်တွင် ခါတ်မီးစက်ကို ချစ်ပိုင်က နှိုး၍ တစ်အိမ်လုံး မီးလင်းစေသည်။ အခန်းတိုင်းတွင် မီးတပွင့်အမြဲ ထွန်း၍ထားရန် နေအောင်ထွန်းက အကြံပေးသည့်အတိုင်း ပြုလုပ်ကြသည်။

မိုးသည် တဖွဲဖွဲရွာစပြုလာသည်။ ခြောက်နာရီခွဲတွင် ညစာစားကြသည်။



www.burmeseclassic.com

www.burmeseclassic.com

“ဟာ…ကျုပ် မနက်စာမစား ရသေးပါကလား။ အခုမှသတိရတယ်”

လှဇော်မင်းက ရယ်ရယ်မောမောနှင့်ပြောသည်။

“ထမင်းတွေဟင်းတွေ စားကြရမှာလားခင်ဗျာ”

ချစ်ပိုင်က ရိုရိုသေသေနှင့် နေအောင်ထွန်းကိုမေးသည်။

“မင်းလဲ အတူတူဘဲကွာ၊ တစ်ယောက်ထဲစားရမှာ ပြင်းနေပါ့မယ်၊ တို့နဲ့ဘဲ အတူတူဝင်စားပါလား။ တနေရာဝင်ထိုင်ကွာ”

နေအောင်ထွန်းက ပြောသည်။

“နေပါစေခင်ဗျာ၊ ကျွန်တော် နောက်မှဘဲ စားပါမယ်”

“အားမနာပါနဲ့ဗျာ၊ ဝင်စမ်းပါ။ တို့တတွေ တစ်ယောက်ပြီး တစ်ယောက် သေကြရမယ်ဆိုတာမှန်ရင်တော့ တို့သွားရမဲ့နေရာမှာ ဘယ်သူက ဘာကောင်လဲဆိုတာ အဆင့်အတန်းခွဲတဲ့နေရာ မဟုတ်ပါဘူး။ ဘာသာရေးအနေနဲ့ပြောရရင်တော့ ဘယ်သူက ဘာကောင်းမှုကုသိုလ်ပါသလဲဆိုတာက ပိုပြီး အရေးကြီးတာပါ”

နေအောင်ထွန်းက ပြောလိုက်သည်။

“လာလေ ဝင်စားလေ၊ ဘာလို့ရပ်နေတာလဲ”

ဒေါ်နှင်းဦးက ခေါ်တော့မှ ချစ်ပိုင် တစ်နေရာတွင် ဝင်ထိုင်သည်။ ထိုနေရာသည် နေ့လယ်စာစားသည်က စံကင်းမောင်အတွက် ထမင်းပွဲပြင်ထားသောနေရာပင် ဖြစ်ပေသည်။

ညစာမစားမီက အစာကြေဆေးဟုဆို၍ ယမန်နေ့ညကအတိုင်း အရက်အနည်းငယ်စီ သောက်ပြီးကြပြီဖြစ်သည်။ ထိုညချက်သော အာလူးနှင့် ဆိတ်သား၊ ပဲဟင်းတို့မှာ နံနက်ကစားသည့်ဟင်းထက် အဆပေါင်းစွာ ကောင်းမွန်နေပြီး အရသာရှိကြသည်။

အသက်ဘေးအန္တရာယ် စိုးရိမ်ကြသည်သာဆိုကြသည်။ အစားအားမည်သူမှ မလျော့ကြပေ။

“ဟင်းတော်တော် ကောင်း, တယ်ဟေ့”

လှဇော်မင်းက ချစ်ပိုင်ကိုကြည့်၍ ချီးကျူးလိုက်သည်။

“ကျွန်တော်ချက်တာဆိုပေမဲ့ ဟင်းအိုးကို ဟောဒီမမ ပြင်ပေးတာပါ”

ချစ်ပိုင်က မကြည်ပွင့်ဘက်သို့ ကြည့်၍ ပြောလိုက်သည်။

“ကျမက ရှင်တို့အားလုံးကို လုပ်ကြံပြီး ကျမကိုယ် ကျမပါ လုပ်ကြံမယ်ဆိုရင်တော့ ဒီဟင်းထဲမှာ အိပ်ဆေးများများခပ်ထားရင် အပိုင်ဆုံးပါဘဲ”

မကြည်ပွင့်က ရယ်ရယ်မောမောနှင့် ပြောလိုက်၍ နေအောင်ထွန်းကိုကြည့်သည်။

“အေး…မင်း ဟင်းချက်တော်တော် ကောင်းတာဘဲ”

နေအောင်ထွန်းက ခပ်တည်တည်ပြောပြီး ထမင်းဆက်လက်စားနေသည်။

ထိုည ရှစ်နာရီခွဲတွင် အပေါ်ထပ်သို့တက်ကြ၍ အသီးသီး အိပ်ရာဝင်ကြသည်။

ညသန်းခေါင်တွင် မိုးသည်းထန်စွာရွာ၍ ရာသီဥတုမှာ အေးချမ်းလာသည်။

အားလုံး စောင်များကို အသုံးချကြရသည်။

* * *

## ၃၀

နံနက်လင်းအားကြီး လေးနာရီခန့်တွင် မိုးတိတ်သွားသည်။ ဗိုလ်ကုသသည် အိပ်ရာမှ စောစောနိုးတတ်သည့် အကျင့်ရှိသူတစ်ယောက်ဖြစ်သည်။ ညဘက်တွင် မည်မျှပင် အိပ်ရေးပျက်ခဲ့စေကာမူ ငါးနာရီပတ်ဝန်းကျင်တွင် နိုးစမြဲဖြစ်သည်။

ယနေ့လည်း ထိုအချိန်ပတ်ဝန်းကျင်တွင် နိုးသည်။ ပြူတင်းပေါက်မှန်အပြင်သို့ကြည့်သည်။ အလင်းရောင်ကို တွေ့နေပြီဖြစ်သည်။ မိုးမရွာသော်လည်း လေတဟူးဟူး တိုက်လျက်ရှိသေးသည်။



www.burmeseclassic.com

www.burmeseclassic.com

အိပ်ရာထဲတွင် ပက်လက်လှန်ကာ နဖူးပေါ်လက်တင် စဉ်းစားနေသည်။ နိုးနေပြီအတူတူ အောက်ဆင်းလမ်းလျှောက်ရလျှင် ကောင်းလေမည်လားဟု တွေးနေသည်။

ရှစ်နာရီတိတိ အချိန်တွင် သူသည် ဖိုးသာအေး အခန်းတံခါးကို ခေါက်နေသည်။ အတန်ကြာ အသံခပ်ပြင်းပြင်းခေါက်တော့မှ ဖိုးသာအေးက အတွင်းမှ တံခါးကလန့်ဖြုတ်ကာ တံခါးဖွင့်သည်။

"ဘာဖြစ်တာလဲ"

ဖိုးသာအေးက မေးသည်။

"အိပ်လုချည်လား···လက်ဖက်ရည်သောက်ပြီး ပြန်အိပ်တာလား။ ကျုပ်လဲ စောစောအနိုးသား···စဉ်းစားရင်းက ပြန်အိပ်သွားတယ်"

"ဟင့်အင်း···မသောက်ရသေးပါဘူး။ အခု ဘယ်နှစ်နာရီထိုးပြီလဲ"

ဖိုးသာအေးက သူ့လက်ကိုကြည့်ရင်း လက်ပတ်နာရီမှာ အိပ်ရာဘေးတွင် ချွတ်ထား၍ မပါလာခဲ့။

"ရှစ်နာရီထိုးပြီ၊ အောက်မှာလဲ ဘယ်သူမှမတွေ့ဘူး၊ ကိုချစ်ပိုင်လဲ မမြင်ဘူး၊ သူ ညက ရွှေအိပ်တဲ့အခန်းထဲမှာလဲ မရှိဘူး"

ကုသက ပြောသည်။

"သူ့မိန်းမ အခန်းထဲ ရှိမှာပေါ့ဗျာ"

"ကြည့်ပြီးပြီ မရှိဘူး"

"တခြားလူတွေကော"

"ထူးထူးဆန်းဆန်းဘဲ အားလုံးအိပ်ကြတုန်းထင်တယ်"

ကုသကပြောရင်း ဖိုးသာအေးအခန်းထဲသို့ ဝင်သွားသည်။

ဖိုးသာအေးသည် နံရံတွင်ချိတ်ထားသော ကုတ်အင်္ကျီကိုဝတ်ပြီး ခေါင်းရင်းစားပွဲပေါ်မှ နာရီနှင့် စီးကရက်ဘူးကိုယူ၍ ထွက်သွားလျှင် ကုသက နောက်မှလိုက်သွားသည်။

ဒေါက်တာ လှဖော်မင်း၏ အခန်းတံခါးကို တစ်ချက်နှစ်ချက် ခေါက်လိုက်သည်နှင့် ချက်ချင်း ဖွင့်ပေးသည်။

"မနက်စာတော့ နောက်ကျပြီထင်တယ်၊ မောင်းတီးသံ မကြားမိဘူး။ ညက မိုးအေးအေးနဲ့ အိပ်ပျော်သွားတယ်"

လှဖော်မင်းက အဝတ်လဲပြီး အသင့်ရှိနေသည်။

"ချစ်ပိုင်ပျောက်နေတယ်၊ မီးဖိုထဲမှာလဲ ရေနွေးအိုးတယ်လျက်ဘဲ၊ အိမ်ထဲမှာတော့ ရှာလို့မတွေ့ဘူး"

လှဖော်မင်း အပြင်ထွက်လိုက်လာသည်။

မကြည်ပွင့် တံခါးဖွင့်၍ ထွက်လာသည်။ ဒေါ်နှင်းဦး၏ အခန်းတံခါးပွင့်နေလျက်တွေ့ရသည်။ အထဲတွင် ဒေါ်နှင်းဦးကို မတွေ့ရပေ။

နေအောင်ထွန်းအခန်းတွင် ကုသက ဖိုးသာအေး နိုးသလိုပင် နိုးရသည်။ နေအောင်ထွန်းက ရေချိုးခန်းထဲဝင်ပြီး မျက်နှာသစ်၍ ထွက်လာကာ မျက်နှာသုတ်ပုဝါနှင့် သုတ်သည်။ သူလည်း ဘလေဇာ ကုတ်အင်္ကျီအပြာရောင်ကိုဝတ်၍ ထွက်လာသည်။

"ကျွန်းပေါ် တနေရာရာရှိမှာပေါ့၊ ဒါမှမဟုတ် မော်တော်ဘုတ်များလာလို့ ကမ်းဘက်သွားသလားမှ မသိဘဲ"

နေအောင်ထွန်းက လှေကားမှ ဆင်းရင်းပြောသည်။

"ကျွန်တော် ကမ်းစပ်ထိအောင် သွားကြည့်ခဲ့ပြီးပါပြီ၊ ရာသီဥတုက သိပ်မကောင်းသေးလို့ ဘာလှေ ဘာမော်တော်ဘုတ်မှလဲ မမြင်ခဲ့ပါဘူး"

"နို့···ဒေါ်နှင်းဦးကို မတွေ့ဘူးလား"

"ဟင့်အင်း···ကျွန်တော် မမြင်မိပါဘူး"

သူတို့တတွေ အောက်ထပ်ဧည့်ခန်းထဲသို့ ရောက်သောအခါ ဒေါ်နှင်းဦး အိမ်ရှေ့ပေါက်မှ ဝင်လာသည်နှင့် ဆုံကြသည်။

"အန်တီတစ်ယောက်ထဲ ဘယ်လျှောက်သွားနေတာလဲ၊ အဖော်မပါဘဲသွားလို့လာလို့ မကောင်းဘူးဆိုတာ အန်တီလဲအသိသားနဲ့ဘဲ"

ဖိုးသာအေးက ဂရုဏာသံနှင့် ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

"ဂရုစိုက်ပြီး သွားတာပါ၊ ဒီမနက် မိုးမရွာတော့လို့ အညောင်းပြေ နည်းနည်းပါးပါး လျှောက်တာပါဘဲ"

ဒေါ်နှင်းဦးက ပြန်ပြောသည်။

"အန်တီ ဘယ်လျှောက်သွားနေတာလဲ၊ ကျွန်တော်လဲ တံတားအထိ ရောက်ခဲ့သေးတယ်"

"မင်းကို အန်တီ အမြင်သားဘဲ၊ မင်းတံတားဘက်ကို သွားတော့ အန်တီ သစ်ပင်ကြီးကွယ်ပြီးရပ်နေတယ်၊ မင်းပြန်လာတော့လဲ ဒီလိုဘဲ လုပ်တယ်...မင်းကမှ မမြင်ဘဲ"

ဒေါ်နှင်းဦးက ပြန်ပြောသည်။

ဒေါ်နှင်းဦးသည် ကုသအား လူသတ်သမားထင်၍ ပုန်းနေသည်ဟု ရှင်းရှင်းမပြောရုံတမယ်သာ ဖြစ်တော့သည်။

"ချစ်ပိုင်ကော မတွေ့ဘူးလား"

နေအောင်ထွန်းက မေးသည်။

"ဟင့်အင်း...မတွေ့မိပါဘူး၊ အိမ်နောက်ဘက်ကို မရောက်မိဘူး"

ဒေါ်နှင်းဦးက ခေါင်းခါ၍ပြောသည်။

"ပန်းကန်တွေတော့ အသင့်ပြင်ထားတာပါဘဲ"

လူဇော်မင်းက ထမင်းစားခန်း စားပွဲကို လှမ်းကြည့်၍ ပြောသည်။

"ညထဲက အသင့်လုပ်ထားတာလဲ ဖြစ်နိုင်ပါတယ်"

မကြည်ပွင့်က ထင်မြင်ချက် ပြောသည်။

"ဒီကျွန်းပေါ်က ဘယ်မှမသွားပါဘူး၊ တနေရာရာမှာ စိတ်ညစ်ညစ်နဲ့ သွားထိုင်နေပြီ ထင်ပါရဲ့"

တစ်ယောက်မကျန် ထမင်းစားခန်းကိုဖြတ်၍ မီးဖိုဘက်သို့သွားကြသည်။

"မီးတော့မွှေးပြီး ရေနွေးအိုးတည်ထားသားဘဲ"

ဖိုးသာအေးက မီးဖိုပေါ်တွင် တည်ထားသော ရေနွေးကိုကြည့်၍ ပြောသည်။

မကြာမီပင် ချစ်ပိုင်ကို ထင်းဂိုဒေါင်ထဲတွင် တွေ့ကြရတော့သည်။

ချစ်ပိုင်သည် ထင်းခွဲနေဟန်တူသည်။ လက်ထဲတွင် ဓါးမကြီးတစ်ချောင်းကိုကိုင်၍ စောင်းလျက်သားလဲနေသည်။

တံခါးပေါက်ဘက်သို့ ကျောပေးထားသောကြောင့် သူ၏ နောက်စေ့မှာ ဟက်တက်ကွဲလျက် ကြမ်းပေါ်တွင် သွေးများအိုင်နေသည်။

ထင်းဂိုဒေါင် အဝင်တံခါးဘေးနံရံတွင် ထင်းတုံးကြီးများ ခွဲသည့် ပုဆိန်ကြီးတစ်လက် ထောင်ထားသည်။ ပုဆိန်အသွားမှာ သွေးများပေလျက် ချစ်ပိုင်၏ ဆံပင်အချို့ကပ်နေသည်။

ဖိုးသာအေးက ပုဆိန်နှင့် ချစ်ပိုင်၏ ခေါင်းကို တလှည့်စီ အပြန်အလှန်ကြည့်နေသည်။

"တံခါးဘက်ကို ကျောပေးထားပြီး ထင်းခွဲနေတုန်း ဝင်ခုတ်သွားတာဘဲ၊ သူဘာဖြစ်တယ်ဆိုတာ ဘာမှတောင် သိလိုက်ရာမယ် မထင်ပါဘူး"

လူဇော်မင်းက ပြောလိုက်သည်။

"အဲဒီလိုဖြစ်အောင် ခေါင်းကိုခွဲဘို့အတွက် အားအများကြီးလိုသလားဒေါက်တာ"

နေအောင်ထွန်းက မေးသည်။

"အဲဒီ ပုဆိန်ကို မိန်းမကိုင်နိုင်တယ်၊ မိန်းမအားနဲ့လဲ အခုသတ်ပုံ သတ်နည်းမျိုး ရပါတယ်"

လူဇော်မင်းက ပြန်ဖြေသည်။

"ပုဆိန်လက်ကိုင်မှာတော့ လူသတ်သမားရဲ့ လက်ရာ တွေ့မယ်မဟုတ်ဘူး၊ လက်ပုံစံ ကျန်ခဲ့မှာစိုးလို့ အဝတ်နဲ့ပြန်သုတ်ထားတယ်ထင်ပါရဲ့၊ ဖုန်နည်းနည်းမှမရှိဘူး ပြောင်နေတာသာကြည့်တော့"

ဖိုးသာအေးက ပုဆိန်ရိုးကို လက်ညှိုးထိုးပြသည်။

ချစ်ပိုင်အသတ်မခံရမီက ထင်းစော်တော်များများ ခွဲပြီးနေပြီဖြစ်သည်။

အမျိုးသမီးနှစ်ယောက်က ခွဲပြီးထင်းများကိုသယ်၍ မီးဖိုထဲသို့ ယူသွားသည်။

လူဇော်မင်း၊ ကုသနှင့် ဖိုးသာအေးတို့က ချစ်ပိုင်၏အလောင်းကို အိမ်ထဲသို့ သယ်ယူသွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com

ယမန်နေ့ညက ချစ်ပိုင်ရွှေ၍ အိပ်သောအခန်းထဲရှိ ကုတင်ပေါ်တွင် အလောင်းကိုတင်ပြီး စောင်ဖြင့် အုပ်ပေးခဲ့သည်။

"လေးလောင်းရှိသွားပြီ၊ တို့ခြောက်ယောက် ကျန်သေးတယ်"

လှဇော်မင်းက လက်သီးဆုပ်ခါ အံကြိတ်၍ပြောသည်။

နေအောင်ထွန်းသည် မီးဖိုပေါက်ဝတွင် ရပ်နေသည်။

"နာရီဝက်အတွင်း ကော်ဖီ ပေါင်မုန့်ရပါမယ်၊ မီးတော့ မကောင်းချင်တော့ဘူး။ ဒီလိုဘဲစားကြရင် ကောင်းပါလိမ့်မယ်"

မကြည်ပွင့်က မီးဖိုစားပွဲပေါ်တွင် ပေါင်မုန့်လွှာများ လှီးရင်းက နေအောင်ထွန်းကို ပြောရာ၊ နေအောင်ထွန်းက ခေါင်းညိတ်ပြခဲ့ကာ အိမ်ထဲသို့ဝင်သွားသည်။

* * *

၃၁

"ကျုပ် ဘာစဉ်းစားနေသလဲ သိသလား"

ရဲမှူးဟောင်း ဖိုးသာအေးက ဗိုလ်ကုသ အနားသို့ ကပ်ကာ နှစ်ကိုယ်ကြားလေသံနှင့် ပြောသည်။

"ခင်ဗျားက ပြောပြတော့မှာမို့ ကျုပ်ကို ခင်ဗျားက ဘာပြောမယ် ဆိုတာကို စဉ်းစားဘို့ လိုအုံးမှာလား"

ကုသက ပြန်ပြောသည်။

"အမေရိကန်ပြည်မှာ တကယ်ဖြစ်ခဲ့တဲ့ အမှုတစ်မှုအကြောင်း ကျုပ်ဖတ်ဘူးတယ်၊ အဖိုးကြီးနဲ့ အဖွားကြီးကို ပုဆိန်နဲ့ခုတ်သတ်တဲ့အမှုပေါ့ဗျာ၊ လင်းအားကြီးမှာ ခုတ်သတ်တာ၊ အိမ်မှာ အိမ်ဖော်မိန်းမနဲ့ သူတို့သမီး အပျိုကြီးနဲ့ အဲဒီနှစ်ယောက်ဘဲ ရှိကြတယ်"

"အိမ်ဖော်ရဲ့ လက်ချက်နဲ့ သေရတာမဟုတ်ဘူးဆိုတာတော့အထောက်အထားတွေ တွေ့ရတယ်၊ သမီး အပျိုကြီးကိုတော့ ပုလိပ်က စွတ်စွဲရုံဘဲ စွတ်စွဲနိုင်ခဲ့တယ်၊ အထောက်အထား မပြနိုင်ဘူး။ ဒါပေမဲ့ သမီးက ခုတ်သတ်တယ်ဆိုတာကိုတော့ သူတို့ယုံကြည်ကြတယ်ဗျာ"

"အဲဒီ အမှုနဲ့ အခုဖြစ်တာနဲ့ ဘာဆိုင်လို့လဲ"

ကုသက မေးသည်။

"မီးဖိုထဲမှာ အေးအေးဆေးဆေး အလုပ်လုပ်နေတဲ့ အပျိုကြီးဒေါ်နှင်းဦးကို အကဲခပ်ကြည့်ပါလား၊ ခပ်တည်တည် ခပ်မှန်မှန်ဘဲ . . ."

"ဒေါ်နှင်းဦး လက်ချက်ဆိုတာ၊ ဘာ အထောက်အထား ပြနိုင်သလဲ"

ကုသက မေးသည်။

"အထောက်အထားတော့ မရှိဘူးပေါ့ဗျာ၊ ဒါပေမဲ့ ဒေါ်နှင်းဦးက စောစောထပြီး ရေစပ်ကို သွားတယ် မဟုတ်လား"

"ချစ်ပိုင်အသတ်ခံရတာက သူအိပ်ရာနိုးပြီး ရေနွေးအိုးတည်ထားခဲ့တယ်၊ ကြော်စရာ လှော်စရာတွေအတွက် ထင်းမလောက်မှာစိုးလို့ ထင်းသွားခွဲနေတုန်း အသတ်ခံရတာဘဲ၊ သူ့ကိုသတ်ပြီး ဟန်ဆောင် ပန်ဆောင် ရေစပ်သွားနေဘို့ မလိုဘူး။ အပေါ်ထပ်ပြန်တက်ပြီး ကိုယ့်အခန်းထဲ ကိုယ်နေရင်ဖြစ်တာဘဲ မဟုတ်လား . . . စုံထောက်ကြီးရဲ့"

ကုသက ခနဲ့သံနှင့် ပြန်ပြောလိုက်သည်။

"ကျုပ် ပြောတာ ခင်ဗျား သဘောမပေါက်သေးဘူးလေ။ ဒေါ်နှင်းဦးဟာ မနက်စောစောထပြီး ကျွန်းပေါ်မှာ ဘာကြောင့်မို့ ရဲရဲတင်းတင်းနဲ့ တစ်ယောက်ထဲ လျှောက်သွားရဲတာလဲ၊ သူကိုယ်တိုင်က လူသတ်သမား ဟိုလူကြီး ပြောသလို သူကိုယ်တိုင်က ကြည်ကြည်သွန့်မို့သာ လူသတ်သမားရဲ့ရန်ကို မကြောက်ဘဲ ရဲရဲသွားဝံ့တာ မဖြစ်နိုင်ဘူးလား"

ဖိုးသာအေးက ရှင်းပြသည်။

"အင်း . . . ဟုတ်သားဘဲ၊ ကျွန်တော်က အဲဒီလို မစဉ်းစားမိဘူးဗျာ၊ ကျုပ်ကို သင်္ကာမကင်း မဖြစ်တဲ့ အတွက် ကျေးဇူးတင်တယ်ဗျာ . . ."

ကုသက ခနဲ့သံနှင့်ပြောပြီး စပ်ဖြဲဖြဲ လုပ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com

"ခင်ဗျားကိုလဲ ထည့်စဉ်းစားပါတယ်၊ ဒါပေမဲ့ ခင်ဗျားတော့ လူသတ်သမား မဖြစ်နိုင်ဘူးလို့ ယုံကြည်လာပြီ ကျုပ်ကိုကော ဘယ်လိုထင်နေသေးသလဲ"

"ကျုပ်များချင်လဲ များမယ်ပေါ့ဗျာ၊ ကျုပ်အထင် ပြောရရင်တော့ ခင်ဗျားဟာ အခုလို လူတွေကို ဘရင်ဂျီကျွန်းရောက်အောင် လှည့်ပတ်ခေါ်နိုင်တယ်၊ တစ်ယောက်ပြီး တစ်ယောက် သတ်နိုင်မယ်ဆိုတဲ့ အရည်အချင်း မရှိဘူးလို့ ယုံကြည်တယ်။ ကျုပ်ထင်တာမှားရင်တော့ ခင်ဗျားဟာ ဟန်အမူအရာ သရုပ်ဆောင်အလွန်တော်တဲ့ လူဘဲလို့ ချီးကျူးပြီး ရွှေတံဆိပ်ပေးရမှာဘဲ"

"ကျေးဇူးတင်ပါတယ်"

ဖိုးသာအေး က ပြန်ပြောသည်။

"ဒီမှာ ဖိုးသာအေး၊ ကျုပ်တို့ နှစ်ယောက်စလုံးဟာ နောက်တရက်နှစ်ရက်အတွင်းမှာ ကုတင်ပေါ်ရောက်နေတဲ့ အလောင်းကောင်ဖြစ်ဘို့က များနေတယ်ဗျာ၊ ဒါကြောင့် ခင်ဗျား စွတ်စွဲခဲ့ရတာနဲ့ ပတ်သက်ပြီး ကျုပ်သိပါရစေလား"

ကုသက မေးသည်။

"အင်း…ဖုံးထားလို့လဲ ဘာထူးမှာလဲဗျာ။ အမှန်ပြောရရင်တော့ မျိုးညွန့်ဟာ အမှုထဲမှာ မပါဘူးဗျ၊ အမှုနဲ့ပတ်သက်တဲ့ ဂိုဏ်း ကျုပ်နဲ့ နားလည်မှုယူပြီး မျိုးညွန့်ကို တရားခံအဖြစ် စွတ်စွဲပြီး ဆွဲထည့်လိုက်တာဘဲ၊ ရုံးက သက်သေခံ လိုသလောက်ကို ကျုပ်က ဖန်တီးပေးနိုင်ခဲ့တယ်"

ဖိုးသာအေး ဝန်ခံသည်။

"ခင်ဗျားလာဘ်စားပြီး လုပ်တာပေါ့ဟုတ်လား"

"ဟုတ်ပါတယ်လို့ ဝန်ခံနေမှဘဲဗျာ ခင်ဗျားက ထပ်မေးနေပြန်ပြီ ရက်စရာကြီးဗျာ"

ဖိုးသာအေးက မဲ့ရွဲ့ကာပြောပြီး ပြုံးနေသည်။

"မျိုးညွန့်က တသက်တကျွန်း ကျပြီး ထောင်ထဲရောက်တော့ သေတယ်ဟုတ်လား"

"သူထောင်ကျပြီးရင် သေလိမ့်မယ်ဆိုတာ ကျုပ်က ဘယ်သိမှာလဲဗျာ"

"ဒါကြောင့် ခင်ဗျား ကံဆိုးတာဘဲ"

"သူကံဆိုးတယ်ပြောပါ။ ကျုပ်သေတာမှ မဟုတ်ဘဲ"

"ခင်ဗျား ကံဆိုးတာပါ။ အဲဒီအမှုကြောင့် ခင်ဗျားဒီကို ရောက်လာရပြီ သက်တမ်းအလျှော့ ခံရလုဆဲဆဲ မဟုတ်လား၊ ကျုပ်တို့ခြောက်ယောက်ဘဲ ကျန်တော့တယ်ဆိုတာ သတိရပါအုံး"

"စိတ်ချ၊ ဒီလူသတ်သမားက ကျုပ်ကို ဘာမှမလုပ်နိုင်ပါဘူး ဖိုးသာအေးဘဲ၊ တအေးဘဲရှိပါတယ်၊ ကျုပ်ကိုယ်ကျုပ် ကာကွယ်နိုင်ပါတယ်ဗျာ မပူပါနဲ့"

"ကျုပ်တော့မထင်ဘူး ခင်ဗျားအသတ် မခံရဘူးဆိုတာကို ကျုပ်တစ်ကျုပ်နဲ့တစ်ရာ မလောင်းရဲဘူး"

"ဘာဖြစ်လို့လဲ"

"ကျုပ်အမြင်မှာတော့ ခင်ဗျားဟာ ကြည်ကြည်ညွန့် ဉာဏ်ကို မမှီပါဘူး၊ ကြည်ကြည်ညွန့်လို ဉာဏ်မျိုးက ခင်ဗျားလို မလယ်မရှုပ်နဲ့ လူတစ်ယောက်မဟုတ်ဘူးဆယ်ယောက်ကို လှည့်စားနိုင်ပါတယ်…"

"အမယ်လေး ကျုပ်ကိုတော့ ပြောလိုက်တာ ခင်ဗျားကတော့ကော"

ဖိုးသာအေးက သူလိုဉာဏ်မရှိဟု ကုသကပြော၍ မခံမရပ်နိုင်လောက်အောင် ဖြစ်လာသဖြင့် မင်းထက်တော့ ငါကသာပါတယ် ဟူသော ခနဲ့ခနဲ့ အကြည့်မျိုးဖြင့် ကြည့်၍မေးသည်။

"ဟာ…ကျုပ်ကတော့ စိတ်ချ၊ ကျုပ်ရဲ့ဘဝ သက်တမ်းတစ်လျှောက်မှာတော့ ဒီထက်ကျုပ်တည်းတဲ့ နေရာမျိုးတွေ ခဏ ခဏကြုံဘူးပါတယ်၊ ကျုပ်လွတ်အောင် ရုန်းနိုင်ပါတယ်ဗျာ"

ကုသက ခပ်ကြွားကြွားဝါဝါ ပြန်ပြောလိုက်သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

၃၂

မကြည်ပွင့်သည် ကြက်ဥများကို တစ်လုံးစီဖေါက်၍ ဆီကျက်ပြီးဖြစ်သော အိုးထဲသို့ ထည့်နေသည်။ မကျက်တကျက် ကြော်ရမည်ဖြစ်၍ ဂရုစိုက်ကြည့်နေသော်လည်း မျက်စိတို့က ကြက်ဥများကိုမမြင်၊ ရန်ကုန်ရှိ အင်းယားကန်ကို မြင်နေသည်။

ဂျက်ကီကလေးတင် ၏ အလောင်းကို မီးသတ်အဖွဲ့မှ ဆယ်ယူပြီး ဆေးရုံယူမသွားမီ ရေကမ်းစပ်တွင် ခဏချထားစဉ်က ဂျက်ကီရေနစ်စဉ်က မျက်မြင်သက်သေများ ပြောနေသောစကားကို ကြားရောင်မိနေသည်။

"သူ့ထိန်းတဲ့ အမျိုးသမီးက ချောတယ်ဗျာ။ ထမီနဲ့အင်္ကျီလေးချွတ်ပုံပြီး အတွင်းခံဘောင်းဘီ ဘရာစီယာနဲ့ ရေထဲပြေးဆင်းပြီး ကောင်လေးနောက်ကိုလိုက်ကူးသွားတာ မြန်ကလဲမြန်လိုက်တာဗျာ၊ ဒါပေမဲ့ အလှမ်းကဝေးနေလေတော့ ကလေးနစ်သွားချိန်မှာ သူက ပေတစ်ရာလောက်ဝေးနေသေးတယ်"

အချိန်လွန်မှ ရေထဲဆင်း၍ ကူးလိုက်သွားသည်ဖြစ်ကြောင်းကို မည်သူမှ မရိပ်မိကြပေ။

"ဟဲ့... ကြက်ဥတွေ ကျက်ကုန်တော့မယ်၊ ဆယ်လိုက်တော့လေ"

ဘေးမှ ဒေါ်နှင်းဦး သတိပေးတော့မှ မကြည်ပွင့်သည် အကြော်အိုးကိုချ၍ ကြက်ဥများဆယ်ကာ ပန်းကန်ထဲသို့ ထည့်လိုက်သည်။

"အန်တီ..."

"အင်း..."

"အန်တီသေရမှာ မကြောက်ဘူးလားဟင်၊ မနက်ကတစ်ယောက်ထဲ အဖော်မပါဘဲ ထွက်သွားလိုက်တာ"

မကြည်ပွင့် ကမေးသည်။

"နင်တို့သာ သေကြမှာ ငါကသေမှာမဟုတ်ဘူး"

ဒေါ်နှင်းဦးက စိတ်ထဲမှပြောလိုက်ပြီး မကြည်ပွင့်၏ မေးခွန်းကို နှုတ်မှအဖြေပေးရန် ဟန်ပြင်နေစဉ်မှာပင်။ ကုသနဲ့ ဖိုးသာအေးတို့ ဝင်လာသည်။

"ပန်းကန်တွေ သယ်ပေးပါမယ်"

ကုသက ပြောလိုက်သည်။

"ပြီးပြီ...အခုယူလာခဲ့မှာပါ။ ရှင်တို့ယောကျ်ားကြီးတွေကယောကျ်ားကြီးတွေပီပီ စားပွဲမှာ ထိုင်ကြပါလေ၊ ကျမတို့နှစ်ယောက် ယူလာခဲ့ရင်း အဆိပ်ပါတခါထဲ ခတ်ခဲ့ပါ့မယ်"

မကြည်ပွင့်က ပြောလိုက်သည်။

"မနောက်ပါနဲ့တော့ဗျာ တို့တကယ်ကြောက်နေပြီ"

ဖိုးသာအေးက ရယ်ရယ်မောမောနှင့်ပြောရင်း ကုသနှင့်အတူ ပြန်ထွက်သွားသည်။

ဒီကောင်ကတော့ ခပ်တည်တည်နဲ့ ရွှတ်တယ်ဗျ၊ ဟင်း...အခုလို လူသေအလောင်းတွေ ရှိနေတဲ့အချိန်မျိုး မဟုတ်ဘဲ တခြားတနေရာရာ တစ်ချိန်ချိန်မှာ ဟောဒီဟာမကလေးကို တွေ့လိုက်ချင်စမ်းပါဘိဗျာ၊ ဟဲ ဟဲ ဟဲ..."

ကုသက ဖိုးသာအေးကို နှစ်ကိုယ်ကြားပြောလိုက်သည်။

"အကြံတူရန်သူဖြစ်သွားမယ်နော် ဟင်း..."

ဖိုးသာအေးကလည်း စပ်ဖြဲဖြဲနှင့် ပြန်ပြောလိုက်သည်။

ထမင်းစားခန်းထဲတွင် လူဇော်မင်းနှင့် နေအောင်ထွန်းတို့မှာ ကိုယ့်နေရာကိုယ်ထိုင်နှင့်နေကြပြီးဖြစ်သည်။

ကုသနဲ့ ဖိုးသာအေးတို့ ကိုယ့်နေရာကိုယ် ဝင်ထိုင်ကြသည်။

ဒေါ်နှင်းဦးနှင့် မကြည်ပွင့်တို့က စားဘွယ်ရာများ ယူလာပြီး စားပွဲပေါ်ချသည်။

"ရာခိုင်နှုန်းအပြည့် အာမခံပါတယ်၊ သေစေတတ်တဲ့ ပစ္စည်းဆိုလို့ ဘာမှမပါဘူး၊ ကျမတို့နှစ်ယောက် တစ်ယောက်နဲ့တစ်ယောက် မယုံကြလို့ ဘယ်သူကဘယ်သူ့ကိုမှ အလစ်မပေးခဲ့ပါဘူး"

www.burmeseclassic.com

မကြည်ပွင့်က ခပ်ရှုတ်ရှုတ်ပြောလိုက်သည်။

"မင်းက မကြောက်တော့ဘူးလား"

နေအောင်ထွန်းက မကြည်ပွင့်ကိုမေးသည်။

"ကြောက်တော့ ကြောက်တာဘဲ၊ ကြောက်တော့ကော ဘာတတ်နိုင်မှာလဲအန်ကယ်၊ အန်ကယ်ပြောတဲ့ မကြည်ကြည်ညွန့်က သူနည်း သူဟန်နဲ့ ကျမတို့ကို တစ်ယောက်စီ တစ်ယောက်စီ တစ်ယောက်ပြီး တစ်ယောက် သတ်မှာသေချာနေပြီဘဲ၊ ဒီနေ့မှ မော်တော်ဘုတ်တွေ ဘာတွေမလာရင်တော့ မနက်ဖန်အထိ ဘယ်သူရှင်နေမလဲဆိုတာ မသိရသေးပါဘူး"

မကြည်ပွင့်က လျှာသွက်အာသွက်နှင့် ပြောလိုက်သည်။

ကြက်ဥကြော် ပေါင်မုန့်ထောပတ်သုပ်နှင့် ကော်ဖီသောက်၍ ပြီးကြသည်။

အိမ်တွင် လူသေအလောင်းလေးလောင်းရှိနေလျက်နှင့် မြိန်ရေယှက်ရေ စားသောက်နေသည်မှာ အံ့သြစရာကောင်းသည်ဟု ဒေါ်နှင်းဦး စဉ်းစားနေသည်။ "အင်း···သေတဲ့လူကတော့ သေမှာဘဲ၊ ကျန်ခဲ့တဲ့လူက အငတ်နေလို့မှမရဘဲ" ဟူ၍လည်း ပြန်ဖြေသည်။

"နေ့လယ်စာ ဘာစားကြမလဲ"

မကြည်ပွင့်က ဖိုးသာအေးကိုမေးသည်။

"မေးမနေပါနဲ့ ရှိတာသာ ချက်ကျွေးပါ"

ဖိုးသာအေးက ပြန်ပြောသည်။

မကြည်ပွင့်က ကြက်ဥပန်းကန်များကိုယူ၍ တစ်ခွက်ပေါ်တစ်ခွက် ထပ်နေသည်။

"ညှိသည်ချင်းအတူတူ ကိုယ်တို့လဲ လုပ်အားပေးပါ့မယ်"

ကုသက မတ်တတ်ထကာ မကြည်ပွင့်လက်မှ ပန်းကန်များကိုဆေးရန်ယူသွားသည်။

"နာရီဝက်ရှိရင် အားလုံးပြန်ဆုံကြစို့လား။ တိုင်ပင်စရာရှိတာ ကလေးတွေ တိုင်ပင်ကြရအောင်ပါ"

နေအောင်ထွန်းပြောပြီး ထမင်းစားခန်းထဲမှ ထွက်သွားသည်။

ဒေါ်နှင်းဦးသည် ထိုင်ရာမှ ထလိုက်သည်။

"အို···"

မတ်တတ်ထကာ မျက်စိမှိတ်လိုက်ပြီး ကုလားထိုင်တွင် ပြန်ထိုင်သည်။

"ဘာဖြစ်တာလဲ"

"ခေါင်းနည်းနည်း မူးသွားလို့ပါ၊ ကိစ္စမရှိပါဘူး၊ ဖြစ်နေကျပါ၊ ထိုင်ရာမှ ရုတ်တရက်ထလိုက်ရင် အခုလို မကြာခဏ ဖြစ်နေကြပါ"

ဒေါ်နှင်းဦးက ပြန်ပြောသည်။

"သွေးတိုးရောဂါရှိလို့လား"

"အရင်ကတော့ ရှိတာဘဲ၊ မဖြစ်တာ တစ်လလောက်ရှိသွားပြီ"

"အင်း···အိပ်ပျက်တာရယ်၊ စိတ်ထိခိုက်စရာ တွေ့ကြုံရတာကြောင့် ဖြစ်တာပါ၊ ဆေးသောက်မလား"

"ဟင့်အင်း···ဟင့်အင်း"

ဒေါ်နှင်းဦးကခေါင်းခါပြသည်။

လူဇော်မင်းမျက်နှာ နီမြန်းသွားသည်။

ဒေါ်နှင်းဦးသည် သောက်ရမည့်ဆေးကို ကြောက်ရွံ့စိုးရိမ်၍ ငြင်းနေမှန်းသိသည်။

ဖိုးသာအေးက ပြုံးသည်။

"ခဏနားလိုက်ရင် ကောင်းသွားမှာပါ၊ ကိစ္စမရှိပါဘူး"

ဒေါ်နှင်းဦးက ပြန်ပြောမှ လူဇော်မင်း မတ်တတ်ထလိုက်ကာ ပခုံးနှစ်ဘက် တွန့်ပြပြီး ထွက်သွားသည်။ လူဇော်မင်းနောက်မှ ဖိုးသာအေးလိုက်သွားသည်။

ဒေါ်နှင်းဦးသည် ထမင်းစားပွဲပေါ်တွင် လက်တဘက်ဖြင့် မေးကိုထောက်၍ထိုင်ရင်း လက်ပွေ့အိတ်ထဲမှ နှာပုလင်းကိုထုတ်၍ သုံးလေးခါရှူပြီး စားပွဲပေါ်တွင် ပြန်ချထားလိုက်သည်။

ဆက်ပါဦးမည်····

ရဲစိုး



www.burmeseclassic.com

www.burmeseclassic.com

# မေတ္တာသည်သာ

မြမြလှိုင်




www.burmeseclassic.com

www.burmeseclassic.com

# မေတ္တာသည်သာ

■ မြမြလှိုင်

ကိုချမ်းအေးနှင့် မကျင်စိန်ဆိုလျှင် အုန်းနဲ့ဝရွာ တစ်ရွာလုံးက သိကြသည်။ ကိုချမ်းအေးက အသားညိုညို၊ အရပ်မြင့်ပြီး ကလန်ကလားအသွင်။ မျက်လုံးမှေးကာ နှာတံပေါ်သော်လည်း မေးရိုးက လေးထောင့်စပ်စပ် ကျနေသည်။ လက်ပြင် အနည်းငယ် ကုန်း၍ လမ်းလျှောက်ပုံမှာ ခပ်ယိုင်ယိုင်ဖြစ်သည်။ အရယ်အပြုံးနည်းသည်။ အမြဲတမ်း ခပ်တည်တည်သာရှိသည်။ မကျင်စိန်ကမူ ကိုချမ်းအေးနှင့် အရာရာအားလုံး ဆန့်ကျင်ဘက်ဖြစ်သည်။ မိန်းမတွေ ရှိသင့်သော အရပ်ထက် ပုသည်၊ ငါးပေမကျော်။ အသားက ဂန္ဓရာဇ်သွေးပါ၍ ဖြူလွန်းသည်။ မျက်လုံးက လုံးဝန်းပြီး ပြူးသည့်ဘက်သို့ နွယ်၏။ နှာတံပြားကာ မေးစေ့ချွန်သည်။ လမ်းလျှောက်လျှင် အရပ်ပုသည့်အတွက် ခြေဖျားထောက်ပြီး တစ်ချက်တစ်ချက်လှမ်းပြီး လျှောက်လေ့ရှိသည်။ အမြင်မတူကြသော်လည်း လင်မယားနှစ်ယောက်စလုံး အသွင်တူသည်။

အုန်းနဲ့ရွာသည် လယ်ယာလုပ်ငန်းကို အများဆုံး လုပ်ကြသည်။ ထိုထဲတွင် ကိုချမ်းအေးတို့လင်မယားမပါ။ သူတို့၏ စီးပွားရေးလုပ်ငန်းက တစ်မျိုးဖြစ်သည်။ ရွာထဲတွင် ကုန်မျိုးစုံဆိုင်လေး ဖွင့်ထားသည်။ ဆိုင်လေးဆိုသော်လည်း တစ်ရွာလုံး အားထားရသော ဆိုင်ဖြစ်သည်။ အပ်ချည်၊ အပ်ကအစ ကုန်ခြောက်လည်းရောင်းသည်။ အလှကုန်ပစ္စည်းလည်းရသည်။ အဝတ်အထည် စတာတွေလည်း ရှိသည်။ တစ်ရွာလုံးနီးပါးသည် သူ့ဆိုင်မှ အကြွေးမကင်းကြပေ။ လယ်ပေါင်၊ လှည်းပေါင်၊ ပစ္စည်းအပေါင်လည်း လုပ်သလို ငွေတိုးလည်း ပေးသည်။ အရောင်းအဝယ်သဘောမျိုး ရေးထားသော စာချုပ်တွင် နှစ်ဦးနှစ်ဖက် သက်သေနှင့် ချုပ်ပြီးမှ ငွေပေးသည်။ ပစ္စည်းတန်ဖိုးပေါ်မှာ မူတည်ပြီး ပစ္စည်းရွေးရမည့်ရက်ကိုသာ သတ်မှတ်သည်။ ခြောက်လနှင့် တစ်နှစ်အတွင်း မရွေးလျှင် အဆုံးဖြစ်သည်။ သို့နှင့်ပင် ကိုချမ်းအေးတို့လင်မယား လှည်းတွေပိုင်လာသည်၊ နွားတွေပိုင်လာသည်။ ဝိုင်းနှင့်ယာတွေလည်း ရလာပြီး အငှားပြန်ချကာ စီးပွားရေးတွေတက်လာ၏။ ကိုးနှစ်နှင့် ခြောက်နှစ် သားနှစ်ယောက်ရှိသည်။ ရွာကျောင်းမှာပင် နေကြသည်။ ယခုမှ မူလတန်း ကျောင်းသားများ ဖြစ်ကြသည်။

"ကိုချမ်းအေး၊ ကျုပ် တော့်ကို တစ်ခုလောက် တိုင်ပင်ချင်တယ်"

အလုပ်ပါးသည့်အချိန် ကိုချမ်းအေး ဆေးပေါ့လိပ်တိုနှင့် မှိန်းကာ စည်းစိမ်ခံစားနေစဉ် ဇနီးသည် မကျင်စိန် အနားသို့ရောက်လာပြီး ပြောလိုက်သည်။

"ဘာကိစ္စလဲ မိန်းမ၊ ပြောလေ"

"ကိုဖိုးမှိန်တို့ဝိုင်းကို သိတယ်မဟုတ်လား"

"သိသားပဲ၊ သူတို့ဝိုင်းကို တို့ပဲ ယူလိုက်တာလေ"

"ဟုတ်တယ်၊ အဲဒီဝိုင်းမှာ ကျုပ်တို့ နှစ်ထပ်အိမ် ဆောက်ရအောင်။ ကျုပ်တို့ သူ့မြေကိုယူပြီး သူ့သမီးနဲ့ သမက်ကို လက်ကျန်ငွေ ပြန်အမ်းယူလိုက်ပြီးပြီ။ ကိုဖိုးမှိန်လည်း ဆုံးသွားတော့ သူ့သမီးက ယောက္ခမတို့ရွာကို လိုက်သွားပြီ။ အဲဒီ ခြံမြေဝိုင်းကကျယ်တယ်။ ဒါကြောင့် နှစ်ထပ်အိမ်ဆောက်ဖို့ ကျုပ်စဉ်းစားတာ"

"အေး ...ကောင်းသားပဲ။ ကလေးတွေလည်း တဖြည်းဖြည်း အရွယ်ရောက်လာမှာနဲ့ဆိုတော့ အတော်ပဲပေါ့။ ပြောနေကြာတယ်၊ လာ ... တို့လင်မယား အဲဒီဝိုင်းကို သွားကြည့်ရအောင်"

သောက်လက်စ ဆေးပေါ့လိပ်အတိုကို မီးခဏငြိမ်းထားပြီး လင်မယားနှစ်ယောက် ထွက်လာခဲ့ကြသည်။

"ဘယ်လဲဟေ့"

"ဖိုးမှိန်တို့ ဝိုင်းဘက်ကို ခဏသွားကြည့်မလို့ ဘကြီးအေးရေ"

ရွာလယ်လမ်းမှ ဖြတ်လာခဲ့ကြ၏။ ဖိုးမှိန်၏အိမ်ခြံ မြေဝိုင်းသည် ရွာနှင့် အနည်းငယ်လှမ်းသည်။ အစွန်အဖျားနားကျသည်မက စားပင်သီးပင်



www.burmeseclassic.com

www.burmeseclassic.com

လေးတွေနှင့် စိုစိုပြည်ပြည်ဖြစ်ခဲ့သည်။ ယခုတော့ လူမနေသည်မှာ သုံးလေးနှစ်ကြာပြီး ပိုင်ရှင် ကိုးဖိုးမိုန် ဆုံးသွားတာတောင် သုံးလေးနှစ်လောက် ရှိတော့မည်။ ကိုချမ်းအေးတို့ လက်ထဲတွင် မြေအပေါင်ခံ ငွေယူပြီး မကြာခင် ပိုးထိ၍ဆုံးခဲ့သည်။ ဆုံးစဉ်က ကိုဖိုးမိုန်မှာ အသက် ၄၀ နှစ်သာ ရှိသေးသည်။

"ကျုပ်ထင်သား၊ ဒီခြံပိုင်းကျယ်မယ်လို့။ အင်း ... ကိုဖိုးမိုန်ကြီးခင်မျာ ချေးတဲ့ငွေကိုတောင် သုံးမသွားရဘဲ ပိုးထိပြီး သေသွားရတာ။ သူ့သမီးကလည်း မရွေးနိုင်တော့ မဖြစ်မနေ လက်ကျန်ငွေကို အမ်းပေးပြီးယူလိုက်ရတာ"

မကျင်စိန်က ကိုချမ်းအေးကို ပြောသလိုလိုနှင့် သူတစ်ယောက်တည်းပြောပြီး ခြံထဲလျှောက်ကြည့်သည်။ ကိုချမ်းအေးလည်း နောက်မှ ကပ်ပါလာသည်။

"ဟောဒီမှာ ကသစ်ပင်ကြီးပါလား။ အင်း ... ကျုပ်တို့ အိမ်ဆောက်ရင်တော့ ဒီအပင်ကြီးကို ခုတ်ပစ်ရမှာပဲ။ နို့မို့ဆိုရင် အဲဒီအပင်ကြီးက ရှုပ်နေဦးမယ်"

"အင်း .. ကောင်းသားပဲ၊ အဲဒီအပင်ကြီးမရှိတော့ရင် ခြံထဲမှာလည်း ရှင်းသွားမယ်။ နောင်နောင်တို့ အုပ်စုကိုခေါ်ပြီး ခုတ်ခိုင်းရမယ်"

ညနေအချိန် နေဝင်ဆည်းဆာက ခပ်မှိန်မှိန်ရောက်လာသည်။ မကြာခင်မှာ မှောင်ရိပ်ိုးတဝါးနှင့် အလင်းရောင်ပျောက်တော့မည်။ လင်မယားနှစ်ဦးသား ကသစ်ပင်ကြီးအောက်က ဖြတ်ပြီး ပြန်လာခဲ့ကြသည်။ ကသစ်ရွက်ခြောက်လေး တစ်ရွက်ပင် လေနှင့်အတူ မကျင်စိန်၏ ခေါင်းပေါ်ဝဲကျကာ ဆံပင်နှင့် ကပ်ပါလာသည်။

"ဟော ... ပါးပါးနဲ့ မားမားတို့ ပြန်လာကြပြီ။ မားမား ... သားတို့ ထမင်းဆာတယ်"

မိမိတို့ခြံပိုင်းအတွင်းသို့ ရောက်သောအခါ မိုးချုပ်စ ပြုလာသည်။ ပတ်ဝန်းကျင်တွင် အမှောင်ရိပ်က လွှမ်းလာသည်။ အိမ်ထဲရောက်သည်နှင့် မကျင်စိန်က ရေနံဆီမီးခွက်ကြီး တစ်လုံးကို မီးညှိလိုက်ရာ နီကြင်ကြင် အလင်းရောင်က တစ်ခန်းလုံး ဖြာဆင်းသွားသည်။ အတွင်းဘက်တွင် ထမင်းစားခန်း၊ အိပ်ခန်းရယ်လို့ သီးသန့်ကာရံထားခြင်း မရှိ။ ပုဆိုးတစ်ကွင်းစာ အဟောင်းစနှင့် ကာထားသော အတွင်းပိုင်းတွင် မကျင်စိန်တို့ သားအမိ စုပေါင်းအိပ်ကြကာ ဝါးကွပ်ပျစ်ကြီးတစ်လုံးနှင့် ခေါင်းအုံး၊ ခြင်ထောင်တို့ ရှိသည်။

ဘုရားကျောင်းဆောင်မှာ အိမ်အဝင်ဝ ဆင့်ပေါ်တွင် လေးတိုင်စင်တစ်ခု ရိုက်ထားကာ ရွှေတိဂုံပုံတော်ကားချပ်နှင့် ညောင်ရေပန်းအိုး သုံးအိုးရှိသည်။ ဘုရားကျောင်းဆောင်အောက်တွင် အိမ်တွင်းအုန်းစင်ကို ရှန်အနီစနှင့် ဖုံးကာ ထား၏။ အခြေကြမ်းချင်းမှာ မြေသလင်းသာဖြစ်သည်။ အိမ်မှာ ပျဉ်ထောင်ပျဉ်ခင်း၊ သွပ်မိုးတစ်ပိုင်း၊ ဓနိတစ်ပိုင်း ဖြစ်၏။ ရှေ့ဘက်တွင် သစ်သားအကြမ်းဖြင့် စားပွဲခုံကြီးကြီး ရိုက်ထားပြီး ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ ငရုတ်၊ ပဲအမျိုးမျိုးတို့ကို တခြားသစ်တိုသစ်စတို့ဖြင့် အကန့်ကန့် ရိုက်ပြီး ထည့်ထားသည်။ ဆီ၊ ရေနံဆီတို့ကို ပုံးလေးဖြင့်ထည့်ကာရောင်းသည်။

"ကဲ ... လာလာ၊ စားကြမယ်၊ လာကြဟေ့၊ လာကြ"

အိမ်ရှေ့နားတွင် ထမင်းစားပွဲဝိုင်းကြီးကို ချကာ မိသားစုစားရန် ထမင်းနှင့်ဟင်းကို ပြင်လိုက်သည်။ ဟင်းမှာ ကိုချမ်းအေးအကြိုက်၊ အမဲဝမ်းတွင်းကလီစာကို ရွာတောင်ပိုင်းက ရလာ၍ ချင်း၊ စပါးလင်၊ ကြက်သွန်ဖြူနိုင်နိုင်လေးနှင့် နူးနူးအိအိ အရည်သောက်ဟင်းချက်ထားသည်။ ထမင်းစားပွဲအလယ်တွင် ဒန်ဇလုံအကြီးစားနှင့် အပြည့်ထည့်ကာ ဟင်းခွက်ကို တည်ထားသည်။ ထင်းဖြင့် မီးမှုန်းမှုန်းထိုးကာ နပ်ထား၍ ပူပူနွေးနွေး အငွေ့တထောင်းထောင်း ထနေသည်။

"ကဲ ...လာ၊ စားကြလေ၊ ခေါ်ရတာ မောပြီ၊ လာလာ"

"အေး ...လာပြီ။ လာကြ၊ လာကြ"

ကိုချမ်းအေးက ရှေ့ကဦးဆောင်ပြီး အိမ်ထဲဝင်လာသည်။ သားအငယ်ကောင်က မကျင်စိန်၏ ခေါင်းမှကျသွားသော ကသစ်ရွက်ကို ခြေထောက်ဖြင့် ခတ်လိုက်သည်။ ထမင်းဝိုင်းတွင် အတူတူလာလာထိုင်သည်။ ကသစ်ရွက်မှာ လေမတိုက်သော်လည်း ကန်လိုက်သော အရှိန်ကြောင့် ထင်သည်၊ ထမင်းစားပွဲနားသို့ ရောက်လာသည်၊

"ပါပါး၊ ဟိုဘက်နည်းနည်းတိုးထိုင်ရတာကျပ်တယ်"

"ခါတိုင်းလည်း ဒီလိုပဲထိုင်နေတာ၊ ခုမှ လာကျပ်နေတယ်"

"သားတကယ်ပြောတာ၊ သူ့နားမှာ ကျပ်နေတာ"

www.burmeseclassic.com

သားအကြီးကောင်က ပြန်ပြီး ဖြေလိုက်သည်။ စားပွဲပေါ်တွင် ကသစ်ရွက်လေးက တဖြည်းဖြည်းလှုပ်နေသည်။

"ကဲ ... ကဲ ... စား၊ စကားမများနဲ့။ မိန်းမ ဟင်းထပ်ထည့်ဦးလေ။ ဒီမှာကုန်တော့မယ်"

"ဒါအကုန်ပဲ၊ အိုးထဲမှာ မရှိတော့ဘူး"

"ပါပါး သားနားက လက်က အေးနေသလိုပဲ"

"လက်ရေဆေးထားတော့ အေးတာပေါ့။ စားလို့ပြီးရင် ထသွားကြတော့"

အားလုံးစားသောက်ပြီး၍ ထမင်းစားပွဲကိုသိမ်းရင်း ပန်းကန်ထဲမှ ဟင်းကျန်၊ ထမင်းကျန်တွေကို ထင်းထားသော တဲအိမ်လေးနားတွင် ရှိတတ်သည့် ခွေးမလေးကိုကျွေးရန် ယူလာခဲ့သည်။

"ဝုတ်ဝုတ် ... ဝုတ်ဝုတ်"

"ဟဲ့ ... စားရမှာပေါ့။ ဘာဖြစ်လို့ ဒီလောက် ဟောင်နေရတာလဲ"

"ဝုတ်ဝုတ် ... ဝုတ်ဝုတ်"

မကျင်စိန်ပြောသော်လည်း ခွေးမလေးက မကျင်စိန်၏ နောက်ဘက်ကို ခပ်စူးစူးစိုက်ကြည့်ပြီး အဆက်မပြတ်ဟောင်နေသည်။

"ကဲ ... ရော့ရော့၊ စား စား"

"ဝုတ် ... ဝုတ် ... ဂရီး"

ခွေးမလေးသည် မကျင်စိန်ချကျွေးသည့် ထမင်းပုံနားသို့ ရောက်လာပြီး တစ်စုံတစ်ခုကို ကိုက်သလို မကျင်စိန်၏ အနားသို့ ဝင်ဆွဲလိုက်သည်။

"သြော် ... ဒီခွေးနှယ်၊ ငါကျွေးနေလျက်ရဲ့ မာန်ဖီရသေးတယ်။ ရှိက်လိုက်ရ"

ထမင်းပုံနားမှ နောက်ဆုတ်သွားပြီး ထမင်းပုံကို ကြည့်ကာ အဆက်မပြတ်ဟောင်နေသည်။ မကျင်စိန်ကတော့ နောက်လှည့်မကြည့်တော့ဘဲ အိမ်ထဲဝင်သွားသည်။

* * *

"မကျင်စိန် ... မကျင်စိန်၊ ဒီမှာ အငယ်ကောင် ဘာဖြစ်တာလဲ မသိဘူး။ အော်နေတယ်။ မျက်ရည်တွေလည်းကျပြီး တစ်ကိုယ်လုံးတုန်နေတယ်"

မကျင်စိန် သားအငယ်ကောင် အနားသို့ ကပ်သွားသည်။ အငယ်ကောင်က အနားသို့အကပ်မခံ။ ဟစ်အော်ပြီး တစ်ကိုယ်လုံး တုန်နေသည်။ အေးစက်နေသည်။ မကျင်စိန် သားကိုအတင်းပွေ့သည်။ လှုပ်ရှား၍မရ၊ ခန္ဓာကိုယ်က တောင့်နေ၍ စိတ်ပူလာသည်။

"ဆရာတော်ဘုရားဆီ သွားမယ်"

"ဘာဖြစ်လို့လဲ ကိုချမ်းအေး"

"အပမှီသလားမသိဘူး။ ငါ့စိတ်ထဲထင်လို့"

"ဒါဆို သွားကြမယ်လေ။ ကျုပ်မီးခွက်ယူခဲ့မယ်။ မီးဖိုလည်း မီးငြိမ်းပြီး ကျောက်ပြားနဲ့ အုပ်ခဲ့မယ်"

သားအမိ သားအဖလေးယောက်စလုံး ဆရာတော်၏ကျောင်းသို့ အပြေးလာခဲ့ကြသည်။

ဆရာတော် ဦးဓမ္မဝံသမှာ အုန်းနဲ့ ရွာသားဖြစ်ပြီး မူလဆရာတော်ကြီး၏ တူအရင်းဖြစ်သည်။ ငယ်စဉ်ကတည်းက မိဘနှစ်ပါးလုံးကွယ်လွန်၍ ဘကြီးဘုန်းကြီး၏ ကျောင်းတွင်နေရင်းက ဘကြီး၏ဝေယျာဝစ္စကို လုပ်ပေးပြီး သာသနာ့ဘောင်သို့ကူးပြောင်း

တပည့်တော်ရဲ့ဝိုင်းထဲက ကသစ်ပင်မှာ အဲဒီက ကြောက်စရာကောင်းတဲ့ အကောင်ကြီးဆီမှာ အလုပ်အကျွေးပြုပြီး ခိုကပ်နေရတာပါ။ သူလစ်တဲ့အချိန်မှာ ကသစ်ရွက်နဲ့ ကပ်လိုက်လာခဲ့တာပါ ဘုရား။ သူတို့ကလည်း နာမည်သီးသီးခြားခြား တပ်မခေါ်ဘဲ လာကြ၊ လာကြ၊ စားကြဆိုတော့ ...



www.burmeseclassic.com

www.burmeseclassic.com

ခဲ့သည်။ ပရိယတ္တိစာပေ၊ ကမ္မဋ္ဌာန်း တရားတို့ကို လေ့လာအားထုတ်ပြီး ဆရာတော် ပျံလွန်တော်မူသောအခါ ရဟန်းဝါတော် ၁၀ ဝါကျော်၍ ရွာက ပင် ကျောင်းထိုင်ဆရာတော်အဖြစ် ပူဇော်မှုကို ခံယူလိုက်သည်။ ကိုချမ်းအေးနှင့် အသက်ရွယ်တူ ဖြစ်သည်။ အသက် ၄၀ ကျော်ဝန်းကျင် ရှိပြီ။

"ဘုန်းဘုန်းဘုရား ... ဘုန်း ဘုန်း ဘုရား"

"ဟဲ့ ... ဘယ်သူတွေလဲ။ ငွေ ဆောင် ... ကျောင်းအောက်မှာ မီး ခွက်ထွန်းလိုက်စမ်း"

"တပည့်တော် ... ချမ်းအေးပါ ဘုရား"

မီးခွက်အလင်းရောင်အောက် တွင် ကိုချမ်းအေးက သားအငယ်ကောင် ကို အတင်းပွေ့ချီထားသည်ကိုတွေ့ရ သည်။

ကျောင်းပေါ်သို့ တက်လာခိုင်း သည်။ ကိုချမ်းအေးလည်း ကလေးနှင့် အတူ ဆရာတော်ရှိရာသို့ တက်လာ သည်။ ဆရာတော်၏ရှေ့သို့ ရောက် သည်နှင့် ပွေ့ထားသော ကလေးကို ချလိုက်သည်။ အကျိုးအကြောင်း အမြန်လျှောက်တင်လိုက်သည်။ ဆရာ တော်က ကိုချမ်းအေး၏ လျှောက်တင် ချက်ကို နားထောင်ပြီး သားငယ် အကောင်၏ ခေါင်းပေါ်သို့ လက်တင် လိုက်သည်။

"ဆရာတော်ဟာ ရဟန်းအမှု ကိစ္စမှာသာ လုံ့လထုတ်ပါတယ်။ လူ တို့၏အမှုမှာ ပါဝင်စွက်ဖက်မှု မရှိပါ ဘူး။ ဒီကလေးငယ်အပေါ်မှာ ဖြစ်နေ တဲ့ အန္တရာယ်က ကင်းလွတ်စေချင် တဲ့ဆန္ဒနဲ့ မေတ္တာထားတာကို သစ္စာဆို ပါတယ်။ ကဲ ... ကဲ ... သင်ဘယ် သူလဲ၊ ဘာလိုသလဲ၊ ဘာကြောင့်နှောင့် ယှက်တာလဲကွယ်။ ဒီကလေးမှာ ဘာ မှအပြစ် မရှိတဲ့သူတွေပါ"

"ဟီးဟီး ... ဟီးဟီး"

"ရှိုက်ကြီးတငင်ငိုနေလို့ မပြီး သေးဘူးလေ။ သင်ဘယ်သူလဲ ပြော ပါ။ အပြစ်ရှိရင်လည်း ဆရာတော်က မေတ္တာနဲ့ ခွင့်လွှတ်ပါတယ်"

"တပည့်တော် ဖိုးမိုန်ပါဘုရား။ ဖိုးမိုန်ပါ။ အစာမစားရတာကြာလို့ သူ တို့နဲ့လိုက်လာတာပါ"

"ဘယ်လို လိုက်လာတာလဲ"

"တပည့်တော်ရဲ့ပိုင်းထဲက ကသစ် ပင်မှာ အဲဒီက ကြောက်စရာကောင်း တဲ့အကောင်ကြီးဆီမှာ အလုပ်အကျွေး ပြုပြီး ခိုကပ်နေရတာပါ။ သူလစ်တဲ့ အချိန်မှာ ကသစ်ရွက်နဲ့ ကပ်လိုက်လာ ခဲ့တာပါ ဘုရား။ သူတို့ကလည်း နာမည်သီးသီးခြားခြား တပ်မခေါ်ဘဲ လာကြ၊ လာကြ၊ စားကြဆိုတော့ နေ ဝင်ဖျိုးဖျအချိန်လည်းဖြစ်၊ လာဖို့ခေါ် နေတာနဲ့ လိုက်လာပြီး သူတို့နဲ့အတူ ထမင်းဝင်စားပေမယ့် ဝဝလင်လင် မစားရပါဘူး။ ကသစ်ပင်က အကောင် ကြီး လိုက်ရှာနေတာကြောင့် ပုန်း လိုက်ရတယ်။ နောက်ပြီး အခု တပည့် တော်နေတဲ့ ကသစ်ပင်ကြီးကို ခုတ် လိုက်မယ်ဆိုရင် အဲဒီ အကောင်ကြီး က ချမ်းအေးတို့မိသားစုကို ဒုက္ခပေး မယ်၊ တပည့်တော်ကိုလည်း နှိပ်စက် မယ်။ နေစရာလည်း မရှိတဲ့အတွက် သီအောင်လုပ်ရတာပါဘုရား"

"ဒါဆို ဘုန်းကြီးတာဝန်ယူပြီး ပြေလည်အောင် လုပ်ပေးမယ်။ ဒကာ ကြီးဖိုးမိုန်၊ ကလေးကို ဒုက္ခပေးပါနဲ့။ ပြန်သွားပါ"

"တပည့်တော်ကို ကယ်တော်မူ ပါဘုရား"

ပြောပြောဆိုဆို အဖယ်ကောင် လေးမှာ ဆရာတော်၏ရှေ့မှာပင် ကြမ်း ပြင်ပေါ်သို့ လဲကျအိပ်ပျော်သလို ဖြစ် သွားသည်။

"အရှင်ဘုရား ... အဲဒီလိုဝင် ပြီး ပြောတာတို့၊ မြင်အောင်ပြတာတို့ ဆိုတာ တကယ်ပဲလာဘုရား"

"ကဲ ... ကလေးလည်း ပင် ပန်းနေလို့ အိပ်ပျော်နေပြီ။ နားပါစေ။ ဒကာကြီးချမ်းအေး မေးတာကို ဦးပဥ္စင်း အတိုချုံးပြီး ပြောပြမယ်။ ဦးပဥ္စင်းတို့ ဂေါတမမြတ်စွာဘုရား သခင် လက်ထက်မှာ သာဝတ္ထိမြို့၊ ဇေတဝန် ကျောင်းမှာ သီတင်းသုံးနေတဲ့ ရဟန်း တော်ငါးရာတို့ဟာ မြတ်စွာဘုရားရှင် ထံမှာ တရားတော်ကို နာကြားတော်မူ ပြီး သင့်တော်တဲ့နေရာ ကျောင်းမှာ တရားလည်းအားထုတ်၊ ဆွမ်းခံလို့ လည်းရမယ့်နေရာကို ရှာတော့ ဟိမ ဝန္တာတောနဲ့ နီးစပ်ပြီး အိမ်ခြေတစ် ထောင်ရှိတဲ့ ရွာတစ်ခုမှာ သီတင်းသုံးဖို့ အဆင်ပြေကြတော့ အဲဒီမှာပဲ ဝါကပ်ဖို့ စီစဉ်ကြတယ်။ လူတွေကလည်း ရဟန်း တော်တို့ လိုအပ်ချက်မှန်သမျှကို ဖြည့် ဆည်းပေးတော့ ရဟန်းတော်များက လည်း တရားကို ကြိုးပမ်းအားထုတ်၊ ဆွမ်းခံကြနဲ့ပေါ့။ အဲဒီမှာပဲ အနီးအနား မှာရှိတဲ့ သစ်ပင်ကြီးငယ်တွေမှာ မမြင် ရသော ဘုမ္မိရအမျိုးအနွယ် ရုက္ခစိုး၊ ပြိတ္တာ စတဲ့ သတ္တဝါတွေမှာ ရဟန်း တော်တို့ရဲ့ တရားကျင့်ကြံမှု အရှိန် အဝါကို ကြောက်ရွံ့ပြီး သူတို့ပိုင်တဲ့ အပင်တွေမှာ မနေနိုင်ကြတော့ဘူး။

www.burmeseclassic.com

ဒါကြောင့် ရဟန်းတွေ ဝါတွင်းကာလ ပတ်လုံး နေမယ်ဆိုရင် ငါကိုယ်ဟာ ဘုံဗိမာန်မှာ မနေရဘဲ ဟိုဒီပြေးလွှားနေရမှာပဲဆိုပြီး တရားအားထုတ်နေတဲ့ ပုထုဇဉ်ရဟန်းတော်တွေရဲ့ရှေ့မှာ ပုံပန်းကြောက်စရာ အမျိုးမျိုး၊ အသံတွေ၊ အနံ့ဆိုးတွေ လွှတ်လိုလွှတ်၊ ပြလိုပြပေါ့။ အဲဒီအခါမှာ ရဟန်းတချို့လည်း စိတ်အနှောင့်အယှက် ဖြစ်ကြရတယ်"

"အဲဒီလို အနံ့ဆိုးတွေကြောင့် ရဟန်းတော်တွေမှာ ခေါင်းမူး၊ ခေါင်းကိုက်တဲ့ ဝေဒနာတွေ ရလာရော။ ကမ္မဋ္ဌာန်းတရားကိုလည်း အားထုတ်မှု လျော့ပါးလာပြီး ကျန်းမာရေးကအစ ညှိုးဖျင်းလာတော့ မထေရ်မြတ်ကြီးတစ်ပါးက အကြောင်းစုံကိုသိပြီး မြတ်စွာဘုရားရှင်ကို လျှောက်တဲ့အခါမှာ မြတ်စွာဘုရားလည်း ရဟန်းငါးရာတို့ကို မေတ္တာကမ္မဋ္ဌာန်း စီးဖြန်းကြဖို့ မေတ္တာသုတ်တော်ကိုဟောပြီး သင်ကြားပေးကာ တောထဲကိုပြန်လွှတ်လိုက်တယ်။ အဲဒီအခါ ရဟန်းတော်တို့လည်း မေတ္တသုတ်တော်ကို ရွတ်ဖတ်သရဇ္ဈာယ်ကြတဲ့အခါမှာမှ စောစောကရန်လို ရန်ပြုကြတဲ့ နတ်တွေ၊ ရုက္ခစိုးတွေဟာ မကောင်းတဲ့စိတ်တွေ ပျောက်ပြီး လူသဏ္ဍာန်တွေဖန်ဆင်း၊ ရဟန်းတော်တွေကြွလာတဲ့အခါ ခရီးဦးကြိုတဲ့သူက ကြို၊ ခြေဆေးပေးသူ၊ သပိတ်ပွေ့သူတွေနဲ့ ကုသိုလ်ပြုကြတော့ ရဟန်းငါးရာတို့လည်း ကောင်းကောင်းမွန်မွန် တရားအားထုတ်နိုင်ပြီး တရားထူးကို ရသွားကြတယ်"

ဟု ရှည်ရှည်လျားလျား ရှင်းပြလိုက်ရ၍ ဆရာတော် အနည်းငယ်မောသွားသည်။ တစ်ယောက်စကား တစ်ယောက်အကြားနှင့် လာကြရာ ကျောင်းပေါ်တွင်လည်း လူတွေရောက်လာကြသည်။

"ဒါဆို ... ဆရာတော်ဘုရား။ တပည့်တော်တို့ ဘယ်လိုလုပ်ရပါ့မလဲဘုရား။ ဒီအပင်ကြီးကလည်း တော်တော်နေရာယူထားတယ်"

"ဖြစ်နိုင်ရင်တော့ အရွက်၊ အခက်လိုအပ်သလောက်ပဲ စီစဉ်ပေါ့။ ဘုန်းကြီးဝင်ပြောလို့ မသင့်တော်ဘူး။အဲဒီ ခြံမြေပိုင်းမှာ ပရိတ်ရွတ်၊ မေတ္တာပို့ အမျှဝေလိုက်ပါ။ မောင်ဖိုးမှိန်ရဲ့အမည်ကို သေသေချာချာခေါ်ပြီး အမျှဝေပါ။ ဒကာချမ်းအေးကို ဘုန်းကြီး မေတ္တသုတ်ရေးပေးမယ်။ တစ်နေ့ကို ခုနစ်ခေါက်ရွတ်၊ ဖြစ်နိုင်ရင် ကိုယ့်ရဲ့အသက်နဲ့ သက်စေ့ကို ရက်ပေါင်းရွတ်ပါ"

"တပည့်တော် ရွတ်ပါ့မယ်ဘုရား"

"တပည့်တော်တို့လည်း ရွတ်ပါ့မယ်ဘုရား"

"အိမ်း ... ကောင်းပြီ။ မေတ္တသုတ်မှာ ဒေပါနတ်များ ချစ်ခင်ပွား၍ ဆိုးရွားအိပ်မက် မမြင်မက်ဘဲ အိပ်စက်နိုးထ၊ ချမ်းသာရလျက်၊ ရန်စရန်ငြှောင့်၊ မြန်ပျောက်လိုက ရွတ်ကြအဟုတ် ခုနစ်အုပ်တည်း"

"သာဓု ... သာဓု ... သာဓု"

ဆရာတော်ဦးဓမ္မဝံသ၏ စကားအဆုံးတွင် အားလုံးလူအပေါင်းတို့မှ သာဓုခေါ်သံကြောင့် ကိုချမ်းအေးတို့၏ သားအငယ်ကောင်လည်း အိပ်ရာကနေ လန်းဆန်းစွာ နိုးလာလေသည်။

မြမြလှိုင်


**အနန္တသိဒ္ဓိစွမ်းအားပြဒါးရှင်**
**အဆောင်ဓာတ်လုံး**
**ဘော် + ဘင် + ပြဒါးသွတ်**

ဤလေးပါးတို့သည် မူလဓာတ်ပေါင်းပစ္စည်းများဖြစ်သဖြင့် ထင်ပေါ်ကျော်ကြားလာဘ်လာဘ ပေါ်ကြွယ်လှပြီး လူတိုင်းလိုအပ်သော ဝီယ-လာဘ-ခနေ-ပညာ စသည်တို့အတွက် သေချာစီမံ၍ ကောင်းသောအချိန်၊ ကောင်းသောနက္ခတ်နှင့် ကြံ့ကြိုက်ချိန်၊ သမထကျင့်စဉ်စွမ်းအားဖြင့် ရောယှက်ပေါင်းစည်း သိဒ္ဓိပြီးအောင် အဆောင်ပြဒါးရှင်ဓာတ်လုံးကို ပါရမီဓာတ်ခံရှိသူများထံ သတင်းကောင်း ပါးလိုက်ပါသည်။

အဆိုပါ ပြဒါးရှင်ဓာတ်လုံးကို ဆောင်ထားခြင်းအားဖြင့်...

ဖော်ပြပါအကျိုးထူးများ ရရှိပါလိမ့်မည်။

၁။ ကျရောက်မည့်၊ ကျရောက်လတ္တံ့သော ဘေးဆိုးများ ကာကွယ်နိုင်ခြင်း။

၂။ ဝီယ+ခနေ၊ လာဘ၊ ပညာရေး စသည်တို့ကို ရရှိနိုင်ခြင်း။

၃။ အတိုက်အခိုက် စုန်း၊ နတ်၊ သိုက် စသော နှောင့်ယှက်မှုကို ကာကွယ်နိုင်ခြင်း။

၄။ ပြည်တွင်းပြည်ပ ကုန်းလမ်း၊ ရေလမ်း၊ လေလမ်း သွားရာတွင် ဆောင်ထားခြင်းဖြင့် ဘေးရန်အသွယ်သွယ် ကင်းငြိမ်း လိုရာခရီးကို ရောက်နိုင်ခြင်း။

၅။ စာမေးပွဲဖြေဆို၊ လူတွေ့စစ်ဆေး စသော ကိစ္စများအောင်နိုင်ခြင်း စသော ကောင်းကျိုးမင်္ဂလာ အဖြာဖြာနှင့် ပြည့်စုံသော အဆိုပါ အဆောင်ပြဒါးရှင်လုံးကို အလိုရှိပါက...

နေ့စဉ် နံနက် ၉း၀၀ နာရီမှ ညနေ ၃း၀၀ နာရီထိ

ရောင်ပြန်မဂ္ဂဇင်းတိုက်

အမှတ်(၂၇)၊ ၅၂-လမ်း(အောက်)၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၉-၂၅၁၀၂၂၃၃၁




www.burmeseclassic.com

www.burmeseclassic.com

# အသက်ရှည်ဆေး ဓာတ်စာပေးမယ်

ကျော်သိမ်းမောင်(လက္ခဏာ)

ရေနံချောင်းမြို့ ရွှေတောင်ပါဠိတက္ကသိုလ်တိုက်ကြီး၏ ဦးစီးပဓာန ကျေးဇူးတော်ရှင် ဘဒ္ဒန္တဇနိတ ဆရာတော်ကြီးသည် သာသနဟိတစတုပစ္စယ ရိုးမဆွမ်းလောင်းအသင်းကြီး ထာဝရ တည်တံ့စေရန်အတွက် အသက်နှင့်ခန္ဓာ မငဲ့ကွက်ဘဲ ၁၉၆၄ ခုနှစ် ဝန်းကျင်ခန့်၌ မြို့ပေါ်ကျေးလက် ရေဝတီမြစ်တစ်ဖက် ကမ်း ကျေးရွာများမကျန် နေ့ညမနား တရားပွဲများကျင်းပလျက် ဆွမ်းဆန်တော် အလှူခံ သံဃာဒါန ကုသိုလ်ကောင်းမှုကြီး ပြုလုပ်တော်မူလေ၏။

ပထဝီ တေဇော အာပေါ ဝါယော ဓာတ်ကြီးလေးပါး နှင့် ဖွဲ့စည်းအပ်သော ရုပ်ခန္ဓာသည် စိတ်သွားတိုင်း ကိုယ်မပါ ခမ္မသဘောအရ ပျက်ယွင်းလာသည်နှင့် မြန်မာ့ရိုးရာ ဓာတ်စာ ကုထုံး မှီဝဲလျက် ကျန်းမာရေးအတွက် စောင့်ရှောက်တော်မူ၏။

မျက်မှောက်ကာလ သက်တော် ၈၀ ကျော်သော်လည်း ဆရာတော်ကြီး၏ ကျန်းမာရေးမှာ အထူးကောင်းမွန်လျက် ရုပ် လက္ခဏာ ကြည်လင်သန့်ရှင်း၍ သွက်လက်တက်ကြွသော အသွင်ဆောင်လျက်ရှိ၏။

ပြည်ပသာသနာပြု အမေရိကန်နိုင်ငံ၌ သီတင်းသုံးတော် မူလျက်ရှိသည့် ဆရာတော်ကြီးသည် ကျန်းမာရေးအတွက် နေ့စဉ် မှီဝဲအပ်သော ဓာတ်စာအား မပျက်မကွက် စားသုံးလျက်ရှိနေ ကြောင်း သိရ၏။

အသက်ဉာဏ်စောင့်၊ ဉစ္စာကံစောင့် စကားနှင့်အညီ ခုနစ်ရက်သားသမီးများ ရောက်စဲအသက်အတွင်း ရှောင်ရန် ဆောင်ရန် ဓာတ်စာအား စားသုံးခြင်းဖြင့် "အာရောဂျံ ပရမံ လာဘံ"ကျန်းမာသက်ရှည် ကောင်းကျိုးအထွေထွေနှင့် ပြည့်ဝ ကြမည်ဖြစ်၏။

ရောက်စဲအသက်တည်၍ ခုနစ်နှင့်စား အကြွင်းအတိုင်း စားသုံးရန် မသင့်သော အစားအစာနှင့် မှီဝဲရမည့် အစားအစာ များ ဆင်ခြင်နိုင်ရန် တင်ပြအပ်ပါသည်။

(၁) အကြွင်း ။ ပဲအမျိုးမျိုး၊ နွားနို့၊ ခုန်သီး၊ ဝက် သားနီချက် စားသုံးနိုင်၏။ ရေ၌ဖြစ်သော အစာဟူသမျှ ရှောင် ကြဉ်ရမည်။

(၂) အကြွင်း ။ သံပရာရည်၊ ချိုချဉ်ရသာ၊ ပေါက် ပေါက်မုန့်ဆန်း စားသုံးနိုင်၏။ နွားနို့၊ ဖုတ်ကင်ကြော်လှော်၊ ညှော်နံ့သင်းသော အစာများ ရှောင်ကြဉ်ရမည်။

(၃) အကြွင်း ။ ထန်းရည်၊ ဖုတ်ကင်ကြော်လှော် ညှော်နံ့ကင်းသော အစာနှင့် ငါး၊ ဝက်သား စားနိုင်၏။ ဖန်ချဉ် အခါး အရသာရှိသော အစားအစာ ရှောင်ကြဉ်ရမည်။

(၄) အကြွင်း ။ မန်ကျည်းဖျော်ရည်၊ ဖန်ချဉ်အခါး စားသုံးသင့်၏။ ပဲအမျိုးမျိုး၊ ဖုတ်ကင်ကြော်လှော် ညှော်နံ့သင်း သော အစားအစာများ ရှောင်ကြဉ်ရမည်။

(၅) အကြွင်း ။ မန်ကျည်းသီးစိမ်းနှစ်ကျပ်သား၊ ဆားတစ်မတ်ပြုတ် ရည်သောက်ခြင်း၊ ရှောက်၊ ထန်းလျက်၊ ခြေလေးချောင်း အသားအချဉ်အစပ် စားသုံးသင့်၏။ ပဲအမျိုးမျိုး ဖုတ်ကင်ကြော်လှော် ညှော်နံ့သင်းသောအစာ ရှောင်ကြဉ်ရမည်။

(၆) အကြွင်း ။ ထန်းလျက်တစ်ကျပ်၊ ဆီးသီးငါးဆ ပြုတ်ရည်သောက်ခြင်း။ အခြေလေးချောင်းအသားနှင့် ချဉ်ဖန်ခါး အရသာရှိသော အစာရှောင်ကြဉ်ရမည်။

(၀) အကြွင်း ။ ကင်ပွန်းရွက်၊ သံပရာရည်၊ လက် သုပ်အချဉ် အစရှိသော အာဟာရမှီဝဲသင့်၏။

သကာတင်လဲ၊ ပျားရည်၊ ဆေးထန်းလျက် ရှောင်ကြဉ် ရမည်။

သစ္စာဟဝေသာမှတရဲ ရှာသာန်

**ကျော်သိမ်းမောင်(လက္ခဏာ)**

၀၉-၂၅၀၅၇၉၄၃၃

**ကျမ်းကိုး**

နာနာနယ ဝိစိတြာ လက်ာရကျမ်း။



www.burmeseclassic.com

www.burmeseclassic.com


**စာရေးဆရာမောင်စိန်ဝင်း(ပုတီးကုန်း)ထံမှ နှစ်ပေါင်း(၂၀)နီးပါးက စာတစ်စောင်**

ဆရာဦးအောင်မိုးဇော်(အထက်တန်း နက္ခတ္တဗေဒ၊ လက္ခဏာပညာရှင်)အား
၁၉၇၃-ခုနှစ်တွင် တွေ့ဆုံ၍ ဘဝရေးရေးများကို
မေးမြန်းခဲ့ရာ ကျွန်တော့်အား ၁၉၇၄ ခု၊ ဩဂုတ်လအတွင်း
မြန်မာပြည် အရှေ့မြောက်ဒေသ တိုင်းပြည်သို့
ပညာတော်သင်ခရီး သွားရောက်ရပြီဟု ဟောကြားခဲ့ပါသည်။
ယခုအခါတွင် ဆရာ၏ ဟောကြားချက်များအတိုင်း
တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ (၁၅-၈-၁၉၇၄)နေ့တွင်
ပညာတော်သင်အဖြစ် သွားရောက်ခဲ့ရပါသဖြင့်
တိကျမှန်ကန်စွာ ဟောကြားခဲ့သော ဆရာ၏ပညာရပ်များကို
အုံ့ဩချီးကျူး ဂုဏ်ပြုလိုက်ပါသည်။

စိန်ဝင်း
B.E (Mech.)
စက်ပစ္စည်းစက်ရုံ အမှတ်(၁)



၂၁ ရာစု

# ဆရာဦးအောင်မိုးဇော်

(Ex. စာပေဗိမာန်)

အထက်တန်းလက္ခဏာ၊ နက္ခတ္တဗေဒပညာရှင်

ASTRO-PALMIST EXPERT

သင်တန်းနည်းပြ

အလုပ်ခန်းနေရာ
အမှတ်(၁၄)၊ ရွှေဘုန်းပွင့်ဘုရားဈေးတန်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
အလုပ်ချိန် - နံနက်(၈:၃၀)မှ ညနေ(၆:၀၀)နာရီထိ



# လိပ်ခေါင်းရောဂါရှင်များ ဝမ်းမြောက်ဖွယ်

## လိပ်ခေါင်းရောဂါမှန်လျှင် ဒိဋ္ဌပျောက်ကင်းရမည်။

- ဆရာ၏ဆေးခန်းတွင် လိပ်ခေါင်းရောဂါရှင်များအား မပူ၊ မစပ်၊ မနာ၊ မကျင်၊ မလှီးမဖြတ်၊ မြန်မာ့နည်း။ မြန်မာ့ဟန်သက်သက်ဖြင့် အမြစ်ပါမကျန် လုံးဝပျောက်ကင်းအောင် ကုသပေးလျက်ရှိပါသည်။
- ကုသ၍ပျောက်ကင်းသွားသော ရောဂါရှင်ပေါင်းများ၏ ဓာတ်ပုံနှင့် ထောက်ခံစာပေါင်းများစွာတို့ကို လက်တွေ့ လာရောက်လေ့လာနိုင်ပါသည်။(နိုင်ငံခြားမှ ခွဲစိတ်ကုသဖူးသူများ အပါအဝင်)
- ရောဂါအတွက် ပျောက်ကင်းအောင် တာဝန်ယူသည်။
- လိပ်ခေါင်းရောဂါသည် အနားယူမှသာ အမြစ်ပြတ် ပျောက်ကင်းနိုင်ပါသည်။

**မှတ်ချက် ။ ။ လိပ်ခေါင်းရောဂါသည် စားဆေးသက်သက်ဖြင့် လုံးဝမပျောက်ကင်းပါ။**

နိုင်ငံကျော် မန္တလေးမြို့ အဘိဓမ္မာတောင်သာဆရာကြီးဦးလှမောင်၊ ဆရာမကြီးဒေါ်သန်းဟန်(လိပ်ခေါင်းအထူးကုဝိဇ္ဇာ)

**ရန်ကုန်ဆေးခန်းဌာနခွဲ**

အမှတ်(၅၀)၊ (၅)လွှာ၊ (၁၂)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၃၀၀၉၃၉၁၊ ၀၉-၂၅၀၃၁၃၄၂၇၊ ၀၉-၇၈၉၃၂၂၄၆၇
၁၃-၁၄လမ်းကြား၊ ၈၀-၈၁လမ်းကြား၊ အကွက်-၅၄၊ ပြည်လုံးချမ်းသာ၊ မန္တလေး။ ဖုန်း-၀၂-၇၅၂၈၀၊ ၀၉-၉၁၀၄၄၀၂၅၊ ၀၉-၉၁၀၀၉၃၅


www.burmeseclassic.com

www.burmeseclassic.com



# ထူးဆန်းသော လိပ်ဝင်ရောဂါ နှင့် လင်းနေ့ဆေး

နိုင်ငြိမ်း(အညာတက္ကသိုလ်)

“ဆနဝုတိ နာဒိန်တိ”ဆိုသည့်အတိုင်း လူ့ဘဝတွင် ၉၆ ပါး ရောဂါဝေဒနာတွေက များလွန်းလှသည်။ ယခု ထူးခြားဆန်းကြယ်သော လိပ်ဝင်ရောဂါအကြောင်း တင်ပြပါမည်။ လိပ်ဝင်ရောဂါကို တိုနာဟုလည်း ခေါ်ကြပါသည်။ လိပ်ဝင်ရောဂါဖြစ်လာလျှင် အနောက်တိုင်းဆေးနည်းဖြင့် ကု၍မရနိုင်ပါ။ မြန်မာဗိန္ဒောဆေးနည်းဖြင့် ကုမှသာ ရနိုင်သည်။ အချိန်မီကုလျှင် ရောဂါပျောက်နိုင်သော်လည်း အချိန်မမီလိုက်လျှင် အသက်အန္တရာယ် ကြုံရတတ်သည်။

လိပ်ဝင်ရောဂါ၏ ပထမလက္ခဏာမှာ ဦးစွာ ဆီးချုပ်ဝမ်းချုပ်ဖြစ်ပြီး ဗိုက်အနည်းငယ်အောင့်သည်။ ဝမ်းဗိုက်တစ်ခုလုံး အထူးသဖြင့် အစာဟောင်းအိမ်တွင် စမြင်းများ ခဲနေတတ်သည်။ ဒုတိယလက္ခဏာမှာ မျက်ဖြူလန်၍ တက်သွားမည်။ ခြေဖျားလက်ဖျားများအေး၍ တစ်ကိုယ်လုံး ချွေးစေးများထွက်ကာ လိပ်အင်္ဂါ အတွင်းသို့ တိုဝင်သွားမည်။

အချို့လူနာတို့ကား ပါးစပ်မှ အမြှုပ်များထွက်ပြီး အော့အန်တတ်သည်။ ဝက်ရူးပြန်သကဲ့သို့ဖြစ်၍ နှလုံးခုန်နှုန်း ရုတ်ခြည်း ကျဆင်းတတ်၏။ ထိုသို့ဖြစ်လျှင် လိပ်အင်္ဂါကို ခေတ္တခွဲထိန်းကာ အမြန်ဆေးကုရန်လိုသည်။ လိပ်ဝင်သွားရသည့်သဘောကို ဆင်ခြင်သော် အတွင်းအင်္ဂါရှိ ဥဏှ တေဇောကို အပြင်ရှိ ဗဟိဒ္ဓ ပထဝီဓာတ်က ဖိညှပ်လိုက်သော ကြောင့် တေဇောချုပ်ပြီး ဝါယောလည်း မလှုပ်နိုင်ဘဲ လိပ်ဝင်သွားခြင်း ဖြစ်သည်။

ကုသနည်းမှာ ထုံး၊ နနွင်း၊ လင်းနေ့တို့ကို ဆတူစပ်ကာ ဒူးဆစ်မှ ခြေဖမိုးထိ လိမ်းပေးပါ။ အခြားနေရာများ ဆေးမလိမ်းရပါ။ တင်း၍တောင့်နေသည့် ဝမ်းဗိုက်ကို ကြောင်ပန်းရွက်နှင့် လင်းနေ့ ဆတူကြိတ်ကာ သုတ်လိမ်းပေးပါ။ လင်းနေ့မှုန့်နှင့် သိန္ဓော ဆတူစပ်၍ လူနာကို ရေနွေးဖြင့် တိုက်ပါ။ (မကြာသောကာလမှာ အစာများ အော့အန်ထွက်



www.burmeseclassic.com

www.burmeseclassic.com

လာလိမ့်မည်) ထိုအချိန်တွင် ဝမ်းချူပေးရမည်။

ထို့နောက် သစ်ကြမ်းပိုး၊ လင်းနေ၊ မြက်မုန်ညှင်း၊ နွားမြက်ရင်း၊ ပရုပ်၊ ဖုမ္မသိမ်တစ်ကျပ်သားစီကို ပန်းဥနှစ်ကျပ်သားနှင့် ရောစပ်၍ အမှုန့်ပြုကာ တစ်နာရီတမ်းကြိမ် ရေနွေးနှင့်တိုက်။ (တစ်ကြိမ်တိုက်လျှင် လက်ဖက်ရည်တစ်ဇွန်းသာတိုက်) အော့အန်ခြင်းများရပ်ကာ လေလည်လာမည်။ ဝါယောဓာတ်လှုပ်ရှားလာမည်။ ထိုအခါ လိင်အင်္ဂါ ပြန်ထွက်လာလိမ့်မည်။

လိင်ဝင်ရောဂါအတွက် အသုံးဝင်သော "လင်းနေ" အကြောင်း တင်ပြပါဦးမည်။ လင်းနေမှာ ဆေးဖက်ဝင် ဥတစ်မျိုးဖြစ်သည်။ အနံ့မွှေးကြိုင်၍ စူးရှရှိသည်။ ခါးသည်၊ စပ်သည်၊ ပူသောအာနိသင်ရှိ၍ ဝမ်းမီးကို အားပေးသည်။ လေထိုး၊ လေနာ၊ အတက်နာ၊ ဝက်ရူးပြန်နာတို့ကို ကယ်နိုင်သည်။ ကျင်ကြီး၊ ကျင်ငယ်ကို သန့်ရှင်းစေကာ လေသလိပ်ကို နိုင်နင်းကြောင်း ရှေးဆေးကျမ်းများတွင် ဖတ်ရပါသည်။

လင်းနေကို (Sweet Flag) ဟုလည်းကောင်း၊ (Aeorus ealamus Lim) ဟုလည်းကောင်း၊ ရုက္ခဗေဒကျမ်းများတွင် ဖော်ပြထားသည်။ မွှေးကြိုင်သော အနံ့ဖြင့်ပြည့်စုံပြီး Aeorin ဓာတ်ပါသည်ဟု ဆိုသည်။ မြန်မာတို့ကမူ လင်းနေ၊ သို့မဟုတ် လင်းလေဟု ခေါ်ကြသည်။

လင်းနေ၏ ထူးခြားချက်ကား ပျို့အန်ခြင်း၊ အော်ဂလီဆန်ခြင်းများကို နိုင်သည်။ ဝမ်းဖော၊ ဝမ်းရောင်၊ ဝမ်းကိုက်ရောဂါများကို ပျောက်ကင်းစေပြီး ဝမ်းသက်စေတတ်၏။ ကလေးသူငယ်များတွင် လေနာအမျိုးမျိုးဖြစ်လျှင် လင်းနေဥကို သွေး၍ ထမင်းပူပူနှင့်ရောက ခွန့်ပေးပါ။ အညှော်မိအနာဝင်လျှင် လင်းနေဥကိုသွေး၍တိုက် ရောဂါပျောက်လိမ့်မည်။

အိန္ဒိယဆေးကျမ်းများတွင် လင်းနေကို ချွဲအန်ဆေး၊ ချွဲယိုင်ဆေး၊ မီးယပ်မှန်ဆေး၊ ကာမဂုဏ်အားတိုးဆေး၊ ဝမ်းသက်ဆေး၊ (မမေပါဆီးဆေး)အဖြစ် သုံးစွဲနိုင်သည်ဟု ရေးသားထားသည်။ ကလေးများ ဝမ်းသွား၊ ဝမ်းကိုက်၊ လည်ချောင်းနာ၊ ရင်ဘတ်နာဖြစ်လျှင် လင်းနေကို ရေစိမ်၍ တိုက်နိုင်သည်။ အန်ဆေးအဖြစ် သုံးလိုက နှစ်ပဲသားမှ သုံးပဲသားအထိ ချင့်ချိန်၍ပေး။ ပန်းနာရောဂါအတွက် တစ်ကြိမ်လျှင် ပဲဝက်ခန့်မျှ နှစ်နာရီ သုံးနာရီတစ်ကြိမ်ပေးလျှင် ရောဂါသက်သာသွားမည်။ နေ့စဉ် ပဲဝက်ခန့်စားသုံးသွားပါက ဝမ်းဖော၊ ဝမ်းရောင်၊ လေနာ၊ ဝမ်းကိုက်နာ၊ ခံတွင်းပျက်နာ၊ လည်ချောင်းနာ၊ ချောင်းဆိုးနာများ ကင်းစင်နိုင်သည်။

လင်းနေကား ဤမျှမက အသုံးဝင်ပါသေးသည်။ ခွန်အားတိုးပွားစေခြင်း၊ တက်ဖျား၊ ကျဖျား၊ တုန်ဖျား၊ ကလေးပျက်၍ သွေးလွန်ခြင်းကိုပါ ကုသနိုင်သည်။ တန်ဖိုးရှိသည်မှာ ကျောက်တည်ရောဂါအမျိုးမျိုး (qull stone) ကို ကောင်းစွာကုသနိုင်သည်။ အသည်း၊ ကျောက်ကပ်၊ ဆီးအိမ်တို့တွင် ကျောက်တည်လျှင် လင်းနေကို ရေစိမ်ကာ ဇင်းပြုတ်ရည်ကို ဆေးအဖြစ် တိုက်ကျွေးပါ။

စိမ်ရေကို တစ်နေ့လျှင် ဇွန်းကြီးနှစ်ခွန်းခန့် နှစ်ကြိမ်သုံးကြိမ် ချင့်၍တိုက်။ ပြုတ်ရည်ဖော်စပ်နည်းကား နံနံစေ့နှစ်ပဲ၊ ငရုတ်ကောင်းတစ်ပဲ၊ လင်းနေဥ သုံးကျပ်သားကို ရေနှစ်ဆယ့်ငါးကျပ်သားဖြင့်ပြုတ်၊ နှစ်ဆယ်သားခန့်ကျန်လျှင် အအေးခံ၍တိုက်။ တစ်ခါတိုက်လျှင် ဇွန်းကြီးတစ်ဇွန်းစာ သုံးကြိမ်တိုက်ပါ။

ကိုယ်ဝန်ဆောင် အမျိုးသမီးများ မီးဖွားခက်နေလျှင် ထိုပြုတ်ရည်တွေ ကုံကုမံနှင့် မြင်းနို့အနည်းငယ်ထည့်ကာ တိုက်ကျွေးပါက လျင်မြန်စွာ မီးဖွားနိုင်သည်။ လင်းနေပြုတ်ရည်ဖြင့် မီးနေသည်၏ ခါးအောက်ပိုင်းကို အကြိမ်ကြိမ် လောင်းပေးပါလေ။ သံချဆေးအဖြစ် သုံးလိုလျှင် အမြစ်တစ်ပဲသားမှ လေးပဲသားအထိ သင့်သလိုကျွေးပါ။

အဆစ်ရောဂါအတွက်လည်း လင်းနေကို သုံးနိုင်ပါသည်။ လေငန်းဖြစ်လျှင် လင်းနေမြစ်ကိုကြိတ်၍ အုံပေးပါ။ လိမ်းပေးပါ။ လင်းနေအမြစ်မှုန့်သည် အနာပေါင်းများ၊ ယဉ်းနာ၊ ရောင်နာ၊ ငန်းမန်းအနာများအတွက် ကောင်းသည်။ အနာပေါ်တွင် အမှုန့်ပြု၍ ဖြူးပေးလျှင် ပျောက်ကင်းနိုင်ကြောင်း လင်းနေ၏ အသုံးဝင်ပုံများကို သုတေသနပြု တင်ပြရပါသည်။ စာဖတ်ပရိသတ်များ အနာရောဂါဘေး ကင်းဝေးနိုင်ပါစေ။

နီငြိမ်း(အညာတက္ကသိုလ်)



www.burmeseclassic.com

www.burmeseclassic.com


# ဆရာကြီး အရယ်၏ ဆရာအောင်

(အကြားအမြင် ဂမ္ဘီရပညာပါရမီရှင်)    (ဝါတွင်းဝါပ တနင်္လာနေ့တိုင်းပိတ်သည်)

မော်လမြိုင်(ခေါင်းဆေးကျွန်း)၊ ပဲခူး(ဒေးစွန်ပါ)၊ သန်လျင်(ကျောက်တန်း)ဘုရားတည်၊ စာမေးပွဲ၊ ကျန်းမာရေး၊ အချစ်ရေး၊ ထူးချွန်ထက်မြက်မည့် ကလေးနာမည်ပေးခြင်း၊ ဆိုင်၊ ကုမ္ပဏီနှင့် လုပ်ငန်း အမည်ရွေးချယ်ခြင်း၊ ထူးခြားအောင်မြင်သော စီးပွားရေးလုပ်ငန်းများ နိုင်ငံခြားကိစ္စ၊ သင်္ဘောသားများ လိုင်းကောင်း၊ လစာကောင်းပြီး အမြန်ထွက်ခွာရန်၊ အမှုအခင်းများ၊ အိမ်၊ ခြံ၊ မြေ၊ ကားရောင်း၊ သားသမီး များ လိမ္မာယဉ်ကျေးပြီး မိဘစိတ်တိုင်းကျဖြစ်စေရန် ကူညီခြင်း၊ အိမ်ထောင်ရေးကိစ္စ အထူးဆောင်ရွက် သည် (မူလအိမ်ထောင်ရှင်ဘက်မှသာ)၊ ထီနှင့် ကံစမ်းလုပ်ငန်းများအတွက် လမ်းညွှန်သည်။ ဓာတ်ရိုက်၊ ဓာတ်ဆင် အာမခံဖြင့် ဆောင်ရွက်သည်။

ဆိုင်အမှတ်(၈)၊ ဆူးလေဘုရားအဝိုင်း၊ ရန်ကုန်မြို့ ဖုန်း/၀၉-၅၁-၁၂၁၄၆၊ ၀၉-၇၃၁-၅၃၁၈၈
နံနက် (၈း၃၀) နာရီ မှ နေ့လယ် (၁၂း၃၀) နာရီ။
အိမ်အမှတ်(၁၇)၊ အောင်နီလာလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့ ဖုန်း-၀၉-၉၇၂၆၃၂၂၇၂
ညနေ (၄း၀၀)နာရီ နောက်ပိုင်း



## အောင်ဝိဇ္ဇာမိုရ်ဆေးတိုက် (လိုင်စင်အမှတ်အမှတ် ၁/၂၀၁၅-တဆထလ/၂၇၄၆)

- အမျိုးသားများ ဆန္ဒအားနည်း၊ သေ/ညို၊ အားမထိန်းနိုင်၊ ပန်းလန်းပြီး ရုတ်တရက်ညိုးနွမ်းခြင်း၊ ရာနှုန်းပြည့် မစွမ်း ဆောင်နိုင်ခြင်းများအတွက် အကြောအားတိုး စွမ်းရည်မြှင့် သောက်ဆေး၊ လိမ်းဆေးများဖြင့် ပျောက်ကင်းနိုင်ပါပြီ။ (TMR 011176,77) (1114)
- လိပ်ခေါင်းတွင်း/ပြင်၊ စအိုဝဖုသီးထွက်၊ စအိုတစ်ဆို့ ရောင်ရမ်းခြင်း၊ သွေးကျခြင်း၊ သင်နရည်ထွက်ခြင်း၊ အကြိတ်အဖု ဂရင်ဂျီနာ ဖြစ်ခြင်းတို့ကို အောင်ဝိဇ္ဇာမိုရ်လိပ်ခေါင်းနှင့် စအိုရောဂါ ပျောက်ဆေးများဖြင့် ပျောက်နိုင်ပြီ။ (1208Y 7942)
- ခရုသင်း၊ သမင်ဖြူ၊ နှင်းခူစို/ခြောက်၊ အရေပြားရောဂါများ၊ ကာလသားရောဂါဆေးများလည်း ရပါပြီ။
- **ဆေးတိုက်အမှတ် ၈၆၊ ၉၄လမ်း၊ ကန်တော်လေး၊ မင်္ဂလာတောင်ညွန့်၊ ဖုန်း**–(09-5016372) 09-796136095, 09-5033839, 09-786252440, 09-778084724

□ **ပင်မဖြန့်ချီရေး**

ကိုဝင်းမြင့်-မဘောဘီ (01-226382)၊ ဒေါ်ဝင်း (မြန်မာ့ဂုဏ်ရည်) (01-394313)၊ မေတ္တာမွန် (လမ်းမတော်)၊ ဆေးရာဇာ (ရွှေဘုံသာ-လယ်)၊ အာရောဂျံ (သိမ်ကြီးဈေး)၊ သီဟ (056-21678 သန်လျင်)၊ ဦးတင်ငွေ (053-26261၊ ပြည်)၊ မန္တလေး-အောင်ရတနာ (02-35061)၊ ကောင်းသန့် (02-30365)၊ အောင်သုခ (ဈေးချို 09795547955) ပျဉ်းမနား ပွဲကတော် (067-22658) ကေရီ (067-21286)၊ မကွေး ကိုတူးတူး (09-401556740)၊ သဇင် (09-450542802 ဘူးသီးတောင်)၊ အေးရတနာ (09-5350403 တောင်ငူ)၊ Standard တောင်ကြီး (မြို့မဈေး)၊ အေးမေတ္တာ (မိတ္ထီလာ)

❖ ဆေးခန်းခွဲ (လုံး၀) မရှိပါ။ ❖


www.burmeseclassic.com

www.burmeseclassic.com

### အိမ့်ဖွယ်ထူးဆန်း

# ဆေးစွမ်းကောင်းများ

## မျိုးသန်းထွန်းကို(ရေစကြို)

### လေဖြတ်၍ စကားမသွက်သော်

ဆေးနည်း -

သပွတ်ခါးသီးအစို အလုံး ၃၀ ကို ဖင်ပိုင်းအညှာ ခြွေ၍ သင့်တော်ရာနေရာတွင် စုပုံထားပြီး ခြေဖြင့်နင်းပါ။ နင်းနိုင်သမျှ အမြှုပ်ထသည်အထိ နင်းပါ။ သပွတ်ခါးသီး၏ အရသာ ပါးစပ်တွင် ခါးလာပါမည်။ ထိုအခါ စကားပီလာပါမည်။ အကြောအညောင်း ဝေဒနာများပါ ပျောက်ပါသည်။

### သွက်ချာပါဒရောဂါ

ဆေးနည်း -

ရောက်သီး အလုံးကြီးကြီး အကွင်းလိုက်လှီး ပုလင်းကြီးကြီးမှာထည့်။ ဓာတ်ဆီမြုပ်အောင်ထပ်ထည့်ပါ။ အရည်ပျော်လာရင် နံနက်တစ်ကြိမ်၊ နေ့လယ်၊ ညနေ တစ်နေ့ သုံးကြိမ် လိမ်းပေးပါ။

### လေငန်းကြောင့်ရှဲစောင်းလျှင်

ဆေးနည်း -

ပျဉ်းမဖြူအခေါက် ရှိန်းခိုနဲ့သွေး စလောင်းဖုံးတစ်ချပ်မှာ ခပ်ထူထူသုတ် မီးခဲမှာပြ ဆွေးအငွေ့ထွက်လာသည့်အခါ အငွေ့နဲ့ ရှဲနေတဲ့ နေရာကို ပုံမှန်အနေအထားဖြစ်အောင် ရွှေ့ယူပြုပြင်ပေးပါ။

### ကာလဝမ်းရောဂါအမျိုးမျိုး

ဆေးနည်း -

(၁) ကြောက်မန်းရွက် - ၅ ကျပ်သား

(၂) ကွမ်းရွက် - ၅ ကျပ်သား

(၃) ရှားစေး - ၁ ကျပ်သား

ပြုလုပ်ပုံ

အထက်ပါ ဆေးသုံးမျိုးကို ရေ ၅၀ ကျပ်သားနှင့် သုံးခွက်တစ်ခွက်တင် ကျို၍တိုက်ပါ။

### အသမာကုထုံး

သပွတ်ကြီးမြစ်ကို ဆန်ဆေးရည်နှင့် အသမာပေါ် ကွေး၍လိမ်းပေးပါ။ တိုင်းရင်းဆေး အမှတ်(၁၆) ရေနွေးနှင့် တစ်နေ့ သုံးကြိမ်တိုက်ပါ။

### ကင်ဆာရောဂါနှင့် တပင်တိုင်မြနန်းအသုံးပြုပုံ

အရွက်ပင်စည်၊ ဥ(အမြစ်) သုံးမျိုးစလုံးသုံးနိုင်သည်။ တပင်တိုင်မြနန်း (အဖြူ၊ အနီ၊ အနက်) သုံးမျိုးရှိသည်။ တပင်တိုင်မြနန်း အနီနှင့်အနက်က ပိုစွမ်းသည်။

၁။ ကင်ဆာအဖု၊ အကျိတ်များကို တပင်တိုင်မြနန်း ဥဖြင့် သွေးလိမ်းပါ။ အမှုန့်ကျိတ်၍ ပျားရည်စစ်စစ်များနှင့် လုံး၍လည်းကောင်း ၎င်းအတိုင်း နှစ်ပဲသားခန့် တစ်နေ့ သုံးကြိမ်သောက်ပေးပါ။

(၁) သွားဖုံးကင်ဆာ

(၂) လျှာကင်ဆာ

(၃) လည်ချောင်းကင်ဆာ

(၄) အစာအိမ်ကင်ဆာ

(၅) ဆီးကျိတ်ကင်ဆာ

(၆) အရိုးကင်ဆာ



www.burmeseclassic.com

www.burmeseclassic.com

(၇) အသည်းကင်ဆာ

(ဂ) အဆုတ်ကင်ဆာတို့ကို သွေးလိမ်းသောက်ခြင်း အားဖြင့် ပျောက်ကင်းပေးနိုင်ပါသည်။

### အစာအိမ်ကင်ဆာ

တပင်တိုင်မြနန်းအမြစ်ဥ ငါးကျပ်သားခန့် အမှုန့်ပြု၍ ပျားရည်နှင့်လုံး တစ်နေ့တစ်လုံးစားပါ။

### အနာမြန်မြန်ကျက်ရန်

အရွက်ကို အနာပေါ်တင်၍ ကပ်ပေးပါ။

### အစာအိမ်အတွင်း အလုံးအကျိတ်၊ သားအိမ်အလုံးအကျိတ်

တပင်တိုင်မြနန်း အမြစ်ဥငါးကျပ်သား အမှုန့်ပြု ရှားစောင်းလက်ပက် ၂၅ ကျပ်သား၊ ထန်းလျက် ၁၀ ကျပ်သား၊ ရေ ၂၅ ကျပ်သားထည့်၍ ပျစ်အောင်ကျို၊ လက်ဖက်ရည်ဇွန်းကြီးတစ်ဇွန်း တစ်နေ့တစ်ကြိမ် သောက်ပါ။ တစ်လ သောက်ပါ။

### အသက်ရှည်အားတိုးဆေး

တပင်တိုင်မြနန်း အမှုန့် ၁၀ ကျပ်သား၊ ပျားရည် ၁၀ ကျပ်သား၊ ထောပတ် ၅ ကျပ်သားရော၍ တစ်နေ့ လက်ဖက်ရည်ဇွန်း တစ်ဇွန်းသောက်ပါ။

### သွေးမသန့်ခြင်း အမျိုးသမီးများမီးယပ်ရောဂါအမျိုးမျိုး

တပင်တိုင်မြနန်း အမှုန့် ၅ ကျပ်သား၊ ထန်းလျက် ၁၀ ကျပ်သား၊ မန်ကျည်းသီးမှည့်အနှစ် ၅ ကျပ်သား ရောကျိုပြီး တစ်နေ့ လက်ဖက်ရည်ဇွန်းသေး တစ်ဇွန်းသောက်ပါ။

ဝက်ခြံ မီးလောင်နာ၊ အဆီကျိတ်၊ ရိုးရိုးအဖုအကျိတ်၊ အတွင်းအပြင်လိပ်ခေါင်း၊ ဂရင်ဂျီနာ၊ ရင်သားအကျိတ်၊ လည်ပင်းအကျိတ်၊ ကိုယ်ခန္ဓာ အနှံ့အပြားတွင် ပေါက်တတ်သော အကျိတ်၊ အဖု၊ အနာစို၊

### အနာဒွေး မြုံနေသောအနာ

တပင်တိုင်မြနန်းအမြစ်ဥ ရေစင်စင်ဆေး၍ ဆန်ဆေးရည်ဖြင့် သွေးလိမ်းအုံပေးပါ။

### မိန်းမကိုယ်ရှိ ကူးစက်ရောဂါအဖုအပိမ့်

တပင်တိုင်မြနန်းအမြစ်ဥ သွေးလိမ်းပါ။

### အရိုးကျိုးအက် အရည်ပြားကွဲရှ

တပင်တိုင်မြနန်းအရွက် ထောင်းထု၍ ကြက်ဥအကာဖြင့် ရောနယ် လိမ်းကျံပေးပါ။

### ဘီပိုး၊ စီပိုး၊ အသည်း၊ အာခံတွင်း၊ သားအိမ်၊ ရင်သားကင်ဆာနှင့် ဃရမ္မလီပင်

၁။ အရွက်နှင့် ကျန်းမာရေး

ဘီပိုး၊ စီပိုး ကင်ဆာအမျိုးမျိုး အရွက်ကို အရည်ညှစ်သောက်ပါ။ သုပ်စားပါ။

၂။ လည်ပင်းအကျိတ်ကင်ဆာ

ဃရမ္မရွက်သုပ်စား၊ အရည်ညှစ်သောက် အရွက်ကိုထုထောင်း၍ အနာပေါ်အုံပေးပါ။

၃။ အဖျား၊ သွေးတိုး၊ ငှက်ဖျား

အရွက်ကိုကြိတ်၍ ဦးခေါင်းနှင့် နားထင်လိမ်းပေးပါ။ အရွက်ကို ပြုတ်ရည်တိုက်ကျွေးပါ။ ဖောရောင်လျှင် အရည်လိမ်းပေးပါ။

### ၄။ မြွေ၊ ကင်းမြီးကောက်၊ အဆိပ်ရှိသောသတ္တဝါ အကိုက်ခံရပါက

ဃရမ္မလီအရွက် ကြိတ်ချေထုထောင်းကာ အကိုက်ခံရသောနေရာ အုံပေးပါ။ အရွက် နှစ်ရွက်၊ ရေတကောင်း ရှစ်စေ့ ရော၍ အမှုန့်ကြိတ်၊ ၁၅ မိနစ် တစ်ကြိမ် တစ်ဇွန်းသောက်ပါ။



www.burmeseclassic.com

www.burmeseclassic.com

**ကိုယ်တွင်းကိုယ်ဝရောင်ရမ်း၊ ဝမ်းလျှော၊ ဝမ်းပျက်၊ ဖျား၊ သည်းခြေဖောက်ပြန်**

ကြာသရမ္မလီအရွက်ပြုတ်ရည် တစ်နေ့ သုံးကြိမ် ထမင်းစားဇွန်းတစ်ဇွန်း တိုက်ပါ။

**နာတာရှည်ချောင်းဆိုး၊ ပန်းနာ၊ ရင်ကျပ်၊ ချောင်းခြောက် လေပြွန်ပွ၊ သံကောင်၊ တုပ်ပြားကောင်၊ အိုင်းနာ**

ကြာသရမ္မလီအရွက်ခြောက်မှုန့် တစ်ကျပ်သား တစ်နေ့တစ်ကြိမ် သောက်ပေးပါ။

**ဖျား၊ နလုံး၊ သွေးအားနည်း၊ ဝဲယားနာ၊ ရေဖျဉ်း**

ကြာသရမ္မလီ နှစ်ကျပ်သား တစ်နေ့နှစ်ကြိမ် ရေဖြင့် သောက်ပါ။

**အမျိုးသမီးများ မီးဖွားစဉ် သန္ဓေသားအချင်းကျစေရန်၊ မီးယပ်ကွက် ဥတုသွေးမှန်စေရန်**

ကြာသရမ္မလီအရွက်ခြောက်မှုန့်၊ ငရုတ်ကောင်းမှုန့် ဆားရော၍ ရေနွေးနှင့်သောက်ပါ။

**ရေဖျဉ်း၊ ချောင်းခြောက်**

ကြာသရမ္မလီအရွက်ညှစ်ရည် (သတ္တုရည်) ထမင်းစားဇွန်းတစ်ဇွန်း၊ ဆားမီးဖုတ်အနည်းငယ်ရော၍ နံနက်/ည တစ်နေ့ နှစ်ကြိမ်သောက်ပါ။

**နလုံးသွေးကြောကျဉ်း**

ကြာသရမ္မလီအရွက် တစ်ရွက်၊ ငရုတ်ကောင်းတစ်စေ့ ဝါးစားပါ။

**ရင်သားကင်ဆာ အဖုအကျိတ်**

ခနီခေါက် မီးအုံ့ညှစ်၍ သွေးလိမ်း။

**နှုတ်ခမ်း၊ မျက်နှာ၊ ပါး၊ အာလေး၊ လျှာလေး**

အမြစ်ကို လျှာပေါ်ပွတ်တိုက်၍ လျှာပွတ်ပေးပါ။ အမြစ်သွေးသောက်ပါ။

**အဆစ်အမြစ်၊ အကြောအခြင် ရောင်ရမ်းကိုက်ခဲ**

အမြစ်မှုန့်၊ ဂျုံပြာနှင့် ဆားရော၍ ရေနွေးနှင့်သောက်ပါ။ မြွေဟောက်အဆိပ်အမြစ် သွေးလိမ်းပါ။

**သွေးဝမ်း၊ အစာမကြေ လေရောဂါဝမ်းကြောတင်း**

ကြာသရမ္မလီအမြစ်မှုန့် နှစ်ဆ၊ ဂျင်းမှုန့် တစ်ဆ ရေနှင့်ရော၍ တစ်နေ့နှစ်ကြိမ် သောက်ပါ။

**ကြာသရမ္မလီ၏ ဘေးထွက်ဆိုးကျိုးများ**

လွန်ကျူးစွာ စားသောက်ပါက အသည်းနှင့် ကျောက်ကပ်ပျက်စီးတတ်သည်။ ရေရှည်သုံးစွဲသူများ ရေများများချိုး၍ နှမ်းလှော်စားပေးပါ။ နှမ်းပျစ်မှုန့်များစားပေးပါ။

**သားအိမ်ကင်ဆာရောဂါကို မခွဲမစိတ်ရဘဲ ပျောက်စေတဲ့ "ကမ်းဇော်ဆီ" ပေါက်ရောက်ရာဒေသ**

တနင်္သာရီဒေသကြီး၊ မြိတ်ခရိုင်နှင့် ဘုတ်ပြင်းမြို့နယ် အနီး ပတ်ဝန်းကျင်တစ်ဝိုက် ပေါက်ရောက်သည်။

**ကမ်းဇော်ဆီနှင့် ကျန်းမာရေးအစွမ်း**

သားအိမ်ကင်ဆာ၊ မီးယပ်ရောဂါအမျိုးမျိုး၊ ရင်သားကင်ဆာ ကမ်းဇော်ဆီကို ပုလင်းထဲထည့်ထားပါက အောက်ခြေမှာထိုင်နေတဲ့ အနည်အနှစ် (ကမ်းဇော်ချေး)များကို အပူလောင်၊ နားအူ၊ နားအတွင်းအနာ၊

အိပ်ရာပူလောင်အရေပြားနီ၊ ပြည်စု၊ ပြည်တည်၊ အနာဟောင်း၊ အနာဆွေး၊ အနာစိမ်း၊ သွေးစုနာ(အိုင်းနာ) အကျိတ်အဖုအမျိုးမျိုး အနာပဆုတ် အသားတွင်းသွေးပုပ်၊ ပြည်ပုပ်အနာများ တစ်နေ့သုံးကြိမ် လိမ်းပေးပါ။

အဆစ်အမြစ် ကိုက်ခဲခြင်း၊ အဆစ်ရောင်နှင့် ကိုယ်လက်ညောင်းညာခြင်း ကမ်းဇော်ဆီ တစ်နေ့နှစ်ကြိမ် လိမ်းပေးပါ။

လေထိုးလေအောင့်၊ ဗိုက်နာ၊ ဗိုက်အောင့် ကမ်းဇော်ဆီနှင့် ပျားရည် ဆတူရော၍ နံနက်/ည တစ်နေ့ နှစ်ကြိမ်



www.burmeseclassic.com

www.burmeseclassic.com

လက်ဖက်ရည်တစ်ဇွန်း သောက်ပေးပါ။

နလုံး၊ သည်းခြေအားနည်း နာတာရှည်အဆုတ်ရောဂါ အဆုတ်ပွန်ရောင်ရမ်းခြင်း။ ပန်းနာရင်ကျပ်၊ အစာမကြေ၊ ပျို့အန်၊ ဆီးလမ်းကြောင်းပိုးဝင်ခြင်း။ ဝမ်းကိုက် တစ်နေ့ နှစ်ကြိမ်၊ သုံးကြိမ် ကမ်းဇော်ဆီ ဟင်းစားဇွန်းတစ်ဇွန်း သောက်ပေးပါ။

ချောင်းဆိုးသွေးပါ နံနက်စောစော ကမ်းဇော်ဆီနှင့် ထမင်းပူပူ ရောနယ်ပြီးစားပါ။

ဝမ်းဗိုက်အတွင်းရှိ အူများ အစာအိမ်မှာဖြစ်တတ်သော အနာများ၊ ဂရင်ဂျီနာ၊ လိပ်ခေါင်း၊ နှလုံး၊ စအိုနာ၊ ကမ်းဇော်ဆီလိမ်းပေးပါ။ သောက်ပေးပါ။

ထိခိုက်၊ ပွန်းပဲ့၊ ခွဲစိတ်၊ ကုသဒဏ်၊ အပူလောင်၊ အင်ပြင်အသားရည်ခမ်းခြောက်၊ လေဖြတ်၊ ထုံကျဉ်၊ ကိုက်ခဲ ကမ်းဇော်ဆီလိမ်းပေးပါ။

## ခန္ဓာကိုယ်တွင်း ကလီစာကင်ဆာ ရောဂါအမျိုးမျိုးအတွက် မုန်လာဥနီအစွမ်း

မုန်လာဥနီကို အရည်ကြိတ်၍သော်လည်းကောင်း၊ အမျိုးမျိုးပြုလုပ်စား၍သော်လည်းကောင်း စားသုံးပါက ရင်သားကင်ဆာ၊ အစာအိမ်ကင်ဆာ၊ ဆီးကျိတ်ကင်ဆာ၊ ဆီးအိမ်ကင်ဆာ ကာကွယ်နိုင်ကြောင်း သိရသည်။

မုန်လာဥနီ စားသုံးခြင်းဖြင့် ကြက်မျက်သင့်၊ ရေတိမ်၊ မျက်စိခြောက်၊ မျက်စိသက်ကြီးရောဂါဖြစ်ခြင်း။ သွေးတိုးကျခြင်း။ လေမဖြတ်ခြင်း။

ဆိုးကျိုး ။ အများအပြား စားသုံးပါက ကိုယ်ဝန်ပျက်ကျတတ်သည်။

## ကင်ဆာဆဲလ်တွေကို သေစေတဲ့ ဒူးရင်းသြဇာရွက်

ဦးနှောက်ကင်ဆာ၊ ပန်ကရိယကင်ဆာ၊ ဆီးကျိတ်ကင်ဆာ၊ မရင့်လွန်း၊ မနုလွန်း လတ်ဆတ်သောဒူးရင်းရွက် ၄၀ နေရိပ်မှာ အခြောက်ခံပါ။ နေပူမလှန်းပါနဲ့။ ရေသန့်ကို မတ်ခွက်တစ်ခွက်ကျိုပါ။ ရေဆူတာနဲ့ ဒူးရင်းရွက်ခြောက်ထည့်ပါ။ အအေးခံပါ။ နံနက်/ည သောက်ပါ။

သကြား၊ ဆား၊ လုံးဝ မထည့်ရပါ။ ဒူးရင်းသြဇာသီးစားပါက ဆီးချို၊ အရိုးအဆစ်အမြစ်ရောင်၊ ခါးနာ၊ ဆီးလမ်းကြောင်းပိုးဝင်၊ ခေါင်းတစ်ခြမ်းကိုက်ခြင်း၊ သွေးအားနည်းခြင်း၊ ဝမ်းချုပ်၊ ခြေဖနောင့်ကွဲခြင်းတို့ ပျောက်သည်။

## အစာအိမ်နှင့် အမြိုးကင်ဆာများအတွက် ဆေးကောင်းတစ်လက်

အစာအိမ်ကင်ဆာဆေးညွှန်း -

သဘာဝနှစ်ချိုပျားရည်စစ် (လက်ဖက်ရည်ဇွန်းတစ်ဇွန်း)၊ သစ်ကြပိုးခေါက်မှုန့် (လက်ဖက်ရည်ဇွန်းတစ်ဇွန်း)၊ ထိုနှစ်မျိုးကိုရောစပ်၍ တစ်နေ့သုံးကြိမ် အစာမစားမီ နာရီဝက်အလို (သို့မဟုတ်) အစာစားပြီးနောက် နာရီဝက်အကြာ တစ်လတိတိ နေ့စဉ်သောက်သုံးပါ။

ထိုဆေးသောက်ပြီး သောက်ရေအေးတစ်ခွက် သောက်ပါ။ (ရေခဲရေ၊ ရေနွေးမသောက်ရ)

## အူမကြီးကင်ဆာ မဖြစ်အောင် ကာကွယ်ပေးမည့် စပါးလင်

စပါးလင်ပင်သတ္တုရည် သောက်ပေးခြင်းဖြင့် အဆုတ်ကင်ဆာ၊ အသည်းကင်ဆာ၊ အရေပြားကင်ဆာ၊ ကင်ဆာအကြိတ်များ ပျောက်သည်။

သွေးအားနည်းရောဂါ၊ အအေးမိ၊ နာစေး၊ တုပ်ကွေး၊ အသည်း၊ ကျောက်ကပ်၊ ဆီးအိမ်၊ ပန်ကရိယ၊ အကြောဆွဲ၊ ကြွက်တက်၊ နှလုံးရောဂါ၊ အစာမကြေ၊ အစာအိမ်လေထိုး၊ သွေးခုန်နှုန်းကျ၊ အဖျားကျ၊ အစာအိမ်လမ်းကြောင်း၊ ဝမ်းချုပ် သွား၊ အူပွ၊ ပျို့အန်၊ လေနာ၊ အာရုံကြော၊ ဂေါက်။

**အဖျား**

ချင်းနှင့်သကြား ရောစပ်သောက်၊ ဝမ်းပျက် ဝမ်းလျှော စပါးလင်အမြစ်နှင့် ခေါင်းဖြတ်၍ စပါးရွက်တစ်ဆ ရေသုံးဆ သုံးခွက်တစ်ခွက်တင် ကျိုသောက်။

**ဆီးရောဂါ**

စပါးလင်သတ္တုရည်(ညစ်ရေ) တစ်နေ့သုံးကြိမ် သုံးရက်ဆက်တိုက် သောက်ပါ။



www.burmeseclassic.com

www.burmeseclassic.com

**နာစေး ချောင်းဆိုး**

စပါးလင် ပဒ္ဒေါ်ပါးပြုတ် ဆားမီးဖုတ်အနည်းငယ် စပ်သောက်ပါ။

**လေဖျဉ်း-လေနာ**

စပါးလင်ရွက်၊ ရေတက်ကောင်း ပူဒီနာ(ပူစီနံ)၊ သကြား ရေပြုတ်သောက်ပါ။

**အမျိုးသမီးများ မီးယပ်ဖြစ်ပေါ်စဉ်**
**ကိုယ်လက်နာကျင်တောင့်တင်း ဆီးခုံနာကျင်**

စပါးလင်သတ္တုရည် ရေတက်ကောင်းအနည်းငယ် ရော စပ်သောက်ပါ။

**အကြောတက် ဖောရောင်**

စပါးလင်ထောင်းထု အဝတ်နှင့်ထုပ် ကြပ်ထုပ်ထိုးပါ။

**ထိခိုက်ဒဏ်ရာ အကြောမျက်**

စပါးလင်ကြပ်ထုပ်ထိုး၊ စပါးလင်ထုတဲ့ထဲ ထမင်း ထည့် ကြပ်ထုပ်ထိုးပါ။

**စပါးလင်သတ္တုရည်**

သွေးတိုးကျသည်၊ ကိုလက်စထရောကျသည်၊ အဆီ ပိုတွေကျသည်။

**အပူကြီး**

စပါးလင်သတ္တုရည် ရေနွေးနှင့်စပ်တိုက်ပါ။

**ဆီးလမ်းကြောင်းကိုက်ခြင်း ဆီးအောင့်ခြင်း**

*နိုပါလာသကြားနှင့် စပါးလင်သတ္တုရည်ကို ရော* သိက်ပါ။

**မူးနောက်အိပ်မပျော်**

စပါးလင်ဆီရှူပေးပါ။

**ပွေးလဲရောဂါ**

စပါးလင်ဆီလိမ်းပေးပါ။

**သွားဖုံးနာ၊ သွားကိုက်၊ သွားယိုင်**

ရေနွေးနှင့် စပါးလင်ဆီရောငုံပါ။

**လေဖြတ် လေငန်း ကြွက်တက်**

နမ်းဆီ၊ အုန်းဆီ၊ စပါးလင်ဆီရော၍ အရေပြားထဲ ဝင်အောင် လိမ်းပေးပါ။

**ကလေးသန်ထိုး**

ဗိုက်ကို စပါးလင်ဆီလိမ်း၍ အဝတ်ပတ်ထားပါ။

**ဆီးကျိတ်ကင်ဆာနှင့် ပူစီနံ**

ပူစီနံ မည်သည့်နည်းဖြင့်စားစား တို့စား၊ သုပ်စား၊ အရည်ညှစ်သောက်၊ ပန်ကရိယကင်ဆာ၊ အဆုတ်ကင်ဆာ၊ သွားဖုံးကင်ဆာ၊ လျှာကင်ဆာအမျိုးမျိုးကို ကာကွယ်သည်။

**ပူစီနံစားသုံးခြင်းဖြင့် ကာကွယ်သောရောဂါများ**

လေချုပ်၊ အစာမကြေ၊ ရင်ပြည့်ရင်ကယ်၊ ဝမ်းဖော ဝမ်းရောင်၊ ဝမ်းသွား၊ လေထိုးလေအောင့်၊ အစာအဆိပ်သင့်၊ အူလမ်းကြောင်းဆိုင်ရာ ရောဂါများ၊ လည်ချောင်းနာ၊ အသံကွဲ၊ အသံပြာ

**သတိပြုရန်** - ကိုယ်ဝန်ဆောင်မိခင်များ၊ နို့တိုက် မိခင်များ မသုံးသင့်ပါ။

**အဆုတ်ကင်ဆာဆဲလ်များကို သေစေတဲ့ ပြိုင်စံရှားဖျော်ရည်**

မုန်လာဉနီ (ခေါ်) ခါကြက်ဉ
ပန်းသီးအနီရောင်
သကြားမုန်လာဉ

အထက်ပါ အသီးသုံးမျိုးကို အခွံခွာ၍ ရောကြိတ်ပြီး ဖျော်ရည်လုပ်သောက်ပါ။ အဆုတ်ကင်ဆာဆဲလ်သေစေသည်။ အဆုတ်အားကောင်းသည်။ နှလုံးကာကွယ်သည်။ သွေးတိုးကျသည်။

**ကင်ဆာရောဂါများအတွက် လိမ္မော်သီးအစွမ်း**

လိမ္မော်သီးကို တစ်နေ့တစ်လုံး မှန်မှန်စားသင့်သည်။ အရည်ညှစ်၍ သောက်သင့်သည်။ ကင်ဆာအမျိုးမျိုးကို ကာကွယ်သည်။ အရိုးအဆစ်ရောင်ခြင်း၊ အဆစ်အမြစ်ကိုက်ခဲခြင်း၊ မျက်စိကျန်းမာခြင်း၊ အစာအိမ်ကင်ဆာ၊ အစာအိမ်ရောဂါမဖြစ်ခြင်း၊ လေထိုးလေအောင့်မဖြစ်ခြင်း၊ ချောင်းဆိုးရောဂါဖြစ်ခြင်း။



www.burmeseclassic.com

www.burmeseclassic.com

## ကင်ဆာဆဲလ်များ ကြီးထွားလာမှုကို ထိန်းချုပ်ပေးတဲ့ ကန်စွန်းရွက်

ကန်စွန်းရွက်ကိုကြော်စား၊ ချဉ်ဟင်းချက်စား၊ အရည်ညှစ်သောက်ပါ။ ကင်ဆာအမျိုးမျိုးကို ကာကွယ်သည်။ ဆီးပူ၊ ဆီးနည်း၊ ဆီးချုပ်၊ ဆီးမထွက်၊ ကန်စွန်းရွက်၊ မန်ကျည်းရွက်သုံးမျိုးဆတူကြိတ်၍ ဆန်မှုန့်နှင့် ဖျော်ကာ ဆီးခုံပေါ်တင်အုံပေးပါ။

### ဆီးကျောက်ကွဲစေရန်

ကန်စွန်းရွက် ၂၅ ကျပ်သား၊ ထန်းလျက် ၁၂ ကျပ်ခွဲသား၊ မန်ကျည်းမှည့် ၃ ကျပ်သား၊ ဆား ၁ ကျပ်သား၊ ရေ တစ်ပိဿာ၊ မြေအိုးအသစ်နှင့်ထည့်ကျိုပါ။ ၁၀ သားကျန်က အအေးခံ၍ ကုန်အောင်သောက်ပါ။

## သဘော်ရွက်နှင့် ကင်ဆာအစွမ်း

သဘော်ရွက်နှင့် ကင်ဆာကုထုံး၊ ကမ္ဘာတစ်ဝှမ်းပျောက်ကြောင်း ရေးပြနေရင် ပြီးနိုင်မည်မထင်ပါ။ ဒါကြောင့် လိုရင်းပဲ ရေးပြပါမည်။

ကင်ဆာအမျိုးမျိုးကို ကာကွယ်နိုင်ရန် သဘော်ရွက်အရိုးပါ ဆားရည်ထဲမှာ ၁၅ မိနစ်ခန့်စိမ်ပါ။ ကြိတ်စက်ရှိလျှင် ကြိတ်စက်နှင့်ကြိတ်ပါ။ မရှိပါက ငရုတ်ဆုံသန့်သန့်နှင့် အရည်ညှစ်ယူပါ။ နေ့စဉ်သောက်ပါ။ ကင်ဆာအမျိုးမျိုးကို ကာကွယ်ပါသည်။

**ကင်ဆာမဖြစ်ရန် ကာကွယ်ရန်မှာ -**

(၁) အရက်မသောက်ရန်
(၂) ဟင်းရွက်ဟင်းသီးများ မစားသောက်ခင် ဆားရည်စိမ်ပြီးမှ အသုံးပြုပါ။ (ပိုးသတ်ဆေးစင်ရန်)
(၃) ကွမ်းမစားရ
(၄) ဆေးလိပ်မသောက်ရ
(၅) ဆေးမင့်ရန်
(၆) ဘီပိုး စီပိုးမရှိအောင် ကာကွယ်ရန်

**သဘော်ရွက်အရည်ညှစ်သောက်ခြင်း၊ စားခြင်းကြောင့် အောက်ပါရောဂါများလည်း ကာကွယ်ပျောက်ကင်းပါသည်**

(၁) အစာမကြေရောဂါ
(၂) ဆီးကျိတ်ရောင်ရောဂါ
(၃) ဝက်ခြံမပေါက်ခြင်း
(၄) သွေးမတိတ်ရောဂါ
(၅) မီးယပ်နာရောဂါ
(၆) ဝမ်းမချုပ်ခြင်း
(၇) တုပ်ကွေးကြီးရောဂါ
(၈) အရေပြားရောဂါ
(၉) ခံတွင်းမြိန်ခြင်းရောဂါ
(၁၀) ကြက်မျက်သင့်ရောဂါ
(၁၁) ပန်းနာရင်ကျပ်ရောဂါ

## မင်းဂွတ်သီးနှင့် ကင်ဆာရောဂါ

မင်းဂွတ်သီးကြိတ်ရည် သောက်ခြင်းကြောင့် ကင်ဆာရောဂါပျောက်ကြောင်း ရေးနေရင် ကျမ်းတစ်အုပ်ဖြစ်မည်။ ခုခေတ်လူတွေက လိုတိုရှင်းကြိုက်သည်။ ပညာမပြတော့ပါ။ လိုရင်းကိုသာ ရေးပါမည်။

### ကင်ဆာအမျိုးမျိုးကာကွယ်ရန်

မင်းဂွတ်သီး လတ်လတ်ဆတ်ဆတ်ဝယ်ပါ။ အညှာချွေပါ။ ရေနှင့်သန့်အောင်ဆေးပါ။ ၁၅ မိနစ်ခန့် စိမ်ပါ။ ကြိတ်စက်ရှိလျှင် ကြိတ်စက်သန့်အောင်ဆေးပါ။ ကြိတ်ပါ။ အခွံပါကြိတ်ပါ။ နံနက် ထမင်းစားတစ်ဇွန်း ညထမင်းစားတစ်ဇွန်းစားပါ။ ရေခဲသေတ္တာထဲ နှစ်ရက်ခန့်ထား၍ ရသည်။ အာနိသင် မပျက်ပါ။

*(ဆက်လက်ဖော်ပြပါမည်)*


www.burmeseclassic.com

www.burmeseclassic.com

# သူဆိုးနေသလား ဒါလေးများ

သစ္စာဝါဒီ ဆရာမြတ်စောလင်း

ကျွန်ုပ်သည် မဂ္ဂဇင်း ဆောင်းပါး ရေးသားလာသော အချိန်မှစ၍ ကျွန်ုပ်ထံသို့ ဗေဒင်ဝါသနာရှင်များ တဖွဲဖွဲ ရောက်ရှိလာခဲ့၏။ ထိုအခါ ကျွန်ုပ်ရေးသားသော ဆောင်းပါးထဲမှ အကြောင်းအရာများကို ဖတ်ရှုလေ့လာပြီး မပြုလုပ်လိုကြဘဲ သာမာန်အပေါ်ယံကြောသာလျှင် ဖတ်ရှု၍ ထိုအကြောင်းအရာနှင့် ပတ်သက်သောကိစ္စများ ကျွန်ုပ်ထံ တင်ပြလာကြ၏။ ထိုအခါ ကျွန်ုပ်က အကြောင်းအရာပါကိစ္စနှင့် ပတ်သက်၍ သေချာဂဃနဏ စီမံပြုလုပ်ပေးအပ်လိုက်ရ၏။ ထိုကဲ့သို့ပင် ကျွန်ုပ်ရေးသားခဲ့သော ဆောင်းပါးတွင်ပါဝင်သော အကြောင်းအရာမဟုတ်ဘဲ အချို့လည်း ၎င်းတို့တွေ့ကြုံနေရသည့် ပြဿနာများကို တင်ပြလာကြ၏။ ထိုတင်ပြလာသော အကြောင်းအရာနှင့် ပတ်သက်သည့် ပညာရပ်များ။ တစ်ခါတစ်ရံတွင် ကျွန်ုပ်တတ်ပြီး၊ သိပြီးနားလည်ပြီး လက်တွေ့လည်း ကျင့်သုံးလုပ်ကိုင်ဆောင်ရွက်ဖူးသော ပြဿနာများ။ ကိစ္စများ မဟုတ်သည်လည်း ရှိ၏။ ထိုအခါ ၎င်းကိစ္စနှင့် ပတ်သက်၍ အကျပ်အတည်းတွေ့ရ၏။ ထို့ကြောင့် အထက်ဖော်ပြထားသော သားကြောင့်သော်လည်းကောင်း။ လင်ယောက်ျားကြောင့်သော်လည်းကောင်း။ ညီအစ်ကို မောင်နှမကြောင့်သော်လည်းကောင်း။ ပြောမကောင်း။ ဆိုမကောင်း။ စိတ်ကြမ်း၊ လူကြမ်းဖြစ်ကာ ရမ်းကားလျက် မိဘ၊ ဇနီး။ လင်သား။ ညီအစ်ကို မောင်နှမတို့အား စိတ်ဆင်းရဲအောင်ပြုလုပ်နေသော ပုဂ္ဂိုလ်များအတွက် လိမ္မာရေးခြားရှိရန် စီမံသော အတတ်ပညာများ လိုလာသည်။

ထိုကိစ္စနှင့် ပတ်သက်၍ အင်္ဂဝိဇ္ဇာနံ့ညှပ်သား အစီအမံဖြင့်လည်းကောင်း။ သီတာရေးချမ်း ငြိမ်းအောင်ဖျန်းအင်း အစီအမံဖြင့်လည်းကောင်း။ သရောဒယကျမ်းလာ သရာသရေ လောပံ စမဖြင့် ပြုလုပ်စီမံခြင်း အစရှိသော နည်းပညာတို့ဖြင့် ပြုလုပ်နည်းကို တင်ပြခဲ့ပြီးဖြစ်၏။ ကိုယ်တိုင်လည်း လက်တွေ့ပြုလုပ်ပေးခဲ့ပြီးဖြစ်သည်။ သို့သော် အချို့သော ပုဂ္ဂိုလ်တို့၌ ဤအစီအမံသုံးမျိုးဖြင့် မရဘဲ အခက်အခဲကြုံနေရသည်များ ရှိခဲ့၏။ ထို့ကြောင့် နောက်ထပ် ပညာရပ်အသစ် ရှာဖွေရန်အတွက် မန္တလေး ပုလိပ်မြို့ မြောင်းဘောင်ရပ်တွင်ရှိသော သရောဒယ ပညာရှင် ရွှေဘိုဦးဘာရုံး၏ တပည့် ဒဿန ဦးထွဏ်းဌေးထံသို့ ရောက်လာခဲ့ရ၏။ ထိုအချိန်မှာပင် အမျိုးသမီးတစ်ဦး ဆိုင်ကယ်ဖြင့် ဦးထွဏ်းဌေး၏ အိမ်ရှေ့သို့ ရောက်ရှိလာ၏။ ရောက်လာလာချင်း သူ၏ခင်ပွန်းဖြစ်သူ ရဲရင့်ဆိုးသွမ်း၍ သူ့အား ရိုက်မည်ပုတ်မည် တကဲကဲဖြင့် အိမ်ပေါ်မှ ထွက်သွားရန်ကိုလည်း နှင်ချနေ၏။ ဤအကြောင်းကို တင်ပြကာ ယခုကဲ့သို့ အရက်သေစာ သောက်၍ ဆိုးသွမ်းနေခြင်း၊ ဆဲဆိုတိုင်းထွာ ကြိမ်းမောင်းနေခြင်း၊ ရန်ပြုခြင်းကို ငြိမ်းအေးရန် ဆောင်ရွက်ပေးပါရန် တင်ပြလာ၏။ ထိုအခါ ဆရာဦးထွဏ်းဌေးက ရဲယိုရွက်ပေါ်တွင် ဗုဒ္ဓဟူးသား မောင်ရဲရင့် ဒီနေ့မှစ၍ အရက်မသောက်ရ အရက်လုံးဝပြတ်စေ၊ မဆိုးသွမ်းရ၊ မိဘညီအစ်ကိုမောင်နှမ၊ ဇနီးမယားတို့၏ ပြောစကားကို နားထောင်စေ။ စိတ်ငြိမ်စေ၊ လိမ္မာရေးခြားရှိစေ စံသော စာတို့ကို ရဲယိုရွက်ပေါ်တွင် ပြည့်စုံစွာ ရေးသား၍ ကျောက်ဆင်းတုဘုရားဖြင့် ဖိထားရန် ညွှန်ကြားခဲ့၏။ ထိုအစီအမံသည် သရောဒယပညာအရ ဗုဒ္ဓဖြင့် စီရင်ကြောင်း ဆရာဦးထွဏ်းဌေး ရှင်းပြသဖြင့် သိခဲ့ရ၏။ ထို့နောက် မှုလ နံနာမည် အရင်းအဖျားလုံး အက္ခရာနှင့် ထပ်တူကျသောနံကို ယူ၍



www.burmeseclassic.com

www.burmeseclassic.com

လည်းကောင်း၊ နာမည်နှစ်လုံး၊ သုံးလုံး တို့တွင် အရင်းလုံးနှင့် အဖျားလုံးကို နံတူယူ၍လည်းကောင်း၊ ကျောက်ဆင်းတုဘုရားဖြင့် ဖိထားသော အစီအမံသည် ဆိုးသွမ်းသော ပုဂ္ဂိုလ်များ၊ ပြောမရဆိုမရသော ပုဂ္ဂိုလ်များကို စီမံသော နည်းပင် ဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်၏ စာဖတ်ပရိသတ်များထဲမှ သားသမီးကြောင့်၊ လင်၊ သားကြောင့်၊ ညီအစ်ကိုမောင်နှမကြောင့် စိတ်ဆင်းရဲနေကြသူများအတွက် အလွယ်တကူ စီမံနိုင်အောင် အောက်တွင် ဖော်ပြလိုက်ပါသည်။

သန်းမောင်ဆိုသော နာမည်မျိုးကို သဖန်းရွက်၊ ရဲရင့်ဆိုသော နာမည်မျိုးကို ရဲယိုရွက်၊ စိုးလွင်ဆိုသော နာမည်မျိုးကို ဇလပ်ရွက် စသည်တို့ကို အထက်တွင် ဖော်ပြထားသည့် မိမိဖြစ်လိုသော ကိစ္စရပ်များကို ပြည့်စုံစွာ ရေးသား၍ ကျောက်ဆင်းတုတွင် ဖိရန်ပင်ဖြစ်၏။ ဤအထက်ပါ နမူနာပြထားသည့်အတိုင်း မိမိတို့နှင့် သက်ဆိုင်သော နာမည်များကို မိမိဒေသရှိ အရွက်၊ အခက်များကို ရှာကြံ၍ ပြုလုပ်ရန်ဖြစ်၏။ ထိုအစီအမံကို ပြုလုပ်သောအခါ အောက်ပါ ရှင်းလင်းဖော်ပြချက်အတိုင်း ပြုလုပ်ပါ။

အ၊ က၊ ခ၊ ဓ၊ ဘ၊ ဝ၊ နာမည် ရင်းလုံးပိုင်ရှင်များအတွက် မြန်မာလဆန်း၊ လဆုတ် ၅၊ ၁၀၊ ၁၅ ရက်နေ့များတွင် နံနက် ၁၀ နာရီမှ ၁၀း၃၀ နာရီအတွင်း။

ဣ၊ ခ၊ ဇ၊ ည၊ န၊ မ နာမည် ရင်းလုံးပိုင်ရှင်များအတွက် မြန်မာလဆန်း၊ လဆုတ် ၁၊ ၆၊ ၁၁ ရက်နေ့များတွင် နံနက် ၆ နာရီမှ ၆း၃၀ နာရီအတွင်း။

ဥ၊ ဂ၊ ငါ၊ တ၊ ဗ၊ ယ နာမည် ရင်းလုံးပိုင်ရှင်များအတွက် မြန်မာလဆန်း၊ လဆုတ် ၂၊ ၇၊ ၁၂ ရက်နေ့များတွင် နံနက် ၇ နာရီမှ ၇း၃၀ နာရီအတွင်း။

ဧ၊ ထ၊ ဖ၊ ရ၊ သ နာမည်ရင်းလုံးပိုင်ရှင်များအတွက် မြန်မာလဆန်း၊ လဆုတ် ၃၊ ဂ၊ ၁၃ ရက်နေ့များတွင် နံနက် ဂ နာရီမှ ဂး၃၀ နာရီအတွင်း။

ဩ၊ စ၊ ဋ၊ ဒ၊ ဘ၊ လ၊ ဟ နာမည်ရင်းလုံးပိုင်ရှင်များအတွက် မြန်မာလဆန်း၊ လဆုတ် ၄၊ ၉၊ ၁၄ ရက်နေ့များတွင် နံနက် ၉ နာရီမှ ၉း၃၀ နာရီအတွင်း။

အထက်ဖော်ပြထားသည့် နေ့ရက်၊ နာရီအချိန်များတွင် တိကျစွာ ပြုလုပ်ပါက ငါးရက်ကာလအတွင်း ထူးခြားသိသာစွာ အကျိုးခံစားခွင့် ရလိမ့်မည်ပင်ဖြစ်၏။ ဤတင်ပြရေးသားသော အစီအမံနှင့် ပတ်သက်၍ မရှင်းလင်းပါက ကျွန်ုပ်ထံသို့ လာရောက်၍လည်းကောင်း၊ ဖုန်း ၀၉ ၄၂၀၉၂ဂ၃၉ သို့ ဆက်သွယ်၍ မေးမြန်းစုံစမ်းဆွေးနွေးနိုင်ပါသည်။

*ကျေးဇူးရှင်အား ရှိခိုးပါ၏*

**သစ္စာဝါဒီ**
**ဆရာမြတ်စောလင်း**

**ပဋ္ဌာန်းရွှေကျမ်းရတနာအိမ်**
**ရွှေအလင်းတိုင်**

ပဋ္ဌာန်းဆက် အားကောင်း၍ လူ့ဘုံလောကတွင် ကျင်လည်နေထိုင်လျက်ရှိကြသော ပါရမီရှင်များအတွက် အားထားစရာ ပဋ္ဌာန်းရွှေကျမ်း ရတနာအိမ် ရွှေအလင်းတိုင် ပေါ်ထွက်လာပါပြီ။

ဤသို့ ပေါ်ထွက်ရအောင်လည်း ပဋ္ဌာန်းရွှေကျမ်းကျင့်စဉ်ကို အဓိဋ္ဌာန်တင် သမထစွမ်းအင်ဖြင့် စီမံ၍ထားသဖြင့် ပါရမီရှင်များ လိုအပ်သော ကိစ္စအဝဝကို ဖြည့်ဆည်းပေးနိုင်ပါလိမ့်မည်။

အထူးသဖြင့် လျှို့ဝှက်စီမံထားသော ဂမ္ဘီရပစ္စည်းတစ်မျိုးနှင့် တွဲဖက်၍ စီမံထားပါသည်။ အသေးစိတ်သိလိုသူများ လူကိုယ်တိုင်ကြွရောက်၍ မှာယူနိုင်ပါသည်။

---- ဆက်သွယ်ရန် ----

**ရှောင်ပြန်မဂ္ဂဇင်းတိုက်**

အမှတ်(၂၇)၊ ၅၂-လမ်း(အောက်)၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၉-၂၅၁၀၂၂၃၉



www.burmeseclassic.com

www.burmeseclassic.com



ကချင်ဆေး ဆရာမကြီး ဒေါ်ကော့၏ သမီး

# ကချင်ဆေးဆရာမကြီး

# ဒေါ်နန်းတု

မှ

## လေမဖြတ်၊ အကြောရောဂါကြိုတင်ကာကွယ်လိမ်းဆေး

ယာယီတိုင်းရင်းဆေးမှတ်ပုံတင်အမှတ် - ၀၁၀၁ Y ၁၀၇၄

လေဖြတ်၊ လေဖြန်း၊ ပါးတစ်ခြမ်းရွဲ့ခြင်း၊ အာရုံကြောအားနည်းခြင်းများ၊ ဇက်ကြောနောက်ကြောတက်ခြင်း၊ ခါးကြောတစ်လျှောက် အမြောင်းထပြီးတက်ခြင်း၊ အကြောကပ်၊ အကြောလွဲ၊ အကြောရောင်ရမ်းကာ ကိုက်ခဲခြင်း နှင့် အကြောရောဂါအမျိုးမျိုး။

လူကြီးလူငယ်မရွေး အကြောရောဂါအမျိုးမျိုးနှင့် ၊ လေဖြတ်ခြင်းမခံရအောင် ကြိုတင်ကာကွယ်လိုသူများ ဆရာမနှင့် တိုင်ပင်ဆွေးနွေးနိုင်ပါသည်။

**အစွမ်းထက်သော ကချင်ရိုးရာနည်းစနစ်အတိုင်း ကုသပေးသည်။**

## ဆရာမနှင့်တွေ့ချိန်

* မြစ်နန္ဒာဆေးတိုက် * အမှတ်(၃၁၄)၊ ရွှေဘုံသာအလယ်လမ်း၊ ရန်ကုန်မြို့ ။ ဖုန်း - ၀၁-၃၇၇၀၉၇ (နံနက် ၁၂ နာရီ မှ ညနေ ၄ နာရီထိ) "တနင်္ဂနွေနေ့တိုင်းပိတ်သည်"

* နေအိမ်ဆေးခန်း * အမှတ်(၃၁၆)၊ စီမံကိန်း (၁)လမ်း၊ သခင်ဖိုးလှကြီးလမ်း၊ တောင်ဥက္ကလာပမြို့။ (နံနက် ၇ နာရီ မှ ၁၁ နာရီထိ) တဆင့်/ဖုန်း - ၀၉-၄၂၅၀၁၁၈၇၅, ၀၉-၇၉၉၅၉၃၁၉၈, ၀၉-၇၉၉၅၉၃၂၁၆

www.burmeseclassic.com

www.burmeseclassic.com

# မြန်မာ့ဆေးမြီးတို

ရွှေနော်မြေ အောင်ထိပ်တင်

"ဆေးမြီးတို"ဟူသော အဓိပ္ပာယ်မှာ "အလွယ်တကူ ဖော်စပ်နိုင်သောဆေး"ဟု ပြည်ထောင်စုမြန်မာနိုင်ငံတော် မြန်မာစာအဖွဲ့မှ ပြုစုထုတ်ဝေသော မြန်မာအဘိဓာန်စာအုပ်၌ အဓိပ္ပါယ်ဖွင့်ဆိုထားပါသည်။

ဆေးမြီးတိုနည်းနာ နိဿယများသည် ရှေးဘိုးဘွားမိဘများမှတစ်ဆင့် သားစဉ်မြေးဆက် ယနေ့ထိ လက်ဆင့်ကမ်း သယ်ဆောင်ခဲ့ကြပါသည်။ ရှေးအခါကပင် မြတ်နိုးခုံမင်စွာ အသုံးပြုခဲ့ကြပါသည်။ ဖြစ်ပေါ်လာသည့် အနာရောဂါများကို မိမိတို့လက်လှမ်းမှီရာ လွယ်လင့်တကူ ရှာဖွေရရှိသည့် သစ်ရွက်၊ သစ်သီး၊ သစ်ခေါက်၊ သစ်မြစ်များဖြင့် သုံးစွဲပျောက် ကင်းကြပေသည်။ မိမိအတွက်သာမက ပတ်ဝန်းကျင်မှ အနာရောဂါ ဒုက္ခဝေဒနာ ခံစားနေရသူများတွေ့လျှင် ကူညီဖေးမပေးချင်သော မြန်မာ့စိတ်ထားများဖြင့် ကူညီကုသကြသဖြင့် ပျောက်ကင်းချမ်းသာကြကြောင်းလည်း တွေ့ရပါသည်။

ဆေးပညာသဘောတရားအရ ဆေးအမည်များပြီး ရှည်လျားသော ဆေးမည်ရှည်များမဟုတ်ဘဲ ဆေးမည်နည်းပြီး ပြစ်ချင်းပြီဆေးဟု ဆိုရပါမည်။ အနာရောဂါတစ်ခုကို နည်း ပေါင်းများစွာဖြင့် ကုသသည်ကို လေ့လာတွေ့ရှိရပါသည်။ ယင်းသို့ ဖြစ်ရခြင်းမှာ အရပ်ဒေသ တစ်ခုနှင့်တစ်ခု ပေါက်ရောက်သော သစ်ပင်၊ သစ်သီး၊ သစ်ရွက်၊ သစ်ဥ၊ သစ်ဖု၊ သစ်မြစ်ချင်း မတူသောကြောင့် ဖြစ်ပါသည်။ အထူးသဖြင့် ဆေးရုံဆေးခန်းနှင့် ဝေးလံသော ကျေးလက်ဒေသများတွင် အရေးပေါ် ရှောင်တစ်ခင် အနာရောဂါများကို ကုသရာ၌ အသုံးပြုသော ဆေးများပင် ဖြစ်ပါသည်။

◆◆◆

ကျွန်ုပ်သည် အဝေးပြေးလမ်းမကြီး၏ဘေး ရွာမှတက်လာပြီး မိမိသွားလိုသောဒေသသို့ ကားစောင့်စီးရတဲ့ နေရာမှ မုန့်မျိုးစုံ၊ ကွမ်းယာ၊ ဆေးလိပ်ဆိုင်ကလေး ဖွင့်လှစ်ထားပါသည်။ အများနားခိုနေနိုင်ရန်လည်း ကနားဖျင်းလေး ထိုးပြီး ထိုင်စရာခုံလေးများ ချထားပါသည်။

တစ်နေ့တွင် ရွာမှ လူငယ်နှစ်ယောက် ဆိုင်ကယ်တစ်စီးဖြင့် ရောက်လာပါသည်။ ဆိုင်ကယ်အနောက်မှစီးသည့် လူငယ်မှာ ခြေထော့နင်းထော့နင်းနှင့် ဆင်းလာပါသည်။ ထိုအခါ ဆိုင်ရှေ့မှာထိုင်နေသည့် ဘကြီးဖြိုးမှ -

"ဟေ့မောင်ကောင်း မင်းခြေထောက် ဘာဖြစ်လို့လဲကွ။ ထော့နင်းထော့နင်းနဲ့"ဟု မေးလိုက်ရာ -

"ဆိုင်ကယ်စလစ်ဖြစ်ပြီး လဲသွားတာ အနောက်က အိပ်ဇောပိုက်နဲ့ ခြေထောက်ထိပြီး အနာဖြစ်သွားလို့ အခု မြို့ဆေးခန်းသွားပြမလို့ ဘကြီးရဲ့"ဟု ပြန်ဖြေပါသည်။

"မြို့ဆေးခန်းကို သွားပြစရာ မလိုပါဘူးကွာ။ မင်းအနာ အခုပျောက်ပါတယ်။ ဘောကြက်ဥတစ်လုံး အထဲက အနှစ်ကိုယူ ထုံးမီးခြစ်ဆံယမ်းခေါင်းလောက်ထည့် အုန်းဆီကွမ်းသီးတစ်ခြမ်းလောက်ထည့် အားလုံး သမအောင်မွှေပြီး လိမ်းစမ်းပါကွာ။ အမာရွတ်တောင် မထင်ပါဘူး"

ဟု ပြောရာ မောင်ကောင်းမှ ချက်ချင်း ရွာထဲပြန်လှည့်ပြီး ပစ္စည်းများရှာပြီး လိမ်းပါသည်။

နောက်နှစ်ရက်လောက်ကြာသည့်အခါ မောင်ကောင်းမှ ကျွန်ုပ်ဆိုင်ရှေ့ ရောက်လာရာ "ဟေ့...မောင်ကောင်း။ မင်းခြေထောက် ပျောက်သွားပြီလား"ဟု ကျွန်ုပ်မှမေးလိုက်ရာ "ဟာ...ကိုကြီးရာ တစ်ရက်လား လူးလိုက်ရတယ် အခု ပျောက်သွားပြီ"ဟု ပြန်ပြောပါသည်။

ယင်းနည်းမှာ ဆီပူ၊ ထမင်းရည်ပူ၊ မီးပူ၊ ရေနွေးပူ ဘယ်အပူလောင်တာပဲဖြစ်ဖြစ် မုချပျောက်ပြီး အနာရွတ်တောင်မထင်တဲ့ ဆေးမြီးတိုဖြစ်ကြောင်း ရေးသားအပ်ပါတယ်။

ရွှေနော်မြေ အောင်ထိပ်တင်



www.burmeseclassic.com

www.burmeseclassic.com

# အညံ့နှစ်မှာ ချေပါ ယတြာ

ဝင်းဇော်(သုံးဆယ်)

"ဒီနှစ် စီးပွားရေးလုပ်ငန်းတွေ လုပ်ကိုင်ရတာ အဆင်မပြေဘူး ဖော်မောင်ရယ်။ ဘာတွေဖြစ်နေမှန်း မသိတော့ပါဘူး"

သူငယ်ချင်းကျော်မောင်က ကျွန်တော်နှင့်တွေ့စဉ် ပြောကြားလိုက်သော စကားဖြစ်သည်။ သူ့စကားကို ကြားလိုက်ရသည့် ကျွန်တော်က ပြုံးလိုက်မိသည်။

"ဒီနှစ် စီးပွားရေးအဆင်မပြေလို့ ပြောပြတာ မင်းက ပြုံးနေတယ်"

"ဟ ... ပြုံးတာပေါ့ဟ။ ငါတို့ ဗေဒင်ပညာမှာ မွေးနံ့အလိုက် အသက်ကိုရှာပြီး ညံ့တဲ့နှစ်ကို တွက်ပေးရတဲ့ ဇနက္ကဟောကိန်းဆိုတာ ရှိတယ်"

"ဟင် ... ဘယ်လိုတွက်ရတာလဲ ပြောပါဦး"

"ဇနက္ကမင်းသား သင်္ဘောတည်ဆောက်တာက စပြီး ထီးနန်းစံရတဲ့အထိ အစဉ်လိုက်တွက်ရတဲ့ တွက်နည်းပဲကွ။ တည်၊ ထွက်၊ ပျက်၊ ကျောက်၊ ထီး၊ နန်း၊ စံ ဆိုပြီး တွက်ကိန်းဆင်ထားတာကွ။ တည်ဆိုတာက သင်္ဘောတည်ဆောက်တာ၊ ထွက်ဆိုတာက ထွက်တော်မူတာ၊ ပျက်ဆိုတာက သင်္ဘောပျက်တာ၊ ကျောက်ဆိုတာက ဇနက္ကမင်းသားကို မေခလာမင်းသမီးကကယ်ပြီး ကျောက်ဖျာပေါ်ကို တင်ထားတာ၊ ထီးဆိုတာက မှူးမတ်တွေက မင်းလောင်းမို့လို့ ထီးဖြူမိုးတာ၊ နန်းဆိုတာက နန်းတော်ကို သယ်ဆောင်သွားတာ၊ စံဆိုတာက ဇနက္ကမင်းသား ထီးနန်းစံရတာကို ဆိုလိုတာ။ တွက်ကိန်းကတော့ မိမိမွေးနံ့ကို (၂)ဂဏန်းစီ တိုးသွားပြီး အစဉ်လိုက်ချသွားရတာ။ ဥပမာကွာ ... မင်းက တနင်္လာနေ့သား မွေးနံ့အရ (၂)၊ အဲဒါကို ၂ ဂဏန်းအစဉ် လိုက်တိုး သွားရင် ၂၊ ၄၊ ၆၊ ၈၊ ၁၀၊ ၁၂၊ ၁၄၊ ၁၆၊ ၂၀၊ ၂၂ ဆိုပြီး ရတာပေါ့။ ဇယားကွက်ချရေးရရင် ...

| တည် | ထွက် | ပျက် | ကျောက် | ထီး | နန်း | စံ |
|---|---|---|---|---|---|---|
| | ၂ | ၄ | ၆ | ၈ | ၁၀ | ၁၂ |
| ၁၄ | ၁၆ | ၁၈ | ၂၀ | ၂၂ | ၂၄ | ၂၆ |
| ၂၈ | ၃၀ | ၃၄ | ၃၆ | ၃၈ | ၄၀ | ၄၂ |
| ၄၄ | ၄၆ | ၄၈ | ၅၀ | ၅၂ | ၅၄ | ၅၆ |
| ၅၈ | ၆၀ | ၆၂ | ၆၄ | ၆၆ | ၆၈ | ၇၀ |
| ၇၂ | ၂၄ | ၂၆ | ၂၈ | ၈၀ | ၈၂ | ၈၄ |



www.burmeseclassic.com

www.burmeseclassic.com

အဲဒီ့တွက်ကိန်းအရကြည့်ရင် ၁၄ နှစ်က တည်၊ ၁၆ နှစ်က ထွက်၊ ၁၈ နှစ်က ပျက်၊ ၂၀ က ကျောက်၊ ၂၂ နှစ်က ထီး၊ ၂၄ နှစ်က နန်း၊ ၂၆ နှစ်က စံ လို့ခေါ်တယ်။ အဲသလို ဆက်တွက်သွားရတယ်။ ငါတို့က ပျက်ကြတဲ့ နှစ်အပိုင်းအခြားတွေကို သိချင်တာဆိုတော့ –

တနင်္ဂနွေသားသမီးများအဖို့ ၁၉၊ ၃၃၊ ၄၇၊ ၆၁၊ ၇၅ နှစ်တွေ

တနင်္လာသားသမီးများအဖို့ ၂၀၊ ၃၄၊ ၄၈၊ ၆၂၊ ၇၆ နှစ်တွေ

အင်္ဂါသားသမီးများအဖို့ ၂၁၊ ၃၅၊ ၄၉၊ ၆၃၊ ၇၇ နှစ်တွေ

ဗုဒ္ဓဟူးသားသမီးများအဖို့ ၂၂၊ ၃၆၊ ၅၀၊ ၆၄၊ ၇၈ နှစ်တွေ

ကြာသပတေးသားသမီးများအဖို့ ၂၃၊ ၃၇၊ ၅၁၊ ၆၅၊ ၇၉ နှစ်တွေ

သောကြာသားသမီးများအဖို့ ၂၄၊ ၃၈၊ ၅၂၊ ၆၆၊ ၈၀ နှစ်တွေ

စနေသားသမီးများအဖို့ ၂၅၊ ၃၉၊ ၅၃၊ ၆၇၊ ၈၁ နှစ်တွေ

ဟာ 'ပျက်'ကျတဲ့နှစ်တွေမို့ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ အိမ်ထောင်ရေးတွေ အဆင်မပြေဖြစ်တတ်ပါတယ်။ သဘော်ာပျက်ကိန်းဆိုတာမျိုးပေါ့။ အဲဒီ့အညံ့တွေ ပြေပျောက်အောင် တနင်္လာသားဖြစ်တဲ့ မင်းအနေနဲ့ အညံ့နှစ် (ပျက်ကိန်း)နှစ် မရောက်ခင်လပိုင်းကနေပြီး ယတြာလုပ်ရမယ်''

''ဘယ်လိုယတြာမျိုးလဲ ဖော်မောင်''

''မင်းနေအိမ်ရှေ့က လမ်းဟာ ပျက်ဆီးယိုယွင်းနေရင် ညီညာအောင် လမ်းခင်းပြုပြင်ရမယ်။ မင်းမိဘအိမ်က ရေအိမ်ပျက်ဆီးနေရင် ပြုပြင်ပေးရမယ်။ မင်းနေတဲ့အိမ်ရဲ့ အနီးအနား ဘုန်းတော်ကြီးကျောင်းက ကုဋီတွေကို မင်းရဲ့ မွေးနေ့တိုင်း သွားရောက်ဆေးကြော သန့်ရှင်းရေးလုပ်ပေးရမယ်။ အဲဒီ ကုဋီတွေ ပျက်စီးနေရင်လည်း ပြုပြင်ပေးရမယ်။ မင်းနေတဲ့ ရပ်ကွက်ထဲက စေတီပုထိုးက ရုပ်ပွားတော်တွေ ပျက်ဆီးနေတာမြင်ရင် ပြုပြင်ပေးရမယ်။ ဟုတ်ပြီလား''

''ကုသိုလ်ယူရတဲ့ သဘောလား''

''ဟုတ်တာပေါ့ကွ။ နေ့သားအလိုက် ပြုရမယ့် ယတြာလည်း ရှိသေးတယ်''

''ဘယ်လိုလဲ သူငယ်ချင်း''

တနင်္ဂနွေသားသမီးက ပျက်ကိန်းကြုံတဲ့ နှစ်မှာ မွေးနေ့တိုင်း ညနေဘက်မှာ မသန်စွမ်းတဲ့သူကို ငွေလှူဒါန်းရမယ်။

တနင်္လာသားသမီးတွေက မွေးနေ့တိုင်းမှာ ညနေတိုင်း လူသွားလမ်းမှာ အုတ်ခဲ ခြောက်ခဲ ခင်းပေးရမယ်။

အင်္ဂါသားသမီးတွေက မွေးနေ့ ညနေတိုင်း ခွေးတွေကို အစာကျွေးရမယ်။

ဗုဒ္ဓဟူးသားသမီးတွေက မွေးနေ့ညနေတိုင်း စိတ်ရောဂါဝေဒနာသည်ကို ဆေးလှူရမယ်၊ မုန့်ကျွေးရမယ်။

ကြာသပတေးသားသမီးတွေက မွေးနေ့ညနေတိုင်း ယုန်တွေကို အစာကျွေးရမယ်။

သောကြာသားသမီးတွေက မွေးနေ့ညနေတိုင်း မြင်းတွေကို အစာကျွေးရမယ်။

စနေသားသမီးတွေက မွေးနေ့ညနေတိုင်း ကျောင်းဝင်း၊ ဘုရားဝင်းထဲမှာ တံမြက်စည်းလှည်းကျင်းပြီး ကုသိုလ်ယူရမယ်။

ပျက်ကိန်းကြုံတဲ့ ခုနစ်ရက်သားသမီးတွေဟာ အဲဒီနှစ်ထဲမှာ ဘာလုပ်လုပ် အဆင်မပြေဖြစ်ကြမှာတော့ အမှန်ပဲ။ အဲဒါကို ကုသိုလ်ယူတဲ့ ယတြာချေပြီး ချေဖျက်ပစ်ရမယ်။ မင်းကော ကိုယ်လုပ်ရမယ့်ယတြာ သိပြီမဟုတ်လား။ အသက် ၆၂ နှစ်နဲ့ အသက် ၇၆ နှစ်တွေမှာလည်း ထပ်ကြုံရဦးမှာပဲ''

''ယတြာသိနေပြီပဲ''

''အေးပါဗျာ၊ အေးပါ''

ကျော်မောင်သည် ဝမ်းသာအားရနှင့် ကျွန်တော့်အနားမှ ထွက်ခွာသွားပါတော့၏။

**ဝင်းဖော် (သုံးဆယ်)**

၀၉–၂၆၀၄၃၉၃၇၂



www.burmeseclassic.com

www.burmeseclassic.com

# ကျန်းမာရေးမကောင်းသူများအတွက်

## အစွမ်းထက်၍ ပျောက်ကင်းစေသော

# ဗေဒင်

■ ကျော်ကောဟိန်း(နှံ့သာ)

တနင်္ဂနွေသား/သမီးတစ်ယောက် မမာမကျန်းဖြစ်သော် ၎င်းနံ့တူသားဖြစ်သော အုန်းသားကို လူနာအရပ်နှင့်တိုင်း၍ ဖြတ်ပြီးလျှင် မကျန်းမမာသောသူ၏ အင်္ကျီ၊ ပုဆိုးများနှင့်ပတ်၍ အရင်းက ဆန်တစ်ထုပ်၊ အလယ်၌ ဆန်ထုပ်တစ်ထုပ်၊ အဖျား၌ ဆန်ထုပ်တစ်ထုပ်ချည်၍ ဆံပင်၊ ခြေသည်း၊ လက်သည်းများကိုပါ သတ်သတ်ထည့်ပြီး လူမမာနှင့် ထိုယတြာချေသောအသားကို တစ်ညသိပ် အတူထား နံနက်လင်းသော် တနင်္ဂနွေ၏ ဆပွတ်ဖြစ်သော သောကြာသားသမီးများက ယူ၍ တနင်္ဂနွေသား/သမီး၏ ဘုမ္မိအရပ်ဖြစ်သော တောင်အရပ်သို့သွား၍ စွန့်ပါက ထိုလူနာသည် မကြာမီ ကျန်းမာလာပေမည်။

တနင်္လာသား/သမီးတစ်ယောက်သည် မမာမကျန်းဖြစ်ခဲ့သော် ၎င်းနံ့တူသားဖြစ်သော ကုက္ကိုသား(သို့မဟုတ်)ကံ့ကော်သားဖြစ်စေ လူနာအရပ်နှင့်တိုင်း၍ ဖြတ်ပြီးလျှင် မကျန်းမမာသောသူ၏ အင်္ကျီ ပုဆိုးများနှင့်ပတ်၍ အရင်းက ဆန်တစ်ထုပ်၊ အလယ်၌ ဆန်ထုပ်တစ်ထုပ်၊ အဖျား၌ ဆန်ထုပ်တစ်ထုပ် ချည်၍ ဆံပင်၊ ခြေသည်း၊ လက်သည်းများကိုပါ သတ်သတ်ထည့်ပြီး လူမမာနှင့် ထိုယတြာချေသော အသားကို တစ်ညသိပ် အတူထား၊ နံနက်လင်းသော် တနင်္လာ၏ဆပွတ်ဖြစ်သော စနေသား/သမီးယူ၍ တနင်္လာ၏ ဘုမ္မိအရပ်ဖြစ်သော အနောက်တောင်ထောင့်သို့ စွန့်ပစ်လေ။ တနင်္လာသား/သမီး မကြာမီ ကျန်းမာလာပါလိမ့်မည်။

အင်္ဂါသား/သမီးတစ်ယောက် မမာမကျန်းဖြစ်ခဲ့သော် ၎င်း၏ နံ့တူသားဖြစ်သော ညောင်သားကိုဖြစ်စေ၊ ဆီးသားကိုဖြစ်စေ လူနာအရပ်နှင့် တစ်ရပ်တိုင်း၍ ဖြတ်ယူပြီးလျှင် မကျန်းမမာသောသူ၏ အင်္ကျီပုဆိုးတို့နှင့်ပတ်၍ အရင်း၌ ဆန်ထုပ်တစ်ထုပ် အလယ်၌ ဆန်ထုပ်တစ်ထုပ်၊ အဖျား၌ ဆန်ထုပ်တစ်ထုပ်ချည်၍ ခံပင်၊ ခြေသည်း၊ လက်သည်းတို့ကို ထည့်ပြီး လူမမာနှင့် ၎င်းယတြာချေသောအသားကို အတူတစ်ညအိပ်ထားပြီး နောက်နံနက်လင်းသော် အင်္ဂါသား/သမီး၏ ဆပွတ်ဖြစ်သော တနင်္ဂနွေသား/သမီးက ၎င်းယတြာချေထားသော အသားကိုယူပြီး အင်္ဂါသား/သမီး၏ ဘုမ္မိအရပ်ဖြစ်သော အနောက်စူးစူးအရပ်သို့ စွန့်ပစ်လေ။ အင်္ဂါသား/သမီး လူမမာ မကြာခင် ကျန်းမာလာပါလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com

ဗုဒ္ဓဟူးသား/သမီးတစ်ယောက်သည် မမာမကျန်းဖြစ်သော် ၎င်းနံ့တူသားဖြစ်သော ရဲယိုသား လူနာအရပ်နှင့် တစ်ရပ်တိုင်း၍ ဖြတ်ယူပြီးလျှင် မကျန်းမာသောသူ၏ အင်္ကျီပုဆိုး ထဘီတို့ဖြင့်ပတ်၍ အရင်း၌ ဆန်တစ်ထုပ်၊ အလယ်၌ ဆန်တစ်ထုပ်၊ အဖျား၌ ဆန်တစ်ထုပ်ချည်၍ ဆံပင်၊ ခြေသည်း လက်သည်းတို့ကိုပါထည့်ပြီး လူမမာနှင့် ယတြာချေသောအသားကို တစ်ညသိပ် အတူထားအိပ်စေပြီး နံနက်လင်းသော် ဗုဒ္ဓဟူးသား/သမီး၏ ဆပွတ်ဖြစ်သော တနင်္လာသား/သမီးက ၎င်းယတြာချေထားသော အသားကိုယူပြီး ဗုဒ္ဓဟူးသား/သမီးများ၏ ဘုမ္မိအရပ်ဖြစ်သော အနောက်မြောက်ထောင့်အရပ်သို့ စွန့်ပစ်လေ။ ဗုဒ္ဓဟူးသား/သမီး လူမမာ မကြာမီ ကျန်းမာလာလိမ့်မည်။

ကြာသပတေးသား/သမီး တစ်ယောက်သည် မမာမကျန်းဖြစ်သော် ၎င်းနံ့တူသားဖြစ်သော ပေါက်ပန်းဖြူသားကို လူနာနှင့် တစ်ရပ်တိုင်း၍ ဖြတ်ယူပြီး လူနာ၏ အင်္ကျီပုဆိုး ထဘီတို့ကို ပတ်၍ အရင်းက ဆန်တစ်ထုပ်ချည်၊ အလယ်က ဆန်တစ်ထုပ်ချည်၊ အဖျားက ဆန်တစ်ထုပ်ချည်၍ ဆံပင်၊ ခြေသည်း လက်သည်းများတို့ပါ ထည့်၍ လူမမာနှင့် ယတြာချေသောအသားကို တစ်ညအိပ် အတူထားအိပ်စေပြီး နံနက်လင်းသော် ကြာသပတေးသား/သမီး၏ ဆပွတ်ဖြစ်သော အင်္ဂါသား/သမီးတို့က ၎င်းယတြာချေထားသော အသားကိုယူ၍ ကြာသပတေးသား/သမီး၏ ဘုမ္မိအရပ်ဖြစ်သော အရှေ့မြောက်ထောင့်အရပ်သို့ စွန့်လေ။ ကြာသပတေးသား/သမီး လူမမာ မကြာမီ ကျန်းမာလာပါလိမ့်မည်။

သောကြာသား/သမီး တစ်ယောက်သည် မမာမကျန်းဖြစ်သော် ၎င်းနံ့တူသားဖြစ်သော သီးသားဖြစ်စေ၊ သီဟိုဠ်သားဖြစ်စေ လူနာအရပ်နှင့် တစ်ရပ်တိုင်း၍ ဖြတ်ယူပြီး လူနာ၏ အင်္ကျီပုဆိုး ထဘီတို့ကိုပတ်၍ အရင်းက ဆန်တစ်ထုပ်၊ အလယ်ကဆန်တစ်ထုပ်၊ အဖျားက ဆန်တစ်ထုပ်ချည်၍ ဆံပင်၊ ခြေသည်း လက်သည်းများတို့ပါထည့်၍ လူမမာနှင့် ယတြာချေသောအသားကို တစ်ညအိပ် အတူထားအိပ်စေပြီး နံနက်လင်းသော် သောကြာသား/သမီး၏ ဆပွတ်ဖြစ်သော ဗုဒ္ဓဟူးသား/သမီးက ၎င်းယတြာချေထားသော အသားကိုယူ၍ သောကြာသား/သမီး၏ ဘုမ္မိအရပ်ဖြစ်သော အရှေ့တောင်ထောင့်အရပ်သို့ စွန့်ပစ်လေ။ သောကြာသား/သမီး မကြာမီ ကျန်းမာပါလာလိမ့်မည်။

စနေသား/သမီး တစ်ယောက်သည် မမာမကျန်းဖြစ်သော် ၎င်းနံ့တူဖြစ်သော ထနောင်းသား(သို့မဟုတ်) ထန်းသား၊ ထိန်သား၊ တယ်သားတို့ကို ၎င်းလူနာ၏အရပ်နှင့် တစ်ရပ်တိုင်း၍ ဖြတ်ယူပြီး လူနာ၏ အင်္ကျီပုဆိုး ထဘီတို့ကို ပတ်၍ အရင်းက ဆန်တစ်ထုပ်၊ အလယ်ကဆန်တစ်ထုပ်၊ အဖျားက ဆန်တစ်ထုပ်ချည်၍ ဆံပင်၊ ခြေသည်း၊ လက်သည်းများတို့ပါ ထည့်၍ လူမမာနှင့် ယတြာချေသောအသားကို တစ်ညအိပ် အထူထားအိပ်စေပြီး နံနက်လင်းသော် စနေသား/သမီး၏ ဆပွတ်ဖြစ်သော ကြာသပတေးသား/သမီးတို့က ၎င်းယတြာချေထားသော အသားကိုယူ၍ စနေသား/သမီး၏ ဘုမ္မိအရပ်ဖြစ်သော မြောက်စူးစူးအရပ်သို့ စွန့်လေ။ စနေသား/သမီး မကြာမီ ကျန်းမာလာပါလိမ့်မည်။


ကျော်ဇောဟိန်း(နံ့သာ)





www.burmeseclassic.com

www.burmeseclassic.com



## အောင်ပွဲဝင်ရန်

# ဿီလဿစ္စာ အခြေခံ ကျင့်စဉ်အဓိဋ္ဌာန်

**မင်းခေါင်ဿီဟ**

အောင်ဆုဆိုတာ လွယ်လွယ်ကူကူနဲ့ မရနိုင်ပါဘူး။ ကြိုးစားအားထုတ်မှု၊ ဝီရိယအထူးပဲ လိုအပ်ပါတယ်။

အဲဒီမှာ စိတ်ဓာတ်ကြံ့ခိုင်မှုရှိဖို့က အရေးကြီးဆုံးဖြစ်ပါတယ်။

အောင်ဆုရယူနိုင်ဖို့ ကြိုးစားနေတဲ့အချိန်မှာ စိတ်[illegible]တွေ၊ စိတ်ဓာတ်ပျက်ချင်စရာတွေ ကြုံ[illegible]တာ မွေ့တာပါ။ ဒီအပေါ်မှာ တုန်လှုပ်နေလို့ မရဘူး။ နောက်ဆုတ်ချင်တဲ့ စိတ်တွေကို အားပေးချီးမြှောက်ရမယ်။ အားတင်းရမယ်။ စိတ်ဓာတ်ခိုင်မာဖို့လိုပါတယ်။

အခက်အခဲနဲ့ကြုံတွေ့တိုင်း နောက်ဆုတ်သွားတတ်တဲ့သူဟာ အောင်ဆုနဲ့ မထိုက်တန်ပါဘူး။

*ဘယ်အရာကိုမဆို အောင်မြင်ရမယ်ဆိုတဲ့ စိတ်*ဓာတ်နဲ့ သန္နိဋ္ဌာန်ချပြီးလုပ်မယ်ဆိုရင် ကိုယ့်ဆန္ဒအတိုင်းဖြစ်လာမှာပါ။



www.burmeseclassic.com

www.burmeseclassic.com

အခု ရေးသားတင်ပြပေးမယ့် ကျင့်စဉ်၊ ပုတီးစိပ်နည်းဟာဆိုရင် နည်းနည်းလုပ်ရင် နည်းနည်းအောင်မြင်မယ်၊ များများလုပ်ရင် များများအောင်မြင်စေမယ့် ပုတီးစိပ်နည်းဖြစ်ပါတယ်။

သာမန်လောက် နေ့စဉ်ပုတီးစိပ်သွားမယ်ဆိုရင် အတိုင်းအတာတစ်ခုထိ အောင်မြင်ထူးခြားစေနိုင်တဲ့ ပုတီးစိပ်နည်းဖြစ်ပါတယ်။

စီးပွားရေး၊ လူမှုရေး၊ အမှုအခင်းကိစ္စတွေ ကြုံခဲ့ရင်တော့ အထူးဝါယမစိုက်ပြီး အဓိဋ္ဌာန်တင် စိပ်ပွားပါက ကျော်လွှားအောင်မြင်စေနိုင်မှာဖြစ်ပါတယ်။

ဒီပုတီးစိပ်နည်းဟာ မုံရွာမြို့က သာသနာပြုနေတဲ့ ဆရာတော်ကြီးတစ်ပါးရဲ့ ပုတီးစိပ်နည်းဖြစ်ပါတယ်။

ပုတီးစိပ်နည်းမှာ ဂုဏ်တော်မှာ ဉာဏ်တော်ကို ဥပနာပြီး စိပ်တဲ့နည်းဖြစ်ပါတယ်။ ဘုရားဂုဏ်တော်ကိုးပါးကို ဗုဒ္ဓဘာသာဝင်တိုင်း သိရှိကြပါတယ်။ ဘုရားရှိခိုးတိုင်းလည်း ရွတ်ဆိုလေ့ရှိကြတာမို့ အခက်အခဲမရှိနိုင်ပါဘူး။ အဲဒီဂုဏ်တော်တွေ ရွတ်တိုင်း 'ပု ဒိ အာ'ဆိုတဲ့ ဉာဏ်တော်သုံးပါးကို ထပ်မံရွတ်တာပဲ ထူးခြားပါတယ်။

ဥပမာ . . .

"အရဟံ" ဂုဏ်တော်ကို

"အရဟံ ပုဒိအာ"လို့ ရွတ်ပါမယ်။

"သမ္မာ သမ္ဗုဒ္ဓေါ" ဂုဏ်တော်ကို

"သမ္မာ သမ္ဗုဒ္ဓေါ ပုဒိအာ"လို့ ရွတ်ရပါတယ်။

ဂုဏ်တော်ကိုးပါးစလုံး ပုဒိအာထည့်ပြီးရွတ်ရမယ်။

ပုဒိအာဆိုတဲ့ ဉာဏ်တော်သုံးပါးဟာ ဘာဉာဏ်တော်တွေလည်းဆိုတော့ . . .

ပု – ပုဗ္ဗေနိဝါသ ဉာဏ်တော်၊ ရှေးအတိတ်ဘဝကကို ပြန်လည်သိမြင်နိုင်တဲ့ဉာဏ်တော်ဖြစ်တယ်။ ပုဗ္ဗေနိဝါသဉာဏ်တော်ကို (ပု)တစ်လုံးပဲ ရွတ်ရပါတယ်။

**ဒိ** – ဆိုတာက ဒိဗ္ဗစက္ခု ဉာဏ်တော်ဖြစ်ပါတယ်။ လောကသုံးပါးကို ထွင်းဖောက်သိမြင်နိုင်တဲ့ ဉာဏ်တော်ဖြစ်ပါတယ်။ ဒိဗ္ဗစက္ခု ဉာဏ်တော်ကို အတိုကောက် (ဒိ) တစ်လုံးပဲ ရွတ်ရပါတယ်။

**အာ** – 'အာ'ဆိုတာက အာသဝက္ခယ ဉာဏ်တော်ကို ဆိုလိုတာ ဖြစ်ပါတယ်။ အာသဝက္ခယဉာဏ်တော်ဆိုတာ အာသဝေါတရားကင်းကုန်ရာ၊ ကင်းကုန်ကြောင်းသာသိတဲ့ ဉာဏ်တော်ဖြစ်ပါတယ်။ အာသဝက္ခယ ဉာဏ်တော်ကို အတိုကောက် (အာ)လို့ တစ်လုံးတည်းပဲ ရွတ်ပါတယ်။

'ပု ဒိ အာ'ဆိုတဲ့ အက္ခရာသုံးလုံးကို ဝိဇ္ဇာမယပညာမှာ အမျိုးမျိုးအသုံးပြုနေကြပါတယ်။ ဂမ္ဘီရလိုင်းကို လိုက်စားတဲ့သူများ 'ပု ဒိ အာ'အစွမ်းကိုသိကြမှာပါ။ ခွေးမဟောင်ဂါထာအဖြစ်နဲ့တောင် 'ပု ဒိ အာ'ကို သုံးနေကြတယ်။

ပုတီးစိပ်ပုံလေးကို ကြည့်ကြရအောင်။

## အောင်ဆုယူ ပုတီးစိပ်နည်း

၁။ အရဟံ ပုဒိအာ
၂။ သမ္မာသမ္ဗုဒ္ဓေါ ပုဒိအာ
၃။ ဝိဇ္ဇာစရဏ သမ္ပန္နော ပုဒိအာ
၄။ သုဂတော ပုဒိအာ
၅။ လောကဝိဒူ ပုဒိအာ
၆။ အနုတ္တရော ပုရိသ ဒမ္မသာရထိ ပုဒိအာ
၇။ သတ္ထာဒေဝ မနုဿာနံ ပုဒိအာ
၈။ ဗုဒ္ဓေါ ပုဒိအာ
၉။ ဘဂဝါ ပုဒိအာ

ဂုဏ်တော်တစ်ပါးကို ပုတီးတစ်လုံးကျစိပ်ရမှာ ဖြစ်ပါတယ်။ နေ့စဉ် တစ်ပတ်မှ ကိုးပတ်အတွင်း စိပ်မည်ဆိုက အကျိုးအာနိသင် တဖြည်းဖြည်း ခံစားလာရမှာ ဖြစ်ပါတယ်။

သီလဆောက်တည်၍လည်းကောင်း၊ အထူးအဓိဋ္ဌာန်မှု၍လည်းကောင်း၊ အိမ်၊ ဘုရား၊ တောတောင်တို့မှာ ကျင့်ကြံအားထုတ်မည်ဆိုပါက အထင်အမြင်များပင် ရရှိနိုင်ပါတယ်။

ဗေဒင်ဟောမည့်သူတွေအတွက် သင့်တဲ့ ပုတီးစိပ်နည်းဖြစ်ပါတယ်။

**မင်းခေါင်သီဟ**



www.burmeseclassic.com

www.burmeseclassic.com

သိသာစေကြောင်း

# မင်္ဂလာနိမိတ်ကောင်း

ဒေါက်တာမင်းသိန်း၏ နည်းစနစ်အတိုင်းဟောသည်

# ဒေါက်တာစောယုနွယ်

တကယ်ဆိုတော့ . . . .
မိမိဘဝရဲ့ ကောင်းခြင်း၊ ဆိုးခြင်းဖြစ်ပျက်မှုတွေကို မိမိဘာသာမိမိ
အသိဆုံးပါ။ ဒါပေမဲ့ ပွဲမစခင် ပြည်ဖုံးကားနောက်ကွယ်မှာ
ဘာတွေလုပ်နေတယ်ဆိုတာကို ကြိုတင်ပြီး သိချင်ကြ
တာဟာ လူ့ဘဝရဲ့ဓမ္မတာပါပဲ။ ပြည်ဖုံးကား
နောက်ကွယ်က ဇာတ်ရုပ်တွေဟာ တစ်ခါတစ်ခါ
ကျတော့ ပျော်စရာကောင်းတာတွေ တွေ့ရသလို၊
တစ်ခါတစ်ခါကျတော့လည်း စိတ်ရှုပ်စရာတွေလည်း
တွေ့ရတတ်ပါတယ်။ အချိန်အခါ နေရာဒေသကြောင့်
သင့်ဘဝရဲ့ ပြည်ဖုံးကားကို လှစ်ခနဲသာ ဖွင့်လှစ်ပြသ
လိုက်ရတာကြောင့် ဒီစာမျက်နှာမှ သင့်ဘဝရဲ့
အဖြစ်အပျက် အစိတ်အပိုင်း တစ်ခုတလေသာ
မြင်ရမှာဖြစ်လို့ ဘဝဇာတ်ခုံပေါ်မှာ မီးရောင်စုံ
အစုံအလင်နဲ့ သင့်ဘဝအပြည့်အစုံကို
မြင်ချင်တယ်ဆိုရင်ဖြင့် . . .



■ အမှတ် (၂၀၅/က)
ပိတောက်(၅)လမ်း၊
မြို့သစ်(၈)၊ ဘုရင့်နောင်ရိပ်သာ၊
အင်းစိန်မြို့နယ်၊ ရန်ကုန်။
ဖုန်း ၀၁-၆၄၃၀၁၀
၀၉-၇၈၉၉၅၉၅၆၇

www.burmeseclassic.com

www.burmeseclassic.com



# တနင်္ဂနွေ သားသမီး



သင်သည် ယခုကာလတွင် စိတ်ချမ်းသာစရာများ ကြုံတွေ့ရမယ့်ကာလ ဖြစ်ပါတယ်။ ပျော်စရာတွေများလွန်းလို့ အမှားအယွင်းတွေလည်း တွေ့တတ်ပါတယ်။ ဘာဖြစ်ဖြစ် နှစ်ခါပြန်ဖြစ်တတ်ပါတယ်။ အလှူအတန်းများ၊ မင်္ဂလာပွဲများ စီစဉ်ပြုလုပ်ပေးရတတ်တယ်။ လုပ်ငန်းသစ်များ စတင်ရတတ်တယ်။ ထိုလုပ်ငန်းများသည်လည်း လွန်စွာအကျိုးပေး အောင်မြင်မယ်။ ဘုရားဆင်းတုတော်၊ ပုံတော်များ ကြွလာမယ်။ အလွန်ကောင်းသောနိမိတ် ဖြစ်ပါတယ်။ ယခုကာလတွင် စီးပွားအလွန်ကောင်းသကဲ့သို့ ကိုယ်ကျင့်တရား အရေးကြီးသောအချိန် ဖြစ်ပါတယ်။ ကိုယ်ကျင့်တရားပျက်လျှင် ဒုက္ခရောက်တတ်တယ်။ ယခုအချိန်တွင် အိမ်ထောင်မပြုရ။ အိမ်ထောင်ပြုလျှင် တည်မြဲသောအိမ်ထောင် မဖြစ်နိုင်ပါ။ ရွှေနှင့် ရတနာပစ္စည်းများ ဝင်မယ်။ ငွေရှာရလွယ်ကူပေမယ့် စုဆောင်း၍ မရပါ။ ငွေဝင်လျှင် လက်ထဲမှာ မထားဘဲ ရွှေဝယ်ထားပါ။ မြေကိစ္စ၊ အမွေကိစ္စများ ကြုံရတတ်တယ်။ စိတ်မပူပါနှင့်။ ကိုယ့်ကို နှိမ်ချခဲ့တဲ့သူတွေက ပခုံးပေါ် ထမ်းတင်မယ့်ကာလ ဖြစ်ပါတယ်။ အလုပ်နေရာ၊ အိမ်နေရာ ပြောင်းရွှေ့ရတတ်တယ်။ လုပ်ဖော်ကိုင်ဖက် မိတ်ဆွေများနှင့် အဆင်မပြေ ဖြစ်တတ်တယ်။ နာရေးကိစ္စကို အကြောင်းပြု၍ ခရီးသွားရတတ်တယ်။ ကျန်းမာရေးအနေဖြင့် အစားမှားခြင်း၊ ဆေးမှားခြင်း၊ သွားဒုက္ခပေးခြင်းများ ကြုံရတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက် (၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဆီးညွန့်(၃)ညွန့်(ဆူးဖြုတ်)၊ ဝါးညွန့်(၄)ညွန့်၊ ယပ်အဖြူရောင်(၁၂)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

## ကံကောင်းသောရက်

တနင်္လာ၊ ဗုဒ္ဓဟူး

## ညံ့သောရက်

သောကြာ၊ အင်္ဂါ

## ကံကောင်းသောနံပါတ်

၂၂၊ ၄၄၊ ၂၄၊ ၄၂

## အထူးသတိပြုရန်

ယခုကာလတွင် ဆိတ်သားဟင်း မစားပါနှင့်။ သစ္စာပန်း မထိုးပါနှင့်။
လင်စုံမယားဖက်များကို မိမိအိမ်တွင် ညအိပ်ညနေ လက်မခံပါနှင့်။

## ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ဘုရားတွင် တနင်္လာနေ့နှင့် ဗုဒ္ဓဟူးနေ့တိုင်း
ကြံရည် ၆ ခွက်နှင့် မုန့်လက်ကောက် ၆ ခု လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလအတွက် ဟောစာတမ်း

## တနင်္လာ သားသမီး



သင်သည် ယခုကာလတွင် စည်းစိမ်ဥစ္စာများ တိုးပွားလာတတ်တယ်။ ကျေးဇူးရှင် မိဘတွေကိုလည်း ပြန်ပြီးကြည့်ရှု စောင့်ရှောက်နိုင်မယ့်ကာလ ဖြစ်ပါတယ်။ စီးပွား သိသိသာသာ တက်မယ်။ သိကြားမလိုက်သကဲ့သို့ လက်ရှိအခြေအနေထက် များစွာ မြင့်တက်သွားလိမ့်မယ်။ လုပ်ငန်းများ သိသိသာသာ အောင်မြင်မှုရမယ်။ လုပ်ငန်း ဟောင်းများ ပြန်ပေါ်တတ်တယ်။ ဝန်ထမ်းဖြစ်လျှင် ရာထူးတက်ခြင်း၊ အဆင့် အတန်း မြင့်တက်ခြင်းများ ကြုံမယ်။ အထက်လူကြီး ဆရာသမားလို ပုဂ္ဂိုလ်မျိုးက လည်း ကိုယ့်ကို ကြည့်ရှုစောင့်ရှောက်တတ်တယ်။ မိတ်ဆွေကောင်း၊ ဆရာကောင်း တွေ့မယ်။ သင်တန်းတစ်ခု တက်ရမယ်။ ပြည်ပက အလုပ်လုပ်ဖို့ လာရောက်ခေါ် ယူတာမျိုး ကြုံရတတ်တယ်။ မြေတစ်ကွက်လည်း ဝင်တတ်တယ်။ မိမိအိမ်မှာ စေ့စပ်မင်္ဂလာပွဲ လုပ်ရတတ်တယ်။ သူများမင်္ဂလာပွဲတွေအတွက်လည်း လုပ်ဆောင်ပေးရတတ်တယ်။ အဖိုးတန်တဲ့ ကျောက်မျက် ရတနာတစ်ခုလည်း ဝင်လာတတ်တယ်။ အလုပ်တွင် အတိုက်အခံ အနည်းငယ် ကြုံရတတ်တယ်။ ရင်းနှီးသူများနှင့် အဆင် မပြေ လမ်းခွဲရခြင်းမျိုး ကြုံရတတ်တယ်။ သူတစ်ပါးကြောင့်လည်း အမှုအခင်းများနှင့် ပတ်သက်ရတတ်တယ်။ စိုးရိမ်စရာ မရှိပါ။ စပ်တူရှယ်ယာလုပ်ငန်းများ ပေါ်လိမ့်မယ်။ လုပ်လျှင် အောင်မြင်ပါလိမ့်မယ်။ စက်ရုံတစ်ခု ထူထောင်ခြင်း၊ စက်ပစ္စည်း အသစ်များ ဝင်ခြင်းမျိုး ကြုံရလိမ့်မယ်။ အိမ်ထောင်ရှိသူဆိုလျှင် အိမ်ထောင်ဖက်နှင့် ပတ်သက်ပြီး စိတ်ညစ်ရတတ်တယ်။ ကျန်းမာရေးအနေဖြင့် လေနှင့်ပတ်သက်၍ ကျန်းမာရေးညံ့ခြင်း၊ ဒူး၊ နား ဒုက္ခပေးခြင်းမျိုး ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဝါးညွန့်(၄)ညွန့်၊ ပေါက်ပန်းဖြူ ညွန့်(၅)ညွန့်၊ တံခွန်ဖြူ(၂၁)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

အင်္ဂါ၊ ကြာသပတေး

### ညံ့သောရက်

စနေ၊ ဗုဒ္ဓဟူး

### ကံကောင်းသောနံပါတ်

၅၅၊ ၃၃၊ ၃၅၊ ၅၃

### အထူးသတိပြုရန်

ယခုကာလတွင် နာရေး လုံးဝမသွားပါနှင့်။ နာတာရှည် လူမမာများ မိမိအိမ်ဘွင် လာရောက်တည်းခိုပြီး ဆေးကုသပါက လက်မခံပါနှင့်။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် ကြာသပတေးနေ့တိုင်း ဆီထမင်း(၈)ပုံ တစ်ပန်းကန်၊ စံပယ်ပန်း(၈)ကုံး လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလအတွက် ဟောစာတမ်း

## အင်္ဂါ သားသမီး



သင်သည် ယခုကာလတွင် ကံကောင်းနေပါတယ်။ မပြည့်စုံတာတွေ ပြည့်စုံလာတတ်တယ်။ ဖြစ်ချင်တာတွေ မုချဖြစ်လာမှာပါ။ အလုပ်နေရာ အိမ်နေရာ ပြင်ဆင်မွမ်းမံရခြင်း၊ ပြောင်းရွှေ့ရခြင်း လုပ်ရတတ်တယ်။ လုပ်ငန်းအသစ် ပေါ်ခြင်း(သို့)လက်ရှိအလုပ်နှင့် ပတ်သက်၍ အဆက်အသွယ်သစ်များ ပေါ်လာလိမ့်မယ်။ လုပ်ငန်းနှင့် ပတ်သက်၍ နာမည်ကောင်းရခြင်း၊ နေရာကောင်းရခြင်း၊ လုပ်ငန်းတိုးချဲ့ရခြင်းများ လုပ်ရတတ်တယ်။ အိမ်ထောင်မရှိသူများ အိမ်ထောင်ကျတတ်သော ကာလဖြစ်တယ်။ မင်္ဂလာဆောင်လျှင် စည်ကားသော မင်္ဂလာဆောင်ဖြစ်မယ်။ ဘုရားဖူးခရီး သွားရတတ်တယ်။ ယခုကာလတွင် အိမ်ဆောက်ပါက အိမ်ကြီးအိမ်ကောင်း ရ၍ အကျိုးပေးသော အိမ်မျိုး ရတတ်တယ်။ ရပ်ဝေးမှ ဆွေမျိုးသားချင်းများ ရောက်လာတတ်တယ်။ စက်ပစ္စည်းများ အသစ်လဲရခြင်း၊ ထွက်နေသော စက်ပစ္စည်းများ ပြန်ဝင်မယ်။ မြေကို အကြောင်းပြု၍ စိတ်ညစ်ရတတ်တယ်။ မြေအဝင် မခံရပါ။ မဖြစ်မနေ မြေဝယ်ရမယ်ဆိုရင် ရဟန်းတစ်ပါးကို ဖျာချောလေးတစ်ချပ် လှူလိုက်ပါ။ လူမျိုးခြား၊ ဘာသာခြား မစတတ်တယ်။ အလုပ်တွင် အတိုက်အခံ၊ အပြိုင်အဆိုင် ကြီးစွာကြုံမယ်။ အတိုက်အခံမှန်သမျှ အနိုင်ရမယ်။ အကြီးအကဲ အကူအညီပေးတတ်တယ်။ ဖခင် ကျန်းမာရေး ညံ့တတ်တယ်။ ရပ်ဝေးက ကိုးကွယ်နေတဲ့ ဆရာတော်တစ်ပါး ကြွလာတတ်တယ်။ ထီပေါက်သကဲ့သို့ ငွေများ ဝင်တတ်တယ်။ ကျန်းမာရေးအနေဖြင့် အမြင့်က လိမ့်ကျတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဝါးညွန့်(၄)ညွန့်၊ ပေါက်ပန်းဖြူ (၅)ညွန့်၊ ငြုပ်ရုပ်စုံ(၆)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

**ကံကောင်းသောရက်**

ဗုဒ္ဓဟူး၊ သောကြာ

**ညံ့သောရက်**

တနင်္ဂနွေ၊ ကြာသပတေး

**ကံကောင်းသောနံပါတ်**

၆၄၊ ၆၂၊ ၄၆၊ ၄၂

**အထူးသတိပြုရန်**

ယခုကာလတွင် အိုးပိုင်၊ အိမ်ပိုင် ရနိုင်သော ကာလဖြစ်သောကြောင့် သူတစ်ပါး၏ အိမ်ထောင်ပရိဘောဂများကို မိမိအိမ်တွင် လက်ခံထားခြင်းမျိုး မပြုရ။

**ကံကောင်းပြီး လာဘ်ရွှင်စေရန်**

မိမိနေအိမ်က ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တိုင်း လက်သုပ်ဆွမ်း လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com



## ဗုဒ္ဓဟူး သားသမီး



သင်သည် ယခုကာလတွင် မရသေးတာတွေ ရလာလိမ့်မယ်။ ရပြီးသားတွေ တိုးပွားလာမယ်။ အလှူအတန်းကိစ္စတွေ ကြုံရတတ်တယ်။ ငွေအစုလိုက် အပုံလိုက် ဝင်လာလိမ့်မယ်။ အလုပ်မှလည်းကောင်း၊ ထီပေါက်၍လည်းကောင်း ဝင်လာတတ်တယ်။ လက်ရှိအခြေအနေထက် အဆပေါင်းများစွာ စီးပွားတက်လိမ့်မယ်။ အဖိုးတန်ကျောက်မျက်ရတနာများ ဝင်မယ်။ လူမျိုးခြား၊ နိုင်ငံခြားနှင့် ပတ်သက်သောကိစ္စများ အကျိုးပေးအောင်မြင်လိမ့်မယ်။ ကိုယ်ပိုင်လုပ်ငန်းလုပ်နေသူများ လုပ်ငန်းတွေ အများကြီး တိုးချဲ့ရတတ်တယ်။ ဝန်ထမ်းဆိုလျှင် ရာထူးတက်မယ်။ ပညာရေးကိစ္စ၊ သင်တန်းကိစ္စများကို အကြောင်းပြု၍ စိတ်ညစ်ရတတ်တယ်။ ရွှေထွက်ခြင်း၊ ရွှေအတွက် ပြောဆိုဖြေရှင်းရခြင်းများ ကြုံရတတ်တယ်။ ရွှေဝယ်လျှင် အသစ်များသာ ဝယ်သင့်တယ်။ ဆွေမျိုးအကြီးအကဲနှင့် ပတ်သက်ပြီး ကျန်းမာရေးညှံ့တဲ့သတင်း ကြားရတတ်တယ်။ သက်ကြီးရွယ်အိုထဲမှ တနင်္ဂနွေ၊ ဗုဒ္ဓဟူး အမည်ပါတဲ့သူတွေရှိရင် တခြားကို ရွှေ့ထားပါ။ လက်အောက်ငယ်သားများနဲ့ ပတ်သက်ပြီး စိတ်ပူရတတ်တယ်။ လုပ်ငန်းတွေကို အင်နဲ့အားနဲ့ တိုးချဲ့ပါ။ ဖြတ်လမ်းနည်းတော့ မလိုက်ပါနှင့်။ လက်ရှိလုပ်နေတဲ့ အလုပ်ကို တိုးချဲ့လုပ်ပါ။ အလုပ်ပြောင်းပြီး မလုပ်ပါနှင့်။ ပြည်ပခရီး သွားရတတ်တယ်။ မကြာခဏ ခရီးသွားရတတ်တယ်။ ကျန်းမာရေးအနေဖြင့် ဝမ်းဗိုက်၊ ဦးခေါင်း ဒုက္ခပေးတတ်တယ်။ မတော်တဆ ထိခိုက်ဒဏ်ရာ ရတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဝါးညွန့်(၄)ညွန့်၊ ပေါက်ပန်းဖြူညွန့်(၅)ညွန့်၊ ကနက္ကကဒါန်ထီးဖြူ(၁)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

တနင်္လာ၊ စနေ

### ညံ့သောရက်

တနင်္ဂနွေ၊ ဗုဒ္ဓဟူး

### ကံကောင်းသောနံပါတ်

၂၁၊ ၂၇၊ ၇၂၊ ၇၆

### အထူးသတိပြုရန်

မိမိအိမ်အနီးတွင် ကလေးတစ်ယောက် ရေနစ်သောနိမိတ်၊ အရူးတစ်ယောက် ကခုန်သောနိမိတ်တွေ့ပါက ဝင်လာစရာရှိသော လာဘ်လာဘများ၊ လုပ်ငန်းများ နှောင့်နှေးတတ်ပါတယ်။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ဘုရားတွင် ငွေထီး(၉)လက် လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com



## ကြာသပတေး သားသမီး



သင်သည် ယခုကာလတွင် အနည်းငယ် ညံ့တတ်ပါတယ်။ လုပ်ငန်းတွေမှာ အခက်အခဲ အကြပ်အတည်းနဲ့ တွေ့ရပြီး အဆင်မပြေမှုလေးတွေ ကြုံတွေ့ရ တတ်တယ်။ အထက်လူကြီးတွေကလည်း ကိုယ့်ကို ငြိုငြင်တတ်တယ်။ အသွင် အပြောင်းအလဲ မလုပ်ပါနှင့်ဦး။ ကိုယ့်ကို မနာလိုတဲ့သူတွေရဲ့ ပြစ်တင်ပြောဆိုခြင်း ခံရတတ်တယ်။ ယခုရောက်ရှိနေတဲ့ကာလတွင် တပို့တွဲလ၊ ပြာသိုလများ ပါဝင်နေ ရင် ဂရုစိုက်ပါ။ အလုပ်အကိုင် ညံ့တယ်ဆိုပေမယ့် စုတ်ကောင်း လာဘ်ကောင်းခြင်း၊ အချစ်ရေးကောင်းခြင်း၊ ယောကျ်ားကောင်း၊ ဇနီးကောင်း ရခြင်းမျိုး ကြုံရတတ် တယ်။ အိမ်ထောင်ရှင်များ သားသမီးရတနာ ထွန်းကားတတ်တယ်။ ပြည်ပထွက် သွားဖို့ ကြံရွယ်ထားသူများ ယခုကာလတွင် လှုပ်ရှားပါက အောင်မြင်မှု ရတတ် တယ်။ မြေတစ်ကွက် ဝင်တတ်တယ်။ မြေကွက်နဲ့ ပတ်သက်ပြီး ငွေဝင်ကိန်း ရှိတယ်။ သင်တန်းတစ်ခု တက်ရတတ်တယ်။ ကျန်းမာရေးအနေဖြင့် ဝမ်းဗိုက်နှင့်ပတ်သက်သော ဝေဒနာ၊ ခြေထောက် ထိခိုက်ဒဏ်ရာရခြင်းမျိုး ကြုံရတတ်တယ်။ ဒါကြောင့် လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅) နာရီ တွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ အုန်းညွန့်(၁)ညွန့်၊ ကံ့ကော်ညွန့်(၁၅)ညွန့်၊ ယပ်အဝါရောင်(၁၇)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

ကြာသပတေး၊ စနေ၊ ဗုဒ္ဓဟူး

### ညံ့သောရက်

တနင်္လာ၊ သောကြာ

### ကံကောင်းသောနံပါတ်

၅၇၊ ၇၅၊ ၇၄၊ ၅၂

### အထူးသတိပြုရန်

ယခုကာလတွင် ရွှေပေါင်နှံခြင်း၊ ချေးငှားခြင်း၊ အာမခံလုပ်ခြင်းများ လုံးဝမပြုလုပ်ပါနှင့်။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ဘုရားတွင် လမုန့်(၅)ခု လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလအတွက် ဟောစာတမ်း

## သောကြာ သားသမီး



သင်သည် ယခုကာလတွင် လုပ်ငန်းသစ်လုပ်ရန် အကြံအစည်ကောင်းများ၊ အဆက်အသွယ်ကောင်းများ ပေါ်လာလိမ့်မယ်။ ပစ္စည်းများကို ထုခွဲရောင်းချ၍ လုပ်ငန်းအသစ် ကြီးကြီးမားမားစရန် မကောင်းသေးပါ။ စိန်ထည်ပစ္စည်းများ၊ စက်ပစ္စည်းများ ဝင်လိမ့်မယ်။ စပ်တူရှယ်ယာလုပ်ငန်းများ ပေါ်လာလိမ့်မယ်။ လုပ်လျှင် အောင်မြင်မယ်။ အင်္ဂါ၊ တနင်္ဂနွေသားသမီးများနှင့် ပူးတွဲလုပ်ပါက အောင်မြင်မှု ရတတ်တယ်။ ဘိုးဘေး်ဘွား၊ ဆွေမျိုးထုများ ရောက်လာတတ်တယ်။ မသွားချင်သော ခရီးများ၊ စိတ်ညစ်စရာခရီးများ သွားရတတ်တယ်။ ယခုကာလတွင် အိမ်ထောင်ပြုလျှင် ကောင်းပါတယ်။ မိမိအိမ်တွင် ကိုယ်ဝန်ဆောင်သည် ရှိပါက အိမ်မှာ မမွေးပါနှင့်။ ဆေးရုံတွင် မွေးပါ။ သူတစ်ပါး အပြောအဆို ခံရတတ်တယ်။ ဖခင်နှင့် စိတ်ဝမ်းကွဲတတ်တယ်။ မြေကိစ္စ၊ အမွေကိစ္စအတွက် စကားပြောရတတ်တယ်။ ယခုကာလတွင် ဘာမှမလုပ်လျှင် သက်သာမယ်။ လုပ်တတ်လို့ လျှောက်လုပ်လျှင် လှုပ်လေ ကုန်လေ ဖြစ်တတ်တယ်။ အမှုမဖြေရှင်းရ၊ တတ်နိုင်သလောက် အချိန်ဆွဲပါ။ မဖြစ်မနေ ပြဿနာရှင်းရမယ်ဆိုရင် အရှုံးပေးလိုက်ပါ။ ကျန်းမာရေး အနည်းငယ် ညံ့တတ်ပါတယ်။ အသက်ကြီးသူများအဖို့ လေဖြန်းခြင်း၊ လူငယ်များအဖို့ ရေနစ်ခြင်း၊ ရေနှင့်ပတ်သက်၍ အန္တရာယ် ကြုံရတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဆီးညွန့်(၃)ညွန့်(ဆူးဖြုတ်)၊ ဝါးညွန့်(၄)ညွန့်၊ ကုက္ကား(၁၉)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

| ကံကောင်းသောရက် |
| --- |
| တနင်္ဂနွေ၊ အင်္ဂါ |

| ညံ့သောရက် |
| --- |
| ကြာသပတေး၊ တနင်္လာ |

| ကံကောင်းသောနံပါတ် |
| --- |
| ၃၅၊ ၃၁၊ ၁၃ |

| အထူးသတိပြုရန် |
| --- |
| ယခုကာလတွင် ကားပွတ်တိုက်မိခြင်း၊ ငွေပျောက်ခြင်း၊ သူခိုး ခိုးခံရခြင်း ကြုံရတတ်သဖြင့် သတိထားပါ။ |

| ကံကောင်းပြီး လာဘ်ရွှင်စေရန် |
| --- |
| မိမိနေအိမ်ဘုရားတွင် တနင်္ဂနွေနေ့နှင့် အင်္ဂါနေ့တိုင်း ဆွမ်းပူဇော်၍ ဆီဆမ်းပြီး အုန်းသီးစိတ်တင်ကာ လှူဒါန်းပေးပါ။ |

www.burmeseclassic.com

www.burmeseclassic.com



## စနေ သားသမီး



သင်သည် ယခုကာလတွင် အနည်းငယ် ညံ့တတ်ပါတယ်။ သွားဖို့ကြံရွယ်ထားတဲ့ ခရီးစဉ်တွေ ပျက်သွားတတ်တယ်။ ဒါပေမဲ့ မထင်မှတ်သောခရီး၊ မရည်ရွယ်သော ခရီးများ သွားရတတ်တယ်။ သူတစ်ပါးကိစ္စအတွက် ခရီးသွားရတတ်တယ်၊ နိုင်ငံခြားနှင့် ပတ်သက်သောကိစ္စများ အောင်မြင်မယ်။ လူမျိုးခြား ကူညီမှုပေး တတ်တယ်။ မိသားစုအတွင်း စိတ်ဝမ်းကွဲစရာတွေ ကြုံတွေ့ရတတ်တယ်။ ကိုယ် ရည်ရွယ်တာတခြား၊ မိသားစုဖြစ်ချင်တာတခြား ဖြစ်နေတတ်တယ်။ အတတ် ပညာတစ်ခု သင်ကြားရတတ်တယ်။ ဝန်ထမ်းဆိုလျှင် အလုပ်နှင့် ပတ်သက်တဲ့ သင်တန်းတက်ရခြင်း၊ စာမေးပွဲ ဖြေဆိုရခြင်းများ ကြုံရတတ်တယ်။ ပညာရပ်နှင့် ပတ်သက်၍ ကောင်းပါတယ်။ ငွေဝင်နည်းပေမယ့် ထီကံကောင်းတဲ့ကာလ ဖြစ် ပါတယ်။ ကိုယ်ပိုင်လုပ်ငန်း လုပ်နေသူများအဖို့ လုပ်ငန်းများ အောင်မြင်တော့ မလိုလိုနှင့် အခက်အခဲကြီးစွာ ကြုံရတတ်တယ်။ အလုပ်တွင် အပျက်အစီး အဆုံးအရှုံး အလေအလွင့် များနေလိမ့်မယ်၊ လက်ရှိအလုပ်အကိုင် ပြောင်းချင်စိတ် ပေါ်လာမယ်။ ပြောင်းလျှင် ပိုဆိုးသွားတတ်တယ်။ လုပ်ဖော်ကိုင်ဖက် မိတ်ဆွေများနှင့် လမ်းခွဲရတတ်တယ်။ အလှူပွဲ၊ မင်္ဂလာပွဲများ ရက်ရွှေ့ရတတ်တယ်။ ငွေအတွက် ပြောဆိုဖြေရှင်းရတတ်တယ်။ ငွေပျောက်ခြင်း ကြွေးတင်ခြင်းမျိုး ကြုံရတတ်တယ်။ မိမိနှင့် ပတ်သက်သောသူတို့၏ အမှုကို လိုက်လံဆောင်ရွက်ပေးရတတ်တယ်။ ကျန်းမာရေး အနေဖြင့် ခြေထောက်၊ ခါး၊ သွား ဒုက္ခပေးခြင်းမျိုး ဖြစ်တတ်တယ်။ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅) နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဝါးညွန့်(၄)ညွန့်၊ ပေါက်ပန်းဖြူ(၅)ညွန့်၊ ကြက်လျှာအစိမ်းရောင်(၈)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

**ကံကောင်းသောရက်**

ကြာသပတေး၊ စနေ

**ညံ့သောရက်**

တနင်္လာ၊ သောကြာ

**ကံကောင်းသောနံပါတ်**

၅၁၊ ၅၇၊ ၃၅၊ ၃၇

**အထူးသတိပြုရန်**

ယခုကာလတွင် အိမ်ပြင်ခြင်း၊ အိမ်ဆောက်ခြင်း၊ အိမ်ပြောင်းခြင်း မပြုပါနှင့်။ မည်သည့်ပစ္စည်းမှ မငှားရမ်းပါနှင့်။

**ကံကောင်းပြီး လာဘ်ရွှင်စေရန်**

မိမိနေအိမ်ဘုရားတွင် ကြာသပတေးနေ့နှင့် စနေနေ့တိုင်း နို့ဆွမ်း(၁၂)ပန်းကန် လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com



# ရာဟု သားသမီး



သင်သည် ယခုကာလတွင် လုပ်သမျှအလုပ်တွေ အလွဲလွဲအချော်ချော် ဖြစ်တတ်တယ်။ ပင်ပန်းသလောက် မအောင်မြင်ဘူး ဖြစ်တတ်တယ်။ ကိုယ့်အပူတင် မဟုတ်ဘဲ မိသားစုအပူ၊ ပတ်ဝန်းကျင်အပူတွေကလည်း ကိုယ့်ဆီ ရောက်လာတတ်တယ်။ မိသားစုဝင်တွေ ကျန်းမာရေးညံ့လို့ ဆေးခန်းတွေ မကြာခဏ သွားရတတ်တယ်။ ရပ်ဝေးက သက်ကြီးရွယ်အိုတွေ အိမ်ကို ဆေးဝါးကုသဖို့ လာတည်းလျှင် လက်မခံပါနှင့်။ ရုတ်တရက် ကျန်းမာရေးညံ့ပြီး ဆုံးပါးသွားတတ်ပါတယ်။ ခရီးတွေ မကြာခဏ သွားရတတ်တယ်။ ကူးသန်းရောင်းဝယ်ခြင်း အလုပ်မျိုး မလုပ်ပါနှင့်။ ယခုကာလတွင် ကဆုန်လ၊ ဂါခေါင်လများ ပါဝင်နေရင် စွပ်စွဲပြောဆိုခံရခြင်း၊ စကားများရခြင်းမျိုး ကြုံရတတ်သဖြင့် ဂရုစိုက်ပါ။ ငွေလည်း ဆုံးရှုံးတတ်တယ်။ စက်ပစ္စည်း ဒုက္ခပေးတတ်တယ်။ ရွှေနှင့် ရတနာပစ္စည်းများ ထွက်ခြင်း၊ ပေါင်နှံရခြင်းများ ကြုံရတတ်တယ်။ စနေနေ့ညတွင် အင်္ကျီဟောင်း၊ လုံချည်ဟောင်းကို ဝတ်ပြီး အမျိုးသားဆိုလျှင် ဘုန်းကြီးကျောင်း၊ အမျိုးသမီးဆိုလျှင် မယ်သီလရှင်ကျောင်းကို သွားပြီး တစ်ညသွားအိပ်လိုက်ပါ။ ကုဋီတွေကို သန့်စင်ဆေးကြောပေးပြီး ကုသိုလ်ကောင်းမှု ပြုလုပ်ပေးပါ။ ဝတ်အိပ်ထားတဲ့ အင်္ကျီတွေကို နောက်တစ်နေ့မှာ လမ်းဆုံလမ်းခွမှာ သွားစွန့်ခိုင်းလိုက်ပါ။ အညံ့အခိုက်များ ပြေပျောက်သွားပါလိမ့်မယ်။ ငွေထွက်ခြင်း၊ ငွေအတွက် ပြောဆိုဖြေရှင်းရခြင်းများ ကြုံရတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅) နာရီတွင် တန်ခိုးကြီး ဘုရားတစ်ဆူ၏ မွေးနံထောင့်၌ အုန်းညွန့်(၁)ညွန့်၊ ကံ့ကော်ညွန့်(၁၅)ညွန့်၊ ထီးနီ(၁၀)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

သောကြာ၊ တနင်္ဂနွေ

### ညံ့သောရက်

အင်္ဂါ၊ စနေ

### ကံကောင်းသောနံပါတ်

၁၆၊ ၆၁၊ ၁၃

### အထူးသတိပြုရန်

မိမိအိမ်အနီးအနားတွင် အဆိပ်သင့်ခြင်း၊ ဆေးထိုးမှားခြင်း၊ အဝတ်အစား မီးလောင်ခြင်း နိမိတ်မျိုး တွေ့ပါက အမှုအခင်း ကြုံတွေ့ရခြင်း၊ ငွေကုန်ကြေးကျ များတတ်ခြင်းမျိုး ဖြစ်တတ်တယ်။ ဂရုစိုက်ပါ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ဘုရားတွင် အုန်းသီးကိုခြစ်ပြီး ကြွေပန်းကန်နှင့်ထည့်၍ လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# နိုင်ငံခြားရောက် မြန်မာများအတွက်

## အထူးဟောကိန်း

**ဒေါက်တာစောယုနွယ်**

(၂၀၁၇-ခုနှစ်၊ အောက်တိုဘာလ)

ယခုကာလမှာ ကျွန်မတို့ ဗုဒ္ဓဘာသာမြန်မာလူမျိုး၊ လူငယ်လူရွယ်အချို့ဟာ နိုင်ငံရပ်ခြားကို သွားရောက်ပြီး အလုပ်လုပ်ခြင်း၊ ပညာရှာခြင်းတွေ လုပ်နေကြပါပြီ။ အဲဒီလို တိုင်းတစ်ပါးမှာ သွားရောက်လုပ်ကိုင်သူတွေအဖို့ အားကိုးရာမှာ ကျွန်မတို့ ကိုးကွယ်ဆည်းကပ်တဲ့ မြတ်ဗုဒ္ဓရဲ့ လမ်းညွှန်မှုတွေပါပဲ။ မြတ်ဗုဒ္ဓကို ကြည်ညိုလေးစားတဲ့ ဗုဒ္ဓဘာသာဝင်တွေအဖို့ ဘယ်နေရာ ဘယ်ဒေသရောက်ရောက် သရဏဂုံတည်ခြင်း ရှိခဲ့ပါလျှင် ဘေးဥပါဒ်အန္တရာယ်တွေကင်းပြီး လိုအင်ဆန္ဒတွေ ပြည့်ဝတယ်ဆိုတာ အားလုံးအသိပါပဲ။ ရတနာသုံးပါးကို ကြည်ညိုလေးစားတဲ့သူတွေအဖို့ ၎င်းတို့ရဲ့ အခက်အခဲလေးတွေကို ပြေလည်စေဖို့ရန် ကျွန်မတတ်တဲ့ လောကီပညာရပ်တွေနဲ့ ကူညီလိုက်ရပါတယ်။ အကယ်၍များ ဘဝဇာတ်စုံ အဖုံဖုံကို သိချင်တယ် ဆိုရင်ဖြင့် စာဖြင့်သော်လည်းကောင်း၊ အခြားဆက်သွယ်နိုင်မည့် နည်းလမ်းများနှင့်သော်လည်းကောင်း ဆက်သွယ်ခဲ့မယ် ဆိုပါက . . .

ဒေါက်တာစောယုနွယ်

အမှတ်(၂၀၅/က)၊ ပိတောက်(၅)လမ်း၊ မြို့သစ်(ဂ)၊ ဘုရင့်နောင်ရိပ်သာ၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၆၄၃၀၃၀၊ ၀၉-၇၇၉၉၅၉၅၆၇

## တနင်္ဂနွေသားသမီးများအတွက်

လက်ရှိအခြေအနေထက် တိုးတက်မယ်။ ဝန်ထမ်းများ ရာထူးတက်ခြင်း၊ အလုပ်အကိုင် နေရာပြောင်းခြင်းကြုံမယ်။ စွပ်စွဲပြောဆိုခံရတတ်တယ်။ သံယောဇဉ် အပိုတွယ်ခြင်းမျိုး ကြုံရတတ်တယ်။

**ယတြာ**

မိတ်ဆွေများကို ရှောက်ချိုသီး ဖျော်ရည် လက်ဆောင်ပေးပါ။

## တနင်္လာသားသမီးများအတွက်

မပြည့်စုံတာတွေ ပြည့်စုံလာမယ်။ ဖြစ်ချင်တာတွေ ဖြစ်လာမယ်။ လုပ်ငန်းအသစ်တွင် ဝင်ရောက်လုပ်ကိုင်ရတတ်တယ်။ အလုပ်နေရာပြောင်းခြင်း၊ ရာထူးတိုးခြင်းကြုံမည်။ ပြည်ပခရီးအတွက် အောင်မြင်မယ်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို သစ်သီး လက်ဆောင်ပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

## အင်္ဂါသားသမီးများအတွက်

မမျှော်လင့်ဘဲ ခရီးထွက်ရမည်။ နိုင်ငံရပ်ခြားမှ ကိစ္စများ ဆောင်ရွက်ထားပါက အောင်မြင်မည်။ မိသားစုအတွင်း စိတ်ဝမ်းကွဲမှုတွေ ကြုံရမည်။ သင်တန်းတက်ခြင်း၊ ရာထူးအတွက် စာမေးပွဲဖြေရခြင်းများ ပြုလုပ်ရမည်။ လက်ရှိအလုပ်မှ ရာထူးတက်နိုင်သည်။ ဝင်ငွေပြောင်းလဲနိုင်သည်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို ပေါက်စီ ဝယ်ကျွေးပါ။

---

## ဗုဒ္ဓဟူးသားသမီးများအတွက်

လုပ်ငန်းများ သိသိသာသာ တိုးတက်မယ်။ ငွေရှာရလွယ်မယ်။ စပ်တူလုပ်ငန်းများ လာရောက်ခေါ်မယ်။ အဆင်ပြေမယ်။ အပျို၊ လူပျို ဖြစ်ပါက ကြင်သူ သက်ထားနှင့် တွေ့ရတတ်တယ်။ အစိုးရဝန်ထမ်းဖြစ်က ရာထူးတိုးမယ်။

**ယတြာ**

မိတ်ဆွေများကို ထောပတ် လက်ဆောင်ပေးပါ။

---

## ကြာသပတေးသားသမီးများအတွက်

တစ်ဦးတည်းအလုပ်ထက် ပူးပေါင်းဆောင်ရွက်ရသော ကိစ္စများ အောင်မြင်မည်။ အဖက်ဖက်မှ စိတ်ချမ်းသာမှုများ ကြုံရမည်။ ပျော်ရွှင်စရာများနှင့် ကြုံရသောကာလဖြစ်သည်။ ယခုကာလတွင် အိမ်ထောင်ပြုသူများ အိမ်ထောင်မြဲတတ်ပါ။

**ယတြာ**

မိတ်ဆွေတစ်ဦးကို ချောကလက် လက်ဆောင်ပေးပါ။

---

## သောကြာသားသမီးများအတွက်

လူမျိုးခြား အောက်လက်ငယ်သားတွေကြောင့် ပူပန်မှုတွေရှိတယ်။ ငွေတွေဝင်သလောက် ပြန်ထွက်သွားတတ်တယ်။ အိမ်သုံးလျှပ်စစ်ပစ္စည်းတွေ ပျက်နေတတ်တယ်။ ရပ်ဝေးမြေခြားက အမျိုးသမီးတစ်ယောက်နှင့်လည်း ငွေကြေးကိစ္စ ငွေလိမ်တာမျိုး ကြုံရတတ်တယ်။ ဘာပဲလုပ်လုပ် အကျိုးမရှိတဲ့ကာလဖြစ်တယ်။

**ယတြာ**

မိတ်ဆွေများကို အုန်းသီးနှင့် ပြုလုပ်ထားသောမုန့်များ လက်ဆောင်ပေးပါ။

---

## စနေသားသမီးများအတွက်

ကွဲကွာနေသော ရပ်ဝေးမှ ဆွေမျိုးများနှင့် ပြန်လည်တွေ့မည်။ အလုပ်အတွင်း အတိုက်အခံ အပြိုင်အဆိုင်တွေ ရှိနေတတ်တယ်။ ဒါပေမဲ့ အောင်မြင်မှုရမယ်။ ယခုကာလတွင် နှုတ်စောင့်စည်းပါ။ လက်ရှိအလုပ်နှင့် အဆင်ပြေနေမည်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို သရက်သီးနှင့် ပြုလုပ်ထားသော ဖျော်ရည်တစ်ဘူး လက်ဆောင်ပေးလိုက်ပါ။

---

## ရာဟုသားသမီးများအတွက်

ရစရာရှိသောငွေများ မရဖြစ်နေမယ်။ တပည့်လက်သားများ ကိုယ့်ထံက ထွက်ပြီး ကိုယ့်ပြိုင်ဘက်ထံ ရောက်သွားတတ်တယ်။ ဝန်ထမ်းတွေအဖို့ သင်တန်း တစ်ခုတက်ခြင်း၊ အဖွဲ့အစည်းတစ်ခုအတွင်း ပါဝင်နေခြင်း ကြုံရမယ်။

**ယတြာ**

သက်ကြီးရွယ်အိုတစ်ဦးကို နွားနို့ လှူပါ။

www.burmeseclassic.com

www.burmeseclassic.com

## ဆရာမ ဒေါက်တာစောယုနွယ် ၏ မွေးနေ့ရည်စူး ဝါဆိုသင်္ကန်းအလှူ



နှစ်စဉ်ကျင်းပမြဲဖြစ်သော ဆရာမဒေါက်တာစောယုနွယ်၏ မွေးနေ့ရည်စူး ဝါဆိုသင်္ကန်းအလှူကို (၁၆-၇-၂၀၁၇)တနင်္ဂနွေနေ့က ဆရာမဒေါက်တာစောယုနွယ်၏ သာယာရွှေပြည်ဟိန်း စာတ်စခန်း၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

နှစ်စဉ်ပူဇော်နေကျ ကျွဲဆာသယလိုတရမြတ်စွာဘုရားရုပ်ပွားတော်မြတ်ကြီးကို (၁၅-၇-၂၀၁၇) မှ (၁၇-၇-၂၀၁၇)နေ့အထိ ပင့်ဆောင်ပူဇော်ပြီး ဆရာတော်များကို ဝါဆိုသင်္ကန်း ကပ်လှူခဲ့ပါသည်။

ကျွဲဆာသယလိုတရ မြတ်စွာဘုရားရုပ်ပွားတော်မြတ်ကြီးကို လာရောက်ဖူးမြော်ကြသော ဧည့်သည်များကို ကော်ရည်ခေါက်ဆွဲဖြင့် ဧည့်ခံပြီး (၁၆-၇-၂၀၁၇)ရက်နေ့တွင် ကြက်သား၊ ဆိတ်သား၊ ထောပတ်ထမင်း၊ ယိုးဒယားရေခဲမုန့်၊ သာကူနန်းကတိတို့ဖြင့် ဧည့်ခံကျွေးမွေးခဲ့ပါသည်။

---

## သက်တော်(၁၁၃)နှစ်ပြည့်မွေးနေ့ မဟာစည်ဆရာတော်ဘုရားကြီး ဂုဏ်ပြုပူဇော်

ဆဋ္ဌသံဂီတိပုစ္ဆက၊ အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော်ဩဝါဒစရိယ ကမ္ဘာ့ဗုဒ္ဓသာသနာပြု ဆရာတော်ဘုရားကြီး၏ သက်တော်(၁၁၃)နှစ်ပြည့်မွေးနေ့ကို ၁၃၇၉-ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၃ ရက်(၁၁-၇-၂၀၁၇)နေ့ ညနေ ၅ နာရီအချိန်၌ ရွှေတိဂုံစေတီတော်ကြီးတွင် ရည်စူးပူဇော်ပွဲ ပြုလုပ်ခဲ့ပါသည်။

ဆရာတော်ကြီး ရည်စူးပူဇော်ပွဲ၌ မဟာစည် သာသနာ့ရိပ်သာ ဩဝါဒစရိယ ဆရာတော်ကြီး ဘဒ္ဒန္တဝါသဝ(မြစ်သားဆရာတော်) မဟာစည်ရိပ်သာ ဩဝါဒစရိယ ဆရာတော်ကြီး ဘဒ္ဒန္တသောဘန(ရွှေမင်းဝံ)ဆရာတော်နှင့် ဆရာတော်၊ သံဃာတော်များ မဟာစည်သာသနာ့ရိပ်သာ ဗုဒ္ဓသာသနာ့နုဂ္ဂဟအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာတင့်စိုးလင်း ဦးဆောင်သော အဖွဲ့ကြီးသုံးဖွဲ့မှ အမှုဆောင်များ၊ ယောဂီများက ရွှေတိဂုံစေတီတော်ကြီးတွင် နှစ်စဉ်ပြုလုပ်မြဲဖြစ်သော ညလုံးပေါက် မီးပူဇော်ခြင်းနှင့် ပန်းဆီမီး ရေချမ်းများ ဆက်ကပ်လှူဒါန်းပူဇော်ခဲ့ကြပါသည်။

ရေနံဆောင်တင်ဆွေ

---

## ရှင်ဥပဂုတ္တ ရဟန္တာမထေရ် ရေမျှောပူဇော်ပွဲ

နှစ်စဉ်ကျင်းပမြဲဖြစ်သော (၂၄)ကြိမ်မြောက် ရှင်ဥပဂုတ္တ ရဟန္တာမထေရ်မြတ်ကြီးအား ပထမံဆရာကြီး ဦးအောင် အဘာချို့နှင့် (၇)ရက်သားသမီးများ၊ စေတနာရှင်များ စုပေါင်း၍ ပူဇော်ပွဲကြီးကို ၁၃၇၉-ခုနှစ်၊ သီတင်းကျွတ်လပြည့်နေ့ (၅-၁၀-၂၀၁၇)ကြာသပတေးနေ့မှ စတင်၍ (၈-၁၀-၂၀၁၇)တနင်္ဂနွေနေ့အထိ ၄ ရက်တိုင်တိုင် ပူဇော်ပွဲကျင်းပပြီး (၈-၁၀-၂၀၁၇)နေ့ ညနေပိုင်းတွင် ဗိုလ်တထောင်ဆိပ်ကမ်း၌ ရေမျှောပူဇော်ပွဲကို ကျင်းပမည် ဖြစ်ပါသည်။ ပူဇော်ပွဲကို ဗိုလ်တထောင်ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော်မြတ်ကြီး၏ ပရိဝုဏ်အတွင်း စနေထောင့်ရှိ ၁၅ ခန်းတွဲ ဓမ္မာရုံတွင် အပူဇော်ခံယူတော်မူပါမည်။

သို့ဖြစ်ပါ၍ ပါဝင်လှူဒါန်းလိုသူများအနေဖြင့် ဘုန်းရောင်ဂျာနယ်တိုက်ရှိရာ တိုက်အမှတ်(၂၇)၊ မြေညီထပ်၊ ဗိုလ်တထောင်မြို့နယ်၊ ဖုန်း-၀၉-၂၅၁၀၂၂၃၃၁၊ ၀၉-၄၂၀၁၄၂၂၇၈ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်း၍ လှူဒါန်းနိုင်ပါသည်။

ပထမံဆရာကြီး ဦးအောင်

www.burmeseclassic.com



## ဆရာမကြီး ယောဂီနန္ဒမာလာနှင့် ဓမ္မမိတ်ဆွေများ၊ တပည့်သာဝကများ ဝါဆိုသင်္ကန်း ကပ်လှူပူဇော်ပွဲ



ဆရာမကြီး ယောဂီနန္ဒမာလာနှင့် ဓမ္မမိတ်ဆွေများ၊ တပည့်သာဝကများ စုပေါင်း၍ ဝါဆိုသင်္ကန်း ကပ်လှူပူဇော်ပွဲကို ဆရာမကြီး၏ ဓာတ်စုံပေါင်းစု အောင်မင်းခေါင်ဓာတ်နန်းကြီး၌ စည်ကားစွာ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရှိရပါသည်။

ဆရာတော် အရှင်ဉာဏဝရ(သာပေါင်း) အမှူးထားပြီး ပင့်သံဃာ ငါးပါးတို့ကို ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုတို့ကို ဆက်ကပ်လှူဒါန်းခဲ့ပြီး ကြွရောက်လာကြသော ဧည့်ပရိသတ်များကို ကြက်ဆီထမင်းနှင့် ရေခဲမုန့်တို့ဖြင့် ကျွေးမွေးဧည့်ခံခဲ့ကြောင်း သိရှိရပါသည်။

---

## အဘဘိုးတော်အောင်မင်းခေါင်ကြီး၏ (၆၅)ကြိမ်မြောက် ပြည်တော်ဝင် မဟာအောင်ပွဲ အကြိုပူဇော်ပွဲ အထိမ်းအမှတ်အဖြစ် ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ် တတိယအကြိမ် ကံစမ်းမဲ



အဘဘိုးတော်အောင်မင်းခေါင်ကြီး၏ (၆၅)ကြိမ်မြောက် မဟာထွက်ပွဲ၊ အောင်ပွဲအကြို ပူဇော်ပွဲအဖြစ် ဝိဇ္ဇာထိပ်ခေါင် အဘအောင်မင်းခေါင်ကြီး၏ ဝိဇ္ဇာဓာတ်ဖြင့် နယ်လှည့်သာသနာပြုနေသော ကောင်းမှုရှင် ဆရာမကြီး ယောဂီနန္ဒမာလာမှ တတိယအကြိမ် ဗုဒ္ဓဂယာ မဟာကံထူးရှင်(၆၅)ဦးအား ရွေးချယ်ပွဲကြီးကို (၆-၉-၂၀၁၇) ဗုဒ္ဓဟူးနေ့တွင် ဆရာမကြီး ယောဂီနန္ဒမာလာ၏ ဓာတ်စုံပေါင်းစု အောင်မင်းခေါင်ဓာတ်နန်းတွင် ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သတင်းရရှိပါသည်။


### အောက်ပါဌာနများသို့ လှူဒါန်းလိုပါလျှင် . . .

- ❖ HIV ပိုးကူးစက်ခံ မိဘမဲ့ကလေးများ၏ သုခရိပ်မြုံဂေဟာ (၀၁-၅၈၁၉၅၅)
- ❖ ဆည်းဆာရိပ် ဂိလာနဘိုးဘွားရိပ်သာ (၀၉-၇၃၀၁၈၀၀၇)
- ❖ နာရေးကူညီမှုအသင်းသို့ လှူဒါန်းလိုလျှင်ဖြစ်စေ၊ အကူအညီလိုလျှင်ဖြစ်စေ ဆက်သွယ်ရန် (၀၁-၆၃၉၄၉၀)၊ (၀၁-၇၀၉၂၇၇)၊ (၀၁-၅၈၁၃၆၃)၊ (၀၁-၇၀၄၇၈၄)

www.burmeseclassic.com

www.burmeseclassic.com

## အဘွားလေး ဒေါ်ဓမ္မသီ တည်ထားကိုးကွယ်တော်မူသော
## သဗ္ဗညု ပုထိုးတော်ကြီး–ဓမ္မသေက စာသင်တိုက်
## ဒေါက်တာ ဒေါ်ပညာသီရိ သာသနဓဇ ဓမ္မာစရိယ Ph.D၊ သဒ္ဓမ္မဇောတိကဓဇ၊
## ပြည်တွင်းပြည်ပ သာသနာပြု၏ သဗ္ဗညုပုထိုးတော်ကြီး အလှူရှင်များအား ဖိတ်ခေါ်



ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ် (၅) ရပ်ကွက်၊ ကျောက်ရေတွင်းတောင်ပိုင်း၊ သုခလမ်းတွင် အဘွားလေး ဒေါ်ဓမ္မသီ တည်ထားကိုးကွယ်တော်မူသော သဗ္ဗညုပုထိုးတော်ကြီးသည် အပြင်လုံးတော်ပြည့် အချောသတ် ဆေးဖြူသကန်းကပ်ခြင်းမှာ တစ်ရစ်သာ ကျန်ပါတော့သည်။ အတွင်းပိုင်းတွင် မပြီးသေးသော လုပ်ငန်းများစွာ ကျန်ရှိနေပါသေးသည်။

သဗ္ဗညုပုထိုးတော်ကြီးအတွင်း၌ နိဗ္ဗာန်ကို ရည်မှန်း၍ ဂင်္ဂါဝါဠုသဲစုမက ပွင့်ထွန်းတော်မူကြသော ရှေးဟောင်း မြတ်စွာဘုရားရှင်များ ငါးသိန်းတစ်သောင်းနှစ်ထောင့်နှစ်ကျိပ်ရှစ်ဆူ(၅၁၂၀၂၈-ဆူ) နိမ္မာဇိနေ သီတင်းသုံး ပူဇော်တော်ခံမည် ဖြစ်ပါသည်။ ဘုရားရှင်နံပါတ်စဉ်အလိုက် ဘုရားရှင်တစ်ဆူလျှင် ကျပ်တစ်သိန်းဖြင့် လှူတိုင်း ဘုရားဒါယကာ၊ ဒါယိကာမအဖြစ် ခံယူနိုင်ပြီး ဘုရားတည် ကုသိုလ်ယူနိုင်ကြပါသည်။ ဆက်သွယ်လှူဒါန်းလိုလျှင်···

ဒေါက်တာ ဒေါ်ပညာသီရိ (ဖုန်း - ၀၉-၇၉၉၆၆၈၂၂၀၊ ၀၉-၄၅၀၀၄၆၂၉၀)

မြောက်ဥက္ကလာ ကမ္ဘောဇဘဏ် PINNYASIRI-KBZ Bank(Account No.070-301-0700085501, 070-501-07000085501) ဘဏ်စာရင်းသို့ နီးစပ်ရာဘဏ်၌ ထည့်သွင်းလှူဒါန်းနိုင်ပါသည်။

---

## မဟာစည် သာသနာ့ရိပ်သာ (၆၅)ကြိမ်မြောက်
## ဝါဆိုသင်္ကန်း ကပ်လှူပွဲ

မဟာစည်ရိပ်သာ ဖလ်ယဉ်ဓမ္မာရုံ ဓမ္မဗိမာန်တော်ကြီးတွင် (၈-၇-၂၀၁၇)နေ့ နံနက် ၇ နာရီအချိန်၌ ကျင်းပခဲ့ရာ မဟာစည် သာသနာ့နုဂ္ဂဟအသင်း ဥက္ကဋ္ဌကြီး ဒေါက်တာ တင့်စိုးလင်းနှင့် ဒုဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ အမှုဆောင်များ၊ အရံအမှုဆောင်များ၊ ဟိတေသီအသင်းဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ အမျိုးသမီးယောဂီ စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ တရားအားထုတ်နေကြသော သီလရှင်ယောဂီ၊ အမျိုးသားယောဂီ၊ အမျိုးသမီးယောဂီ စုစုပေါင်း ၁၅၀၀ ကျော် တက်ရောက်ခဲ့ပါသည်။ နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်ပြီး ဩဝါဒါစရိယ ဆရာတော်ကြီး အမှူးပြုသော ပင့်သံဃာတော် ၂၀၀ ကျော်အား ဝါဆိုသင်္ကန်း ၂၀၀ ကျော်နှင့် လှူဖွယ်ပစ္စည်းများအား လှူဒါန်းခဲ့ကြပါသည်။ ဩဝါဒဆရာတော်ကြီးထံမှ ရှစ်ပါးသီလ ခံယူကြပြီး ရေစက်ချတရားနာကြားပြီးလျှင် အခမ်းအနားကို ၁၀ နာရီအချိန်တွင် ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ကာ ရုပ်သိမ်းခဲ့ပါသည်။

နေသူရိန်ဆွေ

www.burmeseclassic.com

# ဖခေါ်ဖွမ်း



လောကကြီးမှာ ကောင်းတာနှင့် ဆိုးတာမှာ ကောင်းတာက နည်းပြီး ဆိုးတာက များပါတယ်။

ဆင်းရဲသူနှင့် ချမ်းသာသူ ဆိုရာမှာလည်း ချမ်းသာသူက နည်းပြီး ဆင်းရဲသူက များကြပါတယ်။

ကောင်းတာဖြစ်ပြီး ချမ်းသာသူဖြစ်ဖို့ ဆိုတာကတော့ ရတနာသုံးပါးကို ဆည်းကပ်ဖို့ပါပဲ။ ဆင်းရဲသူတစ်ယောက်ကို ချမ်းသာသူအများက မည်သို့ပင် ကူညီ ကူညီ ဆင်းရဲသူတစ်ဦးဟာ ရတနာသုံးပါး မဆည်းကပ်ဘူးဆိုရင် ချမ်းသာဖို့တော့ မလွယ်ပါဘူး။

ဆင်းရဲပြီဆိုရင်လည်း စားဝတ်နေရေး လုံးပန်းနေရတာနဲ့ ရတနာသုံးပါးဟာ ဝေးပြီးရင်း ဝေးတာပါပဲ။ ဒီတော့ ဆင်းရဲပြီး ဆင်းရဲမှာပါပဲ။

ရောင်ပြန်ပရိသတ်ကြီး ရတနာသုံးပါး မမေ့မလျော့စေကြောင်း ဆုမွန်းကောင်းဖြင့် . . .

www.burmeseclassic.com